
အမရပူရ မဟာဂန္ဓာရုံဆရာတော်

အရှင်ဓနကာဘိဝံသ ၏

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက်

ဒေသစရိယာပဉ္စာနိုး တရားစကား



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ ၂၅၂၈ ကောဇာ ဘဒ္ဒဂု ၁၉၈၄ ဒီဇင်ဘာလ
နတ်တော်လ


အာမရပူရ မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

သာသနာဓဇတော် သန့်ရှင်း တည်တံ့-ပြန့်ပွားရေးအတွက်

အခြေခံပြဿနာ ပဉ္စာနိုး တရားတော်

သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၏ အချီနှင့်
တောင်မြို ဆရာတော်၏ နိဗ္ဗာန်ဩဝါဒ, ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏
၂၄-ပစ္စည်း နိဿယနှင့် အဓိပ္ပါယ်ကောက်မျှးပါ ပါဝင်သည်။




ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ-၂၅၂၇ ကော်လာ-၁၃၄၆ ၁၉၈၄၊ ဒီဇင်ဘာလ
ပဉ္စေါန်း- ½(က)

အုပ်ရေ-၆၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် (မှတ်ပုံတင်အမှတ်-၀၂၅၂၇) ကထုတ်ဝေ၍၊ဦးတင်မောင်(၀၂၅၆-မြို့) စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်-၉၀၊အေ,ဘီ၊ ဝေဇယန္တာလမ်း၊(ဂ) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။ (ဖုန်း-၅၅၉၁၅)



မာတိကာ

အကြောင်းအရာ		စာမျက်နှာ
တဘဝသံသရာဖြစ်စဉ်အကျဉ်း	....	ခ
အခြေပြုပဋ္ဌာန်း အထူးနိဒါန်း	....	ဒ
သပြေကန်ဆရာတော်၏ အခြေပြုပဋ္ဌာန်းဓာတုးတော် အခ်ီ (ဂါထာများ)	....	ငု
ဆရာတော်အရှင်ဇနကာဘိဝံသ၏ သာသနာတော်အတွက်ဆန္ဒတော်	....	စ
ပဋ္ဌာန်းကျမ်းတော်ကြီးကို ရှိခိုးခြင်း (အခြေပြုပဋ္ဌာန်း)	...	ဆု
ပထမနေ့		၁-မှ ၃၄
ပုဒ္ဓအမှည့်တော်ရခြင်း၊ ဒါနပါရမီ၏ သဘော၊ သီလ ပါရမီ, ပညာပါရမီ, သဗ္ဗညုတညာဏ်တော်၏စွမ်းအား ညာဏ်ထောင်ကြီးနှင့် ပဋ္ဌာန်းကျမ်း၊ ရောင်ခြည်တော် ကွန့်မြူးခြင်း၊ ပဋ္ဌာန်းပါဠိတော်	....	၁၉
သံဃာတော်များ မေတ္တာပို့အမျှဝေ	....	၃၃
ဒုတိယနေ့		၃၅-မှ ၆၂
ပဋ္ဌာန်း ဆဓိပ္ပာယ်နှင့် တိုက်တွန်းချက်၊ ဟေတု ပစ္စယော (ဟေတုပစ္စည်း)	....	၃၈
ရေသောက်မြစ်၊ အာရုံမှကပစ္စည်း	....	၄၁
စိတ် ၃-မျိုး	....	၄၃
ဘုရားလောင်းပဋိဆန္ဓေအာရုံ	....	၄၆
ချီးကျူးပဲ့လုပ်မယ်လို့	....	၅၅
မာဂဏ်ဖိုယနှင့် ဗုဒ္ဓဓါတမ	....	၅၆
ဒီဓကျောင်းကို ခမ်းခမ်းနားနား မဆစ်ရဘူး	....	၆၀

		စာမျက်နှာ
အကြောင်းအရာ		
	တတိယနေ့	၆၂·မှ ၇၃
အမိပတိပစ္စည်း	....	၆၃
မဟာဇနကဇာတ်နှင့် အဓိပတိပစ္စည်း	....	၆၆
မင်းကုသဇာတ်နှင့် အဓိပတိပစ္စည်း	....	၇၁
ပဉ္စပါဝိနှင့် အဓိပတိပစ္စည်း	....	၇၃
အနန္တရပစ္စည်း	....	၈၀
အဓကာင်းဆုံး အဘိဓမ္မာတရား	....	၈၁
နိယာမတရားငါးပါး	....	၈၃
သမနန္တရပစ္စည်း	....	၈၄
	စတုတ္ထနေ့	၈၈·မှ ၁၁၀
သဟဇာတပစ္စည်း		
ဆိမိးဥပမာ	....	၉၀
အညမညပစ္စည်း	....	၉၁
နိဿယပစ္စည်းနှင့် မြေကြီးပမာ	....	၉၄
ဒုစရိုက် ၁၀·ပါးနှင့် ပစ္စည်းတရုံး	....	၉၅
မိစ္ဆာဒိဋ္ဌိနှင့် ပစ္စည်းတရား	....	၁၀၅
ဒု· သ· န· သော· ထဋ္ဌေးသားမျှား	....	၁၀၈
	ပဉ္စမနေ့	၁၁၃·မှ ၁၄၄
ဥပနိဿယပစ္စည်းနှင့် ဥပနိဿယ ၃·မျိုး	....	၁၁၁
ပကတူပနိဿယ	....	၁၁၂
ပုရေဇာတပစ္စည်း	....	၁၁၃
ပစ္ဆာဇာတပစ္စည်း	....	၁၁၅
ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပုံ	....	၁၁၈
ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပုံ	....	၁၂၅
အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပုံ	....	၁၂၇

မာတိကာ

ကို

အကြောင်းအရာ		စာမျက်နှာ
အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပုံ	....	၁၂၉
စဝဿန္တရာဇာတ်	....	၁၃၀
ပုဂ္ဂိုလ်က ကုသိုလ်-အကုသိုလ်ကို ကျေးဇူးပြုပုံ	....	၁၃၂
အိပ်ရာစသည်က ကုသိုလ်-အကုသိုလ်ကို ကျေးဇူးပြုပုံ	....	၁၄၁
ဆဋ္ဌမနေ့		၁၄၄-မှ ၁၇၁
အာဒဿနပစ္စည်းနှင့် အာဓိပတိ ခု-မျိုး	....	၁၄၄
အာသေဝနသဘော	....	၁၄၅
ပထမဇော အကျိုးပေးပုံ မဟာဒုဂ်အကြောင်း	....	၁၄၈
အကုသိုလ်မဖြစ်အောင် လွှဒါန်းကြ	....	၁၅၂
ဘုရားဂေါပကများနှင့် ဘုရားပွဲများ စဉ်းစားစရာ	....	၁၅၆
လူဝတ္ထုနားမလည်လွန်း	....	၁၅၈
စာဆောင်စာချ စဉ်းစားစရာ	....	၁၆၀
ဘုရား-တရား-သံဃာ အစစ်ကို အတုတွေကွယ်ပုံ	....	၁၆၄
ရတနာ ၃-ပါးကို ဝိဇ္ဇာဂိုဏ်းကကွယ်ပုံ	....	၁၆၅
အလှူအဒါန်းတွေ ပြင်ဖို့ကောင်းပြီ	....	၁၆၉
သတ္တမနေ့		၁၇၂-မှ ၂၀၀
ကမ္မပစ္စည်း ဝိပါကပစ္စည်း	....	၁၇၂
နာနာက္ခဏိကကံ	....	၁၇၃
မျိုးစေ့အလား ကမ္မတရား	....	၁၇၄
ဝိပါက်သဘော အကဲခတ်ကြည့်	....	၁၇၅
ပထမဇော သတ္တိရှိပုံ	....	၁၇၇
ပထမဇော အကျိုးပေး မပေး	....	၁၈၀
သတ္တမဇော အကျိုးပေးပုံ	....	၁၈၁
အလယ်ဇော ၅-ချက် အကျိုးပေးပုံ	....	၁၈၂
ဂရုကကံ	....	၁၈၃

ကို

မာတိကာ

အကြောင်းအရာ		စာမျက်နှာ
အာသန္နကံ	....	၁၀၄
အာစိဏ္ဏကံ	....	၁၀၅
ကဋတ္တာဝကံ	....	၁၀၆
မဟာနာဝရဒဇာတ် အင်္ဂတိမင်း ဓမ်းမြန်းချက်	....	၁၀၇
ရသေ့ကြီး ဥဒုမ္ဗရတရား	....	၁၀၈
အလာတစစ်သူကြီး အတိတ်အကြောင်း	....	၁၉၂
ဗိဇကကျွန် အတိတ်အကြောင်း	....	၁၉၃
ရှစာမင်းသမီး လျှောက်ထားချက်	....	၁၉၇
မိမိ၏ သီလသစ္စာဖြင့် နတ်ဗြဟ္မာများကို ပင့်ဖိတ်ခြင်း	....	၂၀၂
ကောင်းတဲ့ကံတွေပြုကြ	....	၂၀၈
အင်္ဂမနွေ	၂၁၀-မှ	၂၃၅
ဒါနထက် သီလသာခြင်း၊ စိတ်ကောင်းရှိဖို့ ပထမ	....	၂၁၀
ကံရဲ့ထိတ္တိလိုက်ပုံ	....	၂၁၁
အမြိန်သတို့ ကျွန်ရစ်ခြင်း	....	၂၁၄
လောကီစည်းစိမ်ကို ဓတောင့်တပြုတဲ့ကံကို ပါရမီလို့ မဓေါဘူး	....	၂၁၇
မကြောက်ကြနဲ့	....	၂၂၀
ကုသိုလ်များများလုပ်	....	၂၂၁
သောဏမထေရ်ရဲ့ ဖခင်မုဆိုး	....	၂၂၂
ဓမ္မိကဥပါသကာ	....	၂၂၃
ရေချမ်းအမကြီး	....	၂၂၅
သေခါနီး သိပ်အရေးကြီး	....	၂၂၇
ဗုဒ္ဓဘာသာမဟုတ်တဲ့တစ္ဆေ	....	၂၂၉
အနာထပိဏ္ဍိကနတ်သား	....	၂၃၀
စိတ်အစဉ်မှာ ကံရဲ့ထိတ္တိလိုက်နေ	....	၂၃၂
ပစ္စည်းစံလမ်းယင် ပြိတ္တာဖြစ်နိုင်၊ ကုသိုလ် အာသန္နကံ အကျိုးဓပးပုံ	....	၂၃၂

မာတိကာ

အဓိကြောင်းအရာ

နိဒါန်းပိုင်း

ကျေးဇူးတင်စကား ၂၃၆
ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံ အကျိုးပေးချိန် ၂၃၇
နောက်ဘဝ ကောင်းမွန်ရေး ၂၃၉
အဝိဇ္ဇာ, တဏှာ, သန်္ခါရ ၂၄၁
ဂတိ ၅-မျိုး ၂၄၂
အလှူခံ သီလရှိမှု ၂၄၄
သံဃာရည်လှူပါ၊ ကြောက်စရာကောင်းတဲ့ စွဲလမ်းမှု ၂၄၅
နဘးလည်ဖို့လိုပြီ ၂၄၆
တံငါ သုံးယောက် ၂၄၇
လူဝင်စား အင်္ဂလိပ်အမျိုးသား ၂၄၈
ဘဝသံသရာရေး အလေးထားကြ ၂၅၁
ကံသမ္ပတ္တိဝိပတ္တိလိုက်၍ အကျိုးပေးခြင်း ၂၅၄
နတ်မ, မမ၊ လူပြိန်းလူအ, တွေ ၂၆၄
ဘာသာခြားလဲ ရှေးကံရှိခြင်း၊ ဗုဒ္ဓဘာသာတွေ
တာကြောင့် စီးပွားရေး ညံ့နေကြသလဲ ၂၆၆
ရှင်အရဟံကျေးဇူး၊ ဗုဒ္ဓဘာသာကို မလဲနိုင် ၂၆၈

ဒုတိယနေ့ ၂၇၂-မှ ၂၉၉

အာဟာရပစ္စည်း ၂၇၂
အာဟာရ ၂-မျိုး ၂၇၃
ဣန္ဒကဘီလူးအမေး ၂၇၅
ခန္ဓာကိုယ် ဖြစ်ပေါ်ပုံ ၂၇၇
ဝိညာဏ်ချင်းတူပေမဲ့ သတ္တိချင်းမတူ ၂၇၈
အာဟာရဇရုပ် စဖြစ်ချိန် ၂၈၁
ပဋိသန္ဓေနေပုံ ၂၈၄
ကံကြောင့် ရုပ်ချင်းမတူကြ၊ စိတ်ဇရုပ် ၂၈၅

အကြောင်းအရာ		စာမျက်နှာ
ဥတုဇရုပ်၊ အစာကြောင့် ရုပ်ဖြစ်နေပုံ မတူကြ	....	၂၉၀
စိတ်ချမ်းသာအောင်နေကြ	....	၂၉၂
ကောင်းတဲ့ကံပြုကြ၊ ထူသီဥတု ကောင်းတဲ့နေထူမှာ နေကြ	....	၂၆၃
နတ်ကို အထင်မကြီး	....	၂၉၄
ပြုပြင်ကြပါ	....	၂၉၅
ကောဒသမနေ	၃၀၀-မှ	၃၂၃
ဣန္ဒြိယပစ္စည်း အဓိပတိနှင့် ဣန္ဒြိယ	....	၃၀၀
အာရုံမှန်မှ သဒ္ဓါမှန် သဒ္ဓါစစ် ဖြစ်သည်	....	၃၀၅
သာဆနာအသက်သည် ဝိနည်း	....	၃၀၆
ဆာသနာတော်ကြီး ကျနေပြီ	....	၃၀၇
စာရိတ္တဆိုတဲ့ ဝိနည်းကို ဂရုစိုက်ပါ	....	၃၀၉
လူများရဲ့သဒ္ဓါ	....	၃၁၁
သဒ္ဓါတူ၊ သဒ္ဓါအစစ်ရအောင် ကြိုးစားကြ	....	၃၁၄
ပညာအတူ, အစစ်၊ ပညာအစစ်, ဝိတက်	....	၃၁၆
ဘုန်းကြီးတာဝန်ရှိ	....	၃၁၈
ဂုဏ်အရည်အချင်းအလိုက် အပြစ်ရကြ	....	၃၂၂
ဒုဒ္ဒါဒသမနေ	၃၂၄-မှ	၃၅၄
အသက်ရှည်ဖို့ အကြောင်းများ	...	၃၂၄
အသက်ရှည်ရှည်နေနိုင်ရေး	....	၃၂၇
ကံ ၂-မျိုး၊ ဝသဘမင်းထုံး နှလုံးမူ	....	၃၂၈
အသက်ရှည်ဖို့ ဆုမတောင်း	....	၃၂၉
စိတ္တဇရုပ်ကောင်းအောင် စိတ်ကို ပြုပြင်ပေးကြ	....	၃၃၄
ဒေသခါနီးထိ စိတ်ပြုပြင်ကြ	....	၃၃၆
စိတ်ငယ်ပြီး ရုပ်သုံ့ခ် ဇောဂါဖြစ်	....	၃၃၈
ဥတုဇရုပ်ကို ပြုပြင်ကြ	....	၃၃၉

အကြောင်းအရာ		စာမျက်နှာ
အာဟာရဇရပ်ကိုလဲ ပြုပြင်ကြ	....	၃၄၁
ပင်ပန်းယင်စိတ်ညှိုးချပ်နွမ်းခြင်း၊ အသက်တိုခြင်းအကြောင်းများ	....	၃၄၃
သတ္တဝါတွေ စိတ်ဓာတ်ညံ့လား၊ အဆိုသြဇာညံ့ကုန်ပြီ	....	၃၄၅
သေတာကိုပြောဦးမယ်၊ ပါရာသိမင်းအယူ	....	၃၄၈
စတုရသမနွေ		၃၅၁ မှ ၃၉၃
ကျွတ်ထိန်ခြေ၊ ပုဂိုသိန်ခြေ		
ယောကျ်ား-မိန်းမဖြစ်ရခြင်းအကြောင်းများ	....	၃၅၁
ကာမတဏှာအရင်းခံ	....	၃၅၆
မိန်းမများယောကျ်ားဖြစ်နိုင်တဲ့နည်း	....	၃၅၈
ရှင်ဓာနန္ဒာအလောင်း၊ ဥဘတောဗျည်း	....	၃၆၃
ယောကျ်ား-မိန်းမ ပီပီသသ ဖြစ်ရကြောင်း	....	၃၆၀
ဆွဲဆောင်နိုင်ဆုံး အဆုဝတ္ထု ငါးပါး	....	၃၆၅
ခွက်သာလွဲတာ အရသာဘာမျှမထူး	....	၃၇၃
စိတ်မထိန်းလျှို မှားယွင်းကြ	....	၃၇၄
မရိုးနှင့်မတ် လင်ကိုသတ်	....	၃၇၅
ရဟန္တာဖြစ်ခြင်း	....	၃၇၆
ယုတ်မာတဲ့ယောကျ်ား	....	၃၇၈
ဆွဲဆောင်ဏာ	....	၃၇၉
မဟာဟံသဇာတ်	....	၃၈၀
ဟာသဖြင်း မိန်းမအတွက် သောကဖြစ်ပုံ၊ သုမုခအပြစ်တင်ပုံ	....	၃၈၂
မိန်းမတွေရှိလျှို လောကကြီးစိုပြေ	....	၃၈၄
မိန်းမဟာ သံသရာလွတ်ကြောင်းနှင့် ပါရမီဖြည့်ဘက်တွေဖြစ်ပုံ	....	၃၈၆
ကာမဂုဏ်အပြစ်များ အရှိးဥပမာပုံ ကာမဂုဏ်	....	၃၈၉
စုဒ္ဒသမနွေ		၃၉၄ မှ ၄၁၉
ကျွန်ုပ်ယပစွည်းဆက်ဟော		
ဘဝဇရပ် ကျွန်ုယပစွည်းမထိုက်	....	၃၉၄

အကြောင်းအရာ		စာမျက်နှာ
ဗျာနပစ္စည်း	....	၃၉၆
ဗျာနဆက်တို	....	၃၉၆
အကုသိုလ်ဗျာန်	....	၃၉၈
ကုသိုလ်ဗျာန်	....	၄၀၀
ဘုရားဖာဝရံပြုနည်း	....	၄၀၁
မေတ္တာဗျာန်, ဖုဆဒေဝထေရ်ပမာ စူးစိုက်ပါ	....	၄၀၃
ဓမ္မာဒသာကမင်းပမာ စူးစိုက်ပါ	....	၄၀၅
အသန္ဓိမိတ္တာပမာ စူးစိုက်ပါ	....	၄၀၆
မေတ္တာပို့နည်း	....	၄၀၇
အသုဘ ရှုပုံရှုနည်း	....	၄၁၁
မရဏာနုဿတိ	....	၄၁၃
ကမ္မဋ္ဌာန်းတွေ့ ပေါများ	....	၄၁၄
အရှင်ဖာနန္ဒာနဲ့ကောဋ္ဌာသ ဘာဝနာ	....	၄၁၅
ခေမာမိဖုရားနှင့် အသုဘကမ္မဋ္ဌာန်း	....	၄၁၆
ဣန္ဒြိယသံဝရသီလ လုံအောင်ထိန်း	....	၄၁၆
တရားနှင့်နေယင် ဘုရားကိုပူဇော်ရာရောက်ခြင်း	....	၄၁၈
ပန္နရသမနေ့		၄၂၀ မှ ၄၅၂
မဂ္ဂင်စစ်ပါး	....	၄၂၀
မဂ္ဂင်ရှစ်ပါး	....	၄၂၁
မိစ္ဆာမဂ္ဂင်	....	၄၂၂
ကမ္ဘာကြီးပျက်ပုံ	....	၄၂၃
တက်ကပ်ဖြစ်ပုံ၊မိုးခေါင်ပုံ	....	၄၂၅
နတ်များကြွေးကြော်ပုံ- နေခုနစ်စင်း ထွက်လာပုံ	....	၄၂၆
ကမ္ဘာကြီး ပြာဟာဖန်ဆင်းတာမဟုတ်	....	၄၂၉
လူသတ္တဓါစုပုံ		၄၃၀
နေ-လ ပေါ်လာပုံ	....	၄၃၁
မြေနှယ်ချိပေါ်လာ,ဘာဝရွပ်ပေါ်လာ	....	၄၃၂

မာတိကာ		ကော့
အကြောင်းအရာ		စာမျက်နှာ
အိမ်ဇထောင်ပြုကြ, အဖိန္နာဒါန စ,ဖြစ်ကြပုံ	....	၄၃၃
ဖန်ဆင်းသူ မရှိ	....	၄၃၅
ခေတ်ကြီးလေးပါး ချုပ်ဆုရှာသောရဟန်း	....	၄၃၆
ဇုဇ္ဇမြတ်စွာ ပွင့်လာသောအခါ	....	၄၄၀
မိစ္ဆာဒိဋ္ဌိ	....	၄၄၁
ခန္ဓာငါးပါးသာရှိ	....	၄၄၂
ရထားပမာ သတ္တစေါ	....	၄၄၃
အိမ်ကျောင်းပမာ ကိုယ်ခန္ဓာ	....	၄၄၅
သစ်သားရုပ်အလား ရုပ်နာမ်နှစ်ပါး	....	၄၄၆
စောင်းသံပမာကျ်ရုပ်နာမ်	....	၄၄၇
ဇနယောင်နှင့်ကျောက် မီးထတောက်	....	၄၄၈
သီလစင်ကြယ်ဖို့လို	....	၄၄၉
စူဠဆောတာပန်	....	၄၅၀
ဇသောဠသမနှေ		၄၅၃ မှ ၄၈၄
မဂ္ဂင်ပစ္စည်း ဆက်ဟော		
ပရမအတ္တနှင့် အတ္တအကြောင်း	....	၄၅၃
ဝိပဿနာပိုင်ပုံမရပါဘူး	....	၄၅၅
နောက်ဘဝ ဘယ်လိုပြောင်းတုံး	....	၄၆၀
တရားလိုချင်သူမျှား ပြုပြင်ရန်	....	၄၆၃
နန္ဒကောဝါဒသုတ်တော်	....	၄၆၄
ဓာတ်ဆန်းကြယ်ပုံ	....	၄၆၇
အာရုံ ၆-ပါး မမြဲ	...	၄၇၃
ဝိညာဏ် ၆-ပါးမမြဲ	....	၄၇၅
ဆီမီးတောက် ဥပမာ	--	၄၇၇
သစ်ပင် ဥပမာ	....	၄၇၈
နွားသတ်သမား ဥပမာ	....	၄၇၉
သမ္မာဒိဋ္ဌိဖြစ်ဓာဘင်လုပ်	....	၄၈၁

အကြောင်းအရာ		စာမျက်နှာ
သတ္တရသမန္နေ		၄၀၄မှ၅၁၉
သံဓေဂဝတ္ထုရွှစ်ပါး, ခြေတလှမ်းဌ် ခြောက်မြှမ်းခဲ့ရှု	....	၄၀၄
သခံါရလက္ခဏာရေး တင်ဏ်ရှု, အသံ လက္ခဏာရေး တင်ဏ်ရှု	....	၄၀၅
သမ္မယုတ္တပစ္စည်းနှင့် သဇောာ	....	၄၈၆
စတုမဓုဉပမာ	....	၄၀၇
ဘုရားပွင့်လှီသာ	....	၄၀၀
ဝိပွယုတ္တပစ္စည်း	....	၄၀၉
သုတ္တန်နည်းပါမှ နားလည်ကြ	....	၄၉၀
အတ္ထိပစ္စည်း	....	၄၉၃
နတ္ထိပစ္စည်း	....	၄၉၄
ဝိဂတပစ္စည်း	....	၄၉၅
နတ္ထိနှင့် ဝိဂတအထူး	....	၄၉၆
အဝိဂတပစ္စည်း	....	၄၉၆
သွားဆဲကာလ ဖြစ်ပျက်ရှု	....	၄၉၀
အို အို လူများ သတိထားလော့	....	၅၀၀
ဘုရားသားတော်ဖြစ်၍ အားရဝမ်းမြောက်	....	၅၀၄
နိဗ္ဗာန်ထီ သိဆောင်လုပ်	....	၅၀၂
မဂ္ဂင်ရထားစီး၍သွား ဆမွတ်စက် ၄-ပါး	....	၅၀၉
ဗိုလ်ငါးပါး	....	၅၁၄
တိုက်တွန်းချက်	....	၅၁၅
သံဃာတော်များ မေတ္တာပို့	....	၅၁၀
သဗ္ဗညုတဉာဏ်တော် စွမ်းအားပူဇော်	....	၅၁၉
သံဃာတော်များအမျဝေ	....	၅၁၉
ပထမ ရွှေကျွင်ဆရာတော်ဘုရားကြီး၏		
ပဋ္ဌာန်းပစ္စည်း အနက်အဓိပ္ပာယ်	....	၅၂၀
၂၄-ပစ္စည်း အဓိပ္ပာယ်ကောက်	....	၅၂၂

မာတိကာ ကဲ့

အကြောင်းအရာ စာမျက်နှာ

အမရပူရ မဟာဂန္ဓာရုံဆရာတော်၏ဩဝါဒ
ဆောတာပန်ဖြစ်ပို့ ခက်သလား ၅၃၉
ကမ္မဋ္ဌာန်းမှန်သမျှ အဝိဇ္ဇာနှင့် တဏှာကုန်ပို့သော ... ၅၄၀
နိဗ္ဗာန်နှင့်ပရိနိဗ္ဗာန် ၅၄၁
ပရိနိဗ္ဗာန် ၃-မျိုး ၅၄၁
မိုးကြိမ်းခြင်းဥပမာ-ဓာတုပရိနိဗ္ဗာန် ၅၄၂
နိဗ္ဗာန် ၂—မျိုးမှ တမျိုးနိဗ္ဗာန် ၅၄၃
ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ဓာတ်တကြသေနိဗ္ဗာန် ၅၄၄
လူအများတို့ဆုတောင်းနေသောနိဗ္ဗာန်၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန် ၅၄၅
နိဗ္ဗာန်၏ဂုဏ်တော်ဘခြို့. ၅၄၇
နိဆောဓသစ္စာနှင့် အဏုမြူဓာတ်ရှာဖွေသူ ဥပမာ ၅၄၉
နိဗ္ဗာန်၏ဂုဏ် သစ္စာပြု-ရတနာသုတ် ဂါထာဓိပ္ပာယ် ၅၅၂
ဆရာတော်၏ သံဝေဂလက်ာ ၅၅၃
ထုတ်ဝေသူတို့၏ အာသီသ တောစ့်တချက် ၅၅၃
ဆရာတော်၏ သာသနာတော်အတွက် ကျမ်းစာများ ၅၅၅

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

တဘဝသံသရာ ဖြစ်စဉ်အကျဉ်း

၁။ အရှင်ဇနကာဘိဝံသ **ဆရာတော်ဓလောင်း** သူငယ်ကို စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် **ဝက်လက်မြို့နယ်** သရိုင်ရွာ ဦးဇောတိ-ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁-ခုနှစ် တပို့တွဲ **လပြည့်ကျော်** ၁၄-ရက် (၁၉၀၀-ပြည့်၊ ဖေဖော်ဝါရီလ ၂၇-**ရက်**) အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌ ပထမအကြိမ် ရွှင်သာမဏေ ပြုတော်မူသည်။

၃။ ၁၂၇၅-**ခုနှစ်၌** ဒုတိယအကြိမ် ရွှင်သာမဏေ ပြု**တော်**မူသည်။

၄။ ၁၂၇၉-**ခုနှစ်၌** သက်တော် ၁၈-နှစ် **အရွယ်**တွင် ပထမ**ကြီး**တန်း စာမေးပွဲကို အောင်မြင်တော်မူသည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်း**လ**ပြည့်နေ့၌ ပထမအကြိမ် ရဟန်း**အ**ဖြစ် ခံယူ**တော်**မူသည်။

၆။ ၁၂၈၁-ခုနှစ် နယုန်**လ**ပြည့်နေ့၌ ဒုတိယ**အ**ကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်း**လ**ပြည့်နေ့၌ တတိယအကြိမ် ရဟန်း**အ**ဖြစ်ခံယူတော်မူသည်။

၇။ ၁၂၈၉-ခုနှစ်၌ 'ပထမ**ကျော်**' အောင်မြင်တော်မူ**သ**ည်။

၈။ ၁၂၈၉-ခုနှစ်၌ 'သက္ကသီဟ စာ**မေး**ပွဲ' ခေါ် 'ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ' ဘွဲ့ ရရှိ**အ**ောင်မြင်တော်မူသည်။

၉။ ၁၃၀၃-ခု ဝါဆိုဦး (၁၉၄၁-၄၂) ဂျပန်စစ်တပ်မျာ**း** မြန်မာပြည်သို့ ဝင်**ရောက်** သိမ်း**ပိုက်**မည့် နှစ်တွင် ယခုလက်ရှိ **ဘ**မရပူရ မဟာဂန္ဓာရုံ ကျော**င်း**တိုက်နေထိုသို့ ပြော**င်း**ရွှေ့ သီ**တင်း**သုံး**တော်**မူ**သ**ည်၊ ပြော**င်း**ရွှေ့လာခဲ့စဉ်**က** သံဃာတော်ငါး**ပါး**မျှသာရှိ**၍** ပုံလွန်**ထော်**မူခြင်းတွင် သံဃာတော် ငါး**ထော**်ကျော်မျှ သီ**တင်း**သုံး**လျက်**ရှိသည်။

၁၀။ (လွတ်လပ်**ရေး**ရပြီး**နော**က်) ၁၃၁၂-ခုနှစ် ပြည်**ထော**င်စုမြန်မာနိုင်ငံ**တော်အ**စိုး**ရ**၏ (ရှေး**ဦး**စွာ) 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ဆက်ကပ်ခြင်း**ကို** ခံယူ**ရ**သည်။

၁၁။ ၎င်းနှစ်မှာပင် နိုင်ငံတော်စာသင်ကျောင်းမျာ၌ သင်ကြားရန် မူလတန်း ပုဒ္ဓဘာသာလက်စွဲခေါ် သင်ခန်းစာမျာ်းကို ရေးသားခဲ့သည်။

၁၂။ ၁၃၈၅-ခုနှစ်၌ (က) ဆဋ္ဌသံဂီတိ ဩဝါဒါစရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိပဋိဝိသောဓက၊
(ဃ) ဆဋ္ဌသံဂီတိ သြသာနသောဓယျ ပတ္တိ ပါဌက အဖြစ် တင်မြောက်ခြင်းကို ခံယူရသည်။

၁၃။ ၁၃၃၇-ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးက ရွှေကျင်ဂိုဏ်းကြီး၏ ဥပ ဥက္ကဋ္ဌ (ဒုတိယ သာသနာပိုင်) အဖြစ် တင်မြောက်ခြင်းကို ခံယူတော်မူသည်။

၁၄။ ၈၂၉၁-ခု သက္ကရာဇ် (၃၀) မှ စ၍ ကျမ်းစာမျာ်းကို စတင်ပြုစုတော်မူခဲ့ရာ ၁၂၉၃-ခုနှစ်တွင် ပထမဦးဆုံး ကျမ်းစာကိုရေးသားပြီးစီးတော်မူ၍ ၁၃၀၈-ခု တန်ဆောင်မုန်းလတွင် နောက်ဆုံး ဆယ်လမြတ်ဗုဒ္ဓဝံကျမ်းစာကို ရေးသားပြီးလျှင် 'တာဘဝသံဃရတနာ' အမည်ဖြင့် ထေရပွတ္တိကို ကိုယ်တော်တိုင် ရေးသားတော် မူခဲ့သည်၊ ပဉ္စပကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ ပါဠိတော် နိဿယ မျာ်းကို ၁၃၁၆-ခု၊ တန်ဆောင်မုန်းလဆန်း ၅-ရက် (၁၀-၁၁-၇၄) တနင်္ဂနွေ ၁-နာရီအချိန် စတင်ပို့ချရေးထား၍ ၁၃၁၉-ခု၊ ဝါခေါင်လဆန်း ၁၂-ရက်နေ့မှာ ပြီးဆုံးခဲ့ပါသည်၊ သုတ်မဟာဝဂ် ဘာသာဋီကာကို ၁၃၁၇- ဝါဆိုလပြည့်ကျော် ၂-ရက် ကြာသပတေးနေ့ (၂၄-၇-၇၅) စတင်ပို့ချ ရေးသား၍ ၁၃၁၉-ခု နတ်တော်လဆန်း ၁၃-ရက် (၂၁-၁၂-၇၇) သောကြာနေ့ ပို့လွန်တော်မူမီ ၅-ရက် အလိုတွင် ပြီးတော်မူခဲ့ပါသည်၊ ပါထေယျ ဘာသာဋီကာ ကိုပစ် တရက်မျှ ရေးသားပို့မခဲ့ပါသေးသည်။

၁၅။ ၁၃၁၉-ခုနှစ် သက္ကရာဇ်(၇၀)နှစ် အရောက် နတ်တော်လပြည့်ကျော် ၂-ရက်(၁၉၇၇-ခု ဇီဇင်ဘာလ ၂၇-ရက်) အင်္ဂါနေ့ ညနေ ၄-နာရီ မိနစ် ၃၀-တွင် တာဝတိံသာတက် ငြိမ်းစတော်မူပါသည်။

အခြေပြုပဋ္ဌာန်းတရားတော်

နိဒါန်း

အဘယ်ကြောင့် ပဋ္ဌာန်းတရားတော် တန်ခိုးကြီးသနည်း

ပဋ္ဌာန်းတရားတော်သည် တန်ခိုးကြီး၏၊ ပဋ္ဌာန်းကို ရွတ်ဖတ်လျှင် ဘေးရန်အန္တရာယ် ကင်းဝေးပျောက်၏၊ ကောင်းကျိုးချမ်းသာ ဖြစ်စေနိုင်၏—

ဟူ၍ပဋ္ဌာန်းတရားတော်နှင့် ပတ်သက်ပြီး ရှေးရှေးဘုရားများမှစ၍ ယနေ့ထက်တိုင် အစဉ်အလာ စွဲမှတ်ယုံကြည်နေကြသည်။

အဘယ်ပုဂ္ဂိုလ်သည် ပဋ္ဌာန်းကိုရွတ်သောကြောင့် ဘယ်သို့သော ဘေးရန်အန္တရာယ်မှ လွတ်မြောက်ခဲ့သည်၊ အဘယ်ပုဂ္ဂိုလ်သည် ပဋ္ဌာန်းရွတ်သောကြောင့် အဘယ်သို့သော ကောင်းကျိုးခမ်းသာတို့ ရရှိခဲ့သည်ဟူသော ဝတ္ထုဇာတ်လမ်း အဖြစ်အပျက် သက်သေသာဓကများကား များလှစွာ၏၊ ယင်း ဝတ္ထုဇာတ်လမ်းများကို ရေးရလျှင် ဤနိဒါန်းကြီး ရှည်လျား သွားပေလိမ့်မည် ဖြစ်သောကြောင့်လည်းကောင်း၊ စာရှုသူလည်း အထိုက်အလျောက် ကြားဖူးနေမည် ဖြစ်သောကြောင့်လည်းကောင်း၊ ယင်း ပဋ္ဌာန်းအကျိုးပြ ဝတ္ထုဇာတ်လမ်းများကို မရေးသားမူ၍ ပဋ္ဌာန်းတရားတော်သည် အဘယ်ကြောင့် တန်ခိုးကြီးသနည်း ဟူသော အမေး၏အဖြေကိုသာ ဤနိဒါန်း၌ အဓိကထား၍ ရေးသားတင်ပြ လိုပေသည်။

ပဋ္ဌာန်းတရားတော်တန်ခိုးကြီးကြောင်း စိစစ်တင်ပြရာ၌ သိသာထင်ရှား စေရန်အတွက်—

၁။ သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်ဆော တရားဖြစ်ခြင်း၊
၂။ တန်ခိုးကြီးသည့် နတ်ဗြဟ္မာများ ဂိုဏေမြတ်နိုးသည့် တရားဖြစ်ခြင်း၊
၃။ သာသနာတည်တံ့ရေးအတွက် ရွေတန်းခံတပ်ကြီးဖြစ်ခြင်း၊

ဟူသော အကြောင်း အချက်ကြီး ၃-ချက်ကို အခြေခံ၍ ပိဋကတပါဠိတော် အဋ္ဌကထာ ဋီကာ တို့မှ ရှာဖွေတင်ပြပါအံ့။

၁။ သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်သော တရားဖြစ်ခြင်း

ပဋ္ဌာန်းတရားတော်သည် သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်သော တရားတော်ဖြစ်သည်။

မှန်၏၊ ပဋ္ဌာန်းတရားတော်၌ သိမြင်နိုင်ရန် ခက်ခဲသည့် စိတ် စေတသိက် ရုပ် နိဗ္ဗာန် ခန္ဓာ အာယတန ဓာတ် သစ္စာ ဟိတ် စျာန်င် မဂ္ဂင် စသော ပရမတ္ထတရား များကို ဟောကြားသောကြောင့် သိမ်မွေ့မြင့်မြတ်လှပေသည်။

ယင်း ပရမတ္ထတရားများသည် အချင်းချင်း အကြောင်းအကျိုးအဖြစ်ဖြင့် ဆက်စပ်ဖြစ်ပေါ် တည်နေပုံကို ဟောကြား ဖော်ပြသောကြောင့် နက်နဲလှပေသည်။

ယင်းအကြောင်းအကျိုးအဖြစ် ဆက်စပ်ဖြစ်ပေါ်တည်နေပုံကိုပင် ဘယ်သို့ ဘယ်ပုံ တည်နေသည်ကို အဆုံးပိုင်းအခြားမရှိ များပြားလှစွာသော နည်းပေါင်း များစွာဖြင့် ရှင်းလင်း ပြဆိုကြားသောကြောင့် ကြီးကျယ် များပြားလှပေသည်။

ယင်းသို့ သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်သော တရားတော် ဖြစ်သောကြောင့် တန်ခိုးကြီးခြင်း ဖြစ်နိုင်ပေသည်၊ ဤဖော်ပြချက်မှန်ကန်ကြောင်းကို မြတ်ဗုဒ္ဓ ရှင်တော်ဘုရား၏ ဖြစ်တော်စဉ် တရပ်ကို သာဓကအဖြစ် တင်ပြလိုပေသည်။

သဗ္ဗညုတဉာဏ်တော်နှင့် ပဋ္ဌာန်းတရား။ ။မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် မာရ်ငါးပါးပယ်ရှား၍ ဘုရားဝင်စဉ်ဖြစ်တော် မူပြီးနောက် ၂၂-ရက်မြောက်တွင် ဗောဓိပင်၏ အနောက်မြောက် အရပ် စဟဇာတသတ္တာဟ ဖြစ်သော ရတနာဃရ စံအိမ်တော်၌ ၇ ရက် စံနေတော်မူသည်၊ ယင်းသို့ စံနေတော်မူစဉ် အာဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူသည်၊ ရှေးဦးစွာ....

၁။ ဓမ္မသင်္ကိတ္တိကျမ်း၊
၂။ ဗိဘင်းကျမ်း၊
၃။ ဓာတုကထာကျမ်း၊
၄။ ပုဂ္ဂလပညတ်ကျမ်း၊
၅။ ကထာဝတ္ထုကျမ်း၊
၆။ ယမိုက်ကျမ်း—

ဟူသော ကျမ်း ၆-ဆူကို အစဉ်အတိုင်း သုံးသပ် ဆင်ခြင်တော် မူသော အခါ၌ ထူးထူးခြား ခြား အံ့ဖွယ်သရဲများ စိုစဉ်းမျှလည်း ဖြစ်ပေါ်မလာ သေးချေ၊ သို့သော် နောက်ဆုံးဖြစ်သော ပဋ္ဌာန်း ကျမ်းကြီးကို သုံးသပ် ဆင်ခြင်တော်မူသောအခါ၌မူကား ကိုယ်တော်မြတ်မှ ရောင်ခြည်တော် ၆ ပါး တို့ ယွန်မြူး ထွက်ပေါ်လာကာ ကိုယ်တော်မြတ်၏ ဝဲယာ-ရှေ့နောက် ထက် ဘောက်ဖ်လာ အရပ် ၁၀-မျက်မှ တို့သို့ အဆုံးဒေါပိုင်းဒ ခြား အဆီ အဝ မရှိ ထွန်းလင်းတောက်ပခဲ့လသည်။[1]

ယင်းသို့ရောင်ခြည်တော် ၆-ပါးအဆုံးအပိုင်းအခြားမရှိ ကွန်မြူးထွက်ပေါ် လာခြင်းသည် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဘုန်းတန်ခိုးတော် အနန္တဖြစ်ပေါ် လာခြင်းပင် ဖြစ်သည်၊ တန်ခိုးတော်အနန္တ ဖြစ်ပေါ်ရခြင်း အကြောင်းမှာ— အဆုံးအပိုင်းအခြာ မရှိ သိမြင်နိုင်စွမ်းသော သဗ္ဗညုတဉာဏ်တော်သည် သိမ်မွေ့ မြင့်မြတ် နက်နဲလှ၍ အဆုံးအပိုင်းအခြားမရှိ ကြီးကျယ်လှသော အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကို အာရုံပြုရသောကြောင့် ရှင်လန်း မြူးကွန့်တော် မူခြင်းဖြစ်သည်။

သဗ္ဗညုတ ဉာဏ်တော် ရှင်လန်း ကွန့်မြူးသောအခါ ဉာဏ်တော်နှင့်အတူ ယှဉ်ဘက်စိတ်နှင့်စေတသိက်တရားများလည်း ရှင်လန်းကွန့်မြူးသည်၊ သဗ္ဗညုတ ဉာဏ်တော်နှင့်အတူ ယှဉ်ဘက် စိတ်စေတသိက်တရား တို့၏ တည်နေရာ ဟဒယ ဝတ္ထုခေါ် နှလုံးသွေးလည်း ကြည်လင် တောက်ပလာသည်၊ နှလုံးသွေးနှင့် ဆက်စပ်နေသည့် အသွေး, အသား, အရိုး, အကြော, အရေ, ဂူရွှေ ငါးပါး အခြား စိတ္တဇ, ကမ္မဇ, အာဟာရဇ, ဥတုဇ ရုပ် တရားများလည်း ကြည်လင်

၁။ အဋ္ဌသာလိနီအဋ္ဌကထာ၊ နိဒါနကထာ၊ နာ–၁၄။ ဤကျမ်း နာ-၁၃။

တောက်ပလာပြီး စာဝင်းဝင်းစာလက်လက် ဖြစ်ရောင်စုံ ကွန်မြူး ပေါ်ထွက်၍ စကြဝဠာအနန္တသို့ အဆုံးအပိုင်းအခြားမရှိ ကွန်မြူး ပြေးသွားလေသည်။

ကျွန်ုပ် သမ္မည္ဆုတဉာဏ်တော်ဖြင့် အခြား တရားတော်များကို ဆင်ခြင်သုံးသပ်၍ ထူးခြားမှုမရှိဆေး၊ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်ဆော်အခါ ကျမ္မသာ ထူးထူးခြားခြား ဖော်ခြည်တော် ဖြ-ပါး ကွန်မြူး ထွက်ပေါ်လာသည်မှာ ပဋ္ဌာန်းတရားတော် တန်ခိုးကြီးသောကြောင့်ပင် ဖြစ်ပေသည်။

ရဟန္တာ ဖြစ်ခစန္ဒိုင်သည့် ပဋ္ဌာန်း။ ။သြဇာဓာတ်ကောင်းမွန် ထက်သန်သော လယ်မြေ၌ မျိုးစေ့အလျောက် အပင် အပင့်, အသီး ဖွံ့ဖြိုး ကောင်းမွန်သကဲ့သို့ ပဋ္ဌာန်းအာရုံ၌ ကျွေ့ကျော်၍ ပကတိ ဉာဏ် ပညာ သဒ္ဓါ စေတနာတို့က အကျိုးပေး ကြီးကယ်မြင့်မြတ်ပုံကို မဟာ ဂတိဂမိယ တိုသဒတ္တမထေရ်အကြောင်း သာဓကဖြင့် ထင်ရှားစေပါအုံ-

သီဟိုဠ်ကျွန်းခွန်နေသော မဟာဂတိဂမိယ တိုသဒတ္တမထေရ်ကြီးသည် မဟာ ဗောဓိပင်ကို ဖူးမြော်ကန်တော့လိုသောကြောင့် သီဟိုဠ်ကျွန်းမှ အိန္ဒိယပြည်သို့ သင်္ဘောစီးကာ ပင်လယ်ပြင်ကို ဖြတ်ကူးတော်မူခဲ့သည်။

ပင်လယ်ပြင်ကို ဖြတ်ကူးယင်း ကမ်းမမြင် လမ်းမမြင်ဖြစ်ကာ လှိုင်းကြီး လှိုင်းငယ်တို့ဖြင့် တဝုန်းဝုန်း တဖြုန်းဖြုန်း ရိုက်ခတ်ပြီး ငရမ္ဘူန် ရေမှော်း ရေပန်း များထနေသည့် ပင်လယ်ရေပြင်ကို မြင်တွေ့ရပေထာ-

"ကျွန်ုပ်ပင်လယ်ပြင်ကြီးရှိ လှိုင်းတံပိုးများကပင် ကြီးမားများပြား ကျယ်ပြန့်လှသလော၊ ပဋ္ဌာန်းတရားတော်ရှိ နည်းဓာတ်များကပင် ကြီးမားများပြား ကျယ်ပြန့်လေသလော" ဟူ၍ ကြံစည်စဉ်းစားလေသော်- "ပင်လယ်ပြင်ကြီး သည်ကား အောက်ဘက်၌ မြေထု အထက်ဘက်၌ ကောင်းကင်ပြင် ဘေး တဘက်၌ ကမ်းခြေ တဘက်၌ စကြဝဠာ တံတိုင်းများဖြင့် အပိုင်း အခြား ရှိသေး၏၊ ပဋ္ဌာန်းကျမ်းကြီးသည်သာ နည်းစုံပြွမ်း၍ ဆုံးခန်းမမြင် အလွန်ပင် ကျယ်လှုပေဘကား" ဟူ၍ ဆုံးဖြတ်သိမြင်ထောကြောင့် ပဋ္ဌာန်းတရားတော်၌ ကြည်ညိုခြင်း သဒ္ဓါတရား ဖြစ်ပေါ်လာသည်။

ယင်းသို့ သဒ္ဒါတရား ဖြစ်ပွားသောအခါ ရွှင်လန်းခြင်း ဝသဝမနဿ,နှစ်သက်ခြင်း ပီတိ, ဝမ်းမြောက်ခြင်း ပါမောဇ္ဇ တရားများ ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာပြီး ယင်းတရားများကို အခြေခံကာ ဝိပဿနာဉာဏ် ရှုမှတ် ပွားများ၍ တထိုင်တည်းမှာပင် ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်သွားလေသည်။[၁]

ဤဖြစ်ရပ်၌ ရဟန္တာဖြစ်ရခြင်းအကျိုးမှာ တိုင်းတာနှိုင်းဆ၍မရနိုင်အောင် ကြီးမားလှသော အကျိုးတရား ကြီး ဖြစ်ပေသည်၊ ယင်းသို့ ကြီးမားလှသည့် အကျိုးတရားကို ရရှိသည်မှာ သိမ်မွေ့နက်နဲ၍ မြင့်မြတ် ကြီးကျယ် လှသော ပဋ္ဌာန်းတရားတော်ကို ကြည်ညိုသည့် စေတနာ သဒ္ဒါတရားကြောင့်သာ ဖြစ်ပေသည်။

တန်ခိုးကြီးသည့် နတ်ပြဟ္မာများ ရှိသေမြတ်နိုးသည့်တရား

"သူတော်ချင်းချင်း သတင်းလွှဲ.လွှဲ. ပေါင်းဖက်တွေ့" ဟူသော မြန်မာတို့၏ ရှေးစကားသည် စိတ်သဘောထား မြင့်မြတ်သူအချင်းချင်း ပေါင်းသင်းနေထိုင်တတ်ကြသည်၊ ချစ်ခင်မြတ်နိုး ရှိသေ လေးစားတတ်သည် ဟူသော အဓိပ္ပာယ်ကို ပြဆိုပေသည်။

ယင်းပြဆိုချက်သည် ဣတိဝုတ် ပါဠိတော် **ဓာတုသေသံသဒ္ဒနသုတ်**လာ—

> ရဟန်းတို့ သတ္တဝါတို့သည် သတ္တဝါတို့နှင့် (စိတ်ထားသဘောထား) အစ္ဆာသယဓာတ်အားဖြင့်သာလျှင် နှီးနှောကြကုန်၏၊ ညီညွတ်ကြကုန်၏ဟူသော တရားတော်နှင့် ညီညွတ်လှပေသည်။

ယင်းသဘောတရားအရ လူဆားများသာမက နတ်ပြဟ္မာ တို့သည်လည်း မိမိတို့သဘောကျနှစ်သက်၍ လေ့လာဆောင်ရွက်နေသည့် တရားတော် သုတ်တော်များကို လေ့လာဆောင်ရွက်သူတို့ကို ချစ်ခင်နှစ်သက်ကြမည်၊ ရှိသေလေးစားကြမည်မှာ ဓမ္မတာ သဘောတရပ်ပင် ဖြစ်ကြောင်း သိသာလှပေသည်။

ဤ အချက်နှင့် စပ်လျဉ်း၍ အထောက်အထားအဖြစ် အာဠဝက နတ်စစ်သူကြီး အကြောင်းကို ဖော်ပြပါအံ့။

၁။ အင်္ဂုသာလိနိ အင်္ဂကထာ၊ နှာ-၁၂။ ဤကျမ်း နှာ-၁၇၊
၂။ ခု ၁၊ ဣတိဝုတ္တက ပါဠိတော်၊ နှာ—၂၄၂။

အာဠဝက ဝဿု။ ။အာဠဝိပြည်အနီးရှိ ညောင်ပင်ကြီး၌ အာဠဝက အမည်ရှိသော နတ်ဘီလူးကြီးနေထိုင်သည်၊ နတ်ဘီလူးကြီးသည် အာလုနှင့် ကြမ်းကြုတ်ခက်ထန် ဒေါသမာန်ကြီးလှသည်၊ ဤသည်ကို အခွင့်ကြုံဝင်းပြု၍ လူ့လောကဌာအမျက်ဒေါသကြီးသောလူများကို 'အာဠဝက' ဟု တင်စားခေါ်ဝေါ်လေ့ရှိကြသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ယင်း အာဠဝက နတ်ဘီလူးကို ခြိုခွေတ်ရန် အဘို့ အာဠဝက ဘီလူး၏ ဘုံဗိမာန်သို့ ကြွတော်မူ၍ အာဠဝက ဘီလူး၏ နေထိုင်ရာပေါ်သို့ သီဘင်းသုံးစံခန်တော်မူသည်၊ ယင်းသို့ ကြွရောက်စံခန်တော်မူသည်မှာ အာဠဝက နတ်သဘင် အစည်းအဝေး သွားခိုက်ဖြစ်ပေရာ အာဠဝက ဘီလူး၏ဓမ္မာင်းမမိသံ အခြံအရံတို့သည် ကြွလာတော်မူသည့် မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြသည်၊ ဝတ်ပြုကြသည်။

ယင်းသို့ခသာ အခြေအနေကို နတ်သဘင် အစည်းအဝေးမှ ပြန်လာသော အာဠဝက မြင်တွေ့ခသာအခါ မခံမရပ်နိုင် ယမ်းပုံမီးကျ ဟုန်းဟုန်းထလျက် ဒေါသ အကြီးအကျယ်ဖြစ်၍ လက်နက်အမျိုးမျိုးသုံးစွဲကာ တိုက်ခိုက်သည်။

အာဠဝကဘီလူး အသုံးပြု တိုက်ခိုက်သမျှသော လက်နက်တို့သည် မြတ်စွာဘုရားအား မည်သို့မျှ မထိခိုက်ပဲ ဖူးမြော်ပူဇော်သကဲ့သို့သာ ဖြစ်လေသည်။

အာဠဝကဘီလူးသည် မြတ်စွာဘုရားအား အကြမ်းနည်းဖြင့် တိုက်ခိုက်၍ မရသာအခါ အနုနည်းဖြင့် တိုက်ခိုက်မည်ဟု ဆုံးဖြတ်ပြီး မြတ်စွာဘုရားအား ခက်ခဲသော ပုစ္ဆာ ၁၂-ချက်ကို မေးသည်၊ "အမှန်ကိုဖြေနိုင်လျှင်ဖြေ၊ မဖြေနိုင်လျှင် အရှုးအစသ နှစ်ထွေသောအပြစ်ကို ခံရမည်" ဟုလည်း ခြိမ်းခြောက်သည်။

အာဠဝက မေးလျှောက်သည့် ပုစ္ဆာ ၁၃-ချက်တို့မှာ—

(၁) ဤလောကမှာလောကဌာ ယောကျ်ား၏ မြတ်သော ဥစ္စာပစ္စည်းကား အဘယ်နည်း။

(၂) ကောင်းသော အလေ့ အကျင့်တို့တွင် အဘယ် ကောင်းသော အလေ့အကျင့်သည် ချမ်းသာကိုဆောင်နိုင်သနည်း။

(၃) အရသာတို့တွင် အဘယ် အရသာသည် အလွန်အလွန် ချို့မြိန်သော အရသာ ဖြစ်သနည်း။

(၄) အသက်မွေးမှုတို့ဘွင် အဘယ်သို့သော အသက်မွေးမှုကို မြတ်သော အသက်မွေးမှုဟု ဆိုသနည်း။

(၅) အဘယ်ဖြင့် သံသရာဝဲသြသကို ကူးမြောက်နိုင်သနည်း။

(၆) အဘယ်နှင့် သံသရာပင်လယ်ကို ကူးမြောက်နိုင်သနည်း။

(၇) အဘယ်ဖြင့် ဆင်းရဲခြင်းကို လွန်မြောက်နိုင်သနည်း။

(၈) အဘယ်ဖြင့် ထက်ဝန်းကျင် စင်ကြယ်နိုင်သနည်း။

(၉) အဘယ်အကြောင်းကြောင့် ပညာကိုရနိုင်သနည်း။

(၁၀) အဘယ်အကြောင်းကြောင့် ဥစ္စာပစ္စည်းကို ရနိုင်သနည်း။

(၁၁) အဘယ်အကြောင်းကြောင့် ကျော်စောထင်ရှားခြင်းသို့ ရောက်နိုင်သနည်း။

(၁၂) အဘယ်အကြောင်းဖြင့် မိတ်ဆွေကို ဖွဲ့နိုင်သနည်း။

(၁၃) အဘယ်အကြောင်းဖြင့် နောင်ဘဝ၌ မစိုးရိမ်ရသနည်း-

ဟူသည်တို့ ဖြစ်ပေသည်။

အာဠဝကဇာ မိဘတို့သည် ဤပုစ္ဆာ ၁၃-ချက်ကို အဖြေနှင့်တကွ ကဿပဘုရားရှင်ထံမှ ကြားနာရ၍ မှတ်သားဆောင်ယူထားခဲ့ကြသည်၊ အမေးအဖြေများမှာ ပါဠိဂါထာအားဖြင့် (၈)ဂါထာရှိသည်၊ သားဖြစ်သူ အာဠဝကကိုလည်း အရက်မှက်မှတ်စေကာ သင်ပေးခဲ့သည်။ အာဠဝကသည်လည်းမိဘသင်ပေးသည့် အမေးအဖြေဂါထာများကို အမြတ်တနိုးလေ့ကျက်ဆောင်ရွက်ခဲ့သည်။

သို့ပင် ဆောင်ရွက်ခဲ့ပါသော်လည်း ကာလရှည်လျား ကိစ္စများသောကြောင့် အဖြေများကို အာဠဝကာ မေ့လျော့သွားခဲ့လေသည်၊ ထို့ကြောင့် မေးပျက်သွားသည့် အဖြေများကို ရလိုရငြား မိမိပို့နက်သို့ ရောက်လာသူရှင် လူများကို ဤပုစ္ဆာ ၁၃-ချက်ကို မေးသည်၊ ဖြေနိုင်က လွှတ်လိုက်၍ မဖြေနိုင်က သတ်ပစ်လိုက်သည်၊ ယခုလည်း မြတ်စွာဘုရားအား ဤပုစ္ဆာများကိုပင်မေးလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်က "ငါဘုရားအာဒီသတ်ဖြတ်နိုင်သူကျွန်လောကဌ်မရှိ၊ သို့သော် သင်သိလိုလျှင် သင်၏ပုစ္ဆာမျှားကို ဖြေဆိုပေအံ့" ဟုမိန့်တော်မူပြီးလျှင် အောက်ပါအတိုင်း ဖြေကြားတော်မူသည်။

(၁) ဤကမ္ဘာလောကဌ်ဓယာကျိုး၏ မြတ်သောဥစ္စာပစ္စည်းကား ယုံကြည်မှုသဒ္ဓါတရား ဖြစ်သည်။

(၂) ကောင်းသောအနေ့အကျင့်ပြစ်သော ကုသိုလ်ကမ္မဝထတရားသည် ချမ်းသာကို ဆောင်နိုင်၏။

(၃) အရသာတို့တွင် မှန်ကန်စွာ ပြောဆိုခြင်း သစ္စာတရားလည် အလွန်အလွန် ချိုမြိန်သော အရသာဖြစ်၏။

(၄) ပညာဖြင့် အသက်မွေးခြင်းကို မြတ်သော အသက်မွေးခြင်းဟု ဆိုကုန်၏။

(၅) ယုံကြည်မှုသဒ္ဓါတရားဖြင့် သံသရာဝဲသြဃကိုကူးမြောက်နိုင်၏။

(၆) မနေ့မလျှော့မှု အပမာဒတရားဖြင့် သံသရာပင်လယ်ကို ကူးမြောက်နိုင်၏။

(၇) ထက်သလုံ့လဖြင့် ဆင်းရဲကို လွန်မြောက်နိုင်၏။

(၈) ပညာဖြင့် စင်ကြယ်နိုင်၏။

(၉) ရဟန္တာဘုဂိုလ်တို့၏ နိဗ္ဗာန်ရောက်ကြောင်းတရားကို ယုံကြည်လျက် မနေ့မလျှော့ဆင်ခြင်သူ ပညာရှိသည် ကောင်းစွာနာကြားသောကြောင့် ပညာကိုရယူနိုင်၏။

(၁၀) သင့်လျော်သည့် အလုပ်အကိုင်ကို လုပ်လျက် တဝန်ကို ကျေပွန်အောင် ထမ်းဆောင်သူသည် ထက်သလုံ့လကြောင့် ဥစ္စာပစ္စည်းကို ရနိုင်၏။

(၁၁) မှန်ကန်စွာ ပြောဆိုခြင်းကြောင့် ကျော်စော ထင်ရှားမှုကို ရနိုင်၏။

(၁၂) ပေးကမ်းခြင်းဖြင့် အဆွေခင်ပွန်းကို ဖွဲ့နိုင်၏။

(၁၃) ယုံကြည်မှုရှိလော အိမ်၏အစီးဇပ္ပေးကို ရှာတတ်သောသူအား မှန်ကန်ခြင်း သစ္စာ၊ လိမ်မာခြင်း ဒမ၊ ကြိုးစားမှု ဓိတိ၊ စွန့်လွှတ်မှု စာဂ၊ ဤတထုးလေးပါးရှိသဖြင့် နေးက်ဘဝ၌ ပေါ်ပေါက်ရမည့် ရဝဏ္ဏ-ဟူ၍ အဖြေ ၁၃-ချက်ကို မိန့်တော်မူ၏။[1]

ထိုအခါအာဠဝကဘီလူးသည် အလွန်အားရနှစ်သက်ခြင်းဖြစ်ပြီး မြတ်ဗုဒ္ဓရှင်တော်ဘုရားအား ဒေါသမာန်လျော့ ဦးချကန်တော့ကာ သဗ္ဗညုတဉာဏ်ဆောက်တည်၍ တပည့်အဖြစ် ခံယူလေသည်။

ဤအာဠဝကဝတ္ထုကို ထောက်ရှုလျှင် နတ်ပြဟ္မာတို့သည် မိမိတို့ လေ့လာဆောင်ရွက်နေသည့် တရားကို ဆောင်ရွက်သူတို့အား ချစ်ခင်သည်, ရိုသေ လေးစားသည်ဟူသော အချက် ထင်ရှားသိသာပြီ ဖြစ်ပေသည်၊ သို့သော် "ဤဝတ္ထုခဲ့ဘုရားရှင်ဖြစ်၍သာ ပူဇော်ခံရသည်၊ သာမန်လူသားများခဲ့ ဤသို့ဖြစ်နိုင်မည် မဟုတ်ဟု" ဆင်ခြင်ဉာဏ်ဖွယ် ရှိပြန်သည်၊ ထို့ကြောင့် အခြားဝတ္ထုသက်သေ တခု ထုတ်ဆောင်စာင်ပြပါဦးမည်။

နတ်မင်းကြီး၏ ပူဇော်ခြင်း ခံရသူ။ ။မြတ်စွာဘုရား လက်ထက်တော်အခါက အိန္ဒြိယပြည် တောင်ပိုင်းခဲ့ ဝါးစည်းရိုးမြို့ဟု အဓိပ္ပာယ်ရသည့် ဝေဠုကဏ္ဍကခေါ် မြို့ငယ်တခုရှိသည်၊ ယင်းမြို့၌ကြွယ်ဝချမ်းသာသူ နန္ဒမာတာခေါ် အမျိုးသမီးတယောက်ရှိသည်၊ ယင်းအမျိုးသမီးခဲ့ နန္ဒခေါ်သည့် သားရှိသောကြောင့် မြန်မာလို နန္ဒမေမေ၊ ပါဠိလို နန္ဒမာတာဟု ခေါ်သည်။

နန္ဒမာဘာသည် ၇-ထပ်တိုက် အထက်ဆုံးထပ်၌ ထိုင်လျက် ထိုနေ့ နံနက်စောစော၌ ပါရာယနသုတ်ကို အသံနေအသံထား ကောင်းစွာဖြင့် ရွတ်ဆိုနေသည်၊ ပါရာယနသုတ် ဟူသည်မှာ သုတ္တန်ပါတ်ပါဠိတော်လာ ဗာဝရီပုဏ္ဏားကြီး၏ ထပည့်ရသော ၁၆-ယောက်က မြတ်စွာဘုရားအား စိတ်ဖြင့် ပေးသည့် ပုစ္ဆာများကို မြတ်စွာဘုရားရှင်က နုတ်ဖြင့် ထုတ်ဖော် ဖြေဆို ဟောကြားသော တရားတော်များ ဖြစ်သည်။

၁။ ခု ဆ၊ သုတ္တန်ပါတ၊ နှာ-၃၀၅။ မြန်မာပြန် ၂၀၉

ထိုအခိုက်၌ ဝေဿဝဏ်နတ်မင်းကြီးသည် ကောင်းကင်ရေးဖြင့် မြောက်-အရပ်မှ တောင်အရပ်သို့ ကိစ္စတရပ်ရှိသောကြောင့် သွားနေဆဲ ဖြစ်သည် ဝေဿဝဏ် နတ်မင်းကြီးသည် နန္ဒမာတာ၏ ပါရာယနသုတ် ရွတ်သံကို ကြားရသောအခါ တရားပြီးဆုံးသည်အထိ ရပ်ဘန့်၍ နာယူသည်၊ တရားပြီးဆုံး၍ နန္ဒမာတာ ၃ပ်နားလိုက်သော အခါကျမှ-

"နှမ ကောင်းလေစွ၊ ကောင်းလေစွ၊ သင်ရွတ်ဆိုသော ပါရာယန တရားတော်သည် မြတ်စွာဘုရားသခင် ပါသာဏကဝေတီ၌သီတင်းသုံး စဉ်အခါ ဗာဝရီဆရာကြီး တပည့်ရသော ၁၆-ယောက်တို့အား ဟောကြား သည့်အတိုင်းပင် ဖြစ်ပေသည်-"

ဟူ၍ ကောင်းချီးပေးလေသည်၊ ထိုအခါ နန္ဒမာတာက-

"အရှင်သည် မည်သူဖြစ်ပါသနည်း-"

ဟုမေးသည်။

"နှမ ငါကား ဝေဿဝဏ်နတ်မင်း ဖြစ်ပေသည်း"

"ကောင်းလှပါပြီ အရှင်၊ သို့ဖြစ်လျက် ယခု ပါရာယနတရားတော် ရွတ်ဆိုရသည့် ကုသိုလ်အဖို့ကို အရှင်အား လက်ဆောင်ပေးပါသည်၊"

"ကောင်းလှပါပြီ။ ယခု နှမပေးသည့် လက်ဆောင်ကိုလည်း ခံယူပါ၏၊ နက်ဖန် နံနက်၌လည်း ဤငေဠုကဏ္ဍကမြို့သို့ တရားစစ်သူကြီး အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလ္လာန်တို့ နောက်ပါရဟန်းများစွာ နှင့်တကွ နံနက်ဆွမ်၊ မဘုဉ်းပေးရသေးပဲ ကြွရောက်လာပါလိမ့်မည်၊ သင်နှမသည် ထိုအရှင်မြတ်များကို နံနက်ဆွမ်းကပ်လှူပါ၊ ကုသိုလ်အဖို့ကိုလည်း မောင်ကြီးအား အမျှပေးဝေပါဦး။"

ဟု ပြောဆိုပြီးလျှင် ဆက်လက်၍-

တရားပူဇော်သည့် ဤပစ္စည်းများကို သင့်အားပေးပါ၏-"

ဟု ပြောပြီးလျှင် စပါးကျီပေါင်း ၁၂၅-ခုအပြည့် သလေးနီး စပါးများကို (တန်ခိုးဖြင့်) ထည့်လျက် ပေးလေသည်။

"ဤ အမျိုးသမီး အသက်ရှည်သမျှ ဤ စပါးမျိုး လျှော့ပါး ကုန်ခန်းခြင်း မဖြစ်စေဟုတည်း—"

ဟူလည်း အဓိဋ္ဌာန်ထားခဲ့၍ ဝေဿဝဏ်နတ်ဧင်းကြီး ဖဲခွာသွားလေသည်။[၁] နတ်မင်းကြီး ဒေဓိဋ္ဌာန်သည့်အတိုင်းပင် နန္ဒမာတာ အမျိုးသမီးတသက်တာ ကာလပတ်လုံး စပါးမျိုးသည် မည်မျှလောက်စားသုံးလူဒါန်းပေးကမ်းဆော်လည်း မလျှော့ပါး မကုန်မနေးပဲ ကျီ ၁၂၅-ခု အပြည့် တည်ရှိနေလေသည်၊ နှောင်းခေတ်အခါ၌လည်း ပစ္စည်းဥစ္စာ စပါး ပေါမျှားသူမျှားကို ဝေဖြင်ရလျှင်—

"သူတို့တော့ ပေါမျှားလိုက်ကြပါပေသည်။ နန္ဒမာတာစပါးကျိုလိုပါပဲ၊ ဘယ်တော့မှ မလျှော့ဘူး"

ဟူ၍ပင် စကားပုံအဖြစ် သုံးစွဲပြောစမှတ် တွင်နေလေသည်။

ဤနန္ဒမာတာအမျိုးသမီးဝတ္ထု၌ ပါရုယနတရားတော်ကို ကိုယ်တိုင်ကြားနာခဲ့ရ၍ နှစ်ခြိုက်သဘောကျနေသည့်ဝေဿဝဏ်နတ်မင်းကြီးသည် ပါရာယနတရားတော်ကို ရွတ်ဆိုသည့် နန္ဒမာတာအမျိုးသမီးကို ချစ်ခင်လေးစားရိုးသေသောအားဖြင့် ပူဇော်ခြင်း ဖြစ်လေသည်။

ဖော်ပြခဲ့သည့် အာဠဝကဇတ္တု, နန္ဒမာတာ ဝတ္ထုများကို ထောက်ထားခြင်းအားဖြင့် နတ်ဗြဟ္မာတို့သည် မိမိတို့နှစ်ခြိုက်သဘောကျ၍ လေ့လာဆောင်ရွက်နေသည့် တရားတော်များကို ရွက်ဆောင်လေ့လာ ရွတ်ဆိုသူတို့အား ချစ်ခင်နှစ်သက်ကြသည်၊ ရိုသေလေးစားကြသည်ဟူသော ဖော်ပြခဲ့သည့် အချက်သည် ထင်ရှားသိသာလောက်ပြီ ဖြစ်လေသည်။

ယင်းသို့ဖြစ်လျှင် ပဋ္ဌာန်းတရားတော်၌ သက်ဝင်ကြည်ညိုကြသည့် နတ်ဗြဟ္မာပရိသတ် မည်မျှရှိသနည်း၊ ရှင်းပြပါဦးအုံး။

ပဋ္ဌာန်း ပရိသတ် အင်အား။ ။ဤနေရာ၌ ပဋ္ဌာန်းတရားတော်ကို ကြည်ညိုလေးစားသည့် နတ်ဗြဟ္မာ ပရိသတ်အင်အား မည်မျှရှိသည်ကို ခန့်မှန်းပြရန် သင့်ပေသည်။

၁၊ အင်္ဂုတ္တရပါဠိတော်၊ ပထမတွဲ၊ နှာ-၄၄၄။ အင်္ဂုတ္တရအဋ္ဌကထာ၊ တတိယတွဲ၊ နှာ-၁၇၀။

မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ၇- ဝါမြောက် ဝါကပ်တော်မူမည့် ဝါဆို လပြည့်နေ့၌ သာဇတ်ထိပြည်အနီး သရက်ဖြူပင်ရင်း၌ သီတင်းသုံးတော်မူလျက် မိစ္ဆာဒိဋ္ဌိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးဘေးစုံစုံ လွှတ်သည့် ယမကပြာဋိဟာကို ပြတော်မူသည်။ ယမကပြာဋိဟာကို ပြတော်မူပြီးနောက် ရှင်လူအများ ဖူးမြော်နေစဉ်မှာပင် တာဝတိံသာ နတ်ပြည်သို့ ၂-လှမ်း ၃-ဘဝါးဖြင့် ကြွသွားတော်မူပြီးလျှင် သိကြားနတ်မင်းစံရာ ပဉ်လယ်ကသစ်ပင်ရင်း၌ ဇင်းထားဘုံသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအမှူးရှိသော စကြဋ္ဌာ တိုက်တသောင်းမှ စည်းဝေး ရောက်လာကြသည့် နတ်ပြဟ္မာတို့အား အာဘိဓမ္မာတရားတော်ကို ဟောတော်မူသည်။

ဝါတွင်း ၃-လပတ်လုံး အာဘိဓမ္မာတရားတော်ကို ဟောတော်မူ၍ သီတင်းကျွတ်လပြည့်နေ့၌ အာဘိဓမ္မာ ၇ ကျမ်းတွင် နောက်ဆုံးဖြစ်သည့် ပဋ္ဌာန်းတရားတော်ကို အပြီးသတ် ဟောတော်မူသည်။ ပဋ္ဌာန်းတရားတော် ပြီးဆုံးသောအခါ စကြဝဠာတိုက်တသောင်းမှ စည်းဝေးရောက်လာကြသည့် နတ်ပြဟ္မာအပေါင်း ကုဋေရှစ်သောင်း တရားသီမြင် ကျတ်ဘမ်း ဝင်ကြလေသည်။[1]

တရားသီမြင် ကျတ်ဘမ်းဝင်သူဟူသည်မှာ အထူးတရားသီမြင်ပြီး ရဟန္တာဖြစ်သွားသူဟူ၍ ဆိုလိုပေသည်၊ သာမန်တရားသီမြင်ခြင်း ကလျာဏပုထုဇဉ်ဖြစ်သူ၊ သေဘတာပန် ဖြစ်သူ၊ သကဒါဂါမ် ဖြစ်သူ၊ အနာဂါမ် ဖြစ်သူ၊ အောက်မင်္ဂ- အောက်ဖိုလ်ရှိသူ နတ် ပြဟ္မာတို့မှာ အရေအတွက်အားဖြင့် မရေတွက်နိုင်အောင် များပြားပေသည်။

မှန်လှပါ၏။ အပဒါန် အဋ္ဌကထာ၌[2]

ရှေး ဘုရားရှင်တို့၏ အလေ့အကျင့်ဘေဘာအားဖြင့် တာဝတိံသာနတ်ပြည်သို့ကြွခဘာ်မူလို၍ ထိုဘာဝတိံသာနတ်ပြည်၌ဝါကပ်တော်မူကာ ဝါတွင်း ၃-လတော်လုံး မပြတ်မစဲ အာဘိဓမ္မာကိုဟောတော်

၁။ ဓမ္မ၊ ၃၊ ၂၊ ၁၄၅။
၂။ အပဒါန် အဋ္ဌကထာ ပထမတွဲ၊ နှာ-၁၃၂။

မူပြီး မယ်တော်နတ်သား အမှူးရှိသည့် များစွာသော နတ်ပြဟ္မာကျိုကို စသာတာပတ္တိမဂ် ရစေခြင်းကိုပြုတော်မူ၏—

ဟူ၍ ဖော်ပြရေးသားထားပေသည်။

ကျမ်းညီပြဆိုချက်။ ။ဤတွင် ဓမ္မပဒအဋ္ဌကထာ၌ အဘိမွောဒေသနာတော် ကြားနာ ရသောကြောင့် နတ်ပြဟ္မာပေါင်း ကုဋေ ဂ-ဆယ်း အရဟတ္တဖိုလ် တည်းကြောင်းပြဆို၍ အပဒါန်းအဋ္ဌကထာ၌ မယ်တော် နတ်သားအမှူးရှိသော မျာ:စွာသော နတ်ပြဟ္မာများ သောတာပတ္တိမဂ်ကို ရကြောင်း ပြဆိုလေရာ အဘိဓမ္မာဒေသနာကို ကြားနာရစေသောကြောင့် ထိုစဉ်အခါက နတ်ပြဟ္မာပေါင်း ကုဋေ ဂ-သောင်း ရဟန္တာဖြင့်ကြ၍ မင်္ဂရမတ္တက်နိုင်လောက်အောင် သောတာပန်၊ ထကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြသည်မှာ ထင်ရှားလှပေသည်။

အဘိမွော ၇ ကျမ်းတို့တွင် အနုန္တနယ အဆုံးအပိုင်းအခြားမရှိသည့် နှုန်းတို့ဖြင့် တန်ဆာဆင်အပ်သော ပဋ္ဌာန်းတရားတော်ကို နာကြားရသောကြောင့် တရားထူးရ၍ အရိယာဖြစ်သွားကြသော ပဋ္ဌာန်းပရိသတ် နတ် ပြဟ္မာတို့က အခြားကျမ်းများကို ကြားနာရသောကြောင့် တရားထူးရ၍ အရိယာဖြစ်သူ နတ်ပြဟ္မာတို့ထက် များပြားရမည်မှာ အမှန်မလွဲ ဖြစ်ရပေလိမ့်မည်။

အာဠဝကာတ္ထုနှင့် နန္ဒမာတာဝတ္ထုတို့ကို ထောက်ထားကြည့်လျှင် မင်္ဂရ တက်နိုင်အောင် များပြားလှစွာသော ပဋ္ဌာန်းပရိသတ် နတ်ပြဟ္မာများက မိမိ တို့နှင့် သဘောချင်းတူညီသည့် ပဋ္ဌာန်းတရားတော်ကို လေ့လာသင်ယူသူ၊ ရွတ် ဖတ် သရဇ္ဈာယ်သူတို့အား မခံကောင်းကျိုးဘေးရန် အန္တရာယ်တို့မှ တားဆီး ပေးခြင်း, ကောင်းကျိုးချမ်းသာရရှိစေရန် ကူညီခြင်းပြုကြပေ့ည် ဖြစ်သည်။

ယင်းသို့ မကောင်းကျိုးကို တားဆီးနိုင်ခြင်း, ကောင်းကျိုးကို ရရှိစေခြင်း တို့ကြောင့် ပဋ္ဌာန်းတရားတော်သည် တန်ခိုးကြီးသည်ဟု ဧရှးအာဝါမှစ၍ ယနေ့ထက်တိုင် အစဉ်အလာ စွဲမြဲယုံကြည်ခဲ့ကြခြင်း ဖြစ်ပေသည်။

သာသနာ တည်တံ့ရေးအတွက် ရှေတန်းခံတပ်ကြီး

ရှေတန်းခံဘပ်။ ။လောကဘွဲ့ တိုင်းပြည်ဘပြည်၏ လုံခြုံဓရးအတွက် ရန်သူတို့၏ နယ်ခြေနှင့် အနီးကပ်ဆုံး မိမိပြည်တွင်းဘွဲ့ ရှေတန်းခံတပ်ကြီးဟုခုကို ဆောက်လုပ်ရမြဲ ဖြစ်သည်၊ ရှေဘန်းခံတပ် ကျိုးပေါက်၍ ရန်သူစစ်သားများ တိုင်းပြည်ဘွင်းသို့ ဝင်လာနိုင်လျှင် ထင်သလို မွေ့နှောက် တိုက်ခိုက်ဖျက်ဆီး၍ တပြည်လုံးကို သိမ်းယူသွားနိုင်သည်။

နောက်ပိုင်းဘွဲ့ စစ်အင်အားကောင်း၍ ပြန်လည် ခုခံနိုင်သည်ဘိုင်အောင် ကိုယ့်ပြည်ဘွင်းမှာ စစ်ဘလင်းဖြစ်ခဲ့၍ များစွာ ဆုံးရှုံးနစ်နာခြင်း ဖြစ်နိုင်ပေသည်။

ထို့ကြောင့် တိုင်းပြည်တပြည်၏ လုံခြုံရေးဟည်ဘံ့ခိုင်မြဲရေးအတွက်ရှေတန်းခံဘပ်သည် အရေးကြီးလှသည်း ဤအကြောင်းကို သိမြင်သူ များစွာပုဂ္ဂိုလ်များသည် ရှေဘန်းခံဘပ် တောင့်တင်းအောင်ခိုင်ခံ့အောင် အားဖြည့်ကြသည်၊ ပြုစုကြသည်၊ စောင့်ထိန်းကြသည်၊ ဂရုစိုက်ကြသည်။

ဤသာသနာတော်ဘွဲ့ ပဋ္ဌာန်းတရားတော်သည် ရှေတန်းခံတပ်ကြီး ဖြစ်ပေသည်၊ ထင်ရှားစေရန် အနည်းငယ် ခွဲပြပါအံ့။

မြတ်ဗုဒ္ဓ ရှင်တော်ဘုရား၏ သာသနာတော်ကြီး ကွယ်ပျောက်မည် ဆိုလျှင် မည်သို့ ကွယ်ပျောက်မည်ကို ဖါထိ ဂဝဂ္ဂအဋ္ဌကထာဘွဲ့ အောက်ပါ အတိုင်း ပြဆိုဘဲးသည်။

ပရိယတ္တိသာသနာ,ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာဟူသောသာသနာတော် ၃-ရပ်တို့တွင် ပရိယတ္တိသာသနာတော်က ရှေးဦးစွာကွယ်မည်။

ပရိယတ္တိသာသနာဘွင်လည်း သုတ္တန္တပိဋကဘွဲ့, ဝိနယပိဋကဘွဲ့, အဘိဓမ္မာပိဋကဟူသော ပိဋကဘွဲ့ ၃-ပုံတွင် အဘိဓမ္မာပိဋကသည် ရှေးဦးစွာ ကွယ်မည်။

ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်းဟူသော အဘိဓမ္မာ ၇-ကျမ်းတွင်လည်း ပဋ္ဌာန်းကျမ်းသည် ရှေးဦးစွာ

၁။ ဒီဃ-၃၊၁၃၅။

ကွယ်မည်၊ ပဋ္ဌာန်းကျမ်းကွယ်ပြီးနောက်မှ ယမိုက်, ကထာဝတ္ထု, ပုဂ္ဂလပညတ်, ဓာတုကထာ, ဝိဘင်း, ဓမ္မသင်္ဂဏီ·ဟူ၍ ကျမ်းစဉ်အတိုင်း ကွယ်မည်။

ထိုနောက်မှ သုတ္တန်ကျမ်းများ အစီအစဉ်အတိုင်း ကွယ်မည်၊ထို့နောက်မှ ဝိနည်းငါးကျမ်း အစဉ်အတိုင်းကွယ်မည်။

ပရိယတ္တိသာသနာ ကွယ်ပြီးနောက် ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ တော် ၂-ရပ် ကွယ်ပျောက်မည်ဟူ၍ ပြဆိုထားပေသည်။

ယင်း သာသနာကွယ်ပုံ အစီအစဉ်ကို ပြဆိုရာ၌ တိပိဋကမှ ပဋ္ဌာန်း တရား တော်ကစ၍ ကွယ်မည်ဖြစ်ကြောင်းကို အထူးသတိထားသင့်ပေသည်၊ ယင်းသို့ ဖြစ်လျှင် ပဋ္ဌာန်းတရားတော်သည် သာသနာတော် နယ်မြေ၌ ရှေးဦးစွန်းခံ တပ်ကြီးဖြစ်နေပေသည်၊ သာသနာတော်ကွယ်ပျောက်ရာအတွက် ပဋ္ဌာန်း တရားတော် တည်တံ့စည်ပင်နေအောင် ပြုစုစောင့်ရှောက်ရသည်၊ ထိန်းသိမ်း ရမည်၊ အားပေးခြီးမြှောက်ရမည်။

ပဋ္ဌာန်းတရားတော် ကွယ်ပျောက်လျှင် အခြားတရားတော်များ ဆက်လက် ကွယ်ပျောက်ခဲပေမည်၊ ထို့ကြောင့် သာသနာတော်တည်တံ့ရေးအတွက် ရှေ့ တန်း ခံတပ်ကြီး ဖြစ်သည့် ပဋ္ဌာန်းတရားတော် တည်တံ့ပြန့်ပွားရေးကို ထိန်း သိမ်းဆောင်ရွက်ရန်မှာ သာသနာ့တာဝန်ကို ချစ်မြတ်နိုးသူများ၏ တာဝန် ဖြစ်နေပေသည်။

ဤအချက်ကို လူ့ပြည်မှ လူသားပုဒ္ဓဘာသာဝင် ပညာရှိ သူတော်စင်များ သိမြင်သကဲ့သို့ပင် နတ်ပြည်ဗြဟ္မာပြည်တို့မှ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာ တော်ကို ကြည်ညိုမြတ်နိုးကုန်သော သူတော်ကောင်း နတ်ဗြဟ္မာအများအပြား မြော်မြင်သိရှိကြပေလိမ့်မည်။

ယင်း သူတော်ကောင်း နတ်ဗြဟ္မာတို့ကလည်း သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် ရှေ့ဘန်းခံတပ်ကြီးဖြစ်သည့် ပဋ္ဌာန်းတရားကော်ကို ကိုယ် တိုင်လည်း ဆောင်ရွက်သင်ယူ ရွတ်ဖတ်သရဇ္ဈာယ်ကြပေလိမ့်မည်။

ပဋ္ဌာန်းတရားတော်ကို ဆောင်ရွက်သင်ယူ ရွက်ဖတ်သရဇ္ဈာယ်ကြရန် နတ် အာချင်းချင်း ဗြဟ္မာအချင်းချင်းကိုလည်း တိုက်တွန်းနှိုးဆော် ကြပေလိမ့်မည်။

ပဋ္ဌာန်းတရားတော်ကို ဆောင်ရွက်သင်ယူ ရွတ်ဖတ်သရဇ္ဈာယ်သူ လူပြည်ရှိ လူသားမျိုးကိုလည်း ဘေးအန္တရာယ် မဟာဒဏ်းကျိုးမျိုး ပျောက်ငြိမ်း ကင်းဝေးစေရန် ဓောင့်ရှောက်၍ ကောင်းကျိုးချမ်းသာ ရရှိစေသောင် ကူညီ စောင်မကြဓပလိမ့်မည်။

ယင်းသို့ ဓစောင့်ရှောက် ကူညီမှုကိုရရှိသော ပဋ္ဌာန်းပါရမီရှင်မျိုးကိုတော့ရ ကြုံခဲ့ရပေါင်းမျိုးလာသောအခါ ရှေးပညာရှင်ကြီးမျိုးသည် "ပဋ္ဌာန်းတရား တော်သည် တန်ခိုးကြီး၏"ဟူ၍ အစဉ်အဆက် မှတ်ဘမ်းတင်ခဲ့ခြင်း ဖြစ်ပေသည်။

ဤကား သာသနာတော် တည်တံ့ရေးအတွက် ၎ရွတန်း ခံဘပ်ကြီး ဖြစ်ခြင်းဓကြောင့် ပဋ္ဌာန်းတရားတော် တန်ခိုးကြီးသည် ဟူသော အဆိုပြုချက်ကို အာကျယ်ရှင်းပြခြင်း ဖြစ်ပေသည်၊

ဤမျှ ပြည့်ပြည့်စုံစုံ ရေးသားခဲ့သော စကားဇစဉ်တို့ဖြင့် ဤနိဒါန်း၌ အစချို၍ ဖေဘ်ပြခဲ့သော "ပဋ္ဌာန်းတရားတော်သည် အဘယ့်ကြောင့်တန်ခိုးကြီး သနည်း"ဟူသော အဓမးပုစ္ဆာ၏ အကျဉ်းချုပ်အဖြေဖြစ်သည့်....

၁။ သိမ်မွေ့မြင့်မြတ်၍ နက်နဲကြီးကျယ်သော တရားဖြစ်ခြင်း၊
၂။ တန်ခိုးကြီးသည့်နက်ပြာဘွာမျိုး ရိုသေမြတ်နိုးသည့်တရားဖြစ်ခြင်း၊
၃။ သာသနာ တည်တံ့ရေးအကူအက် ရွှေဘန်ခံဘပ်ကြီးဖြစ်ခြင်း၊

ဟူသော အဆိုပြု တင်ပြချက် ၃-ရပ်၏ အကျယ်သဘော အဓိပ္ပာယ်ကို စာရှုသူတို့ သဘောပေါက် သိမြင်လောက်ပြီဟု ယုံကြည်ပါသည်။

ပဋ္ဌာန်းကျမ်း ၃-မျိုး

ဓဖော်ပြခဲ့သည့်အတိုင်း တန်ခိုးကြီးမားလှစွာသော ပဋ္ဌာန်းကျမ်းကြီးသည်-

က။ အဘိဓမ္မာရုဒ္ဓသနာ၊
ခ။ အဘိသမ်းခ်ပဒဒသနာ၊
ဂ။ နာတိဓိဘ္ဘာရ နာတိသခ်ပဒဒသနာ-

ဟူ၍ ၃-မျိုး ရှိဓပေသည်။

ယင်း ဥ-မျိုးတို့တွင် အတိဝိတ္ထာရဒေသနာဟူသည်မှာ အလွန်ကျယ်သော တရားဟောတော်ဟု အဓိပ္ပာယ်ရသည်၊ မြတ်စွာဘုရား ဘာဝတိ သာ နတ်ပြည်၌ နတ်ဗြဟ္မာ ပရိသတ်တို့အား ဟောကြားတော် မူအပ်သော ပဋ္ဌာန်းဒေသနာသည် အလွန်ကျယ်လွန်းသောကြောင့် ဃတိဝိတ္ထာရဒေသနာ မည်ပေသည်။

အတိဘာခေါ်ပဒေသနာ ဟူသည်မှာ အလွန်ကျဉ်းသော ဒေသနာဟု အဓိပ္ပာယ်ရသည်၊ နတ်ပြည်၌ ပဋ္ဌာန်းတရားတော်ကို ဟောနေစဉ် လူဘာသာ ဖြစ်သော မြတ်စွာဘုရား၌ ခန္ဓာကိုယ်တော် မျှတစေရေးအတွက် ပြုလုပ်ရန် လိုအပ်သည်၊ ထိုအခါ၌ မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် နတ်ပြည်၌ တရား ဟောရန် နိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်းထားခဲ့ပြီး လူ့ပြည်သို့ကြွခဲ့ကာ မျက် နှာမတော်သစ်ခြင်း, ရေသုံးသပ်ခြင်းစသော ကိစ္စများကို ပြုလုပ်တော်မူသည်၊ ထို့နောက်မှ မြောက်ကျန်းသို့ ဆွမ်းခံ ကြွတော်မူကာ ဘုဉ်းပေးပြီး ဟိမဝန္တာရှိ စန္ဒကူးတော်၌ နေ့သန့်ဒတော်မူသည်။

ယင်းသို့ နေ့သန့်နေစဉ်အခါ တရားစစ်သူကြီးအရှင်သာရိပုတြာကြွလာပြီး ဝတ်ကြီး ဝတ်ငယ် ပြုစုတော်မူသည်၊ အရှင်သာရိပုတြာ ဝတ်ပြုနေစဉ် မြတ်စွာဘုရားရှင်က နတ်ပြည်၌ ပဋ္ဌာန်းတရားဟောပုံ အစီအစဉ်ကို ဒေသနာပြတော်မူသည်။

မြတ်စွာဘုရား အာကျဉ်းဟောသည်ကို အရှင်သာရိပုတြာက နှုတ်းဝါင်း များစွာဖြင့် တန်ဆာဆင်၍ အကျယ်ကို သိဇ္ဈီလေသည်။

ယင်းသို့ မြတ်စွာဘုရားက အရှင်သာရိပုတြာအား ဟောတော်မူသည့် ပဋ္ဌာန်းဒေသနာတော်သည် အလွန်ကျဉ်းသောကြောင့် ဃတိသခေါ်ပဒေသနာ မည်ပေသည်။

နာတိဝိတ္ထာရ နာတိသခေါ်ပဒေသနာ ဟူသည်မှာ မကျယ်လွန်း မကျဉ်း လွန်းသော တရားတော်ဟု အဓိပ္ပာယ်ရသည်။

အရှင်သာရိပုတြာက မိမိ မြတ်စွာဘုရားထံမှ ကြားနာခဲ့ရသော အဘိဓမ္မာ ဒေသနာတော်တို့ကို မိမိ၏ကပည့် လင်းနို့ငါးကုန်ကြီးခဲ့ပုံးတော် ရတနာငါးကုန် တို့အား တဆင့်ပြန်၍ ဟောတော်မူသည့် အဘိဓမ္မာ ဒေသနာပေါ်သည်

မကျယ်လွန်း မကျဉ်းလွန်းသောကြောင့် နာတိဝိတ္ထာရ နာတိဆဝေခ်ပဒေသနာ မည်ပေသည်။[၁]

ယခု ထင်ရှားရှိသည့်ပဋ္ဌာန်းကျမ်း။ ။ယခု ထေရဝါဒဗုဒ္ဓဘာသာဂ်ီဆင်ကြား ပို့ချ လေ့လာသုံးစွဲနေကြသည့်ပဋ္ဌာန်း ကျမ်းကြီးမှာ အရှင်သာရိပုတြာက တဆင့် ပြန်လည်ဟောကြားသည့် နာတိ-ဝိတ္ထာရ နာတိသခေ်ပ(=မကျယ်လွန်း မကျဉ်းလွန်းသော) ပဋ္ဌာန်းဒေသနာ ကျမ်း ဖြစ်ပေသည်။

ပဋ္ဌာန်း ၂၄-ကျမ်း။ ။ယင်း ပဋ္ဌာန်းကျမ်းကြီး၌ ပဋ္ဌာန်းကျမ်းငယ်ပေါင်း ၂၄-ကျမ်း ပါဝင်ပါသည်၊ ယင်းတို့မှာ—

၁။ ဓမ္မာနုလောမပဋ္ဌာန်း၊
၂။ ဓမ္မပစ္စနီယပဋ္ဌာန်း၊
၃။ ဓမ္မာနုလောမ ပစ္စနီယပဋ္ဌာန်း၊
၄။ ဓမ္မပစ္စနီယာနုလောမပဋ္ဌာန်း-

ဟူ၍ မူရင်း ဟောပုံဟောနည်းအရ ကျမ်း ၄-ကျမ်းရှိသည်။

ယင်း ၄-ကျမ်းတိုင်းတွင်—
၁။ တိကပဋ္ဌာန်း၊
၂။ ဒုကပဋ္ဌာန်း၊
၃။ ဒုကတိကပဋ္ဌာန်း၊
၄။ တိကဒုကပဋ္ဌာန်း။
၅။ တိကတိကပဋ္ဌာန်း၊
၆။ ဒုကဒုကပဋ္ဌာန်း—

ဟူ၍ကျမ်းငယ် ၆-ကျမ်းစီပါဝင်ဟောကြားထားပေရာ စုစုပေါင်း (၄×၆=) ၂၄-ကျမ်းပါဝင်နေပေသည်။

၁။ အဘိဓ ၊ နှ၁-၁၇။

ယင်း ဖော်ပြချက်ကို ထင်ရှားစေရန် မူရင်းဟောပုံဟောနည်း ၄-ကျမ်း တို့တွင် ပထမဆုံးဖြစ်သော ဓမ္မာနုလောမပဋ္ဌာန်းကျမ်းမှ ကျမ်းငယ် ၆-မျိုး ဖြစ်ပုံကို ဖော်ရလျှင်—

၁။ ဓမ္မာနုလောမတိကပဋ္ဌာန်း၊
၂။ ဓမ္မာနုလောမ ဒုကပဋ္ဌာန်း၊
၃။ ဓမ္မာနုလောမ ဒုကတိကပဋ္ဌာန်း၊
၄။ ဓမ္မာနုလောမ တိကဒုကပဋ္ဌာန်း၊
၅။ ဓမ္မာနုလောမ တိကတိကပဋ္ဌာန်း၊
၆။ ဓမ္မာနုလောမ ဒုကဒုကပဋ္ဌာန်း—

ဟူ၍ ၆-ကျမ်း ဖြစ်သည်၊ ဤအဘိုးပင် မူရင်း ဓမ္မပစ္စနိယပဋ္ဌာန်း စသော ၃-ကျမ်းတို့မှလည်း ၆-ကျမ်းစီ ဖြစ်သောကြောင့် ပဋ္ဌာန်း (၄×၆=) ၂၄-ကျမ်း ဖြစ်လာသည်ဟု ပြဆိုခဲ့ခြင်းဖြစ်ပေသည်။

ကျမ်းနှင့်ပစ္စည်း။ ။ယင်းသို့ ပဋ္ဌာန်း ၂၄-ကျမ်းရှိသည်ကို ဃတိမထားမိသည့် အချို့သူများသည် ဟေတုပစ္စယောမှ အဝိဂတပစ္စယော တိုင်အောင်သော ပဋ္ဌာန်း ၂၄-ပစ္စည်းကိုပင် ပဋ္ဌာန်း ၂၄-ကျမ်းဟု ထင်မြင်တတ်ကြပေလည်။

အမှန်မှာ ဟေတုပစ္စယောမှ အဝိဂတပစ္စယော တိုင်အောင်သော ၂၄-ပစ္စည်းမှာ ပဋ္ဌာန်းကျမ်း ၂၄-ကျမ်း၌ ဟောပုံဟောနည်း၌ပါဝင်သောပစ္စည်းများသာဖြစ်သည်၊ ပဋ္ဌာန်း ၂၄-ကျမ်း မဟုတ်ချေ၊ အထက်ဘွင် ရေတွက်ဖော်ပြခဲ့သည့် ဓမ္မာနုလောမတိကပဋ္ဌာန်း စသည်သာလျှင်ပဋ္ဌာန်း ၂၄-ကျမ်း ဖြစ်ပေသည်။

ပဋ္ဌာန်းကျမ်း အတိုင်းအတာ။ ။ယခုဓေတ် ထင်ရှားရှိနေသော စာအုပ်မူ ပဋ္ဌာန်းကျမ်း၏ အတိုင်းအတာကို ဖော်ပြရမည်ဆိုလျှင် ဆဋ္ဌသင်္ဂါယနာ စာအုပ်ဆိုက်ပြင့်-

ပဋ္ဌာန်းကျမ်း	ပထမတွဲဦး	၄၆၄–မျက်နှာ
ပဋ္ဌာန်းကျမ်း	ဒုတိယတွဲဦး	၄၉၃–မျက်နှာ
ပဋ္ဌာန်းကျမ်း	တတိယတွဲဦး	၆၀၅–မျက်နှာ
ပဋ္ဌာန်းကျမ်း	စတုတ္ထတွဲဦး	၆၃၆–မျက်နှာ
ပဋ္ဌာန်းကျမ်း	ပဉ္စမတွဲဦး	၄၄၂–မျက်နှာ

စုစုပေါင်း–၂၆၄၀ မျက်နှာ ရှိပေသည်။

အာနိသင်ကျေးဇူး

ဤနိဒါန်းအစဉ် ဇဝဒါပြခဲ့သည့် အဋ္ဌကထာလာ အတိုင်း သမုဒ္ဒကုန်ရေပြင်ကြီး ထက်ပင် ကျယ်ဝန်းများပြားသော ကြောင့် အာနိသင်ကျေးဇူး သမန္တပဋ္ဌာန်းကျမ်းဟူ၍ ခေါ်ရသည့် ပဋ္ဌာန်းကျမ်းကြီး ဖြစ်ပါလျက် စာမျက်နှာ ၂၆၄၀ မျ ရှိသည်ဟုဆိုသည်မှာ မသင့်လျော်ပါဟု မေးဖွယ်ရှိသည်။

အဖြေမှာ ...ယင်းသို့ အာတဲ့ ၅-တဲ့၊ စာမျက်နှာ ၂၆၄၀ မျဖြင့် ပဋ္ဌာန်းကျမ်း ပြီးဆုံးရခြင်းမှာ ပဋ္ဌာန်းကျမ်း၌ နောင်လာ နောင်သားတို့ သိမှတ်လောက်ရန်ဖော်ပြ၍ သိနိုင်လောက်ပြီဟု ယူဆရာတို့၌ အကျဉ်းချုံး၍ ဖော်ပြထားသောကြောင့်သာ ဤမျှ အတိုင်းအတာဖြင့် ပြီးဆုံးခြင်း ဖြစ်ပေသည်၊ ထို့ကြောင့် ပဋ္ဌာန်းကျမ်းကြီးကို သမုဒ္ဒရာရေပြင်ထက်ကျယ်သည်ဟုအဋ္ဌကထာလာအတိုင်းဟာ မှတ်ယူသင့်ပါသည်။

ထင်ရှားစေရန် ပုံစံထုတ်၍ ရှင်းပြပါအုံး–

ပဋ္ဌာန်း ၂၄-ကျမ်းတို့တွင် ဓမ္မာနုလောမ တိကပဋ္ဌာန်းကျမ်းသည် ရှေးဦးစွာသော ကျမ်းဖြစ်သည်၊ ယင်းပထမဆုံးကျမ်းသည် ပဋ္ဌာန်းဒုတိယတွဲကုန်ဆုံးမှ အပြီးသို့ ရောက်သည်။

စာမျက်နှာ အတိုင်းအတာအရ ဆိုရမူ–

ပထမတွဲ စာမျက်နှာ–၄၆၄

ဒုတိယတွဲ စာမျက်နှာ–၄၉၃

ပေါင်း–၉၅၇ ဖြစ်သည်။

ယခင် ပထမဆုံးပဋ္ဌာန်းကျမ်းဌ် အပဲ့အားဖြင့် ၂-ဝဲ့၊ စာမျက်နှာ ၉၅၇ ရှိသည်မှာလည်း သင်္ဂါယနာတင် ဆရာတော်ကြီးများက သိနိုင်လောက်ပြီဟု ထင်မြင်တော်မူသော နေရာတို့၌ ဇမာအမျိုးမျိုး မှာထားပြီး အကျဉ်းချုံးဌ် ပြီးဆုံးခြင်း ဖြစ်ပေသည်။

အကျဉ်းချုံးပုံများ။ ။ပဋ္ဌာန်း တရားတော်လာ အကျဉ်း ချုံးပုံများကို ပဋ္ဌာန်း ပါဠိတော် ဒုတိယတဲ့ပ္ပ ထုတ်နုတ် ဖော်ပြပါအံ့....

၁။ စာမျက်နှာ ဂ-၌ ပ-ဟူသောအမှတ်အသားပြု၍ ပ-ရုရာမှ အကျဉ်းချုံး၍ ပြထားသည်ကို တွေ့နိုင်ပေသည်။

ပ-ဟူသည်မှာ ဓယယျာလ-ဟူသော ပါဠိကို ဘာသာပြန်ဆိုချုပ်ဖော်ပြခဲ့သောအမှတ်အသားဖြစ်ပေသည်၊ ပေယျာလ-ဟူသော ပါဠိမှာ ပေယျံ+အလံဟု ပုဒ်ခွဲရ၍ ပေယျံ=သိခြင်းငှာ+အလံ=သင့်တော်ပြီဟု မြန်မာပြန်ရသည်၊ သိနိုင်လောက်ပြီဟု ဆိုလိုပေသည်၊ စာ ၁-မျက်နှာ၌ ပ-ရုရာ ပထိုး ဖော်ပြလျှင် စာဇအုပ်လုံး၌ မည်မျှ ပ-ထိုး၍ ချုံးလေမည်နည်းဟု မှန်းဆကြည့်သင့်ပေသည်။

၂။ စာမျက်နှာ ၁၀-၌ ဧဝံ အာဒသေသာ ဝိဘာတိပစ္စယာ ပိဘာဇိတပ္ပဘေဒကျိအတိုင်းမင် ပစ္စည်း ၂၁-ဘဲ့ကို ဝေဝနဟာပ်၏-ဟု အမှာရေးသော ချုံးပြထားပေသည်။

၃။ စာမျက်နှာ ၁၆-၌ သံခိတ္တံ-ချုံး၍ ပြပြီဟု မှာ၍ အကျဉ်းချုံးထားပေသည်။

၄။ စာမျက်နှာ ၁၇-၌ ဧဝံ ဂဟေတွံ-ဥပနည်းအတိုင်း ရေတွက်ခြင်း၏-ဟူ၍ ဖော်ပြပြီး အကျဉ်းချုံးထားပေသည်။

၅။ စာမျက်နှာ ၂၄-၌ နု အာဒမ္ဗဏသဒ်သံ-နု အာဒမ္ဗဏနှင့် ရုပြီ ဟူ၍ သဒ်သံ-တူပြီ-ဟူသော ညွှန်ကြားချက်ဖြင့် အကျဉ်းချုံးထားပေသည်။

၆။ စာမျက်နှာ ၂၆-၌ နု ပုဒရဇာတမူလကေ ယက သုဒ္ဓိကံ အရှုပ်တထာ အရှုပါ ကာတဗ္ဗာ-နု ပုဒရဇာ မူ၌ သုဒ္ဓိက အရှုပကဲ့သို့ ထို့အတူ အရှုပကို ပြုလုပ်အပ်၏-ဟူ၍ အကျဉ်းချုံးထားပေသည်။

၇။ စာမျက်နှာ ၂၆-၌ပင် နာ ပုရေဇာတ သဒိသံ ကာတဗ္ဗံ=နာ ပုရေဇာတ နှင့် အတူပြုလုပ်အပ်၏ ဟူ၍ ချုံးထားသည်။

၈။ စာမျက်နှာ ၂၉-၌ ပဋိစ္စဝါရ သဒိသော ကာတဗ္ဗော=ပဋိစ္စဝါရနှင့် အတူ သိအပ်၏·ဟူ၍ ချုံးပြထားသည်။

၉။ စာမျက်နှာ ၃၀-၌ အဝသေသေသု ဒ္ဝိသု ဝါရေသု ပဝတ္တိ ပဋိသန္ဓိ ဝိတ္ထာရေတဗ္ဗာ=ကြွင်းကုန်သော ဝါရ ၃၂-ပါးတို့၌ ပဝတ္တိနှင့် ပဋိသန္ဓေကို အကျယ်ခဲ့အပ်ကုန်၏ ဟူ၍ အကျဉ်းချုံးထားသည်။

၁၀။ စာမျက်နှာ ၃၂-၌ အနုမဇ္ဇန်တေန ဝိတ္ထာရေတဗ္ဗော=အစဉ်လိုက်၍ သုံးသပ်ပြီး အကျယ်ခဲ့ရအပ်၏ဟု ညွှန်း၍ ချုံးထားသည်။

၁၁။ စာမျက်နှာ ၃၃-၌ သမ္ပယုတ္တော သတ္တပဉ္ဉာ ကာတဗ္ဗာ=အပြည့်အစုံ ပုဆွဲ ၇-ချက်ထုတ်အပ်၏ဟူ၍ အကျဉ်းချုံးထားလေသည်။

၁၂။ စာမျက်နှာ ၃၄-၌ ပရိပုဏ္ဏံ ကာတဗ္ဗံ=အပြည့်အစုံ ပြုလုပ်အပ်၏ ဟူ၍ ချုံးထားပေးသည်။

၁၃။ စာမျက်နှာ ၃၅-၌ နိဿယမ္ပိ နိန္နာနံ-နိဿယ ဝါရ၌လည်း အထူး မရှိပြီ-ဟူ၍ အကျဉ်းချုံးထားပေသည်။

၁၄။ စာမျက်နှာ ၃၇-၌ အနုမဇ္ဇန်တေန သဗ္ဗေ ပစ္စယာ ဝိတ္ထာရေ တဗ္ဗာ=အစဉ်အတိုင်း သုံးသပ်၍ ပစ္စည်းအားလုံးကို ခဲ့အပ်ကုန်၏ ဟူ၍ ညွှန်ပြပြီး အကျဉ်းချုံးထားပေသည်။

၁၅။ စာမျက်နှာ ၃၉-၌ ဣမိနာ နာဝရဏေန ဝိဘဇိတဗ္ဗာ=ဤနည်းဖြင့် ဝေဖန်အပ်ကုန်၏ဟူ၍ ချုံးပြထားပေသည်။

၁၆။ စာမျက်နှာ ၄၅-၌ အဝသေသာ သဒိသာ=အကြွင်းတူပြီ-ဟူ၍ ချုံးထားပေသည်။

၁၇။ စာမျက်နှာ ၁၀၂-၌ ဧဝံ အသမ္မောဟနေန္တေန ဂဏေဘဗ္ဗံ=ဤသို့ မတွေ့မဝေ ရေတွက်အပ်ကုန်၏ ဟူ၍ ချုံးထားသည်။

၁၈။ စာမျက်နှာ ၁၁၃-၌ ပရိပုဏ္ဏံ ကာတဗ္ဗံ=အပြည့်အစုံ ပြုသင့်၏ဟူ၍ ချုံးထားသည်။

၁၉။ စာမျက်နှာ ၁၁၉-၌ ဝိတ္ထာရေန ဂကောတဲ့-အကျယ် ရေတွက်အပ်၏ ဟူ၍ ချုံးထားသည်။

၂၀။ စာမျက်နှာ ၂၂၀-၌သဒိသံ ဂမနံ-အလားတူပြီဟုချုံးထားသည်။

၂၁။ စာမျက်နှာ ၃၃၀-၌ စက္ကံ ကာတဲ့-စက်လှည့်အပ်၏ဟုချုံးပြထားပေသည်။

ဤသည်တို့မှာ ပဋ္ဌာန်းဒုတိယတဲ့မှ လက်လှမ်းမီသမျှ ထုတ်နုတ်ဖော်ပြသည့် အကျဉ်းချုံးပုံဒေါ်ကျီဖြစ်သည်၊ ဤချုံးပုံချုံးနည်းဟာမျိုးတမျိုးကိုနေရာဒေသများအပြား အကြိမ်အများအပြား သုံးစွဲ၍ အကျဉ်းချုံးထားပေသည်။

ဤအကျဉ်းချုံးပုံများကို ထောက်ဆကြည့်လျှင် ပဋ္ဌာန်း ၂၄-ကျမ်းတို့တွင် ပထမဆုံးကျမ်းဖြစ်သည့် မဟာနုလောမ တိကပဋ္ဌာန်းကျမ်းကို စာအုပ်အနေဖြင့် ၂-တဲ့၊ စာမျက်နှာအနေဖြင့် ၉၅၃-မျှ လောက်သာ ဖော်ပြထံားသည်မှာ အလွန် နည်းလှပေသေးသည်၊ ဤပမာဏထက် ၁၀-ဆမက ဖော်ပြမှ ဒေါပြည့်အစုံ ဖြစ်နိုင်ပေလိမ့်မည်။

ဤအတိုင်းအစာ ပဏာမဿသည်လည်း ပဋ္ဌာန်းကျမ်းတော်ကြီးတခုလုံးတွင် ပါဝင်သည့် ကျမ်းပေါင်း ၂၄-ကျမ်း အနက်မှ ပထမဆုံး ကျမ်းဖြစ်သည့် မဟာနုလောမ တိကပဋ္ဌာန်းကျမ်း၏ အတိုင်းအတာပမာဏမျှသာ ဖြစ်ပေသေးသည်၊ ကြွင်းကျန်နေသေးသည့် မဟာနုလောမ ဒုကပဋ္ဌာန်းကျမ်း စသော ၂၃-ကျမ်းတို့၏ အတိုင်းအတာ ပမာဏကိုလည်း တွက်ဖြင့်တွေးဆ၍ စုံပေါင်းကြည့်မည်ဆိုပါမူ ယခုလက်ရှိ ပုံနှိပ်စာအုပ် ၅-တဲ့၊ စာမျက်နှာ ၂၆၄၀-ဟူသော အတိုင်းအတာ ပမာဏသည်အကျဉ်းချုပ်မှ မှတ်စုမျှသာ ရှိပေသည်၊ အနန္တနယပဋ္ဌာန်းကျမ်းကို အဋ္ဌကထာဋ္ဌ သမုဒ္ဒရာရေပြင်ထက် ကျယ်ဝန်းသည်ဟူသော ဖော်ပြထားချက်ကို စာဖတ်သူတို့ သဘောပေါက် ယုံကြည်နိုင်လောက်ပြီဟု ထင်မြင်ပါသည်။

ယင်းသို့ ပဋ္ဌာန်းတရားတော်ကြီးသည် သမုဒ္ဒရာရေထုကြီးဝက် ကြီးကျယ်များပြားသောကြောင့် အနန္တနယ သမန္တပဋ္ဌာန်းကျမ်း ဖြစ်ပုံကို သဘောပေါက် သိမြင်ပါမူ ပဋ္ဌာန်းကျမ်းကြီးကို မူလဘူတ ဟောပြတော်မူသော မြတ်ဗုဒ္ဓ ရှင်ဓမ္မသာရိပုတ္တရာ၏ သိမြင်စရာရှိသမျှ တရားအလုံးစုံကို အကုန်အစင်

သိမြင် နိုင်စွမ်းသော သဗ္ဗညုတ ဉာဏ်ဓာတ်ရှင် ဖြစ်ကြောင်းကို ကောင်းစွာ သိမြင်နိုင်ခဲ့ ယုံကြည်ခြင်း သဒ္ဓါတထား ဖြစ်ပွားနိုင်ကြပေသည်။

ပဋ္ဌာန်းအဖွင့်ကျမ်းများ

ပဋ္ဌာန်းကျမ်းနှက်နဲခြင်း။။ ။အထက်တွင် ပေါ်ပြခဲ့သည့်အတိုင်း သဗ္ဗညုတ ဉာဏ်ဓာတ်ရှင် မြတ်ဗုဒ္ဓ ရှင်ဓမ္မာဘုရား ဟော ကြားတော်မူခဲ့သည့် ဆင်ယူးလှယသူ, ရှတ်ဖတ် သရဇ္ဈာယ်သူတို့ အတွက် အကျိုးတရား ကြီးမားများပြားလှပါသည်ဆိုသော အာနန္ဒာယ သမန္တပဋ္ဌာန်း ကျမ်းကြီးသည်ကား—

၁။ ဓမ္မဂဏ္ဌိရ—၆၀ ဟာဝရ စကားလုံးပုဒ် ဝါကျတို့၏ နက်နဲခြင်း၊
၂။ အတ္ထဂဏ္ဌိရ-အနုက်အဓိပ္ပာယ်သဘော၏ နက်နဲခြင်း၊
၃။ ဒေသနာဂဏ္ဌိရ-ဟောပုံဟောနည်း အစီအစဉ်၏ နက်နဲခြင်း၊
၄။ ပဋိဝေဓဂဏ္ဌိရ-ယိုးထွင်းသိမြင် ဉာဏ်ပညာ၏ နက်နဲခြင်း—

ဟူ၍ နက်နဲခြင်း လေးပါးဖြင့် လွန်စွာနက်နဲ လှပေရကား သာမန်လူစား ပုဂ္ဂိုလ်များအတွက် သိမြင်နိုင်ရန် ခက်ခဲလှပေတည့်၊ အာဇာသပြင်ကျယ် ကောင်းကင် အလယ်၌ လွင့်ပျံနေသည့် ဝါဟိမ်းလေးသဖွယ် ဆောက်တည် မှီဘွယ်၌ ပရဒအောင် ဖြစ်နေကြရပေသည်။

ယင်းသို့သော အဓကြောင်းကြောင့် ပဋ္ဌာန်းဒေသ ဉာဏ်ပညာကြီးမား၏ မူကြသည့် ပုဂ္ဂိုလ်ကျော်ကြီးများသည်—

ပဋ္ဌာန်းအဋ္ဌကထာ၊
ပဋ္ဌာန်းမူလဋီကာ၊
ပဋ္ဌာန်းဒုတိယဋီကာ၊
ပဋ္ဌာန်းဆိုင်ရာ နိဿယများ၊
အရဓကာကိများ၊
ဂဏ္ဌိများ၊
ဒုတိယများ၊
ဒုတိယခြံကျမ်းများ—

စသည်ကို ရေးသားပြုပြင် စီရင်တော်မူခဲ့ကြပေသည်။

တောင်ပြို မဟာဂန္ဓာရုံဆရာတော်နှင့် ပဋ္ဌာန်းကျော်

ယင်းသို့ ပဋ္ဌာန်းဆိုင်ရာ ကျမ်းမျာ်းစွာ ပြုစုတိတ်ဝှင် ဖြန့်ဝေတော်မူကြသည့် ပဋ္ဌာန်းပညာ အကျော်အမော် ပဂိုလ်ကြီးမျာ်းစွာတို့တွင် ဤခေတ်ပြုပဋ္ဌာန်း ဘရားတော်ကို ဟောကြားတော်မူသည့် တောင်ပြို မဟာဂန္ဓာရုံဆရာတော် သည်လည်း ထင်ရှားသော ပုဂိုလ်ကျော်ကြီးတပါး အပါအဝင်ဖြစ်ပေသည်။

မှန်လှ၏၊ မဟာဂန္ဓာရုံဆရာတော်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် သား ဗုဒ္ဓဘာသာဝင်ရှင်လူအများတို့အား ဗုဒ္ဓဝစနတရားတော်ကို သဒ္ဓာတရား တည်သိနားလည်ဖစေရန် သိသာလွယ်ကူသော စကားအသုံးအနှုန်း ပါကျွံလုံး အစိအစည် အဆင့်ခွဲခြားပုံမျာ်းဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ စာပေမျာ်းစွာကို ပြုစု တိထွင် စီရင်တော်မူခဲ့ပေသည်၊ ယခုအခါနိုင်ငံအဆို စုပေါင်းရှိသမျှ စာရင်းအရ ဆိုလျှင် ကျမ်းပေါင်း ၆၀ ကျော်မျှ ရှိပေပြီ။

ဤမျှမျာ်းပြာ်းလှသော စာပေမျာ်းအဝင်းမှ ပဋ္ဌာန်းကိုင်ရာ စာပေမျာ်းကို ထုတ်နုတ်ဖော်ပြရလျှင်--

၁။ အခြေပြုသဒ္ဒါကျမ်းလာ ပစ္စယသင်္ဂဟဖွင့်၊
၂။ သဒ္ဒါဘာသာဋီကာလာ ပစ္စယသင်္ဂဟဖွင့်၊
၃။ ဋီကာကျော်ဘာသာဋီကာလာ ပစ္စယသင်္ဂဟဖွင့်၊
၄။ ပဋ္ဌာန်း သုံးချက်စုနှင့် ဘာသာဋီကာ၊
၅။ ပဋ္ဌာန်းဗာဠကထာ ဘာသာဋီကာ၊
၆။ အခြေပြုပဋ္ဌာန်းတရားတော်

ဟူ၍ ၆-မျိုးမျှ တွေ့ရှိရပေဘည်။

ယင်း ၆-မျိုးတို့တွင် ယခုစာရှုသူတို့လက်ဝယ် ရောက်ရှိနေသော ၎ခြေပြု ပဋ္ဌာန်းတရားတော်သည်ကား ဓနုက်ဆုံး ဗဟာကြားသည့် ကျမ်းပြစ်သည့် အားလျော်စွာပင်--

ပြုံစုပုံလည်း ဟူးခြား၏၊
အမည်၏အဓိပ္ပာယ်လည်း ထူးခြာ၏။
ရေးသားသည့် အကြောင်းမျာ်းလည်း ထူးခြားဏ်း။

ထို့ကြောင့် အခြေပြုပဋ္ဌာန်းတရားတော်၏ ထူးခြားမျက်မှားကို အကျဉ်းချုပ်မျှ ဖော်ပြပါအံ့။

အခြေပြု ပဋ္ဌာန်းတရားတော်

ပြုစုပုံ ထူးခြားခြင်း။ ။ကျမ်းပြု ဆရာတော်သည် အများအားဖြင့် ရှေးရှေးသော ကျမ်းများကိုပြုစုရာ၌ ဖောင်တိန် ကလောင်တို့ဖြင့် ရေးသားပြုစုတော်မူသည်၊ အခါ့ါသော ကျမ်းများမှာမူ တပည့်ကြီးများကို မိမိ၏ ပြောဟော ပို့ချချက်များကို လိုက်၍ မှတ်သားရေးယူစေပြီးမှ စုပေါင်း၍ မိမိကိုယ်တိုင်အချောကိုင် တည်းဖြတ်ပြင်ဆင်ပြီး ပြုစုတော်မူသည်။

ဤကျမ်းပြုစုပုံမှာ တမူထူးခြား၏၊ ဆရာတော်သည် ဗိုလ်မှူးအောင်သိန်း ရွှေတိဂုံဘုရား ဂေါပကအဖွဲ့လူကြီးနှင့် ဒကာ ဦးထိန်ဝင်းတို့၏ လျှောက်ထား တောင်းပန်ချက်အရ နံနက်စောစော အရုဏ်ဆွမ်း ဘုဉ်းပေးပြီးစ အချိန်တွင် တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆွမ်းစားကျောင်း၌ ရဟန်းသာမဏေ တပယ်များ၊ လူဒါယကာ-ဒါယိကာမများအား ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပစ္စယနိဒ္ဒေသများကို ရွတ်ဖတ်ဟောကြားတော်မူသည်၊ ထို့နောက်မှ ပဋ္ဌာန်း ၂၄-ပစ္စည်းဆိုင် အနက်သဘော အဓိပ္ပာယ်တို့ကို ဟောကြားတော်မူသည်။

ထို့ပြင် ပဋ္ဌာန်းတရားတော်ကို အခြေခံ၍ လောကဓကြောင်း, ဓမ္မကြောင်း ဆိုင်ရာ ဆိုင်ရာ မှတ်သားဖွယ် သဘောအဓိပ္ပာယ်များကိုလည်း ထည့်သွင်း ဟောကြားတော်မူသည်။

ယင်းဟောကြားချက်များကို ရှေးအခါများက လိုလက်ဖြင့်လိုက်၍ရေးကူးခြင်းမပြုပဲ အသံဖမ်းတိတ်ကြိုးများဖြင့် ကူးယူထားသည်၊ နောက်မှ အသံဖမ်းကြိုးခွေများကို ပြန်လည်ဖွင့်လှစ်ပြီး နားထောင်၍ ရေးကူးကာ ကျမ်းတဆူအဖြစ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပေသည်။

ယင်းသို့ ဤကျမ်းသည် အသံဖမ်းကြိုးခွေမှ ကူးယူရသောကျမ်း ဖြစ်ပေထုဆန်းဘာသာစိတ်ဘွင်း, ဉာဏ်ပညာတွင်းမှ အဆိုးအာားမရှိတိုက်ရိုက်ရှင်းလင်းစွာ ထုတ်ဖော်လာသည့်ကျမ်းဖြစ်သောကြောင့် ဤကျမ်းသည်ပြောင်မြောက်သည်၊ ခိုင်မာသည်၊ ထူးခြားသည်၊ ထို့ကြောင့် ကျမ်းပြုထူးခြားသည်ဟု ပြဆိုခဲ့ခြင်း ဖြစ်ပေသည်။

ထင်ရှားစေအံ့၊ ဤကျမ်းပြုဆရာတော်သည် ရှေးဆစဉ်အလာ လောကရေး ဓမ္မရေးများကို သိရှိတော်မူပြီး၊ အနာဂတ်ကာလဦးဖြစ်ပေါ်သင့်သည့် လောက ဓမ္မပုံစံများကို မှန်းမြော်ကာ လက်ရှိပစ္စက္ခလောက မှ အခြေအနေများကို ပြုပြင်ပြောင်းလဲရန် အားသန်နေသော ပညာရှိပုဂ္ဂိုလ်ကြီးတဆူ ဖြစ်တော်မူသည်၊ ထို့ကြောင့် ဆရာတော်၏ ဝမ်းတွင်းဌာ ပြဿနာကောင်းတွေ များစွာရှိသည်၊ ရေးစရာအကြံတွေ များစွာရှိသည်၊ ယင်းစကားများ, အကြံများကို စာရွက်ပေါ်မှာသာ ရေးမည်ဆိုလျှင် မူရင်းအတိုင်း မဟုတ်တော့ပဲ စာအုပ် မဖြစ်မီ ကြားကာလဌာ ပြုပြင်မှုများ ခံရဖွယ်ရှိသည်။

ယခု စိတ်တွင်းရှိသမျှ စကားများ အကြံများကို အကြားအလင်းရှိတစပ် တည်း ဟောရ ပြောရသောအခါ အဆိုးအဆားလည်းမရှိ ပြုပြင်မှုလည်း မရှိနိုင်တော့ပဲ ဆရာတော်၏ နှုတ်တော်မှထွက်သမျှ အသံဖမ်းကြိုးခွေထဲရောက်၊ အသံဖမ်းကြိုးခွေမှ စာအုပ်အဖြစ်သို့ ရောက်ခဲ့ရခြင်းဖြစ်သည်၊ ဤသည်ပင်လျှင် ကျမ်း၏ ခိုင်မာခြင်း, ပြောင်မြောက်ခြင်း, ပြုစုပုံထူးခြားခြင်းတို့ ဖြစ်တော့သည်။

အမည်ထူးခြားခြင်း။ ။ကျမ်း၏ အမည်ကို အခြေပြု ပဋ္ဌာန်းတရား တော်ဟု အမည်ပေးထား၏၊ ပဋ္ဌာန်းကိုဟတ်သိနိုင်ရေးအတွက် အခြေပြုပေးသည့် ကျမ်းဖြစ်သည်ဟူ၍ အနက်အဓိပ္ပာယ်ပြန်ဆိုလျှင် ရိုးရိုးစင်းစင်းအမည်ပင် ဖြစ်သည်၊ ဘာမျှ ထူးခြားသည်ဟု ဆိုဖွယ်မရှိပေ။

တကယ့် အစစ်အမှန်ကား ကျမ်း၏ အမည်ကို ပဋ္ဌာန်းတရားတော်ကို တတ်သိရန် အခြေပြုပေးသောကြောင့် အခြေပြု ပဋ္ဌာန်းတရားတော်ဟု မှည့်ဆိုသည်သာမကပါ၊ လောကရေး ဓမ္မရေး သိမှတ်ဖွယ် အဓိပ္ပာယ်သဘောများကိုလည်း ပဋ္ဌာန်းတရားကို အခြေပြု၍ ဟောကြား ထားသောကြောင့် အခြေပြု ပဋ္ဌာန်းတရားတော်ဟူသော အမည်ကို မှည့်ဆိုခြင်း ဖြစ်သည်ဟူ၍လည်း အနက်အဓိပ္ပာယ်ကို ရရှိနိုင်သောကြောင့် (ယင်း၌ အနက်အဓိပ္ပာယ် ၂-ထပ်ရှိသော အမည်ဖြစ်သောကြောင့်) ထူးခြားသော အမည်ရှိသည်ဟု ဆိုခြင်းဖြစ်ပေသည်။

(က) ပဋ္ဌာန်းတရားတော်၏ သဘော ဩဓိပ္ပာယ်ကို တတ်သိနားလည်ရန် အခြေပြု ပေးသောကြောင့် အခြေပြုပဋ္ဌာန်းတရားတော်၊

(ခ) ပဋ္ဌာန်းတရားတော်ကို အခြေပြု၍ လောကရေး ဓမ္မရေး သိမှတ် ဖွယ် သဘော အဓိပ္ပာယ်များကို ပြဆိုသောကြောင့် အခြေပြု ပဋ္ဌာန်းတရားကော်၊

ဤသို့ အနက်အဓိပ္ပာယ် ၂-မျိုး ရသောကြောင့် အခြေပြုပဋ္ဌာန်းတရားတော်ဟူသော ကျမ်းအမည်ကို ထူးခြားသော အမည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။

ဤပြဿနာတက် မှန် မမှန်၊ ဟုတ် မဟုတ်ကို စာရှုသူတို့အား ကျမ်းရင်းလာ စာသားများက အဆုံးအဖြတ် ပေးပေလိမ့်မည်၊ ဤနိဒါန်းမှာမူကား ထူးခြားသော အမည်နှင့်လိုက်အောင် ထူးခြားသော ရေးသားချက်ရှိပုံကို အနည်း ငယ်မျှ ထုတ်ပြပါအံ့။

ပဋ္ဌာန်းတရားတော်၏ အခြေပြုပေးခြင်း

အခြေပြု ပဋ္ဌာန်းတရားတော်ဟူသော အမည်ကို ပဋ္ဌာန်းပညာကို အခြေပြုပေးသောကြောင့် ပထမညွှန်းအရ အဓိပ္ပာယ် ဖွင့်ပြခဲ့သည်၊ ယင်းပထမနည်းအရ ဤကျမ်းခွဲ ရေးသားပြုစုတားပုံကို ပြဆိုပါအံ့။

ဟေတုပစ္စယာမှ စပြီး တစ်ဝတဲစွယာအထိ ၂၄-ပစ္စည်းသည် ပဋ္ဌာန်းကျမ်းကြီး တခုလုံးခွဲ ဟောပုံပြောနည်း ဖြစ်သည်၊ ယင်း ၂၄-ပစ္စည်း၏ သဘော အဓိပ္ပာယ်ကို ဤကျမ်းခွဲ—

(က) ဥပမာပုံစံများကို သုံးစွဲ၍လည်း ဖွင့်ဆိုပြသည်။

(ခ) ဇာတ်နိပါတ်ပဋ္ဌာန်းများကို ကိုးကား၍လည်း ဖွင့်ဆိုပြသည်။

ယင်းသို့ နည်း ၂-ပျိုးကို သုံးစွဲဖွင့်ဆို သောကြောင့် ပဟေတုပစ္စယာ စသော ပစ္စည်းတို့၏ သဘောအဓိပ္ပာယ်ကို လေ့လာသူတို့ ထင်ထင် ရှားရှား ရှင်းရှင်းလင်းလင်း သိမြင်နိုင်ပေသည်၊ ယင်းပြဆိုချက်ကို ထင်ရှားစေရန် ကျမ်းဂါထာထဲမှ ထုတ်နုတ်၍ အနည်းငယ်မျှ ဖော်ပြပါအံ့။

(က) ဥပမာပုံစံများဖြင့် ဖွင့်ပြခြင်း။ ။ပစ္စည်းတခုစီ၏ သဘောသဘာဝကို မျက်မြင် အရာဝတ္ထုကို ဥပမာပုံစံ ဖြင့် ဖွင့်ပြပုံများမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဟေတုပစ္စည်း၌ ဟိတ် ၆-ပါး ပစ္စည်းဝေါဟာရတို့က ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုပုံကို ဤကျမ်းစာမျက်နှာ ၃၈-၌-

ဟိတ် ၆-ပါးသည် ရဲသောက်မြစ်နှင့်တူကြောင်း၊ ရဲ သောက်မြစ် နက်နက်သွားလေ သစ်ပင်ခိုင်မာလေဖြစ်ကြောင်း၊ ရဲသောက်မြစ်က အောက်မှနေ၍ မြေရေသြဇာဓာတ်များကို အထောက်ပံ့စည်သို့ ဟိတ်ပါး လေလေ အပင် စည်ပင် ခိုင်ပာကြီးတွား၍ စိမ်းစိမ်းစိုစိုဖြာလာနိုင်သည် စသည့် အဓိပ္ပာယ်အဆင့်များကို ဝေဖန်သုံးသပ်ပြဆိုထားပေသည်။

ဤဥပမာ၌ ဟိတ် ၆-ပါးတည် ဆောင်မြစ်နှင့်တူကြောင်းကိုကား အကြောင်းသော ကျမ်းဂန်မျာ၌လည်း ဖွင့်ဆိုဖွယ်ရှိတာသည်၊ ဤကျမ်း၌မူကား၊ လွန်လွန်သူများ ပိုမိုထင်ရှား သိသာစေရန် သစ်မြစ်အကျေးဇူးပြုပုံတခြင်းသာ ရွာ၍ ပြသည်အား ဖွင့်ပြတော်မူပေသည်။

အာရမ္မဏပစ္စည်း၌ အာဂန္တုကဆိုးများ၊ အာရုံမှတိုက တည်းမျှားအား ကျေးဇူးပြုပုံကို ဤကျမ်း ၄၁-၌-

"ဒယက်အရှယ်ကြီးရင့်၍ မသန့်ရှင်းဖြစ်သူသည် လည်းကောင်း၊ ဆေးဂါဘယအကြောင့် ပသန့်ဖြစ်သူသည်ကား ကောင်း၊ တောင်ပေါ်ကိုးလေးကို ဖြစ်စေ၊ ကြိုးတန်းကိုဆွဲ၍ပြုစေ အားပြုပုဂ္ဂိုလ်ရှိသကဲ့သို့ စိတ်စေတသိက်, ပစ္စယုပ္ပန်တရားများသည်လည်း ဟေတုပါးပစ္စည်း တရားကို အားပြုရကြောင်း—

စသည့်အဓိပ္ပာယ် ဥပမာ ဥပမေယျ ဖော်ပြခဲ့သားထားပေသည်။

အဓိပတိပစ္စည်း၌ အဒိပတိဓာတ်ရား ၄-ပါး ပစ္စည်းဓာတ်တို့က ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုပုံကို ဤကျမ်း စာမျက်နှာ ၆၄-၌-

"ရှေးကသွားနေတဲ့ အဌကထာဆရာတော်များက အဓိပတိပစ္စည်းကို ဘယ်လိုမျာ ဥပမာပြုကြတုန်းဆိုတော့ စကြာမင်း ဥပမာပြုကြသည်၊ စကြာမင်းသည် လူဒကွကိုရော အခြားပဒေသရာဇ် ကောင်ပစ်များကိုရော အုပ်စိုးနိုင်သည်၊ ကမ္ဘာလေး၌ သူနှင့်အပြိုင်မင်းမရှိ၊ အုပ်စိုးနိုင်ခြင်းသည် အဓိပတိပစ္စည်းဖြစ်၏—

စသည့် အဓိပ္ပာယ်ကို ဖော်ပြလျက် ဖွင့်ဆိုထားပေသည်။

အာနန္ဒရပစ္စည်း ကျေးဇူးပြုပုံကို ဤကျမ်းစာမျက်နှာ ၈၆-၌-

စကြာမင်း နတ်ရွာစံသွားလျှင်သော်လည်းကောင်း၊ စကြာမင်း ဖောထွက်သွားလျှင်သော်လည်းကောင်း သားကြီးဩရသက စကြာမင်းဖြစ်ဖို့သေချာသည်၊ ပြောစရာမလို သက်ဆိုင်ရာစိတ်တခု ချုပ်သွားပြီ၊ နောက်စိတ်တခုဖြစ်ခါလာသည်မှာ ပြောစရာမလို၊ စိတ္တနိယာမဟုတိုင်းသာဖြစ်ကြောင်း-

စသည်ဖြင့် ဥပမာပြ၍ ဖွင့်ဆိုထားပေသည်း

သဟာဇာတပစ္စည်း ဖကျေးဇူးပြုပုံကို ဤကျမ်းစာမျက်နှာ ၉၁-၌-

ဆိမိး ဓာတ်မီးကို ထွန်းလိုက်သည့်အခါ မီးနှင့် မီးထွေးတို့သည် တယ်အထူက ခရွေးဦးစွာဖြစ်သည်၊ ဘယ်အထူက နောက်ကျမှဖြစ်သည်ဟု ခဲခြားပြောလို့မရအောင် တပြိုင်နက် ဖြစ်ကြသကဲ့သို့ စိတ်နှင့် စေတသိက် စိတ္တဇရုပ် ကမ္မဇရုပ်များ သည်လည်း တပြိုင်နက်ဖြစ်ကြသည်-

စသည်ဖြင့် ဥပမာကို ဖေဖ်ပြ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။

အညမညပစ္စည်း ကျေးဇူးပြုပုံကို ဤကျမ်းစာမျက်နှာ ၉၄၌-

အချင်းချင်း မှီထောင်ထားသည့် သစ်သားသုံးခွကိုလည်းကောင်း၊ ခြေသုံးချောင်းထောက် ပြုလုပ်ထားသည့် ခွေးခြေပေါ် ဖင်ထိုင်ခုံကိုလည်းကောင်း ဥပမာပြလျက် ခြေသုံးချောင်းတို့တွင် တချောင်းမရှိလျှင် ကျန်နှစ်ချောင်းထဲ ထောင်မနေနိုင်ပုံကို ပြဆို၍ အညမညပစ္စည်း ကျေးဇူးပြုသည်။

ဤသို့စသော အဓိပ္ပာယ်ကို ပြဆို၍ ဖွင့်ဖြထားပေသည်၊ ဤသို့ စသည်ဖြင့် ကျန်ပစ္စည်းများကိုလည်း ဥပမာပြ၍ ဖွင့်ဆိုထားပေသည်။

ဤကျမ်းလာ ဥပမာပြဖွင့်ဆိုချက်တို့သည် အခြားအခြားသော ကျမ်းများမှာလည်းပါရှိ၏၊ ဆရာစဉ်ဆက်လည်း ပြောဆိုစဉ်ရှိ၏၊ သို့သော် စာရှုသူတို့

မျက်စိထဲ ဉာဏ်ထဲမှာမူ ထင်မြင်လာအောင် ရေးသားဖော်ပြ နိုင်သည်ကား ဤကျမ်း၏ ရေးပုံထူးခြားချက် ဖြစ်ပေသည်။

(၁)ဇာတ်ဝတ္ထုများဖြင့် ဖွင့်ပြခြင်း။ ။ဤကျမ်းဌီ သမားရိုးကျ ပြုစ်သော ဟေတုပစ္စည်းစသည်ကို ရေးသောက် မြစ် စသော ဥပမာများဖြင့် သုတေသီတို့ ထင်ရှားသိသာအောင် ဖွင့်ဆိုရုံသာ မဟုတ်ပါ၊ ပိုမို၍ သိသာထင်ရှားစေရန်အတွက် ဇာတ်ဝတ္ထုများ ဖြင့်လည်း ရေးသားဖွင့်ဆိုထားပေသည်၊ အနည်းငယ်မျှ ထုတ်နုတ်တင်ပြပါအုံ။

ဥဒယဘဒ္ဒဇာတ်။ ။မြတ်ဗုဒ္ဓ ရှင်တော်ဘုရား အလောင်းတော်သည် တခါ တုန်းက ဥဒယဘဒ္ဒမင်းသားဘဝ ဖြစ်ခဲ့၏၊ ထိုတော့ ခမည်းတော်များက ကြွင်ရုတော် မိဖုရား အရှာခိုင်းမသော်လည်းကောင်း၊ ထီးနန်းစည်းစိမ်ကို လွှဲအပ်ခသော်လည်းကောင်း မလိုချင်ကြောင်း ပြန်ပြော၍ အတင်းငြင်းဆန်ခဲ့၏။

လောကဌ် လူများအပေါင်း အကောင်းမှတ်ထင် လိုချင်မက်မောနေကြသည့် မယားလှလှကဲ့သို့ ရှင်ဘုရင်ဖြစ်၍ ခံစားရမည့် နန်းစည်းစိမ်ကို မလိုချင်သည်မှာ လောက, ဒေါသ, မောဟမဖြစ်၊ အလောဘ, အဒေါသ, အမောဟ ဖြစ်ပုံကို ဇာတ်, အဋ္ဌကထာ စတုတ္ထတွဲ စာမျက်နှာ ၁၀၆-လာ ဥဒယဘဒ္ဒဇာတ်တော်ကိုဖော်၍ ဤကျမ်းစာမျက်နှာ ၃၉ ၌ ဟေတုပစ္စည်းကို ပြဆိုထားသည်။

သုမေဓာရသေ့ ဝတ္ထု။ ။သုမေဓာ အမည်ရှိ ရသေ့သူမြတ်သည် ဒီပင်္ကရ မြတ်စွာဘုရား ရှေးတော်ရင်း၌ "ကမ္ဘာပေါင်း ၄-အသင်္ချေနှင့် ၁-သိန်းထက်၌ ဘုရားဖြစ်လိမ့်မည်" ဟု ဗျာဒိတ်ခံယူရရှိသောအခါ ကမ္ဘာပေါင်း ၄-အသင်္ချေနှင့် ၁-သိန်းကာလကို မည်မျှလောက်မျှ ကြာသည်မထင်၊ ယခုနှုန်းဖန်လောက်သာ မှတ်ထင်၏၊ ပါရမီ ၁၀-ပါး၊ စွန့်ခြင်းကြီး ၅-ပါးကိုကို ဖြည့်ကျင့်ရမည်ကို မည်မျှလောက်မျှမတွက်၊ ဘုရားဖြစ်မည်ဆိုလျှင် မိုးကျိုးခဲရဲရဲကြီး စကြဝဠာအပြည့် ရှိနေစေကာမူ သည်ဘက်မှ ဟုံးကာက်သို့ အာဇာတ်သွားချင် သွားရပေစေ၊ သွားမည်ဟူသော သုမေဓာရသေ့၏ ဆန္ဒကို

ယော် နိဒါန်း၊

ဖော်ပြ၍ အဓိပတိပစ္စည်းအဆုံ၌ ဆဋ္ဌာဓိပတိတပ်ပုံကို ဤကျမ်း စာမျက်နှာ ၆၇-၌ ပြဆိုထားပေသည်။

မဟာဇနကဇာတ်။ ။ကမ်းစကိုမှန်းဆ၍မမြင်နိုင်အောင် ကျယ်ပြောလှသည့် ပင်လယ်ကြီး၌ ကမ်းစပ်ကုန်းမြေသို့ အဆောက်ကူးမည် ဟူသော စဲလုံ့လဖြင့် ကူးခပ်ဘော်မူသည့် ဇာတ်အဋ္ဌကထာ ဆဋ္ဌမတွဲ စာမျက်နှာ ၄၂-လာ မဟာဇနကဇာတ်ကို ကိုးကား၍ ဝီရိယာဓိပတိပစ္စည်းဟပ်ပုံကို ဤကျမ်း စာမျက်နှာ ၆၉-၌ ပြဆိုထားသည်။

ကုသဇာတ်။ ။အလွန်ဟန်ဆာ ရွပ်ရည်ချေခမောလှပသည့် ပဘာဝတီခေါ် မင်းသမီးသွေး၌ ရုပ်အဆင်းကို စဲလမ်း တပ်မက်ခြင်းကြောင့် ကုသမင်းသည် ဆွေမျိုးနှင့် တိုးနှဲ့းစည်းစိမ်ကို စွန့်လွှတ်၍ ဒုက္ခအမျိုးမျိုးခံကာ လိုက်ခဲ့ရပုံကို ဇာတ်အဋ္ဌကထာ ဥဋ္ဌမတွဲ၊ စာမျက်နှာ ၃၁၁-လာ ကုသဇာတ်ကို ဖော်ပြ၍ ဤပါရုံက အဓိပတိပစ္စည်းဟပ်ပုံကို အာရမ္မဏာဓိပတိအရာ ဤကျမ်းစာမျက်နှာ ၇၂-၌ ဖော်ပြထားပေသည်။

ဂုတ္တိလဇာတ်။ ။ဂုတ္တိလ စောင်းဆရာကြီး၏ စောင်းသံကို ကြားရသော ကြောင့် လူဆတ္တ သဘောကျ နှစ်သက်မက်မောကြပြီး ဒေရာသောပါးဒိန်ပေါက်ဆင်းရာ၌ လှောကားပေါက်နှင့် ပြတင်းပေါက်မှားဆင်းမိသည်အထိ အသံဆိုကဲ့ သဒ္ဒါရုံက အဓိပတိတပ်ပုံကို ဧဂဂုတ္တိရ် ဆဋ္ဌကထာ မဋ္ဌမတွဲ၊ စာမျက်နှာ ၂၁-ပ္ပ ထုတ်နုတ်ကိုးကား၍ ဤကျမ်းစာမျက်နှာ ၇၄-၌ ဖော်ပြထားပေသည်။

ပဥ္စပါပီဝတ္ထု။ ။ပဥ္စပါပီ အမည်ရှိ မိန်းကလေး တယောက်သည် အလှန် အရုပ်ဆိုး အကျည်းတန်၏၊ သို့သော် သူ၏ အသားအရေ အထိအတွေ့က အလွန်နူးညံ့သိမ်မွေ့သည်၊ တနေ့သောအခါ တိုင်းပြည်အုပ်ချုပ် သည့် ရှင်ဘုရင်သည် ညဘက် ရုပ်ဖျက်၍ သွားလာခိုက် ပဥ္စပါပီနှင့် လူချင်း ထိခိုက်မိသည်၊ ပဥ္စပါပီ၏ အထိအတွေ့ ဖောင္ဗဗ္ဗာရုံကို ရှင်ဘုရင်ကြီး အရူးအမူး စွဲမက်လွန်းသည်၊ အတွေ့အထိကို မက်မောသော ရှင်ဘုရင်သည် ပဥ္စပါပီ၏ အတွေ့အထိ ကောင်းပုံကို မှူးကြီးမတ်ရာ သေနာပတိများအား သိရှိအောင်

ဖန်တီးပြီး "အာရုပ်ဆိုးမကို မိဖုရား မမြောက်ထိုက်" ဟု မကန့်ကွက်စေပဲ မိဖုရား မြောက်လိုက်သည့် ဇာတ်လမ်းကို ကိုးကားရှု ဖောင်မှာရုံခေါ် အာဇတ္တသုထိက အဓိပတိပစ္စည်း တပ်ပုံကို ဇာတ်အဋ္ဌကထာ ပဉ္စမတွဲ၊ စာမျက်နှာ ၄၇၅-မှ ကုဏာလဇာတ်ကို ကိုးကားရှု ဤကျမ်း စာမျက်နှာ ၃၄-မှစ၍ ၃၇-ထိ ဖတ်ရှုချင်ဖွယ် ခြယ်မှုန်းရေးသားထားပေသည်။

ဤကျမ်းပြု မဟာဂန္ဓာရုံ ဆရာတော်သည်ကား ပိဋကတ်အဋ္ဌကထာဋီကာ ပါဠိမြန်မာ စာပေများကို ထုံးလိုရှေ့ ရေလို့နှောက်နိုင်အောင် တတ်မြောက်ကျမ်းကျင်သော ဂန္ထကာရက ကျမ်းပြုပုဂ္ဂိုလ်ကျော်ကြီး ဖြစ်သည်အား လျော်စွာ ဤကျမ်းရှု ဖန်ဒုန်းပစ္စည်း သဘောအဓိပ္ပာယ်များကို ဇာဝင်နိပါတ် ဝတ္ထုတို့ဖြင့် ဆိုင်ရာဆိုင်ရာ ကိုးကားပြီး ရေးသားဖော်ပြထားသည်ကား များပြား လှပါပေသည်၊ ယခု ဤနိဒါန်းကား ဥဒါဟုဏ် ပုံစံမျှ ထုတ်ပြခြင်းဖြစ်ပေသည်၊ ကျမ်းရင်းစာသားရှု စာရှုသူတို့ များစွာ ဖတ်ရှုရပါလိမ့်မည်။

ပဌာန်းတရားတော်ကို အခြေပြုခြင်း

မဟာဂန္ဓာရုံဆရာတော်။ ။ဤကျမ်းပြု ဆရာတော်သည် မြန်မာလူမျိုးနှင့် ပဋ္ဌာနသာဓနာတော်ကို ချစ်မြတ်နိုးသည့် မျိုးချစ်သာသနာရှင် ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူသည်။ ထို့ကြောင့် မြန်မာလူမျိုးများနှင့် ပဋ္ဌာနသာသနာတော်ကြီးကို ကမ္ဘာ၏ ထိပ်ဆုံး အဆင့်အတန်းသို့ ရောက်နေစေချင်သည်၊ ထို့ကြောင့်ပင် မြန်မာလူမျိုးနှင့် ပဋ္ဌာနသာသနာတော်ကြီး ကမ္ဘာ့ထိပ်ဆုံး အဆင့်အတန်းသို့ ရောက်စေနိုင်သည့် နည်းလမ်းများကို ရှာကြံ ဖော်ထုတ်တော်မူခဲ့သည်၊ ယင်းသို့ ရှာကြံဖော်ထုတ်ခဲ့ကြောင်းကို ဆရာတော်ပြုစီရင်ခဲ့သောကျမ်းများ ပြုလုပ်ဆောင်ရွက်ချက်များ ဟောပြော ကျင့်ကြံချက်များနှင့် တဘဝသံသရာခေါ် ကိုယ်တိုင်ရေး ထေရပွတ်တို့ကျမ်းက ထက်သေခံလျက် ရှိပေသည်။

ထို့ကြောင့်ပင် ဆရာတော်သည် ဤ အခြေပြု ပဋ္ဌာန်းတရားတော်ကို ဟောကြားရာ၌ ပဋ္ဌာန်းတရားတော်၏ အခြေဖြစ်စေသည့် အချက်အလက်များသာမက ပဋ္ဌာန်းတရားတော်ကို အခြေပြု၍ လောကရေး ဓမ္မရေး မှတ်သားဖွယ် အချက်အလက်များကိုလည်း ထည့်သွင်းရေးသား ထားပေသည်၊ ထို့ကြောင့်

ဤကျမ်းပြု ဆရာတော်ကို မျိုးချစ် သာသနာချစ် ပုဂ္ဂိုလ်ကြီးများသာမဟုတ်၊ သစ်လွင်သည့် တီထွင်ပြုပြင်ရေး အာဇာနည် ပုဂ္ဂိုလ်ကြီး ဖြစ်သည်ဟူ၍လည်း အသိအမှတ်ပြုရပေသည်။

ဖော်ပြခဲ့သည့် သစ်လွင်ထည့် တီထွင်ပြုပြင်ရေး အာဇာနည် ပုဂ္ဂိုလ်ကြီး ဖြစ်ကြောင်းကို ဤကျမ်းလာ ရေးသားချက်အချို့ကို ထုတ်နုတ်ပြပါအုံ။

သားသမီးနှင့်မိဘ။ ။မိဘနှစ်ပါးသည် သားသမီးများကို ပြုစုယုယ ဇမ္ဗူမြို့ခဲ့ကြ၏၊ သားသမီးရလာလျှင်ပင် သားသမီး ရုပ်ရည်ကို ကြည့်၍ ဝမ်းသာရွှင်မြူးကြရ၏၊ သားသမီးက ရယ်စရာတ် ပြုံးတတ်လာလျှင် တိတိဘာဘာ ပြောတတ်လာလျှင် ဝမ်းသာကြည်နူး ရွှင်မြူးကြရပြန်၏၊ သားသမီးတွေက လိမ္မာကြ ပညာတတ်ကြပြန်တော့လဲ ဝမ်းသာအားရ ပျော်ရွှင်ကြပြန်၏၊ အိုမင်းမစွမ်းရှိသောအခါ၌ သားသမီးများ၏ ပြုစုစောင့်ရှောက်ထောက်ပံ့မှု ရပြန်တော့လဲ ကိုယ်စိတ် ၂-ဖြာ ချမ်းသာမှုရ ပျော်ရွှင်ကြပြန်၏ စသည်အဓိပ္ပာယ်ဖြင့် သားသမီးက မိဘကို ကျေးဇူးပြုနိုင်ပုံကို ဖော်ပြ၍ ပစ္စဝေဒနာတ ပစ္စည်း၏ သဘောအဓိပ္ပာယ်ကို ဤကျမ်း စာမျက်နှာ ၁၁၇-မှစ၍ ဖော်ပြထားသည်ကို ဖတ်ရှုနိုင်ပေသည်။

ယင်းသို့ ရေးပြခြင်းကို ဖတ်ရှုရခြင်းဖြင့် သားလိမ္မာ သမီးလိမ္မာများက မိမိတို့၏ မိဘအား ဘယ်လိုကျေးဇူးပြုနိုင်သည်ကို ပဋ္ဌာန်းသဘောအရ နားလည် တတ်သိနိုင်ကြပေသည်။

လင်နှင့်မယား။ ။လောကဌ် ယောကျ်ားနှင့် မိန်းမ အိမ်ထောင်ပြုခြင်းသည် ကာမဆုဂ အကုသိုလ် အဓိကြောင်းရင်းခံပင် ဖြစ်သည်၊ သို့သော် ရပြီးသောအခါ တဦးနှင့်တဦး မေတ္တာတရားထားခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ ကျေးမွေးရန်အာဘွက် တရားသောအလုပ်များကို လုပ်ကိုင်ခြင်း၊ တတ်အားသမျှ ဇနီးမောင်နှံ လက်တွဲ၍ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားခြင်း စသည်တို့ကို ပြုခြင်းမှာ ကုသိုလ်တရားများကိုဖြစ်စေခြင်းပင် ဖြစ်သည်၊ ဤသည်မှာ ရာဂအကုသိုလ်က ကုသိုလ်ကို ဖြစ်စေခြင်းဖြစ်သည်

စဝသာအဓိပ္ပာယ်များဖြင့် အကုသလော ကုသလဆ-ဟူဝသာ ပကတ္တူပနိဿယ ပစ္စည်းအာဆု ဤကျမ်စာမျက်နှာ ၁၃၇-မှစ၍ ဖတ်ရှုနိုင်ပေသည်။

ယင်းသို့ရေးပြသည်ကို ဖတ်ရှုရခြင်းဖြင့် လင်နှင့်မယားအိမ်ထောင်ရေး၌ ပဋ္ဌာန်းတရားကို အသုံးချလို့ ရနိုင်ကြောင်းကို သဓာဝပါက် နားလည်နိုင်ပေသည်။

အလှူပေးခြင်း။ ။ဗုဒ္ဓဘာသာမြန်မာတို့ထုံးစံအတိုင်း ပေးကမ်းလှူဒါန်းခြင်း ဒါနအမှုကိုပြုလုပ်ကြရာ၏၊ အထူးသဖြင့် သားယောကျ်ားကလေး မွေးဖွားကြသည့် မိဘများသည် သားကို ရှင်ပြုဆွဲ၌ အလှူဒါန ပြုလုပ်ကြသည်၊ အချိုလည်း သူဘပါးသားကိုပင် တောင်း၍ အလှူဒါနပြုလုပ်ကြ၏။

ယင်းသို့အလှူဒါန ပြုလုပ်ကြရာ၌ အချိုမှာ မကွာပ်ဆောက်ရာကစ၍ အလှူပစ္စည်းဝယ်ရာ ကျေးစရာ ဝယ်စရာ ဘိသိက်ဆရာဌာနရာ အတိုးအမှုတ် အကအခုန်ဌာနရာ ဖိတ်စာရေးရာ ဖိတ်ရမည့်သူခရွေးရာ ဖိတ်ကြားထားသူတို့လာရာဘုန်းကြီးပင့်ရာတို့မှာ ဂုဏ်ပကာသနတွေ မာနတွေ ပါဝင်တတ်ပုံကို ရေးပြီး၊လျှင် လူသည်ဆိုသော ကုသိုလ်ကနည်း၍ ဂုဏ်ပကာသန မာနတို့ဘက်၍ အကုသိုလ်ကများကြောင်း စသည် အဓိပ္ပာယ်ဖြင့် 'ကုသလော အကုသလဆာ ဥပနိဿယပစ္စယေန ပစ္စယော' ဟူသော ပဋ္ဌာန်းပစ္စည်းအရာ၌ ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုပုံ အဓိပ္ပာယ်ရှင်းလင်း၍ ဤကျမ်း စာမျက်နှာ ၁၅၃ မှစ၍ ရေးသားထားပေသည်။

ဤရေးသားချက် ဖတ်ရှုရခြင်းဖြင့် ဥပနိဿယ ပစ္စယောဟူသော ပဋ္ဌာန်းတရားတော်အရ အကျိုးကြီးစွာရသည့် ဒါနပြုနည်းကို နားလည်နိုင်ကြပေသည်။

ဘုရားပွဲများ။ ။မြန်မာပြည်ရှိ ထင်ရှားကျော်ကြားသည့် ဘုရားစေတီများ ဗုဒ္ဓပူဇနီယပွဲ ဘုရားပူဇော်ပွဲ နှစ်စဉ် လ ရက် သတ်မှတ်၍ ပြုလုပ်တတ်ကြပေသည်။ ယင်းဘုရားပွဲများကို ဘုရားဝါပက လူကြီးများက ကြီးမှူး၍ ပြုလုပ်သည်၊ ပြုလုပ်သည့်အခါ ဘုရားပူဇော်ဖိုကနည်း၍ ဘုရားပွဲလူစည်ကားအောင် ပြုလုပ်ရခြင်းကများသည်' လူစည်စေရန် ပွဲများသွင်း

ရသည်၊ ဆိုပုံ့ တီးပုံ့ ကပုံ့ ဇာတ်ပုံ့ အငြိမ့်ပုံ့ ရုပ်ရှင်ပုံ့ လက်ဝှေ့ပုံ့ နွားဖြိုင်ပုံ့ ကဲ့တိုက်ပုံ့ စသည်ဖြင့် အမျိုးမျိုး ပြုလုပ်ရသည်၊ ဘုရားပူဇော်သည့် ကုသိုလ်ကာနည်း၍ လူစည်ကားဖွယ် လုပ်ရသည့် အကုသိုလ်က များနေသည်။

ဘုရားပုံ့သွားကြသူတို့မှာလည်း ဘုရားဖူးသည့်ကုသိုလ်ကနည်းနည်းကလေးရကြသည်၊ အချို့ ဘုရားပုံ့ဆို၍ သွားကြသော်လည်း ဘုရားမဖူးပဲ အခြားအလုပ်များကိုလုပ်၍ ပြန်ကြသောကြောင့် ဘုရားဖူးသည့်ကုသိုလ်မျှပင် မရကြချေ၊ လှလှပပဝတ်ကြရ၊ ဆင်ကြရ၊ ပုံ့အမျိုးမျိုးကြည့်ကြ၊ မိန်းမနှင့်ယောကျ်ားတိုးကြ၊ အဖလောင်းအစားလုပ်ကြဖြင့် အကုသိုလ်လည်း အများကြီးဖြစ်ကြသည်၊ ငွေလည်း အများကြီးကုန်ကြရသည်။

ယင်းသို့ အကုသိုလ်ရ, ငွေကုန်ကြ၍ ဆုံးရှုံးရသည်သာမက ပုဒ္ဓဘာသာအမျိုးသမီးများကို ဘာသာခြားများကလည်း ဝင်ဇောက် တိုးဝှေ့ခံရသောကြောင့် နှစ်ထပ်ကွမ်း ဆုံးရှုံးနှစ်နာ ကြရကြောင်းစသော အဓိပ္ပာယ်ဖြင့် ကုသိုလ်အရင်းခံ၍ အကုသိုလ်ဖြစ်ပေါ်သည့် ပကတ္တူပနိဿယပစ္စည်း အဆုဒ္ဓ ဤကျမ်း စာမျက်နှာ ၅၇-မှစ၍ ရေးသားဖော်ပြထားပေသည်။

ဤရေးသားချက်များကို ဖတ်ရှုရခြင်းဖြင့် ကုသိုလ်နည်း၍ အကုသိုလ်ကြီးသော ဘုရားပုံ့များကို ရှောင်ကြဉ်၍ ကုသိုလ်များများရနိုင်သည့် ဘုရားပုံ့များကို ပြုလုပ်ဆင်ယင်လိုစိတ် ဖြစ်ပွားနိုင်ကြပေသည်။

ကျောင်းရေစက်ချ။ ။ကျောင်းရေစက်ချပုံ့ များဦးလည်း သိန်းသန်းခြီ၍ ငွေကုန်ကြေးကျများပြီး ဂုဏ်ပကာသန မာန စသော အကုသိုလ်များဖြစ်ပေါ်ကြပုံကို ကုသိုလ်က အကုသိုလ်အား ကျေးဇူးပြုသော ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဟူသော ပကတ္တူပနိဿယ ပစ္စည်း အဆု ဤကျမ်းစာမျက်နှာ ၁၅၈-မှစ၍ ရေးသား ဖော်ပြထားပေသည်။

ဤရေးသားချက်ကို ဖတ်ရှုရခြင်းဖြင့် အကျိုး ကြီးမားစွာ ရသည့် ကျောင်းလှူနည်းကို တတ်သိနားလည်း နိုင်ကြပေသည်။

မသာ အသုဘ။ ။ဓမ္မတာ သဘောအရ မနေရ၍ သေကြပြန်သောအခါ အသုဘချရန် ဂုဏ်ပကာသနအတွက် ငဲ့ကွက်၍ မျက်ရည်စက်လက်ဖြင့် ဘုန်းကြီး သက်စေ့ပင့်ပုံ၊ အလှူဝတ္ထု သက်စေ့လှူရပုံများကို

လည်းကောင်း ဖော်ပြ၍ ကုသိုလ်က ဆကုသိုလ်အား ကျေးဇူးပြုဟန်ကို ပဏာတူပနိဿယပစ္စည်းအရာ၌ ဤကျမ်း စာမျက်နှာ ၅၉-မှစ၍ ရေးသား ဖော်ပြထားပေသည်။

ဤစရေးသားချက်ကိုဖတ်ရှု၍ ကျေးဇူးကြီးသည့် အသုဘချုနည်းကို သိမြင်နိုင်ပေသည်။

ဘုန်းကြီးပံ့။ ။ရပ်ရွာ ကိုးကွယ်သည့် ဘုန်းကြီးပံ့လှန်တော်မူသောအခါ အကြီးအကျယ် ပဲ့လမ်းသဘင် ခင်းကျင်း၍ စျာပနပဲ့ပြုလုပ်ကြသည်၊ "နောက်ဆုံးပူဇော်ပဲ့ အန္တိမစျာပန" ဟု ဟောပြောပြီး ဘယ်ရွှေထည့်ရမည်၊ ဘယ်မျှထည့်ရမည် ခဲ့တန်းချ ဖြေးပစ်၍ ငွေကောက်ခံကြသည်၊ စျာပနကို ရက်ကြာကြာထားကြသည်။

ပြီးလျှင် ဖျက်ပစ်လိုက်ရသည့် လောင်တိုက် နှတ်လမ်း စည်ရှင် ပြာသာဒ် တလားကြီး တလားငယ်များ ငွေကုန်ခံ၍ ပြုလုပ်ကြသည်၊ ပြီးလျှင်ပျောက်သည့် ဇာတ်ပဲ့ အငြိမ့်ပဲ့ ငွေကြေးပေး၍ ငှားရသည်၊ "ဘုန်းကြီးလေ ရှာကြ" ဟူ၍ပင် စကားပုံပေါ်ခဲ့သည်။

ဤ"သင်္ကြန်" အကြောင်းအချက် များကိုလည်း ဤကျမ်းပြု ဆရာတော်သည် အလွတ်မပေးပဲ ဥပနိဿယပစ္စည်းအရာ၌ ဤကျမ်းစာမျက်နှာ ၁၆၀-မှ စ၍ သတိပေးရေးသားထားပေသည်။

ဤကား ဤကျမ်း၌ပါရှိသည့် လောကရေး ဓမ္မရေးဆိုင်ရာ ပြုပြင်ရေး ဖော်ပြချက်အချို့ကို နိဒါန်းမှ အချို့အဝက်မျှ စာမြည်းဒူးဖြစ် ထုတ်နုတ်ဆင် ဆက်ခြင်း ဖြစ်ပေသည်၊ အခြား အခြားသော အမျိုးဘာသာ သာသနာ အတွက် အကျိုးရှိဆုရှိကြောင်း ဒကာင်းမြတ်သော ပြုပြင်ရေး ပြဆိုချက်များ ကိုလည်း မျှားစွာပင် ဤကျမ်း၌ ဖွက်မြင်ဖတ်ရှုကြရဦးမည်ဖြစ်ပေသည်။

မျိုးချစ် သာသနာချစ် သစ်လွင်သည့် တိုထွင်ပြုပြင်ရေး အာဇာနည် ပုဂ္ဂိုလ်ကြီး၏ အမျိုးဘာသာ သာသနာအတွက် ရေးသားဖော်ပြသည့် အကြံပြုချက်များကို ယောနိမသော မနသိကာရရှိကြသော သမ္မာဆန္ဒရှင် သူတော်စင် ပညာရှိများသည် သဘောကျ ခံယူကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။

နိဂုံးချုပ်။ ။ဤမျှ ရေးသားပြဆိုခဲ့သော စကားအစဉ်ဖြင့် ဤအခြေပြု ပဋ္ဌာန်း တရားတော်ကျမ်းသည် ထူးခြားစွာ ပြုစုထားသည့် ကျမ်းဖြစ်သည်၊ ထူးခြားသော အမည်ရှိသည်၊ အမည်နှင့်အညီ ထူးခြားသော ရေးသားချက်များ ပါရှိသည်ဟူသော အချက်များနှင့် ပြည့်ဝ စုံလင်သော ကျမ်းဖြစ်ကြောင်း ကောင်းစွာ သိမြင်နိုင်ပေပြီ။

ယင်းသို့ သိမြင်ကြသော စာရှုသူ ပဋ္ဌာန်းသုတေသီတို့သည် ဤအခြေပြု ပဋ္ဌာန်းတရားတော်ကို စိတ်ပါဝင်စား လေ့လာ ဖတ်ရှုကြပြီးလျှင် ပဋ္ဌာန်း ပညာရှင် ပဋ္ဌာန်းသူတော်စင်များ ဖြစ်ကြပါစေသတည်း။

နွေညမခြား ပဋ္ဌာန်းတရားတော်ကို ပွားများကျင့်ကြံ ရွတ်ဖတ် သရဇ္ဈာယ် နိုင်ကြပါစေသတည်း။

တန်ခိုးစွမ်းအား ကြီးမားလှစွာသော အနန္တနယ သမန္တ ပဋ္ဌာန်းတရား တော်ကြီး၏ အကျိုးအာနိသံကို ခံယူရရှိပြီး လောကီ လောကုတ္တရာ လိုရာကိစ္စ ပြီးမြောက်အောင်မြင် ကြပါစေသတည်း။

ဦးထွန်းလှိုင် (ဝိနယပါရဂူ)

ပရိယတ္တိသာဆနဟိတ မွေစရိယ ဝဋ္ဋံသကာ၊
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ သိရောမဏိ၊
စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက။

သက္ကရာဇ် ၁၃၄၁-ခုနှစ်။
တပေါင်းလပြည့်ကျော် (၄)ရက်၊ အင်္ဂါနေ့။
၁၉၈၀-ခုနှစ်၊ မတ်လ (၄) ရက်။

မေတ္တာရပ်ခံခြင်း

ဤအခြေပြု ပဋ္ဌာန်းကျမ်းစာသည် ဗုဒ္ဓဘာသာဝင် သူတော်စင်တယောက်အတွက်သာမဟုတ်, မိမိအကျိုး သက်ရှိသတ္တဝါတို့၏ အကျိုးကို အလိုရှိ၍ မိမိစိတ်ကို ဖွံ့ဖြိုးအောင်ပြုပြင်ပြီး တရား လမ်းမှန်ကအောင် အားထုတ်လိုသူ မည်သူ့အတွက်မဆို အသက် ဆုံးသည်အထိ မိမိဘဝကို အစဉ်တိုးတက်အောင် ပြုပြင်သွားရန်နှင့် မိမိ၏ အသိဉာဏ်ကို တဆင့်ထက်တဆင့် ရင့်ကျက်အောင် ကြိုးစား ရန်အတွက် မိမိနှင့် အမြဲထပ်တူဆောင်ထားပြီး လေ့လာကျင့်သုံး နေရမည့် ကျမ်းစာတဆူ ဖြစ်ပါသည်၊ ထို့ကြောင့် ယခု တတိယ အကြိမ် ကြိုးစားရိုက်နှိပ်ရခြင်း ဖြစ်ပါသည်။

လောကတွင်ရှာအတွက်သာ ရှည်စွာသော ကျမ်းစာမဟုတ် ယခု ပစ္စုပ္ပန်အကျိုး, သံဃရာဒိကျိုးတို့ကို လက်တွေ့ အေးချမ်းစွာ တိုးတက်ကြီးပွားနိုင်ရန် အကျိုးပြုစေသော ကျမ်းစာဖြစ်သဖြင့်လည်း မည်သူမဆို လေ့လာသူတိုင်း အကျိုးရရှိနိုင်ပါသည်။

ကျမ်းစာ ကြည့်ရှုမှုနှင့် အားမရသဖြင့် ဆရာတော်ကိုယ်တိုင် ဟောထားသော တရားတော်ကို ကြားနာ လေ့လာလိုသူများ သည် ၁၇-ရက်တိတိ ဟောထားသော တရားတော်များကို ကူးယူ၍ ပူဇော်နာယူနိုင်ကြကြောင်း အစီရင်ခံပါသည်။

ဃာသနာတော်မြတ်တရားခံတော်
လှမ်းပတ်ကမ္ဘာတည်စေသောဝပ်
ထိန်ဝင်း

၁၀၇၊ စိန်ရွှန်းလမ်း၊
ရန်ကုန်မြို့
၁၄-၁၂-၈၄

အခြေပြု ပဋ္ဌာန်းတရားတော်

အခို်

၁။ ရဿဘိသခ်ံတံ ဘန္တေ၊
ပဋ္ဌာနံ ဇန မနယိ။
ဘာဝတိ မံ တေ ဉာကံတိတံ၊
ကဝိနံ ဧကဝိစရံ ဣတိ။

ဘန္တေ၊ မဟာဂန္ဓာရံ ရှေဘုံဖုဧမိပတိ တိုင်းလုံးသိသည့် ကဝိမဟာ ရတနာ အကျော် ဆရာတော်ဘုရင်မြတ် ဘုရား။

(တံ)၊ ကိုယ်တည်း တယောက် ချမ်းသာဆောက်ဖို့ မထောက် မထား ယောကျ်ားဇာနည် ပြီပြီထင်ရှား အရှင်ဆရာတော်ဘုရားသည်။

ရဿဘိသခ်ံတံ၊ တရားတော်ကို ပျော်ပျော်ရွှင်ရွှင် နာစေချင်၍ စိစဉ် တင်ပြ အဆင်လှဖို့ ရသသွယ်သွယ် သဘောဖွယ်ပြင့် ခြယ်လှယ်နုယဉ် အမှု ဆင်လျက် ပြုပြင်စီမံအပ်သော။

ပဋ္ဌာနံ၊ ရသာဝေဖြိုး ဟင်းမျိုးစုံသွင်း တည်ခင်းကျင်းဆဲ ထမင်းပဲ့သို့ မဆောင့်ရဲ မဘင်းတိမ် မြိန်ရှက်ဖွယ်ကျင်း ခမ်းခမ်းနားနား ဆန်းအပြားဖော် ပဋ္ဌာန်းတရားတော်သို့။

ဇနံ၊ ပဋ္ဌာန်းအခက် ကျမ်းအနက်ဟု မသက်မဝင် ရှောင်ချင်သူ ရှင်လူ အစားစား ပဋ္ဌာန်းကြောက်သူများ၊ကို။

အာနယိ၊ ဆန်းကြယ်အသိဉာဏ် ပဋိဘာန်ဖြင့် ဟန်တမူပြ အလှကိုဆောင် ရဲအောင်ဖွဲ့ဆို ဆဲ့ဆောင်ခဲ့ပါပေပြီ။

ဧတေ၊ ငယ်ရွယ်စဉ်က ဆုံးဖန်ကျအောင် လုံ့လမမဲ့ သုံးချခဲ့၍ တကယ့် ပညဝန် ပုဂ္ဂိုလ်ချွန်ဟု တံဆွန်ကင်လှား ဆရာတော်အရှင်ဘုရား၏။

ဉာဏံ၊ ဟောရေးပြောရေး ရေးသားရေးဟု အရေးကြုံသော် ထင်ပေါ် သွက်လက် ထက်မြက်လျင်မြန် အမြင်သန်လျက် ထင်ဟန် သိဟန် ပဋိဘာန် သည်။

ကဝိနံ၊ လောကအမြင် ဓမ္မမြင်ဖြင့် ဆင်ခြင်နွဲ့ကာ ဖွဲ့အရာ၌ လိမ္မာ ကျွမ်းကျင် အခန်းဆင်ဖို့ အမြင်သာတိ ပညာရှိတို့၏။

ဂေါစရံ၊ သူတို့မှီချက် အကွက်အပြင် စားကျက်ခွင်ဟု သက်ဝင်နိုင်ဖွယ် ဉာဏ်နယ်ပယ်ကို။

အတိတံ၊ အမြင်သန်သန် လျင်မြန်မှုတွက် သူ့ထက်ထင်စွာ အမြင်သာ၍ ကျော်ကာလွှားကာ လွန်တက်နိုင်ခဲ့ပါပေပြီ။

ဣတိ၊ ဉာဏ်ဖြင့်ပြုဖော် အမှုတော်ကို ရှုမျှော်ရည်လို့ ဤသို့ဂျပုံ၏။

မံ၊ ဆရာတော်ဘုရားအင်း ပုံအသွင်ကို ဆင်ခြင်ကြည့်မျှော် တပည့်တော်၏ စိတ်၌။

ဘာတိ၊ ဆင်ခြင်တိုင်းပင် အမြင်သွက်လက် စဉ်မပျက်ခြေ ထင်လျက် ထင်လျက် ရှိနေပါပေလည်ဘုရား။

၂။ သမ္မညျတာ စ ဗုဒ္ဓဿ၊
ဥပကာရော စ တေ မတော။
တဇတာ ဇာတာ ယာ ပဋ္ဌာန-
ကထာ ကံ နာဘိရာဓယေ။

(ဘန္တေ)၊ သာသနာပြုခန်း အမှုထမ်း၍ လူ့စခန်းတွင် ဥဒါန်းတင်အပ် အရှင်မြတ်ဘုရား။

တော၊ ဗုဒ္ဓဂုဏ်ဖွဲ့ ဖုံဖုံခွဲလျက် ပျောင်းနွဲ့မှုပါ လူသစ္စာဖို့ ဟောခဲ့တော် အရှင်မြတ်သည်။

ဗုဒ္ဓဿ၊ လူနတ်ဗြဟ္မာ ပညာရှိတို့ စဉ်လာဦးညွတ် ထူတ်ပျားသခင် ဘုရား ရှင်၏။

သမ္မညျတာ စ၊ ပရမတ်ပညတ်အရပ်ရပ်စုံလင် အကုန်မြင်သည့်သမ္မညျတာ တွင်ကာခေါ်အပ် ပညာတော်မြတ်ကိုလည်း။

မတာ၊ "သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင် သဗ္ဗဉ်ညဏ်တော် အစွမ်းတည်း။

သိသည့်တရား များအပြားဌဲ့ ဟောထားစဖွယ် နည်းသွယ်သွယ်ကို ခြယ်လှယ်စုံလင် အကုန်မြင် သဗ္ဗဉ်ညဏ်တော် အစွမ်းတည်း။

ကျတ်ထိုက်ကြေပေ များဝေနေ၏ ဣန္ဒြေစရိုက် သူ့အကြိုက်ကို နှိုက်ခွဲတတ်စုံလင် အကုန်မြင် သဗ္ဗဉ်ညဏ်တော်အစွမ်းတည်း။

ညဏ်တော်စွမ်းပကား ဤသုံးပါးကြောင့် အများဝေနေကျတ် လွတ်ခစဖို့ မနေမနား သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ် ပြည့်၍ ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင် ဘုန်းခေါင် ငါတို့ဘုရားတည်း။

အနည်းနည်းထုတ်ဖော် သိတော်မူအပ်ပါပေပြီ။

ဥပကာရောစ၊ ရှင်မြတ်ထွန်းပေါ် ပွင့်တော်မူမှ ဓမ္မအဖြာဖြာ အလိမ္မာနှင့် ပညာညဏ်ထူး ရခဲ့ဘူးဟု အတွေးထူးပေါ် ကျေးဇူးတော်ကိုလည်း။

မတော၊ "ဘုရားရှင်တော် မပွင့်ပေါ်လျှင် လူတော်အများ စိတ်ကောင်း ထားလည်း ဤကာကုသိုလ် အကုသိုလ်နှင့် ထိုထိုဘုံဘဝ မသိရ များလှအပြစ်တွေ့။

ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြတ်တရားဓကြောင့် ဤကာကုသိုလ် အကုသိုလ်နှင့်ထိုထိုဘုံဘဝ သိကြရ များလှ ကျေးဇူးတွေ့။

ဓကျေးဇူးတော်ရင် ဘုရားရှင်ကို ဦးတင်မပြတ် ကျေးဇူးဆပ်ဖို့ ပရိယတ်နှင့် ပရိပတ်နှစ်ဖြာ သာသနာကို ကောင်းစွာ ကြိုးကုတ် လွန်အားထုတ် အဟုတ်ကျင့်ကြစေ"-

အထွေထွေကို စေ့ရေမိမိ အရှိဖော်လတ် သိတော်မူအပ်ပါပေပြီ။

တတော၊ သဗ္ဗညုတင် ဉာဏ်မြင်တော်ထူး ထွင်ဖွဲ့အဖူးနှင့် ကျေးဇူးတော်စုံ အာရုံထားဘိ အရှိဖော်လတ် သိတော်မူအပ်သောကြောင့်ပင်။

ယာပဋ္ဌာနကထာ၊ မိမိလိုပင် သိစေချင်၍ စီစဉ်ဆန်းပြား ဖေါ်အကြင်ပဋ္ဌာန်းတရားတော်သည်။

ဇာတာ၊ ထေရ်ရှင်မေတ္တာ ကရုဏာမှ ဇွန်ဝါထင်ဟပ် အမြင်အပ်ခဲ့ အတတ် သိစေ ဖြစ်ပေါ်ခဲ့ရပါပေပြီ။

(သာ) ပဋ္ဌာနကထာ၊ ဉာဏ်မြင်ခွက်ကျ မခက်ရအောင် ကွက်ချစီကုံး နှလုံးရှင်ရေး ဘဝင်အေးဖို့ ပြုံးဆေးအလား အခန်းမျာ်းဖြင့် ဆန်းပြားဖော်စပ် ထိုပဋ္ဌာန်းတရားတော်မြတ်သည်။

ကံ၊ မြတ်ဗုဒ္ဓ၏ နှုတ်ဟမိန့်မြွက် ဓမ္မစက်၌ နှစ်သက်အား၍ လိုလားကြသူ စင်ဖြူတရား အဘယ်ရှင်လူမျာ်းကို။

နာဘိရာဓယေ၊ အတင်အပြ အဆင်လှလျက် ရှင်ပျဖွယ်ရာ တကယ်သာမို့ အဘယ်မှာမနှစ်သက်စေပဲ ရှိပါအုံးနည်း။

(အဘိရာဓေတိ ဓေ)၊ ကြောင်းကျိုး မျာ်းဆင် တရားစဉ်၌ အမြင်ထူးရ ရှင်မြူးကြွလျက် ချစ်မက်မပြေ နှင်သက်စေတော့သည် သာလျှင်တည်း။

၃။ အာရဒ္ဓေါ တွံ ဇိနာရဒ္ဓ၊
မနုကတ္တာဝ ယုဥ္ဇကော။
ဝိက္ကမာ ဟိ ရဇ္ဇံယာတော၊
သိဟောဝ ဂုရုတံ သယံ။

(ဘဒန္တေ)၊ ရွှေကျောင်နိကာယ ဥပဥ္ဇာဇ္ဈ အဂ္ဂမဟာပဏ္ဍိတ သာကျသီဟ မြတ်စွာ-စရိယ အစိုးရပထမကျော် ပေါ်ပေါ်လွင်လွင် ဂုဏ်တင်လွှမ်းမှု တာခန်းရှိက ကျမ်းပြုအကျော် ဆရာတော်သခင် အရှင်မြတ်ဘုရား။

တံ၊ အလုပ်ဘာမျှ လုပ်မရက ဖေသရသည်က ကောင်းလေစွဟု ဆန္ဒမျိုးထား နှိုးကြားအစဉ် ကြိုးစားခဲ့သော အရှင်ဘုရားဆည်။

ဇိနာရဒ္ဓံ၊ လေးဆယ့်ငါးဝါ ရှည်မြင့်ကြာအောင် သတ္တဝါတရေတွ ကျိုး မျာ်းစေဖို့ မနေမနား မြတ်ဘုရားသည် ကြိုးစားခဲ့ဘိ အဓိပတိ ဝိရိယတော် မြတ်ကို။

အာရုဒ္ဓေါ၊ အမျှားနှင့်မူ မတူအားသန် မြင့်မားဟန်ကို ဖန်ဖန်တွေးလျက် နှစ်သက်အားရ ကျေနပ်တော်မူလှသည်ဖြစ်၍။

အနုကတ္တာဝေ၊ မြတ်ဘုရား၏ ထူးခြားလုံလ ဝီရိယကို အားကျမှုစိုက်အတု လိုက်ယူ ပြုတော်မူလျက်သာလျှင်။

"ယုဇ္ဈကော၊ ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက နောက်ဆုံးအထိပါရမီ။ လူနတ်မျှားစွာ ချမ်းသာရေးမို့ အသက်ပေးလို့ ဖြည့်ခဲ့သည်။ ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့ ငါပါ အသက်ဆုံးစေမည်။ စိတ်မပျက်ပေါင် ခုလိုတွေးလို့ ကုသိုလ်ရေးမို့ ကြိုးစားသည်။"–

ဤရည်ရွယ်ချက် စိတ်တွင်နှက်လျက် အဆက်ဆက်ပွား ပျက်မသွားအောင် နှိုးကြားထပ်ထပ် ကြိုးစားမတာ်မူတာတ်ပါးပဇ္ဈ်။

ဟိ၊ တဆင့်ကဆင့် ပွင့်ထက်ပွင့်လျက် မြင့်တက်လာရ လုံလမျိုးမျှား ပျိုးထားခဲ့သမျှ အကျိုးသွား ဖဲ့ပြုရလျှင်။

သီဓဟာ၊ ရဲမာန်သတ္တိ ဓာတ်ဇရှိဖြင့် ဗျတ္တိထင်လင်း ခြသေ့မင်းသည်။

ဝိက္ကမာ၊ ရဲမာန်အပြည့် လုံလရှိဟု ဗျတ္တိဘင်လင်း သတ္တိပြည့်ခြင်း ကြောင့်ပင်။

လယံ၊ ဘယ်သူကမျှ မမြောက်ရပဲ ဂုဏ်ကမြှင့်တင် အလိုအလျောက်ပင်။

ရဇ္ဇံ၊ သားကောင်အမျိုးမျိုး လွှမ်းမိုးနှိမ်နင်း ဘုရင်မင်းအဖြစ်သို့။

ယာတော၊ ကိုယ်စွမ်းအရ မောက်ကြွအခြေ ရောက်ရလေဘိသကဲ့သို့။

(တထာ)၊ ထိုနည်းတားယူ အလားတူပင်။

(တံ)၊ သာသနာဝင် ဂန္ဆဝင်၌ စံတင်ဖော်အပ် ဆရာတော် အရှင်မြတ် သည်။

ဝိက္ကမာ၊ ဉာဏ်စွမ်းအပြည့် လုံလရှိလျက် ဗျတ္တိပြည့်လျှဉ်း သတ္တိရှိခြင်း ကြောင့်ပင်။

သယံ၊ ဘယ်သူကမျှ မမြောက်ရပဲ ဂုဏ်ကမြှင့်တင် အလိုအလျောက်ပင်။

ဂုရုတံ၊ ဆရာ့ကိုယ်စား ကျမ်းဂန်းများက တိုင်းကာနယ်ရှာ လှည့်လည်ကာဖြင့် နည်းနာညွှန်ပြ သင်နေကြ၍ ရဒ္ဓဂုရု မည်ပြုအပ်စွာ မြတ်ဆရာအမြစ်သို့။

ယာတော။ ဆရာ့သတို့ အစုမ်းရှိလျက် တိုးတက်မောက်ကြွံ အမြောက်လှသဖြင့် တောက်ပအသရေ ထောက်ရပါပေတော့သည်ဘုရား။

၄။ ဂန္ဆာ ဟိ တဝ ယာဝဇ္ဇ၊
ဂရုကိစ္စကရာ ဇနေ။
ဗျာပေတု မေသ မာယောဂေါ၊
ကာတဇ္ဇော နော ကတညုဘိ။

(ဘဂ္ဂေ)၊ ဘုရားအကြိုက် အများလိုက်လျက် အားစုံက်ကြိုးစား ဆရာတော် အရှင်မြတ်ဘုရား။

ဟိ၊ မြန်မာပြည်ထောင်စု ဂုရုဒ္ဓစစ် ဤအဖြစ်မှာ မှန်လှပါ၏ပေ၏။

တဝ၊ ဘုရားမုနိ တုမရှိမှာ ငါ၏ကိုးကွယ် ငါ့ကိုးကယ်ဟု တကယ်မြင်လတ် ကျေးဇူးဆပ်လျက် မပြတ်ကြိုးစား ဆရာတော်အရှင်မြတ်ဘုရား၏။

ဂန္ဆာ၊ ဆရာမပါ ကိုယ်တည်းသာလျှင် သင်လိုပါက သင်၍ရအောင် စုမ်းဆောင်ဆင်သ အမြင်ရဖို့ ဇာတ်ပြဆန်းဟန် လမ်းအမှန်ကြား ကျမ်းဂန်အများတို့သည်။

ယာဝဇ္ဇ၊ အသိအလိမ္မာ ပညာပေး၍ လိုအင်ဖြည့်လျက် မရွေ့မပျက် ယနေ့ထက်တိုင်အောင်ပင်။

ဇနေ၊ ပညာလိုလား တရားခင်သူ စင်ဖြူအကောင်း ရှင်လူအပေါင်း၌။ ဂရုကိုစ္စကရာ၊ ဆရာ့ကိစ္စ သင်အပြကို ကျနသေသပ် ပြီးစီးအောင် ပြုတတ်ပါ့ပေကုန်၏။

(တသ္မာ)၊ ကျမ်းဂန်းများစွာ ရှင့်လက်ထုတို့ မြန်မာတခွင် ဆရာရှင်အလား သင်ကြားနေကြသောကြောင့်ပင်။

သေ-(ဂန္ဆာနံ)၊ အနှစ်သမကို ကျောက်ကောင်းရှိက ရွှကြည့်မစ အားမရသို့ လှပတင့်တယ် အဆုံးခြယ်လျက် ကုံးသွယ်ပျိုးဖန် မျိုးမှန်ဆန်းပြား ဤအဖိုးတန် ကျမ်းအများတို့ကို။

ဗျာဒေပတုံ၊ မပြတ်မလတ် အထပ်ထပ်လျှင် ရပ်တကာလယ် နယ်တကာချဉ်း ပြန့်နှံစေခြင်းငှာ။

ကတညုဘိ၊ ကျမ်းဂန်များစွာ ရှင်ဆရာမှ ပညာရလျက် နှစ်သက်ကြည်နူး ပေးဘူးအရှိ ကျေးဇူးသိကြကုန်သော။

ဓနာ(အဓမ္မဟိ)၊ ကျေးဇူးသိလတ် ကျေးဇူးဆပ်လေ တာဝန်ကျေလျက် ပြေလည်ကြရေး မြော်တွေးသိသူ တပည့်ရှင်လူတို့သည်။

အာယေဘဂေါ၊ စိတ်ဓာတ်ဖြင့်တဆင့် ကိုယ်အားဖြင့်တနည်း ပစ္စည်းဖြင့် တခန်း တအိမ်စွမ်းသလောက် ချီးမြှောက်အားတင်း ကြံုးစားခြင်းကို။

ကာတမ္မော၊ သာသနာပြု မဟာမှူမို့ သာဓုသာဓု သဒ္ဓါထုဖြင့် မှူမလင့် စရာ ပြုသင့်ပါသည် ပြုရမည်သာ ဖြစ်ပါတော့သည်ဘုရား။

အရှင်ဝါသေဋ္ဌာဘိဝံသ

၁၃၄၁-ခု၊ ပြာသိုလကွယ်နေ့။

၁၉၈၀-ခု၊ ဇန်နဝါရီလ ၁၆-ရက်၊ တုဒ္ဓဟူးနေ့။

ပဋ္ဌာန်းတရားတော်

ဖတ်ကြား နာယူသူများ ကြိုတင်သိရှိရန်

ဆရာတော်၏ ဆန္ဒတော်

ယခု စာရှုသူ ဖတ်ကြားနာယူမည့် ပဋ္ဌာန်းတရားတော်သည် စာရှုသူ၏ ရှေ့သို့ ရောက်လာရသည်မှာ လွယ်ကူလှသည် မဟုတ်ပါ။ (၁၉၆၉) ၁၃၃၁-ခုနှစ်လောက်ကပင် ပဋ္ဌာန်းတရားတော်ကို ဟောပြော ချီးမြှင့်တော်မူသော တောင်မြို့ ဆရာတော်ဘုရားအား ယခင်က ဓမ္မစကြာ, အနတ္တလက္ခဏာဆုတ် တရားတော်တို့ကိုဟောပြောတော်မူပြီးဖြစ်၍ ပဋ္ဌာန်းတရားတော်ကို လာသနာတော်၌ စိတ်ဝင်စား ကြည်ညိုကြသော ဗုဒ္ဓဘာသာဝင်များ ဗုဒ္ဓမြတ်စွာနှင့် သဗ္ဗညုတဉာဏ်ကို ကြည်ညိုနိုင်ရန် (ပဋ္ဌာန်းတရားတော်ကို) အချိန်ရ၍ အခွင့်သာသောအခါ ဟောပြောပေးထောက်မူပါရန် စဉ်းလျှောက်ထားခဲ့၍ တပည့်ဒကာရင်းများ ဆုံမိတိုင်းလည်း မကြာခဏ လျှောက်ထားခဲ့ရာမှ (၁၉၇၃-ခု၊ ပြီလ ၉-ရက်) ၁၃၃၄-ခု၊ နှောင်းတန်ခူးလဆန်း ၇-ရက်နေ့ တိုင်မှသာ ဟောပြောပေးနိုင်ရန်အခွင့်သာခဲ့ပါသည်။ တရားဟောသောအခါလည်း ဥတု အလွန်ပြင်းထန်၍ ပူပြင်းလှသောအချိန်တွင် နံနက်သြဝါဒပေးချိန် အရုဏ်ဆွမ်းကပ်ပြီး အားချမ်းဆဲအချိန်တွင်မှာသာ ပေးကြားတော်မူနိုင်ခဲ့ရာ ဆရာတော်သည် ရက်ပေါင်း ၁၇-ရက်မျှ အာသနပင်ပန်းခံတော်မူခဲ့ရပါသည်။

ထိုကဲ့သို့ အာသနပင်ပန်းခံတော်မူလျက် ဟောကြားတော်မူခဲ့သည့် ရည်ရွယ်ချက်ကို ဆရာတော်ကိုယ်တိုင် ရေးသားထားသော အောက်ပါမျှော်လင့်ချက်စာထမ်းကိုကြည့်ရှု၍ စာဖတ်သူများ ကြိုတင်ပြီး ဆရာတော်၏ ဆန္ဒတော်ကို သိရှိထားစေလိုပါသည်။

သို့မှသာ ဆရာတော်သည် အာသနနှင့်၍ လူသားမန်တို့ သိနိုင်ခဲ့သော ပဋ္ဌာန်း တရားတော်ကြီးကို လူအများ သိရှိနိုင်စေအောင် ဘဉ့်ကြွင့် ဤမျှ အပင်ပန်းခံ၍ ဟောသည်ကို သဘောပေါက်ကြပါလိမ့်မည်။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏

သာသနာရေး မျှော်လင့်ချက်

အရေးကြီးသောသိဖွယ်မျှား။ ။အလွန် ကြုံကြိုက်ခဲလှစွာသော ဤ ပုဒ္ဓသာသနာတော်သည် ယနေ့တိုင်အောင်ပင် ဘုန်းကြီးနှင့်တကွ ဘာသာဝင်လူအပေါင်းအား လမ်းကောင်းကိုညွှန်ပြလျက် ရှိပါပေသေး၏၊ မှန်၏-ယခု အချိန်၌ ဤ သာသနာတော်ကြီး ကွယ်ပပြီး ဖြစ်နေပါလျှင် ဤစာရေးသူ ဘုန်းကြီးသည်ပင် ဩကာသလောက ဘုံဌာန အတွက် မျက်မြင်လူလောကလောက်ကိုသာ သိနိုင်ပေလိမ့်မည်၊ ငရဲဘုံ, ပြိတ္တာတို့၏ ဌာနနှင့် နှက်ဘုံငြဟ္မာဘုံမျှားကို (ရှိသေး၏ဟုမျှ)သိနိုင်မည်မဟုတ်ပါ။

သတ္တလောကအတွက်လည်း၊ လူနှင့် မျက်မြင် တိရစ္ဆာန်မျှားကိုသာ သိနိုင်ဆု၏၊ ငရဲကောင်, ပြိတ္တာကောင်နှင့် နတ်ငြဟ္မာမျှားကို မသိနိုင်ဆု၊ သိနိုင်သမျှ လူနှင့် တိရစ္ဆာန်တို့ကိုလည်း၊ တကယ်ပင် အကောင်အထည် ထင်မှတ်၍ အတွင်းက ခြွယ်လှယ်တတ်သော အသက်ကောင် (အတ္တ) ရှိသေး၏ဟု ယူဆနေဆုံး၏၊ ရုပ်နှင့်နာမ်ခပါင်းစပ်၍ လူဟုခေါ်ဝေါ်အပ်သော ပညတ်မျှသာဖြစ်ခြင်း အတွင်း၌ အတ္တမရှိကြောင်းကို သိနိုင်မည် မဟုတ်ဆု၊ ထို ရုပ်နာမ်တို့လည်း ဗာဝိဇ္ဇာနှင့်တကွာ (မသိမှုနှင့် လိုချင်မှု) ဟူ၍ ၂-ခု အရင်းခံ၍ ကံဟူသော သင်္ခါရ၏ စီမံမှုကြောင့် ဖြစ်ရကြောင်း၊ ထိုအဝိဇ္ဇာနှင့်တကွာ ကုန်ခန်း၍ ရဟန္တာ မဖြစ်သေးသမျှ ရုပ်နာမ်အစဉ်ဟူသော သံသရာသည် အမြဲလည်နေမည်သာ ဖြစ်ကြောင်း၊ ထိုရုပ် ထိုနာမ် သံသရာပြတ်၍ နိဗ္ဗာနဓာတ် ရောက်ဖို့ရာ မဂ္ဂင်ချစ်ပါး တရား အမှန်ရှိသေးကြောင်း များကိုလည်း သိနိုင်တော့မည် မဟုတ်ပါ။

မသိရလျှင် အပြစ်။ ။ထိုသို့ သိဖွယ်ဟူသမျှကို မသိနိုင်လျှင် ဘုန်းကြီးသည် ''နောက်ဘဝ ရှိသေး၏'' ဟုမျှ မယူဆခဲတော့ပဲ ဤဘဝ အတွက်သာကြည့်၍ 'ကိုယ်ကျိုးရှိမည်' ထင်လျှင် မည်သည့်မတရားမှုမဆို ပြုမိတော့ဆု၏၊ ထိုသို့ပြုမိလျှင် ဘုန်းကြီးသည် ငရဲကောင်, ပြိတ္တာကောင်, တိရစ္ဆာန်

ကောင် အဖြစ်ဖြင့် ဒုက္ခမျိုးစုံ ခံစားကာ သံသရာဝဋ်ထဲမှ မလွတ်ပဲနေတော့လတ္တံ့။

သိရ၍အာကျိုးရပုံ။ ။ယခုဓသင်္ကား လပေါင်းမျှားစွာ ရွတ်ဖတ်၍ သင်္ဂါယနာဟင်အပ်ပါသော်လည်း အကျယ်ခွဲလျှင် မကုန်နိုင်သေးအောင် မြားမြောင်လှစွာပရိယတ္တိသာသနာတော် တည်ရှိနေသေးသောကြောင့် ထိုသိဖွယ်ဟူသမျှကို ကြောင်းကျိုးစုံလင်စွာ သိမြင်ရပါသည်။

ထိုသို့သိမြင်ရခြင်းကြောင့် မကောင်းမှု ဒုစရိုက်မျှား ကိုလည်း စွန့်နိုင်သမျှ ရှောင်ရှားနိုင်၏၊ ကောင်းမှုပါရမီမျှားကိုလည်း ထက်သန်စွာ ဖြည့်ဆည်းပူးနိုင်၏၊ "လောကြီ့ ချမ်းသာသုခ ဟူသမျှသည် နောက်ကထပ်ကြွပ် ဒုက္ခကပ်ရှိပါနေ၏" ဟု နှစ်နှစ်ကာကာနားလည်နေရကား မည်သည့် စည်းစိမ်ကိုပျှ အထင်မကြီးပဲ ဖြစ်ပြန်ပျက်ပြန် လောကဓံကို ခံနိုင်စသော အရည်အချင်းရရှိပါသည်။

ရှေးကကိုးကွယ်ကြပုံ။ ။ဤသာသနာတော်သည် ဘုန်းကြီးအတွက် ဒုက္ခဖြစ်ကြောင်းကို ပယ်ချ၍ သုခဆောက်ရွက်ကြောင်းလမ်းကောင်းလမ်းမှန်ကို ညွှန်ပြပေးရကား ဘုန်းကြီး၏ အားထား ကိုးကွယ်ဆုဖြစ်သကဲ့သို့ သင်္ကဝင်ယုံကြည်သူ လူအများ၏ အားထားကိုးကွယ်ဆုလည်း ဖြစ်ပါပေသည်၊ ထိုသို့ကိုးကွယ်စဆောကောင်းပါလျက် ယခုအခါ အချို့သူတို့ အမြင်အားဖြင့် ဆထင်မကြီးနိုင်သည်မှာ အစစ်အမှန် သာသနာရေးကိုမသိပဲ အပြင်ဘမ်းပြု မလုပသော သာသနာရေးကိစ္စ တချို့ကိုသာ ကြည့်၍ ပေဖန်မိခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်၊ ထိုသူတို့လည်း ဖာစ်ဒမှန်ကို ကောန်သိရပါလျှင် ဤသာသနာတော်ကို သင်္ကဝင်ယုံကြည်ကြမည်သာ။

မှန်၏ ...ပုဒ္ဓမြတ်စွာ လက်ထက်တော်၌ အနေအထိုင် အပြောအဆိုပုံ စဉ်အပြင်ဘမ်းပြကလည်း လုပ၊ အတွင်းကြည့်ပြန်လျှင်လည်း အစစ်အမှန်ဟူးကောင်းကို သိကြရသောကြောင့် ဗိမ္မိသာရ မဟာဆုဇာစသော အထက်ဟန်းမင်းများနှင့် ဗြဟ္မာယုပါမောက္ခ, ပေါက္ခရသာတိ ဘုရင်ခံ-စသော ပညာရှိ ဗြာဟ္မဏတို့အပြင်၊ သီဟစစ်ဗိုလ်ကြီး, အနာထပိဏ်သဒ္ဒေး စသော ထိပ်တန်း

လူကြီး လူငယ်အားလုံးတို့သည် ဤ ဘုရား သာသနာတော်ကိုသာ အသက်ပေး၍ လေးလေးမြတ်မြတ် ဆည်းကပ်ကိုးကွယ်ခဲ့ကြပါသည်။

သာသနာကွယ်ရမည်သာ။ ။ထိုခေတ်မှ စနာဂါတ်၌ ဓမ္မသဒ္ဒါကား ဝေဒါနုံ ပိယတိဿစသော မဟာရုဇာတို့အပြင် အနော် ရထာမင်းစသော မြန်မာမင်းအဆက်ဆက်တို့ လေးလေးနက်နက် သာသနာ ပြုခဲ့ကြသည်မှာလည်း သာသနာတော်၏အရသာကို အမှန်အတိုင်းသိကြသော ကြောင့်သာ ဖြစ်ပါလိမ့်မည်၊ ထို့ကြောင့် ဤသာသနာတော်သည်ယခုအခါန် တိုင်အောင်ပုဒ္ဓဘာသာဝင် လူရှင်အများ၏ စိုးပွားချမ်းသာကိုဆောင်လျက် ရှိပါသေးသည်၊ ထိုမျှလောက် လူအများ၏ စိုးပွားချမ်းသာကို ဆောင်နိုင်သော သာသနာတော်သည် ဓာတုပရိနိဗ္ဗာန်စံရမည့်အခါန်ကျလျှင် ကောန် ကွယ်ပရေ ဖတော့မည်။

တဖြည်းဖြည်း အားနည်းပြီးပှ ကွယ်

ထိုသို့ကွယ်ပရွာ် "သာသနာ ငါးထောင်ပြည့်သော ကြောင့်လော၊ သို့မဟုတ် အခြားအကြောင်းကြောင့် လော" ဟု တွေးတောစဉ် စားဖွယ်ရှိ၏၊ ငါးထောင်ပြည့်သောကြောင့်ဖြစ်စေ အခြား အကြောင်းကြောင့်ဖြစ်စေ (ပြခဲ့သော ဓာတုပရိနိဗ္ဗာန် စံနှုပ်ကိုဓာတ်လျှင်) ကိုးကွယ်မည့်သူထိန်းသိမ်းစောင့်ရှောက် မည့်သူ မရှိသောကြောင့် ကွယ်ပရမည်မှာကား အသေအချာပင်ဖြစ်ချေသည်၊ ကိုးကွယ်မည့်သူ မရှိခြင်းမှာလည်း ရုတ်တရက် တပြိုင်နက် မရှိခြင်းမျိုးမဟုတ်ပဲ တဖြည်းဖြည်း အားနည်းထုနှ နောက်ဆုံး၌ ကိုးကွယ်မည့်သူများ ကွယ်စပျောက် သွားခြင်းဖြစ်လိမ့်မည်၊ ဥပမာ—လူသည် အိုရွ နာရွ တဖြည်းဖြည်းအားနည်း ပြီးမှ သေပျောက်သွားရသကဲ့သို့တည်း။

သာသနာအားနည်းခြင်း၏ အကြောင်းများ

ထို့ကြောင့် သာသနာတော် အားနည်းရခြင်း၏ အကြောင်းများကို လက်တွေ့အားဖြင့် စဉ်းစား ရပေလိမ့်မည်၊ ထိုသို့စဉ်းစားသောအခါ အဝေး ကို လုမ်း၍ မစဉ်းစားပဲ မိမိတို့နေရာ မြို့ရွာဒေသကို စဉ်းစားရုံမျှဖြင့် သဘာဝ ကျကျ သိနိုင်ပါလိမ့်မည်၊ မှန်၏-သမုဒ္ဒရာရေ၏ အရသာကို သိလိုလျှင် မိမိ မျက်မြင် သမုဒ္ဒရာရေကို သောက်ကြည့်က သမုဒ္ဒရာတစင်းလုံး ငန်သော

အရသာကို သိနိုင်သကဲ့သို့တည်း၊ ထို့ကြောင့် မိမိတို့နေ့ထုတ်၌ သာသနာတော် အားနည်းရခြင်း၏ အကြောင်းများကို စဉ်းစားသောအခါ အောက်ပါ အကြောင်းများကို ဖော်ထုတ်ရပါလိမ့်မည်။

(က) သာသနာ့ဝန်ထောင် ပုဂ္ဂိုလ်များ၏ဝန်ထောင်ပုံ အားနည်းမှု။

(ခ) ကိုးကွယ်သူတို့အား လိမ္မာယဉ်ကျေးအောင် မသင်ပြ မဟာပြောနိုင်မှု။

(ဂ) သာသနာ့ကိစ္စ၌ အာတုရာယောင်တွေ့ ပေါများမှု။

(ဃ) တိုင်းသူပြည်သားတို့စီးပွားရေးကြပ်တည်းမှုနှင့် အပျော်အပါး အားကြီးမှု။

(င) စစ်ဘေး စစ်ဒဏ်ခံရမှု။

သာသနာ့တာဝန် ၂-မျိုး။ ။ခွဲပါဦးမည်၊ သာသနာတည်ခိုင်ဆဲရက် (ကျမ်းစာလင်ယူပို့ချ ဟောပြောရေးသားမှုဟာဇန်) ဝိပဿနာဓုရ(ကမ္မဋ္ဌာန်းရှုမှုတာဝန်) ဤသို့ တာဝန် ၂-မျိုး ရှိသည်၊ ရဟန်းတော်များသည် ထိုတာဝန်ကို ဆောင်ရသော ပန်ထောင် ပုဂ္ဂိုလ်များ ဖြစ်ကြ၏၊ ဤတာဝန် ၂-မျိုးကို ဟိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ဆောင်နေမှသာ "သာသနာ့ဝန်ထောင်"ဟု ဆိုနိုင်၏၊ ထိုသို့ မဆောင်နိုင်သူကား သက်နှံဝတ်ထားသော်လည်း ကိုးကွယ်သူတို့မှာ ထိုပုဂ္ဂိုလ်များအတွက် ငွေညှစ်ငှဲ့ပါးထောက်ပင့်မှုမှတာဝန် ပိုနေသောကြောင့် သာသနာ့ဝန်စိုးသာဖြစ်သည်ဟု ဆရာတို့ မိန့်တော်မူကြ၏၊ ထိုသို့ သာသနာ့ဝန်စိုးများလေ သာသနာအားနည်းလေဖြစ်၍ သာသနာ့ဝန်ထောင်များမှ ယာသနာတော် အားရှိမည်ကား အထူးစဉ်းစားဖွယ် မလိုတော့ပါ။

အိန္ဒိယမှ ပြောင်းခဲ့ရပုံ။ ။ထို့ပြင် ရှေးရှေးခေတ်က သာသနာ့ဝန်ကို ဆောင်ကြသည်မှာ ဝိပဿနာတာဝန်ဆောင်တို့က မဂ်ဖိုလ်ရရုံသာမက စျာန်အဘိညာဉ်ကိုလည်း ရကြသဖြင့် ကာလအားလျော်စွာ ကိုးကွယ်သူများ၏ စိတ်ကို အားရနှစ်သိမ့် စေနိုင်ခဲ့ကြ၏၊ အိန္ဒိယနိုင်ငံသည် သာသနာတော်၏ မူလဌာနကြီးဖြစ်၏၊ ထိုအိန္ဒိယ၌ ပြာဟွဏတို့သည် အလွန်

ဆေားရှိ၍ သူတို့ကိုယ်တိုင် ဆရာလုပ်နေကြ၏၊ ဘုရားလက်ထက်တော်၌ ပုဏ္ဏသာသနာကို တချို့ ပြာဟ္မဏတို့က ပြိုင်ကြဿေး၏၊ သို့သော် ဓမ္မာသောကမင်းများ၏ ခေတ်ကောင်းချိန်တိုင်ဖအောင် မနိုင်ခဲ့ကြပါ၊ နောက်၌ကား သာသနာဝင်ပုဂ္ဂိုလ်များဘက်ကတန်ခိုးနည်းပါးလာသည့်ပြင် သူတို့ထက် လူဝတ်ကြောင်များက လိမ္မာယဉ်ကျေးဆောင် ဝေဒကျမ်းတို့ကို သင်ပြ၍ ရသွေ့တို့ကလည်း မန္တန်အစွမ်းဖြင့် တန်ခိုးပြကာလူအများအပေါ်၌အထင်ကြီးစေနိုင်ကြသောကြောင့် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ တဖြည်းဖြည်း အားနည်းသည်ထက်နည်းကာ သီဟိုဠ်စသော နိုင်ငံငယ်များဘို့ ပြောင်းရွှေ့ ခဲ့ကြရဟန် တူပါသည်၊ ဤအချက်ကား ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ သာသနာဝင် ပုဂ္ဂိုလ်များ အခြေအနေကိုကြည့်၍ လည်းကောင်း၊ ဘာသာခြားစာပေ ဆင်ကြားသူတို့ အားရှိခိုးနှုတ်ကို ကြည့်၍လည်းကောင်း၊မစဉ်းစားပဲ မနေထိုက်သော အကြောင်းတရပ် ဖြစ်ပါသည်။

ကိုးကွယ်သူ အကျိုး မရလျှင်။ ။ထို့ပြင် ကိုးကွယ်သူ လူတို့အား လိမ္မာယဉ်ကျေးဆောင် မစဟာပြောနိုင်မှုလည်း သာသနာတော်အားနည်းဖို့ရာ ကြီးစွာသော အကြောင်းတခု ဖြစ်ပါသည်၊ မှန်၏၊ သာသနာဝင်ပုဂ္ဂိုလ်များသည် လူဝတ်ကြောင်များ၏ ပစ္စည်း ၄-ပါးကို ပို၍ သာသနာ့ဝန်ကို ဆောင်ကြရု၏၊လူဝတ်ကြောင်များကလည်း ဝန်ဆောင် ပုဂ္ဂိုလ်တို့၏ ဝန်ဆောင်ပုံကို အားရကျေနပ်မှသာ သူတို့၏ချွေးနဲစာကို ခွဲဝေ၍ လှူဒါန်းလိုကြဝေမည်၊ ကျေနပ်ဖွယ် အကြောင်းများမှာလည်း ဒုပုံထိုင်ပုံကို ကြည့်ညှိကျေနပ်ခြင်း သူတို့အား လိမ္မာယဉ်ကျေးဆောင် သွန်သင်ပြသ၍ ဤဘဝ, နောင်ဘဝအတွက် ကောင်းကျိုးချမ်းသာကို ရစေခြင်း၊ သူတို့၏ ကလေးများကို တတ်သိလိမ္မာစေခြင်းများ ဖြစ်၏၊ ရွေးရွေး မြန်မာမင်းများ လက်ထက်က ဤအချက်များ အပြည့်အစုံ ရရှိကြ၍သာ ဤသာဆနာကို လေးစားကြည်ညို ကိုးကွယ်ခဲ့ကြခြင်း ဖြစ်သည်။

ရှင်ဘုရင်လဲဘုန်းကြီးကျောင်းသား။ ။ဆက်ပါဦးမည် ဤမြန်မာနိုင်ငံဝယ် အနော်ရထာမင်း လက်ထက်မှစ၍ တိုင်းသူပြည်သားနှင့် သာသနာတော်အည် လွန်စွာနေဆားကျ၍ ပဏာရခဲ့လှ

ပေ၏၊ သံဃာတော်ဘက်ကလည်း လိမ္မာယဉ်ကျေးအောင် ဟောညွှန်သင်ပြ နိုင်သဖြင့် တိုင်းပြည်၏ ယဉ်ကျေးမှုဒါဆင့်အတန်းသည် အမှန်ပင် တိုးတက်ခဲ့ ပေ၏၊ တိုင်းသူပြည်သားတို့ကလည်း ကျေးဇူးတင်လှသဖြင့် သာသနာတော်ကို အားကိုးတခုပြုကာ ၄-ဖြာသော ပစ္စည်းကို အသီးသီး ထောက်ပံ့ခဲ့ကြ၏၊ ထို့ကဲ့သို့ ဖာသမည ပစ္စည်းတပ်၍ အထပ်ထပ် ကျေးဇူးပြုခဲ့ကြသည်မှာ မြန်မာ မင်းမျိုး၏နောက်ဆုံးအခါနန်ကျဖောင်ပင် ဆရာလုပ်သူလည်း ဘုန်းတော်ကြီး၊ ရှင်ဘုရင် လုပ်သူလည်း ဘုန်းကြီးကျောင်းသားပင်ဖြစ်ခဲ့ပါသည်။

ဗုဒ္ဓသာသနာ့ တက္ကသိုလ်ကြီးရှိလျှင်။ ။ထို့နောက် စစ်ဘေး စစ်ဒဏ်ကြောင့် နိုင်ငံသည် မရှုမလှ လက်အောက်ခံ ဘဝသို့ ကျရောက်ခဲ့ရတော့၏၊ ထိုသို့ရောက်ရစေကာမူ ထိုခေတ်က ဘုန်းတော် ကြီးများနှင့် လူကြီးလူကောင်းတို့သည် သာသနာတော်၏ ဒေရှိန်အဝါသြဇာ မသေးအောင် စီမံနိုင်ခဲ့ပါလျှင် (ထိုအချိန်က ထွန်းကားလာသော သံပုံဝိဇ္ဇာ တွင် အပြစ်ကင်းဆည့်ဘက်သို့ ဘုန်းတော်ကြီးများလက်မှ မလွတ်ရအောင် ရွှေက အားလုံး လက်ခံပြီးဖြစ်သော "နောက+နော" စသည်ကို "ကိုး တလီ+ကိုး" စသည်ဖြင့် ပြုပြင်၍ ရှေးရိုးအတိုင်း အထောက်အပံ့ကိုလည်း တက်မခံကြပဲ သင်ပြခဲ့ကြပြီးလျှင် နောက်၌လည်း ခေတ်အလိုက် တိုးကာ တိုးကာ သင်ပြနိုင်မည်ဆိုပါမူ) ယခုလို လွတ်လပ်ပြီးသော အချိန်မှာ အခြေခံ ကျောင်းများနှင့်တကွ ပညာစုံ ပို့ချနိုင်သော ဗုဒ္ဓသာသနာ့ တက္ကသိုလ်ကြီး များများမတ်မတ်ထည်ရှိပြီး ဖြစ်နေရာ၏။

ယခု အခြေအနေ။ ။လိုဘို့ကာ ကည်ရှိပြီးဖြစ်နေလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်နှင့်ဗုဒ္ဓမြတ်စွာသာသနာတော်သည် အတိုင်းထက် အလွန် တံခွန်နှင့်ဘုန်းကံရှိသို့ ကမ္ဘာမှာ ကြွားနိုင်လောက်အောင် ကျက်သရေ ကို ဆောင်လျက် ရှိရာသည် မဟုတ်ပါလော၊ ယခုသော်ကား ဖြစ်နိုင်စလောက် စသာ အကောင်းအစုကို မစီမံနိုင်ခဲ့မှုကြောင့် သမ္မတ(သမတ) လုပ်သူလည်း ဘုန်းကြီးကျောင်းသားမဟုတ်၊ ဝန်ကြီးချုပ် စသူများလည်း ၎င်းနည်းသော၊ တတိုင်းပြည်လုံးလိုလိုပင် လူကြီး လူကောင်းဆိုသူတို့၏ သားသမီးတွေကား.... (ဘုရား....ဘုရား....ဘုရား)ဟု ငြီးကွားဖို့သော ကောင်းပါတော့သည်၊ ထိုသို့

ဖြစ်နေရသည့် အတွက်လည်း အပြစ်မတင်သာပါ၊ လောလောဆယ် အသက်မွေးဝမ်းကျောင်းအတွက် ကျွန်နည်းအတိုင်းပင် သင်ကြရာပေလိမ့်မည်၊ ထိုသို့သင်ကြသည့် အတွက်ကြောင့်ပင် ယခုအခါ မျှားစွာသော ဘုန်းတော်ကြီးကျောင်းတွေမှာ ပြောပလောက်အောင် ကျောင်းသားမျှား ရှိကြသေးရဲလား (ဘယ်သူမပြု၊ မိမိမှုပဲနော်)။

ငရုးကလိုဆိုလျှင် မတိုက်တွန်း။ ။ဆင်ပါဦးမည်၊ ရဟန်းတော် မျှားသည် အလွန်ငရုးခေတ်ကကဲ့သို့ မဂ်ဖိုလ်ရအောင် ဝိပဿနာဝုရုကို သဲသဲမဲမဲ ကြိုးစားနေကြပါလျှင်လည်းကောင်း၊ ပိဋကတ်တော်ကိုချည်း အားရပါးရ ကြိုးစားနေကြပါလျှင်လည်းကောင်း၊ ငရုးခေတ်ကလို မသင်ပြပဲ လွတ်လွတ်နေခဲ့ကြပါလျှင် လည်းကောင်း၊ ကလေးတို့အားလောကီ သိပ္ပံ ဗိဇ္ဇာ သင်ပြပေးကြဖို့ရန် ဘယ်နှယ်ပင် မတိုက်တွန်းလို့ပါ၊ ယခုခေတ်ကား မြန်မာနိုင်ငံတော်ဝယ် ငရုးခေတ်ကစ၍ ပရိတိုင်အောင် ကလေးမျှားကို ရဟန်းဘော်မျှားက သင်ပြနေကြပါလျက် သင်ပြယင်း သင်ပြယင်းက သင်ပြမှု အားမခ၍ လက်လွတ်ဖြစ်ကြရတော့မည်ကို (လက်လွတ်ဖြစ်ရုံမက သာသနာတော်လည်း အားနည်းနေပုံကို) မြင်ရသောကြောင့်သာ ကျွန်ုပ်သို့ အနဝဇ္ဇသိပ္ပဝိဇ္ဇာကို ကိုယ့်ဆိုင်ရာဒေသ၌ မြို့မြို့ဆိုင်ဆိုင် သင်ပြနိုင်ဖို့ရန် တိုက်တွန်းလိုပါသည်။

ဘုန်းကြီးကျောင်းသား မရှိလျှင်။ ။ဘုန်းတော်ကြီး မျှား၏ ကျောင်းမှာ ဓကျောင်းသား မရှိလျှင် ကိုရင်သာမဏေကာမရှိလျှင် ရဟန်းတော်လည်းမရှိနိုင်၊ ကျွန်နည်းအားဖြင့် မြန်မာနိုင်ငံ သာသနာတော်အတွက် ဝန်ထမ်းနိုင်မည့် ပုဂ္ဂိုလ်မျှား မကြာမီ (အဆက်မပြတ်သေးခစကားမူ) အားနည်းဖို့ကား အလွန်သေချာပြီ မဟုတ်ပါလော၊ ဤအချက်ကို ဂရုမပြု လျစ်လျူရှုလိုက်ကြပါလျှင် ယခုအခါ ထင်ရှားသော ဆရာတော်မျှား၏ တာဝန်သာလျှင် လုံးလုံးဖြစ်ရစ်ပါလိမ့်မည်၊ မှန်၏၊ ယခုအခါ မဂ္ဂင်းကျိုး ရဖန်သမျှသည် ရှေးရှေး ပုဂ္ဂိုလ်မျှား၏ တာဝန်ဖြစ်သကဲ့သို့ အနာဂတ် မဂ္ဂင်းကျိုးကိုလည်းယခုပုဂ္ဂိုလ်မျှားကြောင့်ဟုပင် ဆိုရစ်ပါလိမ့်မည်၊ ဤကား သာသနာအားနည်းရခြင်း၏ အကြောင်းတမျိုးပါတည်း။

အတုအယောင်မျှားကြောင့် တပေမှောင့်။ ။သာသနာရေး ကိစ္စမျှားဌ် အာတု အဒယောင်တွေ ပေါ်မျှားလာခြင်း လည်း သာသနာတော်ကို ဆထင်းသေးဖွယ်ရာ၊ သာသနာ ဆုတ်ယုတ်ခြင်း၏ အကြောင်းတမျိုးဖြစ်၏၊ မှန်၏၊ အလှူဒါနပြုရာဌ်ဒါနစင်စစ်ပါရမီဖြစ်အောင် မပြုပဲ ဂုဏ်ပကာသနကို ပဓာနထားရှိပြုခြင်း၊ ဥပုသ်သီလ ဆောက်တည်ဆောဌ် စိတ်စင်ကြယ်အောင် မဆောက်တည်ပဲ အပျော်အပါးနှင့် သူမျှားယောင်ရှိ ယောင်ခြင်း၊ ယခုအခါ ဘာဓနာကမ္မဋ္ဌာန်းစီးဖြန်းထုဌ်လည်း အတုအယောင် ဓတ္တ အတော်ပေါ်မျှားနေဟန်ကူခြင်း၊ ဘုဏ်းပဲ့စသော သာသနာရေးကိစ္စဌ် ဘုထူးတရားဓတ်နှင့် မညီသော အပျော်အပါး ပဲ့လမ်းသာင်ဓတ္တပါဝင်နေရှိ အစစ်အမှန် ပူဇော်မှု စသည်ကိုကား ဝတ်ကျေ တမ်းကျေပြုခြင်း၊ ရဟန်း သာမဏေ ပြုလုပ်ထုဌ်လည်း ဘာမျှနားမလည်ပဲ မိရိုးဖလာပြုကြခြင်း၊ စသည် တို့သည် အတုအယောင်တွေ ချည်းသာ။

ထိုအတုအယောင်ကို ကြည့်ရှုလည်း ဟာသာခြားနှင့် ဟာသာခြားစာပေ ကိုသာ သင်ယူခဲ့ကြသော နောင်လာနောက်သားတို့က "သူတို့ အလှူဒါန ကာ ဒီလိုတဲ့လား၊ ဒီလိုစားစသောက်ပျော်ပါးရှိညစာမစားရတာကို ဥပုသ်စောင့်တာ ဆိုပဲ၊ ဘုထူးပူဇော်ပဲ့ဆိုတာ ဒီလို ဇာတ် ရုပ်ဒသးတွေနဲ့ ပူဇော်ကြရဆိုကိုး၊ ကမ္မဋ္ဌာန်းပေါက်တယ်လို့လဲဆိုသေး၊ ပြီးတော့—" ဤသို့ ထည့်ဖြင့် တာသနာ တော်ကိုပါ အထင်အမြင် သေးကြပါတော့ဟည်၊ ဤသို့ အထင်သေးခံရခြင်း သည် သာသနာတော်အားနည်းဖို့ အကြောင်းတမျိုး ဖြစ်ဝေ့ဓ်။

စီးပွားနှင့် ကိုယ်ကျင့်ပျက်မှု။ ။ဖခြားအကြောင်းမျှားလည်း ရှိပါသေး၏၊ ထိုအကြောင်းမျှားဟား ကိုးကွယ်သူမျှား၏ စီးပွားဆုတ်ယုတ်မှုနှင့် အပျော်အပါးမျှားမှပင်တည်း၊ မှန်၏၊ ကိုးကွယ်သူမျှား စီးပွားဓရး ဆုတ်ယုတ်လျှင် "အူမ မကောင့်၍ သီလမင်းဌင့်နိုင်ရုံ သာမက ဒါနလည်း မပြုနိုင်ကြဓေ့" ကျေးရွာမျှားဌ် ယခုနှစ် မိုးမကောင်းလျှင် အလှူ ဒါနဆုတ်ယုတ်ပုံကိုလည်းကောင်း၊ မြို့ပြတို့ဌ်လည်း အရောင်းအဝယ် မကောင်း လျှင် ဆွမ်းအခက်အခဲတွေ့ရပုံကိုလည်းကောင်း လက်တွေ့မြင်နိုင်ပါသည်၊ ယခု အခါ စီးပွားရေးအတွက် အမျှားဏ်ငြိုးတွားသံကို ကြားနေရ၏၊ ဝတ်မှုစားမှု

အဘုအပအပျော်အပါးတွေကလည်း မျှားသည်ထက် မျှားလာ၏၊ သူတို့ ရှာဖွေရှုခဲသော စီးပွားသည် "ကုလား ခပ်တဲ့ဂျ ကုလား ဓဆးဖိုတောင် မလောက်သလို ဖြစ်နေတော့အဲ" ဤအာဘိုင်းသွားလျှင် အနာဂတ်ကာလ၌ ပစ္စည်း ၄-ပါးနှင့်စပ်၍ ကျောင်း ဘုရား သံဃာ အားလုံး၊ ဝင် ဓခြောက်ကပ်ဆစ် ဖြစ်သွားဖွယ်ရှိလေသည်။

စစ်ဘေးဒဏ်။ ။သာသနာ ဆုတ်ယုတ်မှုနှင့်စပ်၍ အလွန် ကြောက်မက်ဖွယ် ဘေးကြီးတရပ်လည်းရှိသေး၏၊ ထိုဘေးကြီးကား တိုင်းပြည် တိုင်းက ကြောက်ရွံ့နေကြရသော ပြည်တွင်းပြည်ပ စစ်ဘေးကြီးတည်း၊ ထိုစစ် ဘေး စစ်ဒဏ် ခံရပြန်လျှင် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်များ၏ သိလသိက္ခာ ထိန်းသိမ်းမှုလည်း၊ လျှော့သွား၏၊ ဂန္ဓဓုရတာဝန်ကိုလည်း ကောင်းစွာမဆောင် နိုင်ကြ၊ လွန်ခဲ့သော ဒုတိယကမ္ဘာစစ်အတွင်းက ဤ နိုင်ငံတော် သာသနာ၏ အခြေအနေကို ပြန်သုံးသပ်ကြပါလေ။

ထိုသို့စစ်ဖြစ်ရာ၌ ဗုဒ္ဓဘာသာ မဟုတ်သူကိုသာ နိုင်ငံကို လွှမ်းမိုးသွားပါ လျှင် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို သွယ်ဝိုက်ဒဏ်ခနည်းအားဖြင့် ဖြစ်စေ, တိုက်ရိုက်အားဖြင့် ဖြစ်စေ ဖိစီးနှိပ်စက်ဘတ်လေသည်၊ (အချို့ နိုင်ငံများ၌ ဤနည်းအားဖြင့် ဗုဒ္ဓသာသနာ ကွယ်ခဲ့ရပုံကို ကမ္ဘာ့ ရာဇဝင် လေ့လာ ကြည့်ပါ။)

သိုဟန်ဘွားဓခတ်။ ။ဤမြန်မာနိုင်ငံ၌ပင် သိုဟန်ဘွားဆိုသူ အုပ်စိုးခိုက်နှင့် ကျုံစဉ်းက ကျမ်းတက်ဆရာတော် အမျှားပင် အသတ် ခံရသည်ဟု ရာဇဝင်ဆိုသဘတ်၊ ထိုအချိန်က မြန်မာသွေးစစ် ဗုဒ္ဓဘာသာဝင် ဖြစ်သော မင်းကြီးရန်နောင်နှင့် အပေါင်းပါ မှူးမတ်တို့ မကယ်တင်နိုင်ခဲ့ပါ လျှင် ဤသာသနာတော်သည် ထိုအချိန်ကပင် တိုင်းတပါးသို့ ပြောင်းသွား လောက်ဆုလေပြီ၊ မှန်၏၊ မျှားစွာဓသာ တိုင်းသူပြည်သားတို့သည် ခေါင်း ဆောင်နိုင်မည့်သူရဲကောင်း မပေါ်လာလျှင် အုပ်ချုပ်သူတို့ အလိုအတိုင်းသာ နေဝံ့ထိုင်ဝံ့ကြရာလေသည်။

ဝန်ဆောင်သံဃာများများလို။ ။ယခုအခါ တကမ္ဘာလုံး စိတ်မအေးရသော်
ထိုစစ်ဘေးကြောင့် အေးအေးချမ်းချမ်းနေ
နိုင်မည့် နည်းလမ်းကောင်းကို ရှာနေကြသော အချိန်ပြစ်၍လည်း ကောင်း၊ ဗုဒ္ဓ
ဘာသာ နိုင်ငံများက သာသနာတဝက် အချိန်အခါဝယ် သံဃါယနာင်
ခြင်းစသည်ဖြင့် ထထကြကြ ရှိကြ၍လည်းကောင်း၊ အနာဂတ်အခါ၌ ထိုထို
နိုင်ငံဝယ် ဗုဒ္ဓဘာသာဝင် လူအများတို့က များလာဖို့ရန် လမ်းရှိ၏၊ သို့လော်
လည်း သာသနာ့ဝတ်ဝန်ကို ထမ်းဆောင်နိုင်မည့် သူတော်ကောင်း ရဟန်း
တော်များကား များကောင်းမှ များနိုင်ပေတော့မည်၊ ဘာ့ကြောင့်နည်း၊
နိုင်ငံအားလုံးမှာပင် ကိုယ်ကျင့်ပျက်ပြားမှုက သောင်းကျန်းလျက်ရှိရာ ထို
ကိုယ်ကျင့် ပျက်ပြားမှုသည် ရဟန်းတော်များ၏ စိတ်ဓာတ်ကို ဘေးရန်အားဖြင့်
ကူးစက်လာနည်းသာ ဖြစ်သောကြောင့်တည်း၊ ထို့ကြောင့် ဝန်ဆောင်ပုဂ္ဂိုလ်
များများထွန်းကားလာဖို့ အရေးကား အနာဂတ်အတွက် မျှော်လင့်ဖို့ ဓဝး
လှဆေးသည်။

ရဟန်းတော်များသာ ဝန်ဆောင်နိုင်။ ။သာသနာဗေဒာ တည်ကံရေးဥစ္စာကား
ဗုဒ္ဓဘာသာဝင် လူဝတ်ကြောင်တို့
များနေခြင်းထက် ဝန်ဆောင်ရဟန်းတော်များခြင်းက သာ၍ အရာရောက်၏၊
မှန်၏၊ ကိစ္စများမြောင် လူဘတ်ကြောင်တို့သည် သာသနာတော်၏ ရေသောက်
မြစ်ဖြစ်သော ပရိယတ္တိဓမ္မကို သင်ယူပို့ချသောအားဖြင့် မဆောင်ထားနိုင်ကြ၊
ရဟန်းတော်များကသာ ကိစ္စ နည်းပါးသဖြင့် ဆောင်ထားနိုင်ကြသည်၊
ထိုဝန်ဆောင် သံဃာများများ စုဝေးနေနိုင်ဖို့ရာလည်း ဤပြည်ထောင်စု
မြန်မာနိုင်ငံတော်ထက် ကောင်းသော နိုင်ငံရှိစေတော့မည်မထင်ပါ၊ တို့ကြောင့်
ဤမြန်မာနိုင်ငံမှာပင် သာသနာတော်လည်း ဤနေရာ၊ နိုင်ငံတော်လည်း အခြေ
ကျမည့် နည်းဟောင်းလမ်းမှန်ကို အချိန်ပင်နှောင်းသော်လည်း ဆိုင်ရာတို့သော
အကြောင်းများကို အားပြုကာ ကြံစည်စဉ်းစားသင့်ကြပါသည်။

အားပြုဖွယ်အကြောင်းများကား-

(က) နိုင်ငံခေါင်းဆောင်များတွင် (ဘုန်းကြီးကျောင်းထက် မဟုတ်စေ
ကာမူ) ဗုဒ္ဓဘာသာကို ယုံကြည်သက်ဝင်နေသူများ အများအပြား
ရှိထားခြင်း။

ဆရာတော်၏ ဆန္ဒတော်

(ခ) တိုင်းသူပြည်သား လူအများစုလည်း ဘုရား တရား (ရတနာ ၂-ပါး နှင့်) ကောင်းမွန်စွာနေထိုင်ကြသော သံဃာတော်များကို လေးစားကြသောခြင်း။

(ဂ) ယခုအခါမှာ ဝိနည်း သိက္ခာလေးစား၍ ပိဋကတ် ကျမ်းကျွမ်း, ဓမ္မဆိုလည်း မြော်မြင်နိုင်သော ဆရာတော်များ မနည်းပါး သေးခြင်း။

(ဃ) ထိုဆရာတော် သံဃာတော်များသည် တပါးစီ တပါးစီ ဆိုလျှင် အားအင် မကြီးမားလှသော်လည်း စုပေါင်းမိက အလွန်ကြီးမား သော အင်အားရှိခြင်း။

(င) ထို့ကြောင့် သံဃာတော်များဘက်က ယခုတကြိမ် နည်းလမ်း မှန်စအာင် ပြုပြင်နိုင်ကြလျှင် ကျေးလက်ရော မြို့တွေပါ တပြုံကြီး နောက်က ပါလာဖွယ်ရှိခြင်း။

နောင်ခါ လက်လွတ်မည်။ ။ဤအချက်များသည် ပြုပြင်ရာ၌ မျှော်လင့်ဖွယ် ကောင်းသော အချက်များဖြစ်ပါသည်၊ နောင် နှစ်ပေါင်း အတော်ကြာလျှင်ကား ဤအချက်များလည်း တစတစ လက်လွတ် သွားပါလိမ့်မည်၊ မှန်၏- နောင်ခါ ၁၀-နှစ်, ၁၅-နှစ်လောက်ကြာလျှင် ယခု သြဇာရှိနေသော ဆရာတော်တို့ အများအားဖြင့် ရှိကြတော့မည် မဟုတ်၊ ကျန်ဆရာတော်များလည်း ယခုလောက် အင်အားမရှိနိုင်၊ ထိုဆရာတော်များ မရှိခါနီးမှာ သာသနာ့အရှိန်သည် ယခုထက် မြားမြန်ပါလိမ့်မည်၊ ယခုအခါ သာသနာတော်ကို လေးစားနေသေးသော ဒကာ-ဒကာမတို့လည်း သူတို့၏ သားသမီးများကို သူတို့ကဲ့သို့ သာသနာတော် လေးစားအောင် ယခုကပင် မသွန်သင်နိုင်ကြ၊ အနာဂတ် ၁၀-နှစ်လောက်မှာ ဘာသာခြားစာသင်ကျောင်း မှ ထွက်သာသူများ တိုင်းပြည်၌ တောထွေးမြို့ပါ ဒေါင်းဆောင်လုပ်ကြတော့ လတံ့၊ ထိုအခါနှင့် ဘုန်းကြီးတို့၏ သာသနာ့အခြေအနေမှာ မြန်မာနိုင်ငံဝယ် ဘယ်လိုဖြစ်နေရစ်စထု ရှိသည်ဟု ယခုကပင် ကိုယ်စီကိုယ်ငြား တွေးကြည့်သင့်ကြပါသည်။

ကိုယ့်ဓရး ကိုယ့်တွေးကြပါ။ ။ထို့ကြောင့် နောင်ဘဝတွေ့ကျ ကိုယ်ရေး
ကိုယ့်တာကို လေးလေးနက်နက် တွေးတော
လေ့ရှိသူတို့လည်း ယခုတွေ့ရသော သာသနာတော်ကို အားကိုးကြပါစေး၊
နောက်တကြိမ် လူဖြစ်ရသော်လည်း ယခုလောက် အသားကျ သာသနာကို
တွေ့ရမည့်, မတွေ့ရမည်ထိုဘာ မဇသချေပါ။ အမျှားအားဖြင့် မကွေ့ဖိုခဲယဉ်း
သည့်ပြင် နောက်တကြိမ် မိဘလုပ်မည့် ယခုကလေးများ၏ ခေတ်နှင့်စိတ်ထား
ကို စဉ်းစားမိက သူတို့၏ သားသမီးဖြစ်ဖို့ဇရေးမှာ မတော်ဝံ့ဇာင်ကြောက်
စရာ မဟုတ်ပါလော၊ နတ်ပြည်သို့ ရောက်သွားပြန်လျှင်လည်း ထို နတ်ပြည်
စည်းစိမ်ကို ခံစားရုံသာ၊ ကုသိုလ်ပါရမီကား အလွန်ရှာတတ်သူမှ နည်းနည်း
ပါးပါး ရပါလိမ့်မည်၊ နတ်ပြည်က ဘခေါက်ပြန်လာခါန်မှာမူ ဤသာသနာ
တော်သည် အစအနမျှ ကျန်တော့မည် မဟုတ်ပါ။

သာသနာ့အဇရး ကိုယ့်အဇရး။ ။သာသနာတော်အရေးကိုပင် ကိုယ်ဇရေးဟု
ထင်မြင်နေသူ များလည်း အင်အားရှိလ မျှ
ဝိုင်းဝန်းရှုပြုပြင်ကာ အဖိုးတန်ပါရမီကို ယူကြပါလော၊ ဤသာသနာတော်
သည် ရှေးအခါကပင် ပြုပြင်သူရှိလျှင် ရှိသလောက် တိုးတက်ခဲ့ပါသည်၊ မြေမာ
ဆောကမင်း လက်ထက်, သီဟိုဠ် ဒေဝါနံပိယတိဿမင်း လက်ထက်, မြန်မာ
နိုင်ငံဝယ် အဓနာရထာမင်းနှင့် မင်းတုန်းမင်းတရားလက်ထက် စသည်ကိုကြည့်
ပါ၊ ထို့ကြောင့် ငှက်ပျံသည့်ပမာ ပြုပြင်သူဇရှိလျှင် ဇရှိသလို နှိုင့်ရှုပြုပြင်သူ
ရှိလျှင်ရှိသလောက် မြင့်စသောအားဖြင့် နိမ့်ချည်မြင့်ချည် အလိုလိုဖြစ်ပျက်ရှိလာ
ခဲ့ရဓသာ ဤသာသနာတော်မြတ်ကြီးကို ဓာတုပရိနိဗ္ဗာန်စံသည်ဖြစ်ထိ ကွယ်ပ
နိုင်စေသေးပဲ အဓွန့်ရှည်စွာ တည်တံ့လျက် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အမျှား၏
စီးပွားချမ်းသာ ဆောင်နိုင်မည့် နည်းလမ်းကို သဒ္ဓါဇာသစ်, ဘဏ်ဇာစစ်, ဝိရိယ
ဇာသစ်လောင်းရှိ စုဝေပါင်းရှာဖွေကာ အမြန်ဆုံးပြင်ဆင်နိုင်ကြပါဇေသတည်း။

အရှင်ဇနကာဘိဝံသ

သာသနာဝင်တော်.... ၂၄၉၉
ပြာသိုလ ... ၁၃၁၇
ဇန္နဝါရီလ ၁၉၅၆

အထက်ပါ ဆရာတော်၏ မျှော်လင့်သောဆန္ဒတော်နှင့်အညီ "သဒ္ဓါအသစ် ဉာဏ်အသစ်, ဝီရိယအသစ် ဖလာင်းရှိ စုပေါင်းရွာဖွေကာ သာသနာတော် အတွက် ဆရာတော်၏ ဟောဗျာထုံးကို ကျမ်းစာတစောင် ဖြစ်မြောက်ပြီး ကျွန်ုရစ်အောင် ကြိုးစားကြရခြင်း ဖြစ်ပါသည်။

သာသနာတော် ကွယ်မည့်အရေး။ ။ဗုဒ္ဓသာသနာတော်သည် စောင့်ရှောက်မည့်သူ, ကိုးကွယ်မည့်သူမရှိလျှင် ကွယ်ရမည်မှာ ဓမ္မတာပင် ဖြစ်ပါသည်၊ ထိုကဲ့သို့ သာသနာကွယ်ရာ၌ ပရိယတ်တိ-သာသနာ ကွယ်ရမည့် အကြောင်းတွင် ဝိနည်း, သုတ္တန်, အဘိဓမ္မာ တရား တော်များအနက် အာဘိဓမ္မာတရားတော်သည် အလျင်ဦးစွာ ကွယ်ပါလိမ့်မည်၊ ဆဘိဓမ္မာ တရားတော်တွင်လည်း ပဋ္ဌာန်းတရားတော်သည် ဦးစွာ ကွယ်ပါလိမ့်မည်၊ အဘယ့်ကြောင့် ဦးစွာ ကွယ်မည်နည်း၊ လေးလေးနက်နက်စဉ်းစားသင့်ကြပါသည်။

အလွန်ကံကောင်းသောအချိန်။ ။ဗုဒ္ဓမြတ်စွာတဆူ လူလောကတွင် ပွင့်ထွန်းဖို့ရာ အလွန် ခက်ခဲပါသည်၊ ထို့အတူ ဗုဒ္ဓမြတ်စွာ၏ သာသနာဟော်တွင်း လူအဖြစ်ရဖို့ရာလည်း အလွန်ကြုံကြိုက်ဖို့ ခက်ခဲပါသည်၊ သာသနာဘွင်း လူ့အဖြစ် ကြုံရသော်လည်း ရဟန်းမြတ်ဘဝ ရောက်ဖို့ရာ ခက်လှပါသည်၊ လူ့ ရဟန်းအဖြစ် ကြုံရပါသော်လည်း သဒ္ဓါတရားနှင့် ပြည့်စုံဖို့ရာ အလွန်ခက်ပြန်ပါသည်၊ ထို့ထက်သူတော်ကောင်း တရားကိုဗုဒ္ဓအလိုတော်ကျ နာယူရဖို့ရာ အလွန်အလွန် ခက်လှပါသည်။

ထိုကဲ့သို့ အခက်အခဲများမှ လွန်မြောက်၍ အခါအခွင့်ကောင်း ကြုံကြိုက်ရုံသာမဟုတ်၊ ပရိယတ်တိသာသနာတွင် ဦးစွာကွယ်မည့် အလွန်နက်နဲသိမ်မွေ့လှသော သမ္မာသမ္မဒ္ဓ မြတ်စွာဘုရားတို့သာ ကျက်စားရာဖြစ်၍ သဗ္ဗညုတ ဉာဏ်တော်မြင့်၏ ပမာဏအတိုင်းဆင်ခြင်တွေးတောကို သိနိုင်ရာဖြစ်သော တခုဟည်းသော အလွန် ကြီးကျယ်နက်နဲလှသည့် ပဋ္ဌာန်းတရားတော်ကြီးကို ကိုယ်ကျင့်တရား အနေဖြင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်းတိုင်း လက်တွေ့ မိမိစိတ်ကို ပြုပြင် ကျင့်သုံးနိုင်၍ သဒ္ဓါသစ်, ဉာဏ်သစ်, ဝီရိယသစ်တို့ကို ဆရာဇော်၏ ဆန္ဒတော် အဝိုင်းဖြစ်မြောက်နိုင်ရန် ဟောကြားထားသဖြင့် စာကိုဖတ်၍ တရားတော်ကို ဓလေ့စား နာယူကြရသူများသည် အလွန်ကံကောင်းလှသည်ဟု ဆိုရပါသည်၊

ကျေးဇူးတင်သင့်သူမျှားး။ ။ဤထရုးတော်ကို အသံဖမ်းယူစဉ်က မဂ္ဂဇော်ဂုံ စေတီတော်ဂေါပက ဘဏ္ဍာဘော်ထိန်း လူကြီး ဗိုလ်မှူးဇအောင်သိမ်း၏ အကူအညီသာ မရရှိခဲ့လျှင် ထရုးတော်ကို ဤမျှ တပြည်လုံးပြန့်နှံ့အောင် (စာရေးသူသည်) ဆောင်ရွက်နိုင်ခွင့်ရမည်မဟုတ်ပါ၊ ယခုအခါ ဤပဋ္ဌာန်းတရုးတော်သည် တိတ်ဇခွအတွင်းမှ အထက်မြစ်ကြီးနား အောက်ဘက် မြိတ်မြို့အထိ မြန်မာပြည်အနှံ့ စာရေးသူကိုယ်တိုင် ကူးယူပြန့်နှံ့ ဇအောင် ဆောင်ရွက်နိုင်ခွင့် ရခဲ့ပါသည်။

ယခု အသံသွင်းကြိုးခွေမှ စာအုပ်ဖြစ်အောင် ကြိုးစားဆုဒ္ဓ အင်ဂျင် နိယာ ဦးကြည့်တဲ့၏ တဦးတည်း သည်းခံ၍ ကူးယူခဲ့ပြီး လက်ရေးမူပျှားကို ရရှိ၍ အဘိဓမ္မာ သင်တန်းပြအရာ, ဆရာဦးလှမောင်၏ အသူးကြိုးစား အားထုတ်မှုဖြင့် ဤကဲ့သို့ အမျှားဖတ်ရှုနိုင်အောင် ကျွန်တော်တို့ ကြိုးစား နိုင်ခွင့် ရခဲ့၍ ၎င်းတို့အား အထူး ဓကျေးဇူးတင်ထိုက်သူမျှား ဖြစ်ပါသည်။ ဆရာကော်အားပူဇော်ပါသည်။ ။ဤပဋ္ဌာန်းဆရာတော်မြတ်ကြီးကို စာအုပ် အဖြစ် ထုတ်ဝေအောင် ဓဖော်ထုတ်ပေးနိုင် ခြင်းဖြင့်လည်းကောင်း၊ ဓမ္မစကြာ, အာနတ္တလက္ခဏသုတ် အစရှိဓသာ တရား ဓတော်မျှားနှင့် ဆရာဓတော်၏ သာသနာဓရေး သြဝါဒပျှားကိုလည်း စာအုပ် အဖြစ်သို့ဓရာက်ဓအောင် ကြိုးစားခြင်းဖြင့်လည်းကောင်း ဆရာဓတော်၏ မျှော် မှန်းချက်သာသနာတော်တွင် ဖြစ်ဓလိုဓသာအကျိုးစီးပွားတို့ကို သာသနာဓင် သဒ္ဓါတရားရှိသူမျှားကျင့်သုံးကြိုးစားနိုင်ရန် ကြိုးစားပူဇော်ကြပါသည်။

ယခု ဤပဋ္ဌာန်းတရားတော်ကြီးသည် ပုဒ္ဓပြော်စွား၏ သမ္မာသမ္မာဒိဋ္ဌိဓစစ် ဖြစ်ပုံ၊ သမ္မာညာဏ်တော်၏ နက်နဲပုံ အတိုင်းအတာပမာဏကိုသိရေးဌာန်အားဖြင့် အတွင် သဒ္ဓါတရားနှင့် ဉာဏ်ရှိသူမျှားအတွက် အကျိုးပြုနိုင်လိမ့်မည်ဟုယုံကြည် ပါသည်။

"ဝိဇ္ဇာနှင့် စရဏ" အသိဉာဏ်နှင့် အကျင့်တရားတို့၏အကြွင်းမဲ့ ပြည့်စုံသူ သာ သမ္မာသမ္ဗုဒ္ဓဉာဏ်ကို ရနိုင်ပါသည်၊ သမ္မာသမ္ဗုဒ္ဓဉာဏ်ကို ရပါမှုလည်း ဆမ္မာ-သမ္မာသမ္ဗုဒ္ဓ ဘုရားတဆူ ဖြစ်ဓတော်မူပါသည်၊ ဘုရားတဆူ ဖြစ်ဓတော်မူ ပဋ္ဌာန်းဓတော်မူမှ လည်း သတ္တဝါအမျှား အကျိုးစီးပွားကို အကြွင်းမဲ့ ဆောင်ရွက်တော်မူနိုင် ပါသည်။

ယနေ့ မိမိအကျိုး, အများအကျိုးကို လိုလားချိတ္ဓသဘသနာကို အမှီပြု၍ အားထုတ်နေသူများ မိမိတို့ကိုယ်တိုင် စရဏ·ကိုယ်ကျင့်တရားကိုအဓိကထား၍ အသိဉာဏ်ဝိဇ္ဇာ ဦးစီးလျက် မျတဆောင် ကြိုးစားနိုင်မှသာ အလိုရှိရာကိစ္စများ အောင်မြင်မည်ဖြစ်ကြောင်း၊ ယခု မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိ-ဝံသ၏ ပဉ္စာန်းဇရာတော်ကြီးက ပြည့်ပြည့်စုံစုံ အသေးစိတ် အသိပေးနိုင်ခဲ့ပါသည်။

ထို့ကြောင့် ပဉ္စာန်းတရားတော်ကြီးကို နာယူကျင့်သုံးရန် အသိဇာရာ ရအောင် ကြိုးစားလိုပါလျှင် မိမိတို့ ပြည့်စုံ သာင့်သမျှ ရဟန်း သီလ, လူသီလများကို ပြည့်စုံအောင် ငါကြိုးစားမည်၊ လောဘ, ဒေါသ, မာန, စသည် နည်းနိုင်သမျှ ဒုည်းစေရမည်၊ မာယာ, သာဌေယျ, မက္ခ, ပဠာသ, အာဇာနိဇာရာ ဇလားပါး, ဣဿာ, မစ္ဆရိယ=လှည့်ပတ်ခြင်း၊ ဟန်ဆောင်ခြင်း၊ ကျေးဇူးမဲ့ပြုခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ ချစ်၍ မတရားလုပ်ခြင်း၊ မုန်း၍မတရား လုပ်ခြင်း၊ ဘီ၍ မတရားလုပ်ခြင်း၊ မသိ၍ မတရားလုပ်ခြင်း၊ သူတထူး အပေါ်၌ မနာလိုခြင်း၊ ဝန်တိုခြင်းစသော လူကောင်းသူကောင်းတို့မနှစ်သက် မပြုလုပ်ထိုက်သော တရားတို့ကို မကြံစည်, မပြောဆို, မပြုလုပ်မိအောင် ကြိုးစားမည်ဟု ဆရာတော်၏ ဆန္ဒတော်အတိုင်း ကျေးဇူးဆပ်သောအနေဖြင့် သဒ္ဓါသစ်, ဉာဏ်သစ်, ဝီရိယသစ်တို့ဖြင့် ဆရာတော်အား ပူဇော်ကြလျက် မိမိတို့အကျိုးခိုးပွားကို ကြိုးစားကြမည်ဟု အဓိဋ္ဌာန်ပြုကြရန် အထူးပန်ကြား အပ်ပါသည်။

ဆရာတော်၏ ဆန္ဒဓတ်နှင့်အညီ သာသနာဇော်နှင့် အများအကျိုး စိုးပွားအတွက် ကြိုးစားအားထုတ်သူများကိုယ်စား ၁၃၇၉-ခု၊ နှစ်တော် လဆုန် ၂-ရက်နေ့က ပံ့လွန်တော်မူပြီးဖြစ်သောဆရာတော်အား ဤကြိုးစား အားထုတ် ပြီးမြောက်သော ကုသိုလ်အဖိုဖြင့် ပူဇော်ကန်တော့ပါ၏။

သာသနာ-၂၅၂၅ ထိန်ဝင်း
၁၃၄၃-ခု၊ နှောင်းဝန်ခူးလဆန်း ၉-ရက်
(၂-၄-၈၂)
ဒုတိယအကြိမ် ရိုက်နှိပ်ခြင်း

အခြေပြုပစ္စာန်း


နှာနာပကာရဋ္ဌာနာနီ၊ ပေဓိတာဒနေတ္ထ မုနီနာ။
ဆန္ဒနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဇိနံ စိရံ။

ဟော်၊ ဤအနန္တနယ သမန္တပဋ္ဌာန်း ကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။

နှာနာပကာရဋ္ဌာနာနီ၊ ဟေတု, အာရမ္မဏ စသည်များစွာ အကြောင်းအရာတို့ကို။ ပေဓိတာနီ၊ သပ္ပညူတာ ဉာဏ်တော် သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော် မူခဲ့ရ ပြီ။

အနန္တနယ ပဋ္ဌာန်းကျမ်း

"ပဋ္ဌာန" ဆိုတဲ့စကားက "ပ" က အမျိုးမျိုး အပြားပြား၊ "ဋ္ဌာန" က အကြောင်းပစ္စည်း၊ ဒါကြောင့် "ပ" အမျိုးမျိုး အစားစာများသော "ဋ္ဌာန" အကြောင်းပစ္စည်းတွေကို ဟောထုတြစ်ဘဲ့ ဤကျမ်းကို ပဋ္ဌာန်းကျမ်းလို့ ခေါ်တယ်၊ နည်းတွေကလဲ အများကြီးရှိလို့ "အနန္တနယပဋ္ဌာန်းကျမ်း" လို့ ခေါ်တယ်။



အခေါ်ခြင်း ပဋ္ဌာန်းတရားတော်

ပထမနေ့

သာသနာတော်၂၅၁၆-ခု၊ ၁၃၁၃-ခု၊ နှောင်းတန်ခူးလဆန်း ၇-ရက်၊ ၁၉၇၃-ခု ဖြေလဒု-ရက်၊ တနင်းလာနေ့နံနက်အရုဏ်ဆွမ်းစားပြီး သြဝါဒပေးပြီးချိန်တွင် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်၌ မဟာဂန္ဓာရုံ ဆရာတော် အနှင်္ဂနကာဘိဝံသ ဟောကြားတော်မူသော အခေါ်ခြင်း ပဋ္ဌာန်းတရားတော်။

နဓမာ တာဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အခေါ်ခံစကား

သယံ ဗုဒ္ဓေါ ဿမ္မောဓေသိ၊ ဓမ္မေပိ ဓမ္မသတ္ထိယော။
အဟော နော တဿ သုဘတ္တံ၊ အဟော နော ဓမ္မစိန္တနံ။

(ယော ဇိနော၊ မကိုဋ်ရွောင်လှဲ့ ဥသျောင်ပုံဝယ် အောင်လံစုံစုံ လွှင့် တလူလူ အကြောင်အောင်တော်မူ မြတ်စွာဘုရားသည်။) ဓမ္မေပိ၊ ရွှေနှောက်စည်လျက် ပြုစ်တိုင်းပျက်၍ အဆက်ဆက်မနှော တရားသဘောတို့ကိုလည်းကောင်း။ ဓမ္မသတ္ထိယောပိ၊ တရားတိုင်း၏ ဓာတ်ခံပြည့်လျက် သတ္တိအင်အား စုံမ်းပကား တို့ကိုလည်းကောင်း။ သယံ ဗုဒ္ဓေါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါမြိုင်ဝယ် ကိုယ်တိုင် စတင် သိမြင်တော်မူပြီးသည်ဖြစ်၍။ သမ္မောဓေသိ၊ သိတန်သမျှ ဝေနေယျကို မြွက်ဟလှစ်ဖော် သိစေတော်မူခဲ့ပေပြီ။ တဿ(ဇိနဿ)၊ အောင်မြနက်သန် ဗောဓိမဏ်ဝယ် အောင်လံစွင့်စွင့် လွှင့်တလူလူ ထို အောင်တော်မူ မြတ်စွာဘုရား၏။ သုတတ္တံ၊ တရားဓမ္မ သြဝါဒကို ကြားရရှင်ပျော် သားတော်သမီးတော် ဖြစ်ရခြင်းသည်။ အဟော နော၊ ကိုယ့်တွက်ကိုယ့်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာ ခုနှယ် သြော်....ပမ်းမြောက်ဖွယ်ကြီးပါတကား။ ဓမ္မစိန္တနံ၊ ဓမ္မသက်သက် ရွှေနှောက်ဆက်၍ ဖြစ်ပျက်နေဟန် ကြောင်းကျိုးမှန်ကို ဖန်ဖန် ခဲ့ဝေ ကြံစည်၍နေရခြင်းသည်။ အဟော နော၊ ကိုယ့်သန္တာန်တွင်း ဉာဏ်ရောင်လင်း၍ ရှင်းကာ ရှင်းကာ သြော် အားရဖွယ်ကြီးပါတကား။

သာဓု.....သာဓု.....သာဓု။

ပဋ္ဌာန်အမည်တော် ရကြောင်းမျှား။ ။ပဋ္ဌာန်မြတ်စွာက ကိုယ်တော်တိုင် တရားတော် အကုန်လုံး သိတော်မူတယ်၊ "ပဋ္ဌာန်" ဆိုတာ သာမန်လောက်သိတဲ့ အသိမျိုးမဟုတ်ဘူး၊ ပဋ္ဌာန်ဆိုတဲ့အမည်တော်ရနိုင်တဲ့ ပုဂ္ဂိုလ်က လေးအသင်္ချေနဲ့ကမ္ဘာတသိန်းလောက်ပါရမီတော်တွေ ဖြည့်ရတယ်၊ နောက်ဆုံးဘဝမှာ ဆင်မတန်ကျက်သရရရှိတဲ့ ရုပ်လက္ခဏာတော်မြတ် အင်မတန်မြင့်မြတ်တဲ့အမျိုးမှာ စည်းစိမ်အကြီးအကျယ် ပြည့်စုံပါလျက် တောထွက်ပြီးတော့မှ တရားကျင့်လို့ တရားတွေ့ သိတော်မူခဲ့တယ်။

လက္ခဏာတော်ကြီးငယ်၊ ဒဿနယ်သုယ်ဖြင့်၊
သပ္ပာယ်လှစွာ၊ ကိုယ်အင်္ဂါဝယ်၊
ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊
မွှမ်းထုံသင်းကြူ၊ သယမ္ဘူဟု၊
ဉာဏ်တူကင်းလတ်၊ အရဟာတ်ဖြင့်၊
သတ်ဖြတ်ခပင်း၊ ကိလေရှင်းသား၊
ဉာဏ်ရင်းမဟာ၊ ကရုဏာနှင့်၊
သမ္မာသမ္ဗောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏၊
ကိန်းဝပ်စံပျော်၊ ခန္ဓာပေါဝယ်၊
ဘွဲ့တော်ဗုဒ္ဓ၊ တင်ပါရသည်၊
လောကထွတ်ထား မြတ်ဘုရား။

သာဓု.....သာဓု.....သာဓု။

ဒါနပါရမီ။ ။ဗုဒ္ဓလို့ အမည်ရတဲ့ ပုဂ္ဂိုလ်ရဲ့ ရုပ်လက္ခဏာတော်ကို ကြည့်လို့ ရှိယင် အင်မတန် သပ္ပာယ်ပါတယ်၊ သပ္ပာယ်မှာပေါ့၊ ဘဝများစွာက ဒါနပါရမီပြုတဲ့အချိန်မှာနည်းနည်းကလေးမှန်းကြည့်စမ်း၊ ဘုန်းကြီးက မှန်းကြည့်တယ်လေ၊ သူများမလိုက်နိုင်ဘူး၊ ဘုန်းကြီးကိုယ်တိုင် လိုက်လိုက်ကြည့်ပါတယ်၊ အား....ဒီနေရာ ဒီအချက်တော့ မလိုက်နိုင်ဘူး၊ ဆိုပါတော့—ဝေဿန္တရာမင်းဘဝမှာ (မင်းကြီး မဟုတ်ပါဘူး၊) ၁၆-နှစ်မှာ မင်းဖြစ်တော့ အလှူရုံကြီးတွေ ဆောက်ပြီး.....

မရှိ ဆင်းရဲတဲ့သူတွေ နေ့တိုင်း ကျွေးခဲ့တယ်၊ ဒီဝေဿန္တရာမင်းကသာ မကျွေးလို့ရှိယင် အဲဒီသူတွေဟာ နေ့စဉ်နေ့စဉ် စိတ်ဆင်းရဲပီးတော့ ငတ်ငတ်တာတာ ကြောင့်ကြောင့်ကြကြနဲ့ နေကြရမယ်၊ ဒါ့ကြောင့် ဝေဿန္တရာမင်းက "မရှိဆင်းရဲတဲ့သူတွေ" စားကြ သောက်ကြပါစေ၊ ခရီးသွားတွေ ရိက္ခာပြတ်လို့ရှိယင် ဝင်ပီးတော့ စားကြသောက်ကြပါစေ၊ ရုဿဝတ္ထု(စီးပွားမရှာကြတဲ့ရဿေတွေ) စားကြသောက်ကြပါစေ၊ ဘောင်းရမ်း စားသောက်နေကြတဲ့သူတောင်းစားတွေ စားကြ သောက်ကြပါစေ"ဆိုပြီး ကျွေးခဲ့တယ်။

နေ့တိုင်းနေ့တိုင်း ဘုန်းကြီးက လိုက်ကြည့်တယ်၊ ငါလဲ ဒီလို ပေါယင် လှူနိုင်တာဓမ္မါ၊ ဒါက လိုက်လို့မိပါတယ်။

နောက်တော့ ဆင်ဖြူတော် လာပြီး အလှူခံတဲ့အခါမှာ ဆင်ဖြူတော်လှူခဲ့ပါတယ်၊ ရွှေခေတ်တုန်းက ဆင်တပဲဟာ အကြီးဆုံးပါပဲ၊ တိုင်းပြည်ချင်းစစ်တိုက်ကြယင် ဆင်တပ်ကောင်းတဲ့တိုင်းပြည်က နိုင်ကြတယ်၊ အဲဒီ ဆင်တပ်ထဲမှာလဲ ဆင်ဖြူတော်ပါတဲ့ဘက်က နိုင်ပါကယ်၊ ဒါ့ကြောင့် ဆင်ဖြူတော်ဟာ တိုင်းပြည်တပြည်ရဲ့ အသက် သွေးခဲပါပဲ၊ ဆင်ဖြူတော် ရှိနေတာကတော့ တိုင်းပြည်မှာ အင်မတန် ဘေးအန္တရာယ် အေးချမ်းနေပါတယ်၊ ဟာက်ရဲ့ အနှောင့် အယှက် တွေကို ဘယ်ဘော့မှ မကြောက်ရတော့ဘူး၊ အဲဒီအခါ မျိုးမှာ ဆင်ဖြူတော်ကို၊ လာအလှူခံတော့ ဝေဿန္တရာမင်းက လှူလိုက်ပါကယ်။

ဘုန်းကြီးက လိုက်ကြည့်တယ်၊ အဲ ...ဘုန်းကြီးက ငဲ့မှာပေါ့၊ ကိုယ့်တိုင်းပြည်ကို ဆင်ဖြူတော်လာအလှူခံယင် "လိုဘာတောင်းကြပါလေ၊ လုံးကြီးဘော့ကူညီပါဆိုယင် တို့တိုင်းပြည်က လိုက်ပြီးတော့ ကူညီပါ့မယ်၊ ဆင်ဖြူတော်ဟော့ တိုင်းပြည်ရဲ့ အသက်သွေးခဲဖြစ်လို့ မလှူပါရစေနဲ့" ဒီလို ...ဒီလို ရှောင်နေမှာပါနဲ့ တူပါတယ်၊ လိုက်လို့မမိပါဘူး၊ နောက် တော်တဲ့ဆရာက်လို့ သားတော်သမီးတော်များ လှူတယ်၊ ဒါလဲ လိုက်လို့မမိပါဘူး၊ ပေါပါဘူး။

သီလပါရမီ။ ။ဒါ့ကြောင့် ဒါနပါရမီ ဖြည့်တော့လဲ လိုက်လို့မမိဘူး၊ သီလပါရမီတွေဖြည့်ပြန်တော့လဲ သာမန် ဥပုသ်စောင့်သာ မျိုးလို့ပြောယင် သာမန်ဥပုသ်သည်တွေက အဆင်မကြိုးပေဘူးပေါ့၊ ဘုရားလောင်း

စောင့်တဲ့ဥပုသ်က စည်းစိမ်နဲ့ (နဂါးစည်းစိမ်နဲ့)နေယင် ဥပုသ်မသန့်ရှင်းဘူး၊ ဥပုသ်ပျက်တယ်၊ ဒါကြောင့် မထင်မှ့ရှား လူ့လောကကြီးထဲ တက်ပြီးတော့ ဥပုသ်စောင့်တယ်၊ ဥပုသ်စောင့်ယင်း "ငါ့ရဲ့အသားကို ယူချင်တဲ့သူ ယူပါစေ၊ အရေကို လိုချင်တဲ့သူ ယူပါစေ၊ ငါသိလဓတော့ မဖျက်ပါဘူး" လို့ အဲဒီလို အဓိဋ္ဌာန်ပြီး စောင့်တယ်၊ ဒါ ပရမတ္ထပါရမီလို့ ခေါ်ပါတယ်၊ **သီလပရမတ္ထ**ပါရမီလို့ ခေါ်ပါတယ်၊ လာတာပါပဲ၊ အနှောင့် အယှက်တွေ တပင်တပန်း သေလောက် ကြေလောက် နှိပ်စက်ပြီးတော့ ဖမ်းတာပါပဲ၊ အဲဒါ ခံနိုင်ရည် ရှိပါတယ်၊ ဘုန်းကြီးက လိုက်မမိပါဘူး၊ လိုက်မမိပါဘူး။

သိဝိမင်းကြီး ဘဝတုန်းက မျက်လုံး ဖောက်လှူပါတယ်၊ မလွယ်ဘူး၊ မလွယ်ဘူး၊ သိုင်မလွယ်ဘူး။

ဘုရားအလောင်းကို ဘုန်းကြီး ဒီလို လျှောက်ပြီးတော့ ကြည့်ပါတယ်၊ ကြည့်တော့ လိုက်မှမိအောင် ကုသိုလ်ပါရမီတွေက တဘဝလဲမက၊ နှစ်ဘဝလဲမက၊ တကမ္ဘာလဲမက၊ နှစ်ကမ္ဘာလဲမက၊ ပါရမီတော်တွေက ဒီခန္ဓာကိုယ်မှာ ထုံပြီးတော့ လာခဲ့ပါတယ်၊ ဒီဟာနဲ့စပ်ပြီး ဘုန်းကြီး **ကမ္မပစ္စည်းအခန်း**ကျတော့ ထပ်ပြောပါ့မယ်၊ ကံတွေဟာ မပျောက်မပျက်ပဲနဲ့ သတ္တိပါလာတဲ့ အကြောင်းကို ထပ်ပြောပါ့မယ်။

အဲဒီဓတော့ နောက်ဆုံးဘဝကျတော့ ကံတွေကလေ နောက်ဆုံးအကျိုး ပေးရမှာဖြစ်လို့၊ ဆိုပါတော့ အရပ်ပြော ပြောလို့ရှိယင် သူမရ ငါမရ အကျိုး ပေးရမှာဖြစ်လို့၊ ဇုဒ္ဓမြင်စွာကို မျက်လုံးတော်နှင့်စပ်လာလို့ရှိယင် (ရှေးတုန်းက မျက်လုံးတော် ထုတ်လှူခဲ့တဲ့ အလောင်းတော်ကိုး....၊ ဒီတော့ ဒီကံတွေက ဒီမျက်လုံးကို) အသပွာယ်ဆုံး၊ အရပ်ပြောနဲ့ ပြောယင် အလှူဆုံးဖြစ်အောင် အကျိုးပေးလိုက်ကြတာပါပဲ၊ လက်တော်တွေ ဖြတ်တော်တွေ, **အလှူဆုံးအကျိုး** ပေးလိုက်ကြတာပါပဲ၊ တကိုယ်လုံး အသားအရေတော်တွေ ရွှေအဆင်းလို လှူပြီးတော့ အကျိုးပေးလိုက်ကြတာပါပဲ။

လက္ခဏာတော် ကြီးငယ်ဆိုတာဟာ .... လက္ခဏာဆိုတာ အမှတ်အသား၊ ယောကျ်ားမြတ်ရဲ့ အထိမ်းအမှတ်၊ ဇုဒ္ဓမြတ်စွာမှာ ကြီးကြီးမားမားယောကျ်ား

မြတ် လက္ခဏာ ၃၂-ပါး ပါပါတယ်၊ သေးငယ်ငယ် ဒေထိမ်းအမှာ်တွေက ၈၀-လောက် ပါပါတယ်၊ (အဲဒါတွေက တခမ်းတနား ပြောပေးမှ ဖြစ်ပါတယ်)ဒါကြောင့် အင်မတန် သပွာယ်ပါတယ်၊ အင်မတန်သပွာယ်တာမှ ဗုဒ္ဓမြတ်စွာရဲ့ လူ့လောကတုန်းက ချောပုံကတော့ ဘယ်သူနဲ့မှ နှိုင်းလို့မရ ပါဘူး၊ အင်မတန် အင်မတန် ချောပါပေတယ်လို့ဆိုတဲ့ ဇနပဒကလျာဏီတို့ကရော, ယသော်ဓရာတို့ကရော သူတို့ မိန်းမသားတွေထက် ပိုပြီးဘာ့ ချောပါတယ်လို့ ပရိနိဗ္ဗာန် စံခါနီးမှာ ချီးကျူးသွားကြပါတယ်။

ပညာပါရမီ။ ။ဒါကြောင့် ဗုဒ္ဓဘွဲ့တော်ဟာ သာဝန်ပုဂ္ဂိုလ်နဲ့ မတန်ပါဘူး၊ လောကီအပြောနဲ့ ပြောလို့ရှိယင် အင်မတန် မြင့်မြတ်တဲ့ အမျိုးမှာ အင်မတန်သပွာယ်, အင်မတန် လှတယ်၊ ဒါကြောင့် "လက္ခဏာ ဓတော် ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပွာယ်လှစွာ၊ ကိုယ်အင်္ဂါငယ်၊ ပါရမီ တော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွှမ်းတုံသင်းကြူ၊ ဆယမ္ဘာ့ဟူ" ....စသကိုယ်လုံး စိတ်ကူးကြည့်စမ်း၊ ဘုန်းကြီးကတော့ မကြာမကြာ စိတ်ကူးကြည့်လေ့ရှိတယ်၊ အင်မတန် သပွာယ်ပြီးတော့ အင်မတန်လှတဲ့ ယောကျ်ားမြတ်က ၂၉-နှစ် အရွယ်မှာ ထီးနန်းကို စွန့်ပြီးတော့ တောထွက်တော်မူတယ်၊ ၂၉-နှစ်....၊ ၂၉-နှစ် ...၊ ၂၉-နှစ်....ကောင်းလိုက်တဲ့အရွယ်၊ အဲဒီအရွယ်မှာ ထီးနန်းကို စွန့်ပြီးတော့ တောထွက် တရားကျင့်တော်မူတယ်၊ တရားကျင့်တော့ ရှေးတုန်းက ပညာပါရမီက အင်မတန် ထုံထားတယ်။

ဘယ်လိုနည်းနဲ့ ထုံခဲ့ဘုန်းဆိုတော့—ဒီပင်္ကရာ မြတ်စွာဘုရား လက်ဆက်တော်တုန်းက ဒီပင်္ကရာ မြတ်စွာဘုရားကို ဖူးတွေ့ရတော့ မိမိကိုယ်တိုင် လောကီစျာန် အဘိညာဉ်တွေ ရပြီးသား၊ ပညာနယ် လောကီမှာတော့ ထိပ်တန်း ရောက်ပြီးသား၊ နောက်ဖတော့ ဒီပင်္ကရာ မြတ်စွာဘုရား ဖူးတွေ့ရတဲ့အခါ ဒီပင်္ကရာ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးကို မိမိကိုယ်တိုင် ပသိရပေမယ့် မှန်းပြီးဘာ့ ကြည့်ပါတယ်၊ ဒီပင်္ကရာ မြတ်စွာဘုရားရဲ့ မေတ္တာတော် ကရုဏာတော်တို့ကို မှန်းပြီးတော့ မြင်ပါတယ်၊ အဲသလိုနည်းနဲ့ ဉာဏ်တော်ဟာ ကြီးကြီးပြီးတော့ လာခဲ့ပါတယ်။

နောက်တော့ ဒါနပြုတယ်၊ "သပ္ပညုတ ဉာဏ်တော်ကြီးရဲ့ အထောက်အပံ့ဖြစ်ပါစေ"၊ ဆင်ဖြူတော်ကြီး လှူတယ်၊ "သပ္ပညုတ ဉာဏ်တော်ကြီးရဲ့ အထောက်အပံ့ဖြစ်ပါစေ"၊ သားတော် သမီးတော်များလှူတယ်၊ "သပ္ပညုတ ဉာဏ်ဟော်ကြီးရဲ့ အထောက်အပံ့ဖြစ်ပါစေ"နဲ့၊ စိတ်အလုပ်အားဖြင့်လဲ ဉာဏ်ကြီး လာခဲ့တယ်၊ ကံအလုပ်အားဖြင့်လဲ ဉာဏ်ကြီး လားဖို့ရန်ပဲ စိတ်ညွတ်တော်မူခဲ့တယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာရဲ့ သပ္ပညုတ ဉာဏ်တော်ကြီးကို ဘယ်လိုလုပ်ပြီးတော့ မှန်းမျော်မလဲဆိုယင် သပ္ပညုတဉာဏ်တော်ရှိတဲ့ ဘုရားရှင်များနဲ့ တွေ့တဲ့ အခါတိုင်း အခါတိုင်း "သိပ်ကြီးကျယ်တာပဲ....၊ သိပ်ကြီးကျယ်တာပဲ"၊ အဲဒီလို သာသနာတော်မှာ ဘုရားရှင်များနှင့် တွေ့တိုင်း တွေ့တိုင်း ဉာဏ်တော် ကြီးကျယ်တာကို မှန်းပြီးတော့ အဲဒီဉာဏ်တော်ကြီးကို ရဖို့ရန်ကြိုးစားခဲ့ပါတယ်။

သာသနာတော်နှင့် ကွဲကွိုက်လို့ သာသနာတော်ထဲ ဝင်ပြီးတော့ ရဟန်းပြုတဲ့အခါမှာလဲ ပိဋကတ်စာပေတွေ တတ်ကျွမ်းအောင် သင်တော်မူတယ်၊ တရားကျင့်တော်မူတယ်၊ တရားကျင့်တာမှ ဘယ်လောက် ရောက်လာသလဲဆိုတော့ သောတာပန်ဖြစ်လုနီးပါးကပ်နေတဲ့စိတ်အထိ (သခ်ါရုပေက္ခာဉာဏ်အထိ) ရောက်လာတယ်၊ သောတာပန်ဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ၊ ဘုရားဖြစ်မယ်လို့ နိယတဗျာဒိတ်ခံရတဲ့ ဘုရားလောင်းဟာ အဲဒီအချိန်မှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ရတဲ့ ရဟန္တာ ဖြစ်ချင်ယင်လဲ ဖြစ်နိုင်တာပဲ၊ ဒါပေမယ်လို့ သပ္ပညုတဉာဏ်တော်ကို မှန်းမျော်လာခဲ့တာဖြစ်တော့ ရွှေကို သောတာပန်ဖြစ်အောင် မတက်ပါဘူး၊ သောတာပန်ဖြစ်လုနီးပါး ကပ်လာတယ်ဆိုယင် အနိစ္စ ဒုက္ခ အနတ္တ အကြောင်း ကောင်းကောင်းကြီး ရှင်းပြီးသား ဖြစ်နေပါတယ်၊ ဒီတော့ ကိုယ်တိုင် ကျင့်လို့လဲပဲ သပ္ပညုတ ဉာဏ်တော်ကြီးကို မှန်းမျော်လို့ ရတယ်၊ ဘုရားသခင်များနဲ့ တွေ့လို့လဲပဲ သပ္ပညုတဉာဏ်တော်ကြီးကို မှန်းမျော်လို့ရတယ်၊ ဘုရားများကိုမြို့ပြီး ကိုယ်တိုင်လဲပဲ ကျင့်စဉ်ကျင့်ခန်းတွေ ကျင့်ခဲ့တယ်၊ နောက်ဆုံးဘဝ ကျတော့လဲပဲ ဒီအထုံတွေကပါပြီးသားဖြစ်လို့ ကျင့်စဉ်ကျင့်ခန်းတွေဟာ တိုးတက်ပြီးတော့ ကိုယ်တော်တိုင် ဆရာမရှိပဲနဲ့ သပ္ပညုတဉာဏ်တော်ကြီးကို ရအောင် ကျင့်နိုင်ပါတယ်၊ သိနိုင်ပါတယ်။

"လက္ခဏာတော် ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပ္ပာယ်လှစွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မှုမ်းထုံသင်းကြူ၊ သယမ္ဘူဟု၊ ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်"....

သယမ္ဘူဆိုတာ ကိုယ့်ဘာသာကိုယ်ရတာ၊ ရနိုင်ရဲလားဆိုတော့ ရနိုင်တာပေါ့လေ၊ ခုနက ပြောခဲ့ပြီ မဟုတ်လား၊ ဘဝပေါင်းများစွာက ဒီဉာဏ်ကို ရဖို့ရန် သီလစတဲ့ ပါရမီတော်တွေကို ပြုတိုင်း ပြုလိုင်း ဒီဉာဏ်တော်ကို ဆုတောင်းခဲ့တယ်၊ နောက်တော့ ကိုယ်တိုင် ရဟန်းပြုပြီးတော့ ကျင့်တော်မူခဲ့တယ်၊ ဒီနားရောက်ရောက်လာခဲ့တယ်၊ ဒါ့ကြောင့် ရပါတယ်၊ ရပါတယ်။ ဒီဉာဏ်ကို ကိုယ်တိုင် ရပါတယ်။

"ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြက်ခပင်း၊ ကိလေ
ရှင်းသား...."

အဲဒီ ကိုယ်တိုင်သိတော်မူတဲ့ အရဟတ္တမဂ်ဉာဏ်နဲ့ ကိလေသာတွေ ရှင်းသွားလိုက်တာ၊ ရှင်းသွားလိုက်တာ၊ ဒီနားရပ်ပြောမယ်လေ၊ အသံကို ယူနေကြတဲ့ အသံးဖမ်းနေကြတဲ့ ဒကာတွေကို ဘုန်းကြီးက "တရားနာယင်း နာယင်း သီလဆောက်တည်ထားယင် ကောင်းတယ်နော်၊ သီလ ဆောက်ဘည်ပြီးတော့ ဝတ်ဖြူစင်ကြယ်နဲ့ ကိုယ့်ကိုယ်ကို ပါရမီဖြည့်နေတာပဲလို့ ဒီလိုနားလည်သားယင် ကောင်းတယ်နော်" လို့ မနေ့က သတိပေးထားတယ်။

အဲဒီတော့ ဒီလို ပုဂ္ဂိုလ်တွေရဲ့စိတ်မှာ (ကိုယ့်စိတ်ကို ပြန်တွေးကြည့်လိုက်စမ်း) ငါ့မှာ ယခု လောဘဖြစ်ပါဆိုလို့ဘောင်မှ လောဘမဖြင့်ပါပဲလား၊ ဒေါသ, မာနဖြစ်ပါဆိုလို့ မဖြစ်ပါပဲလား၊ ခဏလေး ခဏလေး ကိလေသာတွေ ကင်းနေလိုက်ဘာ၊ ကင်းနေလိုက်ဘာ၊ ဣဿာ မစ္ဆရိယလဲမရှိ၊ ဘာလဲမရှိ၊ စိတ်တွေ သန့်ရှင်းနေလိုက်ဘာ၊ ဘုရားအလောင်းကျတော့ တရားကိုကျင့်နေတဲ့ ရက်ခပါင်း, လဓပါင်း, နှစ်ပေါင်းများစွာကြောင့် ကိလေသာတွေက ရှင်းလာတဲ့အပြင် နောက်ဆုံး အရဟတ္တမဂ်ဉာဏ်ရတော့ ကိလေသာတွေ အကုန်လုံး ပြုတ်ပြုတ်ပြုန်းခအောင် ရှင်းသွားပါတယ်။

ဒါကြောင့် "ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ ကိလေ ရှင်းသား" ... စိတ်ကူးကြည့်ပါနော်၊ အဲ.... ၃၅-နှစ်အရွယ် ဘုရားဖြစ်တော့မယ်။ ဗောဓိညောင်ပင်အောက်မှာ တရားနှလုံးသွင်းနေပါပြီ၊ ကိလေသာတွေ အရဟတ္တမဂ်ဉာဏ်ရလိုက်မှ အကုန်လုံး ရှင်းသွားပါပြီ၊ စိတ်တော်အင်မတန် ကြည်လင်နေပါပြီ။

သတ်ဖြတ်ခပင်း၊ ကိလေရှင်းသား၊ ဉာဏ်ရင်းမဟာ၊ ကရုဏာနှင့်၊
သမ္မာသမ္ဗောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏...."

မဟာကရုဏာ ဆိုတာ နည်းနည်းကရုဏာမဟုတ်ဘူး၊ စိတ်ဖြစ်ပုံကလေးကို စဉ်းစားကြည့်စမ်း၊ သားကလေးတယောက် ရလာတယ်၊ ကိုယ့်သားကလေး အပေါ် မေတ္တာရော ကရုဏာရော ဖြစ်ပေါ်လာလိုက်တာ၊ မရောင်တုန်းက ဒီမေတ္တာ ကရုဏာမျိုး မဖြစ်ခဲ့တူး၊ သားကလေးရလာတယ်ဆိုယင် ကရုဏာ ဖြစ်လာပြီ၊ ဆန်းတာ၊ ဆန်းတာ၊ အင်မတန်ဆန်းတာ၊ တရားသဘောက ဘယ်သူမှ လုပ်ပေးနေတာမဟုတ်ဘူး၊ နောက်တခါ သမီးဆိုပါတော့၊ အဲဒီ ၂-ယောက်အပေါ်မှာ **မေတ္တာ** ကရုဏာ နည်းမသွားဘူး၊ လျော့မသွားဘူး၊ နောက်ထပ်လဲ ကြီးလာပြန်တယ်၊ ဒီလိုပေါ့ သားတွေ သမီးတွေ၊ နောက်တော့ မြေးတွေ၊ မေတ္တာကရုဏာဟာ ပိုပြီးတော့ ကျယ်ပြန့်ကျယ်ပြန့်လာတယ်၊ ဗုဒ္ဓမြတ်စွာက အာဒီးလုံး ဝေနေယျသတ္တဝါတွေကို သားတော်တွေ သမီးတော်တွေ မေတ္တာစစ်စစ်နဲ့ ဆင်းရဲမှာ စိုးတော်မူလိုက်တာ၊ အပါယ်လေးပါးကို ကိုယ်တော်တိုင် ဒီဗွစက္ခုဉာဏ်နဲ့ မြင်ထားလို့ အပါယ်ဝရဲမှာ ဒုက္ခတွေ၊ ပြိတ္တာဒုက္ခတွေ မြင်ထားလို့ အဲဒီဝရဲရောက်သွားမှာ, ပြိတ္တာဖြစ်သွားမှာ စိုးတော်မူလိုက်တာ မေတ္တာတော် ကရုဏာတော် ကြီးမားတော်မူလိုက်တာ၊ အဲဒါကြောင့် "မဟာကရုဏာ = အင်မတန်ကြီးကျယ်တဲ့ မဟာကရုဏာ" လို့ ဆိုရတယ်။

တွေးတွေးခေါင်းခေါင်း ပြောရယင် အင်မတန် ပစ္စည်းတွေပြည့်စုံပြီးတော့ ချမ်းသာနေပေမယ့် "အို.... ခုဘဝ ချမ်းသာတာဟာ တော်တော် ကြာတော့ ဘဝတခုပြောင်းလိုက်လို့ရှိယင် ဒီပစ္စည်းတွေ အကုန်လုံးပစ်ထားခဲ့ရမှာ၊ ကုသိုလ်ဖြစ်မှ နောက်ဘဝ သံသရာမှာ အကျိုးဖြစ်မှာ" အဲဒါတွေ မြင်းပြီတော့

ချမ်းသာတဲ့လူကိုလဲ သနားတော်မူတယ်၊ ဒီပက်ရာမြတ်စွာဘုရားနဲ့ တွေ့တော်မူကတည်းက ကိန်းဝပ်ပြီးတော့လာတဲ့ မဟဲကရဏာဒေဝီဟာ ဘုရားဖြစ်တော်မူတော့လဲ မပျောက်ပါဘူး၊ အဲဒီ မဟာကရဏာတော် ကြီးမားတဲ့အပြင် "သမ္မောဓိ–အလုံးစုံကို အကုန်သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်တော်ကြီး" ကို အရဟတ္တာမဂ် ရသည်နှင့်တပြိုင်နက် ရတော်မူပါတယ်။

"သယံ ဗုဒ္ဓေါ သမ္မောဒေသိ".... အဲဒီလို ဉာဏ်တော်ကြီး, ကြီးကျယ်တဲ့ ပုဂ္ဂိုလ်၊ လက္ခဏာကြီးငယ် အသွယ်သွယ်နဲ့ သပ္ပာယ်ဝဲ့ ခွပ်ပုံတော်မှာ မဟာကရဏာဉာဏ်တော်ကလဲ အင်မတန် ကြီးကျယ်တယ်၊ ကိလေသာတွေကလဲ အကုန်လုံးရှင်းလို့ စိတ်တော်က ကြည်လင်နေတယ်၊ မဟာကရဏာဉာဏ်တော်ကလဲ အင်မတန် ကြီးကျယ်တယ်၊ သတ္တဝါတွေကို အင်မတန် သနားတော်မူဘယ်၊ သဗ္ဗညုတဉာဏ်တော်ကြီးကလဲ အင်မတန် ကြီးကျယ်တော်မူတယ်၊ အဲသလိုပုဂ္ဂိုလ်ကိုမှ ဗုဒ္ဓ လို့ အဲဒီလို ဘွဲ့ထူးရနိုင်ပါတယ် သာမန် အဝုအဝေယောင်တွေဟာ ဗုဒ္ဓအစစ် မဖြစ်နိုင်ပါဘူး။

"လက္ခဏာတော် ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပ္ပာယ်လှစွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွှမ်းထုံသင်းကြူ၊ သယမ္ဘူဟု၊ ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ် ခပင်း၊ ကိလေရှင်းသား၊ ဉာဏ်ရင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာသမ္မောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏၊ ကိန်းဝပ်စံပျော်၊ ခန္ဓာဒေါဝယ်၊ ဘွဲ့တော်ဗုဒ္ဓ၊ တင်ပါရသည်၊ လောကထွတ်ထား မြတ်ဘုရား...."

`သာဓု.....သာဓု.....သာဓု။

အနိမိသသတ္တာဟ။ ။မြတ်စွာဘုရားက ပထမဆုံး ဘုရား ဖြစ်ပြီးတော့ နေတဲ့အတိုင်း နေရာက မထသေးဘူး၊ ၇-ရက် ငါးပုံတဲ့ပြီးတော့ နေတဲ့အတိုင်း နေရာက မထသေးဘူး၊ ၇-ရက် ဒီလို သီတင်းသုံးပြီး နောက်မှ နေရာက ထပြီး ပလ္လင်တော် (တင်ပျဉ်ခွေတဲ့နေရာ) ကြည့်ပြီးတော့ "ဒီနေရာမှာ ကိလေသာတွေ အကုန်လုံး ကုန်ခဲ့တယ်၊ ဒီနေရာမှာ သဗ္ဗညုတဉာဏ်တော်ကြီးကို ရခဲ့တယ်"လို့ တွေးပြီး ၇-ရက်လုံးလုံး မမှိတ်မသုန်သော မျက်စိဖြင့် ကြည့်တော်မူနေတယ်။

အဘိဓမ္မာတရား ဆင်ခြင်ခြင်း။ ။အဲဒီလို ကြည့်ပြီးတဲ့ နောက် ၇-ရက်လေးကြိမ်မြောက် ကျတော့ ဗုဒ္ဓမြတ်စွာတရားတော်ကို ဆင်ခြင်တော်မူတဲ့အထဲက အဘိဓမ္မာတရားကို ဆင်ခြင်တဲ့ဒေခန်းရောက်လာတယ်၊ ဆင်ခြင်တော်မူလိုက်တာ၊ အဲဒီ ဆင်ခြင်တော်မူတဲ့အခါမှာ ရွှေအာဘိဓမ္မာ ၆-ကျမ်းကတော့ ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော် မကွန့်မြူးလောက်ဘူး၊ တရားတော်တွေက နိမ့်နေတယ်၊ တရားတော်တွေက ကျဉ်းမြောင်းနေတယ်၊ ဉာဏ်တော်ကြီးက အင်မဟန် ကြီးကျယ်နေတယ်၊ ဓမ္မသင်္ဂဏီ ဝိဘင်းစတဲ့ ပဋမ ၆-ကျမ်း အဘိဓမ္မာတရားတော်တွေကို ဗုဒ္ဓမြတ်စွာက သုံးသပ်တော်မူတယ်၊ တရားတော်က ကျဉ်းနေတယ်၊ ဉာဏ်တော်ကြီးက ကျယ်နေတယ်။

သဗ္ဗညုတဉာဏ်တော်၏ စွမ်းအင်သတ္တိ ။နောက်တော့ ခုနစ်ကျမ်းမြောက် ပဋ္ဌာန်းတရားတော်လဲ ရောက်လာရော၊ ဉာဏ်တော်ကြီးလဲ ကွန့်မြူးလာလိုက်တာ တကတည်း ရှင်လာတော်မူလိုက်တာ၊ အဲဒီကျတော့မှ သဗ္ဗညုတဉာဏ်တော်ကြီးဟာ ဘယ်လောက်များ ကောင်းတုန်းဆိုတော့ -

> **အတ္ထိ ဘိက္ခဝေ အညော ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော။**[1]

"ဘိက္ခဝေ၊ ဘိက္ခုတို့။ အညော၊ သီလဂုဏ် သမာဓိဂုဏ်ဆိုတဲ့ ဂုဏ်တို့မှတပျိုးတခြားသာလျှင် ဖြစ်ကုန်သော။ သန္တော၊ အလွန်ငြိမ်သက်လှုကုန်သော" တဲ့၊ သဗ္ဗညုတဉာဏ်တော်ကြီး ဗုဒ္ဓမြတ်စွာရဲ့ စိတ်တော်အစဉ်မှာ (ခုနကဥပမာကြည့်လေ-သားကယေးတယောက် ဖွားလာတော့ မိမိစိတ်မှာ မေတ္တာဝင်လာတယ်၊ မေတ္တာစေတသိက်ခေါ်တယ်၊ မေတ္တာတရား ဝင်လာတယ်၊) ဗုဒ္ဓမြတ်စွာရဲ့ အာရဟတ္တမဂ်ဉာဏ် ရတော်မူတဲ့ အချိန်မှာ သဗ္ဗညုတဉာဏ် ရတော်မူပြီ၊ အဲဒီလို သဗ္ဗညုတဉာဏ်တော်ဝင်ဟာ ဘယ်လောက်များနှစ်သက်စရာ အားရစရာ ကျေနပ်စရာကောင်းသလဲဆိုတော့ သန္တော၊ ငြိမ်သက်လှုကုန်သော...."၊ တယ် ငြိမ်သက်တယ်၊ မိမိတို့ ဆန္ဒာန်မှာ သားကလေး

၁။ သီလက္ခန်-ပါဠိတော်၊ နှာ-၁၁။

တယောက် ဖွားလာတော့ မေတ္တာဆိုတဲ့မာတ် ပေါ်လာသလို သဗ္ဗညုတ ဉာဏ်တော်ကြီး သေသေချာချာ ပေါ်လာတယ်၊ ဟာ ငြိမ်သက်လိုက်တာ၊ ဉာဏ်တော်ကြီးက ငြိမ်သက်လိုက်တာ။

ပဏီဘာ-မွန်မြတ်ကုန်သော။ ။မွန်မြတ်တယ်ဆိုတာ ဘုန်းကြီးတို့ အင် မတန် မွန်မြတ်တဲ့အစာကို စားရတဲ့အခါမှာလေ တင်းမတ်မ်နိုင်ဘူး၊ စားပြီးလဲ စားချင်နေတာပဲ၊ မဝပါဘူး၊ ဆိုပါစောဘဲ့ တကယ့် အစာစားတဲ့ အခါမှာ ဗိုက်ပြည့်လို့သာ တန်လိုက်ရတယ်၊ ဝတော့ မဝဘူး၊ အဲ-သဗ္ဗညုတဉာဏ်တော် ကြီးက အဲဒီလို သဘောရှိတယ်၊ မဝနိုင်ဘူး၊ ဒီဉာဏ်တော်ကြီးမျိုး သိထားလို့ ရှိယင် ဒီဉာဏ်တော်ကြီးကို အာရုံပြုပြီး နေရတာ အင်မတန်ကောင်းတဲ့အစာကို စားနေရသလိုပါပဲ၊ မဝနိုင်ပါဘူး။

သန္တော ပဏီတာ အတက္ကာဝစရာ နိပုဏာ။ ။အရာဝတ္ထုတခု နှုးညံ့သလို ပါပဲ၊ သဗ္ဗညုတဉာဏ်တော်ကြီးက အင်မတန် နှုးညံ့တော်မူတာပဲ၊ ''အတက္ကာ ဝစရာ'' စိတ်ကူးဉာဏ်နဲ့ ကြံကြည့်လို့တော့ မရဘူး၊ ခု-ဘုန်းကြီးပြောနေရ တာက ဘုန်းကြီး ကိုယ်တိုင် မရတာဖြစ်လို့ စာအလိုက် ပြောနေရတာ၊ စာအလိုက် ပြောပြီး ဘေးက ကြံပြီးတော့ ''ဒီလို နေမှာပါပဲ''လို့ ဒီလိုကော့ ကြံလို့ မရဘူးတဲ့၊ တကယ့်ကို ထိုးထိုးထွင်းထွင်းသိမှ သဗ္ဗညုတဉာဏ်တော် ကြီးကို သိမယ်၊ ''ဒီလောက်နေမှာပါပဲ၊ ဒီလောက် သိမှာပါပဲ''လို့ ဒီလို ကြံလို့တော့ မရဘူး၊ ဘယ်သူမှ မရဘူး၊ ဉာဏ်တော်ထဲမှာ (ဗုဒ္ဓမြတ်စွာရဲ့ သာဝကတော်ထဲမှာ ဒီသာသနာမှာ)ပညာအကြီးဆုံးဆိုတဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် ဒီဉာဏ်တော်ကြီးကို မှီအောင် မသိနိုင်ပါဘူး၊ အဲသလောက် အဲ့သလောက် မြင့်မြတ်တော်မူတယ်၊ နက်နဲတော်မူတယ်။

ဂမ္ဘီရာ-နက်နဲကုန်သော။ ။ဘယ်လောက် နက်နဲတုန်း၊ သမုဒ္ဒရာမှာ ခြင်္သေ့ရဲ့ နှုတ်သီးနဲ့ မထောက်နိုင်သလို အဲဒီ သဗ္ဗညုတ ဉာဏ်တော်ကြီးကို မထောက်နိုင်လောက်အောင် နက်ပါတယ်၊ ခြင်္သေ့ရဲ့ နှုတ်သီးဖျားကလေးကနဲ့ သမုဒ္ဒရာကို ထောက်ကြည့်တဲ့ အနေမျိုးလောက်ပဲ ရှိမယ်၊ မထောက်နိုင်ပါဘူး၊ အင်မတန် နက်နဲပါတယ်။

အကြို ဘိက္ခဝေ အညဝ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ။ ။နက်နေတယ်ဆိုတော့ ဘယ်မှာ(ဒုဒ္ဒသာ)မြင်လို့ လွယ်ပါတော့မလဲ၊ သိပ် နက်တာကို၊ ဘယ်မှာ ဉာဏ်တော်ကြီးကို ပိုင်ပိုင်ကြီး မြင်နိုင်ပါ့မလဲ၊ (ပညာတေဒဂ် ဖြစ်တဲ့ ရှင်သာရိပုတ္တရာလို ပုဂ္ဂိုလ်တောင်မှ မြင်နိုင်တဲ့ ဥစ္စာကို) ထိုးထွင်းပြီးတော့ အာတွင်းရောက်အောင် ကြည့်ဖို့ဆိုတာက သာ ပြီးတော့ မဖြစ်နိုင်တာပေါ့။

ဒုရနုဗောဓာ။ ။အဲဒီလို အင်မတန်မှ မြင့်မြတ်တဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကို စိတ်ကူးနှင့် ကြံပြီးကတော့ ဒီပြင် ပုဂ္ဂိုလ် မပြောနဲ့ အရှင်သာရိပုတ္တရာကိုယ်တော်တိုင် မဖြစ်နိုင်ဘူး၊ "သဗ္ဗညုတဉာဏ်တော်ကြီးကို ဘယ်သူသာ သိမလဲ ဆိုယင် ဘုရားပဲ သိမယ်၊ သဗ္ဗညုတဉာဏ်တော်ကြီးရဲ့ စွမ်းအင်သတ္တိတော်ကို ဒီပြင်ပုဂ္ဂိုလ်တွေ့ မသိနိုင်ပါဘူး၊ သဗ္ဗညုတဉာဏ်တော်ကြီးက ဒီလောက်ကြီးကျယ်ဝန်းဆိုးတော့ ဘုန်းကြီးတို့က စာပြောကိုး၊ အဲဒီလို ပြောနေတော့ ဘေးက မှတ်ချက် ချချင်တိုင်း ချနိုင်တယ်။

ဉာဏ်တော်ကြီးနှင့် မဋ္ဌာန်းကျမ်း။ ။သို့သော် လာမယ့်ပဋ္ဌာန်းကိုကြည့်ရမယ်၊ "ဒီဆင်ကြီးဟာ ဒီလောက် ကြီးတဲ့ဆင်ကြီး ဖြစ်ရမယ်" ဆိုတာ ဆင်ခြေရာကို ကြည့်လို့ရှိယင် အတော်တော့ မှန်းလို့ရတယ်၊ "ဟာ... ဆင်ခြေရာကြီး မနည်းပါလား၊ ဒီဆင်ခြေရာကြီးကိုထောက်ယင် ဒီသွားတဲ့ ဆင်ကြီးဟာ ဘယ်လောက်ကြီးရမယ်" လောကဓာတ် ဆရာတွေက ဘယ်လောက် ကြီးရမယ်၊ မှန်းလို့ ရတယ်၊ ဘယ်လောက်တောင် မြင့်မယ် မှန်းလို့ ရတယ်၊ ဒါတောင် ခြေရာကြည့်ရုံနဲ့ မှန်ချင်မှ မှန်မယ်၊ တချို့က ခြေသာကြီးတာ အကောင်မမြင့်တာ ရှိခဲသးတယ်၊ အဲဒါ မှားချင် မှားဦးမယ်၊ သို့သော် ဆင်ခြေရာကြည့်လို့ရှိယင် အတော်မှန်းရတယ်၊ အဲဒါ ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော်ကျက်စားရာဖြစ်တဲ့ ပဋ္ဌာန်းတရားတော်ကို ကြည့်လို့ရှိယင် "အား....သိပ် သိမ်မွေ့ပါလား၊ အား....သိပ်နက်နဲပါလား" အား....သိပ်ပြီးတော့ ဉာဏ်တော်ကြီးကျယ်ပါလား" လို့ ဆိုလိုတာတော့ ပေါ်လာလိမ့်မယ်၊ ဒါကြောင့် ဘုန်းကြီးက တွေးပေမယ့် မသိဘူး၊ မသိပေမယ့်လဲ ဋ္ဌာန်းတရားတော်နဲ့ တွေးကြည့်တော့ "ဒီလောက် ကြီးကျယ်တဲ့ ဉာဏ်တော်ကြီး ပါလား" ဆိုတာ ပေါ်လာလိမ့်မယ်။

ဗုဒ္ဓမြတ်စွာရဲ့ စိတ်တော်ဟာ အလွန့်အလွန် ကြည်ဟာကိုး၊ ကြည်မှာပေါ့၊ တရားတော်ဓတ္တအာရုံပြုပြီးတော့ ကွန်မြူးနေလိုက်တာ စိတ်တော် အင်မတန် ကြည်တာ၊ အဲဒီစိတ်ကော်ကြည်တော့ ရောင်ခြည်တော်တွေပါ ထွက်လာတယ်၊ ကြည်လိုက်တာ၊ ပဌာန်းတရားတော်ကျမှ ဗုဒ္ဓမြတ်စွာရဲ့ဉာဏ်တော် ကွန်မြူးခွင့် ရလာတယ်၊ ယူဇနာ ၅၀၀-လောက် အလျားရှည်ဘဲ့ ငါးကြီးတွေ သမုဒ္ဒရာထဲမှာရှိတာ၊ ပင်လယ်ကြီးထဲမှာရှိတယ်၊ အဲဒီငါးကြီးတွေ ကမ်းပိုင်းလောက် ရောက်တော့ ဘာမှ မကျက်စားလောက်ဘူး၊ တော်တော်ကလေး ရေနက်သွားတော့လဲ မကျက်စားလောက်ပါဘူး၊ ဒဲ့ -- သမုဒ္ဒရာ အလယ်ခလောက် ကျတော့ရှစ်သောင်းလေးထောင်နက်တာကိုး၊ ယူဇနာပေါင်းက အဲသလောက်နက်တဲ့ သမုဒ္ဒရာ ရေပြင်ကျတော့ ငါးကြီးတွေ ဒယျာလိုက်ဘာတဲ့၊ မြူးဖို့ ပျော်ဖို့ အခွင့်ရတယ်၊ ဘာပြုလို့တုန်း၊ ရေကအင်မတန်နက်တာကိုး၊ အင်မတန် ကျယ်တာကိုး။

အဲဒီလိုပါပဲ၊ ဗုဒ္ဓမြတ်စွာရဲ့ဉာဏ်တော်ဟာ အဘိဓမ္မာတရား ရှေးခြောက်ပိုင်း လောက်ကို အာရုံပြုပြီး ကျက်စားတော်မူတော့ ဓကျက်စားလောက်ပါဘူး၊ အဲဒါ ရေတိမ်နေသလိုပါပဲ၊ နောက်တော့ ပဌာန်းတရားတော်ကြီး ရောက်တော့မှ အမျိုးမျိုးလှည့်ပြီး "ဒီလိုလဲဖြစ်တယ်~ဒီလိုလဲဖြစ်တယ်"နဲ့ ကူစားတော်မူတော့ ဉာဏ်တော်ကြီးဟာလေ ပဌာန်းတရားတော်နဲ့ ဝုံလိုက်ဟာ၊ တကတည်းပဌာန်းတရားတော်လဲ ရောက်ရော ဉာဏ်တော်ကြီးဟာ ရှင်ပြီးတော့ ခုနက ငါးကြီးများ ပျော်နေသလိုပဲ၊ ဗုဒ္ဓရဲ့ဉာဏ်တော်ကြီးဟာ အင်မတန် ရှင်ပျကြည်လင်တော်မူတယ်။

ရောင်ခြည်တော် ကွန်မြူးတော်မူခြင်း

သတ္တသတ္တာဟမဇ္ဈမ့ိ၊ နာထော ယော သတ္တ သမ့ိယိ။
ပတ္ဝာ သမန္တပဋ္ဌာန်၊ ဩကာသံ လဘတေ တထာ။
ယောဇနာနံ သတာယာမော၊ ပဥ္စ တိမိရပိင်္ဂလော။
ကီဠောကာသံ သမုဒ္ဒေဝ၊ ဂမ်္ဘီရေ လဘတေ ယထာ။[၁]

၁။ (အနည်းငယ်ပြင်ဆင်အပ်သောမဟာဗိသုဒ္ဓါ့ဆရာတော်၏ရောင်ခြည်တော်အဖွင့် ဘုရားရှိခိုး ဂါထာမျာ်းဖြစ်သည်၊ ယိုတွင်းဘုရားသံအတွင်းဂို့ အနက်မပေးအပ်သော နှစ်ဂါထာ့ကို ဤသို့အနက်ပေးပါ။)

သမ္မသန္တဿ တံ ဓမ္မံ၊ တဿ သတ္ထု သရီရဓတာ။
သဗ္ဗာ ဒိသာ ဝိဓာဝန္တိ၊ လောဟိတာဒိပသီဒနာ။

တံ ဓမ္မံ၊ ထို ပဋ္ဌာန်းတရားတော်ကြီးကို။သမ္မသန္တဿ၊ သုံးသပ်ဆင်ခြင်တော်မူသော။ တဿ သတ္ထု၊ ထိုမြတ်စွာဘုရား၏။ သရီရတော၊ နဂိုက ရှေအဆင်းကဲ့သို့ ဝါဝင်းသော ခန္ဓာကိုယ်ပေါ်မှ။ သဗ္ဗာ ဒိသာ၊ အလုံးစုံသော အရပ်မျက်နှာတို့သို့။ (နိလာဒိဆဗ္ဗဏ္ဏရုံသိယော၊ ညို့သော ရောင်ခြည်တော်အစရှိတဲ့ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်။)[၁] လောဟိတာဒိပသီဒနာ၊ စိတ်တော် ကြည်လင်သည့်အတွက် သွေးတော် အစရှိသည်တို့က သန့်ရှင်းကြည်လင်ခြင်းကြောင့်။ (ဆဗ္ဗဏ္ဏရုံသိယော၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့သည်။)[၂] ဝိဓာဝန္တိ၊ ထိုထို ဂျိုဂျို လှည့်လည် ပြေးသွားကြလေကုန်သတည်း။

သာဓု.....သာဓု.....သာဓု။

ဒါကြောင့် ဘုန်းကြီးတို့ကလေ ဗုဒ္ဓမြတ်စွာရဲ့ သားတော်ဖြစ်ရတာ သိပ်တန်ဖိုးရှိတာပဲ၊ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေ အာရုံပြုပြီး နေရတာ အင်မတန် အားရတယ်၊ ဒီးင်မတန် ဝမ်းမြောက်စရာ ကောင်းတယ်။

ယော နာထော၊ သဗ္ဗာဝါတို့၏အားထားရာ အကြင်မြတ်စွာ ဘုရားသည်။ သတ္တသတ္တာဟ မစ္ဆမို၊ ဂု-လီသော သတ္တာဟတို့၏ အလယ်ဖြစ်သော ရဲတနာဃရသတ္တာဟ၌။သတ္တ၊ ဂု-ကျမ်းသော အဘိဓမ္မာဒေသနာတော်တို့ကို။ သမ္မသိ၊ သုံးသပ်ဆင်ခြင်တော်မူခဲ့လေပြီ။ (တဿ နာထဿ၊ သဗ္ဗာဝါတို့ အားထားရာ ထိုမြတ်စွာဘုရား၏။ဉာဏ်၊ဉာဏ်တော်သည်။) ယောဇနာနံ၊ ယူဇနာတို့၏။ ပဋ္ဌသတာယာမော၊ ငါးရာ အလျားရှိသော။ (ယူဇနာငါးရာ ရှည်လျားသော။) တိမိရပိင်္ဂလော၊ တိမိရပိင်္ဂလ အမည်ရသောငါးကြီးသည်။ ဂဒ္ဓိရေ၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်နက်သော။ သမုဒ္ဒေဝ၊ သမုဒ္ဒရာဇ်သာ။ ကီဠောကာသံ၊ မြူးတူးပျော်ပါးကစားခွင့်ကို။ လဘာဘေယထာ၊ရသကဲ့သို့။တထာ၊ထို့အတူ။သမန္တာပဋ္ဌာနံ၊ သမန္တပဋ္ဌာန်းကျမ်းသို့။ ပတ္တာ၊ရောက်၍(ရောက်မှ)။ ဩကာသံ၊ကွန့်မြူးကျက်စား ပျော်ပါးခွင့်ကို။ လဘတေ၊ ရ၏။

၁။ တရားသံကို နာယူသူများမှာ စကားဆက် ပြတ်သကဲ့သို့ ဖြစ်နေမည်စိုး၍ ကတ္တားဟမ္မိုးဟည်းကို နှစ်နေရာ၌ ဟောထားသည်။

အကယ်၍မျှား တစုံတခု ရည်ရွယ်ချက် မရှိတူးဆိုယင် တရားကို ပေါက်သွားနိုင်တယ်၊ ဗုဒ္ဓရဲ့သားတော် (ဗုဒ္ဓကိုကြည်ညိုတဲ့ သာဝကာ၊ ဗုဒ္ဓရဲ့ သားသနာတော်ကြီးကို အတွင်းကနေပြီးတော့ အားပေးနေတဲ့ ရဟန်းတော် သံဃာတော်)ဖြစ်ရခြင်း, အပြင်ဘက်ကနေပြီးတော့ သာသနာတော်ကို ထောက်ပံ့နေရတဲ့ သာသနာ့ ဒါယကာ ဖြစ်ရခြင်းသည် အင်မတန်မှ ဘုန်းကြီးတို့ ရှေးဘုန်းရှေးကံ ကြီးကျယ်ကာပဲ၊ အင်မတန်ကို ဘုန်းကြီးတို့ မြင့်မြတ်တာပဲ၊ ဒီလို အခြေတည်ပြီး သွားလိုက်မယ်ဆိုလို့ရှိယင် ဇင် ဖိုလ် နိဗ္ဗာန် လမ်းကို ဖြောင့်နေတာပဲ၊ ဒါကြောင့်...

> "သုတတ်တဲ့၊ တရားဓမ္မ သြဝါဒကို ကြားရရှင်ပျော် သားတော် သမီးတော် ဖြစ်ရခြင်းသည်။ အဟော ဒုဂ္ဂ၊ ကိုယ့်တွက် ငိုယုံတာ ကိုယ်ကျိုးပါသဖြင့် ကိုယ့်မှာခုနှယ် ဩဩ ဝမ်းမြောက်ဖွယ်ကြီးပါ တကား"

ဘုန်းကြီးတို့ ပဋ္ဌာန်းတရားကျမ်းတော့ "ဘယ်တရားပြီးတော့ ဘယ်တရား ဖြစ် ...ဘယ်ဘရားပြီးတော့ ဘယ်ဘရားဖြစ်... ဘယ်တရားပြီးတော့ ဘယ်တရား ဖြစ် ...ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်... ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်.... ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်"ဒီလိုကို စိတ်တွေ့ ရှေ့နောက် ဖြစ်နေပုံကို ဗုဒ္ဓမြတ်စွာက ဟောတော်မူလိုက်တာ၊ ဒါကို ဘုန်းကြီးတို့ ငံတိုးထိုးတဲ့ သင်ရိုးသင်စဉ်နဲ့ ဖြစ်လာခဲ့တယ်။

အနန္တရပစ္စည်းကျတော့ "ဘယ်စိတ်ပြီးတော့ဘယ်စိတ်ဖြစ်တယ် .. ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်ဘယ်....ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်တယ်" ဒါမျိုးကို ဒီပြင် ပုဂ္ဂိုလ်တွေ့ ဘယ်လို့မှ ဝဉ်းစားလို့ မရပါဘူး၊ ပုဗ္ဗမြက်စွာက အင်မတန် သေသေချာချာ ကျကျနန ဆဲပြီးတော့ ဟောပြတော်မူတယ်၊ ဒါတွေ့ ဘုန်းကြီးတို့က တွေးပြီးတော့ ကြံလို့ စဉ်းစားလို့ "ဓမ္မစိန္တနံ၊ ဓမ္မသက်သက် ရှေ့နောက်ဆက်၍" ....ပုဂ္ဂိုလိပညတ်ဘူး ဒီအထဲမှာ၊ ခန္ဓာကိုယ်နဲ့ပဲ စဉ်းစား စဉ်းစား၊ ပုဂ္ဂိုလ်ဆိုတဲ့ အဲကောင်အဖတည်မပါဘူး၊ သတ္တဝါမပါဘူး၊ဓမ္မတွေ့ ချည်းဆိုတာ အင်မဟန် ရှင်းနေတာပဲ၊ "ဓမ္မစိန္တနံ၊ ဓမ္မသက်သက် ရှေ့နောက်ဆက်၍ ဖြစ်ပျက်နေဟန် ကြောင်းကျိုးမှန်ကို"... ဖြစ်ပျက်ဆိုပေမဲ့ အရှမ်းမဲ့

ဖြစ်ပျက်တာမဟုတ်ဘူး၊ ဒီအခြောင်းရှိလို့ ဒီအကျိုးရှိတယ်၊ ဒီစိတ်ရှိလို့ ဒီစိတ် ဖြစ်တယ်၊ ဒီစိတ်ရှိလို့ ဒီရုပ်ဖြစ်တယ်နဲ့ အခြောင်းနဲ့ အကျိုးနဲ့ ခွဲဝေပြီးတော့ ဟောတော်မူလိုက်တာ၊ အဲဒါတွေ ဗုဒ္ဓဉာဏ်တော်ရဲ့ နောက်က လိုက်ပြီးတော့ ဘုန်းကြီးတို့ စဉ်းစားလိုက်ယင် ဝမ်းသာစရာ အင်မတန် ကောင်းတယ်၊ ဘယ်လောက် ကောင်းသတုန်းဆိုတော့၊ ဘုန်းကြီးတို့ရဲ့ ရှေက ဘုန်းကြီးတို့ရဲ့ နောင်တော် ခမည်းတော် ဘုံးတော်ဆိုပါတော့၊ အဲသလို ပုဂ္ဂိုလ်တွေ ဒီလိုပဲ ကြံစည်ပြီးတော့ သွားကြတယ်၊ ဒီလိုကြံစည်ယင်းက တရားတွေ ပေါက်ပြီး ရဟန္တာဖြစ်ကြတယ်၊ တခါတုန်းက သီဟိုဠ်ကျွန်းကနေပြီး ဗောဓိပင်ဖူးမယ်လို့ သဘော်နဲ့ ကြွပြီးတော့ အရှင် မဟာတိဿမထေရ် (မဟာ ဂတိဂမိယ တိဿဒတ္တာထေရ် = မဟာဂတိမ္မယ တိဿဒတ္တာထေရ်)ဟာ သဘော်ပေါ် အဲထက်ထပ်က နေပြီးတော့ စဉ်းစားတယ်—

"သမုဒ္ဒရုကြီး တယ်ကျယ်ပါလား၊ ဂင်းကိုမမြင်ရတော့ဘူး၊ ဒီရေလှိုင်း တွေတဖွားဖွားနဲ့ သဘော်ခုတ်နေယင်း ထနေတဲ့ရေလှိုင်းတွေ ရေပွားတွေသာ မြင်ရတော့တယ်၊ အင်္ဂါကမ်းလဲမမြင်ရ၊ အနောက်ကမ်းလဲမမြင်ရ၊ သိပ်နက်နဲ တာပဲ...."လို့ သမုဒ္ဒရုကြီးကို စဉ်းစားပြီးတဲ့နောက်—

ဗုဒ္ဓမြတ်စွာရဲ့ တရားတော်နဲ့ (အဘိဓမ္မာ တရားတော်နဲ့ = ပဋ္ဌာန်းတရား တော်နဲ့) ဆက်ပြီးတော့ စဉ်းစားတယ်ကိုး၊ အဲ-သမုဒ္ဒရာက မမြင်ရဘူး ဆိုပေမယ့် ကမ်းအဆုံးရှိသေးတယ်၊ အင်္ဂါမှာ အင်္ဂါကမ်းအဆုံးရှိတယ်၊ ပတ်ပတ်လည်မှာလဲ သူ့ကမ်းအဆုံးရှိတယ်၊ မမြင်ရဘူးလို့ ဆိုပေမယ့် အဆုံး ရှိသေးတယ်၊ ကြည့်လိုက်ယင် အဆုံးတွေ့နိုင်သေးတယ်၊ အောက်မှာလဲပဲ ရေဟာ ဘယ်လောက် နက်နက် နက်ဖွင်သလောက်နက်ပေမယ့် မြေကြီးဟာ သမုဒ္ဒရာ ဆုံးနေတာပဲ၊ အထက်ကျတော့လဲ ကောင်းကင်ပြင်နဲ့ သမုဒ္ဒရာဆုံးနေတာပဲ၊ သမုဒ္ဒရာကြီး အဲဆုံးမရှိဘူးဆိုပေမယ့် အဆုံးရှာလို့ ရသေးတယ်။

ဗုဒ္ဓမြတ်စွာရဲ့ အဘိဓမ္မာတရားတော်အရ ပဋ္ဌာန်းတရားတော်ကြီး စဉ်းစား လိုက်တာ၊ တကယ်ကို ဉာဏ်နဲ့လိုက်လေ တရားတော်ကြီးက ကျယ်လေ၊

၁။ အဋ္ဌသာလိနီ၊ နှာ-၁၂။

ဥာဏ်နဲ့လိုက်လေ တရားတော်ကြီးက ကျယ်လေ၊ "ရုပ်နဲ့နာမ်သာ ရှိတယ်၊ ပုဂ္ဂိုလ် သဏ္ဌာဝါ သူ ငါ မရှိ၊ ပုဗ္ဗုလ် သဏ္ဌာဝါ သူ ငါ မရှိပေမယ့် အကုန်လုံး ကြောင်းကျိုးတွေနဲ့ ဖြစ်လို့ပျက်လို့ ... ဖြစ်လို့ပျက်လို့၊ ပုဂ္ဂိုလ် သတ္တဝါ သူငါ ထင်ရလောက်အောင် အကောင်ထည်ဖော်လို့ ဒီလိုဖြစ်နေပါလား၊ အားလုံး ဟာ ပုဂ္ဂိုလိ် သတ္တဝါ သူငါမရှိပဲနဲ့တရားသဘောတွေ ဖြစ်ပျက်နေပါလား...." လို့ တွေးယင်း တွေးယင်း "ဖြစ်လိုက်ပျက်လိုက် အနိစ္စ၊ အဖြစ်အပျက် ဒဏ်တွေ ခံနေရတဲ့ ဒုက္ခ၊ ဒီထဲ အနှစ်သာရ အဘာအကောင်အထည် ဘာမှမရှိတဲ့အနတ္တ ပါလား...." လို့ တွေးယင်း တွေးယင်း သဘော်ပေါ်မှာ ပီတိတွေဖြစ်လို့ စိမ့်ပြီးတော့လာရာက အဲဒီပီတိကို အနိစ္စ, ဒုက္ခ, အနတ္တနဲ့ချလိုက်တာ အဲဒီနေရာ မှာပဲ ရဟန္တာဖြစ်သွားတယ်၊ ဒါ့ကြောင့် ဘုန်းကြီးက-

"ဓမ္မစိန္တနံ၊ ဓမ္မသက်သက် ရှေနောက်ဆက်၍ ဖြစ်ပျက်နေဟန် ကြောင်းကျိုးမှန်ကို ဖန်ဖန်ခဲ့ဝေ ကြံစည်၍ နေရခြင်းသည်။ အဟော နော၊ ကိုယ့်သန္တာန်တွင်း ဥာဏ်ရောင်လင်း၍ ရှင်းကာ ရှင်းကာ သြော်....အားရဖွယ်ကြီးပါတကား"

သာဓု.....သာဓု.... .. သာဓု။

ဒီတော့ကာ ယခု ပဋ္ဌာန်းပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသကို ရွတ်ပြီးတော့ အသံသွင်းပါ့မယ်၊ ရွတ်နေတုန်း (ပါဠိရွတ်နေတုန်း)မှာ ဘာမှနားမလည်ပေမယ့် "သြော် ဒီလောက်နက်နဲတဲ့ တရားတော်ကြီးပါလား" လို့ ဒီလိုလောက် မှန်းထားပါ၊ နောက်တော့ အဲဒီတရားတွေကို ဘုန်းကြီးက ဆက်ဆက်ပြီးတော့ "ဓာတုပစ္စည်းဆိုတာ ဘယ်လိုသဘော" ဆိုတာ ကောက်ချက်ချပြီး အဓိပ္ပာယ်ပြောမယ်၊ ဒီနေ့တော့ အဲဒီတရားကို အသံသွင်းရုံ(ပါဠိအသံသွင်းရုံ)ပဲ သွင်းယူထားကြရမယ်။

၁။ ပစ္စယုဒ္ဒေသ

ဟေတုပစ္စယော၊
အာရမ္မဏပစ္စယော၊
အဓိပတိပစ္စယော၊
အနန္တရပစ္စယော၊
သမနန္တရပစ္စယော၊
သဟဇာတပစ္စယော၊
အညမညပစ္စယော၊
နိဿယပစ္စယော၊
ဥပနိဿယပစ္စယော၊
ပုရေဇာတပစ္စယော၊
ပစ္ဆာဇာတပစ္စယော၊
အာသေဝနပစ္စယော၊
ကမ္မပစ္စယော၊
ဝိပါကပစ္စယော၊
အာဟာရပစ္စယော၊
ဣန္ဒြိယပစ္စယော၊
ဈာနပစ္စယော၊
မဂ္ဂပစ္စယော၊
သမ္ပယုတ္တပစ္စယော၊
ဝိပ္ပယုတ္တပစ္စယော၊
အတ္ထိပစ္စယော၊
နတ္ထိပစ္စယော၊
ဝိဂတပစ္စယော၊
အဝိဂတပစ္စယောတိ။

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

၁။ ဟေတုပစ္စယော၁ထိ—

ဟေတူ ဟေတုသမ္မယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု-ပစ္စယေန ပစ္စယော။

၂။ အာရမ္မဏပစ္စယော၁တိ—

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ-ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ ဘေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

၃။ အဓိပတိပစ္စယော၁တိ—

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိ-ပတိပစ္စယေန ပစ္စယော။

ဝိရိယာဓိပတိ ဝိရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတ္ဝာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

၇။ အနန္တရပစ္စယောတိ—

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ မြော မနောဓာတုယာ တံသမ္ပ-ယုတ္တကာနဉ္စ မမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ မြော မနောဝိညာဏဓာတုယာ တံသမ္ပ-ယုတ္တကာနဉ္စ မမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ မြော်နံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ မြော် ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသ ယေသ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စတ္တာရောသ-ကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

၅။ သမနန္တရပစ္စယော

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပ-ယုတ္တကာနဉ္စ မြော်နံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှာဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ မြေ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမဘ ပုရိမာ အဗျာကတာ မွော ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမဘ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ-စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

၆။ သဟဇာတပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပိနံ မွောနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။

ကိဉ္စိကာလေ နာ သဟဇာတပစ္စယေန ပစ္စယော။

၇။ အညမညပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

၈။ နိဿယပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

၉။ ဥပနိဿယပစ္စယောတိ—

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမ့ာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတု ဘောဇနိမ္မိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလော ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနိမ္မိ ဥပနိဿယပစ္စယေန ပစ္စယော။

၁၀။ ပုရေဇာတပစ္စယော–

စက္ခွာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဓသာတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေ-ဇာတပစ္စယေန ပစ္စယော။

ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေ-ဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေ-ဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေ-ဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေ ဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေန ပစ္စယော။ ကိဉ္စိကာလေ နပုရေဇာတပစ္စယေန ပစ္စယော။

၁၁။ **ပစ္ဆာဇာတပစ္စယော**တိ—

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

၁၂။ အာသေဝနပစ္စယောတိ—

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ **အာသေဝနပစ္စယေန** ပစ္စယော။

ပုရိမာ ပုရိမာ **အ**ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **အ**ကုသလာနံ ဓမ္မာနံ **အာသေဝနပစ္စယေန** ပစ္စယော။

ပုရိမာ ပုရိမာ **ကိ**ရိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ **ကိ**ရိယာဗျာကတာနံ ဓမ္မာနံ **အာသေဝနပစ္စယေန** ပစ္စယော။

၁၃။ ကမ္မပစ္စယောတိ—

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ **ကမ္မပစ္စယေန ပစ္စယော**။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ **ကမ္မ** ပစ္စယေန **ပစ္စယော**။

၁၄။ ဝိပါကပစ္စယောတိ-

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါက**ပစ္စယေန** ပစ္စယော။

၁၅။ အာဟာရပစ္စယောတိ—

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ **အာဟာရ** ပစ္စယေန **ပစ္စယော**။

အရူပိနော **အာ**ဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ **အာဟာရပစ္စယေန** ပစ္စယော။

၁၆။ ဣန္ဒြိယပစ္စယောတိ—

စက္ခုန္ဒြိယံ စက္ခုဝိညာဏသမ္ပယုတ္တာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယ-**ပစ္စယေန** ပစ္စယော။

သောတိန္ဒြိယံ သောတဓိပ္ပါဓာဓိပတေယျာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဂ္ဂန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဓိပ္ပါဓာဓိပတေယျာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဂ္ဂန္ဒြိယ-ပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဓိပ္ပါဓာဓိပတေယျာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဂ္ဂန္ဒြိယ-ပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဓိပ္ပါဓာဓိပတေယျာ တံမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဂ္ဂန္ဒြိယ-ပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဂ္ဂန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဂ္ဂန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဂ္ဂန္ဒြိယပစ္စယေန ပစ္စယော။

၁၇။ **ဈာနပစ္စယောတိ–**

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ **ဈာန-**ပစ္စယေန ပစ္စယော။

၁၈။ **မဂ္ဂပစ္စယောတိ–**

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စ-ယေန ပစ္စယော။

၁၉။ သမ္ပယုတ္တပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

၂၀။ ဝိပ္ပယုတ္တပစ္စယောတိ–

ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။
အရူပိနော ဓမ္မာ ရူပိနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

၂၁။ **အတ္ထိပစ္စယော**တိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။
စတ္ထာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။
ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။
စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။
မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိ-ပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိ-ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိ-ပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိ-ပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရှုပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရှုပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရှုပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၂၂။ နတ္ထိပစ္စယောတိ–

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋိပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

၂၃။ ဝိဂတပစ္စယောတိ–

သမနန္တရဝိဂတာ စိတ္တစေတသိကာ မွာ ပဋိပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

၂၄။ အဝိဂတပစ္စယောတိ–

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩကန္တိကွဏော နာမရှုပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရှုပါနံ အဝိဂတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရှုပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတ-ပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတ-ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတ-ပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှာဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတ-ပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယဘနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာဝိဂတပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။

သာဓု.....သာဓု.....သာဓု။

ကွတိ၊ ကျိသို့။ ဗောဓေန္တံ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းဓထာမနာ ပဏာရှိကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

သာဓု.....သာဓု.....သာဓု။

သံယောဇဉ်များ မေတ္တာပို့

၁။ အရှေ့အရပ်၌ နေကြကုန်ဝသော ကမ္ဘာသူ,ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၂။ အရှေ့တောင်အရပ်၌ နေကြကုန်သော ကမ္ဘာသူ, ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၃။ တောင်အရပ်၌ နေကြကုန်သော ကမ္ဘာသူ, ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၄။ အနောက်တောင်အရပ်၌ နေကြကုန်သော ကမ္ဘာသူ, ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၅။ အနောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ, ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၆။ အနောက်မြောက်အရပ်၌ နေကြကုန်ဝသော ကမ္ဘာသူ, ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၇။ မြောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ, ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၈။ အရှေ့မြောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ,ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၉။ အထက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ, ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၁၀။ အောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ,ကမ္ဘာသား သတ္တဝါအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

သံဃာတော်များ

သမ္မည်တညာဏ်တော်စွမ်းအား "ပူဇော်"

၁။ သိရုန်မှန်က၊ မကျွန်ရအောင်၊ လုံးဝစုံလင်၊
အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ အများအပြား၌၊ ဟောထား
စဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊
အကုန်မြင်၊ သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

၃။ ကျတ်ထိုက်ကြေပေ၊များဝေနေ၏၊ ဂူဇြစရိုက်၊
သူ့အကြိုက်ကို၊ နှိုက်ချတ်စုံလင်၊ အကုန်မြင်၊
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

၄။ သဗ္ဗဉ်ညာဏ်အား၊စွမ်းသုံးပါးကြောင့်၊ အများ၊
ဝေနေ၊ ကျတ်လွတ်စေဖို၊ မနေမနား၊ သက်
တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ရှိ၍၊
ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊သယ်ယူဆောင်၊
ဘုန်းခေါင် ငါတို့ဘုရားတည်း။

ဤကုသိုလ်အဖို့ကို မိဘ, ဆရာ၊ သံဃာတော်အပေါင်း, ဒါယကာ-ဒါယိကာမအစပါင်း နတ်အပေါင်းနှင့်တကွ သတ္တဝါဟူသမျှတို့အား အမျှပေးဝေပါ၏၊ အမျှရကြပါစေသတည်း။

ပဋ္ဌာန်း-၃

နာနာပွကာရဋ္ဌာနာနိ၊ ဗေဘိတာနေတ္ထ မုနိနာ။
အာနန္ဒနယပဋ္ဌာနံ၊ ဝန္ဒေ အာနန္ဒ ဓဂါစရံ။

ဧတ္ထ၊ အာနန္ဒနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနာပွကာရဋ္ဌာနာနိ၊ ဟေတု, အာရုံမှစ၍ စသည်မျိုးစုံ အခြင်းအရာတို့ကို။ ဗေဘိဘာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာ ကျန သိပြီးမှလျှင် မျိုးလှဝေနေ သိစေတော်မူအပ်ခဲ့လေပြီ။ အာနန္ဒဓဂါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူသော။ တံ အာနန္ဒနယပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည့်စုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တာခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု.... .. သာဓု .....သာဓု။

[ဤပဋ္ဌာန်းတရားဟော်ကို ဖတ်ရှုလေ့လာသောအခါ နံနက်စောစော မိုးမလင်းမီ အရက်ဆွမ်းစားအပြီး သံသာတော် ၅၀၀ (ငါးရာကျော်) နှင့် လူပရိသတ်များအား သြဝါဒပေးတော်မူနေသော ဆွမ်းစားကျောင်းကြီးအပေါ်ထပ်တွင် မဟာဂန္ဓာရုံဆရာတော်ကုရောင်းသည် အလွန်နက်နဲသော ပဋ္ဌာန်းတရားတော်ကြီးကို သြဝါဒ နာယူသူများ နားလည်အောင် ဟောကြားဆုံးမနေသည်ကို အာရုံပြု၍ လေ့လာတော်မူကြပါ။]

အဓိဋ္ဌာန် ပဌာန်း တရားတော်

ဒုတိယနေ့

၁၃၃၄-ခု၊နှောင်းတန်ခူးလဆန်း ဂ-ရက်၊ အင်္ဂါနေ့။ ၁၉၇၃-ခု၊ဧပြီလ ၁၀-ရက်။

ပဏာမ

မနေ့တုန်းက ပဋ္ဌာန်းတရားတော်ရဲ့ အခြေခံကိုသာ ဖေဟာခဲ့ရပါတယ်၊ ယနေ့ ပဋ္ဌာန်းတရား စပြီးတော့ ဟောဖို့ရန် ပဋ္ဌာန်းအကြောင်း နည်းနည်းလေး နားလည်မှ ကောင်းကယ်။

နဉနဉပဂကာရဋ္ဌဉနဉနိ၊ ဖေဝဓိတာဇနတ္ထ မုနိနဉ။
အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တ ဂေါစရံ။

ဇတ္ထ၊ အဲနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနဉ၊ မုနိထွက်တင် ဘုရားရှင်သည်။ နဉနဉပဂကာရဋ္ဌဉနဉနိ၊ ဟတု, အာရမ္မဏ စသည်မျှားစွာ အခြောင်းအရာတို့ကို။ ဖေဝဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဂို့စွာ ကျန သိပြီးမှလျှင် မျှားလှဝေနေ သိစေဘော်မူခဲ့လပြီ။ အနန္တ ဂေါစရံ၊ အဆုံးမရှိကုန်အောင် သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ်ဟော်မူဓသာ။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ် မြင့်မောက် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်ဓတော့ပါ၏ဘုရား။

သာဓု.....သာဓု .....သာဓု။

ပဋ္ဌာန်းကျမ်း။ ။"ပဋ္ဌာန်း"ဆိုတဲ့ ပါဠိဿက်စကားက "ပဋ္ဌာန.... (ပ)က အမျိုးမျိုး အစားစား အပြားအားဖြင့် + (ဋ္ဌာန)က အခြောင်းအရာကွေ" အဲဒီလို တရားတော်တွေ ဟောကော်မူကဲ့ ကျမ်းကို "ပဋ္ဌာန်းကျမ်း"လို့ ခေါ်ပါတယ်၊ "အမျိုးမျိုး အစားစား မျှားစွာသော

အကြောင်းတရားတို့ကို ဟောတော်မူရာဖြစ်တဲ့ ကျမ်းတော်ကြီး''ကို ပဋ္ဌာန်းကျမ်းလို့ ခေါ်ပါတယ်။

တိုက်တွန်းချက်။ ။ဒီ ပဋ္ဌာန်းကျမ်းထဲမှာ (ပဋ္ဌာန်း တရားတော်ထဲမှာ) ဘာတွေ သိရမလဲလို့ဆိုတော့ ''အားလုံး အကြောင်းရှိမှ အကျိုးဖြစ်ဘာပါလား၊ အကြောင်းရှိမှ အကျိုးဖြစ်တာပါလား၊ အားလုံး အကျိုးတွေဟာ အကြောင်းမရှိပဲနဲ့ တခုမှ မဖြစ်ပါပဲလား''၊ အဲသလို သိသွားလိုက်တော့ အကြောင်းမရှိပဲ ဖြစ်ချင်သလို ဖြစ်ဆိုတဲ့ဝါဒဟာ အလိုလိုပျောက်သွားတယ်၊ အင်မတန်မှ မွန်မြတ်တဲ့ တရားတော်ကြီး၊ အင်မတန်မှ သတ္တဝါတွေကို အကျိုးပြုတဲ့ တရားတော်ကြီးဖြစ်ပါတယ်၊ ဒါကြောင့် ဗိမိတို့ နာရတဲ့အခါဖြစ်ဖြစ်၊ ဘုန်းကြီးတို့ နာတဲ့အခါ ဟောတဲ့အခါဖြင်ဖြစ် ပုဒ္ဓမြတ်စွာကို စိတ်ကောင်းကြည်ညိုတဲ့စိတ်တွေ ဖြစ်ပြီးတော့ ဒီတရားတော်ကြီးကို နာဖို့ ဟောဖို့ ကောင်းပါတယ်။

''ဟွေ့ ဤအနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီးဌ်။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနာပွကာရဌာနာနိ၊ ဟေတု, အာရမ္မဏ စသည် များစွာ အကြောင်းအရာတို့ကို။ ဗေဒိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာ ကျန သိပြီးမှလျှင် များလှုဝနေ သိစေတော်မူခဲ့လေပြီ။'' ဒီတရားတော်ကြီးကို ဗုဒ္ဓမြတ်စွာက (မနေ့က ပြောခဲ့တယ် မဟုတ်လား) ဘုရားဖြစ်ပြီးတဲ့နောက် လေးခုမြောက် သတ္တာဟ, လေးခုမြောက်(၇)ရက်တပတ်မှာ ဒီတရားတော်ကြီး ဆင်ခြင်တော့ ဤအကြောင်းတရားတွေ အများကြီး တမျိုးပြီး တမျိုး ... တမျိုးပြီး တမျိုး.... တမျိုးပြီး တမျိုး.... ဆင်ခြင်တော်မူလိုက်တာ စိတ်တော်ကို ကြည်လို့။

စိတ်ကောင်းကြည်တော့ အသေးတော် အသားတော်တွေ ကြည်လို့၊ သွေးတော်တွေ ကြည်ခတာ့ ဝမ်းထဲမှာ ရှိတဲ့ သလိပ်, သည်းခြေ, သွေး, ဓလတွေက စပြီးတော့ သန့်ရှင်းလို့၊ ကြည်လင်လို့၊ အဲဒီမှာ ရောင်ခြည်တော်တွေ ထွက်တော်မူတာ၊ ဒါကြောင့် ဘုန်းကြီးတို့က ဒီတရားတော်ကို အာရုံပြုလိုက်လို့ ရှိယင်ပဲ ဘုရားကိုမြင်လာပြီး ဟောဒီတရားတော်ရဲ့အရှင် ဘုရားရှင်ကိုယ်တော်

မြတ်ကြီးကို မြင်ရပြီ (ဘုရားကိုယ်တော်မြတ်ကြီးလို့သာ ပြောရတယ်၊ အဲဒီအချိန်မှာ နှစ်ဆယ့်ကိုးနှစ်၊ တောထွက်တော်မူတော့ သုံးဆယ့်ငါးနှစ် အရွယ်တော် ရှိခဲ့သေးတယ်၊ အဲဒီမတန် အရွယ်ကောင်းတဲ့အချိန်မှာ ဗုဒ္ဓ ဖြစ်တော်မူတယ်။)

"ဗုဒ္ဓ"ဆိုတဲ့ ဘွဲ့တော်ကလဲ တော်တော့ပုဂ္ဂိုလ် မရနိုင်ဘူးလို့ မနေ့က ပြောခဲ့ပြီနော်၊ ဗုဒ္ဓမြတ်စွာက လဲလို့ရှိယင် အရှင်သာရိပုတ္တရာဉာဏ်တော်ဟာ အကြီးဆုံးပဲ၊ အဲဒီ အဲရှင်သာရိပုတ္တရာတောင်မှ (အရှင်သာရိပုတ္တရာရဲ့ ဉာဏ်တောင်မှ) ကျက်စားနိုင်တဲ့ အခွင့်အလမ်း မရှိပါဘူး။

"အနန္တဇေါစရံ၊ အဆုံးမရှိ ကုန်အောင် သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူသော။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို" ဒါတသက်တခါ ကြုံရတာပဲဖြစ်တယ်၊ ဒကာတို့ ကြားနာတော့လဲ တသက်တခါ ကြားနာရတာဖြစ်တယ်၊ ဘုန်းကြီးတို့မှာလဲပဲ တသံသရာလုံးမှ တခါ ကြုံရတာပဲ၊ အင်မတန် ကြုံကြိုက်ခဲတဲ့ တရားတော်ကြီးကို စိုက်ပ်ိုးတော့လဲ နာရပါ့မယ်၊ ဘုန်းကြီးကလဲ တရားတော်ရှိသမျှ ဘုန်းကြီးတို့ လေ့လာရသမျှကို ဟောလို့ မဖြစ်ပါဘူး၊ လူများ နားလည်လောက်အောင်, ရိုးရိုးပုဂ္ဂိုလ် နားလည်လောက်အောင် ဒီလို ဆင်ပြီးတော့မှ ဟောရပါမယ်၊ ဒါ့ကြောင့် အင်မတန် မွန်မြတ်တဲ့ တရားတော်ကြီးကို အင်မတန် မွန်မြတ်တဲ့ စိတ်နဲ့ နာကြပါနော်။

"အနန္တဇေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ်တော်မူသော။ တံ အနန္တနယပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့လိုက်ပါ၏ ဘုရား။"

သာဓု.....သာဓု.....သာဓု။

၁။ ဟေတုပစ္စယော (ဟေတုပစ္စည်း)

အဲဒီ ပဋ္ဌာန်းကျမ်းတော်ကြီးကို ပဌမဆုံး ဗုဒ္ဓမြတ်စွာက "ဟေတုပစ္စယော" လို့ စဟောတော်မူခဲ့တယ်။ ဟေတုပစ္စယောလို့ ဆိုတဲ့စကားက ကျဉ်းကျဉ်း ကလေးပေမယ့် အဓိပ္ပာယ်က ကျယ်ဝန်းလိုက်ဘာ၊သတ္တဝါတို့ဉ်းနဲ့ဆိုင်ပြီးတော့ လာအောင် ကျယ်ဝန်းပါတယ်၊ဘုန်းကြီးက အဲဒီအကြောင်းအရာကို နည်းနည် ကလေး ပြောပြမယ်။

ရသောက်မြစ်ပမာ ဟိတ် ဖ·ဖြာ။ ။ဒီ ဟေတုပစ္စည်းကို ရှေး ဆရာတော်များက (ဆိုပါတော့ အဋ္ဌကထာ ဆရာတော်များက) ဘာနဲ့ ဥပမာပြောသလဲဆိုတော့ ရသောက်မြစ်နဲ့ တူတယ်လို့ ပြောကြတယ်၊ ရသောက်မြစ်ဟာ ရသောက်မြစ် ကောင်း သလောက် သစ်ပင်ခိုင်ပါတယ်၊ ရသောက်မြစ် အတွင်း နက်နက်စိုက် သလောက် သစ်ပင်ခိုင်မာတယ်၊ ရသောက်မြစ်က အောက်က ခတ်မြေ တွေ ရေတွေကို စုပ်ယူနိုင်သလောက် သစ်ပင်ဟာ သန့်ရှင်းသန်မာကြီးထွား စိမ်းစိုပြီးတော့ လာပါတယ်၊ ဟေတုပစ္စည်းလို့ဆိုတဲ့ တရားက ဘယ်လိုတုန်း လို့ဆိုတော့ လောဘ ဒေါသ မောဟ အကုသိုလ်ဘက်က အမြစ်သုံးမျိုး၊ အလောဘ အဒေါသ အမောဟ၊ ကုသိုလ်ဘက် ကိရိယာဘက် ဝိပါက်တရားက သုံးမျိုး၊ လိုရင်းတော့ မကောင်း အမြစ်သုံးသွယ်ရှိတယ်၊ အဲဒီ မကောင်း အမြစ်သုံးသွယ်ဆိုတဲ့ လောဘ ဒေါသ မောဟ အမြစ်တွေက သူနဲ့ဆိုင်လို့ အတူ ဖြစ်ဘက် တရားတွေကို သူကပဲ ကျေးဇူးပြုထားလို့ လောဘ ကြီး သလောက် လောဘနဲ့အတူဖြစ်တဲ့ စိတ်စေတသိက်တွေ လောဘ အလိုအတိုင်း "လိုချင်....လိုချင်.. လိုချင်...." ဒီလို ဖြစ်ရတယ်၊ လောဘ ကြီးသလောက် ဒီစိတ်ခကြာင့်ဖြစ်တဲ့ ရုပ်တွေကလဲ "လိုချင်....လိုချင်....လိုချင်" တဲ့ ရုပ်တွေ ဖြစ်ပေါ်လာတယ်။

ပဋ္ဌာန်းဘုရား နာရတာဟာ အင်မတန်ကောင်းတယ်၊ ကိုယ်ရေး ကိုယ်တာ ကိုလဲ စဉ်းစားလို့ရှိယင် လောဘအမြစ် တွယ်လိုက်ပြီဆိုမှဖြင့် သူနှင့် အတူ ဖြစ်တဲ့ စိတ်စေတသိက်တွေဟာ လောဘနောက် လိုက်ပြီးတော့ လောဘ အလိုအဘိုင်း စည်ပင်ကြရတယ်၊ တခါ အဲဒီ စိတ်စေတသိက်ကြောင့် ဖြစ်တဲ့

ရုပ်တွေ (စိတ္တဇရုပ်တွေ)ကလဲ လောဘအတိုင်း လိုက်ပြီးတော့ တဂဲထဲ ဖြစ်ရတာပဲ၊ အင်မတန် ဘုန်းကြီးတို့ လူတွေ၊ ရဟန်းတော်တွေ စည်းစားလို့ တယ်ဓကောင်းတယ်၊ ဘာလုပ်နေတယ်ဆိုတာ ဘုန်းကြီးတို့ အတိအကျပြောနိုင်တယ်၊ ဘာစိတ်ဖြစ်နေတယ်၊ ဘာစိတ် ဦးစီးနေတယ်ဆိုတာ အတိအကျပြောနိုင်တယ်။

တခါ ဒေါသဖြစ်နေပြန်ပြီ ဆိုလို့ရှိရင် ထုံးစံအတိုင်း စိတ်တွေ ကြမ်းကြမ်းတမ်းတမ်း ဖြစ်နေလိုက်တာ၊ တခါ စိတ်တင် ဘယ်ကမလဲ၊ ဒေါသအတိုင်း ရုပ်တွေ ဖြစ်လာလိုက်တာ၊ မျက်နှာကလဲ မျက်မှောင်တွေ ဘာတွေကြုတ်လို့၊ လက်တွေ ဘာတွေများ တန်းလို့၊ ဘုန်းကြီးတို့က သိပြီ၊ ဒေါသ ဘယ်လောက် ပြင်းနေတယ်ဆိုတာ သိပြီ။

တခါ ကုသိုလ်ဘက်တို့လို ကျပြန်တော့ အဒေါသ-မလိုချင်ပါဘူး၊ မလို ကို မလိုချင်ပါဘူး၊ ဒီလိုကို ဖြစ်နေပြန်တယ်၊ ဘေးက လိုချင်တဲ့ သူတွေက အင်မတန် တကထဲ လိုချင်နေတာ သူက ကုသိုလ်စိတ်နဲ့ မလိုကို မလိုချင်ပါဘူး၊ စိတ်ထဲပေါ်လာတာ ခပြောအုံးမယ်၊ ဘုရားအလောင်း တခါတုန်းက ဥဒယဘဒ္ဒမင်းသား[1] ဖြစ်ပါတယ်၊ ခမည်းတော်များက ထီးနန်းလွှဲဒေပ်ချင်လို့ မိဖုရား ရတနာ ရှာရပါမယ်လို့ သားဓတော်ကို တိုက်တွန်းဟော့ သားတော်က မလိုချင်ပါဘူး၊ ကြည့်စမ်း လောဘ ဖြစ်ပါဘူး၊ ဘုန်းကြီးတို့က ကြည့်လိုတယ်ဆိုတာ ဒီလို ကြည့်လိုနေတာ၊ ထီးနန်း မလိုချင်ပါဘူး၊ အဲဒါ အလောဘ (အလောဘဟိတ်)၊ အလောဘဟိတ်က အမြစ်တွယ်ဖလိုက်တာ၊ ထီးနန်း မလိုချင်ပါဘူး၊ မိဖုရား ရတနာ မလိုချင်ပါဘူး။

တခါ မယ်တော် ခမည်းတော်များ ကွယ်လွန်လို့ရှိယင် တောထွက်ပြီးတော့ တရားကျင့်ပါမယ်၊ မလိုချင်လိုက်တာ၊ လောဘလဲ မဖြစ် အလောဘ၊ ဒေါသလဲ မဖြစ် အဒေါသ၊ မောဟလဲ မဖြစ် အမောဟ၊ တယ်ကောင်းတယ်၊ အဲဒီ မလိုချင်, မလိုချင်ဆိုတဲ့ အလောဘ, အဒေါသ, အမောဟတွေက ငုံကိုင်းပိတ်ဖတော့နေတဲ့ ဘုရားလောင်းပြောတဲ့ စကားက အဲဒီ စိတ်ကြောင့် ဖြစ်တာမို့လို့ မလိုချင်ပါဘူး[2]။

၁။ ဇာ၊ ၄၊ ၄၊ ဥဒယဘဒ္ဒဇာတ်၊ နှာ ၁၀၆။

စိတ်နေ စိတ်ထားက မလိုချင်ပါဘူး၊ ပြောတဲ့ စကားလုံးကိုက မလိုချင်ပါဘူး၊ နေပုံ ထိုင်ပုံက မလိုချင်ပါဘူး။

တခါ ဘုရားအလောင်းတို့လိုပဲ တောထဲဝင် နေလိုက်တာ သတ္တဝါတွေ ချမ်းသာကြပါစေ၊ အဒေါသ အဒေါသ(မေတ္တာ)နဲ့ "သတ္တဝါတွေ ချမ်းသာကြပါစေ"နဲ့ တချိန်တွင် မဟုတ်ဘူး၊ တချိန်တွင် မဟုတ်ဘူး၊ အချိန်ရှိသရွေ့၊ နောက်တော့ အဲဒီ မေတ္တာဟာ တိုးတက်ပီးတော့ ဈာန်ကို ရလို့ နောက်တချိန် ပြဟ္မာ့ပြည် ရောက်တာပဲ။

အဲဒီတော့ ဘုန်းကြီးတို့က မြင်လွန်းလို့ သိစေချင်လို့က်တာ သိစေချင်လို့က်တာ၊ မြင်လွန်းလို့၊ ယခု လောဘသမားတွေ လောဘအမြစ်တွယ်နေလို့က်တာ သိလို့က်တာ၊ သိလို့က်တာ၊ အင်မတန်သိ အင်မတန်သိ၊ လောဘတွေ့ အမြစ်တွယ်ခတော့ လောဘကိစ္စနဲ့ ရှာဖွေကြ၊ လောဘကိစ္စနဲ့ ဝတ်ကြ စားကြ၊ လောဘကိစ္စနဲ့ ကြွားကြ ဝါကြ။

ဒီ စိတ်ဆော ရုပ်ရော အာကုန်လုံး ဒီ ဟေတုပစ္စည်း ဖြစ်နေပုံတွေ၊ ဒါကြောင့် ဓမ္မဒေသနာများကလေ—

> ဟေတုပစ္စယော၊ ရေသောက်မြစ်လျှင် ယင်းသစ်ပင်ကို စိမ်းရှင်ညွှန့်ဓဝ စည်ပင်စေထ ဆောက်ပုံမသို့ သဟဇာတံ ရုပ်နှင့်နာမ်ကို သဓန္ဓပဓတ် မလွတ်စေရ သဘာဂတာ ဆယ့်နှစ်ဖြာတွင် ကောင်းစွာ ခိုင်ကြည် တည်သည်၏ အဖြစ်ကို သိစေတတ်သော ဟေတုသတ္တိ ထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမနှော တရားသဘောသာ ထင်ရှားရှိပါပေသည်တကား။ ဣတိ၊ ဤသို့။ ဗောဓနဆန်၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော် ထုံမွှမ်း ပုံတော် မှန်းလျက် ချီးမွမ်း ထောမနာ ပဏာရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု.....သာဓု.....သာဓု။

၂။ အာရမ္မဏပစ္စယော (အာရမ္မဏပစ္စည်း)

အာရုံနှင့်စိတ်။ ။ဒီတော့ကာ တရား တခု ဟောတု ပစ္စည်းတင် ဓမ္မာနေလို့ မပြီးသေးဘူး၊ ဒီဟောတုပစ္စည်း (ဟိတ်တွေ) က ဒီလိုဖြစ်ဓနပုံကို အာရမ္မဏပစ္စည်းနဲ့ ဆက်ပြီးတော့ ပြောမှ ကောင်းတယ်၊ အကျဉ်းကလေး ပြောပေးဦးမယ်နော်၊ အာရမ္မဏပစ္စည်းဆိုတာက အာရုံအဖြစ်နဲ့ ကျေးဇူးပြုနေတာ၊ ခုနကစိတ်ဘဲ့ လောဘတွေ့၊ စိတ်တွေ့ အလောဘတွေ့၊ စိတ်တွေ့ မေတ္တာ(အဒေါသ)တွေ့ ဟောတုတွေ့ ဖြစ်နေတယ်လို့ ဆိုတာဟာ အာရုံမပါပဲနဲ့ မဖြစ်ပါဘူး၊ **အာရုံပါရပါတယ်**၊ ဒီတော့ ဒီဟောတုပစ္စည်းကို နားလည်ဖို့ရန်ဆိုယင် အာရမ္မဏပစ္စည်းကိုလည်း အနည်းငယ် ဆက်ပြီးတော့ ပြောရပါတယ်။

အာရမ္မဏပစ္စည်းကလဲ သူ့နည်းသူ့ဟန်နဲ့ ကျေးဇူးပြုနေလိုက်တာ၊သူမပါယင် ဖြစ်ကိုမဖြစ်ဘူး၊ အာရုံမရှိလို့ရှိယင် စိတ်ကိုမဖြစ်ဘူး၊ ရှေးကအဋ္ဌကထာဆရာဘော်များနှင့် ရှေးပညာရှိကြီးတွေက စဉ်းစားပြီးဓတော့ ဒီအာရမ္မဏပစ္စည်းရဲ့ ကျေးဇူးပြုပုံကို ဘာနဲ့တူနေတုန်းလို့ တွေးဓတော်မှုကြ စဉ်းစားဓတော်မှုကြ ဟောကြ ဓပြောကြတယ်။

တောင်ဝှေး,ကြိုးတန်းပမာ အာရုံ ၆-ဖြာ။ ။ကဲ ဒီလိုဆိုကြစို့.ရဲ့၊လူကမစ္စမ်းမသန် ဖြစ်နေတယ်၊ အသက်အရွယ်ကြီးရင့်အိုမင်းလို့ မစ္စမ်းမသန်ယင်လဲ ဖြစ်နေတယ်၊ ရောဂါဘယကြောင့် မစ္စမ်းမသန်ယင်လဲ ဖြစ်နေတယ်၊ အဲဒီလူဟာ ဓတောင်ဝှေးကလေး ကိုင်လို့၊ ကြိုးတန်းကလေးကိုင်လို့၊ အဲသလိုမှ သူထနိုင်တယ်၊ထိုင်နိုင်တယ်၊သွားနိုင်တယ်၊ မစ္စမ်းမသန်တဲ့သူဟာ ဓတောင်ဝှေးကြိုးတန်းကို အားပြုနေရသလို့ (ဒီရှေးဆရာတော်မြတ်တွေ့ကလဲလေ ဓသချာလိုက်တာ) ဓတောင်ဝှေးဆိုတာက တခုပဲ၊ ကြိုးကျတော့ ကြိုးမျင်တွေ့ အများကြီး စုပေါင်းထားတယ်၊ ဓတောင်ဝှေးက ဘာနဲ့တူတုန်းဆိုတော့ကို နာမ်တရားအာရုံတွေ့နဲ့တူတယ်၊ စိတ်တို့ ဓေတသိက်တို့ သူတို့က တခုချင်း တခုချင်းဖြစ်ကြတယ်၊ ကြိုးကဘာနဲ့တူတုန်းဆိုဓတော့ ရုပ်တရားဓတွေ့၊ ရုပ်တရားဓတွေ့ဆိုတာ စုပြီးတော့ ဖြစ်ဓနကြတယ်။

အဲဒီတော့ စိတ်ရဲ့အာရုံတွေ စေတသိက်အာရုံတွေက တောင်ဝှေးနဲ့တူတယ်၊ ရုပ်အာရုံတွေက ကြိုးတန်းနဲ့တူတယ်၊ ကြိုးမျှင်တွေ ပေါင်းစပ်တဲ့ကြိုးတန်းနဲ့တူတယ်၊ အဲဒီခုနက မစ္ဆမ်းမသန်ဖြစ်နေတဲ့ အဟိုးကြီး သို့မဟုတ် လူမမာဟာ တောင်ဝှေးယင်လဲ ပါရပါ့မယ်၊ ကြိုးတန်းယင်လဲ ကိုင်ရပါ့မယ်၊ တောင်ဝှေး ကြိုးတန်းမပါပဲနဲ့ မထနိုင် မထိုင်နိုင် မသွားနိုင်သလိုပဲ၊ စိတ် စေတသိက်ဆိုတဲ့ တရားတွေဟာလဲပဲ အာရုံမပါပဲနဲ့ ဘယ်တော့မှမဖြစ်နိုင်ပါဘူး၊ ဘယ်အခါမှ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် အာရုံ ၆-ပါးဟာ ဘာနဲ့တူတုန်း ဆိုတော့ တောင်ဝှေးကြိုးတန်းနဲ့တူတယ်လို့ ရှေးဆရာမြတ်များက ဥပမာနှင့်တကွ အမိန့်တော်ရှိပြန်တယ်။

အာရမ္မဏဟစ္စယော၊ တောင်ဝှေးကြိုးတန်း သူမစ္ဆမ်းကို မပန်းရလေထိုင်ထစေဖို့ စိတ်စေလေးတန် နာမကွန်ကို ဖြစ်ဟန်တူစွာ ရှစ်သဘာတုင် ဆွဲထောက်ရာအာရုံ၏ အဖြစ်ဘည်းဟူသော အာရမ္မဏသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရုံ ၆-ပါးစွဲည်းတရားသည်၊ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမနှော တရားသဘောသာထင်ရှားရှိပါသည်တကား။

အာရုံ ၆-ပါးပဲ ရှိတယ်၊ စိတ်ဖြစ်အောင် ဘယ်သူကမှလဲ မလုပ်နိုင်ဘူး၊ ဘယ်သဗ္ဗညုမြတ်စွာဘုရားကိုယ်တိုင်မှလဲ ဖန်ဆင်းမပေးနိုင်ဘူး၊ သူ့ဘဝော အတိုင်းဖြစ်နေတာ၊ အာဠုရှိယင် စိတ်ဖြစ်မယ်၊ ဒါ ဗုဒ္ဓမြတ်စွာ ဖန်ဆင်းမပေးနိုင်ဘူး၊ ဒိပြင်ဒိပြင်ပုဂ္ဂိုလ်တွေ ဆိုတာကတော့ မပြောနဲ့တော့ ဖန်ဆင်းမပေးနိုင်ဘူး၊ အဲဒီအာရုံရှိလို့ စိတ်ဖြစ်နေတဲ့နေရာမှာ အာရုံ, စိတ်, စေတသိက် ဒါပဲရှိတယ်၊ ဒီထဲ သတ္တာဒါဆိုတာ မရှိဘူး၊ အာရုံစိတ် စေတသိက် ဒါပဲ ရှိတယ်၊ သတ္တဝါ မရှိဘူး၊ သူလို့ဆိုတာ ရှာမရဘူး၊ ပုဂ္ဂိုလ်လို့ ဆိုတာ ရှာမရဘူး၊ စိတ်စေတသိက်အာရုံ ဒါပဲ ရှိပါတယ်။

ဒီနားမှာ ထင်လာတာ ပြောရဦးမယ်၊ ကံက ပြုစီမံလိုက်တဲ့ စကွဲ့ပဿာဒ၊ မျက်စိထဲမှာရှိတဲ့ ပဿာဒရုပ်၊ အဲဒီ စက္ခုပဿာဒလဲရှိမယ်၊ ခုနက ရူပါရုံလဲ ရှေ့နားမှာ ရှိမယ်၊ ဒီအာရုံကိုလဲ နည်းနည်းသတိထားလိုက်မယ်ဆိုယင် စက္ခုဝိညာဏ်စိတ် ဖြစ်ဘာပဲ၊ ဘယ်သူမှ လာပြီးတော့ ဖန်ဆင်းလို့ မရဘူး၊

စကွဲပသာဒလဲဖြစ်တယ်၊ ရူပါရုံကလဲရှိနေတယ်၊ သူ့ကိုလဲ နှလုံးသွင်းတယ်၊ ဘေးက အရောင် အလင်း ရှိတယ်၊ ဒီလိုဆိုယင် စက္ခုဝိညာဏ်စိတ် မဖြစ်ဖို့ရာ ဘယ်သူမှ မဘားဆီးနိုင်ဘူး၊ ဖြစ် ကိုဖြစ်မှာ၊ ပုဂ္ဂိုလ်မပါဘူး အတ္တ မပါဘူး အကောင်အထည်မရှိဘူး ဒီဘရားလဲရှိတယ်၊ ပုဂ္ဂိုလ်မရှိဘူး သတ္တဝါ မရှိဘူး အတ္တမရှိဘူး အကောင်အထည်မရှိဘူး၊ ဘယ်သူဖန်ဆင်းလို့မှလဲမရဘူး၊ စက္ခုပသာဒ, ရူပါရုံ, အရောင်အလင်း, နှလုံးသွင်းမှုမရှိယင် စက္ခုဝိညာဏ် ဖြစ်ဖို့ရန် (ဒီပြင်ဒီပြင်ဘုရားကိုတော့ မပြောလိုဘူး၊) ဘုန်းကြီးတို့ ဘုရားကိုက မဖန်ဆင်းနိုင်ဘူး၊ တရားဟောက အင်မတန်သေချာတာပဲ၊ ခုနကအဖွဲ့ကြောင်း ဓာတ်စုံလာလို့ရှိယင် ဘယ်သူမှ မဖန်ဆင်းနဲ့၊ ဖြစ်ကိုဖြစ်တာ၊ ဘယ်သူတာဝန်လို့မှမရဘူး၊ ဘယ်မလဲပုဂ္ဂိုလ်...ဘယ်မလဲအတ္တ.... ဘယ်မလဲအကောင်အထည် ဘယ်မလဲငါ....ဘယ်မလဲသူ ...၊ အင်မတန်ကောင်းလွန်းလို့။

"အဘွား၊ ပုဂ္ဂိုလ် သတ္တဝါ သူ ငါမနော တဂုံးသဘောသာ ထင်ရှားရှိပါသည်ဘကား။ ဣဘိ၊ ဤသို့။ ဗေဒခန္ဓံ၊ သဗ္ဗညုတဉာဏ်ဘော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှုဒဝနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်ဒတော်ဆုံမှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထေးမနာ ပဏာရိကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု .....သာဓု.....သာဓု။

စိတ် ၃၀-မျိုး

ဒီဟိတ်, အာရုံနှစ်ပါးစုံဒတော့ နည်းနည်းကလေးစကားပြောလို့ဖြစ်ပြီ၊ ခုနက ကုသိုလ်ဆိုတာ ဘုန်းကြီး ပြောဦးမယ်၊ မိမိတို့မှာ စိတ်ဖြစ်နေတာဟာ သုံးမျိုးပဲ ဖြစ်နေတယ်နော်၊ ကုသိုလ်စိတ် အကုသိုလ်စိတ် ဝိပါက်ကြီယာ ဆိုတဲ့ အဗျာကတစိတ်၊ အခြိန်ရှိသမျှ အဲဒီသုံးမျိုးပဲရှိတယ်၊ ဘယ်လောက်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ် ကုသိုလ်ဖြစ်မယ်၊ သို့မဟုတ်-အကုသိုလ်ဖြစ်မယ်၊ သို့မဟုတ်-ဝိပါက်ကြီယာဖြစ်မယ်၊ ဘယ်လောက်သေးသိမ်တဲ့ ကလေးကလေးဖြစ်ဖြစ် တိရစ္ဆာန်သတ္တဝါပဲဖြစ်ဖြစ် ကုသိုလ်ဖြစ်မယ်၊ အကုသိုလ်ဖြစ်မယ်၊ ဝိပါက်ဖြစ်မယ်၊ ကြီယာဆိုတဲ့ အဗျာကတဖြစ်မယ်၊ အင်မတန် သေချာတယ်၊ အင်မတန် သေချာတယ်။

အကုသိုလ်စိတ်။ ။ဖြစ်တိုင်း ပျက်တိုင်း အာရုံ ပါရမယ်၊ အဲဒါကြောင့် အကုသိုလ်ဆိုတာ ဘယ်လိုတရားပါတုန်းလို့ ဆိုယင်—

"ဖြစ်သော်ညစ်ထေး အပြစ်ဘေးနှင့် ကျိုးပေးဒုက္ခ ဆယ့်နှစ်ဝမုချအကုသိုလ်ခေါ်"တဲ့။

အပြစ်ကတ္တဖြစ်တုန်းက ဒေါသယင်လဲ ပါနေပြီ၊ ဣဿာမစ္ဆရိယယင်လဲ ပါနေပြီ၊ မာနယင်လဲ ပါနေပြီ၊ ဖြစ်တုန်းက အဲဒီ အညစ်အကြေးတွေ ပါနေတယ်၊ အကုသိုလ်ဖြစ်တုန်းက အညစ်အကြေးတွေ ပါနေမှတော့ အပြစ်မကင်းဘူး၊ ဖြစ်တုန်းကကို အပြစ်မကင်းဘူး၊ ဘယ်သူမှကို အပြစ်မကင်းဘူး၊ နောက်အကျိုးပေးယင် မကောင်းကျိုးကိုပေးမယ်၊ ကောင်းကျိုးကိုမပေးဘူး၊ ဒီအကုသိုလ်က ခုဘဝဖြစ်ဖြစ် နောက်ဘဝဖြစ်ဖြစ် မကောင်းကျိုးကိုပေးမယ်၊ ဒါ့ကြောင့် အကုသိုလ်ဆိုတာ ဘယ်လို ဘာလိမ့်မတုန်းဆိုယင် ကိုယ့်စိတ်ကို စဉ်းစားကြည့်၊ "ဖြစ်သော်ညစ်ထေး၊ အပြစ်ဘေးနှင့်၊ ကျိုးပေးဒုက္ခ၊ ဆယ့်နှစ်ဝ၊ မုချအကုသိုလ်ခေါ်"၊ ဖြစ်တယ်နော်၊ လောဘယင်လဲ ပါမယ်၊ ဒေါသယင်လဲ ပါမယ်၊ ဒါအပြစ်ပဲ၊ မာနယင်လဲ ပါမယ်၊ ဒါအပြစ်ပဲ၊ တယောက်နှင့် တယောက် မနာလိုတဲ့ ဣဿာယင်လဲ ပါမယ်၊ ဒါအပြစ်ပဲ၊ သူတပါးကို မကြိုးပမ်းစေလိုတဲ့ မစ္ဆရိယယင်လဲ ပါမယ်၊ ဒါအပြစ်ပဲ၊ အိပ်ချင်မူးတူး ငိုက်မျဉ်းမနတဲ့ ထိနမိဒ္ဓယင်လဲ ပါမယ်၊ ဒါအပြစ်ပဲ၊ ဘုရားကိုဟုတ်မှ ဟုတ်ပါ့မလားလို့ ဘုရားအစစ်ကို ယုံမှားနေတဲ့ ဝိစိကိစ္ဆာယင်လဲ ပါမယ်၊ ဒါအပြစ်ပဲ၊ ဖြစ်တုန်းက အပြစ်တခုခုနဲ့ညစ်ပေနေတဲ့တရားမျိုး၊ ဒါအကုသိုလ်ခေါ်တယ်၊ နောင်အကျိုးပေးယင်လဲ မကောင်းကျိုးကို ပေးမှာပဲ။

ကုသိုလ်စိတ်။ ။ကိုယ့်စိတ်ဟာ ဘာဖြစ်တယ်ဆိုတာ သိပ်ပြီတော့လေ့လာဖို့ကောင်းတယ်၊ အဲ- တခါကုသိုလ်က ဘယ်လိုပါလိမ့်မတုန်းလို့ ဆိုစေတော့—

"ဖြစ်သော်သန့်ရှင်း၊ အပြစ်ကင်း၍၊ ကောင်းခြင်းသုခ၊ ကျိုးပေးက၊ ကုသလဟုခေါ်"တဲ့

ဖြစ်တုန်းက သန့်ရှင်းလိုက်တာ၊ မေတ္တာစိတ်နဲ့နော်၊ မေတ္တာစစ်စစ်နဲ့၊ ''ချမ်းသာပါစေ ...ချမ်းသာပါစေ''၊ ဖြစ်တုန်းက တယ်သန့်ရှင်းတယ်၊ တခါ အလှူဒါနပေးနေယင် ''အင်း....ငါ့အလှူ အကြောင်းပြုပြီးတော့ စားကြပါစေ'' စွန့်ကြဲပေးကမ်းယင်းပဲ မေတ္တာကပါနေတယ်၊ သန့်ရှင်းတယ်၊ သိပ်သန့်ရှင်းတယ်၊ ''သြော်....မိမိတို့အလှူဒါနအကြောင်းပြုပြီးတော့ သာသနာတော်ကြီး တိုးတက်ပါစေ တည်တံ့ပါစေ ခိုင်မြဲပါစေ'' အဲဒီလို ဖြစ်တုန်းကလဲ ကုသိုလ်စိတ်တွေ ထပ်ဖြစ်တယ်၊ နောက်ဆုံး ကိုယ့်သားကလေး သမီးကလေးကို မိခင်အဖြစ်နဲ့ တကတည်းကျန်းမာစေချင်လွန်းလို ဝဖီစေချင်လွန်းလို့နို့တိုက်ပြီးတော့နေတယ်၊ ချစ်နေတဲ့ လောဘက အကုသိုလ်ကလေး၊ကလေးကျန်းမာစေချင်တာ ဝဖြိုးစေချင်တာက ကုသိုလ်၊စတနာဒုမတ္တာကကုသိုလ်၊ ကုသိုလ်နဲ့ အကုသိုလ် ကပ်နေတာပဲ ကပ်နေတာပဲ၊ သားကလေး ချစ်လွန်းလို့ ဒါက အကုသိုလ်၊ကျန်းမာစေချင်လွန်းလို့ ဝဖြိုးစေချင်လွန်းလို့ နို့တိုက်ပြီးနေတာက ကုသိုလ်၊ဖြစ်နေတုန်းမှာလေ အညစ်အကြေးလုံးလုံးမပါတဲ့အပိုင်းက ကုသိုလ်ပဲ၊ အကျိုးပေးယင် ကောင်းကျိုးပေးမှာ– ''ဖြစ်သော် သန့်ရှင်း၊ အပြစ်ကင်းရှိ၊ ကောင်းခြင်းသုခ၊ ကျိုးပေးက ကုသလဟုခေါ်''

အဗျာကတစိတ်။ ။အဗျာကတဆိုတာက ဘယ်လိုစိတ်တုန်းဆိုတော့ ဝိပါက်၊ ဘုန်းကြီးတို့ ရုပ်တရားတွေလဲ အဗျာကတ ခေါ်တယ်၊ သူဖြစ်တော့လဲ ညစ်ထေးတာလဲ မဟုတ်ဘူး၊ သန့်ရှင်းတာလဲ မဟုတ်ဘူး၊ သူတို့ကိုကုသိုလ်လို့လဲမဆိုရဘူး၊ အကုသိုလ်လို့လဲ မဆိုရဘူး၊ ရုပ်တရားတွေဟာ အဗျာကတ၊ ခုနကစိတ်စေတသိက်ထဲမှာလဲပဲ ဝိပါကစိတ်တွေ၊ ဘုရားရဟန္တာမှာဖြစ်တဲ့ ကြိယာစိတ်တွေ၊ အဲဒါတွေက အဗျာကတ၊ ဘုရားရဟန္တာတို့သန္တာန်မှာတော့ ကုသိုလ်စိတ်မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဘုရားရဟန္တာမှာ မေတ္တာမပွားဘူးလား၊ မေတ္တာပွားလို့ရှိယင်လဲ ကုသိုလ်မခေါ်ဘူး၊ ကြိယာအဗျာကတခေါ်တယ်၊ ဘုရားရဟန္တာတွေက သတ္တဝါတွေ ချမ်းသာအောင်လို့ တရားဟောတယ်။ ဗုဒ္ဓမြတ်စွာ တရားဟောတော်မူတယ်၊ ကုသိုလ်မဟုတ်ဘူး၊ ဒါက ကြိယာအဗျာကတလို့ခေါ်တယ်၊ ဘာဖြစ်လို့တုန်း နောက်အကျိုးမပေးဘူးလေ၊ ကုသိုလ်ဆိုယင် ပဋိသန္ဓေအကျိုးပေးမယ်၊ ဗုဒ္ဓမြတ်စွာမှာနောက်ဘဝ

သံသရာအကျိုး မရှိတော့ဘူး၊ ဘဝသံသရာအကျိုးမရှိလို့ အကျိုးမပေးလို့ ကောင်းတာလုပ်လဲပဲ ကြိုယာအဖျက်ဏတ၊ မကောင်းတာ ကျစတာ့ လုပ်ကို မလုပ်ဘူး၊ တခါ ဝိပါက်စိတ်တွေ့ ဘုန်းကြီးတို့မှာ ဖြစ်နေတယ်၊ အိပ်ပျော်နေတယ်၊ ဝိပါက်စိတ်ဖြစ်နေတယ်၊ ဝိပါက်စိတ်ဖြစ်နေတော့ ခုနက ဟိတ်တွေ့ မပါဘူးလား၊ ပါတယ်၊ နောက်တဖြည်းဖြည်းမှ နားလည်မယ်နော်၊ ဟိတ်တွေ့ ပါနေတယ်၊ စိတ်တွေ့ ဖြစ်နေတယ်၊ အိပ်ပျော်နေတုန်းမှာ ကောင်းတဲ့စိတ်တွေလဲ ဘာမှမဖြစ်ဘူး၊ မကောင်းတဲ့စိတ်တွေလဲ ဘာမှမဖြစ်ဘူး၊ ဒါဖြင့်ယင် အိပ်ပျော်နေတဲ့ဒါခါ ဖြစ်တဲ့စိတ်ဟာ ဘာခေါ်တုန်း၊ ဝိပါက်ဒုဖျာကတ ခေါ်တယ်၊ ခုလိုရှင်းလွန်းလို့၊ ဘုန်းကြီးတို့ တရားတော်က ရှင်းလွန်းလို့၊ ကဲ....ဒါ နားလည်ပြီးနော်။

အာဝရုံ ၆-ပါး။ ။ခုနကအာဝုံတွေက အာရုံ ၆-ပါးတောင်ရှိတယ်၊ ရူပါရုံ အဆင်းတွေပေါ့၊ အားလုံးနားလည်တယ်၊ သဒ္ဒါရုံ အသံတွေပေါ့၊ အားလုံးနားလည်တယ်၊ ဂန္ဓာရုံ အမွှေးအကြိုင် အနံ့အစုံ အနံ့စတွေပေါ့၊ အားလုံးနားလည်တယ်၊ ရသာရုံ အရသာတွေပေါ့၊စားသောက်နေရတဲ့ အရသာတွေပေါ့၊ ဒီမှာက စားပြီးတော့ အရသာတွေ့ပေါ့၊ အားလုံးနားလည်တယ်၊ ဖောဋ္ဌဗ္ဗာရုံ လူလူချင်း တွေ့ထိတွေ့ထိ၊ အိပ်ရာနဲ့၊အိပ်ရာခင်း စောင်တွေနဲ့ တွေ့ထိတွေ့လို၊ အဲဒီ အင်္ဂတ္တအလိင်္ဂဏမျှ ဖောဋ္ဌဗ္ဗာရုံ၊ အဲဒီ ငါးပါးမှ လွတ်နေတဲ့ အာရုံတွေကတော့ ဓမ္မာရုံ၊ အာရုံ ၆ ပါးရှိတယ်၊ အဲဒီအာရုံ ၆-ပါးကလဲပြီးဆဲ့စရာကိုင်စရာ ဘာမှမလိုပါဘူး၊အဲဒီအာရုံ ၆-ပါးပဲ ရှိတယ်၊ ဒီတော့ ဘုန်းကြီးတို့က နေရာတိုင်းကို ပိုင်းရပါ့မယ်။

ဘုရားလောင်းပဋိသန္ဓေအာရုံ။ ။ပထမဆုံး ဘုရားအလောင်း ပြောကြစို့၊ ဘုန်းကြီးတို့ မြတ်စွာဘုရား အလောင်းတော်ကို အံ့ဩလုံးနတ်တွေ ဗြဟ္မာတွေက ဝိုင်းပြီးတော့ "လူ့ပြည်မှာ ပဋိသန္ဓေနေပြီး ဘုရားဖြစ်ပါ၊ သတ္တဝါတွေ ကယ်ဆယ်ပါ" တောင်းပန် ကြတယ်၊ ဗုဒ္ဓမြတ်စွာက ဘုရားဖြစ်ဖို့ အချိန်ကိုကြည့်ပြီး အချိန်သင့်ပြီဆိုတော့ ဘုရားဖြစ်ဖို့ရာလူ့ပြည်မှာ ပဋိသန္ဓေနေတော့မယ်၊အဲဒီအခါမှာ ဗုဒ္ဓမြတ်စွာ တုသိတာနတ်ပြည်မှာ မေတ္တာပို့တော်မူလိုက်တာ၊ သိလား၊ ကြည်နူးစရာ ကောင်းလိုက်

တာ၊ နှတ်မင်းက နတ်မင်းက "သတ္တဝါ ချမ်းသာအောင်လို့ လူ့လောကကြီး ဆင်းပြီးတော့ သတ္တဝါတွေကို ချေချွတ်ရမယ်၊ သတ္တဝါတွေ ချမ်းသာကြပါစေ"ဒါမေတ္တာဖြစ်နေတာ။

အဲဒီမေတ္တာစိတ်ဟာ ကုသိုလ်ဒိတ်လား အကုသိုလ်စိတ်လား ဆိုလို့ရှိယင် ကုသိုလ်စိတ်၊ ခုနက ဟိတ် ၆-ပါးထဲကဆိုလို့ရှိယင် အဒေါသဟိတ် မေတ္တာ၊ အဒေါသနဲ့ မေတ္တာနဲ့တူတာယ်၊ အဒေါသ အဲဒီစိတ် ဖြစ်နေတယ်၊ ဒီတော့ အလောင်းအလျာ ပဋိသန္ဓေမနေခင် နတ်ပြည်မှာဘုန်းကိုက ကုသိုလ်စိတ်တွေ ထုံနေခဲ့တယ်၊ ဘဝများစွာ သံသရာကလဲ ပါရမီတော်တွေ ထုံပြီးလာခဲ့ဘယ်၊ ယခု နောက်ဆုံးဘဝမှာ ပဋိသန္ဓေ နေရခေတ်မယ်ဆိုတော့ နတ်ပြည်ကနေ မေတ္တာတော်စိတ်တွေနဲ့ အလောဘဟိတ် အဒေါသဟိတ် အဓမ္မာဟိတ်တွေ မူဘည်ပြီး သတ္တဝါတွေကို အာရုံပြုတယ်၊ အဲဒီသတ္တဝါတွေအာရုံကခေတ် ဓမ္မာရုံလို့ခေါ်ပါတယ်၊ ရူပသန္ဓိစတဲ့ အာရုံ ၅-ပါးမှတပါး ကျန်တဲ့အာရုံတွေကို ဓမ္မာရုံလို့ခေါ်ပါတယ်၊ သတ္တဝါတွေကို အာရုံယူပြီးတော့ ကောင်းတဲ့ကုသိုလ်စိတ်တွေ ဖြစ်နေပြီးမှ စုတေလိုက်ပါတယ်။

စုတေလိုက်တယ်ဆိုတာ နတ်ဘဝမှ သေလိုက်တာပဲ၊ ဓသပြီးပြီးချင်း မယ်တော်မာယာဝမ်းထဲမှာ ပဋိသန္ဓေနေပါတယ်၊ ပဋိသန္ဓေစိတ်ဟာ ဒီလို စတည်ပါတယ်၊ ပဋိသန္ဓေစိတ်ဖြစ်တဲ့အခါမှာ ပဋိသန္ဓေစိတ်ချည်း မကဘူး၊ ဓစဘဝကံတွေ ကမ္မဇရုပ်ကိုတဲ့ ရုပ်တရားတွေ ပါပါတယ်၊ ဒါ အင်မတန် အာရုံပြုဖို့ကောင်းတယ်၊ ပဋိသန္ဓေ ဖြစ်နေခင်ဝုန်းက (နတ်ပြည်မှာတုန်းက) မေတ္တာတော်တွေနဲ့ စိတ်အဝင်ဝင်ဖြစ်တယ်၊ မယ်တော်ဝမ်းထဲမှာ ပဋိသန္ဓေစိတ် ဖြစ်တယ်၊ အလောဘ အဒေါသ အမောဟဟိတ်တွေပါတယ်၊ ပြီးတော့ ရှေးကံက ပြုစီမံလိုက်တဲ့ ကမ္မဇရုပ်၊ အဲဒီ သုံးမျိုးစုပြီးတော့ ပဋိသန္ဓေနေပါတယ်။

အဲဒီ ပဋိသန္ဓေနေတော့ ဟိတ်က ဘာတွေများ ပါတုန်းဆိုတော့ အလောဘဟိတ်(ဘာမှ လိုချင်မှုသဘော မပါတဲ့ အလောဘဟိတ်) ပါတယ်၊ အဒေါသဟိတ်(စိတ်တွေမှာဒေလ ပူပူလောင်လောင် ဆိုတဲ့ တရားမျိုး ဘာမှမပါဘူး၊ စိတ်ကိုအေးလို့၊ အဒေါသဟိတ်)ပါ ပါတယ်၊ ပြီးတော့ ဒီထဲ အင်မတန်

ထူးခြားတဲ့"အမောဟ"ဆိုတဲ့ ပညာဟိတ်ပါပါတယ်၊ ပညာက ပဋိသန္ဓေစိတ်ကလေးမှာနော်၊ ဘုရားအလောင်းရဲ့ ပဋိသန္ဓေစိတ်ကလေးမှာ အမောဟဆိုတဲ့ပညာက ဘယ်လောက်မျှား ကြီးကျယ် ထက်မြက်သလဲဆိုတော့ ကမ္ဘာလောကတဲမှာ(ပဋိသန္ဓေ နေကြတဲ့ သတ္တဝါတိုင်းရဲ့ စိတ်မျိုးထဲမှာ) အထက်ဆုံးစိတ်နဲ့အတူ ဖြစ်နေပါတယ်၊ ဉာဏ်ပညာဟာ အထက်ဆုံး စိတ်နဲ့အတူ ဖြစ်နေခဲ့ပါတယ်။

ဒါကြောင့် ပထမမူတည်တဲ့မျိုးစေ့အမြစ်က (ဘုရားအလောင်းရဲ့အမြစ်က) အင်မတန်ကောင်းတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးရဖို့ရန် အခြေခံဖြစ်တဲ့ အမြစ်ကို တွယ်ပြီးတော့ မယ်တော်ဝမ်းထဲမှာ ပဋိသန္ဓေ နေပါတယ်၊ တခါ ရုပ်က ကမ္ဘဏရုပ်၊ ကံကြောင့်ဖြစ်တဲ့ရုပ်၊ ပထမဆုံးတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်ပဲ ရှိတယ်၊ ကံကြောင့်ဖြစ်တဲ့ရုပ်ကလဲ ကောင်းလိုက်တာ ဘာတွေ ဖြစ်နေတုန်းဆိုတော့ ပုရိသဘာဝရုပ် (ယောကျ်ားပီပီသသ)၊ တခါ ဝတ္ထုရုပ် (စိတ်တွေနဲ့တည်ပြီးတော့ နေဖို့ရန် ဝတ္ထုရုပ်) ပြီးတော့ ဒဿကိုယ်ဖြစ်ဖို့ရန် ကာယဒသက ဆိုတဲ့ရုပ်၊ အဲဒီရုပ်သုံးခု၊ ရုပ်တခု ရုပ်တခုမှာ ဆယ်ခုစီ ဆယ်ခုစီ ရုပ်သုံးဆယ်၊ ပဋိသန္ဓေနေတုန်းက ဘုရားအလောင်းမှာ ရုပ်သုံးဆယ်ဖြစ်တယ်၊ သိပ်ပြီးကောင်းမှန်တာပဲ။

ပြီးတော့—စိတ်ကလဲပဲ ကမ္ဘာလောက သတ္တဝါတွေရှိသမျှရဲ့ ဒီကာမဘုံမှာ ဘုံကြစို့၊ ပဋိသန္ဓေနေတဲ့ စိတ်ထဲက နံပါတ်တစ် အကောင်းဆုံးစိတ်၊ အဲဒီနံပါတ်တစ် ထဲမှာပဲ အဆင့်သုံးဆင့် ရွေးလိုက်တဲ့အခါမှာ ထိပ်တန်းအကျဆုံး ဖြစ်တဲ့စိတ်၊ အဲဒီစိတ်နဲ့ ပဋိသန္ဓေနေတော်မူလာပါတယ်၊ ဘုန်းကြီးတို့က ဒီအထိ သိနေတယ်၊ ဘုန်းကြီးတို့ဘုရားကို ဒီအထိ သိနေပါတယ်၊ ဒီအထိသိနေတဲ့အပြင် ဘုရားအလောင်းက ပဋိသန္ဓေနေတုန်းက သောမနဿနဲ့ ပဋိသန္ဓေနေပြီး ရှင်ရှင် ဟျပျ၊ ဘုရားအလောင်းဟာ မျက်နှာ တင်းတင်း မဟုတ်ဘူး ရှင်ရှင်ကလေး လာတယ်၊ နောက်ကို ပဋိသန္ဓေ နေတုန်းက ရှင်ရှင်ပျပျ သောမနဿနဲ့ ပဋိသန္ဓေနေတယ်၊ ပိတိနဲ့ နှစ်သက်ဝမ်းမြောက်ပြီး ဒီလိုနေခဲ့ပါတယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာ ဉာဏ်တော် ကြီးလိမ့်မယ် ဆိုတာ ဘုန်းကြီးကတော့ မြင်ထားပြီပေါ့လေ၊ ကြီးလဲ ကြီးတာကိုး၊ ဗုဒ္ဓမြတ်စွာ

ကံတွေက အင်မတန်ကောင်းတဲ့ရုပ်တွေ ဖန်ဆင်းလိုက်တယ်၊ ဗုဒ္ဓမြတ်စွာရဲ့ ရုပ်ဟာ အသပွာယ်ဆုံး ကျက်သရေအရှိဆုံး ဖြစ်လိမ့်မယ်ဆိုတာ ဘုန်းကြီးတို့ကခုတော့ ပြောနိုင်တာပေါ့။

တခါ ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်စွမ်းတော်ဟာ အင်မတန် ကြီးကျယ်တာဖြစ်တော့ ကမ္ဘာလေးကထဲမှာ အကြီးဆုံးဉာဏ်တော် ရတော့မှာပါ၊တိုးတက်ပြီးစည်ကားတော့မှာပဲလို့ဆိုတာ ဘုန်းကြီးတို့က မြင်ထားတယ်၊ ဒါကြောင့်-ဟေတုပစ္စည်း ဟေတုပစ္စည်းလို့ဆိုတာ သာမန်မဟုတ်ဘူးနော်၊ ဗုဒ္ဓမြတ်စွာ ပဋ္ဌာသန္ဓေနေတုန်းကလဲ ဟေတုပစ္စည်းနဲ့ ပဋိသန္ဓေနေခဲ့ကာပဲ၊ ဟေတုပစ္စည်းနဲ့ စိတ် စေတသိက် ရုပ်တွေပဲ ပါတယ်၊ ဗုဒ္ဓမြတ်စွာလို့ခေါ်ရတဲ့ ပုဂ္ဂိုလ်သတ္တဝါ မပါသေးပါဘူး၊ ဒီ စိတ် စေတသိက် ရုပ်ပဲ ပါပါတယ်၊ ပုဂ္ဂိုလ်သတ္တဝါမပါဘူး၊ သူသူ ငါငါ ခေါ်စရာခံတွ ဘာမှ အဓကာင်အထည် မပါသေးပါဘူး၊သူ့စိတ်ပဲ ပါတယ်၊ အင်မတန်ကောင်းလွန်းလို့ အင်မတန်ကောင်းလွန်းလို့။

အဲဒီလို ဗုဒ္ဓမြတ်စွာ ပဋိသန္ဓေနေတဲ့အခါမှာ တယ်ဟာတွေကို အာရုံပြုပြီး ပဋိသန္ဓေ နေတာတုန်းဆိုတော့ ပဋိသန္ဓေ မနေခင်က နတ်ပြည်ကနေ သတ္တဝါတွေကို မေတ္တာပို့ပြီးနေတော့ သတ္တဝါတွေ အာရုံယူလာတာပဲ၊ဒီတော့ ဗုဒ္ဓမြက်စွာရဲ့ ပဋိသန္ဓေစိတ်ဟာလဲပဲ သတ္တဝါတွေ ချမ်းသာစေလိုတဲ့စိတ်က ပါနေတာဖြစ်တော့ သတ္တဝါတွေ အကျိုးများမယ့်အာရုံ၊ ဝမ္မာရုံ တခုခုကို အာရုံပြုပြီး ပဋိသန္ဓေ နေမှာပါပဲ၊ မယ်တော့်ဝမ်းကို အာရုံပြုပြီးတော့ ပဋိသန္ဓေနေလို့ရှိယင်လဲပဲ မယ်တော့်ဝမ်းရေကို အာရုံပြုပြီးတော့ ပဋိသန္ဓေ နေရပါတယ်၊ မယ်ထော့်ဝမ်းရေက ဘာတုန်းလို့ဆိုယင် တခါ တခါလဲ ရူပါရုံအဖြစ်နဲ့ ထင်နိုင်ပါတယ်၊ အဲဒီ မယ်ဒတော့်ဝမ်းရေ ရူပါရုံကို အာရုံပြုလို့ ပဋိသန္ဓေနေတယ်ဆိုလဲ ဖြစ်နိုင်ပါတယ်၊ ခုနက စိတ်တွေပဲ။

အညံ့စားပဋိသန္ဓေ။ ။ဒီတော့ထိပ်တန်းဆုံးဖြစ်တဲ့ ဟေတုပစ္စည်းနဲ့အာရုံမှတ်-ပစ္စည်း ဘုန်းကြီးကပြောပြီးတဲ့နောက် အောက်တန်း အညံ့ဆုံးကလေးတွေ ဒီလိုပဲ အမိဝမ်းထဲမှာ ပဋိသန္ဓေ နေကြတဲ့ စိတ်က ဘယ်လောက်များ ညံ့တဲ့စိတ်မျိုး ဖြစ်နိုင်သလဲဆိုတော့ ခုနက အလောဘ, အဒေါသ, အမောဟ တခုမှ မပါဘူး၊ ဒီပြင် မကင်းရာ မကင်းကြောင်း

စေတသိက်တွေနဲ့ ပဋိသန္ဓေနေတယ်၊ ကံကလဲ ညံ့လိုက်တာ၊ တချို့မှာ ဒီကံကြောင့် ယခုဘဝမှာ မျက်စိ (စက္ခုပသာဒ) မြင်ချင်မှ မြင်တော့မယ်၊ ဒီလို ကံညံ့ကလေးကြောင့် (သောတပသာဒ) နားကြားချင်မှ ကြားတော့မယ်၊ အဲဒီလိုအဖနမျိုး၊ ကံက ညံ့လို့ ယောကျ်ားမိန်းမ ပီသချင်မှ ပီသတော့မယ်၊ အဲဒီလို ကံက ညံ့တော့ ရုပ်လဲ အကုန်လုံး ညံ့လာတယ်၊ ဒါ အောက်တန်း အညံ့ဆုံး။

အလတ်စားပဋိသန္ဓေ။ ။အဲဒီက အထက်တက်လာတော့ ပဋိသန္ဓေစိတ်မှာ အလောဘ, အဒေါသ ဒီ ကုသိုလ်ဟိတ်နှစ်ပါးတော့ ပါတယ်၊ ပညာမပါလာဘူး၊ အမောဟ ဆိုတဲ့ ဉာဏ်ပညာ မပါလာဘူး၊ ဒါကြောင့် ကချို့လူဖြစ်လာတဲ့အခါ ဉာဏ်သိပ်ညံ့တာပဲ၊ ပဋိသန္ဓေတုန်းက ဉာဏ်ကို မပါလာလို့၊ နောက်ကျမှတော့ သင်လို့ ပြလို့တော့ အတော်အတန် ဉာဏ်က ရှိလာပါတယ်၊ အနည်းအကျဉ်း ဉာဏ်ရှိလာတဲ့အခါ ပဋိသန္ဓေဉာဏ်ကိုက မပါလာဘဲ သိပ်ထက်မြက်တဲ့ ဉာဏ်သမား မဖြစ်နိုင်တော့ဘူး။

တခါ တဆင့်တဆင့် ဂုဏ်တက်သွားတော့ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာလောက် မမြင့်ပေးယဲလို့ ပဋိသန္ဓေနေတော့ ခုနကလို ဉာဏ်ပါလာတယ်၊ ဉာဏ်ခတ်က ပါလာတော့ ဒီဂုဏ်လေး မွေးဖွားတဲ့အခါတယ်ဉာဏ်တော်တယ်၊ ငယ်ငယ်ကတည်းက အသိဉာဏ်ကလေးဝတ္ထု ရှိတယ်၊ နောက် ပညာသင်တော့လဲ အသိဉာဏ်တွေရှိဘယ်၊ နောက်ကျတော့ စဉ်စားဉာဏ်တွေရှိတယ်၊ အဲဒီလို ဟိတ်တွေဟာ ပဋိသန္ဓေ နေကတည်းကိုက ပါလာတာ ရှိတယ်၊ ဒါ့ကြောင့် ဓဟာတုပစ္စည်းကိုကြည့်ပြီး ငါကုသိုလ်ဒိတ်ဖြစ်နေသလား၊ ငါဘယ် အာခုံပြုနေပါလိမ့်မတုန်း”၊ ဒီလိုကြည့်ပါ၊ ငါဘာကို အာရုံပြုပြီးတော့ ကုသိုလ်စိတ် ဖြစ်နေသလဲ၊ ကုသိုလ်ဟိတ်တွေ ပါနေသလား၊ ငါ့မှာ အကုသိုလ်စိတ်ဖြစ်နေသလား၊ အကုသိုလ်ဟိတ်တွေ ပါနေသလား၊ ဒါကို လေးလေးနက်နက် စဉ်းစားလိုက်ယင်“အင်း .. သူလဲမရှိ၊ ငါလဲမရှိ၊ စိတ်စေတသိက်တွေ ရုပ်ဇာတ်သာ ရှိပါလား၊ ပုဂ္ဂိုလ် သတ္တဝါ သူ့ငါ မရှိပါပဲလား၊ ဒီစိတ်စေတသိက် ရုပ်တွေကလဲ သူ့အကြောင်းနဲ့သူ ဖြစ်နေပါလား”လို့ အဲဒီလို သိရတယ်။

လောဘတွေ ကြီးလာ။ ။ကဲ-ကဲ အာရမ္မဏပစ္စည်းပဲ နည်းနည်းခဲ့ပြီးတော့ ကြည့်ကြဦးစို့၊ လောကမှာ နေကြရတဲ့လူတွေဆိုတော့ လိုချင်စရာအာရုံတွေက အင်မတန်များတယ်၊ ဒီဘုံကိုက ကာမဘုံလို့ခေါ်တယ်၊ ကာမဘုံဆိုတာ (ကာမ)က လိုချင်တဲ့ လောဘကို ဦးတည်တဲ့ဘုံပါ၊ ဒါကြောင့် အားလုံးလူတွေမှာ လောဘဖြစ်နေကြတယ်၊ ကာမဂုဏ်စိတ်ဇောတွေနဲ့ လိုချင်နေကြတယ်ဆိုတာ မဆန်းပါဘူး၊ ဘုန်းကြီးတို့က မြင်ပြီးသားပဲ၊ ဒီလောကကြီးဟာ ဒီဘုံကြီးဟာ ကာမဘုံ၊ လိုချင်တဲ့ဘုံ၊ လိုချင်တဲ့သူတွေနေတဲ့ဘုံ၊ လိုချင်တတ်တဲ့ တဏှာလောဘ ရှိတဲ့ဘုံ။

အဲဒီလိုလောဘဘုံမှာ နေကြရတာ့ သတ္တဝါတွေ မွေးကာညှာက နည်းနည်းကလေး မျက်လုံးကလေး ဖွင့်တတ်တယ်ဆိုယင် အမေကရော, ဆွေသားမျိုးသားချင်းတွေကရော ကလေးကို လိုချင်အောင် မြူကိုပေးတယ်၊ ဘုံကလဲ ကာမဘုံလေ ကလေးလေးရဲ့စိတ်ကလဲ လိုချင်တဲ့စိတ်ကိုမူတည်လာတဲ့စိတ်လေ၊ ဒီဘော့ကလေးငယ်ကို ဒီကမြူပေးလေ... ကလေးငယ်က လိုချင်တဲ့စိတ်ဇောတွေများလာလေ ကလေးငယ်က တော်တော်ကလေး ကြီးလာလေ.. ဒီက အစာကလေး ကျွေးလိုက်လေ၊ ကလေးငယ်က ဒီအစာကလေးကို လိုချင်တတ်လာလေ၊ စားချင်တတ်လာလေ၊ ကလေးငယ်နားမှာ သီချင်းကလေး ဆိုပြလေ ကလေးငယ်က သီချင်းလေး နားထောင်ချင်တတ် လာလေ၊ ကလေးငယ်ကို သနပ်ခါး ပန်းမာလ်တွေ လိမ်းပေးလေ... ကလေးငယ်လေးက တဖွေးဖွေးတက်ကြိုင်ကြိုင် လိုချင်တက်လာလေ၊ ဘုံက ကာမဘုံ၊ ပြုစုပုံကလဲ ကာမ(လိုချင်စရာ)နဲ့ ပြုစုပေးနေတယ်၊ လိုချင်လာတယ်၊ လိုချင်လာတယ်၊ အဲဒီ လိုချင်တာက ဘယ်လောက်ထိအောင် ပဌာန်းဆိုတော့—

ဂဝဝ သဂနော သဂ၊ ဝစုမာနဿ ဝစုတာ။
ဧဝံ မန္ဒဿ ပေါဿဿ၊ ဗာလဿ အဝိဇာနတော။
ဘိယျော တဏှာ ပိပါသာ စ၊ ဝစုမာနဿ ဝဇ္ဇတိ[၁]။

နွားမှာ ဦးချိုပေါက်လာတော့ ဒီချိုကလေးက တိုသွားတယ်မရှိဘူး၊ နွားအကောင်အထည်ကြီးလေ ချိုရှည်လေ ဘယ်တော့မှ ဒီချိုဟာ ပြန်တိုမသွား

၁။ ဇာ-၄၊ ၄၊နှာ-၁၇၃။

ဘူး၊ ဒီလိုပဲတဲ့၊ လူသတ္တဝါတွေ ဆိုကြစို့၊ နဂိုတုန်းက ကာမတဏှာချိုကလေး ပါလာတယ်၊ လူအရွယ်ကြီးလာလေလေ တဏှာလောဘကြီးလာလေပဲ၊ တခါ ရှိသေး နေရာဒေသက တဏှာ လောဘကြီးတဲ့ ဒေသဆိုယင် ဘုန်းကြီးက စဉ်းစားတယ်၊ ဘိုးတွေ ဘွားတွေလက်ထက်က မလိုချင်တတ်ကြဘူး၊ ဘာဖြစ် လို့တုန်းဆိုတော့ လိုချင်စရာအာရုံမှုမရှိပဲ၊ မော်တော်ကားမှ မရှိပဲနဲ့ မော်တော် ကားလို့ချင်တဲ့တဏှာ မဖြစ်ခဲ့ဘူး၊ အုတ်တိုက်ကြီးတွေနဲ့ဒီလိုပဲများများစားစား မရှိတော့ အုတ်တိုက်လိုချင်ကဲ့တဏှာ မဖြစ်ခဲ့ဘူး၊ အဲ'မာတုဂါမတွေ သူတို့ကလဲ အလှန်တရာပြင်ကြဆင်ကြတာမဟုတ်၊အမျိုးသားတွေကလဲအလှန်တရာပြင်ကြ ဆင်ကြတာမဟုတ်တော့ သူတို့က "ဆိုင်းဦးဟဲ့ အသက် နှစ်ဆယ်လောက် ဆိုင်းဦးဟဲ့ အသက်အဝိစ်ဖလောက်"ဆိုယင် ဖန်နိုင်ကြတယ်၊သူတို့က ထိန်းနိုင် ကြသေးတယ်၊ ခုခေတ်ကျတော့လေ မော်တော်ကားလိုချင်၊ လိုချင်တာကလဲ လောဘ၊ တိုက်ကြီး တာကြီးတွေ လိုချင်တဲ့ လောဘတွေ တိုးလို့၊ ပြီးတော့ ကာလးတွေ ငယ်ငယ်ကထဲက အမေတွေက ဆင်ကိုဆင်ပေးနေကြတယ်။

လှလိုက်တာ ဝလိုက်ဘာငါ့သမီးလှလိုက်ကာ၊ခေတ်တော်ကြာကျောင်းသူ ကလေးဖြစ်လာ၊လှလိုက်တာနဲ့သွားလိုက်ဘာ၊တော်တော်ကြာ ထိန်းမရ သိမ်း မရ ဖြစ်ပြီးတော့ ဒီလောဘဲကွေ့လွန်ကဲပြီး အပျက်အစီးထိအောင် ဖြစ်သွား ကြတယ်၊ ဒါ ကာလ ဒေသ လိုက်ပြီးတော့ အာရုံတွေကပြောင်း၊ အာရုံ ပြောင်းတော့ လောဘတွေကလဲ တိုးကက်လာတာပဲ၊ ဒီလောဘက ဒီနိုင်ငံက ဒါလောက် ကလေးရယ် နိုင်ငံခြားကျတော့ ဒါထက် လိုချင်လာတယ်၊ သူတို့ နိုင်ငံခြားအာရုံတွေက သိပ်ကြီးတာကိုး၊ သိပ်ပြီးတော့ နိုင်ငံခြားက လူတွေက လိုချင်တာပဲ၊ ရှုပါရုံလှလှကို လှသထက်လှအောင်၊ လှသထက်လှတာတောင်မှ ရိုးရိုးလှုံမဟုတ်ဘူး၊ အင်မတန်ကို မထိန်းနိုင် မသိမ်းနိုင် ဘေးက လောဘ ဖြစ်လာအောင် အလှလုပ်ကြတယ်။

အဲ .... ဂန္ဓာရုံတွေ မွှေးကြိုင်သမျှ မွှေးကြိုင်သထက် မွှေးကြိုင်အောင် အမွှေးတွေ လုပ်ကြတယ်၊ တခါ ရသာရုံ အရသာတွေ ကောင်းသထက် ကောင်းအောင် လုပ်ကြတယ်၊ ရွေးတုန်းကမဖြစ်ခဲ့တဲ့ လောဘတွေဟာ ယခု ပိုလာတယ်၊ လောဘသာ ပိုလာသလား၊လို့ဆိုတော့ ယခုကြည့်လေ ဒေါသတွေ

ပြင်းထန်လိုက်တာ သတ်မှုဖြတ်မှုတွေ ဘယ်လောက် များလာသလဲ၊ ဟိုရှေး တုန်းက (ဘုန်းကြီးတို့ ကလေး တုန်းက) သတ်ဖြတ်မှုနဲ့ စပ်ပြီးတော့ ရာဇဝတ်မှုဟာ တနှစ်မှ (၇) မှုလောက်ပဲ ရှိတယ်၊ တနှစ် (၇) မှုလောက် ရှိတာစောင် များလိုက်တာ၊ ယနေ့ဆိုတော့ တရက် (၇)မှုလောက်၊ ဒီလို ဖြစ်လာပြီ၊ တရက် (၇) မှုတောင် ကချင်မှကပယ်၊ အဲဒါ ဘာကြောင့်တုန်း၊ အင်မတန် အာရုံက ကြီးကျယ်လာပါတယ်၊ အင်မတန် ကြီးကျယ်တော့ လောဘက အင်မတန် ကြီးကျယ်လာတယ်၊ လောဘဖြစ်တဲ့ အခါတိုင်း ဒေါသက လိုက်လာတာကြောင့်ပဲ။

ဒေါသခတ္တကြီးလာ။ ။ဒီနည်းမှ ဒေါသဟိတ် တွေကလဲ ကြီးကျယ်ပြီး အကုသိုလ်တွေက များလိုက်လာတယ်၊ ဒီနိုင်ငံတွင် လားဆိုတော့ ကမ္ဘာမှာ စစ်တွေ ဝဖြည်းဖြည်းနဲ့ သတ်လိုက်တာ၊ တကယ် အပြုံလိုက် အပြုံလိုက် အပြုံလိုက်၊ ဒေါသတွေဖြစ်လိုက်တာ၊ လောဘတွေကလဲ ကြီးကျယ်လိုက်တာ၊ ဒေါသတွေကလဲ ကြီးကျယ်လိုက်တာ၊ "သူ့မယ်...." ဘုန်းကြီးတို့က သိပါရဲ့၊ လောကကြီး ဘယ်လိုဖြစ်ဖြစ်သူ့တော့မှာပဲ၊ အစိတ် အပိုင်း အနည်းငယ်ကလေးသာ သတိုကလေးနဲ့ထိန်းကျတော့။၊ လောဘကြီး တော့ တဖြည်းဖြည်း ပြင်းထန်လာပြီ၊ စိတ်တွေကလဲ လောဘအလိုအတိုင်း ပြင်းထန်လာပြီ၊ လောဘအတိုင်း အလိုမကျတော့ ဒေါသတွေက ဝင်လာပြီ၊ ဒေါသဝင်လို့လဲ အကုသိုလ်တွေက ပြင်းထန်လာပြီ၊စိတ္တဇရုပ်တွေ ဖြစ်တော့လဲ ဒေါသအလိုအတိုင်း စိတ်တွေက မထိန်းနိုင်တော့ ရုပ်တွေကပါ မထိန်း နိုင်လို့ သတ်ကြဖြတ်ကြတယ်ဆိုပဲ့ အဖြစ်များရောက်တယ်၊ လောဘအတိုင်း မထိန်းနိုင်ကြလို့ လွန်လွန်ကျူးကျူးတွေ ဖြစ်ကြတယ်။

ပြီးတော့ ဘုန်းကြီ တို့က ပုဂ္ဂိုလ် သတ္တဝါ ရှိဘူး၊ဒီအာရုံနဲ့ ဒီစိတ်တွေပဲ ရှိတယ်၊ ဒီအာရုံ သောင်းကျန်းသလောက် သောင်းကျန်းပြီး လိုက်လာ ပါတယ်၊ အနည်းငယ်ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များကသာ "ဂန္ဓာကြီး ဘာဖြစ်ဖြစ် ဖြစ်ပါစေ၊ လောကကြီး ဘာဖြစ်ဖြစ် ဖြစ်ပါစေ၊ တို့မဖြစ်ကြနဲ့ တို့တတွေ မဖြစ်ကြနဲ့" "တို့ အစားအသောက်တွေတို့ သတိထားကြ၊ ချွေတာကြ၊ တို့အနေအထိုင်တွေ သတိထားကြ၊ တို့ကုသိုလ်တရားတွေ တိုးပွားအောင်

မေတ္တာပို့ကြ၊ တို့ကုသိုလ်တရား တိုးပွားအောင် ငါးပါးသီလ ကြိုးစား ထိန်းလိုက်ကြ၊ တို့ကုသိုလ်တရားတိုးပွားအောင်, ပါရမီတရားတိုးပွားအောင် တရားနှလုံးသွင်းနေကြ''....

ဒီလို သွားနေရတယ်၊ လမ်းသွားနေရတယ်၊ လောကကြီးကတော့ ကြီးကျယ်လိုက်တာတွေကတော့ ဘုန်းကြီးတို့ သိပါရဲ့ သိပါရဲ့၊ လောဘ ကြီးကျယ်နေတာ၊ ဒေါသ ကြီးကျယ်နေတာ၊ မာန်မာန ကြီးကျယ် နေတာ၊ တယောက် တယောက် မနာလိုတဲ့ ဣဿာ ကြီးကျယ်နေတာ၊ တယောက် တယောက်ကို ဝန်တိုနေတဲ့ မစ္ဆရိယ ကြီးကျယ်နေတာ။

ရှေးတုန်းကတော့ ရှေးတုန်းကဆိုတာ မောင်နှမချင်း စီးပွားရေးကြောင့် စိတ်ဝမ်းမကွဲဘူး၊ ခုတော့ ကွဲလိုက်ကြတာ၊ ကွဲလိုက်ကြတာ၊ ဓလောဘ ကြောင့် ဒေါသတွေ နောက်က လိုက်နေတယ်၊ လောဘကြောင့် ဣဿာ မစ္ဆရိယတွေ နောက်ကလိုက်လို့ အကုသိုလ်တွေ ဖြစ်လိုက်ကြတာ၊ ကဲ၊ အဲဒီအာရုံကလဲပဲ ရှေးတုန်းကတော့ ဘုန်းကြီးတို့ ကျေးတောမှာ ကြီးကြီး ကျယ်ကျယ် ဘာမှ ရှိလွှဘယ်မဟုတ်ဘူး၊ တော်ပါဓပတယ်ဆိုတဲ့ ပေါပါပေ တယ်ဆိုတဲ့ လူတွေလဲပဲ ကျောင်းတွေဆောက်၊ ဘုရားတွေတည်၊ အမွေကလဲ ဘယ်လောက်မှ မရဘူး၊ ဒီတော့ သူတို့လောဘကလဲ ခပ်နည်းနည်း၊ ဒေါသ မာန်မာနကလဲ ခပ်နည်းနည်း၊ ကုသိုလ်စိတ်တွေ များလိုက်တာ များလိုက်တာ၊ စိတ်ချမ်းသာလိုက်ကြတာ။

လောဘနောက်လိုက်က ပျက်စီးခြင်း။ ။ခု နောက်ပိုင်းမှာ လောဘတွေက သိပ်ကြီး လာကြပြီ၊ လောဘအလို မကျလို့ ဒေါသတွေက သိပ်ကြီးလာကြပြီ၊ တယောက်နှင့် တယောက် မနာလို တာကဆွေမျိုးခွင်းကြပြီးတော့ မနာလို၊ဘုန်းကြီးက ''ဖြစ်ပြီ ဖြစ်ပြီ ဖြစ်တော့ မှာပဲ ထိန်းလို့မရဘူး၊ အလိမ္မာ တယောက်တလေ၊ ဉာဏ်ရှိတဲ့တယောက်တလေ၊ တအိမ်တလေ၊ ဒီလိုပဲ ထိန်းရတော့မယ်'' လို့ ဘုန်းကြီးက နှားလည်တယ်။

ဘုန်းကြီးတို့ သံဃာတော်တွေကကော လောဘအလိုအတိုင်း ဘုန်းကြီး ဓအောင်၊ ကြည့်စမ်း ဘုန်းကြီးလို့ ဘာဖြစ်တယ်၊ ဘုန်းကြီးတာက အရေးပါ

ကြတယ်လေ၊ အရေးပါကြတော့၊ လူလိုပဲ ညစ်ပတ်လိုက်တာ၊ လူငယ်ပဲ ပစ္စည်းပေါပြီဆိုယင် အရေးပါကြ၊ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ဘာနဲ့ပေါပေါ၊ ပစ္စည်း ပေါလာပြီဆို အရေးပါကြ၊ ဘုန်းကြီးတွေကလဲ ဘာနဲ့ဘုန်းကြီး ဘုန်းကြီး၊ ဘုန်းကြီးပြီဆို အရေးပါကြ။

အဲဒါ ဘုန်းကြီးအောင် လုပ်တာပဲ၊ ဘုန်းကြီးအောင် ဘာ လုပ်ရတုန်း၊ ဒကာ ဒကာမတွေ အိမ်ငင်ရတယ်၊ ထွက်ရတယ်၊ သွားရတယ်၊ လာရတယ်။

"ဒင်း... နေကောင်းကြတယ်နော်၊ တို့ ဘာ လုပ်ပေးရဦးမတုန်းဟေ့၊ ဘာ ကူညီရဦးမတုန်းဟေ့" အဲ....ဒါပဲ၊ သူ နောက်တော့ ကျောင်းတွဲလဲရတယ်၊ ဘေးက ဘုန်းကြီးတွေကလဲ ကျောင်းကောင်းကောင်းနေချင်တော့ သွားပြီးတော့ စားကြသောက်ကြတယ်၊ သာသနာတော်ကြီး ဒီနည်း ဒီနည်းနဲ့ ပျက်စီးလာခဲ့တာ၊ ပျက်ပေစေ ပျက်ပေစေ ပျက်ပေစေ၊ ဘုန်းကြီးကတော့ "သူများပျက်ချင် ပျက်ပေစေ၊ ဒီကျောင်းက မဖြစ်စေနဲ့...."

မနေ့ကတင် စာတစောင်က ကိုယ်တော်တပါး ဘာအောင်လို့ ဆိုလား၊ ချီးကျူးပဲ့ လုပ်မယ်လို့တဲ့၊ သူက ဒီကျောင်းမှာ နေသွားဖူးတယ်၊ အဲဒီ ကိုယ်တော်ကို သူ့ဆိုင်ရာက ချီးကျူးပဲ့လုပ်မလို့တဲ့၊ ဒီကျောင်းက စာချ ဘုန်းကြီးတွေ ဘာတွေ ဦးပြုကြပါဘုရားတဲ့၊ ဘုန်းကြီးက စာချဘုန်းကြီး တွေကို အဲဒီစာ ဖတ်လိုက်တယ်၊ "သဇောလို့၊ တားလဲ မတားဘူး၊ ငါက်လဲ မတိုက်တွန်းဘူး" လို့ ဆိုတော့ စာချဘုန်းကြီးတွေက သူတို့လဲ ဒီကျောင်းရဲ့ ဝါဒကို သိနေပြီလေ၊ ဒီချီးကျူးပဲ့တွေ လုပ်ပြီးတော့ (ဂုဏ်လုပ်ပြီးတော့) ဘာသာသာသနာမှ မတက်ခဲ့ပါပဲလား၊ အဲဒါတွေ ဘယ်သွားသင့်ပါ့လဲလို့ သူတို့ ဘာသာ သူတို့ ဆုံးဖြတ်ကြတယ်။

အကယ်၍များ အားတက်သရောနဲ့ နှုတ်ခမ်းကလေးဟပြင်နဲ့ သွားမယ် များလုပ်ကြတယ်၊ စားမယ်များ လုပ်ကြတယ် ဆိုလို့ရှိယင် ဒီတချို့နေတော့ မပြောသေးဘူး၊ နောက်တချိန်တော့ ပြောမှာပဲ သိလား၊ အဲဒါကြောင့် သာသနာတော်ကြီးလဲ ပျက်တယ်၊ ခုခေတ် သွားနေပုံက လောကကြီးကလဲ

ဟုက်ဘယ်၊ ပျက်ခုံနဲ့ ရပ်သွာ တယ်ဆိုယင်ဓတဉ် ဘုန်းကြီးက အနေသာ ကြီးပါ၊ မဟုတ်ဘူး-သာသနာဓတော်ကြီး ဆုတ်လာတယ်၊ လူတွေ အာကုသိုလ် တရား တိုးပွားလာတယ်၊ မနေ့ကပဲ ဓပြောလိုက်ပြီမဟုတ်လား၊ လျှမ်းလျှမ်း တောက် ထိတ်ထိတ်ကြဲဟာ သေတော့ ဟိုမှာတစ္ဆေလိုလို ပြိတ္တာလိုလို ဖြစ်နေ ပါပြီတဲ့၊ ဒီတော့ ဘုန်းကြီးက ဒီဓကျောင်းတော့ တယောက်ထဲ နေတန်မနေရ ပါမယ်၊ နေတန်ဆိုလေ သူတို့တ ''ဒေးရွှင်ဘုရားဟာက ခေတ်မမီတော့ဘူး၊ တပည့်တော်တို့ သွားပါရစေတော့''လို့ သွားကြလို့ ရှိယင် တယောက်ထဲ တရားနှလုံးသွင်းနေမယ်၊ စာတွေကြည့်နေမယ်၊ ဘယ်လောက်မျှား ချမ်းသာ လိုက်မလဲ၊ ဘုန်းကြီးကဓလ တယောက်တည်းဓနမှာ တယောက်တည်းနေမှာပါ။

မာဂဏ္ဍိယသုတ်[၁]။ ။ဘယ့်နှယ် ဒီတရားဓတွက ဒီလောက် ပါနေမှတော့ ဒီ တရားတွေ့လွန်ပြီး ဘုန်းကြီးမလိုက်နိုင်ဘူး၊ နည်းနည်း စဉ်းစား၊ တခါတုန်းက ပဋ္ဌမြတ်စွာနဲ့ မာဂဏ္ဍိယ ဆိုတဲ့ ဗြာဟ္မဏပဏ္ဍိတ် တွေ့ကြတယ်၊ ဒီဗြာဟ္မဏတို့ရဲ့ ထုံးစံကတော့ ရှုပါရုံ ကြည့်ရမယ်၊ သဒ္ဒါရုံ နားထောင်ရမယ်၊ ဒါ တိုးပွားမှုပဲ၊ တိုးတက်မှုပဲ၊ ကြီးကျယ်ရမယ်၊ ဒီရှင် ဓဂါတမက ဒါတွေကို မလိုက်စားရဘူးဆိုတော့ ကြီးကျယ်မှုတွေကို ဖျက် နေတာပဲ၊ ရှင်ဓဂါတမဟာ ဓလောကကြီးကို ဖျက်ဆီးနေတာပဲ၊ သူတို့က ဒီလို ယူဆထားကြတာ၊ ဒါနဲ့ ပဋ္ဌမြတ်စွာနဲ့ တွေ့ကြဆော၊ တွေ့လို့ ဒီစကားစပ်တော့ ''ဟုတ်ပါတယ်၊ ဒီလိုပဲယူဆပါတယ်''။

ပဋ္ဌမြတ်စွာက ''စက္ခုံ ဓဒါ မာဂဏ္ဍိယ ရူပါဆုံ ရူပရတံ ရူပသမ္မုဒိတံ= မာဂဏ္ဍိ-စက္ခုပသာဒ ဆိုတာ ရူပါရုံကို အင်ဓတန် နှစ်သက်တယ်၊ စက္ခု ပသာဒက ရူပါရုံရှိမှ နေတတ်တယ်၊ ဒီရူပါရုံကို ဘယ်လောက်မျှား စက္ခု ပသာဒက သဘောကျနေတုန်းဆိုတော့ သူ့ကိုခြောက်နေတဲ့ ရန်သူလာတာ ဓတောင် သူ့ကိုကြည့်ရမှ ကျေနပ်တယ်၊ ဒီစက္ခုပသာဒက ကိုယ့်ကို နှိပ်စက်မည့် သူလာတောင် ကြည့်ကိုကြည့်လိုက်ရမှ ကျေနပ်တယ်၊စက္ခုပသာဒက အဲသလို ရူပါရုံပေါ်မှာ အင်မတန်မွေ့လျော်တယ်။

၁။ မ၂၊မပဏ္ဏာသ၊ နှာ-၁၆၉-၁၇၀။

သောတပသာဒကလဲ သဒ္ဒါရုံပေါ်မှာ အင်မတန်မွေ့လျော်တယ်၊ နားထောင်နေတယ်၊ "ဟော–မင်းကို ဆဲနေတယ်ဗျ" သူက စိုက်နားတောင်နေတယ်၊ ဆဲနေတာကို သူ စိတ် မချမ်းသာမှန်းတော့ သိတယ်၊ သိနေပေမယ့် သဒ္ဒါရုံဆိုယင်ပဲ သောတပသာဒက နားထောင်လိုက်ရမှ၊ "ဆဲနေတယ်၊ အင်း.... ဟုတ်တယ်၊ သူ ငါ့ကို ဆဲနေတယ်"၊ ဆဲနေတာကို သူက နားဆောင်ရမှ ကျေနပ်တယ်၊ သဒ္ဒါရုံကို အင်မတန် မွေ့လျော်တယ်။

တခါ ဃာနပသာဒကလဲ နှာခေါင်းမှာရှိတဲ့ ပသာဒကလဲ အနံ့ ရကို ရမှ၊ "အင်း- နံလိုက်တာ၊ အမယ် ဟုတ်တယ် နံလိုက်တာ"၊ သိလား၊ နံတယ်ဆိုတာကိုပဲ သူက ဒီအနံ့ကို ရှုရဦးမှ၊ မွေးကြိုင်တာကိုတော့ မပြောနဲ့တော့၊ နံတာကို ရှုရဦးမှ။

တခါ အရသာကျတော့ "ဟင် မကောင်းလိုက်တာ ဘယ်နှယ်၊ ဟင်းကလဲ ဘယ်နှယ်တုန်း ငပုလိုက်တာ"၊ "အင်း ပြစမ်း....ပြစမ်း"၊ မဓကာင်းပါဘူးလို့ ဆိုတာကိုလဲ သူက ပြစမ်း....ပြစမ်း ဆိုပြီး စားလိုက်သေးတယ်။

ကာယပသာဒကလဲ ဖောဋ္ဌဗ္ဗာရုံကို ဒီလိုပဲ အင်မတန် တွေ့ချင် ထိချင်တယ်၊ အင်မတန် ထိချင် ခတ်ချင်တယ်၊ အဲသလို... ။

ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာက "မာဂဏ္ဍီ....နဂိုကမှ သတ္တဝါတွေရဲ့ စိတ်က အာရုံတွေကို မွေ့လျော်နေတာဖြစ်တော့ ဒီအာရုံတွေ တိုးပွားအောင် လုပ်ယင် အကုန်လုံး ဒုက္ခများမှာပေါ့"၊ ခု အများနေတဲ့အတိုင်း အာရုံတွေ တိုးပွားအောင်လုပ်ယင် ဒုက္ခများမှာပေါ့လို့၊ ဒီအာရုံတွေကို စက်ဆုပ်ပြီးတော့ အေးအေးဆေးဆေး နေတဲ့ နည်းကို ပြောပြမယ်။

လူဘယောက်ဟာ နူနာ ဖြစ်နေတယ်၊ နူနာစွဲနေတယ်၊ နူနာကလဲပဲ အရည်တွေယိုလို့၊ သူက ဘာလုပ်တုန်းဆိုတော့ (ယားလွန်းလို့ ယားလွန်းလို့) ကုတ်ပြီးတော့ မီးသွားကင်တယ်၊ မီးကျီး ကောင်းကောင်းနဲ့ ကင်လိုက်ရတော့ အရည်က နည်းနည်းခြောက်သွားတယ်၊ အတွင်းက ထတဲ့ ပိုးတွေက နောက်ဆုတ်သွားတယ်၊ အဲဒီတင် အယားပျောက်သွားတယ်၊ ဓနပြန်ရော့ – နူနာက ပျောက်တာ မဟုတ်ဘူး၊

ခဏကလေး အယောင်ပျောက်တာ၊ တော်တော်ကြာတော့ တခါ ယောင်လာပြန်တယ်၊ ပိုးတွေက ထလာပြန်တယ်၊ ယောင်လာပြန် အရည် ထွက်လာပြန် မီးကျီးသွေးကင်၊ ခဏသက်သာလာပြန်၊ နောက်တော့ အဲဒီလိုနဲ့ ဒီရောဂါက တိုးလာတာမှ ဂင်လိုက်ပြန်တော့ ခဏကလေး သက်သာတယ်၊ ရောဂါက တိုးလာတယ်၊ အရည်တွေက ပိုထွက်နေ တယ်၊ ခဏလေး သက်သာပြီး ရောဂါက တိုးလာတယ်။

ဒီလိုဆို မဖြစ်ပါဘူးဆိုပြီး တခါထဲဆေးကောင်းကောင်းကုတတ်တဲ့ ဆရာနဲ့ ကုလိုက်ဘာ ရောဂါပျောက်သွားတယ်၊ ပျောက်သွားတော့ နောက် မီးကျီးခဲ ကောင်းကောင်းကြီးတွေ တွေ့ပေါ့ မိတ်ဆွေက "ဟေ့ကိုယ့်လူ-လာဟေ့ ဟိုမှာ မီးကျီးခဲတွေ မောင်ရာကင်စရာကောင်း လိုက်တာ" "ဟာ မလုပ်ပါနဲ့ မောင်ရာ" အတင်းလက်ဆဲ့ပြီး "လာပါ မင်း ဟိုဝုန်းက ဒီမီးကျီးတွေ မြင်လို့ရှိယင်ဖြင့် မနေနိုင်၊ မထိုင်နိုင်၊ မင်းပြေးပြီးတော့ မီးကင်တဲ့ လူပါကွ၊ ဟိုမှာ မီးကျီးတွေ" "ဟာ-မလုပ်ပါနဲ့၊ ဟိုဟုန်းကသာ ငါအနာမပျောက်လို့ ကင်ခဲ့တာပါကွာ၊ အခု ငါ့မှာ အနာမှ မရှိပဲနဲ့ ဒီမီးကျီးတွေက ငါ့ကို ဒုက္ခပေးနေတာကွ၊ ငါ့ဒုက္ခပေးနေတာ...."

အဲ ရူပါရုံတွေ သာယာနေတယ် ဆိုတဲ့ဟာ အနုမို့လို့ မီးကင် တာတဲ့၊ အနုမီးကင်တာ၊ ရူပါရုံတွေ သာယာပြီးတော့ ရူပါရုံတွေ လိုက်စားနေတယ် ဆိုပါတော့၊ ပဲ့ကြည့်နေတာယ်၊ ဒီပဲ့ ကောင်းလိုက် တာ ဆိုတဲ့ဟာ ပဲ့ကြည့်ချင်တာ၊ တကယ် တီးသံ မှုတ်သံ ကြားယင်၊ မနေနိုင်, မထိုင်နိုင်ဖြစ် အနာထတာ မနေနိုင်, မထိုင်နိုင်ဖြစ်၊ အနာ ထတာ မနေနိုင်, မထိုင်နိုင်ဖြစ်၊ အဲဒါဆို ပဲ့သွားကြည့်ပြီးတော့ မီးကင် လိုက်တာ၊ "အဲ... တော်ပြီ နောက် မကြည့်တော့ဘူး၊ ပိုက်ဆံလဲ ကုန်သေး" ဆိုပြီး လေးငါးဆယ်ရက်လောက် နေလိုက်တယ်၊ နောက် ဟိုက တီးသံ မှုတ်သံ ကြားလိုက်ပြန် အနာထလာပြန်၊ သွားကြည့်အုံး မှပဲ၊ အနာက မလျော့ဘူး မလျော့ဘူး၊ ခဏကလေး သူအဆာပြေ သလိုသာ ရှိတယ်၊ နောက် သွားပြန်တာပဲ၊ ဒီနည်း ဒီပုံ ဒီဟန်

နဲ့တော့ ဒီရောဂါမပျောက်ဘူး၊ နောက်ကော့ ကိုင်း-မဖြစ်ဘူး၊ သီလထိန်းပြီးကော့ တရားထိုင်မှပဲ၊ ဒီရူပါရုံ ဒီပဋိလမ်းသဘင်တွေရဲ့ အပြစ်ကို ဟောင်းကောင်း မြင်တဲ့အခါကျတော့ ဟိုက တီးသံကြားလဲ သူဘာမှ မဖြစ်ပါဘူး၊ "လာဟေ့ သွားကြည့်ရအောင်" "မလုပ်ပါနဲ့ကွာ ရှက်စရာကြီး"။

"မင်း ဟိုတုန်းကတော့ မင်းသွားတာ၊ အခု သိပ်ကောင်းတာ အရင်တုန်းကထက် သာတယ်"။

"အိုကွာ-မထူးပါဘူး ငါ့မှာ ပိုက်ဆံလဲကုန်သေး၊ လူလဲနှိမ်းသေး၊ ဟိုတုန်းကသာ ဒီလို နားမလည်လို့ပါကွာ၊ ခုတော့ ငါ မသွားပါဘူး"။

အဲသလိုပေါ့၊ အို....ကာမဂုဏ်အာရုံတွေ့ ခံစားတဲ့ သူတွေ့ကလဲ ဒီထဲမှာ သူတို့ ရောဂါထနေကြတယ်၊ ဒီရောဂါ ကြီးကျယ်ဘုန်းတော့ ဒီသတ္တဝါဘေ့ ဒီလိုနေကြမှာပဲ။

ဘာပြုလို့ အနှုကိုး အနှုဆိုတော့ သူတို့က ရောဂါထလို့က်၊ ကုတ်လို့က် သူတို့က ကုတ်လို့က်၊ ဆော်ကာ ထလို့က်၊ ရူပါရုံ လှလှကလေး သွားကြည့်ကြ၊ သဒ္ဒါရုံ ကောင်းကောင်းကလေး သွားနားထောင်ကြ၊ ဂန္ဓာရုံ မွှေးမွှေးကြိုင်ကြိုင်ကလေးနဲ့ စားကြ သောက်ကြ၊ နေကြ၊ ထိုင်ကြ၊ အနာတွေ့ လျော့သလား မလျော့ဘူး၊ အနာတွေ့ တိုးနေတာပဲ၊ နောက်တော့ မစ္ဆမ်းနိုင်လို့သာ သူတို့လျော့သွားကြတာ စိတ်ကတော့ မလျော့ဘူး၊ ဒီနည်းနဲ့ ဆရာဂါက ဘယ်ဟော့မှ မလျော့ဘူး၊ ဒီဘဝလဲ မလျော့ဘူး၊ တရားကို လိုက်ပြီးတော့ ကြိုးကြိုးစားစားနဲ့ အားထုတ်လို့က်မှ ဒီရောဂါသက်သာမယ်၊ တရားတွေ့ရပီး ဒီရောဂါ မဖြစ်ပဲ နေမယ်လို့ဆိုတာ ဘုန်းကြီးတို့ တရားတော်က သိတယ်၊ အဲဒါကို ဗုဒ္ဓမြတ်စွာက ဟောတယ်။

ခုဘင်က ဘုရား ကန်လန်လုပ်တဲ့ မဂဂဏ္ဍိယ ပြာဟ္မဏကြီးက ဟုတ်လို့က်တာလို့ သဘောကျသွားတယ်၊ အဲဒီတော့ ငါဘုရားကလေ

ဒီဟာတွေ မြင်လို့မို့ တယောက်ထဲ အာရုံတွေ မခံစားပဲ အေးအေးကလေး ငြိမ်နေတာ၊ စရာ ပျောက်နေတာ မကောင်းဘူးလား ကောင်းလိုက်တာ၊ "ဒကာတော်ကို ရဟန်းပြုခွင့်ပေးပါ၊ ဘုန်းကြီးလုပ်ပရစေတော့"…. ခုနက ဘုရားကန့်လန့်လုပ်တဲ့ ပြာဟူကြီးဟာ ဘုရားတရား သဓာဘာကျတော့ တရားရအောင်နေမှပဲ ဒီရောဂါတွေကင်းမှပဲလို့ သဘောပေါက်ပြီး ရဟန်းပြုတယ်၊ တရား အားထုတ်လို့ ရဟန္တာကြီး ဖြစ်သွားတယ်။

ဒါ့ကြောင့် ဘုန်းကြီးတို့က မြင်လွန်းလို့၊ "ဒီကျောင်းကို ခမ်းခမ်းနားနား မဆင်ရဘူးနော်၊ သူတို့က ကျောင်းကောင်း ဆောက်ပေးတာ။ ပေးချင်ပေးစေ၊ သူတို့ကလဲ ကောင်းကောင်း ဆောက်ရမှလေ၊ ဘာပြုလို့တုန်း၊ သူတို့ပတ်ဝန်းကျင်ရဲ့ အသိုင်းအဝိုင်းက ရှိနေတယ်၊ ဒီတော့ ကျောင်းက ဘယ်လောက်ကောင်းနေတယ်ဆိုမှ သူတို့အသိုင်းအဝိုင်းနဲ့ တဲ့ဘယ်၊ ဘုန်းကြီးက ဟို အနောက်ဘက်က ဆွမ်းစားကျောင်းကြီး၊ ကဲ – ဘာခက် ညာခက်နဲ့ ဝါးကပ်မိုးလိုက်လို့ ဘုန်းကြီးက ပြော၊ ကျောင်းအမက ဘုန်းကြီး သဘောကျသလိုတော့ လုပ်ပါတဲ့၊ ဒါပေမယ့်လို့ ပျဉ်အုတ်ကြွပ်ကလေးမှ မမိုးရဘူးနော်လို့ ညည်းသတဲ့၊ အော်….သူ့ သိန်းထိအောင် အကုန်အကျခံပြီး ဆောက်ပါရက်နဲ့ စိတ်မချမ်းသာလို့တော့ မကောင်းပါဘူးတဲ့၊ ကဲ–ဝါးကပ်နဲ့ မမိုးကြနဲ့၊ ကျောင်းအမ သဘောကျသလို ဆိုင်းကြဦးလို့ ထားလိုက်ရတယ်။

ဘုန်းကြီး အလိုကတော့ ဘုန်းကြီးကျောင်း နေတာကိုလဲ ကြည့်လေ၊ ဘုန်းကြီးကျောင်းနေရာ နည်းနည်းကလေးသာ ပြင်ပြင်ပြီးတော့ လာခဲ့တယ်၊ ဘုန်းကြီးကတော့ ဖြစ်ပါရဲ့ နေ့ဇတ်ပါရဲ့၊ တရားသဘော သိပါရဲ့၊ မိုးလုံလေလုံဘို့ ပြီးတာပဲ၊ ဒါပေမယ့်လို့ ကျောင်းဒကာ ကျောင်းအမတွေရဲ့ သူတို့သဘော စိတ်ချမ်းသာပါစေရဲ့လို့၊ သူတို့ကကော အကုသိုလ်တွေ ဖြစ်နေသလားဆိုတော့ သာသနာတော်ကို မွန်မွန်မြတ်မြတ် လှူချင်တယ်ဆိုတော့ သူတို့မလဲပဲ ဗုဒ္ဓမြတ်စွာကို ရွှေကထားလို့၊ ဘုရားအမှူးရှိတဲ့ သံဃာကို ရည်မှန်းပြီးတော့ ကျောင်းဆောက်ကြလို့ သပ်သပ်ရပ်ရပ် သာသာယာယာဆိုတော့ ဝိသာခါတို့လို သူတို့က ရွှေသွားနေတယ်ဆိုတော့ သူတို့မှာလဲ

ကုသိုလ်ဖော့ ရပါတယ်၊ မွန်မွန်မြတ်မြတ် ကုသိုလ်ရပါတယ်၊ ဘုန်းကြီးကလဲ အဲဒီ ကုသိုလ်အကျိုးကို မမျှော်ကြနဲ့နော်၊ နိဗ္ဗာန်မျှော်ကြ နိဗ္ဗာန်မျှော်ကြ၊ အဲဒီ အကျိုးလောက်နဲ့ ရပ်ထားကြလို့ရှိလျှင် ဟိုဘက်ဘဝမှာ အကျိုးသုံးရပြီး အကုသိုလ်ဖတ္ထ တိုးပွားလာလိမ့်မယ်လို့ အဲဒီလိုသာ သူတို့ကို လမ်းလွဲပြီးတော့ ပေးရပါတယ်။

ဒါကြောင့်-ကိုယ့်နည်း ကိုယ့်ဟန်နဲ့ နားလည်အောင်လေ၊ အဲ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်လို့ ဆိုတဲ့ ဟေတုပစ္စည်းတွေ သတိထားလိုက်ပါ၊ အာရမ္မဏပစ္စည်းနဲ့ အာရုံတွေ ဦးစားပေးလေလေ အကုသိုလ်တွေက များများလာလေလေ၊ အကုသိုလ်ဟိတ်တွေက များလေလေ ဖြစ်ပါတယ်၊ အဲဒါကြောင့် ဒီနှစ်ပစ္စည်းကို ကြည့်ပီးမတော့၊ လောကကြီမှာ ဒီနှစ်ပစ္စည်းနဲ့ လမ်းသွားနေတာဟာ တဘဝထဲ သွားနေပါလားလို့ အဲဒီလို နားလည်ပြီးတော့ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို အာရုံပြုပြီး မိမိတို့ကိုယ်တိုင် ဒီပဋ္ဌာန်းကို အာရုံပြုပြီးတော့ သတ္တဝါလဲ မရှိပါပဲလား၊ ငါဆိုတာပါးလဲ မရှိပါပဲလား၊ အကြောင်းတရားတွေသာ ရှိနေပါကလား-လို့ အဲဒီလို နားလည်ပြီးတော့ ဗုဒ္ဓမြတ်စွာကို အာရုံပြုယင်း မိမိစိတ်ကိုပါ ပြင်ဆင်နိုင်ကြစေကုန်သတည်း”။

နာနာပဂကာရဋ္ဌာနာနိ၊ ဖောဓိတာနေတ္ထ မုနိနာ။
အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တ ဂေါစရံ။

ဇော်ထွေး အနန္တနယ သမန္တ ပဋ္ဌာန်းကျမ်းဘော်ကြီး၌။ မုနိနာ၊ မုနိထုတ်တင် ဘုရားရှင်သည်။ နာနာပဂကာရဋ္ဌာနာနိ၊ ဟေတု, အာရမ္မဏ စသည်မျှားစွာ အကြောင်းအာရုတို့ကို။ ဖောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်ဘော်သဒ်ဖြင့် ဦးစွာ ကျန် သိပြီးမှလျှင် များလှဝေနေ သိစေမတော်မူခဲ့လေပြီ။ အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူဝေသာ။ တံ အနန္တနယ ပဋ္ဌာနံ၊ များများပေါယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထို ပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက် တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်ဘိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု .....သာဓု.....သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

တတိယနေ့

၁၄၃၄-ခု နှောင်းတန်ခူးလဆန်း (၉) ရက်၊ ၁၉၇၃-ခု ဖြေလ ၁၁-ရက်

လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘ, အဒေါသ, အမောဟ ဟိတ်ခြောက်ပါး တရားတို့သည် မိမိတို့နှင့် ယှဉ်ဖော် ယှဉ်ဘက် ဖြစ်တဲ့ စိတ်စေတသိက်တို့အားလည်းကောင်း, ထိုစိတ်စေတသိက်ကြောင့်ဖြစ်တဲ့ ရုပ်တရား တို့အားလည်းကောင်း ဟေတုပစ္စည်းဖြင့် ကျေးဇူးပြုနိုင်ပေသတည်း။

သာဓု.....သာဓု.....သာဓု။

"ရူပါယတနံ၊ ရူပါရုံသည်။ စက္ခုဝိညာဏစေတသိကာနံ၊ စက္ခုဝိညာဏ စေတသိကတို့အား လည်းကောင်း။ တံသမယုတ္တကာနံ ထိုစက္ခုဝိညာဏစေတသိကနှင့် သမယုတ်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်ဘရားတို့အားလည်း ကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏။"....

အကုန်လုံး ရူပါရုံက စက္ခုဝိညာဉ်၊ သဒ္ဒါရုံက သောတဝိညာဉ်၊ ဂန္ဓာရုံက ဃာနဝိညာဉ်၊ ရသာရုံက ဇိဝှါဝိညာဉ်၊ ဖောဋ္ဌဗ္ဗာရုံက ကာယဝိညာဉ်၊ အဲဒီလို အာရုံပြုတဲ့ ဒုပြင် အာရုံငါးပါးစလုံးက ပြုနိုင်တဲ့ အာရုံတွေလဲ ရှိနိုင်တယ်လို့ ဟောတော်မူပြီးတဲ့နောက်—

"ယံ ယံ ဓမ္မံ၊ အကြင်အကြင်တရားကို။ အာရဗ္ဘ၊အကြောင်းပြု၍။ ယေ ယေ ဓမ္မာ၊ အကြင်အကြင် အကျိုးတရား တို့သည်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကြကုန်၏။ စိတ္တစေတသိကာ၊ စိတ်စေကသိုက် ဖြစ်ကုန်သော။ ဓမ္မာ၊ အကျိုးတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကြကုန်၏။ တေ တေ ဓမ္မာ၊ ထို အကြောင်းတရားတို့သည်။ တေ တေ ဓမ္မာ၊ ထို အာရုံခြောက်

ပါး ဆိုတဲ့ အကြောင်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုစိတ်စေတသိက် ဆိုတဲ့ ပစ္စယုပ္ပန် တရားတို့အား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုနိုင်သည်။ ဟောတိ၊ ဖြစ်၏"

လို့ အဲဒီလို ဗုဒ္ဓမြတ်စွာက အင်မတန် အတိအကျဟောတယ်။

ဒါကွေ့ ကဓဖြေးဖြေးနဲ့ ဘုန်းကြီးက လူနားလည်လောက်ရုံကလေး ကြည့်ပြီးတော့ ဟောဒနပါတယ်။

၃။ အဓိပတိပစ္စယော (အဓိပတိပစ္စည်း)

တခါ အဓိပတိပစ္စည်း၊ အာရမ္မဏပစ္စည်း ပြီးတော့ အဓိပတိပစ္စည်း၊ အဓိပတိပစ္စည်းကို ဘုန်းကြီးတို့ ဆရာဒကာများက ဘုန်းကြီ တို့ရှေက သွားနေတဲ့ အဋ္ဌကထာဆရာတော်များက ဘယ်လိုများ ဥပမာ ပြကြတုန်းဆိုတော့၊ ဒီ.... စကြာမင်း၊ စကြာမင်းဟာ အားလုံးမင်းရော၊ အင်း လူတွေရော အပြိုင်ရှိအုပ်စိုးတဲ့ စကြာမင်း, သူတပါးတည်း ကဟဘမှာ သူတယောက်တည်း အုပ်စိုးနေရမယ့် စကြာမင်း၊ အဲဒီလိုပဲ စိတ်ရော ဧတသိက်ရော အာရုက္ခ ဖြစ်တဲ့ အချိန်မှာ "အဓိပတိတပ်ပြီတဲ့ဟ့၊ အဓိပတိတင်ပြီတဲ့ဟေ့" ဆိုလျှင် စိတ်ဧတသိက်တွေ တပြိုင်နက် ဆိုပါတော့၊ သုံးဆယ်နဲ့ ခြောက်ပါးလောက် ဖြစ်နိုင်တယ်။

အဓိပတိ ၂-မျိုး။ ။အဲဒီ သုံးဆယ့်ခြောက်ပါးလောက်ထဲမှာ အဓိပတိပါပြီဆိုရင် ကျန်တဲ့ဟာတွေကို စကြာမင်းရဲ့ လက်အောက်ခံဖြစ်သလိုပဲ အားလုံး စိတ်ဧတသိက်ဒကွဟာ အဓိပတိရဲ့ အလိုက္ခ ဖြစ်ရပါတယ်။ အဲဒီ အဓိပတိဟာ နှစ်မျိုးရှိတယ်၊ အာဘူဖြစ်ဘက်ဆိုတဲ့ သဟဇာတာဓိပတိတမျိုး၊ အာရုံဆိုတဲ့ အာရမ္မဏာဓိပတိတမျိုး၊ အဲဒီ နှစ်မျိုးကို ဇနွးဆရာတော်များက ပါဠိတော်ကြီးများကြည့်ပြီးဇာဘဲ့ စကြာမင်းကြီးများ အုပ်စိုးသလို မိမိနှင့်အာဘူဖြစ်ဘက် စိတ်ဧတသိက် ရုပ်တရားတွေကို အုပ်စိုးနိုင်ဘယ်လို့။

အို--သိပ်ပြီးတော့ ဦးတိုက်တာပဲ၊ ကြည့်စမ်းကြည့်စမ်း၊ ဒီလေးပါးကိုနဂိုကတော့ ခွဲခြားဖို့ အင်မတန်ခက်တယ်၊ ခွဲခြားကြည့်လိုက်တော့မှ ဒီလေးပါးဟာ မြေဓာတ်လို ပင့်လို အာထွတ်အထိပ် အချုပ်အချာအထိ တိုးတက်အောင် လုပ်လို့ရတယ်၊ ဒီပြင် တရားစတွေတာ ဒီလိုတိုးတက်အောင် လုပ်လို့မရဘူး။

ဟော-ဒီလို သိတော်မူတဲ့ သဗ္ဗညုတာဉာဏ်တော်ကြီးလေ ဘုန်းကြီးတို့က တေ့ပီး ကြည့်ညိုလိုက်တာ၊ တေ့ပီးတော့ အားရလိုက်တာ၊ တေ့ပီးတော့ "ဒါတို့ဘုရား၊ အဲ-ဘုရားစကားကို တို့နားထောင်ရမှာ"နဲ့ အားရလိုက်တာ၊ အားရလိုက်တာ၊ နောက် ကျင့်လို့ရနိုင်တဲ့ တရား ဒီလေးပါးပဲ ရှိတယ်၊ ကျင့်လို့ မြင်လာပြီဆိုတော့ အို .... မြင့်မြင့်သွားတာပဲ မြင့်မြင့်သွားတာပဲ၊ ဒါကြောင့်--

"ဆန္ဒဝေတာ ကိ နာမ ကမ္မံ နာ သိဗ္ဗတိ၊ အို ဆန္ဒကြီးမားယင် ဘာကိစ္စမဆို မဖြစ်ပဲ ရှိဂုမလဲ၊ မအောင်မြင်ပဲရှိရမလဲ။"

ဝီရိယာဓိမတိတပ်ပုံ။ ။"ဝီရိယဝတော ကိ နာမ ကမ္မံ နာ သိဗ္ဗတိ၊ အို ဝီရိယကြီးမားလို့ရှိယင် ဘာမဖြစ်ပဲ ရှိရမလဲ"။

မဟာဇနကတော်၊ ။ဗုဒ္ဓမြတ်စွာရဲ့ အလောင်းတော်ကလေးဇနကမင်းသား၊ အားလုံး ကြားဖူးကြပါတယ်၊ ခမည်းတော်ကြီးရဲ့ တိုင်းပြည်ကို ပြန်ပြီးတော့ယူမည့် ဆန္ဒက ထက်သန်လိုက်တာ၊ အရွယ်က ဘယ်လောက်ရှိမလဲ၊ တဆယ့်ငါးနှစ်၊ မယ်တော့်ကို မေးတယ်၊ "သားရဲ့ အဖေ ဘယ်သူတုန်းပြောပါ၊ မယ်တော်က စောစောက လှည့်ပတ်နေတယ်၊ ဒီတော့ အင်မတန် အကြိတ်အနယ်နဲ့ မေးတော့ အကြိတ်အနယ်ဆို နို့စို့သလိုပေါ့လေ၊ ကြီးပေမယ့်လို့ နို့စို့သလိုလုပ်ယင်း မလှတ်ပဲနဲ့ နို့ကိုကိုက်ပြီးတော့ "ပြော ပြော၊ အဖမပြော"ဒါနဲ့ မနေသာလို့ "အို သားရယ် ဘဝထွန်းတော်နဲ့စစ်ဖြစ်ကြလို့ သားရဲ့ခမည်းတော်ကျဆုံးသွားတယ်၊ ဒါကြောင့် မယ်ခတော်က ထွက်ပြေးလာခဲ့တယ်"လို့ ပြောတော့--

"ဒီလို ပြေးလာရလို့ရှိယင် မယ်ခတော့်မှာ ဥစ္စာမျာ၊ မပါဘူးလား" ပါတယ်"

"အို....သားကို တဝက်ခွဲပေးလေ၊ သား သုဝဏ္ဏဘူမိ အရောင်း အဝယ် ကောင်းတဲ့နေရာမှာ သမုဒ္ဒရာဖြတ်ကျော်ပြီးတော့ သွားမယ်၊ ပစ္စည်းစုမယ်၊ စစ်သားစုမယ်၊ ဘဒ္ဒဝတီကောင်ကို ပြန်တိုက်မယ်"။

လမ်းမှာတော့ မမှန်တာကိုတော့ ထားပါဗျာတော့၊ ဘုန်းကြီးက သိပ်ပြီးတော့ ဂုဏ်ယူတယ်၊ မယ်တော်က ပြောတယ်-

"မသွားနဲ့၊ ဒီပါလာတဲ့ပစ္စည်းဟာ တိုင်းပြည်စစ်သား စုလောက် အောင် ပါတယ်၊ မသွားနဲ့"

"အို ဒီလိုအရောင် မလိုချင်ဘူး"။

ဒါနဲ့ ပစ္စည်းစုခဲ့ပါလေ၊ ကူးသန်း ရောင်းဝယ်ရေးဒေတွက် ဟိုခေတ် ကဆိုတော့ လှေကြီးတွေနဲ့ပေါ့၊ ရွက်လှေကြီးတွေနဲ့ပေါ့၊ ခုနစ်ရာလောက် နှိုင်တယ်ဆိုတော့ အလွန်မတန်မှ ကြီးကျယ်တဲ့ ရွက်လှေကြီးတွေပေါ့၊ အဲဒါနဲ့ လိုက်သွားလိုက်ဟာ၊ လိုက်သွားလို့ ငြင်းယဲ့ သမုဒ္ဒရာကြီးထဲမှာ ခုနစ်ရက် လောက်ကြာတော့ လမ်းမှာ လေဟွန့် လိုင်းတွေက အင်မတန်မှ ကြီးလာပြီး လှိုင်းလာတော့ ဒီရွက်လှေကြီးဟာ ဒယ်ဗုံးနှစ် နှစ်ရာတာမယ်၊ အဲဒီအချိန်မှာ အားလုံးတွေက နတ်ကွကိုးကွယ်လိုက်ကြဟာ၊ သူတို့ မိဘဆိုင်ရာ နတ်တွေ ကိုးကွယ်ပ,သကြ၊ ဘုန်းကြီးတို့ ဘုရားဟောလောင်းက ဘယ်နတ်မှ မတတ်ဘူး၊ ဘယ်နတ်မှ ကိုင်မတည်ဘူး၊သတော်မှာ ပါလာတဲ့ပျားရည်နှင့်ပေါက်ဖေါက်နဲ့ နယ်ပြီးကော့ စားကယ်၊ ထောပတ်နဲ့နယ်ပြီးတော့ စားလိုက်ဘယ်၊ အားရှိ အောင်လို့၊တခါထဲ ရွက်လှေကြီးနည်းနည်းမြုပ်ဖတာ့ရွက်တိုင်ထိပ်ဓာတ်တာပဲ။

ရွက်တိုင်တက်ပြီးတော့ သူကြားဖူးနားဝအတိုင်း၊ ခမည်းတော်ရဲ့ပြည်ဟာ ဒီဘက်မှာရှိတယ်ဆိုပြီး ဒီရွက်ဘိုင်ထိပ်ဖျားကနေပြီး စွမ်းနိုင်သမျှ လွှန်နိုင်သမျှ လွှန်အောင် ဘုရားဟောလောင်းတော်ကတော့ ခုန်ပြီးကော့ လက်ပစ်ကူးတာပဲ၊ ကူးနေတာပဲ၊ သဘော်ဘလားခုနစ်ရာကတော့ ကုန်သည်တွေပေါ့လေ၊ ခုနစ်ရာ ကတော့ မြုပ်လို့ ငါးတွေရဲ့အစာဖြစ်ကြပြီး ပတ်ဝန်းကျင်မှ ဓဿတွေနီလို့။

ဒီလူတွေစားတဲ့ ငါးဓတ်ကိုတော့ လွှန်သွားတာပဲ၊ ကူးနေတာ ဘုန်းကြီး ဂုဏ်ယူဘယ်လေ၊ တို့ဘုရား ဆယ့်ငါးနှစ်သား-ဘတ်ကိုရှိဘယ်၊ ဝိရိယရှိတယ်

နောက်မဆုတ်ဘူး၊ နောက်တော့ ကြားဖူးနေကျိုအတိုင်းပေါ့၊ မကိုမေခလာနတ်သမီးက ၇-ရက်လောက်ကြာမှသူသိတာနဲ့ကယ်တယ်ဆိုတာတော့ ကြားဖူးကြတာပေါ့၊ အဲဒီကူးနေတုန်းမှာ ဥပုသ်စောင့်လိုက်သေးတယ်၊ ဘုန်းကြီးကျောနပ်လိုက်တာ ကျောနပ်လိုက်တာ၊ စားစရာဘာမှမရှိတဲ့အပြင် ဥပုသ်စောင့်လိုက်သေးတယ်၊ ပင်လယ်ရေလေးပဲ သောက်မှာပေါ့၊ အဲဒါ ဝီရိယရှိလျှင် ဘာမှဖြစ်ပဲ ရှိရမလဲလို့၊ ဝီရိယအဓိပတိ။[၁]

အဓိပတိ တပ်တဲ့စိတ်ဆန္ဒဟာ ဉာဏ်ရှိတဲ့ယောကျ်ားတွေမှာ ဖြစ်တတ်တယ်၊ သတ္တိမရှိတဲ့သူတွေမှာ မဖြစ်ဘူး၊ အင်မတန်အဖြစ်နည်းပါတယ်၊ ဘုန်းကြီးတို့ ဘုရားအဒေလာင်းမှာဓာဘ့ ဘဝပေါင်းများစွာအဓိပတိတပါးပါးနဲ့လာခဲ့တာ၊ ဒီအလုပ် လုပ်ဘော့မယ်ဆို လုပ်ကိုလုပ်တာပဲ၊ ဇောဇောစီးစီးကလဲ စဉ်းစားထားတာ၊ တောထွက်မယ် ဆိုတုန်းကလဲ (မဟာဇနကဇာတ်ပဲ) နှစ်ပေါင်းအတော်ကြာတော့ တောထွက်တယ်၊ ကားလိုက်တာ သိဝလိဒေဝီ ယသော် ဓရာအဒေလာင်းက တားပေမယ့် ထွက်တာပဲ၊ ထွက်ဖြစ်အောင် ထွက်တာပဲ၊ ဒါ့ကြောင့် ဘုန်းကြီးတို့ သာသနာတော်ကြီး တည်ထောင်တဲ့ပုဂ္ဂိုလ်က ဘဝပေါင်းမပြောနဲ့၊ ကမ္ဘာပေါင်းများစွာက ဘုရားဖြစ်တော်မူလိုတဲ့ ဆန္ဒတော် အဓိပတိနဲ့ လာခဲ့တာ၊ လုံ့လဝီရိယတွေ အခွင့်သင့်ရာ အခွင့်သင့်ရာ အဓိပတိနဲ့ လာခဲ့တာ၊ စိတ်တော်ကြီး မားထက်သန်လိုက်တာ၊ အဓိပတိနဲ့ လာခဲ့တာ။

ဉာဏ်ပညာတော်မှာလဲ ဘဝများစွာ တက္ကသိုလ်ဆရာကြီးများဖြစ်လို့ အဓိပတိထိပ်တန်းဖြစ်လာခဲ့တာ၊ ဘုရားအဒေလာင်းက တက္ကသိုလ်ပညာ သင်ပေးတဲ့ဆရာကြီးတွေ မကြာခဏဖြစ်၊ တက္ကသိုလ်ပညာသင်ရမယ့် တပည့်ဖြစ်တဲ့အခါ မြန်မြန်တတ်၊ ဒီလို ပညာထက်ထက်မြက်မြက် တတ်လာခဲ့တာ၊ ဘုရားဖြစ်မှ 'ဗုဒ္ဓံ ပူဇေမိ' မလုပ်ဘူး၊ ဘုန်းကြီး တို့ဘုရားကို၊ တို့ဘုရားလောင်းကို တလျှောက်လုံး ဝိုင်းပြီးကာ ပါရမီဖြည့်ကြတဲ့ အရှင်အာနန္ဒာတို့ အရှင်အနုရုဒ္ဓါတို့ အရှင်မောဂ္ဂလာန်တို့ အရှင်သာရိပုတ္တရာတို့ ဘုရားရဲ့ ပါရမီဖြည့်ဘက်တော်ကြီးတွေ၊ ယဒေသဝ်ဓရာတို့၊ တို့ဘုရားရဲ့ ပါရမီဖြည့်ဘက်တော်ကြီးတွေ၊ ဒေမာထေရီ,

---

၁။ ဇာ၊ ၎၊ ၆။ (မဟာဇနကဇာတ်) နှာ ၎၂-၎။

ဥပဓိလဝဏ်မထရိတို့၊ တို့ဘုရားရဲ့ ပါရမီဖြည့်တော်မူဘက်ကြီးတွေ၊ ဘုန်းကြီးအကုန်လုံးကြည်ညိုတယ်၊ တသာသနာလုံးကြည်ညိုတယ်။

ပါရမီဖြည့်ဘက်အကုန်လုံးကို နောက်ဆုံးဘဝကျမှကြည်ညိုတာမဟုတ်ဘူး၊ စောစောကိုကကြည်ညိုတာ၊ ဒါ့ကြောင့် အဓိပတိဆိုတာဟာ သူနှင့်အဝှေဖြစ်တဲ့ စိတ်ဧတသိက်တွေအပေါ်မှာ အချုပ်အချာ အုပ်စိုးနိုင်တယ်၊ ဒါ့ကြောင့် ဆန္ဒအဓိပတိဖြစ်ပြီဆို ရုပ်က ဒီဆန္ဒနောက် လိုက်ပြီးတော့ စကြဝဠာ တခုလုံးမီးကျီးတွေ ပြည့်နေတာကို နင်းနိုင်မှ ဘုရားဖြစ်မယ် ဆိုယင် စိတ်က နင်းချင်တိုင်း အနင်းခံတာပဲ၊ အဲဒီလို သတ်ရှိဝယ်၊ ခုနက ဘုရားအလောင်း မဟာဇနက မင်းသားလေး ၁၅-နှစ်၊ ၁၆-နှစ်လောက်ရှိ၊ ၁၆-နှစ်လောက်ဆို "အို....ငရဲယရှိ, ဘာတွန့်စရာရှိမလဲ၊ ငရဲယရှိ, ဘာတွန့်စရာ ရှိမလဲ" လို့ စိတ်ဆန္ဒရော၊ ဝီရိယရော ရုပ်ကြီးကလဲ မတွန့်ဘူး၊ ပင်လယ်ကြီးထဲမှာ ရဲရဲကူးနေတာပဲ၊ ကျေနပ်လိုက်ဟာ၊ စိတ်ရော, ရုပ်ရော၊ စိတ်ရော,ရုပ်ရော၊ ဆန္ဒတော်ရော၊ ဝီရိယတော်ရော, တခုတခု အဓိပတိပဲလေ၊ တခုကခု အဓိပတိတပ်လို့ အဲသလို လာခဲ့လို့ ဘုရားဖြစ်တာ။

ဒါ့ကြောင့် ဘုန်းကြီးက ကျောင်းသံဃာတွေကို အကဲခတ် ကြည့်တယ်၊ ဝီရိယမထက်သန်လိုက်ကြတာ၊ ပတ်ဝန်းကျင်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကြည့်တယ်၊ စိတ်မထက်သန်ကြဘူးနော်၊ ငါ့ချည်း ကြိုးစားနေရတာ၊ ငါ့ချည်း ကြိုးစားနေရလို့ အားလျော့သလားဆိုတော့ မဖလျော့ဘူး၊ ရှေးပါရမီက ထောက်ကူလို့ရှိယင် ငါမျှော်တဲ့အတိုင်း ဖြစ်ရမယ်၊ ကိုယ်ကျိုး ကိုယ့်စီးပွား မဟုတ်ဘူး၊ ကိုယ့်ပရိသတ် လက်တဆုပ်စာကလေးရဲ့ အကျိုးစီးပွား မဟုတ်ဘူး၊ တသာသနာလုံးရယ်၊ ဘနိုင်ငံလုံးရယ်၊ ဖြစ်လို့ရှိယင် ဒီမျှားပါ အဲဒီလို မျှော်ပြီ တော့ သာသနာပြုဖို့ ကြိုးစားတာဟာ ဆ ဘယ်လောက်မျှား ပြင်းထန်သလဲ၊ လုံလ ဝီရိယ တခါတခါ ဘယ်လောက် ပြင်းထန်သလဲ၊ အသိဉာဏ်တွေ ဘယ်လောက် စိတ်ကူးရသလဲ၊ စိတ်ဟာ ဘယ်လောက် ထက်သန်နေသလဲ၊ ကိုယ့်ကိုယ်ကိုကြည့်ပြီးတော့ ဘုရားပူဇော်လို့ ကောင်းလိုက်တာ၊ ဗုဒ္ဓမြတ်စွာ အဲဒီလို လာခဲ့တာ။

"အရှင်ဘုရားဗုဒ္ဓမြတ်စွာအလောင်းတော်ကတော့အထမြောက်လာခဲ့တယ်၊ အရှင်ဘုရားစိတ်ကူးတွေကော အထမြောက်ပါ့မလား" ဆိုတော့၊ ကြည့်လေ ခုရှိနေတဲ့ အခြေအနေကိုပဲ၊ အထမြောက်နေတာ၊ ဒါပေမယ့် ဒါက အမျှားကို ကျေးဇူးမပြုနိုင်သေးဘူး ဆိုပြီးတော့ အားမရတာ၊ အထမြောက်နေတာပဲ၊ ရွှေကိုလဲပဲ မြောက်သင့်သလောက် မြောက်မှာပဲလို့ ယုံကြည်ထားတယ်၊ ဒါ့ကြောင့် "ဆန္ဒဝတော၊ ဆန္ဒရှိတဲ့ပုဂ္ဂိုလ်မှာ၊ ကိုံ နာမ၊ အာဘယ်မည်သော အကျိုးတရားသည်၊ နှ သံဇ္ဈတိ၊ မပြီးစီးပဲ ရှိနိုင်အံ့နည်း"။

အင်မတန် ကောင်းတယ်၊ လုံ့လဝီရိယရှိတဲ့ ပုဂ္ဂိုလ်မှာ ဘာမပြီးစီးပဲ ရှိနိုင်ရမလဲ၊ အသိအလိမ္မာ အမြော်အမြင်ရှိတဲ့ပုဂ္ဂိုလ်, ဉာဏ်ပညာရှိတဲ့ပုဂ္ဂိုလ် အတွက် ဘာမပြီးစီးပဲ ရှိနိုင်ရမလဲ၊ အို....စိတ်ကိုက တစိတ်တည်းထားတဲ့ပုဂ္ဂိုလ် ဘာမပြီးစီးပဲ ရှိနိုင်ရမလဲ၊ ဒါကို အဓိပတိပစ္စည်းလို့ ခေါ်တယ်။

အဓိပတိပစ္စည်းဟာ တကိုယ်လုံး ပါသွားတယ်၊ နှားလည်ကြစမ်းနော်၊ အဲ တခုလောက် အဓိပတိဖြစ်လိုက်လို ရှိယင် စိတ်တွေစေတသိက်တွေ အကုန်လုံး ပါလာတယ်၊ အကုန်လုံး ပါရုံသာမကဘူး၊ ရုပ်ခန္ဓာကိုယ်ကြီးပါ ပါလာပြီး တက်တက် ကြွကြွ ဖြစ်နေတယ်၊ တက်တကြွကြွပဲ ဘုန်းကြီးသိပါတယ်၊ ကြည့်ယင် သိပါတယ်၊ မတက်ကြွဘူး ဆိုလို့ရှိယင် ဘာစိတ်တွေဖလာက်သေးရှိနေတယ်ဆိုတာကို သိပါတယ်၊ ဒါကြောင့်မို့ သိလွန်းအားကြီးလို့ လူအမျှားနဲ့ ပေါင်းနေရတာက သိပ်မကောင်းလှဘူး၊ နေရာတိုင်း သိနေတယ်၊ သိနေတာက သိတိုင်းလဲပဲ ပြောလို့ဆိုလို့ သိပ်မကောင်းလှဘူး၊ ဒါကြောင့် အဓိပတိတရားဆိုတာက ပုဂ္ဂိုလ်သတ္တဝါ သူငါမဟုတ်ပါဘူး၊ တရားဆိုတာ တရားပါပဲ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါ မရှိပါဘူး။

အဓိပတိပစ္စယော၊ စကြာဘုန်းဋ္ဌ၊ မျှားဗိုလ်လူတို့၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့၊ မိမိဆိုင်ရာ၊ နာမ်ခန္ဓာဝယ်၊ ဓကောင်းစွာစိုးဘိ၊ သဟဇာတ ပစ္စည်းတရားနှင့်၊ မကွာခေါင်းဘူး၊ အာရမ္မဏာဓိပတိဆိုတာက ရှိသေးတယ်၊ တယ်ဓကောင်းကိုး၊ ဗုဒ္ဓမြတ်စွာကလေ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာရဲ့ဉာဏ်တော်ကြီးကို မှန်းမျှော်လို့ ရပါတယ်ဆိုတာ မဓနုတုန်းက

ဘုန်းကြီး အာရုံ ၆-ပါးကို ပြောခဲ့တယ်၊ အဲဒီ အာရုံ ၆-ပါးထဲက အဓိပတိ တပ်တဲ့ အကုသိုလ်ဆိုင်ရာ အာရုံတချို့ကို ဘုန်းကြီးပြောပြမယ်။

အာရုံအဓိပတိတပ်ပုံ

မင်းကုသလာတ်။ ။အာရုံကအဓိပတိတပ်လို့ ရှိယင် မနေနိုင်ဘူးမနေနိုင်ဘူး၊ သူများမပြောနဲ့၊ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာရဲ့အလောင်းတော်ကြီး ကာမဂုဏ် အာရုံတွေကို မကြာခဏ စက်ဆုပ်လှန်းလို့မို့ တောထွက်တော်မူလာတဲ့ အလောင်းတော်ကြီး၊ အဲဒီဘဝမှာကိုပဲ မယ်တော် ခမည်းတော်များက ကုသဝတ်တိုင်းပြည်မှာ သားတော်ကုသကို "ထီးနန်းအပ်မယ်၊ သားတော်အတွက် မိဖုရားလိုတယ်၊" "မလိုချင်ဘူး"ဒီလိုလာတာ ဒီလိုလာတာ၊ "အို....မလိုချင်ဘူး၊ မယ်တော် ခမည်းတော်တို့ ကွယ်လွန်တဲ့အခါမှာ တောထွက်မယ်"အမှန်စိတ်နဲ့ပြောနေတာ အမှန်စိတ်နဲ့ပြောနေတာ။

မယ်တော်ကြီးက မလျှော့ဘူး၊ မကြာခဏ "သားတော် မိဖုရားလိုတယ်၊ သားတော်နှစ်သက်တဲ့ မိဖုရားရှာပါ" "မလိုချင်ဘူး မလိုချင်ဘူး"၊ မကြာခဏ မယ်တော်ကြီး ပူဆာတော့ ရွှေရုပ် အထုခိုင်းတယ်၊ လုပေးတို့တဲ့ ငွေရုပ် ကလေး ထုထားလိုက်တာ အသက်ဝင်နေသလိုပဲ၊ အဆောင်တော်ထဲ အသာကလေး သိမ်းထား၊ နောက်တခါ မယ်တော်က ပြောလာပြန်တယ်၊ "ထီးနန်းအပ်ချင်တယ်၊ မိဖုရားရှာပါ" "မယ်တော် ဟောဒီ ဟောသလောက် လုတဲ့ မိဖုရားဆိုယင်တော့ ထီးနန်းနဲ့နေမယ်"ကိုး၊ မယ်တော်ကြီးက မလျှော့ဘူး၊ "အောင်မယ် ငါ့သားတော်ရဲ့ ပါရမီဖြည့်ဘက် ရှိရမယ်ပေါ့" ဆိုပြီးတော့ အရှာထွက်တာပဲ။

ပုဏ္ဏားတွေ၊ လက္ခဏာကောင်းကောင်း ရွေးနိုင်တဲ့ပုဏ္ဏားတွေ ခိုင်းတာပဲ၊ နောက်တော့မဒ္ဒရုဇ်တိုင်းရောက်တော့ပဘာဝတီတွင်းပေါ့ ယှဉ်ကြည့်တယ်ကိုး၊ တကယ့်အချပ်နဲ့အသက်ရှိတဲ့သူနဲ့အလှခြင်းတူယင် သယ်ဘူလိမ့်မတုန်း၊ အသက်ရှိတဲ့သူက အတွင်းမှာ စိတ်တွေရှိနေတော့ ဒီစိတ်ရဲ့ ပြုပြင်မှုတွေကြောင့်ပေါ့

၁။ ဇာ၊ ၄၊ ၅။ (ကုသဇာတ်) နှာ-၃၀၀-၅၊

လေ၊ ပိုပြီးတော့ကျက်သရေရှိ၊ အဲဒီဟာနဲ့ ပဘာဝတိမြင်တော့ "မကောင်းပြီ တို့မင်းသားနဲ့ အင်မတန်အဆင်မပြေတာပဲ အဆင်ပြေတာပဲ" ဆိုတာ တိုင်းကြီး ပြည်ကြီးမို့လို့၊ ပဘာဝတိ တိုင်းပြည်က ပြည်ငယ်မို့လို့၊ ဒါပြောလိုက်တော့ ရှင်ဘုရင်ကြီးက သဘောကျလို့ "ဒီလောက်ကြီးကျယ်တဲ့ တိုင်းပြည်ကြီးက တို့သမီးတော်ကို တောင်းရမ်းယူတယ်လို့" ဆိုတော့ အင်မတန်သဘောကျလို့၊ ဒါပေမယ့် ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းကြီးက အရုပ် ဆိုးတော်မူလိုက်တာတဲ့။

ဘုန်းကြီးကတော့ ဘုရားအလောင်း အရုပ်ဆိုးတော်မူတာဟာလဲ ဂုဏ်ယူတာပဲ၊ ဘာပြုလို့ အရုပ်ဆိုးတာကို အရှင်ဘုရား ဂုဏ်ယူနိုင်ပါတုန်းဆိုတော့၊ အို....အရုပ်ဆိုးလို့ ကိုလုံလဝီရိယနဲ့ သိပ်အသုံးပြုလိုက်တာလေ၊ အရုပ်ဆိုးလို့ကို စိတ်တော်တွေအသုံးပြုလိုက်တာ၊ကောင်းလိုက်တာမှ၊ အရုပ်သာမဆိုးလို့ ရှိယင် ဒီလောက်လုံလဝီရိယကိုအသုံးပြုလို့ လုပ်ရမှာမဟုတ်ဘူး၊ ဒါနဲ့ပဘာဝတိရောက်လာတော့ မယ်ဗတာကြီးက သားတော်နဲ့အတူတမံစေဘူး၊ အဲ....သားရတနာတပါးရမှ သားတော်နဲ့တွေ့ရတယ်၊ ညာဖြန်းပြီးတော့ လုပ်ထားတယ်၊ ဒီလိုနဲ့ နေရာက နောက်တော့ မဇ္ဈိမသာ တတိယသာနဲ့ တွေ့ကြတော့ ပဘာဝတိက ဒီလောက်လှတဲ့ အမျိုးသမီးက ဒါလောက်အရုပ်ဆိုးတဲ့ဝူကို မယူနိုင်ဘူးဆိုပြီး ဟော့ တခါတည်း သူ့နောက်လိုက်မနောက်ပါတွေနဲ့ ထွက်သွားတာပဲ။

အလောင်းတော်ကြီးက ကြည့်နေတယ်လေ၊ မသွားပါနဲ့ ဆိုယင် မသွားဝံ့ပါဘူး၊ ထွက်ယွားဦးဓဝေ့ ဟိုတိုင်းပြည်ကိုလိုက်ပြီးတော့ လွယ်လွယ်ကလေးနဲ့ ပြန်ယူယင်ရတယ်၊ ဟိုက ခမည်းတော်မယ်တော်များက ချော့ချော့မော့မော့ ပြန်ထည့်ရမှာ။

မဟုတ်ဘူး၊အလောင်းဓတော်ကြီးက သူ့ခမျာ စိတ်ဆင်းရဲသွားရှာလိမ့်မယ်၊ မသွားနဲ့ဆိုလို့ရှိယင် စိတ်ဆင်းရဲသွားရှာလိမ့်မယ်၊ သွားပေဓေ... သွားပေဓေ၊ ကဲဒလ ဒီဝတ္ထုကိုမပြောလို့ရှိယင် ဒါနဲ့ အချိန်ကုန်သွားလိမ့်မယ်၊ ပဘာဝတီရဲ့ ရူပါရုံအဆင်းက အဓိပတိတပ်နေတော့ ဘုန်းကြီးတို့ ဘုရားအလောင်းကြီး မဓနနိုင်ဘူး၊ လိုက်ကိုလိုက်ရတယ်၊ ၇-လလောက်အဆင်းအရဲကိုခံပြီးတော့နေရတယ်၊ ပဘာဝတီရဲ့ ရူပါရုံအဆင်းက အဓိပတိတပ်နလို့၊ အတော်ဆန်းတာ

အဘော်ဆန်းတာ၊ သာမန်မင်းသမီးမျိုးလောက်ဆိုယင် ဘာအားရကြိုးတုန်း၊ ယခုတော့ ကမ္ဘာမှာ ပြိုင်ဘက် မရှိလှတဲ့ မင်းသမီးဖြစ်နေလို့ပို့ အဓိပတိ တပ်တဲ့ ရုပ်ကြောင့် ရုပ်အဆင်းကြောင့် ဘုရားအလောင်းဟော်ကြီး ဒုက္ခတွေ့ခံပြီးတော့ လိုက်ရပါတယ်။

အကုသိုလ်အဓိဟတိတပ်ပုံ။ ။အကုသိုလ်နေရာမှာ အဓိပတိ ဒီလောက်ကြီးမား တယ်နော်၊ ဟခုးပြောအုံးမယ် ဒီလိုဟာတွေအကုန် လုံးရှိတယ်၊ တချို့က သဒ္ဒါရုံ အင်မဘန်နှစ်သက်တတ်တဲ့ ဒေလေ့အတရှိလိုရှိယင် သဒ္ဒါရုံအသံကောင်းကောင်းနဲ့၊ ဟိုဂုတ္တိလဝောင်းသံကို ကြားတော့ ကြည်တာန် ဆာမ မနေနိုင် မထိုင်နိုင်ဖြစ်ပြီးတော့ သူ့အိမ်ဇတ်ပေါ်က ဆင်းလာလိုက်တာ ဒါလေ့ကားပဲလို့ ဆင်းလိုက်တာ ပြုတင်းပေါက်က ဆင်းမိလို့ ကျိုပြီးတော့ ဒုက္ခ ဖြစ်ရတယ်ဘ၊ ဒါ ဒီအသံဟာ ဘယ်လောက်စွဲသွားတုန်း။

ပဋ္ဌပါပိအကြောင်း၂။ ။အတူတူပါပဲ၊ တချို့လဲ အရသာက အံ့ဖွယ်ဇရ မစားရ မနေနိုင် ဖြစ်ကြရတယ်။

တခုပြောဦးမယ် ပဋ္ဌပါပိဆိုတဲ့အမျိုးသမီး၊ သူ့ရုပ်ကြည့်လိုက်ယင် ဒေရုပ်ဆိုးလိုက်တာမှ ဘာလောက်မှမကန်ဘူး၊ သူတို့မိဘမျာကလဲ သိထားတယ်၊ တို့သမီးကဘာ့ ဒီဘဝယောကျ်ားရတော့မှာ မဟုတ်ဘူးလို့ သိထားတယ်၊ ဒေရုပ်ဆိုးလိုက်ဟာကလွန်နေတာကိုး၊ ဒါနဲ့ သူက ကစားတဲ့အရွယ်၊ ...ဆပ်ဖလေး ငါးနှစ် ဖြစ်ချင် ဖြစ်မှာပေါ့၊ အင်း ...ဆယ့်ခြောက်နှစ်လောက် ဘယ်လောက် ဖြစ်ချင် ဖြစ်မှာပေါ့၊ ကစားတဲ့ အရွယ်၊ ရွှင်ဘုရင်ကလဲ တိုင်းပြည်ကို လိုက်ပြီးတော့ ကိုယ်တိုင် ကိုယ်ကျတိုးစမ်းတယ်ကိုး၊ တယောက်တဲ့ထွက်ပြီ တော့တိုးစမ်းရာက ကလေးတွေက ကစားတော့လဲ ဗတာင်ပြောမြောက်ပြော ပြောတတ်တာမို့ အဲဒီနားလဲမယောင် မလည် ရွှင်ဘုရင်က အရပ်သားလုပ်ပြီးတော့ သွားဖေးတော့ ပြေးယင်းလွှားယင်း ကစားယင်းက ပဋ္ဌပါပိရဲ့လက်နဲ့ ရွှင်ဘုရင်ရဲ့လက်ကို သွားပိုးတော့ ထိမိတယ်၊

၁။ အံ၊ဌ၊၁၊ နှ၁-၂၁။ ၂။ ဇာ၊ဌ၊၅။ နှ၁-၄၇၅။

ရှင်ဘုရင်ကြီး ဘယ်နှယ်ဖြစ်သွားမှန်း မသိဘူး၊ အထိအတွေ့၊ ဒါနဲ့ သေသေချာချာမေးတာယ်၊ ''မင်း ယောကျ်ားများရှိသလား'' သူက ယောကျ်ားရဖို့က တသက်လုံး မမျှော်တဲ့မိန်းမ၊ ''မရှိပါဘူး''၊ ''ဒါဖြင့်ကွယ် ငါက မင်းလက်ထပ်ပါရစေ''၊ ''အဖေ့ သွားပြောအုံးမယ်'' သွားပြော၊ အဖေကလဲ မမျှော်လင့်တာလား၊ ဘာမှ မရွေးဘူး ဘာမှ မရွေးဘူး၊ ယောကျ်ားရမယ် ဆိုတော့ ကျေနပ်လို့၊ ရှင်ဘုရင်ကလဲ ပဥ္စပါဒိဌံ လာရှာတယ်၊ နေ့တိုင်း ညတိုင်း လာရှာတယ်၊ သူ ဘယ်သူရယ်လို့တော့ မပြောဘူး၊ လာနေတာပဲ၊ သူ့ရဲ့ အထိအတွေ့က အမိပတိ တပ်မနေဘူးလား၊ ဖောဋ္ဌဗ္ဗာရုံအဓိပတိ။

အဲဒီတော့ မနေနိုင်ဘူး၊ ရှင်ဘုရင်ကြီး လာနေရရှာတယ်၊ ရှင်ဘုရင်ကြီးက စဉ်းစားတယ်၊ ''ညတိုင်း ငါဒီလိုလာနေလို့လဲ မဖြစ်ဘူး၊ နန်းတော်သို့ ဆောင်ဦးမှပဲ၊ နန်းတော်ရောက်တဲ့နည်း လုပ်ဦးမှပဲ'' ဆိုပြီးတော့ သန်လျက်ကို ယူလာပြီးတော့ ရှင်ဘုရင်က အဲဒီအဆောင်မှာ သူနဲ့နေတဲ့ ခုဝင်အောက် ပဥ္စပါဒိရဲ့ အိပ်ဂုဓနိုးထဲမှာ ထားခဲ့တယ် နက်ဖန်ခါကျတော့ ''ပျောက်တယ် ပျောက်တယ် သန်လျက်ပျောက်တယ်၊ ရှာကြ ..ရှာကြ....ရှာကြ''၊ တခါထဲ တမြို့လုံးလည်ရှာလိုက်ဘာ၊ ''ဟာ ..မတွေ့ဘူး မတွေ့ဘူး''၊ မင်းတို့ကွယ် အိပ်ခန်းဆောင်ထဲမှာ ဘာရှာ မချန်ပါနဲ့၊ အကုန်လုံးလိုက်ရှာ၊ မတွေ့လို့ ဘာဖြစ်မလဲ ဘာညာနဲ့ ရှင်ဘုရင်ကြီးက ဒါနဲ့လိုက်ရှာတော့ ခုနက ပဥ္စပါဒိရဲ့ အဆောင်က တွေ့ရော၊ ''ဟာ ...ဒီမှာ တွေ့ပြီ တွေ့ပြီ၊ နေပါအုံး နင် ဘယ်ကရသလဲ''၊ ''ကျုပ်ဘယ်က ရတာယ်လို့ ကျုပ်တော့ မသိဘူး၊ ကျုပ်ယောကျ်ား ပါလာတာပဲ''

''ဟာ .. နင့်ယောကျ်ား ခိုးတာပဲ''

''မသိဘူး....''

''နင့်ယောကျ်ား နင် ဘယ်ကလို့ သိသလား''

''ဘယ်ကရယ်လို့တော့ မသိဘူး၊ ညညကျမှ လာတာပဲ၊ ကျုပ်လဲ မမြဲတတ်ဘူး''

''ဘာ အထိမ်းအမှတ် ရှိတုန်း''

''လက်တော့ စမ်းကြည့်ရတယ်၊ ကျုပ်ယောကျ်ားရဲ့ လက်တော့ မှတ်မိတယ်''

ဒါနဲ့သူ့ခေါ်လာပီးတော့ နန်းဓတော်တွင်းလုံပေဆိုတဲ့အခန်းထဲမှာ ဘေးက အကာတွေ ဘာတွေ ကာပြီးတော့ အပေါက်ကလေးဟပေါက် ဖောက်ထားတယ်၊ သန်လျက်နဲ့ဆိုတော့ နန်းတော်နဲ့ ဆိုင်လာပြီ။ ကဲ နန်းတော်ထဲက မှူးမတ် သာ မတ်သော မင်းသားသော ဘာသော မလုပ်ကြနဲ့၊ ဒီသူခိုးတော့ ရှာရတော့မှာပဲလို့ ဆိုပြီးတော့၊ အင်း....အမတ်တဓညာက်က လက်ဂလေး ထိုးပေးလိုက်၊ ပဋ္ဌပါပိုက လက်စမ်းကြည့်၊ "မဟုတ်ဘူး ပဟုပဒ်ဘူး" လို့ ပြောတယ်၊ ဒီအမတ်က တခြားမသွားဘူး၊ သူခိုးပဓပါလျှင် ငါဖမ်းခိုးလို့ ဓပြောမယ်၊ ငါသူခိုးလို့ ပြောပြီးတော့ ဒီဒဏ်ထမ်းပြီးတော့ ဒဏ်မိန်းမ ငါဖမ်းမယ်၊ ကဲ–ဘယ်လောက်အထိ ဟိုသူက လက်စမ်းခံနေရသာ၊ သူကလဲ ကျေနပ်လို့ သူခိုး ငါလုပ်ပါ့မယ်၊ ဒီသူခိုးတော့ ငါလုပ်ပါ့မယ်၊ မသွားဘူး၊ သွားကြ သွားကြလို့ ပြောလဲ မသွားဘူး၊ဟိုကလဲ လက်စမ်း၊ဒီသူခိုးတော့ ငါလုပ်မယ်၊ မင်းသားတွေကလဲ ဒီသူခိုးတော့ ငါလုပ်မယ်။

ဟင် ဘယ်သူတွေ့ တနန်းတော်လုံး ဆိုင်ရာဓတွေကလေ၊ သန်လျက်နဲ့ ဆိုင်ရာ တွေက "ဒီသူခိုးတော့ ငါငါပါလို့ ဓပြောမယ်၊ဟုတ်ပုတ် မဟုတ်ဟုတ် ငါပါပဲလို့ ပြောမှာ" အပြစ်ကဓလေး နည်းနည်းပါးပါး ရုပြီးလို့ရှိယင် ရှုမှာ၊အာ..သဓောကျလို့၊ သဓောကျဆို မသွားဘူးဆို ယောင်လည်ပေါင်လည်နဲ့၊ နောက်ဓတော့ တနန်းတော်လုံး ကုန်ပြီး "အရှင်မင်းကြီးတပါးပဲ ကျန်ဓတော့တယ်"၊ ဂျင်ဘုရင်ကြီးက ပြုံးစိစိနဲ့ တို့မျှား သူခိုးဖြစ်နေမလား၊ ဒုက္ခပါပဲ ဘာညာလိုပြီးဓတော့ လက်ဂလေးကို ထိုးပေးလိုက်တယ်၊ ပဋ္ဌပါပိုကလဲ စမ်းကြည့်လိုက်ပြီး "ဟော ဒါပဲ ကျမယောကျ်ား၊ ဟောဒါပဲ ကျမယောကျ်ား" ဆိုဓတော့ ဂျင်ဘုရင်ကြီးက ပြုံးပြီးတော့ ထွက်လာခဲ့တယ်။

"သင်တို့ နေစမ်းပါအုံး၊ သူက လက်စမ်းကြည့်ဓတော့ သင်တို့ ...ဖြစ်နယ် ဖြစ်သတုန်း၊ စိတ်ထဲရှိတာ ဓပြောစမ်းပါ ဓပြောစမ်းပါ မှန်မှန်ဓပြောစမ်းပါ" လို့ ဂျင်ဘုရင်က မေးတော့ ...

"ကျုပ်တို့က သူခိုးမဓပါလို့ရှိယင် ကျုပ်တို့က ခံမလို့"

"အေး ငါလဲ ဒါကြောင့် မဓနန်းဝင် မထိုင်နိုင်လို့ သူနဲ့ ဓတွေ့မိမှဖြင့် ဒီလိုကို ဖြစ်ဓနလို့"

"တန်ပါတယ်၊ အရှင်မင်းမြတ်နဲ့ တန်ပါတယ်"

နန်းဗတာ်ကို ရောက်လာတာပဲ၊ မိဖုရား မြောက်ရတာပဲ၊ ရုပ်ကဗတာ့ နှစ်ပြားမဟုတ်ဘူး၊ သူကတောင် ပြန်အမ်းရလိမ့်ဦးမယ်၊ သူ့ ရုပ်က အဖိုးကို မတန်ဘူး၊ သူကကို ပြန်အမ် ရအုံးမှာ၊ အဲဒီ ဖောဋ္ဌဗ္ဗာရုံဒုဗိပတိကြောင့် ဖြစ်ပုံ ဖြစ်ပုံ၊ ဒါက ဒီအကုသိုလ်ဖြစ်တဲ့ အခန်းမှာတော့ အာရုံတွေက အဓိပတိ တပ်လို့ ရှိယင် မနေနိုင် မထိုင်နိုင် ဖြစ်ကြရတယ်လို့ ဆိုတာ ဒီအဝိပွာယ်ကို ပြောတာ။

ကုသိုလ်နဲ့ စပ်လာတော့လဲ အဲ့ပတ္တိတပ်ပြန်တယ်၊ ဘုန်းကြီးတို့ တရား တော်က အင်မတန်မှ စုံစုံလင်လင် ကောင်းတယ်၊ "နေအုံး... ဒီနတ်တွေ့ရဲ့ နတ်သမီးတွေ့ရဲ့ အဆွေတွေကလဲ သိပ်ကြိုးကျယ်ဟန် တူတယ်နော်"၊ တချို့ နတ်သားတွေဟာ နတ်သမီးတွေနဲ့ ပျော်ပြီးနေလိုက်ကြတာ ဘယ်လောက်ပျော်တုန်းလို့ ဆိုဗတာ့ စားချိန် သောက်ချိန်ကို မေ့ဟာပဲ၊ ဒီအချိန် တို့စားချိန် နတ်သုဒ္ဓါ စားအုံးမှပဲ၊ အဲဒီစိတ်ကို မေ့ပြီးမတာ့ နတ်သမီးတွေနဲ့ ပျော်နေရှာကြတာ၊ ဘယ်လောက် အဝိပတိတပ်လဲ၊ နောက်တော့ ပျော်ပြီးလို့ စားပလို့ ကြည့်လိုက်တော့ ဝမ်းမီးက သိပ်တောက်လာပြီ၊ ဘယ်လောက် စားစား မရမတော့ဘူး၊ တခါထဲကို ဝမ်းမီးဓလောင်ပြီးတော့ သေကို သေတာပဲ၊ ဒီဗတာ့ ဘုန်းကြီးတို့ကာ ဗတွေးတယ်၊ နတ်ပြည်တော့ နတ်သမီးတွေရဲ့ အဆွေတွေဟာ မေ့လျော့လျက်အောင်ကို ကောင်းနေပြီ။

အဝိပတ်မှု အကြီးအကျယ် အဝိပတိတပ်နေပြီ၊ သေလောက်တာပဲ သေကို သေဟာပဲ နတ်သားတွေ၊ ဒီတော့ ဘုန်းကြီးက မဓောင်းတဲ့ ဓနရာမှာသာ ဒီဒေးရသာ ရှိသလားဆိုဗတာ့ ကောင်းဟဲ့ဘက်ကလဲ ဘုန်းကြီးတို့ ဘုန်းတော်ကြီးတွေ့ ရှင်အာနန္ဒာရဲ့ဆရာ ရှင်ပေလဋ္ဌသိဿ ရဟန္တာဖြစ်ပြီးသား ရဟန္တာဖြစ်ပြီးဗဟာ့ နိဗ္ဗာန်ကို အာရုံပြု သမာပတ်ဝင်စား နိဗ္ဗာန်အာရုံပြု သမာပတ်ဝင်စား ဒီလိုနေတာ၊ ခန္ဓာကိုယ်ကတော့ မစားမသောက်ပဲနဲ့ မဖြစ်ပဲကိုး၊ ဒီဗတာ့ ဘုမ်းကလေး သန့်သန့်ကလေးကို အခြောက်လှန်းထားတယ်၊ ဘုန်းကြီးတို့၊ ဘုန်းကြီးတို့ ဗုဇ္ဈဝင် အဆက်ဆက်ကလေ အခြောက်လှန်းပြီးတော့ မစားမဖြစ်တဲ့အချိန်ကျလို့ရှိယင် အဲဒီဆွမ်းခြောက်ကလေး ရေနဲ့ နှုံးပြီးတော့ စားတယ်၊ ပြီးတော့ သမာပတ် ဝင်စားနေပြန်ရော[၁]။

၁။ ဓမ္မ၊ ဌ၊ ၁၊ နှ၁-၃၀၆။

သမာပတ် ဝင်စားတယ်ဆိုတာ နိဗ္ဗာန်အာရုံ ပြုနေတာ၊ အမြင်အားဖြင့်တော့ အိပ်နေတယ်လို့ ထင်ချင်ထင်မယ်၊ အမြင်အာ ဖြင့်တော့ သေနေတယ်လို့ ထင်ချင်ထင်မယ်၊ မှိန်းလို့၊ စိတ်တော်က ဘယ်အာရုံရောက်နေသလဲဆိုတော့ အဲဒီနိဗ္ဗာန် အာရမ္မဏာဓိပတိအာရုံထဲမှာ ကောင်းတဲ့ အာရုံထဲမှာ ထိပ်တန်းအကျဆုံးပဲ၊ တခါ နည်းနည်းကလေး မစားမဖြစ်ဘူးဆိုတော့ ခုနက ထမင်းခြောက်ကလေး နှုံးပြီး စားနေပြန်ရော၊ နိဗ္ဗာန်အာရုံပြု သမာပတ် ဝင်စားနေပြန်ဘာပဲ၊ ဘယ်လောက်ကောင်းသလဲလို့ မပြောနဲ့ဗျာ့၊ နိဗ္ဗာန် ဘယ်လောက်ကောင်းသလဲ နိဗ္ဗာန်ကောင်းတဲ့ အကောင်းကို မသိကြလို့ မလိုလိုလို့လဲ နိဗ္ဗာန်မြန်မြန် ရရပါလို့၏ကိုတာ အလကား၊ မြန်မြန်လဲ ရမှာ မဟုတ်ဘူး နှေးနှေးလဲရမှာ မဟုတ်ဘူး၊ ဒီလူးတ္ထဟာလေ သိလား နိဗ္ဗာန်၏ အရသာကို မသိပဲနဲ့ ဟန်လုပ်ပြီး ဆုကောင်းနေကြာ၊တကယ်လဲ မလုပ်ချင်ပဲနဲ့ဆုတောင်းနေကြတာ။

အဲဒါကြောင့် နိဗ္ဗာန်ရဲ့ အာရမ္မဏာဓိပတိ ဖြစ်ပုံဟာလေ အင်္ဂတန်ကို ကောင်းပြီးတော့ နေလို့မို့ ခုနက အရှင်မြတ်တွေ နိဗ္ဗာန်ကို မကြာခဏ အာရုံပြုပြီးတော့ သမာပတ် ဝင်စားတော်မူကြတယ်၊ ဗုဒ္ဓမြတ်စွာကတော့ မပြောပါနဲ့တော့၊ ဒီလို ပရိသတ်ကြီးနဲ့ တရားဟောပြီးတော့ နေရော ပရိသတ်က ဗုဒ္ဓဟောတော်မူတဲ့ တရား.ကို စဉ်းစားပြီးဘော့ တမိနစ်လောက်ရှိနေတဲ့အချိန်လေးမှာ ဗုဒ္ဓမြတ်စွာက အဲဒီ တမိနစ်လောက်ကို အချိန်အပိုမခံဘူး၊ နိဗ္ဗာန်အာရုံပြုပြီးတော့ သမာပတ် ဝင်စားတော်မူတယ်။

"ဒီလောက်ကောင်းတယ်၊ ဒီလောက်ကောင်းတယ်"

တခါ ပရိသတ်က တရားဟောပြီးယင် သာဓု-သာဓု-သာဓု သုံးကြိမ် ခေါ်ကြတဲ့အချိန် တစက္ကန့်ကလေးမှာ အဲဒီအချိန်မှာတောင်မှ ဗုဒ္ဓရဲ့စိတ်တော်ဟာ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ သမာပတ် ဝင်စားတော်မူတယ်၊ အဲသလောက် ကောင်းတယ်ကိုး၊ အဲသလောက်ကောင်းတယ်၊ နိဗ္ဗာန်ကောင်းရုံသာ မဟုတ်ဘဲသေးဘူး၊ ဘုန်းကြီးတို့ ပုထုဇဉ်နယ်က ကြည့်လို့ရှိယင် တခါတလေ ကုသိုလ်သိပ်ရတယ်၊ ဘုရားရှိခိုးနေတုန်းမှာ ဖြစ်ဖြစ်၊ ဘုရားပန်းလဲနေကုန်းမှာ ဖြစ်ဖြစ်၊ ကုသိုလ်ဓတ္တ သိပ်ရတယ်၊ အဲဒီ ကုသိုလ် မယူပဲ မနေနိုင်ဘူး၊ ဘာပြုလို့တုန်း

"ကောင်းလွန်းလို့ ကောင်းလွန်းလို့" ဒီကုသိုလ်က အားလိုက်တာ "ဟာ—သွားစရာရှိတော့လဲ ဒီကုသိုလ်ယူသွားရဦးမယ်"၊ နိဗ္ဗာန်လောက်တောင် မဟုတ်သေးဘူး၊ လောကီမှာရှိတဲ့ ဒီလောကီစိတ်ကိုပဲ ဇာတပျောက် မခံနိုင်ဘူး၊ ဒီအချိန်ဟာ တရားနှလုံးသွင်းတဲ့ အချိန်ဆိုယင် တရားအာရုံပြုရမှ အရသာရှိနေတယ်ကိုး၊ ဒီအရသာက ရှိနေတယ် အဲရသာက ဘယ်လို ရှိနေတုန်း၊ ဒီလို အာရုံပြုနေရတုန်းပဲ စိတ်က အေးချမ်းတယ်၊ နောက်အာကျိုးရှိတဲ့ အချိန်ကျတော့လဲ ကောင်းတဲ့အကျိုးရမယ်၊ အဲဒီလို မြင်နေတော့လေ၊ ဥပုသ်းစောင့်ရတဲ့ အချိန်ကျတော့ ဥပုသ်ကို စောင့်ကို ဆောင့်ဦးမယ်၊ တရားထိုင်တဲ့ အချိန်ကျတော့ တရား ထိုင်ကို ကိုင်ရယ်၊ ဘုရားရှိခိုးတဲ့ အချိန်ကျ ဘုရားရှိခိုးကို ရှိခိုးရမှ၊ ဒါဟာပြုလို့ တုန်းဆိုတော့ အရသာရှိတယ်၊ အာရမ္မဏာဓိပတိဆိုတာ ကုသိုလ်စိတ်ထဲမှာ ရှိနေတယ်၊ တခါတလေမျှားပေါ့လေ အဓိပတိတော့ မဆိုနိုင်ပါဘူး၊ တရားအာရုံပြုယင်း ဇီတိတွေဖြစ်လို့ နှစ်သက်နေလိုက်တာလေ။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

သုညာဂါရံပြိုရာအူသံ မဆူညံပဲ လူသံတိတ်ခြိန် ဆိတ်ငြိမ်သောကျောင်းသို့။ ပဝိဋ္ဌဿ၊ မစောင်းပိုပို မဖော်မလိုပဲ တကိုယ်တည်းပင် ကပ်ဝင်၍နေသော။ သန္တစိတ္တဿ၊ လောကီဘုန်းရော ဣဿာမြောက် ငြိမ်သက်ဟာသွမတ် စိတ်ကောင်း စိတ်မြတ်ရှိတာ။ ဘိက္ခုနော၊ ဘာဝနာကမ္မဋ္ဌာန်း လုံးပမ်းကြိုးကုတ် အားထုတ်တဲ့ ပုဂ္ဂိုလ်၏။ သမ္မာ၊ မကောက်မပြန် ဟုတ်မှန်စွာ။ ဓမ္မံ၊ တောဘူမက သခ်ါရဟူရပ်ဒွဝမဲအာဒုပဒိုး။ ဝိပဿတော၊ ဖြစ်ပုံပျက်ဟန် အချက်မှန်းအောင် နက်သန်စေ့ငုကြည့်ရှုသမြင်ခြင်းပိုက်သည် ရှိဖေသော်။ အမာနုသီ၊ ကာမဂုဏ်ထူထပ်သည့် လူနတ်မွေ့လျော် အပေါ်မျိုးနှင့် မတူသော။ ရတိ၊ ဘာဝနာဖြစ်ချက် မပစ်ရက်အောင် နှစ်သက်မွေ့လျော် တူးကဲသော အားပျော်မျိုးသည်။ ဟောတိ၊ ဤကဲ့အပုနံမြူး မကြုံဖူးအောင် အထူးအထွေ ဖြစ်ပေါ်၍ လာတော်ပေသတည်း။

သာဓု ...သာဓု....သာဓု။

၁။ ဓမ္မပဒ၊ နှာ-၆၇။

ကောင်းလိုက်တဲ့စိတ်၊ မပြောနဲ့တော့၊ ခုနက နတ်ပြည်က နတ်ဘုရာအစာမေ့လောက်အောင် ဓလာကီရေးရာပျော်ပီးတော့ ဂနသလို ဘုန်းကြီးတို့ တရားဓရးရာကလဲလေ ဒအားလို့ ငြိမ့်လို့၊ ဒီအချိန်ကလေးဟာ "သုညဂါရံ၊ မြို့ရွာအူသံ မဆူညံပဲ လူသံတိတ်ချိန် ဆိတ်ငြိမ်ခဲသာ ကျောင်းကဒလေးသို့..." ကမ္မဋ္ဌာန်းကျောင်းကဒလေးပေါ့၊ "ပဝိဋ္ဌော၊ ဓခေါ်အပို ဖော်မလိုပဲ ဘကိုယ်တည်းပင် ကပ်ဝင်၍နေသော..." တဲ့ဟောက်ထဲ ကမ္မဋ္ဌာန်းကျောင် ဟဲ့ "သန္တိ-စိတ္တာဃ၊ လောကီရေးရာ ဗျာပါမဖက် ငြိမ်သက်တည့်မတ် စိတ်ဓကောင်း စိတ်မြောက်ရှိသော...." လောကီအာရုံတွေ့ ဂရုမစိုက်ပါဘူး၊ ဂရုစိုက်ပါဘူး၊ လောကီအာရုံတွေ့ ဆွဲသွင်းဓကောင် မဝင်နိုင်ပါဘူး၊ ဘကဲ့ ဒေါသစိတ်၊ တကဲ့သူဘော်ကောင်းစိတ်နဲ့ "သန္တစိတ္တာသ' လောကီဒရးပဲ ဗျာပါမဖက် ငြိမ်သက်ဘည့်မတ် စိတ်ကောင်း စိတ်မြတ်ရှိ သော၊ ဒေါဘဲနော၊ ဘာဝနာ ကမ္မဋ္ဌာန်း လုံးပမ်းကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်ဖြစ်၏။ ဘမှာ၊ ဓဖောက်မပြန် ဟုတ်မှန်စွာ၊ ဓမ္မံ၊ တောဘူမက သင်္ခါရကု ရှုပ်နှောင်ဓစုကို။ ဂိဓသာဓကာ၊ ဖြစ်ပုံပျက်ပုံဟန် အချက်မှန်အောင် နက်သန်စွာ ကြည့်ရှု ဆင်ခြင်လိုက်တာဘည် ရှိသော်"၊ ဆင်ခြင်ကြည့်လိုက်တာ စိတ်ထဲမှင်းလိုက်တာ၊ စိတ်ကို ကြည့်လို့၊ အနိစ္စ အနိစ္စ အနိစ္စ၊ အနိစ္စဆင်လို့ ဓကောင်းလိုက်တာ ရုက် ရုက် ပုက်၊ အမြဲခံနေရတဲ့ ရုပ်နာမ်တွေ့၊ ဒုက္ခ ဒုက္ခ ဒုက္ခ၊ အတ္တ အကောင်အထည် ဘာမှ မရှိဘူး၊ ဘယ်သူဖန်ဆင်းတဲ့သူမှ မရှိဘူး၊ အား–ပါတော့ကြည့်ပြီးတော့ ဓကားလိုက်တော့ ဉာဏ်တွေက ရှင်းလို့၊ စိတ်ကမြူးလို့၊ ဒီဟာကို ဘဲ့ဓကဖြစ်လို့၊ အဲဒီကျမှ နက်သားတွေ့ ပျော်တဲ့ အပျော်မျိုးဟာ လောကီဟာက အပျော်မျိုးပဲ၊ လောကီဘက်က ပျော်သလိုပဲ သူတော်ဓကောင်ရဲ့ စိတ်ထဲ ပျော်ပုံကတော့ တကထဲ နတ်များအပျော်နဲ့ကို မဘူဘူး၊ အင်မတန်ကဲ့ကျယ်လှ အပျော်မျိုးဖြစ်လာပါတယ်ဘဲ့၊ ဒါကြောင့် ဘုန်းကြီးတို့ ဘကဲလဲ ဘုန်းကြီးဓနည်းလမ်းနဲ့ ပျော်စရာဓတွ့ အင်မတန်ရှိကယ်၊ အဲဒီလို အာကာသာနုပစ္စဝေက္ခဏာမှ ဓအောက်ဘန်းကဓနလို့ တော့ တယ် ပဓျော်နိုင်ပါဘူး၊ ဒါကြောင့် ဘုန်းကြီးတို့ တရားဘာဏ်ကလဲ သူ့နည်း သူ့ဟန်နဲ့ ပျော်စရာ အင်မတန်ရှိပုံ၊ ပုဒ်မြက်စွာက အာရုံအားဖြင့်လဲ အာရမ္မဏာဓိပတိ ဆိုကာရှိကယ်၊ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသဆိုတဲ့ လေးမျိုးအားဖြင့်လဲပါ သဘာဝတာဓိပတိလို့ လေ မျိုးရှိကယ်။

အဲဒီလို အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ နှစ်ပါးကို ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော်နဲ့သာ ဟောတော်မူတယ်၊ တရားတော်ကို အကြောင်းပြုပြီးတော့ ဗုဒ္ဓမြတ်စွာကို ဘုန်းကြီးက အင်မတန် ဝမ်းမြောက် ဝမ်းသာနဲ့ ဖူးမြော် ရမယ်ဖန်၏။

အဓိပတိပစ္စယော၊ စက္ခြာဘုန်းဠ မျှားဗိုလ်လူကို ပြိုင်သူမရှိ စိုးအုပ် ဘိသို့၊ မိမိဆိုင်ရာ နာမ်ခန္ဓာဝယ် ကောင်းစွာစိုးဘိ, သတ္တိရှိသော အဓိပတိလေးပါး သဟဇာတ ပစ္စည်းတရားနှင့် ခြောက်ပါးအာရုံ အဖုံဖုံသော အာရမ္မဏာဓိပတိ ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါသူငါမြေနွာ တရားသဘောသာ ထင်ရှားရှိပေသည်ဟုကား။ ဟောဖေခဲ့တဲ့၊ သမ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သံပြိုးမှလျှင် မျှားလှဖင်နေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်ဖော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထိုက်ပုနာ ပဏာရိကျိုး လက်ဖုံပို့၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

ဘာဝေ.....သာဝေ.....သာဝေ။

၄။ အနန္တရပစ္စယော အနန္တရပစ္စည်း

သဟဇာတာဓိပတိ ပြီးတော့ အနန္တရပစ္စည်းကို ဘုန်းကြီးတို့သွားကြဦးစို့၊ စက္ခုဝိညာဏဓာတု၊ စက္ခုဝိညာဏဓာတ်သည်လည်းကောင်း၊ တံသမ္ပယုတ္တကာ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် အကုယ္ယဉ်ဘက် ဖြစ်ကုန်သော။ မြော်စာ၊ စေတသိက်တရားတို့သည်လည်းကောင်း၊ မနောဓာတုယာ ၃၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အာ၊လည်းကောင်း။ အနန္တရပစ္စယေန၊ အနန္တရပစ္စယသတ်တို့ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဒီလိုပေါ့၊ သောတဝိညာဏဓာတ်က အခြားမဲ့ စိတ်စေတသိက်အား ကျေးဇူးပြုပုံ, ဃာနဝိညာဏဓာတ်က အခြားမဲ့ စိတ်မစေတသိက်အား ကျေးဇူးပြုပုံ, ဇိဝှါဝိညာဏဓာတ်က အခြားမဲ့ စိတ်စေတသိက်အား ကျေးဇူးပြုပုံ, ကာယဝိညာဏဓာတ်က အခြားမဲ့ စိတ်စေတသိက်အား ကျေးဇူးပြုပုံ။

"ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာနန္တရပစ္စယေန ပစ္စယော" ပုရိမာပုရိမာ၊ ရှေးရှေးဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက် ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ကုသိုလ်တရားတို့အား။ အာနန္တရပစ္စယေန၊အာနန္တရပစ္စယ သတ္ထိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အကောင်းဆုံး အာဘိဓမ္မာတရား။ ။အကုသိုလ်ကလဲ ဒီလိုပဲ ကျေးဇူးပြုတယ်၊ အဗျာကတဆိုတဲ့ တရားတွေကလဲ ဒီလိုပဲ ကျေးဇူးပြုတယ်၊ သဗ္ဗညုတဉာဏ်မရလို့ရှိယင် အဲဒီတရားနာမည်တောင် မတပ်နိုင်ဘူး၊ ယခုတော့ သဗ္ဗညုတ ဉာဏ်တော်ကြီးရလို့ ဘယ်တရားပြီးတော့ ဘယ်ဘရားဖြစ်တယ်၊ ဘယ်တရားပြီးတော့ ဘယ်တရားဖြစ်တယ်၊ ဘယ်တရားပြီးတော့ ဘယ်တရား ဖြစ်တယ်၊ ဘယ်စိတ်ပြီးတော့ ဘယ်စိတ် ဖြစ်တယ်နဲ့ ဟောတော်မူလို့က်တာ၊ အဲဒီ ဟောတော်မူထာကို ဘုန်းကြီးတို့က တဆင့်စဉ်းစား လို့က်တဲ့အခါ ကြီးတော်မူလို့က်တာ သဗ္ဗညုတ ဉာဏ်တော်ကြီး ကြီးတော်မူလို့က်တာ၊ စိတ်ကလေးတစိတ်ထဲ သိဖို့ကို အင်မတန် ခဲယဉ်းတဲ့အပြင် ဟောဒီစိတ်ပြီးတော့ ဟောဒီစိတ်ဖြစ်တယ်၊ ဒါကို ဘုန်းကြီးတို့ကြားဖူးတဲ့ ဝိထိဆိုတဲ့တရား ပေါ်လာတယ်၊ ဘုန်းကြီးတို့ သင်တန်းမလဲလေ ရှေးဆရာ. အဆက်ဆက်က နည်းစုံနဲ့ ပြပြထားလို့ ဘုန်းကြီးတို့ အဘိဓမ္မာတရားကို ဗမာနိုင်ငံက အကောင်းဆုံးပဲ၊ အဘိဓမ္မာတရားကိုဗမာနိုင်ငံကအသိဆုံးပဲ၊ ကျင့်တော်မူဖို့ ကျတော့လဲ လယ်တီဆရာတော် ဘုရားကြီးတို့က ကျင့်နည်းကိုပါဆက်ပြီးတော့ပြလို့ အဘိဓမ္မာနဲ့စပ်ပြီးတော့ အကျင့်တော်ဆုံးပါပဲ၊ အင်မတန်ကောင်းတယ်။

စကွဝိညာဉ်စိတ်ဖြစ်ကြောင်း ၄-ပါး။ ။ဘုန်းကြီးတို့ စိတ်တစိတ်မှာ ပထမဆုံး မျက်စိနဲ့ ရူပါရုံ မြင်တော့ အာရမ္မဏသတ္တိနဲ့ ရူပါရုံက ကျေးဇူးပြုလို့က်ထော့၊ ကျေးဇူးပြုလို့က်တဲ့ အခါမှာ စကွဝိညာဉ်စိတ်ဖြစ်တယ်၊ ရူပါရုံက ကျေးဇူးပြုတယ်၊ အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ စကွဝိညာဉ်စိတ်ဖြစ်တယ်၊ အဲဒီ စကွဝိညာဉ်စိတ် ဖြစ်တာ

တောင်မှ ပဋ္ဌာန်းပစ္စည်းအတိုင်းပင် မကပဲနဲ့ အဲဒီဌကထာဆရာတွေက ဒီလို လေတဲ့၊ ရူပါရုံနဲ့ ဆုံရမယ်, ရူပါရုံနှလုံးသွင်းတဲ့ မနသိကာရ ရှိရမယ်၊ အဲဒီ ရူပါရုံကို မြင်နိုင်လောက်တဲ့ အာလောကရှိရမယ်၊ မျက်စိထဲမှာလဲ စက္ခုပသာဒရှိရမယ်၊ အဲဒီလို အကြောင်း ၄-ခုနဲ့ ပြည့်စုံမှ စက္ခုဝိညာဉ်စိတ်ဖြစ်ပါတယ်လို့။

စက္ခာလောကာ၊ ရူပဆင်ပြီ၊ မနသိ၊ လေးလီ စက္ခုဖို့-

ဆိုတဲ့ အဋ္ဌကထာဆရာတွေ ဖွင့်ထားတဲ့အပြင် နောက် ဆရာတော်ဇင်တွေကလဲ ဒါတွေခြုံပြီးတော့ လွယ်လွယ်ကလေး သိအောင် ကြိုးစားတော်မူကြတယ်၊ စက္ခုပသာဒ ရှိရမယ်၊ အာလောကရှိရမယ်၊ အဲဒီ ရူပါရုံကို နှလုံးသွင်းတဲ့ မနသိကာရလဲ ရှိရမယ်၊ ရူပါရုံလဲ ရှိရမယ်၊ "စက္ခာလောကာ၊ ရူပဆင်ပြီ၊ မနသိ၊ လေးလီ စက္ခုဖို့....

အဲဒီလို အင်္ဂါ ၄-ပါးစုံမှ စက္ခုဝိညာဉ်စိတ်ဖြစ်တယ်၊ အဲဒီလေးခုမစုံပဲနဲ့တော့ စက္ခုဝိညာဉ်စိတ်ဖြစ်ဖို့ရန် ဘယ်သူဖန်ဆင်းလို့မှမရဘူး၊ ဘယ်အတွက် အကောင်အထည် ဖန်ဆင်းလို့မှမရဘူး၊ ဒီလေးပါး စုံစေနလို့ရှိယင် ဘယ်သူတားလို့မှ မရဘူး၊ ဘယ်ဘုရားတားလို့မှမရဘူး၊ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာတားလို့တောင် မရဘူး၊ အဲဒီအကြောင်းလေးပါး မစုံလို့ရှိယင် စက္ခုဝိညာဉ်ဖြစ်ဖို့ရန် ဗုဒ္ဓမြတ်စွာလဲ ဖန်ဆင်းလို့မရဘူး၊ ကောင်းလိုက်တာက အဲသလောက် ကောင်းတာ၊ ဒါ ဘုန်းကြီးတို့က ဘယ် ဘာသာဝါဒတွေ့ ဘာစဉ်းစားဖို့ လိုတော့သလဲ၊ မျက်စိနဲ့ ရူပါရုံမြင်တယ်လို့ အရပ်က ပြောနေတယ်၊မျက်စိနဲ့ရူပါရုံကို မြင်တယ်ဆိုတဲ့အခန်းမှာ အာရမ္မဏပစ္စည်းနဲ့ဆိုလို့ရှိယင် ရူပါရုံက စက္ခုဝိညာဉ်ကို ကျေးဇူးပြုလိုက်တာ အာရမ္မဏပစ္စည်းပဲ။

အဲဒီစက္ခုဝိညာဉ်ကို ကျေးဇူးပြုနိုင်အောင်က ဘေးက အခြံအရံ တွေက အကျောင်းအလင်း ရှိရတယ်နော်၊ အတွင်းမှာ စက္ခုပသာဒ ရှိရတယ်နော်၊ ပြီးတော့ အဲဒီရူပါရုံမှာ ကိုယ့်မျက်စိရှေ့ ထောက်နေစေမှယ်လို့ ကိုယ်က သတိထားမှု မနသိကာရ ရှိရတယ်နော်၊ ဒီလိုရှိမှ စက္ခုဝိညာဉ်စိတ် ဖြစ်ပါတယ်၊ အဲသလိုရှိလို့ရှိယင် ဘယ်သူမှတားလို့မရဘူး မရဘူး၊ အဲသလို ရှိလို့ရှိယင်တော့

တားလို့မှရရုံတင်မကဘူး၊အဲဒီထဲက တပါးလောက် ချိုယွင်းနေလို့ရှိယင် စက္ခု ဝိညာဉ်ဖြစ်အောင် ဖန်ဆင်းလို့ မရဘူး....မရဘူး။

နိယာမ တရား ၅-ပါး။ ။ဒီအထိ ဘုန်းကြီးတို့က မြင်နေတယ် သိနေတယ်၊ ဘယ်မှာ ဘုန်းကြီ တို့ ဘာသာဝါဒ ပြောင်းလို့ ရတော့မတုန်း၊ ဒီတရားတော်ကြီးကို အမှတ်းတင်ပြီးတော့ဒီသာသနာတော်ကို အမှတ်းတင်ရုံပဲရှိတယ်၊ တခါ စက္ခုဝိညာဉ်ဖြစ်ပြီးတဲ့ အခါကျတော့ စက္ခု ဝိညာဉ်စိတ်ရဲ့ နောက်နားက ရူပါရုံကို လက်ခံတဲ့ စိတ်တခုဖြစ်လာတယ်၊ မြင်တယ်၊ လက်ခံတယ်၊ အိမ်မှာ ည့ဉ်သည်ကတံခါးခေါက်လိုက်တယ်၊ ဒေါက် ဒေါက်ဆို ဖွင့်ကြည့်တယ်၊ ဘယ်သူလဲ "ဟာ လာပါ လာပါ"အို ထုံးစံပဲ မြင်တယ်၊ ဒီအာရုံကို လက်ခံပြီးတော့ နောတ်ဝိတ် တစိတ်က အာရုံဟာ အကောင်းလား-အဆိုးလားဆိုတာ စုံစမ်းတယ်သန္ဋီရက၊ ဒီစိတ်ဟာ ဆက်ဖြစ် နေတယ်။

ခုနက ည့ဉ်သည် အိမ်ရောက်လာ၊ လာပါ လာပါလား့လို့ လာပါဦး၊ ဒီလိုကို စိတ်တွေဖြစ်တာသိပ်မြန်တယ်၊စုံစမ်းတယ်၊ စဉ်းစားတယ်၊ နောက်တော့ "ဘာတုန်း၊ ဘာကိစ္စလာတာလဲ"၊ ဆုံးဖြတ်တယ်၊ သူက ပြောလို့ ဖြစ်ဖြစ် ကိုယ်က သိလို့ဖြစ်ဖြစ် ထုံးစံ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ စက္ခုဝိညာဉ်ဖြစ်တယ်၊ လက်ခံတဲ့ သမ္ပဋိစ္ဆိုင်း ဖြစ်တယ်၊ ပြီးတော့ စုံစမ်းတဲ့ သန္ဋီရက ဖြစ်တယ်၊ ဆုံးဖြတ်တဲ့ ဝုဋ္ဌေဝစိတ်ဖြစ်တယ်၊ ပြီးတော့မှ ဆုံ ဖြတ်ပြီးတော့မှ စကားစမြည် ပြောကြသလိုပဲ ဆုံးဖြတ်ပြီးတော့ အဲဒီအာရုံအရသာကို အာရုံရဲ့အရသာကို ခံစားတဲ့ ဇော ဇော ဇော် စိတ်တွေ ဖြစ်တယ်၊ ဒါစိတ်တွေ စိတ်ဟေ့ဖြစ်တိုင်း ဖြစ်တိုင်း ဒီလိုသွားနေကြတာ၊ သောတနဲ့သဒ္ဒါရုံကျတော့လဲ ဒီလိုပဲ ဝိထိစိတ် ဖြစ်ဘယ်၊ သမ္ပဋိစ္ဆိုင်းဆိုတဲ့ လက်ခံတဲ့စိတ်ဖြစ်တယ်၊ သန္ဋီရကဆိုတဲ့ စုံစမ်းတဲ့ စိတ်ဖြစ်ဘယ်၊ ဝုဋ္ဌေဝဆိုတဲ့ ဆုံးဖြတ်တဲ့စိတ်ဖြစ်တယ်၊ အာရုံအရသာကိုခံစားတဲ့ ကောင်းကောင်းဆိုးဆိုး ဇောစိတ်ဖြစ်တယ်၊ ဒီနောက် တဒါရုံစိတ်ဖြစ်ပြီးတော့ ပြန်ပြီးတော့ ဘဝင်စိတ်တွေ ဖြစ်ပြန်ရော၊ အင်မတန် ကောင်းကိုး၊ ဒါကို ဘုန်းကြီးတို့က စိတ္တနိယာမလို့ခေါ်တယ်၊ အမြဲထုံးစံဖြစ်နေတာ စိတ္တနိယာမလို့ ခေါ်တယ်၊ ဒါ စိတ္တနိယာမကို သိဖို့ရန်ပေါ့လေ။

ဥတုနိယာမ။ ။လောကမှာ ဥတုနိယာမဆိုတာ ရှိသေးတယ်၊ ဒီဥတုမှာ ဒီပန်းတွေပွင့်တယ်ဆိုတော့ ဒီပန်းတွေ ဟိုမှာလဲပွင့် ဒီမှာလဲပွင့်၊ ဟိုမြို့မှာလဲပွင့် ဒီမြို့မှာလဲပွင့် ဒီပန်းတွေ၊ ဒီဥတုမှာ ဒီအသီး သီးတယ်ဆို ဟိုအရပ်မှာလဲသီး၊ ဒါ ဥတုနိယာမလို့ ခေါ်တယ်။

ဗီဇနိယာမ။ ။ဗီဇနိယာမဆိုတာက ဒီမျိုးစေ့က ဒီအသီးသီးရမှာ၊ ဒီမျိုးစေ့က ဒီအပင် ပွင့်ရမှာ၊ ဒါအမြဲပဲ၊ ခါးတဲ့အပင်က ချိုတဲ့အသီး မသီးနိုင်ဘူး၊ ခါးတဲ့မျိုးစေ့က ချိုတဲ့အသီး မသီးနိုင်သလို၊ ချိုတဲ့ မျိုးစေ့ကလဲ ခါးတဲ့အသီး မသီးနိုင်ဘူး၊ သူ့ဟာနဲ့သူ ဗီဇနိယာမမျိုးစေ့ရဲ့ မြဲတဲ့သဘော အတိုင်းဖြစ်ကြရတယ်။

ကမ္မနိယာမ။ ။ကမ္မနိယာမ ကတော့ ဟိုနောက် ကမ္မပစ္စည်းကျမှ ပြောဖို့ကောင်းတယ်၊ ကံကသူ့ဟာနဲ့သူအကျိုးပေးနေတယ်။

ဓမ္မနိယာမ။ ။ဘုရားအလောင်းတော်များ ပဋိသန္ဓေ နေတယ်ဆိုယင် မြေလှုပ်ကို လှုပ်ရတယ်၊ ဘုရားအလောင်းတော်ရဲ့ ဂုဏ်တော်ဓမ္မတွေက ဒီလောက်အစွမ်းသတ္တိရှိတယ်၊ အဲဒီ မွေနိယာမရှိသလို စိတ္တနိယာမဆိုတဲ့ ခုနက စကွဲဝိညာဉ်ဖြစ်တယ်၊ ဒီနောက် သမ္မဋ္ဌိစ္ဆဉ်းဖြစ်တယ်၊ ဆန္ဒိရဏဖြစ်တယ်၊ ဝုဒ္ဌဖြစ်တယ်၊ ဇောဖြင်တယ်၊ ဇောက(၇)ကြိမ် ဖြစ်လို့မို့ "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော" ဒရှေးရှေးဇောက နောက်နောက်ဇောကို အနန္တရသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အခြားမရှိဘူး၊ ဘခါတည်းကို ဆက်ဖြစ်ဘာဆက်ဖြစ်တာ၊ တခါထဲ ပြောလိုက်မယ်လေ၊ သမနန္တရကလဲ ဒီအတိုင်းပဲ၊ ဘာထူးတုန်းလို့ ဆိုတော့—

၅။ သမနန္တရပစ္စယော(သမနန္တရပစ္စည်း)

သမနန္တရ အဓိပ္ပာယ်က ဒီလိုလေ၊ စိတ်ဟာ ပုံသဏ္ဌာန်မရှိဘူး၊ စိတ်ဟာ ဘယ်လိုရယ်လို့ ပုံသဏ္ဌာန်မရှိဘူး၊ ပုံသဏ္ဌာန်မရှိလို့ ကိုယ့်ဟာကိုယ် စိတ်ကိုအာရုံပြုကြည့်လိုက်ယင် ဘာစိတ်ဖြစ်နေတယ်၊ နည်းနည်းစဉ်းစားတတ်လို့ ရှိယင် အကုသိုလ်စိတ်ဖြစ်နေတယ်၊ စိတ်မဖြစ်ပဲမနေဘူး၊ အချိန်ရှိသရွေ့ စိတ်ဟာဖြစ်နေတယ်၊

အကုသိုလ်စိတ်ဖြစ်နေတယ်၊ အဲကုသိုလ်စိတ်ဖြစ်နေတယ်၊ ပြီးတော့ သူ့ဟာသူ သိတယ်၊ အဲဒီစိတ်တွေဟာ ပုံသဏ္ဌာန် အလုံးလား အဝိုင်းလား မဟုတ်ဘူး၊ ပုံသဏ္ဌာန်မရှိဘူး၊ ဒါဖြင့် စိတ်နှစ်ခုတဲ့ပြီးတော့ တပြိုင်နက်ဖြစ်သလားမဖြစ်ဘူး၊ တခုပြီးမှတခု၊ တခုပြီးမှတခု၊ တခုပြီးမှတခု၊ ပုံသဏ္ဌာန်လဲ မရှိဘူး၊ ပူးတဲ့ပြီးတော့လဲ မဖြစ်ဘူး၊ ထခုပြီးမှတခုဖြစ်တယ်၊ ဘယ်နှယ်သဘောကြောင့် ဒီလိုဖြစ်ဝနေသတုန်း၊ ဒါ စိတ္တနိယာမပဲ၊ အနန္တရသတ္တိနဲ့ ကျေးဇူးပြုသွားတယ်၊ ဘာနဲ့တူတုန်းလို့ဆိုတော့ စကြာမင်းပေါ့လေ၊ စကြာမင်း နတ်ရွာစံယင်သာ ကြီးဘုရင်ဖြစ်ဖို့ သေချာတယ်၊ ဘယ်သူကမှ ဘာမှပြောမနေနဲ့၊ စကြာမင်း နတ်ရွာစံသွားတယ်၊ သားကြီးဘုရင်ဖြစ်ဖို့ သေချာတယ်၊ ဒါ အနန္တရ သတ္တိက ကျေးဇူးပြုနေသလိုပဲ၊ တခါ စကြာမင်း တောထွက်သွားတယ်၊ သားကြီးရှင်ဘုရင်ဖြစ်ဖို့ သေချာတယ်၊ ဒါ ပြောနေဖို့မလိုဘူး။

ဘယ်သူကမှ မြောက်ပင့်ပြောနေဖို့မလိုဘူး၊ အဲသလို ဒီစိတ်ပြီးယင် ဒီစိတ်ဖြစ်ရမယ်ဆိုတာ သေချာသယ်၊ စိတ္တနိယာမနဲ့ ကျေးဇူးပြုပြီ့တော့ ဒီစိတ်ပြီးတော့ ဒီစိတ်ဖြစ်၊ ဒီစိတ်ပြီးတော့ ဒီစိတ်ဖြစ်၊ ဒီစိတ်ပြီးတော့ ဒီစိတ်ဖြစ်နေတယ်၊ အဲဒီဖြစ်တဲ့ စိတ်နှစ်စိတ်ဟာ ပုံသဏ္ဌာန်ကရှိတော့ ကြားထဲမှာ ဘာမှ မခြားဘူး၊ ဘာမှမခြားပဲနဲ့ ဆက်ဖြစ်တယ်။

ဆက်တာမှ ဘယ်လောက်ဆက်တာတုန်းဆိုတော့ နှစ်စိတ်မှ ဟုတ်ကဲ့လား၊ တစိတ်ထဲမျှား ဖြစ်နေသလား၊ အဲသလောက်ဆက်တယ်၊ သမန္တရ၊ အလွန်ကို အကြားမရှိအောင် ကျေးဇူးပြုပါတယ်။

"သမန္တရပစ္စယော၊ ဧည်းဝိမ်မက် တောကြီးထွက်သည့် စက္ကဝတ်မင်းဖျား သားကြီးအား သို့ အခြားမဲ့နေ စိတ်နှင့်စေကို ကျေသိပ်သဲတစိတ်ထဲသို့ အကဲ့အပြား အကြားရှိ မိမိနှင့်တူစွာ ကျေးဇူးပြုနိုင်သော သတ္တိရှိသော သမန္တရပစ္စည်းတရားသည်လည်းကောင်း"။

အဲကြားမရှိ တခုတည်းလို့ထင်ရတယ်၊ အင်မတန်သိပ်သည်းတယ်၊ ဒါဘယ်နှယ်လုပ်ပြီးဘယ်သူဟောနိုင်မှာတုန်း၊ ဘုန်းကြီးတို့ ဗုဒ္ဓဩတ်စွာပဉ့်လာလို့ ဘုန်းကြီးတို့ တဆင့်သိရတာကို ကောင်းလိုက်တာ၊ ဒါကြောင့် မနေ့ တမြန်နေ့က

ဟို မဟာဂတိဂမိယဘိဿထေရ်မြတ်ဟာ တရားကိုစဉ်းစားယင်း ပိတိတွေ့ဖြစ်လို့ ကောင်းလိုက်တာ၊ဒါ အသိကိုကောင်းလိုက်တာ၊ သမ္ဗညုတဉာဏ်တော်ကြီးနှင့်အသိကို ထားလိုက် ထားလိုက်၊ "ဉာဏ်တော်ကြီးနဲ့ ဟောတော်မူထားတဲ့ တရားအစီအစဉ်အပိုင်းကို ငါစဉ်းစားလို့သိရတာကောင်းလိုက်တာ" လို့ပိတိတွေ့ဖြစ်ပြီး အဲဒီပိတိကိုအနိစ္စ,ဒုက္ခ,အနတ္တလို့ ရှုလိုက်တာနဲ့ပဲ တခါတည်းရဟန္တာဖြစ်ပြီးဘော့သွားတယ်၊ကောင်းလွန်းလို့ ကောင်းလွန်းလို့ ကောင်းလွန်းလို့။

အနန္တရပစ္စယော၊ ပျော်စံနတ်ရွာ စကြာမင်းဖျား သားကြီးအား သို့ အခြားမဲ့နေ စိတ်နှင့်စေကို မသွေတူစွာ ဖြစ်စိမ့်ဌာဖြင့် လျော်စွာသတ္တိ အစွမ်းရှိသား ရှေးရှေးသော နာမ်ခန္ဓာလေးပါး အနန္တရပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ သူငါ မနှော တရားသဘော သာ ထင်ရှားရှိခပသည်တကား။ ဣတိ၊ ဤသို့။ပေါဓေန်၊ သမ္ဗညုတာဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွှမ်းထောမနာ ပဏာရှိကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု.....သာဓု.....သာဓု။

ဒီနေ့ ပစ္စည်းသုံးပါး ပြီးသွားတယ်၊ တော်တော်ခရီး ရောက်သွားတယ်၊ နောက်နောက်ပစ္စည်းတွေဟာ ရှေးရှေးပစ္စည်းတွေကို မှီတည်ပြီး လိုက်လာတာဖြစ်လို့ ရှေးရှေးစိတ်က နောက်နောက်စိတ်ကို ဖြစ်အောင် သမနန္တရ သတ္တိနဲ့ ပြုတိုင်း ပြုတိုင်း ဟေတုပစ္စည်းက ပါနေတယ်၊ ဟိတ်ခြောက်ပါးထဲက တပါးပါးက စိုက်ပြီးတော့ အာရုံကို ယူနေတယ်၊ အာရမ္မဏပစ္စည်း ပါနေတယ်၊ ဟေတုပစ္စည်း ပါနေတယ်၊ ဟေတုပစ္စည်းက မိမိရတဲ့အာရုံကို စိုက်ပြီးတော့ အမြစ်ဘုယ်သလို တွယ်နေတယ်နော်၊ တခါ အာရမ္မဏပစ္စည်းက အဲဒီအာရုံကို အာရုံပြုပြီးတော့ နေမယ်နော်၊ အဲဒီအာရုံက အဓိပတိတန်လောက်တဲ့ အာရုံဆိုလို့ရှိယင် အဲဒီ အာရုံကို စွဲပြီးတော့ တကတည်း မခွဲနိုင်အောင်ပေါ့လေ ဓမ္မဒူးပြုနိုင်တယ်နော်။

ဒါကြောင့် ပစ္စည်းတပါးပြီးယင် ပြီးရော မဟုတ်ဘူး၊ ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း၊ အနန္တရပစ္စည်း၊ အဲဒီလို ပစ္စည်းတွေက အကုန်ကျေးဇူးပြုပြီး နေတာပါပဲလားလို့ အဲဒီလို နားလည်ပြီးတော့ နောက် နောက် ပစ္စည်းတွေပါ မှန်းပြီးတော့....

နာနာပဂကာရဋ္ဌာနာနံ၊ ဗောဓိတာနေတ္ထ မုနိနာ။
အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။

ဘွတ်၊ ဤအနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိဍုတ်တင် ဘုရားရှင်သည်။ နာနာပဂကာရဋ္ဌာနာနံ၊ ဖေဟတု အာရမ္မဏ စသည်များစွာ အဓိကြောင်းအရာတို့ကို။ ဗောဓိတာနံ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော် မူအပ်ခဲ့လေပြီ။ အနန္တ-ဂေါစရံ၊ အဆုံးမရှိကုန်အောင်သိသည့် ဉာဏ်စတော်၏သာ ကျက်စားရာဖြစ်တော်မူသော။ တံ အနန္တနယပဋ္ဌာနံ၊မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သားကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုး ကန်တော့ပါ၏ ဘုရား။

သာဓု..... သာဓု .. ....သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

စတုတ္ထနေ့

၁၃၃၄-ခု၊ နှောင်းတန်ခူးလဆန်း ၁၀-ရက်။ ၁၉၇၃-ခု၊
ဖြေလ ၁၂-ရက် ကြာသပတေးနေ့။

၆။ သဟဇာတပစ္စယော (သဟဇာတပစ္စည်း)

ဒီနေ့ သဟဇာတပစ္စည်း၊ အဲဒီတရား ရောက်လာပါတယ်၊ သဟဇာတပစ္စည်းနဲ့ အညမညပစ္စည်းက သိပ်ပြီးတော့ နီးကပ်တယ်၊ ပြီးတော့ တခါနီဆဲယပစ္စည်းလဲ တခုရှိထပ်ပြီးတော့ ရတယ်၊ ဗုဒ္ဓမြတ်စွာက ဒီတရားတမျိုးကိုပဲ ဒီလိုလဲ သတ်မှတ်ရှိတယ်, ဟိုလိုလဲ သတ်မှတ်ရှိတယ်၊ တရားတမျိုးကိုပဲ သတ်မှတ်အမျိုးမျိုးရှိတော့ အဲဒီသတ်မှတ်အလိုက် ပစ္စည်းများ ထပ်ထပ်ပြီးတော့ တရားတမျိုးကို ဟောတော်မူရပါတယ်၊ အဲ ဒါကိုပဲ ဘုန်းကြီးတို့က အာရုံပြုပြီးတော့ ကြည့်တော့ ဉာဏ်တော်ကြီး အင်မတန်ကြီးပါလား၊ ဒီတရား ဒီတရား ထဲမှာ ဒီသတ်မှတ်လဲရှိတယ်၊ ဟိုသတ်မှတ်လဲ ရှိတယ်၊ အဲ....ဒီပြင်သတ်မှတ်လဲ ရှိထယ်နဲ့ ထပ်ထပ်ပြီးတော့ ဟောတော်မူလိုက်တာလို့ စာပေလေ့လာတဲ့ ပုဂ္ဂိုလ်များ အတွက်ကျတော့ အင်မတန်မှရှင်းသွားတယ်၊ လူဝတ်ကြောင်တို့ ကတော့ ဒီလောက်မရှင်းနိုင်တော့ ဘုန်းကြီးကနားလည်လောက်တဲ့ နည်းတွေနဲ့ လှည့်လည်ပြီးတော့ ဟောနေရတယ်။

ကုသိုလ်ရစေအောင် လုပ်နော်၊ ပါဠိတော်ရွတ်ပြီးတော့ နည်းနည်း အနှက်ပေးမယ်။

သဟဇာတပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

သြက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ မမွာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတပစ္စယေန ပစ္စယော။

ကိဉ္စိကာလေ နာ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ နာမက္ခန္ဓာတို့သည်။ (နာမက္ခန္ဓာလေးပါးဆိုတာက ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ အဲဒီလေးပါးကို ပြောတယ်။) အရူပိနော၊ နာမ်ဖြစ်ကုန်သော၊ စတ္တာရော၊ လေးပါးကုန်သော။ ခန္ဓာ၊ နာမက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယော ဟုတ်တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်တို့သည်။ (မဟာဘုတ်ဆိုတာ ရုပ်ထဲက ပထဝီ တေဇော အာပေါ ဝါယော ဒီလေးပါးကို ပြောတယ်။) စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူဘာ၊ မဟာဘုတ်တို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယော ဟုတ်တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သြက္ကန္တိက္ခဏေ၊ ပဋိသန္ဓေအခါ၌။ နာမရူပံ၊ နာမ်တရား, ရုပ်တရားသည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယော ဟုတ်တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ်စေဘသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ ရုပ်တို့အား။ သဟဇာတ-ပစ္စယေန၊ သဟဇာတပစ္စယော ဟုတ်တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဆိမိုးဥပမာ။ ။အဲဒီလို ဗုဒ္ဓမြတ်စွာက ဒီသဟဇာတပစ္စည်းကို ဟောတော် မူတယ်၊ ဒီသဟဇာတပစ္စည်းကို အဋ္ဌကထာဆရာမျာ့နဲ့ ဂရှိး ဆရာတော်မျာ့းက ဘယ်လို ဥပမာပြထာ့းသလဲဆိုတော့—

"သဟဇာတပစ္စယော၊ အာလင်းဖြစ်မှု ဆိမိုးပြုသည့် တန္တုပမာ သဟဇာတ နာမနှင့်ရုပ် ဘူတုပ္ပါဒါ သန္ဓေခါလည်း ဝိပါဝတ္ထု ယင်း ခြောက်ခုအာ့း တူငြာ့းအဋ္ဌ သဘာဂတွင် တကွမကွေ ဖြစ်စေခြင်း ဟူသော သဟဇာတသတ္တိထူ့းဖြင့် ကျေ့ဇူ့းပြုခြင်း လက္ခဏာရှိသော နာမဟာဘု ဝတ္ထု,ဝိပါက သဟဇာတခြောက်ပါ့း ပစ္စည့်းတရာ့းသည်။ အာတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမနှော တရာ့းသဘောသာ ထင်ရှာ့းရှိ ပါသည်တကာ့း။ ဣတိ၊ ဤသို့။ ဗောဓေန္တံ၊ သဗ္ဗညုတာ ဉာဏ်တော် သာဖြင့် ဦ့းစွာကျန သိပြီ့းမှလျှင် မျာ့းလှဝေနေ သိစေတော်မူသော မြတ်စွာဘုရာ့းကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမှမ့်း ပုံတော်မှန့်းလျက် ချီ့းမွမ့်း ထောမနာ ပဏာရိုကျို့း လယ်စုံမို့း၍ ရှိခိုးကန်တော့ပါ၏ဘုရာ့း"။

သာဓု....သာဓု.. သာဓု။

ဥပမာပြထာ့းပုံက ဆိမိုးတဲ့၊ ယခုခေတ် ဓာတ်မီးပြောပါတော့၊ ဓာတ်မီး နှင့် ဓာလင်းကို မီးထွန်းလိုက်သည်နှင့် တပြိုင်နက် မီးရောင် ပေါ်လာတယ်၊ မီးနှင့်မီးရောင် ဘယ်ဟာက အရင်တုန်း၊ဘယ်ဟာက အရင်ကျသတုန်း၊မီးထွန်း လိုက်သည်နှင့်တပြိုင်နက် မီးရောင်ပေါ်လာတယ်၊ ဘယ်ဟာက အရင်တုန်း၊ တဦ့းနဲ့ တဦ့းလည့်း ကျေ့ဇူ့းပြုလိုက်ဘာ၊ မီးရောင်ကြောင့် ဓာလင်းကို မြင် မီးကို မြင်ရတယ်၊ မီးရောင်ကြောင့် မီးကို မြင်ရတယ် ဆိုပါတော့၊ မီးထွန်းထာ့းတဲ့ မီးတောက်ကို မြင်ရတယ်၊ မီးကြောင့် မီးတောက်ကြောင့် မီးရောင် မြင်ရတယ်၊ အင်မတန် သိမ်သိမ် မွေ့မွေ့နဲ့ အပြန်အလှန် ကျေ့ဇူ့းပြုနေတယ်၊ အဲဒီလိုပဲ နာမ်ခန္ဓာ လေ့းပါ့းဟာလေ တပါ့း တပါ့း ကျေ့ဇူ့းပြုနေလိုက်တာ၊ "ခန္ဓာသုံ့းပါ့းကို ခန္ဓာတပါ့းက ကျေ့ဇူ့းပြု၊ ခန္ဓာ တပါ့းကို ခန္ဓာသုံ့းပါ့းက ပြန်ပြီ့းတော့ ကျေ့ဇူ့းပြု၊ခန္ဓာနှစ်ပါ့းကို ခန္ဓာနှစ်ပါ့း က ကျေ့ဇူ့းပြု" ဒီလိုပါ့လေ၊ ကျေ့ဇူ့းပြုနေလိုက်တာ တပြိုင်ထဲ တပြိုင်ထဲ

ဖြစ်တုန်းက အဘူဘူဖြစ်ပြီးတော့ ကျေးဇူးပြုနေလိုက်ကြတာ အားပေးနေလိုက်ကြ ဘာ၊ တရပ်ဘပြေက ဘုန်းကြီးတို့ ညီအစ်ကို လေးယောက် ဆိုပါတော့၊ ညီအစ်ကိုလေးယောက် တရွယ်ထဲ တရွယ်ထဲ သတ္တိကောင်းတော့၊ အဲဒီ ညီအစ်ကို လေးယောက်ဟာ အိမ်မှာ ညီအစ်ကို တယောက်က အစ်ကို သုံးယောက်ကို ကျေးဇူးပြုတယ်။

ဘယ်လိုကျေးဇူးပြုတုန်း၊ အကုန်လုံး ကျေးဇူးပြု၊ စိုးပွားရှာတဲ့နေရာမှာလဲ ကျေးဇူးပြု၊ စားတဲ့သောက်တဲ့နေရာမှာလဲပဲ ကျေးဇူးပြု၊ တဘက်က လူတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်ခဲတော့လဲပဲ ကျေးဇူးပြု၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြု၊ အဲဒီလို အဲဒီလို သဘော၊ ရုပ်နာမ်တရားတွေ အတူတူဖြစ်ကြတဲ့ နေရာမှာ နာမ်ခန္ဓာလေးပါးက အချင်းချင်း ကျေးဇူးပြုတယ်၊ တခါ နာမ်ခန္ဓာလေးပါးက သူတို့အချင်းချင်း ကျေးဇူးပြုရုံဘင်မကဘူး၊ သူတို့ကြောင့် ဖြစ်တဲ့ စိတ္တဇရုပ်ကိုလဲပဲ ကျေးဇူးပြုလိုက်သေးတယ်။

အဲဒီ စိတ္တဇရုပ်ကတော့ စိတ်ကိုပြန်ပြီး ကျေးဇူးမပြုဘူး၊ ဒီနေရာမှာ နာမ်က ပြုတဲ့ရုပ်ပေါ်လာပြီ၊ ဒီတော့ ဒီနေရာမှာ နာမ်နဲ့ရုပ်က ဘာနှင့် တူတုန်းဆိုတော့ မီဘနှစ်ပါးနှင့် လူမမယ်သားကလေး နှစ်ယောက်နဲ့ တူနေတယ်၊ မီဘနှစ်ပါးကတော့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြု၊ စိုးပွားရှာတဲ့နေရာမှာ ကျေးဇူးပြု၊ နေတဲ့ထိုင်တဲ့နေရာမှာ ကျေးဇူးပြု၊ လူမမယ် သားကလေး နှစ်ယောက်ကတော့ မီဘကို ပြန်ပြီးတော့ ဘာကျေးဇူးမှ မပြုနိုင်ပါဘူး၊ သူက ပိုခိုနေရုံပဲ ရှိခဲသးတယ်၊ အဲဒီလိုပဲ ရုပ်က နာမ်ကို ဘာမှ ပြန်ပြီး ကျေးဇူးမပြုနိုင်ဘူး၊ ဒါဘယ်လောက် ခက်တာတုန်း။

တခါ ဘုန်းကြီးက ဒီဟာနဲ့အလားတူ ပစ္စည်းတပါးကို ဆက်ပြောမယ်။

၇။ အညမညပစ္စယော (အညမညပစ္စည်း)

"အညမညပစ္စယောတိ-စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

ဒီလိုပဲ ဆိုထားတယ်၊ နာမ်ခန္ဓာလေးပါးက အပြန်အလှန် ကျေးဇူးပြုတယ်၊ ရုပ် မပါလာဘူး၊ မဟာဘုတ်လေးပါးကလည်း ပထဝီ, အာပေါ, တေဇော, ဝါယော အတူတူဖြစ်ကြတယ်၊ အချင်းချင်း ကျေးဇူးပြုကြတယ်၊ ဒီပြင်ဆိုတို့ ညံ့တဲ့ ဥပါဒါရုပ် မပါလာဘူး။

"သြက္ကန္တိက္ခဏော၊ ပဋိသန္ဓေခဏော၌။ နာမရုပံ၊ နာမ်ရုပ်သည်။ အညမည-ပစ္စယေန၊ အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။" လို့ဆိုတော့ ဌပ်ကပြန်ပြီး ကျေးဇူးပြုတဲ့နေရာက ဒီနေရာ ရှိနေတယ်။

ပဋိသန္ဓေနေတော့ ဘုန်းကြီး မနေ့က ပြောခဲ့တယ်၊ ပဋိသန္ဓေစိတ်ရယ်, စေတသိက်ရယ်, ကံကြောင့်ဖြစ်တဲ့ရုပ်ရယ်၊ ဘုန်းကြီးတို့ လူ့လောကမှာ ဆိုလို့ ရှိယင် ရုပ်ကလာပ်သုံးစည်းရတယ်၊ ဒီလို ပဋိသန္ဓေနေတော့ မယ်တော့် ဝမ်းမှာ ပဋိသန္ဓေစိတ်ရယ်, စေတသိက်ရယ်၊ ဒါနာမ်ခန္ဓာလေးပါး၊ ပြီးတော့ ကံကြောင့် ဖြစ်တဲ့ရုပ်ရယ် အဲဒီကျတော ပဋိသန္ဓေစိတ်နဲ့ စေတသိက်က ရုပ်ကို ကျေးဇူး ပြုတယ်။

ကမ္မဇရုပ်ကလဲ ပဋိသန္ဓေစိတ်နဲ့ စေတသိက်ကို ပြန်ပြီးတော့ ကျေးဇူး ပြုတယ်၊ ဒီနေရာမှာ ရုပ်က ပြန်ပြီးတော့ ကျေးဇူးပြုနိုင်တယ်၊ ဒါက ဘယ် လောက်ခက်တာတုန်း၊ လူတွေ့ ဘယ်နှယ်မှ နားမလည်အောင် ကော်မသွားပါဘူး၊ အဲဒါ အညမညပစ္စည်းလို့ ဆိုတာဟာ ဟို သဟဇာတပစ္စည်းလို အတူ ဖြင်ရုံတင် မကဘူး၊ အပြန်အလှန် ကျေးဇူးပြုနိုင်တဲ့တရား၊ ဒါတွေကို အညမညပစ္စည်းလို့ ဘုရားရှင်က ဟောတော်မူထားတယ်၊ အဲဒီ အညမည ပစ္စည်းကျတော့ ရှေ့ဆရာတော်များက အဋ္ဌကထာဆရာတော်များက ဥပမာပြထားတယ်လေ၊ အို... သစ်သားသုံးခွ ထောက်ထားတယ် သုံးချောင်းထောက်ပေါ့။

ခု-ချောင်းထောက် ဥပမာ။ ။သုံးချောင်းထောက် ခွေးခြေဟာ ဟို ခြေတချောင်းက နှစ်ချောင်းကို ကျေးဇူးပြု၊ ခြေနှစ်ချောင်းက တချောင်းကို ကျေးဇူးပြု၊ ခွဲလို့ မရဘူး၊ ခွဲလို့ မရဘူး၊ သူတို့ သုံးချောင်းက တချောင်း လဲသွားယင် ကျန်နှစ်ချောင်းစလုံးပဲ လဲတယ်၊ ဒါ အပြန်အလှန် အင်မတန် အကျိုးကျေးဇူး ပြုနေဘာ၊ နည်းနည်းမှ တခုပျက်လို့

မရှဘူး၊ အဲဒီလိုပဲ နာမ်ခန္ဓာလေးပါး အတူဖြစ်ကြတယ်၊ တပါးက သုံးပါးကို သုံးပါးက တပါးကို အပြန်အလှန် ဓကျေးဇူးပြုတာ၊ တပါးမှ ပြောင်းလို့ လဲလို့ မရဘူး၊ ပဋိသန္ဓေအခါမှာ နာမ်နဲ့ ရုပ်နဲ့ ဓုနက ပြောတဲ့ဟာ နာမ်က ရုပ်ကို ကျေးဇူး မပြုယင်၊ ရုပ်က နာမ်ကို ကျေးဇူး မပြုဘူး၊ အချင်းချင်း အပြန်အလှန် ကျေးဇူး မပြုပဲနဲ့ တပါးထဲနဲ့ မရဘူး။

ဒါကြောင့် သစ်သားသုံးခွဟာ တခုနဲ့ တခု ထောက်မပြီးတော့ မလဲ ဓအောင် ပြိုမကျဓအောင် ကျေးဇူးပြုနေသလိုပဲ၊ နာမ်ခန္ဓာဘရားတွေ၊ ပဋိသန္ဓေ ကမ္မဇရုပ်နဲ့၊ နာမ်ခန္ဓာတရားတွေ၊ မဟာဘုတ် လေးပါးတွေ အချင်းချင်း ထောက်ပြီးတော့ ကျေးဇူးပြုနေတာပဲတဲ့၊ ဗုဒ္ဓမြတ်စွာက ဟောဒေတ်မူတဲ့ အတိုင်းလေ၊ ရှေး အဋ္ဌကထာ ဆရာဒေတ်တို့က စပြီးတော့ ပုဂ္ဂိုလ်ကြီး တွေက ဥပမာ ပြောထားတယ်နော်။

"အညမညပစ္စယော၊ သစ်သားသုံးခွ ချင်းချင်းမသို့ ဥပကာရ ထောက်ပံ့လာသော နာမ်မဟာဘု ဝတ္ထု, နာမ်အား တူရှစ်ပါးတွင် ထောက်ထားလှုန်ပင်း အချင်းချင်း ဟူသော အညမညသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်, မဟာဘု ဝတ္ထု, ပါက အညမညသုံးပါး ပစ္စည်းတရားသည်၊ အတ္ထိ၊ ပုဂ္ဂိုလိသတ္တ ဝါ သူငါ မနှော တရားသဘောသော ထင်ရှားရှိပါပေသည်တကား။ ဣတိ၊ ဤသို့။ ဗေဒခန္ဓံ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်း၍ ချီးမွမ်းထောမနာ ပဏာရိကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား"။

သာဓု....သာဓု....သာဓု။

ပစ္စည်းက ဒီတရားသဘောအတိုင်းပဲ၊ ဘုန်းကြီး ပြီးတော့ တော်တော်ကြာ ဓတာ့ သုတ္တန်သဘောနဲ့ ရှင်းပြောမယ်၊ အညမညပစ္စည်းနောက်မှာ နိဿယ ပစ္စည်းကလဲ ကျိအသွားမျိုး လုံးလုံးတူနေအောင် သွားတဲ့ အသွားမျိုးရှိသေးတယ်၊ မတူတဲ့အပိုင်းလဲ ရှိကယ်၊ တူအောင်သွားနေတဲ့ အပိုင်းကို ဘုန်းကြီး ကြည့်ပြောရမှာမို့လို့ နိဿယပစ္စည်းကိုလဲ ဆက်ပြောဦးမယ်။

၈။ နိဿယပစ္စယော (နိဿယပစ္စည်း)

"စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော" ခုနက ပါဠိပဲ၊ ဒီမှာကြည့်။

"စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

သြကွန်တိုက်ဘွဲ့ကော၊ ပဋိသန္ဓေခဏာဒ်။ နာမရူပ်၊ နာမ်ရုပ်သည်။ အညမညံ၊ အချင်းချင်း အပြန်အလှန်။ နိဿယပစ္စယေန၊ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အဲဒီအလားတူ အကုန်လုံး အတူသွားတဲ့နည်းက တနည်းရှိတယ်၊ မတူတဲ့နည်းက တနည်းရှိဘယ်။

မတူတဲ့နည်းကျတော့ ဘုန်းကြီးက နောက် ပုရေဏတပစ္စည်း ကျတော့ ပြောမယ်၊ အဲဒီကျမှ အဲဒီပုရေဏတပစ္စည်းကျမှ ဒီနိဿယပစ္စည်းကို ထပ်ပြောမှာမို့လို့ မတူတာကို ဘုန်းကြီး မပြောသေးဘူး၊ တူတာကို ပြောမှာ။

အဲဒီ နိဿယပစ္စည်းကိုတော့ ရှေးဆရာတော်များက အဋ္ဌကထာဆရာတော်များက စပြီးတော့ ဥပမာပြထားတယ်၊ သစ်ပင်စိုတ်တဲ့မြေတဲ့၊ သစ်ပင်စိုက်တဲ့မြေဟာ မြေက အာဏာဖြစ်နှင့်တယ်၊ သစ်ပင်က နောက်မှ၊ အဲဒီ သစ်ပင်ဟာ ဘယ်မှာ မှီဘုန်းလို့ဆိုယင် မြေပေါ်မှာမှီတယ်၊ အဲသလိုပဲ၊ နိဿယဆိုတဲ့ ပစ္စည်းပေါ်မှာ နောက်မှဖြစ်တဲ့ ပစ္စယုပ္ပန်လို့ ခေါ်တဲ့ နောက်မှ ဖြစ်တာတွေက မှီတယ်၊ အကျိုးတရားတွေကို ပစ္စယုပ္ပန်လို့ ခေါ်တယ်။

မြေကြီးပမာ။ ။အဲ ...မြေကြီးပေါ်မှာ သစ်ပင်မှီရသလိုပဲ ဒီအကြောင်းတရားတွေ, ရှေးအကြောင်းတရားတွေ ပေါ်မှာ အကျိုးတရားက မှီရတယ်၊ သစ်ပင်ရှိတဲ့မြေဟာ အဲဒီမှီတဲ့အချိန်မှာ မြေက ရှိတယ်၊ သစ်ပင်လဲ ရှိတယ်၊ သဟဇာတမှီတော့ မှီဘာပဲ၊ မြေလဲ ရှိတယ်၊ သစ်ပင်လဲ ရှိတယ်၊ အဲ ...မြေကို သစ်ပင်က မှီရသလိုပဲ၊ အာဟာဖြစ်တဲ့ ခုနက ခန္ဓာတွေဟာ အချင်းချင်း ကျေးဇူးပြုတဲ့အပြင် တပါးတပါးကို မှီရတယ်။

ပန်းချီကားပမာ။ ။တခါ ဟိုပန်းချီဆေးရေး ရုပ်ရေးဖို့ ကားပုံ ကြက်ထား တယ်၊ ဒီကားပုံပေါ်မှာ ဘယ်သူက မှီရသလဲ၊ ပန်းချီဆေးရေးရုပ်က မှီရပါတယ်၊ ကားပုံမပါဘဲ မဖြစ်ဘူး၊ အဲသလိုပဲ ကားပုံကလဲ ရှိဦးမှ ပန်းချီဆေးရေးရုပ်က မှီပြီးတော့ အရုပ်ပေါ်ရတယ်၊ အဲသလိုပဲ မှီရာ အဖြစ်နဲ့ ကျေးဇူးပြုတဲ့ တရားတွေကို နိဿယပစ္စည်းလို့ ခေါ်ပါတယ်။

ပစ္စည်းတရားကတော့ ပြောခဲ့တဲ့ သဟဇာတ ပစ္စည်းတို့လို သဟဇာတ နိဿယလဲရှိဘယ်၊ ဒါပေမယ့် ပုရေဇာတတို့လို ပုရေဇာတနိဿယပစ္စည်းတရားလဲ ရှိတယ်လို့ ၂-မျိုးခွဲထားတယ်နော်။

နိဿယပစ္စယော၊ သစ်ပင်စိုက်မြေ သစ်ပင်တွေ၏ မသေမှုံရာ ပုံပမာနှင့် တဖြာပန်းချီ ဆေးရုပ်မှီဖို့ ညီညီကျက်ထား အဂက်ကားသို့ ဖြစ်ငြားမသွေ ရှေးရှေးမြေလျှင် ဖြစ်ရာမှီရာဝဲ့ည်ရာဖြစ်သော သတ္တိထူး ဖြင့် ကျေးဇူးပြုသော သဟဇာတနိဿယ, ပုရေဇာတနိဿယ ၂-ပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလိ သတ္တဝါ သူငါ မနှော ဝရား သဘောသာ ထင်ရှားရှိပေသည်တကား။ ဣတိ၊ ဤသို့။ ဗေဘမေန္တံ၊ သမ္ဗညုဟာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် မျှားလှ ဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံဘော်မှန်းလျက် ချီးမွှမ်းဆထာမနာ ပဏာရိကျိုး လက်စုံမိုးလျက် ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု....သာဓု....သာဓု။

ဒုစရိုက် ၁၀-ပါးနှင့် ပစ္စည်းတရား။ ။ဒီတော့ ဒီပစ္စည်း ၃-ပါးကို ကနေ ဦးတည်ပြီးတော့အပြင်ဘက်ကသုတ္တန် သဘောနှင့် ပြောပြမယ်၊ ဒီခတော့ ဟို ပစ္စည်းဆိုတာ ပြီးပြီးသား, ပစ္စည်း တွေဟာ အလွတ်သက်သက် မဟုတ်ဘူး၊ ဓာတုပစ္စည်း, အာရမ္မဏပစ္စည်း, အဓိပတိပစ္စည်း ၃-ပါးကလဲ ပါရပါတယ်၊ အဲနန္တရ, သမနန္တရပစ္စည်းကလဲ ဒီအတိုင်း ပါနေရပါတယ်၊ သက်သက် တခြားစီ တခြားစီ မဟုတ်ပါဘူး၊ အဲဒီတော့ ဘုန်းကြီးက ကနေ လူတွေနားလည်လောက်အောင်လို့ ဆိုပြီးတော့

ဒုစရိုက် ၁၀-ပါးနှင့် ဒီပစ္စည်းတွေကို ပြောကြည့်စမ်းမယ်လေ၊ နားလည်မလည် ဆိုတာကတော့ ပြီးတော့မှ သိရမှာ၊ ဘုန်းကြီးကတော့ နားလည်အောင် ကြိုးစားပြီးတော့ ပြောမယ်။

ပါဏာတိပါတနှင့်ပစ္စည်းတရား။ ။**ပါဏာတိပါတ** = သူ့အသက်သတ်မှု။ သူ့အသက်သတ်မှု ဆိုတဲ့ ပါဏာတိပါတ အကုသိုလ်ဒုစရိုက်မှုတခုပဲ၊ ဘယ်လောက်များ ကျယ်ပြန့်သတုန်းဆိုတော့ ဒီပိုးကောင်, မွှားကောင်တွေ, အဲ ... သန်း, ကြမ်းပိုး, ခြင်ကလေးတွေ သတ်လိုက်တယ်၊ ဒီတော့ ဓဒါသရှိဘယ်။ အဲ .. ဘတ်ကနဲ ပုတ်လိုက်တယ် ဆိုယင် ဒီ ဒေါသက ရှိတယ်၊ ခဏကလေး ခဏကလေး ရယ်လား မောလား စကား ပြောလား စားသောက်လားထဲက ခြင်ကိုက်ဘာနဲ့၊ ဘတ်ကနဲ၊ အဲ ... ခြင်ကိုက်တဲ့နေရာ, ခြင်ကလေးသည် အာရုံ၊ အာရမ္မဏပစ္စည်းပဲ၊ အဲဒီ ခြင်ကို ပုတ်လိုက်တဲ့အချိန်ကလေးလာ ဘာမှ မကြာဘူးနော်။

ဒီပြင်ကိစ္စဆိုပါတော့ စားလို့ သောက်လို့ ပျော်လို့ ပါးလို့၊ ဒီပြင် လောဘကိစ္စတွေ ဖြစ်နေတယ် ဆိုပါတော့၊ ဒါမှမဟုတ် ဘုရား အာရုံပြုနေတယ် ဆိုပါတော့၊ ဘတ်ကနဲပုတ်လိုက်တဲ့အချိန်မှာ ခြင်ကလေးက အာရမ္မဏပစ္စည်း၊ ပုတ်လိုက်တဲ့အခါမှာဖြစ်တဲ့ ဒေါသစိတ်က ဟေတုပစ္စည်း၊ ဒေါသက ဟေတုပစ္စည်း၊ ဓဒါသနှင့်အဘူ ယှဉ်ဖြစ်တဲ့ စိတ်ဓစေတသိက်တွေက ဟေတုပစ္စည်းကြောင့် ဖြစ်တဲ့ အကျိုးပစ္စယုပ္ပန်တွေ။

အဲဒီအခါမှာ ရုပ်ကလဲ ပါလာဘယ်မဟုတ်လား၊ တနေ့တုန်းက ပြောဝဲယ်၊ ဒါကြောင့် ဒီရုပ်က စိတ်ကြောင့်ဖြစ်တဲ့ ရုပ်က လက်ကိုးလေ ဘတ်ခနဲပုတ်နိုင်လောက်အောင် ဆဲတာပဲ၊ ဒါကြောင့် ဟေတုပစ္စည်း, အာရမ္မဏပစ္စည်း၊ ဒီခြင်သေးသေးကလေး ပုတ်တဲ့နေရာမှာ ဒီဒေါသနှင့် မောဟတိတ်က ဟေတုပစ္စယသတ္တိနှင့် ကျေးဇူးပြုလို့ ဒီစိတ်စေတသိက်တွေဖြစ်လို့ ဒီရုပ်တွေဖြစ်လို့ ခြင်ကလေး ဘတ်ခနဲအပုတ်ခံရတဲ့အဖြစ် ရောက်ဘယ်။

က ဒါဖြင့် အနန္တရပစ္စည်းနဲ့ဆိုတော့ လက်ဖြောက် တချက်တီးခန့်ကာလမှာ ဒေါသဝီထိစိတ်တွေ ကုဋေတသိန်းလောက် ဖြစ်တယ်၊ အဲဒီ ဓဒါသစိတ်

တစိတ်ထဲ ဖြစ်တယ်လို့ မထင်လိုက်နဲ့၊ ခြင်ကလေးပုတ်တဲ့ စက္ကန့်ပိုင်း မိနစ်ပိုင်း လေးက်မှာ ခြင်ကလေးသေသွားတယ်၊ အဲဒီ ခြင်ကလေးပုတ်တဲ့ စိတ်လဲ စက္ကန့်ပိုင်းမှာ ဖြစ်တယ်၊ အဲဒီ တစက္ကန့်ပိုင်း လက်ဖြောက် တချက်တီးခန့်မှာ ကုဋေတသိန်းလောက် ဖြစ်နေတာဖြစ်ဒတဲ့ ဒေါသစိတ် စေတသိက်, ဒေါသစိတ် စေတသိက် ကုဋေတသိန်းမက ဖြစ်တယ်၊ ဒီစိတ်ကြီးဟာ ခြင်ရိုက်တဲ့နေရာကို ရောက်လောက်အောင် ဒီစိတ်တွေဟာ ဆဲဆောင်သွားလို့ စိတ်တဇရုပ်တွေ လှုပ်းပြီးတော့ ဟောဒီခြင်ကလေးကို ပုတ်မိကဲ့အဖြစ်မျိုးသို့ ရောက်ပါတယ်။

ဒီဘော့ဟေတုပစ္စည်း ပါတယ်၊ အာရမ္မဏပစ္စည်းပါတယ်၊ အဓိပတိပစ္စည်းတော့ ပါချင်မှ ပါမယ်၊ ဒါပေမယ့် စိတ်တခုနဲ့ စိတ်တခု ကျေးဇူးပြုတဲ့ အနန္တရသမနန္တရပစ္စည်း ဒီမှာ ပါနေတယ်၊ အဲဒီ ခြင်ကလေးကို ပုတ်ဖို့ရန် ဖြစ်တဲ့ ဒေါသအခိုက်အတန့်မှာ ဒေါသက အဲ သဟဇာတနာမ်ခန္ဓာတပါး၊ သူနဲ့ ဖြစ်ဖော် ဖြစ်ဘက်ဖြစ်တဲ့ စိတ်ဇတွေက နာမ်ခန္ဓာတပါး၊ အဲ ဝေဒနာ သညာတို့က နာမ်ခန္ဓာ ၂-ပါး၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတယ်၊ သဟဇာတပစ္စည်းပါတယ်၊ အညမညပစ္စည်းပါတယ်၊ သူတို့ အချင်းချင်း ပံ့ပိုးတော့ ဒီခြင်ကလေး ပုတ်ချပါမည့်အကြောင်း ပစ္စည်းပေါင်း ဘယ်လောက် ပါသလဲ ဆိုတော့ သိပ်ပြီးတော့ များတာပဲ၊ ဒီတော့ အကျိုးပေးတော့ မပေးပဲ နေမှာလား၊ မနည်းဘူး။

ဒီသတ္တိတွေနဲ့ ခြင်ကိုသတ်ရတဲ့ အကြောင်းဟာ ပါဏာတိပါဝါကို နက်နက်နဲနဲကြည့်လိုက်၊ ခြင်သတ်တာထက် ပိုပြီးတော့ ကြီးမားတဲ့ တိရစ္ဆာန်သတ်တဲ့အခါကျတော့ ဒီဒေါသ ဒီမောဟ ဒီစိတ် ဒီစေတသိက်တွေ ပိုပြီးတဘော့ ပြင်းလာတယ်၊ များလာတယ်၊ ဒီတော့ အကုသိုလ်က များလာတယ်၊ လူကို သတ်ဓာတ်မယ်လို့ဆိုတဲ့အခါ ဒဏ္ဍာရီကကြိုးစားတဲ့စိတ်တွေ ဒီဒေါသ ဒီ စေတသိက်တွေ ပိုဖြစ်တယ်၊ များများ ဖြစ်တယ်၊ ကြာကြာ ဖြစ်ဘယ်၊ ထက်ထက်သန်သန် ဖြစ်တယ်၊ လူသတ်ချက်ခဲ့အခါမှာ ခြင်သတ်ရသလောက် မပေါ့ဘူး၊ ထက်ထက်သန်သန် အဲဒီလိုနဲ့ ဖြစ်တယ်၊ တဖြုးဖြုး တက်တက်သွားလိုက်တာ တကထဲ လူတောင်မှ လူသတ်ပြီ ဆိုလို့ ရှိုယင်ဖြင့်

သိပ်ပြီးတော့ ဒီက စိတ်တွေက လှုံ့ဆော်ရတယ်၊ သိပ်ပြီးစတော့ အားပေးရတယ်။

အဲဒါကြောင့် သိပ်အားပေးရတယ်၊ အဲဒါကြောင့် အပြစ်ကြီးတဲ့အခါကျတော့ မြင့်မြတ်တဲ့အထက်တန်းပုဂ္ဂိုလ်တွေကိုသတ်တဲ့သူတွေဟာ ပိုပြီးတော့ အကုသိုလ် ကြီးမှားတယ်၊ အကုသိုလ်အပြစ်တွေက ပိုပြီးကြီးလာတယ်၊ ဒီမှာ ဖြစ်ပုံက သိပ်ကြီးတာပဲ၊ သူများမပြောနဲ့ ဘုန်းကြီးတို့ ရှင်ဒေဝဒတ်က မြတ်စွာဘုရားကို ဂိဇ္ဈကူဋ်တောင်ပေါ်က ကျောက်နှင့်ကို လှိမ့်ပြီးတော့ သတ်တာပဲ၊ ဘုရားကို သတ်တော့လဲ ရှင်ဒေဝဒတ်ရဲ့ အဲဒီခန္ဓာမှာလေ ဒီဒေါသပဲ၊ သို့သော် ပြင်းနေတယ်၊ ဒီစိတ်ကွေပဲ ဒီစိတ်တွေပြင်းနေတယ်၊ ဒီ စိတ္တဇရုပ် ဒီရုပ် ဘွဲ့ပဲ ပြင်းနေတာပြင်းနေတာ၊ ဒီတော့ မြတ်စွာဘုရားကို ကျောက်နှင့် လှိမ့်ချတော့ ရှင်ဒေဝဒတ်ရဲ့ အကုသိုလ်ဒေါသမှာ ဟောတုပစ္စည်း ပါတယ်၊ သဟေဇာ ပ, အညမညပစ္စည်းပါတယ်၊ မြတ်စွာဘုရားတည်းဟူသော အာရုံတော် မြတ်[illegible]လဲ ပါတယ်၊ အာဝရဏပစ္စည်းနဲ့၊ အဲဒီကံစွမ်းမှာ သက်ဆိုင်ရာက ရှင်ဒေဝဒတ် အဝီစိမှာကျလောက်တဲ့ အကျိုးကိုပေးတာပဲ၊ ပြင်းထန်သလောက် ဟိုမှာ အကျိုးပေးတာပဲ။

ဘုန်းကြီးတို့က မြင်လွန်းလို့ မြင်လွန်းလို့၊ မြင်တာက ဒီလိုလေ ဘုရားဟောတာ သိလွန်းလို့ သိလွန်းလို့၊ ဒါကြောင့်မို့လို့ ဘုန်းကြီးတို့က ထိန်းပေးနေတာ တားနဲ့ ထိန်းပေးနေတာ၊ ဒီအပြစ်ကိုကို မြင်လွန်းလို့ ပါဏာတိပါတ အကြောင်းကို သိပြီးနော်၊ အဲ သူများသတ်ဖြတ်နေကြတာလဲ သိပြီနော်။

အဓိန္ဓဒါနာနှင့်ပစ္စည်းတရား။ ။အဓိန္ဓဒါန=သူ့ဥစ္စာကို ခိုးတယ်လို့ဆိုတာ ဟာ အရင်ကတော့ ခိုးတယ် ဆိုတာ ဟာ (အိမ်မျှားဝင်ပြီးတော့ ခိုးတယ်၊) တိတ်တိတ် သူမသိအောင် ခိုးလိုက်တယ်၊ အဲ ဒမြတိုက်တယ်၊ အနုကြမ်းစီးတယ်၊ဒီလောက်သာသိတာ၊ ဒီလောက်သာသိတာ၊ သိပ်သနားစရာက ဘုန်းကြီးတို့ ကျမ်းစာ သုတ္တန်ကျတော့ အလေးကိုကောက်ကျစ်စဉ်းလဲပြီးတော့ ကိုယ်ကပေးရမယ့်အခါကျတော့ ပေါ့ပေါ့ အလေးနဲ့ ပေးတယ်၊ ကိုယ်က ယူရမယ့်အခါကျတော့ လေးလေး ပင်ပင် အလေးနဲ့ မျှားမျှားရအောင်၊ တခါ ကိုယ်က ပေးတဲ့အခါကျတော့

တင်းတောင်း ခပ်သေးသေးကလေးနဲ့ မသိမသာ ထည့်ပုံက လျှော့တယ်၊ နို့ပေမယ့် အဝင်ချင်းမတူဘူး၊ ခွက်တို့ တင်းတောင်းတို့ ခပ်သေးသေးနဲ့၊ ကိုယ်ကယူရမယ့်အခါကျတော့ ခွက်တို့ တင်းတောင်းတို့ ခပ်ကြီးကြီး၊ ထည့်ပုံကတော့ အတူတူပဲ၊ အဲဒီလို တကတည်း အဒိန္ဒာဒါနတွေလေ ချောင်းယင်း ဝယ်ယင်း အဲကူးသန်းယင်း သင်္ဘေးကြီးတွေလုပ်ယင်း ရောင်းလိုက်ကြ ဝယ်လိုက်ကြတာ၊ အဲ မမှန်မကန် ရှောကလေးတွေနဲ့ မမှန်မကန် ငဉ်ကလေးတွေနဲ့ ရောင်းလိုက်ကြ ဝယ်လိုက်ကြတာ အတုတွေနဲ့၊ တကတည်း အဒိန္ဒာဒါနတွေ၊ ဒီအထဲမှာ တခါ အဒိန္ဒာဒါနဖြစ်ပါမည့်အကြောင်း မုသားက ရှောက နေရတယ်၊ ညာရတယ်၊ မျက်နှာထား ဟန်ဟန်ပန်ပန်နဲ့ ညာရတယ်၊ ခု ဒီအတိုင်း လောကကြီး ဖြစ်နေတာ၊ ပြီးတော့ကာ အဒိန္ဒာကိစ္စမှာ လိမ်ကြ ညာကြ ဖြန်းကြ၊ ပရိယာယ်နှင့် လှည့်ကြ ပတ်ကြ ရောင်းကြ ဝယ်ကြ၊ အကုန်လုံး ငါးပါးသီလ ပျက်နေကြတယ်၊ ငါးပါးသီလ ပျက်နေကြတယ်။

ပျက်နေကြတော့ အဲဒီအခါမှာ ရောင်းယင်း ဝယ်ယင်း အဲ ခိုးယင်း တိုက်ယင်း ဟောဒီမှာ လောဘ လာနေပြီ၊ ဟိတ် လောဘဟိတ်၊ အဲဒီလောဘ ဟိတ်က ယှဉ်ဘက်ဖြစ်ကဲ့ စိတ်ဇောတွေ စေတသိက်တွေ ကျေးဇူးပြုလို့တာ သဟဇာတပစ္စည်းနဲ့ ကျေးဇူးပြုကယ်၊ အာရုံမှကက ဘယ်လိုဖုန်းဆိုဖော့ ရွှေလိမ်လို့ရှိယင် ရွှေလဲအာရုံ၊ လိမ်ရမယ့်သူလဲ အာရုံ၊ ဒီ ဒါတွေမပါဘဲ ဖြစ်ဘို့ မဖြစ်ကာ၊ ဖြစ်ကိုမဖြစ်တာ၊ ရွှေကလဲရွှေအာရုံ၊ အလိမ်ခံရမယ့်သူကလဲ အလိမ်ခံရမယ့်သူအာရုံ၊ အဲ စပါးတွေ ဆန်တွေ ပဲတွေ ကူးသန်းရောင်းဝယ်တာလဲ တင်းတွေတောင်းတွေ ဆန်တွေက အာရုံ၊ ခုနက လောကကအာရုံပစ္စည်းနဲ့ ကျေးဇူးပြုခံရတဲ့ ပစ္စယုပ္ပန်၊ ဒီလိုဖြစ်နေပြီးတော့ ဒီလောဘဖြစ်နေတဲ့ အခါမှာ စိတ်တွေ စေတသိက်တွေက ခန္ဓာဓလေးပါးလုံး ပါနေတာ့ အညမညပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ မိုဟ နိဿယပစ္စည်းနဲ့ ကျေးဇူးပြုကယ်၊ ဒါကြောင့် လိမ်လည်လှည့်ဖြိုလိမ္မာ လောဘ၊ အဲ မတရားရောင်းဝယ်မှု လောကက နှည်းနည်းကလေးလို့ သူတို့ထင်တာ၊ ဘုန်းကြီးတို့က စိတ်ကဘယ်လောက် ဖြစ်နေပြီးတော့ ဘယ်လောက်ကျေးဇူးပြုနေတာ သိနေကယ်၊ ဒီလောဘ ဒီဟေတုပစ္စည်းမှာ ဝိုင်းပြီးတော့ ကျေးဇူးပြုလိုက်တာ၊ အကျိုးပေးတဲ့ အခါကျတော့လေ

သူမျှားပစ္စည်းကို မတရားယူခဲ့တဲ့ အတွက်ကြောင့် လှည့်စားပြီးတော့ မတရားယူခဲ့တဲ့အတွက်ကြောင့် သဌေးဘဝကသေသွားတော့ မရှိဆင်းရဲတဲ့ ဘဝရောက်နိုင်တယ်။

ရှင်ဘုရင်ဘဝက သေသွား၊ မတရားအခွန်တွေ ကောက်ပြီဆိုလို့ ရှိယင် ရှင်ဘုရင်ပိုင် တဦးပိုင်ဆိုလို့ ရှိယင် ရှင်ဘုရင်မှာ အဒိန္နဲ့ဘဒါန အကုသိုလ် ဒုစရိုက်တွေ ဖြစ်နေတာပဲ၊ ကြောက်စရာ ကြောက်စရာ ကြောက်စရာ၊ တခါ ဘုန်းကြီးလုပ်ပြီးတော့ ညာပြီးတော့ အလှူခံကြတယ်၊ အဒိန္နာဒါန အဒိန္နာဒါန၊ သူက ဘုန်းကြီးလုပ်ပြီးကော့ ပြောလို့သာ လူလိုက်ရတာ ဘုန်းကြီးက ဒီအာဘိုင်းလုပ်တာမဟုတ်ဘူး၊ ဒါဒါဘုန်းကြီး အဒိန္နာဒါနတင် မကဘူး၊ ဗုဒ္ဓမြတ်စွာက ကိုယ့်မှာ တရားရှိပဲနဲ့ ဟန်လုပ်ပြီးတော့မျှား ညာနေလို့ ရှိယင် (လူတွေကို ညာနေလို့ရှိယင်) ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာက သူခိုးကြီးလို့ကို အမိန့်တော် ရှိပါဘယ်၊ မဟာဒေဝုတဲ့။

ဒီတော့ ဘုန်းကြီးတို့က မြင်နေတယ် မဟုတ်လား၊ မြင်နေတော့ကာ ငတ်နေတာကို ဘုန်းကြီးတို့ မံနေမှာ၊ မတရားရတဲ့ပစ္စည်းကိုတော့ ဘုန်းကြီးတို့က မသုံးရပါဘူး၊ မသုံးဝံ့ပါဘူး၊ ရအောင်လဲ မိမိက မလုပ်ရပါဘူး၊ ဘုန်းကြီးစကား နားထောင်ကြတဲ့ သူတွေလဲ နည်းနည်းကလေးမှ မလုပ်ကြပါနဲ့လို့ ပြောလိုပါတယ်၊ နားထောင်မလား နားမထောင်ဘူးလား ဆိုတာကတော့ ကိုယ့်ဘာသာ ကိုယ်ပေါ့လေ၊ ရင်ထဲဖွင့်ပြီးတော့ မှန်းဆ ကြည့်ကြစမ်း၊ ပြောချင်တာကတော့—

ဘုန်းကြီးက ဘုန်းကြီးအတွက်ဆိုယင် ငတ်နေပါစေ ငတ်ပြီးတော့ အသေခံသွားမယ်၊ မတရား မလုပ်ပါဘူး၊ မတရားညာပြီးတော့ကာ မလုပ်ပါဘူး၊ ဘုန်းကြီးရဲ့ ဒကာ ဒကာမတွေ စီးပွားလျှော့သွားစမ်းပါစေ၊ သူမျှား အထင်သေးပါစေ မတရားဆိုတဲ့ ကိစ္စနှင့်ဖြင့် အဲအဲ စက္ကူဖလားတချပ်မျှ ကျပ်တန် စက္ကူလေးတချပ်မျှ မပါစေကြနှင့်၊ ငါ့ရဲ့ ပိုက်ဆံအိတ်ထဲမှာ တချပ်မျှ မပါစေနဲ့၊ အာလုံး ဟရားသဖြင့် ရတဲ့ ပစ္စည်းချည်း ဖြစ်စေရမယ်လို့ အဲဒီလိုမျှား အဓိဋ္ဌာန်ထားတို့ သိပ်ကောင်းတာပဲ သိပ်ကောင်းတာပဲ။

ကာမေသုမိစ္ဆာစာရနှင့် ပစ္စည်းဝတ္ထုများ။ ။ဝတ္ထုတော်က သေချာလွန်းလို့ ပါဏာတိပါတာ, အဒိန္နာဒါနာ ဒီ ကာမေသုမိစ္ဆာစာရ အပြစ်ဒုစရိုက်လို့ဆို ကြောက်စရာ လန့်စရာချည်း၊ ဒီ ဝဋ္ဌမြတ်စွာရဲ့ တရားတော်က တယောက်က တယောက်ကို တာဏှာရာဂစိတ်နဲ့ ကြည့်ပြီးတော့ နေယင်ပဲ ကာမေသုမိစ္ဆာစာရ, အပြစ်မဲ့ရိယရဲ့ ရွေပြားတဲ့ တရားကဖြင့် မေထုန်ကလေးလို့ ဆိုတယ်၊ နှစ်ယောက်အတူတူ ပူးတွဲပြီး အိပ်နေမှ မေထုန်မဟုတ်ဘူး၊ တယောက်က တယောက် ကြည့်နေပြီးတော့ သာယာနေလျှင် မေထုန်ပါပဲ၊ အကုသိုလ်လောဘဖြစ်မနေဘူးလား၊ အကုသိုလ်လောဘတွေဖြစ်နေတော့ ဒေါသတွေ ဟေတုသတ္တိနဲ့စိတ်တွေ ဇောသိက်တွေ လောဘနဲ့ လိုက်လာပြီး၊ အဲ ရုပ်ကလဲ ဒီရုပ်တွေ ဖြစ်နေတော့ တယောက်ကို တယောက် ကြည့်ပြီးတော့ မျက်စိက ရုပ်တွေက ဒီတော့ ဒီမှာ မေထုန်၊ တယောက်နှင့်တယောက် စကားပြောတဲ့အခါမှာ နားစိုက်ပြီးတော့ သာယာနေတယ်၊ မေထုန်ပါပဲ မေထုန်ပါပဲ။

တခါ ဒီလိုတော့ အသံမကြားရဘူး၊ သူကပေးတဲ့ ပန်းကြည့်ပြီးတော့ သာယာပြီးတော့ နေတယ်၊ ဒါဟာ ... မေထုန်ပါပဲ၊ ဗုဒ္ဓမြတ်စွာက လေ ကာမေသုမိစ္ဆာစာရအတွက်, အပြစ်မဲ့ရိယအတွက် သန့်ရှင်းစေချင်လွန်းလို့ ကြည့်တာ ရှုတာ နားထောင်တာ သုံးတာ စဲ့တာက စပြီးတော့ အကုန်လုံး သန့်ရှင်းအောင် ကြိုးစားရမယ်လို့ မဃဒေလက်ာကြီးမှာ ဟောထွက်တော်မူမယ်လို့ဆိုတော့ မိဖုရားက သူလိုက်ပြီးတော့ တောထဲမှာပေါ့လေ ရုပ်ရေချမ်း ကမ်းလှမ်းပြီးတော့ ပြုစုလုပ်ကျွေးပါ့မယ်လို့ဆိုတဲ့ အတောင်း ဒုပန်မျိုးနဲ့ တောင်းပန်တဲ့စကား ပြန်ပြောတဲ့အခါမှာ တယ်ကောင်း—

"ငါးပါးသံသဂ်၊ မရေယျာဂ်ပဲ၊ တောထွက်ပြီးကာ၊ ခွာကြီး[illegible]၍" ငါးပါးသံသဂ် ဆိုတာဟာ "ဒဿနသံသဂ္ဂ" မြင်နေတာလဲ တယောက်နဲ့ တယောက် ရောနေတာပဲ၊ "သဝနသံသဂ္ဂ" တယောက်စကား တယောက် အသံကြားနေတာလဲ "သဝနသံသဂ္ဂ" ရောနေတာပဲတဲ့၊ သူ့ပစ္စည်းကို သုံးစွဲနေတာလဲ "သံသဂ္ဂ" ရောနေတာပဲ၊ တယောက်နဲ့ တယောက် ထိတွေ့ပြီး

နေတာလဲ "ကာယသံသဂ္ဂ" ရောနေတာပဲ၊ တယောက်ကို တယောက်က ဖက်ပြီးတော့နေတာလဲ ရောနေတာပဲ၊ အဲဒီငါးမျိုးစလုံး ငါမရောစေရဘူး။

"ငါးပါးသံသဂ်၊မဖရောယှက်ပဲ၊ တောထွက်ပြီးကာ၊ ခွာကြိုးခွာ၍၊ မဟာနေကွမ္မ၊ သက်ပွဖြင့်၊ မာတင်ကြီး၊ တောခိုမှီးသို့၊ ကိုယ်တည်း အောင်းခို၊ ငြဟပ်စိုရ်ဖြင့်၊ အလိုတော်ပြည့်၊ပြည့်အောင်ဖြည့်ပိမ့်၊ ငါ၏ နောက်တော်၊ တယောက်သော်မျှ၊ မခေါ်အပို၊ ဖော်မလိုသည်၊ ရှေကိုယ်သက်သက် ရှင်းရှင်းတည်း"။

သာဓု....သာဓု....သာဓု။

မုသာဝါဒနှင့် ပစ္စည်းတရား။ ။ဘုန်းကြီးတို့တရားတော်က သေချာလှန်းလို့ ကာမေသုမိစ္ဆာစာရ အငြဟ်မစရိယနေရာမှာ၊ တခါ မုသာဝါဒက "မုသားမပါ, လက်ဝမချော" ဆိုပြီးတော့ သာသာကလေး လှည့်တဲ့လှည့်တဲ့ ပြီးတော့၊ ပြောလိုက်တာ မဟုတ်လဲပဲ ဟုတ်လေယောင်၊မမှန်ပေမယ့် မှန်လေယောင်၊ ရောင်းတဲ့ဝယ်တဲ့ကိစ္စမှာတောင်မဟုတ်ဘူး လောကွတ်ပျ။ ငှါ ကျေအောင်လို့မို့ ရှိလျက်သားနဲ့ မရှိပါဘူးလို့၊ ရှိလျက်သားနဲ့ မရှိယောင်၊ ပြီးတော့ မရှိပဲနှင့် ရှိသယောင် ဟန်ဆောင်ပြီး ကြွားကြတယ်၊ အဝတ်နဲ့ ကြွားကြတယ်၊ အစားနဲ့ ကြွားကြတယ်၊ အနေနဲ့ကြွားကြတယ်၊ အဲဒါတွေဟာ တဘက်သားကို လှည့်စားနေတာ၊ မုသားသဘောပေါ်နေတာ။

အဲဒါကြောင့်-တည်တည်ကလေး စကားပြောပါ၊ မှန်မှန်ကလေးပြောပါ၊ ချိုချိုသာသာကလေး ပြောပါ၊ မုသားဟာ ခုနိုင်ငံမှာ တော်တော်ကြောက်စရာကောင်းနပါတယ်၊ ကမ္ဘာမှာလဲ တော်တော် ကြောက်စရာ ကောင်းနေပါတယ်၊ တော်တော်ကြောက်စရာ ကောင်းရုံသာမကဘူး၊ ဘယ်သူ့ ဘယ်သူမှလဲ မယုံတော့ဘူး၊ ဒီအိမ်ရေး၊ အိမ်တာနှင့်ရေးမှုဝယ်မှုနှင့်တက္ခ ကမ္ဘာ့ထိပ်ဟန်း ခေါင်းဆောင်ကြီးတွေက တောင်မှ မုသားနဲ့ပရိယာယ်နဲ့ ဟိုနိုင်ငံနဲ့ ဆက်ဆံဒတာ့ တမျိုးစကားပြောလို့ ဘေးနိုင်ငံကမယုံ၊ ဒီနိုင်ငံနဲ့ဆက်ဆံတော့ တမျိုးစကားပြောလို့ ဟိုနိုင်ငံကမယုံ၊ ဘာပြုလို့တုန်း သူလဲဒီလို ငါလဲဒီလို ဖြစ်နေလို့။

မုသားက အင်မတန်များနေကြတာကိုး၊ မယုံတော့ဘူး၊ ဘယ်သူ့ဘယ်သူမှ မယုံလို့ ကမ္ဘာကြီး ဘာဖြစ်နေတုန်းဆိုတာ ကြည့်တော့၊ မယုံဘူး အိမ်သူ အိမ်သားချင်းလဲပဲ တငယာက်တငယာက် တယ်မယုံလို့ ဝမျိုးဗ.မည် ဖြစ်ကုန်ကြရော၊ မသန့်ရှင်းကြဘူး၊ ဒါ့ကြောင့် မုသာဝါဒ သိပ်ပြီးတော့ အားရကြီးတယ်၊ မုသားပြောလိုက်လို့ရှိယင် လောဘကိစ္စနဲ့ မုသားပြောလိုက်လို့ရှိယင် လောဘကစိုက်ပြီး လောဘရဲ့အလို စိတ်စေတသိက်တွေက သဟဇာတပစ္စည်းနဲ့ ကျေးဇူးပြုပြီးတော့ ဒီမုသားပြောရမယ့် လိမ်ရမယ့်အာရုံက အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုလျက်၊ အညမညပစ္စည်းနဲ့လဲ ကျေးဇူးပြုလျက်၊ နိဿယပစ္စည်းနဲ့လဲ အခြင်းခြင်း မှီစရာရှိလျက်၊ အဲသလောက်တရားတွေက ဝိုင်းပြီး၊ သတ္တဝ်တွေနဲ့ ကျေးဇူးပြုနေတာဖြစ်တော့ သေးသေးကလေးပေမယ့် သက်သေလိုမယ်မထင်ပါနဲ့၊ ဘဝများစွာ သံသရာမှာ အင်မတန်ကြောက်စရာကျေးဇူးကို ပြုလာပါလိမ့်မယ်၊ အကျိုးပေးလာပါလိမ့်မယ်။

ပိသုဏဝါစာနှင့် ပစ္စည်းတရား။

။ပိသုဏဝါစာ ဆိုတာဟာ တငယာက်နှင့် တငယာက် ရန်တိုက် ပေးနေတာပဲ၊ ဒီစကားပြောတော့ လျှာကလေး လှည့်ပတ်ပြီးတော့ ဒီစကားပြောလိုက်လို့ရှိယင်တော့ သူတို့နှစ်ယောက်တော့ နည်းနည်းမေတ္တာပြယ်သွားမှာပဲလို့သိလဲသိတယ်၊ ပါးလဲပါးကြတယ်၊ **ဒီစကားပစ်သွင်း**လိုက်တာပဲ၊ ဒါ ပိသုဏဝါစာဟိုနှစ်ယောက်က သံသယဖြစ်သွားပြီ၊ သမီးခင်ပွန်းချင်းပေမယ့် သမီးရည်းစားပေမယ့်၊ သူက မသိလိုက် မသိပါဖြစ်လို့ရှိယင် ဒီပိသုဏဝါစာနဲ့ "အင်း....ငြင်းက ဘယ်လိုနေပေမယ့် ဟိုက ဘယ်လိုပါလား"၊ ဟိုကျတော့လဲ "သင်က ... လို့ ထင်နေပေမယ့် ဟိုက ဘယ်လိုပါလဲ"၊ ပိသုဏဝါစာနဲ့ ရန်တိုက်လိုက်ရာ၊ ပိသုဏဝါစာနဲ့ ရန်တိုက်လိုက်ပြီ။

ပိသုဏဝါစာနဲ့ ရန်တိုက်လိုက်တဲ့ အခါမှာ တခါတခါ မုန်းပဲ့ရှိယင် ဒေါသနဲ့ ဒေါသဟိတ်နဲ့ စိတ်စေတသိက်တွေနဲ့၊ ရုပ်မပြောနဲ့တော့ အသံကိုထွက်လာပြီ၊ အသံကိုထွက်လာပြီ၊ အသံဟာလဲပဲ စိတ္တဇရုပ်ပဲ၊ ခုနကသဟဇာတပစ္စည်းတွေ အညမညပစ္စည်းတွေ နိဿယပစ္စည်းတွေနဲ့ အကုန်လုံး၊ ကျေးဇူး

ပြုတာ၊ အာရုံကတော့ ဘယ်သူတုန်းဆိုယင် ရန်တိုက်ခံရတဲ့ သူတွေပါပဲ၊ ကုန်း တိုက်ခံရတဲ့သူတွေပါပဲ၊ဒီ ပိသုဏဝါစာဟာ နှိုင်ငံကြီးတွေလှည့်နေတာပဲ ကြည့် တော့၊ မယုံဘူး မယုံဘူး၊ ဒီနှိုင်ငံက ဟိုနှိုင်ငံနဲ့ ဆက်သွယ်ပြီဆိုလို့ရှိယင် ဟိုဘက် နှိုင်ငံက မယုံဘူး၊ ဘယ်သူနဲ့ ဘယ်သူနဲ့ ပေါင်းပြီး ဘယ်သူ့ကို ချတော့မှာပဲ၊ တခါတခါ သတင်းစာထဲမှာ ဖတ်ရတယ်၊ ဟုတ်တယ် အင်မတန်မှ လောက ကြီးလဲ မဘရားကြတာကိုး။

ဘုန်းကြီးတို့ကလဲ စာရဲ့ ဒီကနေ ကိုင်းပြီး ကြည့်နေတာကို၊ နိုင်ငံကြီးတွေ ဘာဖြစ်နေတုန်း၊မယုံကြဘူး ဇ.နှိုင်ငံနဲ့ တနိုင်ငံ ဒေါင်းဆောင်ကြီးတွေ မယုံကြ ဘူး၊ လုပ်ပုံ ကိုင်ပုံကိုက ယုံချင်စရာ မကောင်းလိုက်တာမှ၊ ဒီတော့ ခုမယုံ ကျဘော့ ဘာဖြစ်သလဲ ဓဒါသ မာန၊ ချပါစေပေါ့ကွာ၊ ဒို့လဲ သူနဲ့ ဘယ်သူ တွေနဲ့ ပေါင်းလိုက်မယ်၊ ဒေါသ မာန ဒေါသစိတ်က ဟေတုပစ္စည်းနဲ့ ကျေးဇူး ပြုမယ်၊ မာနက သဟဇာတသတ္တိနဲ့ ကျေးဇူးပြုမယ်၊ နောက် လာလိမ့်မယ် ပကတူပနိဿယကလဲ လာလိမ့်အုံးမယ်၊ ဒီတော့ ဘုန်းကြီးက ကမ္ဘာကြီး ဘာဖြစ်နေတယ်၊ ဘုန်းကြီးတို့ စာနဲ့ ပေနဲ့ စာအုပ်ကလေး ကိုင်ပြီးတော့ သိလွန်းလို့ စာအုပ်ကလေး ကိုင်ပြီးတော့ မြင်လွန်းလို့၊ ဒီရုပ် ဒီစိတ် ဒီစေတသိက် ရုပ်နာမ်ဟာရုးတွေဖြစ်နေတာ ဘယ်လောက်မှ ဆန်းကြယ်တာ မဟုတ်ဘူး။

ဗုဒ္ဓမြတ်စွာက သက်သက် ကြုံကြုံခနပြီးတော့ ဟောနေတာ မဟုတ်ဘူး၊ ဒီသတ္တဝါတွေရဲ့ ဖြစ်ခနတဲ့ စိတ်တွေကို နှစ်ဆယ့်လေးပစ္စည်းနဲ့ ခဲ့ပြီးတော့ ဟောတော်မူနေတာ၊ ဘုန်းကြီးကလဲ အဲဒါ လိုက်နေတာနော်။

ဖရှသဝါစာနှင့် ပစ္စည်းတရား။ ။ဖရုသစာစာ၊ ဒါက ရှင်းပါတယ်၊ ကြမ်း ကြမ်းတမ်းတမ်း ဆဲတာ မဟုတ်လား၊ဒါက ဓဒါသဟိတ်နဲ့ ဓဒါသဖြစ်လိုက်တော့ စိတ်တွေပါ, စေတသိက်တွေပါ ဒေါသဆဲ ပါလာတယ်၊ ဟေတုပစ္စယသတ္တိနဲ့၊ ဒီတော့ စိတ် စေတသိက်ကလဲ ပါလာတော့, ရုပ်ကလဲ ပါလာတော့, အသံကို ထွက်လာတယ်၊ ဆဲတဲ့အသံကို ထွက်လာတယ်၊ ဒီအခါ အာရမ္မဏသတ္တိက အဆဲခံရသူက အာရမ္မဏပဲ၊ ဒီပြင် စိတ် စေတသိက် တွေ, ပစ္စည်းတွေ, ပစ္စယုပ္ပန်တွေ ဖြစ်ကုန်ကြရော၊ အင်မတန် ကောင်းတယ်၊

သမ္မာပလာပနဲ့ ပစ္စည်းတရား။ ။သမ္မာပလာပ ကတော့ ဘုန်းကြီးတို့ ကွက်ဝိပ် ဆရာတွေပေါ့လေ၊ ရယ်ရယင် ပြီးတာပဲ၊ ဟုတ်တာ မဟုတ်တာကတော့ မဟုတ်ဘာပဲ မျှားနေမှာပေါ့၊ ကွက်စိပ်ဆရာတွေ့, အမျှားကြီး ရယ်အောင် လုပ်နေတဲ့သူပေါ့လေ၊ သိကြသားပဲ၊ စကားပြောကောင်းတဲ့ အရသာကပဲ ကွက်စိပ်ဆန်ဆန်စကားတွေ့, မဟုတ်မဟတ် ရယ်ရွှန်းပတ်ရွှန်းစကားတွေ့ မဟုတ်မဟတ် ပြောလိုက်သေးတယ်၊ အဲဒါက ဘာတုန်း သမ္မာပလာပ။

အဘိဇ္ဈာနှင့် ပစ္စည်းတရား။ ။မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္မာ-လာပ ဒီပစ္စည်းတွေ့, ပစ္စည်းတရားပေါ့၊ ပြီးတော့ ဟို မနောကံက အဘိဇ္ဈာ=သူမျှားစည်းစိမ်ကို လိုချင်တာ၊ သူမျှားဝတ်လာတဲ့ လက်ဝတ် လက်စား ကြည့်ပြီးတော့ လိုချင်လိုက်တာ၊လိုချင်တာက ဇယ်လိုဟာ မပြောလိုဘူး၊ ဒါ တရားသဖြင့် ယူလိုတာကို မပြောလိုဘူး၊ မတရား သဖြင့် ငါဘယ်နှယ်လုပ်ပြီးတော့ ရအောင်ယူရပါ့လေ၊ အဲသလို မတရားသဖြင့် လိုချင်တဲ့တရားမျိုးကို အဘိဇ္ဈာလို့ မနောကံကဆိုတယ်၊ ဒီအဘိဇ္ဈာဖြစ်တော့လဲ လောဘကစိုက်လို့ ဒီပစ္စည်းပေါ်မှာ လောဘဟိတ်စိုက်တော့ ဒီ့ပြင် ပေါတ့် ပစ္စည်း ပစ္စယုပ္ပန်ဖြစ်တဲ့ ဒီ့ပြင် စိတ်ဇစေတသိက်တွေက ဖြစ်လို့၊ ရုပ်ကလဲ ဖြစ်တော့ မျက်စိက ကြည့်ပြီး ဒီပစ္စည်းပေါ်မှာ မျက်စိရောက်လာ၊ ရုပ်က ပါနေတော့ စိတ္တဇရုပ်က ပါနေတာ၊ ဘုန်းကြီးတို့က အင်မတန် မသချာကယ်လေ။

နိဿယပစ္စည်းနဲ့, သဟဇာတပစ္စည်းနဲ့, အညမညပစ္စည်းနဲ့ အပြန် အလှန် ဓကျးဇူးပြုနေကြတာပဲ။

ဗျာပါဒနှင့် ပစ္စည်းတရား။ ။တခါ ဗျာပါဒဒေါသဖြစ်၊ ဒေါသဖြစ်ကော့လဲ သေစေချင်လိုက်တာ၊ ဒေါသပဓာနပစ္စည်း၊ ကျွန်တဲ့တရားတွေ ခုနကလို ပစ္စယုပ္ပန်၊ဒေါသအဖြစ်ခံရတဲ့လူကပော့ ဗာဟျမ္မက ပစ္စည်း၊ ဒီလို ဒီလို အကုန်လုံး အဘိဇ္ဈာ ဗျာပါဒ။

မိစ္ဆာဒိဋ္ဌိနှင့် ပစ္စည်းတရား။ ။မိစ္ဆာဒိဋ္ဌိ ဘုန်းကြီးက ပြောချင်တယ်၊ မိစ္ဆာဒိဋ္ဌိက ဘယ်လောက် ကြောက်စရာ ကောင်းသတုန်းဆိုတော့ အားလုံး အကုသိုလ်တွေကို မိစ္ဆာဒိဋ္ဌိက ခေါင်းဆောင်နေ

တာပဲ၊ ဒီ့ပြင် ဒီ့ပြင် မိစ္ဆာဒိဋ္ဌိ မရှိတော့ ကိုယ့်စိတ်ကိုယ်မနိုင် အာကုသိုလ် ဖြစ်ရတယ်၊မိစ္ဆာဒိဋ္ဌိပါလာပြီဆိုတော့ တွန်းကိုပို့နေတာပဲ၊ဒီအာကုသိုလ်တွေဆီကို တွန်းပို့နေတာ၊ ဖြစ်ကို ဖြစ်အောင် လုပ်ပေးနေတာပဲ။

နတ္ထိ ဒိန္နံ၊ ဘာကျေးဇူးရှိဟုန်းက လူတာ။ နတ္ထိ ယိဋ္ဌံ၊ ယဇ်ပူဇော်တာ ဘာကျေးဇူးရှိတုန်းလို့။ နတ္ထိ ဟုတံ၊ လက်ဆောင်ပေးကြတယ်, တယောက်နဲ့ တစ်ယောက် လောက်တိပျံ့ဌာနဲ့ကျေးကြမွေးကြတယ်, ဘာကျေးဇူး ရှိတုန်းက့။ "နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါဓကာ" သုကတဒုက္ကဋာနံ၊ကောင်းစွာ ပြုအပ် မဓကောင်းသဖြင့် ပြုအပ်ကုန်သော။ ကမ္မာနံ၊ ကံတို့၏။ ဖလံ၊ အကျိုး ဆက်သည်လည်းကောင်း။ ဝိပါကော၊ အကျိုးရင်းသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ မကောင်းဘာလုပ်လုပ်,မကောင်းတာလုပ်လုပ်,နောက်ဘာအကျိုးမှ မရှိဘူး၊ ဘာအကျိုးမှ မရှိဘူး၊ ပဋိသန္ဓေကျိုးလဲ မရှိဘူး၊ ဘာအကျိုးမှ မရှိဘူး။

နတ္ထိ အယံ လောကော၊ လောက နှစ်လောက မရှိတူး။ ဒီ လောကမှာ ရောက်ယင် ဒီလောကပြီးယင် ပြီးရော၊ ဒါကြောင့် ခုနကဟာတွေ အကျိုးမရှိ ဘူးလို့ လာခဲ့တယ်၊ မူတည်က သူပဲ၊ ဒီလောက ရောက်ယင် ဒီလောကပြီး ပြီးရော။ နတ္ထိ ပရော လောကော၊ ဒီလောကမှ မရှိပဲနှင့် နောက်တမလွန် လောက သွားစရာ မရှိဘူး။ ပရလောက မရှိဘူး၊ နတ်မရှိဘူး၊ ဗြဟ္မာ မရှိဘူး၊ ငရဲ မရှိဘူး၊ ပြိတ္တာ မရှိဘူး။ ဒီဟာပြီး ပြီးတာပဲ၊ နောက်မရှိဘူး၊ ဘာမှမရှိဘူး၊ ဘယ်လောက် ချောင်သွားတုန်း၊လူလို့ ဘာကျေးဇူးရှိမှာလဲ၊ ဟိုဘဝမှ မရှိပဲနဲ့၊ ကုသိုလ်ပြုလို့ကော ဘာအရေးကြီးလို့တုန်း၊ အကုသိုလ်ပြုတော့ ဘာအရေးကြီး လို့တုန်း၊ ဟိုဘဝမှ မရှိပဲနဲ့ ကုသိုလ်ပြုလို့ ဘာအရေးကြီးတုန်း၊ဟိုဘဝမှမရှိပဲနဲ့၊ ပြီးတော့ တဘဝဟာ သေလျှင် ပြတ်တာပဲလို့ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားတယ်၊ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတယ်။

သဿတဒိဋ္ဌိဆိုသူကတော့ သေလျှင် မပြတ်ဘူး၊ ဒိဋ္ဌိတော့ ဒိဋ္ဌိပဲ၊ သူက ဟိုဘဝ်ဘဝ ရှိသေးတယ်၊ ကောင်းတာလုပ်ယင် ကောင်းတဲ့အကျိုး ရလိမ့်ဦးမယ်၊ မကောင်းတာလုပ်ယင် မကောင်းတဲ့အကျိုး ရလိမ့်ဦးမယ်၊ သဿတဒိဋ္ဌိက ဒိဋ္ဌိတော့ ဒိဋ္ဌိပဲ၊အယူတော့မှားတယ်၊ အယူဘယ့်နှယ်မှားတာလဲ၊ခန္ဓာကိုယ်ထဲမှာ အကောင်ကလေး ရှိတယ်၊ အဲဒီ အကောင်ကလေးက ဟိုဘက် လိုက်သွား

တယ်၊ ဒါကြောင့် အကောင်ကလေးရှိတယ်ဆိုတော့ မှားသွားတယ်၊ နောက်တော့ ဘုန်းကြီးက ကမ္မပစ္စည်းဆိုတဲ့အခန်းကျတော့မှ ပြောပြမယ်၊ အကောင်ကလေးမရှိပဲနဲ့ ဘဝတခုတခု ရနေတဲ့ အဓိကြောင်းကို ပြောပြမယ်၊ ကမ္မပစ္စည်း ဝိပါကပစ္စည်းကျတော့ ပြောစရာအများကြီးရှိတယ်၊ ဒါကြောင့် မိစ္ဆာဒိဋ္ဌိ ဖြစ်တာကတော့ အကောင်ကလေးကရှိလို့ဖြစ်တာ၊နောက်ဘဝရှိတယ်လို့ယုံတာ မိစ္ဆာဒိဋ္ဌိ မဖြစ်ဘူး၊ အကောင်ကလေးက ပြောင်းသွားတယ်၊ အသောင်ကလေး, အသက်ကောင်ကလေး, ဝိညာဏ်ကောင်ကလေး, အတ္တကောင်ကလေး, ဒီလို ယူထားတာရှိတယ်၊ ဒါကြောင့် သဿတဒိဋ္ဌိသမားကလဲ အများကို မှားသွားပြန်တယ်။

ဥစ္ဆေဒဒိဋ္ဌိသမားကလဲ အဲဒီအကောင်ကလေးရှိပေမယ့်လို့ သေယင်ပြီးတာပဲ၊ ဘာမှ နောက်ဘဝကျိုး မရှိဘူး၊ ဥစ္ဆေဒဒိဋ္ဌိသမားက အဲသလို အယူရှိနေတာဖြစ်တော့ လုပ်ပေါ့၊ စာက ဘယ်လောက်များ ဆိုဖတ့ ခပ်ရှမ်းရှမ်းပဲ၊ ဒီသစ်ပင်အောက် ခိုလှုံရှိယင် (ဒီသစ်ပင်အရိပ် ခိုလှုံရှိယင်) ဒီသစ်ပင်အခက် မချိုးကောင်းဘူးတဲ့၊(ခပ်ရှမ်းရှမ်းပြောတယ်)။ဒါပေမယ့်လို့တဲ့ ကိစ္စ တစုံဘရာရှိလို့ရှိယင် အမြစ်ပါတူးလိုက်ကဲ့၊ အစတုန်းကတော့ ဒီသစ်ပင် မိုဘူးလို့ရှိယင် သစ်ပင်ကို မချိုးကောင်းဘူးနော်တဲ့၊ အများကို လိုက်ပြီးတော့ ခပ်စောင်းစောင်းကလေးလျောင်တာ၊ ကိစ္စများရှိလို့ ဒီသစ်ပင်ကို လှဲကို လှဲမှ ဖြစ်အလုပ်ထထမြောက်မယ်လို့ဆိုယင် အမြစ်ပါ တူးလိုက်ပါတဲ့ အဲဒီဘဆိုတဲ့ သူတို့က ငယ်ငယ်တုန်းက ပြုစုပြီးတော့ထားတဲ့ မိဘများနော်၊ မပြစ်မှားကောင်းဘူး၊ ဒါပေမယ့် မိဘကို သတ်မှ အကျိုးရမယ်ဆိုယင် သတ်ကို သတ်လိုက်ပါတဲ့၊ ဘယ်လောက်များ ဒီဒိဋ္ဌိက ခရီးရောက်သွားသလဲ၊ အဲဒါတွေကတော့ လောက ကြီးထဲမှာပေါ့လေ ဘယ်လိုဖြစ်နေတယ်ဆိုတာ ဘုန်းကြီးက တရားသဘောက နေပြီးတော့ ပြောပါရစေနော်။

ဒီတရားသဘောအတိုင်းက ကြောက်စရာ အင်မတန် ကောင်းတယ်နော်၊ ဘယ်ဒုစရိုက်ကမျှား သက်သာတယ်လို့ ပြောချင်သေးတုန်း၊ ဘယ်ဒုစရိုက်က တကယ် မကောင်းသောအကျင့် မဟုတ်ပါဘူး၊ ကောင်းသော အကျင့် ပါလို့ လွှဲနိုင်ခဲသေးတုန်း၊ ဒါ သုဘွန်က သုတွန်က၊ အဘိဓမ္မာသဘောက အဲဒီ

အယူမှားတဲ့ကိစ္စမှာ ဒီဠိဆိုလို့ရှိယင် လောဘက ပါလာပြီ၊ လောဘပါလာတော့ အယူမှားနေတာဟာ လောဘကလေ အင်မတန် သဘောကျတာပဲ၊ ဖြစ်ပုံက ဖြစ်ပုံက၊ ဒို့အယူ ဒို့အယူ၊ လူအ,ကြီးတွေမို့လို့ ဒါနပြုနေတယ်၊ ဒါနပြုတာဟာ လူအ,ကြီးတွေ၊ ဒါဒို့က သေယောင်ပြီးတာပဲ၊ ဒါမြင်နေတာပဲ မဟုတ်လား၊ အလောင်းကောင်ကြီး တရောင်လုံး ဒီဘက်ဘင်မှာ ပြုတ်ပြုတ်ပြုန်းအောင် ကျန်နေတာဟာ ဒီဘဝက ဘာလိုက်စရာရှိသေးတုန်း၊ ပျော်လို့ မှန်လိုက်တာ၊ လောဘက လောဘက မိစ္ဆာအယူမှားနေတဲ့အပြင် လောဘက သာယာပြီးတော့ တရားဖြစ်နေတယ်၊ မှန်လိုက်တာ ဒို့အယူ၊ ဒါကြောင့် အယူမှားတဲ့ သူက ခေါင်းငုံ့ မသွားဘူး၊ အယူမှားတဲ့ ပုဂ္ဂိုလ်က ခေါင်းငုံ့ မသွားဘူး။

ထောင်ထောင် မော့မော့ မာနနဲ့ မှန်လိုက်တာ၊ သိလား၊ ဒီတရားတွေပဲ ပြုပြီးတော့ ဒုယ်လွဲသွားတော့ သူတို့က မာန်ကလေးနဲ့၊ ဟိုကောင် ဟိုလူ ဟိုပုဂ္ဂိုလ် တကယ့်ကို သနားတယ်၊ မှားနေသူက တကယဲ ရင်ကလေး ကော့လို့၊ ဒို့ ဘယ်လောက် မှန်ထားတုန်း၊ ဒီဒုယ်ကို ဘယ်လောက် သာယာနေတုန်း၊ အသေခံမယ်၊ ဒီဒုယ်ကို မစွန့်နိုင်ဘူး သူတို့က၊ ဘုရားကြည်ညိုတဲ့ ပုဂ္ဂိုလ်က အသေခံမယ်ဆိုတာလိုပဲ၊ ဒီအယူက ပယ်နိုင်ဘူး၊ သိပ်ပြီးတော့ ထက်သန်တယ်၊ တခွိုက်စွဲက သံသရာကျတော့မှ ရှင်းမှာဖြစ်တယ်၊ယခုနယ်က လက်တွေ့ပြောလို့ မဲ့ဘူး။

နောက်ဘဝကျတော့ ဘုန်းကြီးတို့ အားလုံး နားလည်နေတဲ့ ဒုသနသော သင်ဌားသားဇတ်၊ သူတို့ကဇတော့ မိစ္ဆာအယူရယ် ဘာရယ်တော့ မဟုတ်ဘူး၊ အပျော်ဒုပါးလိုက်စားလို့ ကားမေသုမိစ္ဆာစာရကြိုးစားလိုက်တာ၊သူတို့လုံ့လဇီရိယက ထက်သန်လိုက်တာ၊ ဘယ်မှာ ဘယ်သူတဲ့ဆိုလို့ရှိယင် သူတို့က ဖျက်ဆီးဖို့ သူတို့ပိုက်ဆံတွေနဲ့ အမျိုးမျိုးဖျက်ဆီးလိုက်တာ၊ အိမ်ထောင်ရှိတဲ့ သူတွေရော ဖျက်ဆီးလာလိုက်ကြတာ သူတို့ဟာနဲ့သူတို့ မကုန်ခန်း ပျော်လို့ တသက်လုံးပေါ့လေ၊ ဓနာက်တော့ သေကြရော၊ ငရဲကျသွားတာပဲ၊ လောဟကုမ္ဘီငရဲကို ကျသွားကြတော့ အနှစ် သုံးသောင်းကြာမှ အောက်ခြေရောက်, အနှစ် သုံးသောင်းကြာမှ ပြန်ပြီးတော့ ဇာက်လာတော့ အပေါ်ပေါ်လာတယ်။

တခယာက်နဲ့တယောက် တွေ့တယ်ကိုး၊ မိတ်ခဆွ ၄-ယောက် ပြောချင်တဲ့ စကားတွေ ပြောဖို့ရန် ပါးစပ်ကဟ့ပြီးဘဲ့ ဒု-သ-န-သော စကား ဟလုံးစီသာ ပြောပြီးရော အောက် ပြန်ကျသွားတယ်။

အဲဒါ ဗုဒ္ဓမြတ်စွာဘုရားက ခွဲခြားတော်မူတယ်။

ဒုဋ္ဌိဝိတမ္ပိဝိပ္ပ၊ ဂယ သန္တေ နု ဒဒမ္ဗသေ။
ဝိဇ္ဇမာနေသု ဓာဝဓာသု၊ ဒီပံ နာကမ္ပ အတ္တနော ၁။

ငါတို့ မဓကာင်းမှုစရိုက်တွေ ပြုလုပ်ခဲ့တယ်၊ စည်းစိမ်ဥစ္စာနဲ့ ဒာလှုခံပုဂ္ဂိုလ် ရှိပါလျက် မခပးလှူခဲ့ဘူး၊ မိမိအာတ္မက် ထောက်ဘည်ရာ အားထားရာ ကုသိုလ် ကောင်းမှု မပြုလုပ်ခဲ့ဘူး။

သဋ္ဌိ ဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗဒသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ ၂။

ငရဲရောက်တဲ့အခါမှာ အနှစ် ၆၀-သောင်းရှိသွားပြီ၊ ခုပြန်ပြီးတော့ ကျသွားပြန်ပြီ၊ ဘယ်ဘော့ပျားး ဆုံးမယ်လို့တော့ မသိဘူး။

- နတ္ထိ အန္တော ကုဒတာ အန္တော၊ နု အန္တော ပဋိဒိဿတိ။
တဒါ ဟိ ပကတံ ပါပံ၊ မမ တုယ္ဟဉ္စ မာရိသ ၃။

ဆုံးတော့မှာ မဟုတ်တော့ပါဘူး၊ ဒီ ဟိုတုန်းက မကောင်းတာတွေ လုပ်မိတာ၊ မိတ်ဆွေတို့ ဆုံးတော့မှာ မဟုတ်တော့ဘူး။

သောဟံ နူနု ဣတော ဂန္တွာ၊ ယောနိံ လဒ္ဓါန မာနုသိံ။
ဝဇ္ဇူ ဘိလသမဂ္ဂန္ဒွာ၊ ကာဟာမိ ကုသလံ ဗဟုံ ၄။

ဒီတခါ လူ့ဘဝရောက်ယင်စတော့ ဘာဆို ဘာမှ မလုပ်တော့ဘူး၊ ကုသိုလ် ချည်းလုပ်တော့မယ်၊ နောင်တ ရတဲ့ပုဂ္ဂိုလ်တွေက နောင်တ ဘယ်လောက်ရကြသလဲ၊ လူ့ဘဝတန်ဖိုး ဘယ်လောက်သိနေကြသလဲ၊ ရတဲ့ပုဂ္ဂိုလ်စကတော့ လူရောရွှင်ရော ရဟန်းရော ပေါ့ပေါ့ကလေး ဒီလောက်တန်ဖိုး မရှိပါဘူးလို့ ထင်

၁။ ဇာ၊ ၁၊ ၄၁-၁၁၀။

ကြတယ်၊ အမှန်ကတော့ ကုသိုလ်စတ္တချည်း၊ မလဲ့မကင်းသာလို့ ရောင်းရ ငယ်ရလို့ရှိယင် တရားသဖြင့် ရောင်းကြဝယ်ကြ၊ ကျန်တဲ့အခါန်မှာ ကုသိုလ်စိတ် တွေချည်း၊ ငါးပါးသီလ အနည်းဆုံး ဆောက်တည်ကြ၊ ဒုစရိုက် ၁၀-ပါး ရှောင်ကြ၊ ဒီလိုကို ဓနကို ဓနရမှာ၊ ဒီလိုကို ဓနကို ဓနရမှာ၊ အင်မတန် ကောင်းတယ်၊ ငရဲကျတဲ့ လူဒုက္ခတကျတော့ လူ့ပြည်ကို တယ်လွမ်းကြတယ်၊ ဒါမကြောင့် ဘုန်းကြီးက ကိုယ့်ကိုယ်ကို ပေါ့ပေါ့ဆဆ မနေလိုက်နဲ့၊ ဓကျးဇူး ပြုပြီးတော့ ဓနတယ်။

ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုနေတာဟာ မလဲ့တမ်း ဖြစ်နေတာ၊ ပေါ့ပေါ့ ဆဆလေး နွယ်ကလေး ဓပေါ့ပေါ့ကလေးနဲ့ ညာလိုက်ကြ လိမ်လိုက်ကြ၊ ယခု မလုပ်လိုက်ရပါနဲ့၊ ဒုစရိုက် ၁၀-ပါးကို ဓရှောင်ကြ၊ ပြီးတော့ ငါးပါးသီလကို ထိန်းကြ။

နောက်တခန်းပြောမယ်၊ ပြုသင့်ပြုထိုက်တဲ့ ဒါနတွေပြုပြီး နေကြပါ၊ ဒါမှ ဘုန်းကြီးတို့ ပဋ္ဌာန်းပစ္စည်းနဲ့ စဉ်းစားစဉ်းစား၊ သုတ္တန်ဆဓောနဲ့ စဉ်းစား စဉ်းစား၊ ဒီဘဝကြီးဟာ အင်မတန် ကောင်းတဲ့ ဘဝမျိုးဖြစ်အောင် လူတိုင်း ရှင်တိုင်း ကြိုးစားဖို့ ဓကောင်းပါဘယ်။

နာနပွကာရဋ္ဌာနာနိ၊ ပေါဓိတာနေတ္ထ မုနိနာ။
အနန္တနယပဋ္ဌာနံ၊ ဝဓဒ္ဒ အနန္တဓေါစရံ။

ဇွတ်၊ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနပွကာရဋ္ဌာနာနိ၊ ဓဟုတု, အာရမ္မဏ စသည်များစွာ အဓကြောင်းအရာတို့ကို။ ပေါဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာ ကျန သိပြီးမှလျှင် များလှဓဝနေ သိစေတော်မူခဲ့လေပြီ၊ အနန္တဓေါစရံ၊ အဆုံး မရှိ ကုန်ခအောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်ဓတော်မူသော။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ် မြင့်မောင် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝဒ္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု.....သာဓု.....သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

ပဋ္ဌမနေ့

၁၃၃၄-ခု၊ နှောင်းတန်ဆူးလဆန်း ၁၁-ရက်။

၁၉၇၃-ခု၊ ဧပြီလ ၁၃-ရက် သောကြာနေ့။

၉။ ဥပနိဿယပစ္စယော (ဥပနိဿယပစ္စည်း)

ဥပနိဿယပစ္စည်းဆိုတာ အင်မတန် အရောကျယ်တယ်၊ လောကကြီးတခုလုံးကို ဘေဘင်ဖလး ခြုံမိတယ်၊ ဒါ့ကြောင့် ခပ်ကျယ်ကျယ်တခေလး ပေါ်ခရပါ့မယ်၊ ဥပနိဿယပစ္စည်းကို ရှေးဆရာတော်များက မိုးကို ဥပမာပြုပြီးတော့ ထားတယ်။ ဒီတော့ ဥပနိဿယပစ္စည်းက အာရမ္မဏူပနိဿယ, အနန္တရူပနိဿယ, ပကတူပနိဿယအားဖြင့် ၃-မျိုး ကဲ့ပါတယ်။

ဥပနိဿယ ၃-မျိုး

အာရမ္မဏူပနိဿယ။ ။အာရမ္မဏူပနိဿယဆိုတာ အာရုံကောခိပဘိနဲ့ အကုန်လုံးတူပါတယ်၊ မနန္ဒက ပြောခဲ့တဲ့ အာရမ္မဏာဒိပတိပစ္စည်းသည်ပင် အားကြီးသော မှီရာဖြစ်၍ ဥပနိဿယသတ္တိတမျိုးနဲ့ ဗုဒ္ဓရုပ်စွာက ဟောတော်မူတယ်၊ အဲဒီလို ကာဠုဒါယီရဲ့ သတ္တိအမျိုးမျိုး သိတော်မူကာဂုဏ်ပဲ ဗုဒ္ဓမြတ်စွာရဲ့ သဗ္ဗညုတဉာဏ်တော်အစွမ်းပါပဲ။

အနန္တရူပနိဿယ။ ။တခါ အနန္တရူပနိဿယ ဆိုတာ ဂဇနေ့က ပြောခဲ့တဲ့ အနန္တရပစ္စည်းပါပဲ၊ ရှေးရှေးစိတ်က နောက်နောက်စိတ်ကိုဖြစ်ပို့ရန် အားကြီးသော မှီရာဖြစ်လို့မို့ ဒီနေ့မှာ ဥပနိဿယသတ္တိလို့ ဟောတော်မူပါတယ်၊ ရှေ့မှာ ဂုဏ်ရိုက်တော့ မပါသေးဘူး၊ မပါပေမယ်လို့ အဆက်အသွယ်ကတော့ ရှိခဲ့ပြီးသား ဖြစ်တယ်၊ ဟေတုပစ္စည်း ဆက်သွယ်ပြီးသားဖြစ်တယ်၊ အာရမ္မဏပစ္စည်းမှာ ဆက်သွယ်ပြီးသား ဖြစ်တယ်။

ပကတ္တူပနိဿယ။ ။အဲဒီနောက်မှာ ပကတ္တူပနိဿယလို့ဆိုတာ တော်တော်ပဲ ကျယ်ပြန့်တယ်။ပကတိ ပင်ကိုယ်သဘောအတိုင်း အခြားမဲ့လဲ မဟုတ်ဘူး၊ အာရုံလဲ မဟုတ်ဘူး၊ ပင်ကိုယ်သဘောအတိုင်း အားကြိုးသော မှီရာဖြစ်နေတာကို ပကတ္တူပနိဿယလို့ ဆိုပါတယ်၊ တနည်းကတော့ မိမိသန္တာန်မှာ မိမိကိုယ်တိုင်ဖြစ်ပြီးသား တရားတွေ၊ ဒါမှမဟုတ် အပြင်ဘက်မှ ဖွဲ့ပြီး မြင်ပြီးသားတရားတွေကို ပကတ္တူပနိဿယလို့ ခေါ်ပါတယ်၊ ဒီ ပကတ္တူပနိဿယကို ဥပနိဿယ ၃-မျိုးစလုံး ရှေးဆရာတော်ကြီးများက မိုးကို ဥပမာပြထားတယ်၊ အားလုံးသစ်ပင်တွေ မိုးနဲ့မကင်းကြဘူး။ တောတောင်ဒေသတွေ မိုးနဲ့မကင်းကြဘူး၊ မိုးနဲ့မကင်းတဲ့ အရာမှန်သမျှ ဒီမိုးကြိုးရွာချလိုက်ပြီလို့ ဘုံယင် အင်မတန် ကြိုးပမ်းကြ ထွားကြိုင်း သန်စွမ်းကြ၊ ဥပမာသစ်ပင်ဒေသတွေသန်စွမ်းကြ၊ လောတောင်ဒေတွေ ချေမြေတွေ မိုးနဲ့မကင်းကြဘူး၊ အဲဒါနဲ့ကြောင့် ဥပနိဿယက အလွန်ကျယ်ဝန်းတယ်။

ဥပနိဿယပစ္စယော၊ မိုးနှင့်မကင်း စုံခပင်းတို့ မိုးတွင်ထစ်ကျိုး ရွာသည့် မိုးသို့ သုံးမျိုးပြားလတ် စိဉ္စာပွါဒ်အား ကြီးမားလှစွာ မှီရာဖြစ်သော အာရုံဟူပ, အနန္တရပ, ပကတ္တူပနိဿယ ပစ္စည်းတရားသည်။ အဘို၊ ပုဂ္ဂိုလ် သဘွဝါ သူငါမနှော တရားသဘောသာ ထင်ရှား ရှိကြပါပေသည်တကား။ ဣတိ၊ ကျိသို့။ ပေါဓေန်တံ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် မျှော်လှုံဝန သိစေဘော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွမ်း ပုံဖော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာရိကျိုး လက်စုံမိုးလျက် ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု....သာဓု....သာဓု။

ခုဟာင်က တရားမျိုးကိုသိဖို့ ကော်တော်ခဲယဉ်းတယ်၊ အဲဒီတရား တပါး တပါး အစိတ်အစိတ်ကလေးတွေ ဘယ်လိုသတ္တိရှိတယ်၊ ဘယ်သို့ သဘောရှိတယ်၊ ဒီလိုသိဖို့ဆိုတာကတော့ ဝေးလို့ ဝေးလို့၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာကတော့ သဗ္ဗညုတ ဉာဏ်ကြီးနဲ့ တရားတွေ အစိတ်စိတ် အမှာမှာ သိပြီးတော့ အဲဒီ အစိတ်စိတ် အမှာမှာ တရားထဲမှ ဘယ်တရားက ဘယ်သတ္တိရှိတယ်၊ ဘယ်

လိုအာကျိုးပေးနိုင်တယ်နဲ့၊ ဒီလိုဟောစွမ်းနိုင်တဲ့ သမ္မတ္တိတ ဉာဏ်တော်ကြီးက တော့ အင်မတန် ကြီးကျယ်သွားတာပဲ၊ ကိုယ်တော်တိုင် သိပြီးတဲ့နောက် တော့မှ ဒီအာသိအတိုင်း ဘုန်းကြီးတို့ သိနေရတယ်၊ မကြည်ညိုပဲ ဘယ်နေနိုင် ပါ့မလဲ၊ ဘုန်းကြီးတို့က ပုဒ္ဓမြတ်စွာကို မကိုးကွယ်ပဲ ဘယ်နေနိုင်ပါ့မလဲ။ ပုဒ္ဓ မြတ်စွာရဲ့ ဉာဏ်တော်ကြီးကို ဘုန်းကြီးတို့ မချီးမွမ်းပဲ ဘယ်နေနိုင်ပါ့မလဲ၊ ဒါ့ကြောင့် ပုဒ္ဓမြတ်စွာကို ချီးကျူးတာ၊ ဉာဏ်တော်ကြီးကို ချီးမွမ်းရပါ တယ်၊ လက်အုပ်မိုး၍ ရှိခိုးကန်တော့ရပါတယ်၊ ဥပနိသဲယော၊ မိုးနဲ့မကင်း (ပေ) ပစ္စည်းတရားသည်။ ဝန္ဒာမိ၊ ဘုရား။

သာဓု.....သာဓု .....သာဓု။

ဒီနေ့ ဥပနိဿယပစ္စည်းကို အကြီးအကျယ် ပြောရပါ့မယ်၊ နောက် ပစ္စည်းများက ဒီလောက်ပြောဖို့လဲ မလွယ်လှဘူး၊ နားလည်ဖို့ ပလွယ်လှ ဘူး၊ ဒါ့ကြောင့် နောက်ပစ္စည်းနှစ်ပါးကိုလဲ ဘုန်းကြီးက ဆက်ပြီး နဲနဲပြော ထားရဦးမယ်၊ ကျယ်ကျယ်ပြောမှာကတော့ ခုနက ဥပနိဿယပစ္စည်းကိုပါပဲ။

မှတ်ချက်။ ။ပုဇ္ဈေဇာတပစ္စည်းနှင့် ပစ္ဆာဇာတပစ္စည်းများကို ကြွေးညပ် ပေးပြီးမှ ဤ ပကတ္တုပစ္စည်းကို ဆက်လက် ပေးပြထား ပါသည်။

၁၀။ ပုရေဇာတပစ္စယော (ပုဓရဇာတပစ္စည်း)

ပုရေဇာတပစ္စည်းတဲ့၊ ရှေ့ကဖြစ်ပြီးတော့ နောက်မှဖြစ်တဲ့ တရားတွေကို တိုးပွားလာအောင် ကျေးဇူးပြုတဲ့ ပစ္စယသတ္တိပဲ၊ ဘယ်သူတွေတွေ့တုန်းလို့ဆိုတော့ ဘုန်းကြီးတို့ တနေ့တုန်းက အာရမ္မဏတုန်းကပြောတဲ့ ရူပါရုံ ဆိုပါတော့ ရူပါရုံဟာ စက္ခုဝိညာဏ်မဖြစ်ခင် အနည်းငယ်ကလေး ရှေးကျပြီးဖြစ်ခဲ့ရတယ်၊ အရင် နည်းနည်းလေး ဖြစ်ပြီးတော့မှ စက္ခုဝိညာဏ်ဖြစ်ဖို့ရန် ကျေးဇူးပြုတယ်၊ ဒါ့ကြောင့် -

အာရုံတွေဟာ ပုရေဇာတ-မိမိအကျိုးပြုမဲ့ ကရား၌ အရင်ဖြစ်ရပါတယ်၊ အသိမျိုးကိုက အင်မဟန်မှ တကတည်း နှစ်နှစ်ကာကာကြီး စဉ်းစားလိုက်လို

ရှိယင် အလွန် အားရပါးရ ကြည်နူးပြီးတော့ ကြည်ညိုရပါတယ်နော်၊ အမျှားကတော့ ရူပါရုံကိုမြင်တယ်၊ ဒါပဲသိတယ်၊ ဒီရူပါရုံကား စက္ခုဝိညာဏ်ဆိုတဲ့ အသိဉာဏ်ကလေးဖြစ်ဖို့ရုန် အရင်ဖြစ်တယ်၊ အကြောကြီး အရင်မဟုတ်ဘူး မဟုတ်ဘူး၊ နဲနဲကလေး၊ နဲနဲကလေး၊ အို... ဥပါဒ် ဌီ ဘင်လောက်၊ ပြီးတော့ ဥပါဒ် ဌီ ဘင်ဆိုတာတောင် စိတ်ရဲ့ ဥပါဒ် ဌီ ဘင်လောက် ဆိုပါတော့လေ၊ စိတ်၏ ဥပါဒ်ခလောက် နဲနဲလေး ရှေးဖြစ်တော့ နောက်က ဖြစ်လာတဲ့ စက္ခု ဝိညာဉ်ကို သူက အာရမ္မဏပစ္စည်းနဲ့ ကျေးဇူးပြုနိုင်တယ်။

အာရမ္မဏပစ္စည်းဟာ ပုရေဇာတပစ္စည်းလဲ ဖြစ်နိုင်ပြန်ရော၊ တခါ စက္ခု ဝိညာဏ်ကလဲ သူ့ချည်းဖြစ်နိုင်တာမဟုတ်ဘူး၊ စက္ခုဝိညာဏ် ဖြစ်ဖို့ရုန် စက္ခု ဝတ္ထုဆိုတဲ့ ရုပ်တရားလေး မှီရသေးဟယ်၊ အဲဒီ ရုပ်တရားလေးကလဲ အရင် ဖြစ်နှင့်ရတယ်၊ ဖြစ်ဆိုဘာလဲအကြောကြီးမဟုတ်ပါဘူး၊ နဲနဲလေး ဥပါဒ်လောက် ဌီလောက် ဘင်လောက် အဲဒါလောက် ရှေက ဖြစ်နှင့်ပြီဆိုမှ နောက်တရားကို ကျေးဇူးပြုနိုင်တဲ့ သတ္တိရှိတယ်။

ဥပမာ ဘဝနဲ့တူသလဲဆိုမတော့ မိဘနဲ့သားသမီး၊ မိဘက အရင်ဖြစ်နှင့်ရတယ်၊ မိဘက အရင်ဖြစ်ပြီးနောက် သားသမီးဆိုတာ ဖြစ်ပေါ်လာပါတယ်၊ အဲဒီသဘောပါပဲ၊ ရှေးဆရာမျှားက ဥပမာ ဘယ်လိုပြုကြပြန်တုန်း ဆိုတော့ အလင်းမှီနေတဲ့ သတ္တဝါဟူသမျှ ဘုန်းကြီးတို့ လူရော တိရစ္ဆာန်တွေရော ဟို....ကမ္ဘာဦးက ပေါ်လာတဲ့ လနေ နေရော လရော သူတို့က အရင်ဖြစ်နှင့်ရတယ်၊ ဘုန်းကြီးတို့မဖြစ်ခင်၊ ဘုန်းကြီးတို့ မဖြစ်ခင်ဆိုတာ ဟို... ရှေးလူတွေ မဖြစ်ခင် မဆိုလိုဘူး၊ နောက်လူတွေမဖြစ်ခင်၊ လနေ နေလက နောက်လူဓတ္ထ မဖြစ်ခင် အရင်ပေါ်ပြီး သူတို့ကလဲ ရှိနေတုန်းမှာ အလင်းအားဖြင့် ကျေးဇူးပြုသလိုပါပဲ၊ အဲသလို ဥပမာပြကြတယ်-

ပုရေဇာတပစ္စယော၊ အလင်းမှီနေ များဗိုလ်ခြကို ကပ္ပေစ္စာ ပေါ်လာထွန်းပ နေနှင့်လတို့ ဓနာက်မှဖြစ်လေ စိတ်နှင့်စေအား ပုရေဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုတတ်သော ဝတ္ထုပုရေဇာတ, အာရမ္မဏ ပုရေဇာတ ၂-ပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်

သတ္တဝါ သူငါမနှော တရားလဘောသာထင်ရှားရှိပါပေသည်တကား။
ဣတိ၊ ဤသို့။ ဗောဓေန္တံ၊ သဗ္ဗညုတာ ဉာဏ်ဟော်သာဖြင့် ဉီးစွာကျန်
သိပြီးမှလျှင် များလှမဝနေ သိစေတော်မူသော မြတ်စွာဘုရားကို။
ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွှမ်းထောမနာ ပဏာ
ရှိကျိုး လက်စုံမိုးလျက် ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု..... သာဓု ....သာဓု။

၁၁။ ပစ္ဆာဇာတပစ္စယော (ပစ္ဆာဇာတပစ္စည်း)

ပုရေဇာတပစ္စည်း ပြီးတော့ ဒီတခါ ပစ္ဆာဇာတပစ္စည်း၊ ပုရေဇာတပစ္စည်းက
အရင် ဖြစ်နှင့်ပြီ ဖြစ်ပြီးတော့ ကျေးဇူးပြုတယ်။ ပစ္ဆာဇာတပစ္စည်းကနောက်မှ
ဖြစ်ပြီး ကျေးဇူးပြုတယ်၊ ဟောဒေါကိုက ကြည်ညိုစရာကောင်းတာ၊ နောက်မှ
ဖြစ်ပြီးတော့ ဘယ်လို ကျေးဇူးပြုတုန်းဆိုတော့ ခန္ဓာကိုယ်ကြီး ကင်္ကုယ်လုံးကို
ဒုနောက်မှဖြစ်ဟဲ့ စိတ်တွေက ကျေးဇူးပြုတယ်။ နောက်က စိတ်စေတသိက်
တွေက ဖြစ်ကိုဖြစ်ခဲ့တယ်၊ မဖြစ်ပဲကို မရှိရဘူး၊ မဖြစ်လို့ရှိယင် ဒေလဲဒ ဖြစ်ပျို့
ရောက်တာပဲ၊ ဒီခန္ဓာကိုယ်ကြီးထဲမှာ ရုပ်တွေရှိနေယဲ၊ ကံကြောင့်, စိတ်ကြောင့်,
ဥတုကြောင့် ဖြစ်ဘယ်၊ အာဟာရကြောင့်ဖြစ်ဘယ်၊ အဲဒီရုပ်တွေ ဖြစ်ပြီးလို့
နည်းနည်းကလေးလောက်ကြာယင် တခါတည်း နောက်က စိတ်တွေ လိုက်ပြီး
ဖြစ်လျက်ပဲ၊ အခိုန်ရှိသရွေ့ ဖြစ်နေတာပါပဲ။

စိတ်က အခိုန်ရှိသရွေ့ ဖြစ်ပေမယ်လို့ ဖြစ်တဲ့စိတ်တွေ အားလုံးက ကျေး ဇူး
မပြုနိုင်ပါဘူး၊ နောက်မှဖြစ်တဲ့စိတ်ကသာ ကျေးဇူးပြုနေတယ်၊ နောက်ထိ
အောင် ကျေးဇူးပြုနေတာပဲ၊ ဒုတ်စိတ်ဖြစ်ခဲ့ကာမှ ရှေ့ရုပ်တွေက အားရှိ
တယ်ကိုး၊ ဒါကြောင့် စိတ်အားတက်သန်းနေသူဆိုယင် ရုပ်တွေလန်းနေတာ
တကိုယ်လုံးလန်းနေတာ, စိတ်အားနဲ့ပြိုဆိုယင် ရုပ်တွေညှို့ လို့ ယခုလို ဒုက္ခအခါပင်
ဖြစ်သော်လဲ စိတ်အားရှိနေလို့ရှိယင် အတော်ကော့ ရုပ်တွေက လန်းနေတာ၊
အဲဒါလို စိတ်က ရုပ်ကို ကျေးဇူးပြုတဲ့သတ္တိဟာ စဉ်းစားကြည့်ယင်သိပါတယ်။

ဒါကြောင့်ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော်နဲ့ ဟောတော်မူပြီးတော့ ဘုန်းကြီးတို့ကလေ စိတ်လျော့ထားလို့ မဖြစ်ဘူး၊ စိတ်လျော့တာနဲ့တပြိုင်နက် ရုပ်ဓတ္ထုပါတခါထဲလည်းသွားတာ၊ သတိထားကြတော့၊ ဘုန်းကြီးတို့က စိတ်မလျော့ရဘူး၊ ဓသသည်အထိ မလျော့ရဘူး၊ စိတ်တွေက သတ္တိရှိတယ်လေ၊ ရုပ်တွေက အားရှိတယ်လေ၊အဲဒီတော့ကာ ရှေးမဏ္ဍရိများက ဟောထားတဲ့ဥပဒေကနည်းနည်းစတာ့ ခက်ဘယ်၊ လင်းတငယ်ကလေးများ ဥပမာပြောထားတယ်၊ လင်းတငယ်တို့ထုံးစံက—

လင်းတကလေးတွေ ပေါက်ပြီဆိုယင် မိဘများ အစာရှာ သွားကြတယ် အစာရှာသွားပေမယ့် သူတို့ပဲ စားလာခဲ့တယ်၊ လင်းတငယ်လေးတွေ အတွက် ယူလာရိုး ထုံးစံမရှိဘူးတဲ့၊ လင်းတကလေးတွေကလဲ ဘာမှမစားရဘူး, နို့လဲ မတိုက်ကူးတဲ့၊ ဒါဥပမယ့် အင်း ...မိဘတွေပြန်လာလို့ရှိယင် တို့အစာစားရလိမ့်မယ်လို့၊ ဒီအာသာလေး ဒီဇစတနာလေးကတော့ ရှိနေတယ်၊အဲ .. မိဘတွေသွားပြီ၊ တို့အစာစားရလိမ့်မယ်ဆိုတဲ့စေတနာ၊ ဒီလိုနဲ့ သူတို့မျော်နေတာ၊ ဒါပေမယ့် ပါမလာပါဘူး၊ မပါတော့လဲ မိဘများနဲ့ အကူးနေရလို့ သူတို့စိတ်ထဲအေးလို့၊ အစာတော့ မစားရပါဘူး၊ နက်ဖန်ခါလဲ ဒီလိုပဲ၊ မိဘတွေပြန်လာတာ့ တို့ဖို့ အစာ ပါလာလိမ့်မယ်၊ တို့ဖို့ အစာပါလာလိမ့်မယ်၊ အဲဒီ မျော်လင့်ချက်ကလေးတွေကတော့ ရှိတယ်။

ဒီအာသာက မိဘတွေမလာခင် သူတို့ရုပ်ကို ကျေးဇူးပြုလို့ နေပါတယ်၊ အစာမပါဘူး၊ အစာမပါတော့လဲ မိဘတွေမြင်တော့ စိတ်အားထက်သန်လို့၊ ဒီလိုပဲ နေရှာပြန်ရောတဲ့၊ မစားရ ဇဓမန်း ဆိုတာမျိုးပေါ့လေ၊ ဒီအာသာမျိုးက လင်းတရဲ့ ကိုယ်လေးကို ကျေးဇူးပြုပြီးတော့ နေတာလိုပါပဲတဲ့[1]၊ ရှေးက ဖြစ်နေတဲ့ ရုပ်တရားတွေကို နောက်နောက်စိတ်တွေက ကျေးဇူးပြုနေတယ်။

အဲဒါကို ဥပမာပြကြတယ်၊ ဥပမာတခုကတော့ နောက်က သားကောင်းသမီးကောင်းတွေက အဖေအမေကို ကျေးဇူးပြုနေသလိုပဲ၊ သားကောင်းသမီး

၁။ ပဋ္ဌပကရဏ အဋ္ဌကထာ၊ နှာ-၃၄၉။

ကောင်းတွေကတော့ တော်တော်လိမ္မာမယ်ဟေ့၊ သူ့ပုံပန်းကလေးနဲ့ဆိုယင် အဖေအမေမျှားက အတော်ကို စိတ်အားတက်ကြွတယ်။

နောက် သားကလေး သမီးကလေးတွေက ပညာကလေးတွေ တတ်လာ၊ အဖေအမေတွေ စိတ်အားတက်ကြွလာတယ်၊ ဘာမှတော့မပြွေးဘူး, ဘာမှ တော့မပြွေးဘူး၊ သူတို့က ထောက်ပံ့ပေးနေရတယ်၊ ဒါပေမယ့် စိတ်ကတော့ တက်ကြွလို့၊ နောက်တော့ သားတွေ သမီးတွေ ပညာတတ်လို့၊ အလုပ်တွေ ဘာတွေ လုပ်နေ၊ အဖေအမေတွေ ဘာမှမရှပေမယ့် စိတ်အား တက်ကြွလို့၊ နောက်က နေနေပြီးတော့ ထောက်ပံ့ပေးနေရတဲ့ သဘောလေးတွေ၊ နောက် အဖေအမေတွေ အိုသွားတော့ တကယ့်ကို သားသမီးတွေက ထောက်ပံ့နေ, အဖေအမေတွေက စိတ်ချမ်းသာလို့၊ နောက်က နေနေပြီးတော့ ထောက်ပံ့တဲ့ သဘောဟာ ပစ္စဘေဘာတသတ္တိပဲလို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူတယ်လေ။

ပစ္စဘေဘာတပစ္စယော၊ပေါက်ခါစရွယ် လင်းတငယ်အား တာတုယ် အံသာ စေတနာ့သို့ ဦးစွာဖြစ်ကြ ကိုယ်ကာယအား နောက်မှဖြစ်ဦး သတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော နာမ်ခန္ဓာလေးပါး ပစ္စည်းတရား သည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ သူ ငါ မနှော တရားသဘောသာ ထင်ရှားရှိပါပေသည်တကား။ ဣတိ၊ ဤသို့။ ဗောဓေန္တံ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိုပြီးမှလျှင် မျှားလှဝေနေ သိစေတော် မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွှမ်းထောမနာ ပဏာရိုကျိုး လက်စုံမိုးချ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု.....သာဓု.....သာဓု။

ပကတ္တူပနိဿယပစ္စည်းအဆက်။ ။ဘုန်းကြီးကပထမပကတ္တူပနိဿယပစ္စည်းကို ပြောရမယ်နော်၊ ကျယ်လိုက်ကားမှ စာဖတ်နေကလဲ သိပ်ကျယ်လိုက်တာ၊ အဲ....ဒီပြင် ပစ္စည်းကို ဟောတော်မူတဲ့ အခါမှာ ဒီလောက် မကျယ်ပါဘူး၊ ခု ဒီပကတ္တူပနိဿယပစ္စည်းကို ဟောတော်မူတဲ့အခါမှာ ကျယ်တယ်ကိုး၊ နည်းနည်းကလေးရှုတ်ပြမယ်။

ပကတူပနိဿယော သဒ္ဓံ ဉပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဓိယတိ၊ ဉပေါသထကမ္မံ ကရောတိ၊ စျာနံ ဉပ္ပာဒေတိ ဝိပဿနံ ဉပ္ပာဒေတိ၊ မဂ္ဂံ ဉပ္ပာဒေတိ၊ အာဘိညံ ဉပ္ပာဒေတိ၊ သမာပတ္တိံ ဉပ္ပာဒေတိ။

ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပုံ

သဒ္ဓါကို အမှီပြုပြီးတော့ ဒါန, သီလ, ဉပုသ် စောင့်မှုတွေ၊ စျာန်တွေ၊ ဝိပဿနာတွေ၊ မဂ်တွေ, အဘိညာဉ်တွေ၊ သမာပတ်ဝင်စားမှုတွေ ဖြစ်နိုင်ပါတယ်တဲ့၊ ဒီလိုပဲ သီလကိုအကြောင်းပြုပြီးတော့ မိမိအကြားအမြင်ဗဟုသုတတွေ အကြောင်းပြုပြီးတော့, မိမိစွန့်ကြဲတဲ့ စာဂကို အကြောင်းပြုပြီးတော့၊ မိမိပညာကို အကြောင်းပြုပြီးတော့၊ ဒါနတွေ, သီလတွေ, ဉပုသ်စောင့်မှုတွေ, စျာန်တွေ, ဝိပဿနာတွေ, မဂ်တွေ အဘိညာဉ်တွေ, သမာပတ်ဝင်စားမှုတွေ ဖြစ်လာနိုင်တယ်တဲ့။

အဲသလိုဖြစ်ရာမှာ သဒ္ဓါက သီလက သုတက စာဂက ပညာက နောက် နောက်သဒ္ဓါ, နောက်နောက်သီလ, နောက်နောက်သုတ, နောက်နောက်စာဂ နောက်နောက်ပညာဖြစ်ဖို့ရန် ပကတူပနိဿယပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်တဲ့၊ အင်မတန်ကျယ်ဝန်းပါတယ်၊ ဒါလေးဟာ နံပါတ်တစ်ရှိသေးတယ်။

သဒ္ဓါ–ဥစ္စာရှိမှာ။ ။ဒီတော့ ဘုန်းကြီးက သဒ္ဓါအကြောင်း ပြောရပါ့မယ်၊ ဗုဒ္ဓမြတ်စွာက ကောင်းတဲ့ နေရာကျလို့ရှိယင် သဒ္ဓါကို ဦးတည်တော်မူတယ်၊ ဒါကို ဗုဒ္ဓဘာသာတွေ နှစ်နှစ်ကာကာ သတိထားလိုက်ကြ၊ ကောင်းတဲ့ တရားတွေဖြစ်ဖို့ အခန်းကျလို့ရှိယင် သဒ္ဓါကို ဦးတည်တော်မူတယ်၊ ဘာပြုလို့ သဒ္ဓါကို ဦးတည်တော်မူသလဲဆိုတော့ "သဒ္ဓိဓ ဝိတ္တံ" သဒ္ဓါဆိုတာဟာ[1] အရင်းအနှီး စီးပွားဥစ္စာနဲ့ တူတယ်၊ ဘယ်လောက်ပဲ လုပ်ငန်းဆောင်တာ အချိန်ကျလို့ ကာလ ဒေသ ကောင်းပေမယ်လို့ အရင်းအနှီးဥစ္စာ ရှိတဲ့သူမှ, အရင်းအနှီးဥစ္စာ မရှိလို့ယင် ရွှေကို တိုးတက်အောင် မလုပ်နိုင်ဘူး၊ အဲသလိုပဲ သူတော်ကောင်းတရားတွေ ဖြစ်ဖို့ရန် အခွင့်အရေး

၁။ သဂါထာဝဂ္ဂသံယုတ်၊ နှာ- ၂၁၆။

အင်မတန် ကြုံလာပေမယ့် မိမိက သဒ္ဓါမရှိလို့ရှိယင် သူတော်ကောင်းတရားတွေ့မဖြစ်နိုင်ဘူး၊ သဒ္ဓါဟာရားမရှိလို့ရှိယင် ဒါနမပြုပါဘူး။

သဒ္ဓါတရားမရှိလို့ရှိယင် သီလမဆောက်တည်ပါဘူး၊ ဥပုသ်မစောင့်ပါဘူး၊ သဒ္ဓါတရားမရှိလို့ရှိယင် ကမ္မဋ္ဌာန်းဘာဝနာမစီးပြန်းပါဘူး၊ ဒီတော့သဒ္ဓါဟာဘာနှင့်တူတုန်းဆိုဓတော့ အရင်းအနှီး စီးပွားဥစ္စာနှင့် တူတယ်၊ သဒ္ဓါတရားမရှိလို့ရှိယင် အရင်းအနှီးစီးပွားဥစ္စာ မရှိတာနဲ့တူတယ်၊ အရင်းအနှီးဥစ္စာမရှိလို့ရှိယင် အခွင့်အရေး ဘယ်လောက် ကောင်းကောင်း တိုးတက်အောင် မလုပ်နိုင်ပါဘူး၊ သဒ္ဓါတရားသာ မရှိလို့ရှိယင် ဘာမှ တိုးတက်အောင်, ကုသိုလ်တရားတိုးပွားအောင် မလုပ်နိုင်ပါဘူး၊ ဒါကြောင့် သဒ္ဓါတရားဟာ အရင်းအနှီးဥစ္စာနဲ့လဲ ထူပါတယ်။

သဒ္ဓါမျိုးစေ့။ ။တခါ သဒ္ဓါတရားဟာ မျိုးစေ့နဲ့လဲတူပါတယ်တဲ့၊ မိုးတွေဘယ်လောက်ရွာချနေနေ, ဘယ်လောက်မိုးကောင်းနေနေ, မိမိမှာ စိုက်ပျိုးစရာ မျိုးမရှိလို့ရှိယင် ဘာမှမစိုက်နိုင်ဘူး၊ ဘာမှ သစ်ပင်ဓတ်မစိုက်နိုင်လို့ အကျိုးမရဘူးဆိုပါတော့၊ လယ်လုပ်စရာစပါးမရှိလို့ ပေါ်းမရဘူး၊ ပြောင်းတွေ, ပဲဓတ်, ဒီပြင် သစ်သီးတွေ စိုက်ဖို့ရန် မျိုးစေ့မရှိလို့မို့ မိုးကအင်မတန်ကောင်းတာ၊ မျိုးမရှိလို့မို့, မျိုးစေ့မရှိလို့မို့ ဘာမှ မစိုက်နိုင်ဘူး၊ အများ ရလိုက်ကြတာ, သူဘာမှမရလိုက်ဘူး၊ အဲ... သဒ္ဓါတရားလဲမျိုးစေ့နဲ့တူတယ်တဲ့၊ သဒ္ဓါတရားမရှိတဲ့သူဟာ သူများကုသိုလ်တွေရလို့, သဒ္ဓါတရားရှိတဲ့ရဟန်းရှင်လူတွေ့, ကုသိုလ်တွေ့ရလိုက်ကြတာ၊ သဒ္ဓါတရားရှိတဲ့ ကိုရင်လေးတွေ့ကုသိုလ်တွေ့ရလိုက်ကြတာ၊ ကမ္မဋ္ဌာန်းထိုင်နေတဲ့ ကုသိုလ်ရယ်, သိလထိန်းတဲ့ကုသိုလ်ရယ် ရလိုက်ကြတာ၊ ဦးဇဉ်းကုလားတွေ့ရလိုက်ကြတာ၊ သဒ္ဓါတရားရှိတော့။

သဒ္ဓါတရား မရှိတဲ့သူဟာ ကမ္မဋ္ဌာန်းထိုင်ပါဆိုလဲ မတိုင်ပေါင်၊ သိလကိုစောင့်ထိန်းပါဆိုလဲ မစောင့်ပေါင်၊ ဆရာသမားမြင်မယ့် ကိစ္စလောက်သာသူတို့ကထိန်းတယ်၊ လိုယ့်သဒ္ဓါတရားနဲ့ ထိန်းသွားတာ မရှိဘူး၊ ပြီးတော့

၁။ သဂါထာဝဂ္ဂသံယုတ၊ နှာ-၁၇၅။

သူတို့မှာ မျိုးစေ့မရှိသလိုပါပဲ၊ လူမျှားမှာလဲပဲ ဒီလိုပဲ၊ သဒ္ဓါတရား မရှိတော့ သူမျှားကို စွန့်ကြဲပါ, ပေးကမ်းပါ, လှူဒါန်းပါ, ဥပုသ်စောင့်ပါ, မစောင့်ပေါင်၊ ဘာဝနာစီးဖြန်းပါ၊ မစီးဖြန်းပေါင်၊ ဘုရားရှိခိုးပါ, မရှိခိုးပေါင်၊ သဒ္ဓါကရှားရှိတဲ့သူကတော့ မလုပ်ပဲကိုမနေနိုင်ဘူး၊ ဘုရားမရှိခိုးပဲကိုမနေနိုင်ဘူး၊ ဘုရားကို ရေတောင် ပန်းတောင် မဆက်ကပ်ပဲကို မနေနိုင်ဘူး၊ မရှိဆင်းရဲတဲ့ သူတွေကို မပေးပဲကို မနေနိုင်ဘူး၊ ဥပုသ်စောင့်ချိန် ဥပုသ်မစောင့်ပဲ မနေနိုင်ဘူး၊ ဘာဝနာပွားချိန် ဘာဝနာမပွားပဲမနေနိုင်ဘူး၊ သဒ္ဓါတရားမရှိတာနဲ့ ရှိတာ အင်မတန် ကွာတယ်ကို့။

ဒါကြောင့် သဒ္ဓါဘရားကို ဗုဒ္ဓမြတ်စွာက မျိုးစေ့နဲ့လဲတူတယ်၊ မျိုးစေ့ ရှိသို့ရှိယင် မိုးကောင်းကောင်းရွာတဲ့အခါမှာ စိုက်လိုက်ပျိုးလိုက်ယင် နည်းနည်း ကလေးစိုက်ယင် အမျှားကြီး အကျိုးရတယ်၊ ဗုဒ္ဓမြတ်စွာက သဒ္ဓါတရားကို စတည် ထားတယ်။

သဒ္ဓါ-လက်[1]။ ။တခါ သဒ္ဓါတရားဟာ ဘာနဲ့တူတုန်း ဆိုတော့ လက်နဲ့ တူတယ်[2]၊ ဘယ်လောက် အဖိုးထိုက်တန်တဲ့ ရတနာတွေ ထွက်တဲ့ တောင်ကြီးပေါ် ရောက်နေပေမယ့်လို့ မိမိမှာ လက်မရှိဘူး၊ တနည်း အားဖြင့် လက်နဲ့လုပ်စရာ လက်နက်မရှိဘူး၊ သူမျှားမှာ လက်ရှိဘယ်၊ လက် နက်ရှိတယ်၊ တူးလိုက်ကြ ဆွလိုက်ကြတာ၊ ရတနာတွေရလို့၊ သုံးလို့မကုန်နိုင် အောင်၊ အဲသလိုပဲ-သဒ္ဓါလက်မပါလို့ သဒ္ဓါလက်နက် မပါတဲ့သူဟာ ဘယ် လောက် အဖိုးထန်တဲ့ သာသနာတော်ကြီးနဲ့ တွေ့နေပေမယ့်လို့ တရားရတနာ တွေ သူ့မှာ မရပါဘူး၊ သူမျှားရပေမယ့် သူ့မှာ မရပါဘူး။

ဒါကြောင့်-သဒ္ဓါဟာလေ လက်နဲ့လဲတူပါတယ်၊ ဗုဒ္ဓမြတ်စွာက အစ ကတည်းက "သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ=သဒ္ဓါတရားကို မှီပြီးတော့ အလှူ ဒါနပေးတယ်၊ သီလဆောက်တည်တယ်၊ ဥပုသ်စောင့်တယ်၊ ငါးပါးသီလ ဆောက်တည်တယ်၊ အာဇီဝဋ္ဌမကသီလကို ဆောက်တည်တယ်၊ ဥပုသ်စောင့်

၁။ အင်္ဂုတ္တိ၊ ဒု-ဘဏ်း၊ နှာ-၃၀၄။

တယ်၊ သမထ ဝိပဿနာကမ္မဋ္ဌာန်းတွေစီးဖြန်းတယ်'' အထက်တက်လို့ရလိုက်တဲ့ အကျိုးတွေဟာ သဒ္ဓါအခြေခံပြီးတော့ရတာ၊ ဒါကြောင့် သဒ္ဓါဟာ ပကတူပနိဿယပဲ။

တခါ သီလအခြေခံလိုက်ပြန်ဓတ္တလဲ ဒီလိုပါပဲ၊ သီလတွေပျက်လို့ မဖြစ်ဘူး၊ ငါ့သီလလဲ ငါးပါးသီလ ကြိုးကြိုးစားစားဆောက်တည်မှ သဒ္ဓါတရားက ယုံကြည်တော့ သီလပါ စင်ကြယ်မယ်၊ သဒ္ဓါတရားက ယုံကြည်တော့ သီလကို မဓပါက်ကျားဓအောင် ဓစောင့်ရှောက်တယ်၊ တခါ သီလက ဆက်ပြီးတော့ အထက်ကို ကျေးဇူးပြုလိုက်ပြန်ဓတော့ ငါ သီလ ဓစောင့်လို့ရှိယင် ကမ္မဋ္ဌာန်းအားထုတ်ဦးမှ၊ သီလစောင့်လို့ရှိယင် ဘုရားအာရုံပြုပြီးတော့ အချိန်ကုန်စေမှ၊ ဥပုသ်သီလ စောင့်တဲ့အခါမှ ဘုရားတရားတွေနာနေမှ၊ ဒီလို ရွှေတက်လမ်းတွေက အင်မတန်ကောင်းတယ်၊ ဒီပြင် သုတ-စတဲ့ တရားတွေလဲ သဒ္ဓါနဲ့သီလနဲ့ အတူတူပေါ့။ ဒါကြောင့် ဗုဒ္ဓမြတ်စွာက သဒ္ဓါကို မူတည်ဓတော်မူတာပဲ၊မူတည် လောက်ပါတယ်။

ဒိဋ္ဌိနှင့် သဒ္ဓါ။ ။တခါ မနေ့တုန်းက ဘုန်းကြီး ဒိဋ္ဌိကို ပြောခဲ့တယ် မဟုတ်လား၊ အယူဓတ္တမှားလိုက်တာ ပြောခဲ့တယ်၊ သဒ္ဓါတရားနဲ့ ဒိဋ္ဌိနဲ့ ယှဉ်ကြစို့ နော်၊ ဒိဋ္ဌိကလူပေမယ့်အကျိုးမရှိဘူးတဲ့၊ သဒ္ဓါကလူယင်အကျိုးရှိတယ်၊ အကျိုးရှိတယ်ဆိုတာ ယုံသလား မယုံဘူးလားဆိုတာ သဒ္ဓါက ယုံပါသကော။

ယခု ဝင်းဝင်းစက်စက် ပြည့်ပြည့်စုံစုံတွေဟာ ရှေးက အလှူဒါနံတွေ ပေးခဲ့ကြလို့မို့ပေါ့၊ သဒ္ဓါက ယုံလိုက်တာ၊ ဒါကြောင့် သဒ္ဓါကဓလ ကုသုလ်ကံလဲ ယုံတယ်၊ အကုသိုလ်ကံလဲ ယုံတယ်၊ အကုသိုလ်ကံကြောင့် အကျိုးတွေပေးလို့ ငရဲကျကြတယ်၊ တိရစ္ဆာန် ပြိတ္တာ ဖြစ်ကြတယ်၊ လူ့ဘဝ လူ့ဆင်းရဲဓလေးတွေ ဖြစ်ကြတယ်၊ စားရမဲ့ သောက်ရမဲ့တွေ တောင်းရမ်းစားလို့ဓတောင် မရပါဘူး၊ အဲဒါတွေ ဘာဖြစ်လို့လဲ ဟိုရွှေတုန်းက ဒါနမဲ့ခဲ့ကြလို့ သဒ္ဓါက ဒီလို ယုံနေပြီ၊ အို-ဒိဋ္ဌိက မယုံပါဘူး၊ ရှေးဘဝကို မရှိပါဘူး၊ သဒ္ဓါက ရှိပေါ့၊ ရှေးဘဝ ရှိပါတယ်။

အမြဉ်မွေး ကးလေးနှစ်ယောက်၊ မိဘရဲ့ သွေးတွေ သားတွေ အကုန်လုံးတူဘယ်၊ အပြင်ဘက်ရောက်တော့လဲ အပြုအစုအကုန်လုံးတူတယ်၊ ဒါပေမယ့်လို့ တယောက်ကဟာ ဆင်းရဲတယ်၊ တယောက်က ချမ်းသာတယ်၊ ဇတ်တော်ကြီးတဲ့ အခါ တယောကဟာက ပညာတတ်တယ်၊ တယောက်က ပညာမတတ်ဘူး၊ တယောက်က ရောဂါမျိုးတယ်၊တယောက်က ရောဂါနည်းတယ်၊တယောက်က စောစောစီးစီး သေသွားတယ်၊ တယောက်က မသေဘူး၊ မိဘ သွေးတွေ သားတွေ အကုန်လုံးတူဘယ် မဟုတ်ဘူးလား၊ ဘေးက အပြုအစုတွေ အကုန်လုံးတူတယ် မဟုပ်ဘူးလား၊ သူရဲသားနဲ့ ရှေးဘဝက သူတို့ပြုခဲ့တဲ့ သူတို့ကံက မတူလို့မို့ ဒီမှာ ကောင်းကျိုး ဆိုးကျိုး ဖေးပုံချင်း မတူဘူး၊ သဒ္ဓါက ယုံတယ်၊ ဒိဋ္ဌိက ဒီလောက်လဲ မစဉ်းစားဘူး၊ ယုံလဲ မယုံဘူး။

မဇနုကဲ့ ဒိဋ္ဌိနဲ့ ဒီက သဒ္ဓါနဲ့၊ အိုး-ဖြောင့်ဖြောင့်ကြီး ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်နေလို့ကတာ ဖြစ်ဓနလို့ကတာ' တခါ မဇနုက ဒိဋ္ဌိက ဒီဘဝ ရှိတယ်၊ နှစ်ဘဝ မရှိဘူး၊ ဒီဘဝသာ ရှိတယ်၊ ဟိုဘဝ မရှိဘူး၊သေယင်ပြီးတာပဲ၊ သဒ္ဓါက ဘယ်ဟုတ်မလဲ၊ ဟိုဘဝရှိလို့ ဒီဘဝမှာ ဒီလို အမြဉ်မွေး နှစ်ဓယောက် တွဲပြီးတော့ ဖြစ်နေဓသးတာပဲ၊ အဲဒီတော့ ဒီဘဝက ဒီလို အမြဉ်မွေးနှစ်ယောက် တွဲနေတာကို ထောက်လို့ရှိယင် ဟိုနောက်ဘဝကျတော့လဲ ဒီလိုပဲ၊ ကြည့်စမ်း အခု ဘယ်သူ ဘယ်သူတွေက အလုပ် လုပ်နေတာ၊ မဇကောင်းတာတွေချည်း လုပ်နေတယ်၊ နောက်တခါ ဘယ်သူတွေက အလုပ် လုပ်နေတာ ကောင်းတာတွေချည်း လုပ်နေတယ်၊ နောင်ဘဝ ကွဲကြအုံးမှာပဲ၊ တယောက်နဲ့ တယောက် မသူကြအုံးမှာပဲ ဒီညီအစ်ကို နှစ်ယောက် ဒီမောင်နှမ နှစ်ယောက်၊ တမေထဲ တဖေထဲ၊ တမျိုးထဲ တဆွေထဲ ပေါက်ဖွားတာဟောင် တယောက်က ဒေါသကြီးလိုက်ကာ သူ့ဒေါသနဲ့ ရှုးရှုးရဲရဲနဲ့ချည်း ဓနတာပဲ။

တယောက်က ဒီအမေ အဖေ၊ ဒီဓဆွ ဒီမျိုး မောင်နှမ ဖြစ်ရဲသားနဲ့ တယောက်က ဒေါသမရှိလိုက်တာ ပြုံးလို့၊ သူများပြောလဲ သူက သည်းခံလို့ပဲ၊ နောက်ဘဝတော့လဲ တယောက်နဲ့ တယောက် မတူဖြစ်ကြဦးမှာပဲ၊ သူကတော့ ယုံပြီးလို့ ဒီဋ္ဌိသမားက မယုံဘူး၊ သဒ္ဓါသမားက ယုံပြီ၊ ယုံတာက ဆရာသမား

တွေက ဟောပြလို့ မဟုတ်လား၊ ဗုဒ္ဓမြတ်စွာရဲ့ ဟောတဲ့တရားတော် အဆက်ဆက်ကို ဆရာသမားတွေကဆောင်ရွက်ပြီးတော့ အကြောင်းနဲ့အကျိုးနဲ့ ပြောပြပြီးတော့ ဟောတယ် မဟုတ်လား၊ ဟောတော့ ယုံပြီ၊ တယောက်က မယုံပါင် ဒိဋ္ဌက ဒိဋ္ဌပဲ၊ ဒိဋ္ဌ စေတသိက်ပဲ ဖြစ်တယ်၊ ယုံတဲ့သူ သဒ္ဓါပဲ ဖြစ်တယ်။

သဒ္ဓါဖြစ်တော့ အဲဒီ သဒ္ဓါအကြောင်းပြုပြီးတော့ အယူက မှန်သွားပြီ၊ သမ္မာဒိဋ္ဌိဖြစ်လာပြီ၊ သိပ်ကောင်းတာ သိပ်ကောင်းတာ၊ ဒိဋ္ဌက မယုံတာ မှန်သမျှတွေ သဒ္ဓါက အယုံချည်းပဲ၊ ဒိဋ္ဌက ဒီဘဝမရှိဘူး၊ ဒီသဒ္ဓါက ဒီဘဝ ရှိတယ်၊အဲရှေးက ရောက်လာတဲ့ဘဝ မရှိဘူးလို့ ပြောစရာမရှိဘူး၊တဘဝမရှိတယ်၊ ရှေးက ရောက်လာတဲ့ ဒီဘဝဆိုတာ ရှိတယ်၊ နောက် ရောက်ရဦးမယ် နောက်ဘဝဆိုတာ ရှိတယ်၊ သူက အင်မတန် ကုသိုလ်ကံကြီးမားပြီးတဲ့ ပုဂ္ဂိုလ်တွေ၊ ချမ်းသာကြွယ်ဝတာတွေက ရှေးကံကြောင့် ရှေးကံကြောင့်၊ဟိုဘဝက ဒီဘဝကို စရောက်လာတဲ့ သတ္တဝါဆိုတာ ရှိတယ်၊ ဒိဋ္ဌက ဟိုဘဝ မရှိပါဘူးဟဲ့၊ ဒီဘဝ ဒီဘဝထဲပဲ ပြီးတာပဲ၊ ဟိုဘဝ မရှိပါဘူး၊ သဒ္ဓါက ရှိပါတယ်၊ယုံကြည်နေတယ်၊ ရှိပါတယ်လို့ ဟောတာကို ယုံကြည်နေတယ်လေ။

ရှိမနေပါတယ်လို့ ဟောနေပါတယ်၊ သူက ယုံကြည်နေတော့ ဒီဇာတိုင်းလာ သူက ဆုံးဖြတ်ထားလို့ သမ္မာဒိဋ္ဌိဖြစ်လို့ ကုသိုလ်ကံတွေ ကောင်းကောင်းပြု၊ ကောင်းကောင်း အကျိုးရမယ်ဆိုတာ သူက ယုံတယ်၊ ဒိဋ္ဌက မယုံပါဘူး။ ဒီဘဝမှ မရှိပဲ၊ မကောင်းတာကို မကောင်းကံတွေ နောက်ဘဝကျ အကျိုးရမယ်ဆိုတာ ဒိဋ္ဌက မယုံပါဘူး၊ သဒ္ဓါက ယုံတယ်၊ ဒိဋ္ဌက မယုံပါဘူး၊ သဒ္ဓါယုံတာက ဘာကြောင့်တုန်း၊ ဟောကြတယ်လေ ဆရာသမားတွေ၊ ဆရာသမားတွေက၊ ဘယ်ကလာတုန်း၊ ဗုဒ္ဓမြတ်စွာက လာတယ်လေ၊ ဗုဒ္ဓမြတ်စွာက ဘယ်သူ ဘယ်သူ ဘယ်လို ဖြစ်နေတယ်ဆိုတာ ဟောတော်မူကြတယ်၊ ဒါကြောင့် သဒ္ဓါတရား အကြောင်းပြုပြီးတော့ သူ့မှာ ကုသိုလ်တွေ တိုးလိုက်တာ၊ သူ့မှာ ယုံကြည်တဲ့ သမ္မာဒိဋ္ဌိတွေမှာ ကုသိုလ်တွေ တိုးလိုက်တာ၊ ဥပုသ်စောင့်ကြတယ်၊ ပေးကမ်း စွန့်ကြဲကြတယ်၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းကြတယ်၊ ဗုဒ္ဓမြတ်စွာ အာရုံပြုပြီးတော့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြတယ်။

မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ သေကြဦးမှာ၊ သေတော့ တာဘဝသွားရဦးမှာ၊ မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြတယ်၊ သေကြဦးမယ် သေကြဦးမယ်၊ ပေါ့ပေါ့ဆဆ မနေကြနဲ့၊ မေ့မေ့လျော့လျော့ကလေး မနေကြနဲ့၊ ခသကြရဦးမယ်၊ သေကြရဦးမယ်၊ မသေခင် အိုကြရဦးမယ်၊ အိုကြရဦးမယ်၊ တချို့မှာ အအိုကြီး မအိုကြပဲနဲ့ နာကြရဦးမယ်၊ နာကြရဦးမယ်၊ အို....လောကကြီးမှာ ပေါ့ပေါ့ဆဆ နေထိုက်သလား၊ သူ့ကိုယ်သူ ဘဝသံသရာကြီး ယုံကြည်တဲ့ သဒ္ဓါတရား အကြောင်းပြုပြီးပေါ့ ကုသိုလ်တွေ တိုးပွားလိုက်တာ တိုးပွားလိုက်တာ။

ဒါကြောင့် ဗုဒ္ဓမြတ်စွာက 'ဒီကုသိုလ်တရားတွေကို အကြောင်းပြုပြီးတော့ နောက်နောက် ကုသိုလ်တရားတွေ တိုးပွားတယ်ဆိုတာဟာ ရှေးရှေးကုသိုလ်က ပကတ္တူပနိဿယသတ္တိနဲ့ ကျေးဇူးပြုလို့ ဤကဲ့သို့တိုးပွားကြရတယ်'လို့ ဟောတော်မူလိုက်တယ်၊ သဗ္ဗညုဇာဉာဏ်တော်ကြီးဟာ ဘယ်လောက် ဘယ်လောက်များကြီးကျယ်တော်မူသတုန်း၊ ဒါကုသိုလ်တရားက ကုသိုလ်တရားကို တိုးပွားအောင် ကျေးဇူး ပြုနိုင်ပြန်တယ်၊ တိုးပွားလိုက်တာပေါ့၊ ဆက်ဆက် ပြီးတော့ မင်္ဂလတရားတွေ ရသွားတာဟာ, ရှေးက ကုသိုလ်တွေက ကျေးဇူးပြုလိုက်တာ၊ ကမ္မဋ္ဌာန်းထိုင်တယ်၊ သမာဓိဖြစ်တယ်၊ ကမ္မဋ္ဌာန်းထိုင်တယ်။ ဝိပဿနာပညာဖြစ်တယ်၊ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုတယ်၊ ဒီဟာ ကုသိုလ်တွေ ကုသိုလ်တွေ။

အဲဒီ ကုသိုလ်ကြောင့် ဆက်ဆက်ပြီးတော့ တက်သွားလိုက်တာ ကုသိုလ်ပြုယင် ချမ်းသာလိုက်တာ၊ စိတ်တွေ ဓအားငြိမ်းလိုက်တာ၊ တနေ့က ပြောသလို ပေါ့၊ ကမ္မဋ္ဌာန်းများထိုင်ပြီးတော့ နေ့ုတာဟာ တကတည်း လူတို့ နတ်တို့ရဲ့ ချမ်းသာမျိုးနဲ့မတူတဲ့ ချမ်းသာမျိုးကို ရရှိပါတယ်လို့၊ သူ့လမ်းနဲ့သူ သူ့လမ်းနဲ့သူ၊ လူမှာလဲပဲ ဓလောကီအာရုံ ကာမဂုဏ်တွေဟာ မချမ်းသာဘူးမဟုတ်ပါဘူး၊ ချမ်းသာပါတယ်၊ ဒါပေမယ့် နောက်အကုသိုလ်တွေ လိုက်လာမယ်၊ အကုသိုလ်အကျိုးတွေ ရလာမယ်၊ အို .. ဘုန်းကြီးတို့ရဲ့တရားချမ်းသာကတော့ လူတို့ချမ်းသာဟာထက်တောင် ပိုချမ်းသာသေးတယ်၊ ဒါကြောင့် အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် နေပြီးတော့ တရားနှလုံးသွင်း နေလိုက်ရတာ

ပျော်လို့၊ ပြီး ရွှေဘက်လာတဲ့ တရားတွေကိုပေါက်လို့၊ မင်္ဂတရားဖိုလ်တရား ရလို့၊ ဒီ ဒုက္ခခပ်သိမ်း အေးငြိမ်းလို့၊ ကိလေသာတွေ ကုန်ခန်းလို့ အင်မဘန် ကောင်းတယ်၊ သူ့လမ်းနဲ့သူ ကုသိုလ်တရားက ကုသိုလ်တရားကို ကျေးဇူးပြု နေပုံဟာ ပကတူပနိဿယသတ္တိပါတယ်။

ကုသိုလ်က အကုသိုလ်ကို လာပြန်တယ်လေ၊ ကုသလော ဓမ္မော၊ ကုသိုလ် ကျေးဇူးပြုပုံ တရားသည်။ ဝါ၊ကုသိုလ်တရားက။ အကုသလဿ ဓမ္မဿ၊ အကုသိုလ်တရားအား။ ဥပနိဿယပစ္စ-ယေန၊ ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စေယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကုသိုလ်တရားက အကုသိုလ်တရားကို ကျေးဇူးပြုပြန်တယ်။

ဒါကလဲ စဉ်းစားစရာ အင်မတန်ကောင်းတယ်၊ ဘယ်လို စဉ်းစားစရာ ကောင်းတုန်းဆိုတော့ သဒ္ဒါ၊ သဒ္ဒါကိစ္စကိုး။ ဥပနိသာဿယ၊ အမှီပြု၍၊ မာနံ၊ မာနကို၊ ဇပွေတိ၊ ဖြစ်စေ၏။ ဇပွေတိ၊ မာနဓကားကို ပြော၏တဲ့။

ဒါလဲ ဟုတ်လိုက်ဘာမှ ကိုယ်က သဒ္ဒါကစရား ကောင်းကယ်လေ စွဲနှံ့ကြဲ လို့ ဓပးကမ်းလို့ လွှဒါန်းလို့၊ ဟိုးဇယောက် သဒ္ဒါတစရား မရှိဘူး စိတ်ထဲ မာနဖြစ်တယ်၊ ဒီကောင် ဒီအမျိုးသမီး ဘာမှ စွဲနှံ့ကြဲပေးကမ်း လွှဒါန်းတဲ့ ဝါသနာမရှိဘူး၊ ညံ့လိုက်တာ၊ တို့မှာတော့ ဒီကမင်းကလေးတလုတ် ဖြစ်စေ တော့ ဓဝစားလိုက်ရမှ သိပ်ဝမ်းမြောက်တယ်ကိုးနဲ့၊သူ့ကိုယ်သူ မာနဖြစ်တယ်၊ ကုသိုလ်က အကုသိုလ်ကို လာကျေးဇူးပြုနေပြန်တာနော်၊ ကုသိုလ်က အကု သိုလ်ကို ကျေးဇူးမပြုဘူးများမဆင်နဲ့၊ အကုသိုလ်ကို ကျေးဇူးပြုတာပဲ၊ ဒါကို မဖြစ်အောင် ထိန်းရတယ်။

ဒိဋ္ဌိ ဥပဓါဒတိ ဂဏှာတိ၊ ဒီကုသိုလ်ကို အဓကြောင်းပြုပြီးတော့ ခုနက သဒ္ဒါတရားဓကောင်းတာကို အကြောင်းပြုပြီးတော့ ငါက သဒ္ဒါတရား သိပ် ဓကာင်းတာ၊ ဒင်းက သဒ္ဒါတရား ဘာမှမရှိဘူး၊ အဲဒါ ငါကဆိုတဲ့ မာနအပြင် ဒီငါဆိုတဲ့ အဘ်ကစ်ဓကလေးပါလာပြန်တယ်၊ဒီဒိဋ္ဌိ ခုနက ဒိဋ္ဌိမျိုးတော့ မဟုတ်ဘူး၊ ဒိဋ္ဌိကအမျိုးမျိုး၊ ငါဆိုတဲ့အတ္တစ်ဓကလေး၊ ငါဟာ ငါဟာ၊ ငါ သဒ္ဒါတရား

ကောင်းတယ်၊ မစွန့်ကြဲရလို့ရှိယင် ငါက စိတ်ကို မကောင်းဘူး၊ငါဆိုတဲ့ အတ္တလေး မဲ့နေပြန်တယ်၊ ဒီလိုမဟုတ်ပဲနဲ့ ရုပ်နာမ်ဘက်ကတော့ ကိစ္စမရှိဘူး၊ ယခုတော့ ငါဆိုတဲ့ အတ္တကောင်ကလေး ပေါ်နေပြန်တယ်၊ မဟုတ်ပဲနဲ့ မရှုပဲနဲ့ ငါကောင်းလေ ဖြစ်နေပြန်တယ်၊ အဲဒါ သဒ္ဓါတရားကိုအကြောင်းပြုပြီးတော့ ဒီဋ္ဌိ၊ မိစ္ဆာအယူကို။ ဂဏှာတိ၊ ယူချင်၏တဲ့။

ခုနက ဒိဋ္ဌိမျိုး မဟုတ်ဘူးနော်၊ အဲ....အတ္တစွဲတဲ့ မိစ္ဆာဒိဋ္ဌိမျိုး ဖြစ်လာပြန်ရော့၊ အတူတူပဲ ဒီအကုသိုလ်အဓိကြောင်းပြုပြီးတော့ မာနဖြစ်တယ်၊ ငါက သိလမြဲတာ၊ ဟော ငါဆိုတဲ့ သတ္တဝါကလေး အစဉ်အလမ်းကလေးပါတယ်၊ ငါက သိလမြဲတာ၊ ဟိုကောင် ဟိုကောင်တွေက ဟိုလူ ဟိုလူတွေက သီလကို ငါးပါးသီလခတော်မှ မလုံဘူး၊ ဟော ကိုယ့်ကိုယ်ကို မာနကြီးပြန်ပြီ၊ ကြည့်စမ်း သီလအကြောင်းပြုပြီးတော့ မာနဖြစ်ပြန်ပြီ၊ ကုသိုလ်က အကုသိုလ်ကို ကျူးဝင်းပြီတယ်၊ သိပ်တော့အပြစ်မကြီးဘူးနော်၊ သိပ်အပြစ်မကြီး ပေမယ့် ဗုဒ္ဓမြတ်စွာက မဖြစ်ပါစေနဲ့တဲ့၊ ကိုယ့်သီလ အကြောင်းပြုပြီးတော့ သူများကို အထင်သေးတဲ့ မာနမျိုး မဖြစ်ပါစေနဲ့၊ ငါးဆိုတဲ့ အာဂုဝတ္ထုလေး မလုပ်လိုက်ပါနဲ့၊ မရှိလိုက်ပါနဲ့၊ ဒီဋ္ဌိမဖြစ်ပါစေနဲ့၊ ဖြစ်ကတ်တယ်၊ ဖြစ်နေတယ်၊ ဖြစ်ကြဘယ်။

အဲဒါကြောင့် ဗုဒ္ဓမြတ်စွာကလေ ကုသိုလ်အကြောင်းပြုပြီး အကုသိုလ်ဖြစ်တော်လို့၊ အာဘူတ္တဝါ၊ ကိုယ်ကအကြားအမြင် ဗဟုသုတတွေ များလာတယ်၊ အများသမားတွေက ဟောကြ ပြောကြတာဒါတွေကို ကိုယ်က မှတ်တယ်၊ အဲဒီလို မှတ်မိတော့ ကိုယ်က အကြားအမြင် ဗဟုသုတများ၊ သူတို့တတွေက ဘာမှမသိဘူး၊ ဒို့-အင်မတန်ညံ့ရှာကိုး၊ အင်မတန် ညံ့ရှာတယ်သာ ပြောတာ၊ သူ့ကိုယ်သူ စိတ်ကြီးဝင်လျက်၊ အကြားအမြင်ဗဟုသုတ ဒီထဲ ငါက ဘယ်လောက်များသာ ဒီဆွေ ဒီမျိုးထဲမှာ ဒီရပ်ကွက်ထဲမှာ ဒီတိုက် ဒီတာထဲမှာ ဗဟုသုတ ဘယ်လောက်များတာ၊ အဲဒီဗဟုသုတ များတာကတော့ အကောင်းသား၊ အဲဒါအကြောင်းပြုပြီးတော့ မာနဖြစ်လိုက်ပြန်ရော၊ မိစ္ဆာဒိဋ္ဌိ ဖြစ်လိုက်ပြန်ရော၊ အဲသလိုခပါ့လေ ကုသိုလ်တရားက အကုသိုလ်တရားကို ကျူးဝင်းပြုတယ်။

အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုပုံ

တခါ အကုသလော ဓမ္မော အကုသလာဓိ ဓမ္မာ ဥပနိဿာယပစ္စယေန ပစ္စယော၊ အကုသိုလ်တရားက အကုသိုလ်တရားကို ကျေးဇူးပြုပြန်တယ်၊ ဘယ်လို ကျေးဇူးပြုတုံး၊ ကြောက်စရာကြီး ဓကြောက်ရာကြီး၊ **အကုသိုလ်က** အကုသိုလ်ကို ကျေးဇူးပြုနေပြန်တော့လဲ၊ ရာဂံ၊ ရာဂကို။ ဥပနိဿာယ၊ အမှီပြု၍။ ပါဏာ သတ္တဝါကို။ ဟနတိ၊ သတ်၏။ အဒိန္နံ၊ မပေးတဲ့သူ့ဥစ္စာကို။ အာဒိယတိ၊ ယူ၏။ မုသာ၊ မုသားကို။ ဘဏတိ၊ ပြောဆို၏။

အဲသလို စသည်ဖေါ်လေ၊ အကုသိုလ်နေရာကျတော့ ရာဂကို မူတည်ကယ်။ ဘာပြုလို့တုန်း ဆိုဓတော့ ရာဂဆိုတဲ့ တဏှာ ဓလောဘကြောင့် အကုသိုလ်ဖွေ့အင်မတန် တိုးတယ်၊ အင်မတန်တိုးတယ်၊ တဏှာလောဘကသဲ သတ္တဝါဓဝန္ဓမှာ ဘယ်လောက် မူတည်လာတုန်းဆိုဓတော့ ကဓလားလေးမွေးဖွားလာပြီ၊ ဖွားမြင်လာယင်ပဲ ဆာတဲ့တဏှာလောဘ၊ ရာဂဟိုဓလာ၊ တဏှာလောဘ၊ တနည်းဘာသာဖြင့် ရာဂလို့ ဓခေါ်ဝိုင်ပါတယ်၊ တစ်ခုတည်း ဆာတော့ အမေက ကဓလေးငိုလို့ မို့လို့ နို့ချိုကိုက်တယ်၊ အဲဒီနို့ချိုကို လာဟာတဲ့ တဏှာလောဘဖြစ်တယ်၊ ကဓလေးကလေး ဓနောက်ဓလေးတော့ တခါ ဘာပြန်တယ်။ အဲဒီကျဓတော့ သူ နို့ချိုကို ဓတောင်းဓနဘူး၊ ဟာကြဘူး။

ကလေးကလေး ကလေးကလေး၊ ဓနောက် ဒီထက်ကြီးလာတော့ အမေတို့ကလဲ ကဓလေးလေးကို သဘာဝယာယာနဲ့ ဓမျှော်ဓစင့်တယ်မဟုတ်ဘူး၊ ဓခွင့်ကဓလေးပြုပြီ၊ အချိပ်ကဓလေးနှစ်သက်တဲ့ တဏှာလောဘဖြစ်ပြီ၊ ကဓလေးလေးက အချိပ်ကလေးကို ချတ်ဘရက် မကြည့်တတ်လို့ ရှိယင် လှုပ်လှုပ် ပြလိုက်သေးတယ်၊ ကြည့်တတ်လာအောင်လေ၊ ဓနောက်တော့ အစားကလေး ငေးယိုက်၊ အချိပ်ကလေးပြလိုက်၊ ပုခက်ပေါ်မှာလဲပြီးဓတော့ လေသံငယ်ကလေး ခံစားလိုက်၊ ကလေးက သာယာတတ်လာပြီ၊ တဏှာဓလောဘ ဖြစ်လာပြီ။

ဓနောက်ဓတော့ ကဓလေးက ကြီးလာတော့ ဓနေရာအားလျော်စွာ ဓတွေ့မှာဆိုလို့ ရှိယင်လဲ တောအလိုက် လိုချင်မှုကလေးတွေ့၊ ပြိုကျွးဟာ့ သိပ်ဓပါမှုးတာ၊ လိုချင်မှုကလေးတွေ့၊ မျက်စိနဲ့မြင်လို့ ရှိယင် ဟိုဟာကလေး လိုချင်စရာကောင်း၊ ဒီဟာကလေးက လိုချင်စရာကောင်း။

ဒီတော့ ရာဂအကြောင်းပြုပြီးတော့ ဆိုးတယ်၊ ရာဂအကြောင်းပြုပြီးတော့ ကလေးမှာလေ အကုသိုလ်တွေ့မိဘဓတ္တုက သင်ပေးနေတာ၊ အကုသိုလ်ဓတ္တုတိုးလို့ တိုးလို့၊ မသင်လို့လဲ မဖြစ်ဘူး မဟုတ်လား၊ သင်ရတော့တာပဲ သင်ရတော့တာပဲ၊ ကဓလေးလေး ပေါက်စလေး ဘုရားရှိခိုးသင်လို့ ဘယ်ဖြစ်မလဲ၊ သူ့နည်း သူ့လမ်းနဲ့ ကလေးလေး နားလည်အောင် သင်ပေးနေတယ်၊ သင်ပေးဘဲ့ လောဘဆိုင်ရာနဲ့ သင်ပေးမှ ကလေးနားလည်တယ်၊ လောဘဆိုင်ရာနဲ့ သင်ပေးမှ ကလေးသိလွယ်တယ်၊

အဲသလို သင်ပေးရတယ်၊ ဒါ့ကြောင့် တလောကလုံးဟာ တဏှာရာဂလောဘ ပူတည်နေတာပါ၊ နောက်တော့ ဆင်တတ် ပြင်တတ်တဲ့ အရွယ်ကျတော့ ဆင်ပြင်လိမ်းလို့ ပြုလို့ ဆင်ပြင်လို့၊ အမေက ပြလိုက်ဓသး၊ ကြည့်စမ်းသားသား ဟိုမှာ သူကပြုံးလို့၊ အဒမကလဲ ချစ်လိုက်တာ၊ ဒီသားကလေး၊ သားကလေးကလဲ မှန်ထဲကြည့်ပြီးတော့ ပြုံးလို့၊အဒမ့ အယုအယကိုလဲ သူက ခချင်လို့၊ တဏှာလောဘတွေ့ တဏှာလောဘတွေ့။

အဲဒီဟာကဒုထက်ကိုနည်းနည်းတက်လာပြီဆိုတော့ကလေးလေးကဝတ်ချင်စားချင်ရုံတင်မကဘူး၊ လိုချင်လာတယ်၊ ဓနောက်ဘော့ ကျောင်းတွေ့ ဘာတွေ့နေတော့ အစားကိုလဲ ပိုပြီ့တော့ လိုချင်လာတယ်၊ အဝတ်ကိုလဲ ပိုပြီးဘဲ့ လိုချင်လာတယ်၊ အပြင်အဆင်က ပိုပြီးဘဲ့ လိုချင်အားကြီးလာတယ်၊တဏှာလောဘဓတ့ တဏှာလောဘတွေ့၊ရာဂအဓကြောင်းပြုပြီးတော့ နောက်နောက်ကိစ္စဓတ့ ဖြစ်လိုက်တာ၊ တဏှာဓလောဘတွေ့။

ဟော ဒီထက်ကြီးကျယ်သွားပြီ၊ အကြီးကြီးဖြစ်သွားပြီ၊ အရွယ်ဓရောက်လာပြီ၊ ထွေရာလေးပါးတွေ့ ရှုပ်လာကုန်ပြီ။

ရာဂံ၊ ရာဂကို။ ဥပနိဿယ၊ မှီ၍။ ပါဏံ၊ သူ့အသက်ကို။ ဟနတိ၊ သတ်တော့၏။

ကြည့်စမ်း၊ တယောက်နဲ့တယောက် ဆိုပါတော့ သတ္တိသားနဲ့ သတ္တိသမီး ကလေး ချစ်ကြတယ်၊ ရာဂဖြစ်နေကြတယ်၊ ချစ်ကြိုက်နေကြတယ်၊ ဒီအထဲမှာ အနှောင့်အယှက် ပေးနေတယ်၊ အဲဒီအနှောင့်အယှက်ပေးတဲ့လူကို သတ်တယ်၊

သတ်တယ်၊ တနည်းနည်းနဲ့ သတ်တယ်၊ ပါဏာတိပါတာ အကုသိုလ်ဖြစ်လာပြီ၊ ဒါကြောင့် အကုသိုလ်က အကုသိုလ်တရားကို ကျေးဇူးပြုတယ်။

နောက်တော့ ပိုမိုတို့ ချစ်တဲ့ မိသားတစု စားဖို့ သောက်ဖို့ ခိုးရဲတယ်၊ တိုက်ရတယ်၊ မတရားတွေလုပ်ရတယ်၊ အဒိန္နာဒါနအကုသိုလ်တွေ တိုးလာပြီ၊ ရောင်းတယ်၊ ဝယ်ဘယ်၊ အမြတ်များများရအောင် မုသားတွေ ပြောရတယ်၊ စားဝတ်နေရေးဆိုတဲ့ ဆုဂကို အကြောင်းပြုပြီးတော့ "မုသာ၊ မုသားကို။ ဘဏတိ၊ ပြောဆိုပြန်တယ်။" ကြောက်စရာကြီး, ကြောက်စရာကြီး၊ ဆုဂကို အကြောင်းပြုပြီး ဖြစ်နေပုံလေး။

ပိသုဏံ၊ ဓနျာပစ်ကုန်းကိုက်မှုကို။ ဘဏတိ၊ ပြောဆိုရ၏။ ကုန်ရောင်းလို့ ဝယ်လို့ကောင်းအောင် ဘယ်သူနဲ့ ဘယ်သူနဲ့ နည်းနည်းကလေးကွဲပြားအောင် တယောက် တယောက် ဖားယင်လဲသွားမှ ငါးဆောင်းလို့ ဝယ်လို့ရပြီ၊ ကုန်းတိုက်ပေးရတယ်၊ ဂုန်းတိုက်ပေးရတယ်၊ ပိသုဏာဂါစာအကုသိုလ်တွေ တခါတလေကျတော့ ရောင်းယင်း ဝယ်ယင်း မဓကျွန်ပ်လို့ ဆဲကြ ဆိုကြ ရရာဓါစာဖြစ်ဘာယ်၊ အဲဒီတော့လေ နောက်နောက် အကုသိုလ်တွေ ဖြစ်လိုက်ဟာ၊ ဖြစ်လိုက်တာ အတူတူပဲ။

ဒေါသ အကြောင်းပြုပြီးတော့ နောက်နောက် အကုသိုလ်တွေ၊ မောဟ အကြောင်းပြုပြီးတော့ နောက်နောက် အကုသိုလ်တွေ၊ မာန အကြောင်းပြုပြီးတော့ နောက်နောက် အကုသိုလ်တွေ၊ အဲသလို ဖြစ်လေသမျှလေ ဂုဂတွေ ဒေါသတွေ မောဟတွေ မာနတွေက နောက်နောက် အကုသိုလ်တွေ ဖြစ်အောင် ကျေးဇူးပြုပြီးတော့ နေတာဟာ ပကတူပနိဿယပစ္စယဘာတ်ပဲ လို့ ဗုဒ္ဓမြတ်စွာက ဟောထားခဲ့ဘာ ဘုန်းကြီးတို့က ကြည့်ယိုလိုက်တာ၊ လောကကြီး တခုလုံးကို ဒီ ပကတူပနိဿယသတ်တိက ဘယ်လောက် ခြယ်လှယ်နေတုန်းဘို့ဟာ လားဘုံးမယ်ဒလ။

အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုပုံ

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။

ပဋ္ဌာန်း-၉

ရာဂံ၊ ရာဂကို။ ဥပနိဿာယ၊ အားကြီးသော မှီရာဖြစ်၍။ ဒါန်၊ အလှူကို။ ဒေတိ၊ ပေး၏။ သီလံ၊ သီလကို။ သမာဒိယတိ- ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်စောင့်ထိုးမှုကို။ ကရောတိ၊ ပြု၏။ ဈာနံ၊ ဈာန်ကို, ဈာန်ရကြောင်း ဖြစ်တဲ့ သမထကမ္မဋ္ဌာန်းကို။ ဥပဿာဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကမ္မဋ္ဌာန်းကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။

ဟကဲ့ အကုသိုလ်အကြောင်းပြုပြီးတော့ ကုသိုလ်တရား လာလိုက်တာ ဝမ်းသာစရာ ဇကောင်းလိုက်တာ။ဒီကျတော့ လာတော့ လာတာပဲ၊ ရာဂပဲ၊ ရာဂ အကြောင်းပြုပြီးတော့ ကုသိုလ်တရားကွေ့ ဖြစ်တယ်ဆိုဘာဟာ သာမန် လူတွေ ဘာနားလည်လိမ့်မတုန်း၊ ဘုန်းကြီးတို့ကျတော့ ဟရားတော်ကလဲ ရှိနေပြန်, သုတ္တန်တရားတော်ကလဲ ရှိဇနပြန်၊ ဒီကျတော့ ဟာ ဗုဒ္ဓမြတ်စွာ အလောင်းတော် သုမေဓာရှင်ရသေ့ဘဝတုန်းက ဗုဒ္ဓမြတ်စွာအလောင်းတော်က ဒီပင်္ကရာမြတ်ဘုရားကြီးလာတော့ မဲ့းသေးတဲ့လမ်း, ရှိသွန်ရှိတဲ့လမ်းကို ဗုဒ္ဓမြတ်စွာ မနှင်းပါစေနဲ့၊ ငါ့ကို နှင်းပါစလို့၊ ဝမ်းလျားမှောက်ပြီးတော့ တံတားခင်း တယ်၊ ကဲ ...ဒီအချိန်ပဲ့ သုမိတ္တာဆိုတဲ့ အမျိုးသမီး၊ သိန်းပေါင်း များစွာ ပရိသတ်ကြီး၊ အဲ....ဒီသိန်းပေါင်း များစွာ ပရိသတ်ကြီးထဲက သုမိတ္တာ ဆိုတဲ့ အမျိုးသမီးကလေး ပါလာတယ်၊ ဘယ်လို ဘယ်လို ဘယ်စိတ် ဘယ်ဘဝက ဘယ်သံဃာဇဉ်ဆိုကလေတော့ မသိဘူး၊ ဒီရဿေ့ကို ကြည့်ပြီးတော့ လောက ပြောနဲ့ ဇပြောရယင် အင်မတန် ချစ်နေတယ်၊ သူယူလာတဲ့ ကြာရွှစ်ခိုင်ကို ရုတ်တရက် ကပ်ပြီးတော့ "ဗုဒ္ဓမြတ်စွာကို ပူဇော်ပါနော်" တဲ့၊ သူ့ရဲ့ လိမ်မာပုံနဲ့ စိတ်နူးညံ့ပုံကလဲ စဉ်းစားဖို့ ကောင်းတယ်။

သူက သုံးခိုင်ယူတယ်၊ ဒီတင် အသာနေပး ထားတယ်လေ၊ အဲ.... ဘုရား အခုလောင်း၊ သူ ဘုရားအလောင်းရယ်, ဘာရယ်, ဒီအချိန် မသိပါဘူး၊ ဟိုကလဲ ဗျာဒိတ်ပေးတော့ မမှုသေးပါဘူး၊ကြာပန်းငါးခိုင်ဆက်ကပ်တယ်၊သူက သုံးခိုင် ယူတယ်၊ ဗုဒ္ဓမြတ်စွာ အနားဆောက်ကဲ့အခါမှာ သူကလဲ ပူဇော်တယ်၊ ရှင်းရှင်း ပြောလိုရှိယင် ဗုဒ္ဓမြတ်စွာက ဗျာဒိတ်ပေးတော်မူပါတယ်၊ဒီဘုရားအလောင်းကို ဗျာဒိတ်ပေးတဲ့အပြင် သုမိတ္တာအတွက်လဲ ဗျာဒိတ်ပေးတော်မူပါတယ်။

ဝေဿန္တရာဇာတ်၁။ ။ချစ်တဲ့ရာဂကို အဓိကြောင်းပြုပြီးတော့ ကုသိုလ်တရား ဘယ်လောက် ပွားသွားသတုန်း၊ ကြာပန်းလူတဘက စပြီးတော့ ကုသိုလ်တရားတွေ ပွားလာလိုက်တာ၊ နောက်ဘဝ သံသရာကျတော့လဲ ဒီဘုရားအလောင်းကို ချစ်တဲ့ရာဂအဓိကြောင်းပြုပြီးတော့ ယိန်းလိုက်တာ စောင့်ထိန်းလိုက်တာ၊ သူ့ကိုယ်သူ ဖစောင့်ထိန်းလိုက်တာ၊ ဘာအပြစ်မှ မရှိအောင် ကြိုးစားတဲ့အပြင် ကုညီစရာရှိလို့ရှိယင်လဲ ကုညီနိုင်တဲ့ဘဝကျတော့ ယသော်ရော အလောင်းဖြစ်တဲ့ မဒ္ဒီမိဖုရားဘဝမှာ သိပ်ချီးမွမ်းစရာပဲ၊ အားလုံးသိတဲ့အတိုင်း ဒီဆင်ဖြူတော်ကို လူတော့ တိုင်းပြည်က မကျေနပ်လို့ နှင်ဖို့ တိုက်တွန်းလို့ ခမည်းတော်မင်းကြီးက ဝေဿန္တရာကို နှင်ရပါတယ်။

နှင်ရတော့ ဘုရားအလောင်းတော်က ဘယ်လို ပြောသလဲလို့ ဆိုတော့၊ "မဒ္ဒီ နန်းတော်မှာ နေရစ်ပြီး သိလရှိတဲ့သူတွေကို လှူဒါန်း၊ ဒါနမှတပါး အားကိုးစရာ ဘာမှ မရှိဘူး"၊ သူ့မှာလဲပဲ ဒါနကို အကြောင်းပြုပြီးတော့ အနှင်ခံရပြီ၊ ဒါနမယ့် ဒါနတရားကိုပဲ ဟောနေတယ်၊ "လူရင်မနဲ့ လူရင် နော်" လို့ဆိုတဲ့စကားက နည်းနည်းမှနိမိတ်မကောင်းဘူးဒေါ့၊ ဘာဖြစ်လို့တုန်း။ 'အဲ မောင်တော်တို့တော့ ဆင်ဖြူတော်လူတဲ့အဘက် တိုင်းပြည်က မကျေနပ်ပို့ ခမည်းတော်မင်းကြီးက ကိုဝက်ဘာတောင် သွားပြီးတော့နေပို့ (တောပြစ်ပေါ့လေ)တောပြစ်ပေးနေပါတယ်၊ ဒကာပေးနေပါဘယ်၊ ဒါကြောင့် မောင်တော်သွားရမယ်၊ နှမတော် ဒါနကိုပြုရစ်ပါနော်" လို့ဘုရားလောင်းက မှာတယ်၊ မဒ္ဒီက ဘာပြောသလဲ "အို ကိစ္စမရှိဘူးလေ၊ မောင်တော်သွားယင် သူလဲ လိုက်မှာပေါ့" ကြည့်စမ်း ရာဂအကြောင်းပြုပြီးတော့ နောက် ကုသိုလ်တွေက လိုက်လာလေ၊ နောက် မယ်တော် ခမည်းတော်များဆို နှုတ်ဆက်တော့ "သမီးတော် နေရစ်လေ၊ သမီးတော် နေရစ်လေ၊ သမီးတော်ကို နှင်တာမှ မဟုတ်ပဲ" သမီးလဲ တော်တယ်၊ ချွေးမလဲ တော်တယ်၊ တူမလဲ ကုတ်တယ်။ "သမီး သမီးလဲ တော်ဘယ်၊ ချွေးမလဲ တော်တယ်၊ တူမလဲ ကုတ်တယ်။ သမီး တော် နေရစ်လေ၊ သားတော် သမီးတော် ကလေးတွေနဲ့ ဘယ်လိုက်လို့ ဖြစ်မှာလဲ" ဆိုတော့ မဒ္ဒီပိဖုရားက ပြောတယ်၊ ဟချို့ မိန်းမတွေက ချမ်းသာပဲ့အခါ ခံစားတုန်းက အတူတူ ချမ်းသာပြီးတော့ ဆင်းရဲတဲ့အခါ

၁။ ဇာတ်အဋ္ဌကထာ၊ သတ္တမတွဲ၊ နှာ-၂၄၁၊ ၃၀၇။

ကျတော့ အဆင်းရဲမခံဝံ့ဘူး”လို့ ဆိုကြတယ်၊ အဲဒီစိတ်ဖြစ်ကြတယ်၊ အဲဒီစိတ်ကို မဒ္ဒိနှားမလည်ပါဘူး၊ “သူနားလည်တာကတော့ ချမ်းသာတုန်းက အတူတူ ချမ်းသာလို့ရှိယင် ဆင်းရဲဘေးလဲ အတူတူဆင်းရဲရမှု ဝတ္တရားဖက်ကျတယ်လို့ သူ နားလည်ပါတယ်၊ ဒါကြောင့် သူလိုက်မယ်”၊ နောက် ခမည်းတော်က သားတော် ဃမီးတော်ကလေးတို့ကို ထားရစ်ခဲ့ဖို့ တားတယ်။

“ဟင့်အင်း မဖြစ်ပါဘူး၊ ဒီ သားတော် သမီးတော်တွေ ကြည့်ပြီးတော့ တိုင်းပြည်ကို သတိမရပဲ ဖြစ်ပါ့မယ်၊ သားတော် သမီးတော်တွေ ကစားကြ၊ သူတို့ကြည့်ပြီးတော့ ပေျာ်လို့၊ စိတ်ချမ်းသာလို့၊ အဲဒီအခါမှာ တိုင်းပြည်ကို သတိမရပဲ ဖြစ်ပါလိမ့်မယ်၊ ဒီလို မဟုတ်လို့ရှိယင် တိုင်းပြည်ကို တတမ်းတတနှင့် ဖြစ်ပါလိမ့်မယ်၊ ဒါခြောင့် သားတော် သမီးတော်တို့ပါမှ ဖြစ်ပါမယ်”။

သွားကြရော၊ အဲဒီကနောက်ကိုလေ၊ တောထဲရောက်တဲ့အခါမှာ မဒ္ဒီမိဖုရား က ဘယ်လိုနေရလိမ့်မယ်ဆိုတာ သူ မစဉ်းစားခဲ့ဘူး၊ စဉ်းစားဖို့လဲ မလိုဘူး၊ ဖြစ်ချင်ရာဖြစ်ပါ၊ ဘယ်လိုစားရမယ်ဆိုတာ သူ မစဉ်းစားခဲ့ဘူး၊ စဉ်းစားဖို့လဲ မလိုဘူး၊ ဖြစ်ချင်ရာဖြစ်ပါ၊ တောထဲရောက်တော့ ကမ္မဋ္ဌာန်းကျောင်းကလေးနှင့် နေကြတယ်၊ “မောင်တော်က ကလေးများကို ကြည့်ပြီးတော့ နေရစ်ပါ၊ သူ သစ်သီးရှာသွားမယ်”ဟုတာပါ၊သစ်သီးရှာတယ်ဆိုတာ လွယ်လွယ်နဲ့ ဘယ်ဟုတ်ပါ့မလဲ၊ကူးစရာ ဖူးရင်းကလေးနှင့်၊လှမ်းဆွတ်စရာ တံချူကလေးနှင့်၊ထည့်စရာ ကောင်းကလေးနှင့်၊ ဒီလိုထွက်ပြီးတော့ရှာတာ ဘယ်လောက် ကြာဘယ်မျှား ထင်သလဲ၊ (၇)လလောက် ကြာတယ်၊ ထားပါတော့ပေါ့၊ ဒီတော့ကာ အဲဒီ ရာဂကိုအကြောင်းပြုပြီးတော့ စိတ်ကောင်းနှလုံးကောင်းတွေဖြစ်နေလိုက်တာ၊ ရာဂအကြောင်းပြုပြီးတော့ ကုသိုလ်ဘရားတွေ ဖြစ်နေလိုက်တာ။

“ကလေးတွေကို စောင့်ရှောက်တယ်၊မောင်တော်ကို စောင့်ရှောက်တယ်၊ပြီးတော့ ဥပုသ်သီလကိုထိန်းထားတယ်၊တောထဲရောက်ကတည်းက ဥပုသ်သီလကို ထိန်းသားတယ်၊လူလိုမနေဘူး၊ယောဂီလိုနေကြတယ်၊ ဒီတော့ ရာဂအကြောင်း ပြုပြီးတော့ ကုသိုလ်တွေ မဖြစ်ဘူးလား၊ ဖြစ်ခနတာပဲ၊ ဒါကြောင့် အကုသိုလ် တရားက ကုသိုလ်ဘရားကို ကျေးဇူးပြုတယ်လို့ ဆိုတာဟာ ဒီလိုပုဂ္ဂိုလ်တွေ

ထောက်ပြီးတော့ အကုသိုလ်ဆိုတဲ့ ဂုဂကို အကြောင်းပြုပြီးတဲ့ သကာလ ကုသိုလ်တွေ ဒေများကြီးပြစ်တယ်။

ဒါနဲ ပြဦးတော့၊ ဒီ ဝေဿန္တရာမင်းသား သားတော် သမီးတော်တွေ လူလိုက်တော့ သူ့စိတ်ထဲ မဒ္ဒီမိဖုရားအတွက် အင်မတန်အင်မတန်စိုးရိမ်နေတယ်၊ သားဓတော် သမီးတော်ဓတ္တ လူလိုက်လို့ရှိယင် မဒ္ဒီမိဖုရား ရင်ကွဲများ သေသွား မလားလို့၊ တော်တော်နှင့် ထုတ်ဖော် ဓပြောဘူး၊ တည်လုံး မဓပြောဘူးလေ၊ တည်လုံး မဓပြောဘူးလေ၊ မဓပြောရက်လို့ မပြောတာ၊ ထုတ်ဖော် မဓပြောဘူး၊ မဒ္ဒီမိဖုရားလဲ တည်လုံးရှာတာပဲ၊ အခေါက်အခေါက်အခါခါ လှည့်ပတ်ပြီးတော့ ရှာတာပဲ မတွေ့ဘူး ဝမ်းနည်းတယ်၊ ဒီဝေဿန္တရာမင်းနား သွားတော့လဲ စကားမပြောဘူး၊ "အပြောခက်လွန်းလို့၊ အပြောခက်လွန်းလို့" နောက်တော့ တည်လုံး ပင်ပန်းလွန်းမက ပင်ပန်းလွန်းတော့—

အနားသွားတဲ့အခါကျတော့ ဝေဿန္တရာမင်းက သိပ်ပြီးတော့ စကားလုံး ရှာလို့ မရဘူးနော်၊ ဒါနဲ့ "သင်က မနက်က အဓစာကြိုးသွားတယ်၊ ပြီးတော့ မိုးချုပ်မှ ပြန်လာတယ်၊ ဒီသားနဲ့ သမီးနဲ့ လင်နဲ့ကုန်တဲ့အကြောင်းသမီးတို့တာ ဒီလိုပဲလား" ဆိုတော့ သူ့ပဲ မယုံသလိုလို ဘာလိုလို၊ ဒီလို ပြောဓတော့ ဝမ်းနည်း ပြီးတော့ လဲများသွားတယ်။

အဲဒီမှာတင် ကပျာကယာ ဒေဝလောင်းတော်ဝေဿန္တရာမင်းက ကပြီးတော့ "ငါမိဖုရားတော့ ဆုံးပြီထင်တယ်၊ တောကြီးတဲမှာ ဆုံးရှာပြီ" အဲဒီလို ထင်ပြီးတော့ သနားသွားတယ်၊ ဦးခေါင်းကဓလေးကို ပေါင်ပေါ်တင် ရင်ကဓတကောင်းက ဓရလေးနဲ့ တစက်စက်ချဓပေးတော့ သတိရလာတယ်၊ သတိရလာဓကော့မှ ကပျာကယာ သူတင်ပြီးတော့ စိတ်ဓာဝေးတော့ ဂိုသွားပဲနဲ့ တူတယ်၊ ယုတ္တိယယ ဟိုက ပြုစုနေပြီလား၊ ဒဲဒီစိတ်ဓာမှိုလာတော့ တင်ပြီးတော့ ဓမေးတယ်။

"သားတော် သမီးတော်တွေ ဘယ်ကိုများ သွားကြသလဲ" ဓမေးတယ်၊ မေးတော့ ဒီ ဟို ပေါ့လေ သက်သက်လာသာ ဖြစ်အောင် "မဒ္ဒီ သိပ်ပြီးတော့လဲ ပူဆွေးမနေနဲ့၊ အလှခံပုဂ္ဂိုလ်လာလို့ လူလိုက်တယ်၊ လူလိုက်ပေမယ့်လို့ တန်ဖိုးဖြတ်

လူလိုက်တာ၊ ပြန်ရဖို့ရန် မျှော်လင့်ချက်ကလေးတွေနဲ့ ရှိပါစေတော့လို့၊ သမီးတော်ကို ဘယ်လိုဘန်ဖိုးဖြတ်လိုက်တယ်၊ သားတော်ကို ဘယ်လိုတန်ဖိုးဖြတ်လိုက်တယ်'' အဲ-အဲဒီလိုပြောတော့ မျှော်လင့်ချက်က အတော်ကြီးရသွားတယ်။

အဖိုးဖြတ် လူလိုက်လို့ ရှိယင် တနေရာက ရွေးမှာ၊ ဒီတန်ဖိုးက ရှင်ဘုရင်မှ ရွေးနိုင်တဲ့ အဖိုးတွေ၊ ဟန်ဖိုးတွေ၊ ဆင်ရတနာတွေနဲ့ မြင်းရတနာတွေနဲ့၊ အဲဒီလိုရွေးမှာဖြစ်တော့ ရှင်ဘုရင်မှ ရွေးနိုင်မှာ၊ တနေ့ပြန်တွေ့မယ်လို့ မျှော်လင့်ချက်ကလေးနဲ့ ပြောရတယ်၊ ပြောတော့ ဒီပဒဒိမိဖုရားက သတ္တိနည်းနည်းဆိုလို့ ရှိယင် ပိုပြီးစတာ့ လူးလိမ့်ငိုစရာပေါ့။

''ဝမ်းမြောက်ပါတယ်၊ ဒါအကောင်းဆုံးဒါနပဲ၊ အမြတ်ဆုံးဒါနပဲ၊ လူပါသူ ဝမ်းမြောက်ပါတယ်''တဲ့၊ ''ဗမာလို့တော့ သူ ဘာခု ခေါ်တယ်ပေါ့''၊ ''ဝမ်းမြောက်ပါတယ်၊ နောင်ကိုလဲ ဒီထက်ပိုပြီးတော့ လူပါ''တဲ့၊ ကြည့်စမ်း ဒီမလာက အပြောနဲ့ ချစ်နေတော့ ဗမာတွေက သိပ်ပြီးတော့ အပြင်တင်ချင်ကင်မယ်၊ ဘုန်းကြီးက မတင်ပါဘူး၊ 'ချစ်'ဘာဖြစ်တုန်း၊ သံသရာကြီးထဲ ဒီလိုပဲ ချစ်ကြမှာပေါ့၊ ချစ်ပြီးတော့ ကုသိုလ်တရားတွေ များများကြီး ရနေမယ် ဆိုပါင် ဘယ်လောက်ကောင်းမလဲ။

မဒ္ဒီမိဖုရားဟာ ကုသိုလ်တရားတွေ များများကြီးရ၊ အလိမ္မာတွေ များများကြီးရှိ၊ သိပ်ဖတ်ပြီးတော့ နေဘယ်လေ၊ ထပ်ပြီးတော့ ဆက်ပြောရဦးမယ်၊ နောက်တော့ ဇာလိတို့ ကဏှာတို့ကို ရွေးလို့ အားလုံးပေါ့လေ ရွေးပြီးပြီ၊ ရွေးပြီးတော့ ဘိုးတော် ဘဝးတော်မျှားက မေးတယ်၊ နေကြထိုင်ကြပုံ၊ ခမည်းတော်အကြောင်းကို တည့်မပြောဘူး၊ မယ်တော်အကြောင်း ပြောတာပဲ။

''မယ်တော်က နေတိုင်း သစ်သီး သစ်ရွက်ရွာ သွားရပါတယ်၊ မယ်တော်ရဲ့ အသားအရေတွေ ရွေးတုန်းကလို မဖြူပါဘူး၊ အသား ညိုလာပါတယ်၊ နေပူခံရလို့၊ 'ပြောတတ်လိုက်တာ'ပြီးတော့ ဆံပင်တွေ ရွှေတုန်းကလို ဆံပင်မမျှားပါဘူး၊ ဆူးခက်နဲ့ငြိလို့ ဟိုကပြတ် ဒီကပြတ်နဲ့ ကျိုကုန်ပါပြီ''။

မယ်တော်အကြောင်းပြောတာပဲ၊ ဒီနားထောင်နေတဲ့ မှူးမတ်တွေ အားလုံးက ခွင့်လွှတ်ပြီး၊ အဲ့ ခမည်းခဘ၀်ကြီး မယ်ခဘ၀်ကြီးမျှားကလဲ ပြန်ခေါ်

ဖို့ဆိုပါတော့ ပြန်ခေါ်တယ်၊ ဇာလီဧင်းသားက ရွှေဆောင်လမ်းပြ လုပ်ပြီးတော့ စစ်တပ်နဲ့တက္ခ သွားတာပဲ၊ ဟိုမှာ ဘိသိက်သင်းခဲ့ရလို့ ကိုင်းပြည်က အကျေနပ်ကြီး ကျေနပ်ပြီလေ၊ ဒီတော့ သွားလို့ စစ်သံတုန့် ဟီးပြီးတော့ တောကို ဝင်လာတယ်ဆိုယင် "ဝေဿန္တရာမင်းကြောက်တယ်တဲ့" ဘုန်းကြီးက ဝေဿန္တရာမင်း ကြောက်တယ်ဆိုတာ ကြောက်ရုံတင် မကဘူး၊ တောင်ပေါ်ကို တက်ပြီးတော့၊ တောင်ပေါ်ကို ပျာယီးပျာယာနဲ့ တက်သွားတာပဲ၊ သွားတော့ မဒ္ဒီမိဖုရားက လိုက်သွားတယ်။

"ဘာဖြစ်ဘာတုန်း"

"မင်း ဘာသိလို့တုန်း၊ ခမည်းတော်ကြီး သတ်ပြီးတော့ ငါ့ကို သတ်မလို့၊ စစ်တပ်နဲ့ လာတာ"၊ ကြည့်စမ်း ဝေဿန္တရာမင်း ဖြစ်နေပုံတွေ့၊ ဘုန်းကြီးက နည်းနည်းတော့ စိတ်က တမျိုးကြီးနော်ကိုး၊ အလောင်းတော်ကြီးရဲ့ စိတ်ဟာ၊ မဒ္ဒီမိဖုရားက "အို....ဘယ်ဟုတ်ရမှာလဲ၊ ဒီစစ်ဟာ ကိုယ့်ဘက်ကစစ်၊ ကိုယ့်ကယ် ဆယ်ဖို့လာတဲ့စစ် သိကြားက ဆုပေးတုန်းက ပြောသွားတယ်"။

(ဘုန်းကြီးက ဒီကြားထဲ ဖြတ်ထားတယ်) 'နောက်ကို လာပြီးတော့၊ ခမည်းတော်များ ကျေနပ်လို့ လာခေါ်ပါလိမ့်မယ်'လို့ ပြောသွားတယ်၊ အဲဒါလဲ ဝေဿန္တရာမင်းက သတိရချင်မှ ရမယ်၊ စိတ်နည်းနည်းလန့်နေတယ်။

ဒါနဲ့ မဒ္ဒီမိဖုရားက– "ဆင်းကြည့်ရအောင်၊ ဒါ ကိုယ့်စစ်ပါ ရန်သူစစ် မဟုတ်ပါဘူး"၊ အဲသလို ပြောတော့မှ ဝေဿန္တရာမင်းက ပြန်ပြီးတော့ ဆင်းလာပြီး ကမ္မဋ္ဌာန်းကျင်းပေါ်မှာ အေးအေးဆေးဆေး ထိုင်နေတော်မူတယ်။

ဘုန်းကြီးက တန့်ဖိုးရှိလိုက်တဲ့ မိဖုရား၊ တန့်ဖိုးရှိလိုက်တဲ့ အလောင်းတော်၊ ဒီလောကကြီးမှာပေါ့လေ၊ "ရာဂံ"၊ရာဂကို၊ဥပနိဿယ၊မြို့၍လို့၊ အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်လို့ ဆိုတာဟာ အင်မတန် မှန်တယ် အင်မတန် မှန်တယ်။

ဒုက္ကလနဲ့ပါရိတ။ ။ဒီကြားထဲမှာ အလောင်းတော်ကြီးတွေ၊ ရှင်ဟော၊ ဟသပ အလောင်း၊ မယ်ဘဒ္ဒါတို့ အလောင်းတော့၊ တရုတ်ရာတုန်းက ဟိုဘက်ကမ်းတံငါသူကြီးရဲ့သမီး။ ဒီဘက်က တံငါသူကြီးရဲ့ သား

ဖြစ်ကြတယ်၊ သူတို့ကို အရှယ်ရောက်တော့ လက်ထပ်တော့မယ် ဆိုတော့ နှစ်ယောက်စလုံးက မလိုချင်ဘူး၊ အိမ်ထောင်မပြုချင်ဘူး၊ သူတို့ တောထွက်မယ်၊ ဘာပြုလို့တုန်းဆိုတော့ နှစ်ယောက်စလုံးက ဗြဟ္မာပြည်က လာကြတဲ့ သူတော်ကောင်း အလောင်းအလျာတွေဖြစ်လို့။

ဒါပေမယ့်လို့ လူကြီးတွေက သူတို့ ဘယ်လောက် ငြင်းနေနေ အတင်း လက်ထပ် ပေးကြတယ်၊ လက်ထပ် ပေးလိုက်တော့လဲ လက်ထပ် ပေးတယ် ဆိုရုံဖော့ စိတ်ကပျိုပြီးတော့ ရင်းနှီးလာကြတယ်လေ၊ ပိုပြီးတော့ ရင်းနှီးလာလေ၊ ကာမဂုဏ်စိတ်နဲ့ တယောက်ကိုတယောက် မကြည့်ကြဘူးလေ၊ မောင်နှမလိုပဲ၊ ချစ်ဖတော့ သိပ်ချစ်ကြတယ်၊ ဆုဂလို့ ပြောချင်ပြော၊ သိပ်ချစ်တာပဲ၊ သိပ်ချစ်ပေမယ့်လို့ ကာမဂုဏ်စိတ်နဲ့ မနေဘူး၊ သူတို့နှစ်ယောက် ကြင်ကြင်နာနာ ချစ်ချစ်ခင်ခင် ဓနတာပဲ။

နှစ်ဘက်မိဘတွေက ဆွေမျိုးတွေက ငါးတွေ အလုပ်လုပ်ကြတယ်၊ သူတို့က နှာခေါင်းရှုံ့တယ်၊ မျက်နှာရှုံ့တယ်၊ သူတို့က အလုပ် မလုပ်သည့်အပြင် ဒါခတွေကို စက်ဆုပ်လို့၊ ဘုန်းကြီး ကျေနပ်လွန်းလို့၊ ကျေနပ်လွန်းလို့၊ လောကမှာ အကောင်းတွေ ဘယ်လောက် ကောင်းတယ်ဆိုတာ ရှေးက ပြဿနာကြလို့နော်၊ ဒါနဲ့ ဓဆွေမျိုးနှစ်ဘက်စလုံးက ဒါလောက် မင်းတို့ ငါးတွေကို သနားယင် တောထွက်သွားပါလားဆိုတော့ "ဟာ ထွက်တာပေါ့"၊ နှစ်ယောက်စလုံး ဗတောထွက်လို့ ဒုက္ကုလနဲ့ ပါရိတ သုဝဏ္ဏသာမဇာတ်မှာ၊ နောက် သုဝဏ္ဏသျှံယတို့သားလေး ရတယ်လေ၊ ရတာလဲ ပေါင်းဖော်လို့ရတာ မဟုတ် ပါဘူး' သိကြားမင်းက ပေးကိုပေးလို့၊ ရအောင်ကို စီမံပေးလို့ရတာပါ။

အင်မတန် ချစ်ကြတယ်၊ ဟိုမှာ ဥပုသ်စောင့်ပြီးတော့ သူတော်ကောင်းအဖြစ်နဲ့ နေကြတယ်၊ ဒါကြောင့် ရာဂကို အကြောင်းပြုပြီးတော့ ကုသိုလ်တရားတွေ တိုးပွားနေတာ လောကမှာ မျှားလွန်းလို့ မျှားလွန်းလို့၊ ဗမာ

၁။ ဇာတ်အဋ္ဌကထာ၊ ဆဋ္ဌတွဲ နှာ-ဂဇ၊ ဇ၃။ (သုဝဏ္ဏသာမဇာတ်)

တွေကတော့ ချစ်တယ်ဆိုယင်ပဲ သူတို့က အပြစ်ကြီးကြီးထင်နေတာ၊ ဘုန်းကြီးက ချစ်ပေါ့လေ၊ ချစ်ပြီးတော့ ကုသိုလ်တရား အများကြီးရစေဘောင် လုပ်ပေါ့၊ အိမ်ဒထောင်အဖြစ်နဲ့ ဓနလို့ရှိယင်လဲ ချစ်ကြပေါ့၊ ချစ်ကြပါ၊ ဒါပေမယ့် တယောက်တယောက် စောင့်ရှောက်ပါ။

ကုသိုလ်တရား များများရအောင် လုပ်ပေါ့၊ မိမိတို့ကိုယ်ကို မိမိတို့ စောင့်ရှောက်လို့၊ လောကအပြစ်လဲ မဖြစ်စေပဲနဲ့၊ အကုသိုလ်အပြစ် မဖြစ်စေပဲနဲ့၊ ငါးပါးသီလထိန်းလို့၊ ဥပုသ်နေ့လဲ ဥပုသ်စောင့်လို့၊ သမီးခင်ပွန်း ဒီလိုနေကြပါ၊ ချစ်ဘာကို အကြောင်းပြုလို့ ကုသိုလ်ဘရားတွေအများကြီးလုပ်လို့၊ ဒါနပြုကြစို့၊ ချစ်တာကို အကြောင်းပြုပြီးတော့ သန့်သန့်ရှင်းရှင်း ဒါနပြုလို့၊ ဘေးက ခရီးမွန်းတဲ့ ဒါနတွေဟာ အပိုတွေပါ၊ ကုသိုလ်ရကဲ့ ဒါနလုပ်ကြစို့၊ ဆရာကောင်း သမားကောင်းတွေရဲ့ စကားကို နားထောင်ပြီးတော့ ဒါနလုပ်ကြစို့၊ ဂုဏ်ရှိတဲ့ဒါနလို့ နားလည်ခဲ့ပြီးတော့ ဒါနမဟုတ်တဲ့ အကုသိုလ် ဒါနတွေ မလုပ်ကြစို့နဲ့၊ ဒါနဆိုယင် ပေးလို့ ကမ်းလို့၊ အဲသလို ဓနကြွယ်ဝရဲ့သိုးယင် ချစ်ဘာကို အကြောင်းပြုပြီးတော့ ကုသိုလ်ဘယ်လောက် ကုသိုလ် ဘယ်လောက် သန့်ရှင်းလဲတုန်း၊ တရားထိုင်ကြစို့ရဲ့၊ ဘာဝနာ ပွားကြစို့ရဲ့၊ ဗိုလ်စွဲတာအကြောင်းပြုပြီးတော့ ပယောက်တယောက်စောင့်ရှောက်လို့ တယောက် တယောက် အရေးပေးလို့ အင်မတန် ကန်ပိုးရှိတယ်။

ဒါကြောင့် ဗုဒ္ဓမြတ်စွာက အကုသိုလ်က ကုသိုလ်ကို ပကတ္တုပနိဿယ သတ္တိနဲ့ ကျေးဇူးပြုပါဘယ်လို့ အဲသလို အမိန့်ရှိတော်မူတယ်။

တခါ ကုသိုလ်က ကုသိုလ်ကိုကျေးဇူးပြုတယ်၊ ဒါပေမဲ့ကတော့ အလွယ်ကလေး၊ အလွယ်ကလေး၊ ကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုတယ်၊ ကုသိုလ်ဖြစ်ဖတ်ဆက်ပြီးတော့ တိုးပွားလိုက်တာပဲ။

ပုဂ္ဂိုလ်က ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုပုံ။ ။ပြီးတော့ ဒီပစ္စည်းက အင်မတန်ကျယ်တယ်၊ ဒီပဋ္ဌာန်းပစ္စည်းက အင်မတန်ကျယ်တယ်၊ ပုဂ္ဂိုလ်တယောက်ကလဲ ကုသိုလ် အကုသိုလ်ကို ကျေးဇူး ပြုနိုင်တယ်။

"ပုဂ္ဂလော ဘောဇနံ ဥတု သေနာသနံ"

ပုဂ္ဂိုလ်တယောက်က ပုဂ္ဂိုလ်တယောက်ကို ကုသိုလ်ဖြစ်အောင်လဲ ကျေးဇူးပြုနိုင်ဘယ်၊ အကုသိုလ်ဖြစ်အောင်လဲ ကျေးဇူးပြုနိုင်တယ်၊ ခုတင်က သမီးခင်ပွန်းပဲ ဆိုပါတော့၊ တယောက်က ကုသိုလ်လုပ်ချင်တယ်၊ တယောက်ကတား တယ်၊ စားစရာမရှိဘူး၊ ဒီလိုသာ ကုသိုလ်တွေလုပ်နေလို့ ရှိယင် ငတ်ကုန်လိမ့်မယ်၊ ကလေးတွေပါ ငတ်ကုန်လိမ့်မယ်၊ သမီး ခင်ပွန်းချင်းပေမယ့် အကုသိုလ်ဖြစ်အောင် လုပ်ပေးလို့ ရာဘယ်၊ သမီး ခင်ပွန်းချင်းပဲ တယောက် တယောက် ချစ်ပြီးနေလို့၊ တယောက်မဆင်းရဲရအောင် မတရားစီးပွားရှာလို့၊ တယောက်ကလဲမတရားစီးပွားရှာတာကျေနပ်လို့၊ မတရားဆောင်းလို့ ဝယ်လို့၊ ခိုးလို့၊ ဝှက်လို့၊ သတ်လို့၊ ဖြတ်လို့၊ ဒါ ကျေနပ်လို့၊ ဒါ အကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုနေတာပဲ၊ ဒါ ပုဂ္ဂိုလ်က ကျေးဇူးပြုနေတာပဲ။

သူတော်ကောင်းပုဂ္ဂိုလ်နဲ့ တွေ့ပြန်တော့ မလုပ်ပါနဲ့၊ အကုသိုလ်လုပ်မယ် ဆိုယင် အကုသိုလ်မလုပ်ပါနဲ့၊ စေ့းဆော်းလို့ ချွတာစားတာပေါ့၊ ရှိလို့ ဒီဘဝ တော်သေတာက ဘာမှမဖြစ်ဘူး၊ ပိုဘက်ဘဝမှာ ငရဲ ရှိတယ်၊ တိရစ္ဆာန်ရှိသေးယ်၊ ပြိတ္တာရှိတယ်၊ ဒါတွေ တို့ရောက်သွားလို့ ရှိယင် သက်သာမတဲ့လား၊ ဟာ မတရားမလုပ်နဲ့ မတရားမလုပ်နဲ့ အိမ်သူကလဲ အိမ်သာကို မဘုရားတော့ မရှာနဲ့၊ ချွတာစားမယ်၊ အိမ်သားကလဲ အိမ်သူကို မတရားတော့ မရှာနဲ့၊ ချွတာစားမယ်၊ "ကြည့်စမ်း ကြည့်စမ်း" တယောယ်း တယောက် ကျေးဇူးပြုနေတာ၊ ပုဂ္ဂိုလ်က ကျေးဇူးပြုနေတယ် ဒီမှာကျတော့ ကုသိုလ်ကိုလဲ ကျေးဇူးပြုတယ်၊ ဗုဒ္ဓမြတ်စွာကလေ မင်္ဂလသုတ်အစဆုံးမှာ—

"အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ"

ဗာလာနံ၊ လူပိုက် လူဖျင်း လူအ တို့ကို။ အသေဝနာ စ၊ မဆက်သွယ်ခြင်း မပို့ဆောင်ခြင်း မပေါင်းဖက်ခြင်း မဆည်းကပ်ခြင်း လည်းကောင်း။ ပဏ္ဍိတာနံ၊ လူတတ်လူလိမ္မာ လူပညာရှိ သူတော်ကောင်းတို့ကို။ သေဝနာစ၊ ပေါင်းသင်းဆက်ဆံရပို့ဆောင်ရခြင်းလည်းကောင်းလို့။ 'ကြည့်စမ်း ကြည့်စမ်း'။

တခါတုန်းက အရှင်အာနန္ဒာတပါးတည်း ဆိတ်ဆိတ်နေတယ်၊ နေပြီးတော့ သူတော်ကောင်းများနော် တယ်တန်ဖိုးရှိတာကိုး၊ သူတော်ကောင်းနဲ့ပေါင်းရ

တာမျှား တယ်ကောင်းတာကိုးလို့ အရှင်အာနန္ဒာက အင်မတန်ဝမ်းမြောက်ဝမ်းသာနဲ့ စိတ်ကူးနေတယ်၊ ရသမျှကုသိုလ်၀တ္ထု သူတော်ကောင်း အတွက်ကြောင့် တဝက်ကတော့ ပြီးတာပဲ၊ တဝက်ကသာ ကိုယ်က ကြိုးစားရတယ်၊ တဝက်ကတော့သူတော်ကောင်းတွေအတွက်ကြောင့် အလိုလိုပြီးသွားတာ၊ကိုယ်မကြိုးစားရပဲနဲ့ ကုသိုလ်တွေ့ရတယ်၊ အင်မတန် သူ့ဆုံးဖြတ်ချက်နဲ့သူ့ရည်ရွယ်ချက်နဲ့ သူ့အကြောင်းပြချက်နဲ့ ကောင်းလှပြီလို့ ထင်ပြီးတော့....

ဗုဒ္ဓမြတ်စွာကို အားရပါးရ သွားပြီးတော့ လျှောက်တယ်၊ "မြတ်စွာဘုရား သူတော်ကောင်းနဲ့ ပေါင်းရတာကတော့ သိပ် အကျိုးများတာပဲ ဘုရား၊ တဝက်ကုသိုလ်ကတော့ ဘာမှမလုပ်ပဲနဲ့ တိုးသွားတာပဲ"၊ အရှင် အာနန္ဒာက ဗုဒ္ဓမြတ်စွာလျှောက်တော့ "အာနန္ဒာ ဒီလိုမပြောနဲ့၊ ဒီလိုမပြောနဲ့၊ သူတော်ကောင်းနဲ့ပေါင်းရလို့ ရသမျှကုသိုလ်တွေဟာ သူတော်ကောင်းကြောင့်ချည်း ရဘာပဲလို့၊ တဝက်မကဘူး၊ အကုန်လုံး သူတော်ကောင်းကြောင့် ရတယ်၊ အာနန္ဒာ ငါဘုရားတည်းဟူသော သူတော်ကောင်းကို ပေါင်းကြရလို့ တသံသရာလုံး တအိုဆဲအိုနေမယ့်သူတွေ့,တနာထဲနာနေမယ့်သူဘွဲ့, တသေထဲသေနေမယ့်သူတွေ့ကြည့်စမ်း၊မအိုရတော့ဘူး၊မနာရတော့ဘူး၊မသေရတော့ဘူး၊ရဟန္တာတွေ့ဖြစ်လို့ ပရိနိဗ္ဗာန်စံကြတယ်၊ ဒါ ငါဘုရားနဲ့ပေါင်းရလို့၊ ငါဘုရားနဲ့သာမပေါင်းရလို့ ရှိယင် တခုမှဖြစ်မှာမဟုတ်ဘူး၊ တဝက်မပြောနဲ့ တပိုင်းတည်းမပြောနဲ့,တစိတ်မပြောနဲ့ တခုမှဖြစ်မှာမဟုတ်ဘူး၊ခုတော့ ဗုဒ္ဓမြတ်စွာနဲ့ပေါင်းရလို့ အိုနာသေရေး ဒုက္ခဘေးမှ လွတ်ပြီးတော့ နေကြရ သွားကြရတယ်၊ သူဘော်ကောင်းနဲ့ပေါင်းရလို့ ကုသိုလ်တွေ့ရသမျှ သူတော်ကောင်းကြောင့် ရတာ၊ တဝက်မကဘူး အကုန်ရတယ်"

ဗုဒ္ဓမြတ်စွာ မိန့်တော်မူတော့မှ အရှင်အာနန္ဒာလဲ ဟုတ်သားပဲကိုး၊ ဟုတ်သားပဲ၊ ဒါ သူဘော်ကောင်းနဲ့ ပေါင်းရတာဟာ ကုသိုလ်တွေ့ သိပ်ရတာ၊ အဲသလိုဆိုယင် မသူတော်နဲ့ ပေါင်းရတဲ့ဟာလဲ ငရဲရောက်အောင်ကို ရတယ်၊ ငရဲရောက်ရတယ်၊ဘာပြုလို့လဲ၊သူကပြောယင် မတော်စာတွေ့ချည်းပြောတယ်၊ မတော်တာတွေ့ အလုပ်ခိုင်းတယ်၊ အဘာဘသတ်မင်းဟာ တကယ့်ကိုသူတော်

၁။ သဂါထာဝဂ္ဂသံယုတ်၊ ကလျာဏမိတ္တသုတ်၊ နှာ-၈၈။

ကောင်းလေ.ပါ၊ မျိုးရောရိုးရော စိတ်ရင်း စေတနာရင်းရော အကောင်းလေးပါ၊ ရှင်ဒေဝဒတ်နဲ့ပေါင်းလိုက်မိတဲ့အတွက်ကြောင့် အဝီစိကို ကပ်တာပါပဲ၊ ဒါ့ကြောင့် မသူဌေးနဲ့ ပေါင်းရဘာဟာ နည်းနည်းကလေးမဟုတ်ဘူး၊ အကုသိုလ် အကုန်လုံး၊ ရသမျှအကုသိုလ်ဟာ မသူတော်ကြောင့်ချည်းပဲဖြစ်နေပါတယ်၊ သိပ်ဆတီထားစရာကောင်းတယ်။

ဒါ့ကြောင့် ဒီပကဘူပနိဿယသတ္တိကလဲ ပုဂ္ဂိုလ်က ကုသိုလ်အကုသိုလ်ရဖို့ဆို ပကတ္တူပနိဿယသတ္တိနဲ့ ကျေးဇူးပြုပါတယ်၊ ပုဂ္ဂိုလ်က သုခဒုက္ခရဖို့ဆို ပကတ္တူပနိဿယသတ္တိနဲ့ကျေးဇူးပြုကြပါအယ်၊ ပုဂ္ဂိုလ်ကကောင်းနေလို့ရှိယင် ကောင်းတာလုပ်ယင် သုခဖတ္တရကြွေတယ်၊ မကောင်းဆိုတာ တမင်ယုတ်မာခွင့်တဲ့ မကောင်းမဟုတ်ဘူး၊ ညှဉ်တဲ့မကောင်း၊ အဲဒီလိုမကောင်းတဲ့ပုဂ္ဂိုလ်နှင့် ပေါင်းရလို့ရှိယင် ဒုက္ခတွေနေရတယ် ဆိုပါတော့၊ ဆရာက မကောင်းလို့ရှိယင် တပည့်ဖတ္တ ဒုက္ခများတာပဲ၊ မိဘမကောင်းလို့ရှိယင် သားသမီးတွေ့ ဒုက္ခများနေတာပဲ၊ အဆက်ဆက်ဒုက္ခများနေတာပဲ၊ ဒါကြောင့် ပုဂ္ဂိုလ်ဟာ သုခ, ဒုက္ခပြစ်းအောင်လဲ ကျေးဇူးပြုနိုင်တယ်၊ ကုသိုလ် အကုသိုလ် ဖြစ်အောင်လဲ ကျေးဇူးပြုနိုင်ပါတယ်။

အစားအသောက်က ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုပုံ

ဘောဇနံ၊ အစာက ကုသိုလ် အကုသိုလ်ဖြစ်အောင်လဲ ကျေးဇူးပြုနိုင်တယ်၊ ဘောဇနံ၊ အစားအသောက်၊ ခုကာလအစားအသောက်တွေ့ အမယ်လေး ဘယ်အစာ စားတော့မှ အားရှိတယ် ပြောပြီးတော့ စားကြတယ်လို့၊ ပြီးတော့ဒီအစားတွေ့ စားပြီးဟော့ ဘာလုပ်ကြသလဲ၊ ပျော်ပါးပါးကြီး နေထိုင်ကြတယ်၊ ကောင်းဖယ်ဆိုတဲ့ အစာ အာဟာရက အကုသိုလ်ကို ကျေးဇူးပြုနေတာပဲ၊ အဲတချို့တော့လဲ မျှတအောင် စားပြီးတော့ အဲ မျှဝေဖို့လေးစားပြီးတော့ တခုးကျင့်ကြ ကောင်းကောင်းစားကြ၊ ဒီတော့ ဘောဇဉ်က ပေမယ်လို့လဲ ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုနိုင်တယ်။

ဟုတ် လူငယ်မှာ ဒီးစာကိုလေ ချိန်စားကြမယ် ဆိုလို့ရှိယင် အစာတွေ့ကို အဲဒါ တကတည်း အဆီအဆိမ်နဲ့ ဘာနဲ့ ကောင်းတာတွေ့ကို တကတည်း စားကြတယ်၊ ဘောဇဉ်က အကုသိုလ်ကို ကျေးဇူးပြုနေတာပဲ။

အိမ်ရှာစသည်ကစ
ကုသိုလ် အကုသိုလ်ကို ခကျွးဇူးပြုပုံ

သေနာသနံ · အိပ်ရာ ဓနရာတော့ ခမ်းခမ်းနားနား ဧင်းလို့ ပျော်ပျော်ပါးပါးနေလို့ ဘုန်းကြီးတွေ အိပ်ရာဓနရာ ခမ်းခမ်းနားနားနေကတည်းက ဒီအိပ်ရာဓနရာကို သာပြီးထောဉ့သာယာတယ်၊ဒီဓနရာက အကုသိုလ်ဖြစ်ပေါ်နေပြီ၊ ဘော်တော်ကြာတော့ ဒီအိပ်ရာ ဓနရာပေါ်မှာ အကုသိုလ်တွေကြံလို့ စည်လို့ လူဒုတ္ထမှာတော့ ခံစားလို့၊ အဲဒီ အိပ်ရာဓနရာက အကုသိုလ်ကို ကျေးဇူးပြုနေတယ်။

အိမ်ကောင်း ရာကောင်းတွေ ဆောက်လုပ်ကြတာ ဧနဲ့တို့ မျှဘရိုးလေး မီးတင်းကိစ္စ သက်သာချိုက်လေး၊ ဒါကတော့ အကုသိုလ် မဟုတ်ပါဘူး၊ ခမ်းနားအောင်ဆောက်ပြီး အလှအပတွေ ပြင်ကားကြတယ်၊အိမ်ကိုခုလှအပတွေ ဆင်ထားတာ သာယာတာ မဟုတ်လား၊ သာယာတော့ အကုသိုလ်ဖြစ်သို့ စိတ်ကာ ကုသိုလ်နဲ့အကုသိုလ် ၂-ခုပဲဖြစ်ကာ၊ ဒီပြင် စိတ်ဓတ္တဇတော့ မဖြေပေးလောက်ဘူး၊ ကုသိုလ်မဖြစ်ယင် အကုသိုလ်ဖြစ်သို့၊ ကျောင်းတွေ ခမ်းခမ်းနားနား ပြုဆင်သို့၊ ဘုန်းကြီးကွေက သာယာ၊ ကျောင်းကို အကုသိုလ်ဖြစ်ဘာပဲ၊ အိမ်တွေ ခမ်းခမ်းနားနားဆောက်လို့ သာယာလို့ ပျော်လို့ သားဘွေသမီးတွေနဲ့ ကြွားလိုက်ကြတာ၊ ဒါအကုသိုလ်ဖြစ်တာပဲ၊ ဒီတော့ မဆောက်ရဘူးလို့ ဘုန်းကြီးတားတာ မဟုတ်ပါဘူး၊ သူတို့ ဖြစ်မှုကောကို ပြောတာပါ။

ဘုန်းကြီးတို့ကျောင်းမှာတော့ သာသာယာယာ ခမ်းခမ်းနားနား လုပ်ကို မလုပ်ရဘူး၊ ဘာပြုလို့လဲ အကုသိုလ်ဖြစ်မှာပို့၊ ဘုန်းကြီးသိသားပဲ၊မလုပ်ရဘူး၊ မဆင်ရဘူး၊ မပြင်ရဘူး၊ပြီးတော့ သူတို့ကျွန်ုပ်သလို သူတို့ကျောင်းကောတွေ ဆောက်တာခတော့ ဆောက်ပါစေ၊ အဲ ဖိုမိတို့က သာယာအောင်တော့ မဆိုင်းရဘူး၊ မပြင်ရဘူး၊သန့်ရှင်းအောင်သာလုပ်ရမယ်၊ ကိုယ့်တိုက်ခဲမှာ သန့်ရှင်းအောင်ထားပါ၊ ဒါတွေမြင်လို့ ဒါတွေမြင်လို့ အဲ့ဒါကုန်လုံးပြောနေတာ။

ဒီတော့ ပကာဘူပနိဿယမှာ ပုဂ္ဂိုလ်ကလဲ ကုသိုလ်အကုသိုလ်ကို ကျေးဇူးပြုနေတယ်၊အိပ်ရာဓနရာကလဲ ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုတယ်၊ အစားအသောက် ဘောဇဉ်ကလဲ ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုတယ်၊ အဲ အိပ်ရာ

နေရာတင်မကဘူး၊ အိမ်တို့ကျောင်းတို့ကလဲ ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုတယ်၊ အိမ်နဲ့ကျောင်းဟင်မကဘူး၊ ဝတ်တဲ့သင်္ကန်း သင်္ကန်းဆောင်းကောင်း၊ ကလဲ ဝတ်ရှုယင် သာယာနေတယ် မဟုတ်လား၊ အဲဒီ ဝတ်တဲ့သင်္ကန်းကလဲ ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုတယ်၊ ကျောင်းကို အကြောင်းပြုပြီးတော့ တရားဟိုင်နေယင် ကုသိုလ်ကို ကျေးဇူးပြုနေတယ်၊ အင်္ဂါအဝတ်ကောင်းတွေ အစားကောင်းတွေ ဝတ်ကြ စားကြတယ်၊ ဖိုးကြ လိမ်းကြတယ်၊ အကုသိုလ်တွေ ဖြစ်နေတာ။

ကိုယ်ကိုယ်တိုင် အကုသိုလ်ဖြစ်နေရုံတင် မကဘူး၊ သူများကို အကုသိုလ် ဖြစ်အောင် [illegible]နေတယ်၊ ကိုယ့်အကုသိုလ်တွင်မကဘူး၊ သူများအကုသိုလ်တွေ ပါ ပါတယ်၊ အဲဒါကြောင့် လှန်တယ် လှန်တယ် လူတွေလှန်ကြပြီ၊ အကုသိုလ်မလုပ်ကုန်ကြပြီ၊ ခု အမျိုးသမီးအမျိုးသားလေးတွေအရှယ်ရောက်တယ်ဆိုတော့ ပြဲလိုက်ကြတာ၊ ဆင်လိုက်ကြတာ၊ ကိုယ့်ကိုယ်ကိုလဲသာယာတာယ်၊ အကုသိုလ်တွေဖြစ်နေတယ်၊ ဒီအဝတ်အစားက ဘူတပါးကိုလဲ ဖိတ်ခေါ်တဲ့သဘောမျိုးနဲ့ ကျွေပ်ကျည့်ပြီးတော့ ပြင်ကြစမ်းပါ၊ ဆင်ကြစမ်းပါ ဆိုတဲ့အဓိပ္ပာယ်မျိုးနဲ့ပြင်ဆင်ကြတယ်၊ ရှက်စရာလောကကြီး ဖြစ်နေတာ အဲဒါဟာ လှန်ကို လှန်နေပါပြီ။

ကြာ့ဒါကြောင့် စာကဖြင့်လေ အိမ်ရာ နေရာ အာဘတ်အစား အာကုန်လုံး အကုသိုလ်ဖြစ်တဲ့ကြောင့်၊ တောတောင်ရေမြေက စပြီး တောထဲမှာ သူဓာဘ် ကောင်းတွေကအစ ဆိတ်ငြိမ်လို့ တရားအားထုတ်ကြတယ်၊ သူတော်ကောင်းတွေကတော့ ဟာဂ တောဇက ကျေးဇူးပြုတယ်၊ ကုသိုလ်တွေကို မဂ်ဖိုလ် ရသည်အထိ ကျေးဇူးပြုတယ်၊ အပျော်အပါးသမားတွေကတော့ တောတောင် သွားလို့မကပါ၊ ဘောထဲ ရောက်တော့ ဟောင်ထဲ ရောက်စတော့ သီချင်းတွေ ဆိုကြပျော်ကြပါးကြ၊ အဲဒီထဲက သူတို့အဆက်အသွယ်ဖြစ်ကြ၊ သွားကိုသွားကြ ဘုရားပွဲတော်ရောက် နာမည်ခံပြီးတော့ တောင်ပေါ်တက်ကြတယ်၊ သွားကိုသွားချင်ပြီတဲ့။

စာက ပြောနေတယ်၊ တောတောင်တွေက ကုသိုလ်, အကုသိုလ်တွေကို ကျေးဇူးပြုနေတယ်၊ အဲဒီက ကုသိုလ် အကုသိုလ်ကို ကျေးဇူးပြုပါတယ်လို့

ပြောနေကြတယ်၊ ဒီပကတူပနိဿယက အင်မတန် ကျယ်ဝန်းတယ်လို့တော့ မှတ်ထားလိုက်ကြပါ၊ ဘုန်းကြီးက တခါတခါ ပြောဆိုဆုံးမတဲ့အခါ, စာရေးတဲ့အခါမှာ ထည့်ရေးတာဟာ အသားလွတ်သက်သက် ထည့်ရေးတာ, ပြောတာ မဟုတ်ပါဘူး၊ အင်မတန်တိကျအောင် ဆုံးမပြီးတော့ ထားတဲ့ အတွက် ပြောရခြင်း ဖြစ်ပါတယ်၊ အင်မတန်ကောင်းတဲ့ တရားတော်ကြီး၊ ပြောသို့ဟောလို့ ကုန်နိုင်စရာ မရှိပါဘူး၊ ဒါလောက်ကလေးပဲ ကျေနပ်ပါ၊ ပြီးတော့ အင်မတန် ကျယ်ပါလားလို့ မှတ်ကြပါ။

တို့အကုသိုလ် မဖြစ်အောင်တော့ စားဝတ်နေရေး သတိထားဖို့ကောင်းပါ လားလို့၊ အဲသလို တွေးပြီးတော့ကာ မိမိကိုယ်ကို သူတော်ကောင်းဘက် ပါအောင် ကြိုးစားကြပါ၊ ကိုယ်နဲ့ နီးစပ်တဲ့ ဆွေတွေ မျိုးတွေ သားတွေ သမီးတွေ ရာဇာန်းသံဃာတွေကလဲ တပည့် ဒကာ ဒကာမတွေ မိဘတွေကို သူတော်ကောင်းဘက်ပါအောင် လုပ်ကြပါ၊ အင်မတန်ကောင်းတဲ့ ပဋ္ဌာန်း တရားတော်ကြီးပါ၊ လောကကြီးထဲမှာရှိတဲ့ စိတ်စေတသိက် ဖြစ်ပုံတွေ, တရားတွေ ဖြစ်နေပုံတွေ ဒီပဋ္ဌာန်းက အကုန်လုံးသိမ်းကျုံးပြီးတော့ ယူထား ပါတယ်။

နာနာပွကာရဋ္ဌာနာနိ၊ ဗောဓိတာဒေန္တ္ထ မုနိနာ။
အနန္တနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂဂါစရံ။

ဧတ္ထ၊ ဤအနန္တနယသမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနာပွကာရဋ္ဌာနာနိ၊ ဟုတ်, အာရမ္မဏစသည်မျိုးစုံ အခကြောင်းအရာတို့ကို။ ဗောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာ ကျန သိပြီးမှလျှင် မျှားလှဝေနေ သိစေတော်မူခဲ့လေပြီ။ အနန္တဂဂါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူသော။ တံ အနန္တနယပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါကြုံခဲ့ စွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ပြုံကြွလှစွာ ရှိခိုး၊ ကန်တော့ပါ၏ ဘုန်း။

သာဓု .....သာဓု .. ....သာဓု။

အာဇေခြံပြု ပဉ္စာန်းတရားတော်

ဆဋ္ဌမနေ့

၁၃၃၄-ခု၊ တန်ခူးလဆန်း ၁၂-ရက်။ ၁၉၇၃-ခု၊ ဧပြီလ ၁၄-ရက်၊ စနေနေ့။

၁၂။ အာသေဝနုပစ္ဆယော (အာသေဝနုပစ္ဆည်း)

မင်္ဂလာ ပကာသုပနိဿယစ္ဆည်းက အင်မတန် အထူကျယ်လို့ ခပ်ချုံးချုံး ကခေလး ပေးသွားပါတယ်၊ ဒီတော့ ဘုန်းကြီးက အလွတ်ပြောပြီး ဟော နေပေါ့ အခုကြောင်းအရာတွေ ကြားဖူးနေတဲ့ ဒကာဒကာမများက ကုသိုလ် ကြောင့် အကုသိုလ်ဖြစ်ပုံ ဟောတော်မူတဲ့ အခန်းမှာ အလွတ်ပြောတာတွေ့ မပါပါဘူး၊ နည်းနေပါတယ်၊ ဘုန်းကြီးက အလွတ်ပြောတော့ ဗမာနိုင်ငံမှာ ကုသိုလ် အကြောင်းပြုပြီးတော့ အကုသိုလ်ဒက္ခ ပျားလွန်းနေတာ သိလို့ ပြောလေ့ရှိပါတယ်၊ အဲဒါဘွေ့ ဘုန်းကြီးပြောတာထဲမပါလာသေးဘူး၊ ဒီတော့ ကနေတော့ကာ အာသေဝန ပစ္စည်းအကြောင်းပေါ့လေ၊ ဖတ်ကြပြီးမယ်၊ ဗမာနိုင်ငံဖြစ်ပုံတွေ၊ ဒီတရားတော်မှာ အို ...အာသဝနဆိုတာဟာ အင်မတန်မှ ဒိလူဓတ္ထနဲ့ သတ္တဝါတွေနဲ့ပေါ့လေ ဟိုက်ဆိုင်နေပါတယ်၊ ဒီတလောကလုံး သတ္တဝါတွေ သံသရာသွားနေတဲ့ဘဝခန်းမှာ အာသေဝနုပစ္ဆည်းနဲ့ ကမ္မပစ္စည်းက မကွဲသလို ဖြစ်နေပါတယ်၊ ဒီတော့ ဘုန်းကြီးက အာသေဝနပစ္စည်းနဲ့ ကမ္မ ပစ္စည်းကို ကနေ့ ပြောမယ်။

အာသေဝန ခု-မျိုး။ ။ခဲ့ပြီးဘော့ ပြောမယ်၊ ဒါဖေမယ့် ကမ္မပစ္စည်းက ဒါလောက်နဲ့ မရဘူး၊ အင်မတန် ကျယ်တယ်လေ၊ ကမ္မပစ္စည်းကို ထားထားပြီးတော့လေ ပြောရပါ့မယ်၊ ပါဠိတော်က—

"အာသေဝနုပစ္စယော တိ"

ပုဂိုလာ ပုဂိုလာ၊ ရှေးရှေးဌ် ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်ဌ် ဖြစ်ကုန် သော်။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အာသေဝန ပစ္စယေန၊ အာသေဝနပစ္စယ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုဂိုမာ ပုဂိုမာ၊ ဝရှေးရှေးဦ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်ဦ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အာသေဝန-ပစ္စယေန၊ အာသေဝနပစ္စယသတ္ထိဖြင့်။ ပစ္စယော၊ ဓကျးဇူးပြုသည်။ ဟေတု၊ ဖြင့်၏။

ပုဂိုမာ ပုဂိုမာ၊ ရှေးရှေးဦ ဖြစ်ကုန်သော။ ကိရိယာဗျာဂတာ၊ ကိရိယာအဗျာကတ ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်ဦ ဖြစ်ကုန်သော။ ကိရိယာဗျာကတာနံ၊ ကိရိယာအဗျာကတ ဖြစ်ကုန်သော။ မ္မာနံ၊ တရားတို့အား။ အာသေဝန-ပစ္စယေန၊ အာသေဝနပစ္စယသတ္ထိဖြင့်။ ပစ္စယော၊ ကျးဇူးပြုသည်။ ဟေတု၊ ဖြစ်၏။

အာသေဝနပစ္စည်းကို ကုသိုလ်, အကုသိုလ်, အဗျာကတ ဒိလို သုံးမျိုး ခွဲပြီး ဟောတော်မူပါတယ်၊ ထခါ ဖြစ်တုန် မှာလဲ အညစ်အကြေးတွေ, လောဘ တွေ, ဒေါသတွေ, ဣဿာတွေ, မစ္ဆရိယတွေ၊ နောင်အကျိုးပေးတော့လဲပဲ မခကောင်းကျိုးတွေ ပေးတယ်လို့ ပြောခဲ့ပြီနော်။

ကုသိုလ်တရား ဆိုတာ ဖြစ်တုန်းမှာလဲပဲ သန့်ရှင်းတယ်၊ လောဘ အညစ် အကြေး မပါဘူး၊ အကျိုးပေးတော့လဲ ကောင်းကျိုးပေးတယ်လို့ ပြောခဲ့ ပြီနော်။

ကိရိယာအဗျာကတ ဆိုတာက ဘုရား ရဟန္တာများ သန္တာန်မှာ ဖြစ်တာ၊ အကျိုးကို မပေးဘူး၊ သည်တော့ အဲဒီတရား အတွက်ကတော့ ကျယ်ကျယ် ပြန့်ပြန့် ပြောနေဖို့ မလိုပါဘူး။

အာသေဝနသဘော။ ။အကုသိုလ် ဒါက အရေးကြီးကယ်၊ အာသေဝန ပစ္စည်းကို ရှေးရှေး ဆရာတော်များက အဋ္ဌကထာ ဆရာတော်များက ဥပမာ ဘယ်လိုပြုတုန်း ဆိုတော့ နံသာကံထားသလိုပဲကွဲ၊ မကောင်းတဲ့အနံ့ရော, ကောင်းတဲ့အနံ့ရော ပေါ့ လ အနံ့ကူးကား, အနံ့တုံးကား၊ နံပါတ် ၁-ထုံလိုက်တာ အဲ ...နည်းနည်းတော့ အနံ့ရတယ်၊ ဆက်ပြီးတော့ ထုံ၊

နံပါတ် ၂ ကျတော့ ပိုပြီးတော့ အနုံပြင်းလာတယ်၊ ပြီးတော့ အနုံမွေးလာတယ်၊ မကောင်းနုံဖြစ်လဲ ပိုပြီးတော့ ပြင်းလာတယ်၊ နံပါတ် ၃-ကျတော့ ခုနက အရှိန်လိုက်နေတာဖြစ်တော့ သာပြီးတော့ အနုံ မကောင်းနုံ ပြင်းတယ်၊ ကောင်းနုံ မွေးတယ်၊ နံပါတ်လေး, နံပါတ်ငါး,နံပါတ်ခြောက်,နံပါတ်ခုနစ်, ဇောတမျိုးမျိုးဟာ ခုနစ်ကြိမ်ပဲ အများဆုံးစောတယ်၊ ဘုန်းကြီးတို့ ဒီအကုသိုလ်, ကုသိုလ်ဆိုတဲ့ အကျိုးပေးနေတဲ့ ဇောမျိုးက (၇)ကြိမ်ပဲ လာတယ်၊ ဒီတော့ နံပါတ် ၇-ကျတော့ မကောင်းနုံ ထုံထားလိုက်လို့ ရှိယင်မကောင်းနုံ ဟာ အပြင်းဆုံးပါပဲ၊ကောင်းနုံ ဆိုလို့ ရှိယင်လဲကောင်းနုံ ဟာအမွေးဆုံးပါပဲ၊ ဒီတော့ ဒီတော့ ဒီတင် နည်းနည်းကလေး နားလည်ထားကြ။

"နံပါတ် ၁-နည်းနည်းကလေး ရှေ့တယ်၊စ-ထုံရုံကောကိုး၊ ဒီတော့ နံပါတ် ၇-ကျတော့ သိပ်ပြီးတော့ ပြင်းတယ်၊ သိပ်ပြီးတော့ မွေးတယ်၊ ရှေးက အဆက်ဆက် ကျေးဇူးပြုသွားတယ်၊ ဒါကြောင့် တရားတော်ကလေ—

အာဇသဝနပစ္စယော၊ နောက်နောက်မှန်လေး သာလွန်မွေးအောင် ရှေးရှေးထုံးထား နုံသာလားသို့ အခြားမပြတ် မျိုးဇာတ်တူသော နောက်ဒနောက်ဇောအား စွမ်းပကားအဟုန် ထုံစေနိုင်သော ရှေးရှေးသော လောကီဇောဟူသော အာသေဝနပစ္စည်းတရားသည်။

"နောက်ဒနောက် မှန်လေး သာလွန်မွေးအောင်" ဆိုတဲ့ အကောင်းထုံတာကို ဥပမာပြတာ၊ မကောင်းနုံ့ကျတော့လဲပဲ သာလွန်ပြီးတော့ နုံတာပဲ၊ နောက်နောက်အနုံ့က သာလွန်ပြီးတော့နုံအောင် ထုံပြီးတော့ ထားလိုက်တာ၊ ရှေးရှေးက ထုံပြီးတော့ ရှေးရှေးဇောက နောက်နောက်ဇောကို ကျေးဇူးပြုသွားလိုက်တာ၊ နောက်ကျလေ အနုံ့ပြင်းလေ၊ နောက်ကျလေ အနုံ့မွေးလေ၊ သတ္တမ(၇)ခုမြောက်ဇောကျတော့ အနုံ့ပြင်းတယ်၊အစွမ်းကုန်အနုံ့မွေးတယ်၊ ပထမဇောဟာ အနုံ့ အရှိန်အဟုန် အညုံ့ဆုံးပဲ၊အဲဒါလေး မှတ်လိုက်စမ်းပါ။

"အာသေဝနပစ္စယော၊ နောက်နောက် မှန်လေး သာလွန်းမွေးအောင် ရှေးရှေးထုံထား နုံ့သာလားသို့ အခြားမပြတ် မျိုးဇာတ်တူသော နောက်နောက်ဇောအား စွမ်းပကားအဟုန် ထုံစေနိုင်သော ရှေးရှေးသော လောကီဇောဟူသော ပစ္စည်းတရားသည်တဲ့"

ကုသိုလ်ဆို ကုသိုလ်ချင်း ဖြစ်ရမယ်၊ နံပါတ်(၁) ကုသိုလ်၊ နံပါတ်(၂) ကုသိုလ်၊ သုံး, လေး, ငါး, ခြောက်, ခုနစ် ကုသိုလ်ဇောချည်း ဖြစ်ရတယ်၊ အကုသိုလ် ဆိုပြန်လို့ ဒို့ယင်လဲ အကုသိုလ်ချည်းပဲ၊ နံပါတ်(၁)အကုသိုလ်၊ နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ် အကုသိုလ်ချည်း ဖြစ်ရတယ်။

အာသေဝနပစ္စယော၊နောက်ဓနောက်မှန်လေး သာလွန်မှေးအောင် ရှေးရှေးထုံဘားနံ့ သာလားသို့အခြားမပြတ် မျိုးဇာတ်တူသောနောက် နောက်ဇောအားကျေးဇူးပြုနိုင်သော စွမ်းပကားအဟုန်ထုံစေနိုင်သော ရှေးရှေးသော ဓလောကီဇောဟူသော အာသေဝန ပစ္စည်းတရားသည်။ အဘွဲ၊ပုဂ္ဂိုလ်သတ္တဝါ သူငါမနှော တရားသဓာဘသာ ထင်ရှားရှိပါပေသည်တကား။ ဣတိ၊ ဤသို့။ ဗေဒဓန်တဲ့၊ သဗ္ဗညုတာ ဉာဏ်တော် သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူဓသာ မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမှမ်း ပုံတော်မှန်းလျက် ချီးမွမ်း ဓထာမနာ ပဏာရှိကျိုး လက်စုံမိုးရှ ရှိခိုးကန်တော့ပါ၏ဘုရား။ ။

သာဓု..... သာဓု . ....သာဓု။

ဘုန်းကြီးက တရားတော်ကို ပြောယင်း ပြောယင်း မြက်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီး ကြီးမားပုံကို စိတ်ထဲမှာ ထင်လာတော့ သိပ်အားရတာပဲ၊ ဒီလို အာသိဉာဏ်မရှိလို့မို့ အမှားမှား အယွင်းယွင်းတွေ အမျိုးမျိုး ပြုနေကြတာ၊ ဘုန်းကြီ တို့ ဗုဒ္ဓဘာသာမလဲပဲ ဒီလိုအသိဉာဏ်မရှိလို့ ကုသိုလ် လိုလို အကုသိုလ် ပြုပြီးတော့ နေကြတယ်၊ဒီတော့ ဒီအထဲမှာ ဇော (၇)ကြိမ် ရှိတဲ့အနက်က ဇော(၇)ကြိမ်လို့သာ ဆိုရတယ်နော၊ လက်ဖြောက်တချက် တီးမှာ စိတ်ဝီထိရတဲ့ ကုဋ္ဌေတသိန်းမက ဖြစ်တယ်ဆိုတော့ အဲဒီ ကုဋ္ဌေဘသိန်း မကဖြစ်တဲ့အထဲမှာ ရှေးက အနှစ်မပါတဲ့ စိတ်တွေ ပယ်လိုက်၊ နောက်က အနှစ်မပါဘဲ့စိတ်ဇာတ် ဖယ်လိုက်ပါ၊ ဂုဓသေးတယ်၊ ဂုဓေးတယ်၊ စိတ်ဇာတ်က ဇောချည်း (၇) ကြိမ်၊ (၇) ကြိမ်၊ ထပ်ဖြစ်နေတာ မဟုတ်ဘူး၊ ရှေးက ဝိပါက်ဓတ်, ကိရိယာတွေ၊ နောက်ကလဲ ဝိပါက်ဇာတ်, ကိရိယာတွေ၊ ရှေးက အများကြီး၊ အများကြီး၊ အဲဒီအကြားထဲမှာမှ (၇)ကြိမ် (၇) ကြိမ် တခုစီ တခုစီ ဒီလိုဖြစ်လာတယ်။

ပထမဇော အကျိုးပေးပုံ။ ။ဒီတော့ ဘုန်းကြီးတို့က ဒါတွေ မြင်တော့ တွေ့ကရော်တတ္တဲ့ မယူဆနိုင်တော့ဘူး၊ အသိက ပုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော်နောက်က မှီနှံမှီနှံကလေး လိုက်သွားရတာကို အဓိသာဂျိလွန်းလို့ ဇော(၇)ကြိမ်ထဲမှာ ပထမဇော အညံ့ဆုံးနော်၊ အဲဒီ ပထမဇော အညံ့ဆုံးဇောရဲ့ အကျိုးပေးပုံကလေးကို ဘုန်းကြီးပြောမယ်၊ ပထမဇော အကျိုးပေးဆိုတာက ဒီဘဝမှာ တာဝန်ရှိတယ်၊ ဒီဘဝက လွန်သွားယင် နောက်ဘဝ သူ လုံးလုံးကို တာဝန်မရှိဘူး၊ ဘာဖြစ်လို့တုန်း သတ္တိက ညံ့ရှာတယ် မဟုတ်လား။

ခုမှ စ-လာရှိသေး။ အကုသိုလ် လောဘဇောဆိုယင်လဲ အခုမှ လောဘဇော က လေးဖြင့်တာ၊ နောက်တော့မှ ဒုတိယ, တတိယ လောဘတွေ ရင့်ရင့်ပြီး သတ္တဝါတွေကျ တော့မှ အကြီးကြီး လောဘကြီး သတ္တိရှိသွားတယ်၊ ကုသိုလ် ဆိုလို့ရှိယင်လဲ ပဌမ စ-ရတဲ့ကုသိုလ်ဇောကလေးမို့ သတ္တိနည်းရှာတယ်၊ နောက် တော့မှ ဒုတိယ, တတိယ, စကုတ္ထ, ပဉ္စမ, ဆဋ္ဌ, သတ္တမ ရင့် ရင့် ရင့်, ရင့်သွား တယ်၊ ဒါကြောင့် အဲဒီ ပထမဇောက ဒီဘဝမှာပဲ အကျိုးပေးယင် ပေးရော့၊ ပဒေးလို့ရှိယင် နောက်ဘဘမှာ အကျိုးမပေးပါဘူး၊ ဒီ ပထမဇောကိုပဲ ကံလို့ ခေါ်ပါတယ်။ နောက်ဇော့ ကံကို ထပ်ပြောပါ့မယ်။

ဒီ ပဌမဇောလေးဟာ ကံလို့ ခေါ်ပါတယ်၊ ဒီ ပထမဇောပေးတဲ့ တရား တွေကို ဝိပါက်လို့၊ အဲကျိုးဝိပါက်လို့ ခေါ်ပါတယ်၊ ဒါလေးကို အကြမ်း စားလေး နားလည်ထားပါ၊ နောက်ကို ကမ္မပစ္စည်းလာမယ်၊ ဝိပါကပစ္စည်း လာမယ်၊ ပြီးတော့ ပထမဇောလေးရဲ့ အကျိုးကိုလေ ဒိဋ္ဌဓမ္မ အကျိုး လို့ ခေါ်တယ်။

မဟာဒုက္ခကြောင်း[၁]။ ။ဒီနားမှာ အားလုံးကြားဖူးနေကြတဲ့ မဟာဒုက်၊ ကဿပ မြတ်စွာဘုရား လက်ထက်တော်တုန်းက မဟာဒုက်ဆိုတဲ့ သတိုးသား မဟာဒုက်ဆိုတဲ့ ဆင်းရဲသား ဘယ်လောက်များ ဆင်းရဲသလဲဆိုတော့ ကဒနုလုပ်ကာ တနေ့စား၊ ဒါနဲ့ ဘုရားအမှုးရှိတဲ့ သံဃာ များပင့်ပြီးတော့၊ နက်ဖြန် ဆွမ်းကပ်မယ်လို့ ဆိုတော့ နီဗွာန်ဆော်က မဟာဒုက်

၁။ မမ္မပဒအဋ္ဌကထာ၊ ပ-တွဲ နှာ-၃၅၉-၃၆၆၊ (ပဏ္ဍိတသာမဏေရဝတ္ထု။)

နဲ့လဲတွေ့ခဲတာ့၊ မဟာဒုဂ်ဆိုတာဟာ ပါဠိက 'မဟာဒုဂ္ဂတ' (အလွန်ဆင်းရဲတဲ့သူ) လို့၊ 'မဟာဒုဂ္ဂတ'ကို မဟာဒုဂ်လို့ ဗမာက ခေါ်ထားတယ်၊ ခေါ်လဲခေါ်တတ်ပါ့မလားပဲ။

အင်မတန်ဆင်းရဲရှာတယ်၊ဒါနဲ့မဟာဒုဂ်ကိုလဲလေ လှောင်သလိုလိုဘာလိုလို နဲ့"မဟာဒုဂ် မင်းလဲ နက်ဖြန် ဘုရားအမှူးရှိတဲ့ သံဃာတော်များ ဆွမ်းကပ်တဲ့ အထဲမှာ တတ်အားသမျှပေါ့ကွယ်၊ ကုသိုလ်ပါဝင်ပါလား"လို့ နိဗ္ဗာန်ဆော်ကပြောတော့၊"ကျွန်တော်လဲကျွန်တော့်အာဇာတ် တပါးပါပရပေးင်ဗျား" ဘာမှတော့မရှိဘူး၊ တပါး ပါပရစေခင်ဗျားလို့ ဝန်ခံပြီးတော့ ကြိုးစား မင်းဖားအလုပ်လုပ်တယ် ဆိုပါတော့၊ ထင်းပေါက်တယ်၊ ခါတိုင်းထက် ပိုပြီးတော့ ထင်းပေါက်တယ်၊ ခါတိုင်းထက်ပိုပြီး ထင်းခဲ့တယ်၊ ဒါနဲ့ အလုပ်ရှင်တွေကသူ့ကိုအားရလို့ နည်းနည်းပါးပါးပေါ့လေ၊ပေးရိုးပေးစဉ်အတိုင်း အခကြေးငွေ သူ့ကို စောစောပေးတယ်၊ သူ့လှတ်ဘယ်၊ ပိုက်ဆံခလေးနည်းနည်းရ-

"ငါ သံဃာတော်တပါးဆွမ်းကပ်မယ်၊" ခက်လေးဖြစ်နေပုံ ကြည့်စမ်း၊ "မနက်ဖြန် သံဃာတော်တပါး ဆွပ်းကပ်မယ်၊" အဲသလိုနဲ့ သူဆွမ်းကပ်ဖို့ လိုက်ရှာတာ ငါးကြင်းကြီး ပဲသုကူရ၊ "နက်ဖြန်ခါ သံဃာပါး ဆွမ်းကပ်မယ်၊ ဒီဟင်းချက်မယ်" သူ ဒီလို စေတနာတွေနဲ့၊ ကြည့်စမ်း ဖြစ်နေပုံလား၊ ဖြစ်နေပုံလေး၊ နက်ဖြန်ခါကျတော့၊ ခုနက နိဗ္ဗာန်ဆော်က ဘယ်အိမ်က ငါးပါး, တယ်အိမ်ကဆယ်ပါးစသည်အားဖြင့် အကုန်လုံးငေချပြီးပြီ၊ ရှိသမျှ သံဃာများ မဟာဒုဂ်အာဇာတ် နဂိုကလဲ ပေါ့ပေါ့ဆဆလား တိုက်တုန်းလာတာကိုး၊မဟာဒုဂ်အတွက်ကတော့ ဘယ်တပါးရယ်လို့ သူစာရင်းမချလိုက်ဘူး၊ မြတ်စွာဘုရားကိုတော့ ဘယ်သူအတွက်မှ စာရင်းမချရသေးဘူး။

ဒီတော့ မဟာဒုဂ်လဲ မြတ်စွာဘုရား၏ ဂန္ဓကုဋိအနီးအနားမှာ ငမျှင်ရုက်ပေါ့၊ ဗုဒ္ဓ၊ ကဿပဗုဒ္ဓမြတ်စွာဘုရားကလဲ မနက်ဆဲဆဲ မဟာကရုဏာသမာပတ်တော်နဲ့ ဖြန့်ပြီးတော့ လောကကြီးကို ကြည့်တော်မူရှိး ထုံးစံအတိုင်း ကြည့်တော်မူပါတယ်၊ ဒီကနေ့မှာ မဟာဒုဂ်ကို ချီးမြှောက်ဖို့ရန် ဉာဏ်တော်ထဲမှာ ထင်တော်မူလာပါတယ်၊ ဒါနဲ့ ဗုဒ္ဓမြတ်စွာ သမာပတ် ဝင်စားတော်မူတယ်၊ သမာပတ် ဝင်စားတော်မူတယ်။

သမာပတ် ဝင်စားတော်မူတဲ့စိတ်ဟာ ဘုရားစိတ်ပေမယ်လို့ သမာပတ် ဝင်စားတော်မူတဲ့စိတ်ဟာ နိဗ္ဗာန်အာရုံပြုပြီး အကြာကြီးနေတာ၊ အကြာကြီးနေတယ်၊ သမာပတ် ဝင်စားတယ်ဆိုလို့ရှိယင် နိဗ္ဗာန်ကိုအာရုံပြုနေတယ်လို့နားလည်ထားပါ၊ နိဗ္ဗာန် အာရုံပြီးတော့ အကြာကြီး နေတော်မူတာ စိတ်ကို သန့်ရှင်းသထက်သန့်ရှင်းအောင် ဘုရားစိတ်ဟာ နဂိုကလဲ အညစ်အကြေး မရှိပါဘူး၊ ဒါပေမယ့် အညစ်အကြေး မရှိတဲ့အပြင် နိဗ္ဗာန်အာရုံယူပြီးတော့ ထုံပြီးထော့ ဓနတော်မူလိုက်တာလေ....

ဘုရားစိတ်တော်ဟာ ဘယ်လောက်များ မွန်မြတ်သွားသလဲ၊ ဘယ်လောက်များ ဉာဏ်ကြည်လင် သန့်ရှင်းသွားသလဲ၊ အဲဒီ သမာပတ်မှထတော့ လူတွေ့အများကြီးပေါ့၊ မင်းတွေ့ စိုးတွေ့၊ ဒီအထဲ မဟာဒုဂ် မထင်မရှားလေးရော၊ အဲဒီလို ဘုရားသပိတ်တော်ရအောင်လို့၊ တကတည်း သူမရ ငါမရ၊ လုတန်ယင် လုနိုင်အောင်၊ ဒီလိုအနေမျိုးနဲ့ စောင့်မျှော်နေတုန်းမှာ ဗုဒ္ဓမြတ်စွာက ဂန္ဓကုဋီတံခါး ဖွင့်တော်မူပြီးတော့ သပိတ်တော်ကို မဟာဒုဂ်လက် လှမ်းတော်မူလိုက်ပါတယ်။

ဘယ်သူမှ ဘာမပြောနိုင်ဘူး၊ ဘယ်သူမှဘာမပြောဝံ့ဘူး၊ မဟာဒုဂ်ကလဲ ဝမ်းမြောက်လိုက်တာ၊ စဉ်းစားသာကြည့်တော့၊ ခုတင်က ဆင်းတောင့်ဆင်းရဲလုပ်ကိုင်ပြီးတော့ အစားအသောက်နဲ့ငါးဟင်းနဲ့ ဗုဒ္ဓမြတ်စွာကို ဝမ်းအမြောက်ဆုံး စေတနာနဲ့ ဆွမ်းကပ်ပါတယ်၊ ဗုဒ္ဓမြတ်စွာဆွမ်းကပ်ပြီးလို့လိုက်လဲပို့ပြီးရော မဟာဒုဂ်ရဲ့အိမ်မှာ စည်းစိမ်တိုးတက်ပြီးတော့ တိုးတက်ပြီးတော့ မိုးပေါ်ကကျလာသလိုပဲ၊ သူ့မှာအကျိုးပေးလိုက်တာ ချက်ချင်းအကျိုးပေးလိုက်တာ။

အင်္ဂါ ၃-တန်။ ။ဒီတော့ကာ ဒိဋ္ဌဓမ္မအကျိုး ဘယ်သူ ပေးသလဲ ဆိုတော့ ပထမဇောက ပေးတာ၊ ဒီ ပထမဇောက အကျိုးပေးပို့ရန်ဟာ ဘယ်လောက်များ ပြည့်ရသတုန်းဆိုတော့—

အနာဂါမ် သို့မဟုတ် ရဟန္တာဖြစ်ရမယ်။

ပြီးတော့ မိမိစေတနာက အင်မတန် ထက်သန်ရပါမယ်။

နံပါတ်သုံးက ပစ္စည်းက ဓမ္မိယလဒ္ဓ၊ မှဟာဒုဂ်ရဲ့ ပစ္စည်းလို့ပေါ့လေ။

ရောင်းတယ် ဝယ်တယ်ဆိုယင်လဲတရားသဖြင့် ရောင်းလို့ဝယ်လို့ရတဲ့ပစ္စည်း၊ အလုပ်အကိုင် လုပ်လို့ရှိယင်လဲ တရားဝဖြင့် လုပ်လို့ ကိုင်လို့ရတဲ့ပစ္စည်း၊ အဲသလိုပစ္စည်းမျိုး ဖြစ်ရပါမယ်၊ အလှူခံပုဂ္ဂိုလ်က အဲဒီအချိန်မှာ သမားပတ် ဝင်စားပြီးတော့ နိဗ္ဗာန်ကိုတောင် အာရုံမပြုဘူး၊ တခါတည်းငြိမ်လို့၊ ကြည်လို့၊ ဧတ္တာဇရုပ်တရားနာမ်တရားတွေချုပ်လို့၊ အဲသလို သမားပတ်ဝင်စားရပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့ သမားပတ်က အဲဒီအချိန်တုန်းက နိဗ္ဗာန်အာရုံပြုတဲ့သမားပတ် မဟုတ်ဘူး၊ ကြည်ပြီးတော့ စိတ်တွေ ဘာတွေ ချုပ်လို့၊ ငင်စားတဲ့အချိန် ဖြစ်နေပါတယ်၊ ဒီတော့ကာ ပထမဇော အကျိုးပေးဖို့ရန် ဆိုတာဟာ အင်္ဂါစုံမှ အကျိုးပေးတယ်၊ ရဟန္တာဖြစ်ပေမယ်လို့ ပထမဇော အကျိုးပေးဖို့ရန် ဆိုလို့ရှိယင်၊ နိဆောဓသမားပတ်ကို ဝင်စားလိုက်ရပါသေးတယ်၊ အင်မတန် အမှတ်းတင်ရပါတယ်၊ အင်မတန် တကတည်း သန့်ရှင်းငင်ကြယ်အောင်ရဟန္တာ အရှင်မြတ်ကြီးပေမယ်လို့. ဖြူပြင်ရပါတယ်။

အဲသလို အကြောင်းတွေစုံမှ ပထမဇော စေတနာက မဟာဒုဂ်တို့လို သဒ္ဒေးဖြစ်အောင် အကျိုးပေးသလိုပေါ့လေ၊ အကျိုးပေးပါတယ်၊ တခါ မဂကောင်းတဲ့အကုသိုလ် စေတနာတွေကလဲလေ၊ ရဟန္တာတို့ကိုမျှားစော်ကား လိုက်လို့ရှိယင် အဲဒီကျတော့ ဟိုက သမားပတ် ငင်စားနေဖို့ မလိုဘူး၊ ရဟန္တာအရှင်မြတ်ကို စော်ကားလို့ရှိယင်ဖြင့် ချက်ချင်းဒုက္ခိုးပေးတာပဲ၊ ချက်ချင်းတောင်မှ သေပြီးတော့ ငရဲရောက်နိုင်လောက်အောင် အပြစ်းပါတယ်။

အဲဒီ အကျိုးတွေ ဒိဋ္ဌဓမ္မအကျိုးတွေ၊ မဂကောင်းလဲပဲ ပထမဇောက အကျိုးပေးတယ်နော်၊ အဲဒီ ပထမဇောလေး အကျိုးပေးရပါ့မယ့်အကြောင်း ဘယ်လောက်မျှားစုံရတုန်း၊ ကောင်းတဲ့နေရာမှာ ကောင်းတဲ့နေရာမှာ ပစ္စည်းက "ဓမ္မိယလဒ္ဓ" တရားသဖြင့် ငရောင်းတာ ဝယ်တာပေါ့လေ စိန်တွေ ရွှေတွေ ရောင်းဉီးတော့ "ဓမ္မိယလဒ္ဓ" တရားသဖြင့် ရသမျှအမြတ်ကို တရားသဖြင့်ယူ၊ မှန်မှန်ပြော၊ သည့်ပြင် ပစ္စည်းတွေ ရသင့်တဲ့အမြတ်ကို မှန်မှန်ပြော၊ အမြတ်ကိုမှန်မှန်ပြောဖို့မလိုဘူး၊ ပစ္စည်းကိုမှန်မှန်ပြော၊ အဲသလို တရားသဖြင့် ရစေ့ပစ္စည်း အလှူခံပုဂ္ဂိုလ်က အင်မတန်မွန်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်သည့်အပြင်

အဲဒီအခါန်ကလေးမှာ အဲဒီအခါန်ကလေးမှာ ဒီကောင်းတဲ့အကျိုး ပေးရမယ် ဆိုလို့ရှိယင် သမာပတ်တို့ ဘာတို့ ဝင်စားပြီးလျှင် သန့်ရှင်းသထက် သန့်ရှင်း အောင် ပြင်ရပါ့မသေးတယ်။

ပြီးမှတော့ အလှူရှင်ကလဲ စိတ်စေတနာ အင်မတန် ထက်သန်ရပါသေး တယ်၊ အဲသလောက် ပြည့်စုံတော့မှ ပထမဇောအကျိုးပေးပါ့တယ်၊ အဲသလို မဟုတ်လို့ရှိယင် နောက်နောက်ဇောတွေကနောက်နောက်ဘဝမှာအကျိုးပေး ပါတယ်။

အကုသိုလ်မဖြစ်အောင်လှူဒါန်းကြ။ ။ဒီတော့ ဘုန်းကြီးတို့ ကောက်ခွက် ချစရာ ရှိသွားပြီ၊ မနေ့တုန်းက ပက-တူပနိဿယပစ္စည်းကိုလဲ ဘုန်းကြီးကဆင်ပြခဲ့တယ်၊ ယခု ဘုန်းကြီးတို့ဒါနပြုကြ တယ်၊ ဥပုသ်စောင့်ကြတယ်၊ ဘာဝနာပွားကြတယ်၊ ဒါကောင်းတဲ့အလုပ်တွေ၊ ဒီဒါနပြုပြီးတော့ ဒါနပြုတဲ့အခန်းကို ဘုန်းကြီးက မကြာခဏ တိုက်ဘုန်းပါ တယ်၊ "ဘယ်လိုကျေးဇူးပါလား၊ ဘယ်လို စွန့်ကြဲပါလားလို့" ပြောပါတယ်၊ ပြောပေမယ်လို့ သူတို့ကိုယ်တိုင် "မျက်ကန်းတစ္ဆေမကြောက်ဆိုတဲ့" ထုံးစံ အတိုင်း မသိကျဉူး မဟုတ်လား၊ မသိတော့ အပြစ်ဖြစ်လောက်မယ် ကိစ္စပေ မယ်လို့ သူတို့ကိုယ်တိုင် အကျိုးထင်ပြီးတော့ အလုပ်လုပ်ကြပါတယ်။

ကဲ ကဲ ဒါနပြုတယ်၊ ဘုန်းကြီးတို့ မဏ္ဍပ်ဆောက်ပြီးတော့ အလှူမကြာဇော ပြုတယ်၊ အလှူဒါနပြုမယ်လို့ဖြစ်တဲ့ သဒ္ဓါတရား စေတနာကတော့ အင်မတန် ကောင်းတဲ့ ကုသိုလ်ပါ၊ 'ကုလလော ဇမ္မော"ပါပဲ၊ နောက်တော့ မဏ္ဍပ် ကြီးက ဆောက်ဦးမှဖြစ်မှာ၊ နို့မို့လို့ရှိယင် လူအထင်သေး အမြင်သေးလိမ့် မယ်၊ ဆွမျိုးတွေကလဲ "လုပ်ကြဦးမှပေါ့ကွယ်၊ အင်း သူများနည်းတူတော့။ မသာတောင်မှ ဘယ်သူနဲ့တူအောင်တော့ လုပ်ကြဦးမှပေါ့ကွယ်"၊ ဆွမျိုးတွေ က သူတို့ ခင်ပွန်းကလဲ ဒါလုပ်မှပေါ့တဲ့။

"ကြည့်စမ်း" သူများအထင်မသေးအောင် သူများအချီးအမွမ်းခံရအောင် လုပ်တာ၊ ဒါကုသိုလ်ဇောလား စဉ်းစားပါ၊ စဉ်းစားပါ၊ သူများအထင်သေး မှာစိုးတဲ့စိတ်ဟာ ကုသိုလ်လား, ကုသိုလ်ဇောလား၊ နောင်ကို သူများချီးမွမ်း

ခံချင်တဲ့စိတ်ဟာ, ကုသိုလ်စိတ်သား၊ ကုသိုလ်ဇောလား၊ ဒီမှာ လောဘ အကုသိုလ်တွေ ပါနေပါတယ်။

"ကုသလော ဓမ္မော၊ အလ္လဒါနပြုလိုတဲ့ ကုသိုလ်တရားက။ အကုသလာ ဓမ္မာ၊ အခြိုးအမှမ်းခံချင်တဲ့, အကဲရဲမှု လုတ်ဇောင်တဲ့ အကုသိုလ်တရားအား။ ဥပနိဿယပစ္စယေန၊ ပကတူပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုပါပကော။"

ကြည့်စမ်း ကြည့်စမ်း၊ တခါ အဲ ဒီမကွာပ်တို့ ဘာတို့ ဆင်ပြင်ပြီးကော့ ကြည့်လိုတယ်လုဘယ်၊ တကယ်လဲ သာယာတယ်၊ ခပ်စောစောကဆွမျိုးတွေ ကြည့်ပြီးတော့ အဲဒီဆွမျိုးတွေကလဲပဲ ကောင်းတယ် သာယာတယ်၊ အင်း စိတ်ကြိုးဝင်တယ်၊ တို့ဆွမျိုးကတို့ညီမက တို့အစ်ကိုက တို့မောင်က ဟောဒီလို တဲ့ဆိုပြီးတော့ မကွာပ်ဆဲက ထွက်ပြီးတော့ မျက်နှာကလေး ဟိုကြည့် ဒီကြည့်နဲ့ ခပ်ကွက်ကွက်နဲ့ မာနကလေ များဖြစ်လို့၊ အကုသိုလ်ဇောကွေ့ စောလို့၊ တခါ-တခါကျေးဖို့ မွေးဖို့ စဉ်းစားရပြန်တယ်၊ ကိုယ်ရဲ့ အိတ်ဆောင်ကိုလဲ ငဲ့ကာ အရင်းအနှီး ဘယ်လောက်ရှိတယ်လို့ နှိုက်ကြည့်ရပြန်တယ်၊ ကျေးဖို့ မွေးဖို့ ဘယ်သူတုန်းက ဘာတွေ ကျေးထားဘယ်၊ ကျုပ်တို့က ဒါလောက်မှ မကျေးနိုင်လို့ ရှိယင် ရှိစုမဲ့စုဒေါ့၊ တခု ပိုလျှံနေတဲ့သူကလဲ ပိုကုံလို့ ပေါ့၊ မပိုလျှံသူကလဲ ရှိစုမဲ့စုထုတ်သုံးရပြန်တယ်။

"ကုသလော ဓမ္မော၊ ဒါနပြုမယ်ဆိုတဲ့ ကုသိုလ်တရားက။ အကုသလာ ဓမ္မာ၊ သူများအကဲရဲမှာစိုးတဲ့ အကုသိုလ်တရား သူများအခြိုးမှမ်း ခံချင်တဲ့ အကုသိုလ်တရားအား၊ ဥပနိဿယပစ္စယေန၊ ပကတူပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုနေပါကော။"

စဉ်းစားကြည့်၊ နောက်ကျခဲ့ညဆိုပါတော့ဗျာ၊ ဟောဗျာရော မြို့ပျဉ်ရော ပဲ့ကကြ၊ တီးကြမှုတ်ကြ၊ ဓမ္မာကြ၊ ပွဲးကြ လာကြတာ၊ ပြောကြတဲ့ သူဆွေကလဲ မပျော်ကြ ရွှင်ကြ စားကြ သောက်ကြ၊ ပြန်တော့ အပြစ်ပြောချင် စပြောမယ်၊ဒီမှာတော့ တကတည်းနှုတ်ဆက်လို့ "ကျုပ်တို့ [illegible] ပါပ်ကောင်မအား ဘူး၊ အားလုံးက အလုံးအမထို့ သြော် မျက်နှာကလေးမှ မပြယင်မဓကောင်း

ဘူးလို့'' သူက လောက္ခတ်ကလေးနဲ့လေ၊ ''ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်နော်''၊ ဘယ်မလဲ ကုသိုလ်၊ ကုသိုလ်ဘယ်မလဲ၊ ''ကျေးဇူးတင်ပါတယ်နော်'' ကျေးဇူးတင်လို့ကရတာ၊ဟိုကလဲ တကတည်းမအားတဲ့အထဲကသိလား၊ စားချင်သောက်ချင်လို့မဟုတ်ဘူး၊ သိလား၊ မျက်နှာပြရအောင်လို့ တကတည်း လာခဲ့ကြတာ၊ ဟိုကလဲ လောက္ခတ်ကလေးနဲ့၊ အကုသိုလ် လောဘဇောနဲ့၊ ဒီကလဲ ပါးစပ်ကလေး လှည့်ပတ်ပြီးတော့ ''ဟုတ်ကဲ့ ဟုတ်ကဲ့၊ကျေးဇူးတင်ပါတယ်နော်'' အကုသိုလ်၊ အကုသိုလ်တွေ့ အကုသိုလ်တွေ့။

ကဲကဲ ကုသိုလ်လေးက နည်းနည်းလေ.ရယ်၊ ကုသိုလ်လေးကနည်းနည်းလေးရယ်၊ ဒီမှာဖြစ်နေလိုက်တာ ဖြစ်နေလိုက်တာ အကုသိုလ်တွေ့ အကုသိုလ်တွေ့၊ ဒါနဲ့ မနက်ဖြန်ရော ဘာရောပေါ့လေ၊ (အလှူနေ့ရော ဘာရော) ဘိသိက်တွေ့ သွန်းလိုက်တာ၊ ဘိသိက်ဆရာတွေ့ကလဲ တကတည်း ရွှေးဟောင်း နှောင်းဖြစ်တွေ့ပါ တခါတည်း တခွါဖော်ပြီးတော့ အမေ-မပါတော့ အမေ့အတွက် မျက်ရည်ကျအောင်ပြော၊ အဖေ-မပါတော့ အဖေ့အတွက် မျက်ရည်ကျလောက်အောင် ဆိုပါတယ်ပေါ့လေ။

> ''ကုသလော ဓမ္မော၊ ကုသိုလ်ပြုမယ်ဆိုတော့ ပထမမှန်းတဲ့ ကုသိုလ်တရားက။ အကုသလဿ မွေဿ၊ အမေ အဖေတွေ့လွှမ်းတဲ့ အကုသိုလ်, သားသမီးဟာ့ခွါ မပါတဲ့အတွက် လွှမ်းတဲ့အကုသိုလ်, ဆွေမျိုးမပါတဲ့အတွက် လွှမ်းတဲ့ အကုသိုလ်အား။ ဥပနိဿယပစ္စယေန။ ပကတူပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုနေပါပကော။

နောက်တော့ အလှူမတ္တာပ်တွေနဲ့ အားလုံးသိမ်းလို့ ရေစက်ချတော့မယ်လို့ ဆိုတော့ တခွါအပိုင်းက မတ္တာပ်ကလေးများဖွက်ပြီ၊ အမိုးကလေးဘာကလေးတော့ ရှိသေးတယ်၊ မတ္တာပ်ဌားတဲ့ လူကလဲ တောင်းပန်သလို ဘာလိုနဲ့ဖျက်၊ ဘုန်းတော်ကြီးတွေက ကြွတော်မူလာကြတယ်။

ဒီမှာတော့ ဖုံတဖောင်းဖောင်းလေးဖြစ်နေပြီ၊ အဲ ရေစက်ခုပြီဆိုပါတော့ ကုသိုလ် ဘယ်လောက် ပါသွားတယ်တော့ မပြောတတ်ဘူး၊ ဘုန်းတော်ကြီးတွေ့ရဲ့ စိတ်ထားလဲ ဘုန်းကြီးမို့ သိပါရဲ့၊ မပြောပါရစေနဲ့၊ ဒီတော့အလှူပြီးကြစဆု၊ နောက်ကျတော့ ဒီအလှူနဲ့စပ်ပြီးတော့ ကုသိုလ်များ ဘယ်လောက်ရကြ

သတုန်း တွက်ရမယ်နော်၊ ဒါ အလှူဒါန အတွက်ပါလေ၊ ဖြစ်နေပုံဖြစ်နေပုံ၊ သာ၍ ဆိုးလာတယ်၊ ယခုဒီမှာ အသံသွင်းတဲ့ထဲလဲ ပါပါတယ်။

ဒကာတယောက်က သူရှင်ပြုတုန်းက သူ့အဖေရဲ့ မိတ်ဆွေက အယင်ရှင်ပြုလိုက်တယ်၊ ဘယ်သူ့ဖိတ်တုန်းလို့ဆိုတော့ အရေးပိုင်ဖိတ်တယ်၊ အင်္ဂလိပ်အရေးပိုင်ဖိတ်ပြီးတော့ သူ့မလွှတ်ထဲတကတည်း အင်္ဂလိပ်အရေးပိုင် ဖိနပ်စီးပြီးဝင်တာ သွားရအောင် ဟိုရှိနီအင်တင်ကြီးမျှားခင်းလို့ ခမ်းခမ်းနားနားဖိတ်လိုက်တာ၊ "ငါကွပဲစားကြီး ငါဘယ်သူ၊ ငါ့အလှူကို အရေးပိုင်လာရတယ်" ကြွားတာကြွားပစ်လိုက်ဘာ၊ ဘယ်မလဲကုသိုလ်၊ ကုသိုလ်ဘယ်မလဲ၊ ကုသိုလ်ဘယ်မလဲ၊ တခါ နောက်အလှူက နောက်အလှူဆိုတာ ယခု အသံသွင်းတဲ့ အထဲ ပါတဲ့ ဒကာက ကိုးနှစ်သားလောက်၊ သူ့ကို ရှင်ပြုတယ်ကိုး၊ သူတို့ မိတ်ဆွေချင်း အင်မတန်ရင်းနှီး အင်မတန်ချစ် အင်မတန်ချစ်၊ အို ...ငါက ဘယ်အောက်ကျ နောက်ကျခံလိမ့်မတုန်းကွာ၊ ငါ့အလှူမှာ အရေးပိုင်မကဘူးအရေးပိုင်ကဖိနပ်စီးဝင်တာ မလွှတ်ထဲမှာ၊ ငါက ဖိနပ်စီး အဝင်မခံဘူးကွ၊ ငါ့အလှူကို ငါးထောင်စားရာထူးရှိတဲ့ နိုင်ငံရေးလူကြီးကို ဖိတ်မယ်"။

ဖိတ်တာပဲ၊ အဲ ...လာတာပါပဲ၊ ဖိနပ်မျှားချွတ်လို့၊ သူက မဲရဖို့က အရေးကြီးတယ်ကိုး၊ ဖိနပ်မျှားချွတ်ကိုး၊ တကတည်း ကျကျနနဝင် စကားပြေမြည်ပြော၊ ကျေးလို့ မေ့းလို့၊ ဓနာက်က အလှူရှင်က ယခု အသံသွင်းတဲ့ ဒကာရဲ့ အဖေက "ငါကွ၊ ငါက ဗုဒ္ဓဘာသာပြိုပြို ကျောင်းဒကာပြိုပြိုကွ၊ မလွှတ်ထဲ ဖိနပ်စီးမခံနိုင်ဘူး"၊ သူက တမျိုးကြွားပြန်တယ်၊ သိလား၊ ကြွားတာပဲ၊ ကုသိုလ်တော့ မဟုတ်ပါဘူး၊ ကြွားလိုက်တာ၊ ကြွားလိုက်တာ၊ ဒီ မန္တလေး ယခု ကြွားတဲ့အကြွားကို မမှီသေးဘူးနော်၊ အဲ လွန်ခဲ့တဲ့ နှစ်ပေါင်း လေးဆယ် လောက်အကြွားကို မမှီသေးဘူး၊ ကြွားလိုက်ကြတာ အဲဒီ ကြွားလိုက်တာဟာ ယခုအထိ မလျော့ဘူးနော်။

မန္တလေးအလှူတွေ အကြောင်းပြုပြီးတော့ မန္တလေးမြို့အလှူမျိုးပြီးတော့ ရန်ကုန်ကလဲ လုပ်ကြပါပြီ၊ ဘုန်းကြီးက သနားလိုက်တာ၊ ပိုက်ဆံတွေ ရွာတုန်းက မတရားရော တရားရော ရှာ၊ ဒီဓနရာမှာ ဓရဿန်သလို သွန်ပြီးတော့ သွန်ပစ်လိုက်ကြတာ သိပ်သနားတာပဲ ဘုန်းကြီးက၊ ကောင်းပြီ ဒီအလှူဒါန

ပြုတဲ့နေရာမှသာ ကုသိုလ်တရားက အကုသိုလ်တရားကို ကျေးဇူးပြုနေသလား ဆိုမတာ့ ဘာဟုတ်ဦးမလဲ။

ဂေါပကမျှား သတိထားဖွယ်။ ။ဘုရားပဲ့တော့၊ ပြောတော့ ဘုရားပဲ့၊ မြန်မာလူမျိုးတော့၊ ဒါ့ကြောင့်ဘုန်းကြီးဝမ်းနည်းပန်းနည်းဖြစ်နေတာ၊ ပြောတော့ ဘုရားပဲ့၊ ဒီ ဝေါင်းဆောင်လုပ်တဲ့ ဘုရားလူကြီးက သူတို့ကကုသိုလ်ရတာ မရတာထက် ဘုရားပဲ့ လူစည်တာမစည်တာက သူတို့အတွက် အဝေးကြီးနေတယ်၊ လူးည်ဖို့ အားရးကြီးတယ်၊ အဲ လူစည်ဖို့ ဆိုတော့ ပဲ့က ဘယ်နှစ်ပဲ့လောက်ဆိုတော့ ထည့်ရမှာပဲကိုး၊ ပဲ့ကလေး ဘာကလေး ထည့်ရမှာကိုး၊ ထည့်လိုက်ကြတာ၊ အဲဒီ ဘုရားပဲ့လို့ ဆိုပြီးတော့ ပထမတော့ ဘုရားအံ့ဂါရုံပြုတဲ့စိတ်ကလေး နည်းနည်း ရှိချင်ရှိပါလိမ့်မယ်။

နောက် စိမံလိုက်တဲ့ အစိအမံဟာ ဖြင့် အကုသိုလ်တွေခုလည်း ဖြစ်ကုန်တာပဲ၊ လာလို့ကြတဲ့ လူတွေကလဲ မဟာမြတ်မုနိဘုရားပဲ့တဲ့ဆိုပဲ့ကြိတ်ကြိတ်တိုး၊ လာတဲ့လူတွေက သူတို့က ဘုရား အာရုံပြုတာမျှား ဘယ်နှလောက် ပါတုန်း၊ ဘာဘ်လောက်မှ မပါဘူး၊ ဝတ်လို့ စားလို့ ဆင်လို့ ပြင်လို့ ညနေ အလှပြပဲ့က လာကြပြီ၊ အလှပြပရိသတ် စည်စည်နဲ့၊ စိန်တွေ ရွှေတွေ ဝတ်ကြ ဆင်ကြ ပြင်ကြ အကုသိုလ်တွေ၊ လောဘ အကုသိုလ်တွေ၊ လောဘအကုသိုလ်တွေ၊ ဘုရားလူကြီးရဲ့ ပထမ ဘုရားပဲ့ဆိုတဲ့ ကုသိုလ်စေတနာတွေ ပျောက်ပြီးတော့ လူဘဲ့အောင်တဲ့ လူစည်အောင်ဟဲ့လို့ ကြိုးစားလိုက်ရတဲ့ အကုသိုလ်တွေနဲ့ အဲဒီ စည်စည်ကားကား လာတဲ့လူဘွဲ့ရဲ့ အလှပြအကုသိုလ်တွေ၊ စည်စည်ကားကား လူတွေကို ကြည့်တဲ့အကြည့်ထဲမှာတော့ ဘုန်းကြီးတွေ ဘာတွေရော အကြည့် အကုသိုလ်တွေ ဖြစ်နေလိုက်ပုံ ဖြစ်နေလိုက်ပုံ။

ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာရဲ့ စာပေမှာတော့ ဘုရားပဲ့ အကြီးအကျယ် လုပ်လို့ရှိယင် "ဘုန်းကြီးမျှား ဘုရားမသွားရဘူး၊ မသွားကောင်းဘူး"၊ ဒီလိုကို တားမြစ်တော်မူတယ်၊ ဘုန်းကြီးဆိုင်ရာမို့လို့ ဘုန်းကြီးတွေ တားမြစ်တာ၊ လူကလဲ မသွားကောင်းဘူး၊ ဘုရားပဲ့ အကြီးအကျယ်လုပ်နေတဲ့ အချိန်မှာ အမျိုးသမီးတွေ အမျိုးသားတွေ မသွားကောင်းဘူး၊ သွားယင် ငရဲကြီးမယ်လေ၊ အကုသိုလ်ဖြစ်မှာလေ၊ အဲဒါကြောင့် ဘုန်းကြီးတွေ မသွားရ၊ အဲ

လူခင်တွဲလဲ မသွားကောင်း၊ ယခု မြန်မာနိုင်ငံ ဘုရားပွဲတွေ့ ဘယ်နှယ်ဖြစ်နေကြတုန်း၊ နာမည်ကတော့ ဘုရားပွဲလို့ဆိုပါတယ်၊ ဘယ်နှယ် အကုသိုလ်တွေ့ပါလဲ၊ကြည့်စမ်း၊ ဇောဆိုတာလေ ကုသိုလ်ဖြစ်ယင်ဖြစ် မဖြစ်ယင်အကုသိုလ်၊ ကုသိုလ်, အကုသိုလ်၊ ယီးတီးယေားတား တခုမှမပါဘူး၊ ဖြစ်ယင် ကုသိုလ် ကုသိုလ်၊ ဖြစ်ယင် အကုသိုလ် အကုသိုလ်၊ အဲဒီဘုရားပွဲကို တိုးကြ ဝှေ့ကြ၊ ဝမ်းနည်းစရာ ကောင်းတာက ဗုဒ္ဓဘာသာ မြန်မာလူမျိုးချည်း တိုးကြ ဝှေ့ကြရုံမကဘူး။

ဗုဒ္ဓဘာသာမဟုတ်တဲ့ လူတွေက ဝင်ပြိုးတော့ အမျိုးသမီးတွေ့ကို တိုးကြဝှေ့ကြ၊ အဲဒါတွေ့ကိုလဲ ဘုရားလူကြီးတွေ့က တန့်စ်လဲ ဒီလိုဖြစ်မှန်း သိရက်သားနဲ့ ဘုရားပွဲဈည်မှပဲ ဆိုပြီးဇတော့ ဖြစ်ချင်ရာဖြစ်ဟာ၊ သာသနာပေါ် ဖြစ်ချင်ရာဖြစ်ဟာ မခပြောပေမယ့် မပြောပေမယ့် မဝဉ်းစားပဲ လုပ်လိုက်ကြတာ။

"ကုသလော မေဖာ၊ ကုသိုလ်တရား နည်းနည်းပါးပါးကလေးက။ အကုသလသဿ ဓမ္မဿ၊ အကုသိုလ်တရားအများကြီးအား။ဥပနိဿယ-ပစ္စယေန၊ ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဓဟာတိ၊ ဖြစ်၏။"

ကဲကဲ စဉ်းစားကြည့်စမ်းစဉ်းစားကြည့်စမ်း၊ ဘုရားပွဲတွဲရှင်ပြုပွဲတဲ့ကျောင်းရေစက်ချပွဲတဲ့၊ ကျောင်းတွေ့ဆောက်လိုက်တာ သိန်းချီပြီးဇတော့ ကုန်အောင်ဆောက်၊ နောက် ရေစက်ချပွဲကျတော့ ခုနကလိုပေါ့လေ လာလိုက်ကြတာ ဝတ်လို့ စားလို့၊ သူတို့ပြောသေးတယ်၊' သိပ်ဇတော့ ကျုပ်မအားဘူးသိလား၊ အမယ် ကျောင်းအမတို့လေ ဝမ်းမြောက်လွန်းလို့၊ အမယ် ပါးစပ်က ဝမ်းမြောက်လွန်းလို့ ပြောဘဲ့၊ အင်းစိတ်ကတော့ဟုတ်ချင်မှဟုတ်မယ်၊ဝမ်းမြောက်လွန်းလို့ ကျောင်းရေစက်ချမို့လို့လာရတာ"၊ ဟုတ်ကဲ့ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ "ဒီကလဲ" ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကျေးဇူးဘင်ပါတယ်။

ကျေးဇူးလဲ သူလဲ အထူးတင်နေတာတော့ မဟုတ်ဘူး၊ ဒီလူတွေ့လာကြည့်တာကို လောဘဇောနဲ့ ဝမ်းမြောက်နေတာ ဝမ်းသာနေတာ၊ ပိုက်ဆံက ကုန်လိုက်တာ ကျေးဖို့ မွေးဖို့ ကုန်လိုက်တာ၊ ပိုက်ဆံဇတ္တ ငွေတွေ့ကုန်ပစေ၊

ပိုက်ဆံတွေငွေတွေကုန်ပစေ၊လောကတည်းက စားကြသောက်ကြ၊စားတဲ့သောက်တဲ့အခါ လောဘဖြစ်ဘာ မဆန်းဘူး၊ထားလိုက်ပါတော့၊ ဘာတွေ ရလာတယ်ဆိုတော့ ကိုင်း ပြီးတော့ တကြည့်ကြည့်နဲ့၊ သဓာကျတဲ့အဝတ်သက်န်းဆိုလဲ တကြည့်ကြည့်နဲ့၊ သဘောကျတဲ့ ပစ္စည်းဆိုလဲ တကြည့်ကြည့်နဲ့၊ သူ့မလဲ အကုသိုလ်ဖြစ်လျက်၊ သူ့မလဲ အကုသိုလ်ဖြစ်လျက်ပဲ။

လူတွေနားမလည်လွန်း။ ။ကုသိုလ်တရားလေး နည်းနည်းက အကုသိုလ်တွေအနှံ့ဖြစ်တယ်၊ ဒါကြောင့် ကျောင်းရေစက်ချပဲ့ကြီးတဲ့၊ ဘုရားပဲ့ကြီးတဲ့၊အလှူဒါနတဲ့၊ ဖြစ်နေလိုက်တာ၊ ဒီအထဲ မသာအသုဘသနားစရာကောင်းလို့၊ မသာချလိုက်ပြီးဘော့လဲမိမိတို့ရဲ့အဆင့်အတန်းအလိုက်ပြီးတော့ ဘုန်းကြီးဘယ်လောက်ပင့်မှ ဘုန်းကြီးသက်စေ့ပင့်မယ်၊ သနားစရာကြီး သနားစရာကြီး၊ သက်စေ့ပင့်မှ တပါးကိုဘယ်လောက်လှူမှ၊တဆယ်လှူမှ၊ နှစ်ဆယ်လှူမှ၊ ငါးဆယ်လှူမှ သူရဲ့အဆင့်အတန်းလိုက်ပြီးတော့ လှူလိုက်ရတာနည်းတာလဲ မဟုတ်ဘူး၊ နည်းတာလဲ မဟုတ်ဘူး၊ ဟိုမှာ အလှူခံတဲ့ပုဂ္ဂိုလ်ကလဲလောဘဓာနဲ့အလှူခံလို့၊ အဲလှူတဲ့လူကလဲ မလဲ့မကင်းသာလို့၊ သူများအထင်သေးမှာစိုးလို့၊ လောဘနဲ့လှူတယ်ကိုး။

ဘယ်နှယ်လုပ်မလဲ၊ကုန်လိုက်တာက မနည်းဘူး၊ဒီအထဲ စဉ်းစားကြည့်နော်၊ ကုသိုလ်လား အကုသိုလ်လား၊ မျက်ရည်စက်လက်ခံတွန့်၊ လှူတာဒါန်းတာလဲသတိမထားအားဘူး၊ မျက်ရည်တွန့် လှူလိုက်တဲ့ငွေတွေကလဲမနည်းဘူး၊ ဒီငွေတွေပေါ့လေ၊ လျှောက်ပြီး ပြောတော့ မကောင်းဘူး၊ သိလား၊ အလှူခံတဲ့ပုဂ္ဂိုလ်တွေမှာလဲ အပြစ်တွေနဲ့၊ ဒီဓာတ့် ဘုန်းကြီးက သိပ်သနားတယ်၊ လူတွေနားမလည်လွန်း နားမလည်လွန်းတယ်၊ သနားစာ ကောင်းလိုက်တာ သနားစရာကောင်းလိုက်တာ အဲဒီလိုဖြစ်နေပါတယ်၊

ပြီးတော့-ဒီအထဲ ဘုန်းကြီးပံ့တဲ့၊ ဘုရားပဲ့အပြင်ကိုဘုန်းကြီးပံ့တဲ့၊ဘုန်းကြီးပံ့တော်မူလို့ရှိယင် သူတို့က သိပ်ဝမ်းနည်းတားတဲ့မဟုတ်ဘူး၊ခေါင်းဆောင်လုပ်တဲ့သူက ဒါမှမဟုတ် ခေါင်းဆောင်ဘုန်းကြီးက အဲဒီ ဘုန်းကြီးပံ့ကြီးကိုတော့ ဟို စပါးဆန်ရေရောင်းလို့ ဝယ်သိုရတဲ့ ကောက်ရိတ်ပြီးတဲ့အထိထားမှပဲ။

ပုံတော်မူတာက တန်ခူးကဆုန်လ ပုံတော်မူဓပမယ့် ကောက်ရိတ်သိမ်းပြီးတဲ့ အထိ ထားလိုက်တာပါ၊ ဘာဖြစ်လို့လဲ လူတွေ နည်းနည်း အားတယ်လေ၊ စိုးပွားရေး ချောင်လည်တယ်လေ၊ တအိမ် ငါးကျပ်တို့ တဆယ်တို့ နှစ်ဆယ်တို့ ခဲ့ဖို့က လွယ်တယ်လေ၊ လူခတ္တကလဲ အများက ထည့်တာပဲ၊ ဘာဖြစ်လို့လဲ၊ ဒီဘုန်းကြီးကို နောက်ဆုံးပူဇော်တာပဲ, နောက်ဆုံးပူဇော်တာ, ပူဇော်လိုက်တာ သိလား၊ အဲ·ပဲက နာမည်ကြီးတာ နှစ်ပဲလောက် ထည့်မှ၊ အို နည်းတယ် သုံးပဲတော့ ထည့်မှ၊ အို....နည်းတယ်၊ ဓလေးပဲတော့ ထည့်မှ၊ နာမည်ကြီးတဲ့ ဆရာတော်ကြီးကျတော့ တပည့်တွေက တပည့်တွေကလဲ သူ့အိတ်ထဲက ပိုက်ဆံ ကုန်ရတာ မဟုတ်ဘူး၊ သူ့ရှာ သူခဲ့တာ၊ သူ့ရှာသူခဲ့တော့သူကလဲတမဏ္ဍပ်နဲ့, တပဲနဲ့၊ ဟိုတပည့်ကြီးကလဲ တမဏ္ဍပ်နဲ့, တပဲနဲ့၊ ပြီးတော့ ပုံတော်မူတဲ့ ဘုန်းကြီးတော့ ကြာကြာကြီးထားလို့၊ ဟိုထဲမှာ ခြောက်လို့၊ အရိုးတွေ ကလောက် ကလောက်နဲ့၊ ဒီလိုဖြစ်နေပြီ၊ဒါတကတည်း သူတို့က ပူဇော်ကြတယ်ဆိုပြီးတော့ ဓလ ဒီခေါင်းကို လှူပြီးတော့ ကလောက် ကလောက်နဲ့သွားနေကြတာ၊ ပုံတွေ ချွေးတွေနဲ့. ဝမ်းနည်းလိုက်တာ, ဘုန်းကြီးက ဝမ်းနည်းလိုက်တာ၊ပိုက်ဆံတွေ ကုန်လို့၊ အာကျိုးကလဲ ဘယ်လောက်မှ မရတဲ့အပြင် အကုသိုလ်တွေ ဖြစ်လို့၊ ဓကောင်းပြီ။

ကျေးတောရွာရော, မြို့ရော'ဘာသာရေး'လို့ဆိုပြီးတော့ကာ အလှူ, ရှင်ပြုတာတွေ၊ အင်း....ဘုန်းကြီးပျံတွေ, ဘုရားပဲ့တွေ, ကျောင်းပဲ့တွေ, ကျောင်းရေစက်ချပဲ့တွေ၊ ဒါတွေ အကုသိုလ်တွေ ဖြစ်တာ ထားပါတော့၊ နိုင်ငံမှာ တိုးတက်သလားဆိုတော့ ဒီနည်းနဲ့လာခဲ့တာ၊ ဘာသာရေး ဒီနည်းနဲ့လာခဲ့လို့ ဘာသာရေးတွေ ကျပြီးတော့ သူများအထင်သေး ခံနေရပြီ၊ ပုဒ္ဓဘာသာတဲ့၊ ဟာ .. ပုဒ္ဓမြတ်စွာက အင်မတန်မြင့်မြတ်တာပဲလို့ ဘုန်းကြီးတို့ကဲ့ ပြောပြီး၊ မြင့်မြတ်, မမြင့်မြတ်တော့ မသိဘူး၊ အဲဒီ ပုဒ္ဓဘာသာကို ကိုးကွယ်တဲ့ မြန်မာလူမျိုးတွေတော့ ဒီလိုဖြစ်နေပါလားဆိုလို့တော့ ဘုန်းကြီးတို့ ဘာဖြေမတုန်း၊ ဘာဖြေကြမတုန်း၊ ဘာသာ သာသနာက အင်မတန်မြင့်မြတ်တယ်လို့ဆိုတယ်၊ ကိုယ်တော်တို့ ဘုန်းကြီးတွေက ဒီလိုပဲနေကြပါလား၊ ပဲ့လမ်းသာင်တွေထဲမှာ သွားကြပါလား၊ လာကြပါလား၊ ကိုယ်တော်တို့ ဘုန်းကြီးတွေ၊ ဘာဓဖြမလဲ၊ ဘုန်းကြီးတို့ ဘာဖြေကြမတုန်း၊ ဘာဓဖြေကြမလဲ။

အကုသိုလ်တွေ အတွင်းကဖြစ်တာ ဖြစ်ပါဦးတော့၊ နိုင်ငံခရေး သဘောနဲ့ စဉ်းစားကြည့်လိုက်တော့ နိုင်ငံကြီး ကျဆင်းသွားတယ်၊ အထင်သေးခံရပါတယ်၊ တခါနိုင်ငံခြားက အထင်သေးခံရရုံတင် မကဘူး၊ ဘုန်းကြီးတို့နိုင်ငံ အတွင်းမှာ ဘာသာအမျိုးမျိုးနဲ့ နေကြရတာဖြစ်တော့ ဒီပြင် ဘာသာကလူတွေ အထင်သေးကြပါတယ်၊ ဒီပြင် ဘာသာလူတွေက အထင်သေးရုံတင် မကဘူး၊ ဘုန်းကြီးတို့ ဘုရားဒကာ ကျောင်းအမတွေရဲ့ သားတွေကိုက ခေတ်ပညာတွေ သင်လာပြီးတဲ့အခါကျတော့ သူတို့ရဲ့ ဝေဖန်တဲ့စိတ်ဓာတ်နဲ့ ဝေဖန်ကြပါတယ်။

အဖေတို့ ကျောင်းဆောက်နေလိုက်တာ၊ ကျောင်းဆောက်ပြီးတော့ ကိုးကွယ်လိုက်တာ၊ ကိုးကွယ်တဲ့ဘုန်းကြီးက ဘယ်လိုဖြစ်နေတယ်၊ အာခမတ္တိရဟန်းခံပေးလိုက်တဲ့ရဟန်းက ဘယ်လိုဖြစ်နေသလဲ၊ အဲဒီလို စသည်ဖြင့် နောက်ကဖလေးတွေ ဝေဖန်ကြပါပြီ၊ ကောင်းပြီ ဝေဖန်ချင်ဝေဖန်၊ တို့သာသနာဟာ တက်မြဲတက်နေတယ်လို့ ဆိုယင်လဲ ခံနိုင်ပါတယ်။

ယခုတော့ သူတို့ကလဲ ဝေဖန်တယ်၊ ဘာသာခြားကလဲ ဝေဖန်တယ်၊ နိုင်ငံခြားကလဲ ဝေဖန်တယ်၊ သာသနာက တက်မြဲတက်နေသလားလို့ဆိုတော့ မတက်ပါဘဲလား၊ မတက်ပါဘဲလား၊ ပြောရဦးမယ်၊ နိုင်ငံက နိုင်ငံက၊ စာမေးပွဲတွေ ဖအောင်တယ်လို့ ဆိုယင်ပဲအဖေအမေတွေကဝမ်းသာလိုက်တာ၊ကျေးရွာဆရာသမားတွေက သိပ်ဝမ်းသာလိုက်တာ၊ စာသင်ဟိုက် အုပ်ချုပ်တဲ့ ဆရာတော်ဓတ္တုက ဝမ်းသာလိုက်တာ။

အလကဒ္ဒူပမာ စာသင် စာချ။ ။တို့ကျောင်းကိုက်က သံဃာ ဘယ်လောက်စာမေးပွဲအောင်တယ်၊ သိပ်ဝမ်းသာလိုက်ကြတာ၊ အစိုးရကလဲပဲ သာသနာကြီး သူတို့ကြောင့်၊ အင်း....ဘယ်လောက်ခိုးမြောက်ပါတယ်လေး ဘာလေးနဲ့၊ အောင်ပွဲကျတော့ သူတို့ကလဲ စိတ်ပါပါမပါပါ ခိုးကျူးရပြန်တယ်၊ ကောင်းပြီ၊ ဒီ ဘုန်းကြီးတို့စာက တိကျလွန်းလို့၊ ကိုယ်တော်ကခလေးတပါး၊ ကိုယ်တော်ကြီးတပါး၊ ဆရာတော်တပါး၊ဒီလောက်လောက ဂဏအောင်လို့ စာမေးပွဲအောင်တဲ့အခါ ဆုဂဏအောင်လို့ ဆရာတော်က စာချတယ်၊ စာသင်သားက စာအံတယ်၊ စာကျက်တယ်၊ စာမေးပွဲမှတ်စုတွေ

ရှာတယ်၊ ဖွေတယ်၊ အဲဒါ အကုသိုလ်စိတ်တွေ၊ ကြည့်စမ်း လိုချင်တဲ့ဂုဏ် လိုချင်တဲ့လောဘ၊ အဲဒါတွေ မှန်းပြီးဘော့ စဉ်ချတဲ့ ဘုန်ကြီးက စဉ်ချတယ်၊ စာသင်သားက စာသင်တယ်၊ အဲဒါကို ဘုန်ကြီးတို့ ကျမ်းစာက "စာမသင်ပဲ အိပ်နေတာကောင်းဟယ် အိပ်နေတာ ကောင်းတယ်တဲ့၊ ကောင်းတယ်တဲ့၊ "ဘာဖြစ်လို့တုန်း၊ စာသင်ယင် အကုသိုလ်ဖြစ်သေးတယ်၊ အိပ်နေယင်အကုသိုလ် မဖြစ်ဘူးတဲ့ "အလဒ္ဓူပမာ စာသင်နည်း, စာချနည်းလို့ ဘဝလစ်ချာကြီးကို အတိအကျ ဟောတော်မူတော်ပါဘယ်"၊ အဲဒါ အိပ်နေတာက ကောင်းသေးတယ်တဲ့။

မြန်မာပြည်မှာလဲ စာမေးပွဲတွေ တမျိုးပြီးတမျိုး၊ စာမေးပွဲတွေနဲ့ကြွားလိုက်ကြတာ သိလား၊ လူတွေကလဲ အဲဒါးကို အထင်ကြီးလိုက်ကြတာ၊ တကယ်တော့ကလဲ အဲဒါ အကုသိုလ်စိတ်တွေ၊ စဉ်းစားကြည့်လေ ဂုဏ်လိုချင်တယ်၊လိုချင်တာမှန်သမျှ ဘာကို လိုချင်လိုချင် တဏှာကို လိုချင်တာမှဟုတ်ပါး၊ မင်္ဂလာဆိုလ်တရား လိုချင်တာမှဟုတ်ပါး၊ ဒီပြင် ဘယ်လောက လိုချင်တာ မှန်သမျှတွေ အကုသိုလ်တွေချည်ပဲ။

ဒါ "အလ ဒ္ဓူပမာ စာသင်စာချနည်းလို့" ဆိုပါတယ်၊ "ငြိမ်းတာတဲ့၊ မြွေဖမ်းတာ ဘာဖြစ်သတုန်း၊ အဖမ်းမတတ်လို့ အကိုက်ခံရလို့သေတယ်၊ဒါမှ မဟုတ် မသေစသာလဲ သေလုမျောပါး ဖြစ်တဲ့အထိ ခံရတယ်တဲ့၊ မြွေဖမ်းတာတဲ့" ဂုဏ်ရှိအောင်လို့စာသူနေတယ်၊ဘုန်းကြီးကကိုယ်ဟောခဲ့ကျောင်းတိုက် သံဃာ ဘယ်လောက်ရှိတုန်း၊ 'ဟာ သံဃာ ဘယ်နှစ်ရာမျှတယ်လို့ကြွားချင်လို့၊ ဘုန်းကြီး ထိန်းထားလို့ရှိယင် ဘုန်းကြီ အကုသိုလ်ဖြစ်မယ်၊ အိပ်နေတာ ကောင်းတယ်၊ အိပ်နေတာကောင်းဟယ်၊စဉ်ချဘုန်ကြီးကတော့ ဘုန်းကြီးတို့ ကျောင်းတိုက် သံဃာဘယ်လောက်ရှိတယ်လို့ ကြွားချင်လို့ရှိယင် အကုသိုလ် ဖြစ်မယ် အိပ်နေတာ ကောင်းတယ်၊ အိပ်နေတာ ကောင်းတယ်၊ အကုသိုလ် ဖြစ်တာ မကောင်းဘူး။

ဒီဘဝးတော်က ပီပီသသကြီးပါ။ နိုင်ငံက သိပ်ကို သနားစရာကောင်းဟယ်၊ ဒါကြောင့် ကုသိုလ်လို့ တင်ပြီးတော့ လုပ်နေကြတာ၊ အကုသိုလ်ဘော့ပါလုပါလား၊ စာသင်တိုက်တွေ့ စာချဘုန်းကြီးတွေ စာမေးပွဲအောင်လို့

ကြတာတွေ့ ဂုဏ်လိုချင်တယ်၊ ရှိပါတယ်၊ ဂုဏ်ရသွားရှာပါတယ်၊ လာဘ် လိုချင်တယ် ရှိတယ်၊ လာဘ်ရသွားရှာပါတယ်၊ အဲဒါတွေ့ အကုသိုလ်တွေ့ ချည်းပဲ၊ ပထမတုန်းက ကုသိုလ်လိုချင်လို့ ရဟန်းပြုတယ်၊ နောက်တော့ အကုသိုလ်တွေ့ အမျှားကြီး ဖြစ်နေတယ်။

ကုသိုလ်လိုချင်လို့ စာသင်တိုက်တည်တယ်၊ နောက်တော့ အကုသိုလ်တွေ့ အမျှားကြီး ဖြစ်နတယ်၊ ဘယ့်နှယ်လုပ်ကြမလဲ၊ ဒီလိုဖြစ်လို့ သာသနာတော်ကြီးက တိုးတက်လို့, မြန်မာလူမျိုးတွေ့ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ တိုးတက်လို့ဆိုယင် ဘုန်းကြီး အနေသာကြီးပါ၊ သေးကနေ ကြည့်နေပါ့မယ်၊ ဖြစ်ဘန်သလောက်တော့ ဖြစ်စေဦး တော့ သာသနာကြီး ခိုင်မြဲနတာပဲ၊ တိုးတက်နတာပဲ၊ တို့သာသနာ ကြီးကို ကိုးကွယ်နေတဲ့ ဒါယကာ ဒါယိကာမတွေ့ ကုသိုလ်တွေ့ ရနေ တာပဲ၊ ချမ်းသာနတာပဲလို့ ဆိုယင်တော့ အနေသာကြီးပါ။

ခုတော့ မဟုတ်ပါဘူး၊ စိတ်ရောကိုယ်ပါ ချမ်းသာလှတယ် မဟုတ်ဘူး၊ ချမ်းသာသလောက်ကလောဘနဲ့ချမ်းသာပြီးတော့သာယာနေတာ၊ တို့ကျောင်း တို့အလှူ၊ တို့ဘုန်းပဲ့၊ ခေါင်းဆောင်တွေ့ကလဲ သူတို့ဘုရားပဲ့ လူစည်လို့ရှိယင် ငါလုပ်တဲ့ဘုရားပဲ့လို့ အိမ်ကျ ကြွားခသးတယ်၊ သူ့ဒကာမအပေါ် ကြွား ခသးတယ်၊ "ယနေ့ ကိုယ်လုပ်ထားခဲ့တာ၊ ဘုရားပဲ့ ဘယ်လောက်စည်တုန်း၊ မင်းလေ ...လာမကြည့်ဘူးလား"၊ သူ့ဒကာမအပေါ် သူက ကြွားလိုက်သေး တယ်၊ သူ့ဒကာမကလဲ "ဒါ အလှည့်ကျဘုရားလူကြီးက ကျုပ်တို့အိမ်ကပါ" သူကလဲ လိုက်ကြွားလိုက်သေးတယ်။

ဘာသာရေးဟဲ့ အင်မတန် အာရေးကြီးလိုက်တာ၊ သူက ဒီဗုဒ္ဓဘာသာကို အထင်သေးမှာစိုးလို့၊ ပဲ့ဒတ္တလမ်းတွေ့နဲ့ဆိုပြီးတော့ လုပ်ချလိုက်တာ၊ သူကလဲ ကြွားရှာတယ် ကြွားရှာတယ်၊ ငိုင်းပြီးတော့ အကုသိုလ်နဲ့ ကြွားကြတယ်၊ အကုသိုလ်ဖတွေ့ဖြစ်မှန်းလဲ မသိပဲနဲ့၊ အကုသိုလ်တွေ့ဖြစ်နေကြတယ်။

ဘုန်းကြီးက မနေ့တုန်းက ပြောလိုက်ယင်၊ မနည်းဘူး သွားရလိမ့်မယ်၊ တို့သာသနာ အတွင်းရော အပြင်ရော၊ ကောင်းပြီ-အရှင်ဘုရားတို့ သာသနာက

ဒီနည်းအားဖြင့် ဆုယ်ယုတ်လာဘာ ဆုတ်ပါတော့၊ ဟိုတက်ဟာ ကြည့်ကြဦးစို့ဆိုတော့ သာသနာ ကိုးကွယ်တဲ့ ကျောင်းဒကာ ကျောင်းအမတွေ ဘယ်ရောက်နေကြတယ် ဆိုတာ မသိဘူး၊ မနေ့ကပဲ ဒီ ခုလုပ်တုန်းတော့ သူတို့တော့ စဉ်းစားပြီး သတိတားပြီးသားဖြစ်တော့ မနေ့တုန်းတ ''ဘယ် ဆရာတော် ပုံတော်မူတော့ ကျောင်းပေါ် ကိုတောင် မတက်ဝံဘူးတဲ့၊ အင်မတန်ခြောက်ဆိုးကိုး၊ အင်မတန်ထင်ရှားတဲ့ ဆရာဒကာ ပုံတော်မူတော့ ကျောင်းပေါ်တောင် မတက်ဝံဘူး၊ ခြောက်လိုယ်တာတဲ့'' ကြည့်စမ်း၊ နည်းနည်းကလေးများ ဖြစ်ကြတဲ့ ကိစ္စမျိုးတွေ့ကိုတော်ဘူးနော်၊ ဘုရားရှင်လိုက်တဲ့ အခါမှာ ရုစရာကိုမရှိဘူး၊ ဒါကြောင့် ဘုန်းကြီးက မနေ့က ဟောပါဘူးလို့ ခပ်ဖျပ်ခပ်ကလေးပြောပြီး ရှောင်သွားတယ်နော်၊ ရှောင်သွားတယ်လို့ ဒီဘုန်းကြီး အလွတ်ပြောနေတဲ့ စကားတွေ ကြားရတဲ့ ပုဂ္ဂိုလ်တ အရှင်ဘုရား ဒါတော့ မပါလာဘူးကို၊ မပါလာဘူးဆိုတော့၊ ကိုင်း....ပြောရဦးမယ်။

ယခုနေ့ အာသေဝနပစ္စည်း ကြည့်လေ၊ ပထမဇောက ဒီဥစ္စာမွေးကျွေးပေးရမယ့်အကြောင်း ဘုရားကိုယ်တော်တိုင် သမာပတ်ဝင်စားပြီးမှပါသေးတယ်၊ စိတ်ကို ရှင်းသထက် ရှင်းအောင်၊ ရှင်းသထက် ရှင်းအောင်၊ အဲဒီလိုသမာပတ်ဝင်စားတော်မူပြီးမှ မဟာဒုဂ်ကို သပိတ်သနဲ့းတော်မူပါတယ်၊ ပွက်ချင်းအကျိုးရပါတယ်၊ မဟာဒုဂ်ရဲ့ပစ္စည်းကဓရော ထင်းပေါက် ထင်းပြီးတော့ သူကိုယ်တိုင် အားနဲ့ရင်းပြီးတော့ ရခဲ့တဲ့ပစ္စည်းပါ၊ အဲဒါကြောင့် သဒ္ဒေးဖြစ်ပါတယ်၊ မဟာဒုဂ် အဲဒီ မဟာဒုဂ်ပဲ သာသနာတော် လက်ထက်ကျတော့သင်္ဃး သားလေး ပဏ္ဍိတသာမဏေလေး ဖြစ်ပြီးတော့ တရားတူးရပါတယ်။

လမ်းဟာ ကောင်းမှ ကောင်းတယ်နော်၊ မကောင်းယင် မကောင်းပဲ ဖြစ်ပါလိမ့်မယ်၊ ပြီးတော့ ဘုရားရှင့်မကြီးတောင်မှ သမာပတ် ဝင်စားတော်မူရသေးတယ်ဆိုတော့ ဘုန်းကြီးတို့အလှူခံပုဂ္ဂိုလ်တွေ့ ဘယ်နှယ်လုပ်ကြမလဲလို့၊ အဲ .. နဂိုတုန်းကလဲ ဘယ်လောက်စင်ကြယ်နေကြသလဲ၊ ဟရာဘယ် ဓလာက်များ ကျင့်နေကြသလဲ၊ အဲဒီလို စသည်အားပြုံ့ပေါ့လေ၊ လျှောက်ပြီးတော့ စဉ်းစား၊ စဉ်းစားတော့ ဘုန်းကြီးတော့ မက်လှူးတာက လူတွေ့ နားမလည်လွန်းသွားပြီ၊ ဘုန်းကြီးတော့လဲ နားလည်ချင်မှ နားလည်

မယ်ထင်တယ်၊ တချို့ နားလည်ပြန်တော့ ပဲ ငြိမ်ငြိမ်ကလေး နေလိုက်မှာနဲ့ တူတယ်၊ ဒီလိုဖြစ်သွားတယ်။

ဘုရားစစ်ကို ရှုပ်ပုံကကွယ်။ ။ဒီဓတ္ထု မူရင်းကိုပြန်ရောက်အောင်တော်တော် ကြီး ကြိုးစားရပါလိမ့်မယ်၊ ပြောနေကြတယ် မဟုတ်လား၊ ရှေးတုန်းကတည်းကိုက ဘုရားအစစ်ကို ရှုပ်ပုံရှုပ်ပွားဆင်းတုတော် များက ကွယ်နေပြီ၊ ကြည့်စမ်း၊ ဘုန်းကြီးတို့ မဟာမြဲမုနိ ဘုရားတို့သွားယင် ရှုပ်ပွားတော်ကြီးမှာပဲ ရှေ့ချတယ်၊ သက်ဇာတော်ထင်ရှား မြတ်စွာဘုရားကို စိတ်မရောက်နိုင်ဘူး၊ ကွယ်နေပြီဖလေ၊ ရန်ကုန်ကလဲပဲ၊ ခု ရန်ကုန် ဒကာများရဲ့ ရှုပ်ပုံ ရှုပ်ပွားစေတီတော်ကြီးများ၊ ဒီ ဘုရားအစစ်ကို ကွယ်နေပြီလာကတည်း ကိုက ဒီစေတီတော်ဖလာက်ပဲ ရောက်တာဆိုတော့ ဘုရားအစစ်ကို ရှုပ်ပုံ ရှုပ်ပွားစေတီများက ကွယ်နေပြီ၊ ဘုရားအစစ်မမြင်ဖူးဘူး၊ မမြင်တော့ဘူး ဆိုတာ ဘုရားအစစ်ရဲ့ စိတ်တော် စိတ်နေ စိတ်ထားတော်ကို မမြင်တော့ဘူး၊ အာရုံမရောက်ကြတော့ဘူးလို့ ဆိုတာ။

တရားစစ်ကို ဟောကရားကကွယ်။ ။ယခုလို ဓမ္မစကြာတရားတို့လို့, ပဋ္ဌာန်း တရားတို့လို့, သုတ္တန်တရားတို့လို့ တရား အစစ်ကို ဘယ်သူတွေက ကွယ်ထားတုန်း၊ ဘုန်းကြီးတွေ သံနေသံထားနဲ့ ရွတ်ပြီးတော့ နေကြတယ်၊ ဟောတရားတွေက ကွယ်တာပြီ၊ တရားအစစ် မရောက်တော့ဘူး၊ လူတွေ အဲဒီ သံနေ သံထားနဲ့ တရားတွေနားထောင် ပြီးတော့ ဟုတ်သယောင်ယောင်နဲ့၊ ဟုတ်သလောက်လဲ ဟုတ်ပါတယ်၊ အဲဒီ လိုနဲ့ တင်းတိမ်နေတဲ့အတွက်ကြောင့် တရားအစစ်အမှန်တွေ့ ကွယ်သွားပြီ၊ ကွယ်သွားပြီဆိုတာက ပျောက်သွားတာမဟုတ်ဘူး၊ သူတို့က ဖုံးထားတာ၊ သူတို့က ရှေက ကွယ်နေတော့ တရားအစစ်အမှန်တွေ့ မကျင့်တတ်တော့ဘူး၊ မလိုက်စားတတ်တော့ဘူး၊ အတုအယောင်တွေက ကွယ်ကုန်ပြီဖလေ။

သံဃာစစ်ကို ဘုန်းကြီးကကွယ်။ ။အရိယာသံဃာတော် တကယ် ကျင့်တဲ့ အရိယာသံဃာတော်တွေကို ယခု ဘုန်း တော်ကြီးတွေက ကွယ်ထားတယ်၊ လူကြတယ်ဆို ယခု ဘုန်းတော်ကြီးတွေ

ကိုပဲ စိတ်ရှိတော့တယ်၊ အရိယာသံဃာတော်ကို စိတ်မရောက်တော့ဘူး၊ "သံဃံ သရဏံ ဂစ္ဆာမိ" သံဃာတော်တွေကို ကိုးကွယ်နေကြတာ၊ အရိယာသံဃာကို ကိုးကွယ်ရမှာပါ။

ယခုတော့ ဘုန်းတော်ကြီးတွေချည်း မြင်မနေတော့ ဒီ ဘုန်းတော်ကြီးတွေကိုးကွယ်ရတာ ဟုတ်ရဲ့လား၊ သူတို့ဟာ သူတို့ စနောင့်စနှင်းတွေ ဖြစ်ကုန်ပြီ၊ ဘယ့်နှယ်ကိုးကွယ်တယ်လို့သာဆိုတာ၊ တို့ ဘုန်းကြီးတွေဟာ ဥုပဲသွားနေပါလား၊ ဘယ် တို့ဘုန်းကြီးတွေ၊ အို အလှူဒါနတွေမှာလဲ ခေါင်းဆောင်နေပါလား၊ တို့ဘုန်းကြီးတွေက ဘယ်မှာ ရှေ့ကပါလား၊ ဒါတွေ တို့ "သံဃံ သရဏံ ဂစ္ဆာမိ" ထဲလား၊ သံဃာအစစ်ဖြစ်မှန် အရိယာ သံဃာတော်တွေကို ဘုန်းတော်ကြီးတွေက ကွယ်နေပါပြီ။

ရတနာ ၃-ပါးကို ဝိဇ္ဇာကိုဏ်းကကွယ်။ ။ယခုတဖန် ကြောက်စရာကောင်းတယ် လို့ ဆိုကြပို့၊ ကိုဏ်းတွေပေါ်လာပြီ၊ ကိုဏ်းတွေပေါ်လာတော့ အဲဒီ ကိုဏ်းကို နှစ်နှစ်ကာကာ လိုက်စားသွားပြီ ဆိုလို့ရှိယင် ပုန်ကုန်တို့ မန္တလေးတို့၊ ဆိုပါတော့ပေါ့၊ ဘုရားခန်းထဲမှာ ဘုရားပန်းတင်တာတောင်မှ ကိုဏ်းဆိုင်ရာတွေကို ပန်းအညှိုးမခံဝံ့ဘူး၊ ဟို ဘုရားပန်းတော့ မတော်တဆ ညှိုးချင်လဲ ညှိုးပါစေဦးတော့၊ ကိုဏ်းပန်းက အညှိုးမခံနိုင်ဘူး ဖြစ်နေပြီ၊ ဘုန်းတော်ကြီးတပါး သနားလို့ ကြည်ညိုရာ ကောင်းလိုက်တာ၊ သူကိုယ်ဘိုင်ကိုဏ်းပါ၊ သူကိုယ်တိုင် တန်ခိုး ထုလိုက် အလျောက်ရှိပါတယ်၊ ပြီးတော့ သူကိုယ်တိုင်က ဘာပြောကုန်း ဘိုးတော့— သူ့ပရိသတ်ကို "ဘုရားကို ရတနာသုံးပါးကို ဝိဇ္ဇာနှင့်ကွယ်မထာ ကြနဲ့၊ တို့ ဝိဇ္ဇာက လုပ်နိုင်တာ နည်းနည်းလေးရှိတယ်၊ တို့လုပ်နိုင်တာကလည်း နည်းနည်းလေး၊ အပုံတရာပုံမှ နည်းနည်းလေး၊ တပုံ နှစ်ပုံ၊ ဥဒ္ဓမြက်စွာက အင်မတန် ဘုန်းတော်ကြီးတယ်၊ တရားထောက အင်မတန် မြင့်မြတ်တယ်ပဲ၊ အရိယာသံဃာတော်က အင်မတန် မြင့်မြတ်တော်မူပါတယ်၊ ရတနာသုံးပါးကို ဝိဇ္ဇာမကွယ်ဇနဲ့" ကြည့်စမ်း၊ ဖောလှန်ကြည်ညိုစရာ ကောင်းလိုက်တာ၊ ဝိဇ္ဇာကိုဏ်းထဲကဘုန်းကြီးက၊ ဝိဇ္ဇာကိုဏ်းထဲကဘုန်းကြီးက၊ ရတနာသုံးပါး

ကို ဝိဇ္ဇာမကွယ်ပါစေနဲ့၊ ရတနာသုံးပါးကို ရတနာသုံးပါးပီပီ ကြည်ညိုတတ်ကြလို အမိန့်ရှိပါတယ်တဲ့။

ဒီဓတ္ဘုခု အမျှားစုမှာက ရတနာသုံးပါးကို ဂိုဏ်းက ကွယ်နေပြီ၊ ဝိဇ္ဇာက ကွယ်နေပြီ၊ ဒီရဟန္တာသုံးပါးကို တခါထပ်ကွယ်လာပြန်တယ်၊ နဂိုက ရတနာသုံးပါးအစစ်အမှန်ကို စေတီပုထိုးက ကွယ်တာနဲ့၊ ဟောတရားတွေက ကွယ်တာနဲ့၊ ကျင့်တရားတွေပျောက်လို့၊ နောက် ဘုန်းကြီးတွေက ကွယ်တာနဲ့၊ အရိယာ သံဃာတော်တွေပျောက်လို့၊ အာရုံမပြုတတ်တာ ပျောက်တယ်လို့ ဆိုတာ၊ မမှန်းကတ်တာ ပျောက်တယ်လို့ဆိုတာ။

အဲဒီလို ဖြစ်နေရာက ဂိုဏ်းတွေ ပေါ်လာပြန်ပေါ့ ဂိုဏ်းတွေက တွယ်ထားလိုက်ဘာမှ ကြာလှပြီ၊ ရန်ကုန်မှာ ကြားနေတာ၊ "နတ်ပန်းမည်ပွင့်စေနဲ့တဲ့"၊ နတ်ပန်း မည်ပွင့်စေနဲ့ဆိုတာ ဂိုဏ်းပန်း မည်ပွင့်စေနှင့်ဆိုတာပဲ၊ အဲဒါပြင် ဘုရားပန်းတော့ မတော်တဆပေါ့လေ၊ ကိုင်း.... ရှိပါစေ၊ ဘုရားက ထလာပြီးတော့ မဆူဘူး၊ ဒီဝိဇ္ဇာတို့ ဂိုဏ်းတို့က သူတို့ မကျေနပ်လို့ရှိယင် ချက်ချင်း မတော်မတရား လုပ်ချင်လုပ်မှာ ဒီတော့ ဝိဇ္ဇာတို့ ဂိုဏ်းတို့ကိုတော့ ပန်းညှိုးမခံဝံ့ဘူး၊ ဘုရားပန်းတော့ ညှိုးချင် ညှိုးပါလေ၊ လာနေပြီ လာနေပြီ၊ ရန်ကုန်မှာ ကြာလှပြီ။

မန္တလေးမှာ အင်မတန် သာသနာ လေးစားတယ်လို့ ဆိုတာ တောင်မှ တဖြည်းဖြည်း ဒီ ဝိဇ္ဇာတို့ဘာတို့ ရောက်လာပြီလေ၊ မြတ်စွာဘုရားလောက်ထက်တော်တုန်းက အနာထပိဏ်သဒ္ဒေး သေဆုံးပါတယ်၊ ဆုံးဘာ ဆုံးတာပါပဲ၊ ဘုရားဘာမှ မတတ်နိုင်ပါဘူး၊ ဝိသာခါရဲ့မြေးလေးလဲသေဆုံးပါတယ်၊ ဆုံးတာဆုံးတာပါပဲ၊ ဘုရားဘာမှ မတတ်နိုင်ပါဘူး၊ ဗိမ္မိသာရမင်းကြီး ဓားခွဲခံရတယ်၊ ခံရတာခံရတာပဲ၊ ဘုရားဘာမှ မတတ်နိုင်ဘူး။

သူ့ကံနဲ့ သူ့အဓိကြောင်းနဲ့ လာလို့ရှိယင် ဘာမှမတတ်နိုင်ပါဘူး၊ ဘုရား မတတ်နိုင်တာကို နတ် တတ်နိုင်ပါမတဲ့လား၊ အဝိဇ္ဇာ တတ်နိုင်မတဲ့လား၌ ဟုတ်တယ်၊ တချို့ တချို့က ဒီ အပြုသဘောလေးတွေ ရှိပါတယ်၊ တတ်နို

တယ်၊ နည်းနည်းဖတာ့ တတ်နိုင်တယ်၊ ဘေးရန်မဟုတ်တဲ့ ဇနရာမှာ ဝတ်နိုင်ပါတယ်၊ ဘုန်းကြီးလဲ သိပါတယ်၊ဘုန်းကြီးကျောင်းတိုက်ကိုလဲပဲ လေးစားကြပါတယ်၊ တခါတုန်းက ဝိဇ္ဇာတို့ဂိုဏ်းတို့ဆိုင်ရာက သူတို့ကလဲ ဒီဘုန်းကြီးကဘယ်လို ဘာဘာညာညာနဲ့ ပြောတော့ သူတို့တရုတ်က-

"ဂန္ဓာရုံဆရာတော် ဦးဇနက ဒီဂိုဏ်းထဲ မဝင်ဘူးလား၊လို့ ပြောကြတယ်တဲ့" ဒီစကားက ဘုန်းကြီးဆီ ရောက်လာရော အဲဒီတော့ ဘုန်းကြီးက ပြောလိုက်တယ်၊ ဂိုဏ်းထဲဝင်ဖို့မလိုဘူး၊ ဘုန်းကြီးက ဘုရားသာသနာတော်ကို ပီပီကြီး အလုပ်လုပ်နေတယ်၊ ဂိုဏ်းက ဘုန်းကြီးအလုပ်ကို ကျွန်ုပ်လို့ရှိယင်၊ ဝိဇ္ဇာက ဘုန်းကြီးအလုပ်ကို ကျေနပ်လို့ရှိယင် ကူပါ၊ မကူညီရှင်လဲ နေပါ၊ မကူချင်လဲနေပါ၊ ကူချင်တယ် ဆိုလို့ရှိယင် လာကူပါ၊ ဘုန်းကြီးကဂိုဏ်းထဲဝင်ဖို့မလိုပါဘူး၊ ဟိုဂိုဏ်းထဲ ဒီဂိုဏ်းထဲဝင် ဘုန်းကြီး ဝင်လိုက်လို့ရှိယင်...

"ဦးဇနက, က မကြီးပဉ္စားပဲ နေပါ့မလား၊ သူက ဂိုဏ်းဘုန်းကြီး၊ အို....ပြီးရော ပြီးရော ပျက်ရော၊ ဘုန်းကြီးတို့ သာသနာတော်ကြီး ဆက္ကုန်လုံး ပျက်တာပဲ၊ ပြီးတာပဲ။

"သီလဝဦးဇနက,က မကြီးပဉ္စားပဉ္စားပဲနေပါ့မလား၊ဆန်တို့ဘာတို့ မရပဲ နေပါ့မလား၊ သူက ဂိုဏ်းဘုန်းကြီး၊ သူက ဂိုဏ်းနတ်ကိုးကွယ်ထားတာ၊ ဂိုဏ်း ကိုးကွယ်ထားတာ ဦးဇနက,က၊ ငါးပါးဒီလ မြဲရတယ်၊ သူက ဂိုဏ်းကိုးကွယ်လို့။"

ဖလာကကြီး သွားတော့မှာ သွားတော့မှာ၊ သာသနာကြီး သွားတော့မှား ပျက်တော့မှာ၊ ဒါ့ခြင်္ကြောင့် ဘယ်ဂိုဏ်းကိုမှ ဘုန်းကြီး ဝင်ဖို့လိုဘူး၊ ဘုန်းကြီး အလုပ်ကိုကျေနပ်လို့ရှိယင် ဂိုဏ်းပျားက ဝိဇ္ဇာများက ဘုန်းကြီးအလုပ်ကို တာ့ ထားပေးချင် အားပေးပေါ့၊ အားမပေးရင်ဘူး ဆိုလို့ရှိယင်လဲ အားမပေးနဲ့ ပေါ့၊ ဘုန်းကြီးလမ်းနဲ့ ဘုန်းကြီး သွားမှာပါ၊ အဲဒီလို ပြောယာရေ ယ်။

ဒါ့ခြင်္ကြောင့် ဘုန်းကြီးကျောင်းတိုက်မှာ ရောက်လာလို့ရှိယင်လဲဘုန်းကြီးက မဟုတ်ဘူးနော် ကုသိုလ်တွေ၊ အလှူဒါန လုပ်တဲ့ဆခါမှ အကုသိုလ်တွေ ဖနောက်က ဖနောက်က များလွန်းတယ်၊ ဒီအကုသိုလ်တွေက အပါယ်ချတာမဟုတ်

ပါဘူး၊ အကျိုးမရတာပါ၊ အပါယ်တော့ မချပါဘူး၊ ငွေကုန်သလောက် ဒုက္ခိုးမရပါဘူး၊ ကျောင်းတွေဆောက်ကြတယ်၊ ဘုန်းကြီးတွေ ကိုးကွယ်ကြတယ်၊ ဘယ်ဘုန်းကြီး ဘယ်လောက်လှူခဲ့တယ်၊သွားရော့ သွားရော့ သွားရော့၊ လှူပါစေ လှူပါစေ ဘယ်နှစ်ထောင်လှူခဲ့တယ်၊ လှလှ သွားရော့ သွားရော့၊ နင့်ဟာ နင့်ဟာ မဟုတ်ပါဘူးလေ။

သင်တို့ဟာ သင်တို့ဟာ ဟို ရထဲသွန်ချလိုက်တာနဲ့ အကုန်ပါပဲ၊ ဒီ ဗုဒ္ဓ မြတ်စွာကိုယ်တော်တိုင်ဟောင်မှ အလှူခံခါနီးမှာ ဒီဌဝမ္မ ရမည့်အခန်းကျတော့ စိတ်တော်တွေကို ထပ်ပြီးတော့ စင်ကြယ်အောင်ပေါ့လေ ငင်ကြယ်ပြီးသား စင်ကြယ်ပြီးသား၊ တချို့ဘုန်းကြီးတွေက ဘာမှမရှိဘူး၊ ဘာမှမရှိဘူး၊ သင်တို့ လှူကြ ဒါနိုးကြတာတော့ ဒီအပြင်ဒုက္ခိုးရတာတော့ ဝေးပါသေးတယ်၊စာက ရှိတယ်ကို၊ စာက "သတဂုဏာ" အဆိုတရာ အကျိုးပေးတယ်လို့ ဆိုပါတယ်၊ ဟုတ်တယ် တိုက်ဆိုင်လှူတဲ့အလှူက ဖဟာ-ခွေးကလေး ငတ်နေတယ် ခွေး ကလေး ငတ်နေတယ်၊ ကဲကဲ လုပ်ပါဦးဟ လုပ်ပါဦးဟ၊ တို့စားဖို့ သောက်ဖို့ထဲက ဖြစ်ဖြစ်၊လာလာ၊ တကတည်း ခွေးကလေးကျေးလို့ ခွေးကလေ အမြီးကလေးတနှန့်နှန့်နဲ့ ပြုံးလို့ စားရှာတယ်၊ သောက်ရှာတယ်၊ ဝမ်းသာ လွန်းလို့၊ ဒီတော့ ကြည့်ရတာဝမ်းသာလို့၊ အဲဒီအလှူမျိုးကို ပေးလှယင် ဒီက ထမင်းတဲ့လေးက်ဟာ ဟိုမှာ အဆတရာ အကျိုးပေးတယ်၊အဲဒီ ခွေးကျေးတဲ့ အလှူက အဆအဆရာ အကျိုးပေးတယ်။

ဘာပြုလို့ဟုန်း အဲဒီ ခွေးကလေးကို သနားတဲ့ ကရုဏာနဲ့, ခွေး ကလေးကို စာပါစေဆိုတဲ့ မေတ္တာနဲ့ ကုသိုလ်စိတ်နဲ့ ကြည့်ပြီးတော့ အလှူပေးနေတာ၊ ဒဲဒါအဆတရာအကျိုးပေးပါတယ်၊အခု လူတွေကို ဖိတ်ပြီးတော့ ရွှေက ဝိုးစရာလေးနဲ့ ဟိုးလို့ ကလို့ ခုန်လို့၊ နောက်က လဲပဲ ဘာမှုန်ညာမှုန် ဆိုတာတွေ စားလို့၊ သူတို့က ပဲ့လမ်းသဘင်တွေ ကြည့်လို့၊ ဒီကလဲ "ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်" ဆိုတဲ့ လောကွတ်ကလေးနဲ့၊ ဘယ်မလဲ ကုသိုလ်၊ ဘယ်မလဲ ကုသိုလ်၊ ခွေး ကလေးကို ကျေးနေတာက ကုသိုလ်တွေ သိပ်ကြီးကျယ်တာ၊ ခုကုသိုလ် ဘယ်မတုန်း၊ အားကယ်၍ ကုသိုလ်ဖြစ်လို့ရှိယင်တော့ ဟုတ်ပါတယ်၊အဆ

တရုမက အာကျိုးပေးမယ်၊ ယခု ကုသိုလ်ပြုစုထားရလေသမျှ အဲဒါတွေ ထောက်ပြီးတော့ ဟုန်းကြီး ဖြစ်သောအတွက်လေ ဘဝပျက်ခြင်းသို့ ကောင်းတယ်။

အလှူအဒါန်းတွေ ပြုပို့ကောင်းပြီ။ ။ဘုဏုးပဲ့၊ ကျောင်းပဲ့တွေ ပြန်ပြင်ပို့ ကောင်းပြီ၊ ရှင်ပြုပဲ့တွေ ပြန်ပြင်ပို့ ကောင်းတယ်၊ ပိုက်ဆံကုန်ပြီးတော့ အကျိုးက နည်းလွန်းလို့၊ ဘုန်းကြီး ပျံတွေ တန်နေလုံးလုံး ပြင်လိုက်ဖို့ ကောင်းတယ်၊ တရုတ်ပြီ ကော့ ပြောရဦးမယ်၊ ဗုဒ္ဓမြတ်စွာပွင့်တော်မူတဲ့ အိန္ဒိယနိုင်ငံမှာ ကျောင်းကန်ကြီးကြီး ဒီလောက်မကြီး ကျယ်ဘူး၊ မဟပါဘူး၊ အဲဒီက ရှေ့ပြောင်းပြီးတော့လာတဲ့ သီဟိုဠ်ကျွန်းမှာ ယခုထိရှိတယ်၊ ကြည့်သီဟိုဠ်ကျွန်းပျက်မသွားသေးဘူး၊ ဘာသာရေးဟာ ယခုထိ ကြည့်၊ ယခုသီဟိုဠ်ကျွန်းလဲ ဆုတ်လာပြီ၊ ဘုန်းကြီးတွေ များများမကျလို့ ဆုတ်လာခဲ့ပြီ၊ ကျောင်းကြီးတွေ ဘယ်လောက်ကြီးကြီးရှိဘုန်း၊ သိပ်မရှိဘူး၊ ဘာပြုလို့လဲ၊ ဒါနက ဒီမှာတင် အင်မတန်ကြီးကျယ်တာ၊ ဒီပြင်နိုင်ငံက ဟိန္ဒူ ဒီလောက် မကြီးကျယ်ပါဘူး။

ဘာပြုလို့ ဒီနိုင်ငံက ဒါနဲ့ ဒီလောက်ကြီးကျယ်သတုန်းကိုတော့ ရှင်းရမှာတို့ ရောက်တဲ့အခါကတော့ တရုတ်ဟာလို့ လွယ်တာတာ ဒါနက လွယ်ကယ်၊ လွယ်ဘာ့ လူဒတွကလဲ ကျွမ်းကျင်၊ သူများဥစ္စာတွေ ပရိုး၊ ဒေါင်ခေါင်လည်လည်ဆိုတော့ ဟိုပုဂံခေတ်တော်ကတည်းကပြီးဟာ့ဘုရားတော်တည်လို့ လူကြီးဒါန်းကြ၊ တာ့ကြီးက ပြောသယ်၊ ပုဂံခေတ်က ဘုရားဟာသည်ပုဂံပါ့၊ အဲဒီမှာ ကိုရင်ရှစ်တွေ ငွေတွေ သိပ်ဖြစ်တာ၊ အိုအို... အဲဒီမင်းကြီးက ဟိုတုန်းက ရွှေဘုံကွန်ဒိုမြင့်တာလား၊ ဟာ တောင်မြို့ဘုန်းတော်ကြီးတပါးက ဂူကွင်းတူးကြည့်ပြီးတော့ တောင်မြို့က လူခတွ ဒဲမိုးတဲ့မှာ ရွှေကွင်းကွေ့ မေးထားလိုက်တယ်ဆိုတော့ ကဲ-ဘုရားတည်လို့ ဖြစ်မလားလို့၊ ကျောင်းဆောက်လို့ဖြစ်မလားလို့။

"ဟေ့ "ငါဘုရားတည်ချင်လို့အုတ်ကမလေ၊ ဘာကလေးတိုက်ပေးမ်းပါ"၊ "ဓာတ်မာလူ အုတ်တိုက်တဲ့လူ မှတ်လို့လား၊ ကျုပ်ဘုန်းကြီးက ပေးထားတဲ့ ရွှေတုံးကြီးရှိသူ၊ အုတ်မတိုက်ဘူး၊ သူလဲ ဗုဒ္ဓမဖုတ်ဘူး၊ သူလဲ လက်သမား

မလုပ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရွှေဖြစ်ငွေဖြစ် ဘုန်းကြီးက ရွှေတော့ငွေတော့ ပေးထားတာလေ၊ လက်ဘဏ်မှားမရှာရဘူး၊ ပန်းရန်မရှာရဘူး၊ အုတ်ဖုတ်မဲ့သူ ရှာမရဘူး၊ အိပ်ခိုင်းစရာ ရှာမရဘူး၊အိမ်ဖော်မရှိဘူး၊ ကိုယ့်ဘာသာကိုယ်လုပ်ကြ၊ နောက်ဆုံးတော့ စပါးလုပ်မယ့်သူတောင် မရှိဘူး။

တို့က တောင်သူပဟုတ်ဘူး၊ တို့ကာ ရွှေဖာ့ရှိဘာယ်၊ တော်ကြာရော၊တယောက်ကမျှား ရွှေဖြစ်ငွေဖြစ်လို့ပပေးလို့ရှိယင် တော်ပြီးတော့ သေကိုသေကုန်ကြမှာ၊ အဲဒါ အင်္ဂေါဏာတို့လက်ထက်ကလဲ မဟုတ်ဘူး၊ ဟုတ်လို့ရှိယင် ဒီဘုရားတည်လောက်အောင် အုတ်ကိုမရှိဘူး၊ အဲဒါကြောင့် ရွှေတော့ငွေတော့ဖြစ်လို့ငွေမျှားပေးလို့ရှိယင် တောင်သူလဲလုပ်မည့်သူမရှိလို့ တော်ကိုးတော်လိမ့်မယ်၊ ဆန်တပြည်လေးကျပ်မကဘူး၊ ငွေးဆယ်ဖြစ်လဲ ဝယ်ရတော့မှာ၊ ဝယ်လဲရမှာမဟုတ်ဘူး၊ သေကိုသေကြမှာ၊ ဒါကြောင့် မဟုတ်ပါဘူး။

ဒါဒပဖယ့် ဒါနကို ဥိးကျိုးလာရော၊ ရှင်ဘုရင်ဆိုတဲ့ သူတို့ကလဲ ဘာလုပ်ချင်ကြတုန်း၊ ရှင်ဘုရင်ပြန်ဖြစ်ချင်တယ်၊ရှင်ဘုရင်ပြန်ဖြစ်ချင်တော့....နန်းတော်ကြီးလို ကျောင်းကြီးတွေဆောက်။

မိဖုရားဇနီလဲ နန်းတော်ကြီးတွေလို ကျောင်းကြီးတွေဆောက်၊ သူတို့ဘာဖြစ်ချင်လို့တုန်း၊နိဗ္ဗာန်ကို မလိုချင်ပါဘူး၊ရှင်ဘုရင်ပြန်ဖြစ်ချင်တာပဲ၊မှူးကြီးမတ်ကြီးတွေက မှူးကြီးမတ်ကြီးကွေ ပြန်ဖြစ်ချင်တော့သူတို့ကလဲ နန်းတော်တမျှကျောင်းကြီးတွေဆောက်၊ မြန်မာနိုင်ငံမှာ ဒီလို ဥိးကျိုးလာတယ်။

နောက်တော့ ရှင်ဘုရင်က သားတော် ရှင်ပြုတယ်ဆိုတော့ ခမ်းခမ်းနားနားနဲ့ မင်းခမြောက်တန်ဆာမကွဲ ဘာတွေနဲ့၊ အမတ်ကြီးတွေကလဲ သူတို့သားကျတော့ ဟုတ်ဟုတ် မဟုတ်ဟုတ်၊ မင်းမြောက်တန်ဆာတွေ ဘာတွေနဲ့၊ ဓနာက် အမတ်ကြီး အကြောင်းပြုပြီး သူတို့သား ချုံနာ ပါတေးကို မင်းမြောက်ဘန်ဆာတွေ ဘာတွေဆင်၊ ဒီလိုနဲ့ လာပြီးတော့ ဥိးကျိုးကုန်ကြတာ ဘုန်းကြီးထိပါရဲ့။

"ကုသလောမ္မော၊ကုသိုလ်ဟရှားပေါက်စကလေးက။အကုသလဿ ဓမ္မဿ၊ အကုသိုလ်တရား အကြီးကြီးအမျှားကြီးအား။ ဥပနိဿယ-ပစ္စယေန၊ ပကတူပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏"။

အဲသလိုဖြစ်လို့ဘဝသံသရာဒုက္ခကြီးရလို့ရှိယင်ဟုတ်ပါရဲ့၊ ကုသိုလ်မှ မဟုတ်ပဲနဲ့ အကုသိုလ်က ဘယ်တော့မှ ကောင်းကျိုးမရပါဘူး၊ ဒဲဒါကြောင့် ဇော ဆိုတာဟာ (ကုသိုလ်ဖြစ်ယင်ဖြစ်၊ မဖြစ် အကုသိုလ် အကုသိုလ်) ကုသိုလ် အကုသိုလ် ၂-မျိုးပဲရှိတယ်၊ ဒီပြင်စိတ်တွေဟာ ဘယ်လောက်မှ အရာထင်တဲ့ စိတ်တွေ မဟုတ်ပါဘူး၊ ဒီတော့ မိမိစိတ်ကို မိမိကြည့်ပြီးတော့ ကုသိုလ်လား အကုသိုလ်လား အဲသလိုဆုံးဖြတ်ပြီးတော့ ကုသိုလ်ဖြစ်အောင်ကြိုးစားကြပါ။

ဘုန်းကြီးတို့ ပဋ္ဌာန်းပစ္စည်းက အင်မတန် တိကျပါတယ်၊ ဒီပစ္စည်းကို အကြောင်းပြုပြီး မိမိတို့လဲ တိကျတဲ့အလုပ်ကို လုပ်နိုင်အောင် ကြိုးစားရပါမယ်။

နာနာပွကာရဒ္ဌာနာနိ၊ ဇောဓိတာဒေနွတ္တ မုနိနာ။
အနန္တရယပဒ္ဌာနံ၊ ဝဒန္ဒ အနန္တဓေါစရံ။

ဇော္ထ၊ ဤအနန္တနယ သမန္တံပဋ္ဌာန်းကျမ်းတော်ကြီးဌ်။ မုနိနာ၊မုနိဟူတ်တင် ဘုရားရှင်သည်။ နာနာပွကာရဒ္ဌာနာနိ၊ ဖြတူ, အာရမ္မဏ ဝတ္ထုသည်မျှားစွာ အားကြောင်းအဆုတို့ကို။ ဇောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦး,စွာ ကျန သိပြီးမှလျှင် မျှားလှာဝဒန သိစေတာ်မူခဲ့ဒလပြီ။ အနန္တရောဓိစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်ဒတာ်မူဒသာ။ တံ အနန္တနယပဒ္ဌာနံ၊ မြားမြောင်ဖေါယယ် နည်းကြွယ်သား ကြီးကျယ်မြင့်ဓမာ် ထို ပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝဒန္ဒ၊ တသက်ဘခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ ပါ၏ဘုရား။

သာဓု.....သာဓု .....သာဓု။

အရေးပြု ပဋ္ဌာန်းတရားတော်

သတ္တမနေ့

၁၃၃၄-ခု၊ နှောင်းတန်ခူးလဆန်း ၁၃-ရက်
၁၉၇၃၊ ဖေဖော်ဝါရီ ၁၅-ရက် ဘနဂ်္ဂနေ့။

၁၃။ ကမ္မပစ္စယော (ကမ္မပစ္စည်း)
၁၄။ ဝိပါကပစ္စယော (ဝိပါကပစ္စည်း)

ကမ္မပစ္စည်း, ဝိပါကပစ္စည်း ဟောရမယ်။

ဒီကမ္မပစ္စည်းဆိုတာ အင်မတန်လေးနက်တယ်၊ ဘုန်းကြီး ကနေ့ လေးနက်တဲ့ အပိုင်းကို တချို့ ချန်ထားပြီးတော့ နားလည်လောက်တဲ့ အပိုင်းကို ကနေ့ ဟောမယ်၊ နောက်ကိုတော့ လေးနက်တဲ့အပိုင်း ဆက်ဟောမယ်။

ကမ္မပစ္စယော တိ–

ကုသလာကုသလံ၊ ကုသိုလ်, အကုသိုလ်ဖြစ်သော။ ကမ္မံ၊ ကံသည်။ ဝိပါကာနံ၊ အကျိုးဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ နာမ်ခန္ဓာတို့အား လည်းကောင်း။ ကဋတ္တာရူပါနံ၊ ကမ္မဇရုပ်တို့အားလည်းကောင်း။ ကမ္မပစ္စယေန၊ ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စေတနာ၊ စေတနာသည်။ သမ္မယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန်သော။ မေ့ဖျောနံ စ၊ တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုစေတနာကြောင့် ဖြစ်ကုန်သော။ ရူပါနံ စ၊ စိတ္တဇရုပ်တို့အား လည်းကောင်း၊ ကမ္မပစ္စယေန၊ ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော၊သည်။ ဟောတိ၊ ၏။

ကမ္မပစ္စည်းက နှစ်မျိုးရှိတယ်၊ စေတနာဟူသမျှကို ကံလို့ ခေါ်လိုက်လို့ ရှိယင် ဒစဘုံဘဝနဲ့ သမပယုတ်ဖြစ်တဲ့ စိတ်ခစဘသိက်အားလုံးရယ်၊ စိတ္တဇရူပ်ရယ်၊ အဲဒီတရားစတွေ ကျေးဇူးပြုနိုင်ပါတယ်၊ ယနေ့ ဟောမည့်ကံကား ဆေးမျှားနားလည်နေတဲ့ ကမ္မပစ္စည်းကို ဟောမယ်၊ ကုသလာကုသလံ၊ ကုသိုလ်, အကုသိုလ် ဖြစ်သော။ ကမ်မံ၊ ကံသည်၊ ကုသိုလ်, အကုသိုလ်ကံ ဆိုတာက ကုသိုလ် အကုသိုလ်ထဲမှာရှိတဲ့ ဓစဘနာကို ဖြစ်ပြောနေတာ၊ စေတနာကို ဟောတော်မူနေတာမှ

အဲဒီ ကုသိုလ်, အကုသိုလ် စိတ်ထဲမှာယှဉ်တဲ့ ဓစဘသိက်ဝဲမှာ စေတနာဆိုတဲ့ ကံက အကျိုးဝိပါကိဓတ္တကို ကျေးဇူးပြုတယ်၊ အမျာကုလာလည်နေတဲ့ အကျိုးဒေး အကျိုးဓေးဆိုတာ အဲဒီ အကျိုးဝိပါက်ဖြစ်တဲ့ ဂုဝဝ်ခန္ဓာ ကရူးတွေကိုလဲ ကျေးဇူးပြုတယ်၊ ပြီးတော့ ကံကြောင့်ဖြစ်တဲ့ ယခုနေ့ လောလောနေတဲ့ ရုပ်ဓတ္တဇပေါ့၊ သူကတော်ကံဓတ်ဇင်းတဲ့ကိုး၊ ရုပ်, ဇယ်လို့နေ့ဘဝေါ့ စသည်၊ အဲဒီ ကမ္မဇရုပ်တရားဓတ္တကိုလဲ ကျေးဇူးပြုတယ်၊ အဲဒီဟာ ကမ္မပစ္စည်းကို ဆုန်းကြေးက ဟောပါ့မယ်။

ကမ္မပစ္စည်းနဲ့ဆိုင်ပြီးတော့ သိရမှာက ဝိပါက=ဒဲကျိုးကံက အဝကြောင်း၊ ဝိပါက=အကျိုး၊ အဲဒီ ပဝ္ဆည်းပါ ဆက်ရပါ့မယ်။

ဝိပါကဆိုးတော့ ဘယောတိ—

ဝိပါကာ၊ ဝိပါက်ဖြစ်ကုန်သော။ စတ္တာဇတော၊ လေးပါးကုန်သော။ အာရုပိနော၊ နှစ်မျိုးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ (ဝိပါက် ဆိုတာ ခုနက ကံကြောင့်ဖြစ်တဲ့ အကျိုး၊ အကျိုးတရားလဲပဲ သူတို့ နာမ်ခန္ဓာ အချင်းချင်း) အညမညံ၊ အချင်းချင်း။ ဝိပါကပစ္စယေနာ၊ ဝိပါက ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

နာနာကွဏိကကံ။ ။ဒီနှစ်ပစ္စည်းကို ဘုန်းကြီးက ဆက်ပြီးတော့ ဟောရပါ့မယ်၊ ဒီဓတ္တာကာ နှစ်မျိုးကဲက ဒီ အများနားလည်နေတဲ့ ကံကို နာနာကွဏိကကံလို့ ခေါ်ပါတယ်၊ အများနားမလည်တဲ့ ကံက

သဟဇာတကံလို့ ခေါ်ပါတယ်၊ နာနာက္ခဏိတ ကံဆိုတာ ခု ကုသိုလ်ပြု နောက်မှအကျိုးပေး၊ ဒီလိုကိုး၊ကုသိုလ်ပြုပြုချင်း အကျိုးမပေးဘူး၊ ဓနာက်မှ အကျိုးပေးတယ်၊ ဒါ အများနားလည်နေတဲ့ ကုသိုလ်ကံ, အကုသိုလ်ကံ ဆိုတာ သူပါပဲ၊ချက်ချင်း အကျိုးမပေးဘူး၊ နောက်ကျမှ အကျိုးပေးတယ်၊ ဘယ်လောက် နောက်တုန်း ဆိုတာကတော့ ဟောယင်း နားလည်သွား လိမ့်မယ်။

မျိုးစေ့အလာ ကမ္မဘာရုး။ ။ဒီ ကမ္မပစ္စည်းကို ရှေးဆရာတော် များက ဥဒ္ဓကထာ ဆရာတော်ကြီးများက ဥပမာ ဘယ်လို ပေးကားကြတုန်းဆိုတာဘဲ့ သစ်ပင်မှာ မျိုးစေ့ရှိတယ်၊ မျိုးစေ့ဆိုတာ သစ်ပင်မကုတ်ဘူး၊ အညွှန့်မျိုးလဲပါတယ်၊ အခက်မျိုးလဲပါတယ်၊ ပင်စည် မျိုးလဲပါတယ်၊အမြစ်မျိုးလဲပါဘယ်၊ အဓေ့မျိုးလဲပါဘယ်၊ မျိုးအားလုံးကို နည်းလည်ထားပါဓနာ်၊မျိုးစေ့ကခုကည်းကို နားလည်မထားပါနဲ့ဓနာ်၊အဲဒီမျိုး တွေကို သစ်ပင်ပေါက်ဖို့ရန် ဘယ်သူက ကျေးဇူးပြုတုန်းလို့ဆိုတော့ ရေတို့ မြေတို့, ဘေးက ကျေးဇူးပြုတာ၊ ဒီ သစ်ပင်ပေါက်ဖို့ကတော့ မျိုးပဲ၊ သစ်ပင် ဘာကြောင့် ဖြစ်တုန်းဆိုယင် မျိုးကြောင့်ဖြစ်တယ်၊ အမြစ်မျိုးလား, ပင်စည် မျိုးလား, အခက်အညွှန့်မျိုးလား, အဓေ့မျိုးလား, ဒီလိုတော့ မပြောနိုင်ဘူး၊ မျိုးတော့ မျိုးတမျိုးပဲ။

သစ်ပင်ကြီးဘာဖြစ်လို့ပေါက်တုန်းဆိုယင်မျိုးရှိလို့ပေါက်တယ်၊မျိုးမရှိလို့ ရှိယင် သစ်ပင်မပေါက်ပါဘူး၊ အဲဒီလို ကုသိုလ်, အကုသိုလ် ပြုနေကြတော့ ကုသိုလ်, အကုသိုလ်ဆိုတဲ့ အထဲမှာ စေတနာဆိုတာဟာ အင်မတန် ဗျာပါရကြီးတယ်၊ ခု ဘုန်းကြီးပြောဓနတဲ့ နေရာမှာပဲ ကြည့်စမ်း၊ တခါ တခါ ဘုန်းကြီး ဗျာပါရတော်ကြီးကြီးနဲ့ ပြောနေတယ်၊ဘာဖြစ်လို့တုန်း၊ နားလည် စေချင်လွန်းလို့၊ အသံ ဒီအသံပဲ၊ ဒါမေ့မယ့် ဗျာပါရ တော်တော်ကြီးတယ်၊ နားလည်စေချင်လို့၊ ဒါ စေဘနာပေါ့၊ စေတနာပေါ့၊ ဘုန်းကြီးမပြောနေတဲ့ အသံထဲမှာပဲ စေဘနာအရင်းခံပါနေပါတယ်၊ အဲဒီလိုပေါ့၊ ဘယ်ကုသိုလ်မျိုး မဆို ကာန့ ဘွမ်းကပ်ကြ၊ ဆွမ်းမကပ်တဲ့သူပျားရဲ့ စိတ်နဲ့မဘူဘူး၊ဆွမ်းကပ်တဲ့ ဆွမ်းအမများမှာ စေတနာ ဗျာပါရကလေးရှိတယ်၊ ဆွမ်းလောင်းနေတယ်၊

ကြည်ညိုနေတယ်၊ စောစောက ဆွမ်းတို့ ဘာတို့ ကြည့်ရှုနေတယ်၊ ဒီပြင်လှူနဲ့ မတူဘူး၊ သူ့မှာ စေတနာဗျာပါရကလေး ပိုလာတယ်။

ဒါ နားလည်ဖို့၊ နားလည်ဖို့၊ ကိုယ်ခရီးကိုယ်တာ နားလည်ဖို့၊ကျောင်း ဆောက်တဲ့သူကလဲ ကျောင်းဆောက်ခတာ့လေ၊ ကျောင်းကြီးကောင်းစေချင် လိုက်တာ၊ ကျောင်းကြီး သာသာယာယာ ဖြစ်စေချင်လိုက်တာ၊ တခါ ကျောင်းကြီးမြန်မြန်ပြီးစေချင်လိုက်တာ၊ စေတနာတွေ ဒီပြင်လူတွေနဲ့မတူဘူး၊ မတူလိုက်ဘာ၊ အဲဒီလိုပေါ့လေ၊ စေတနာ ဆိုတာကာ ကြောင့်ကြဗျာပါရ တော်တော်များတယ်၊ သူ့ကို ကံလို့ခေါ်တယ်၊ ကုသိုလ် စိတ်ဝေယျသိက်တွေ အများကြီး ဖြစ်တဲ့အထဲက ဆေတနာကို ကံလို့ခေါ်ကယ်၊ ဘာဖြစ်လို့တုန်း၊ ဗျာပါရများတယ်၊ နှစ်ဆလောက်မက များတယ်၊ ဒီပြင်စိတ်ခတွေလက် ဒီပြင် စေတသိက်တွေထက်၊ အဲဒါကြောင့် ဒာဂ်မတန် ဗျာပါရများလို့ပဲ ဆေတနာကို ကံလို့ ဒီလို ကောက်ချက်ချလိုက်တယ်။

ကမ္မပစ္စယော၊ သစ်ပင်တို့အား မျိုးစေ့လားသို့ အားပါးလုတ်လ ဗျာပါရဖြင့် ကြောင့်ကြကြီးစွာ စေတနာဟူသော သဟဇာတကမ္မ, နာနာက္ခဏိကကမ္မနှစ်ပါး ပစ္စည်းတရားသည်။ ဒေတ္တိ၊ ဂုဂ္ဂိုလ်သတ္တဝါ သူငါမနှော တရားသဘာဝင်ရှားရှိပါသည်တကား။ ဖောစေခြင်း၊ သဗ္ဗညုတာ ဉာဏ်တော်သားဖြင့် ဦးစွာကုန် သိပြီးမှလျှင် များလှ ဝေနေယျသိစေတော်မူသော မြတ်စွာဘုရားကို။ ဂန္ဓာမိ၊ ဂုဏ်တော် ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွှမ်းထာမနာ ပကာဂိုက္ခိုး လက်စုံ မိုးလျက် ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု.....သာဓု.....သာဓု။

ဝိပါက်သဘော အကဲခတ်ကြည့်။ ။ကံဖြာလိုက်လို့ ရှိယင်ကံရဲ့အကျိုးဆိုတဲ့ ဝိပါက်က လားမှာပေါ့၊ ဖြာရမှာပေါ့၊ ဝိပါက်ဆိုတဲ့တရားက တယ်ငြိမ်သက်တယ်၊ အကုသိုလ်ကြောင့်ဖြစ်တဲ့ မခကာင်း ကျိုးဝိပါက်ကလဲ ငြိမ်သက်ဘယ်၊ ကုသိုလ်ကြောင့်ဖြစ်တဲ့ ခကောင်းကျိုးဝိပါက် ကလဲ တယ်ငြိမ်သက်တယ်၊ မဂ်ကြောင့် ဖြစ်တဲ့ ဖိုလ်ဟိုတဲ့ ဝိပါက်ကလဲ

ငြိမ်သက်တာပဲ၊ ဒီတော့ နားလည်ကောင်း နားလည်လိမ့်မယ်၊ အိပ်ပျော်နေတဲ့ စိတ်ကလေးကို ကြည့်စမ်း၊ အိပ်ပျော်နေတာမျှား စိတ်ကဖြစ်ဘူးလို့ မထင်နဲ့၊ စိတ်ဖြစ်နေတယ်၊ အဲဒီစိတ်ဟာ ဘာစိတ်တုန်းလို့ဆိုယင် ဝိပါက်စိတ်၊ ဘာဝိပါက်တုန်းလို့ဆိုတော့ ပဋိသန္ဓေနေတုန်းက ပဋိသန္ဓေဝိပါက်စိတ်နဲ့ ထပ်တူတူတဲ့စိတ်၊ ပဋိသန္ဓေနေ,နေတုန်းက ဉာဏ်ပါပြီးတော့ ဘုရားအလောင်းမျှား၌ ပဋိသန္ဓေတို့လို၊ အလောဟာဟိတ်, အဒေါသဟိတ်, အမောဟာဟိတ်တို့နဲ့ ဖြစ်ပြီးတော့ အာဏာန်း ပဋိသန္ဓေဝိပါက်စိတ် ဖြစ်လို့ရှိယင် အိပ်ပျော်နေတဲ့အခါ ဒီဝိပါက်စိတ်ပဲ ဖြစ်တယ်။

ဒီကလေးလေး ဒီကလေးမလေး ပဋိသန္ဓေနေတုန်းက စိတ်ထက်ထက်သန်သန်နဲ့ ဝုလို့ရှိယင် အိပ်ပျော်နေတဲ့အခါမှာလဲ ဒီဝိပါက်စိတ်ပဲ၊ ဒီကလေးလေး ဒီကလေးမလေး ပဋိသန္ဓေနေတုန်းက စိတ်ထက်သန်သန်နဲ့ နေလို့ရှိယင် အိပ်ပျော်နေတဲ့ စိတ်ဟာ ဒီစိတ်ပဲ ဒီဝိပါက်စိတ်မငြိမ်ဘူးလား၊ သိပ် ငြိမ်တာပဲ၊ ပဋိသန္ဓေနေတုန်းက သောမနဿနဲ့ နေလို့ရှိယင် အိပ်ပျော်နေတဲ့အခါ ဧသောမနဿနဲ့၊ မျက်နှာကိုတောင် ဘုန်းကြီးတို့က အကဲခတ်တယ်၊ တချို့က ဥပေက္ခာနဲ့ ပဋိသန္ဓေနေလာတော့ အိပ်ပျော်နေတုန်းလဲပဲ မျက်နှာမချင်လှပါဘူး၊ မှုန်မှုန်တည် ဘည်ပါပဲ၊ ဒီတော့ဘုန်းကြီးက လူဘယောက်ခဲ့ရဲ့ အကဲကို နည်းအမျိုးမျိုးနဲ့ ခတ်လို့ ရတယ်။

ဒီတခုဆုံးဟာနဲ့ ကိုယ့်ဒါမ်က ကလေးတွေကိုလဲ ကိုယ် အကဲခတ်ကြည့်ကြ၊ ကလေးကလေး ပဋိသန္ဓေ နေတုန်းက သောမနဿနဲ့ ပဋိသန္ဓေနေလာတယ်၊ အဲဟောဟာနဲ့ ဉာဏ်နဲ့ယှဉ်ပြီး ပဋိသန္ဓေ နေလာတယ်ဆိုယင် ဒီကလေးဟာသိတတ်လိုက်တာ၊ သိဘတ်လိုက်တာ၊ မျက်နှာကလဲ ကြည့်ကြည့်လင်လင် ရှင်ရှင်ပျပျရှိုလိုက်တာ၊ တချို့ကလေးတွေကျတော့ မျက်နှာကလဲ တူးမချင်ပါဘူး၊ မှုန်မှုန်ပါပဲ၊ ဆိုပါဒတော့၊ ဉာဏ်ကလဲ သိပ်ပြီးတော့မတက်ပါဘူး၊ အဲသလိုပုဂ္ဂိုလ်ဓတော့ ပဋိသန္ဓေနေတုန်းက ဘယ်လိုဆိုထာ မှုန်းလို့ရတယ်၊ ဒီဟာ့ အိပ်ပျော်နေတဲ့အခါ စိတ်မျိုး၊ ပဋိသန္ဓေနေတဲ့အခါစိတ်မျိုး၊ သွားယင်းလာယင်း ဘာမှဂရုမစိုက်ပဲနဲ့ အမှတ်တမဲ့ ဖြစ်ရဲ့စိတ်ဓတ္ထ ဓာဘ်တော်မျှားမျှား အဲဒီစိတ်ဓတ္ထဟာ ဒီဝိပါက်စိတ်ပဲ၊ ဟိုရှေးကံကြောင့် အကျိုးပေးနေတဲ့ ဝိပါက်စိတ်တွေပဲ။

ကြည့်စမ်း၊ အိပ်ပျော်နေတာသိပ်သိသာတာပဲ၊ ငြိမ်လို့ အိပ်မက်တောင် မမက်ဘူးဆိုယင် ဒီဝိပါက်စိတ်ပဲ၊ ငြိမ်လို့၊ ဝိပါက်ရဲ့သတ္တိဟာ ဘယ်လိုသဘောရှိတုန်းလို့ဆိုတော့ ငြိမ်သက်တဲ့ သစ်ပင်ပေါက်တို့ ဘာတို့ အောက်မှာနား နေတဲ့သူဟာ ဘေးက လေပြေကလေးသွင်းလိုက်တော့ အေးလို့၊ အဲသလိုပဲတဲ့၊ ဝိပါက်စိတ်တွေဆိုတာ ဘာမှ မလှုပ်ရှားဘူး၊ ဗျာပါရ ဘာမှမရှိဘူး၊ အေးလို့၊ စိတ်က ကျုပ်အေးသလိုနော် အသင်တို့ဧတသိက်များလဲအေးကြ၊ ဧတသိက်တွေကလဲ 'ဟုတ်ကဲ့' ကျုပ်တို့ဧအေးသလို ခင်ဗျားစိတ်ကလဲ အေးလို့၊ ဒီလို အအေးဓာတ်ချည်း ဖြစ်နေတာ၊ အဝေးဓာတ်ဆိုတာ ငြိမ်သက်ကာကို ပြောတာနော်။

ဟို တကယ့်နိဗ္ဗာန် အေးချမ်းတာမျိုးမဟုတ်သေးဘူး၊ အကုသလဝိပါက်ကလဲ ဒီလိုပဲဆိုပါဝင်တာ့၊ တိရစ္ဆာန်ကလေး အိပ်နေတယ်၊ ကြောင်ကလေးသူလဲငြိမ်လို့၊ အိပ်ပျော်နေတယ်၊ အကုသလဝိပါက်၊ သူတို့ဝိပါက်ဟာ အကုသလဝိပါက်ပေမယ့် အဲသလို အိပ်နေယင်ငြိမ်လို့၊ ဝိပါကပစ္စည်းက ဝိပါကပစ္စည်းတွေ။

ဝိပါကပစ္စယော၊ ချမ်းရိပ်နားနေ ညှင်းလေပြေသို့ တဝေဖြစ်ဟန် နာမက္ခန်ကို ပူပန်ဝေးလျက် ငြိမ်သက်ဝေနိုင်သော ပိပါက် ပစ္စည်း ဟူးသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမနှော ကထားယောဘသာထင်ရှားရှိပါပေသည်တကား။ ဌီတိ၊ ဤသို့။ ဗောဓန္တိ၊ ဘုဉ်ညုတာဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီ မှလျင် များလွှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ဖုံဝတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာရိကျိုး လက်စုံမိုးခြ ပျိုခိုးကန်တော့ပါ၏ ဘုရား။

သာဓု..... သာဓု..... သာဓု။

ပထမဇော သတ္တိရှိပုံ။ ။အဲဒီ ကံနှင့် ကံ အကျိုးပေးပုံကို ကောင်းကောင်း နားမလည်ကြလို့ လူဓတ္တမှာ ပရမ်းပတာ ကုသိုလ်တွေ အကုသိုလ်တွေ ဖြစ်နေကြတာပါ။ အင်မတန်နားလည်ဖို့ကောင်းပါတယ်၊

အင်မတန် နားလည်ဖို့ကောင်းပါတယ်၊ ဒီထော့ ဘုန်းကြီးကနားလည်အောင် ကြိုးစားပြီးတော့ မြောမယ်လေ၊ ဒါပေမယ့် သိပ်ပြီးတော့ နားစိုက်ကြမှ နားလည်မှာ။

မနေ့ကပြောတယ်မဟုတ်လား၊ ကံက-"ဒိဋ္ဌဓမ္မ ဝေဒနိယကံ"၊ ဒီကံဒုကျိုး ပေးပါမည့်အခြေကြောင်း ဗုဒ္ဓမြတ်စွာ "ကာသာပ မြတ်စွာဘုရား"ဟာ သမာဓိတ် ဝင်စားတော်မူရပါသေးတယ်၊ သမာပတ်ဝင်စားတာဟာ တချို့သမာပတ်က ငြိမ်လို့၊ နိရောဓသမာပတ် ခေါ်ပါတယ်၊ ငြိမ်းပြီးတော့ နဂိုကလဲ ဘုရား စိတ်ဓာတ်ဟာ သန့်ရှင်းတယ်၊ သန့်ရှင်းတော်မူတဲ့ အပြင်ကို ထပ်ပြီးတော့ သိပ်ငြိမ်ပြီးတော့ဆန အောင် သမာပတ် ဝင်စားပြီးတော့မှ ဒီအလှူကို ခံတော့ ဒီအလှူက သိပ်ပြီးတော့ အကျိုးပေးသွားတယ်၊ ဒါကို ပြောင်းပြန် ပြန်လိုက်စမ်း၊ လှူပ်လှူပ်ရှားရှားနဲ့ စိတ်ဓာတ္တ တောင်ဇရုက် မြောက်ရောက်နဲ့၊ မကြည်မလင် မသန့်မရှင်းနဲ့၊ အဲဒီလိုပုဂ္ဂိုလ်ကို လှူခနယင် အကျိုးကအင်မတန်မှ ခက်ခဲပါတယ်၊ ခက်ခဲပါတယ်၊ နားလည်စေချင်လိုက်တာ။

အဲဒီ ဒိဋ္ဌဓမ္မ အကျိုးပေးပါမည့်အကြောင်း၊ အရှင်သာရိပုတ္တရာတို့၊ အရှင် မဟာကဿပတို့လဲ ဒီလိုပါပဲ၊ နိရောဓသမာပတ် ဝင်စားရပါခဲသေးတယ်၊ ကနေ့ ဘယ်သူ့ကိုခြိုးမြောက်ရမယ်လို့ဆိုယင် အရှင်မဟာကဿပကလေ သမာပတ် ဝင်စားတော်မူပါဘယ်၊ သမာပတ်က ထပြီးတော့မှ ဆွမ်းခံတို့ ဘာတို့ ကြွလို့၊ အဲသလို မကြာမကြာပေါ့လေ၊ "ဒိဋ္ဌဓမ္မ" အကျိုးကလေး ပေးဖို့ရန်ဟာ အလှူခံ ပုဂ္ဂိုလ်များဘက်က အင်မတန် သန့်ရှင်းခဲအောင် ကြိုးစားတော်မူရ ပါတယ်၊ နဂိုသန့်ရှင်းပြီးသား ရဟန္တာပုဂ္ဂိုလ်ကြီးတွေ ဘာ ပြစ်မှု မရှိဘူး အဲဒါကိုပဲ ပိုပြီးတော့ အကျိုးများအောင်လို့ သမာပတ် ဝင်စားတော်မူရ ပါခဲသေးတယ်။

ဒီတော့ ဘုန်းကြီးတို့ကတော့ ဒါတွေမြင်လို့မို့လေ၊ တွေ့ကရာ ပုဂ္ဂိုလ် တွေကို မခေပးနိုင်ဘူး၊ ဟင်း....တွေ့ကရာကို ပေးတယ်ဆိုယင်လဲ အကျိုးမလိုလား ပါဘူး ချီးမြောက်တဲ့သဘောမျိုးနဲ့သာ ပေးပါတယ်၊ ကိစ္စမရှိဘူး၊ ပေးတယ်၊ ဒီလိုမဟုတ်ပဲနဲ့ အကျိုးလိုလားလို့ရှိယင်တော့ 'သံဃသ ဒေမ' သံဃာကိုလှူရပါ

တယ်၊ဒါထားခဲ့ပါ၊ဧော(၇)ချက်ထဲက "ဒိဋ္ဌဓမ္မ ဝေဒနိယကံ" ဆိုတဲ့အင်မတန် သတ္တိညံ့တဲ့ ပထမဧောက အကျိုးပေးရပါတယ်လို့ မနေ့တုန်းက ပြောခဲ့ပြီနော်၊ ပြောခဲ့တယ်နော်၊ ဘာပြုလို့ ပထမဧောကို သတ္တိညံ့ သလဲလို့ဆိုတော့—

ဟိုနံ့သာနဲ့ ထုံထားတဲ့ အဝတ်ဟာ ပထမနေ့ကုံ၊ ဒုတိယနေ့ထုံ၊ ဟော ဒုတိယနေ့ကျတော့ ပထမနေ့ထက်မွေး၊ တတိယနေ့ထုံ၊ ဒုတိယနေ့ထက်ပိုမွေး၊ အဲသလိုအားဖြင့် (၇)ကြိမ်သာ များသောအားဖြင့် ဖြစ်ရိုးရှိကဲ့ ဧောထဲမှာ သတ္တမဧော ကျတော့ အရှိန်အဝါ သတ္တိအကောင်းဆုံးပါပဲ။

ပထမဧောက အားအသေးဆုံးပါပဲ၊ ဥပမာတခုပြောဦးမယ် လူတယောက်က သင်္ဃဒိသားဆိုပါတော့၊ ပစ္စည်းဘယ်နှစ်သိန်း အမွေရ၊ နောက်လူကလဲ နောက်သားကလဲ သတ္တိဗျတ္တိနဲ့၊ သူကလဲ သိပ်ကြိုးစားတယ်၊ အဖေထက်သားက ပေါများလာပြီ၊ ဘာပြုလို့တုန်း၊ အဖေ အရင်းအနှီး အရှိန်အဝါအခြေခံက ရလို့လေ၊ သားကျတော့ ပေါများလာပြီ၊ နောက်သားကလဲ သိပ်သတ္တိကောင်း၊ ဒီအချို့အတိုင်း မလျှော့ဘူး၊ သူက ကြိုးစားတယ်၊ ဟို နံပါတ်တစ် အဖေထက် နံပါတ်နှစ်၊ နံပါတ်နှစ် သားထက် နံပါတ်သုံး ပိုပေါများသွားပြီး ပထမအရှိန်က ရတယ်ကိုး၊ ဒုတိယအရှိန်ကလဲရတယ်ကိုး၊ တခါ နံပါတ်လေးသားပဲ ဆိုကြပါစို့၊ ပိုပေါများပြန်တယ်၊ ပထမ ဒုတိယ တတိယ အရှိန်တွေက ရတယ်ကိုး၊ နံပါတ်ငါးသွားပါ၊ နံပါတ်ခြောက်၊ နံပါတ်ခုနစ် အပေါများဆုံး သူအပေါများဆုံးပဲ။

ဘာပြုလို့တုန်း ရှေးက အမွေခံတွေက သူ့မှာအရှိန်ရလာတယ်ကိုး၊အဲသလိုပဲ၊ အဲသလိုပဲ၊ ဒါကြောင့် နောက်က သတ္တိထက်တယ် ဆိုတဲ့ဟာကို သဘောမပေါက်လို့ ပြောနေရတာ၊ အမှန်ကတော့ ပထမဧောက သတ္တိထက်ဖို့ကောင်းတာပေါ့၊ မဟုတ်ဘူး၊ မဟုတ်ဘူး၊ သတ္တမဧောကျမှ သတ္တိကောင်းတာ၊ ပထမဧောက သတ္တိအညံ့ဆုံးပါပဲ၊ နားလည်အောင် ပြောနေရတယ်။

ကောင်းပြီ အဲဒီသတ္တမဧောက သတ္တိအကောင်းဆုံးလို့ဆိုတော့ ဘယ်တော့ အကျိုးပေးတုန်း၊ ဟော ဒုတိယဘဝ အကျိုးပေးတယ်၊ သူ့နယ်ပဲ သူ့နယ်ပဲ

ပထမဇောအကျိုးပေး, မပေး။ ။ပထမဇောက သတ္တိ ညံ့လို့မို့ ဒီဘဝအကျိုးပေးခွင့်ရှိယင် ပေးတယ်၊ ပထမဇောက တော့ ယခုမျက်မှောက်ဘဝမှာပဲ အကျိုးပေးတယ်၊ ဒါက သူ့နယ်ပဲ၊ပေးခွင့်မရှိလို့ပဲယင် ပြီးရော၊ "အဟောသိကံ" အကျိုးမပေးတော့ဘူး၊ ပထမဇော တာဝန် မရှိတော့ဘူး၊ "အဟောသိကံ" အဟောသိကံဆိုတာ ဖြစ်ရုံမျှသာ ဖြစ်တာ အကျိုးမပေးတော့ဘူး၊ ပထမဇောကလဲ"မဟာဒုင်"တို့လို "ကာကဝလွှိယ"တို့လို၊ ဒီလိုချက်ချင်းသင်္ဃဒိုးဖြစ်ဖို့ဆိုတဲ့ အကျိုးပေးဖို့ကတော့ ဘုရား, ရဟန္တာတို့လိုပုဂ္ဂိုလ်မျိုး၊ သမာပတ်မှထပြီးသား အလွန်စင်ကြယ်တဲ့ပုဂ္ဂိုလ်မျိုး၊ မိမိပစ္စည်းကလဲ အင်မတန်စင်ကြယ်၊ ဒီလိုမှ အကျိုးပေးတာပါ၊ သင်္ဃဒိုးဖြစ်လောက်အောင် အကျိုးပေးကယ်၊ ဒီလိုက အင်မတန်နည်းတယ်။

ဒါပေမယ့် ပထမဇောက လုံးလုံး အကျိုးမပေးဘူးလားလို့ဆိုစေတော့ ပေးပါတယ်၊ ကုသိုလ်ပြုနေတဲ့ လူဘဝကို ပထမဇော အကျိုးပေးနေပါတယ်၊ ဘုန်းကြီးတို့က နားလည်နေပါတယ်၊ဘုန်းကြီးတို့ ကျမ်းစာတို့ ဘာတို့ခရေးမယ် ဆိုလို့ရှိယင် ဘုရား,ကရား,လံသာကို အင်မတန်ဦးတည်ရတယ်၊ဘာပြုလို့တုန်း၊ အဲဒီ စေတနာက ဘေးရန်, အန္တရာယ်များ ကာကွယ်ပေးနိုင်သမျှ ကာကွယ်ပေးတယ်။

ဒါ ပထမဇော အကျိုးပေးနေဟာ၊ သူ့ချည့် မတက်နိုင်လို့ရှိယင် ရှေးကကံနဲ့ပေါင်းပြီးတော့ အကျိုးပေးတယ်ဘဲ၊ ဥပမာ-ရေမြောင်းလေး တခုမှာ မိုးရွာချတယ်၊ ဟိုဘထက်က စီးလာတဲ့ ရေကလေးကလဲရှိ၊ မိုးရွာချလိုက်တာ ရေအား ဘော်ခတာ်ကို ကောင်းသွားတယ်၊ ဘာပြုလို့တုန်း၊ အထက်က စီးလာတဲ့ ရေဟာ သူ့ချည်းဆိုယင် တွန့်တွန့် တွန့်တွန့်နဲ့ မိုးရေနဲ့ပေါင်းလိုက်တော့မှ တခါတည်း ဒလဟောစီးပြီးတော့ သွားတာပဲ။

ရှေးကံကလဲ ပါဘယ်၊ ယခုကံကလဲ မိုးရွာချလိုက်သလို ချလိုက်တယ် ဆိုယင် အကျိုးပေးလို့၊ ဒီဘဝဟာ ပထမဇော အကျိုးပေးနေတာ၊ ယိုးတီးယားဘား သာမန်ပထမဇောတွေကတော့ အကျိုးမပေးဘူး၊ အဟောသိကံပဲ ဖြစ်စေတာ၊ အကျိုးမပေးဘူး နားလည်ပါစေ။

သတ္တမဇော အကျိုးပေးပုံ။ ။အထက်မြက်ဆုံးဖြစ်တဲ့ သတ္တမဇောက အကျိုးပေးတော့ ဒုတိယဘဝမှာ ဘာအကျိုးပေးတုန်း၊ လူဖြစ်နိုင်တယ်၊ လူချမ်းသာရနိုင်တယ်၊ နတ်ဖြစ်နိုင်တယ်၊ နတ်ချမ်းသာရနိုင်တယ်၊ ပထမဇောက အကျိုးပေးတော့ ယခု ဘဝမှာသာ သဒ္ဒေးသာ ဖြစ်နိုင်တယ် တဘဝ မထူထောင်နိုင်ဘူး၊ သတ္တမဇော ကျတော့ တဘဝ ထူထောင်လိုက်တာ၊ ဘယ် သဒ္ဒေးကလဲ အသက်ရှိတဲ့ သတ္တဝါတယောတ် ဖြစ်အောင်ကို ထူထောင်လိုက်တာ၊ ပထမဇောက အဲသလို မထူထောင်နိုင်ဘူး၊ ဖြစ်ပြီးသား ဘဝလေး ချမ်းသာရုံကလေးမျှလောက် သူက အကျိုးပေးနိုင်တာ၊ နောက်ဘဝဖြစ်အောင် ပဋိသန္ဓေအကျိုး မပေးနိုင်ဘူး။

သတ္တမဇောကျတော့ ရှိပြီးသားဘဝ ပဟုတ်ဘူး၊ ဘဝအသစ်ကို ပေးနိုင်တယ်၊ စည်းစိမ်အသစ်ကို ပေးနိုင်တယ်၊ ဒါကကုသိုလ်လမ်း ပြောနေတာနော်။

အကုသိုလ်လမ်းကလဲ ဒီလိုပဲ၊ ပထမဇောက တခါတလေမျှား ရဟန္တာကြီး တို့ဘာတို့ကို ပြစ်မှားလိုက်ပြီ ဆိုမှဖြင့် ချက်ချင်းအကျိုးပေးတာပဲ၊ ဒါ ပထမဇောက အကျိုးပေးတာ၊ အရှင်သာရိပုတ္တရာ ဆဲတော်ချပြီးတော့ ခေါင်းပြောင်ပြောင်နဲ့ နေတုန်းမှာ ဘီလူး(နန္ဒဘီလူး)က ခေါင်းခေါက်တယ်၊ ချက်ချင်းသေတယ်၊ ချက်ချင်းဓာတ်ယ်၊ သေပြီးတော့ အဝီစိကျရတယ်၊ ချက်ချင်းသေတာက ပထမဇော အကျိုးပေးတယ်၊ အဝီစိကျတာက သတ္တမဇောက အကျိုးပေးတာ[၁]။

အဲသလို အဲသလို ဒါကြောင့် ကုသိုလ်နေရာမှာရော၊ အကုသိုလ်နေရာမှာလော သတ္တမဇောက ဘဝသစ်တခု ထူထောင်ပေးလို့ သတ္တိရှိတယ်၊ အရှိဆုံးပါပဲ၊ အကယ်၍မျှား ဒုတိယဘဝမှာ အခွင့်မရဘူးတဲ့၊ တတိယဘဝမှာ အကျိုးမပေးယင် အဟောသိကံ ဒီဇဟောသိကံတွေပြောပါ့ဟုလေး မြန်မာလိုဟော့ နှမြောစရာကံတွေ အများကြီးရှိတယ်။

၁။ ဦဒါနပါဠိတော်၊ ယက္ခပဟာရသုတ်၊ နှာ-၁၂၃-၅။
ဥပရိပဏ္ဏာသအဋ္ဌကထာ၊ နှာ-၅-၆။

ကံတွေ အများကြီးပြုထားတဲ့ ပုဂ္ဂိုလ်ရဲ့ ကံအားလုံး တပြိုင်တည်း ဒုတိယ ဘဝမှာ အကျိုးမပေးဘူး၊ တကံကပဲပဋိသန္ဓေအကျိုးပေးတာ၊ ကျန်တဲ့ကံတွေ သတ္တမဇောတွေက "အဟောသိကံ" အကျိုးမပေးတော့ဘူး။

အလယ်ဇော ၅-ချက်အကျိုးပေးပုံ။ ။ဝကောင်းပြီ၊ ဆလယ်ဇော ၅-ချက် ကျန်သေးတယ်နော်၊ အဲဒီ ဆလယ် ဇော ၅-ချက်ကတော့ အားဒအားပါပဲ၊အကုသိုလ်ကံကလဲ နိဗ္ဗာန် မရမခြင်း ပေါ့၊ အခွင့်သာတဲ့ဘခါ အကျိုးဝပးမယ်၊ ကုသိုလ်ကံကလဲ နိဗ္ဗာန် မရမခြင်း အခွင့်သာတဲ့ဘဝမှာ အကျိုးပေးမယ်၊ ဘယ်ဘဝမှာ အကျိုးပေးမယ်လို့တော့ သတ်မှတ်ချက်မရှိဘူး၊ အခွင့်သာတဲ့ဘဝမှာ အကျိုးပေးမယ်။

ဒီတော့ မှန်းလိုက်ကြ၊ ဘုန်းကြီးတို့တတွေမှာ ရှေကပြုထားတဲ့ ကုသိုလ် ကံတွေ ဒီဘဝမှာ အကျိုးပေးမယ်ဆိုယင်တော့ပဋိသန္ဓေနေတုန်းက ပေးပြီးပြီ၊ ယခု နောက်ထပ် အကျိုးဝပးမယ်ဆိုလို့ရှိယင် ဟို ရှေးကံတွေကလဲပါတယ်၊ ဟိုရှေးက အလယ်ဇော ၅-ချက်ဆိုတဲ့ ကံတွေပါတယ်၊ ဒါပေမယ့် သူတို့ချည်း ကုသိုလ်က အကျိုးမပေးချင်ဘူး ပေါင်းဝပါင်းပြီးတော့ ပေးကြတယ်၊ ကောင်းတဲ့သူတွေ ကောင်းကျိုးတွေ များများရတယ်ဆိုတာ ဒီအဓိပ္ပာယ် ရှိတယ်၊ မကောင်းလုပ်တဲ့သူတွေကျတော့ ကောင်းကျိုးတွေက တိုနဲ့တိုနဲ့နဲ့၊ အကျိုးမပေးရဲဘူး ဆိုသလိုပဲ သတ်မှတ်နည်းသွားတယ်။ .

ကောင်းဝကောင်းနေယင် ဝကောင်းကောင်း အကျိုးပေး များစွာရှိတယ်၊ အလယ်ဇော ၅-ချက်နဲ့ ပါလာပြီ၊ ဘုန်းကြီးတို့ ဘဝများစွာက ပြုလာတဲ့ အလယ်ဇော ၅-ချက်ကတော့ မနည်းဘူး၊ ဟို တဘဝ တဘဝ လက်ဖြောက် တချက်တီးမှာ ကူဋေတသိန်းမက ဆိုတာဓတ္ထဆိုတော့ အလယ်ဇော ၅-ချက် တွေ ဘဝများစွာက ပါလာတာပေါ့။

ယခု သံဃာတော်များရော, လူဝတ်ဝကြောင်များရော, အလယ်ဇော ၅-ချက်တွေကတော့ပြည့်လို့ပြည့်လို့ပါလာလိုက်တာ၊ ဒါပေမယ့်ဘယ်လိုမှအကျိုး ဝပးတယ်ဆိုတာ နောက်ထပ်ပြောမယ်နော်၊ အလယ်ဇော ၅-ချက်က ဘယ်လို

အကျိုးပေးစရာ ရှိတုန်းလို့ဆိုယင် ဒုတိယဘဝ ပြီးတဲ့နောက် တတိယဘဝက စပြီးတော့ နိဗ္ဗာန်မရမခြင်း သူ့နယ်ပယ်ပဲ၊ ဆခွင့်သင့်လျှင် အကျိုးပေးမယ်၊ အခွင့်မသင့်လျှင် အကျိုးမပေးဘူး၊ ပဋိသန္ဓေအကျိုးလဲ ပေးမယ်၊ ပဋိသန္ဓေ နေပြီးမှ ပဝတ္တိဆိုတဲ့ အကျိုးလဲ ပေးမယ်၊အခွင့်မရယင် မပေးဘူး။

ဟို ဘုရား ရဟန္တာတွေ ပရိနိဗ္ဗာန် စံသွားကြတယ်၊ ဒီလိုပေါ့၊ အကျိုး မပေးတဲ့ကံတွေပြည့်လို့၊ ကျန်နေရစ်တာ ပျောက်သွားတာ၊ "အဟောသိကံ" ပေါ့၊ ဒီတော့ကာ ၃-မျိုးနားလည်ပြီနော်၊ ယခုဘဝ ဒိဋ္ဌဓမ္မဒုကျိုးကိုပထမ ဇောက ပေးတယ်၊ ဒုတိယဘဝမှာ အကျိုးပေးတဲ့ကံကို "ဥပဇ္ဇဝေဒနီယကံ" လို့ ခေါ်တယ်၊ ဒုတိယတဝမှာ သတ္တာမဇောက အကျိုးပေးတယ်၊ နိဗ္ဗာန်မရ မခြင်း အခွင့်သာယင် ပေးမယ်ဆိုတဲ့ ဒုလယ်ဇော ၅-ချက်၊သတ္တဝါတို့ဝင်းမှာ ရှိတယ်၊ နားလည်ထားပါနော် နားလည်ထားပါ၊ ကုသိုလ်ဘက်ကလဲ ရှိကယ်၊ အကုသိုလ်ဘက်ကလဲရှိတယ်၊ အဲဒီအလယ်ဇော ၅-ခွက်ကိုတော့ "အဝဆူးရီ ယဝေဒနီယကံ"လို့ခေါ်တယ်၊ ပထမဘဝ, ဒုတိယဘဝတို့မှတပါး တတိယ ဘဝကစပြီး နိဗ္ဗာန်မရောက်မခြင်း အခွင့်သင့်ယင် အကျိုးပေးလို့။

ဂရုကံ။ ။တခါ ဂရုကံ အင်မတန် ကြီးလေးတဲ့ကံ၊ အားကြီးကဲ့ကံ ကုသိုလ်ဘက်က ဆိုလို့ရှိယင် စျာန်၈တ္ထရတယ်၊ အကျိုး ပေး တာ၊ ဘာတွေ့ ညာတွေ့ မပြောနဲ့၊ ဒုတိယဘဝမှာ ဧလဲ့ဝေသ့ သေချာပေါက် အကျိုးပေးကို ပေးတာ၊ စျာန်ရထားယင် စျာန်ရထားတဲ့ ပုဂ္ဂိုလ်ဟာ သေပြီး နောက် ဒုတိယဘဝမှာ ပြဟ္မာပြည်ကိုရောက်တာ၊ဒါ"ဂရုက"ကံလို့ခေါ်တယ်၊ ကုသိုလ်ဘက်က စျာန်ရထားယင် အဲဒီကံကို ဂရုကံ၊ အင်မတန်လေးလေး နက်နက်ရှိတဲ့ကံပဲ၊ အကျိုးပေးကိုပေးတယ်၊ မပေးပဲမနေဘူး၊ ဘာမှ အနှောင့် အယှက်တွေ့ ဘာတွေ့ ပေးကို မပေးနိုင်ဘူး၊ သေချာပေါက်အကျိုးပေးတယ်၊ "ဂရုက"ကံ။

အကုသိုလ်ဘက်မှာတော့ မိဘကိုသတ်ဘာ၊ အကျိုး ပေးကို ပေးတယ်၊ မပေးပဲမနေဘူး၊ အကျိုးပေးကိုပေးမယ်၊ အဝီစိကိုရောက်စေတယ်၊ ဒီ ဂရုက ကံဟာ မိဘကိုသတ်ဘာ၊ ရဟန္တာကို သတ်တာ၊မလွဲမသွေ အကျိုးပေးတယ်၊

အကျိုးပေးကိုပေးတယ်၊ ရှင်ဒေဝဒတ်ကတော့ ဘုရားကိုသွေးစိမ်းတည်အောင် လုပ်လို့ အကျိုးကိုပေးတယ်၊ဘယ်ကံကမှ တားလို့မရဘူး၊ဘယ်ကုသိုလ် ထပ်ပြုပြု တားလို့မရဘူး၊ နည်းနည်းသက်သာတာပဲ ရှိဘယ်၊ အကျိုးကတော့ သေချာပေါက် ပေးကို ပေးရမယ်။

စဉ်းစားဖွယ်။ ။အကုသိုလ်ကံမှာလဲ ဂရုကကံ၊ ကုသိုလ်မှာလဲ ဂရုကကံ၊ အဲဒီကံဟာ နောင်လာမယ့်ဘဝမှာ သေချာပေါက် အကျိုးပေးတယ်၊ သတ္တမဇဝေါ စတုတ္ထနာဂက အကျိုးမပေးပဲမနေဘူး၊ပေးကိုပေးတယ်၊ ဒီတော့ ဘုန်းကြီးတို့းက ရပ်ပြီး စဉ်းစားကြစို့၊ ဂရုကကံ ဘုန်းကြီးတို့တတွေမှာ ရှိရဲ့လား၊ ကုသိုလ်ဘက်က ရှိသလား၊ မရှိပါဘူး၊ အကုသိုလ် ဘက်ကကော ဒီလောက် ကြောက်စရာကောင်းတဲ့ ကံမျိုး ပြုမိပါသလား၊ မပြုမိပါဘူး ဒါဖြင့် ဒုတိယဘဝမှာ သေချာပေါက် အကျိုးပေးမယ့် ကုသိုလ်, အကုသိုလ် ဘုန်းကြီးတို့မှာ မရှိ၊ နားလည်ထားပါ။

အာသန္နကံ။ ။တခါ"အာသန္န"ကံ၊ အာသန္နကံလို့ ဆိုတာ သေခါနီးကျမှ ကပ်ပြီးတော့ပြုတဲ့ကံ၊ တယောက်က တယောက်ကို သတ်ဖြတ်ထိုးခုတ် ဒေါသကြီးနဲ့၊ သူ့လက်နက် ကိုယ့်လက်နက်နဲ့ သေကြရော၊ ဒါ အာသန္နကံ၊ သူတို့အကျိုးပေးဖို့ သိပ်များတာပဲ၊ သိပ်များတာပဲ၊ ပြီးတော့ သူတို့အကျိုးပေးဖို့ သေခါနီးကျတော့မှ ဆရာသမားများက ဆေးကောင်း မျိုးကောင်းများ၊ ဟပထိတ်ဟဆုံးတော်တွေ့ရတဲ့လို့၊ ကြေးစည်တွေ ဘာတွေများ တီးလို့၊ တရားသံတွေပေးလို့၊ နားစိုက်လို့၊ ဂရုဏာကံမရှိတော့ ဒုတိယဘဝမှာ ကော်ဒီအာသန္နကံက အကျိုးပေးမယ်။

တခါကုန်းက ဖားကလေး ဖားကလေး၊ ရဟန်းတော်တပါး တရားဟော နေတယ်၊ သူဘာမှ အဓိပ္ပာယ်မသိပါဘူး၊ မသိပေမယ့်လို့ ကြည်နူးလို့၊ သူနာပြီး ဂုဏ်ထောင်နေတယ်၊ ကုသိုလ်စိတ် ဖြစ်နေတာပေါ့ ဖားကလေး၊ နွားကျောင်း သားက အဲဒီအပေါ်မှာ တုတ်နဲ့ထောက်ပြီးတော့ ဖိလိုက်တာ ဇသပါရောလား၊ ဖားကလေး နတ်ပြည်ရောက်သွားတယ်၊ ဒီကံက အကျိုးပေးသွားတယ်။

၁။ ဝိမာန၀တ္ထု၊ အဋ္ဌကထာ၊ နာ-၂၀၁-၃။ (မဏ္ဍ။ကဒေ၀ပုတ္တဝိမာန)

တခါ သတ္တိသားတယောက် မမာမကျန်းဖြစ်ဘယ်၊ အိမ်ဝင်းမှာ ဧသမှာ စိုးလို့ အိမ်အပြင်ဘက်မှာ သူ့ အဖေက လုတ်ထား တယ်၊ ဗုဒ္ဓမြတ်စွာက မြင်တော်မူလို့ ဉာဏ်တော်နဲ့ မြင်တော်မူလို့ ရောင်ခြည်တော်လွှတ်၊ ကဖလားက ဆယ့်ငါး လေးငါးနှစ်ပေါ့၊ ကြည့်လို့၊ ဗုဒ္ဓဘာသာမဟုတ်ပါဘူး၊ ဒီကလေးက ဘုရားကို တခါမှ မကိုးကွယ်ဖူးဘူး၊ ဗုဒ္ဓသာသာ မဟုတ်ပါဘူး၊ ကြည့်ပြီးတော့ အမယ်လေး ဒီလောက်ကြည့်လို့စရာမကောင်းတဲ့ ပုဂ္ဂိုလ်လို ငါအနားကပ်ပြီး ကော့ မဖူးရဘူး၊ ဒီအဖေကြောင့် ဒီအဖေကြောင့်၊ ကောင်းလိုက်တာ ကြည့်ပြီးတော့ ကြည့်လိုပြီးတော့ နေ့ယင်း ဗုဒ္ဓမြတ်စွာက ဒီလောက်ဆို တော်လောက်ပြီလို့ အဲဒီလို ဆုံးဖြတ်တော်မူပြီးတဲ့နောက် ကြွသွားတော် မူတယ်။

ဒီဘုရားကို အာရုံမပျောက်ဘူး၊ စုတေသွားရော၊ နတ်ပြည်ရောက်သွားတယ်၊ နတ်ပြည်ရောက်သွားတယ်ဆို၊ ဒါ "အာသန္နဲ" ကံ၊ သေခါနီး ကပ်ပြုကံကောင်း စောစောက ဒီကံမျိုးမရှိဘူး၊ သေခါနီးမှာ ကပ်ပြုတဲ့ကံ၊ သူ့အခွင့်သာသွား တာပဲ၊ ကံလေးသေးပေမယ့်လို့ သေခါနီးကျတော့ အခွင့်သာတယ်။

အာစိဏ္ဏကံ။ ။တချို့ကံတွေက သေခါနီးတော့ မဟုတ်ပါဘူး ဆိုပါတော့၊ မကောင်းမှု သတ်မှု ဖြတ်မှု ရိုက်မှု အမြဲလေ့ကျက် အမြဲလေ့ကျက်နေတော့ သူ့မှာ ထုံလို့ စွဲလို့၊ သေခါနီးလဲ အခြား ဘာကံမှ မရှိဘူး၊ မရှိလို့ရှိယင် အဲဒီ အမြဲလေ့ကျက်လာတဲ့ ကံက "အာစိဏ္ဏ" ကံလို့ ခေါ်တယ်၊ အဲဒီကံက အကျိုးပေးတယ်။

ကုသိုလ်နေထုံမှာလဲ အမြဲလေ့ကျက်လို့၊ ဘုရားမှန်မှန် အာရုံပြုလို့၊ ဘုရား ရှိခိုးလို့၊ ဆွမ်းမှန်မှန်လောင်းလို့၊ ဓရတော် ပန်းလောင်းများ မှန်မှန်လဲလို့ ဘုရား ရှိခိုးလို့၊ ရောင်းစဉ် ဝယ်စဉ်ရှိတာ ရောင်းလို့ ဝယ်လို့၊ စားစဉ် သောက်စဉ် ရှိတာ စားလို့သောက်လို့၊ ပြီးတော့ ဒီကုသိုလ်ပဲအလုပ်လုပ်နေတာပဲ၊ "အာစိဏ္ဏ" ကံလို့ ခေါ်တယ်၊ အာသန္နကံမရှိယင် အာစိဏ္ဏကံက အကျိုးပေးမယ်၊ ရှိယင်

၃။ ဝိဘာန၀တ္ထု အဋ္ဌကထာ၊ နှာ-၃၀၃-၄။ (မဇ္ဈကုလ္လာလိဝိမာန)

စတဲ့ အာသန္နကံက လှမ်းလျင် လှမ်းသွားအုံးမယ်၊ မရှိယင် အာစိဏ္ဏကံက အကျိုးပေးမယ်။

ဒါဓြင့်ကြောင့် ကောင်းကောင်းနေကြစမ်းပါ၊ကိုယ့်သီလကိုယ်ကောင်းကောင်း ထိန်းကြစမ်းပါ၊ သေတဲ့ စိတ်ချရအောင်လို ပြောနေတာ၊ နားလည်ပါစေနော်၊ ဘုန်းကြီးတို့တတွေမှာ အင်မတန် ကြီးလေးတဲ့ အကုသိုလ်ကံ မရှိပါဘူး၊ အင်မတန် ကြီးပေးတဲ့ အကုသိုလ်ကံဖြစ်တဲ့ မိဘကိုသတ်တာ ရဟန္တာကိုသတ်တာမျိုးလဲ မရှိပါဘူး၊ဒီလိုဆိုယင် ကံနှစ်မျိုးကို စဉ်းစားရမယ်၊အာသန္နကံဆိုတဲ့ ဓသခါနီးမှာ ပြုတဲ့ကံတွေက အကျိုးပေးမယ်၊ ဒါမှမဟုတ် အမြဲလုပ်နေတဲ့ကုသိုလ်ကံ အကုသိုလ်ကံတွေက အကျိုးပေးပါတယ်၊ သူတော်ကောင်းတွေအတွက် အမြဲကုသိုလ်ကံတွေ ရှိနေဖို့ လိုပါတယ်။

ကဋ္ဌတ္တာကံ။ ။ဒီနောက်ကို ကဋ္ဌတ္တာကံ ဆိုတာကတော့ သူများ အကျိုးမပေးမှသာ ပေးမှာပါ၊ ဟိုနား ဒီနားပြုနေတာ၊ အင်မတန် စပ်မိစပ်ရာ လုပ်နေ၊ ဟိုဘဝဘဝတွေက ပါလာတဲ့ကံတွေ စပ်မိစပ်ရာပဲ၊ ဒီလောက်လဲ အရေးမကြီးဘူး၊ ဒဲ့သလို ကံတွေကတော့ ရှေးကံ ဥ-မျိုးမရှိယင် သူက အကျိုးပေးတယ်၊ ရှေးကံ ဥ-မျိုးရှိယင်တော့ ရှေးကံ ဥ-မျိုး အခွင့်ရသွားတယ်၊ သူက အကျိုး မပေးပါဘူး။ ရှေးကံ ဥ-မျိုး ဆိုတာက—ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံများ ဖြစ်တယ်။

"ကုသိုလ်ပြုတိုင်းများလဲ အကျိုးပေးလိမ့်မယ်လို့ ဒီလိုမယူဆပါနဲ့၊ သူ့အခါအခွင့် အများကြီးလိုက်ရပါတယ်၊ ဒါနဲ့စပ်ပြီးတော့ သတောပေါက်အောင်လို့လေ၊ ဘုန်းကြီးတောင် ခက်ခက်ခဲခဲ မနေ့ဟုန်းက စီစဉ်ရပါတယ်၊ သူများမဟုတ်ပါဘူး၊ ရှင်ဘုရင်ကြီး တယောက်ရဲ့ မိစ္ဆာအယူကို သမီးတော်ကလဲ သူများ မဟုတ်ပါဘူး၊ ရှင်အာနန္ဒာအလောင်းက မိန်းမသမီးတော် ဖြစ်နေတယ်၊ ဖြစ်ပုံတွေက ဖြစ်ပုံတွေက အဲဒီဝတ္ထုမှာ မှတ်စရာကလေးတွေ ပါလို့ ဘုန်းကြီးက ဒီကံနဲ့စပ်ပြီးတော့ ဒီဟာကို ပြောအုံးမယ်၊ ဒီပြစ်ကံနဲ့ ဆိုင်ရာကို နောက်တရက် သတ်သတ်ပြောမယ်လို့ ဒီဝတ္ထုကို ဘုန်းကြီးပြင်ဆင်လာခဲ့တယ်။

မဟာနုဂရဒေဝတ်[၁]

အင်္ဂတိုမှင်း မေးမြန်းချက်။ ။ဝိနဒဟာတိုင်းပေါ့မော မိထိုးဘမြို့မှာ အင်္ဂတိမင်း ဆိုတာရှိတယ်၊ တရားမင်းပါ၊ သူဘော်ခဏာင်း မင်းကြီးပါပဲ၊ သူ့မှာ သမီးတော်တယောက်ရှိတယ်၊ နာမည်က "ဂုစာ"တဲ့၊ အင်မတန် တင့်တယ်လှပတဲ့သမီးလို့ဆိုဖယ်၊ သူက ဘယ်သူတုန်းလို့ ဆိုတော့ ရွှင်အဲဘုန္ဒာ အလောင်း၊ အဓိကြောင်း မသင့်လို့ မိန်းမ ဖြစ်နေတဲ့ အခ်ိန်၊ အဓိကြောင်း မသင့်တာတွေက ပေါ်လာမယ်နော်၊ အဓိကြောင်းမသင့်လို့ မိန်းမ ဖြစ်နေတဲ့အချိန်၊ ဘုရင်ကြီးမှာလဲ ဒီသမီးတော်တယောက်သာ ရှိတယ်၊ သားလဲ မရှိဘူး၊ နွေတိုင်း ဒီသမီးအတွက် ပန်းတောင်းတွေ အမြဲပို့တယ်၊ ဗာပိုးတန်တဲ့ အဝတ်တွေ "သမီးဇတ် နွေတိုင်းလဲနော်၊ ဇင်း ...ဒနွတ်ုင်း ဆင်ပါနော်"၊ သမီးရဲ့ အခြေအရံတွေကလဲ ပန်းတွေကုံးလို့ အို....သမီးကို ဆင်ပေးတာ၊ ဒီလိုနဲ့ သားအဖဆိုပါတော့ပေါ့၊ အဲ-သမီးတော်နဲ့ ခမည်းတော် ဝေယျပြိုးတော့ အဆင်မပြေနေကြတယ်။

ဒါပေမယ့် တန်ဆောင်မုန်းလပြည့်နေ့ညကျတော့ အင်္ဂတိမင်းတဲ့နော်၊ မင်းက မူးတွေ့ မတ်တွေ့စု အစည်းအဝေးနဲ့၊ ခုလို လကြီး သာသာနဲ့ ဘာများ လုပ်ရယင်ကောင်းမတုန်းလို့ စည်းဝေးတိုင်ပင်ကြတော့ 'ပုဂ္ဂိုလ်တပါးဆီ သွားပြီးတော့ မရှင်းမလင်းတာတွေ ပြဿနာတွေ မေးရယင်တော့ ကောင်းမှာပဲ'လို့ အကြံဉာဏ်ပေးတော့ အဲဒီနည်း ကောင်းတယ်၊ ဟို-ဒ်ပြင် အကြံဉာဏ်တွေက တော့ နွေတိုင်း သိနေတာပဲ၊ ဒီနည်း ဓကောင်းတယ်ဆိုပြီးတော့ သွားကြရော။

ညပရိသတ်နဲ့ အဲဒီအချိန်မှာ အဲဒီဘိုင်းမှာ တော်တော် ထင်ထင်ရှားရှား နာမည်ကြီးနေတာက "ရသေ့ကြီး ဥဒုက္ခ ရသေ့ကြီး ဥဒုက္ခ"၊ သူတို့ကတော့ ကိစ္စလေသာ အာသဓေါ မရှိလို့ပို့ အဝတ်ဝတ်ဖို့ မလိုဘူး၊ တုံးလုံးနေတာ၊ ရသေ့ကြီး ဥဒုက္ခက တုံးလုံးနေတာ၊ အဝတ်ဝတ်တဲ့သူတွေ့ မရှိဘူးလို့ ဝတ်နေတာ တို့ကတော့ အင်မတန် စင်ကြယ်လို့ပို့ ဟော တုံးလုံးနေ၊ ဘာမှ မဖြစ်ဘူး ဘာမှ မဖြစ်ဘူး၊ ကိုတော့ တုံးလုံးနေတာပဲ၊ သူတို့က သည်ဟာကို အင်မတန် ကောင်းတဲ့ အကျင့်ကြီးအဖြစ်နဲ့ ကျင့်ထားတာပဲ။

၁။ ဇာတ်အဋ္ဌကထာ၊ သတ္တမတွဲ၊ နာ-၁၀၅-၁၄၉။

ဒါနဲ့ ဦးဂုဏဆီ မင်းပရိသတ်များ ရောက်တဲ့အချိန်၊ နဂိုလဲ ပရိသတ်ရှိတယ်၊ ပရိသတ်တွေရှိပေဘဲ့ အဖယ်မခိုင်းပါဘူး၊ အို...သူတို့ အရင်ရောက်နေတယ်၊ နေကြပါ၊ ရှင်ဘုရင်ကလဲ တာနေရာမှာ နေရာထိုင်ခင်းခလား ခင်းပြီး သူ့ပရိသတ်နဲ့ သူပေါ့၊ ပြီးတော့ ဦးဂုဏအနီး ဆည်းကပ်တယ်ကိုး၊ ဘေးကလဲ ပရိသတ်တွေ အရပ်သား ပရိသတ်တွေရှိတယ်၊ ဆည်းကပ်ပြီးတော့ နှုတ်ဆက်စကားများပြော၊ ရိုရိုသေသေ လေးလေးစားစားများပြောလို့၊ ပြောပြီးတော့ကို ရှင်ဘုရင်က ဒီရသေ့ကြီး ဦးဂုဏကို မေးဝဲ့ယ်-

ဟို မယ်ဇတော် ခမည်းတော်များဆိုတဲ့ ပုဂ္ဂိုလ်တွေအပေါ် ဘယ်လိုကျင့်မှ လူကောင်းသူကောင်း ဖြစ်ပါမတုန်း။

ဆရာသမားဆိုတဲ့ ပုဂ္ဂိုလ်များအပေါ် ဘယ်လိုကျင့်မှ လူကောင်းသူကောင်း လူလိမ္မာဖြစ်မတုန်း။

သားတော်သမီးတော် အဲ-အိမ်ရှင်သူမတွေအပေါ် ဘယ်လိုကျင့်မှ လူကောင်း သူကောင်း ဖြစ်ပါမတုန်း။

စစ်ဘည်ပိုလ်ပါတွေအပေါ် ဘယ်လိုကျင့်မှ မင်းကောင်းစိုးကောင်း ဖြစ်နိုင်ပါမတုန်း။

ဘယ်လိုကျင့်မှ နောင်သုဂတိ ရောက်ပါမတုန်း။

ဘယ်လိုမတရားနေတဲ့ ပုဂ္ဂိုလ်တွေ ငရဲဓာတ်ကြပါသတုန်း။

အဲဒီလိုမေးတယ်၊ သိပ်ကောင်းတဲ့ မေးခွန်းတွေကို မေးတယ်ကိုး၊ မေးခွန်းတွေက အင်မဘာန် မြင့်ပြီးဟေ့ နေတယ်၊ ရှုသေ့ကြီး ဦးဂုဏက ဘာမှမသိဘူး၊ ဘာမှမသိကူး၊ ဘာမှ အလေ့အထရှိဘူး။

ရဟသေ့ကြီး ဦးဂုဏတရား။ ။ဘာမှ မသိတော့ ဒီလောကမှာ နာမည်ကြီး ပုဂ္ဂိုလ်တွေက သူတို့မသိဘူးလို့ တယ်ပြောရိုး ဆိုရိုး မရှိလှဘူး သူတို့နည်း သူတို့ဟန်နဲ့ သူတို့ လေ့ကျင့်ထားတဲ့ သူတို့တရားတွေက ရှိတယ်၊ အဲဒီတရားကို သူဆက်ဟောတာပဲ၊ ဒီက အမေးနဲ့ အဖြေကတော့ မပါဘူး၊ သူတို့ဓဟာနေကျတရား ဟောတယ်။

နတ္ထိ ဓမ္မစရိတသ၊ ဖလံ ကလ္យာဏပါပကံ။
နတ္ထိ ဒေဝ ပရော လောကော၊ ကော တတော ဟိ ဂ္ဂမေဂဂတော"။

မဟာရာဇာ ဒီတရားကျင့်ဆိုတဲ့ ကောင်းကျိုး၊ မတရားကျင့်ဆိုတဲ့မကောင်းကျိုး မရှိပါဘူး၊ မရှိပါဘူး၊ နတ္ထိကဝါဒ (မရှိအယူ)၊ ဟိုဘဝက ဒီဘဝကို လာဖို့ရန် ဟိုဘဝဆိုတဲ့ ဘဝလဲ မရှိပါဘူး၊ ဘယ်မှာ ဟိုဘဝက ဒီဘဝလာလိမ့်မှာတုန်း ဒီဘဝမှ ဒီသဘ္ဘဝါတွေဟာ သူ့ဟာနဲ့သူ ဖြစ်လာကြတာပဲ။

နတ္ထိ ဒေဝ ပိတရော ဝါ၊ ကုတော မာတာ ကုတော ပိတာ။
နတ္ထိ အာစရိယော နာမ၊ အဒန္တံ ကော ဒမေယျတိ"။

ဟို ဘိုးတော့ ဘွားတော့ဆိုတာ ဘယ်ရှိလိမ့်မတုန်း၊ ဒကာတော်ကား ဒီဘမျှားအပေါ် ဘယ်လိုကျင့်မယ်၊ အဲဒီ အမေ အဖေ ဆိုတာ ရှိတာ မဟုတ်ဘူး၊ အမေ အဖေဆိုတာ ရှိဘာမဟုတ်ဘူး၊ ဘယ်လိုကျင့်မှ ဘာတွေလိုက်ဖန်ဖို့ မလိုဘူး၊ မလိုဘူး၊ မယဉ်ခကျေးတာကိုယဉ်ကျေးအောင်ဆုံးမနိုင်တဲ့ဆရာဆိုတာ တောင် ရှိဘာမဟုတ်ဘူး၊ သူ့ဟာသူ ယဉ်ကျေးချင်တဲ့သူက ယဉ်ကျေးပါပဲ၊ မယဉ်ခကျေးချင်တဲ့သူက မယဉ်ကျေးတာပဲ၊ သူများတွေကဆုံးမလို့ ယဉ်ကျေးတဲ့သူဟာ မရှိပါဘူး၊ မရှိပါဘူး။

သမတုလျာနိ ဘူတာနိ၊ နတ္ထိ ဇဇ္ဇဒပစ္စယိကာ။
နတ္ထိ ဗလံ ဝီရိယံ ဝါ၊ ကုတော ဥဋ္ဌာနပေါရိသံ"။

အားလုံး ပထဝီ ဓာတ်ချည်းပဲ ဝါယောအာပေါဆိုတဲ့ ဓာတ်ကြီးလေးအတူတူပဲ၊ ဒကာတော်မှာရှိတဲ့ ပထဝီ အာပေါ တေဇော ဝါယောဓာတ်၊ ဆရာကြီးမှာရှိတဲ့ ပထဝီ အာပေါ တေဇော ဝါယောဓာတ် အတူတူပဲ၊ ဘာမှ မထူးဘူး၊ ဘယ်သူ့ ဘယ်သူမှ သာနေဖို့ မလိုဘူး၊ အဲဒီတော့ ကြီးတဲ့ ပုဂ္ဂိုလ်ကို ရှိခသဖို့ဆိုတာ ဝေးလို့၊ ဝေးလို့၊ ဘာမှမထူးဘူး၊ ဘာမှအစွမ်းသတ္တိ မရှိပါဘူး။

၁။ ဇာ၊ ဋ္ဌ၊ ဂ။ နှာ-၁၁၂။ ၂။ ဇာ ဋ္ဌ၊ ဂ။ နှာ-၁၁၂-၃။

နိယတာနိ ဟိ ဘူတာနိ၊ ယထာ ဓဂါဠ္ဍဝိဓေသာ တထာ။
လဒ္ဓေယ္ယံ လဗ္ဘတေ မစ္စော၊ တတ္ထ ဒါနဖလံ ကုဓော ဘေ။

ဟို မဟာဘုတ်ကြီးတွေ ဆိုတာ အမြဲပဲ၊ ဘာပြီးတော့ ဘာဖြစ်ရ၊ ဘာပြီးဟော့ ဘာဖြစ်ရ၊ ဒါ နိယတိ အမြဲ၊ အဲ လူပြီးတော့ နတ်ဖြစ်ရမယ်၊ နတ်ပြီးတော့ တံခွန်ဆောနှ်ဖြစ်ရမယ်၊ ဘာပြီးတော့ ဘာဖြစ်ရမယ်၊ သူ့ဟာသူ စီကာစဉ်းကာ အမြဲသတ်မှတ်လိုက်ပြီးသားတွေ၊ ဘာမှ ပြုလို့ ပြင်လို့ ရတာ မဟုတ်ဘူး၊ ဟို ဖလ့ကြီးနောက်က လှေကလေး ချည်ထားတော့ လှေကြီး သွားယင် လှေကလေးလိုက် လှေကြီးရပ်ယင် လှေကလေးရပ်၊ အဲဒီ လှေကလေး လိုပဲ။

ဒီ ဂျူးက နိယတိ အမြဲသတ်မှတ်တဲ့အတိုင်း အကုန်လုံး ဖြစ်နရတာနော်၊ အမြဲသတ်မှတ်ချက်ပဲ ရှိဘယ်၊ ဘာမှ ပြုလို့ ပြင်လို့ ရဘာ မဟုတ်ပါဘူး။

နတ္ထိ ဒါနဖလံ ဒေဝ၊ အဝသော ဒေဝ' ဝိရိယော။
ဗာလေဟိ ဒါနံ ပညတ္တံ၊ ပဏ္ဍိတေဟိ ပဋိစ္ဆိတံ ဘေ။

ဒါနရဲ့အကျိုးလဲ မရှိပါဘူး၊ ဒကာတော် ဘယ်သူမှာမှ ဘာအစွမ်းသတ္တိ ဘာဝိရိယအကျိုးမှ မရှိပါဘူး။ စွန့်ကြဲ ပေးကမ်း လှူဒါန်းရတယ် ဆိုတာ လူပြိန်းတွေ့ ပညတ်ထားတာပဲ၊ အဲဒီ လူပါး လူနပ်တွေ့ ခံယူတာ ဘာမှ အကျိုး မရှိပါဘူး။

သတ္တိမေ သဿတာ ကာယာ၊ အဒ္ဓဇ္ဇာ အဝိကောပိနော။
တေဇော ပထဝီ အာပေါ စ၊ ဝါယော သုခံ ဒုခံ ဇီဝေါ ဘေ။

ခုနှစ်ခုရှိတယ်၊ ပထဝီ တေဇော အာပေါ ဝါယော သုခ ဒုက္ခ ဇီဝ ဆိုတဲ့ အသက်၊ ဘယ်သူမှ ဘယ်လောက်လုပ်လို့ မရဘူး၊ သူ့ဟာနဲ့သူအတိုင်း မြဲပြီးသား

၁။ ဇာ၊ ဋ္ဌ၊ ဂု။ နှာ-၁၁၂-၃။
၂။ သတ္တိမေ ။ပ။ အဝိကောပိနော။
တေဇော ။ပ။ ဒုခဉ္စိမေ။
ဇီဝေ စ သတ္တိမေ ကာယာ၊ ယေသံ ဆေတ္တာ နဝိဇ္ဇတိ။
[ဆဋ္ဌမှု ဇာ၊ ဋ္ဌ၊ ဂု။ နှာ-၁၁၃။]

မြဲပြီးသား၊ ဘယ်သူမှ ဖျက်ဆီးလို့ မရဘူး၊ ဘယ်သူမှ ပြုပြင်လို့ မရဘူး၊ ဒီ ဓာတ်ကြီး (၇)ပါးကို ပထဝီ, ဓာတ်ရေ, အာပေါ, ဝါယော, သုခ, ဒုက္ခ, ဇီဝကို ပြောင်းအောင် လဲအောင် ဘယ်သူမှ လုပ်လို့ မရဘူး။

နို့ လူဘယောက်ကို သတ်တယ်ဆို၊ အားလုံးက ပြောနေကြတယ်၊ ဓာတ်ကြီး (၇)ပါးရဲ့ကြားထဲ ဓားဝင်သွားတာ၊ ဒါ သတ်တာ မဟုတ်ဘူး၊ ဓာတ်ကြီး (၇)ပါးရဲ့ကြားထဲ ဓားဝင်သွားတာ၊ ဒါကို လူဇာတ်ကာ သတ်တယ် သတ်တယ်လို့ နာမည်တပ်ထားတာ၊ အမှန်ကတော့ မသတ်နိုင်ပါဘူး၊ သက်လို့ မရပါဘူး၊ ဒီ ဓာတ်ကြီး (၇)ပါးရဲ့ကြားထဲ ဓားဝင်သွားတာပဲ ရှိကယ်၊ သတ်တာ မဟုတ်ပါဘူး၊ နို့ ဓသသွားတာ၊ ဒါ နိယတ လေ၊ သေမယ်ဆိုတဲ့ နိယတ က အမြဲရှိတော့ သေတာပေါ့ ဓသတာပေါ့၊ သတ်လို့ သေတာ မဟုတ်ဘူးတဲ့၊ သူ့ဘာသာသူ နိယဘ မြဲတဲ့သဘောကြောင့် သေရတာ။

စုလွှာသိတိ မဟာကမ္ပေ၊ သဗ္ဗေ သုဇ္ဈန္တိ သံသရံ။
အနာဂတေ တမ္ပိ ကာလေ၊ သညတောပိ နာ သုဇ္ဈတိ[၁]။

အဲဒီအချိန် မရောက်ခင်တော့ ဘယ်လောက်ကြိုးစားပြီးတော့ ဘယ်လောက် ကျင့်ကျင့် စင်ကြယ်သွားတယ်လို့ မရှိပါဘူး၊ ဘယ်လောက် ကျင့်ကျင့် ဘယ်လောက်ကျင့်ကျင့် မလွဲယ်ပါဘူး။

စရိတ္တာပိ ဗဟုံ ဘဒြံ၊ နေဝ သုဇ္ဈန္တိ နာဂတေ။
ပါပဉ္စပိ ဗဟုံ ကတ္တာ၊ တံ ခဏံ နာတိဝတ္တရေ[၂]။

သူတော်ကောင်းဟဲ့ ဘာဟဲ့လို့ ပြောပြီး သိပ်အကောင်းတွေ သိပ်ကျင့်၊ အဲဒီ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင် မပြည့်မချင်းတော့ မလွတ်ဘူးနော်၊ မိုက်တဲ့သူကလဲ မိုက်ချင်တိုင်းမိုက် ကမ္ဘာပေါင်း ရှစ်သောင်း လေးထောင် ဟိုဘက် ကျော်မတက်ပါဘူး၊ အဲဒီ ကျတော့ သူလဲ ပြီးတာပဲ။

၁။ ဇာ၊ ဋ္ဌ၊ ၇။ နှာ-၁၁၃။

အနုပုဒ္ဒေန နော သုဒ္ဓိ၊ ကပ္ပါနံ စုလ္လသီတိယာ။
နိယတိံ နာတိဝတ္တာမ၊ ဝေလန္တိမံ သာဂတော"။

သမုဒ္ဒဆာ(ရဟာ ကမ်းကို ဘယ်ကော့မှမလွန်ဘူး၊ အဲ အားလုံးသတ္တဝါ ဇော်လဲ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်ဆိုတဲ့ ကမ်းကို မလွန်ပါဘူး၊ ဟိုဘက်ကျတော့ အလိုလိုပြီးကြတာပဲ၊ တော်တော်ဟာချလိုက်တာ၊ ရှင်ဘုရင်ကလဲ စဉ်းစားပြီးကောင်းသွားထောင်၊ အဲဒီထဲ စစ်သူကြီးပါလာတယ်၊ အားလုံးစိုက်ပြီးတော့ နာကြတာ စစ်သူကြီးပါလာတယ်း "ဟုတ်လိုက်တာ၊ ဆရာကြီးဟောတာ သိပ်ဟုတ်တယ်၊" ဒီ သူ့နိယတအတိုင်း သတ်မှတ်ချက် အတိုင်းသွားနေတာ၊ သိပ်ဟုတ်တယ်၊ကုသိုလ်ကံကြောင့် ကောင်းကျိုး၊ အကုသိုလ်ကံကြောင့် မကောင်းကျိုး၊ အဲဒါ မဟုတ်ဘူး။

အဲဒါဟာစစ်သူကြီး ဆရာကြီးဟောတာ ဟုတ်တယ်၊ ဆရာကြီးဟောတာ သိပ်အဓိပ္ပါယ်အကြောင်း ဟုတ်တယ်၊ "ကျုပ် ရွှေဘဝကို မှတ်မိတယ်"၊ မြန်မာလို "ဇာတိဿရဉာဏ်"ရတယ်၊ ရွှေးဘဝကို မှတ်မိတယ်၊ တဘဝပါ တဘဝပါ၊ ကျုပ် ဟိုလွန်ခဲ့တဲ့ဘဝတုန်းက ပိဂံလဆိုတဲ့ နွားသတ်သမားဖြစ်ခဲ့တယ်၊ ဟင် အဲဒီတုန်းက နွားကင်တယ်ကမလဲ အကောင်ဘလောင်ဖတ္ဒ ကျုပ်သတ်လိုက်တာ၊ ဟိုဘက် လွန်ခဲ့တဲ့ဘဝတုန်းက သတ်လိုက်တာ၊ အဲဒီက ဖသလာတော့၊ ကျုပ် စစ်သူကြီးမျိုးမှာ လာပြီးတော့ ကျုပ်ဖြစ်တယ်၊ "ကြည့်စမ်းကြည့်စမ်း" ဟိုဘက်ဘဝဟုန်းက နွားသတ်ဘဝဆရာ ဘာဇရာဘာမှ အကျိုးမရှိဘူးတဲ့၊ ဟာ သူတို့ပြောတဲ့ အတိုင်းဆိုယင် ကျုပ် ငရဲသွားရမှာပေါ့၊ မသွားဘူးဗျာ၊ ကျုပ်စစ်သူကြီးဖြစ်လာတယ်၊ ဒီအမျိုးမှာလာဖြစ်တာ၊ ကျုပ်အမျိုးကလဲ စစ်သူကြီးမျိုး။

သည်ဟော့-ဒီစကားကလဲ ယုံစရာဓတ္ထ ဖြစ်မကုန်ဘူးလား၊ ဖြစ်ကုန်ကြပြီ၊ သည်တော့ ဒီကံတွေကို ဒါရှင်းရမယ်၊ သူ "ကသဝ"ဘုရား လက်ထက်တော်တုန်းက "အနောဇာ" ပန်းကုံးနဲ့ မြတ်စွာဘုရားစေတီတော်ကို သူပူဇော်ခဲ့ဖူးပါတယ်၊ လွန်ခဲ့တဲ့ ဘဝတုန်းက မဟုတ်ဘူးမနော်၊ ဟို ရွှေးရွှေးဘဝတုန်းက

၁။ ဇာ၊ ၄၊ ၇။ နှာ-၁၁၃။

ပူဇော်ခဲ့ဖူးပါတယ်၊ ဒီတော့ အဲဒီ ပူဇော်ခဲ့တဲ့ကုသိုလ်ကံကို ဖုံးနေပြီးတော့ သံသရာထဲမှာ လိုက်လာပြီးတော့ လွန်ခဲ့တဲ့ဘဝမှာ နွားသတ်ကံကိုပြုပေမယ့်လို့ သေခါနီးကျတော့ အဲဒီ"ကဿပ"မြတ်စွာဘုရားရဲ့ စေတီတော်ကို ပူဇော်ခဲ့ဖူးတဲ့ ပန်းပူဇော်ခဲ့ဖူးတဲ့ ကုသိုလ်ကံက အကျိုးပေးခွင့်ရလို့၊ အဲဒီကုသိုလ်ကံကြောင့် ဒီ စစ်သူကြီးမျိုးမှာ လာဖြစ်တာပါ။

ဟိုတုန်းက မြုပ်နေတဲ့ကံက ဒီမှာ လာပေါ်ပြီးတော့ အကျိုးပေးတာ၊ လွန်ခဲ့တဲ့ နွားသတ်တဲ့ အကုသိုလ်ကံက "မီးခဲပြာဖုံးသွားပြန်တယ်"၊ နောင်တချိန်မှာ အကျိုးပေးမှာ၊အဲဒါက စာက ရှင်းထားတာ၊စာက ရှင်းထားတာ၊ **အလာတ** ဆိုတဲ့သူက ဘယ်သူတုန်းဆိုတော့ ရှင်ဒေဝဒတ် အင်္ဂလာင်း၊ သူက ဦးဂုဏ်ကြီးရဲ့ တရားကိုထောက်ခံနေပြီ၊ရှင်ဘုရင်ကလဲစဉ်းစားနေပြီ၊ ငါ့စစ်သူကြီးလဲ ဟိုဘက် ဘဝတုန်းက နွားသတ်တာယ်၊ ငါ့စစ်သူကြီးလဲ စစ်သူကြီးမျိုးမှာ ဖြစ်တာယ်။

ဗီဇကကျွန် အတိတ်အကြောင်း။ ။ဒီ ပရိသတ်ထဲပါတဲ့ "ဗီဇက" ကျွန်ကရှိုက်ရှိုက်ပြီးတော့ ငိုလိုက်တာလေ ငိုလိုက်တာလေ၊ ရှင်ဘုရင်က "ဘာလို့ငိုတာတုန်းလို့" မေးတော့ ကျုပ်က ဟိုဘက်ဘဝတုန်းက ကျွန်မဟုတ်ပါ၊ ဟိုဘက်ဘဝ အမှတ်ရနေတယ်၊ ကျုပ် ဟိုဘက်ဘဝတုန်းက သင်္ဃပါတဲ့၊ ကောင်းတဲ့အလုပ်တွေကို လုပ်ပြီးလာတဲ့ သင်္ဃပါတဲ့၊ အလှူခံပုဂ္ဂိုလ်တွေကို ကျုပ်ပေးတယ်၊ လှူတယ်၊ ကျုပ်ကို အားလုံးက ချီးမွမ်းကြတယ်၊ အားလုံးက ကျုပ်ကို ချီးမွမ်းရုံတင်မကဘူး၊ ကျုပ်မကောင်းတဲ့အလုပ်ကိုတခုမှမလုပ်ခဲ့ဘူး ဟိုဘက်ဘဝတုန်းက၊ အဲဒီဘဝကစုံတောတော့ဗျာ ကျုပ် ကျွန်မရဲ့ဝမ်းထဲ ပဋိသန္ဓေနေလို့ ကျွန်မသား ဖြင့်ရတယ်၊ ကျုပ်ဝမ်းကျွန်မသား ဖြစ်နေမယ်လို့ ကျုပ်မလျှော့ဘူး၊ ကျုပ်စိတ်ဟာ အင်မတန်ကောင်းတယ်၊ ထမင်းစားမယ့်တပွဲတောင်မှ တဝက်လောက်ကျုပ်စားပြီးဇလှူခံပုဂ္ဂိုလ်များရှိယင် လှူမယ်လို့ ကျုပ်တွေးနေတာ၊ ကျွန်ကကျွန်က၊ဒါလောက် ကျုပ် စိတ်ကောင်းတယ်၊ ဥပုသ်နေ့တွေ ဆိုလို့ရှိယင် ကျုပ် ဥပုသ်စောင့်ရစ်တယ်၊ ဥပုသ်စောင့်ရစ်တယ်။

ဒီဘဝမှာကို ဒီဘဝမှာကို ကောင်းတာတွေ့ လုပ်တုန်းပဲ၊ ဟိုဘဝတုန်းက အကောင်းတွေ့ လုပ်လာခဲ့မကဘူး၊ ဒါနလဲ ပြုနေတာပဲ၊ ဥပုသ်လဲစောင့်နေတာပဲတဲ့၊ ဒါပေမယ်လို့ "အလာဘ" စစ်သူကြီးပြောတာ ဟုတ်လိမ့်မယ်တဲ့၊ ဒါနတွေ့ သီလတွေ့ ဘာအာကျိုးမှ မရှိဘူးဆိုတာ ဟုတ်လိမ့်မယ်တဲ့၊ ကျုပ်လေတဲ့ ကျွန်မဝမ်းထဲမှာ မွေးပြီးတော့ ကျွန်ဖြစ်နေရတယ်တဲ့၊ လုပ်လိုက်တဲ့ အလုပ်က ဟိုဘက် ဘဝတုန်းက အကောင်းတွေ့ လုပ်လိုက်တာ၊ ဒီဘက် ဘဝမှာလဲ အကောင်းတေ လပ်ပါတယ်။

ကဲ မျက်စိလည်စရာ မကောင်းဘူးလား၊ ဒါကို ရှင်ဘုရင် တွေးနေတယ်၊ ဦးဂုဏ ပြောတယ်၊ အလာတ - စစ်သူကြီးကလဲ နှောင်းသတ်လာတဲ့ စစ်သူကြီး ဖြစ်တယ်၊ ဟင်း.... ဗီဇက ရိုက်ကြီးငင်ကြီး ငိုရှာတယ်၊ "ငိုလောက်ပ ငိုလောက်ပ"၊ ဟိုဘက်ဘဝက သူ သဘော်ဖြစ်ခဲ့တယ်၊ လူခဲ့ဒါန်းခဲ့တယ်၊ ဒီဘက်ဘဝ သူ ကျွန်ဖြစ်ဘော့ လူရှာသေးတယ်၊ ဥပုသ်တွေ့ စောင့်တယ်၊ ဟုတ်ပါပြီ၊ အလာဘ ပြောတဲ့အတိုင်း မှန်ပြီ၊ ဦးဂုဏဟောတဲ့အတိုင်း သေချာပြီနဲ့ ရှင်ဘုရင်က သိပ်သဘောကျ၊ ကဲ ဗီဇက ကျွန်နဲ့စပ်လျဉ်းပြီး ပြောကြအုံးစို့။

"ဗီဇက" ဟာ ကဿပဘုရားရှင် လက်ထက်တော်မှာ သူ့နှောင်းပျောက်လို့ တောထဲမှာ လိုက်ရှာနေတုန်း ရဟန်းတပါး မျက်စိလည်လို့ သူ့ကိုမေးတယ်၊ ဒကာ ဘယ်မျှောသွားတဲ့လမ်းဟာ ဘယ်လမ်းလဲတဲ့၊ သူကလဲ နှောင်းပျောက်လို့ စိတ်ညစ်နေတာ၊ မလှုပ်ဘူး၊ နှောင်းရှာမရလို့ စိတ်ညစ်နေတာ၊ လာမေးတာ သူကလဲ မလှုပ်ဘူး၊ ဒကာရေ ဘယ်နှောင်းသွားရတုံးတဲ့၊ "သင်တို့ ဘုန်းကြီးတွေ့ ဆိုတာ သိပ်စကားများတယ်၊ ဒီလို စကားများတာဟာလေ ကျွန်တွေ့ကမှ စကားများတာ၊ အသင်လဲ ကျွန်မျိုးဖြစ်ပါလိမ့်တဲ့"။

နှောင်းပျောက်လို့ စိတ်ညစ်ညစ်နဲ့ ပြောလိုက်မိတယ်၊ အဲဒီက်က "မီးခဲပြာဖုံး ဖုံးနေတဲ့က်" က အခွင့်သာလို့မို့ ရှေးဘဝက ရှေးဘဝက ကုသိုလ်က်တွေ့ ပြုခဲ့ပေမယ်လို့ သေခါနီး အဲဒီက်က အခွင့်သာလို့မို့ ဒီမှာ ကျွန်ဖြစ်ရတယ်တဲ့၊ ကုသိုလ်က်တွေ့ အကျိုးမရှိလို့ မဟုတ်ဘူး၊ ရှေးအကုသိုလ်က်က ဝင်ပြီး အကျိုးပေးတာ။

အင်္ဂါတိမင်း မိစ္ဆာအယူယူပြီ။ ။ပြီးကြရော....အဲဒီ ဗီဇက ဆိုတာ သူမျှား မဟုတ်ဘူး၊ "ရှင်မောဂ္ဂလ္လာန်" အလောင်းတဲ့၊ သံသရာထဲမှာ ကျင်လည်လာခဲ့ရတာတွေ့၊ "ရှင်မောဂ္ဂလ္လာန်" အလောင်းတဲ့၊ ဖီဇတဲ့ ရှင်ဘုရင်ကြီး ဆုံးဖြတ်ပြီ၊ ဗီဇကရဲ့စကား သူကြားပြီ၊ အလာတရဲ့ စကားလဲ သူကြားပြီ၊ ဆရာကြီး ဥိးဂုဏ်ကလဲ သတ်မှတ်ပြီးသား၊ ဘာပြီး ဘာဖြစ်၊ ဘာပြီး ဘာဖြစ်၊ ဘယ်ဘဝ ဘယ်လိုနေ၊ ဘယ်ဘဝ ဘယ်လိုခံစား၊ ဒါတွေ့ သတ်မှတ်ပြီးသားလို့၊ အမြဲသတ်မှတ်ပြီးသားလို့ ဆိုတယ်၊ ဒီသုံးချက် ကောက်ချက်ချလိုက်တော့....

ဟုတ်နေပြီ ဟုတ်နေပြီ၊ဆလာတဟာ နွားသတ်သမားဘဝကနေ စစ်သူကြီး ဖြစ်တယ်၊ ဗီဇက က ကုသိုလ်တွေ့ အမျှားကြီးပြုပြီးတော့ ခု ကျွန်ဖြစ်တယ်၊ ဥိးဂုဏ်ကလဲ သူ့ဟာနဲ့သူ ဘာပြီး ဘာဖြစ်ရမယ်လို့ပြောတယ်၊ ဒီတော့ ဟုတ်ပြီလို့ ဆိုပြီးတော့ ကိုယ်တော်ပြောတာ ကျုပ်သဘောကျတယ်၊ ကိုယ်တော့်ဆီ ဆက်ပြီး ကျုပ် တရားနာနေယင် အချိန်ဖြုန်းတာပဲ၊ ကျုပ် ပျော်ပျော်ပါးပါး နဲ့နေဖို့ လိုလာပြီ၊ ကိုယ်တော့်ဆီဆက်ပြီး ကျုပ် တရားနာနေလို့ရှိယင် ကျုပ် ပျော်တဲ့အချိန်တွေ့ ကုန်သွားလိမ့်မယ်။

နောင်တော့နော် ကြုံတော့ တွေ့လိမ့်ဦးမယ်၊ နိယတိ အတိုင်းပေါ့၊ ကြုံခွင့် ကြုံတဲ့အခါကျတော့ တွေ့လိမ့်ဦးမယ်၊ ခု ကျုပ်သွားတော့မယ်၊ ဝပ်တောင် မချဘူး၊ ဘးပြုလို့လဲ၊ လာတုန်းက ရိုရိုသေသေဝပ်ချပြီးတော့ မေးတာ၊ ယခု ပြန်တော့ ဥိးဂုဏ်ကြီး ဟောလိုက်တဲ့ ဟရားကြောင့် ဥိးဂုဏ်ကြီးကို ဝပ်တောင် မချဘူး၊ သွားဦးမယ်နော် နောက် ကြုံတော့ တွေ့မှာပေါ့၊ ဟုတ်လား၊ နိယတိ သတ်မှတ်ပေးယင် တွေ့မှာပေါ့၊ သွားတော့မယ်၊ ဆက်ပြီးတော့ ခင်ဗျားတရားတွေ့ နာနေလို့ရှိယင် ပျော်ပျော်ပါးပါး နေဖို့အချိန်တွေ့ ကုန်သွားလိမ့်မယ်၊ ပျော်ပျော် ပါးပါးနေဖို့ အချိန်တွေ့ ကုန်တော့မယ်လေ၊ နောက် ကြုံဘော့ တွေ့မှာပေါ့။

နောက်နေ့နံနက်မိုးလင်းတော့ မင်းကြီးက အမတ်တွေ့ကိုခေါ်ပြီးစည်းဝေးတယ်၊ အမတ်တွေ့စည်းဝေးပြီးတော့-အမတ်တို့ မင်းမှုကိစ္စ ဘာကိစ္စကိုဖြစ်ဖြစ်၊ အလာတတို့ စီမံကြလိမ့်မယ်၊ ဒီပြင်အမတ်တွေ့ စီမံကြလိမ့်မယ်၊ ငါ့ကို ဘာမှ

မပြောနဲ့၊ ငါ့အတွက်ကတော့ဖြင့် နန်းတော်မှာ လှပေ့ ချောပေ့ဆိုတဲ့ ဟာကလေးတွေ ပို့ကြ ရွာပို့ကြ ရွာပို့ကြ၊ ဘယ်မှာ သူ့အိမ်သားနဲ့ ဘာနဲ့ အရွှင်လင် ရှိတယ်ဆိုယင်လဲပဲ ချောဆဲပေါ့၊ ပို့ကြ ပို့ကြ၊ ဟာတိုင်းပြည် တပြည်လုံးကို သိမ့်သိမ့်တုန်သွားတာပဲ၊ ရှင်ဘုရင်ကြီး ဦးဂုဏ်ကြီးရဲ့ တရားနာလာလို့ ရှင်ဘုရင်ကြီး မိစ္ဆာအယူ ယူသွားပြီတဲ့၊ ယူသွားပြီတဲ့၊ မင်းမှုကိစ္စ ဘာမှ မလုပ်တော့ဘူးတဲ့၊ သူ့နန်းတော်ပေါ်မှာ တပျော်ထဲ ပျော်နေတာပဲတဲ့၊ တိုင်းသူပြည်သားတွေလဲ စိတ်ညစ်လို့၊ ဘယ်သူမှလဲ ဘာမှမပြောဝံ့။

ရှင်ဘုရင့် သမီးတော်က ကြားရော၊ သမီးတော် ချက်ချင်းသွားယင် ချက်ချင်းသွားယင် မလေးစားပဲ နေလိမ့်မယ်၊သမီးတော်က ခမည်းတော်ဆီကို ခုနစ်ရက်နှစ်ပတ် ဆိုလို့ရှိယင် ခမည်းတော်ဆီ သွားနေကျ၊ ခုနစ်ရက် နှစ်ပတ် ရလာက် သွားယင် အသပြာဘထောင် ပေးတယ်၊ စုန့်ကြဲပေးကမ်းဖို့ဆိုပြီး အသပြာ တထောင် ပေးတယ်၊ ဒီပြင် ဝတ်စား ဆင်ပြင်ဖို့ကတော့ နှေတိုင်း ပေးတယ်၊ လှုဖို့ ဒါန်းဖို့ကတော့ ခုနစ်ရက်နှစ်ပတ် တထောင် တထောင် ပေးတယ်။

"လှူနော် သမီး လှူနော်" အဲဒီလို ပေးနေကျ၊ အဲ နောက် ခုနစ်ရက် နှစ်ပတ်လောက်ကျော်တော့၊ ရှင်ဘုရင်ဆီ သွားရမည့်နေ့ကျတော့ ကဲ မိတ်ဆွေမတို့၊ ဆင်ကြ ပြင်ကြ နက်ဖြန်ခါ ဥပုသ်ခန့ ငွေသွားတောင်းရအောင်၊ ခမည်းတော်ဆီ ဆည်းကပ်ရအောင်၊ အားလုံး လှလှပပ ပြင်ဆင်ပြီး သွားကြတယ်။

ရှင်ဘုရင်ကြီးက သမီးတော်လာတော့ ဓားက ပတ်ပတ်လည် သမီးတော်ရဲ့ အခြေအရံဘွဲ့ခြံရံ ခြံရံလို့ လာတော့ အင်မတန် ဝမ်းမြောက်တယ်၊ "သမီးတော် သမီးတော် နန်းပြာသာဒ်အထက်မှာ နေရတာ ပျော်ရဲ့လား၊ ရောကန်နား ဘာနားသွားပြီး ကြည့်နှူးရဲ့လားလို့" သမီးတော်ကို နှုတ်ဆက်တယ်၊ သမီးတော်ကလဲ ဒါတွေ့ သိပ်အံ့ရဲကြီးတာ မဟုတ်ဘူး၊ အဝရဲကြီးတာက သိပ်အဝရဲကြီးနေတာက—

"မဟာရာဇ ခမည်းတော်၊ ပြည့်စုံနေပါတယ်၊ ခမည်းတော်ရဲ့ အထံက်ရလို့ အားလုံးပြည့်စုံပါတယ်၊ နက်ဖြန်တော့ "ပန္နရသီ" တဆယ့်ငါးရက်နေ့ ဖြစ်လို့ အလှူဒါန ပြုရပါမယ်နော်၊ ဒါကြောင့် ချီးမြောက်ရှိုးအတိုင်း အလှူ

ဒါနပြုဖို့ ငွေ(၁၀၀၀) တထောင် ချီးမြှောက်ပါလို့" တောင်းရော၊ တောင်းတော့ ခမည်းတော်က—

ဗဟုံ ဝိနာသိတံ ဝိတ္တံ၊ နိရတ္ထံ အဖလံ တယာ။
ဥပေါသစေ ဝသံ နိစ္စံ၊ အန္နပါနံ န ဘုဥ္ဇသိ။
နိယစေတ'တံ အဘုတ္တာပ္ပံ၊ နတ္ထိ ပုညံ အဘုဥ္ဇတော ၁။

သမီးတော် အလကား ပစ္စည်းဖြုန်းတီးစေတယ် သိလား၊ ဘာအကျိုးမှ မရှိဘူး၊ ဥပုသ်နေ့လဲပဲ ထမင်းမစား ဘာမစားနဲ့၊ ဥပုသ်စောင့်တယ်ဆိုတာ ဒါက နိယတိ သမီးဓတော်၊ ဒီလူ ဥပုသ်စောင့်ရမယ်လို့ အမြဲသတ်မှတ်ချက်ကရှိလို့ စောင့်ရတာ၊ အကျိုးတော့ ဘာမှရှိဘူး၊ မှတ်ထား၊ မှတ်ထား၊ အသက်ရှင်သမျှ ဘယ်သူ့ကိုမှ ဘာမှ မပေးနဲ့၊ သိလား၊ ဘာအကျိုးမှ ရှိတာ မဟုတ်ဘူး။

"ပရလောက" ဓနာင်ဘဝဆိုတာလဲ ရှိတာမဟုတ်ဘူး၊ သိပ်အကျိုးမရှိပဲ သမီးဓတော် ငင်ပန်းခံမနေပါနဲ့လို့ သမီးတော်ကို သူက ပြန်ပြီးတော့ ဆုံးမနေတယ်ကိုး၊ သမီးတော်က ဒီစကား လိုချင်နေတာ၊ ဒီစကား ရမယ်ထင်လို့ ငွေတောင်းတာ၊ သူက ပြောလိုက်သေးတယ်၊ "သမီးတော်" သက်သေမရှိမဟုတ်ဘူး၊ အလာတ စစ်သူကြီးက ဟိုဘက် ဘဝတုန်းက နွားသတ်လာတာ၊ နွားဆတ်သမား၊ ခု စစ်သူကြီး လာဖြစ်တယ်၊ ပြီးတော့ ဗီဇက ကျန်ကငိုလိုက်တာသိလား၊ ရှေးက အလှူဒါနလဲ ပြုတယ်၊ ဥပုသ်သီတင်းလဲ ဆောက်တည်တယ်၊ ပြီးတော့ သူ ကျန်ဖြစ်နေတယ်၊ ဒီဇတော့ အားလုံး နိယတိပါပဲ၊ သတ်မှတ်တဲ့အတိုင်း ဖြစ်ကြရတာပါ၊ ဖြုန်းမနေနဲ့နော်လို့ ပြောတော့—

ရှစာမင်းသမီး လျှောက်ထားချက်။ ။သမီးတော်က ဟိုရှေးတုန်းက ကြားဆာကြားဘူးတယ်၊ 'လူမိုက်နဲ့ ပေါင်းယင် လူမိုက်ဖြစ်တတ်တယ်လို့' ကြားဆာ ကြားဘူးတယ်၊ 'အလာဝကတို့ဗီဇကတို့က ဦးဂုဏကြီးနဲ့ ဓပါင်းလို့ မိုက်ကြပါပကောလို့' သမီးတော်က ညဉ်းရှာတယ်ကိုး၊ နဂိုကမှ ဒီအလာတတို့ ဗီဇကတို့က ဘာညာဏ်မှ ရှိတာမဟုတ်ပဲ၊ သူတို့က

၁။ ဇာ၊ ၄၊ ၇၊ နှာ•၁၂၁-၂။

မိုက်နေတာ၊ မသိဘိတ်တုံး ဖြစ်နေတာ၊ မသိဘိတ်တုံး ဖြစ်တဲ့သူက ဦးဂုဏနဲ့ ပေါင်းလိုက်တော့ မသိဘိတ်တုံး ဖြစ်သွားတာပေါ့၊ ရှေးတုန်းက ကြားသာ ကြားဖူးတယ် တကယ်ကို လက်တွေ့ဖြစ်နေပါမင့်လား။

တံ့ စ ဒေဝါသိ သပ္ပညော၊ ဓိရော အတ္ထဿ ကောဝိဒေါ။
ကထံ ဗာဒလဘိ သဒိသံ၊ ဟိနဒိဋ္ဌိ ဥပါဂမိ[၁]။

ခမည်းတော်က ပညာရှိပါ၊ ဟိုနှစ်ယောက် မိုက်တာကတော့ နဂိုမိုက်လို့ မိုက်တာ၊ ခမည်းတော်က ပညာရှိပါ၊ အားလုံး စဉ်းစားတတ်ပါတယ်၊ ခမည်းတော်ရယ် ဘာဖြစ်လို့ ဒီလို ပညာရှိ ခမည်းတော်က လူမိုက်တွေနဲ့ တန်းတူနေတဲ့ မိစ္ဆာအယူကို ယူရပါသတုံး။

သံသရာက သူ့ဘာသာသူ အချိန်စေ့ယင် သံသရာက စင်ကြယ်သွားတာပဲ၊ ကမ္ဘာဓပါင်း ရှစ်သောင်းလေးထောင်ပြည့်ယင် စင်ကြယ်သွားတာပဲဆိုယင် ဘာကြောင့် ဒီ ဦးဂုဏကြီးက ဘာဖြစ်လို့ ဒီအကျင့် ကျင့်နေရတာလဲ၊ အဝတ် မဝတ်ဘူး၊ ကလေးလိုပဲ၊ အာရုံက်မရှိဘူး၊ ဘာဖြစ်လို့ ဒီရသေ့ ဒီအကျင့်ကို ကျင့်နေရတာလဲ၊ သံသရာက သူ့ဘာသာသူ စင်ကြယ်မှာပဲ၊ ကျင့်ဖို့ လိုသေးလား၊ ယခု ဦးဂုဏကြီးက သံသရာ သူ့ဘာသာသူ စင်ကြယ်တယ်လဲ ဆိုသေးတယ်၊ ဒီ ဦးဂုဏကြီးကိုက အမြီးအမောက်မတဲ့တာ၊ ဘာဖြစ်လို့ ရှက်စရာကြီးကို မရှက်ပဲနဲ့ ကျင့်ပြီးတော့ သူနေသတုံး။

ခမည်းတော် နောက်ဘဝကို ဟို လွန်ခဲ့တဲ့ဘဝကို သမီးတော်လဲ သိပါတယ်၊ သမီးတော်လေ တနေရာက နေပြီး စဉ်းစားလိုက်တာ၊ လွန်ခဲ့တဲ့ (၇) ဘဝလဲ သိတယ်၊ နောက်လာမဲ့ (၇) ဘဝလဲ သိတယ်၊ တနေရာကနေ သမီးတော် စဉ်းစားတုန်းက သမီးတော် ဘာဖြစ်သလဲ ဆိုလို့ ရှိယင်—

ပန်းထိမ်သည်သား။ ။တခါတုန်းက ပန်းထိမ်သည်သား ဖြစ်ခဲ့ပါတယ်၊ ဟို လွန်ခဲ့တဲ့ဘဝတုန်းက ရှေပန်းထိမ်သည်သားဖြစ်တုန်းက ရွှပ်ကခပ်ချောချောနဲ့၊ မဓောင်းတဲ့မိတ်ဆွေ မတော်တဲ့မိတ်ဆွေတွေနဲ့ ပေါင်းလိုက်တာ၊ ဒါပေါ့။

၁။ ဇာ၊ ၄၅၊ ၇။ နှာ-၁၂၃။

ပဋိလောပိ၊ ပဋိုလ်သည်လည်း။ ဥပနိဿယပစ္စယေန၊ ပကတူပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟေတု၊ ဖြစ်၏- ဆိုတာလေ၊ နည်းနည်းကလေးနားလည်ပြီး သတိထားလိုက်ပါ၊ ဒီဦးဂုဏ်နဲ့ ပေါင်းလိုက်လို့ ရှင်ဘုရင်ကြီးဟာ မိစ္ဆာအယူ ယူနေပြီ၊ ပုဂ္ဂိုလ်က "ပကတူပနိဿယသတ္တိ"ဖြင့် ကျေးဇူးမြှုလိုက်တာ နည်းနည်းကလေးမထင်နဲ့၊ ပုဂ္ဂိုလ်မကောင်းတာနဲ့ ပေါင်းလိုက်လို့ ရှိယင်ဖြင့် မကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်ဖို့ရန်ဟာ "ဥပနိဿယသတ္တိ"နဲ့ ကျေးဇူးပြုပြီးသား ဖြစ်နေတယ်။

ယခုလဲပဲ "ရှင်အာနန္ဒာ" အလောင်းဖြစ်တဲ့ သတ္တိသားကလေး ရှေပန်းထိမ်သည်ထား ဖြစ်တုန်းက သူက

ပဋိလောပိ၊ ပဋိုလ်သည်လည်း။ ဥပနိဿယပစ္စယေန၊ ပကတူပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟေတု၊ ဖြစ်၏- ဆိုတာလေ၊ နည်းနည်းကလေးနားလည်ပြီး သတိထားလိုက်ပါ၊ ဒီဦးဂုဏ်နဲ့ ပေါင်းလိုက်လို့ ရှင်ဘုရင်ကြီးဟာ မိစ္ဆာအယူ ယူနေပြီ၊ ပုဂ္ဂိုလ်က "ပကတူပနိဿယသတ္တိ"ဖြင့် ကျေးဇူးမြှုလိုက်တာ နည်းနည်းကလေးမထင်နဲ့၊ ပုဂ္ဂိုလ်မကောင်းတာနဲ့ ပေါင်းလိုက်လို့ ရှိယင်ဖြင့် မကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်ဖို့ရန်ဟာ "ဥပနိဿယသတ္တိ"နဲ့ ကျေးဇူးပြုပြီးသား ဖြစ်နေတယ်။

ယခုလဲပဲ "ရှင်အာနန္ဒာ" အလောင်းဖြစ်တဲ့ သတ္တိသားကလေး ရှေပန်းထိမ်သည်ထား ဖြစ်တုန်းက သူက

ပုဂ္ဂိုလ်တယောက်က ပကတူပနိဿယသတ္တိနဲ့ ကျေးဇူးပြုတာ နည်းနည်းကလေးမထင်နဲ့၊ ပုဂ္ဂိုလ်မကောင်းတာနဲ့ ပေါင်းလိုက်လို့ ရှိယင်ဖြင့် မကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်ဖို့ရန်ဟာ ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုပြီးသား ဖြစ်နေပြီ။

ယခုလဲပဲ "ရှင်အာနန္ဒာ" အလောင်း သတ္တိသားလေး ရှေပန်းထိမ်သည်သားဖြစ်တုန်းက သူက ရုပ်ချောချော၊ ဘေးက မိတ်ဆွေတွေက သူ့ကိုငိုင်းမြောက်မြောက်မြှင့်မြှင့်ပေးလို့ လုပ်ခွင့်ရလုပ်ပြီး သူများမယားတွေ ဖျက်ဆီးခဲ့တယ်၊ "ကာမေသုမိစ္ဆာစာရ"ကံကို အများကြီးကျူးလွန်ခဲ့တယ်။

ကောသမ္မိသဒ္ဒေးသား။ ။တဘဝတုန်းက အဲဒီလို ကျူးလွန်ပေမယ်လို့ မီးခဲပြာဖုံးဖုံးပြီးတော့ နောက်ဘဝကျတော့ 'ကောသမ္မိပြည်' မှာ သဒ္ဒေးသားသွေးဖြစ်တယ်၊ ကြည့်စမ်းနော် ချက်ခြင်း အကျိုးမပေးဘူးနော်၊ မီးခဲပြာဖုံးဖုံးသွားတာပဲ၊နောက်ဘဝကျတော့ သဒ္ဒေးသားဖြစ်လို့၊ ဥပုသ်များ ဘာများစောင့်လို့၊ သူတော်ကောင်း သဒ္ဒေးသားလေး "ရှင်အာနန္ဒာ" အလောင်းနော်၊ နောက်နှစ်ဘဝဆက်နေပုံလေး ကြည့်ပါနော်။

ဓရာရွဝင်ရဲကျ။ ။တတိယဘဝကျတော့ "ရောရွဝ" ငရဲကို အဲဒီ "ကာမေသုမိစ္ဆာစာရ"ကံကြောင့် "ရောရွဝ" ငရဲကိုကျတာပဲ၊ တတိယဘဝကျတော့ ဓသဓါနိုးအာရုံထင်လာပုံတွေ ဓနောက်တကြိမ် ပြောပါ့မယ်နော်၊ **ရောရွဝ** ငရဲကျတယ်။

ဆိတ်ဖိုဖြစ်။ ။အဲဒီ ငရဲက ဒုက္ခအမျိုးမျိုးနဲ့ တကယဲ နှစ်ဓပါဂိုင်းမျှားစွဲခံစား ပြီးတဲ့ဓနောက် လွတ်လာတဲ့အခါကျတော့ ဘိန္နဝဂတ တိုင်းမှာ ဆိတ်ဖြစ်ကယ်၊ ဆိတ်ဖြစ်တော့ ဆိတ်ကြီးက တောင့်တောင့်တင်းတင်းနဲ့သန်သန် မာမာကြီးမို့လို့၊ အာ—ဒီဆိတ်ဟာ အမျိုးကောင်းတာပဲဆိုပြီးတော့အမတ်သား တွေက ဆိတ်ကို သင်းကွပ်ကြတယ်၊ ဓဝုံးစေ့ကိုထုတ်တယ်၊ ဆိတ်ကြီး ကြီးကြီး မားမားမို့လို့ တခါတခါ ကျောပေါ်တက်လို့စီးကြတယ်၊ တခါတခါ ရထား ဆွဲကြတယ်၊ ရှင်အာနန္ဒာ အလောင်း ၄-ဘဝမြောက်နော်။

ဓမျာက်ထီးဖြစ်။ ။ဓနောက် ၅-ခု မြောက်ဘဝကျတော့ "ကာမေသုမိစ္ဆာစာရ" ကံပြုခဲ့တဲ့ "ရှင်အာနန္ဒာ" အလောင်းဟာ ဓတောကြီးထဲမှာ မျောက်ဖြစ်ဘဝ့လဲပဲ အုပ်ချုပ်တဲ့ ဓမျာက်ကြီးက ငယ်ငယ်မျောက်ကလေးကို ဟာ ဒီကောင်လေး သန်သန်မြန်မြန်နဲ့ တက်လမ်းရှိတယ်၊ ငါ့ရန်သူဖြစ်လိမ့်မယ် ဆိုပြီးတော့ တခါထဲ ဝုံးစေ့ကို ကိုက်ပစ်တာပဲ၊ သွားပြန်ရော၊ သူတပါး မယားကို ပစ်မှားခဲ့တာမို့—

နွားထီးဖြစ်။ ။ဟိုဓနောက် ၆-ခုမြောက်ဘဝကျတော့ "သုဒဿန" တိုင်းမှာ နွားဖြစ်ပြန်ရော၊ နွားဖြစ်တော့လဲပဲ ဒီနွားကို စောစောစီးစီး ဝုံးစေ့ထုတ်မှပဲဆိုပြီး ဝုံးစေ့ထုတ်ပြီးတော့ အင်မတန် ကောင်းတဲ့နွား၊ အင်မ တန် အပြေးသန်တဲ့နွား၊ အင်မတန် တကယဲ လှည်းတွေ့ ဘာတွေ့ စီးလို့ကောင်း တဲ့နွား၊ "ရှင်အာနန္ဒာ" အလောင်း နွားကောင်းကြီးဖြစ်ပြန်ရော။

လူနပုံးဖြစ်။ ။ဓနောက် ၇-ဘဝမြောက်ကျပြန်တော့ ဝင်္ဂဒီတိုင်းမှာ လူ့ဘဝ ရပြန်ရော၊ ယောကျ်ားလဲမဟုတ်, မိန်းမလဲမဟုတ် ရှင်အာနန္ဒာ အလောင်းနော်၊ ယောကျ်ားလား— မဟုတ်ဘူး၊ မိန်းမလား—မဟုတ်ဘူး၊ ယောကျ်ားလဲမဟုတ် မိန်းမလဲမဟုတ်၊ သူ့ကိုနပုံးပဏ္ဍုက်လို့ခေါ်တယ်၊ သူ ဒီလို ဖြစ်ပြန်ရော။

သီကြားမင်း မိဖုရား ၄-ဘဝဖြစ်။ ။ဓနောက် အဲဒီက တခါ နတ်ပြည်မှာ အင်မတန်လှတဲ့ နတ်သမီး ဖြစ်ပြန်ရော၊ ကြည့်စမ်း ကြည့်စမ်း၊ ရှင်ဏာနန္ဒာအလောင်း ယောကျ်ားဘဝ မရောက်လာ

ဓသးဘူး၊ နတ်သမီးဖြစ်ပြန်ရော၊ နတ်သမီးဖြစ်တော့ သိကြားမင်းရဲ့ မိဖုရား ဓပါ့လေ၊ အဲဒီလိုဖြစ်ပြန်ရော၊ နောက်ကို နတ်မိဖုရားဘဝနဲ့ ဘယ်လောက် ကြာတုန်းဆိုတော့ ငါးဘဝဖြစ်တယ်။

နတ်မိဖုရားဖြစ်။ ။နောက်တော့တခါ ဒီ သိကြားမင်းရဲ့ မိဖုရား မဖြစ်ပဲနဲ့ နတ်သားတယောက်ရဲ့ မိဖုရားဖြစ်ပြန်ရော။

ဘုရင့်သမီးရူစာဖြစ်။ ။ဒီ နတ်သားရဲ့ မိဖုရားအဖြစ်က လွတ်တော့ လူ့ပြည် ရောက်ဓတော့၊ ရူစာ ဆိုတဲ့ သတို့သမီး ဖြစ်ပြန်ရော။

ကြည့်စမ်းကြည့်စမ်း၊ သူတပါး မယားကို ပြစ်မှားလိုက်တဲ့ ပရဒါရိကံက ဆိုးဆိုးရွားရွား နှဲးဖြစ်ရတယ်၊ မျောက်ဖြစ်ရတယ်၊ ဆိတ်ဖြစ်ရတယ်၊ ငရဲကျရတယ်၊ နောက်တော့ဥပုသ်စောင့်တဲ့ကံကြောင့်မို့လို့ နတ်ပြည်ရောက်ဓပမယ့်မိန်းမဘဝက မလွတ်သေးဘူး၊ သူ့ ပရဒါရိ ပရဒါရိ ကာမေသုမိစ္ဆာစာရ ကံက လိုက်လာဘာမို့လို့၊ ကုသိုလ်ကံအကျိုးပေးလို့ နောက် နတ်သမီးဘဝပဲ ဖြစ်သေးတယ်၊ ယောကျ်ားဘဝ မရောက်သေးဘူး။

ယခုနောက်ဆုံးဆိုပါတော့၊ ဒီဘဝမှာ ရှင်ဘုရင့်သမီးဓတော်လာပြီးဖြစ်တယ်၊ အဲဒီ သမီးတော်ရဲ့ဘဝတွေကို သိနိုင်ပါတယ်၊ အောက်မေ့နိုင်ပါတယ်၊ ဒီဘဝဓတ္တ သမီးဓတော်ကိုယ်တိုင် ဖြစ်လာတာမို့ ကံရဲ့အကျိုးတွေ့ရှိတာပေါ့၊ ဦးဂုဏ်ရဲ့ စကားကိုယုံပြီးတော့ 'ဘာမှမရှိဘူး' လို့ မဓပြောလိုက်ပါနဲ့၊ ခမည်းတော်ရယ်လို့။

ဣဿ်ာနု စိဓန္တိသိ သယမ္မိ ဒေဝ၊
ကုဓတာ နိဒါနာ ဟေ ဣမာ ဇနိန္ဒ။
ယာ ဓတ ဣမာ အစ္ဆရာသန္နကာသာ၊
ဆလင်္ဂါတာ ကဋ္ဌနဇာလဆန္နာ[၁]။

ခမည်းဓတော်ရဲ့ အခြေအရုံဖြစ်တဲ့ မိဖုရားတွေ ကြည့်ပါ၊ စဉ်းစားစမ်းပါ၊ အဲ....သူတို့ အဆင့်အထန်း မြင့်နေတုန်းမို့၊ ဝတ်ကြ, စားကြ, ကြွေးကျယ်ကြလို့ ပါပဲ၊ တန်းဆာဆင်ထားပြီး ကြွေးကျယ်လိုက်တာ၊ အဲဒီ ပုဂ္ဂိုလ်တွေ ကြပ်ကြပ် စဉ်းစားစမ်းပါ၊ သူတို့ ဒီဦးဂုဏ်ကြီး ဓပြောသလို၊ အဲဒီ နိယတိနဲ့ ဖြစ်ဓန

၁။ ဇာ၊ ၄၊ ၇။ နှ၃-၁၃၃။

တာလား၊ ကံပြုခဲ့လို့, ကံကောင်းပြုခဲ့လို့ ဒီလိုဖြစ်တာ၊ ဒါ ခမည်းတော် ကြွပ်ကျပ် စဉ်းစားစမ်းပါ။

ဟာ—ဟောလိုက်တာလေ၊ ဒီရှင်ဘုရင်ကြီးကို အကြောကြီး ဟောနေတယ်၊ ရှင်ဘုရင်က ဘယ်လိုအောက်မေ့ထားသလဲဆိုယင် ငါ့သမီးတော်ကြီးက တယ် စကားပြော ကောင်းပါလား၊ တရားတော့ နားမဝင်ဘူး၊ စကားပြော တယ်ကောင်းတော့ ပြုံးလို့ ပြုံးလို့ နားယောင်နေတာပဲ၊ဦးဂုဏ တရားကိုတော့ လက်မလှတ်ဘူး၊ ဟို တဆယ့်လေးဘဝ ဖြစ်ပုံတွေ့ ဓလျှောက်ပြောနေပေမယ်လို့ သမီးတော် တယ်စကားပြောကောင်းကိုးလို့ ထင်မှတ်ပြီး ဦးဂုဏတရားကိုတော့ မလှတ်ဘူး။

ရှစ်ဘမင်းသမီးအဓိဋ္ဌာန်။ ။ဒါပေမယ့် သမီးတော်က မလျှော့ဘူး၊သူ့ခမည်း တော် မိစ္ဆာဒေးယူ မစွန့်လွှတ်မှန်းလဲ သိပြီလေ၊ လက်အုပ်ချီပြီး—

လောကကြီးကို စောင့်ရှောက်ပြီးတော့ နေကြတဲ့ ရဟန်း ပုဏ္ဏား တွေ ရှိကြပါတယ်၊ ကြွပါ ကြွပါ၊ လောကကြီးကို စောင့်ရှောက် နေကြတဲ့ နတ်မင်းများရှိယင် ကြွပါ၊ ခမည်းတော်ရဲ့ ဒေယူဇာဆကို ချတ်လှည့်ကြပါ၊ ချတ်လှည့်ကြပါ၊ ဗြဟ္မာမင်းများ ရှိယင် ကြွပါ၊ ခမည်းတော်ရဲ့ မိစ္ဆာဒေးယူကို ချတ်လှည့်ကြပါ၊ ချတ်လှည့်ကြပါ၊ အို....လှည့်လှည့်ပြီးတော့ ဆုဓတောင်းလိုက်တာ။

၁။ (ဘဆယ့်လေးဘဝ—

၁။ ဂုဇ္ဇိုဟ် ရွှေပန်းထိမ်သည်သား၊ ၇။ လူနပုံးဘဝ။ [အတိတ် ၇-ဘဝ]
၂။ ကောသမ္မီ သဋ္ဌေးသား၊ ၈-၁၁။ သိကြားမိဖုရား ၄-ဘဝ၊
၃။ ရောရုဝ ငရဲသား၊ ၁၂။ ဇဝန နတ်သား၏ မိဖုရား၊
၄။ ဆိတ်ဖို၊ ၁၃။ အင်္ဂတိမင်း၏ သမီးတော် ရုစာ၊
၅။ မျောက်ထီး၊ ၁၄။ တာဝတိံသာ နတ်သားဘဝ။
၆။ နွားထီး၊ [အနာဂတ် ၇-ဘဝ]

ပထမအကြိမ်သိကြားမင်း၏မိဖုရားဖြစ်စဉ်ကဇာတိသရဉာဏ်ဖြင့်လွန်ပြီး ၇-ဘဝ, လာလတံ့ ၇-ဘဝကို သိမြင်အောက်မေ့နိုင်သည်။ ဇာ၊ ဋ္ဌ၊ ၇။ နာ-၁၂၉-၁၃၀။)

"တေဿ၊ ဤခမည်းတော်၏။ ဂုဏော၊ ဂုဏ်သည်။ အသတိ၊ မရှိလတ်သော်။ မမ ဂုဏေန၊ ဒေ့ကျွန်ုပ်၏ဂုဏ်ကြောင့်။ မမ သိလေန၊ အကျွန်ုပ်၏ သီလကြောင့်။ မမ ဃစ္စေန၊ အကျွန်ုပ်၏ သစ္စာကြောင့်။ ဣဓ၊ ဤနန်းတော်သို့။ အာဂန္ဆာ၊ ကြွလာတော်မူ၍။ ဣမံ မိစ္ဆာ-ဒဿနံ၊ ဤမိစ္ဆာအယူကို။ ဝိသဇ္ဇာပေတွာ၊ စွန့်လွှတ်စေပြီး၍။ သက-လဿ လောကဿ၊ အလုံးစုံသော တိုင်းသူပြည်သားများ၏။ သောတ္ထိ၊ ချမ်းသာမှုကို၊ ကရောန္တု၊ ပြုလုပ်ကြပါကုန်။"

မိဋ္ဌာန်ပြီးတော့ ရှိခိုးလိုက်တာ၊ ဒီ ရွှင်အာနန္ဒာဆိုတဲ့အလောင်း "ရုစာ" ဆိုတဲ့ မင်းသမီးက ရှိခိုးလိုက်တာ၊ အဲဒီတင် ဘုန်းကြီးတို့ ဘုရားအလောင်းက နာဂဒ ဗြဟ္မာမင်းကြီးဖြစ်နေတယ်။

နာဂဒဗြဟ္မာ တရားဟော။ ။ဒီ ဘုရားအလောင်းတွေ ဆိုတာဟာ အမှတ်တမဲ့ မနေဘူး၊ လောကကြီးကို မကြာခဏ စဉ်းစားတယ်၊ ကြည့်တယ်၊ ကောင်းတဲ့အကျင့် ကျင့်တဲ့လူတွေကဘယ်လောက် ကျင့်ပြီး ဘယ်လောက်များတယ်၊မကောင်းတဲ့ အကျင့်ကို ကျင့်တဲ့ သူတွေက ဘယ်လောက်များတယ်ဆိုတာ မကြာခဏကြည့်တယ်။

ဒါကြောင့် ဘုရားအလောင်း နာဂဒဗြဟ္မာကြီးက ကြည့်ပြီးတော့ အင်း-မင်းသမီးက တကတည်း ပင့်နေတာကို သူကြားတယ်၊ အဲ အာဂံတိမင်းကြီး မိစ္ဆာအယူကို ယူနေတာလဲ မြင်ရော၊ အား....ယခုနဲ့တော့ သွားမှဖြစ်မယ်၊ အဲ လူယောင် ဖန်ဆင်းပြီးတော့ သွားမှ ဖြစ်မယ်၊ မင်းသမီးကလဲ သာမန် မဟုတ်ဘူး၊ အင်မတန်ဓာဘ်တဲ့ မင်းသမီး၊ ဒီ ရွှင်ဘုရင်ကြီးရဲ့ မိစ္ဆာဒဿုကို တနိုင်ငံလုံးလွှမ်းပြီးတော့ ဒုက္ခပေးနေတာ၊ အင်း သွားမှပဲ ဆိုပြီးတော့ ဘယ်လိုအသွင်နဲ့သွားရပါ့မလဲ၊ အဲဒီမှာ ရသေ့ရဟန်းအသွင်ကတော့လူအများ ယုံကြည်ကြတယ်၊ ဒီးတော့ ရသေ့ရဟန်းအဆင့်နဲ့ ဖန်ဆင်းပြီးတော့ သွားမှပဲ၊ ရသေ့ရဟန်း ဖန်ဆင်းလိုက်တာပဲ။

ရသေ့ရဟန်း ဖန်ဆင်းတော့လဲ အို နာ ကျိုးကန်း ရသေ့ကြီးမျိုး ဆိုလို ရှိယင် လူမဲလား၊ ခွေးမခန့်ဖြစ်နေလိမ့်မယ်၊ ဒီတော့ တောင့်တောင့် တင်းတင်း

သပ်သပ် ပါယ်ပါယ် ရဲ့သော့ ရဟန်းအသွင်နဲ့၊ ဝတ်ထားတဲ့ အတွင်းကခါးဝတ်ကလဲ အသွေးအရောင် ကောင်းကောင်းနဲ့၊ အပြင်ပေါ်က ရုံထားတာကလဲ အသွေးဒရောင် ကောင်းဖေးဖေးနဲ့၊ ဒီအပေါ်မှာ အပေါ်ခြုံကလေးမျှားက အပေါ်တင်လို့၊ ရသေ့အသွင် ကောင်းကောင်းနဲ့၊ ရသေ့ပရိက္ခရာမျှားထမ်းပြီး ဓတော့ လူဓယောင်ဖန်ဆင်းပြီးတော့ ကောင်းကင်က လာတာကိုး။

လာတော့ လ-မျှားထွက်လာသလားလို့ ထင်လောက်အောင်တင့်တယ်တယ်၊ နုန်းတော်အဝှင်း အနီးအနားရောက်တော့လဲ အားလုံးက ကြည့်ကြတယ်၊ အဲ တိုင်းလူပြည်သားတွေကလဲ သတိထားပြီးတော့ ကြည့်ကြတယ်၊ ဒီစန္ဒကဆိုတဲ့ နန်းပြာသာဒ်အဝှင်းမှာ ဝင်လာပြီးတော့ ရှင်ဘုရင်ရဲ့ အပေါ်က ဒီလို ဓကောင်းကင်ပြင်မှာ မတ်တတ်ရပ်ပြီး နေတယ်၊ ကျက်သရေရှိလိုက်တာ၊ ကျက်သရေရှိလိုက်တာ၊ ကျက်သရေရှိလိုက်တာ။ 'ရူစာက' ဟာ ငါတော့ အကူအညီလာပြီဆိုပြီဓတော့ ငမ်းသာလိုက်တာ၊ ဝမ်းသာအားရနဲ့ ရှိခိုးလို့၊ ရှင်ဘုရင်ကလဲ မြင်ပြီ၊ ရှင်ဘုရင်က မြင်ဓတော့ ပြဟ္မာအရှိန်က ရှိတယ်လေ၊ လူယောင်ဖန်ဆင်းပြီး လာပေမဲ့ အတွင်းက ပြဟ္မာအရှိန်က ရှိတော့ ရှင်ဘုရင်မှာ သူ့ နေရာသူ မထိုင်နိုင်ဘူး၊ မထိုင်ဝံ့ဘူး၊ ဓထိုင်ဝံ့ဘူး၊ အဲဒီနေရာကဆင်းပြီး ကကထဲ ကြမ်းပြင်ပေါ်မှာ ရပ်ပြီးတော့ "ဘယ်ကိစ္စနဲ့ လာပါသတုံး၊ နာမည်က ဘယ်လိုခေါ်သတုံး၊ အမျိုးက ဘယ်သူတဲ့တုံး" ၊ဒီလို မေးတော့မှ လာခဲ့တာကတော့ ဟိုပြဟ္မာ့ဘုံက လာခဲ့တယ်၊ ပြဟ္မာ့ပြည်ရှိဘူးဆိုတဲ့ ရှင်ဘုရင်ကြီးကိုလေ။

ပြဟ္မာပြည်က လာခဲ့တယ်၊ ဟို အားလုံးက သူ့ကို နာရဒလို့ ကဿပအန္ဒယ် နာရဒလို့ ခေါ်ကြတယ်၊ အားလုံးက အသိအမှတ်ပြုကြတယ်၊ ကောင်းပါပြီ အရှင်နာရဒ၊ ဒီကို အရှင် ဘယ်လိုမျှားလုပ်ပြီး ရောက်အောင် လာပါသတုံး၊ သူက နိယတိကို လိုချင်တာကို၊ ဘယ်လိုမျှားလုပ်ပြီးတော့ ဒီတန်ခိုးတွေ ရပါသတုံး။

သစ္စံ၊ မှန်ကန်သော ဝစီသစ္စာဇင်း၊ စကားပြောယင် မှန်မှန်ပြောတယ်၊ နည်းနည်းကလေးမှ အညွှန်မတက်ဘူး၊ အလိမ်အပြု မရှိဘူး။ သစ္စံ၊ မှန်ကန်တဲ့ ဝစီသစ္စာကညိုးဓကောင်း။ဓမ္မော စ၊သုစရိုက်ဆယ်ပါးမြတ်တရားလည်းဓကောင်း။

ဒမော၀၊ စက္ခု စတဲ့ ဣန္ဒြေကို ငြိမ်ငြိမ်သက်သက် ဆုံးမခြင်းလည်းလေ၁င်း။ စာ၀ဂါ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဆိုတဲ့ စာဂလည်း၀ကာင်း။ ဧတေ ဂုဏာ၊ ဤဂုဏ်တို့သည်။ ပုထုဏာ၊ မိမိသန္တာန်၌ ရှေး၌ ဖြစ်ကုန်၏။ ဧတေ ဂုဏာ၊ ဤဂုဏ်တို့ကို။ ပကတာ၊ မိမိသန္တာန်၌ ဖြစ်စေအပ် ပြုအပ်ကုန်ပြီ။

ကျုပ်က ဒီဂုဏ်၁တွ ပြုလုပ်လာတယ်၊ တခဏထဲ မဟုတ်ဘူး၊ အကြိမ်ပေါင်း များစွာ ပြုလုပ်ပြီး၊ တော့ လာခဲ့ဘာဖြစ်၁ဘာ့ ကျုပ်တန်ခိုး၀တ္ထဟာ ဟိုစိတ်လို ပါပဲ၊ ကျုပ်သွား၁ျင်တဲ့ နေရာကို ရောက်အောင် သွား နိုင်ပါတယ်၊ ဒီမှာ ကုသိုလ်ကံအကျိုး စသည်ကို ပြောပြီလေ၊

ဖြဟ္မာပြည်က လာဘယ်၊ ဒီ ကုသိုလ်ကံတွကြောင့် ဒီလို ဖြစ်နိုင်ကယ်လို့ တိုက်ရိုက်ပြောပြီလေ။

"အရှင်နာဂဒတ္တ ရမ်းပရ၁စလေ၊ အို မေး၁တာ့လဲ မှုသား၀တာ့ မ၀ေြာ ပါနဲ့၀နော်၊ မ၀ေြာပါနဲ့နော်"။ (သူက မိစ္ဆာအယူကို ယူထား၀တာကိုး၊) ပရ ၀လောက ရှိတယ်ဆိုတာ အမှန်ပဲလား မေး၀တာ့-

အဘွဲ့၀ ၀ဒ၀ါ ပိတရော ၀ အတ္ထိ၊
လော၀ကော ပရော အတ္ထိ ဇ၀နာ ယ'မဟု။
ကာမေသု ဂိဒ္ဓါ စ နရာ ပမူဠှာ၊
လော၀ံ ပရံ န ဝိဒူ မောဟယုတ္တာ ၁။

ပရလောက ရှိတယ် ဆိုတာ အမှန်ပဲ၊ မိဘတွေ ဘာတွေဖြစ်တာ အမှန်ပဲ၊ ဒါတွေကို ကာမကို မက်ပြီးနေတဲ့ သူတွေက ပရလောက ရှိတယ် ဆိုလို့ ရှိယင် ကာမဂုဏ် မခံစားနိုင်မှာ စိုးလို့၊ ပရလောက ရှိဘယ်၊ ၎ရဲရှိဘယ် ဘာရှိတယ် ဆိုလို့ ရှိယင် သူတို့က ခံစားချင်တဲ့ ကာမဂုဏ်ကို မလုပ်နိုင်မှာ စိုးလို့၊ မောဟက ပိတ်ဖုံးနေတဲ့အာကွက် ပရလောက မရှိဘူးလို့ ပြောနေကြတာ၊ အမှန်ကတော့ ပရ၁လောက ရှိကာ၀ါလို့ အဲဒီလို ပြော၁တာ့-

---

၁။ ဇာ၊ ဋ္ဌ၊ ၇။ နှာ-၁၃၀။

ရှင်ဘုရင်က သူက ဦးဂုဏရဲ့တရားတွေကို သိပ်စံနေတာ၊ မရှိဘူးလို့ ကြားချင်တာ၊ မရှိဘူးလို့ သဘောကျနေတာ၊ ဃောကျရုံတွင် မကဘူး၊ သူတပါးရဲ့ သားမယားတွေကိုလဲ ပြစ်မှားပြီလေ၊ သူ့မှာလဲပဲ လက်လွန်နေတာက ရှိပြီလေ၊ ဒီတော့ သူက ပရလောက မရှိတဲ့ဘက်က ဖြစ်စေချင်တာ၊ ပရလောက ရှိဝယ်လို့ ပြောနေတာကို တယ် နားမထောင်ချင်ဘူး၊ နားမထောင်ချင်တော့ သူက ခပ်ရှန်းရှန်းနဲ့ပေါ့လေ—

အတ္တိတိ စေ နာရဒ သဒ္ဒဟာသိ၊
နိဝေသနံ ပရလောကေ မတာနံ။
ကုဓေဝ မေ ပဉ္ဉ သတာနိ ဒေဟိ၊
ဒဿာမိ တေ ပရလောကေ သဟာသံ[1]။

သူ့နန်းတော်ထဲမှာလဲ ဖြစ်တယ်၊ ရှင်ဘုရင်လဲ ဖြစ်တယ်၊ ငြားမှာရှိန် စကြောင့်သာ သူက အောက်ကနေပြီးမေးတာ၊ မေးနေပေမယ့် သူ့အယူကို မစွန့်ချင်တော့၊ အို အာရှင်နာရဒ ပရလောကရှိတယ်ဆိုတာ အဟုတ်ယုံသလား၊ ဒီဘဝက သေသွားတဲ့လူတွေဟာ နောက်ဘဝ နေစရာ ဘဝလောကရှိသလား၊ ယုံလို့ရှိယင် ကျုပ်ကို ခုငွေငါးရာလောက် ချေးထားစမ်းပါ၊ ဟိုဘက်ဘဝ ကျတော့ ကျုပ်က တထောင်ပေးမယ်လေ၊ တထောင်ဆပ်ပါ့မယ်၊ ငါးရာ ချေးထားစမ်းပါ၊ ငါးရာ ချေးထားစမ်းပါ၊ ကျုပ် ဟိုဘက်ဘဝကျတော့ တထောင် ဆပ်ပါ့မယ်၊ ဟိုဘက်ဘဝ ရှိတယ်ဆိုယင် ကျုပ်က ကဒထောင် ပေးရဲတယ်။

ငြဟ္မာမင်းက ရသေ့ယောင်ဆောင်ထားတဲ့ ငြဟ္မာမင်းက အသင့်ကို သိလ ရှိတဲ့ သူတော်ကောင်းလို့ သိရင်တော့ ကျုပ်က ငါးရာ ပေးရဲတယ်၊ ဘာဖြစ် လို့တုန်း၊ ဟိုဘဝမှာ ကောင်းတဲ့ဘဝကိုရောက်ပြီးတော့ သင်က ကျုပ်ကို ပြန်ဆပ် မှာကိုး၊ ပေးရဲတယ်၊ အသင်က ခုမတရားလုပ်နေတဲ့သူ၊ အသင်က ငရဲရောက်မှာ၊ ငရဲရောက်မဲ့သူကို ကျုပ် ဘယ်လိုလုပ်ပြီးတော့ ပေးရဲမတုန်း၊ ငွေလိုက်ပြီးတော့ ဘယ်နှယ်လုပ် တောင်းမတုန်း။

၁။ ဇာ၊ ၄။ ၇။ နှာ-၁၃၀။

ခု လောကကြီးကိုက ကြွေးပေးတဲ့လူဆိုတာလေ၊ ယုံကြည်လောက်တဲ့သူကိုမှ ပေးတာ၊ ဒီလူ့ဆီ ပေးလို့ရှိယင် ပြန်ရမယ်၊ ဒီလူက ကောင်းကောင်းအလုပ်လုပ်တယ်၊ မပျင်းမရိဘူး၊ ဒီလူက တိုးတက်လမ်းရှိတယ်၊ ယခု ကြွေးပေးလိုက်လို့ရှိယင် အမြတ်အစွန်းနဲ့တကွ ပြန်ဆပ်လိမ့်မယ်၊ အဲဒီလိုဆိုမှ ကြွေးပေးတာ၊ ဒီလူက အင်မတန် ပျင်းတယ်၊ ငါ့ဆီသာ ကြွေးလာချေးတာ အင်မတန် ပျင်းတယ်၊ သူ့မှာ အရင်းအနှီးလဲ ဘာမှ မရှိဘူး၊ ဖြုန်းပစ်မှာ၊ ပြန်ရမှာ မဟုတ်ဘူး၊ ငါပြန်ရမှာ မဟုတ်ဘူးဆိုယင် လောကကိုက ကြွေးမပေးဝံ့ကြဘူး။

အသင်က ငရဲကျမှာ၊ ငါ ကြွေးမပေးဝံ့ဘူး၊ အသင် ငရဲကျမှာ၊ အဲဒီတင် ဖြဟ္မာမင်းက ငရဲအကြောင်းတွေ ပြောလိုက်တာ ဟော ငရဲကျတော့လေ ဘယ်လိုနှိပ်စက်တယ်၊ ဘယ်လိုခံရတယ်၊ အဲဒီ ခံနေတဲ့သူကို ငါက လိုက်ပြီးတော့ ကြွေးတောင်းလို့ ဖြစ်ပါ့မလား၊ အကြွေးပေးနိုင်မလား၊ အကြွေးဆပ်နိုင်မလား၊ ဒါကြောင့် ငါ အကြွေးမပေးရဲဘူး။

တခါ ဟို အင်မတန် အေးပြီးတော့ မျောင်မဲနေတဲ့ ငရဲဆိုကာ ရှိကယ်၊ မျောင်လို့ တငရဲလုံး မျောင်လို့၊ အေးလိုက်တာကလဲ လွန်လို့၊ လောကန္တရိက် ငရဲ ဆိုတာ ရှိတယ်။

အဲဒီ အထဲမှာ ငရဲသားတွေ တဦး တဦးလဲ အချင်းချင်း မမြင်ရဘူး၊ ရှရှ ရှရှနဲ့ နံရံကြီးကို ဖက်ပြီး ကုတ်ပြီး တဲ့ပြီး ဖက်ပြီးတော့ သွားနေကြတာ၊ လင်းနို့ကလေးများလိုပဲ၊ ကျောက်နံရံကြီးကို ဖက်ပြီးတော့ သွားနေကြတာ၊ လက်နဲ့ကုတ်ပြီးတော့ သွားနေကြတာ၊ စားစရာလဲ မရှိဘူး၊ ဘာမှလဲ မမြင်ရဘူး၊ တဦးအနား တဦးထောက်တော့ အစာထင်ကာ ဟပ်လိုက်တာ၊ တခါထဲ လွှတ်ကျပြီးတော့ အင်မတန် အေးတဲ့ ရေထဲကျသွားတာ မှုန့်ကို ကြာသွားရရှာတယ်။

အဲဒီလို ငရဲခံနေရတဲ့ သင့်ကို ငါက ဘယ်လိုလုပ်ပြီးတော့ တောင်းမတုန်း၊ ကြွေးမခပေးနိုင်ဘူး၊ သင့်ကို ကြွေးမပေးနိုင်ဘူး၊ သင့်မှာ ငွေပြန်ရဖို့ရန် မမြင်ဘူးတဲ့၊ ငရဲအကြောင်းတွေ ဟောလိုက်ဘာ ရစရာ မရှိဘူး၊ နည်းနည်းကိုယ်ရေးကိုယ်တာကျတော့ ထိတ်လာပြီ၊ "မတော်လို့ ငါ ငရဲကျသွားယင် ဒုက္ခ ဒုက္ခ၊

သူပြောတဲ့ငရဲကျလိုက်ယင် ဒုက္ခဒုက္ခ" ထိတ်လာပြီ၊ဟိုက ငရဲတွေ ဟောလိုက်တာ၊ ဟို လက်ပံပင် ငရဲဆိုတာ လက်ပံဆူးတွေနဲ့၊ ခေးက်ပြီးတော့ လက်နက်တွေနဲ့ ရိုက်ပြီးတော့ အာတင်းတင်တာပဲ၊ အဲဒီလို တင်နေတဲ့ အသင့်ကို ငါက လိုက်ပြီး ကြေးတောင်းလို့ ဖြစ်ပါ့မလား၊ ငါမပေးနိုင်ဘူး။

အင်း....သင်က ငရဲကို သည်လို ကျမှာ ကျမှာ ကျမှာနဲ့ ငရဲအကြောင်းတွေ ပြောလာတော့ ထိတ်လာပြီ၊ နောက်တော့ ကောင်းကောင်းကျင့်တဲ့ ပုဂ္ဂိုလ်တွေက နတ်ပြည်ရောက်တော့ ဘယ်လိုချမ်းသာတယ်ကိုလို့ နတ်ချမ်းသာကို ပြောပြန်တာကိုး၊ ဒီတိုင်းသူ ပြည်သားတွေကလဲ ရှင်ဘုရင့်သမီးတော် တရား ဟောလို့ မရလို့ ယရု ဗြဟ္မာ့ပြည်ကလာပြီး ရသေ့က တရား ဟောနေသတဲ့၊ တိုင်းသူ ပြည်သားတွေကလဲ ဒီမိစ္ဆာအယူကို စွန့်စေချင်တာကိုး၊ တချို့ကလဲ နားထောင်ကြတယ်၊ နားထောင်တော့ ဗြဟ္မာတန်ခိုးကြောင့် ကြားကြတယ်၊ တိုင်းသူ ပြည်သားတွေလဲ မိစ္ဆာအယူတော့ လွတ်တော့မှာပဲလို့ သဘောပေါက်နေကြတယ်။

ဒါနဲ့ တိုင်းသူ ပြည်သားတွေ ဝမ်းသာအားရနဲ့ တခါ နတ်ပြည်အကြောင်းတွေ ဟောပြန်ရော၊ ဥပုသ်သီတင်း ဆောက်ဘည်လို့၊ ဒါနပြုလို့၊ နတ်ပြည်မှာ သည်လို ခံစားရတယ်၊ သည်လို ခံစားရတယ်၊ စောစောစီးစီးကလဲ "ရှစာ" မင်းသမီးက နတ်ပြည်အကြောင်းကို ပြောထားတာ ဖြစ်တယ်၊ ဘုရင်ကြီး "ငိုင်နေတယ်"၊ တွေးလို့၊ အဲဒီ နက်ပြည် အကြောင်းတွေလဲ ဟောပြီးရော ဘုရင်ကြီး မိစ္ဆာအယူ စွန့်လွှတ်ပြီးတော့ တမလွန်လောက ရှိဘယ်လို့ ဆုံးဖြတ်ချက် ချလိုက်ပါရော၊ အဲဒီမှာ အားလုံး ဝမ်းသာအားရဖြစ်ပြီး မိစ္ဆာအယူက လွတ်လဲ လွတ်ပြီးရော၊ ဗြဟ္မာမင်းကြီးလဲ ဗြဟ္မာပြည် ပြန်သွားရော၊ ရှစာလဲ အဆင်မတန် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားတယ်။

ကောင်းတဲ့ ကံတွေ ပြုကြ။ ။ဒါကြောင့်မို့လို့ ဘုန်းကြီးတို့ တရားတော်က လေ၊ ခု ချက်ချင်း ကုသိုလ်ပြုယင် ခုဘဝအကျိုး ပေးတယ်၊ ဒီလိုက မသေချာဘူး၊ ဇသေချာတာက ဂရုကကံပဲရှိဘယ်၊ကောင်းတဲ့ ထဲက ကံတို့ ဈာန်တို့၊ ဒီကံတွေ ဒီဈာန်တွေ ဟိုဘက်ဘဝ သေချာတယ်။

မကောင်းတဲ့ ကံထဲက အမှိ အဘ သတ်တာတို့၊ ရဟန္တာ သတ်တာတို့၊ ဟို ဘဝမှာ အပါယ်လားမှာ သေချာတယ်၊ အကျိုးပေးမယ်။

ဒီပြင် ကံတွေကတော့ အခွင့်ရှာရပါတယ်၊ အခွင့်ရှာလို့ အခွင့်သာတော့မှ လိုက်ပြီးတော့ အကျိုးပေးတယ်၊ အဲဒီလို အကျိုးပေးတဲ့ အခွင့်ကောင်း အခါကောင်းကို လက်မလွှတ်ဇာတ်ခုံဝင် ခုဘဝက ကောင်းတဲ့ကံတွေချည်း ပြုဖို့ရန် ဘုန်းကြီးတို့ တာဝန်ရှိပါတယ်၊ အဲဒီလို ကံတွေကို ကိုယ်စီကိုယ်ငှ ပြုကြရပါမယ်။

ဒီ ပဋ္ဌာန်းတရားတော်က ကမ္မပစ္စည်းနဲ့ လိုက်ပြီးတော့ ဝိပါကပစ္စည်းနဲ့ အကျိုးပေးပုံတွေကို ပြုနေပါတယ်၊ ကမ္မပစ္စည်း ဝိပါကပစ္စည်း ဆိုပေမယ့်လို့ အခွင့်သင့်မှ အကျိုးပေးတယ်ဆိုတာကို ဘုန်းကြီးမနက်ဖြန်မှ ဆက်ပြီးတော့ ဟောပါမယ်။

နာနာပုကာရဋ္ဌာနာနိ၊ ဇဗာဂိတာဇနတ္ထ မုနိနာ။
အာနန္ဒန်ယပဋ္ဌာနံ၊ ဝန္ဒေ အာနန္ဒဝေါစရံ။

ထို့ကြောင့် အာနန္ဒာနဟာ သမန္တပဋ္ဌာန်းကျမ်းတော်ကြီးဌ်။ မုနိနာ၊ မုနိသွက်တင် ဘုရားရှင်သည်။ နာနာပုကာရဋ္ဌာနာနိ၊ ဟောတဲ့ အာရုံမျိုးစုံသည်မျှားစွာ အကြောင်းအရာတို့ကို။ ဇဗာဂိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီ မှလျှင် မျှားလှဝဝနေ သိစေတော်မူခဲ့လေပြီ။ အနန္ဒဝေါစရံ၊ အဆုံးမရှိ ကုန်ဆောင်သိသည့် ဉာဏ်တော်၏သာ ကူကစားရာ ဖြစ်တော်မူသော။ တံ အာနန္ဒန်ယပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သားကြီးကျယ်မြင့်မော် ထို ပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုး ကန်တော့ပါ၏ဘုရား။

သာဓု.....သာဓု.....သာဓု။

ပဋ္ဌာန်း-၁၄

အခြေပြု ပဋ္ဌာန်းတရားတော်

အဋ္ဌမနေ့

၁၃၃၅-ခု၊ နှစ်ဆန်း ၁-ရက်။ ၁၉၇၃၊ ဖြေလ–၁၆ရက်။

ဒါနထက် သီလသာခြင်း။ ။ကမ္မပစ္စည်းနဲ့ ဝိပါကပစ္စည်းကို ထပ်ပြီးတော့ ဟောရပါအုံးမယ်၊ ဘုန်းကြီးတို့ သာသနာမှာ ကံနှင့်ကံ၏အကျိုးကို မပိုင်လို့ရှိယင် ဘာမှ လုပ်လို့ ခရီးမရောက်ပါဘူး၊ ရဟန်းသံဃာအဖြစ်နဲ့ နေလဲပဲ ကံနဲ့ ကံရဲ့အကျိုးကို ကောင်းကောင်းနားလည်မှ နေလို့ကောင်းပါဘယ်၊ သာသနာပြုတဲ့ ဒကာ-ဒကာမအဖြစ်နဲ့ နေလဲပဲ ကံနဲ့ ကံရဲ့အကျိုးကို ပိုင်နေမှ သာသနာပြုတတ်ပါတယ်၊ ဗုဒ္ဓဘာသာများက လူဝတ်ကြောင်များက ဒို့တာဝန်ဟာ လူဖြဲပဲလို့ ဒီလိုဆင်နေပါတယ်။ ကံနဲ့ ကံရဲ့အကျိုးထဲမှာ ဒါနထက် သီလ သာတယ်ဆိုတာကို သူတို့ သဘောမပေါက်ပါဘူး၊ သဘောမပေါက်တော့ကာ ကံနဲ့ ကံရဲ့အကျိုးကို မရှင်းမလင်းဘူး၊ အမှန်က ဓာတ် "သီလ" ကို အခြေခံပြီးဘော့မှ ရောင်းရ ဝယ်ရတယ်၊ ဆက်သွယ်ရတယ်၊ စကားပြောရတယ်။

သီလပြီးတော့မှ အထိုက်အလျောက် ပိုတာလျှံတာကို၊ သို့မဟုတ် မိမိဝါသနာပါတာကိုလှူရတယ်၊ သီလမပါပဲနဲ့ ဒါနချည်း သွားနေလို့ရှိယင် ဘဝတောင်မှ ကောင်းကောင်းသုဂတိ မရောက်နိုင်ပါဘူး။

စိတ်ကောင်းရှိဖို့ ပထမ။ ။တခါ ဘုန်းကြီးတို့ ရဟန်းတော်များလဲပဲ ခေတ်အားလျော်စွာ စာသင်မှု၊ ဒီလိုထင်ပြီး စာကိုပဲ သင်ကြပါတယ်၊ ပို့ချပါတယ်၊ ခုနကပဲ သံဃာတော်များရွတ်တဲ့ ဂါထာထဲမှာ "သီလ" ကို အခြေမခံယင်ဒတဲ့ အထက် မတက်နိုင်ဘူး၊ သာသနာတော်မှာ သီလသာ အခြေခံဖြစ်တယ်၊ တရားဂါထာက သည်လိုပဲ လမ်းညွှန်နေပါတယ်၊ ဒါကြောင့် ဘုန်းကြီးကျောင်မှာ အဲ ... "စိတ်ကောင်းရှိဖို့က ပထမ" စိတ်

မကောင်းပဲနဲ့ ဘုန်းကြီးလုပ်နေဘာကိုက မှားတယ်၊ ဘုန်းကြီးလုပ်ချင်ယင်ကိုရင် သာမဏေရဟန်းလုပ်ချင်ယင် ကုသိုလ်ရလွယ်တဲ့ စိတ်ကောင်းကိုအထက်ဆုံးထားမှ ဖြစ်မယ်။

ဒါကြောင့် "စိတ်ကောင်းရှိဖို့ကပထမ"၊ စိတ်ကောင်းရှိပြီးတော့ ဘာလုပ်ရမလဲ၊ ခုနက ဝိနည်းသိလပေါ့၊ 'ဝိနည်း သိလ လေးစားဖို့က ဒုဝံယ" ပြီးတော့မှ ရွှေလျှောက်ပြီးဘာ့ဘာတတ်ဖို့ကျတော့ "ဒဿမ" ဆယ်ခုမြောက်ကျမှ စာတတ်ဖို့ လမ်းညွှန်ထားတယ်။

လူမျှားမလဲ ဒီလိုပဲ စိတ်ကောင်းရှိဖို့ အင်ဗတန် ကြိုးစားရတယ်၊ လောဘကြီးတဲ့လူက "လောဘ"ကို လျော့လို့နေအောင်၊ ဒေါသကြီးတဲ့လူက "ဒေါသ"ကို လျော့လို့နေအောင်၊ မာန်မာနရှိတဲ့လူက "မာန်မာန" တွေ့ မရှိသလောက် ကင်းသွားအောင် မနာလို ဂန်ကိုးဘက်တာကို "ကုသာ, မစ္ဆရိယ" ဓာတ်တယ်၊ အဲဒီ "ကုသာ မစ္ဆရိယ" ပရိသလောက် ဖြတ်အောင် ကြိုးစားကြရတယ်၊ ဒါမှ စိတ်ကောင်းတယ်။

အဲဒီက ဟိုဘက်တော့ မရှိဆင်းရဲတဲ့ သူတွေကိုလှူချင်လှူပေါ့၊ လှူနိုင်ယင်လှူ၊ စွန့်ကြဲနိုင်ယင် စွန့်ကြဲ၊ မရှိဆင်းရဲတဲ့ သူတွေကို ဓပးကမ်းနိုင်ယင် ပေးကမ်း၊ ဒီလိုသုပ်ရပါဘယ်၊ ပြီးတော့မှ တဆင့်ဘက်ပြီး ဘာဝနာနဲ့ နေရပါတယ်။

ကံရဲ့သဘွဲ့လိုက်ပုံ။ ။ယခုတော့ကာ အဲဒီအစီအစဉ်တွေကို နားမလည်ကြဘူး၊ နားမလည် ကြတော့ ယခုနဲ့ ကံရဲ့အကျိုးပေးပုံ၊ ကံရဲ့သတ္တိလိုက်ပုံကို ဘုန်းကြီးပြောပြပါ့မယ်၊ အင်မဟန် သိမ်ဖွဲ့ပါတယ်၊ အင်မတန် သိမ်မွေ့ပါတယ်၊ ဒီ ကုသိုလ်ကံ, ဗာကုသိုလ်ကံ ပြုကြဆော၊ ပြုကောင်းကာ ဒီကံက ပြုပြီးတော့ယင် ချုပ်သွားတာပဲ၊ ခု ဘုန်းကြီး ကုသိုလ်ကောင်းစေတနာတွေနဲ့ ပြောနေတာ၊ ဝပြောနတဲ့ ဓစေတနာဓာတ်ဟာ ဖြင်ပြီးပျက်၊ ပျက်ပြီးဖြစ်၊ ဖြစ်ပြီးပျက်၊ ဒီကပြန်သွားတော့ ကျောင်းကိုပြန်သွားတယ်ဆိုယင် ဒီဓစေတနာတွေ ဟာဓလ လုံးလုံး မရှိသဓလောက် ဓပျောက်သွားတယ်၊ အဆက်ပြတ်သွားတယ်။

ပြီးတော့ ဒီစေတနာဆိုတဲ့ ကံက ဘယ်နှယ်လုပ်ပြီးတော့ ဘဝတခု၊ နောက် ဘဝမှာ အကျိုးပေးနိုင်ပါ့မတုန်း၊ အင်မတန် သံသယဖြစ်စရာ၊ အင်မတန် ယုံမှားစရာဖြစ်တယ်၊ ဒီတော့ကာ ဟိုမနေ့က ပြောတဲ့ ကုသိုလ်ဇော၊အကုသိုလ် ဇော၊ ဧာဆိုတဲ့စကားဟာ အင်မတန် ပြင်းတယ်၊ ဒီပြင်စိတ်တွေနဲ့ မတူဘူး ဆိုပါတော့၊ အိပ်ပျော်ပြီးတော့ နေတဲ့အခါမှာတော့ ဖြစ်တဲ့ စိတ်တွေဟာ ဝိပါက်စိတ်လို့ ခေါ်တယ်၊ ဝိပါက်ဆိုတာ ရှေးကံရဲ့ အကျိုးဖြစ်နေတာ။

အိပ်ပျော်နေဘုန်းမှာ ရှေးက အကျိုးပေးနေတဲ့ ဝိပါက်တွေပဲ ဖြစ်နေပါ တယ်၊ ငြိမ်သို့၊ ဒါပြောပြီးပြီနော်၊ ဇောက သည်လိုမဟုတ်ဘူး၊ လှုပ်လှုပ် ရှရှ ဗျာပါရ သိပ်ရှိတယ်၊ ဇောတွေက ဝိပါက်စိတ်တွေလို ငြိမ်မနေဘူးဆိုပါ တော့၊ ခု ဘုန်းကြီး အသံထွက်နေတဲ့စိတ်ဟာ ဇောစိတ်တွေ အမျှားကြီးဖြစ် နေတယ်၊ အဲဒီ ဇောစိတ်တွေကြောင့် စိတ်တွေ လှုံ့ဆော်မှုကြောင့် ဒီအသံ ထွက်လာတာ၊ ဇောစိတ်တွေ လှုံ့ဆော်မှုဟာ ဘယ်လောက်များ ကျယ်ပြန့် သတုန်းဆိုတော့ ပိပိသသပဲ အသံသွင်းတဲ့ ပဋ္ဌိုလ်များမှာလဲ ရစေချင်တယ်၊ နားထောင်နေတဲ့ သံဃာဘော်များ၊ ဒကာဒကာမများကိုလဲ နားလည်စေချင် တယ်၊ ဗျာပါရတွေ၊ ဗျာပါရတွေ၊ အသံတခု ထွက်ရုံတင်မကဘူး၊ စိတ်ထဲမှာ ဗျာပါရတွေများတယ်၊ များလိုက်ဘာ၊ အဲဒီ စိတ်ဇော ဗျာပါရ များတဲ့ အထဲမှာ စေတနာဆိုတာ သတ္တိအရှိဆုံးပဲ။

ဥပမာတခု အသင်းအဲ့မှာ ဆိုပါတော့ ဥက္ကဋ္ဌလဲ ရှိတယ်၊ အကျိုး ဆောင်လဲ ရှိကယ်၊ အသင်းသူအသင်းသားများလဲ ရှိတယ်၊ ဒါပေမယ့်အကျိုး ဆောင်လုပ်တဲ့ ပဋ္ဌိုလ်မှာ ဗျာပါရတွေ များလိုက်တာ၊ အစည်းအဝေး လာအောင်လဲ ကြိုးစားရတယ် အစည်းအဝေးရောက်းတာ့လဲ သူတို့ ကောင်း ကောင်းမွန်မွန် နေနိုင်အောင် ကြိုးစားရတယ်၊ ဒီအစည်းအဝေးနဲ့စပ်ပြီးတော့ ပြောစရာ ဆိုစရာကိုလဲ စီစဉ်ရတယ်။

ဥက္ကဋ္ဌကြီးက ဥက္ကဋ္ဌလုပ်ပြီးတော့ အုပ်ချုပ်ရုံပဲရှိပါတယ်၊ အကျိုးဆောင်မှာ ဗျာပါရများလိုက်တာ၊ ဒါက လက်တွေ့၊ စာထဲမှာ[1] ဘယ်လိုဆိုလဲ ဆိုတော့

၁။ အင်္ဂုသာလိနီ အဋ္ဌကထာ၊ နှာ-၁၅၄-၅၊

ဒီ ကျောင်းသားတွေ ကျောင်းဆရာက စာပြတဲ့ဆရာက အုပ်ချုပ်နေပေမယ့် ပြောပြနေပေမယ့် ဒီထဲလက်ထောက်ဆရာက သိပ်ဗျာပါရများတာပဲ ကျောင်းသားတွေ ငြိမ်ငြိမ်နေဖို့ရန်လဲ သူကြိုးစားတယ်၊ အလုပ်တခုကို ဒီထမြောက်အောင်လဲ ကြိုးစားတယ်၊ဆရာကြီးပြောတာလဲ နားထောင်တယ်၊ သူများထက် နှစ်ဆလောက် လုံ့လ ဝီရိယ ဗျာပါရ များနေတယ်၊ လုံ့လ ဝီရိယတော့ မဆိုပါနဲ့၊ လုံ့လဝီရိယကလဲ စေတသိက်တပါးမို့၊ စေတနာကလဲ စေတသိက်တပါးမို့၊ အဲဒီ စေတနာမှာ ဗျာပါရ များနေလိုက်တာ၊

ဒါကြောင့်မို့လို့ ကိစ္စတခုကို ဦးစီးပြီးတော့ လုပ်ကြတဲ့အခါမှာ ဗျာပါရ များတဲ့ စေတနာက သူများထက် ဗျာပါရကြီးလာလို့မို့ ကြီးနေလို့မို့၊ အဲဒီ စေတနာကို "ကံ"လို့၊ အမှုသည်, လက်သည် ကောင်းတဲ့ အလုပ်လဲ သူပဲ၊ အလုပ်လက်သည်၊ မကောင်းတဲ့အလုပ်လဲ သူပဲ၊ အလုပ်လက်သည်။

လူတယောက်ကို တကတည်း ဝိုင်းပြီးတော့ သတ်လိုက်ကြတာ၊ တယောက်ကတော့ အင်မတန်ကို တကတည်း ပြင်းပြင်းထန်ထန် သတ်ပုတ် လိုက်တယ်၊ အဲ....သူ့ကို စွဲချက်တင်ရတာပဲ၊ သူသတ်တာ၊ အဲဒီလို တကတည်း ဗျာပါရ များတဲ့သူမှာ လက်သည်ဘယ်သူဖြစ်သတုန်းဆိုယင်ဒီလူပဲ၊ကုသိုလ်ကောင်းမှုပြုတဲ့ နေရာမှာလဲပဲ ဒီလိုပဲ၊ အင်မတန် ဗျာပါရ များတဲ့သူဟာ သူပဲ၊ ဒီအလုပ်လုပ်တာ သူ့ဆီလုပ်ပါပဲ၊ အဲ....သူ လက်သည်ပါပဲ၊ စေတနာက ဒီသဘောရှိတယ်၊ စေတနာဆိုတာ စေတသိက်တပါး၊ သဒ္ဓါတို့လို, ဝီရိယတို့လို, ပညာတို့လို စေတနာကလဲ စေတသိက်တပါးပါပဲ၊ဒါပေမယ့် ကိစ္စတခုမှာ သူအင်မတန် ကြောင့်ကြဗျာပါရ များတယ်။

ဒါ့ကြောင့် ကံ ဘယ်သူ့ကို နာမည်တပ်မလဲဆိုယင်--

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"[၁]

စေတနာကိုပဲ ကံလို့, လက်သည်, အမှုသည်လို့၊ အဲသလို ဗုဒ္ဓမြတ်စွာက နာမည် တပ်တော်မူတယ်၊ အဲဒါ စေတနာ၊ ကောင်းပြီ ဒီစေတနာဟာ ချုပ်သွားတာပဲ၊ ထုံးစံကိုး၊ ရုပ်နာမ်ထုံးစံအတိုင်း ချုပ်တာပေါ့၊ လက်ဖြောက်

၁။ အင်္ဂုတ္တိရ်၊ ဒု-တွဲ၊ နာ-၃၆၃။

တချက်တီးမှာ ဒီစေတနာတော့ဟာ ကုဋ္ဌေတသိန်းမက ဖြစ်နေတာပဲ၊ ဖြစ်တိုင်းလဲ ပျက်နေတာပေါ့၊ ဒါ့ပြင် စေတနာဟာ ဘာနဲ့ လုပ် ပြီး တော့ အကျိုးပေးဦးမှာတုန်း၊ ဒီမှာပေါ့ ဉာဏ်က အရေးကြီးသွားပြန်တာ၊ တခါ ဒီစေတနာက နောက်ဘဝ အကျိုးပေးပြန်တယ်၊ "အို....ဖြစ်နိုင်စရာ မရှိပါပဲလားလို့" သံသယဖြစ်စရာရှိတယ်၊ သံသယဖြစ်စရာရှိတယ်။

ဒီစေတနာကပဲ တကတည်း အင်မတန် ကမ္ဘာပေါင်း များစွာ ကြာမြင့်တောင်မှ အကျိုးပေးနိုင်သေးသတဲ့၊ သံသယဖြစ်စရာရှိတယ်၊ဒီဟာ့ ဘုန်းကြီးတို့ရဲ့ တရားတော်က အင်မတန် ကြည်သိုစရာကောင်းပါတယ်၊ "ဗုဒ္ဓမြတ်စွာရဲ့ သဗ္ဗညုဘ ဉာဏ်တော်ကြီးကို အင်မတန်မှ ကြည်ညိုစရာ ကောင်းပါတယ်၊ အဲဒီ တရားတော်ကို သန့်ရှင်းသထက် သန့်ရှင်းမအောင်လို့ မြတ်စွာဘုရားထံ မေးလို့, မြန်းလို့, လျှောက်လို့, ထားလို့ လာပြီးတော့ တဆင့် ကျမ်းစာအဖြစ်နဲ့ "ရှင်မဟာကဿပ" တို့က သင်္ဂါယနာ တင်ထားခဲ့လို့ နောက်နောက် ပညာရှိတွေက ထပ်ထပ် ထပ်ထပ်ပြီးတော့ နှားလည်အောင်ကြိုးစားပြီးတော့ ဒီအဓိပ္ပာယ်ပြောထားတာ၊ ဘုန်းကြီးတို့ လက်ထက်ကျတော့ သိပ်ရှင်းသွားပြီ၊ ဒီစေတနာဟာ ဘဝသံသရာမှာ လိုက်လာပုံ သိပ်ရှင်းသွားပြီ၊ဘုန်းကြီးကလဲ ဘုန်းကြီးတို့နားလည်တဲ့အတိုင်း ပြောပြဦးမယ်။

အရှိန် သတ္တိ ကျန်ရစ်ခန်ခြင်း

သန္တာနေတံ ကမ္မံ နာမ၊ န နိရုဇ္ဈတိ သဗ္ဗဿေ။
သဝိဓသသံ နိဓေတွာပိ၊ သမယမ့ို ဝိပစ္စိတုံ။

သန္တာန၊ သတ္တဝါတို့ သန္တာန်၌။ သန္တာန်ဆိုတာ ရုပ်အစဉ်နာမ်အစဉ်လို့ ခေါ်တယ်။ သန္တာနေ၊ သတ္တဝါတို့သန္တာန်၌။တေံ ကမ္မံနာမ၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးဖန် ကံဟုခေါ်ရိုး ဤစေဘနာမျိုးသည်။ နိရုဇ္ဈမာနံ၊ အခကြောင်းအားလျော်စွာ ချုပ်ပျောက်ရသည်ရှိသော်။ သဗ္ဗဿေ၊ ကြွင်းမဲ့ညဿံ အရှိန်ကုန်အောင် လုံးစုံခပင်း မချန်ခြွင်းပဲ။ န နိရုဇ္ဈတိ၊ ပြီးပြီးပျောက်ခပျောက် အနေရောက်ခအောင်, ချုပ်ပျောက်ကွက်စီး၍ အချည်းနှီးမဖြစ်ခချ။

(ချုပ်တော့ ချုပ်တယ် ရုပ်နာမ် ထုံးစံအတိုင်းချုပ်တာပေါ့၊ ချုင်ပေမယ်လို့ အချည်းနှီး ပျောက်သွားအောင် တာမှ မကျန်အောင် အဲဒီလို ချုင်တာတော့ မဟုတ်ပါဘူး၊ ဒါ သိပ်စဉ်းစားစရာ ကောင်းတယ်)

သဗိသေသံ၊ မိမိတွက်တာ မပျက်သာအောင် ထက်စွဲကျစ်လျစ် သတ္တိ နှစ်ကို။ (ဤကမ္မပစ္စည်းပေါ့) သဝိသေသံ၊ မိမိတွက်တာ မပျက်သာအောင် ထက်စွဲကျစ်လျစ် သတ္တိနှစ်ကို။ နိဂေတွေးပိ၊ မဂင်းအာမုန် အရင်းခံဖို့ သွင်းနှံမြုပ်ထားပြီး၍သာလျှင်။ (ဒီချုပ်တော့ ချုပ်တယ်၊ ချုပ်ပေမယ့်လို့ သူ့ရဲ့ သတ္တိကို ဒီခန္ဓာအစဉ်ထဲမှာ မြုပ်ပြီးတော့ သွားတယ် ဒီခန္ဓာအစဉ်ထဲ သတ္တိ ကျန်ရစ်တယ် ဆိုလိုတယ်)။

ဥပမာ ဒီမိဘ သတ္တိအရှိန်ရှိတဲ့ မိဘ၊ သတ္တိအရှိန်မရှိတဲ့ မိဘ၊ ဒါကို မြင်ကြမှာပေါ့၊ တချို့မိဘတွေ ဘာသတ္တိ ဘာအရှိန်မှ မရှိဘူး၊ သေသွားတာပဲ၊ သားသမီးတွေ အပေါ်မှာ ဘာဒရှိန်မှ မကျန်ရစ်ဘူး၊ တချို့မိဘတွေကတော့ ကွယ်လွန်သာ သွားတယ် အရှိန်က ကျန်ရစ်တယ်၊ သူက ဘယ်သူ့သား၊ သူက ဘယ်သူ့သမီးနဲ့ အဲဒီအရှိန် ကျန်ရစ်တယ်၊ ဒါတော့ လူတွေ နားလယ်မှာပေါ့၊ "ဟုတ်တယ်" ကျန်ရစ်တယ်၊ တချို့မိဘတွေ အရှိန်မကျန်ရစ်ဘူး၊ တချို့မိဘတွေ၊ အရှိန်ကျန်ရစ်တယ်၊ "ဟုတ်တယ်"။

တနေ့က ဥပမာပြောတယ်၊ စကြာဝဠတေးမင်းမျိုးကျတော့ စကြာမင်းကြီး နတ်ရွာစံတယ်ဆိုလို့ရှိယင်ပဲ သား ရှင်ဘုရင်ဖြစ်ဖို့ သေချာတယ်၊ စကြာမင်းရဲ့ အရှိန်ဟာ သားတော်အပေါ် ကျန်ရစ်တယ်၊ ဒီပြင်လူဟာ ရှင်ဘုရင် မဖြစ်နိုင်ဘူး၊ ဒီသားတော်ကြီးဟာ ရှင်ဘုရင်ဖြစ်မှာ သေချာတယ်၊ ကောင်း ကောင်းကျန်ရစ်တယ်။

ဘာပြုလို့တုံး၊ အရှိန်ကျန်ရစ်တယ်၊ အရှိန်ကျန်ရစ်တယ်၊ အရှိန်ဆိုတာ အကောင်းအထည် မဟုတ်ဘူး၊ သတ္တိပဲ၊ ဒီတော့ ဘုန်းကြီးတို့ ဒိအိပ်ပျော်ပြီးတော့ နေတဲ့စိတ်တွေ အိပ်ယင်တောင် မမက်ဘူး၊ အိပ်ပျော်ပြီးတော့ နေတဲ့ အခါဖြစ်တဲ့စိတ်ဝေဒနာဟာ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ချုပ်နေတာပဲ၊ ခန္ဓာ အစဉ်မှာ ဆက်တိုက်ရစ်မလား၊ ဘာမှ မကျန်ရစ်ပါဘူး။

အဲဒီစိတ်မျိုးလိုပဲ၊ သွားယင် ဟိုနား ဒီနား မြင်လို့မို့ စိတ်တွေဖြစ်လို့ကတာ၊ ဘာသတ္တိမှ မကျန်ရစ်ပါဘူး၊ဟိုနားဒီနားကိုလဲ ဂရုမစိုက်ပေါင်၊ စိတ်တွေဖြစ်လိုက်တာ၊ဘာသတ္တိမှမကျန်ရစ်ဘူး၊မယ်မယ်ရရ ယခုလို ဘုန်းကြီးတို့ဝတ်ထားစိုက်ပြီးတော့ နာနေတယ်၊ တထူးဟောပြီးတော့ နေတယ်၊ အဲဒီကမှ ခုနက ဖြစ်တဲ့ ဇော စေဘနာတွေ ချုပ်သွားတယ်၊ ချုပ်သွားပေမယ်လို့ သတ္တိကျန်ရစ်ပါတယ်။

ဘယ်လိုအတွက် ကျန်ရစ်သတုန်း၊ဓနာင်အခွင့်သင့်တဲ့အခါမှာဒုက္ခပေးဖို့ရန် ဖြစ်ဘယ်၊ သူ့ချည်းတော့ အကျိုးမဓပေးနိုင်ဘူး၊ အကြောင်းတိုက်ဆိုင်မှ အခွင့်သင့်မှ ပေးနိုင်တာ၊ ဒါနားလည်တားပါ၊ သူ့ချည်းပေးနိုင်တာကတော့ မနေ့တုန်းကပြောတဲ့ ဂရုကကံ စျာန်တွေက သူ့ချည်းပေးနိုင်တယ်၊ဒီပြင်အဖော် မလိုဘူး၊ အခွင့်သင့်စရာမလိုဘူး။

မိဘကိုသတ်တဲ့ကံတွေလဲ သူ့ချည်းကိုက အဝီစိချနိုင်တယ်၊အဖော်မလိုဘူး၊ ဒါ အင်မတန်ကြီးကျယ်တဲ့ စေတနာတွေမို့၊ ပြီးတော့ မိဘကိုသတ်တယ်ဆိုတာ မိဘဂုဏ်က ဒီပြင်ဂုဏ် ရှိရှိ မရှိရှိ၊ ဒီသားသမီးရဲ့အပေါ်မှာ ကျေးဇူးတွေ အများကြီးရှိလို့၊ အဲဒါကြောင့် အကုသိုလ်ပြင်းထန်တယ်၊ သူ့ချည်းကိုက အကျိုးပေးတယ်၊ အဝီစိကိုချတယ်။

စျာန်တရားတွေဆိုတာလဲ အင်မတန် သမာဓိကြီးကြီးမားမားနဲ့ရတာမို့လို့ သူတို့ချည်းအကျိုးပေးတယ်၊ဓနာက်ဘဝသူတို့ပဲအခွင့်ရတယ်၊ ဒါနားလည်ပါ။

ဒီလောက်မကြီးကျယ်တဲ့ကုသိုလ်တွေကျတော့ အခွင့်ကောင်းအခါကောင်းကြည့်ပြီးတော့ အဲဒီအခါ အကျိုးပေးဖို့ရန် ခုနက ဘုန်းကြီး ခန္ဓာအစဉ်မှာ သတ္တိကိုမြုပ်ပြီးတော့ သွားရပါတယ်။

သန္တာန၊ သတ္တဝါတို့သန္တာန်၌။ ဇတ် ကမ္မံ နာမ၊ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးဖန် ကံဟုခေါ်ရိုး ဤစေတနာမျိုးသည်းနိဂုဏ်မာန်၊ အကြောင်းအားလျော်စွာ ချုပ်ပျောက်သည်ရှိသော်။ သပ္ပသော၊ ကြွင်းမဲ့ညဿံ အရှိန်ကုန်အောင် လုံးစုံခပင်း မချန်ခြွင်းပဲ။ နံ နိဂုဏ်တိ၊ ပြီးပြီးပျောက်ဓပျောက် အဓနထောက်ဓအောင် ချုပ်ဓပျောက် ပျက်းစီး၍

အချည်းအနှီးဖြစ်ခေျ။ သမယပို့၊ အကြောင်းသင့်၍ အခွင့်လျော်ရာ အခါနှင်အခါ၌။ ဝိပစ္စိတုံ၊ ဆိုင်ရာအကျိုးကိုပေးခြင်းငှာ။ သဝိသေသံ၊မိမိတွက်တာ မပျက်သာအောင် ထက်စွဲကျစ်လျစ် သတ္တိနှစ်ကို။ နိဓေတွဝပိ၊ မကင်းအမှန် ဒုရင်းခံဖို့ သွင်းနှံမြှုပ်ထားပြီး၍ သာလျှင်။ နိရုဇ္ဈတိ၊ ဥပါဒ် ဌိ ဘင် အစဉ်စေ့ဆောက် ချုပ်ပျောက်ရပေသတည်း။

သာဓု.....သာဓု.....သာဓု။

ပါရမီ။ ။ကံတွေ, ဒါနကံတွေ, ဒါနပါရမီသတ္တိတွေ၊ နည်းနည်း ယဉ်ပြောလိုက်ဦးမယ်၊ ပါရမီဆိုတာ လောကီစည်းစိမ်ကို တောင့်တကံကို ပါရမီလို့ မခေါ်ဘူး။

"ပရမာနံ၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တို့၏။ သော၊ ဥစ္စာဖြစ်ကဲ့အကျင့်တည်း။ ပါရမီ၊ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တို့ရဲ့ အကျင့်"

ဗုဒ္ဓမြတ်စွာ အလောင်းအလျာ ဖြစ်ဖြစ်, အဂ္ဂသာဝက, မဟာသာဝက အလောင်းအလျာပဲဖြစ်ဖြစ်, ဘိက္ခုနီ အလောင်းအလျာပဲ ဖြစ်ဖြစ် ကုသိုလ်ပြုတယ်ပေါ့၊ သံသရာချမ်းသာ လိုချင်လို့လား၊ မဟုတ်ပါဘူး၊မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုချင်လို့၊ မဂ်ဖိုလ်နိဗ္ဗာန် မြင်ချင်လွန်းလို့၊ အဲဒီလိုအနေမျိုးနဲ့ပြုတဲ့ ဒါန သီလ ဘာဝနာကို ပါရမီလို့ ခေါ်ပါတယ်။

ဒါနပါရမီ။ ။ဒီ သာမန် သူတော်ကောင်းတွေလဲ ဒီပါရမီကို ဖြည့်နှင်ပါတယ်၊ ဖြည့်ကြရပါဘယ်၊ ဟို ဘာဝ သံသရာ ဘဝစည်းစိမ်လိုချင်တယ် ဆိုတာတော့ မဓတောင့်တကြနဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့သာ, ဒီလို သန့်သန့်ကြီးနှင့် စိတ်သွားယင် ပါရမီဖြည့်တာပဲ၊ ဒီတော့ ဗုဒ္ဓမြတ်စွာရဲ့ အစလောင်းအလျာဟာ လေးသခြေ့နှင့် ကမ္ဘာတသိန်း ဆိုတော့ ကင်းကွာခဲ့ပြီလေ၊ အဲဒီတုန်းက စပြီးတော့ ဒါနပါရမီတွေစပြီး ဖြည့်တယ်လို့ဆာ ဆိုဘာ စ တာတောင်မဟုတ်ဘူး၊အရှိန်တော်တော်ရနေပြီ၊ အဲဒီ ဒါနပါရမီတွေ ဘဝတိုင်း ဘဝတိုင်းပြု၊ စိတ်,စေတနာ, ဇောတွေဖြစ်၊ အဲဒီတော့ စေတနာတွေက ချုပ်သွားတာ၊ သတ္တိက ခန္ဓာအစဉ်မှာ ကျန်ရစ်တယ်၊ နောင်တခါ

ဒီလိုပဲ ဒါနတွေပြု၊ နောက်နောက်ဘဝမှာစေတနာတွေ, ဇောတွေကချုပ်သွား၊ သတ္တိကကျန်ရစ်ဘယ်၊နောက် ဝေဒနာထုမင်းဘဝအထိ ဒါနစတွေပြု ချုပ်သွား၊ စိတ် စေတသိက်တွေက, ဇောတွေက ချုပ်သွား၊ သတ္တိက ကျန်ရစ်တယ်၊ ဝေဒနာရုမင်း ဘဝကျတော့မှ ဒါနတွေ, ပါရမီတွေ ပြည့်ပြီ၊ သတ္တိတွေ ပြည့်နေပြီ၊ သတ္တိတွေ လုံလောက်နေပြီ၊ ဖြည့်ပြီး လုံလောက်နေပြီ။

အဲဒီကျတော့မှ ဗုဒ္ဓမြတ်စွာအလောင်း တုသိတာနတ်ပြည်မှာ သွားပြီး တော့ဖြစ်၊ 'တုသိတာ'နတ်ပြည်ကဆင် တဲ့အခါ သိဒ္ဓတ္ထမင်းသား ဖြစ်ပြီးတော့ ဘုရားဖြစ်ရတယ်၊ ပါရမီတွေကို ဖြည့်ကို ဖြည့်ရတယ်၊ ခုနကလို သတ္တိတွေ ပြည့်ကို ပြည့်နေရတယ်။

မေတ္တာပါရမီ။ ။ဗုဒ္ဓမြတ်စွာ အလောင်းအသျှာ တောထွက်ပြီ ဆိုလို့ရှိုင်း တောထဲမှာ ဘာလုပ်ပြီးတော့ နေသလဲဆိုရင် မေတ္တာပို့ နေတာ၊ "သတ္တဝါတွေ ချမ်းသာကြပါစေ"လို့ မေတ္တာပို့နေတာ၊ နဂိုကလဲ ဘုရား ဖြစ်ချင်တာကိုး၊ နဂိုကလဲ ဘုရား ဖြစ်ချင်တာကိုက "မေတ္တာတော်, ကရုဏာကော် ကြီးမားခတော်မူလွန်း"လို့ ဘုရားဖြစ်ဖို့ရန် ကြိုးစားတော်မူ ပါတယ်။

အဲဒီတော့ တောထဲရောက်ယင်ကိုပဲ မေတ္တာပို့လို့ "သင်္ဘဝါတွေ ချမ်းသာ ကြပါစေ"လို့၊ အဲဒီ မေတ္တာပါရမီဟာ အဲ ဇောစိတ်တွေဟာ ချုပ်သွားပြီ၊ သင်္ဘကျန်ရစ်တယ် သတ္တိကျန်ရစ်တယ်၊ ဒါဖကြောင့် ဗုဒ္ဓမြတ်စွာလေ မေတ္တာ ပါရမီတော်ထုံပြီးတော့ လာခဲ့တာ၊ နောက်ဆုံး ဘုရားဖြစ်တဲ့ ဘဝကျတော့ ပါရမီတော်တွေ ပြည့်နေပြီ၊ မေတ္တာပါရမီတော်တွေ ပြည့်သွားပြီ။

သစ္စာပါရမီ။ ။သစ္စာပါရမီတော်တွေ မှန်တာချည်း ပြောတော်မူခဲ့တယ်၊ မှန်တာကို ပြောတယ်၊ မှန်တာကို လုပ်တယ်၊ အဲဒီ"သစ္စာ ပါရမီ"တွေ ဘုရားမဖြစ်ခင် ဖြည့်ခဲ့တာ၊ ဘုရားဖြစ်ကဲ့ ဘဝကျတော့ ပြည့်ပြီ ပြည့်ပြီ၊ ဒီသတ္တိတွေ ကျန်ရစ်လို့ ပြည့်ပြီလို့ ပြောနိုင်တာ၊ အကယ်၍ သတ္တိတွေရော ဘာတွေရော ဘာမှ မကျန်ရစ်ဘူးဆိုယင် ပြီးပြီးပျောက်ပျောက် ဖြစ်သွားမှာပေါ့လေ၊ ပြီးပြီးပျောက်ပျောက်ပေါ့၊ တယ်ပြည့်တယ်လို့ ရှိလိမ့်

မတုံး၊ ယခုတော့ သတ္တိတွေ့ကျန်ရစ်လို့ မို့ပြည့်ပြီ ပြည့်ပြီ၊ အဲဒီလို ဘုန်းကြီးက နှားလည်ပြီးတော့ ဧနတယ်လေ။

ပညာပါရမီ။ ။အော်...ဒီဘဝ ပြုလိုက်ဟာ ကုသိုလ်တွေ, ပညာတွေနှင့် ဆိုင်ရာ ကုသိုလ်ဟွေကို သိအောင်လဲ ဟောပေးဘယ်၊ သိစေအောင်လဲ ရေးပေးတယ်၊ သိအောင်လဲ စဉ်းစားတယ်၊ ဘယ်လိုဟောမှ သိမတုံး၊ ဘယ်လိုရေးမှ နှားလည်မတုံး၊ အဲဒီလိုစဉ်းစားပြီးပဲ ပြုတဲ့ပညာပါရမီတွေ၊ သတ္တိကျန်ရစ်တယ်၊ ဘဝသံသရာမှာ ဆိုလို့ ရှိယင် "အဖျင်း, ဧအာ, အန, အထိုင်း" နိဗ္ဗာန်မရမချင်း ဘယ်ဇာတ်မှမဖြစ်ဘူး၊ ဘယ်ပြစ်မှားန်း၊ ပညာဓာတ်တွေက ထုံပြီးတော့နေလို့၊ ဒီဘဝမှာ ဒီလိုများ ဖြစ်လာတယ်။

ယခုလဲပဲ သံဃာတော်တွေသိအောင် နှားလည်ရအောင်၊ လူဒကာ ဒကာမတွေ သိအောင် နှားလည်အောင် ယခုဟောတဲ့ တရားလဲပဲ နှားလည်ရအောင် စဉ်းစားပြီးတော့ နေရတယ်၊ ဘယ်လိုဟောယင် သူတို့ နှားလည်မလဲဆိုတာ စဉ်းစားပြီးတော့ နေရတယ်၊ ဒီတော့အဲဒီလို စိတ်ဇစတနာတွေ ချုပ်ပေးယ့် သတ္တိကျန်ရစ်တယ်၊ အင်မဘန်ကောင်းတယ် အင်မတန်ကောင်းတယ်။

အနန္တရသတ္တိနှင့်။ ။ကောင်းပြီ သတ္တိတွေ့ ကျန်ရစ်ဟယ်ဆိုတော့ အဲဒီသတ္တိ ဘယ်လို လိုက်တာဂုန်းဆိုယင်၊ ယခု ပဉ္စဝန်းတရားနာနေ တာဖြစ်တော့ ရေးရေးကလေး ထင်ရမယ်နော်၊ စိတ်ဇာတ်ဟာ အနန္တရသတ္တိနဲ့ တစိတ်ပြီးတစိတ်ဖြစ်၊ တစိတ်ပြီး တစိတ်ဖြစ်၊ တစိတ်ပြီး တစိတ်ဖြစ်၊ချုပ်သွား၊ နောက်ဖြစ်၊ ချုပ်သွား၊ နောက်ဖြစ်၊ ဟော သတ္တိဟာ သတ္တိဟာ ရှေးစိတ်တွေပေါ်မှာလဲ ဖြစ်နေတယ်၊ သတ္တိတွေ အဲဒီ ရှေးစိတ်ဇောပေါ်မှာလဲ ပါနေတယ်၊ ဒါလေး ဒါလေး နည်းနည်းကလေး ခက်သွားကယ်နော်၊ နှားလည်ပါနော်။

ရှေးစိတ် ချုပ်ပြန်တော့ နောက်စိတ်ဖြစ်ပြန်၊ နောက်စိတ် ဖြစ်ပြန်တော့လဲ သတ္တိက ပါလာတာပဲ၊ အဲဒီ စိတ်ချုပ်သွားတော့ နောက်စိတ် ဖြစ်ပြန်ဟာလဲ ဒီစိတ်မှာ ပါလာတာပဲ၊ ဒီသတ္တိတွေ့၊ ဒီသတ္တိဆိုတာဟာ ကိုယ်ကိုယ်ကို ပြန်ကြည့်စမ်းပါ၊ ငါ စကားပြောတတ်တဲ့ သတ္တိရှိတယ်၊ ငါသွားနိုင်တဲ့သတ္တိ

ရှိတယ်၊ ငါရောင်းနိုင် ဝယ်နိုင်တဲ့ သတ္တိရှိတယ် စသည်အားဖြင့် ကိုယ့်သတ္တိ လေးတွေ့နှင့်ကို၊ အဲဒီ သတ္တိဆိုတာ အကောင်အထည်မဟုတ်ဘူး၊ အကောင် အထည်မဟုတ်တော့ လေးမနေဘူး၊ သတ္တိတွေ ဘယ်လောက် များများ လေးမနေဘူး၊ အလောင်အထည်မှ မဟုတ်ပဲ။

ဒါဖြင့် ရှိဘူးလား ရှိသားပဲ၊ ကိုယ့်ကိုယ်တိုင်လဲ သိသား၊ ကိုယ် ဘယ် လောက် သတ္တိရှိတယ်ဆိုတာ၊ အကောင်အထည် မဟုတ်တော့လဲ တော်တော် လေးမနေဘူး၊ ဒီသတ္တိတွေ ဘယ်လောက်များများ လေးမနေဘူး။

သတ္တဝါတို့ ခန္ဓာအစဉ်မှာ, ဘုရားအလောင်းတို့ ခန္ဓာအစဉ်မှာ စိတ်က တစိတ်ပြီး တစိတ်၊ တစိတ်ပြီး တစိတ်၊ ဖြစ်တိုင်း ဖြစ်တိုင်း၊ ဒီသတ္တိတွေ ကူးစက် ပြီးတော့ ပါလာတယ်၊ ဒါလား နားလည်ပါနော်၊ ပျောက်မသွားပါဘူး၊ ပျောက်မသွားပါဘူး။

သန္တာန၊ သတ္တဝါတို့ သန္တာန်၌။ ဧတေ ကမ္မံနဿမ၊ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးဖန် ကံဟုခေါ်ရိုး ဤစေတနာမျိုးသည်။ နိရုဇ္ဈမာနံ၊ အကြောင်းအားလျော်စွာ ချုပ်ပျောက်ရသည်ရှိသော်။ သဗ္ဗသော၊ ကြွင်းမဲ့သည်သို့ အရှိန်ကုန်အောင် လုံးစုံခင်း မချန်ခြွင်းပဲ။ နံ နိရုဇ္ဈတိ၊ ပြီးပြီး ပျောက်ပျောက် အနေရောက်အောင် ချုပ်ပျောက်ပျက်စီး၍၊ အချည်းနှီး မဖြစ်ကြချေ။

မကြောက်ကြနဲ့။ ။ဝမ်းသာစရာလဲ ကောင်းတယ်။အကုသိုလ်ကံတွေက ဒီလို လိုက်နေပါတယ်လို့ ဆိုတော့ ကြောက်စရာကောင်းတယ်၊ အလို....ဘဝများစွာ သံသရာက အကုသိုလ်တွေလဲ ဘယ်လောက်ပြုလာခဲ့မှန်းလဲ မသိဘူး၊ နားလည်ပါနော်၊ အဲဒီ အကုသိုလ်ရဲ့ သတ္တိကလဲ ငါ့မှာ လိုက်နေ တယ်လို့၊ ဒါလေး တွေးကြည့်ပါနော်၊ ဘဝများစွာ သံသရာက ကုသိုလ်တွေ၊ ဒီဘဝမှာလဲ ကုသိုလ်တွေပြုထားလိုက်တာ၊ အဲဒီ ကုသိုလ်တွေရဲ့ သတ္တိတွေကလဲ ငါ့ခန္ဓာမှာ လိုက်နေပါလားလို့၊ ဒါလေး တွေးကြည့်ပါနော်၊ ဘုန်းကြီးလဲ တွေးကြည့်တယ်လေ၊တွေးကြည့်တော့ ကြောက်စရာလားဆိုတော့ ဘုန်းကြီးက ဒီလိုယူဆတယ်။

'ဘုန်းကြီးရဲ့ခန္ဓာမှာ မခပ်းယင်မဖြစ်ကဲ့ အကုသိုလ် ဂရုက်ဆိုဟာ မရှိပါဘူး၊ ရှိယင် ပေးပြီးပြီ၊ အဖေ အမေကို သတ်တဲ့ အနေရောက်အောင်, မြက်စွာဘုရား ဖောက်ကားတဲ့ အနေရောက်ဖေအောင်, ရဟန္တာကြီးတွေ ဖောက်ကားတဲ့အနေ ဖရောက်အောင် အကုသိုလ်ကြီးတွေ ငါ့သန္တာန်မှာ မရှိဘူး။

ဘုန်ကြီးသန္တာန်မှာ မရှိသလိုပဲ၊ ဒကာ ဒကာမများ သန္တာန်မှာ မရှိဘူး၊ ဒီတော့ ဝကြောက်မခနဲ့၊ သိပ်ခကြောက်မနေနဲ့၊ အကျိုးမပေးပဲ မနေနိုင်လောက်တဲ့ အကုသိုလ်တွေ အကျိုးပေးပြီးပြီ၊ ဘုန်းကြီးတို့မှာ မရှိပါဘူး။

ကုသိုလ်များများလုပ်။ ။ပြီးတော့ မလိုလဲလိုလဲ အခွင့်သာယင် အကျိုးပေး မယ်ဆိုတဲ့ အကုသိုလ် ကတော့ ဘုန်းကြီးတို့မှာလဲ ရှိတယ်၊ ဒါးလုံးမှာလဲ ရှိတယ်၊ အခွင့်သာယင် ဒကျိုးပေးမယ်ဆိုတဲ့ အကုသိုလ်ကတော့ ဒါးလုံးမှာရှိတယ်၊ သိပ်ခကြောက်မနေနဲ့၊ ကုသိုလ်းတွေ များများလုပ်၊ အကုသိုလ်တွေက သူ့ကိုးဖးချင်တိုင်း ဖေးလို့မရဘူး၊ အခွင့်သာမှ အကျိုးပေးမှာ၊ ကုသိုလ်ကလဲ အခွင့်သာမှာ အကျိုးဖေးမှာ ဒီတော့ကာ တစိတ်ပြီး တစိတ်၊ တစိတ်ပြီး တစိတ် သတ္တိခတ္တလိုက်နေတာ၊ နည် ကဲ့သတ်တိုးကုမဟုတ်ဘူး၊ ဘဝများစွာက ဘုရားအလောင်းတို့လိုကျတော့ သတ်တိုးတွေ နည် ကာ မဟုတ်ဘူးနော်၊ သတ်တိခတ္တလိုက်နေတာ မဖျောက်မပျက်ပဲနဲ့ သတ်တိကြီလိုက်လာတာ။

အာသန္နကံအကျိုးပေး။ ။ဒီတော့ ဘုန်းကြီးတို့ သေခါနီး စဉ်းစားကြစို့၊ သေခါနီးကျတော့၊ ဆိုပါတော့ မိုးခင်အနည်းငယ် လောက်ကြာယင် ဓသကောင်မှာ၊သူ့ဆိုင်ကူရောဂါကဲ့သို့ကြာလာတော့မှာ၊ သတ္တိတွေက လိုက်ရက်နော်၊ ကုသိုလ်တွေ, အကုသိုလ်ဆိုတာ ရဲ့သတ္တိတွေက လိုက်ရက်နော်၊ သေခါနီးလဲ ပါရဲ့နော်၊ ဘယ်သူ အကျိုးမပေးမလဲ၊ သိပ်အရေးကြီးပြန်ဘယ်၊ သိပ်အရေးကြီးပြန်တယ်၊ ဒီတော့ကာ ဘုန်းကြီးတို့ အာရုံဆိုတဲ့ အာရမ္မဏပဉ္စညီးကို ပြန်ပြီ ဘော့ သတိထားပါ၊ အာရုံမပါပဲနဲ့ စိတ်ဟာ ဖြစ်ကို မဖြစ်ဘူး၊ အာရုံပါရပါတယ်၊ ယခုဖြစ်နေတဲ့စိတ်ဒတွေလဲ အာရုံပါရပါတယ်၊ အာရုံမပါပဲနဲ့ စိတ်မဖြစ်ပါဘူး။

ဒီတော့ သေခါနီးမှာ ကပ်ပြီးစတာ့ နေလို့ရှိယင် မနေ့တုန်းက ဘုန်းကြီးပြောတယ်၊ "အာသန္နဲ" ကံ နီးတဲ့ကံက အကျိုးပေးတယ်နော်၊ ဇင်မတန်ကြီးလေးတဲ့ ဂရုကံ မရှိလို့ရှိယင် သေခါနီးပြုတဲ့ "အာသန္နဲ" ကံအကျိုးပေးတယ်ဒနော်၊ ဒါ ပြောဘယ်၊ ဓသခါနီးကျတော့ လူက သတိမရဘူး၊ မေ့စနေတယ်လို့ဆိုဆို၊ စိတ်က ဖြစ်ရက်၊ စိတ်ကဖြစ်ရက်၊ အာရုံတခုခုယူလျက်၊ အဲဒီအာရုံမျာ်းက မဂေ္ဂာင်းအာရုံ ဆိုလို့ရှိယင်ဂေပါ့၊ အဲဒီ အာရုံနဲ့ ဆိုင်တဲ့ ကံက အကျိုးပေးဟော့မှာပဲ။

သေဘးဖထ၀်ရဲ့ဖခင်မုဆိုး။ ။ဒီတော့ ဘုန်းကြီး ပြောမယ်၊ ရှေးတုန်းက "သောဏမထေရ်" ရဲ့ အဖေ မုဆိုး လုပ်ဓနေ၊ ပြေးလို့မရဘူး၊ ဟားလို့မရဘူး၊ ဒုနာက် ဇင်မာတန် အသက် ကြီးလာတော့ ဒီဝဘာကြီး ဒီလိုဆိုယင် ဂရဲသွားတော့မှာပဲ ဆိုပြီးတော့ အတင်း သက်နဲ်းဝတ်ပြီးတော့ ဓသာဆွတ်ကိုယ်ဒဘော်ကြီး အလုပ်ခိုင်း၊ ကောင်းကောင်းအနေခိုင်း၊ သူတသက်လုံး သူ့စိတ်အစဉ် ထုံလာတာက မုဆိုးအလုပ်နဲ့ ထုံလာတာ၊ စိတ်အစဉ်မှာ မုဆိုးအလုပ်, မုဆိုးအလုပ်, မုဆိုးအလုပ်နဲ့ ထုံလာတာ၊ နောက်ပိုင်းကျမှ သူခတဲ့ဒကောင်း အဓနုမျိုးနဲ့ နေခပမယ့် သေခါနီးကျတော့ မေ့မြောပြီး သွားတာ့ ငရဲနိမိတ်ဒတွ့ ထင်လာတယ်။

ဓခွေးကြီးတွ့ သူကိုင်တဲ့ မွေးက ဝပ်သေးသေး၊ အာရုံထင်လာတဲ့ ဓခွေးကြီးတွ့က အကြီးကြီးတွေ့၊ သူဓနတာက ငတောင်ပေါ်မှာဓနတယ်၊ တောင်အောက်ခြေက နေပြီးတော့ ခွေးကြီးတွေ့ တက်လာလို့ကိဟာ သူ့ စားမလို့၊ ဝါးမလို့။

"ဟဲ့ သားရဲ့ ခြောက်ပါဟဲ့.... ခြောက်ပါဟဲ့ ခြောက်ပါဟဲ့"

ဘာဘုန်းဦးပဉ္စင်းကြီး၊ခွေးကြီးတွေ့ ခွေးကြီးတွေ့၊ သြော် ငရဲနိမိတ် ထင်လာပြီ၊ ရှင်သောဏကလဲ ဓမ္မကထိက နာ်းလည်ပါ်းလည် ဆိုတော့ ပန်းဓကွတခါတည်းခူးခိုင်းပြီးတော့ဘုရားရင်ပြင်ဘော်အပေါ် ပန်းတွေ့ အကုန်လုံး ပန်းမွှေရာခင်းပြီးတော့ ညောင်စောင်းနဲ့ အတင်းခေါ်သွား၊ ဦးပဉ္စင်းကြီး၊ ဒီမှာပန်းတွေ့ ပန်းတွေ့၊ ဦးပဉ္စင်းကြီးဖို့ ပူဇော်နေတယ်၊ ပူဇော်နေတယ် ဆိုတော့ သူ သတိရလာပြီးတော့ ပန်းတွေ့

ကြည့်ပြီးတော့ သေခါနီးဆိုတာ ရိက္ခာကို အင်မတန် အားကိုးတာ၊ ပန်းတွေ ကြည့်ပြီးတော့ မွေ့သွားပြန်၊ နတ်ပြည်က ဥယျာဉ်ဗိမာန်တွေ ထင်လို့၊ နတ်သမီးတွေထင်လို့၊ သားရဲ့ဖယ်ခေးပါဟဲ့၊ သားရဲ့ဖယ်ပေး ပါဟဲ့၊ ဦးပဉ္စင်းကြီး ဘာတုံး၊ အင်း....မင်းမိဆွေး လာနေတယ်၊ မင်းမိထွေးတွေ လာနေတယ်၊ အင်း ...နတ်ပြည်နိမိတ်တော့ ထင်နေပြီ၊ ငရဲကျမယ့်သူကနတ်ပြည်နိမိတ်လောက်ထင်ယင် တော်လောက်ပြီ၊ဒီလိုလဲ နေရော စုတေသွားရော နတ်ပြည်ရောက်သွားတယ်[1]။

စမ္မိကဥပါသကာ။ ။တခါ ဓမ္မိကဥပါသကာ၊ သေခါနီး အရေးကြီးတယ် ဆိုတာ ကွေးနော်၊ ဘယ်နှယ် လုပ်ပြီးတော့ ဒီကံက အကျိုးပေးတုံးဆိုတော့ ဒီအာရုံ ပေါ်လာတယ် မပေါ်လို့ မဖြစ်ဘူး၊ စိတ် မှုန်သမျှ အာရုံရှိရာ၊ ဂါဘယ်၊ ကခုခု ကခုခု၊ ဓမ္မိကဥပါသကာကြီး ကတော့ "အာသန္န" ကံသာ ကောင်းကောင်း၊ အာစိဏ္ဏ အမြဲလေ့ကျက်လို့၊ ဥပုသ်စောင့်လို့၊ လူကောင်းနဲ့ဥပုသ်စောင့်လို့၊ ဥပါသကာ ငါးထူလောက်နဲ့ အဘူတ္တ ဥပုသ်စောင့်၊ တရားဆွေးနွေး၊ ဒီလိုနေကြတယ်။

နောက်တော့ ဥပါသကာကြီး ကွယ်လွန်ခါနီးကျတော့ နည်းနည်း မကျန်း မမာ ဖြစ်ဘယ်၊ သိပ်မဟုတ်ပါဘူး၊ နည်းနည်း မကျန်းမမာဖြစ်တယ်၊ ဒါနဲ့ ရဟန်းတော်များရဲ့ ဟရုံးနာချင်တယ်ဆိုလို့ ရဟန်းတော်များ ပင့်ပြီး တရား စာတွေ ရွတ်စေပါတယ်၊ ရဟန်းတော်များ တရားစာတွေ ရွတ်နေတုန်းမှာ နတ်ပြည်ခြောက်ထပ်က နတ်ရထားခြောက်စင်၊ ရောက်နေပြီ။

ဥပါသကာကြီး တရားနာယင်းက နည်းနည်းပေါပြီးသွားတော့ နတ်ရထား ခြောက်စင်းကနေပြီးတော့ နဟ်သံဖွဲနဲ့ "တို့ရထားကြီးမှာ" ဟိုရထားကလဲ "တို့ရထားတင်မှာ" သူကိုအလုံနဲ့သူတို့ ဟူးညံနေတာပေါ့ လူကသာမကြားတာ၊ ဥပါသကာကြီးကတော့ ကြားတယ်၊ "ဝန်ကြပါဦး" လို့ လှမ်းပြီးတော့ သူက တားလိုက်တယ်၊ သူက ကြားလို့ကိုး၊ နေကြပါဦးဆိုတော့ ရဟန်းတော်များက သူတို့ကို တရားဟောတာ တရားစာရွတ်ဘာကို တားတယ် ထင်ကာနဲ့ ရပ်၊ သားသမီးတွေက ငိုကြ။

၁။ သမ္မော အဋ္ဌကထာ။ နှာ-၄၂၀-၁။

တို့အဖေ တသက်လုံး တရားမမှုန်းပဲနဲ့ သေခါနီးကျမှ တရားမှုန်းရတယ်၊ ဝမ်းနည်းပြီးငိုကြတယ်၊ နောက်သတိရတော့ ရဟန်းဘော်များဘယ်ရောက်တုံး၊ အဖေက ဓနပါဠိးဆို့လို့ ပြန်ကြွသွားပြီ၊ ဟာ ကိုယ်တော်စတွ့ကို ငါဓပြောတာ မဟုတ်ပါဘူး၊ နတ်ရထားတွေက ဆူကြွလွန်းလို့ ပြောတာပါ၊ အဲဒီလိုပြော ဆိုတော့လဲ အဖေကြီး ကခယာင်ကတမ်းဖြစ်နေပြီလို့ ထင်ပြန်ရော၊ ဒါနဲ့အဖေက ငါ့ဖို့ ဘုဉ်းလွှဖို့ ပန်းကုံးထားတာရှိတယ်၊ အဲဒါ ပန်းကုံးကို တုသိတာဘုံက နတ်ရသား ဆွဲပါဓလို့ ပစ်လိုက်ကြစမ်း ကောင်းကင်ကို၊ ကောင်းကင်ကို ဓိဋ္ဌာန်ပြီးဓတော့ ပဉ်လိုက်တာ ပန်စည်းကြီးတော့ မြင်ရတယ်၊ ရထားတော့ မမြင်ရဘူး၊ အဲဒီတွင် သားသမီးတွေ အင်မတန် စိတ်ချမ်းသာ သွားတယ်၊ အဖေကလဲ အင်မဘန် ဝမ်းသာပြီ ဓဘာ့ မင်းတို့ ငါသွားတဲ့ လမ်းကို လိုက်ချင်ကြလို့ရှိယင် ငါလို ကောင်းဓကောင်းနေရစ်ကြလို့ ဩဝါဒပေးပြီးတော့ ဓသေဆုံးသွားတယ်[၁]။

အဲ နတ်ရထားမှာ နတ်သားအဖြစ်နဲ့ ပါသွားတာပဲ၊ ဒီက သူ့ဓနွာကြီးက ဒီမှာ ကျန်ရစ်တယ်၊ နတ်ပြည် မရောက်ခင်ကလေး ဖြစ်နေတဲ့ စိတ်အစဉ်က နတ်ပြည်နဲ့ဆိုင်တဲ့ စိတ်အစဉ်တွေ ဖြစ်နေတယ်၊ ကုသိုလ်တွေက အကျိုးပေး ဖို့ရန် အဆင်သင့်ဖြစ်နေတယ်၊ ရှေစိဟ်က နောက်စိတ် "ကမ္မသတ္တိ" ဓတွနဲ့ လိုက်ဓနတယ်၊ ဒီဘဝသက်လုံးဆိုပါတော့၊ ဥပုသ်ဓစောင့်လာတဲ့ ကံတွေကလဲ 'ကမ္မသတ္တိ"နဲ့ လိုက်နေတယ်။

ဟို နတ်ပြည်က နတ်ရထားအာရုံကလဲ ဆိုက်လာပြီ၊ အဲဒီ ဥပုသ်ကံက အကျိုးပေးမလား၊ ဘယ်ကံက အကျိုးပေးမလဲတော့ မသိဘူး၊ အဲဒီကံက အကျိုးပေးလိုက်တာ၊ နတ်ပြည်က နတ်ရထားနဲ့ ဆိုက်ဆိုက် မြိုက်မြိုက်ကို လိုက်သွားဘာ၊ ဒီတော့ ဒီလောက် သေချာတဲ့လမ်းတွေကို ယခု အလုပ်တွေ ဘာဓတွ သိပ်မကြီးကျယ်သေးတဲ့လူတွေ တယ်ပြီးတော့ ဒီနည်းနေဖို့ကောင်း တယ်၊ ရဟန်းသံဃာတော်တွေက ဘယ်စာမေးပဲ့ ဘယ်လောက် အောင်အောင် ဒီလောက် စိတ်မချမ်းသာနိုင်ဘူး၊ ကုသိုလ်ပြုပြီးတော့ သူတော်ကောင်းအဓန မျိုးနဲ့ ဒီလိုနေယင် သေခါနီးအထိ ဒီလိုသွားရယင် အင်မတန် သေချာတယ်။

၁။ ဓမ္မပဒ အဋ္ဌကထာ။ ပ-တွဲ၊ ၄၁-၅၃-၅။

ဘာပြုလို့လဲ၊ တစိတ်ပြီး တစိတ် တစိတ်ပြီး တစိတ် တစိတ်ပြီး တစိတ် ကမ္မသက္ကိတွေက လိုက်လို့၊ သေခါနိုးအထိ ဒီကမ္မသဘ္ဘံတွေက လိုက်လို့၊ အားလုံးလဲ လိုက်နေပါတယ်၊ ဒါပေမယ့် သတ္တိရှိရှိ ကံက ဒီနေရာမှာ ထင်လာယင် ဒီကံက ဒီဓနရာမှာ အကျိုးပေးပါတယ်၊ သူအကျိုးပေးဖို့ရာလဲ ဟိုက ဒီအကြောင်းအာရုံတွေ ပေါ်လာတာပဲ။

ရေချမ်း အမကြီး။ ။တုန်ပြောရဦးမယ်၊ဘုန်းကြီးပြောနေကျ၊ဒီမြို့မှာ ဒကာမကြီးတယောက် ကျောင်းအမကြီး၊ ကျောင်းအမကြီးက ဟို...တောင်သမန်ဘက်က ကျောင်းတိုက်ကြီးရဲ့ ကျောင်းအမကြီး၊ နေ့အခါကျလို့ရှိယင် အားလုံး ရေဆင်းရဲကြလွန်းလို့ ရေချမ်းအိုးငှဲ့တဲ့သူကတည်း၊ ရေတွေလောင်းလို့၊ သူနဲ့ဝေးတဲ့နေရာ သူများ ရေလောင်းခိုင်းလို့ ပေါ့ဒလေ၊ ဒီလိုနဲ့ ရေချမ်းအမကြီး ကျောင်းအမကြီးဆိုတဲ့ နာမည်နဲ့အများသိ ရေချမ်းအမကြီးလို့ ပိုပြီးနားလည်သွားယ်။

ဒကာမကြီး အသက်ကြီးတော့ ကွန်လွန်သွား၊ ကွယ်လွန်သွားတော့ ဒီသင်္ချိုင်းမှာ လူကြွ ဒါန်းကြွ၊ နောက် ရက်လည်ဆွမ်းဆိုတာ ဒီမှာ ကိုးစံအာဘိုင်း ကျောင်းအမကြီ ရဲ့ဆရာတော် ပင့်ပြီးတော့ တရားနာ ရေစက်ချ၊ သားသမီးတွေက အမျှဝေ၊ နောက်ဆယ်ရာတော်ပြန်သွားတော့ တံတားထိပ်ကနည်းနည်းလေး လွန်ယင်ပဲ တံတားထိပ်လောက်ကနေပြီးတော့ "ဆရာတော်ဘုန်း၊ ဆရာဒကတော်ဘုန်း" လို့ ဆိုခဲတာ့ "ဟဲ့ ဒါ တို့ကျောင်းအမကြီးရဲ့အသံပါလား၊ "ဟုတ်တယ်ဘုန်း" နည်းနည်း ဆရာတော် စိတ်ပင်ကောင်း ဖြစ်သွားမှာဆပါ့ဒလေ၊ "ဘာဖြစ်ခဲ့နဲတုန်း၊" ကျောင်းအမကြီးက "တပည့်တော်သေခါနီးဘုန်းက သားတွေသမီးတွေ ငိုကြွလို့ သူတို့ကိုစွန့်လမ်းပြီးသေဘူးလို့ တဆစ်ဆစ်ဖြစ်နေတယ်၊ သင်္ချိုင်းမှာ လူကြွဒါန်းကြွတုန်းက တပည့်တော် ဘာမှ မသိလိုက်ရဘူး၊ အဖော်တစ်ဆွေတွေက ရေတံခွန်ဓာတ်ခင် ခေါ်သွား၊ တပည့်တော် ဘာမှ မသိလိုက်ရပါဘူး၊ ဒီနေ့မှတော့ဘုန်း ဆရာတော်ဘုန်းဟောတဲ့ တရားလဲ နာရပါတယ်၊ အမျှဝေတာလဲ ရပါတယ်၊ တပည့်တော်ခုပဲ ကျွတ်ခဲ့ပြီဘုန်း" လို့ ဝမြောလဲမြော အသံလဲ ပျောက်သွားတာပဲ။

ကြည့်စမ်း၊ အင်မတန်သူတော်ကောင်းမကြီး၊ သေခါနီးမှာ အာရုံကလေး အာရုံကလေးက အသံကြားလိုက်လို့မို့၊ အဲဒီအသံ စဲသွားလိုက်တာ၊ဒီနား တခစ္ဆဖြစ်ဒုနရဆေးတယ်ဆိုပါတော့၊ (၇)ရက်လောက်ဆိုပါတော့၊ ပြီးတော့ မှ သူ ကံအားလျော်စွာ ကောင်းတဲ့ဘဝကို လွတ်မြောက်သွားပါတယ်၊ ဟိုဘဝဆိုတာ။ ။ဒီတော့ ဓသခါနီး ဓသခါနီးဆိုတာ အရမ်းမဲ့ဖြစ်တာ မဟုတ်ဘူး၊ ဒီဘဝက အာရုံတွေ့ ရှေးဘဝက အာရုံတွေ့၊ နောက်ရောက်မယ့်အာရုံတွေ့၊ ဒီအာရုံတွေ့ ထင်လာပြီးတော့မှ ဒီစိတ်ကစဲပြီးတော့ ဒီကုသိုလ်အကျိုးပေးလို့မို့ ဟိုဘဝမှာ ပဋိသန္ဓေစိတ်ဆိုတာဖြစ်တယ်၊ ဟိုဘဝမှာလို့ဆိုတော့ အင်မတန်ကြီးများ ဝေးတယ်လို့ ထင်ရှာလိမ့်မယ်၊ ဘယ်လောက်မှ မဝေးဘူး။

ဒီ''အာနန္တရ''ပစ္စည်းနဲ့ ဒီဘဝက 'စုတိ'၊ ဟိုဘဝက 'ပဋိသန္ဓေ' အာတူတူပဲ၊ တဆက်တည်း ကဆက်တည်း၊လူ့ပြည်က 'စုတိ'၊နတ်ပြည်က'ပဋိသန္ဓေ'၊ဒီအရပ် ဝေါ်ကဝေးနေတာ၊ ''စုတိ၊ ပဋိသန္ဓေ'' တဆက်တည်း တဆက်တည်း၊ ဘယ် လောက်မှမဝေးဘူး၊အဲဒါကြောင့်မို့လို့ အကူးအပြောင်းကသိပ်ပြီးတော့ လွယ် နေတာ၊ အဲလူ ပြည်ကမ ဘဝသခင်ဘုန်းက ဓုနက ကျောင်းအမကြီးတွေပေါ့လေ၊ သားသမီးတွေငိုသံစဲပြီးတော့နေတယ်၊ ဒီ စိတ်အစဉ် ဖြစ်နေတယ်၊ အဲ စိတ် အစဉ်ဖြစ်နောက်တော့ စဲလမ်းတဲ့ လောဘဇောကလေးက အကျိုးပေးလိုက်တာ ပဋိသန္ဓေနေတော့ ဟဒ္ဓေဘဝ ပဋိသန္ဓေ နေတယ်၊ ဒီ လောဘဇော အကျိုးပေးနေတာ၊ နောက် ဒီကျောင်းအမကြီးပဲ နောက် (၇) ရက်လောက် ရက်လည်ဆွမ်းကျွေးလို့ ကုသိုလ်စေတနာတွေက သူ့သန္တာန်မှာ ထုံပြီးတော့ နေတယ်။

အဲ ဒီဆရာတော်နောက် လိုက်ပြီးတော့၊ ''ဆရာတော်ဘုရား ဆရာတော် ဘုရား ဆရာတော်ဘုရား''၊ လိုက်ပြီးတော့ လျှောက်သည်အထိ သူ့မှာ သူ့မှာ ကုသိုလ်စေတနာတွေက တခုပြီးတခု တခုပြီးတခု ထုံလို့၊''တပည့်တော် ခုပဲ ကျွတ်ပေးမှာ''လို့ ပြောသည့်အချိန်ထိလဲ အဲ-ဒီကုသိုလ် စေတနာတွေ ထုံရက်၊ ဒီကုသိုလ်စေတနာတွေတာ အကျိုးပေးပြီးတော့ သူရောက်တဲ့ဘဝက

နတ်ပြည်ဆိုပါတော့၊ နတ်ဘဝ ပဋိသန္ဓေကို ဆက်ပေးတာပဲ၊ စုတိပဋိသန္ဓေ ဆက်ပေးတာပဲ၊ ဆက်ပေးတာပဲ။

ဒီတော့ အာရုံဟာ သိပ်အရေးကြီးတယ်၊ သိပ်အရေးကြီးတယ်၊အဲဒီအာရုံ အတိုင်း ဟိုမှာ ပဋိသန္ဓေက အကျိုးပေးရပါတယ်၊ ဒီတော့ ပြတ်မသွားဘူး၊ ပြတ်မသွားဘူး၊ စိတ်အစဉ်တွေ တခုပြီးတခု တခုပြီးတခု၊ သေခါနီးကျတော့ ဒီလိုပဲ၊ တခုပြီးတခု တခုပြီးတခု၊ အာရုံအားလျော်စွာ ဘာရုံယူ ပြီးတော့ ပဋိသန္ဓေ အကျိုးပေးတဲ့အခါ နောက်ပဋိသန္ဓေဆိုတာ တဘဝကြီး ထိုလိုမျိုး အပေးကြီးမထင်နဲ့-"စုတိ ပဋိသန္ဓေ၊ စုတိ ပဋိသန္ဓေ" ဆက်လိုနေတာ၊ ခုစိတ်တွေ တခုပြီးတခု တခုပြီးတခု ဆက်နေသလိုပဲ၊ စုတိ ပဋိသန္ဓေကလဲ ဆက်လို၊ အဲဒါကြောင့်မို့လို အကျိုးပေးနိုင်တာပါ။

ဓသခါနီး သိပ်အရေးကြီး။ ။ဒီဇတော့ စဉ်းစားကြည့်၊ဒီဘဝ သိပ်ပေးရာကြီး ပါလား၊ သေခါနီး သိပ်အရေးကြီးပါလား၊ တို့အိမ်မှာ စီးပွားဇတ္တနဲ့, သားဇာတ သမီးဇာတနဲ့, ဆွေတော်မျိုးတော်နဲ့,ဘယ်စိတ်ချရပါ့မလား၊ ဒီပြဿနာ, ကိုယ့်ကိုယ်ကို မေးရမယ်၊ ဘုန်းကြီးက ပြောတယ်၊ ဘုန်းကြီးတို့နဲ့ ဆိုင်ရာပါ့လေ၊ ဒကာမကြီး မနုဆိုတာ ဒီကျောင်းကို လာပြီး ဥပုသ်စောင့်နေချင်တယ်ဆိုတော့ ဘုန်းကြီးက အိမ်မပြန်နဲ့၊ ကျောင်းမှာ ဓနရာဒလား ဘာဒလားလုပ်ပြီး ကျောင်းမှာ ဥပုသ်စောင့်နေလို့ဆိုတော့ သူ့စိတ်ထဲ အိမ်မပြန်နဲ့ ဆိုတာလေး တော်တော် မဒကျမနုပ် ဖြစ်နေတယ်ဖူး၊ ဘုန်းကြီးက ပီနည်း သိတယ်လေ၊ အိမ်ပြန်လို့ ဒီမှာသေယင် စိတ်မချရပါဘူး။

ကျောင်းနား ကန်နားမှာ တကယ့်သူတော်ဓကာင်းစိတ်နဲ့ အပြုနသွားလို့ ရှိယင် စိတ်အစဉ်ခတွက ဓကောင်းနေမယ်၊ ဒီလိုဆိုယင် သေခါနီးမှာ ကောင်းဘဝကောင်း ရမယ်ဆိုတာ သိလို့ ဘုန်းကြီးက အိမ်မပြန်နဲ့ပေါ့လို့ ပြောတော့ မလာဘူး၊ နောက် မကြာပါဘူး သေတာပဲ၊ အဲဒီကျတော့ မသိဘူးလေ၊ ဘုန်းကြီးတာဝန် မရှိပါဘူး၊ ဘုန်းကြီးတာဝန်ကျတော့ ဘုန်းကြီးတာဝန် အတိုင်းကို စိမံရမှာပါ မပြန်ပါနဲ့ ဒီအိမ်ကို၊ သိဟယ် သိတယ်။

သခါနိုးမှ အိမ်ပေါ်မှာ, တိုက်ပေါ်မှာ, ဒီအိမ် ဒီတိုက်တွေ မြင်နေတယ်၊ ပတ်ဝန်းကျင် အာသုံးအဆောင်တွေ မြင်နေတယ်၊ ပတ်ဝန်းကျင်က ဘေးက ဆွေတွေ မျိုးတွေ မြင်နေတယ်၊ တခုုကြီက မျက်နှာငယ်ကလေးငယ်ငယ်နဲ့ လာကြည့်ကြတယ်၊ ရှုပ်တာပဲ ရှုပ်တာပဲ သိပ်ရှုပ်တာပဲ၊ ဒါတွေ သူတော်ကောင်းတွေအတွက် ဘထက်တက်ရန် ဆွဲထားတာပဲ၊ သိပ်ဝမ်းနည်းစရာ ကောင်းတာပဲလို့။

ဘုန်းကြီးက ကိုယ်ကလဲ အသက်ကြီးနေတာဖြစ်တော့ ဘဝသံသရာအတွက် သွားတဲ့သူဖတ္ဝ၊ ဒီလောကကြီးက သွားတဲ့သူတွေကို လေ့လာနေရပါတယ်၊ သတိသားနေရပါတယ်လေ၊ တခြားမဟုတ်ဘူး၊ ဒကာကြီး ဦးဖူးစိန်ဆိုတာအဲ့ ဒကာမကြီး ဒေါ်တင်တို့က သူတို့နဲ့ မာင်းရာ မကင်းကြောင်းပေါ့၊ ဒကာမကြီးတယောက် ဆုံးသွား၊ ဆုံးသွားဟော့ ဘယ်မှာရောက်တယ်ဆိုတာ ဘာမှ မသိရဘူး၊ ဓနာက်တော့ တနှစ် နှစ်နှစ် ဆိုပါတော့ ချက်ချင်းဝင်စားတဲ့ အဓိပ္ပာယ်မျိုးနဲ့—

တဘဝတနေရာမှာ ဖြစ်ပြီးတော့ ဝင်စားတဲ့အဓိပ္ပာယ်မျိုးနဲ့ သူလူဝင်စားဖြစ်လာဟယ်၊ လူဝင်စား ဖြစ်လာတော့ သူက လာတယ်ဆိုယင် ဘယ်မှာငါ့ပစ္စည်း၊ ဘယ်မှာဟာ၊ သူက ဒါတွေကအမှန်တွေ ဖြစ်ဓနတယ်၊ ဒီဓတော့ ဒီဘဝ မဝင်စားခင် ဘာဖြစ်ဓနတုန်း၊ တစ္ခုခုဖြစ်နေတယ်၊ ဒီလမ်းမှာ တစ္ဆေဖြစ်ဓနတယ်၊ တစ္ဆေဖြစ်ဓနုဓဟာ့ သူတို့က ဆက်ဓမေးတယ်၊ မမကြောက်ဘူးလား၊ လူဓတွကိုမဓကြောက်ပါဘူးတဲ့၊ ကလေးတွေက ခဲနဲ့ပေါက်လိုက်၊ သူတို့ပေါက်တာ မဟုတ်ဘူး၊ သူတို့ဘာသာ သူတို့ ဓဆော့ကြတာ၊ တုတ်ကဓလေးနဲ့ပစ်လိုက်တဲ့အခါ အဲဒါ ကျုပ်တို့ကို မှန်တယ်။

ကလေးတွေကို ဓကြောက်တယ်၊ လူကြီးတွေကိုမကြောက်ပါဘူး၊ သူတို့ဟာသူတို့လုပ်နေတာ၊ အသင်းအပင်းနဲ့ ရယ်လားမောလား၊ ကျုပ်တို့ ဒီလမ်းကြားထဲမှာ၊ ဓဓမေက ဆွမ်းဓောင်တင်ပြီးလို့ရှိယင် အမျှဝေတယ်၊ ကျုပ်တို့ သာဓုမဓခေါ်ပါဘူး၊ အမေ ဆွမ်းကောင်တင်တဲ့ မုန့်တွေ ငှက်ပျောသီးတွေ ကျုပ်တို့ လုစားကြတာပဲ ပျော်လိုက်တာ။

မီးလောင်နေတာရယ် ငတ်နေတာရယ် မဟုတ်ဘဲတော့ တစ္ဆေ တစ္ဆေချင်း ပျော်လို့၊ လမ်းမှာတဲ့၊ ဒီလမ်းမှာတဲ့၊ နာမည်မတပ်ချင်လို့၊ ဈေးချိုဘက်က ဒီလမ်းမှာပဲ၊ ဒီတော့ကာ တစ္ဆေတွေပြည့်လို့၊ ရပ်ထဲရွာထဲကော ပြည့်လို့။

ဗုဒ္ဓဘာသာမဟုတ်တဲ့တစ္ဆေ။ ။တခါက ဒီကျောင်းမှာ ဘုန်းကြီးက သံတင်း ကျတ်တော့ တို့က နတ်တော့ မပူဇော်ကြနဲ့ နော်၊ နတ်မျှားက ဘုရားပူဇော်ရအောင်လို့ အနီးအပါးမှာ မီးထွန်းပေးလိုက်ကြလေ၊ နတ်မျှား ဘုရားပူဇော်ဖို့ မီးထွန်းပေးတယ်၊ ဘုရားပူဇော်ပါလို့ပြောတော့ ဖိုးသူတော်တပါးက ဥသျှစ်ပင်ပေါ်တက်ပြီး သူက နည်းနည်းလဲကဲတယ်၊ အဲဒီပေါ်မီးထွန်းယင်း ဇနမဂကောင်းသလိုဖြစ်ပြီး ဆင်းလာတော့ လက်တွေ့ ဘာတွေ့အေား၊ ခြေတွေ့ဘာတွေ့အော်း၊ ဒါနဲ့ သူတို့ဆိုင်ရာ ဆရာသမားတွေက မဆေးရုံပို့မလို့ လုပ်တော့ နည်းနည်း ပါးပါး နာလည်တဲ့ကိုယ်တော်တပါးက ထောက်သွားလို့၊ သူက စမ်းကြည့်တယ်။

ဟာ....ရိုးရိုးသားသား မဟုတ်ဘူး၊ ကိစ္စမရှိဘူးဆိုပြီးတော့ သူက ခေါ်ပြီးတော့ မေးတယ်၊ ဥသျှစ်ပင်က သတ္တဝါက သူလုပ်ထားတာတဲ့၊ သူ အပင်ပေါ်ဆင်းပြီး မီးထွန်းလို့တဲ့၊ သူက ဗုဒ္ဓဘာသာမဟုတ်ဘူးတဲ့။

တစ္ဆေက တစ္ဆေက ဗုဒ္ဓဘာသာမဟုတ်ဘူး၊ ဒါနဲ့ သူမကြိုက်လို့ သူလုပ်လိုက်တာတဲ့၊ 'သူ့အပင်ပေါ် တက်ပြီး မီးထွန်းလို့'ကဲ့၊ မင်း ဗုဒ္ဓဘာသာမဟုတ်ပဲနဲ့ ဘာလုပ်လာနေတုန်း၊ သူဓသာဟော့ ဒီအပင်မှာ နေမယ့်သူမရှိလို့တဲ့၊ အရှင်မရှိလို့ ကျုပ်လာနေတယ်၊ ဘာပြုလို့ ကျောင်းကြီးထဲလာနေတာလဲ ဗုဒ္ဓဘာသာမဟုတ်ပဲနဲ့၊ဒီအထဲမှာ ထမင်းလုံး ဟင်းလုံးလေးတွေက ပေါ်တယ်တဲ့၊ ကိုယ်တော်တွေပစ်တာ ထမင်းလုံး ဟင်းလုံးတွေက၊ ဒါကြောင့် ကောက်လို့ စားလို့ လွယ်တာနဲ့၊ နေရာကလေး လစ်လပ်တာနဲ့၊ကျုပ်လာနေတာတဲ့၊ ဒီလိုဆိုမင်း မဓနရဘူး၊ မနေရယင်လဲ သွားတာပေါ့၊ သွားရှာဝယ် တင်တယ်။

ဘုန်းကြီးသာ သိယင် နေပါစေလို့ပြောမှာ၊ ဓအေးဓေး ဆော်ဆေးနေ၊ မင်း မဓနှောင့်ယှက်ပါနဲ့လို့ပြောမှာ၊ သွား မနေရဘူးဆိုတာနဲ့ သွားရှာဟန်တူတယ်၊ ဒီဓတော့ ပြည့်လို့ပြည့်လို့၊ ဒီထဲမှာ မြို့ထဲမှာ ပြည့်လို့ပြည့်လို့၊ ခုနပြောတဲ့

အထဲမှာ၊ မန္တလေးစေ့းချို လူစည်ကားပါတယ်ဆိုတဲ့နေရာ၊ အနောက်ဘက်တန်းမှာ၊ တစ္ဆေတွေပြည့်လို့၊ ပြိတ္တာတွေဆိုတာ တစ္ဆေတွေပေါ့၊ အဲဒီလိုပေါ့လေ၊ ဘဝဓသခါနီးကျလို့ရှိယင်၊ ကောင်းတဲ့အာရုံဆိုယင် ကောင်းတဲ့ဘဝ ရောက်သွားတယ်၊ မကောင်းတဲ့အာရုံဆိုယင် မကောင်းတဲ့ဘဝ ရောက်သွားတယ်၊ ပျက်ပျက်ဆိုတဲ့ စုတိနဲ့ ပဋိသန္ဓေဆက်လို့။

အနာထပိဏ်ကိုကနတ်သား။ ။ဘုရား လက်ထက်တော်တုန်းက အနာထပိဏ်သဒ္ဌေး စုဓတခါနီး အရှင်သာရိပုတ္တရာကို ပင့်ပြီး တရားနာပြီးလို့ မကြာခင်ပဲ စုဓတသွားတယ်၊ ဟိုတာဝတိံသာနတ်ပြည်ရောက်သွားတယ်၊ ရောက်သွားသွားခြင်း သူ'ငါက ဘယ်က လာပါလိမ့်မလဲ'လို့၊ ငါလူ့ပြည်က လာတာ၊ အော် သူကျောင်းဒကာပါလို့ဆိုပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ဘုံဗိမာန်ထဲတောင် မဝင်သေးဘူး၊ တခါထဲ လူ့ပြည်ဆင်းလာပြီးတော့—

ကွဒံ ဟိ တံ ဇေတဝနံ၊ ကွသိသံ့ နိသေဝိတံ။
အာဝုတ္ထံ ဓမ္မရာဇေန၊ ပိတိ သဉ္ဇနနံ မမ ံ။

ဆိုပြီး ဇေတဝန်ဓကျောင်းကြီးကြည့်ပြီး ဝမ်းသာလိုက်တာ၊ ပုဒ္ဓမြတ်စွာသိတင်းသုံးလို့ သူ အင်မဘန် ပီတိဖြစ်လို့တဲ့ံ။ စုဓတ ပဋိသန္ဓေ....အနာထပိဏ်သဒ္ဌေးဘဝတုန်းက စုတေခါနီး ဖြစ်ပျက်ဖြစ်ပျက်ရှု၊ ရှင်သာရိပုတ္တရာရဲ့ တရားနာ၊ ဖြစ်ပျက် ဖြစ်ပျက်ရှု၊ စိတ်တွေက သူ့တကိုယ်လုံး ထုံထားတဲ့ ကုသိုလ်စိတ်ဇောတွေလဲ ပြည့်လို့ဓပေါ့။

အဲဒီ ကုသိုလ်စိတ်ဓာတ်တွေက သေခါနီးကျတော့ ထင်ပြီးတော့ တဘဝတိံသာနတ်ပြည်မှာ ပဋိသန္ဓေ နေရတယ်၊ ကြည့်စမ်း ကြည့်စမ်း၊ ဒီက စုတိနဲ့ တဘဝတိံသာက ပဋိသန္ဓေ ဘယ်လောက်မှ မခြားဘူး၊ ဘယ်လောက်မှ မခြားဘူး၊ ဒီ အနုန္တရသတ္တိနဲ့ ဓကျေးဇူးပြုနေတာ၊ အဲဒီ ကျေးဇူးပြုနေယင်း အနာထပိဏ်သဒ္ဌေးမှာ ဒီဘဝက ကုသိုလ်ဇော စေတနာတွေ၊ ရှေးရှေးက ကုသိုလ်ဇောစေတနာတွေ၊ သူရဲ့ စိတ်အစဉ်မှာ ပါတယ်၊ စုဘိတုန်းကလဲ ပါတယ်၊

၁။ ဥပရိပဏ္ဏာသ-၊ နှာ၃၀၁-၇။ သဂါထာဝဂ္ဂသံ့ယုတ်၊ နှာ-၃၁၊၅၃-၄။

နောက် နှတ်ပြည်မှာ ပဋိသန္ဓေနေတော့လဲ ပါတယ်၊ ဒီဓာတ်တွေဟာ ပျောက်မသွားဘူး။

ဒါကိုမြင်လို့မို့ ဘုန်းကြီး အလုပ်လုပ်ရတယ်၊ကုသိုလ်တွေကို ပိပိလုပ်လို့ရတယ်၊ ဘာဖြစ်လို့တုန်း ပျောက်မသွားဘူး၊ အမြဲ ဒီကုသိုလ်တွေ ဒီသန္တာန်မှာ ဒီပစ္စည်းအဖြစ်နဲ့ ဖြစ်နေတာ၊ ဒါကို ကမ္မဿကာ၊ ကမ္မ=ကံပဲ၊ သက=ကိုယ့် ဥစ္စာ၊ စဉ်းစားကြည့်လေ သိန်းပေါင်း ဘယ်လောက် ချမ်းသာတယ်၊ စုတော တယ်၊ ဆကုန်လုံး ငစ်ထားခဲ့ရတယ်၊ အကယ်၍ အဲဒီ ပစ္စည်းကို ငဲ့ပြီးတော့ ဆေးပြီးတော့ တွေးပြီးတော့ သေသွားယင် ပြဿနာဖြစ်တာ၊ပြဿနာဆိုတာ သည် နားမှာ တစ္ဆေဖြစ်တာ၊ တစ္ဆေဖြစ်လိုက်ကြတာ မပြောနဲ့တော့၊ ဒီ ဥစ္စာကို ငဲ့ပြီးတော့ မကျုတ်ဘူး မကျုတ်ဘူးနဲ့ ပြောလိုက်ကြတာပဲ၊ ဥစ္စာကို စဲ့ပြီးတော့ သည်နားမှာပဲ တဝဲလည်လည်နဲ့ တစ္ဆေပြဿနာ ဖြစ်နေကြတယ်၊ ဘုန်းကြီးတို့ ဆိုင်ရာတွေရော မဆိုင်တာတွေရော စာထဲ ပေထဲမှာလဲ ဖြစ်ကြတယ်။

သေခါနီးအာရုံအဟိုင်း လိုက်ရတယ်ကိုး၊ အာရုံတွေကလဲ တိုက်ကြီး ထင် နေတယ်၊ စိန်တွေ ရွှေတွေ ထင်ခနတယ်၊ သားတွေ သမီးတွေ ထင်နေတယ်၊ မေ့မြောပြီးတော့ခနလဲ ဆွေတွေ မျိုးတွေ ထင်နေတယ်၊အဲဒါတွေထင်နေတော့ စိတ်ကလဲ အဲဒီ စိတ်ပဲ ဖြစ်နေတယ်၊ သေတော့ကာ အဲဒီ စိတ်နဲ့ သေလို့ရှိယင် ကံက အခွင့်သာလို့မို့ ဘဝသံသရာနောက်တခုမှာ အဲခုနက ပြိတ္တာခေါ်တဲ့ တစ္ဆေ အကျိုးပေးတာပဲ၊ဘုန်းကြီးတို့ ဘုန်းကြီးတွေ အဲစောစောကထဲက ဒီဘုန်းကြီး နှမြောတတ်တယ်ဆိုယင် သတိသာထားတော့၊ နှမြောတတ်တယ်၊ ဘယ်သူ့မှ တခုမှ မပေးဘူး၊သူ့တပည့်တွေကို သူဒီလိုကြည့်နေတာပဲဆိုယင် သတိသာထား တော့၊ ကောန်မုချ သေလို့ရှိယင် ဟောဒီနားက တယ်မကျတ်ချင်ဘူး။

ဘုန်းကြီးတို့ ပရမတ္ထသဘောတရားက ဘုန်းကြီးရယ် လူရယ် တိရစ္ဆာန် ရယ် မျက်နှာ မရွေးဘူး၊ သူ့သဘာဝအတိုင်း သူ့သဘာဝအတိုင်း ဆရာ စတာ်ကြီး ပုံတော်မူသွားတယ်၊ (ဒီလိုသာ စဲ့နေပေါ့) ဆရာတော်ကြီး ဒီမှာ နေမှာပဲ၊ ဟို အင်မတန် အကုသိုလ်မကြီးကျယ်တော့ ငရဲတော့ မကျဘူး၊ ဒီလို ပြိတ္တာလောက်တော့ ဖြစ်တာပဲ၊ဒါ့ကြောင့် ဘုန်းကြီးက ကံရဲ့ သတ္တိလိုက်နေပုံကို နားလည်စမ်းပါလို့ ပြောနေတာ။

စိတ်အစဉ်မှာ ကံရဲ့ သတ္တိလိုက်နေ။ ။ပြီးတော့ နောက်ဘဝကျပြန်တော့ ရှေးကပြုတဲ့ ကုသိုလ်ကံတွေ အကုန်လုံး လိုက်လာကြတာပဲ၊ ဘုရားအလောင်းတို့မှာ ဒါနပါရမီတွေ တဘဝပြီးလို့ တဘဝပြောင်းသွားပေမယ်လို့ စိတ်အစဉ်မှာ ကံရဲ့သတ္တိက လိုက်နေတော့ ပါရမီတွေ မပျောက်သွားဘူး၊ ပြည့်ပြည့်လာတာပဲ၊ ဝေဿန္တရာမင်းဘဝကျတော့ ပါရမီပြည့်ပြီ၊ ဘုရားဖြစ်ခဲလောက်အောင် အခြေအနေရပြီ၊ အဲဒီလိုအခြေနေမျိုးနဲ့ ဘုရားဖြစ်ဖို့ရန် ကျေးဇူးပြုတာပဲ၊ သီလပါရမီတွေကလဲ ဒီလိုပဲ ပျောက်မသွားဘူး။

ပစ္စည်းစဲလမ်းယင် ပြိတ္တာဖြစ်နိုင်။ ။ပစ္စည်းတွေက ပျောက် ကျန်ရစ်တယ်။ ပျောက်ရုံတင်မကဘူး၊ ဒီ အပါယ်လေးပါး ဆိုပါတော့ ပြိတ္တာဖြစ်ဖို့ရန် ပစ္စည်းတွေက ဆွယ်၊ ဆွေမျိုးတွေက ပြိတ္တာဖြစ်ဖို့ရန် ဆွယ်ဘယ်၊ ရဟန်းသံဃာတော်တွေ ကျောင်းတွေ ကန်တွေ ဒါတွေသာ မက်မောနေယင် ဆွယ်တယ်၊ ရဟန်းသံဃာတော်တွေ ပြိတ္တာဖြစ်နိုင်တယ်၊ အဲဒီ တပည့်တပန်းတွေ ဒကာ ဒကာမတွေ ကျောင်းဒကာ ကျောင်းအမသံယောဇဉ်တွေ အစဲ့ကြောင့် ဒီနားတွင်ပဲ ပြိတ္တာ ဖြစ်နိုင်တယ်၊ တော်တော် ကြောက်စရာကောင်းတယ်၊ တော်တော် ကြောက်စရာကောင်းတယ်၊ ပြိတ္တာ မဖြစ်တောင်မှ အကုသိုလ်လေးတွေ နည်းနည်း ဘေးကရှိယင် သတ္တိ ညံ့သွားတယ်။

ကုသိုလ်အာသန္နကံ အကျိုးပေးပုံ။ ။တခါတုန်းက ဒီ သေခါနီးမှာ သေခါနီးဆို လူဘဝယောက်ပေါ့လေ၊ သားတယောက်ထဲ၊ တယောက်ကလဲ သမီးတယောက်ထဲ၊ ကုဋေများစွာ ချမ်းသာတယ်၊ သူတို့နှစ်ယောက် ပေးစားလိုက်တာ ကုန်နိုင်စရာ မရှိပါဘူး၊ ကုဋေများစွာ ဆိုပါတော့ ကုဋေဓလေးဆယ် ဆိုပါစတော့၊ သဒ္ဒေးဆိုယင် ကုဋေလေးဆယ်က အနည်းဆုံး ရှိရပါတယ်၊ အဲဒါလဲ သူတို့ ကုန်နိုင်စရာ မရှိဘူး၊ ဒါပေမယ့် သူတို့ အာလုပ် မလုပ်တတ်ဘူး၊ မိဘတွေကလဲ မလုပ်ချင် နေပစေလေ၊ တို့သားသမီးတွေ တသက်စာတော့ မဆင်းရဲဘူး၊ နောက်တော့ မိဘတွေကွယ်လွန်သွားတော့ အနေပါင်းအသင်းတွေ လာပြီ၊ သောက်ကြပြီ၊ စားကြပြီ၊ ကစားကြပြီ။

သဒ္ဒေးသားဘက်ကပါတဲ့ ပစ္စည်းတွေ ကုန်ရော၊ ဆက်ပြီးတော့ စားကြတယ်၊ သောက်ကြတယ်၊ ကစားကြတယ်၊ သဒ္ဒေးသမီးဘက်ကပါတဲ့ ပစ္စည်းတွေ ကုန်ရော၊ နောက်ဆုံး အိမ်တောင် နေစရာ မရှိဘူး၊ ဒါနဲ့ သမီးခင်ပွန်း ရောက်တတ်ရာရာသွား၊ တောင်းရမ်းစား၊ ဒီဆင်းခရိုင်းဇရပ်ထဲမှာ သွားအိပ်ကြတုန်း ဒမြတစု အဲဒီဇရပ်လာပြီးတော့ တိုင်ပင်ကြတယ်၊ ဘယ်သွားပို့က်ရအောင်ကိုး၊ဒီတင် ခုနက လူတွေနဲ့တွေ့တော့ ဟာငါ့လူ ဒီလို ခြောက်ကပ်ကပ်နဲ့ တောင်းရမ်းစားပြီးတော့ မနေပါနဲ့၊ ဦးဇင်္ဂဝဲထဲ လိုက်ပါကွာ ပြောတော့၊ ဟင်း သူကလဲ ပစ္စည်းမရှိတော့ ပစ္စည်းကို လိုချင်နေတာဖြစ်တော့ ကျုပ်က ဘာမှ မလုပ်တတ်ဘူးဗျ၊ ဒို့ခိုင်းတာ လုပ်ပေါ့ကွ၊ အား ကောင်းပြီ ဆိုပြီးတော့ သူတို့ အိမ်တအိမ် ဒမြတိုက်ရော။

မင်း ဒီနားက စောင့်နေ၊ မင်းဆီလာယင်တော့ ဒီတုတ် ဒီဘင်းပုတ်နဲ့သာချ၊ ကောင်းပြီ လာယင် တင်းပုတ်နဲ့ချမှာပဲ၊ ဒ်ပြင် သူ့ မလုပ်တတ်ဘူး၊ ဟိုက ဒမြတွေက အိမ်တွင်းလဲ စင်ရော၊ အိမ်ရှင်တွေ့နိုးတော့ ဟဲ့ ဒမြဟဲ့ ဒမြတဲ့လို့ ဆိုတော့ ဟိုလူတွေက ပါးစာကိုး၊ လှည့်ပတ်ပြီးတော့ ပြေးလိုက်စာ ဟိုလူဒတ္တကို မမိဘူး၊ သူ့မိနေတာပေါ့၊ တင်းပုတ်ကြီးနဲ့၊ဟာ ဒီဒမြတယောက် တွေ့ပါပြီဆိုပြီး ရှင်ဘုရင်အာယ်၊ ရှင်ဘုခင်ဆို သတ်ဖို့ပဲကိုး၊ ဒမြကို သတ်စေ။

အား မနက်ဖြန်ကျတော့ သတ်ဖို့ရန် သုသာန် ထုတ်သွားရော၊ ထုတ်သွားတော့ သဒ္ဒေးဘဝတုန်းက ပျော်ပါးနေကျဖြစ်တဲ့ အမျိုးသမီးက(ဟိုတုန်းကဆိုတာ ဒီပျော်ပါးနေကျဖြစ်တဲ့ အမျိုးသမီးက ငါးရာ, တထောင်ပေးရတယ်၊ လူသိ ရှင်သိပါ၊) ဒီအမျိုးသမီးက သူ့အိမ် အထက်ပေါ်ကနေကြည့်တော့ ဟယ် ဟိုဟာ ငါ့လူပါလား၊ ဟိုတုန်းက ငါနဲ့ပျော်ပါးနေတဲ့လူ၊ ဒါနဲ့ သူဘယ်လိုဖြစ်တာတုန်းလို့ သူစုံစမ်းတော့ သိရာ၊ဒါဖြင့် ရှင်ဒီလူကို မသတ်ခင် ဒီမုန့်ဓလေးနဲ့ ဒီရေမလေး ကျွေးပါရစေဦးနော်၊ သတ်မဲ့လူဟာ့ သူ တံစိုးလက် ဆောင်ပေးပြီးတော့ ဒါလေးခပ်လိုက်တာပဲ။

ထိုက်ကြပါအုံးနော် ကျွေးကြပါအုံးနော် ချစ်ခင်နေတယ်၊ ဒါနဲ့ သတ်မယ်လို့လုပ်တော့ မုန့်နဲ့ရေ ပေးတာကိုး၊ ဒါ ဘယ်က ရတာတုန်း ဆိုတော့ ဓရှားတုန်းက သူနဲ့ပျော်ပါးနေတဲ့ ပြည့်တန်ဆာဆိုဝပမယ့် အညှစ်စား မဟုတ်ဘူး၊

အဲဒီ အမျိုးသမီးက ပေးတာဆိုတော့ ကျေးဇူးတင်လိုက်တာ၊ ရှေးတုန်းကလဲ ချစ်လာက်စနဲ့ ပိုချစ်လိုက်တာ သိလား၊အဲဒီအချိန်မှာ ရှင်မောဂ္ဂလ္လာန်က ဆုမ်းခံကြွလာတယ်၊ သာတော့မှာ၊ ရှင်မောဂ္ဂလ္လာန်လဲ ဒီအခြေအနေ မြင်လို့မို့ကို ကြွလာတာ။

အား....ငါမစားတော့ဘူး၊ ရှင်မောဂ္ဂလ္လာန်ကိုပဲ လှူတော့မယ်၊ ငါ စားလဲ မထူးတော့ဘူး၊ သေတော့မှာ၊ အင်မတန် သဒ္ဓါတရားကြီးနဲ့ လှူလိုက်ပါရော၊ ဒီအချိန်မှာ သတ်ချလိုက်ပါရော၊ သတ်ချလိုက်တော့ သူ ရဂ္ဂစို ဖြစ်သွားတယ်၊ ရဂ္ဂစိုးဖြစ်ပေမယ်လို့ ဘသားက ခုနက အမျိုးသမီးကို ရဂ္ဂစိုးဘဝနဲ့ စွဲတုန်း ရှိသေးတယ်၊ စွဲနေတော့ သူ ကြည့်နေတယ်၊ တခါတော့ ထိုအမျိုးသမီးက ဥယျာဉ်ထဲ သူ့အမေနဲ့ လှည့်လာတော့ အမှောင်ချပြီးတော့ ခိုးတာပဲ၊ ခိုးတော့ ပါသွားရော၊ အမေလုပ်တဲ့သူ ကျန်ရစ်၊ သမီး ပါသွားပြီ။

အမေကလဲ နတ်တွေမေး ဘာတွေမေးနဲ့ မေးရှာတယ်၊ သမီးကလဲ ဟိုမှာ ရဂ္ဂစိုးနဲ့ ပျော်လို့၊ လူနဲ့ နတ်နဲ့ ပျော်နေတာကတော့ ဘုန်းကြီး ဒီဝတ္ထုတခုပဲ ပပဲသသ တွေ့ဘူးသေးတယ်၊ ခိုးယူတာ၊ နတ်က လူ့သမီးခိုးယူတာ ပျော်လို့၊ နောက်တော့ ဘော်ဟော်လေးကြာတော့ ကိုဒေဝရယ် ပြန်ပို့ပါအုံး၊ အမေ မျှော်နေလိမ့်မယ်၊ မျှော်တယ်၊ ဟိုက အမေက နတ်မေး ဘာမေးနဲ့၊ ဒါနဲ့ သူ့ကို ဟိုက ဘယ်လို ဟောထားသလဲ ဆိုတော့ ဒီလိုကို၊ ခုခေတ်ဆို ဝိဇ္ဇာလဲ မေးမှာပေါ့နော်။

ဒါနဲ့ သူ့ကို ဘယ်လို ဟောထားသလဲဆိုတော့ ဝေဠုဝန်ကျောင်းထဲ လာလိမ့်မယ်၊ တွေ့လိမ့်မယ်ဆိုတော့ အမေက ဝေဠုဝန်ကျောင်းထဲမှာပဲ မျှော်နေတယ်၊ ပရိသတ်က လာပြီဆို ကြည့်လို့၊ နောက် ဝေဠုဝန်ကျောင်းထဲ တရားနာတဲ့ပွဲမှာ ရောက်လာတယ်၊ ရောက်လာတော့ သူတို့ နှစ်ယောက်ကလဲ တရားနာလို့၊ တရားလဲပြီးရော သူတို့ သောတာပန် ဖြစ်သွားရော၊ ဒီမှာပဲ အမေနဲ့ သွားတွေ့တယ်[၁]။

၁။ ပေတဝတ္ထု၊ အဋ္ဌကထာ၊ နှာ-၃-၉။ (ခေတ္တ။ပမပေတဝတ္ထု၊)

ဒီစဲ့လမ်းမှုဆိုတာဟာ အကယ်၍ ခုနက သင်္ခေးလူဖြစ်တုန်းက မစဲ့မလမ်း ပဲနဲ့မျှား ရှင်မောဂ္ဂလ္လာန်ကို လူရတဲ့ ကုသိုလ်နဲ့သာ သေရလို့ရှိယင် အထက်နတ်ပြည်ကို တက်သွားမှာ၊ ယခုတော့ အထက်နတ်ပြည်ကို မတက်ရောက်နိုင်ဘူး၊ ဒီစဲ့လမ်းမှုကြောင့် လူ့နှိုးနိုးပါးပါး ရုက္ခစိုးလာဖြစ်တယ်၊ ရုက္ခစိုးဖြစ်ပြီးတော့တောင် စဲ့လမ်းလို့ ခိုးဝှောင်ယူတာ၊ ဒီတော့ လောကကြီးမှာ ဆန်းကြယ်ပုံကို မြင်လို့ ကမ္မသတ္တိ လိုက်နေပုံတွေကို ဘုန်းကြီးက သိလို့ ပရိနိဗ္ဗာန်စံသည်အထိ ပါရမီပြည့်အောင် ပါရမီတွေ ဒေကျိုးပေးနေပါတယ်။

နားလည်လို့မို့ ဒီကမ္မသတ္တိကို ကြိုးကြိုးစားစား သန့်သန့်ရှင်းရှင်း လုပ်ကြပါ၊ ကမ္မသတ္တိဟာ သည်လိုပဲ လိုက်ပါတယ်လို့ သိစေချင်တယ်။ နောက်ဒီကံတွေဟာ ဘယ်လိုမျှားလုပ် အကျိုးပေးသတုန်း ဆိုတာကိုတော့ ပနက်ဖန်မှ ဟောပါမယ်၊ ယနေ့တော့ အခါန်က ပရဘူး၊ ဘုန်းကြီးကိုယ်တော်တွေ့ ဆုံမ်းခံသွားရအုံးမယ်၊ မနေ့ကလိုသာဆိုရင် ဘုန်းကြီးက ဆက်ဟောဖို့ပါပဲ၊ ဒီတော့ ဘုန်းကြီးရဲ့ ကိုယ်တော်ငလေးတွေ ဆုံမ်းခံသွားရအုံးမယ်၊ ဒါကြောင့်မို့လို့ မနက်ဖန်မှ ဒီကမ္မသတ္တိ အကျိုးပေးပုံတွေကို ဆက်ပြီး ဟောမါအုံးမယ်။

နာနာပဂကာရဋ္ဌာနာနိ၊ ဗောဓိတာနေတ္ထ မုနိနာ။
အနန္တနယ ပဋ္ဌာန်၊ ဝန္ဒေ အာနန္တ် ဂဂါစရံ။

ထွေ၊ ဤအနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊မုနိထုတ်တင် ဘုရားရှင်သည်။ နာနာပဂကာရဋ္ဌာနာနိ၊ ဟေတု, အာရမ္မဏ စသည် မျှားစွာ အကြောင်းအရာတို့ကို။ ဗောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် မျှားလှဝနေ သိစေတော်မူခဲ့လေပြီး အနန္တဂဂါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူသော။ တံ အာနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းပုံကြွယ်သားကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ချိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု.....သာဓု.....သာဓု။

အခြေခြေပြုပဋ္ဌာန်းတရားတော်

နဝမနေ့

၁၃၃၅-ခု၊ နှစ်ဆန်း ၂-ရက်။ ၁၉၇၃-ခု၊ ဖြေလ ၁၇-ရက်၊

ကျမ်းစာ။ ။ကျမ်းစာဆိုတာ ဘုရား, တရားကို မှတည်ပြီးတော့ ရွေပိုင်း ပထမပိုင်းကရှင်မဟာကဿပတို့၊ နောက်ပိုင်းကျတော့ ပဉ္စာရှိသူတော်ကောင်းကြီးတွေ့ ထပ်ထပ်ပြီးတော့ နားလည်အောင် စီမံဘော်မူကြတယ်၊ ပို့ချတော်မူကြတယ်၊ ဒီတော့ ဘုန်းကြီးတို့ လက်ထက်ကျတော့ ပိုင်ပိုင်လေ့လာကြဖို့သာ ရှိတယ်၊ မျှားသောဒုစရိုက်ဖြင့် ရှင်းပြီး လင်းပြီးသားတွေပဲ ဖြစ်နေထယ်၊ သေခါနီးမှာ ကံ ကမ္မနိမိတ် ဂတိနိမိတ် သုံးမျိုးထဲက တပါး ဖြစ်စေ, နှစ်ပါးဖြစ်စေ, သုံးပါးဖြစ်စေ ထင်လာတတ်တယ်၊ စိတ်ကူးကြည့်ပါ၊ မိမိတို့ မျိုးရိုးထဲက စုဘေခါနီးမှာ ဘယ်လို ဖြစ်ကြတယ်၊ ဒါကို လေ့လာကြည့်ပါ၊ ဘုန်းကြီးတို့ပြောတဲ့စကားက စာထဲမှာပေးယ်လို့ ဒီစာက လူထဲမှာရောက်နေတဲ့ အကြောင်းအရာတွေ့ချည်း ရေးထားတာ။

ကံဒုးကြောင်း။ ။ဟို ကံ ဆိုတာက ရှေးခယ်စောစောက ပြုထားတဲ့ ကံ၊ ဥပမာ ကျောင်းကြီး ဆောက်ပြီး လှူဒါန်းထားတယ် ဆိုယင် အဲဒီအာမခါတုန်းက ကုသိုလ်စေတနာတွေ့ သေခါနီးကျတော့ လှူနေရသလိုပဲ၊ စိတ်ချမ်းသာလို့, ပျော်လို့, စိတ်ကြည်လင်လို့၊ အဲ....ဟိုတုန်းက လှူနေသလိုပဲ၊ ဒီ အာရုံ ထင်လာတယ်၊ ဒီဟာကြောင့် ဘုန်းကြီးက ကျောင်းရှေးက်ချမှာဖြစ်ဖြစ်, ဒီပြင် ကုသိုလ်ရေးမှာဖြစ်ဖြစ် သန့်ရှင်းအောင် ပြုလုပ်ကြစမ်းပါလို့ ပြောနေရတာ၊ သေခါနီး(အာရုံ)အထင် အရေးကြီးလှန်းလို့၊ သေခါနီးအထင်က ရှုပ်ရှုပ်ပွေပွေတွေနဲ့, လောကွတ် ပျူငှာတွေနဲ့ ဆိုယင် ကုသိုလ်စေဘနာဟာ သိပ်နည်းသွားတယ်။

သိပ်နည်းသွားခုံ မကဘူး၊ ဒီ အကုသိုလ်တွေ့ ခြုံရုံပြီး အကျိုးပေးမှာဖြစ်တော့ ဟိုမှာ ညှံညှံကလေး အကျိုးပေးတယ်၊ ဒါကြောင့် ဒီ ကုသိုလ်ပြုတဲ့

အခါ သန့်သန့်ရှင်းရှင်း ပြုကြစမ်းပါ၊ နောက်ဆုံး ဒီကနေ့လိုပဲ ဆွမ်းကပ်ဦးတော့ သံဃာ ၄၅မ သံဃာအား လှူပါ၏၊ သံဃာအား လှူပါ၏၊ စိတ်ကြည်နူးအောင်လို့ သံဃာများလဲပဲ ညီညီညွတ်ညွတ် တန်းစီပြီးတော့ အလှူခံကြကြ၊ အလှူရှင်များကလဲ ဒီသံဃာများကြည့်ပြီးတော့ သံဃာ ၄၅မ သံဃာအား လှူပါ၏၊ နိဗ္ဗာန ပစ္စယော ဟောတု နိဗ္ဗာန်ရဲ့ အထောက်အပံ့ ဖြစ်ပါစေ၊ အဲဒီလိုဆိုတော့ စေတနာတွေကလေ ပြန်ပေါ်နေတယ်၊ အိပ်မက်, မက်သလိုပဲ၊ ကုသိုလ် ထပ်ပြုနေရသလိုပဲ၊ ဘယ်လောက် ကောင်းတုံး၊ ဘက်လောက် ကောင်းတုံး။

အကုသိုလ်ပြုတုန်းကလဲ ဒီလိုပဲ၊ အဲ....စောစောက အကုသိုလ်တွေ ပြုထားတယ်၊ ပါဏာတိပါတာ၊ သူ့အသက် သတ်မှုတွေ လုပ်ခဲ့တယ်။ အဒိန္နာဒါန၊ သူ့ဥစ္စာ မဘထူးယူခဲ့တယ်။ မုသာဝါဒ၊ လှည့်ကာ ပတ်ကာနဲ့ ပြောခဲ့တယ်။ အဲဒီ အကုသိုလ်များက ဓသခါနိုး ထင်လာယင် ပိုတုန်းကလိုပဲ၊ စိတ်ဟာ ပိုတုန်းက ပြူဓနသလိုပဲ၊ ဖြစ်နေတယ်၊ ဘာထင်လာပါး ဆိုတော့ ကံအာရုံ ထင်လာဘယ်၊ နားလည်ပါနော်၊ ဒါ ဓသခါနိုး အဓေးကြီးတယ်ဆိုတာ၊ ကိုယ်လဲ ဓသရမယ်၊ ယခုဓသခါနိုးမှာ ဒီလိုထင်လာတဲ့ အာရုံအလိုက် ဟိုးက ဘဝမှာ ဖြစ်ရမယ်၊ ကိုယ်လဲ ပြောင်းရမှာပဲ၊ ခုနက ဓောဓောစီးစီး ကံပြုထားကထဲက အကုသိုလ်ကံတွေ နည်းနိုင်သမျှ နည်းရပါ့ကယ်။

ပုထုဇဉ်ဆိုတာ အကုသိုလ်ဓတ္တ အကုန်လုံးနည်းဓောင် ကြိုးစားတယ်လို့ ဆိုပေမယ့် အကုသိုလ်ကံ ကြိုးကြိုးပမ်းမား မရှိဓောင် ရှောင်ရပါတယ်၊ ဟို နည်းနည်းပါးပါး လောဘကလေး, နည်းနည်းပါးပါး ဓေါသကလေး, ဟာန ကလေး, ဒါကဓတော့ မကင်းနိုင်ဘူးပေါ့၊ ဒါပေမယ့် ကြိုးကြိုးမာ မား အကုသိုလ်ကတော့ မဖြစ်ဓအောင် ရှောင်ရပါတယ်၊ ပြုတဲ့ကုသိုလ်ကလဲ သန့်သန့်ရှင်းရှင်း ဖြစ်ဓအောင် ပြုရပါတယ်၊ ဘာပြုကုံး ဓောခါနိုးမှာ ထင်တတ်လို့။

ဂရုက် အကျိုးပေးချိန်။ ။ဟို ရှေးရှေး ဘဝက ဆိုတဲ့ အကြောင်း အထုက အင်မတန် နည်းပါတယ်နော်၊ ထပ်ပြီးတော့ ပြောပါမယ်။

ဒီဘာပဉ္စာ ဂရုကံ ကုသိုလ်ဘက်က စျာန်တို့ရနေတယ်၊ ဒါသူ့အကျိုးပေးကို စဉ်းစားနေဖို့ မလိုဘူး၊ ဘယ်ကံအာရုံထင်တာဖော့ ဘာတွေဘာမှ မစဉ်းစားနဲ့၊ သူတို့မှာ ဆိုင်ရာအာရုံထင်မှာ၊ အခြားအာရုံတွေ့ မပေါ်ဘူး။

အကုသိုလ်ဘက်က မိဘကိုသတ်တဲ့ ပါဏာတိပါဂမျိုး၊ ဘုရား, ရဟန္တာတို့ နှိပ်စက်ခဲ့ကာ ထားတဲ့ အကုသိုလ်မျိုး၊ သူတို့နဲ့ ဆိုင်တဲ့ကံ သူတို့နဲ့ အာရုံထင်မှာ၊ ဒီပြင် အခြားအလဲ့ မရှိနိုင်ဘူး၊ ဒီကံတွေကတော့ ဘုန်းကြီးရော ရဟန်းရှင်လူ ပရိသတ်များရော မရှိကြဘူး။

အာသန္နကံ အကျိုးပေးချိန်။ ။ဂရုကံ မရှိတော့ ဘယ်လိုကံက လာပြန်တုံး သိုတော့ အာသန္နကံ သေခါနီး ကျတော့မှ ပြုတဲ့ကံ။

သေခါနီးကျတော့မှ ပြုတဲ့ကံဆိုတာ မိမိကိုယ်တိုင် သတိရလို့ ဟိုကိစ္စ ဒီကိစ္စ ဆောင်ရွက်ပြီးဟော့ ဒါနပြုလို့, ဥပုသ်သီတင်း ဆောက်တည်လို့, ဒီလိုဖြစ်တဲ့ ဘေးက ဆွေမျာင်း မျိုးကော်င်းတွေက တိုက်တွန်းလို့မို့၊ ဒါနပြုလို့, ကုသိုလ်ပြုလို့, တရားနာလို့, ပရိတ်ခံကာတွန်နာလို့ ဒီလိုလဲဖြစ်ရဲ့၊ သေခါနီးမှာ ပြုတဲ့အာသန္နကံ၊ ဂရုကံမရှိတဲ့ ဘုန်းကြီးတို့ဘတွေမှာ အဲဒီအာသန္နကံ ထင်လာဖို့ သိပ်ခဲ့ပါဘူး၊ သိပ်အခွင့်သာတာပဲ။

အာစိဏ္ဏကံ အကျိုးပေးချိန်။ ။တခါ အာသန္နကံ မရှိဘူး၊ ဒါ ဒီဘဝကံတွေ့ နော်၊ ဒီဘဝကံတွေ့၊ အာသန္နကံ မရှိလို့ ရှိယင် တဘဝလုံး လေ့ကျင့်လာတဲ့ ဘုန်းကြီးတို့ စာတွေ့ပို့ချလို့၊ သံဃာများ ဩဝါဒပေးလို့၊ သာသနာတော်ကြီး ကောင်းအောင် ဆောင်ရွက်လို့၊ ဒါတွေဟာ အာစိဏ္ဏ အမြဲလေ့ကျက်နေတဲ့ကံတွေ့၊ လူများမလဲပဲ ဘုရားကိစ္စ နေ့တိုင်း ဆောင်ရွက်လို့၊ ဆွမ်း နေ့တိုင်းလောင်းလို့၊ ဘုရားဝတ်ပြုလို့၊ ကုသိုလ်ဇရးတွေ့ မုန်မှန်လုပ်နေတာ ရှိတယ်၊ မှန်မှန်လုပ်နေဘယ်၊ ဒါတွေ့ဟာ ဗျာစိဏ္ဏကံလို့ ခေါ်တယ်၊ အာသန္နကံ မရှိယင် သူတို့အကျိုးပေးဖို့ အခွင့်ရှိတယ်၊

မဒကောင်းတဲ့ အကုသိုလ်ကံကလဲ သူ့အသက်သတ်ပြီးတော့ အသက်မွေး နေတယ်၊ သူ့ဥစ္စာ မဟာခိုးယူပြီးတော့ အသက်ဝမွေးနေတယ်၊ သူ့သားအိမ်ထု

တော့ ပြစ်မှားနေတယ်၊ လိမ်လည်လှည့်ဖြားနေတယ်၊ ဒီလို အကုသိုလ်ကံတွေဟာ အာစိဏ္ဏကံဘွဲ့ပဲ၊ အမြဲလေ့ကျက်နေတာ၊ အဲ အာသန္နကံ အထူးမရှိလို့ရှိယင် ဒီ အာစိဏ္ဏကံက အကျိုးပေးတယ်၊ ဒါ ဒီဘဝကံပဲ ရှိသေးတယ်။

ဒီ ဂရုကံ အာသန္နကံ အာစိဏ္ဏကံ ကံသုံးကံ စလုံးဟာ ဒီဘဝ ကံချည်းပဲ ရှိသေးတယ်၊ ဓနာဂ်ဘဝရောက်ဖို့ရန် ဒီကံ ဒီကံတွေဟာ အခွင့်းကြိုးနေဉီး၊ ဒါကို ရဟန်းရှင်လူတို့ သိရပါ့မယ်၊ သိလဲ သိထိုက်ပါတယ်၊ လေ့လဲ လေ့ကျက်ရပါတယ်၊ အဲဒီသုံးမျိုး မရှိယင်တော့ ဂရုကံကြီးလဲ မရှိဘူးဆိုယင် သေခါနီး ရုတ်တရက်သေရလို့မို့၊ ကုသိုလ်ဘာမှမဖြစ်ဘူး၊ အကုသိုလ်ဖြစ်ယင်သာဖြင့်ယ်၊ သတ်ယင်း ဖြက်ယင်း တိုက်ယင်း ခိုက်ယင်းမို့လို့၊ ကုသိုလ်က တယ်မလွယ်ဘူးဆိုပါဓတော့၊ အာစိဏ္ဏကံ အမြဲလေ့ကျက်ပြီးတော့ လာပဲကံ၊ အဲဒီဟာကလဲ ပို့ပို့ပါဘူးတဲ့၊ ဟိုနား ဒီနားမှအမှတ်တမဲ့ပြုမိတဲ့ ကံကလေးတွေက သိပ်တော့ဖြင့် များလှတာယ်ဓတော့ မဟုတ်လှဘူး။

ဒီဘဝမှာ အမှတ်တမဲ့ ပြုမိတဲ့ ကံကလေးတွေက ဒုကျိုးပေးမှာပဟုတ်၊ ဟိုးရှေးရှေးဘဝက ဘဝများစွာက သံသရာကပြုလာခဲ့တဲ့ကံတွေ ဓနဉာစုံမှာ ပါနေတယ်မဟုတ်လား၊ အဲဒီကံတွေက အကျိုးပေးတတ်ပါတယ်။

နောက်ဘဝ ဓကောင်းမွန်ခြင်း။ ။ဒီတော့ နှစ်နှစ်ကာကာ ပုဏ်ဖို့က၊ တို့ဇနှုတ်ကာ ဘဝ ကောင်းဖို့အတွက် ဒီဘဝ လုံ့လကြိုး ဆင်မတန် ဒုက္ခကိုးရပါတယ်၊ ဒီဘဝကံဘွဲ့ ရှိကိုရှိမှ၊ ဟိုနာဒီနား ပြုမိတဲ့ကံနဲ့ ရှေးဘဝက ကံကလေးတွေကြောင့် ဒီဘဝဂရုကံ အာသန္နကံ [illegible] သာအခွင့်ရလာတာဖြစ်တယ်။ ဒါကြောင့် တို့ဒီဘဝကကောင်းကောင်းကြိုးစား ဓနလိုက်လို့ရှိယင်၊ ဒဲဘဝ သန့်သန့်ရှင်းရှင်းများ နေလိုက်လို့ရှိယင်၊ စိတ်ချ စိတ်ချ၊ ဟိုဘက်ဘဝမှာ ကောင်းကောင်းဘဝရဖို့ စိတ်ချတော့၊ သိပ်ဓသောချာတာပဲ့။

ကမ္မနိမိတ်ထင်လာ။ ။သိပ်ပြီးတော့ ဒါကြောင့်လို့၊ ဒီအလုပ် လုပ်တော့ ဝမ်းသာလိုက်ဘာ၊ ဒါအာရုံထင်လာပုံပြောကယ်ခန့် ကမ္မနိမိတ်ဆိုတာ ဒီကံကြွေပြုကုန်းက အာရုံကွက်ကို ကမ္မနိမိတ်လို့ ခေါ်တယ်၊

ဒီတော့—ကျောင်းဆောက်ပြီးတော့ လူလာတဲ့သူဟာ ကျောင်းကြီး အာရုံထဲထင်လာအယ်၊ ဟိုတုန်းက လူဘုန်းက ကျောင်းကြီးပဲ အာရုံထဲပေါ်လာတယ်၊ သူ့မှာလဲပဲ ဒီကိုသိုလ်စေတနာစေတ့ ထပ်ပြီးတော့ ဖြစ်တယ်၊ ဒါ ကမ္မနိမိတ်....

ဟို ရွှေးတုန်းက ပါဏာတိပါတမှုတွေနဲ့ ပြုလာ၊ သေခါနီးကျတော့ ဒီအမှုတွေ အာရုံထင်လာ၊ ဒါကမ္မနိမိတ်၊ ကံ မဟုတ်ဘူးနော်၊ ကံရဲ့အာရုံကမ္မနိမိတ်တွေ ထင်လာတယ်။

ကံကင်လာ။ ။သေခါနီးကျတော့မှ တကယ် ရွှေးတုန်းကပြုမိတဲ့ အကုသိုလ် တွေလင်လာလို့ တခုုိမျှား မေ့မြောသွားရာက ဟို ခုနက အာရုံတွေထင်လာလို့မို့၊ သူ့ကို ဂဃေသင်္ဂဒီးတွေပြောလို့၊ ဝမ်းနဲပန်းနဲ စကားတွေပြောလို့၊ မေ့မြောသွားရာက ပြန်သတိရလာ၊ အကုသိုလ်ကံတွေ ပေါ်နေလို့၊ အကုသိုလ်လုပ်ဂုန်းက အကြောင်းအရာတွေ ပေါ်နေလို့ သိပ် ဝမ်းနည်းသွားတယ်။

ဂတိနိမိတ်ထင်လာ။ ။တခုုိလဲပဲ ကုသိုလ်လုပ်တုန်းက အကြောင်းအရာတွေ ပေါ်နေလို့၊ မေ့မြောပြီးရာက သတိရ လာတော့ ဝမ်းသာသွားတယ်၊ တခုုိကျတော့ ဓဏုက်ဒယ်ဘဝက ဂတိနိမိတ်တွေ ထင်လာတယ်၊ သုံးမျိုးနော်၊ ဇဏုက်မယ်ဘာဂကဘာနေ့တုန်းကပြောတဲ့ သောဏမထေရ်ရဲ့ အဓဖ ဦးပဉ္စင်းကြီး သိပ်ဝမ်းနည်းပြီးတော့ ပထဝဓောက်မယ်ဘဝမှာ ခွေးကြီးတွေ ကိုက်စားတတ်တဲ့ ခွေးကြီးဘဝ ထင်လာတယ်၊ ဒါ ဂတိနိမိတ်၊ ဂတိ ရောက်မယ်ဘဝ လားမယ်ဘဝရဲ့၊ နိမိတ္တ-အကြောင်းအရာတွေ ထင်လာတယ်၊ အဲ ဓနောက်တခါ အရှင်သောဏက ပြုပြင်ပေးလိုက်သို့မို့ နှတ်ပြည်က နတ်သားမီးတွေ ထင်လာပြန်တယ်။

အဲဒီတော့ကာ ဒါတွေက ဂတိနိမိတ်တွေ၊ ရောက်မယ်ဘဝ ဖြစ်မယ့် ဘဝရဲ့ အကြောင်းအရာတွေ၊ လူပြန်ဖြစ်မယ့်လူများ ဓဆုက်မယ်ဘဝ ဖြစ်မယ့်ဘဝ အကြောင်းအရာတွေ ဘယ်လိုထင်တတ်သတုံး၊ အမိဝမ်းရေများ ထင်တတ်ဘယ်၊ ကိုယ်လဲ တခါမှ မမြင်ဖူးဘူး၊ မစဉ်းစားဖူးဘူး၊ မစဉ်းစားဓပမယ့် ကိုယ်က အမိဝမ်းထဲမှာ ပဋိသန္ဓေ ဓနရတော့မှာ ဖြစ်ဘော့ အမိဝမ်းရေ နီနီရဲရဲ ကလေးတွေထင်ပြီးဓတာ့ လာတတ်ပါတယ်တဲ့၊ ဂတိနိမိတ်။

အဝိဇ္ဇာ,တဏှာ, သင်္ခါရ။ ။ဒီတော့-အာရုံနိမိတ်တွေကို ဒီလို ထင်လာပြီ၊ ထင်လာတော့ကာ ဒီ သူ့ကိုယ်ရဲ့ သန္တာန်မှာ အဝိဇ္ဇာ, တဏှာက ရှိနေတော့ အဝိဇ္ဇာက ဘဝတခုလုံးရဲ့အပြစ်တွေကို ဖုံးလွှမ်းတယ်၊ ဖုံးလွှမ်းတယ်၊ ဒီတဏှာက အဲဒီဆွောက်တဲ့ဘဝကို ညှတ်နေတယ်၊ကုသိုလ်အကုသိုလ်စေတနာကအဲဒီဆွောက်မယ့်ဘဝကိုပေးဖို့ရန်သင်္ခါရအဖြစ်နဲ့ရှိနေတယ်၊ နှားလည်ပါစေနော်။

အဲဒီအခါမှာအဝိဇ္ဇာကအပြစ်ကိုဖုံးလွှမ်းထားလို့ပို့၊မကောင်းကံ၊မကောင်းအာရုံ၊ မစကောင်းတဲ့ ဘဝအကြောင်းအရာတွေ ထင်လာယင်လဲပဲ အဝိဇ္ဇာက အပြစ်ကို ဖုံးလွှမ်းထားတာဖြစ်ခဲတော့ အပြစ်မမြင်ဘူး၊ နောက်ဘဝတခု အမိဝမ်းထဲမှာ ပဋိသန္ဓေရစတော့မယ်၊ အမိဝမ်းရောထင်လာတော့လဲ အဲ....ပြစ်ကို မမြင်ဘူး၊မမြင်ရုံတင်မကဘူး၊ အဲ တဏှာကညှတ်နေတာ၊ သွားဖို့ရန်ကို စိတ်ညှတ်နေတာ၊ အဲ တဏှာညှတ်နေတာ၊သိပ်သိပ်ပြီးတော့ သေချာတာပဲ တဏှာညှတ်နေတယ်၊ အဲဒီတဏှာကို ဘဝနိကန္တိလို့ ခေါ်တယ်။

အာ၊ဟိုလေးပါ။ ငရဲကျမယ့်သူ ငရဲဆိုင်ရာ ထင်လာလဲယူမှာပဲ၊ အဝိဇ္ဇာက ဒီအာရုံကို အာရုံပြုနေတာပဲ၊ ငရဲဆိုပြီးတော့ ဓကြောက်ပြီးတော့ မယူပဲ မခနဘူး၊ မယူပဲမခနဘူး-ယူတာပဲ၊ ဟဏှာကလဲမညှက်ပဲမခနဘူး-ညှက်တာပဲ၊ ဘာဖြစ်သို့လဲ၊ဒီဘဝကအာရုံတွေ့ အကုန်လုံးကို လွှတ်ရတော့မယ်၊ ဘဝတခုလုံး လွှတ်ရဘော့မယ်၊ စွန့်ရမှာဘော့မယ်၊ စွန့်ရတော့မယ်ဆိုကော့ ဒေါက်ထပ် စွဲဘယ်လေ၊ နောက်အာရုံကို စွဲဘယ်၊ နောက်အာရုံ စွဲဘယ်၊ ဟဏှာကမကောင်းလဲ စွဲမှာပဲ၊ ကောင်းလဲ စွဲမှာပဲ။

ဥပမာ-ရေနစ်သွားတယ်၊ဘွားကနဲပေါ်လာတဲ့အချိန်မှာ ကာမဆို စွဲမှာပဲ၊ အာဂယ်ချမ်းမြား မိကျောင်းကြီးတွေလိုက်ယင် ဒီ မိကျောင်းကြီးလှမ်းဖက်မှာပဲ၊ ဘာဖြစ်သို့ဘုန်း၊ ရေနစ်နတဲ့ဒုက္ခက ရေနစ်နေတဲ့ဒုက္ခက ဓသမှာ ဇသချေနတယ်၊ အဲဒီတော့ သိပ်ကြောက်ပြီးတော့ကို ပေါ်လာတဲ့ အခါမှာ ဝါးလုံးတွေလဲ ဝါးလုံးကိုဆွဲမယ်၊ ကိုယ့်ကိုက်သတ်မယ့် မိကျောင်းတွေလဲ မိကျောင်းကြီးကို ဖက်မှာပဲ၊ အဲဒီလိုပဲ ဓသခါနီးကျတော့ ဟကောင်းကောင်းလဲ စွဲမှာပဲ၊ တဏှာ ညှတ်တာပဲ။

တခါတုန်းက-ဒီ စောစောက မီးပူဇော်တဲ့ အလေ့အထနဲ့ နေတဲ့သူ ရဿေ များရဲ့အဆုံးအမနဲ့နေတဲ့ သူတို့က မီးပူဇော်တဲ့အလုပ်ဟာ အင်မတန်မှန်မြတ်တဲ့ အလုပ်ကြီးလို့ ဆိုပြီးတော့ မီးကိုမသေအောင် ထေဒပတ်တွေထည့်တယ်၊ ထင်း ကောင်းကောင်းတွေထည့်တယ်။

မီးမသေစေနဲ့၊ မီးကိုပူဇော်တယ်ကိုး၊ အဲဒီလိုဆိုနေမျိုးနဲ့ ဒကာဟာ မီးနတ် ပူဇော်တယ်ကိုး၊ စုံးတခါနိုးကျတော့ မီးအားရုံတွေ ထင်လာတယ်၊ သူ့အနိုး အပါးမှာ သူ့ဆရာရောတွေကလဲ ရှိတယ်၊ ဆရာတို့ မီးတွေ ထင်နေတာယ်၊ ကောင်းပြီ၊မီးတွေထင်နေလို့ရှိယင် ဗြဟ္မဉ်ပြည်ရောက်တော့မှာပဲ၊ဘေးက ဆရာ တွေကပြောတော့၊ ဟိုဗြဟ္မဉ်ပြည်ဆိုတာ ဘယ်ပုံတုန်း၊ အထက်မှာလား၊ ယခု မီးတွေထင်နေတာ ဒေသာက်မှာထင်နေတယ်၊ သူတို့မပြောသာဘူး၊ မီးတွေ အောက်မှာထင်နေတယ်၊မီးတွေအောက်ကထင်ချင်ထင်ပစေ၊ ဗြဟ္မဉ်ပြည်ရောက် မှာပဲ၊ သူတို့ဒီလိုပဲအာဘင်းပြောနေယင်း သေသွားတာ ငရဲကိုရောက်တာပဲ။[1]

ဒါကြောင့်-ဒီအာရုံဟာ စွဲကိုင်ပါတယ်၊အဝိဇ္ဇာကဖုံးထားတယ်၊ တဏှာက ဘဝသစ်ကို ညွှတ်ပါတာယ်၊ ပြီးတော့ မိမိတို့ပြုထားတဲ့ ကံတွေက သင်္ခါရက အကျိုးပေးဖို့ရန် အသင့်ရှိပါတာယ်၊ ဒါကြောင့်မို့လို့ သေခါနီးမှာ စိတ်တွေ အစဉ်အတိုင်း ဘုန်းကြီးတို့ ဝိထိစိတ်တွေ ဖြစ်လာတယ်၊ ဓနာက်စုတိဆာရုံထင် လာတယ်၊အင်း....ဇော၊ ဇော၊ ဇော၊ ဇောနဲ့ မရဏာသန္နဇောဟာ ငါးကြိမ်ပဲ ဇောနိုင်ဝယ်၊ အဲဒီမှာဆုဟာယဇဝီထ်ုက အားနည်းလာပြီ၊ ဒီဇော များများမဇောနိုင်ဘူး၊ ဒီ ငါးကြိမ်လဲ ဇောပြီးရော၊ တဒါရုံ၊ စုတိ၊ စုတိဟာ ဒီဘဝရဲ့ နောက်ဆုံးစိတ်ပဲ၊ စုတိပြီးယင် ခုနက ကံဆိုတဲ့သင်္ခါရက အကျိုးပေး ယယ်၊ ပဋိသန္ဓေက ဆက်ဖြစ်ပါယ်။

ဂတိ ၅-ပျိုး။ ။ဘုန်းကြီးတို့က သိပ်သန့်ရှင်းတာပဲ၊ ရှင်းလင်းတာပဲ၊ အရေး ကြီးလိုက်တာ၊ ဟိုဘဝအတွက်ဟာ သိပ်အရေးကြီးတာပဲ၊ သိပ်အရေးကြီးဘာ၊ ဒီဓတဲ့-နောက်ဆောက်ရမယ့်ဘဝကဂတိလို့ဆိုတယ်၊ ဒီဂတိ ဟာ ငါးမျိုးရှိတယ်၊ဘုရားမပွင့်လို့ရှိယင် ဘုန်းကြီးမပြောနဲ့ ဘုန်းကြီးတို့ရှေက

၁။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၊ နှာ-၃၀၂-၃၊ (သုဘသုတ်အဖွင့်)

ပညာရှိတွေ ဘယ်နှယ်မှမသိနိုင်ပါဘူး၊မြတ်စွာဘုရားက ဟောထားတယ်၊ဂတိ ငါးမျိုးရှိတယ်၊ ဂတိဆိုဘာ ဆောက်ရမယ့်ဘဝ၊သွားရမယ့်ဘဝငါးမျိုးရှိတယ်။

နိရယဂတိ - ငရဲ၊
ပေတဂတိ-ပြိတ္တာ၊
တိရစ္ဆာနဂတိ-တိရစ္ဆာန်၊
မနုဿဂတိ-လူ၊
ဒေဝဂတိ-နတ် ဗြဟ္မာ။

သွားရမယ့်ဂတိငါးမျိုးရှိဘယ်၊ သေခါနီးထင်နေတဲ့ကံတွေအထင်ကြောင့် သွားရမယ့် ဆောက်ရမယ့်ဘဝ ငါးမျိုးထဲက တမျိုးဆောက်မှာပဲ၊ အဲဒီ အထဲမှာ အသုခကာယ် မှပါပါလား၊ဆိုတော့ အသုခကာယ်ဆိုတာပြိတ္တာအကြီးစားကိုး၊ ပြိတ္တာအကြီးစားဆိုတော့ကာ ဒီပြိတ္တာလို့ ဆိုလိုက်လို့ရှိယင်ပဲ အသုရကာယ်ဟာ ပါသွားပြီ၊ အသုရကာယ်တွေက ပိုဆင်းရဲတယ်၊ ပြိတ္တာထက် ပိုပြီးဘေးလဲ့ အကောင်အထည်ကကြီးပုံရတယ်၊ပြိတ္တာဆိုကာ တခွိုတစ်ဆေးတွေဆိုတော့ သိပ်ခဲသားမှဘားတယ်။

ပြိတ္တာဘဝ။ ။ရွှေကျင်ဆရာတော်ဘုရားကြီးဆိုတာ တရားလည်းဟာကော်မူတယ်၊ ကမ္မဋ္ဌာန်းလဲထိုင်တော်မူဘယ်၊ သုသာန်ထဲ ကြွပြီးတော့ တရားလဲ ဟောခဲတော်မူဘယ်၊ ကမ္မဋ္ဌာန်းလဲထိုင်တော်မူဘယ်၊ တခါ သုသာန်ကြွယင်း ဒီတခစ်ဆဲကလေးပြီးဘော့ အနားမှာ ကောင်းဖကောင်းတရားနာတဲ့သူရှိဘား၊ ကိုးလို့ကန့်လန့် လုပ်တဲ့သူလဲရှိဘယ်၊ အဲဒီလို လုပ်တဲ့သူလဲ ရှိတယ်၊ ခပ်လှမ်းလှမ်းကနေပြီးတော့ ညစာအံ စာပြန်ခနလိုက်ကြတဲ့ တစ္ဆေတွေလဲ ရှိဘယ်၊ ဒီဒေပမင်ဆရာတော်ကြားနေတာ၊ညစာပြန်နေလိုက်ကြတာ၊ ဘုန်းကြီးတို့ ဦးပဥ္စင်းတစ္ဆေတွေလေ၊ ဟုပြီးတော့ စာပြန်နေလိုက်ကြတာ ဒီလိုပဲရှိတယ်၊ အဲဒီနေရာက ဆရာတော်ကြီးထိုင်နေတဲ့နေရာနဲ့အနီးအပါးမှာပေါ့၊တွင်းကလေး တတွင်းကနေပြီးတော့ အားကောင်နှစ်ကောင်ထွက်လာလိုက်ဘာ၊ တွင်းကလေးက သေးသေးလေး။ ပရွက်ဆိတ်ဘွင်းလောက်ပဲရှိဘယ်၊ အဲကောင်နှစ်ကောင်ထွက်လာတော့ ခပ်ကြီးကြီး ဖြစ်နေတယ်။

တကောင်က တောင်ဘက် အစာသွားရှာတယ်၊ နောက် တကောင်က မြောက်ဘက်သွား အစာရှာတယ်၊ နောက် သူတို့နှစ်ကောင် အချိန်ကျပြန်လာ၊ ဒီတွင်းထဲ ဝင်သွားတာပဲ၊ ဒီဘယ်လောက်များ ဆန်းကြယ်နေသတုန်းဆိုတော့ ဟိုဘုန်းကြီးတို့ ကြပ်တွင်း ခေါ်တာပေါ့၊ တစ္ဆေ ပြိတ္တာကလေးတွေ၊ တစ္ဆေ ပြိတ္တာကလေးတွေ၊ အဲဒီလိုပေါ့ ဘဝသံသရာမှာ အမျိုးမျိုးတွေ နောက်ဘဝ ဖြစ်ရမှာ၊ ဒေသခါနိုး စဲ့လမ်းမှုကြောင့် အမျိုးမျိုးဖြစ်ကြတယ်။

တချို့က စဲ့လမ်းမှုရှိပဲနဲ့ ဖြစ်ကြတယ်၊ စဲ့လမ်းမှုမရှိတော့ ကံပစ်ချသလိုပဲ သွားရာဘယ်၊ စဲ့လမ်းမှုရှိတဲ့သူတွေက အိမ်အနီးအပါးမှာ ဒီလိုပဲသားသမီးလေး စဲ့လမ်းလို့၊ ပစ္စည်းကလေ စဲ့လမ်းလို့၊ ဒီ အနီးအပါးမှာ ဖြစ်ကြတယ်၊ ဒါလဲ မြန်မာက တစ္ဆေလို့ ခေါ်တာပေါ့။

အလှူခံ သိလရှိမှု။ ။အဲဒီ ဂတိငါးပါးထဲမှာ "ပေတ=ပြိတ္တာ" ပြိတ္တာဖြစ်ကြတာ၊ သူတို့ အဲဒီ ပဋိုလ်တွေက သိပ်တော်တယ်၊ ဘာပြုလို့ဘုန်းဆိုတော့ လူပြန်ဖြစ်ဖို့ရန် အင်မဘန်နီးကပ်တယ်၊ သိပ်မဆိုးလှဘူး၊ ပြိတ္တာဖြစ်နေသူတွေအတွက် ဘာလုပ်ရသလဲ၊ အမျှအတန်းဝေ ကုသိုလ်ပြု၊ ဝမ်းနည်းပန်းနည်းနဲ့ ငိုနေဖို့ မလိုဘူး၊ ကုသိုလ်ပြု အဖေတို့ အမေတို့ ဆွေတို့ မျိုးတို့ဟာဒီမှာ ကုသိုလ်ပြုပါတယ်၊ အဲဒီကုသိုလ်ပြုကြတဲ့အခါကျတော့ သတိထားဖို့ သိပ်လိုပြန်တယ်၊ ကုသိုလ်ကိုအလှူခံဘဲ့ ရဟန်းသံဃာ ဖြစ်လို့ရှိယင် သိလရှိမှု ဖြစ်တယ်။

တခါဘုန်းက ဒီက ဒကာဘယောက် ဒီလိုပဲ သူ့ဆွေမျိုး ပြိတ္တာဖြစ်နေလို့ သူလဲ သိနေတာနဲ့ ရဟန်းတပါးကို သူတို့ကိုးကွယ်နေတဲ့ ဘုန်းကြီးတပါးပင့်ပြီး အမျှဝေ မာဘူး၊ နောက်တခါ သူအိပ်မက်သလား ပူးပြောသလား မသိဘူး၊ သူ အမျှမရဘူးတဲ့၊ ဒီလိုပဲ ကုသိုလ်ပြုပြန် အမျှဝေပြန်၊ ဒီ ကိုယ်တော်ပဲ၊ အမျှဝေဘာပမရဘူး၊ နောက်တခါလဲ ဒီလိုပဲ ဒီကိုယ်တော်ပင့်ပြီး ကုသိုလ်ပြုပြန် အမျှဝေပြန်၊ ဒီတော့ သူက ပူးပြီးတော့ဘာပြောသလဲလို့ဆိုတော့ 'ငါ့အတွက် ရမယ့်ဟာကွေ့ဒုဿီလကြီးစားကုန်ပြီ' ပြောတယ်တဲ့၊ ခုနက် အမျှဝေတဲ့ ပဋိုလ်က ဒုဿီလ=သီလမရှိဘူး။

သံဃာရည်လူပါ။ ။ဒီတော့-ဘုန်းကြီးက ဝမ်းနည်းလွန်းလို့၊ ငါခါခါ အမျှ ၄ တန်း ဝေတယ်ဆိုယင် သီလရှိတာ မရှိတာ သူတို့ မစဉ်းစားဘူး၊ အဲဒီ မိမိတို့ကို ကိုးကွယ်နေတာလဲ ပေါင်းသင်းဆက်ဆံနေတာလဲ လူလို ဆက်ဆံနေကြတာ၊ အဲဒါတွေနဲ့ အမျှအတန်း ဝေတယ်၊ ဘယ်နှယ်လုပ်ပြီး အမျှရကြမတုံး၊ ဒါကြောင့်-ဟုန်းကြီးက "သံဃာ ဒေမ" သံဃာလူပါ၊ ဘုန်းကြီးကျောင်းတိုက်လာပေမယ့်၊ "သံဃာ ဒေမ" သံဃာလူပါ၊ ဟို အရပ်မှာ အဲဆိုင်ရာတောတို့ ဘာတို့သွားပြီး ကုသိုလ်ပြုလဲ၊ "သံဃာ ဒေမ" သံဃာလူပါ၊ သက်နှံးတို့ ဘာတို့ လူလဲ "သံဃာ ဒေမ" သံဃာလူပါလို့ ပြောနေရပါတယ်။

တခါတုန်းက အရှင်သာရိပုတြာရဲ့ ငါးဘဝမြောက်က မယ်တော်၊ ဒီတဘဝ နှစ်ဘဝ သုံးဘဝ လေးဘဝကမယ်တော် မဟုတ်သေးဘူး၊ ဟိုငါးဘဝမြောက်က မယ်တော် ပြီတွာ ဖြစ်နေတယ်၊ တော်တော် အစွန်အဖျားမှာ ပြီတွာဖြစ်နေတယ်၊ ပြီတွာဖြစ်နေတော့ အဲဒီ ပြီတွာက ရဟန်းတော်ကို ပြောတယ်။

"သူဟာ အရှင်သာရိပုတြာရဲ့ မယ်တော် ဖြစ်ခဲ့ဖူးပါတယ်၊ အရှင်သာရိပုတြာဆို လျှောက်ပေးကြပါ၊ ကုသိုလ်ပြုပြီးတော့ အမျှပေါလို့၊ ကုသိုလ်ပြုပြီးထား အမျှပေါလို့" လျှောက်တော့ အရှင်သာရိပုတြာ ကိုယ်တော်တိုင် ဆွမ်းခံပြီးတော့ သံဃာကိုလူ၊ သံဃာကိုလူပြီးမှ ငါးဘဝမြောက်က မယ်တော်ကို အမျှပေရပါတယ်။[၁]

သိဖို့ သိပ်ကောင်းကြတယ်နော်၊ သိဖို့ သိပ်ကောင်းကြတယ်၊ ယခု ယိုးတိုးယားတား ဖြစ်မနေကြနဲ့၊ ယခု ဘုန်းကြီး ကြားကြားနေတယ်၊ ဘယ်သူတော့ မကျတ်ဘူးတဲ့၊ အမျှအတန်းတေတယ်၊ ဖါလဲ ကျတ်တဲ့ လက္ခဏာ မရှိဘူး၊ သိပ်ဆိုးဆိုးရွားရွားကြီး ဖြစ်ခဲ့စားနေရတယ်၊ လူပဲ အမျှဝေပုံတွေ ဟုတ်ပုံမရဘူး။

ကြောက်စရာကောင်းတဲ့ စံလမ်းမှု။ ။စွဲလမ်းတယ်၊ သိပ်ကြောက်စရာ ကောင်းတာပဲ၊ သိပ် ကြောက်စရာကောင်းတာပဲ၊ ပစ္စည်းစံလမ်းလို့ ဘဝတွေမှာ ပြီတွာဖြစ်နေရတာဆိုတာ ဒီပစ္စည်းရဲ့ အစောင့်အရှောက် ဖြစ်ရတယ်ဆိုတာ စာထဲမှာလဲ ပါနေတယ်၊

၁။ ပေတဝတ္ထု၊ အဋ္ဌကထာ၊ နှာ-၇၃-၆။

ယခုလဲ တွေ့ကြုံနေရတာပဲ၊ ကြားနေရတာပဲ၊ အားလုံးကြားဖူးတယ်၊ ချဟန်းတော်တပါး သက်နှံးစဲ့လမ်းလို့ ဆက်နှံးမှာ သန်းဖြစ်နေတယ်။[၁]

ဒီစဲ့လမ်းမှုဆိုတာ အင်မတန် ကြောက်စရာကောင်းပါတယ်၊ ဘဝသံသရာမှာ မဖြစ်ဘူးလို့ မပြောနိုင်ဘူး၊ ဖြစ်နိုင်ပါတယ်၊ ဒီတော့ - ဟိုဘဝရောက်သွားပြီဆိုမှဖြင့် မကျတ်ကောဘူး၊ မကျတ်တော့ဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ကျတ်ဖို့ရန် အင်မတန် ခဲယဉ်းတယ်၊ မနေ့တုန်းကပြောဟဲ့ ရေချမ်းအမကြီးတို့လိုကတော့ လတ်လတ်ဆတ်ဆတ်ကြီး သူတော်ကောင်းကြီးကိုး၊ သားသမီးတွေ ငိုသံကြားလို့ စဲ့လမ်းပြီးတာ့ သေသွားတယ်၊ တစ္ဆေ ပြိတ္တာဖြစ်တယ်၊ သူက သူတော်ကောင်းစိတ်က မပျောက်ဘူး၊ ဒီတော့ ရက်လည်ဆွမ်းကျွေးတယ်၊ တရားလာနာတယ်၊ အမျှရတယ်၊ ခုပဲကျတ်ခတော့မှာ ဘုရားလို့ ဆိုပြီးတော့ ကျတ်သွားတာပဲ။

နှမြေးလည်ဖို့လိုပြီ။ ။ဒါနဲ့ကြောင့် ဘာသာရေး သာသနာရေး လိမ္မာဖို့ဆိုတာဟာ နည်းနည်းကလေး ပေါ့ပေါ့ကလေး မယူဆပါနဲ့၊ အင်မတန် နှမြေးလည်ဖို့ လိုအပ်ပါတယ်၊ သနားစရာတွေ့ လုပ်နေကြလို့၊ သင်းချိုင်းကုန်းမှာ အားလုံး ပုဂ္ဂိုလ်တွေဟာ သူတို့ ပင့်ရိုး ပင့်စဉ်အတိုင်း ပင့်လာကြတယ်၊ ငွေခဘွဲလဲ "တဆယ်၊နှစ်ဆယ်၊သုံးဆယ်၊" သက်စေ့လူကြတယ်၊ "လေးဆယ်၊ငါးဆယ်၊တရာ" သိပ်ပြီးတော့ စွန့်လိုက်ကြတာပဲ၊ ဒီလို စွန့်လိုက်တဲ့ အမကြောင်းကို ဘုန်းကြီးက သိပါရဲ့၊ ဒီငါးဆယ်လောက် စွန့်ရမယ့် အမျိုးအစားက ပစ္စည်းရှင်က တဆယ်လောက်သာ လူတယ်ဆိုယင် ဘေးကဝိုင်းပြီး ကဲ့ရဲ့ကြတယ်၊ အခုလေး အများကြီးကျန်ရစ်တာ၊ ခု တပါးမှ တဆယ်တဲ့၊ ဟုနာစရာ၊ တပါးဟာလဲ အလကားလိုလိုပဲ၊ တပါးငါးဆယ်လဲ အလကားလိုလိုပဲ၊ သိပ်ဂရိုးမရောက်ပါဘူး၊ ဘေးကနေ အပြစ်တင်မှာစကြောက်လို့ ငါးဆယ်ကို လုပ်ကိုလုပ်ရဟယ်၊ လုပ်ရဟယ်၊ သနားလွန်းလို့ ဘုန်းကြီးက သနားလွန်းလို့။

ဒီအထဲမှာ အခွါကိုယ်စတော်တွေက ငွေတွေကို သူ့ဘာသာသူယူသွားတာပဲ၊ ဒီက မျက်ခုံးစက်လက်နဲ့ ဘာမှမသိဘူး၊ ကုန်လိုက်တဲ့ ငွေစတွေဟာ မသက်သာ

၁။ ဓမ္မပဒအဋ္ဌကထာ၊ ဒုဿီ၊ နာ-၂၁၈-၂၂၀။ (တိသဿွေရဝတ္ထု)

ဘူး၊ ဒီတော့ ဘုန်းကြီးက အလှူဒါနတွေ ဟသုဘကိစ္စတွေ လှုန်လှုန်းတယ်နော်၊ နားမလည်လှန်းတယ်နော်လို့ ပြောချင်တယ်၊ ဘုန်းကြီးက အဲဒီလို မြင်နေပါတယ်။

တံငါသုံးယောက်။ ။တခါတုန်းကပေါ့လေ၊ တံငါသုံးယောက် ဘုန်းကြီးအလှူတော်တော့ ပြောနေကြပါ၊ ပေါ်လမ်ကိုင်ရဲ့ အနီးအပါးမှာ တံငါသုံးယောက် အဲဟူတူလုပ်နေကြတယ်၊ တနေ့တော့ ကမ်းပေါ်မှာ ရှေဆင်းတုတော်လေး တွေ့ကြရော၊ ဆင်းတုတော်လေး ငတ်တယ်ဆိုယင်ပဲ တံငါနှစ်ယောက် ဗုဒ္ဓဘာသာမဟုတ်ဘူး၊ တို့ဟာဒီ ဆင်းတုဟော်တွေ့ပြီ၊ လာ ဝေကြစို့ဆိုပြီးတော့ ဟာ မလုပ်ပါနဲ့ဆိုယင်းပဲ ဝ.ခါဝ.ညား သုံးငိုင်း သုံးခြမ်း ခြမ်းလိုက်တယ်၊ နှစ်ယောက်ကတော့ ဗုဒ္ဓဘာသာမဟုတ်လို့ သူတို့ဟာ သူတို့ ယူသွားရော၊ တယောက်က ဗုဒ္ဓဘာသာဖြစ်တော့ ဆင်းတုဝော် အခြမ်းကလေးကို ဘယ်နှယ်မှ မသုံးပါဘူး၊ မသုံးရက်ဘူး၊ သဲပုံစေတီလုပ်ပြီးတော့ သဲပုံစေတီထဲမှာ ဌာပနာပြီးရှိခိုးသွားတယ်၊ ဘုန်းကြီးက ဗုဒ္ဓဘာသာဆိုယင် ဘုန်းကြီးလိုပဲ သနားတယ်၊ ချစ်တယ်၊ ဒါနဲ့ ထုံးစံအတိုင်း နောက်တော့ အလုပ် လုပ်နေကြတာပဲ။

နောက်တော့ လေမုန်တိုင်းတွေ ဘာတွေပိတော့ ဒီလှကလေးနဲ့ သုံးယောက်သား မျောသွားတယ်၊ လှကလေးလဲ နောက်ဆုံး ပျက်ဟန်တူပါရဲ့၊ ဒီပြင်လူနှစ်ယောက် ဘယ်ဆီဘယ်ရောက်သွားတယ် မသိဘူး၊ ခုနက ဗုဒ္ဓဘာသာလူကတော့ ကမ်းနား တခုရောက်သွား၊ တောကြီးထဲမှာ ဘာမှ ပစ္စည်းဥစ္စာလူမရှိဘူး၊ ဒရောက်သွားတော့ သူဆာလွန်းလို့မို့ လှည့်ပြီးတော့ ဒီစာများ ရလို့ ရငြားနဲ့သွားတော့ ဒီဘဝက ယေား သူ့အရင် သေနှင့်တဲ့ယေားနဲ့ တွေ့ရော၊ ဟာ ဘယ်က လာတုံး၊ မင့် ဒီမှာရောက်နေသလား၊ ဟုတ်တယ် ဘယ်က လာတုံး၊ ဘယ်က လာတယ်၊ လာလာချင်းပြီးတော့ သူ့နေရာ ခေါ်သွားပြီး ထမင်းများကျွေးလို့ တမင်းများ ကောင်းကောင်းမွန်မွန်စားရပါ၀ယ်၊ ညနေကျ မိုးချုပ်တော့ တရွာလုံး "လာကြဟော့" လို့ အော်ပြီ တော့ ဝေါင်းပေါက်ကို သွားလိုက်ကြတာ၊ သူတယောက်ထဲ ရွာထဲမှာ ကျန်ရစ်နေခဲ့တယ်၊ ကြောက်လိုက်တာ ဘယ်မှလဲ မသွားဝံ့၊ ဘယ်သူမှလဲ မရှိ၊ တယောက်ထဲ။

မနက်ကျတော့ လာကြဟေ့ ဆိုပြီးတော့ ဆူဆူညံညံနဲ့ တောင်ပေါ်က ပြန်ပြီးတော့ လာကြပြန်ရော့တဲ့၊ ဒီတော့ ခုနက သူ့မိန်းမကို မင်းတို့က ဘာတွေတုန်း၊ ကျုပ်တို့က မနေ့လည်တော့ ဒီလိုပဲ ချမ်းချမ်းသာသာ နေပြီးတော့ ညကျတော့ တောင်ပေါ်က ခွေးတွေ ဒေါသး သွားခံရတယ်၊ နေ့ထိုင်း ဒီလိုပဲ၊ ငါကြောက်တယ်ကွာ မနေဝံ့ဘူးဆိုတော့ ကြောက်ယင် ရှင်သွားတော့၊ ဒီလိုပဲ ကျုပ်တို့ဖြစ်နေတယ်၊ ဟိုကျတော့ ကျုပ်ကို ဒေါသမျှဝေပါနော် ကုသိုလ်ပြုပါနော်တဲ့၊

သေကောင့်မှ ဟိုဘက်ကျတော့မှ ကုသိုလ်ဇတ္တ သိပ်လိုချင်တာ၊ သယ့်နဲ့မှလဲ မဘတ်နိုင်ပါဘူး၊ ဒီကုသိုလ်တွေဟာ လိုချင်ပေမယ့် လိုချင်ကာပဲရှိတယ်။

အကုသိုလ်တွေက တိုက်ရိုက်ခံနေရပြီလေ၊ ဒါနဲ့ ဒီဒကာလဲ ပြန်ပြီးလာ၊ ဓမ္မာလမ္ပိုင်ရောက်ပါရော၊ မော်လမ္ပိုင်ရောက်တော့ သူ မနေတတ်ဘူး၊ မနေဝံ့တော့ဘူး၊ ဘုန်းကြီး လုပ်ပါရော့တဲ့၊ သာမန်ဘုန်းကြီးမျိုး မလုပ်ဝံ့တော့ဘူး ကောင်းမကောင်းကျင့်တယ်၊ ဓကာင်းဓကောင်းကျင့်ပြီးတော့ သစ်သီးဆွမ်းတွေ၊ ဘာဓတ္ထ စားပြီးတော့ တရားကျင့်သွားတာပဲ၊ ဒီတော့ ဘုန်းကြီးက လက်တွေ့သမားတွေကသိပ်ဟုတ်တယ်၊ ဒီခုလူတွေကစာတွေ့မို့လို့ သိပ်ပြီးတော့ထိတ်ထိတ်ပျာပျာမရှိဘူး၊ ငါ ဘယ်လောက် ကြိုးစားရတော့မယ် ဆိုတာ မရှိဘူး၊ စာတွေ့မို့လို့၊ ကိုယ်တွေ့ တွေ့ရတဲ့ ဦးပဉ္စင်းကြီးမတော့ ရဟန်းပြုတယ်၊ ရဟန်းပြုတော့လဲ ဓကောင်းကောင်းကြိုး နေရမှဖြစ်မယ်၊ သစ်သီးဆွမ်းတွေ စားပြီးတော့ တရားကျင့်သွားတယ်၊ ဒါ လက်တွေ့တွေ့ သိပ်ပြီး စွမ်းတာပဲနော်၊ ဟုတ်ဘယ်၊ စာတွေ့သမားဇော်ဟာ သိပ်ပြီးတော့ ပေါ့ဘာပဲလို့၊ ဒါနဲ့ စပ်ပြီး ပြောရအုံးမယ်၊ ဘုန်းကြီးတို့ ဂဝံဘဝဆိုတဲ့ ဥစ္စာ၊ ကံ ပစ္စယလို ဖြစ်ချင်ရာ ဖြစ်သွားကြတာပဲ၊ ဆိုပါတော့ ဘုန်းကြီးတို့ ငယ်ငယ် ရှိအုံးမယ်၊ သူရိယမဂ္ဂင်းထဲမှာ ပါတယ်လား တဆင့် တဆင့် ပြောလို့ ဘုန်းကြီးလဲ မှတ်မိဓနုပါတယ်၊ အင်္ဂလန်နိုင်ငံမှာ ကာလသားကလေး နှစ်ယောက် သူတို့ ပစ္စည်းလဲ ရှိဟန်တူပါရဲ့၊ ပင်လယ်လေခံယင်း သဘော်ဓပေါ်မှာ သူတို့လိုက်နေကြာယ်၊ လိုက်ခနထုက ဗမာပြည်ကို သူတို့ စပ်မိသွားကြတယ်။

အေးကွာ တို့ဗမာပြည်သူ့ရေအာင်ဟေ့၊ ဒီ နှစ်ယောက်ကား ငနဲည်းလဲရှိဘ.ဘမို့လို့၊ ဗမာပြည်သူ့တဲ့သဘော်ဟေါ်မှာ ပြောင်းလဲပြီးတော့ ဗမာပြည်လိုက်လာတော့ နာမည်ကြီးတဲ့ ရွှေတိဂုံ ကုန်းတော်ပေါ် တက်လိုက်ယင်ပဲ တနေ့ထူမှာ ခုနက သတို့လား နှစ်ယောက်ထဲထ ဘယောက်က တနေ့ထူ ရောက်ဖော့၊ ဟာ မင်း ငါ့သားပါလားလို့ တန်ဆောင်းကြီးအတွင်းက လူတယောက်ကို၊ ဟာ-မင်းငါ့သားပါလား၊ ဒါ ငါ့တန်ဆောင်းပဲ၊ ဆင်းတုတော် အောက်မှာ ငါမြှုပ်ထားတဲ့ ပစ္စည်းတွေ ရှိတယ်လို့ ပြောပြီးတော့ နောက်ထပ်ဗမာစကား မပြောတတ်ဘူး၊ ဒီသုံးခွန်းလောက်ပဲ မင်း ငါ့သားပါလား၊ ဒါ ငါ့တန်ဆောင်းပဲ၊ ငါ့ပစ္စည်းတွေ ဆင်းတုတော် အောက်မှာရှိတယ်၊ ဒီ စကားသုံးခွန်းလောက်သာ ဗမာလို ပြောတတ်တယ်၊ နောက်လဲ ဗမာလိုမပြောတတ်တော့ဘူး၊သူပြန်ပြီးတော့ဗမာဘဝတွေးလို့ ဗမာဖြစ်ခဲ့တယ်ကိုး၊ ခုနင်က သူပြောတဲ့ဒီးတိုင်းဆင်းတုတော်အောက်ကပစ္စည်းတွေ ဖော်ကြည့်တော့လဲ သူပြောတဲ့အတိုင်း ရွှေတွေ၊ လက်ဝတ်လက်စားတွေ ငွေတွေရတယ်၊ ဒီတော့ ဟိုကလဲပဲ တို့အဖေတဲ့၊ နောက် တန်ဆောင်းအမွေခံကလည်း ဝမ်းမြောက် ဝမ်းသာ ချစ်ချစ်ခင်ခင် သူဘဂံလန်က သံယောဇဉ်တွေမရှိပဲနဲ့၊ဒီမှာပဲ သံယောဇဉ်ဖြစ်ပြီးတော့ မပြန်တော့ဘူး၊မပြန်တဲ့အပြင် ဘုန်းကြီးလုပ်ပြီးတော့ စာတွေ သိပ်တတ်တယ်၊ မဟုတ်လွဘူး။

ဃဇွေ သခ်ါရာ အနိစ္စာ၊ အနိစ္စာ ဝတ သခ်ါရာ၊ ဒီဂါထာ ရွတ်နေတာပဲ၊ သခ်ါရာ-သင်္ခါရာ-ရုပ်နာမ်ဆိုတဲ့ သခ်ါရတရားသည်။ အနိစ္စာ ဝတ၊ မမြဲကုန်စွတကား။ ဗမာပြည်က ထေသွားတယ်၊ ဘဂံလန်ရောက်သွားထယ်၊ ဗမာပြည်က သေတာ၊ ဘယ့်နှဲလုပ် အင်္ဂလန်ရောက်နိုင်တုန်းဆိုရင်တော့၊ စဲလမ်းမှုကလေးတွေက ရှိတယ်လေ၊ အင်္ဂလန်က အုပ်ချုပ်နေတယ် မဟုတ်လား၊ အင်္ဂလိပ် အုပ်ချုပ်နေတာဖြစ်တော့ အင်္ဂလိပ်ဘဏ်ကြီးစိတ်က ပါနေတာဖြစ်တော့ သေခါနီးမှာ အဲဒီစိတ်ဓာတ်ကလေးကြောင့် ဟိုမှာ အင်္ဂလန်မှာ သွားပြီး ဖြစ်တယ်၊ တခါကံအားလျော်စွာ (ကံကြောင့်)(ကံကြောင့်) ပကတ္တူပနိဿယပေါ့၊ ဒီဗမာနိုင်ငံ ပြန်ရောက်ပြီးတော့ ရဟန်းဘဝနဲ့ နေတယ်၊ အနိစ္စာ ဝတ သခ်ါရာ၊ သခ်ါရာ အနိစ္စား

ယဒါ ပညာယ ပဿတိ၊ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ သေ မဂ္ဂေါ စိသုဒ္ဓိယာ။

ဒီဟရူးဂါထာ ရွတ်ပြီးတော့ ရဟန်းဘဝနဲ့နော်၊ ရဟန်းဘဝနဲ့ပဲ ကွယ်လွန်တော့ မူရွာတယ်ဟဲ့၊ သံသရာကြီးက ရိုးတိုးရှုးတား ပေါ့ပေါ့ဆဆ ဒိလို နေလို့မဟာ့ မဖြစ်ပါဘူး၊ လက်ဝတ်သမားတွေက အင်မတန် စွမ်းကြပါတယ်၊ အင်မတန် လိုက်နာကြပါတယ်။

တိုတိုလေးပြောရအုံးမယ်လေ၊ ဘုန်းကြီးတို့ တောမိမင်းဘဝ၊ ဘုရားလောင်းရင့်မကြီးက တခါနိုတုန်းက ငရဲကျခံရတယ်၊ ငရဲကျခဲ့တဲ့ဒုက္ခကို ကြောက်လွန်းလို့ တောမိမင်းသားကလေး ဘဝကျတော့ ထီးနန်းမစံဝံ့ပါဘူး၊ ထီးဖြူကြီး မြင်ကတည်းက လန့်ပြီးတော့ နန်းစံရမှာ ကြောက်လို့ နေရပါတယ်၊ ထီးချက်စောင့်နတ်သမီးကလဲ သားရယ် ထီးနန်း မလိုချင်လို့ ရှိယင်ဖြင့် အအ့ကလေး အားယောင် ဝေါင်နေလိုက်ပါ၊ အုအ့ကို ထီးနန်း မအပ်ပါဘူး၊ ကိုယ်တို့ဘာတွေ့ မသယ်နိုင်ဖဲ့ အဆုံကလေးယောင်ဒဆောင်နေလိုက်ပါ၊ အဆုံကလေးကို ထီးနန်းမအပ်ပါဘူး၊ နားမကြား, နားထိုင်းကလေးဟန် ဓဆောင်နေလိုက်ပါ၊ နားတိုင်းကလေးကို ထီးနန်းမအပ်ပါဘူး၊ အဲဒီလို ထီးချက်စောင့်နတ်သမီး အကြုံဖန်ခွက်အရ ထုတယ်၊ ဆုံတယ်၊ နားပင်းယယ်၊ ဒီလို ဆောင်ပြီး နေလိုက်ဘာ (၁၆)နှစ်ကို ကြုံခဲ့ဘာပဲ၊ ဘာဖြစ်လို့လဲ ထီးနန်းအပ်မှာ ကြောက်လွန်းလို့၊ ထီးနန်းအပ်မှာ ကြောက်လွန်းလို့၊ ခုလူဓတ္တရာ တီးနန်းရဲ့ အပုံဘုရားမှာ ရှိတဲ့ စည်းစိမ်ကြီး(ပက်လွန်းလို့)(မက်လွန်းလို့) ဟိုမှာ ငရဲကို တိုက်ရိုက် ဖြင်လာတဲ့ ပုဂ္ဂိုလ်က ထီးနန်းစည်းစိမ်ကြီးကို လုံးလုံး မစံဝံ့ပဲနဲ့ ရှောင်တယ်။

ယခုတော့လက်တွေ့ပဟုတ်တဲ့လူဓတ္တရာက စာတွေ့လောက်ဟော့သူတို့ကအရေးမကြီးဟူးဆိုပြီး၊ ပေါ့ပေါ့ဆဆ နေလိုက်ကြတာ၊ ဘုန်းကြီးက(ဝမ်းနည်းစရာမဟောင်းလွန်းလို့)(ဝမ်းနည်းစရာ ကောင်းလွန်းလို့)၊ လူတွေဟာ စာတွေ့ကို သိပ်အရေးမကြီးဘူး၊ ဘုန်းကြီးတို့မတော့ စာတွေ့က လက်တွေ့လောက်မကလေးနက်နေလို့မို့ ဒီဘဝမှာ ဘုန်းကြီး ဘာပဲဖြစ်ရဖြစ်ရ၊ တခြားဘုန်းတော်ကြီး

တွေက ဘုန်းကြီး နေပုံထိုင်ပုံကို မကျေနပ်လို့ ဘယ်လောက်ပဲ အငြစ် ပြော ပြော၊ ဖကာ-ဒကာမတွေက သူတို့နဲ့ ဒုံဆင်မပြေလို့ ဘယ်လောက်ပဲဝေးဝေး နေ၊ လက်ရှိ သံဃာတွေက အရှင်ဘုရားရဲ့ ခေတ်မမီတဲ့ နည်းကို တပည့်တော်တို့ မလိုက်ဝံပါဘူးလို့ဆိုပြီးတော့ ထွက်သွားချင် ထွက်သွားကြ၊ တယောက်ထဲ မသေထမင်း, မသေဟင်းကလေးနဲ့ နေမယ်၊ မသေထမင်း, မသေဟင်းတောင် မရယင် သေသွားပါစေ၊ ဒီလမ်းဟာ လမ်းကောင်းပဲ၊ တရားမှန်ဟာ တရားမှန် အတိုင်းပဲဆိုတာ ဆုံးဖြတ်လို့ရပါတယ်၊ ဘာဖြစ်လို့တုန်း၊ စာဓတ္ထက(အင်မတန် သေချာနေလို့) (အင်မတန် သေချာနေလို့) လက်တွေ့ကို ဘုန်းကြီးတို့က ရဲရဲဝံ့ဝံ့ မလိုက်ဝံ့ပါဘူး၊ စာတွေ့အတိုင်း နေရဲပါတယ်၊ ခုလူတွေက စာတွေကို အရေးမကြီး၊ စာကလဲ ပိုင်ပိုင်နိုင်နိုင်က မသိတော့၊ လက်တွေ့လောက်ပဲ အရေးကြီးနေကြပါတယ်။

ဥပမာတခု ပြောပယ်၊ ဥပမာတခုဆိုတာ ဖြစ်တတ်တဲ့ ဟင်းဘာ ပြောမယ်၊ လူတယောက်၊ ဖကာ-ဒကာမတယောက်၊ သင် ဒီလို ကံငါးပါး သိလမလုံပဲနဲ့ စီးပွားဥစ္စာတွေ ရှာပြီးတော့နေ၊ ပေါ့ပေါ့ဆဆနေ၊ ၅-ပါးသီလလဲ ပလုံဘူး၊ ဒုစရိုက် ၁၀-ပါးလဲ ပေါက်ပေါက်ကျားကျားကြီးနဲ့ စိတ်မချရဘူး၊ ဒီသယင်တော့ သင်ဟာ ငရဲလဲ သွားနိုင်တယ်၊ ပြိတ္တာလဲ ဖြစ်နိုင်တယ်၊ တိရစ္ဆာန်လဲ ဖြစ်နိုင်တယ်လို ပြော၊ အနားက အဟုတ်မြင်လို့ ပြော၊ သူက ဒီးပြုံးတောင် မပျက်ဘူး၊ မနေ့တုန်းက ရုစာက ပြောတယ် မဟုတ်လား၊ ငင်းသဗီးက ပြောရတယ်၊ ရှင်ဘုရင်ကြီးက ဒီးပြုံးမပျက်ဘူး။

ဘဝသံသာရာရေးအလေးတာကြ၊ ရုစာမင်းသမီးက ငရဲလဲ ကျခဲ့ရပါတယ်၊ အဲ ဆိတ်ဘဝတွေ ဘာတွေ သင်းကွပ်ခံခဲ့ရပါတယ်၊ မိန်းမဘဝနဲ့ နတ်သမီးအဖြစ် ဖြစ်ရပါတယ်၊ ဒဲ့ ယောကျ်ားမဟုတ် မိန်းမ မဟုတ် ဖြစ်ရပါတယ်၊ ကိုယ်ဖတ္ထမို့လို့ သူကိုယ်တိုင် အဟုတ် နားလည်ခဲ့တယ်၊ အဟုတ်ကြောက်ဘတ်လို့ ပြောနေပေမယ့် ရှင်ဘုရင်ကြီးက စာတွေ့မို့လို့ အရေးကို မစိုက်ဘူး၊ အပြုံးကို မဟွက်ဘူး၊ ဒီဇတော့ လောကကြီးဟာ ဒီလိုပါပဲ၊ သင်ဟာ ဒီလိုနဲ့သာ နေလို့ရှိယင်တော့ တိရစ္ဆာန်, ပြိတ္တာ

ဖြစ်လိမ့်မယ်၊ သုစရိုက် ၁၀-ပါးမှ လုံဒအောင်မထိန်းဘူး၊ သင်ဟာ လောဘတွေ အားကြီးတယ်၊ ဒေါသတွေအားကြီးတယ်၊ မာန်မာနတွေ အားကြီးတယ်၊ မနာလိုဝန်တိုကြသာ မစ္ဆရိယတွေနဲ့ ဓသယင်ဓတာ့ ငရဲ, တိရစ္ဆာန်, ပြိတ္တာဘဝက လွတ်မှာ မဟုတ်ဘူးဆိုပေမယ့် သိပ်အရေးမကြီးပေါင်၊ စာတွေကိုး၊ "နားကြားကိုး" သိပ်အရေးမကြီးဘူး။

ကြည့်၊ ဟော အဲဒီသူကိုပဲ၊ အသင် ဒီလိုလုပ်နေတဲ့ အလုပ်ဓတွေကိုလေ စုံဓထောက်က လိုက်နေဘယ်၊ စုံထောက်က လိုက်နေလို့မို့ စုံထောက်က လိုက်ရုံတင်မကဘူး၊ အထက်မှာ စာတင်ထားပြီ၊ ဒီတိုင်းသာ သွားလို့ရှိယင် တော့ အို....ရင်တွေ ဘာတွေ ထိတ်ပြီးတော့ ကြောက်လိုက်တာမှ မလုံတော့ဘူး၊ မလုံတော့ဘူး၊ အင် ဘယ်ပြေးရမလဲ ဘာလုပ်ရမလဲ၊ တကဘည်းစုံထောက်ကလိုက်နေပြီ၊ ဖမ်းလိမ့်မယ်ဆိုဓတော့ ကြောက်လိုက်တာ၊ ငရဲကျလိမ့်မယ်ဆိုတော့ အပြုံးမပျက်ဘူး၊ စုံထောက် လိုက်နေတယ်ဆိုတော့ ကြောက်လိုက်တာ။

တခါ သင်ရဲသား, ခင်ပွန်း ဒီလိုသာဆိုယင် ငရဲကျမှာပဲဆိုလဲ ကိစ္စ မရှိပေါင်၊ သူက ဘယ်နှစ်နှစ် ပြန်ကျဓနေနော တယ်ကိစ္စမရှိပါဘူး၊ သင်ရဲသား သင်ရဲဒုနီးကို စုံထောက်ကလိုက်ဓနတယ်၊ ဖမ်းလိမ့်မယ်လို့ အခုကြားဓနတယ်၊ ဟာ ဟုတ်သလား ဒီလိုတဲ့လား၊ အဖေပြစ်ယင်လဲပဲ ဘယ်သွားနဦးမှ ဖြစ်မယ်၊ ဥပုသ်ကလေးယင်လဲ သွားစောင့်နဦးမှ ဖြစ်မယ်၊ အကို အမတွေ ဘယ်လို လုပ်ဦးမှ ဖြစ်မယ်နဲ့၊ ပျာလို့၊ ပျာလို့၊ ဒီဘဝအတွက်တော့ ကြောက်လိုက်ဘာ၊ လာမည့် ငရဲ တိရစ္ဆာန် ပြိတ္တာအတွက်တော့ ကိစ္စမရှိပါဘူး။

ဘဖန်သင့်အမေဟာလေ ငရဲ မဟုတ်ဘူးလေ၊ ပြိတ္တာဖြစ်နေတယ်၊ သင်တို့ကိုစဲပြီးဓတော့ ပြိတ္တာဘဝက မလွတ်ဘူးဆိုတော့လဲ မလွတ်လဲ ဆွမ်းလေးဘာလေး သွတ်ဦးမှာပဲဓလတဲ့၊ ပေါ့ပေါ့ကလေး၊ ပေါ့ပေါ့ကလေး၊ သင့်အမေဟာ အခု ဖမ်းထားတယ်လို့ဆိုယင် ဟိုကပ် ဒီကပ်၊ ဟိုသွား ဒီသွား၊ ဖမ်းထားတာက ဩတာလဲမဟုတ်ဘူး၊ သိလား၊ နည်းနည်းနာမည်ပျက်တယ်၊ နည်းနည်းဆင်းရဲချင်ဆင်းရဲမယ်၊ ဟိုကပ် ဒီကပ် ပိုက်ဆံတွေ ဘာတွေ ဖောက်နှံခံ၊ ဒီ ပြိတ္တာဖြစ်နေတယ်၊ ပူတယ်ဆိုတော့ အင်း ဆွမ်းကလေး ဘာလေးတော့ သွတ်လိုက်ဦးမှပဲ၊ အဲ အမျှလေးတော့ ဝေလိုက်ဦးမှပဲတဲ့၊ ပေါ့ပေါ့ကလေး။

ဘုန်းကြီးကလေ ဘယ်နှယ်ဘာတွေတုန်းလို့ တွေးမိတယ်၊ လူတွေဟာ ဘဝသံသရာအတွက် အာရုံးမကြီးဘူးလို့ ပေါ့ပေါ့ဆဆ နေကြတယ်၊ ဒီဘဝအတွက်တော့ အရေးကြီးလိုက်ကြဘာပါလားလို့ လိုက်ပြီး တကတဲ့ စစ်ရပြန်တယ်၊ ဘာဖြစ်လို့ အရေးကြီးတုန်း၊ ဒီလိုလေ တဏှာဆိုတဲ့ တွယ်တာမှုက ဒီကိုယ်သာ တွယ်ဘာတာ၊ ဒီကိုယ်ရဲ့ ပတ်ဝန်းကျင်ကိုသာ တဏှာက ရှိနေတာ၊ ဟိုဘက် ဘဝကျတော့ ကိုယ့်ကိုတောင် မတွယ်တာဘူး၊ မရောက်ဆေးတဲ့ဘဝကို မရှိမှ မရှိသေးပဲ၊ ဒီလို ဖြစ်လိမ့်မယ်ဆိုလဲ သိပ်အာရုံးမကြီးဘူး၊ အဲ မိဘ ဆွေမျိုး ဒီလို ဖြစ်နေတယ်၊ သေဘယ်ဆိုလဲ သိပ်အရေးမကြီးဘူး၊မတွယ်တာဘူး၊ဒီတော့ လူတွေဟာ သိပ်ပြီး အမြင်ကျဉ်းဘာပဲ၊ ဒါကြောင့် ဒီလူတွေဟာ ဒီလိုဖြစ်နေကြတာပဲလို့ ဘုန်းကြီးက စဉ်းစားမိတယ်။

အင်း လူတွေဟာ ဓနဉာဏ်ဘဝအဘွဲ့ကျတော့ ပေါ့ပေါ့ဆဆနဲ့၊ ဒီဘဝအတွက်ကျတော့ ကြိုးစားလိုက်ကြတာ၊ လူတွေရဲ့ အားမြှင့်အမြင် အင်မတန် နည်းနေကယ်၊ ပြောလို့ ဟောလို့လဲ သိပ်ပြီးထော့ သဘော မပေါက်ပါဘူး၊ ပြောင်းပြန်ကို ဖြစ်လို့၊ ဘုန်းကြီးကတော့ ဒီဘဝမှာ ဖြစ်ချင်တာ ဖြစ်ပစေ၊ ဒီ အခြေအနေကွေ့ ပျက်ချင် ပျက်ပစေ၊ ဘာပဲ အရေးမကြီးဘူး၊ ခဏကလေးရယ်၊ ဒကာ ဒကာမတွေ အကြည်ညိုပျက်ပစေ၊ သံဃာတွေက မိုမိုကို အလေးအစား ပျက်ပစေ၊ တယောက်ထဲ နေရမယ် ဆိုယင်လဲ ဝန်မလေးပါဘူး၊ တယောက်ထဲ တောထဲနေရမယ်ဆိုယင်လဲ ဝန်မလေးဘူး၊ ဟို ဒီပြင် တနေရာမှာ နေရမယ်ဆိုယင်လဲ ဝန်မလေးပါဘူး။

ဘုန်းကြီးတို့ကတော့ စာတွေက အင်မတန် လေးနက်နေတာကိုး၊ဒါကြောင့် လူတွေကတော့ စာတွေတို့ နားကြားတို့ကတော့ ပေါ့နေတယ်၊ လက်တွေ့ကလေးတဘဝကျတော့မှ သိပ်အရေးကြီးနေတယ် ဆိုတာ မှားတယ်၊ အဲဒါတွေ ပြန်ပြီးတော့ ကိုယ့်ဟာကိုယ် စစ်ကြနော်။

တခါ ဘုန်းကြီးတို့ လူ့ဂတိဆောက်ပါပြီ၊ နတ်ပြည်ရောက်တဲ့ သူကို ကံကဘာမှ လိုက်ပြီး ဖာထေးနေဖို့ မလိုဘူး၊ နတ်စည်းစိမ်နဲ့ နတ်ချမ်းသာနဲ့နေတာပဲ၊ ငရဲရောက်တဲ့သူ ကံက ဘယ်လိုပဲ ဆွဲလို့ ငင်လို့ မရဘူး၊ သူ့အပြစ်နဲ့သူ ခံရ

မှာပဲ၊ တိုရစ္ဆာန်ဖြစ်သွားတဲ့သူ ကံက ဘာပဲ မတတ်နိုင်ဘူး၊ သူ့ဘဝနဲ့ သူ နေရမှာပဲ။

ပြိဿာဖြောက်တဲ့သူဟာ ပြိဿာအကြီးကြီး ဖောထဲမှာ ပြိတ္တာကြီးတွေ တော ထဲမှာ မီးလောင်ခံနေရကယ်၊ အဲ ရေမသောက်ရဘူး၊ အစာ မစားရဘူး၊ အဲဒီ ပြိဿာကြောင့်ကိုလဲ ဒီက တာမှ မတတ်နိုင်ဘူး၊ အနီးအပါးမှာ တစ္ဆေလို့ဆိုတဲ့ ပြိတ္တာလောက်ကိုသာ တတ်နိုင်လို့ ဆွမ်းတို့ ဘာတို့ ကျွေးလို့ အမျှဝေလို့ ရပါတယ်။

ကဲ တခါ တဘာဝရောက်တော့ လူ့ဘဝ ရောက်ပါပြီတဲ့၊ အဲဒီ လူ့ဘဝ ရောက်တဲ့အခါမှာ လူ့ဘဝရဲ့ အကျိုးရ ပရကာတော့ ငရဲကဲ့ဒတ္တ ဘယ်နှယ်များ တတ်နိုင်ဿဘုန်းကို၊ ဒီလိုကခါလိုက်ပြီး စိစစ်စရာ ရှိပါတယ်နော်၊ ဒီတော့ ဗုဒ္ဓ မြတ်စွာက အဝ်မဘန် တိကျပါတယ်။

ကံသည် သမပတ္တိ, ဝိပတ္တိလိုက်၍ အကျိုးပေးခြင်း

ကာလောပဓိပ္ပယောဂါနံ၊ ဂတိယာ စ ယာထာရေဟံ။
သမပတ္တိဥ္စ ဝိပတ္တိဥ္စ၊ ကမ္မမာဂမ္မ ပစ္စတိ ၁။

ဒီဆောက်ဘဲ့ဘဂမှာ သမပတ္တိဘဝ ရောက်လာလို့ရှိယင် ကုသိုလ်ကံတွေ အကျိုး ပေးပယ်၊ ပါလာတာက ကုသိုလ် အကုသိုလ် အမြဲပါနေတာကိုး၊ လူတွေမှာ ဘဝမျှားစွာက လာခဲ့တာဖြစ်တော့ ကုသိုလ်တွေလဲ အပြည့်ပါနေတယ်၊ ခုတ် သတ္တိတော့၊ အကုသိုလ်တွေလဲ အပြည့်ပါနေတယ်၊ ဘုန်းကြီးမှာလဲ ကုသိုလ် အကုသိုလ်ခတ္ဒ အပြည့်ပါနေတယ်၊ ဒါပေမယ်လို့ နောက်ဘဝအတွက် ရဖို့ရာ ဒီဘဝက အခရေးကြီးတယ်ဆိုတာ ပြောခဲ့ပြီးနော်၊ ဒီဘဝက်တွေက အရေးကြီး တယ်ဆိုဘာ ပြောခဲ့ပြီနော်၊ အဲဒီ အပြည့်ပါတဲ့ ကံတွေထဲက ဒီဘဝက် အကျိုး ပေးပြီးလို့ရှိယင် ဟိုဘဝကျခတော့ ဘယ်လိုကံတွေ အကျိုးပေးတတ်ပါတုန်း၊ စိစစ်စရာ ရှိတယ်။

၁။ နာမရူပပရိစ္ဆေဒကျမ်း၊ နာ-၄၀။ ဂါထာ-၄၅၇။

ဂတိသမ္ပတ္တိ။ ။ဒီအခါမှာ သမ္ပတ္တိနဲ့ဆုံလို့ရှိယင် ကံဓကောင်းတွေ အကျိုးပေးဖို့ အခွင့်သာတာပဲ၊ ဝိပတ္တိ-အပျက်အစီးနဲ့ ဆုံလို့ရှိယင် အကုသိုလ်ကံတွေ အကျိုးပေးဖို့ အခွင့်သာတာပဲ၊ ဒီတော့ သမ္ပတ္တိ, ဝိပတ္တိက လေးပါးစီရှိတယ်၊ "ဂတိသမ္ပတ္တိ" ပထမဆုံး ဘုန်းကြီးတို့ ဂတိဆောက်သွားပြီ၊ ဂတိနေကျသွားတော့ လူ့ပြည်လို့ ဆိုပါတော့ ဒါဓကောင်းတဲ့ဂတိ၊ သမ္ပတ္တိဘဝမှာ သိပ်ဆိုးဆိုးဝါးဝါး အကုသိုလ်ကံတွေ အကျိုး မဓပေးနိုင်ပါဘူး။

ဆိုပါတော့ ငရဲသားကလာပြီးတော့ မသတ်နိုင်ဘူး၊ ထမင်း ငတ်ပြီးဓတော့ စနလောက်ဓဘောင်, ရေကို မသောက်ရပဲ နေလောက်ဓအောင်, ပြိတ္တာဘဝ မျိုးလိုကို မဖြစ်နိုင်ပါဘူး၊ ဂတိက ကောင်းတဲ့ဂတိလေ၊ အစာရေစာဆင်းရဲယင် ဆင်းရဲမှာဓပါ့၊ လုံးလုံးငတ်ပြတ်ပြီးတော့ ငရဲသားလို, ပြိတ္တာမျိုးလို, ဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ဂတိက ဓကောင်းနေတာယဲ၊ ဂတိ ဓကောင်းနေတော့ အကုသိုလ် ပေးချင်တိုင်း ဓပေးလို့ မရဘူး၊ ကုသိုလ်ကံတွေကတော့ အခွင့်ဓတာ်ဓတာ်ကို သာပါတယ်။

ကာလသမ္ပတ္တိ။ ။သို့လော်–ဂတိချည်းကဓတော့ ကောင်းကျိုး မဓပေးသေးဘူး၊ အချိန်ကာလကလဲ ရှိဓသေးတယ်။ မိမိဓရောက်နေတဲ့ ကာလက ဘယ်လို ကာလတုန်းဆိုတာကို လိုက်ပြီး စိစစ်ရဦးမယ်၊ တချို့ ကာလတွေက ကံနဲ့ အဆင်ဓပြေဘယ်၊ တချို့ကာလတွေက ကံနဲ့အဆင်မဓပြေဘူး၊ ဆိုး ဒီတော့ မိမိတို့ရောက်နေတဲ့ လူ့ဘဝ ကာလက ဆင်းရဲသားတွေကို ပေးပေးတဲ့က လဖြစ်နေယင် ဒနရှင်ဘဝနဲ့ အကျိုးရသင့်သလောက် ပရဘူး၊ ရသင့်သလောက် မရဘူးဆိုတာ အင်မတန် လိမ္မာမှ အင်မတန် နေတတ် ထိုင်တတ်ဖြ။

ဒီ ဆင်းရဲသားဓတွေကတော့ ဆင်းရဲသားဘဝနဲ့ အကျိုးဓပးမယ့်ကာလနဲ့ ဆုံနေလို့မို့, အတော်များများကြီး အခွင့်သာတယ်၊ အပြည့်ဓစုံဓတော့ မဟုတ်ပါဘူး၊ ဓကာ်တော်များများပါပဲ။

ဒီအထဲ ဂတိက သမ္ပတ္တိ၊ လူ့ဘဝ၊ ကာလက ဓနရှင်တွေအတွက် သမ္ပတ္တိဖြစ်ဓနတယ်ဆိုယင်–

ဒီမနုရှင်တွေအတွက်ကို အင်မတန် တကယ် အရင်းအနှီး များလေလေ အကျိုးရလေလေဆိုတဲ့ ကာလမျိုးနဲ့ ကြုံလာပြန်တော့လဲ မနုရှင်တွေ သိပ် အလုပ်လုပ်လို့ ကောင်းလိုက်တာ၊ နေလို့ ထိုင်လို့ ကောင်းလိုက်တာ၊ ဒီလိုဖြစ်လာပြန်ရော၊ မစဿချာဘူးနော်၊ အခြောင်းအလဲရှိပါတယ်၊ "ကာလောပမ်ပွယောဂါနံ"။

ဥပမိသမ္ဘတ္တိ။ ။ဥပမိဆိုတာ ရုပ်အဆင်း၊ ရုပ်အဆင်းလှယင် ကလေးကလေး ဖွားလာကတဲ့ကိုတ္တလှတယ်ဆိုလို့ရှိယင်ပဲ အမေ့ကလဲ စိတ်ချမ်းသာတယ်၊ အဖေ့ကလဲ စိတ်ချမ်းသာတယ်၊ ဥပမိ လှနေယင် ဘိုးဘွားဖတ္တကလဲ "ငါ့မြေး ငါ့မြေး"နဲ့ နေတာပဲ၊ ဥပမိက အရုပ်ဆိုးနေယင် အိမေမှာတော့ကာ သွေးသားမို့လို့ မချစ်ပဲ မနေနိုင်ပါဘူး၊ အဖေက နည်းနည်း အင်တင်တင်ကလေး–

တခါတခါ စိတ်ခပါက်စရာကြီး၊ "ငါ့ ကလေးမှ ဟုတ်ရဲ့လား"၊ အမယ် စိတ်ခပါက်စရာကြီး၊ စိတ်ပေါက်စရာကြီး၊ အဖေက အဖေက၊ အမေကတော့ ချစ်ရှာရပါတယ်၊ ဥပမိက ပျက်ခနဲတော့ အဖေက နည်းနည်းကလေး ရှောင်ခတော်တောင်လုပ်ပြီး, ဘိုးတို့ ဘွားဘွားကလဲ တယ်ပြီး ချီလှုပ်ရှဲလှုထယ် မဟုတ်ပါဘူး၊ ဥပမိ ရုပ်အဆင်းဟာ အဲဒီလောက် ကောင်း, မကောင်း ကွာခြားပြီးတော့ အကျိုးရတာ ကောင်း, မကောင်း ဖြစ်ပါတယ်။

ဒါကြောင့် ဘုန်းကြီးက ဒီဘဝက ကောင်းကြစမ်းပါ၊ ဒေါသမကြီးပါနဲ့၊ အရုပ်ဆိုးနေလိမ့်မယ်ဒေါ်၊ စိတ် စေတနာကလေးတွေ ကြည့်ကြည့်လင်လင် ထားကြစမ်းပါလို့ ပြောနေတာ၊ မြင်လွန်းလို့ မြင်လွန်းလို့ ပြောနေတာ၊ ဟိုဘဝမှာ အကျိုး ရ,မရ ဒီဥပမိ ရုပ်အဆင်းက လိုက်လွန်းနေလို့ ပြောနေတာ၊ နောက်တော့ ဒီဥပမိရုပ်က ကြီးလာတော့ အသက်အရွယ် ကြီးလာတယ် ဆိုယင်ပဲ ရုပ်က ချောနေပြီလေ၊ ရုပ်က ချောနေတော့ ဟိုက ဘောင်းချင်, ဒီက ရှမ်းချင်တယ်၊ အမျိုးသားကလေးပေမယ့်လို့ ဟိုက လာစပ် ဒီက လာစပ်နဲ့၊ ရုပ်က ချောတော့ အဲဒီအထဲ ပညာက တတ်နေမယ်ဆိုယင် မပြောနဲ့တော့၊ ရုပ်ကလဲ ကောင်းတယ်, ပညာကလဲ တတ်တယ်၊ အမျိုးအဆွေကလဲ

အဆင့်အတန်း ရှိမယ်ဆိုယင် မပြောနဲ့တော့၊ မပြောနဲ့တော့ အားလုံးဝိုင်းကြ ရမယ်၊ ထုံးစံပါ။

ဒါ ဘယ်သူ့အပြစ်ရယ်လို့ မဟုတ်ပါဘူး၊ လောကသဘောပါ၊ ဒီတော့ ဥပဓိက ဘယ်လောက် အားရဖွယ်ကြီးတယ်ဆိုတာ နားလည်စမ်းပါ။

တခါတုန်းက သီဟိုဠ်မှာ ဟို သူတို့က နွားသားတွေ စားဟာကို သိပ် မကြိုက်ဘူး၊ ဒီတော့ အမျိုးတမျိုးက နွားတွေ ဘာတွေ သတ်ဖြတ်ပြီးတော့ စားတယ်၊ အာကုန်လုံး တမျိုးလုံးဖမ်းတာပဲ၊ ဖမ်းပြီးတော့ ဒီ့ပြင် ကြီးကြီး မားမား အပြစ်က ပေးစရာမရှိလို့မို့ နန်းတော်ပတ်ဝန်းကျင် အင်္ကျက်ရှင်းရ မယ်၊ မြက်တွေသန့်ရှင်းရမယ်၊ အဲဒီလို ဒဏ်ပေးထားတယ်၊ အဲဒီ့ထဲက အမျိုး သမီးလေး တယောက်က လှလိုက်ဘာ၊ ရှင်ဘုရင်က မြင်းရော၊ ရှင်ဘုရင်က မြင်တော့ သူ့ကို အကျမ်းတဝင်နဲ့ နန်းတော်ထဲထားရော၊ ထားယင်း ရင်းနှီး ပြီး ဓနာက်တော့ သူက ချမ်းသာလို့၊ မိဖုရားယောလေးပေါ့လေ သူ့ကို အကြောင်းပြုပြီးတော့ သူ့ဆွေမျိုးတွေလဲ လွတ်လို့၊ မင်းဒဏ်က လွတ်လို့၊ ဒီ ဥပမိုရပ်က ဘယ်လောက် အကျိုးပေးတုန်းဆိုယင် သူဘင်္ဂဟူး၊ သူ့အမျိုး တွေပါ အပြစ်က လွတ်သွားတယ်။[၁]

ဒါကြောင့် ကာလရယ်, ဥပဓိရယ်, အဲဒါကလဲလေ ကောင်းတာ မကောင်း တာ လိုက်ပြီးတော့ ကုသိုလ်, အကုသိုလ်, အကျိုးရ, မရ ကွာခြားပါတယ် နားလည်ပါနော်။

ပယောဂသမ္ဘူတိ။ ။ဒီအထဲက ပဓယောဂက သိပ် အရေးကြီးပြန်တယ်၊ ပယောဂဆိုတာ ကိုယ်မှု, နှုတ်မှု, စိတ်မှု၊ လိုရင်းအချုပ် ကတော့ ဉာဏ်, ဝီရိယ, သတိ၊ ဒီဉာဏ်က သိရမယ်၊ ဒီကာလဟာ ဘယ်လို ကာလမျိုး၊ တို့ဘဝက ဘယ်ခလောက်သာ အကျိုးရနိုင်တဲ့ ဘဝမျိုးလို့ ဉာဏ်က သိရမယ်၊ အဲဒီ ဉာဏ်ရှိသလောက် သတိထားလိုက်ရမယ်။

အဲ ..ဒါနဲ့ ခြေချင် လက်ချင် မလုပ်နဲ့နော်၊ ကာလကြီးက သတိထား လိုက်ရမယ်၊ ခြေချင် လက်ချင် မရှိစနဲ့နော်၊ သတိကား လိုက်ရမယ်၊

၁။ သမ္မောဒဓကထာ၊ နှာ-၄၂၁-၂။

ပဋ္ဌာန်း-၁၇

အားလုံးအားလုံး သတိထားရမယ်၊ ဝိရိယနဲ့ ကြိုးစားရမယ်၊အဲဒီလို ဉာဏ်ရော, ဝိရိယရော, သတိရော ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ "ပယောဂသမ္ပတ္တိ" ပြည့်စုံတယ်၊ ပယောဂသမ္ပတ္တိ ပြည့်စုံတယ်လို့ ပြောတယ်။

အဲဒီအထဲမှာ **အသိ အလိမ္မာဉာဏ်ရ** ညံ့၊ ဗဟုသုတက မရှိ၊ သတိကကင်း၊ လုံ့လဝိရိယကဖျင်းဆိုယင် "ပယောဂဝိပတ္တိ" ဖြစ်လို့နံပါတ်(၁)အကျိုးရမယ့်ဟာတောင် မရတော့ဘူး၊ ပယောဂ ဝိပတ္တိဖြစ်နေလို့၊ အပြစ်ကျတော့ ပယောဂဝိပတ္တိမြစ်နှနဲလို့၊ အပြစ်ရမယ့်ဟာလဲ ရွှာရွှာရှုရှု အပြစ်ရသွားတယ်။

ဉာဏ်,ဝိရိယ,ပယောဂ အရေးကြီး

ဒါကြောင့် "ဉာဏ်,ဝိရိယ,သတိ,ပယောဂ" အဲဒီဟာက လိုလိုက်တာမှ သိပ်လိုတာ၊ ပြီးတော့ "ဗဟုသုတ" အဲဒီပယောဂတွေ ပြည့်စုံလို့ရှိယင် ပြည့်စုံသလောက် ကုသိုလ်ကံတွေက အကျိုးပေးတယ်၊ မပြည့်စုံလို့ရှိယင် မပြည့်စုံသလောက်, အကုသိုလ်ကံတွေက အကျိုးပေးပါဝ.ယ်၊ ဒါတွေအားလုံး ခြုံပြီးတော့ပေါ့လေ၊ စာအတိုင်း "မဃဝေဒလက်ံသစ်၊ နှာ - ၁၇၆၊ ပိုဒ် ၂၄၅-၌၊ မန်လည်ဆရာတော်ဘုရားကြီး"က—

"ကံဟူမူလ၊ သမ္မဒ္ဒတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်"

ကံဆိုတာ အရင်းအမြစ်ပဲ၊မြတ်စွာဘုရားက ကံသာကိုယ့်ဥစ္စာ၊ ကံသာကိုယ့်ဥစ္စာလို့ ဟော်တော်မူတဲ့ဟာ၊ ဒါ အရင်းခံ၊ ဒါကြောင့်လဲ မန်ကျည်းပင်ကြီးတပင်ပေါက်နေတယ်၊ ဘာပြောပြော ဒီမန်ကျည်းပင်ကြီးဟာ ဒီမန်ကျည်းစေ့မပါပဲနဲ့ မဖေါက်နိုင်ဘူး၊ မန်ကျည်းစေ့ဟာ မန်ကျည်းပင်ကြီးရဲ့ မူလအရင်းခံပဲ၊ ဒါဖြင့် မန်ကျည်းစေ့ကလေး တစေ့ထဲနဲ့ ဒီမန်ကျည်းပင်ကြီးဟာ ပြီးရောလားလို့ဆိုတော့ ဘယ်ဟုတ်မလဲ၊ ရေတွေ ဓလာင်းလိုက်ရတာ၊ မြေကာင်းမြေသန့်တွေ လိုလိုက်တာ၊ ဘေးကပယောဂတွေ ဝိုင်းကူစတဲ့မှ ဒီမန်ကျည်းပင်ကလေး ပေါက်လာတာ၊ အဲဒီပေါက်လာတဲ့အခါမှာ ဖျက်ဆီးပစ်လိုက်ယင် လွယ်လွယ်ကလေး ပျောက်ပြန်ရော။

ဒါကြောင့် မန်ကျည်းပင် တပင်ပေါက်ဖို့ရာ မန်ကျည်းစေ့ဟာ မူလဆိုပေမယ့် ဘေးကနေပြီးတော့ လုံ့လ ပယောဂတွေနဲ့ ထောက်ကူတော့မှ

ဒီမန်ကျည်းပင်ကြီးဟာ ကြီးကြီးမားမား စည်စည်ကားကား ဖြစ်တယ်၊ အဲဒါ ဘောင်မှ ဘေးက နှောင့်ယှက်လို့ အချိန်မရွေးရတယ်။

ခန္ဓာကိုယ် သစ်ပင်ကြီးဟာလဲ ကံမျိုးစေ့ကြောင့်ပဲ၊ ခန္ဓာကိုယ်သစ်ပင်ကြီး ပေါက်လာပေမယ့်လို့ ဘေးက အာဒနှောင့်အယှက်တွေက အချိန်ပရွေးရှိနိုင်တယ်၊ အဲဒါကို သတိမထားလို့ရှိယင်ဖြင့် ခန္ဓာကိုယ်သစ်ပင်ကြီးဟာ အပြီးသတ် မစည်ကားပဲနဲ့ အကိုင်းခက်တွေ အတက်တွေ ကျိုးပြီးတော့ကာ ကြွေးထဲမှာ မန်ကျည်းပင်ကြီး ပျက်စီးရသလိုပဲ၊ အသက်တန်းမကုန်ပဲနဲ့ သေနိုင်တယ်

ဒါကြောင့် ဗုဒ္ဓမြတ်စွာ အလိုတော်အတိုင်း—

"ကံဟုမူလ၊ သမ္ဘုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွါးရန်၊ ဤလူဒ္ဒဘန္ဓု၊ ဉာဏ်ဝိရိယ၊ ပယောဂတည်း"[၁]

ဒီလူ့လောကကြီးဟာ နတ်နဲ့မဘူဘူး၊ နတ်မှာ "ဉာဏ် ဝိရိယ" ကူဖို့ မလိုဘူး၊ ကူလဲ မကူနိုင်ဘူး၊ ငရဲ, ပြိတ္တာတို့က ဉာဏ်, ဝီရိယဘို့ မတိုးနိုင်ဘူး၊ သူ့အဘိုင်းသူ၊ ဒုက္ခ- ဒုက္ခပဲရှိမယ်၊ ဒီလူဘဝကိုဘဲတော့ ပယောဂက အားပြောင်းအလဲ သိပ်ရနိုင်တာပဲလို့—

"ကံဟုမူလ၊ သမ္ဘုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်"

ဥစ္စာစည်းစိမ် တိုးတက်ဖို့ရန်, အသက်ရှည်ဖို့ရန်ကဘတော့ ဉာဏ် ဝိရိယ ပယောဂတည်း။

အသိဉာဏ်က ရှိမှ၊ အသိဉာဏ်က အစားအသောက်ကိုဆင်ခြင်တတ်မှ၊ ဆင်လဲဆင်ခြင်မှ၊ ရောဂါကင်းရှင်းတယ်၊ အသက်ရှည်ဘယ်၊ ဉာဏ် ဝိရိယ ပယောဂသိပ်အားရင်းကြီးဘဝပဲ၊ ခပ်ငယ်ငယ်တုန်းကတော့ မိဘခတွေရဲ့ ပယောဂကြောင့် ကလေးဘဝကျန်းမာဘယ်၊ မကျန်းမာဘူး၊ ဒီလိုရှိတယ်၊ အဲဒါနဲ့စပ်ပြီးဓာတ်နဲ့ဆပ်ပြောမယ်။

၁။ မယ်ဓဒဝလက်ဝသ်၊ နှာ–၁၇၆၊ ပိဋ် ၂၄၅။ (ဆဋ္ဌမ)

ငယ်ငယ်တုန်းက မိဘမျာ်းက လိမ္မာလို့ ကလေးရဲ့ကျန်းမာရေးကို ဂရုစိုက်တယ်၊ ရေချို၊ မိုးချို၊ အချိန်မှန်မှန် ဂရုစိုက်တယ်၊ အဲ ဆေးကလေး ဘာလေးကျွေးတယ်၊ အစားအသောက်ကို တည်တာမှကျွေးတယ်၊ဒီကလေးဟာ ငါးနှစ်လောက်ကျတော့ ဒီပြင် ဝပါက်လွတ်ပဲစား ကြိုးပွားလာတဲ့ ငါးနှစ်ကလေးနဲ့ မတူဘူး၊ ဘာဖြစ်လို့တုန်း၊ အမေမျာ်းက ပြုပြင်ပေးလိုက်တဲ့ အတွက်ကြောင့် ဆလေးကျန်းမာတယ်ကိုး၊ ငါးနှစ်သား ကလေး၊ ဟို ငါးနှစ်သားကလေးက ချိနဲ့ရှာတယ်၊ ဘာပြုလို့တုန်း အပြုအပြင်မရှိလို့။

တခါ-ဆယ်နှစ်လောက် ရောက်ပြန်တော့ ဒီကလေးက ကျန်းမာနေတယ်၊ ဟိုကလေးတွေ့ မကျန်းမာဘူး၊ ဘာဖြစ်လို့လဲ၊ ဒီကအပြုအပြင်ရှိလို့၊ တဆယ့် ငါးနှစ်၊ အနှစ်နှစ်ဆယ်ခလောက် ကျပြန်တော့ ဒီကလေးက ကျန်းမာတယ်၊ ဟိုကလေးက မကျန်းမာဘူး၊ ဘာဖြစ်လို့တုန်း၊ အပြုအပြင်ရှိတဲ့ မိဘအပြင်သူတို့ကလည်း ပြုပြင်တတ်လို့။ အဲသလိုသွားလိုက်တာ၊ တသက်လုံး ဘဝတခုပြောင်းသည်အထိ ကျန်းကျန်းမာမာနဲ့ နေပြီးတော့ ရောဂါရှင်းရှင်းနဲ့ သွားရတယ်။

ဒီတော့ တခါထပ်စဉ်းစားစမ်းက၊ ငယ်ငယ်တုန်း ငါးနှစ်အတွင်းကံ အဖေအဓမမျာ်းကျွေးတဲ့ ဆေးဟာ ခြောက်နှစ်သားလောက်မှာ ရှိဒသးလား၊ မရှိပါဘူး၊ ဓာတ်ကို ဘုန်းကြီးက ပြောမလို့၊ အမေမျာ်းက ငါးနှစ်သားအတွင်း ကျွေးတဲ့ဆေးမျာ မရှိတော့ဘူး၊ ဒါပေမယ့်လို့ ဓာတ်ပါနေတယ်၊ကလေးလေးမှာ ပါနေတာပဲ အဲ ဆယ်နှစ်လောက်ကျတော့လဲ ငါးနှစ် ခြောက်နှစ်က ဆေးတွေမရှိပါဘူး၊ ဟိုမှာ ဓာတ်ပါနေတယ်၊ ကလေး ကလေး ကျန်းမာနေတယ်။

အသက်နှစ်ဆယ်လောက် ကျတော့ ဆယ်နှစ်လောက်က ဆေးတွေ ဘာတွေ ဘာမှ မရှိတော့ဘူး၊ ဒါပေမယ့် ဓာတ်ပါနေတယ်၊ ကလေးလေး ကျန်းမာနေတယ်၊ ဒီလိုသွားပါတယ်၊ ကုသိုလ် အကုသိုလ်မှာလဲ ဒီလိုပါပဲ၊ ပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်ဒတွေကခဏာ့ ချုပ်သွားပါပြီ၊ ပါမလာတော့ဘူး၊ မရှိဘူး၊ မရှိပေမယ့် ဓာတ်က လိုက်လာတာဖြစ်တော့ ကုသိုလ် အကုသိုလ်ရဲ့ ဓာတ်သတ္တိတွေက ပါနေတယ်၊ ဒါလေး မှတ်ထားလိုက်ပါ။

ပြီးတော့ တခုက၊ ကလေးငယ်ငယ်တုန်းက၊ ငါးနှစ်လောက်က ဟိုဘက်မှာ ပညာသင်တယ်၊ ဆရာကောင်းကောင်းနဲ့သင်တယ် ခြောက်နှစ် ခုနစ်နှင်းကျတော့ ဆရာ့ကောင်းကောင်းနဲ့ မသင်ရတဲ့သူနဲ့ကွာနေပြီ၊ ဖာတက်ချင်း ကွာသွားပြီ၊ ဘာပြုလို့တုန်း၊ ဓာတ်ခံခြင်းကွာသွားပြီ၊ ဒါတွေကိုနားလည်လို့ ဘုန်းကြီးက အခြေခံကောင်းအောင် လုပ်ကြပါ၊ ဆခြေခံ ကောင်းအောင် လုပ်ကြပါလို့ ဒါကြောင့်မို့ ပြောနေတာ၊ အခြေခံ ကောင်းလာတာနဲ့ မကောင်းလာတာနဲ့ အထက်ရောက်တော့ ဓာတ်ချင်း အင်မတန် ကွာသွားတယ်၊ကုသိုလ် အကုသိုလ် ပြုတုန်းက ဉာဏ်, ဝီရိယရှိတာနဲ့ မရှိတာနဲ့ အလိမ္မာပါတာနဲ့ မပါတာနဲ့ ဟိုဘဝ သံသရာကျတော့ ဓာတ်ချင်းသိပ်ကွာသွားတယ်။

အဲဒါကြောင့်-ဘုန်းကြီးက ဓာတ်ခံတွေ့အရေးကြီးတယ်၊ ဒီပဋ္ဌာန်းပဋ္ဌာန်းတွေပေါ့၊ ပကတ္တူပနိဿယသတ္တိနဲ့ ကျေးဇူးပြုနေပုံ တွေပေါ့၊ သိပ်အရေးကြီးတာပဲ၊ ကမ္မပစ္စယသတ္တိနဲ့ ကျေးဇူးပြုပုံတွေပေါ့၊ သိပ်အရေးကြီးတာပဲ။

"ကံဟာမူလ၊ သမ္မာဒိဋ္ဌိတို့၊ ဓမ္မာပြဿည်မှာ၊ အရှင်းသာရှင့်။ ဥစ္စာဘောဂ၊ ဇီဝိတန္ဒြင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်,ဝီရိယ၊ပယောဂတည်း။"

ဤလူ့ဘဝဟာ ဉာဏ်ရှိဖို့ သိပ်အရေးကြီးတာပဲ၊ လုံ့လဝီရိယရှိဖို့ သိပ်လိုတာပဲ၊ သတိရှိဖို့ သိပ်လိုတာပဲ။

"ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မိုးပုံအတွင်း၊ မဆင်းထိုက်စွာ"

ကာလ, ဒေသ, ပုဂ္ဂလကို နှိုင်းဆအပ်ခြင်း	အခါကာလကြည့်နော်၊အခါကာလကြည့်၊ကာလသမ္မတ်တို့ ဟုတ် မဟုတ်၊ မိမိအတွက် ကာလသမ္မတ်တို့ ဟုတ် မဟုတ် အခါကာလကြည့်ပါတဲ့၊ဒီပုဂ္ဂိုလ်နဲ့ အပေါင်းအသင်း ဆက်ဆံကြလို့မို့ မိမိအကျိုး ရှိမရှိ ပုဂ္ဂိုလ်လဲ နှိုင်းယှဉ်ပါ၊ ပုဂ္ဂိုလ်ပကတ္တူပနိဿယနဲ့ ကျေးဇူးပြုတယ် ဆိုတာ ဘုရားရှင်တို့လို ပုဂ္ဂိုလ်က ထတ္တာဝါအများကြီးအပေါ်မှာ အများကြီး ကျေးဇူးပြုတယ်။

မလီမွာတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ ခေါင်းဆောင်မှုကြောင့် အမျှားသတ္တဝါတွေမှာ ဆင်းရဲကြတယ်၊ အဲဒါကြောင့် "ကာလ ဓဒသ ပုဂ္ဂလကို နှိပ်စီးဆအပ်တုံ"၊ ဒီဒေဒဒတာဒီလိုနေလို့ဖြစ်တဲ့ ဒေသဟုတ်သလား၊ မဖြစ်ဘူးလားဆိုတာ အဲဒီဒေသကိုလဲကြည့်ပါ၊ ဒီဒေသဟာ ဒီလောက် အကျိုးပြုတဲ့ဒေသ၊ နှိုင်ငံက ဒီလောက်အကျိုးပေးနိုင်တဲ့နိုင်ငံ၊ ဒီနိုင်ငံက ဟိုလောက်အကျိုးပေးနိုင်တဲ့နိုင်ငံ၊ အဲဒီလို ကာလ ဒေသ ပုဂ္ဂလကို နှိုင်းဆပါ။

"ကံကိုယုံ၍၊ မိုးပုံအတွင်း၊ မဆင်းထိုက်စ္စာ"

ကံ ချည်းတဖက်သတ် ယုံမနေနဲ့၊ ဘဝက ပါလာတဲ့ ကံသတ္တိက နည်းနည်းကဒလ.ရှိတယ် ခုနကသစ်ပင်ကြီးတပင်ပေါက်ဖို့ရန်မှာ မျိုးစေ့ကလေးချည်းပဲယုံမနေနဲ့၊ မျိုးစေ့ရှိယင် သစ်ပင်ပေါက်မှာပဲလို့ မမျော်နဲ့၊ ဒီလိုမမျော်နဲ့၊ အာရင်းခံဘဲ့ မှန်တယ်၊ ဓရဒကောင်းကောင်း လိုတယ်၊ မြေကောင်းကောင်းလိုဘယ်၊ စိုက်ဘဲ့သူရဲ့ဥယျာဉ်မှူးဓကောင်းကောင်းလိုဘယ်၊ အဲဒီလို အကုန်လုံးကောင်းတော့မှ ဒီသစ်ပင်ဟာ စည်ကား ထွားကျိုင်းပြီးတော့ အသီးသီးတဲ့သစ်ပင်က အသီး သီးတယ်၊ အပွင့်ပွင့်တဲ့သစ်ပင်က အပွင့်ပွင့်တယ်၊ အားလုံးက ကာလ ဓဒသ ပုဂ္ဂလတွေကို နှိုင်းဆပြီးတော့မှ အကျိုးရှိပါတယ်လို့။

"ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ကံကိုယုံ၍၊ မိုးပုံအတွင်း၊ မဆင်းထိုက်စ္စာ၊ ကျားရဲရထလည်း၊ကြမ္မာအကြောင်း၊ မရိုးကောင်းဟု၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏။

အင်း-အင်း ကံကိုယုံပြီးတော့ မိုးပုံကြီးထဲမဆင်းနဲ့၊ ကံကိုယုံပြီး မိုးပုံကြီးထဲဆင်းလို့ရှိယင် မိုးလောင်မှာ သေချာတယ်၊ ကံယုံပြီးတော့ ငါအင်မတန်ကံကောင်းတာပဲဆိုပြီးတော့ မိုးပုံထဲ သွားမဆင်းလို့ကနဲ့ ဓလောင်သွားမယ်။

ကျားရဲဓနတဲ့ဓနရထရာ မသွားနဲ့၊မသွားနဲ့၊အို-ကံရှိ ဘာမှမဖြစ်ဘူး၊ကျားကလာတာနဲ့ လူခတွကိုကိုက်နေတယ်လို့ သိရဲ့သားနဲ့ သွားတယ်၊ ကျားကိုက်ခံရမှာပဲ၊ ကံကြမ္မာမကောင်းလို့ အကိုက်ခံရဘာလို့မပြောနဲ့ ကျားကိုက်ခံရမှာပဲ။

"ကျွန်းရဲ့ဆွေလည်း၊ ကြမ္မာအကြောင်း၊ မရှိကောင်းဟု၊
သူဟောင်းရွေးက၊ ဆိုကုန်ကြ၏။

လုံ့လမထူ၊ ဉာဏ်မကူပဲ၊ အယူတခြောင်း၊ ကံတရားကြောင်းမျှ၊
မကောင်းလည်းကံ၊ ကောင်းလည်းကံ၊ ကံကိုခြည်းသာ၊ မကိုးဆုတ္တူး"

အယူဘခြောင်းရဲ့စောင်းပြီး မဓမ္မာင်းတာလဲကံပါ၊ ကံမကောင်းလို့ပါ၊ ဘယ်သူတွေဘာမှမဖြစ်ဘူးလို့၊ ကံမကောင်းလို့ဖြစ်တာ၊ ကိုယ့်ကံမကောင်းလို့ဖြစ်တာ၊မဟုတ်ဘူးလေ၊ ဘယ်သူတွေက ဘယ်ဉာဏ်နဲ့, ဘယ်ဝီရိယနဲ့ ဘယ်လို ကူထောင်းမှုန်းမသိဘူး၊ ကိုယ်ကဘယ်ဉာဏ် ဘယ်ဝီရိယ ဘယ်လောက်ညံ့နေမှန်း မသိဘူး။

အဲဒါမကြောင့်ကံကိုချည်းလာပြီးမယုံပါနဲ့၊ ဉာဏ်,ဝီရိယ, ပယောဂတွေဟာ အင်မတန် အရေးကြီးပါတယ်။

"လုံ့လမထူ၊ ဉာဏ်ကူပဲ၊ အယူတခြောင်း၊ ကံတရားကြောင်းမျှ၊
မဓမ္မာင်းလည်းကံ၊ ကောင်းလည်းကံပဲ၊ ကံကိုခြည်းသာ မကိုးရာဘူး
ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်"

ဉာဏ်ယှဉ်လုံ့လကူ။ ။ဉာဏ်ပညာနဲ့ ရှောင်ကြဉ်ဝန် ရှောင်ကြဉ်ရတယ်၊တိမ်း တန်တိမ်းရတယ်၊လုပ်ပဲနေတန်နေရတယ်၊အဲဒီလိုပေါ့ လေ၊ ဉာဏ်ပညာနဲ့ရှုပြီးတော့ အပြုလုံ့လက သိပ်အရေးကြီးတာပဲ။

"တံငါက်တွင်း ရောက်လျှင်းတုံ့ငြား သုံးကောင်ငါးကို
မှတ်သားဝမ်းထဲ၊ နည်းယူစွဲလေ့။"

ငါးသုံးကောင် တံငါလက်တွင် ရောက်သွားတာ၊ ဥပမာသဘောပဲ၊ ငါးတကောင်ကတော့ ကံပါပဲ၊ တံငါလက်တွင်း လှေပေါ်မှာတော့ ရောက်နေပြီ၊ တံငါလက်တွင်းရောက်ပြီ၊ ကံပေါ့လေ၊ ကံ့ရှိ လွတ်လိမ့်မပေါ့။

ငါးတကောင်ကစတော့ လုံ့လဝီရိယ အရေးကြီးတယ်၊ တံငါလက်တွင်း လျှေထဲခေတာ့ ရောက်နေပြီ၊ လုံ့လဝီရိယအရေးကြီးတယ်ဆိုပြီး သူက စွပ်ကနဲ စွပ်ကနဲ ခုန် ခုန် ကြည့်တယ်၊ လုံ့လဝီရိယအရေးကြီးတယ်၊ ခုန်နေတာ သူ လျှေပေါ် ကျော်သွားနိုင်မလားလို့၊ ခုန်ခုန်ကြည့်နေတယ်၊ တံငါက တယ်ဆော့တဲ့ငါးဟဆိုပြီး တက်နဲ့ချလိုက်တာ သေရော၊ ဝီရိယသမာ၊ ဝီရိယသမာ။

ကံသမားက ကံရှိလွတ်လိမ့်မပေါ့၊ဝီရိယသမားတော့သေသွားပြီ၊ကံသမားက ကံရှိလွတ်လိမ့်မဲပေါ့၊ ကံရှိ လွတ်လိမ့်မယ်ဟေ့၊ ဉာဏ်သမားကတော့ကွာ နေဦးကွာ၊ အခါအခွင့်ကြည့်ရမှာပဲ၊ နေဦးကွာ၊ အခါအခွင့် ကြည့်ရမှာပဲ၊ ကမ်းနားရောက်တော့ လှေသမားက ခပ်ပေါ့ပေါ့ကလေးနဲ့ လှေကလေး စောင်းနင်းမိဘာနဲ့ ခုန်ချလိုက်တာ လွတ်သွားရော၊ ဉာဏ်သမားက ဉာဏ်လဲရှိတယ်နော်၊ ခုန်ချတဲ့ဝီရိယလဲရှိတယ်နော်၊ လွတ်လောက်တဲ့ ကံလဲရှိတယ်နော်၊ ကံလဲရှိတယ်၊ ဉာဏ်လဲရှိတယ်၊ ဝီရိယလဲရှိတယ်၊ လွတ်သွားရော၊ ကံဖြစ်သလို ပေါ့ဆိုတဲ့ ငါးကတော့ ကုန်းပေါ်ရောက်သွားရော၊ သူမလွတ်ဘူး၊ ချက်စား ခံရလိုက်ဘာပဲရှိတော့တယ်။

အဲဒါကြောင့်—

"တံငါ့လက်တွင်း၊ ရောက်လျှင်းတုံငြား၊ သုံးကောင်ငါးကို၊
မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့။"

ကံလဲရှိရတယ်၊ ဉာဏ်လဲရှိရတယ်၊ ဝီရိယလဲရှိရတယ်။

"မှတ်သားဝမ်းထဲ၊ နည်းယူစွဲလော့၊ ကံမဲ့ဉာဏ်နုံ့၊ မလုံ့မလ၊ နတ်မဆဘူး"

နတ်မ့မမ။ ။ကံကလည်း ညံ့သေး၊ ကံကလည်း မဲ့သေးတယ်၊ ဉာဏ်ကလဲ ညံ့သေးတယ်၊ လုံ့လဝီရိယလဲ မရှိဘူးတဲ့၊ အဲဒါကတော့ နတ်တောင် မမဘူးတဲ့၊ နတ်က မ-ချင်ပါတယ်၊ ကံမရှိတဲ့သူ သွားမ၊ နတ်နာမည်ပျက်မှာပေါ့၊ သူအကျိုးရမှာ မဟုတ်ဘူး၊ ကံမရှိတဲ့သူ နတ်က မမပါဘူးတဲ့၊ ဉာဏ်· ဝီရိယမရှိတဲ့သူ နတ် မှမပါဘူးတဲ့။

ဟို မြားသုံးစင်၊ လိုရာရတယ်ဆိုတာ လူတိုင်း သိနေကြတာပဲ၊ အဲဒီမြား သုံးစင်းပေးလိုက်မိတာ ဇာမှ သူဇာကျိုးမရတာ၊ နဂိုအတိုင်း နဂိုအတိုင်း ပြန်ဖြစ်တာပါပဲ၊ ဒါကြောင့်—

"ကံမဲ့ ဉာဏ်နဲ့၊ မလုံမလ၊ နတ် မ မဘူး၊ အလသမျိုး၊ အကျိုး ယွင်းယို၊ အလိုရော့ရည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံလ၊ နတ်လည်းမ၍၊ တောင့်တကြံရာ၊ မြန်မကြာလျှင်၊ လွယ်ကာကိစ္စ၊ ပြီးနိုင်ကြ၏၊"

လူကလည်း လုံလပြုပါတဲ့၊ ဉာဏ်လဲရှိပါတဲ့၊ နတ် မပါလိမ့်မယ်တဲ့။

"အန္ဓဗာလ၊ လူ့ ထိုမျှတို့၊ ကမ္မဝိဂိုယ၊ မယုံကြဘူး"

လူပြိန်း, လူအ။ ။မျှားစွာသော လူပြိန်းတွေကလေ ကံ, ဉာဏ်, ဝိဂိုယ မယုံဘူးတဲ့။

"သီဇမဟော၊ ပရဇမသ္ဘာ၊ ပြဟ္မာ ဗိဿနိုး၊ ကမ္ဘာဇိုးနှင့်"

ဗိဿနိုး နတ်မင်းကြီးက ဖန်ဆင်းလိုက်တာ၊ တို့ကို ဒီလိုနေရမယ်၊ဒီလို ထိုင်ရမယ်၊ ဒီလိုဖြစ်ရမယ်၊ ဒါတွေအကုန်လုံး ဗိဿနိုးနတ်မင်းကြီးက ဖန်ဆင်း လိုက်တာ။

"တန်ခိုးကြီးမား၊နတ်ဘုရားတို့၊ပေးစားဖန်ဆင်း၊ ဖြစ်တုံလျှင်းဟု"

ဘယ်သူနဲ့ဘယ်သူ ရတယ်ဆိုတာလဲ အဲဒီနတ် ဖူးစာနတ်က ဖန်ဆင်းပေး လိုက်တာ၊ သိဝနတ်က ဖန်ဆင်းဓနတာ၊ ဖူးစာဇာတိုင်းပေါ့ဟော။

ဘယ်ဟုတ်မလဲ၊ ဉာဏ်, ဝိဂိုယနဲ့ သွားနေတာ၊ အကုန်လုံး ဖန်ဆင်းတဲ့သူ ချည်း ယုံကြည်နေတယ်တဲ့၊ လူပြိန်းတွေ လူအတွေပါ။

"အန္ဓဗာလ၊ လူ့ထိုမျှတို့၊ ကမ္မ ဝိဂိုယ၊ မယုံကြဘူး၊ သီဇမဟော၊ ပရမေသ္ဘာ၊ ပြဟ္မာဗိဿနိုး ကမ္ဘာစိုးနှင့်၊ တန်ခိုးကြီးမား၊နတ်ဘုရားတို့၊ ပေးစားဖန်ဆင်း၊ ဖြစ်တုံလျှင်းဟု၊ ချုတ်ယွင်းသမျှ၊ ဆာမှားရှုသည်၊ တောင်သူ့ယူလေ့ ယူလာတည်း။"

သာဓု.....သာဓု..... သာဓု။

ဘာသာခြားလဲခရွးကံ့ခြင်း။ ။ဒီဘော့ တရားဟာပြီးတော့ ပြီးနိုင်တယ်၊ မနေ့က စကား ပြောကြဘယ်၊ စကား ပြောဘော့ နိုင်ငံကြီးတွေမှာ ဗုဒ္ဓဘာသာလဲမဟုတ်၊ တချို့များ သဋ္ဌေးကြီး တွေဟာလေ တမန္ဆသုံးလိုက်တဲ့ အသုံးစရိတ်ဟာ ဒီဗမာနိုင်ငံက သဋ္ဌေးတွေ တသက်လုံး စာ ရလာက် သုံးလောက်ဘယ်၊ ဗမာနိုင်ငံရဲ့ ပစ္စည်းရှိတဲ့ သဋ္ဌေး တွေနဲ့ တသက်လုံး စားလောက်ဘဲ့ စည်းစိမ်ကို တနေ့တည်းသုံးပစ်ဘာပဲ၊အဲဒါ လောက် ပေါတယ်တဲ့။

ဒါဗုဒ္ဓဘာသာ မဟုတ်ဘူးတဲ့၊ ဒီဓတော့ ဗုဒ္ဓဘာသာ နိုင်ငံဟာ အညံ့ဆုံး ဖြစ်နေတယ်၊ သီဟိုဠ်တို့ လာအိုတို့ ကမ္ဘောဒီးယားတို့ ယိုးဒယားတို့ ဗမာနိုင်ငံတို့ ဒီနိုင်ငံကလေးကော ဗုဒ္ဓဘာသာနိုင်ငံက လူတွေဟာ အညံ့ဆုံးဖြစ်နေကြတယ်တဲ့၊ ဒါဘယ့်နှယ် ဒီမိုပွာယ်တုံးတဲ့။

"ဟာ ဟုတ်တယ်"လို့ စိတ်ထဲ ဇဓဝဇဝါ ဖြစ်စရာပါပဲ၊ နိုင်ငံကြီးတွေက သဋ္ဌေးကြီးတွေ ရှေးကံပြုတုန်းက ဘယ်လိုပြုခဲ့ကြတယ်ဆိုတာ စဉ်းစားကြည့်လိုက်ပါဦးလေ၊ စဉ်းစားကြည့်ဇတော့ ရှေးကံပြုတုန်းတ သူတို့လဲ ကံရှိမှာဓပါ့၊ ဗုဒ္ဓဘာသာ မဟုတ်ဘူးတဲ့၊ အို..ဘုန်းကြီးက ဓပြောချင်လိုက်တာ၊ ဘုရား အလောင်း ပါရမီဖြည့်တုန်း ဗုဒ္ဓဘာသာအဖြစ်နဲ့ဖြည့်တဲ့ဘဝဘယ်နှစ်ဘဝများ ဓတ္တဲ့ဘူးတုန်း၊ ကဲ ဇာတ်ကြီးဆယ်ဘဲ့ကို အကြမ်းစား စဉ်းစားကြစို့။

ဓကမိမင်း ဗုဒ္ဓဘာသာဘဝ မဟုတ်ဘူး၊ ဘုန်းကြီးမရှိဘူး၊ တေမိမင်း၊ မဟာဇနကမင်း-ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ သူတို့ကသိုလ်တွေ သူတို့ပြုသွားတာပဲ၊ ဇနကမင်းကလဲ ကုသိုလ်တွေပြုသွားတာပဲ၊ ဗုဒ္ဓဘာသာမဟုတ်ဘူး၊ တေမိမင်း ကလဲ ကုသိုလ်ပြု၊ ဓဘာထွက်တရားကျင့်၊ စျာန်တွေရ၊ ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ သုဝဏ္ဏသျှ တောထဲမှာ ဓမတ္တာနဲ့ ဓနရှာဘာ၊ ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ မိဘလဲ ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ အဲ နေမိမင်းကြီး၊ တနေ့က ပြောလိုက်တဲ့ နာဓရဖြဟ္မာမင်းကြီး ဗုဒ္ဓဘာသာ မဟုတ်ဘူး၊ အကုန်လုံး ပေါ့လေ၊ ဝေဿန္တရာမင်း ကိုကြည့်ပါ၊ ဗုဒ္ဓဘာသာ ဟုတ်ရဲ့လား၊ ဘယ် ဘုန်းကြီးက တရားဟောတုံး၊ သူက ရသွေ့တွေ အလှူဓပေးနေတာပဲ၊ဘယ်သူ ကမှ တရားလာမဟောဘူး။

လူတိုင်း ကုသိုလ်ပြုတတ်ခြင်း။ ။ဒီတော့ကာ လူတွေက ဗုဒ္ဓဘာသာတွေမှ ကုသိုလ်ပြုတတ်တယ်၊ ဗုဒ္ဓဘာသာမဟုတ်ယင် မပြုတတ်ဘူးဆိုဓာ့ ဘုရားလောင်း ပါရမီဖြည့်တာတွေဟာ ဗုဒ္ဓဘာသာ မဟုတ်တဲ့ ဘဝချည်းမျှားတယ်၊ ဘုရားအလောင်း လေးသခေါ်နှင့် ကမ္ဘာ တသိန်းထဲမှာ နှစ်ကျိပ်လေးဆူပဲ ဘုရားဖွင့်တယ်၊ ဗုဒ္ဓဘာသာဆိုတဲ့ ဘာသာ ၂၄-ခါသာ ပေါ်ခဲ့ဘယ်၊ ကျန်တဲ့အချိန်တွေ ဗုဒ္ဓဘာသာခေတ်ကိုမဟုတ်ဘူး၊ အဲဒီဆတောအတွင်းမှာ ဘုရားအလောင်းတွေ ပါရမီဖြည့်တော်မူလိုက်ကြတာ၊ ဒီတော့ ဒီအချက်လေးကို ပထမဆုံး နားလည်ပါစေ။

ဒီတော့ကာ ဟို ခုနက သင်္ခေးကြီးတွေ ဗုဒ္ဓဘာသာမဟုတ်ပေမယ့် သူတို့လဲ သူတို့နည်း သူတို့ဟန်နဲ့၊ အင်း လှန်ခဲ့တဲ့ ဖြစ်လေထုဘဝတုန်းက ကုသိုလ်တွေ ဖြစ်မှာပေါ့၊ သေခါနီးကျတော့ နိမိတ်ထင်မှာပေါ့၊ နိမိတ်တွေ ထင်ကဲ့အခါ ကျတော့ အမျိုးမျိုးသောက်ကြောင့် တချို့က ခုနက ပေါမျှားတဲ့ နိုင်ငံမှာ သွားပြီးတော့ ပဋိသန္ဓေနေကြမယ်၊ ဟိုအဖေက သင်္ခေးလေ အဖေက သင်္ခေးလေ၊ သူတို့ကျတော့ သင်္ခေး၊ ဘာပြောစရာ ရှိတုံး ဗုဒ္ဓဘာသာနဲ့ ဘာဆိုင်တုံး၊ ဗုဒ္ဓဘာသာနဲ့ ဘာမှ မဆိုင်ဘူး၊ အဖေက သင်္ခေးနဲ့ အမေက သင်္ခေးနဲ့ သာ ဆိုင်တယ်၊ နိုင်ငံကြီးနဲ့သာ ဆိုင်တယ်၊ အဲဒါနဲ့ သူတို့ သုံးလို့မကုန်အောင် ပေါကြွယ်တယ်။

သုံးလို့ကို ပကုန်နိုင်အောင် ပေါတော့ကာ လူတွေက သုံးခွဲညီးပစ်နေ သလားဆိုတော့ သုံးလို့ကို မကုန်နိုင်တော့ ဆေးရုံပေါ့ တည်ဆောက်ကြ တယ်၊ (ကံက ကံက ကံက) ဆေးရုံတွေ တည်ဆောက်ကြတယ်၊ သူတို့ကြောင့် ကြောင့် ဆင်းရဲတဲ့သူတွေ ကျန်းမာ ချမ်းသာစေချင်လို့က်တာ၊ "ဇော်တွာ ကရဏာ" ကြီးမားလို့က်တာ၊ (ကံက ကံက ကံက) စာသင်ကျောင်းဟာ တကထဲ ထူးထူးခြားခြား သင်နိုင်အောင်လို့မို့ စာသင်ကျောင်းတွေ ထောက်ပံ့ ပေးနေတယ်၊ မရှိဆင်းရဲတဲ့သူတွေ ကြက်ခြေနီအသင်းဆိုပြီး တကထဲ ငွေတွေ ထည့်ပြီးတော့ ထောက်ပံ့ပေးနေကြတယ်၊ ဆေးရုံတွေဆောက်တယ်၊ စာသင် ကျောင်းတွေတည်တယ်၊ မရှိဆင်းရဲတဲ့သူတွေ နိုင်ငံတွေကို ကြီးပွားအောင်ကို ထောက်ပံ့ပေးနေတယ်၊ နဲတဲ့သတ္တိတွေလား၊ နဲတဲ့ ကံတွေလား။

ဒီလူတွေက ရွှေကို တက်ကြဦးမယ်၊ ရွှေကို တိုးကြပါဦးမယ်၊ အကယ်၍ များ "အဝိုမေတ္တေယျ" မြတ်စွာဘုရား လက်ထက်မှာ သူတို့က လူ့အဖြစ်နဲ့ ဆိုလို့ရှိယင် ဘုရားဆီ ရောက်ကြပါဦးမယ်၊ ဘုရားဆီ ရောက်တဲ့အခါကျတော့ သစ္စာ ၄-ပါးတရားကို နာကြရဦးမယ်။

ဒီလူတွေ ဒီဉာဏ်ရှိတဲ့ လူတွေ နာတော့ကာ ကျက်တန်းဝင်ချင်လဲ ဝင်သွားမယ်၊ ဒါမှမဟုတ် နောက် ဘုရားလက်ထက် ကျတော်တန်းဝင်ဖို့ရန် အထောက်အပံ့ ကောင်းကောင်းကြီး ရသွားကြပါလိမ့်မယ်၊ ဒါ့ကြောင့် ဗုဒ္ဓဘာသာဆိုပြီးတော့ စိတ်ကြီး ဝင်မှနေကြပါနဲ့၊ ကောင်းကောင်းနေကြဖို့ အရေးကြီးပါတယ်၊ ဗုဒ္ဓဘာသာ ဆိုပြီးတော့ အာမုတ်ထမဲ့ နေယင်တော့ တခြားလူတွေက ဘုန်းကြီးတို့အပေါ်မှာ ကျော်ပြီးယင်း ကျော်ယင်း သွားကြပါလိမ့်မယ်။

နိုင်ငံငယ်ငယ်ကလေးတွေမှာ ဗုဒ္ဓဘာသာ ဖြစ်နေတာကတော့ နိုင်ငံငယ် ကလေးတွေက စားစရာတွေရှိတယ်၊ စားစရာလေးတွေ ရှိတယ်၊ ပြီးတော့ ဘုန်းကြီးတွေက စားစရာကို မှီပြီးမတော့ ဘုန်းကြီးတွေ ဖြစ်ရတယ်၊ အဲဒီ ဘုန်းကြီးတွေက ဟောပြောပြီးတော့မှ သူတို့က အသိဉာဏ်တွေ ရင့်ကျက်ပြီးတော့လာခဲ့တယ်။

ရှင်အရဟံကျော်ဌး။ ။နဂိုတုံန်းက မြန်မာနိုင်ငံရဲ့ အသိဉာဏ်ဟာ လှမ်း ပြီးတော့ကြည့်စမ်း "အရည်းကြီး"တွေ လက်ခံပြီး နေကထဲကိုက ဗမာနိုင်ငံ ဘယ်လောက်ညံ့နေတုံး၊ အရည်းကြီးတွေကို လက်ခံ ရမှာ မဟုတ်ဘူး၊ အရည်းကြီးတွေကို မောင်းထုတ်ရမှာ၊ အဲဒါကို ရှင်ဘုရင် နှင့်တကွ အရည်းကြီးတွေ လက်ခံလာကထဲကိုက ဗမာနိုင်ငံရဲ့ အသိဉာဏ်က ဘယ်လောက်ညံ့နေတုံး၊ "ရှင်အရဟံ"ဆာ မလာလို့ရှိယင် ဗမာနိုင်ငံကသိတဲ့ အသိဉာဏ် ညံ့ပါတယ်၊ "ရှင်အရဟံ" ကြွလာပြီးတော့ ဗုဒ္ဓတရားတော်တွေ ပါလာလို့ ဒီအခြေအနေ ဒီအရည်အချင်းတွေကို မြင်ရတာပါ၊ အကယ်၍ များ ဗုဒ္ဓဘာသာ မဖြစ်သို့ရှိယင် ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေ မပါလာ လို့ရှိယင်စတော့ ဗမာနိုင်ငံ အခုထိ သည်ထက်ညံ့ပါဦးမယ်၊ အဲဒါလေး နားလည်ကြပါ။

ဗုဒ္ဓဘာသာကို မလဲနိုင်ကြောင်း။ ။ဒါဓပမယ် ဘုန်းကြီးက ဗုဒ္ဓဘာသာဖြစ်ရ တာကနေပြီး ဘာနဲ့မှ မလဲဘူး၊ ဟိုက သင်္ဃေးစည်းစိမ်တွေနဲ့ မလဲပါဘူး၊ အဲ စားတော့ ဆင်းဆင်းရဲရဲနဲ့ စားရတာ ဟုတ်ပါတယ်၊ ပဲကြော်ဓလေးတွေနဲ့ စားနေရတောင်မှ ဟို သင်္ဃေးစည်းစိမ် ဓတွေနဲ့ မလဲပါဘူး၊ အဲ ဘုန်းကြီးတို့ တသက်သုံးတဲ့ အသုံးကို သူတို့က တနေ့ တောင် မသုံးဓလောက်သေးဘူး၊ ဒါဓပမယ့် မလဲဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ ဘုန်းကြီးတို့က "ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ်ပိ ဒုက္ခံ" မြင်နေပြီလေ၊ ပဋိသန္ဓေနေရတဲ့ဒုက္ခ၊ ကြားနေပြီလေ၊ ကြားနေပြီလေ၊ သံနေ ပြီဓလ၊ အိုရတဲ့ဒုက္ခ နာရတဲ့ဒုက္ခ ဒါတွေသိနေပြီလေ။

သူတို့က မသိ တသိ၊ သိလဲ အာရုံးမကြီးဘူး၊ ဒုက္ခမဖြစ်အောင် သူတို့က ကြိုးစားဓပးနေတယ်ဓလေ၊ ချစ်တဲ့သူဓတွနဲ့ ကဲ့ပြီးဓနရတဲ့ ဒုက္ခ၊ မုန်းတဲ့သူဓတွ နဲ့ အဘူနေရတဲ့ ဒုက္ခ၊ ဘုန်းကြီးတို့က ဒါတွေဓတွးပြီးတော့ သတိရဘော့ သံသရာကြီးထဲမှာ ကြာရှည်နေလို့ မကောင်းဘူးလို့ ငြီးငွေ့နေတဲ့ ဉာဏ်ကလေး ရလာတာက သူတို့ထက် မဆာဘူးလား၊ သူတို့ ဘယ်ဓတော့မှ တသက်လုံး ဒီဉာဏ်မျိုး မဖြစ်ဘူး၊ ဘုန်းကြီးတို့က မကြာခဏ ဖြစ်ဘယ်၊ ဒီဉာဏ်က သာလာပြီဓနော်။

ငရဲ တိရစ္ဆာန် ပြိတ္တာ ရှိဘယ်လို့ဆိုတာကို ဗုဒ္ဓမြတ်စွာ ဟောတော်မူတယ်၊ ယုဇ္ဈိယုဇ္ဈာတွေနဲ့ စဉ်းစားကြတယ်၊ ဟုတ်တယ် ရှိထိုက်ဘယ်၊ တိရစ္ဆာန်ဓတွ့ ဆိုတာ ရှိထိုက်ဘယ်၊ သူ့ကံကြောင့် သူဖြစ်လာတာ၊ ဒါတွေ့ ဘုန်းကြီးတို့က ယုံကြည်တယ်၊ သူတို့က မယုံကြည်ဘူး၊ ငရဲရှိဘယ် ဆိုတာကို သူတို့က မယုံ ကြည်ဘူး၊ ယခု တစ္ဆေတို့ ဘာတို့ နဲနဲဓလး ယုံလာကြပြီ၊ ယုံတာပဲ ယောင်ယောင်ဝါးဝါးနဲ့၊ ဘာတွေမှန်း မသိဘူး၊ ခုထိ စာတွေ့ရေးကြပြီ၊ ဖတ်ကြပြီ၊ တခစ္ဆတွေ ရှိနေပြီ၊ သူတို့ဆွေဆွေတွေ မျိုးတွေ တခစ္ဆဖြစ်ဘာလဲ သူတို့ စာဖတ် ရပြီ။

ဒါလဲ ဘာတွေကြီး၊ ခုမှ ဘာတွေတုံး ရှိသေးတယ်၊ သူတို့က ကကြီး ခခွေး ရှိသေးတယ်၊ ဒီနေ့ထိမှာ ဘုန်းကြီးတို့က မင်္ဂလသုတ်တွေ ရွတ်ကုန်ပြီ၊ ဒီဆာသီကျတော့ မင်္ဂလသုတ်ဓတွေ ရွတ်ကုန်ပြီ၊ ပဋ္ဌာန်းတွေ ရွတ်လာပြီ

ဒီအသိကျတော့ သူတို့ဟာ ခုမှ ကကြီးခခွေးရှိသေးတယ်၊ အံမယ် ဒီလိုက်လာမှာ ဒီလိုက်လာမှ မဒသပါနဲ့စောင့်နေ၊ ဘုန်းကြီးတို့ကစောင့်နေချင်တာ၊ လိုက်လာမှာ၊ ဘုန်းကြီးနောက် လိုက်လာမှာ၊ ဒါတွေ့ လိုက်လာလိမ့်မယ်၊ သူတို့က ကကြီးခခွေး၊ တစ္ဆေရှိဘယ်၊ တစ္ဆေရှိဘယ်၊ သေသွား ဟိုဘက်ဘဝမှာ၊ အင်းပြောနေတဲ့ဓနောက် ကကြီးရေးကတို့ နဲနဲတက်လာပြီ၊ နဲနဲတက်လာပြီ၊ ဒီက ပဋ္ဌာန်းရောက်နေပြီ၊ ဒီက ပဋ္ဌာန်းရောက်နေပြီ၊ အဲဒီမှာ ဘုန်းကြီးတို့က သူတို့နဲ့ ကွာသွားပြီ။

တခါ ကုသိုလ်ပြုတဲ့အခါကျတော့ နိဗ္ဗာန်က ရှိနေပြီလေ၊ နိဗ္ဗာန်ရှိနေတော့ သူတို့က ဓဆေးရုံကြီးတွေ့ဆောက်ဘယ်၊ "နိဗ္ဗာန ပစ္စယော" မပါဘူး ကံတော်ကံငြား ဘုရားနဲ့ နောက်ထပ်တွေ့ရအုံးမယ်၊ ဘုန်းကြီးတို့က ဆွမ်းကလေး လောင်းဘာဒတင် မနက်က "နိဗ္ဗာနပစ္စယော ဓဟတု" နော်၊ နိဗ္ဗာန်ကို မှန်းနော်၊ နိဗ္ဗာန်ကိုမှန်းနော်၊ နိဗ္ဗာန်ဆိုတဲ့ဟာ ဘုရားပရိနိဗ္ဗာန် စံတော်မူတဲ့ နိဗ္ဗာန်၊ အရှင်သာရိပုတြာ, အရှင် ဓမဂ္ဂလာန်တို့ ပရိနိဗ္ဗာန် စံတော်မူတဲ့ နိဗ္ဗာန်၊ တို့လဲအဲဒီနိဗ္ဗာန်ကို နောက်ဆုံးရောက်ရမယ်လို့ ဒါဓလား သိထားတယ်။

သူတို့ အဲဒီလို မသိဘူး၊ သူတို့ မကြားဖူးဘူး၊ ခု သူတို့ ဒီလိုမသိဘူး၊ သူတို့က နေ့တိုင်း သုံးချင်တာ သုံးနေလေ၊ အကောင်း စားချင်တာ စားနေလေ၊ ဒီ အသိမျိုး မသိဘူး၊ ဘုန်းကြီးတို့က နိဗ္ဗာန်ကိုလဲ သိနေတယ်၊ နိဗ္ဗာန်ရောက်ရပါလို့ရဲ့၊ နိဗ္ဗာန်ကို မျက်ခမှောက် ပြုရပါလို့ရဲ့၊ "နိဗ္ဗာနပစ္စယော ဟောတု၊ နိဗ္ဗာနပစ္စယော ဟောတု" ဘုန်းကြီးတို့က အဆင့်အတန်းတွေ့ သိပ်ပြီး မြင့်တာပဲ၊ ဒီမြင့်တဲ့ အဆင့်အတန်းကို ဘုန်းကြီးတို့က ထပ်ပြီးတော့ ကိုယ်ဘိုင် တာဏယ် ပီပီသသ သူတော်ကောင်းဖြစ်အောင် ကြိုးစား၊ အကုသိုလ်ဓတ္ထရောင်ပြီးဟော့ ဒီလို နေနိုင်ကြလို့ရှိယင် သူတို့လို မသုံးနိုင်ဓပမယ်လို့ သူတို့လို မစားနိုင်ဒပမယ်လို့ တရားအသိဉာဏ် ရနေဓတော့ သူတို့ထက် အရင်ပဲ နိဗ္ဗာန်ကိုမြင်မယ့် ပုဂ္ဂိုလ်ဒဋ္ဌ ဖြစ်လို့မို့ ဝမ်းမြောက်စရာကြီး အင်မတန်ကောင်းပါဘယ်၊ ဒါကြောင့် ပဋ္ဌာန်းတရားတော်နဲ့စပ်ပြီးတော့ သိစရာတွေ အများကြီး သိလာကြပြီလေ။

အဲဒီ သီဘာကို အဓိကြောင်းပြုပြီးတဲ့ သကာလ မိမိတို့ကိုယ်တိုင် စိတ်နေ စိတ်ထားတွေကို ပြုပြင်ပြီးတဲ့သကာလ၊ ဝိရိယရှိရှိနဲ့ နေနိုင်မှာ ကြိုးစား ကြပါ။

နာနာပဝကာရဒ္ဌာနာနိ၊ ဖောဓိတာဓနတ္ထ မုနိနာ။
အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အာနန္ဒ ဂေါစရံ။

ဒီတော့၊ ဤအနန္တနယ သမန္တပဋ္ဌာန်းကျမ်းဂန်ကြီးဟာ၊ မုနိနာ၊ မုနိသူတ် တင် ဘုရားရှင်သည်၊ နာနာပဝကာရဒ္ဌာနာနိ၊ ဟေတု, အာရမ္မဏ ဟသည်မျှား စွာ အခြင်းအရာတို့ကို၊ ဖောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သ ဖြင့် ဦးစွာကျန် သိပြီးမှလျှင် မျှားလှဝေနေ သိစေတော်မူခဲ့မလေပြီ၊ အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်ဒအာဂင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော် မူသော။ တံ အနန္တနယ ပဋ္ဌာနံ၊ မြာ မြောင်ပေါတာ နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ တသက်တခါ ကြုံခဲ့ စွာဖြင့် ကြုံလာသည့်မိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိုးကန်တော့ပါ၏ ဘုရား။

သာဓု.....သာဓု.....သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

ဒသမနေ့

၁၃၃၅-ခု၊ တန်ခူးလဆုတ် ၁-ရက်။ ၁၉၇၃-ခု၊ ဧပြီလ ၁၈-ရက်၊ (ဗုဒ္ဓဟူးနေ့)

၁၅။ အာဟာရပစ္စယော (အာဟာရပစ္စည်း)

အာဟာရပစ္စယော တရားတော်မျှားကလဲ ခဲ့ဖွယ်ပြီးဘော့ ကြည့်ပြီဆိုလို ရှိယင် သူ့အခန်းနဲ့ သူ့အခန်းနဲ့၊ သိစရာတွေ့ မျှားလွန်းလို့ မပြီးနိုင်ဘူး၊ ဒါမေမယ့် အင်း ...နေက တဖြေးဖြေး ပူလာတယ်၊ ဒီတော့ မပြီးလို့မဖြစ်ဘော့ ဘူး၊ ရက်နည်းနည်းကလေး စိုအောင်ခြောပြီးယင်တော့ တော်မှဖြစ်မယ်။

အာဟာရပစ္စယောတိ—

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

ကဗဠီကာရော၊ ထမင်းလုက်, ဟင်းလုတ် စသည်တို့ဦးပါသော။ အာဟာရော၊ အဆီ သြဇာ ဟူသော အာဟာရသည်၊ ဣမဿ ကာယဿ၊ ဤခန္ဓာကိုယ် ကာယ ရုပ်အပေါင်းအား။ အာဟာရပစ္စယေန၊ အာဟာရပစ္စယ သတ်တ်ဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဖောဘိ၊ ဖြစ်၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရာ၊ အာဟာရတို့သည်။ သမ္ပယုတ္တကာနံ၊ သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအာဟာရဟူသော ဖြစ်ကြောင်းရှိကုန်သော။ ရူပါနဉ္စ၊ ရုပ်တရားတို့အား လည်းကောင်း။ အာဟာရပစ္စယေန၊ အာဟာရပစ္စယ သတ်တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

အာဟာရ ၂-မျိုး။ ။အာဟာရ နှစ်မျိုးရှိတယ်၊ "ရုပ်အာဟာရ, နာမ်အာဟာရ"၊ ရုပ်အာဟာရကလဲ ဒီ ခန္ဓာကိုယ်ကြီးကို ကျေးဇူးပြုပြီးတော့ နေတယ်၊ နာမ်အာဟာရကလဲ စိတ်ဓာတသိုက်တွေကို ကျေးဇူးပြုပြီးတော့နေတယ်၊ အာဟာရလို့ ဆိုတဲ့အကိုင်း အစာသစ်ဘာမျိုးကို၊ ရုပ်အာဟာရကျဘော့ တကယ့်ကို အစာပါပဲ၊ ဒီအာဟာရပစ္စည်းကို ရှေးဆရာတော်များက ပြိုမယ့်အိမ်ကို ထောက်ထားဟဲ့ ကျားသစ်ဘာမျိုး၊ ကျားနဲ့ ဥပမာတူတယ်လို့ ဒီမိုးပွာယ်ပြောကြတယ်။

ဓထောက်ကျားပမာ။ ။အိမ်ကြီးထဲကထောက်ကန်ထားတဲ့ကျားမရှိယင်ပြိုတော့မယ်၊ အဲ....ခန္ဓာကိုယ်မှာလဲခုနက ရုပ်အာဟာရလို့ဆိုတဲ့ အစာအာဟာရ ထောက်ကျားမရှိယင် မတည်နိုင်ပါဘူး၊ ယခု ဒီနေ့အခါမှာပဲ အစာနည်းနည်း နဲ့ဓနပြီဆို ဘားလျော့ အားနည်းလာကြတယ်၊ စားဖြစ်အောင် ကြံဖန်ပြီးတော့ စားကြရတယ်။

ဘုန်းကြီးတို့လို့ ဥပုသ်သည်တို့လို ဆိုတာက ညနေစာ မစားရတာကလေးနာဘယ်၊ သာပြီးတော့ ရောဂဲတယ်၊ ရုပ်ခန္ဓာကြီးဟာ ရောဂါတွေကာဒီဟာကို မနက်အစာကလေး ဘာကလေ၊ စားပြီးတော့မှ နည်းနည်း တောင့်တောင့်တင်းတင်း ဖြစ်လာတယ်၊ တောင့်တောင့်တင်းတင်းဖြစ်လာတော့ကာဒီဘကိုယ်လုံး တောင့်တောင့်တင်းတင်းဖြစ်လာတယ်၊ အုံသြစရာ အုံသြစရာ၊ စားလိုက်ဘာကစာ့ ဒီအစားအစာတမျိုးထဲရယ်၊ ဟကယ်ဆိုးတော့ ဘစာနှင့် ဆိုင်ရာ ရုပ်တမျိုးသာ တောင့်တင်းဖို့ကောင်းတယ်၊ မဟုတ်ဘူး၊ ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် ဖြစ်ကဲ့ရုပ်တွဟာ အကုန်လုံး တောင့်တင်းလာတယ်၊ ဒီအာဟာရက ကျေးဇူးပြုလိုက်တာ့ ဒါလက်တွေပဲ၊ ဘုန်းကြီးကိုယ်တိုင်ပဲ ထိန်းပြီးဟဲ့ နေ့ကာခါနေရတယ်။

အင်မဘန်ပူနေပြီ၊ အစာစားသော်လဲပဲ သင့်တော်သလို ဖြစ်နေတော့ကာ စားရတယ်၊ ကြံဖန်ပြီးဘာ့စားရဘယ်၊ စားလိုက်ပြီးလို့ နည်းနည်းပါးပါး အရေလေးဘာလေး ဆောက်လိုက်ပြီ ဆိုလို့ရှိယင် ယခု တရားဟောနိုင်လာက်အောင် ရှပ်ပါ တောင့်တင်းလာတယ်။

ဒါကြောင့် ရှေးဆရာတော်များကလေ....

"အာဟာရ ပစ္စယော၊ မယိမ်းမယိုင် ခိုင်စေသောအား ထောက်သည့်ကျေးဇူး နှစ်ပါးရှုပ်နာမ် သဟဇံနှင့် လေးတန်ကြောင်းအင် ရုပ်အစဉ်ကို မပြိုမကျ မလဲရအောင် ထောက်ပံ့သောဆား ကျေးဇူးများသော နာမ်အာဟာရသုံးပါး ဩဇာဟူသော ရုပ်အာဟာရပစ္စည်း တရားသည်။ ဆတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမဖန်ရာ တရားသဘောသာ ထင်ရှားရှိပေသည်ဘကား။ ဣတိ၊ ဤသို့။ ဗေဒနံ့၊ သဗ္ဗညုတာဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော် မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းတောမနာ ပဏာရိကျို့ လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု... သာဓု... သာဓု

ဒီအထဲ သိဖို့ကောင်းတာက ခန္ဓာကိုယ်ထဲမှာ ရုပ်အစဉ်တွေ ဘယ်လိုမျှး ဖြစ်နေကြလဲ၊ သိဖို့ကောင်းတယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်အစဉ်တွေ့ ဒီခန္ဓာကိုယ်ထဲမှာ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်အစဉ်ဒတွေ ဒီခန္ဓာကိုယ်ထဲမှာ၊ ဥတုကြောင့်ဖြစ်ဘဲ့ ရုပ်အစဉ်ဒတွေ ဒီခန္ဓာကိုယ်ထဲမှာ၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်အစဉ်တွေ့ ဒီခန္ဓာကိုယ်ထဲမှာ။

ဂ္ဂန္ဓကဘီလူးအဖေး [၁]။ ။ဒါကြောင့် ကံ, စိတ်, ဥတု, အာဟာရဆိုတဲ့ အကြောင်းတရား လေးပါးက ပြုပြင်ထားတဲ့ ရုပ်ခန္ဓာကြီးပဲလို့ ပြောစမှတ် ပြုနေကြတယ်၊ ဒီဟာနှင့်စပ်ပြီးတော့ စဉ်းစားစရာတခုရှိတယ်၊ "ဂ္ဂန္ဓက" ဘီလူး၊ သာမန်ဘီလူး မဟုတ်ပါဘူး၊ အသိဉာဏ်လဲ ရှိပါတယ်၊ ထိုက်တန်သလောက် တန်ခိုးလဲ ရှိပါတယ်၊ အဲဒီ "ဂ္ဂန္ဓက" ဘီလူးရဲ့ ယူဆပုံကလေးဟာ ဘုန်းကြီးတို့ လူကြီးလူကောင်းခေါ်ခေါ် ဘာခေါ်ခေါ် ဒီလိုလူတွေ အယူမှားနေပုံကလေးတွေ့ ဘုန်းကြီးတို့ အတွက် မဆန်းဘူးလို့ဆိုတာ ဖြစ်လာတယ်၊ "ဂ္ဂန္ဓက" ဘီလူးဟာ ဘီလူးညံ့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူအယူ မှားနေတယ်။

၁။ သံ၊ ၁၊ နှာ-၂၀၈။ သံ၊ ဋ္ဌ၊ ၁၊ နှာ-၂၇၄-၂၇၆။

ရွှေပဲ နှ ဇီဝဿိ ဝဒန်ဿိ ဗုဒ္ဓါ။

ဗုဒ္ဓါ၊ ဘုရားရှင်တို့က။ ရွှေပဲ၊ ရွှေပဲခန္ဓာကြီးကို။ နှ ဇီဝန်ဿိ၊ အသက် ဇီဝ အတ္တမဟုတ်ဟူ၍။ ဝဒန်ဿိ၊ ဟောပြောတော်မူကြကုန်၏ တဲ့။

ဗုဒ္ဓဘုရားရှင်တို့က ဒီ ရွှေပဲခန္ဓာကြီးမှာ အတ္တမဟုတ်ဘူး၊ အသက်ဒေကာင် ဝိညာဏ်ကောင်ဆိုတဲ့ အဓိကောင်မဟုတ်ဘူးလို့ ဟောပြောတော်မူကြတယ်တဲ့။ ဒီလိုဆိုယင်—

ကထံ နဲယံ ဝိန္ဒတိမံ သရိရံ။

အယံ၊ ကျွှေသတ္တဝါသည်။ ဣမံ သရိရံ၊ ဤခန္ဓာကိုယ်ကြီးကို။ ကထံ ဝိန္ဒတိ နု၊ အဘယ်ပုံ အဘယ်နည်းဖြင့် ရနိုင်ပါသနည်း။

ဒီဝမ်းထဲမှာ အမိဝမ်းထဲမှာနေတုန်း ဒီခန္ဓာကိုယ်ကြီး ဘယ်လို လုပ်ရမှာတုံး၊ သူကဒတာ့ အတ္တဆိုတဲ့ အကောင်က ပြုပြင်ပေးလို့ ဒီခန္ဓာကိုယ်ကြီး ဖြစ်နေထာ၊ ဒီလိုမဟုတ်ယင် ဒီခန္ဓာကိုယ်ကြီး ဘယ်လိုလုပ်ပြီး ရနိုင်မှာတုန်း။

ကုတသာ ဖဒ္ဒိယကပိဏ္ဍမေတိ။

အာဿ၊ ထိုသတ္တဝါအား။ အဒ္ဒိယကပိဏ္ဍံ၊ အရိုးအသား အဝေါင်းသည်။ ကုတော၊ အဘယ်မှ။ ဧတိ၊ ဖြစ်ပေါ်၍လာနိုင်ပါအံ့နည်း။

ဒီအတ္တက မပြုပြင်ပဲနဲ့ဆိုယင်ဓာတ် ဒီအသားတွေ၊ ဒီအရိုးတွေ ဘယ်နှယ်လုပ်ပြီး ဖြစ်ပေါ်လာမှာလဲ၊ ဒီအတ္တကလေးက ပြုပြင်ပေးနေလို့၊ ဒီအတ္တကောင်ကခလေးက အမိဝမ်းထဲမှာ ပြုပြင်ပေးနေလို့၊ ဒီအသားတွေ, ဒီအရိုးတွေ ရတာပေါ့၊ အတ္တ-မရှိပဲနဲ့ဆိုယင် ဘယ်နှယ်လုပ် ရနိုင်မှာတုန်း။

ကထံ နဲယံ သင်္ခတိ ဂစ္ဆရဿိံ။

အယံ၊ ကျွှေသတ္တဝါသည်။ ဂစ္ဆရဿိံ၊ စားလိုက်သမျှ အစာအာဟာရလျှင် မမှဉ်ချလိုက် အမိဝမ်းတိုက်၌။ ကထံ သင်္ခတိ နု၊ အဘယ်ပုံ အဘယ်နည်းဖြင့် တည်တံ့၍ နေနိုင်ပါဆနည်း။

အတ္တဆိုတဲ့ ကောင်ကလေးသာ အတ္တဆိုတဲ့ အမာခံ အကောင်ကလေးသာ မရှိဘူး ဆိုယင်တော့ ဒီ ရုပ်ခန္ဓာကိုယ်ကြီးဟာ ဘယ်နှယ်လုပ်ပြီးတော့ အမိဝမ်းထဲမှာ နေနိုင်ပါမတုန်းတဲ့၊ သူကို အယူက အတ္တဆိုတာ အမာခံအကောင် ကလေး အသက်ကောင်ကလေး ဖြစ်ဘယ်၊ ဒီအသက်ကောင်ကလေး ဒီခန္ဓာ ကိုယ်ထဲမှာ ရှိတယ်၊ အမိဝမ်းထဲမှာအတ္တဆိုတဲ့ အမာခံကောင်,အသက်ကောင် ဝိညာဏ်ကောင်မရှိဘူးဆိုယင် ဒီရုပ်ခန္ဓာကိုယ်ကြီး ဘယ်နှယ်လုပ်ပြီးတော့အမိ ဝမ်းထဲမှာ နေနိုင်ပါမတုံး။

ဘာပြုလို ဂဗ္ဘရသို့၊ စားလိုက်သမျှ အစာအာဟာရလျှင် မွှမွှချေလိုက် အမိဝမ်းတိုက်၌။ ဂဃနဏ သဇ္ဇတိ နု၊ အဘယ်ပုံ အဘယ်နည်းဖြင့် တည်တံ့၍ နေနိုင်ပါသနည်း။ ဟိုအမိဝမ်းတိုက်မှာ စာလိုက်တာ၊ ဒီက မာမာတောက် စတောက်တွေ့ စားလိုက်တာ၊ အဲဒါဖတ္ဓမ္ကြသွားတာပဲ ကြေသွားတာပဲ၊ အမိ ဝမ်းထဲမှ ဟောဒီးဟား....ဟော်တော်ကြာကြာ အစာမကြေနိုင်တဲ့ဟာအမိဝမ်းထဲမှာ ကြေသွားတာပဲ။

ဒီတော့ကာ အတ္တမဟုတ်လို့ရှိယင် ဒီရုပ်ခန္ဓာကြီးအမိဝမ်းထဲမှာ ဘယ်နှယ်မှ တည်နိုင်စရာမရှိဘူး၊ ကြေမွသွားမှာ၊ ကြေပွသွားမှာ၊ ဘာပြုလို့မတုန်း၊ ဒီငမ်း ထဲမှာ ဝမ်းမီးတွေက သန်ကြိုးရှိဘယ်၊ ဆင်းတန်ပူပြင်းတယ်၊ ဒီတော့ အတ္တ ကလေးဟာ သူ့ခန္ဓာကိုယ် တည်တံ့ဖို့အောင် ပြုပြင်ပြီးတော့နေလို့မို့၊ ဒီအတ္တ ကလေး မပျက်စီးပဲနဲ့ ခန္ဓာကိုယ် ဟောင်းအထည် ပေါ်လာပြီးတော့ သတ္တဝါတရယောက်အဖြစ်နဲ့ ရောက်လာတာပေါ့။

ဒါ နတ် ဘီလူး၊ သူ နတ်တန်ခိုးနဲ့ နက်မျက်စိနဲ့ ကြည့်ချင်လဲ ကြည့်နိုင်ပါ တယ်၊ ဒီနတ်ဘီလူးက သာမန်သူတွေထက် ပိုပြီးထက်မှာပဲ၊ ဒါပေမယ့် မှားလိုက် တာမှ ဟော်တော်ကို မှားလိုက်တယ်။

အဲဒါ သူမှားတဲ့ဟာ ဗုဒ္ဓမြတ်စွာကို လာပြီးဇတ်တော့ လျှောက်ပါတယ်၊ ကောင်းလွန်းလို့၊ ကောင်းလွန်းလို့၊ အာဟာရဇရုပ်နဲ့ စပ်ပြီးပတော့ ထည့်ပြောမှု ဖြစ်မယ်၊ ယာဒုဒေတ်ဆဒ္ဒဝန်များကလဲ သူတို့ကခဲ့စိပ်ပြီးတော့အမိဝမ်းထဲမှာပဲ ရက်ပိုင်း လပိုင်း အချိန်အမျိုးမျိုးမှာ သေကြတဲ့ သူတွေကို ခဲ့စိပ်ကြည့်ကြလို့

သိတယ်၊ အတော်များများသိတယ်၊ ဘုန်းကြီးတို့ကလဲ ဘုန်းကြီးတို့နည်းလမ်းနဲ့ သူတို့မသိခင် အခုနိုင်တုန်းကတည်းက လုပ်ပြီးတော့ ပြောနိုင်ဝယ်၊ သူတို့မြင်ဖူးတဲ့အခုနိုင်တုန်းရော ပြောနိုင်တယ်၊ ဆရာဝန်များသိတာက ပဋိသန္ဓေနေပြီးတဲ့နောက် "တသတ္တာဝဟ" လောက်တောင်မှ ဆရာဝန်များ ဘယ်နည်းနဲ့မှ နားမလည်နိုင်ဘူး။

ဘုရားရှင်အဖြေ။ ။အဲ ဘုန်းကြီးတို့တရားတော်မှာ ဟောထားတာ ရှိတယ်၊ ပုဒ္ဓမြတ်စွာက အတ္တာမရှိဘူး အနတ္တာဆိုတဲ့ အယောင်ကလေး မရှိဘူး၊ အဘွာဆိုတဲ့ အမာခံမရှိဘူးတဲ့၊ ကံဆိုတဲ့တရားကလဲ ခေါင်မတန် သက်ဝင် ရှိတယ်၊ ကံကြောင့် အမိဝမ်းထဲမှာ ပထမဦးဆုံး တည်ရတယ်လို့လဲ မကြာခဏ ဟောတော်မူပါတယ်။

လူတွေ့ သိနေတာက မိဘနှစ်ပါးနဲ့ သုက်သွေးကြောင့် ဒီ အမိဝမ်းထဲမှာ ဒီကိုယ်ကလေးပေါ်လာတယ်လို့ ဒီလို သိနေကြတယ်၊ အဲ ဘုန်းကြီးတို့ရဲ့ပ ရားတော်က မိဘနှစ်ပါးရဲ့ သုက်သွေးက အထောက်အပံ့ကလေးပါ၊ ဒီမိဘသွေးသားက ဒီကိုယ်ကလေးဖြစ်လာတာ မဟုတ်ပါဘူး။

ခန္ဓာကိုယ်ဖြစ်ပေါ်ပုံ။ ။ကိုယ်ကလေးဖြစ်ပို့ရန် ကြီးကျယ်သော အားထောက်အပံ့ဖြစ်တယ်ဆိုတာကတော့မှန်တယ်၊ ကိုယ်ကလေးဖြစ်လာကာကတော့ ပထမနေ့တုန်းက ပြောတဲ့အတိုင်း ဟိုဘဝက လွန်ခဲ့တဲ့ ဘဝက ကံကမ္မနိမိတ် ဂတိနိမိတ်ဇောတွေ့ထင်လို့၊ ပဋိသန္ဓေဖြစ်ပို့ရန် ကံတရုက ရှေးရှုလို့၊ အဲဒီကံရဲ့ဒုစရိုက်ကြောင့် ရုန်းက မိဘနှစ်ပါးရဲ့ ဝမ်းသားကြည်ရှိဝယ်၊ ဆိုပါတော့ သားအိမ်ထဲမှာ ပထမ ဝိညာဏ်ဒိတ်ဇယ်၊ စေတသိက် သုံးဆယ်နဲ့ သုံးပါး[၁] လောက်ရယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်ကလာပ် သုံးစည်းရယ်၊ ဒါပဲ စခဲ့တယ်၊ ဒါအမိ ဘဖ သွေ့ သားမဟုတ်ဘူး၊ ခန္ဓာကိုယ်ကလေးရဲ့ဒုစရာ ဒီထရုးပဲ ပထမဆုံး။

ထပ်ပြောရမယ်နော်၊ စိတ်ဝိညာဏ်၊ စိတ်ဝိညာဏ်နဲ့အတူပြုင်တဲ့ စတသိက်၊ ဆိုပါတော့ သုံးဆယ့်သုံးပါးလောက်၊ ဒါပဲ နှစ်ပေါင်းရာနဲ့ချီတယ်၊ ဒီစိတ်

၀။ အညသမာန်းစေတသိက် ၁၃-ပါး၊ ဝိရတိအပ္ပမညာကြဉ်သော စေတသိက် ၂၀-ပါး၊ ပေါင်း ၃၃-ပါး။

ဝိညာဏ်နဲ့ စေဘသိက်ကို နာမ်ခန္ဓာခေါ်တယ်၊ ပြီးတော့ ဒီရုပ်ကလာပ်က အထည်ကိုယ်ခန္ဓာကိုယ်ဖြစ်ဖို့ရန် ကာယဒသကကလာပ်၊ဒီကလာပ်တခုပါတယ်၊ ရုပ် ၁၀-ခု စုဆုံနတဲ့ကလာပ်တခုပါတယ်၊ တခါ စိတ်ဝိညာဏ်ရဲ့ တည်တံ့ဖို့ရန် ဘုန်းကြီးတို့ ဟို "ဝတ္ထုံပုရေဇာတနိဿယ" တို့ ဘာတို့နှင့်ကျေးဇူးပြုဖို့ရန် ယခုတော့ သဟဇာတနိဿယနှင့် ကျေးဇူးပြုဖို့ရန် ဝတ္ထုဒသကကလာပ်ဘခု၊ဟဒယဝတ္ထုပါတဲ့ရုပ် ၁၀-ခုစုနေတဲ့ ကလာပ်တခု၊ ပြီးတော့ မိန်းမဖြစ်လို့ရှိယင်လဲ မိန်းမနှင့်ဆိုင်ဟဲ့ ဣတ္ထိဘာဝဝရုပ်ကလာပ်တခု၊ ယောကျ်ား ဖြစ်သို့ရှိယင်လဲ ယောကျ်ားနှင့်ဆိုင်တဲ့ ပုရိသဘာဝဝရုပ်၊ကလာပ်ဟာခု၊ကာယ, ဘာဝ, ဝတ္ထု၊ ဟောဒီ ကလာပ်သုံးစည်းရှိတယ်၊ အဲဒီ ပဋိသန္ဓေစိတ်, စေဘသိက်, ရုပ်ကလာပ် သုံးစည်း ဟာ တပြိုင်နက် ဖြစ်တာပဲ။

ရုပ်ခန္ဓာကိုယ်ကလေး အဲဒီတုန်းကတည်းက ရုပ်ကလေး ပါလာပြီ၊ ဒါကံကြောင့်ဖြစ်တာ၊ အဲဒီကံကြောင့်ဖြစ်တာမို့ ယောကျ်ား မိန်းမဆိုတဲ့ခွဲခြားချက်ဟာ စကတည်းက ကွဲလာခဲ့တယ်၊ ဒါကို ဓနာက်ဘော့ပြောမယ်၊ ရှေးက်ကဘယ်လိုဆိုတာ နောက်မှပြောမယ်၊ ဟိုဘုန်ဒြိယပစ္စည်းကျတော့ ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေဆိုတာ ပါဦးမယ်၊ အဲဒီကျတော့မှပြောမယ်။

ဒီတော့ ဘုန်းကြီးတို့က ရှင်းလွန်းလို့၊ ဓသချ၁လွန်းလို့၊အဲဒီစိတ်စေတသိက်ဆိုတဲ့ နာမ်ခန္ဓာဖြစ်တုန်းကတည်းက ပြောပြီးခဲ့တဲ့ဟေတုပစ္စယသတ္ထိနဲ့ကျေးဇူးပြုကုန်ကြပြီ၊ အာရုမ္မဏပစ္စယသတ္တိနဲ့ ကျေးဇူးပြုကုန်ကြပြီ၊ သဟဇာတပစ္စယသတ္တိနဲ့ ရုပ်ခန္ဓာအချင်းချင်း ကျေးဇူးပြုကုန်ကြပြီ၊ နာမ်ခန္ဓာအချင်းချင်း ကျေးဇူးပြုကုန်ကြပြီ၊ရုပ်မှာလဲပဲ ခုနက မဟာဘုတ်အချင်းချင်း ကျေးဇူးပြုကုန်ကြပြီ၊ အညမညပစ္စယသတ္တိနဲ့ ကျေးဇူးပြုကုန်ကြပြီ၊ နိဿယပစ္စယသတ္တိနဲ့ ကျေးဇူးပြုကုန်ကြပြီ။

ဝိညာဏ်ချင်းတူဒပမယ့်သတ္တိချင်းမတူ။ ။ဒီတော့ဘုန်းကြီးတို့ကလူတယောက်နဲ့ တယောက် ခြားနားချက်ဟာ သိပ်ရှိတာပေါ့၊ပဋိသန္ဓေဝိညာဏ်ဖြစ်တုန်းကတည်းကိုကဟိုရှေးက်ကြောင့်ဖြစ်ရတယ်၊ ရှေးက်က နံပါတ် ၁-ဆိုယင် ပဋိသန္ဓေဝိညာဏ်က နံပါတ် ၁-ဖြစ်လာတယ်၊ ရှေးက့်က နံပါတ် ၂-ဆိုလို့ရှိယင် ပဋိသန္ဓေဝိညာဏ်က နံပါတ် ၂-ဖြစ်လာတယ်၊

အဲဒီလို စသည်အားဖြင့်ပေါ့လေ။ အမျိုးအစား ကိုးခုလောက်ရှိတယ်၊ အဲဒီ တနံပါတ် တနံပါတ်မှာဆိုယင်လဲ သတ္တိခြင်းတွေ ကွာလိုက်တာ၊ ပ်ံတရားတွေက သတ္တိချွင်းကွာလိုက်တာ ဒီတရားတွေက။

ဗုဒ္ဓမြတ်စွာရဲ့ ဝိညာဏ်တော်လဲ ဒီ နံပါတ်ထစ်ပဲ၊ ရှင်သာရိပုတြာရဲ့ ဝိညာဏ် တော်လဲ နံပါတ်တစ်ပဲ၊ ဃရှင်မောဂ္ဂလ္လာန် အရှင်မဟာကဿပတို့ ဝိညာဏ်တော် တွေလဲ နံပါတ်တစ်ပဲ၊ နံပါတ်တစ်ခြင်းတူပေမယ်လို့ သတ္တိခြင်းကွာလိုက်တာ၊ ဗုဒ္ဓမြတ်စွာရဲ့ နံပါတ်တစ် ဝိညာဏ်တော်ကို မမီပါဘူး။

ဒီတော့ ခုကာလလူတွေ တယောက်နှင့်တယောက် ကွာခြားတယ်ဆိုတာဟာ ဘာပြောစရာရှိတုံး၊ နံပါတ် ၁-ခြင်းတူပေမယ်လို့ သတ္တိခြင်းအမျှားကြီးကွာကြသေးတယ်၊ ဒီတရားပဲ ဒီစိတ်ပဲ ဒီစေတသိက်တွေပဲ၊ ဒီရုပ်တွေပဲ၊ သတ္တိခြင်းအင်မတန်ကွာကြသေးတယ်၊ ထားခဲ့။

အဲဒီ ပထမဆုံး ရုပ်ကလာပ်သုံးစည်းနဲ့ နာမ်ခန္ဓာလေးပါးနဲ့ ဒီခန္ဓာကိုယ်ကြီးကို စဉ်းစားကြည့်လိုက်တာ၊ ကံကြောင့် ကံကြောင့် ကံစကြောင့် စတည်လိုက်တာ၊ ဒီဖာချိန်ကို ဘယ် လောကဓာတ်ဆရာမှ မသိနိုင်ဘူး။ ဒီအကြောင်းကို လောက ဓာတ်နည်းနဲ့ ဘယ်နည်းနဲ့မှ မသိနိုင်ဘူး၊ ဒါကြောင့် ဘုန်းကြီးတို့က သိက္ခာကြီးကြီးနဲ့ ထိန်းပြီးတော့ကာ တရားတွေကို ဖြန့်ရလို့နိုယင် ကမ္ဘာက လက်ခံဦးမှာ လက်ခံဦးမှာ။

ယခု နိုင်ငံက မသေးငယ်တဲ့ နိုင်ငံဖြစ်နေပြန်တယ်၊ ဒီနိုင်ငံမှာ ပညာရှိ အကြီးအမားတွေ ဖြစ်ရမယ် ထင်ကမယ်ဆိုတာ သူတို့ မယူဆနိုင်ဘူး၊ ပြီးတခါ ဒီတရားတွေကို လက်ကိုင်လုပ်တဲ့ ဘုန်းတော်ကြီးတွေက သမာဓိကြီးကြီး သိက္ခာရှိရှိနဲ့ နေရမှာ၊ ဒီလိုမတွေ့ရဘူး၊ အဲဒါကြောင့်မို့လို့ ဘုန်းကြီးတို့မှာ အထင်သေး ခံပြီးယင်း ခံရယင်း အထင်သေး ခံပြီးယင်း ခံရယင်း ဖြစ်နေရပါတယ်။

ယခု ဘုန်းကြီးပြောတဲ့ တရားသဘောမျိုးဟာ ယခုလို ပဋ္ဌာန်းတို့လို အဘိဓမ္မာတို့လို မလေ့လာပဲနဲ့ဆိုလို့ရှိယင် ကမ္ဘာမှာ ဘယ်ပညာရှိမှ မသိနိုင်ပါဘူး၊ ဘယ်ပညာရှိမှ ပီပီသသ မပြောနိုင်ပါဘူး၊ မှန်းယင်တော့ မှန်းယင် မှန်းနိုင်ပါတယ်၊ ပီပီထသ မပြောနိုင်ပါဘူး။

ကလလရေကြည် ၇-ရက်။ ။အဲဒီ ပထမဆုံးဖြစ်တဲ့ ရုပ်ကလာပ်ကလေးတွေ ပြောကြစို့၊ ရုပ်ကလာပ်ကလေး ၃-စည်းရှိတယ်၊ ယောကျ်ားမိန်းမ ဒီမှာ ကွာသွားပြီနော်၊ နောက်တော့ ဒီလိုနဲ့ နေ့လိုက်တာ ဒါကလေးက ဘာခေါ်တုံးဆိုတော့ ဗုဒ္ဓမြတ်စွာက ကလလရေကြည်တဲ့၊ ပုံသဏ္ဌာန်ကလေးက နည်းနည်း အချိန် ကြာလာလို့ရှိယင် ရေကြည်လေး သဇာဘပဲရှိဘယ်၊ ခန္ဓာကိုယ်ကလေးဟာ အဲဒီရေကြည်လေးသဒ္ဓါနဲ့ ဘယ်လောက် ကြာကြာနေတုံးဆိုတော့....

"ပဌမံ ကလလံ ဟောတိ" ခုနစ်ရက်သုံးလုံး ကလလရေကြည်လေး ဖြစ်နေတယ်၊ အဲဒီရေကြည်လေး ပေါ်လာယင်တော့ ဟို လောကဓာတ်ဆရာဝန်တို့ မှန်ပြောင်းက မြင်ကောင်း မြင်လိမ့်မယ်ထင်ဘယ်၊ စောစောက ဘုန်းကြီး ပြောနေတဲ့ ရုပ်ကလာပ် သုံးစည်းကိုတော့ သူတို့ မှန်ပြောင်း မမြင်နိုင်ပါဘူး၊ သူတို့မှန်ပြောင်းတင် မဟုတ်ဘူး၊ အလုံးမြူကို မြင်နေတဲ့ မှန်ပြောင်းလဲ မမြင်နိုင်ပါဘူး။

အဲဒါဓာတ် တော်တော်လေးများမှ ဆိုပါတော့ တရက် - နှစ်ရက်လောက် ကြာလို့ ရုပ်ကလေးတွေက အစုလေးတွေ တော်တော်လေး အစိုင်အခဲစုမိမှ မြင်မယ်၊ မှန်ပြောင်းကလဲပဲ ဟို ပထမဆုံးတည်တဲ့ ရုပ်ကလာပ်သုံးစည်းတုန်း ကဆိုတော့ မှန်ပြောင်းလဲ မမြင်နိုင်ပါဘူး၊ စိတ်ဝိညာဏ်နဲ့ စေတသိက်ဆိုတာ ကဖာ့ ဝေးလို့၊ ဖဝေးလို့၊ ဝေးလို့၊ ခုကို မှန်ဖြောင်းနဲ့လာကြည့်ဖို့၊ ဘုန်းကြီး ကာစိတ် ဖြစ်နေတယ်ဆိုတာ မသိနိုင်ပါဘူး။

ဒီတော့ ဘုန်းကြီးက တရားတော်တွေ ပြောယင်း ပြောယင်းပေါ့လေ၊ နိုင်ငံကိုလည်း အားမရဘူး၊ ဒီတရားတော်ကို ထိန်းသိမ်းစုရုတဲ့ ရဟန်းတော်များများကိုလဲ မကျေနပ်ဘူး၊ ဒီသံဃာတော်များကို ကူညီအားပေးစနတဲ့ ဒကာ ဒကာမတွေရဲ့ လူကြ ဒါန်းကြ ထောက်ပံ့ကြပုံကိုလည်း နဲလို့ မဟုတ်ဘူး၊ လမ်းမမှန်လို့ မကျေနပ်ဘူး၊ တရားကဖတော့ အင်မတန်မှ မကောင်းတဲ့ တရားတော်ကြီးပါ။

အမြုပ် ၇-ရက်။ ။"ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။" ၇-ရက်လောက်ကြာတော့ ဒီ ရုပ်ခန္ဓာနော် ခုမြင်နေရတဲ့ လူများရဲ့ခန္ဓာနော် ၇-ရက်လောက် ကြာတော့ အမြုပ်ကလေး ဘုန်းကြီးတို့

ရေမြုပ်ကန်လေးလိုပေါ့၊ အမြုပ်ကန်လေးဖြစ်လာတယ်၊ ဘာမှ မကြီးကျယ်ဘူး၊ ဘာမှ မကြီးကျယ်ဘူး၊ အမြုပ်ကန်လေး ဖြစ်လာတယ်၊ ဒီအခါမှာ ငသဖို့ရန် လွယ်လွယ်ကူလေ့ရယ်၊ အဝိုရဲဝမ်းထဲမှာ သားအိမ်မှာ ငလေတို့ဘာတို့ မလောင်း လို့ရှိယင်လဲ အဲဒီလေကြောင့် ငသသွားနိုင်ဖာယ်၊ အင်တိုရဲသားအိမ်ထဲမှာ ပိုးတွေ မကောင်းတဲ့ ပိုးတွေပေါ့လေ၊ အဲဒီလို ပိုးမွှားရှိလို့ရှိယင်လဲ အဲဒီပိုးကလေး စားတာပဲတဲ့၊ ဒီခန္ဓာကိုယ်လေး ငသသွားနိုင်တယ်။

ဒီတော့ ဘယ်လောက်မှ မခိုင်မြဲဘူး၊ ဘယ်လောက်မှ မခိုင်မြဲဘူး၊ ဟို ဗုဒ္ဓကနတ်က အတ္တကလေးက သူဖီးတယ်ဆိုတာကိုဖောက်ပြန်ဘူး၊ ကံအကြောင်း ပြုပြီးတော့ တဖြေးဖြေးကလေး အဖိဝမ်ထဲမှာ ရင့်ကျက်ရတယ်လို့ဆိုတဲ့ အဓိပ္ပါယ်ကို ဗုဒ္ဓဟောငတော်မူပါတယ်၊ အဲဒါကို အခု နှစ်သက္ကာဟာလောက် ကျယင်ပဲ ဆရာဝန်တွေ ဘာတွေ မြင်ကောင်း မြင်ပါလိမ့်မယ်၊ မှန်ပြောင်းနဲ့ ကြည့်လို့ ရကောင်း ရပါလိမ့်မယ်၊ ဘာပြုလို့ဝုံး၊ အမြုပ်ကလေး ဖြစ်နေပြီ လေ ဖြစ်နေပြီ။

သားတစ် ၇-ရက်။ ။ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊ အဗ္ဗုဒါ ဃနော ပေသိ။" ငနောက် သုံးသတ္တာဟလောက်အတွင်း ရောက်စတော့ ခုနက အမြုပ်ကလေးဟာ အသားတစ်ကလေး ဖြစ်လာပြီ၊ မြင်ပါတယ် ငသေသချာချာ မြင်ပါတယ်၊ သုံးသတ္တာဟလောက် ကျတော့ အသားတစ်ကလေး ဖြစ်လာပြီ။

အာဟာရဇရုပ် စဖြစ်ချိန်။ ။အဲဒီမှာ ခု အာဟာရဇရုပ် ပေါလာမယ် ရပ်ပြီးတော့ ဗြောလိုက်မယ်။

ပထမဆုံး သတ္တာဟာ တုန်းက ရုပ်ကလာပ်တွေ သုံးစည်း ပါလာတုန်းက အာဟာရဇရုပ် မဖြစ်နိုင်သေးဘူး၊ အစာအာဟာရကြောင့် ရုပ်မဖြစ်နိုင်ဘူး၊ ရုပ်မပါနိုင်သေးဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ရုပ် ပါလာပြီ၊ ဥတုကြောင့်ဖြင့်တဲ့ အဓိဝမ်းလဲမှာ ဥတုငွေတွေ ရှိတယ်မဟုတ်လား၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်ကလာပ်ကလေးစတွေ ပါလာပြီ၊ ကံကြောင့်ဖြစ်တဲ့ ရုပ်ကလေးတွေ, ဥတုကြောင့်ဖြစ်တဲ့ ရုပ်ကလေးစတွေ, စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကလေးတွေ ရုပ်ကလေး နည်းနည်း

နည်းနည်းကြီးဖနတာ။ ရုပ်ကလေးတွေက တိုးနေတယ်ကို၊ နည်းနည်း နည်း နည်း ကြီးဖနတယ်။ အစဘကြောင့်ဖြစ်ဘဲရုပ် ပထမသတ္တာဟာမှာ မပါနိုင်ဘူး။

ဒုတိယ သတ္တာဟာလောက်ကျဘော့ သေသေချာချာတော့ မပြောနိုင်ဘူး၊ မလွယ်သေးဘူး၊ တတိယသတ္တာဟာလောက်ကျတော့ အသားတစ်ဝကလေး ဖြစ်နေပြီ မဟုတ်လား၊ အဲဒီအခါမှာလေ အမေက စားတဲ့အစာ ရှိတယ်။ "ယဉ်သူဘုဉ်တီ မာဘာ၊အနှံ့ပါနဉ္စ ဘောဇနံ—" အမေက စားလိုက်တဲ့ အစာလေးတွေဟာ သူရဲ့အစာသစ်အိမ်မှာ ရောက်ပြီးတော့ ကဖလးရဲ့ခန္ဓာကိုယ်လေး ရောက်သွားဖအောင် တဖြေးဖြေး အမိဇဉ်စာစားရာက ပြန်ပြီးတော့ ကဖလးရဲ့ ခန္ဓာကိုယ်ထဲ ဒီအစာအာဟာရ ထိပါတယ်၊ ဘော်တော်လေးကြီးတဲ့အခါကျတော့ ချက်ကြိုးဆလေးများပေါက်တော့ ချက်ကြိုးက ဆက်သွယ်ပြီးဖတော့ ဝမ်းထဲအထိ ဝင်ပါတယ်။

အဲဒီနည်းနဲ့ ကဖလးလေး အစာရလာပြီ၊ နှစ်သတ္တာဟာ နောက်ပိုင်းလောက်နဲ့ သုံးသတ္တာဟာမြောက်လောက်ရယင်ပဲ ကလေးလေး အစာရလာပြီ၊ ဘုန်းကြီးတို့ နာ.လည်လိုက်တာကလေ ကလေး အစာရလာတော့ကာ ကလေးအမေလိမ္မာဖို့ သိပ်အရေးကြီးတာပဲ၊ ကဖလးအမေက အပူအစပ်တွေကို စားလို့ရှိယင်လဲပဲ ကဖလးရဲ့ အင်မတန် နုတဲ့ရုပ်မှာ ဒီ အပူအစပ်ကလေးတွေ ရောက်သွားတာက မဖကောင်းပါဘူး၊ ရောက်သွားပါတယ်။

အဲ ပင်ပန်းတယ်လို့တောင်မှ စာက ဆိုပါတယ်၊ ဘုန်းကြီးက မပြောနိုင်ပါဘူး၊ အမိက အင်မဘန်အေးတဲ့ ရေခဲတိုလိုစားလိုက်ပြန်လို့ရှိယင်လဲပဲ ကလေးကလေးဟာ အင်မတန် ပင်ပန်းတယ်လို့ ပြောပါတယ်၊ ဒီက အစာက ဟိုမှာကလေးရဲ့ ရုပ်ထိအောင် နဲနဲပို့နှံ့သွားပြီလေ၊ ဒီတော့ အမေလိမ္မာဖို့ဆိုတာဟာ ပြောသာပြောရတယ် ဘယ်အမေမှ လိမ္မာမယ်လို့ မထင်ပါဘူး။

ဒီတော့ ကလေးအစာဟာ ၃-သတ္တာဟလောက်ဆိုတော့ ကလေးအစာရပြီနော်၊ ရင်တော့ ဒီလူတွေရဲ့ အမြင်က ဘယ်လိဘယ်လို မှားမြင်လာကြတယ် မသိဘူး၊ ကိုယ်ဝန်ရှိဘယ်ဆိုယင် အစားကိုခြိုးခြံလို့ နေကြတယ်၊ ဒီ အစာက ကလေးထိအောင် သွားနေတာကို အမေခြိုးခြံလို့ အမေက အစာကြောင့်

ရုပ်အားနဲ့ယှဉ် ကလေးလဲ ရုပ်အားနဲ့တယ်၊ အမေက အစာကြောင့် ရုပ်အား ရှိလို့ရှိယင် ကလေး ရုပ်အားရှိတယ်။

အမေဆိုတဲ့ ကိုယ်ဝန်ဆောင်က စားဝတ်တဲ့ သောက်တဲ့ဖို့လဲ လိုတယ်၊ စားစရာ သောက်စရာလဲ သင့်တော်အောင် ကြည့်စားဖို့လိုပါတယ်၊ စားစရာ သောက်စရာမရှိလို့ သို့ဟုတ် ခြိုးခြံလို့ အမေက သိပ်ပြီးတော့ အားနဲ့နေယင် ဟိုကလေး အားမရှိနိုင်ပါဘူး၊ အင်မတန် ကံကြီးမားတဲ့ ကလေးမျိုးသာလျှင် ကံကြောင့်ဖြစ်တဲ့ ရုပ်တွေကြောင့် တောင့်တောင့်တင်းတင်း ဖြစ်ပါလိမ့်မယ်၊ အမေအစာကတော့ အမေ့အစာ ညှဉ်နေလို့ရှိယင် ကလေးမှာလဲပဲ အစာကြောင့် ဖြစ်တဲ့ ရုပ်ကလေးတွေ ညှံနေပါတယ်။

အာဟာရဇရုပ်။ ။ခုနက ပဋ္ဌာန်းပါဠိတော်က "ကဗဠီကာရော၊ ထမင်းလုတ် ဟင်းလုတ် ပြုချိစားရုတဲ့။ အာပယာရော၊ အာဟာရသည်။" အာဟာရဆိုတာ ထမင်းတလုတ်လုံးကို မဟုတ်ဘူး၊ ထမင်းတလုတ်လုံးထဲမှာပါတဲ့ အဆီဩဇာကိုပြောတာ၊ ဒီတင် အစာကောင်းသိပ်လိုနေတာပေါ့၊ ဒီအဆီဩဇာရှိတဲ့ အစာကိုဝးမှ သူက ရုပ်ကိုဖြစ်စေတာ၊ ထမင်းလုတ်ကြီး တလုတ်လုံးက ရုပ်ကိုဖြစ်စေတာ မဟုတ်ဘူး။

ဒီရေသောက်နေတဲ့ ရေတွေ ဗာကုန်လုံးက ရုပ်ကိုဖြစ်စေတာ မဟုတ်ဘူး၊ ရေထဲမှာပါတဲ့ အဆီဩဇာက ရုပ်ကိုဖြစ်စေတာ၊ ဘယ်လောက်များ သေချာနေတုံး၊ ဒီတော့ ဓတ္တုဆားဓနလို့လဲ ရုပ်ကောင်းကောင်း ဖြစ်စေတာ မဟုတ်ဘူး၊ အဆီဩဇာပါတဲ့ ရုပ်နဲ့ ဆရာဝန်တွေ [illegible] တို့လေ့လာထားတဲ့ အစားမျိုးနဲ့ အဲသလို စားသောက်နေပုံ ဒေါမကာ အားရှိတယ်၊ အမေ့ရုပ်တွေက ကလေးကို ပြန်ပြီးတော့ ခုနက အာဟာရဇရုပ်ဖြစ်တယ်။

ကဗဠီကာရော၊ ထမင်းလုတ် ဟင်းလုတ် ပြုချိစားရုတဲ့။ အာပယာရော၊ အဆီဩဇာဆိုတဲ့ အာဟာရသည်။ ကွမသာ ကာယဿ၊ ကျွဲတကိုယ်လုံးအား" တဲ့။ ကြည့်စမ်း ကြည့်စမ်း၊ စားတာကတော့ အစာကလေး စားလိုက်တာ၊ ကျေးဇူးပြုတော့ တကိုယ်လုံး ကျေးဇူးပြုတယ်၊ တကိုယ်လုံး အားရှိတယ်၊ ဘုန်းကြီး မနက်က စားလိုက်ဟယ်၊ စားလိုက်တာကတော့ အစာအာဟာရနည်းနည်းလေး၊ ဒါပေမယ့်လို့တကိုယ်လုံးအားအင်တွေတောင့်တင်းလာတယ်။

ဒီလောက် ဘုရားကဟောတော်မူတာ သေချာနေတယ်၊ ဘုန်းကြီးတို့ကလေ ဒီအတိုင်း လိုက်နေတာ၊ ဘုန်းကြီး အစားထဲသာက် ဆင်ခြင် စားသောက်တယ်၊ ဒီက တချို့က ဘယ်အစာက ဘယ်လို ရုပ်ဖြစ်စေ၊ ဘယ်လို မတဲ့တဲ့ အစာက ဘယ်လိုရုပ်တွေ ဖြစ်ပြီးတော့ ရောဂါတွေ ဖြစ်မယ်၊ ဒါတွေ နားမလည်ကြတော့ စားကြတာပဲ၊ ဘုန်းကြီးတို့က နားလည်တော့လေ စားကောင်း တိုင်း မစားဘူး၊ စာ သင့်မှ စားတယ်၊ ဘာပြုလို့တုံး၊ သိနေတယ် မဟုတ်လား၊ ဒီရုပ်က တကိုယ်လုံးကို ကျေးဇူးပြုနေတတ်ဆိုတာ သိနေတယ် မဟုတ်လား၊ ကဲ ခုနက ကလေးလေး သွားကြဦးစို့။

အမေစားလိုက်တဲ့ အစာအာဟာရနဲ့ ကလေးလေးဟာ သုံးသတ္တာဟာ လောက်ရှိယင်ပဲ နှစ်ဆယ့်တရက်လောက်ရှိယင်ပဲ အမိဝမ်းထဲမှာ ဒီအစာကလေး ဘာလေးနဲ့ မျှတပြီး ကံကြောင့်ဖြစ်တဲ့ ရုပ်တွေကလဲ တိုးတိုး တိုးတိုး လာပြီ၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေကလဲ ထပ်ထပ်တိုးနေပြီ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေကလဲ မှန်မှန်လေးလေးတိုးပြီးတော့နေပြီ၊ အာဟာရကြောင့်ဖြစ်တဲ့ရုပ်က အမေစားယင် စားသလို အမေက အစာ ကောင်းကောင်း စားယင် စားသလို ကလေးရုပ်ကလေးတွေဟာ ထွားကျိုင်းပြီးတော့ အမိဝမ်းထဲမှာ နေတယ် ဆိုပါ၊ အမိဝမ်းထဲမှာ နေတယ်။

အဲဒီမှာ အစာအာဟာရ ချို့တဲ့ယင် ချို့ကဲ့သလောက် ကလေးရုပ်ကလေးလဲ ခပ်လှီလှီကလေး၊ ဒီလိုဖြစ်နေပြန်တယ်၊ ကံတော့ရှိပါသေးတယ်၊ ကံကတော့ မပြောနိုင်ဘူးပေါ့၊ ခုဟာက အစာနဲ့ဆိုင်ရာကို ဘုန်းကြီးပြောနေတယ်။

အစိုင်အခဲ ၇-ရက်

ပထမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော။

လေးသတ္တာဟလောက် ကျတော့ ခုနက အသားတစ်ကလေး ပျော့ပျော့ ကလေးဟာ မာလာပြီ၊ ဒီခန္ဓာကိုဖြစ်ဖို့ရန် ဘယ်လောက်များ အစိအစဉ်နဲ့ သွားနေရတုံး၊ အသားတစ်ကလေးဟာ လေးသတ္တာဟလောက် ရောက်တော့ (၇)ရက် လေးပတ်လောက်ကျတော့ မာလာပြီ။

ခက်မ ၅-ဖြာ ၇ ရက်။ ။"ဃနာ ပဿာခါ ဇာယန္တိ"(၇)ရက် ငါးပတ် လောက်ရောက်တော့ ခုနက မသလောဘဲ့ ကိုယ် ကလေးဟာ ခေါင်းပေါက်မဲ့နေရာက ခေါင်းရာကလေး၊ လက်နှစ်ဖက်၊ ခြေ နှစ်ဖက်ခပေါက်မယ့်နေရာက အရာကလေးပေါ်လာပြီး၊ ဘယ်မှ ပုဂ္ဂိုလ် သတ္တဝါ မရှိပါဘူး၊ ကံက အခြေခံပြီးဘော့ ဝမ်းထဲမှာ ဒီလို ဖြစ်ပြီးတော့ နေရ ပါတယ်။

ဘယ်လောက်မှလဲ မခိုင်မြဲပါဘူး၊ အပြုအပြင်တဝ်လှမှ တော်ကာကလေး ကျပါတယ်။

အဗ္ဗုဒါ ဇာယတေ ပေသိ၊ ဖေသိ နိဗ္ဗတ္တာဇာ ဃနာ။
ဃနာ ပဿာခါ ဇာယန္တိ၊ ကာသာ ခေါမာ နခါပိ စ။

နောက်တော့ ဒီလိုပဲ သတ္တဝါဟာတဲ့ ကြာကြာ ကြာကြာ ကြာရှည်လွှား၊ တော့ မဖွားခင်ပဲ ဆံပင်တို့ လက်သည်း ခြေသည်တို့ အဲလို ပေါ်ပေါက် ပြီးတော့ လာပါဘယ်။

ဒါကြောင့် ကလေးလေး ဖမွေ့ဖွာ ပြီဆိုလို့ရှိပင် ဘံုဘဝ် လားမျှားလဲပါလာ တယ်၊ လက်သည်း ခြေသည်းကလေးမျှားလဲပါလာတယ်၊ အဲသလို ပမ်းထဲမှာ တစ်ပြားစ်ပြား ကြီးပွားလာရတယ်၊ ဟို ဣန္ဒကနတ် ထင်သလို "အတ္တ" က ပြင်နေတာမဟုတ်ဘူး၊ ကံ စိတ် ဥတု အာဟာရ လေးပါးက ပြင်ပေးတာပဲလို့ ဒီလို ဗုဒ္ဓမြတ်စွာက ဟောတော်မူပါတယ်။

ဒီတော့ကာ ဘုန်းကြီးတို့ ဒီ(၉)လ (၁၀)လ ရောက်လို့ ကိုယ်ခန္ဓာရင့် အားနဲ့ ဖွားနိုင်လောက်ပြီလို့ဆိုတော့ ဂရားတော်က အင်မတန် စစ်ကယ်၊ (၇)လနဲ့လဲ ဖွားနိုင်တယ်၊ ဒါပေမယ့်လို့ (၇)လနဲ့ ဖွားဟဲ့သူဟာ အင်မတန် အားနည်းတယ်၊ အသက်ရှင်ချင်မှ ရှင်မယ်၊ အားလဲ ဒုံးတန် နည်းတယ်၊ (၈)လလောက်ကျတော့(၇)လ-နဲ့စာယင်တော့ အားကြီးပါတယ်၊ အဲ(၉)လ လောက်ဆိုယင် အားတော့ရှိပါတယ်၊ ဒါပေမယ့်လို့ အတိုက်ဒုခိုက်မခံနိုင်ဘူး၊ အမိဝမ်းက ဖွားရတဲ့ဟာ သက်သက်သာသာ လွယ်လွယ်ကူကူနဲ့ ဖွားရတာ မဟုတ်ဘူး။

ပဝေဏီတပန်းကြီး အင်မတန် ကျဉ်းမြောင်းတဲ့ အမိရဲ့ဖွားလမ်းကြောင်းက နေပြီးတော့ ထွက်ပြီး ဖွားရတာ၊ ဒီတော့ကာ အတိုက်အခိုက် မခံနိုင်လို့ရှိယင် ကလေးအသက် မရှင်တတ်ပါဘူး၊ အင်မတန် အားရှိလို့ (၁၀)လ -လောက် ဘယ်လောက် ကျတော့ အတိုက်အခိုက်ကလေးတွေ အထိအခိုက်ကလေးတွေ ခံနိုင်လို့မို့ အသက်ရှင်နိုင်ပါတယ်၊ စာက အဲသလောက် သေသေချာချာ ပြောပြီးဟော့ ထားပါတယ်[၁]။

ပဋိသန္ဓေနေပုံ။ ။အဲဒီ အမိဝမ်းထဲမှာ နေတုန်းက ကလေး ဘယ်လိုနေတုံး ဆိုခဲတာ့-

"အစာသစ် အစာကျက် အောက်ထက်ဝန်းရံ"၊

အသက်က ဘဝမှရဲ့ အစာသစ်၊ အောက်က အစာဟောင်း၊ ကျင်ကြီး ကျင်ငယ်ဖြစ်မယ့် အစာဓာတ်၊ အထက်နဲ့ အောက် ဒီကြားထဲ သားအိမ်၊ အဲဒီ သားအိမ်ထဲမှာ နေရတယ်။

"အစာသစ် အစာကျက်၊ အောက်ထက်ဝန်းရံ၊ ပုပ်နံညှီလျှောင်း"၊

ဒီလိုစိတ်ကူးကြည့်ပေါ့လေ၊ တသက်သုံး ဘယ်တော့မှ မဆေးဝကြောရတဲ့ အဲစာသစ် အစာဟောင်းတွေ သွားနေတဲ့အရှဲရဲ့ အနီးအပါးမှာ သားအိမ်မှာ နေရတာယ်၊ ပုပ်လို့ လျှောင်လို့ ညှီလို့။

"ကျဉ်းမြောင်း မဲမိုက်၊ မိဝမ်းတိုက်ဝယ်"၊

ကျဉ်းကျဉ်း ကျပ်ကျပ်ကလေး၊ ချောင်ချောင်လည်လည် ခြေဆန့်လက်ဆန့် မဟုတ်ဘူး၊ ခြေလက်ကလေးတွေ ကုတ်ကွေးလို့-

"ဘင်္ဂ လောက်လို့၊ ကျောက်ကိုဝမ်းပြူ၊ ဒူးနှစ်ခုကြား၊ ဦးခေါင်း ထားလျက်၊ ဓမးကြား လက်ဆုပ်၊ သစ်ငုပ်တိုမှာ၊ မျောက်အို ကုတ် သည့်နှယ်"၊

မစင်ထဲက လောက်ကလေးများ အပုပ်ထဲ နေရသလိုပါပဲ၊ မျောက်အို ကလေး ကုထိုင်ပြီးဟော့နေရသလို၊ အမိဝမ်းထဲမှာ ကုတ်ကုတ်ကလေး နေရပါ တယ်၊ အမိဝမ်းက ကျယ်ကျယ်ပြန့်ပြန့်ကြီး မဟုတ်ပါဘူး။

၁။ သုတ်မဟာဝါ အဋ္ဌကထာ၊ နှာ- ၂၉။

"မလှုပ်မယှက်၊ ဓသဓသောက်လက်ဝယ်၊ ဆိတ်သူငယ်လို"၊
သတ်မယ်လို့နေတဲ့ ဓသဓသောက်ရဲ့လက်ထဲမှာ ဆိတ်ကလေးမျှား နေရသလို ပေါ့ခလ၊ ကြောက်စရာ ကလေးပါ။

"အလမ္ဗပါယ်မိ၊ မြွေငယ်ချိသို့"၊

အလမ္ဗပါယ်မိတဲ့ မြွေကဓလး တကတဲ နှိပ်စက်ထားလိုက်တာ၊ ပြန်ပြီးတော့ မကိုက်နိုင်ဓအောင် အဆိပ်တွေ ဘာဓတွေ ထုတ်ပြီးတော့ အစွယ်တွေ ဘာတွေ ဖျက်ပြီးတော့ ဓမြွေငယ်ကလေး ချိသလိုပါပဲ။

"အမိစပ်ခါး၊ ပူဓအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်"၊

အမိက အစပ်တွေ စားလိုက်၊ ကလေး, ကလေးမှာ မထက်သာရှာဘူးတဲ့၊ ဒီအမိရဲ့အစာက သူ့ကိုယ်ကို ထိပြီကိုး၊ ချက်ကြိုးက ဆက်ပြီးတော့ ဝမ်းထဲ ဝင်ပြီကိုး။

"အမိစပ်ခါး၊ ပူဓအေးစားလည်း၊ ကိုယ်သားဆတ်ဆတ်၊ သက်ပြတ်တဓေ၊ ဆယ်လနေ၍" ဆယ်လဓလောက် အမိဝမ်းထဲမှာ နေခဲ့ရတယ်။

အပြင်ဘက်ရောက်လို့ ကိုယ့်ကိုယ်ကို သ-ပြီးတော့နေဓပမဲ့ အမိဝမ်းထဲမှာ နေခဲ့တုန်းက ဘယ်ဓလောက်မျှား ဒုက္ခမျှားခဲ့သတုန်းလို့ ထိုတာကလေးဟာ တွေးကြည့်ရတယ်၊ ဓအော်...နောက်ထပ် ဒီလို အမိဝမ်းထဲနေရမှာ ကြောက်စရာပါလားလို့လဲ သံဝေဂဖြစ်ရပါတယ်။

"သက်ပြတ်တဓေ၊ ဆယ်လနေ၍၊ လေကမွဓ၊ ဦးစောက်ချသား"၊

နဂိုတုန်းက အများအားဖြင့်နေကြတာ ဓခါင်းက အထက်မှာ မျောက်ကဓလေးမျှား ကုတ်ပြီးတော့ နေသလိုပဲ၊ ဒဓခါင်းက အထက်က နောက်တော့ ဖွားခါနီး ကျတော့ ကံကြောင့်ဖြစ်တဲ့ဓလေ ပေါ်လာလိုက်တဲ့ဟာ တခါထဲ ဓခါင်းအောက်စိုက်သွားတာပဲ၊ ဘယ်ဓလောက်မျှား ငမဲ့မြောသွားမယ်ဆိုတာ မဓပြောနဲ့ဓတော့၊ နဂိုတုန်းက ဓခါင်းကဓလေး အထက်ထောင်ပြီးတော့ ကုတ်ကုတ် ကဓလေး နေရဓစကာမှ သူ့အတွေးနဲ့ သူ့ရဲစိတ်က ဖြစ်နေပြီ မဟုတ်လား၊

သူ့အတွေးနဲ့ သူနေရှာဘာ၊ ဖွားဓတာ့မယ်ဆိုတော့ ကမ္ဘေဇလေက မ္ဒေလိုက်တာ ခေါင်းအောက်စိုက်လာဘာပဲ၊ အများအားဖြင့် ခေါင်းအောက်စိုက်ပြီးတော့ ဖွားရပါတယ်တဲ့။

"လေကမ္ဘေ၊ ဦးစောက်ချဘား၊ မင်္ဂဝသိုရောက်၊ သံဒကာက် ပေါက်မှ၊ ဆဲမြောက်ဆင်ပြောင်၊ သံတောင်ကြိတ်ခြ"၊

ဖွားလာခဲ့ရတာကတော့ ဇင်္ဂဗဘန် ပင်ပန်းပါတယ်၊ အပြင်ရောက်လာတော့ ကိုင်လိုက်ကြတာ၊ တချို့ နုနုနယ်နယ် ဖလန်ထည်တို့လို မရှိတော့ ဘုန်းကြီးတို့ တောရွာတွေမှာ အဝတ်ကြမ်းကြီးတွေနဲ့ ကိုင်ကြတာ၊ အသားကသိုးလားနဲ့၊ အသားနုတက်နေတော့ နာကျင်ပါတယ်၊ ပင်ပန်းပါတယ်။

"ပုံနေရယိက၊ ပြင်သိုကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ များပြားလှသည်"၊

အင်မတန် ဒုက္ခများပါတယ်၊ ဒါကြောင့် အသင် ဂေါဒ္ဓကနတ် ထင်သလို "အတ္တ" ကလေးက ဒီဓနွာကိုယ်ကလေးကို ပြုစုမံပေးနေတာ မဟုတ်ပါဘူး၊ ကံကစီမံပေးနေတော့ စိတ်ကြောင့်, ဥတုကြောင့်, အာဟာရကြောင့် ရုပ်ဘဝက ကြီးပြင်းလာခဲ့ရတယ်၊ "အတ္တ-ကလေး မဟုတ်ပဲ ရုပ်အစဉ် နာမ်အစဉ် ပါပဲလို့" ဗုဒ္ဓပြော်စွာက ဟောတော့မှ သဘောပေါက်ပြီးတော့ သွားပါတယ်။

နတ်ဘဝက လူကြီးလူဓကောင်းဓသာ နားမလည်ဘာ နားမလည်တာ နားမလည်ပါဘူး၊ ဦးလည်တာဘဲ ဆရာဝန်ဖတွေ နားလည်ပါတယ်၊ယခု အဖတော် နားလည်ဘာကာ လက်ဖတွေ ခွဲစိပ်ပြီးတော့ ကြည့်ထားလို့ နားလည်ပါတယ်၊ တချို့နေရာကွက်မှာ ဘုန်းကြီး ပြောဘာထက် ဓသချာပါဘယ်၊ ဒါပေမယ့် ဘုန်းကြီး ပြောတဲ့အဘိုင်း စိတ်ဝိညာဏ်ကေ့, နာမ်ခန္ဓာဓတွေရဲ့ ဖြစ်ပုံကိုတော့ ဘယ်မှန်ပြောင်းနဲ့ကြည့်ကြည့်၊ ဘယ်ပါရဂူဖတွေကပဲ ကြည့်ကြည့် မသိပါဘူး။

ဘုန်းကြီးတို့က ရှေးကံအစွမ်းအားဓလျော်စွာ ညာဏ်ပညာ ကွဲခြားမှုဟာ အမိဝမ်းထဲ ပဋိသန္ဓေ ပထမနေတုန်းကဘဲကိုက ကွဲခြားပြီးတော့ လာခဲ့ပါတယ်ဆိုတာ သိတယ်၊ ကောင်းကောင်းကံပြုပါ၊ ဓဒါသကြီးတဲ့သူက ဓဒါသမကြီးလိုက်ပါနဲ့၊ ဓဒါသကြီးယင် ဒုက္ခဖပေးပါတယ်၊ မာနကြီးတဲ့သူက မာနမကြီးလိုက်ပါနဲ့၊ မာနကြီးယင် ဒုက္ခပေးပါတယ်။

အမိဝမ်းထဲကထွက်လာတော့ အမျိုးအဆွေတွေ ညံ့တတ်ပါတယ်၊ လောဘကြီးတဲ့သူက ဓလောဘမကြီးလိုက်ပါနဲ့၊ လောဘကြီးသဓလောက် အမိဝမ်းထဲကထွက်လာစဘာ့ ရွာရ ဖွေရ စီးပွားဥစ္စာတွေ ညံ့ဖျင်းလာတက်ပါတယ်။

ခုနယ်က သီလတွေ ထိန်းပြီးတော့ လက်လှမ်းမှီတဲ့ ဒါန ဘာဝနာတွေနဲ့ နေကြပါလို့ ပြောကြရ ဟောကြရတယ်လို့ဆိုတာ အခကြောင်းမဲ့ သက်သက်မဟုတ်ဘူး၊ လာခဲ့ရတဲ့ လမ်းစဉ်ကိုက ကံ အင်မတန်ကောင်းတဲ့ လမ်းစဉ်မို့လို့၊ ကံဓကောင်းတွေ ဖြည့်ကြပါလို့ ပြောပြီးယင်း ပြောယင်း၊ ရဟန်းသံဃာတော်တွေလဲပဲ သဓဘာပေါက်လို့ရှိယင် ပါရမီဖြည့်ပြီးတော့ သူတော်ကောင်းတွေဖြစ်အောင်ကြိုးစားကြပါလို့ ပြောယင်း အဲဒီလို ပြောနေရတာယ်။

ကံကြောင့်ရုပ်ချင်းမတူကြ။ ။ဒါကြောင့်မို့လို့၊ ပေါ့ပေါ့မနကြပါနဲ့၊ ခန္ဓာကိုယ်ဟာ အပြင်ရောက်လာဓတော့လဲ ကံကြောင့်ဖြစ်တဲ့ရုပ်ဓတွက အကုန်လုံးစီမံလာလို့ တယောက်နဲ့ တယောက် ရုပ်ချင်းမတူပါဘူး၊အဖေအမေ တူတယ်၊ဒီဓသွေးဒီသားတူတယ်၊ဒါပေမယ့် ကံကြောင့်ဖြစ်တဲ့ ရုပ်ရဲ့ ပြုပြင်ပုံက မျက်နှာအနေအထား မတူပါဘူး၊ မျက်လုံးအနေဆထား မဘူပါဘူး၊ ဒီကံကြောင့် ဒီကံကြောင့်။

တမိသားချင်းတင် မခပြောနဲ့၊ အမြွာပူး မွေးတာတောင်မှ တယောက်နဲ့ တယောက်က ရုပ်ချင်း အကြွမ်းစားတူတယ်၊ ဒါပေမယ့်လို့ ကံကြောင့်ဖြစ်တဲ့ ရုပ်ချင်းက မတူဘူး။

စိဆွေးရုပ်။ ။တခါ စိတ်ဓကြောင့်ဖြစ်တဲ့ ရုပ်ချင်းက မတူ၊ တဓယောက်က နဲနဲ ဒေါသကြီးတယ်၊တယောက်ကဓလောဘကြီးတယ်၊ တယောက်က စိတ်ခကောင်း ဓစာနာကောင်းရှိတယ်ဆိုယင်ပဲ အမြွာမွေးချင်းတောင် မတူဘူး၊ ရုပ်ဖြစ်နေပုံက ရုပ်ဖြစ်နေပုံက၊ ဓဒေါသကြီးတဲ့သူက ဒေါသနဲ့ဆိုင်တဲ့ ရုပ်တွေကြမ်းနေတယ်၊ မျက်နှာအနေအထား ကြမ်းတယ်၊ ဒီဓဒေါသကြောင့် ဖြစ်တဲ့ ရုပ်တွေက တကိုယ်လုံးမှာ နဲနဲပါနေတယ်။

ဓလောဘကြောင့်ဖြစ်ကဲ့ ရုပ်တွေကလဲ တကိုယ်လုံး သူ့မှာ အချိန်ရှိသဓရှိဖြစ်ဓနတယ်၊ လောဘကြီးတဲ့သူက လောဘစကားကို ပြောတယ်၊ ဓလောဘ

အလုပ်ကို လုပ်တယ်၊ အဆောင်းအဝယ်တို့မှာ လောဘတွေ ဦးစားပေးပြီးတော့ နေတယ်၊ အဲဒီစိတ်ဖြစ်သလိုပဲ ရုပ်က လိုက်နေတာပဲ ရုပ်က လိုက်နေတယ်။

ဒါကြောင့် လောဘကြီးတဲ့သူက လောဘလမ်းမှာ ကိုယ်ခန္ဓာပါ ရောက်သွားတာဟာ ဒီရုပ်တွေက လောဘကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်တွေက ဖြစ်နေလို့မို့ ဒီလောဘဖြစ်ယင် ဒီလောဘနား ရောက်သွားတာပဲ၊ တယောက်နဲ့ တယောက် မေတ္တာရှိတယ်လို့ ပြောနေကြတဲ့ သူတွေမလဲပဲ မေတ္တာမဟုတ်ပါဘူး၊ ဒီ လောဘဓာတ်ပါ၊ တဏှာ ရာဂတွေပါ၊ အဲဒါတွေနဲ့ ဒီသူနဲ့ စကားပြောနေတာပဲ၊ ဒီ သူ့ ဆီ ရောက်သွားတာပဲ၊ ဒီ သူ့အနား ရောက်လာတာပဲ၊ ဒါဘာလို့လို့လဲ အတွင်းက စိတ်ဓာတ်ကြောင့်ဖြစ်နေတဲ့ စိတ္တဇရုပ်တွေ ဖြစ်နေတယ်၊ စိတ္တဇရုပ်တွေ ဖြစ်နေတယ်။ ဒီ စိတ္တဇရုပ်ဓာတ်တွေဖြစ်နေတော့ ဒီစိတ္တဇရုပ်အတိုင်းပဲ ပြောဆိုသံကွေ့ လေသံတွေ၊ နေပုံထိုင်ပုံတွေ၊ အကုန်လုံး ပါလာတာပါပဲ။

ဥတုဇရုပ်။ ။အဲဒီအထဲမှာ ကံကြောင့်, စိတ်ကြောင့်, ဥတုကြောင့်၊ ယခု ကြည့်၊ ဥတုက ပူပြင်းတယ်ဆိုလို့ရှိယင် ရုပ်တွေညှိုးလို့၊ အင်မတန် ပြုပြင်တတ်မှ တောင်ရုံကလေးကျတယ်၊ ဒါဥတုဇရုပ်၊ ဥတုဇရုပ်က ညှိုးနေတယ်ဆိုယင် စိတ္တဇရုပ်ကလဲ ညှိုးညှိုးကလေး ပါသွားတယ်၊ ကမ္မဇရုပ်တွေကလဲ ညှိုးရှာရတယ်၊ ဥတုဇရုပ်ဓာတ်က ညှိုးနေတာကိုး။

အစာကြောင့် ရုပ်ဖြစ်ပုံ မတူကြ။ ။အဲဒီအထဲမှာ အာဟာရနဲ့ပြင်ရပါတယ်၊ ဓရကလေး မကြာခဏ သောက်ရပါတယ်၊ ရေသောက်တော့ ရေထဲမှာပါတဲ့ သြဇာပါတော့ ရေကြောင့်ဖြစ်တဲ့ ရုပ်ကလေးကလဲ အထိုက်အလျောက်လန်းလို့၊ ဒီ အာဟာရဇရုပ်က အစားအသောက်ကလေးတွေကလဲ ခုလိုပြုပြင်ပေးလို့၊ အစားအသောက်ကြောင့် ဖြစ်တဲ့ အာဟာရဇရုပ်ကလေးတွေကလဲ ဖြစ်လို့ တကိုယ်လုံး တောင့်တင်းလို့၊ တောင့်တောင့်တင်းတင်းနဲ့ အားရှိ ပါးရှိ ဖြစ်လာပါတယ်။

ဒါကြောင့် "ကဗဠီကာရော၊ အလုတ်အလွေး ထမင်းလုတ်စသည်၌ပါသော။ အာဟာရော၊ သြဇာဆိုတဲ့အာဟာရသည်" ထမင်းလုတ်ကြီးတလုတ်

လုံးက ရုပ်ကို ကျေးဇူးပြုတာမဟုတ်ပါဘူး၊ ထမင်းလုတ်ထဲမှာပါတဲ့ အာဆီသြဇာက ဖြစ်ခစေတာပါ။

ဒါကြောင့်မို့လို့လေ၊ ကျေးဇောက လူခတ္တနဲ့ ဘုန်းကြီးတို့ မြို့ကဆိုပါစတဲ့ မြို့က လူတွေနဲ့ ရုပ်ချင်း မတူလိုက်တာ၊ ဘာဖြစ်လို့တုံး၊ ဟိုခမြာများမှာစားရတဲ့ အစာက ကြမ်းတယ်မဟုတ်လား၊ ဒီတော့ ခမြာများမှာ အာဟာရခကြောင့်ဖြစ်တဲ့ရုပ် နည်းနည်းကြမ်းနေပါတယ်၊ ဒီမြို့မှာနေကြတဲ့သူစတွေ၊ ပစ္စည်းဥစ္စာစတွေ အာဒေါ်အာတန်ရှိတဲ့လူစတွေရဲ့ ရုပ်ကလေးတွေက စားတဲ့၊ အာဟာရက နည်းနည်းသြဇာရှိတယ် မဟုတ်လား၊ အဲဆိုသြဇာ ကောင်းတယ် မဟုတ်ပါလား၊ အဲဒါခကြောင့်မို့လို့ခလေ၊ ရုပ်ကလေးတွေ၊ ဒီအာဟာရဇရုပ်ကလေးခတွေဟာ အတောင်အတန် နူးနူးညံ့ညံ့ ဖြစ်ခနေပါတယ်နော်။

ပြီးတော့ စိတ်ကလဲပဲ၊ ကျေးကောက လူခတ္တမှာ မြင်ရတာကလဲ ခပ်ကြမ်းကြမ်း, ကြားရတာကလဲ ခပ်ကြမ်းကြမ်းဆိုတော့၊ စိတ်ကလေးတွေကလဲ ခပ်ကြမ်းကြမ်း ဖြစ်ရရှာတယ်။

ဒါကြောင့် ကျေးတောက လူဇာတ္တကို ခပ်ကြမ်းကြမ်းကလေးပဲ မြင်ရပါတယ်၊ စိတ္တဇရုပ်ခတွေဟာ မြို့ပြကျတော့ ဇလောဘဖြစ်တာ ဖြစ်ပါဘာ တခြားထား၊ ရုပ်ကလေးတွေက ခပ်နုနုကလေးတွေ မြင်ရပါတယ်၊ အဲဒီဟာ ဘုန်းကြီးတို့စာက တဆင့်နဲ့တဆင့် တဦးနဲ့ဘဦး ကူခြင်းကြောင်းကိုလေ။ တကထဲ လူရဲ့နဏ်ကူခြင်းပုံ၊ နတ်ကျဘော့လဲ၊ စာတုမဟာရာဇ်နဲ့ တာဝတိံသာ ကူခြင်းပုံ၊ တာဝတိံသာကရုပ်နဲ့ ယာမာကရုပ် ကူခြင်းပုံ၊ ဟိုအထက်ဆုံး နိမ္မာနရတီဆိုကဲ့ ရုပ်ခတွေက သာကြပုံ၊ မြို့ကြီး ပြကြီး ကူခြင်းသလို ဟို နက်ပြည် ဘုံကြီး ဘဝကြီးကလဲ ကူခြင်းသွားပြန်တာပဲ၊ ဘုန်းကြီးတို့က သီလွန်းလို့ မြင်လွန်းလို့၊ အာဟာရဇရုပ်တွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ သိလွန်းလို့။

အစားအသောက်ကို ဆင်ခြင်ကြပါ၊ အကျင့်ဇလောက်ဟိုတည့်တာကလေး စားကြပါ၊ မတည့်တာကို ရှောင်ကြပါ၊ မစားပါနဲ့၊ အစာခကြောင့် ဒီရုပ်

ဖြစ်ပုံဆိုတာဟာ လူတယောက် မကျန်းမမာဖြစ်နေတယ်၊ ဒီဓာတ်စာကောင်း ကောင်း ပေးတတ်တဲ့ဆရာက ဓာတ်စာပေးလိုက်တယ်ဆိုယင် အဲဒီရောဂါ ပျောက်သွားတယ်၊ ဘာဖြစ်လို့ ပျောက်သွားသလဲဆိုတော့၊ အဲဒီဓာတ်စာဆိုတဲ့ အထဲမှာပါတဲ့ အဆီဩဇာကြောင့် ရုပ်က ကောင်းပြီတော့ လာတော့ စော စောက မကောင်းဆိုတဲ့ရုပ်ဟာ ရောဂါရုပ်ပါ၊ အဲဒီ မကောင်းတဲ့ရုပ်တွေဟာ နောက်ဆပ်မဖြစ်တော့ဘူး၊ မဖြစ်ဘော့ တဖြေးဖြေး အဲဒီရုပ်တွေက မပေါ်ပဲနဲ့ ကောင်းတဲ့အစာ ဓဆေးဝါးကြောင့်ဖြစ်တဲ့ ရုပ်တွေပေါ်လာတော့ ဟို ရောဂါ ပျောက်တယ်၊ ဒါအာဟာရဇရုပ်။

စိတ်ချမ်းသာအောင်နေကြ။ ။ပြီးတော့ ခုတော့ ဆရာဝန်တွေ ပြောတတ် လာပြီ၊ စိတ်ကောင်းကောင်းထားပါ၊ သူတို့ စိတ္တဇရုပ်ရယ် ဘာရယ်လို့ မသိကြပေမယ်လို့ စိတ်ချမ်းသာလို့ရှိယင် ရောဂါ ကုလို့ လွယ်ဘယ်ဆိုတာ သူတို့ သဓာဝပေါက်လာကြပြီ၊ ဘုန်းကြီးတို့က အစောကြီးကထဲက စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ ဖြစ်နေတယ်၊ တယောက်နဲ့ တယောက် အိမ်ယူအိမ်သားချင်း မတဲ့တယ်ဆိုယင် ရုပ်တွေဟာ မဓကောင်းဘူး၊ မျက်နှာကြည့်ဟာ ရုပ်မှကောင်းဘူး၊ ဘယ်လို ဟန်ဆောင် ဟန်ဆောင် မဓကောင်းဘူး၊ ဘာပြုလို့တုံး၊ အိမ်သားချင်း မတဲ့မှ မတဲ့ပဲလို့၊ ဒီတော့ မတဲ့ ရုပ်ကဓလေးတွေဖြစ်နေတာပဲ၊ ဟန်ဆောင်ချင် ဓဆောင်အုံး၊ ရုပ်မကောင်းမှ မဓကောင်းပဲ၊နဂိုကလဲ ရောဂါတို့ ဘာတို့ရှိယင် တိုးတယ်၊ အိမ်သူအိမ်သားချင်း မတဲ့လို့ရှိယင် ရောဂါရှိယင် တိုးတယ်၊ နှလုံးရောဂါတို့ ဘာတို့ရှိယင် တိုးတယ်၊ ဓကြောက်စရာ လန့်စရာကို ဓကောင်းတယ်၊ စိတ္တဇရုပ်တွေက အပြောင်းအလဲ ရှိ ဘယ်၊အဲဒါဓကြောင့် စိတ်ချမ်းသာအောင်နေကြ၊ စိတ်ချမ်းသာအောင်နေကြ၊ လိမ်လိမ်မာမာနေကြ၊ တယ်ပြောရတယ်၊ တယ်ပြောရတယ်။

ဘုန်းကြီးတို့ကျောင်းမှာ ဘုန်းကြီး တဒါတဒါ ဓဒါသ ထုတ်တယ်၊ မဓကောင်းမှန်းတော့ သိတယ်၊ ဓဒါသမထုတ်ရဘူး၊ လင်တို့ ဓကောင်းကောင်း နေကြ၊ပြန်သွားကြ ပြန်သွားကြ၊ ငါအကုသိုလ် အဖြစ်မခံနိုင်ဘူး၊ ဆုဂါလဲ အဖြစ်မခံနိုင်ဘူး၊ ပြန်သွားကြ ပြန်သွားကြ၊ သင်တို့ ဓကောင်းဓကောင်းမဓန

နိုင်လို့ရှိယင် ဒီကျောင်းမှာ မနေကြနဲ့၊ ငါ့မှာ အကုသိုလ်လဲ ဖြစ်မယ်၊ ငါ့မှာ ဆောဂါလဲ ရမယ်၊ ငါ ဒေါသလဲ မထွက်ချင်ဘူး၊ သင်တို့ကို အဆင့်အတန်း မြင့်အောင်လို့ မြင့်ပေးနေတာ ငါ့ပါ ဒုက္ခပြစ်စေတဲ့သူတွေဆိုယင် ပြန်သွားကြ ပြန်သွားကြ။

အဲဒီလို ဘုန်းကြီးတို့က သိနေလို့မို့ ဘယ်ဒါယကာ ဒါယိကာမ လောနားမလည်ဘူး၊ ကိုယ့်ကို စိတ်အေးချမ်းသာအောင်နေတဲ့ ဒကာ ဒကာမပဲ ကောင်းတယ်၊ ဒီလိုမဟုတ်ပဲနဲ့ဆိုယင် ဒေါသမောဟဖြစ်စေမယ့် ဒကာဒကာမတွေ ဘာတွေ့ မလာနဲ့၊ မလိုချင်ဘူး မလိုချင်ဘူး၊ သိတယ်၊ စိတ်တွေ့ဖြစ်သလောက် ရုပ်တွေ ဖြစ်နေတယ်၊ စိတ်ချမ်းသာသလောက် ရုပ်ချမ်းသာတယ်၊ စိတ် မချမ်းသာသလောက် ရုပ်မချမ်းသာတာကို သိနေပါတယ်။

ကောင်းတဲ့ကံပြုကြ။ ။ဒါကြောင့် အိမ်မှာနေတဲ့ သူပဲဖြစ်ဖြစ် ကျောင်းမှာနေတဲ့သူပဲ ဖြစ်ဖြစ်၊ ရဟန်းသံဃာတော်ပဲ ဖြစ်ဖြစ်၊ ကံကြောင့်ဖြစ်လာတဲ့ ရုပ်တွေ ကံကြောင့် ကောင်းဆောင်ကတော့ ခုကောင်းတဲ့ကံတွေကို ပြုပါ၊ ရွေးကံက ပါလာတဲ့ ကံကို ဒီကံက ထောက်ပံ့တော့ အသက်ရှည်ပါလိမ့်မယ်၊ ရွေးကံက ပါလာပေမယ့်လဲ ဒီကံက မကောင်းတဲ့ကံကို အလုပ်ကို လုပ်နေယင် အသက်တိုပါလိမ့်မယ်၊ ကံကို ဒီလို ပြင်ကြပါ။

စိတ်ကိုလဲ ချမ်းဆာအောင်နေကြပါ၊ ပစ္စည်းပေါမှ ချမ်းသာတာ မဟုတ်ပါဘူး စိန်တွေ ရွှေတွေ မြင်နေရမှ ချမ်းသာတာ မဟုတ်ပါဘူး၊ စိန်ရွှေကို မမြင်ရပေမယ့်လို့ အစားအစာက မှန်မှန်စားလို့ အေးအေးဆေးဆေးနဲ့ မိမိအိမ်သားချင်း ချစ်ချစ်ခင်ခင်နဲ့ သားတွေ သမီးတွေ ဆွေတွေ မျိုးတွေနဲ့ သင့်သင့်မြတ်မြတ်ဆိုယင် စိတ်ချမ်းသာယင် စိတ္တဇရုပ်တွေကောင်းနေပါတယ်၊ စိတ်မချမ်းသာလို့ရှိယင် ပစ္စည်းဘယ်လောက် ချမ်းသာချမ်းသာ စိတ္တဇရုပ်တွေ မကောင်းပါဘူး၊ သိတယ်မဟုတ်လား၊ သိတယ်မဟုတ်လား။

ရာသီဥတု ကောင်းတဲ့နေရာမှာ နေကြ။ ။ဥတု၊ ဒီ ယခုလို ပူတဲ့အခါကျယင် နဲနဲသက်သာတဲ့ နေရာကို ရှာပြီး ပြောင်းနေတာ ကောင်းတယ်၊ ဘုန်းကြီးမှာဓတော့ မနေနိုင်ပါဘူး၊ ဒကာ ဒကာမတွေ့ လာတယ်မဟုတ်လား၊ ထပည်တပန်းတွေ့ မကြာခဏ ဝင်လာတဲ့

သူက လာတယ်၊ ပြန်သွားတဲ့သူက ပြန်တယ် မဟုတ်လား။ ဥတုကောင်းတဲ့ နေရာကို သွားနေလို့ကိုယင် ကောင်းတယ်လို့ ဆိုတာတော့ သိပါရဲ့။

ဥတုကောင်းတဲ့ နေရာကို နေလို့မို့ ကိုယ့်ကျန်းမာရေး ကောင်းမယ်၊ နေလို့ ကောင်းမယ်ဆိုတာ သိပါရဲ့၊ မနေနိုင်ပါဘူး၊ ဘာပြုလို့လဲ ဆိုတော့ ဘဝက ဒီလိုဘဝမျိုး ဆောက်နေပါတယ်၊ လာကြတဲ့သူတွေကိုလဲ တွေ့ရပါတယ်၊ ဒကာ ဒကာမတွေကိုလဲ တွေ့ရပါတယ်၊ အဲဒါကြောင့် ဘုန်းကြီးမှာ ပူတယ်၊ မနေ့တုန်းက ပြောတယ်၊ ဒီနားမှ ဘုန်းကြီး နေ့အခါနေဖို့လို့ လုပ်တာပဲ၊ ဒါပေမယ့်လို့ ဘုန်းကြီးက နေ့အခါ ဒီအေားတဲ့နေရာကို လာနေလို့ ရှိယင် လာတဲ့သူတွေ ဘယ်နှယ်လုပ်ပြီး ဘုန်းကြီးနေတဲ့နေရာ သိမလဲ၊ ဒါ့ကြောင့် ဘုန်းကြီးကျောင်းပေါ်မှာ ဘုန်းကြီးဖြစ်သလို ချမ်းသာသလို နေရပါတယ်၊ သပွါယ မဖြစ်ဘူးဆိုတာတော့ သိတယ်၊ သိစေတော့ သိတယ်။

ကဲ ...ကံကသာ စီမံပေးပေစတော့ပေါ့၊ ဆင်းရဲတာကတော့ ဆင်းရဲပါစေစေတော့ပေါ့၊ အဲစီမံစေပးလို့ ရှိယင်ဘော့ ကံစီမံပေးသလောက်ပဲ အလုပ်လုပ်ရတာပေါ့လို့၊ အဲဒီလိုအနေမျိုးနဲ့ ရုပ်တွေဖြစ်ပုံ သိရက်သားနဲ့ ရုပ်တွေကို ကောင်းအောင် ပြုနိုင်ပါရက်သားနဲ့၊ မလိုက်နိုင်ပါဘူး။

နတ်ကိုအထင်မကြီး။ ။ကံ, စိတ်, ဥတု, အာဟာရ အစားအသောက်ကိုလဲပဲ ကြံကြံဖန်ဖန်စားလို့ ရှိယင် အားရှိမယ်ဆိုတာ သိပါရဲ့၊ သို့ပေမယ်လို့ ဘုန်းကြီးတို့က စိတ်အလုပ်ကို ပစာနထားပြီးတော့ လုပ်နေတာဖြစ်တော့ ပတ်ဝန်းကျင်ကို ဇမတ္တာပို့ပြီးစကာ့ နေရတာဖြစ်တော့ အားလုံးလေ နတ်တွေ့ ဘာတွေ့ နတ်တွေကလဲ သိတာမဟုတ်တော့ သူတို့က အပြစ်မြင်ယင် မြင်နေမှာ—

ဒီဘုန်းကြီး ဟိုတုံးက ဘယ်လိုစားပြီးတော့ ခုဘယ်လိုစားနေပြန်တယ်လို့၊ သူတို့လဲ သိတာ မဟုတ်ပဲနဲ့၊ နတ်တွေကို ဘုန်းကြီးက အထင်မကြီးတာက 'ကွန္ဒက' နတ်က ဒီနတ်တွေထက် သာတယ်၊ ကွန္ဒက နတ်ဆောင် အယူအဆလဲခနဘာဖြစ်တော့၊ ဒီပဉ္စဝဂ်နတ်စတွေလဲ အယူအဆလဲမှာပဲလို့၊ စစောင့်

ရှောက်နိုင်ယင်လဲ စောင့်ရှောက်ပေါ့၊ မစောင့်ရှောက်နိုင်ယင်လဲ ဒုက္ခပေါ့၊ နတ်ကလဲ လုပ်ချင်လဲ လုပ်ကြပေါ့၊ အနှောင့်အယှက် လုပ်ချင်လဲ လုပ်ပေါ့လို့ နတ်တွေကိုလဲပဲ မေတ္တာပို့ရပါတယ်။

အဲဒါကြောင့်--ဘုန်းကြီးမှာလဲ အသိက အမျိုးမျိုး သိနေတာဖြစ်တော့ ကံကောင်းအောင် ပြုပြင်ရပါတယ်။ ဒီဘဝ ကံကောင်းချင်လို့ ဆိုတာဟာ ဒီသာသနာတော်ကြီးပြင်ချင်လို့ ကြိုးစားရပါတယ်၊ ဒီနိုင်ငံကြီးဟာ မကျဆင်းထိုက်ပဲနဲ့ ကျဆင်းရတယ်၊ ဒီသာသနာတော်ကြီး မကျဆင်းထိုက်ပဲနဲ့ ကျဆင်းရတယ်လို့၊ အဲဒီလို မြင်လွန်းလို့၊ ပြုပြင်ချင်လွန်းလို့၊ ကြိုးစားနေရပါတယ်။

ပြုပြင်ကြပါ။ ။ဒီတော့-ကံကြောင့်ဖြစ်တဲ့ရုပ်တွေ၊ ကံကောင်းအောင် ပြုပြင်ကြပေါ့နော်လို့၊ ဘေးကဝိုင်းနိုင်လို့ ရှိယင် ဝိုင်းနိုင်အောင်လို့၊ နတ်တွေ ဘာတွေကို မေတ္တာပို့ရပါတယ်၊ စိတ်ကို ချမ်းသာအောင် ကြည့်ပြီးတော့ နေရပါတယ်၊ ဥတုမျှတနိုင်သလောက် မျှတစအောင် နေရပါတယ်၊ အစာအာဟာရကို သင့်တော်အောင် စားနေရပါတယ်။ ဒီ တရားတော်ကို သဘောပေါက်တဲ့ ပုဂ္ဂိုလ်တွေကလဲပဲ အာဟာရကို စတွက်ရာ စားတာဟာ အင်မတန်တော့ ရိုင်းတာပဲ၊ ရိုင်းတဲ့အတွက်ကြောင့်လဲ သူတို့မှာ ရောဂါတွေ ရကြပါတယ်၊ ရောဂါတွေ ရရုံတင်မကဘူး အသေလဲ မြန်ကြပါတယ်။

ဘာဖြစ်လို့တုံး၊ ပြုလဲမပြင်တတ်ဘူး၊ အစားလဲ မပြုပြင်တတ်ဘူး၊ ကံကိုလဲ ကောင်းအောင် မပြုပြင်တတ်ဘူး၊ မိုရိုးဖလာပဲ နှားလည်တယ်၊ အဲဒါဟာတွေကြောင့် ဒီလူတွေ ရောဂါတွေရကြပါတယ်။ ဒီကံကိုတော့ ထားပါတော့၊ ဒီ စိတ်ချမ်းသာယင် စိတ်ချမ်းသာသလောက် ရုပ်တွေ ကြည်လင်တယ်။ စိတ်မချမ်းသာယင် စိတ်မချမ်းသာသလောက် ရုပ်တွေ ညှိုးနေပါကယ်၊ မျက်နှာတွေနှမ်းတယ်၊ ခန္ဓာကိုယ် ဆာသားအရေတွေ ညှိုးနှမ်းတယ်၊ အင်မတန် ဆိုးသာတယ်၊ သိသာတယ် စိတ္ထဇရုပ်။

ခုနက ဥတုကိုမတော့ ခုနကလို အပြောင်းအလဲနဲ့ ရေလေး ဘာလေး ချိုးလိုက်ယင်ပဲ လန်းဆန်းပြီးတော့ သွားတာ၊ ဥတုဇရုပ်တွေ ပြောင်းလဲသွားတာ၊ အင်မတန် သိသာပါတယ်။

အာဟာရဇရုပ်တွေ မတည့်တာတွေ စားတဲ့သူတွေ တော်တော်ကြာတော့ ရောဂါတွေဖြစ်လာပါတယ်၊ တည့်တဲ့အစာကလေးစား၊ တည့် မတည့်ဆိုတာလဲ ကိုယ်ကညာဏ်ရှိမှ သိတာ၊ ကိုယ်လဲ မသိပဲနဲ့၊ တည့် မတည့်ဆိုတာလဲ ပြောလို့ မဖြစ်ဘူး၊ အထိုက်အလျောက် ဆရာသမားတွေ မေးမြန်းလို့....

ကိုယ့်ကိုယ်ဘိုင်လဲ ညာဏ်ရှိလို့ သတိထားလို့၊ ဒီလိုမှ တည့် မတည့် သိတာပေါ့၊ တည့်တဲ့ အစာ အာဟာရတွေ စားနေလို့ ရုပ်တွေ ကျန်းမာရေးစကောင်းလို့၊ ကြည်လင်လို့၊ အဲဒါကြောင့် ခန္ဓာကိုယ်ကြီးဟာ အတ္တမရှိပါဘူး၊ ဘယ်သူမှ ပြုပြင်လို့ မပေးနိုင်ပါဘူး၊ မိမိက မိမိကိုယ်ကို ပြုပြင်ပေးတယ်၊ မိမိစိတ်က မိမိကို ပြုပြင်ပေးတယ်။

ရုပ်ချုပ်ပုံ။ ။မိမိစားတဲ့ အာဟာရက မိမိကိုပြုပြင်ပေးတယ်၊ ဘယ်ထိ အောင် ပြုပြင်ပေးသလဲ၊ ဒသခါနီးထိအောင် ပြုပြင်ပေးတယ်၊ ဒသခါနီးကျတော့ ကံကုန်ဘဝ့်မယ်လို့ ဆိုလို့ရှိယင်ပဲ အဲဒီဓနာက် စိတ္တက္ခဏ (၁၇) ချက်လောက်အချိန်မှာ သေတော့မယ်ဆိုယင် ဒီအချိန်က ကမ္မဇရုပ်တွေ မဖြစ်ဖတော့ဘူး၊ နောက်ထပ်မဖြစ်တော့ဘူး၊ ဒီကမ္မဇရုပ်တွေလဲပဲ (၁၇) ချက်လောက် စိတ္ထက္ခဏဖြစ်ဇရာ၊ ကမ္မဇရုပ်တွေ ပြတ်ကို ပြတ်သွားတာ။

စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေလဲပဲ နောက်ဆုံး စုတိဝိတ်အချိန် ဝဏ္ဏနဲ့ကဖြစ်တဲ့ စိတ္တဇရုပ်တွေဟာ စိတ္တက္ခဏ (၁၇) ချက်လောက်ကျတော့ ပြတ်သားတာ၊ စုတိစိတ်မှာဖြစ်ကြတဲ့ စိတ္တဇရုပ်တွေဟာလဲ ကမ္မဇရုပ် ချုပ်ပြီးနောက် စုဒအပြီးနောက် စိတ္တက္ခဏ (၁၆) ချက်လောက်ကျတော့ ပြတ်သွားတာပဲ။ အစာအာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေလဲပဲ သေခါနီးမှာ အစာစားလို့ မရတော့ဘူး၊ မဝင်တော့ဘူး၊ ဝင်သည့်တိုင်ဓအောင်လဲပဲ ဟိုဇာပြင်ဘက်က အစာအာဟာရတွေက အဓေထာက်အပံ့ရမှ၊ ဝမ်းထဲက ဆစာအာဟာရတွေက အဓေထာက်အပံ့ရမှ အပြင်ဘက်ကစားတဲ့ အစာတွေက ရုပ်ဖြစ်ဓစတာပါ။

ဒသခါနီးကျတော့ ဝမ်းထဲက အဓေထာက်အပံ့မရဓတော့ဘူး၊ မရတော့ ရုပ်ကို မဖြစ်ဓစပါဘူး၊ တချို့ မသေခင် အဝေးကြီးထဲကိုက စားဓတော့စား

တယ်၊ ရုပ်မဖြစ်ဘူး၊ စားတော့ စားလိုက်တာ သူကပိန်လို့နဲ့၊ အဲဒီအတွင်းက အစာအာဟာရ သြဇာက အထောက်အပံ့ရမှ ရုပ်ကိုဖြစ်စေပါတယ်။

သေခါနီးကျတော့ အတွင်းက အထောက်အပံ့မရှိတော့ဘူး၊ ကံမှ မရှိတော့ပဲကို၊ ကမ္မဇရုပ်မှ မရှိတော့ပဲကို၊ အဲဒီတော့ လူမမာ စားချင်တိုင်းစား ရုပ်မဖြစ်စေနိုင်ဘူး၊ ဆရာဝန်တွေ ဆေးသွင်းချင်တိုင်းသွင်း၊ ဒီ ရုပ်မဖြစ်တော့ဘူး၊ ဘာပြုလို့လဲ အတွင်းက သြဇာဆိုတဲ့ ကမ္မဇသြဇာ မရှိတော့၊ အပြင်ဘက်က သြဇာချည်း ရုပ်ကို ဖြစ်စေလို့မရဘူး၊ ဒါကြောင့် သွင်းပါ၊ အစာတွေ အကြောကနေပြီးတော့ သွင်းပါ၊ ဓာတ်တော့မယ့်လူကို သွင်းပါ၊ သေခါနီးသွင်းပါ၊ ဓသပြီးယင် ဆေးသွင်းပါ၊ အစာတွေ အကြောကနေပြီး သွင်းပါ၊ ဒီ ရုပ်မဖြစ်စေပါဘူး။

အဲ ကမ္မဇရုပ်တွေချုပ်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေက ခဏလေးဖြစ်ပြီးတော့ချုပ်၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေကလဲချုပ်၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေကလဲ အပြင်ဘက်က ကောင်းတဲ့ ဥတုကြောင့်ဖြစ်တဲ့ ရုပ်လဲ ရှိတော့ဘူး၊ အတွင်းကလဲ အထောက်အပံ့မရတော့ဘူး၊ အလောင်းကောင်ကြီးချည်း ကျန်နေတဲ့ဇာခြိန်မှာလေ၊ ကမ္မဇရုပ်မရှိ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်မရှိ၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ် မရှိ၊ ဥတုလဲ ကောင်းတဲ့ ဥတုကြောင့်ဖြစ်တဲ့ ရုပ် မရှိ။

ဒါကြောင့် အလောင်းကောင်ကြီးဟာ တဖြည်းဖြည်း ပုပ်ကိုပုပ်ရမယ်၊ ဘာပြုလို့လဲ ဓနာဂ်ဖြာစရာရှိတယ်၊ ဇီဝိတရုပ် အစောင့်အရှောက် မရှိဘူး၊ အစောင့်အရှောက်မရှိတော့ ဒီခန္ဓာကိုယ်ကြီး ပုပ်ကိုပုပ်ရပါတယ်၊ ဆေးထိုးလို့ မပုပ်ဘူးဆိုတာ ပုပ်စေတတ်တဲ့ အရာဝတ္ထုတွေကို ခြောက်သွေးကောင် လုပ်လို့ မပုပ်တာပါ။

သူရဲ့ သဘာဝကတော့ စိုစိုပြေပြေ မဟုတ်တော့ပါဘူး၊ မြန်မြန်ကြီး မီးသင်္ဂြိုဟ်လိုက်တာ အင်မတန်ကောင်းတယ်၊ မြန်မြန်ကြီး ပြေမြုပ်လိုက်တာ အင်မတန် ကောင်းတယ်၊ ဒီခန္ဓာကိုယ်ကြီး ဘယ်လောက်မှ အသုံးကျတော့ဘူး။

ကံကြောင့်ဖြစ်ဟဲ့ ရုပ်တွေ မရှိဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ မရှိဘူး၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေမရှိဘူး၊ ဥတုကြောင့် ဆက်ဖြစ်တဲ့ ရုပ်တွေသာ ရှိတော့တယ်၊ မကောင်းတဲ့ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေဖြစ်လို့ မကောင်းတဲ့ ရုပ်ပဲ ရှိတော့တယ်။

ဒါကြောင့် ပုပ်ရပါတယ်၊ ဒါကြီးကို အလောင်းကောင်ကြီးကို အိမ်ပေါ်မှာ ကြာကြာမပြောနဲ့ ချစ်ချစ်–မချစ်ချစ် ပြီပြီးသားကို အာရုံပြုပြီး ဇတ္ဒ ဒီအလောင်းကောင်ကြီးကိုချစ်စရာမဟုတ်တော့ဘူး၊ အသက်ဝိညာဏ်မရှိတော့ဘူးဆိုယင် အချိန်ရှိယင် မြန်မြန်ကြီး ဒီကနေ့ သုသာန်ကို ပို့ရတာ အဓကောင်းဆုံးပါပဲ၊ အကောင်းဆုံးပါပဲ။

နားမလည်လို့ လူဒတွေက အချိန်ဆွဲနေကြတယ်၊ နားမလည်တိုင်း အချိန်ဆွဲနေကြတာပဲ၊ နားမလည်တဲ့လူတိုင်း ဒီလိုဖြစ်နေကြတာပဲ၊ အဲဒီလိုနားမလည်တဲ့အတွက်ဒကြောင့် ပို့ကဆံလဲကုန်သေးတယ်၊ သူတို့မှာလဲ သောကပိုပြီး ဖြစ်ရသေးတယ်၊ ဓဘးကလူဇတ္ဒကလဲ တရားရအောင်တော့ မပြောဘူး၊ ဖြစ်ရလေဟယ်....အို့ ဘာကြောင့်တုန်း၊ အင်းနဲ့၊ ဓဘးကလူဇတ္ဒကလဲ ဝမ်းနည်းအောင် ပြောကြ၊ ပိုပြီးတော့ ဝမ်းနည်းဖောင် ပြောတဲ့ သူမှ ကျေနပ်ကြတယ်လေး

တရားစကားနဲ့ ဝမ်းမနည်းအောင်ပြောတဲ့ လူဆိုယင် ရက်စက်လိုက်တာ၊ ပြောလိုက်ဘာလဲ ဘာမှ ရာထူမရှိဘူး၊ ချက်ချင်း ပစ်လိုက်ရမလောက် ပြောတယ်၊ တရားကိုလာပြောတဲ့ သူကို ရန်သူ၊ ဝမ်းနည်းအောင် ဆုဝေးတဲ့သူကိုဘော့ မိတ်ဖောင်းဆွေကောင်းအဖြစ်နဲ့ ဆက်ဆံပြီးတော့ နေကြတယ်၊ အင်မတန် အသိညာဏ်နဲတဲ့ ဘဝကြီးမှာ ဇောက်နေကြပါတယ်။

ဘုန်းကြီးတို့မှာ ဓကျေးတောသားပင် ဖြစ်သော်လဲပဲ ဇင်မတန်မှန်မြတ်တဲ့ ဗုဒ္ဓတရားဇတော်ကြီး ကြည့်ပြီးတော့ နေရတာဖြစ်တော့ အမြဲ ဘုန်းကြီးတို့မှာ တရားဘက်လိုက်ပြီးတော့ နေရတာဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ ဒီတရားကြီးဟာ ဗုဒ္ဓမြတ်စွာက ပုဂ္ဂိုလိမရှိဘူး၊ သူမရှိဘူး၊ ငါမရှိဘူး၊ ရုပ်တွေ နာမ်တွေချည်းပဲ၊ ဖြစ်ပျက်နေတယ်လို့ တရားတော်ကြီးမှာ ကောင်းလွန်းမက ကောင်းလွန်းလို့မို့ ဇင်မတန်မှန်မြတ်တဲ့ ပဌာန်းတရားဇတော်ကြီး ပါလားလို့–

နာနာပဂကာရဋ္ဌာနာနိ၊ ဗောဓိတာနေတ္ထ မုနိနာ။
အနန္တံနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တ ဂေါစရံ။

ထွေ၊ ဤအနန္တနယ သမန္တပဋ္ဌာန်းကျမ်းဂေတာ်ကြီး၌ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနာပဂကာရဋ္ဌာနာနိ။ ပေါတူ, အာရုံမျက စသည်မျိုးစုံ ဖအကြောင်းအရာတို့ကို။ ဗောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်ဂေတာ်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် မျှားလှဖဝနေ သိစေတော်မူခဲ့လေပြီ။ အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်ဆောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်ဂေတာ်မူသော။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းငုံကြွယ်သားကြီးကျွယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ပန္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ဂျိုးကန်တော့ပါ၏ ဘုရား။

သာဓု.....သာဓု.....သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

ဧကာဒသမနေ့

၁၃၃၅-ခု၊ တန်ခူးလဆုတ် ၂-ရက်။
၁၉၇၃-ခု၊ ဧပြီလ ၁၉-ရက်၊ (ကြာသပတေးနေ့)

၁၆-ကွန်ဒိုဟပစ္စယော။ (ကွန်ဒိုယပစ္စည်း)

အဓိပတိနဲ့ကွန်ဒိုယ။ ။ကွန်ဒိုယပစ္စည်း အကြောင်းပြုပြီးတော့ ဟောရပါ့မယ်၊ ကွန်ဒိုယလို့ ဆိုတဲ့စကားက "အစိုးရ"လို့ အဓိပ္ပာယ်ရတယ်၊ တနေရာတုန်းက အဓိပတိပစ္စည်းလို့၊ အကြီးအကဲ အချုပ်၊ ဒီလို ပစ္စည်းတပါးလဲ တွေ့ခဲ့ပြီ၊ အဲဒီတုန်းက အစိုးရတဲက အကြီးအကဲ တပါးတည်း အပြိုင်မရှိဘူး၊ သူဖြစ်တုန်းမှာ တခြားတပါး မဖြစ်ရဘူး၊ အဓိပတိဆိုတဲ့ အဓိပ္ပာယ်ကိုက အကြီးအချုပ် ဒီလို အဓိပ္ပာယ်ရတယ်၊ သူနဲ့ တန်းတူမရှိဘူး၊ အာဏာလုံး သူ့လက်အောက်ခံချည်း ဖြစ်ရမယ်။

ဆိုပါဓာတ္၊ ဆန္ဒက အုပ်စိုးနေယင် ဆန္ဒရှိယင် ဘာမဖြစ်ပဲရှိရမလဲ ဆိုတဲ့ ဘုရားအာဒေလာင်းမျာ်းရဲ့ ဆန္ဒမျိုးလို ဖြစ်ပြီဆိုယင် ကျန်တဲ့တရားတွေက ဆန္ဒအတိုင်း လိုက်ရတယ်၊ ဝီရိယကလဲ ဆန္ဒအတိုင်း လုံ့လ ထုတ်ပေးရတယ်၊ ပညာကလဲ ဆန္ဒအလိုအတိုင်း စိစစ်ပေးရတယ်၊ ဒီဆန္ဒအလိုကို အကုန်လိုက်ရတယ်။

ခု ကွန်ဒိုယကျတော့ ဒီလိုမဟုတ်တော့ဘူး၊ ကိုယ်အပိုင်းနဲ့ကိုယ်နဲ့ တပြိုင်နက် အစိုးရကြတယ်၊ တပြိုင်နက်၊ တပြိုင်နက်၊ ဥပမာ-စက္ခုဒွေကြ သူနဲ့ဆိုင်ရာ အစိုးရတယ်၊ စက္ခုဒွေနဲ့ အာဘူတူဖြစ်တဲ့ ဇီဝိတိန္ဒြေကလဲ သူနဲ့ဆိုင်ရာ အစိုးရတယ်၊ အတူတူဖြစ်တာ၊ တပြိုင်နက်ဖြစ်တာ၊ တပြိုင်နက် ဖြစ်ပေမယ်လို့ ကိုယ့်သတ္တိနဲ့ ကိုယ်ဖြစ်နေကြတယ်။

ပြီးတော့ ဂျွန်ဒိုယပစ္စည်းကို ရှေးဆရာများက ဘယ်လို ဥပမာပြကြသလဲ ဆိုယင် တနိုင်ငံထဲမှာ ရှင်ဘုရင်မျိုး မဟုတ်သေးဘူး၊ ဟိုမင်းကြီးတွေ အမတ်ကြီးတွေ၊ မင်းကြီးတွေ ဆိုပါတော့၊ ပြည်ထဲရေးမင်းကြီးက ပြည်ထဲရေးအမတ်က ပြည်ထဲရေးကိစ္စမှာ အစိုးရတယ်၊ သူနဲ့ အတူတူ အလုပ်လုပ်ဘက်က ပညာရေး အမတ်က ပညာရေးကိစ္စမှာ အစိုးရတယ်၊ သူတို့နှစ်ယောက် တပြိုင်တည်းဖြစ်တာ၊ တပြိုင်နက် အလုပ် လုပ်ကြတယ်၊ တယောက် တယောက် မကန့်ကွက်ဘူး၊ ပညာရေးကိစ္စ ကြုံလာယင် ပြည်ထဲရေးက ပညာရေးအလိုအတိုင်း ပါပဲ။

အဲဒီလိုပေါ့လေ၊ ပြည်တခုရဲ့အတွင်းမှာ ရှင်ဘုရင်မျိုး မဟုတ်ပဲနဲ့ မူးတော့ မတ်တွေ့ ကိုယ့်ဆိုင်ရာ ကိုယ့်ဆိုင်ရာ အစိုးရကြတယ်၊ သူအစိုးရတုန်းမှာ ဒီပြင် အစိုးရဖြစ်ပြန်ငတာ့လဲ အဲဒီအစိုးရကလဲ သူ့ကိစ္စကျတော့ သူ့ဘာလိုလိုက်ရတယ်၊ ဟို ဒီပြင်ကိစ္စကျတော့လဲ အဲဒီလူ အလိုအကိုင်း ဒီလူက လိုက်ရပြန်တယ်။

ဂျွန်ဒေါ့ အုပ်စိုးမှုက အဝိဟတိလောက် မကြီးကဲဘူး၊ မကြီးကဲပေမယ့် သူ့ကျည်းသူဟန်နဲ့တော့ သိပ်စွမ်းတာပါ၊ ဒါကြောင့်....

"ဂျွန်ဒိုယပစ္စည်းယာ၊ တပြည်ကွင်းခွံ ချင်းချင်း မဆန့် သိမသန့်ပဲ ခဲ့ခန့်ပိုင်စား မူးမက်များသို့ သုံးပါးပြားလတ် သဟဇာတ်နှင့် ဓာက်ပဥ္စဝိညာဏ ကမ္မဇကို မိမိအလိုသို့ လိုက်စေနိုင်သော သတ္တိလုံးနှင့် ကျေးဇူးပြုနိုင်သော သဟဇာတိန္ဒြိယ, ပုရိဇာတိန္ဒြိယ, ရူပဇီဝိတိန္ဒြိယ ၃-ပါး ပစ္စည်းဘာရားသည်။ အတ်ထိ၊ ပုဂ္ဂိုလ်သတ္တဝါသူငါမြေနှာတရားသဘောလာ ထင်ရှား ရှိပါပေသည်တကား။ ဂျွတ်၊ ဤသို့။ ဗေဒေန်၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီမှလျှင် များလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော် ထုံးမှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာရိုကျိုး ဂါထ်စုံမိုးဖြ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု..... သာဓု..... သာဓု

ပုံရေဇာတိန္ဒြိယ။ ။တရားတော်က—

"စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေသည်။ စက္ခုဝိညာဏ ဓာတုယာ၊ စက္ခု ဝိညာဏဓာတ်အားဖြင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနံစ၊ စိတ်စေတသိက် တရားတို့အားဖြင်း။ ဣန္ဒြိယပစ္စယေန၊ ဣန္ဒြိယပစ္စယ သတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ဒါ ပုရေဇာတိန္ဒြိယလို့ ခေါ်တယ်။

စက္ခုန္ဒြေ စက္ခုပသာဒ။ ။ဒီ စက္ခုန္ဒြေဆိုတာ စက္ခုပသာဒ၊ စက္ခုပသာဒက ဘယ်ကိစ္စမှာ တာဝန် ရှိသလဲဆိုယင် မြင်ခြင်းကိစ္စမှာ တာဝန်ရှိတာယ်၊ အားလုံး သိနေကြတာပေါ့၊ စက္ခုဝိညာဏ် မြင်တယ်လို့ သိနေကြတာ၊ ဒါပေမယ့် အဲဒီမြင်ခြင်းကိစ္စကို စက္ခုပသာဒက အစိုးရတယ်၊ သူ့ကို စက္ခုန္ဒြေလို့ ခေါ်တယ်။

ဒါတွေ နှစ်နှစ်ကာကာလေး စဉ်းစားကြည့်စမ်း၊ စက္ခုပသာဒ ဆိုတာ ကံခြောင့်ဖြစ်တာ၊ ဒီ မျက်စိအတွင်း အလယ်ခေါင်မှာ သူငယ်ရိပ်ကလေး ထင်ထဲ့ နေရာမှာ အဲဒီစက္ခုပသာဒတွေ အဲတော်များများကြီး စုပြီးတော့ စက္ခုပသာဒ ရုပ်ကလာပ်တွေ ရှိတာယ်၊ အဲဒီ စက္ခုပသာဒ ရုပ်ကလာပ်က အားကောင်းလေ အမြင်ကောင်းလေ။

ဆိုပါတော့လေ ကလေးခပ်ငယ်ငယ်၊ အင်း- ဆယ်နှစ်သားလေး ဘာလေး သူ့စက္ခုပသာဒက တယ်အားကောင်းတယ်၊ အဲဒီအချိန်မှာ မြင်တယ်၊ လူကြီးတွေ မမြင်ပေမယ့် ကလေးက မြင်တယ်၊ ဘာဖြစ်လို့တုန်း၊ စက္ခုပသာဒ အား ကောင်းနေလို့၊ ဒီလို စက္ခုဝိညာဏ်အသိက ပိုသိနေတယ်။

ဒီတော့ကာ ဒီမြင်ခြင်းကိစ္စမှာ စက္ခုပသာဒရဲ့အလိုကို အားလုံး လိုက်ကြ ရတာယ်၊ သင်မြင်ချင်တိုင်း မမြင်ရဘူး၊ စက္ခုဝိညာဏ်က မြင်ချင်လိုက်တာ သင်မြင်ချင်တိုင်း မမြင်နိုင်ဘူး၊ ငါ စက္ခုပသာဒက အစွမ်းရှိသလောက်သာ မြင်ရမယ်၊ ဟာ သူက ဒီလို အုပ်စိုးနေသလိုပဲ၊ ကလေးလေးရဲ့ စက္ခုပသာဒက ဘာဖြစ်လို့ အားကောင်းနေ သတုံးဆိုယင် ...

ဘဝးမှာ စက္ခုပသာဒ ရုပ်ကလာပ်ချည်း ဖြစ်နေတာ မဟုတ်ဘူး၊ ဒီပြင် ရုပ်ကလာပ်တွေကလဲ စက္ခုပသာဒနဲ့ ဆက်စပ်ကပ်ပြီးတော့ ဖြစ်နေတာ၊ ဖြစ်နေကြတော့ ဒီပြင်ရုပ်ကလာပ်တွေကလဲ အသက်နည်းနည်း ကြီးလာလေ သူတို့ အာဝးကဓလျှံလာလေ၊ အင်း ဆိုပါတော့ အသက် ကြီးတော့ ၄၀ - ကျော် လောက်ရောက်လေ ဘေးကရုပ်ကလာပ်တွေက အာဝးနဲ့နဲ့လျှံလာလေ၊ စက္ခုပသာဒကလဲ နဲနဲအာဝးလျှံလာခဲ့လေ၊ ဘေးက ကလာပ်ဖတွေ အနှောင့်အယှက် ကမျှဝးဓလ စက္ခုပသာဒက အာဝးလျှံလာလေ၊ အဲဒီတင် စက္ခုပသာဒ အမြင်ညံ့သွားတယ်။

ဒါပေါ့၊ မျက်မှန် ကူပေးရတယ်ဆိုတာ ဒီအပိုပါပဲ၊ စက္ခုပသာဒကိုက အမြင်ညံ့သွားပြီး ညံ့တာက စက္ခုပသာဒ ကိုယ်တိုင်ကိုက အာနည်း ညံ့တာလဲရှိတယ်၊ ဘေးပတ်ဝန်းကျင်နဲ့ အာဟုတ္တ ဖြစ်နေတဲ့ ရုပ်ဇာတ်ရဲ့ အနှောင့်အယှက်လဲရှိတယ်၊ ဥပမာ ဇလက ခနှောင့်ယှက် နေတယ် စက္ခုပသာဒက အာနည်းတယ်၊ အဲ ဓသွး သည်းခြေ သလိပ်၊ အင်း ဒီလို ဘေးပတ်ပတ်လည် ရုပ်တွေက ခနှောင့်ယှက်နေပြီဆိုယင် စက္ခုပသာဒက အားကောင်းသွားပြီ၊ စက္ခုပိဉ်ဘက် မြင်ချင်တိုင်း မမြင်ရတော့ဘူး၊ ဒါကြောင့် အဲသလိုဂ် စဉ်မှာတော့ စက္ခုပသာဒက "ငါ့အစ္စမ်းအတိုင်း သင်တို့ မြင်ကြရမယ်" လို့ အမိန့်မပေးပေးမယ့် ပေးသလိုပဲ အားလုံး သူ့အလို လိုက်ကြရတယ်။

ဓသာတပသာဒ။ ။တခါ သောဘပသာဒက ဒီလိုပဲ၊ နားထောင်ရင်တိုင်း မကြားနဲ့၊ အသင့်တို့က ကြားချင် တာကတော့ ကယ်လို့ နာက အသံတွေကိုပါ ကြားချင်တာပဲ၊ ငါ့ဓသာတ ပသာဒက အဲဒီလောက် အားမရှိဘူး၊ ငါအားရှိသလောက်သာ သင်တို့ ကြားရမယ်။

ဓနာက်ခဟာ့ တဖြေးဖြေးပေါ့၊ ခုနကလို တော်တော်လေး ကြီးလာလေ ဘေးက ရုပ်ဇာတ်က အားသေး လာလေ၊ ပတ်ဝန်းကျင် ဓာတ်စားလဆိုတဲ့ ရုပ်ကလာပ်ဓတွေက ရှုပ်လာလေ၊ အဲဒီ တောတပသာဒ ကကြား အားနည်းသွားတယ်၊ တချို့ နားလေး သွားတယ်၊ တချို့ အပိုးဒဟွားဇတွေ နားလေးသွားတယ်၊ အဲဒီလောတပသာဒ ညံ့သွားတယ်၊ အဲဘေးက အနှောင့်အယှက် ကလေးဓတွေက မျှားလာတာပဲ၊ အဲဒီမှာ နားကြပ်တို့ ဘာတို့နဲ့ လုပ်လိုက်တော့

အကြား နည်းနည်း များလာပြန်ထော၊ သူအကြား များလာပြန်ထော၊သူအား နည်းနည်း ရှိသွားပြန်ထော။

ဃာနပဃာဒ။ ။ဃာနပဃာဒ နှာခေါင်းက အဲ သူ့ပတ်ဝန်းကျင်က ရုပ်ကလေးတွေရဲ့ အနှောင့်အယှက် ကလေးတွေ ရှိနေတာ့ သူအနံ့မရတော့ဘူး၊ မရတော့ ဘာမှ မသိဘူး။

ဇိဝှါပဃာဒ။ ။ဇိဝှါပဃာဒ လျှာက ဒီလိုပဲ စားလို့ မကောင်းပါဘူး၊ ဟုတ်တယ်၊ ငယ်ငယ်တုန်းက ဇိဝှါပဃာဒက ဘာစားလိုက် စားလိုက် အရသာရှိဘယ်၊ တော်တော်လေး ကြီးလာတော့ ပတ်ဝန်းကျင် ရုပ်တွေရဲ့ အနှောင့် အယှက်ကြောင့် ဇိဝှါပဃာဒ မကြည့်လင်ဘူး၊ မသန့်ရှင်းဘူး၊ ဒီတော့ စားတော့ စားတာပဲ၊ အရသာက အရင်လောက် မရှိချင်ဘူး။

မရှိဓလ အစားကောင်းရှာလေ၊ အရသာမပေါ်လေ၊ အစားကောင်းရှာဓလ၊ အဖိုးကြီးအဒ္ဓားကြီးတွေ ချေးများလေ၊ အမှန်ကတော့ သူရဲ့ဇိဝှါပဃာဒ ပျက်ခနဘာကိုတော့ သူသတိမထားဘူး၊ ဇိဝှါပဃာဒပျက်နေတာ နှလုံးသွင်းယင်း တရားနှလုံးသွင်းဖို့ သိပ်ခက်တာပဲ၊ အခုတော့မဟုတ်ဘူး၊ ကောင်းသထက် ဓကောင်းအောင်ရှာပြီးတော့ စားကြတာပဲ။

ကာယပဃာဒ။ ။ကာယပဃာဒ အတွေ့အထိက ဒီလိုပဲ။ ဒါကြောင့် ဒါကို "ပုရေဇာတ်ဩိယ"လို့ ခေါ်တယ်၊ သူတို့က စိတ်မဖြစ်ခင် အရင်ဖြစ်နှင့်တယ်၊ နည်းနည်းလေးပါ၊ နည်းနည်းလေးပါ၊ စိတ်မဖြစ်ခင် အရင်ဖြစ်ပြီးဘော့မှ သူတို့ဖြစ်ပြီးမတော့မှ ခဏလေး နေတော့မှ ခုနက- စက္ခုဝိညာဏ်စိတ်တို့၊ သောတဝိညာဏ်စိတ်တို့၊ ဃာနဝိညာဏ်စိတ်တို့၊ ဇိဝှါဝိညာဏ်စိတ်တို့၊ ကာယဝိညာဏ်စိတ်တို့ ဖြစ်ကြရတယ်၊ ဒါကို ပုရေဇာတိဩိယလို့ခေါ်ပါတယ်။

မနိဿြေ။ ။တခါ ဘုန်းကြီးတို့ နည်းနည်း ပြောလို့ လွယ်တာကို ပြောမယ်၊ ဒီ မနိဿြေဆိုတဲ့ စိတ်လဲပါတယ်၊ စိတ်က အာရုံကို ရအောင်ယူတာပါပဲ၊ သူသိပ်ပြီးတော့ မဆန်းပါဘူး၊ ထားပါတော့။

ဒီထဲ ဇီဝိတိန္ဒြေ ဆိုတာ နာမ်ဇီဝိတပါတယ်၊ အသက် သူတို့ကိုတော့ ရုပ်ဇီဝိတနဲ့ တွဲပြီးတော့ ဘုန်းကြီးပြောပြမယ်၊ နာမ်မှာလဲ အသက်ရှိတယ်၊ "နာမ်ဇီဝိဘ" ၊ နောက် ရုပ်မှာလဲ အသက်ရှိတယ်၊ "ရုပ်ဇီဝိတ" သူတို့နှစ်ခု ကျမှာ တွဲပြောမယ်။

သဒ္ဒိန္ဒြေ

အာရုံမှန်မှ သဒ္ဒါမှန်သဒ္ဒါစစ် ဘုန်းကြီးက ယခု ဘာပြောမလဲ ဆိုတော့ "သဒ္ဒိန္ဒြေ" သဒ္ဒါတရား ဆဒ္ဒါတရားနဲ့ ပြောကြတယ်၊ ဗမာများကလဲ သဒ္ဒါကောင်း၊ တယ်သဒ္ဒါကောင်း၊ ဗမာလူမျိုးတွေ တယ် သဒ္ဒါကောင်းလို့ ပြောကြတယ်၊ သဒ္ဒါဆိုတဲ့ တရားက ယုံကြည်တယ်၊ အဲဒီ ယုံကြည်တဲ့ သဒ္ဒါမှန်, မမှန်ကတော့ အရေးကြီးပြန်ရော၊ မှန်, မမှန်ကလဲ သဒ္ဒါက ပြောနဖို့မလိုဘူး၊ သူယုံတဲ့အာရုံ မှန်, မမှန် လိုက်ရတယ်။

ဆိုပါတော့ ဗုဒ္ဓမြတ်စွာက တကယ့်ဗုဒ္ဓအစစ်၊ ဘုန်းကြီးတို့က ဗုဒ္ဓက လေးသခြေ့ချုင့် ကမ္ဘာထသိန်း ပါရမီတော်တွေဖြည့်လို့၊ ပါရမီတွေ ဉာဏ်တော်တွေ ရင့်-ရင့် ရင့်-ရင့်လာတော့မှ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရတယ်၊ အဲဒီ ဗုဒ္ဓမြတ်စွာကို ယုံကြည်ယင်တော့ ဟို ယုံစရာအာရုံက မှန်နေတယ်၊ သဒ္ဒါအစစ်ပဲ ယုံလို့၊ ယုံရုံသာမကဘူး၊ ဘုရားကို အာရုံပြုပြီးတော့ နေရတဲ့အချိန်မှာ စိတ်ကို ကြည်လို့။

ဒါဝကြောင့် "ယုံ-ကြည်" နှစ်ကိစ္စ သုံးထားတာ၊ ယုံတယ်၊ ယုံရုံတင်မကဘူး၊ စိတ်ကို ကြည်နေတယ်၊ ဒီ ဘုရားကို ယုံတယ်၊ ဗုဒ္ဓရဲ့ တရားတော်တွေ ကျင့်သာကျင့် ကျင့်သာကျင့် အပြစ်မရှိဘူး၊ ဟုတ်တယ်လေ၊ ချက်ခြင်းတော့ အကျိုးရချင်မှ ရမယ်၊ ဒါပေမယ့်လို့ မှန်မှန်သာ ကျင့်နေ-

ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ။

ဓမ္မော၊ သုစရိုက် ၁၀-ပါး မြတ်တရား၊ သည်။ တရားဆိုတာကလဲ ရမ်းပြီး ဘွားပြီး ဓတောပြီးတော့ ပိဋကတ်သုံးပုံတွေ ထင်မနဲ့၊ မိမိတို့ ဒုစရိုက် ၁၀-ပါးက ရှောင်ပြီးတော့ သုစရိုက် ၁၀ ပါး ကျင့်နေတာ၊ သုစရိုက် ၁၀-

ပါး ရှိနေတာ၊ ဆိုပါတော့၊ ငါးပါးသီလရှိနေတာ၊ ဒါကို ဓမ္မ လို့ ခေါ်ထယ်။

ဓမ္မော၊ သုစရိုက်ဆယ်ပါး မြတ်တရားသည်။ ဓမ္မာစာရိ၊ တရားကိုကျင့်လေ့ရှိတဲ့ပုဂ္ဂိုလ်ကို။ ရက္ခတိ၊ ပြန်၍ စောင့်ရှောက်၏။

ဒါ လူလူချင်း စောင့်ရှောက်သလိုတော့ ဘယ်ထင်ရှားမလဲ၊ ဒါဓပမယ် သိပ်ပြီးတော့ စောင့်ရှောက်တာပဲ၊ ဘုန်းကြီးတို့က အကြင်းမဲ့ယုံကြည်တယ်လေ၊ ဘုန်းကြီးတို့ ''သဒ္ဓါ''က သဒ္ဓိန္ဒြေက အကြင်းမဲ့ယုံကြည်တော့ကာ ဒီကျောင်းမှာ ဝိနည်း၊ ဝိနည်းဆိုတာ သီလ၊ ဝိနည်းသီလကို လေးစားရမယ်၊ စာမတတ် ချင်နပါ၊ ကျန်းမာရမယ်။

သာသနာအသက်သည် ဝိနည်း။ ။''ဤကျောင်းတိုက်၌ စိတ်ကောင်းရှိပုဂ္ဂိုလ် ပထမ၊ ဝိနည်း လေးစားဖို့က ဒုတိယ'' ဟောဒီလို အစိအစဉ် လုပ်ထားဘယ်၊ ရမ်းပြီးတော့ ဘုန်းကြီးဉာဏ်နဲ့ လုပ်တာ မဟုတ်ဘူး၊ ဒီ ဗုဒ္ဓသာသနာတော်ရဲ့ အခြေခံက ဝိနည်းသီလပဲ၊ ဒီတော့ ဝိနည်းသီလကိုကျင့်ကြ၊ မကျင့်လို့ကို မဖြစ်ဘူး၊ တပါးစီလဲ ကျင့်ကြ၊ တတိုက်လုံးလဲ ကျင့်ကြ။

ဘာဖြစ်လို့၊ ဒီဓလာက် ဘုန်းကြီးအကျင့်ခိုင်းနေရတာလဲ၊ ဗုဒ္ဓမြတ်စွာက--

ဝိနယောနာမ သာသနဿ အာယု။

ဝိနည်းသီလဆိုတာ သာသနာတော်ရဲ့ အသက်ပဲ၊ သာသနာတော် တည်တယ်ဆိုတာ ဒီဝိနည်းသီလတွေ တည်နေတာ။

ဝိနယေ၊ ဝိနည်းသီလသည်။ ဌိတေ၊ ရဟန်းသံဃာတို့ အပေါ်၌ လင့်ဒီ သူတော်ကောင်းတို့ အပေါ်၌ တည်သည်ရှိသော်။ သာသနံ၊ သာသနာတော်သည်။ ဌိတံ၊ တည်သည်။ ဟောတိ၊ ဖြစ်၏။

ဝိနည်းတည်ယင် သာသနာတော် တည်တာပဲ၊ ဝိနည်း မတည်လို့ရှိယင် ဘုန်းကြီးတွေ ရှိနေပေမယ်လို့ သာဓနာမတည်ပါဘူး။

သာသနာတော်ကြီးကျနေပြီ။ ။ဒီတော့ ခု သာသနာ တော်ကြီး ကျနေတယ် ဆိုတာ ဘုန်းကြီးက သိသားပဲ၊ ဝိနည်း မကျင့်ကြလို့၊ စောစောက ဝိနည်းမကျင့်ကြလို့မို့ ဒုက္ခဘက်က နေပြီးတော့ သာသနာတော်ကြီး ကျတယ်လို့၊ ဒီလို သိပြီးတဲ့နောက် သိပ် မကြာဘူး- အရေအတွက်ပါ ကျသွားတယ်။

သာသနာတော်ကျမှာပေါ့၊ ကျမှာပေါ့၊ သာသနာတော်ရဲ့ အသက်ဖြစ်တဲ့ ဝိနည်းကိုမှ ဂရုမစိုက်ကြပဲ ကျမှာပေါ့၊ ပျောက်ကိုပျောက်သွားမှာ ဒီ သာသနာ ပျောက်ကို ပျောက်သွားမှာ၊ ဘုန်းကြီးက သေခေသချာချာ သိတာ၊ ခုကျ သွားပြီ၊ အရေအတွက်ပါ ကျသွားပြီ၊ ဘုန်းကြီးကတော့ မလျော့ပါဘူး၊ ကျပါစေ၊ ဒီကျောင်းတိုက်က ဝိနည်းအသက်ကို ပြန်ပြီးတော့ ဆက်ရမယ်၊ ဆက်ရမယ်လို့ ဆိုတော့ ဒီအရေအတွက် ကျသွားဖို့ကောင်းတာ၊ ကျမသွားဘူး၊ ဒါ တော်ဓတော်ဆန်းတာ၊ တော်တော်ဆန်းတာ။

ပြီးတော့ ဒကာ ဒကာမတွေ၊ ဘယ် ဒကာ ဒကာမမှ အဆက်အသွယ် မလုပ်ပါဘူး၊ ကျောင်းဒကာ ကျောင်းအမတွေက ဧပြီး အဆက်အသွယ် မလုပ်ပါဘူး၊ သူတို့ဟာ သူတို့ ရောက်လာကြတာ၊ ခု ဒီနားမှာ တည်နေတဲ့ တိုက်ဘဘိုက်ဟာ ဘုန်းကြီးရဲ့ နှမဝမ်းကွဲတော်ပါတယ်၊ သူ ကျောင်းဆောက် ချင်ဘယ် ကျောင်းဓာတ်ချင်တယ် ဖြစ်နေတာ ကြာပြီ၊ အဲ ဘုန်းကြီးက မခပြာနဲ့ ဇနပစေ၊ မဆုယ်ကြနဲ့၊ တော်ကြာတော့ ကျောင်းဆောက်ယင်း စိတ်မကောင်းဖြစ်လို့ ရှိယင် ဘုန်းကြီးဆီ လာဆောက်လို့ ဖြစ်ရဘယ်၊ ဘယ် သွားဆောက်ယင် ဖြစ်မှာပဲလို့ ဆိုတာကို သူနောင်တ ရနေလိမ့်မယ်၊ မဆုယ် ကြနဲ့။

ဒီတော့ သူ့ဆီလာပြီးတော့ ဘယ်က လာဆောက်ပါ၊ ဘယ်မှာ ဘာကြီး ဆောက်ပါလို့ သူ့ကို ဝိုင်းဆုယ်နေကြတယ်၊ ဘုန်းကြီးက မဆုယ်နဲ့၊ တို့ ဒီလို ဆုယ်ဘာဆုးထဲ့ပါကြနဲ့၊ ဆွမျိုးတွေကိုလဲ ပြောထားတယ်၊ သွားမပြော ကြနဲ့လို့၊ နောက်တော့ သူ့ဘာသာသူ လာပြီးတော့ လျှောက်တော့မှ ကောင်းတာပါလို့၊ ဘုန်းကြီးကတော့ ဆွမျိုးပေမယ်လို့ မဆုယ်ရဘူးလို့

ပြောထားတာပဲ၊ လာဆောက်တော့ ဘုန်းကြီးမှာလဲ ဂုဏ်ရှိပါတယ်၊ သူ့ဆွေမျိုးက တိုက်ကြီးလာတည်ဆတဲ့ ဆိုတော့ ဘုန်းကြီးမှာလဲ ဂုဏ်ရှိပါဆယ်။

ပြီးတော့ တိုက်ဆမလဲပဲ သူ့ဆွေမျိုးရှိတာ သွားတည်ရတယ် ဆိုတော့ ဂုဏ်ရှိပါတယ်၊ အမျိုးကျောင်းတိုက်က သာမန်ကျောင်းတိုက် မဟုတ်တော့ ဂုဏ်ရှိတာပေါ့လို့၊ ကောင်းတာပေါ့လို့၊ အဲဒီလို ဘုန်းကြီးက ပြောလိုက်ပါတယ်၊ ဒီပြင် ဒကာ ဒကာမဆိုတာ ဝေးလို့ ဝေးလို့၊ ဒီဆွေမျိုးတောင် မဆွယ်ရဘူးလို့ ပြောထားတယ်။

ဓမ္မော၊ သုစရိုက်တရား မြတ်ဆယ်ပါးသည်။ ဓမ္မော၊ ဝိနည်းကို ကျင့်တဲ့ တရားသည်။ ဓမ္မစာရိ ံ၊ တရားကိုကျင့်လေ့ရှိသော ပုဂ္ဂိုလ်ကို။ ဓမ္မစာရိ ံ၊ တရားကို ကျင့်လေ့ရှိတဲ့ သံဃာအစု ကျောင်းတိုက်တရပ်လုံးကို။ ရက္ခတိ၊ ပြန်၍ စောင့်ရှောက်နေ၏။

တရားတော်က ဒီအတိုင်း ရှိတယ်၊ ဘုန်းကြီးက ပြန်ပြီးတော့ စောင့်ရှောက်ဖို့ကို အာကျင့်ခိုင်းတာ မဟုတ်ပါဘူး၊ မစောင့်ရှောက်ချင် နေပါလေ၊ တရားကို ယုံပါလေ၊ တရားက ပြန်ပြီးတော့ မစောင့်ရှောက်လဲ အရှိအသေ မပျက်ပါဘူး၊ အကြည်ညို မပျက်ပါဘူး၊ တရားကို တရားအတိုင်း ကျင့်ရပါ့မယ်လို့။

ယခုကျင့်ပါ၊ အမျှားက ဒီထက် ပိုကျင့်ယင် ပိုကောင်းမှာပါ၊ ဒီထက်ပိုကျင့်ယင်ဆိုတော့ အကျင့်က လျော့နေပါတယ်၊ ဘုန်းကြီးကလဲ သိပါတယ်၊ နေထုတိုင်းမှာ ဘုန်းကြီးမလိုက်နိုင်လို့၊ အသက်လေး သိသလောက်ကလေးနဲ့ မြုံနေရပါတယ်၊ တနေ့နေ့ကို ထုတ်ပြစ်ရတဲ့ အဖြစ်မျိုး ထောက်ပါ လိမ့်မယ်၊ မသိလို့ မဟုတ်ပါဘူး၊ သိပါတယ်၊ လိုက်ပြီးတော့ ဘုန်းကြီး မစဉ်းစားနိုင်ပါဘူး၊ ဒါကြောင့် ပိုပြီးတော့ စောင့်ရှောက်ယင် ပိုပြီးတော့ အကျိုးရတယ်၊ ပြီးတော့ ပိုပြီးတော့ စောင့်ရှောက်ယင် ကုသိုလ် စေတနာပိုပြီးတော့ ဖြစ်ပါတယ်။

စာရိတ္တဆိုတဲ့ ဝိနည်းကို ဂရုစိုက်ပါ

ဒါကြောင့်မို့လို ဘုန်းကြီးက သိနေလို့ သိနေလို့၊ နှိုင်ငံကြီး ကျသွားပြီ၊ သာသနာတော်ကြီး ကျသွားပြီ၊ ဘာဖြစ်လို့ ကျသလဲ၊ တိုင်းသူပြည်သားတွေ **စိတ်မအေးဘူး**၊ ဘာလို့ **မဖေးဘူး**ဆိုတာ သိတယ်၊ အကျင့်စာရိတ္တတွေ **ဆာကုန်လုံး** ပျက်စီးကြတယ်၊ **အကျင့်စာရိတ္တ**တွေ **အရမ္မ** ပျက်တာမဟုတ်ဘူး၊ ဟို စစ်အတွင်းထဲက စပျက်ခဲ့တာ၊ ကောင်းနိုးကောင်းနိုးနဲ့ လာခဲ့တာ၊ ယခု လူတွေရဲ့စာရိတ္တတွေ အင်မတန်လျော့သွားလို့ လူတွေ စိတ်ချမ်းသာ ကိုယ်ချမ်းသာ **ဖြစ်**ရဲ့လားဆိုတော့ အုပ်ချုပ်သူ **ဆ**စိုးရလဲ စိတ်မချမ်းသာဘူး၊ အုပ်ချုပ်ခံ တိုင်းသူပြည်သားတွေလဲ စိတ်**မ**ချမ်းသာဘူး၊ သိတယ် သိတယ်၊ ဘုန်းကြီးက သိတယ်၊ ဘာပြုလို့လဲ၊ ကိုယ်ကျင့်တရားတွေ အကုန်လုံး ပျက်သွားပြီ**လ**။ သိဘယ် သိ**တ**ယ်၊ **နော**က် ချမ်းသာဖို့ဆိုတာလဲ ကိုယ်ကျင့်တရားနဲ့ပဲ ပြန်ဆယ်ရမယ်၊ သာသနာ**တော်**ကြီးလဲ ဆုတ်သွားပြီ၊သိတယ်၊ အရေအတွက် ပါဆုတ်သွားပြီ၊ သိတယ်၊ ဘာပြုလို့လဲ စာရိတ္တ ဆိုတဲ့ ဝိနည်းကို ဂရုမ**မ**စိုက်ပဲနဲ့။

အကျင့်စာရိတ္တကို ဂရုမစိုက်လို့ လူ**စ**တွဲလဲ ကျဆင်းသွားပြီ၊ ကျဆင်းသွားတော့ စိတ်ဆင်းရဲနေကြတယ်၊ တချို့ စီးပွားဥစ္စာတွေ ရ**ေ**ပမယ်လို့ စိတ်မကြည်ပါဘူး၊ မ**ဖ**ေးပါဘူး၊ သာသနာ**တော်**မှာ တချို့ ဘုန်းကြီး**တွ**ေလဲ ဘုန်း**စ**တွ**က်**စ်တွေ ကြီးပါတယ်လို့ ဆို**ပေ**မယ်လို့ စိတ်မချမ်းသာဘူး၊ စိတ်မချမ်းသာရုံတင်မကဘူး၊ သေတော့လဲ **အ**ထေမကောင်းပါဘူး၊ မကောင်းဘူးဆိုတာလဲ ဘုန်းကြီးမှာ ကြာ**နေ**ပါ**တ**ယ်၊ မကြာလဲ ဘုန်းကြီးက သိနေပါတယ်လေ။

ဂရုမစိုက်ပါ

ဘာပြုလို့တုံး **တ**ရားက လဲ**မှ**မလဲပဲနဲ့၊ ဒီဘုန်းကြီး**တွ**ေဟာ ဂတိမကောင်းနိုင်ပါဘူး၊ ဒီတော့ ဒီကျောင်းက လျော့ပေးလို့ မဖြစ်ဘူး၊ သိကိုသိနေတယ်။ ဒါကြောင့် တရားသ**ဘော**ကို သိနေတာဖြစ်တော့ ဝိနည်းကို ကျင့်ကို ကျင့်ကြပါ။

"**ဓ**ေမ့မှာ၊သုစရိုက်တရား မြတ်ဆယ်ပါး**သ**ည်။ **ဓ**မ့မှစာရိုး၊ တရားကို ကျင့်လေ့ရှိ**ဓ**သာ ပုဂ္ဂိုလ်ကို။ ရက္ခတိ၊ ပြန်၍**စော**င့်**ဓ**ရှောက်**တ**ဲ့။ သုစိဏ္ဏော၊ **ကော**င်းစွာ**အ**သင့် သဒ္ဓါပွင့်၍ ပြုကျင့်**ဆ**ပ်သော။ **ဓ**ေမ့မှာ၊ သုစရိုက်

တရား မြတ်ဆယ်ပါးသည်၊ သုခံ၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာတိုင်အောင် သုံးတန်သော ချမ်းသာကို။ အာဝဟတိ၊ ရွက်ဆောင်နိုင်ပါပေသဘည်း။"

တရားတော်က ဒီအတိုင်း ဟောထားတယ်၊ လက်တွေ့ ဒီအတိုင်း ဟုတ်နေဘယ်၊ ဒါဘာဖြစ်လို့ မလုပ်ကြသလဲ၊ သဒ္ဓါတရားမရှိလို့၊ ယုံကြည်မှု သဒ္ဓါတရား ပိုင်ပိုင်ကြီး မရှိလို့၊ ဘုန်းကြီးက ဘုရားကို ပိုင်ပိုင်ကြီး ယုံကြည်တယ်လေ၊ ဒီပြင် ပုဂ္ဂိုလ်ခေတ္တကဆော မယုံကြည်ဘူးလားဆိုတော့ လုပ်ပုံကိုင်ပုံကြည့်ရဘာ ယုံကြည်မှုနည်းတယ်လို့ ထင်တယ်၊ ဘုန်းကြီးက ဗုဒ္ဓမြတ်စွာရဲ့တရားတော်ကို လုံးဝ ယုံကြည်တယ်လေ။

ဒီဘဝ အကျိုးမပေးလဲ ကျင့်မှာပဲ၊ အဲ ကိုယ်တော်တို့ ဝိနည်းသာ ကျင့်နေတာ ခြောက်သွေ့သွေ့ကြီးပါလား ဆိုယင် ခြောက်သွေ့ချင်ခြောက်ခသွေ့ပါစေ ကျင့်မှာပဲ၊ ဘာပြုလို့တုံး တရားရဲ့သဘောကို ဘုန်းကြီး နားလည်ဘယ်လေ၊ "ဗုဒ္ဓဓမ္မ" ယုံကြည်တယ်၊ ယုံကြည်ရတဲ့ အရာဝတ္ထုက မှန်မှ သဒ္ဓါမှန်တယ်နော်၊ ယုံကြည်ခံရတဲ့ ဝတ္ထုက မှားနေလို့ရှိယင် နှုတ်က သဒ္ဓါ သဒ္ဓါလို့ ပြောနေပေမယ်လို့ သဒ္ဓါအစစ် မဟုတ်ပါဘူး။

ကဲ တခါ"သံဃ"၊ ဘုန်းကြီး ကြည်ညိုကဲ့ သံဃာက မကြာခဏပြောတယ်၊ "အရိယာသံဃာတော်"ဓတ္တ၊ သာသနာ့ဝန်ကို ရှင်မဟာကဿပတို့ဆောင်သွားတယ်၊ အရိယာလဲ ဖြစ်ပြီသား၊ ရဟန္တာတွေ သိပ်ကြည်ညိုတာပဲ၊ ဒုတိယ တခါ ဒုတိယ သံဂါယနာတင်တော့ အရှင်မဟာယသတို့ သဗ္ဗကာမီမထေရ်ကြီးတို့ ကောင်းစွာ ဆောင်သွားတယ်၊ တရားလဲရပြီးသား ရဟန္တာလဲဖြစ်ပြီးသား၊ သာသနာကို ဆောင်သွားတယ်၊ ဘုန်းကြီးက ယုံကြည်ပြီးသား၊ ယုံကြည်တာမှ သိပ်ယုံကြည်တယ်၊ အသက်အတိုင်း ကြည်ညိုတယ်၊ မိမိအသက်နဲ့တန်းတူ ကြည်ညိုတာယ်လေ။

တတိယ သံဂါယနာတင်တော့ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီ တို့ ဗြဟ္မာစည်းစိမ်စွန့်ပြီးတော့ လူ့ဓလောကကြီးထဲ ပဋိသန္ဓေနေပြီးတော့ ရဟန္တာကြီးဖြစ်လို့၊ သာသနာတော် ဆောင်တော်မူတယ်လေ။

ယုံတယ်၊ အဲဒီ သံဃာတော်တွေ၊ရှင်မဟိန္ဒ ဒေါ်ရှင်မြတ်ဟာ အိမ်ရှေ့ခေါင်း စည်းစိမ်ကို စွန့်ပြီးတော့ ရဟန်းပြုတယ်လေ၊ ပြီးတော့ သာသနာ့ဝန်ကို ဆောင်တယ်လေ။ ရဟန္တာဖြစ်တယ်လေ၊ သိပ်ယုံတာ ဘုန်းကြီးယုံတာ၊ ဒီအရိယာရဟန္တာကြီးတွေကိုယုံတာ၊ အရိယာရဟန္တာကြီးတွေကို ယုံသလောက် ယခု ပုထုဇဉ် ပုဂ္ဂိုလ်တွေကျတော့ ကောက်ချက်တွေ သိပ်ချတာပဲ။

ဆရာတော်ကြီး ဒီစကားပြောတာ ဘယ်စိတ်နဲ့ပြောတာ၊ စာချဘုန်းကြီး ဒီစကားပြောနေတာ ဘယ်စိတ်နဲ့ ပြောနေတာ၊ ဒကာ ဒကာမတွေတော့ မပြောနဲ့ မပြောနဲ့၊ သိလိုက်တာမှ သိလိုက်တာမှ၊ ဒီတော့ ယုံသင့်သလောက် သာယုံတယ်၊ ဒီ ပုထုဇဉ် ပုဂ္ဂိုလ်များကိုတော့ မယုံသင့်သလောက်ကို မယုံပါဘူး။

ရဟန္တာဖြစ်ပြီးသား အရိယာ ပုဂ္ဂိုလ်တွေကိုတော့ အကြွင်းမဲ့ ယုံပါတယ်။ အဲဒီ ယုံကြည်တဲ့ သဒ္ဓါတရားက ဘုန်းကြီးတို့ကို ပြန်ပြီးတော့ စောင့်ရှောက်နေပါတယ်၊ ဒီဓကျောင်းတိုက်ကို ဒီလို စောင့်ရှောက်နေပါတယ်၊ မစောင့်ရှောက်လဲ ဘုန်းကြီးယုံမှာပါ၊ စောင့်ရှောက်လို့ယုံတာ မဟုတ်ပါဘူး၊ ဒီဆကျိုးမရလဲ ဘုန်းကြီး ယုံမှာပါ။ ဒါ သဒ္ဓါနွေ့။

လူမျှားရဲ့သဒ္ဓါ။ ။ကောင်းပြီ၊ ဒါ ဘုန်းကြီးတို့ သဒ္ဓါက ရှင်းသွားပြီ။ လူမျှားရဲ့သဒ္ဓါက စဉ်းစားစရာ သိပ်ကောင်းပါဘယ်။ ဘုရားယုံကြည်မှုမှုအပေါ်မှာလဲပဲ ရုပ်ပွါးဓာတ်တွေ ဆင်းတုတောင်တွေနဲ့ ကိုးကွယ်ပြီး ထားလို့ ရုပ်ပွါးဆင်းတုတောင်ကို ပူဇော်ကြ ကိုးကွယ်ကြနဲ့၊ ဘုရားအစစ်ပေါ်မှာ ယုံကြည်မှု သဒ္ဓါက အဆောက်နဲ့နေပါတယ်။

ဒါကြောင့် ရုပ်ပွါးဆင်းတုတောင်ကိုးကွယ်ပူဇော်တာ ကုသိုလ်မရဘူးလား၊ ရှိပါတယ်၊ သူတို့ဉာဏ်က ဒီလောက်ရှိတာကို၊ ဒီလောက်ရှိတော့ ဒီလောက် ကုသိုလ်ရတာ၊ ဒီလောက် သဒ္ဓါတရားပဲ ဖြစ်တယ်၊ ခုနက လေးနက်တဲ့ သဒ္ဓါတရားထိုးအောင် မထောက်တတ်ဘူး၊ ဒီလောက်ပဲ သူတို့ယုံတယ်၊ ဘုရားရှေ့မှာ ပန်းမျှားပူဇော်လို့၊ ဘုရားရှိခိုးနေရတာ သိပ်ကြည်ညိုတယ်၊ သိပ်ကြည်နူးတယ်၊ အင်မတန်းကောင်းတယ်၊ ဒီသဒ္ဓါတရားက မမှားပါဘူး။

ဗုဒ္ဓမြတ်စွာရဲ့ ကိုယ်စားတော်ဖြစ်တဲ့ ရုပ်ပွါးတော် ဆင်းတုတော် ဓာတ်တော် မွေတော်၊ ဗီအာရာဝတ္ထုကို ယုံပြီးတော့ ကြည်ညိုပြီးတော့ နေတာဟာ အင်မတန် ကောင်းပါထယ်။

အစစ်ပါပဲ၊ သဒ္ဓိဓန္ဒြေ အစစ်ပါပဲ၊ သဒ္ဓါအစစ်ဆိုတော့ သဒ္ဓါက သဒ္ဓါချည်း မနေပါဘူး၊ သဒ္ဓါနှင့်အတူတူတဲ့ဖြစ်တဲ့ စိတ်, စေတသိက်, ရုပ်၊ ယုံတဲ့နေရာမှာ စိတ်ရော စေတသိက်ရော စိတ္တဇရုပ်တွေရော ရောက်နေတော့ အဲဒီ ရုပ်နှင့်တကွ အတူတူတဲ့ဖြစ်တဲ့ ကမ္မဇရုပ်တွေရော ဘာဓတ္တုရော ဆိုပါတော့ တကိုယ်လုံး ဘုရားရှေ့မှာ ဓရောက်သွားရော၊ ယုံလို့ရောက်သွားတာ၊ အိမ်မှာ မိမိအိမ်မှာ ပူဇော်ထားတာ ယုံလို့၊ ဘုရားဓရှ ရောက်သွားတယ်။

ဒီရောက်လောက်ခအောင်လဲ သဒ္ဓါက ဆွဲဆောင်ပါတယ်၊ ယုံတော့ကာ စိတ်ရော စေတသိက်ရော ယုံတယ်၊ စိတ်ရော စေဘသိက်ရောယုံတော့ - စိတ်ကြောင့် ဖြစ်တဲ့ရုပ်ကလဲပဲ ယုံတဲ့ဓနာက် ပါရပါတယ်၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကပါဓတော့ ဒီပြင် ကမ္မဇ ဥတုဇ အာဟာရဇတွေက ဒီနေးက်လိုက်ရတယ်။

ဓါကြောင့်မို့လို့ အမျိုးသား အမျိုးသမီးက ဘုရားရှေ့တော်မှာ ရောက်ပြီးတော့ လက်အုပ်ချီပြီး ဘုရားကို ကြည်ညိုနေတယ်၊ သိပ်ကောင်းတာ သိပ်ကောင်းဏာ၊ ဓါ သဒ္ဓါက ဆွဲဆောင်ပြီးတော့ သွားလိုက်ဘာ၊ အကုန်လုံး ရောက်သွားတာပဲ၊ ကောင်းပြီ တရားတော်ကို ယုံတယ်လို့ဆိုတော့ စဉ်းစားကြစို့၊ တခါ ဘုရားကိုယုံတာလဲ ဘုရားပဲ့တေ့ စဉ်းစားကြစို့။

ဘုရားကိုယုံကြည်ယင် ဘုရားအလိုတော်ဆတိုင်း ပြုကြပါ၊ တီးကြမှုတ်ကြဆိုတဲ့ ဘုရားပဲ့ကြီးတေ့ဟာ ဘုရားအလိုတော် ဟုတ်ပါရဲ့လားလို့၊ ဗုဒ္ဓမြတ်စွာ လက်ထက်တော်တုန်းက အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန်ရဲ့ တောက တပည့်တွေက ဆူညံဆူညံနဲ့ စကားပြောကြလို့, ဗုဒ္ဓမြတ်စွာက ထွက်သွားကြပါစေ၊ ထွက်သွားကြပါစေ၊ နှင်ကိုထုတ်တယ်၊ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန် နှစ်ပါးဓတောင်မှ ထွက်သွားရပါတယ်။[၁]

တခါတုန်းက ဗုဒ္ဓမြတ်စွာကို ပူဇော်ချင်လို့၊ ဇေတဝန် ကျောင်းပေါက်ကနေပြီးတော့ လူတွေ ဆူညံဆူညံနဲ့ တံခါးတောင်မဖွင့်ဓသးဘူး၊ "နာဂိတဘာသံ

၁။ မဇ္ဈိမပဏ္ဏာသပါဠိတော်၊ နာ-၁၁၉ (စာတုမသုတ်)

တော့လဲ''၊ ''ဗုဒ္ဓမြတ်စွာကို ပူဇော်ဖို့ရန် စေ့စေ့လာကြပါတယ်'' ငါဘုရားနဲ့ လာဘ်လာဘတွေနဲ့ ရောလို့ ဖြစ်ဘူး၊ သွားကြပါစေ၊ ငါဘုရားဟာနားမှာ ဒီလို ဆူညံဆူညံ မဖြစ်ပါဘူး[၁]။

ကြည့်စမ်း ကြည့်စမ်း တိတ်လို့၊ တခါ တခါ ဒီကျောင်းတိုက်ကို တိတ်နေတယ်လို့ ပြောကြတယ်၊ ဘုန်းကြီးက ဒီထက် တိတ်စေချင်ပါသေးတယ်၊ ဘာပြုလို့လဲ၊ ဗုဒ္ဓ ကျောင်းတော် ဘုန်းကြီးက မင်္ဂလာက်ဘူးပေမယ်လို့ စာကဆောက်သင်လောက် ဖြစ်သွားပြီ၊ ရောက်သင်လောက် ဖြစ်သွားတော့ ဗုဒ္ဓ အလိုတော်ကို သိနေတယ်၊ ဒါကြောင့်လို့ ဒီကျောင်းထဲမှာ စကားစောင် ကျယ်ကျယ်မပြောကြပါနဲ့၊ တိုးတိုး တိတ်တိတ်၊ စာကို ကျယ်ကျယ် မအံကြပါနဲ့၊ တိုးတိုးတိတ်တိတ်၊ စာချတဲ့ ပုဂ္ဂိုလ်မျိုးကလဲ တိုးတိုးတိတ်တိတ် စာချကြပါလို့ ဒါကြောင့်လို့ ကျောင်းကို ပြောနေတယ်။

ဘာပြုလို့လဲ၊ ဗုဒ္ဓမြတ်စွာရဲ့ဇောတဝန် ကျောင်းတော်ကြီးကို မြင်တယ်လေ၊ ယုံကြည်တာက အဲဒီလောက်ကျအောင် ယုံကြည်တယ်လေ၊ လူတွေရဲ့ ယုံကြည်မှုက နည်းလွန်းတယ်၊ နည်းတာပဲ သိပ်နည်းတာပဲ၊ မှန်တော့ မှန်ပါတယ်၊ မှန်ပေမယ့်လို့ ယုံကြည်မှုက နည်းလွန်းတော့ ကြည့်စမ်း၊ ဘုရားပွဲကြီးတွေ ကျောင်းပွဲကြီးတွေ ဘယ်လောက် ဆူညံနေတုန်း၊ ဒါ ဗုဒ္ဓမြတ်စွာကို ယုံကြည်မှုနည်းလွန်းလို့၊ တရားတော်ကို ယုံကြည်မှုနည်းလွန်းလို့ မှန်တယ်၊ ယုံကြည်မှုနည်းနေတယ်၊ အင်္ဂုယာသံဃာတော်များကို ယုံကြည်မှု နည်းလွန်းလို့၊ ဒီအခြေအနေမျိုး ဖြစ်ရတာပါ။

ဒီတော့ကာ ဘုန်းကြီးတို့ တခါပြောကြဦးစို့၊ အခြေအနေကို တခါဆင်းစားပြီးတော့ ဘယ်ကိုယ်တော် ဘယ်ဆရာတော်ကတော့ ကြည့်ညှိလိုက်ကြတာပဲ၊ ဝေဘ်တော်ကြာတော့ အဲဒီကိုယ်တော်နဲ့ အဲဒီ ကြည့်ညှိတဲ့ ဒကာမနဲ့ ထုတ်သွားကြရော၊ ဒါ သဒ္ဓါအစစ်လား၊ နဂိုကတည်းကိုက သဒ္ဓါက မစစ်ဘူး၊ ဒါတွေက

၁။ အင်္ဂုတ္တိရ် ၃-တွဲ၊ ၄၁-၂၅။ (နာဂိတသုတ်)

သဒ္ဓါအတု၊ သဒ္ဓါအယောင်ဆောင်ပြီးတော့ ကျောင်းတွေဆောက် ကျောင်းကြီးတွေဆောက်၊ ဘာလေးတွေ လှူဒါန်းနေပြီးတော့၊ ကိုယ်တော်ဆိုတဲ့ ကိုယ်ဟော်ကလဲ ဘာမို့လို့လဲ၊ ပုထုဇဉ်မှ ကြမ်းကြမ်းပုထုဇဉ်၊ ဒီက ဒကာ ဒကာမတွေ နားလည်သလား၊ နားမလည်ပါဘူး၊ သူတို့က လှူဒါန်းရ ပေးကမ်းရယင် သဒ္ဓါတရား ရှိတယ်လို့ ဆိုကြတယ်၊ ဘယ်ဟုတ်မလဲ၊ အတုတွေ့ အတုတွေ့။

သဒ္ဓါတု=မိစ္ဆာဒိဋ္ဌိမောက္ခ။ ။ပြီးတော့ ကော ယုံနေတာပဲ၊ အယုံခဲရတဲ့ ပုဂ္ဂိုလ်က မှန်မှ အယုံမှန်တယ်၊ အယုံခံရတဲ့ ပုဂ္ဂိုလ်က မမှန်ယင် အယုံ မမှန်ဘူး၊ "အရှင်ဘုရားပြောတာ တပည့်တော်တို့ သိပ်မရှင်းသေးပါဘူးဆိုယင် ကဲ-ပြောကြစို့၊ အဲ-တခြားဘာသာကို ဘုန်းကြီး မပုတ်ခတ်ပါဘူး ပုတ်ခပ်ရိုးမရှိပါဘူး၊ဒီဘာသာဝင်ဓတ္တုက ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘာသာဝင်ဓတ္တုက ယုံလိုက်တာမှလေ၊ တကတည်း စိတ်ကိုကြည်လို့၊အင်း.... ဖန်ဆင်းပေးလိုက်ဘဲ့ ပုဂ္ဂိုလ်ကလဲ ဖန်ဆင်းပေးတယ်တို့ကို ယုံပြီးတော့ တကယ် ဖန်ဆင်းပြတယ်လို့ယုံပြီး ဦးညွတ်ကြတယ်လေ၊တခွိုလဲပဲ ယုံပြီးတော့ ကြည်ညိုပြီးတော့ ဘုရားအာရုံယူနေလိုက်တာ၊ အားရစရာ ဓကောင်းလိုက်တာ၊ အားရစရာ ကောင်းလိုက်တာ။

ဒါဖြင့် သူတို့သဒ္ဓါ မှန်ပလားလို့ ဆိုတော့ အစစ်လားလို့ဆိုတော့ ခုနက ဘုန်းကြီးပြောပြီလေ၊ အာရုံမှန်သမျှ သဒ္ဓါမှန်တယ်၊ အာရုံမမှန်ယင် သဒ္ဓါမမှန်ဘူးလို့ ဘုန်းကြီးပြောပြီလေ၊ ယုံလိုက်တာမှ အင်မတန်ကို ယုံလိုက်တာပဲ၊ ကြည်ညိုလိုက်တာမှ အင်မတန်ကို ကြည်ညိုလိုက်တာပဲ၊ သဒ္ဓါတရား အစစ်လားလို့ဆိုတော့ မဟုတ်ပါဘူး၊ သဒ္ဓါအတုလို့ ခေါ်ပါတယ်၊ သဒ္ဓါအတုကို တရားတော်က ဘုန်းကြီးတို့ဘရားတော်က "မိစ္ဆာဒိဋ္ဌိမောက္ခ"မှားသော ဆုံးဖြတ်ချက်တဲ့၊ ဒါဘယ်လောက်မျှားစဉ်းစားစရာကောင်းတုန်း။

သဒ္ဓါစစ်မှန်ရဓအောင်ကြိုးစားကြ။ ။ဘုန်းကြီး တို့က "လာပါ ဆွေးနွေးကြရဓအောင်၊ လာကြစမ်းပါ ဆွေးနွေးကြရဓအောင်"၊ အင်မတန် လူသူဓတ်ဓကောင်းတွေဟာ သဒ္ဓါတရားအစစ်

အမှန်ရအောင် ကြိုးစားကြစမ်းပါ၊ ဆေးနှေး ကြာမ်းပါလို့၊ ဘုန်းကြီးစိတ်ရင်းမှာ ဒီလိုပဲ ဖြစ်နေတယ်။

အခု ဗမာများကို ဗမာဗုဒ္ဓဘာသာများကို အခြား ဘာသာဝင်တွေက သင်တို့ရဲ့သဒ္ဓါတရားတွေဟာ အတုတွေပါလို့ပြောယင် မခံချင်ဘူး၊ ခံသာ မခံချင်တာ၊ ယုံကြည်တဲ့နေရာက စစ်မှ သဒ္ဓါစစ်တယ်ဆိုတာ ဘုန်းကြီးပြောပြီ မဟုတ်လား၊ ကြည့်စမ်း၊ ဘာသာခြားတွေ ဘယ်လောက် ယုံနေတုန်း၊ ဘယ်လောက်ဦးတိုက်နေတုန်း၊ ဘယ်လောက် စိတ်ဝင်စားပြီးတော့ အားရုံပြူနေတုန်း၊ ယုံလိုက်တာမှ စိတ်ကိုကြည်လို့။

ကဲ–ဒီသဒ္ဓါ အစစ်ဟုတ်ပါ့မလား၊ အရာဝတ္ထုက မမှန်တော့ သဒ္ဓါဟာ မစစ်ပါဘူး၊ မစစ်လို့ရှိယင် ဘာကြောင့်ယုံနေကြတုန်း၊ သဒ္ဓါအတုလို့ဆိုတဲ့ "မိစ္ဆာဒိဋ္ဌိ" နဲ့ ဆုံးဖြတ်ပြီးတော့ တို့ အားကိုးစရာကြီး၊ တို့ကို ဖန်ဆင်းပေးလိုက်တာ၊ တို့ကို ယခု စောင့်ရှောက်ပြီးတော့ နေတာ၊ ဒီလိုပဲ ယုံကြည်နေကြတာ။

ဗုဒ္ဓမြတ်စွာက "ငါဘုရား ဟောတော်မူတယ်၊ ဟောတော်မူတဲ့ အတိုင်း ကျင့်လို့ရှိယင်တော့ ဒုက္ခက လွတ်မြောက်ကြလိမ့်မယ်၊ ငါဘုရား ဖန်ဆင်းမပေးပါဘူး၊ ဗုဒ္ဓမြတ်စွာက ကျောင်းအမကြီး ဝိသာခါရဲ့ မြေးကလေး သခါနီး ဖန်ဆင်းမပေးပါဘူး၊ အနာထပိဏ်သဌေးကိုရော ဂါအကြီးအကျယ် ဖြစ်နေတုန်း ဗုဒ္ဓမြတ်စွာက သက်သာအောင် ဖန်ဆင်းမပေးပါဘူး၊ ကံတရားဟာ ကံအတိုင်းပဲ သွားပါ့မယ်လို့....

ဗုဒ္ဓမြတ်စွာက ဖန်ဆင်းပြီးတော့ မပေးဘူး၊ တခြားဟာက ဖန်ဆင်းပေးပါတယ်၊ ဗုဒ္ဓမြတ်စွာက ကြည်နူးအောင်တော့ စိုက်ကို ပြုပြင်ပေးပါတယ်။

ဒါကြောင့်မို့လို့၊ ယုံတယ်ဆိုတိုင်းတော့ သဒ္ဓိန့ဲ မဟုတ်ပါဘူး၊ ယုံဟယ်ဆိုတိုင်းတော့ သဒ္ဓါမဟုတ်ပါဘူး၊ အလံတွေကို ယုံပြီးတော့ အလံတွေကို ကြည်ညိုပြီးတော့ သောင်းသိန်း အကုန်ခံပြီးတော့ ဘုန်းကြီးက ဘာသာရေးဘက်က နေပြီးတော့ ဝမ်းနည်းလွန်းလို့ ဝမ်းနည်းလွန်းလို့၊ နောက် သောင်းသိန်းအကုန်ခံတဲ့ ပစ္စည်းကိုရတဲ့ ပုဂ္ဂိုလ်ကကော ဖီရတဲ့အတွက်

ကြောင့် သူ့မှာ ဘယ်လောက် မြင့်သွားဆလဲဆိုယင် သူ့မှာ လောဘတွေ ဖြစ်နေတာ၊ အကုသိုလ်စတွေ အများကြီး ဖြစ်နေတာ။

ကောင်းပြီ၊ သေတော့ အို-အဲဒီ ကျောင်းကြီးကို စုံမက်တွယ်တာပြီး သေတာမပြောနဲ့၊ သက်နိုးစဲပြီး သေတာတောင်မှ သန်းဖြစ်သေးတယ်၊ တွက်ပုံရှုံးလိုက်တာ သဒ္ဓါတရားကလဲ မမှန်ပဲနဲ့၊ ငွေကုန်ကြေးကျတွေ များပြီးတော့ နောက်ဆုံး အကျိုးရတော့ မကောင်းကျိုး ရနေတာ၊ ဘာသာရေးနဲ့စပ်ပြီးတော့ စိတ်မရှင်းပါဘူး။

ဒါကြောင့် သဒ္ဓါအစစ်ရဖို့ရန် အင်မတန် အရေးကြီးပါတယ်၊ သဒ္ဓါအစစ် ရဖို့ရန်ကလဲ ကံကောင်းမှ ရကြပါတော့မယ်၊ ကံမကောင်း လျှိုရှိယင် သဒ္ဓါအစစ်ရဖို့ရန် အင်မတန် ခဲယဉ်းသွားပါတယ်။

ပညာအတု, အစစ်။ ။ကဲ-ဒါနဲ့စပ်ပြီးတော့ သဒ္ဓါသာ အစစ်, အတု ကွဲနေသလား ဆိုတော့မဟုတ်စသားဘူး၊ "ပညိန္ဒြေ" ပညာကလဲ အစစ်, အတု ကွဲပြန်တာပါ၊ ပညာအစစ်ကလဲ မိမိတို့ယူဆတဲ့ အာရုံက အမှန်အတိုင်းဖြစ်မှ၊ မိမိယူဆတဲ့အာရုံက တမျိုး ဖြစ်နေလျှို ရှိယင် လွဲသွားတာပါ၊ မိမိတို့ ကိုးကွယ်နေတဲ့ အထာဝတ္ထုဆိုပါစတော့၊ အသိဉာဏ်က အမှန်လို့ သိနေတယ်၊ အာရုံက မမှန်ဘူး၊ မိမိတို့ ကိုးကွယ်နေတဲ့ ဘုန်းကြီးကို သူတော်ကောင်းလို့ မိမိတို့က သိစနတယ်၊ သူက သူတော်မကောင်းဘူး။

ပညာကတော့ သိဘာပဲလို့ဆိုတာပဲ၊ ပညာမစစ်ပါဘူး၊ ပညာ မစစ်ပါဘူး၊ ပညာအတုနဲ့ သူတို့သိနေကြတာပါ၊ ပညာအစစ်မဟုတ်ပါဘူး။

အဲဒါကြောင့်မို့လို့ အကျိုးလဲ ဓကာင်းကောင်းမရပါဘူး၊ ဟိုမှာအပြစ်ဇတွေနဲ့၊ ဒီပညာအတုကလဲ ဘုန်းကြီးတို့ ကိုးကွယ်နေတဲ့နေရာမှာ ထားလိုက်ပါဦး၊ ခု အများ လောကဓာတ်ပညာရှင်တွေလို့ဆိုတဲ့ ပညာရှိတွေ၊ ပညာက ဒီလိုလေ၊ "အနိစ္စ"ကို "အနိစ္စ"လို့ အမှန်အတိုင်းသိမှ၊ "ဒုက္ခ"ကို "ဒုက္ခ"လို့ အမှန်အတိုင်းသိမှ ပညာအစစ်၊ "အတ္တ"မဟုတ်တာကို "အနတ္တ"လို့သိမှ ပညာစစ် ဖြစ်တယ်၊ အဲ ဒီလို မဟုတ်လို့ ပြောင်းပြန်သိနေလို့ရှိယင် သိတော့ သိတယ်လို့ ပြောတာပဲ ပညာအတု။

ဒီနိုင်ငံခြားက လောကဓာတ် ပညာရှင်ကြီးတွေ သိပ်သိတာမှာ ဆေးဝါးအကြောင်းတွေ သိတာမှန်တယ်၊ မှန်တာသိယင် ပညာအစစ်ပဲ၊ အဲ- လောကဓာတ် အကြောင်း အထူတွေကိုတော့ သူတို့က တမျိုးပြီးတမျိုး ပြောင်းလဲသွားတယ်၊ ဟိုပထမ ဆရာကြီးတုံးက ဒီလို ဆုံးဖြတ်ပြီးတာ့ ဆခု နောက် ဆရာကြီးကျတော့ သူပြောတာ လဲနေပြန်ထူလို ပြောနေပြန်ရော၊ ဘုန်းကြီးကတော့ ဘုန်းကြီးကျောင်းသားက ထွက်လာလို့မို့ ဘုန်းကြီး ဒီဟာကို မဝေဖန်နိုင်ပါဘူး၊ ဒါပေမယ့်လို့ မှန်မှ ပညာစစ်တယ်၊ လောကဓာတ် ဆရာကြီးတွေလဲ သူတို့ရဲ့ အယူအဆ မှန်မှ ပညာစစ်တယ်၊ သူတို့အယူအဆ မမှန်လို့ရှိယင် ပညာအတုပါပဲ။

ပညာမစစ်, ဝိတက်။ ။ဒါဖြင့် လောကဓာတ် ပညာရှင်ကြီးတွေဟာ လက်နက် ကိုရိယာ ကြီးတွေကို သိပ်ပြီးတော့ လုပ်တတ်ကြထယ်၊ ခံစားမှုအာရုံတွေကို သိပ်ပြီးတာ့ လုပ်တတ်ကြတယ်၊ တတ်တယ် တတ်တယ်၊ ဒါ ပညာမဟုတ်ဘူးလား၊ မဟုတ်ပါဘူး၊ ဒီ ပညာကို အရင်းခံပြီးတော့ ဖြစ်နေတဲ့ လက်နက် ကိုရိယာလုပ်တဲ့ နေရာမှာ ဘာကိုသိုလ် ဒေါသ ပြဓာန်းနေပါတယ်၊ ခံစားမှု အာရုံကြီးတွေ ကြီးကျယ် နေသမျှ ခပ်နား နေသမျှဟာ လောဘ ပြဓာန်းပြီးတော့ ဘာကုသိုလ်တွေ ဖြစ်နေတယ်။

ဒါပေမယ့်လို့ ဒီလိုပုဂ္ဂိုလ်တွေ မူရင်းသန္တာန် ပဋိသန္ဓေ နေကထဲကိုက ဉာဏ်ပညာ ဓာတ်ခံတွေ ပါလာတယ်၊ ဓာတ်ခံ ပါလို့ သူတို့ ကြုံတိုင်း စည်တိုင်းလဲ အာထက်ဘန်း ရောက်ပါတယ်၊ ဉာဏ်ပညာဓာတ်ခံ အစစ်မပါလာလို့ ရှိယင် သူတို့ ကြုံတိုင်း စည်တိုင်း အာထက်တန်း မရောက်ပါဘူး၊ အဲဒီပညာတွေကို ဘာလို့ တုံးဆိုတော့ "ဝိတက်" အကြံဉာဏ် ဝိတက်တွေ၊ မူလပညာဓာတ်ခံက အင်မတန် ကောင်းနေတဲ့ လူကြီးတွေ ဖြစ်တော့ သူတို့ကြုံစည်လိုက်တဲ့ အကြံအစည် တွေဟာ အတော်များများကြီး မှန်သွားတယ်၊ ဒါ ဝိဘက်တွေပါ၊ ပညာအစစ် မဟုတ်ပါဘူး၊ ပညာအစစ်က အလဲကို မရှိပါဘူး၊ အမှန်ချည်းဖြစ်ပါတယ်၊ နားလည်ပါစေနော်။

ဝီရိယိန္ဒြေ။ ။လူတေ့ သိဖို့ လိုလွန်းလို့၊ သိဖို့ လိုလွန်းလို့၊ စကာင်းပြီ၊ "သဒ္ဓိန္ဒြေ, ပညိန္ဒြေ, ဝီရိယိန္ဒြေ၊ ဝီရိယကလဲ ခုနကလို မှန်မှန် ကလေး ကြိုးစားလို့ရှိယင် ပညာမှန်နဲ့၊ သဒ္ဓါမှန်နဲ့၊ ဝီရိယမှန်နဲ့ သွားတာပဲ၊ ဝီရိယလဲပဲ သဒ္ဓါ, ပညာတို့က လဲ့နေလို့ဋ္ဌယင် ငီရိယ ကြိုးစားသမျှလဲ အလဲ့ ချည်းပါပဲ၊ ဒီဝီရိယက အမှားချည်းလုပ်နေတာပါပဲ၊ အကုသိုလ်တေ့ များနေ ပါတယ်၊ ဒီ ဘုဆုးပဲ့ ကျောင်းပဲ့ အလှူဒါနပဲ့တွေ့၊ အဲဒီပဲ့တေ့မှာ ဝီရိယတေ့ စိုက်လိုက်ကြတာ၊ သွက်သွက်လက်လက်နဲ့၊ လှုပ်လှုပ်ရွရွတေ့ သိုင်းလုပ်ကြတာ၊ အဲဒီ သိပ်သုပ်ပေမယ်လို့ သဒ္ဓါတို့ ပညာတို့က မူလက မမှန်လို့ရှိယင် ငီရိယ တို့လဲ အမှားချည်းပါပဲ။

ဘုန်းကြီးတာဝန်ရှိ။ ။ဒါတေ့သိလို့မို့ ပြင်ပါတယ်၊ နှားမစိုက်ပါဘူး၊ ဂရု မစိုက်ပါဘူး၊ ဘုန်းကြီးက၊ ဘုန်းကြီး တာဝန်က ဘုန်းကြီးနယ်မှာ ရှိတယ်၊ ဂရုစိုက်ဘာ မစိုက်တာ သူတို့နယ်မှာ ရှိတယ်၊ ဒါကြောင့် ဘုန်းကြီး ဘာမှ စိတ်အနှောင့်အယှက် မရှိပါဘူး၊ ကံအတိုင်း ပေါ့၊ ငါက ဒီဘဝက သေသွိုရှိယင် မြန်မာပြည်မှာ ဟုတ်ချင်မှဟုတ်တော့မယ်၊ ငါ့လမ်းနဲ့ ငါသွားမှာ၊ ငါ့ပရိသတ် ငါ့စကားကို နားထောင်တဲ့သူကိုသာ သယ် သွားဖို့ တာဝန်ရှိတယ်လို့၊ အဲဒီလိုလုပ်ပြီးတော့ ကျောင်းသံဃာတေ့ကို စစ်စစ် ဆေးဆေးနဲ့ ကြိုးစားပြီးတော့ ထိန်းသိမ်းနေပါတယ်၊ ကျောင်းဒကာကျောင်း အမတေ့ကို ထိန်းထိန်းသိမ်းသိမ်းနဲ့ ဟောပြောပြီးတော့ နေပါတယ်၊ ဘုန်း ကြီးတာဝန်ရှိလို့ပါ။

ဇီဝိတိန္ဒြေ။ ။ကောင်းပြီ၊ "သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ" ဒါတေ့ ထား ပါတော့၊ အင်မဘန် ပြောလို့ကောင်းတယ်၊ ပြောလို့ ကောင်းတယ်၊ ယခု ဘုန်းကြီး "ဇီဝိတိန္ဒြေ"ကို ပြောမယ်၊ ဒီ "ဇီဝိတိန္ဒြေ" ကို ပြောပြီးတဲ့နောက်တောင်မှ "ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ"တို့ကို လောကကြီးနဲ့ အရေးပါလို့ ပြောစရာရှိသေးတယ်၊ ကနေ့ ပြောနိုင်မယ်လို့ မထင်ဘူး၊ ဘုန်းကြီး "ဇီဝိတိန္ဒြေ"ကို ပြောမယ်။

အသက်အကြောင်း။ ။ဒီသတ္တဝါတို့က အများက ဝမ်းထဲမှာ အသက် ကောင်ကလေး ရှိတယ်လို့ ထင်နေတယ်၊ အသက် ကောင်ကလေး ဝိညာဏ်ကောင်ကလေး အကောင်ကလေး ရှိတယ်လို့ ထင် နေကြတယ်၊ အဲဒီ အသက်ကောင် ဝိညာဏ်ကောင် ကလေးကို အတ္တလို့ ထင်နေကြတယ်၊ တဘဝ သေပြီးလို့ရှိယင် အဲဒီ အသက်ကောင် ဝိညာဏ် ကောင်ကလေးက ဟဘဝကိုပြောင်းပြီးတဲ့ သွားတယ်၊ ဒီအသက်ကောင် ရှာနေတယ်၊တဘဝသေယင် ရုပ်ခန္ဓာကြီးက ဒီမှာဒနရစ်တယ်၊ အသက်ကောင် ဝိညာဏ်ကောင်က ခန္ဓာအသစ်ကလေးနဲ့ ဘဝတခုမှာရောက်သွားတယ်လို့ ဒီလို ထင်နေကြတယ်၊ အဲဒီလို အသက်ကောင် ဝိညာဏ်ကောင်ကလေး မရှိပါ ဘူးနော်။

ခုနက အသက်လို့ဆိုရတဲ့ ဇီဝိတ ဟာရှိတယ်၊ နာမ်မလဲပဲ စိတ်စေတသိက် ထဲမှာ ဒီစိုတ်စေတသိက်နဲ့ဆိုင်တဲ့ "ဇီဝိဘ" ရှိတယ်၊ အဲဒါက တခြားရုပ်နာမ် များလိုပဲ၊ "ဥပါဒ် ဌီ ဘင်" "ဖြစ်ပျက်"၊ ဒီရုပ်ထဲမလဲပဲ "ရုပ်ဇီဝိတက" ကံကြောင့်ဖြစ်တာ၊ ပဋိသန္ဓေနေတုန်းကကည်းကိုက ပါလာတာ၊ ပဋိသန္ဓေ နေ တုန်းက ပဋိသန္ဓေဝိညာဉ်ထဲမှာ ဒီအသက်ကောင် ဝိညာဏ် စိတ်ဝိညာဏ် ပါလာတယ်၊ အဲဒါကြောင့် ပဋိသန္ဓေ နေကတည်းက ဘုန်းကြီးတို့က အသက်က ဘုန်းကြီးတို့တရားတော် အလိုအရ ရှိပြီးသား၊ တလမ်းလုံး တလမ်းလုံး၊ ဒီ-ဇီဝိတပါနေတယ်၊ (နာမ်ဇီဝိတ ရုပ်ဇီဝိတ) ရုပ်သက်နာမ်သက် ပါနေတယ်၊ယခု လဲ ဘုန်းကြီး ပြောနေတာ အသက်ရှိလို့ ပြောနေတာ၊ အသက်မရှိလို့ ရှိယင် ဘုန်းကြီးပြောနိုင်တဲ့အရည်အချင်းကို မရှိတော့ဘူး၊သေသွားလို့ ရှိယင် အသက် ချုပ်သွားလို့ရှိယင် ပြောနိုင်တဲ့ အရည်အချင်းကို မရှိတော့ဘူး။

ဒီတော့ ဒီအသက်ဟာ ဘယ်လိုသဘောရှိတုံးဆိုတော့ သူဖြစ်နေတုန်းမှာ အတူဖြစ်ဘက်ဖြစ်တဲ့ ရုပ်တရား နာမ်တရားတွေကို အသက်ရှင်ပြီးတော့ ဒုန အောင် လုပ်နေတယ်၊ အသက်ရှင်ပြီးတော့ ဆိုတာ ကိုယ့်အလုပ်ကို ကိုယ် လုပ်တာ ပြောတာ။

ဇီဝိတရှိလို့ ရုပ်ကြီးတည်နေ။ ။ဆိုပါစတော့ စိတ်ဝိညာဏ် သိစေဖောင်ဟာ ဇီဝိတ အာသက်ရှိလို့သိတာ၊ ဇီဝိတ အာသက် မရှိလို့ရှိယင် စိတ်ဝိညာဏ်ဟာ သိကို မသိဘူး၊ ဝေဒနာခံစားတယ်ဆိုတာဟာ ဒီဇီဝိဘအာသက်ရှိလို့ ခံစားတာ၊ ဇီဝိတအာသက် မရှိလို့ရှိယင် ဒီဝေဒနာဟာ မခံစားနိုင်ဘူး၊ အသေပဲ ဖြစ်တယ်။

ပြီးတော့ ဇီဝိဘဟာ "ရုပ်ဘက်မှာရော နာမ်ဘက်မှာရော သိပ်ပြီးတော့ စောင့်ရှောက်ထယ်၊ စောင့်ရှောက်ရတယ်"လို့ ကို စာက ဆိုတယ်၊ သိပ်စောင့်ရှောက်နေတယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေကို ဟောဒီ ဇီဝိတက အကုန်လုံး စောင့်ရှောက်နေတယ်၊ ဥပမာ ဘယ်လိုပြောကြတုံး ဆိုတော့ "အမေက မွေးပြီးတော့ အမေဆုံးသွားတယ်၊ နို့ထိန်းနဲ့ချည်း ဝနရတယ်"၊ အဲသလိုပဲ ကံက ဖြစ်ပြီးယင် ကံသတ္တိ ပြီးသွားတာပဲ၊ အဲဒီ ဖြစ်ပြီးတဲ့အခါမှာ အရှိန်ရှိသမျှ တည်နိုင်အောင်ကဇတော့ ဒီဇီဝိတစောင့်ရှောက်တာပဲ။

ဒီတော့ ကလေးကို အမေက မွေးရုံသာ မွေးတတ်တယ်၊ နောက်ကလေးကြီးပွားအောင်ကတော့ နို့ထိန်းက ကလေးကြီးသည်အထိ ထိန်းပြီးတော့ နေရသလိုပဲ၊ ကံက ရုပ်ကိုဖြစ်စအောင်သာ ပြုသွားတယ်၊ ဖြစ်ပြီးရုပ်ကို အချိန်ရှိသမျှ တည်ပြီးတော့နေအောင်ဟာ ဇီဝိတက လိုက်ပြီးတော့ စောင့်ရှောက်နေတယ်၊ ဒီတော့ စိတ်ကူးကြည့်လိုက်စမ်း၊ တကိုယ်လုံးထဲမှာ ဇီဝိတဆိုတဲ့ ရုပ်ဘရား ရှိနေပါသလား၊ ဓာကိုယ်လုံးထဲမှာ ဇီဝိတဆိုတဲ့ နာမ်တရား ရှိနေပါသလား။

အို....တို့နည်း တို့ဟန်နဲ့ ရုပ်နာမ်ထဲမှာ အသက်ရှိနေပါလား၊ တို့နည်း တို့ဟန်နဲ့ အသက်ကောင်ကလေးတော့မဟုတ်ဘူး၊ အသက်ရှိနေတယ်၊ (အင်မတန် ဆန်းတယ်၊ အင်မတန် ဆန်းတယ်၊) အဲဒီ ဇီဝိတဆိုတဲ့ အသက်က သူနဲ့ဘဲဖက်ဖြစ်တဲ့ရုပ်ကို ဖြစ်တုန်းကို စောင့်ရှောက်တဲ့အပြင် မိမိတို့ချုပ်စတော့ကာ ဒုတိယအဆက်ဖြစ်ရအောင် တို့က တို့က ဖြစ်နေသလိုလေ အသင်တို့လဲ ဖြစ်ရစ်ကြလို့၊ နောက်ရုပ်လဲ ဒီအတိုင်းဖြစ်အောင် သူက ဆက်ပြီး စောင့်ရှောက်သွားတယ်၊ တတိယရုပ်ဖြစ်ဖို့ကျတော့လဲ ဒုတိယရုပ်မှာ ပါတဲ့

ဒီဝိတက-ဟေ့ တို့ဖြစ်သလို ဖြစ်ရစ်ကြနော်၊ ဖြစ်ကိုဖြစ်ရစ်ကြနော်၊ ဒါ့ကြောင့် ဒီပုံပန်း မပျောက်ပဲနဲ့ ဒီခန္ဓာကိုယ်ကြီး ဆက်ဖြစ်နေတယ်။

ယောကျ်ားက ယောကျ်ားပုံပန်းမပျောက်ပဲနဲ့ ကံမထူးယင် ဓသသည့်တိုင် အောင် ဒီရုပ်ကြီး ဖြစ်နေတာ ဒီဇီဝိတကြောင့်၊ မိန်းမက မိန်းမပုံသဏ္ဌာန် မဓပျောက်ပဲနဲ့ ဒီရုပ်ကြီးဖြစ်နေတာ ဒီအသက်ကြောင့်၊ ဇီဝိတလဲ ချုပ်၊ ရုပ်တွေနာမ်တွေလဲချုပ်၊ ကဲ ဒီနားမှာ နည်းနည်းကဓလားပြောမယ်ဓလား။

ဇီဝိတဖြတ်လို့ ဓသခြင်း။ ။ဒီလူဘယောက်ကို အဲ....တုတ်နဲ့ရိုက်ထား၊ ဓားနဲ့ ခုတ်၊ ဓသ၊ ဓသနတ်နဲ့ပစ် ဓသ၊ ဟောဒီ တုတ်နဲ့ ရိုက်တုန်းက ဒီတုတ်ထိတဲ့နေရာမှာ ဇီဝိတတွေ့ပါတယ်၊ တုတ်ထိတဲ့ ရုပ်တွေ အစဉ်ထဲမှာ ဇီဝိတတွေ့ပါတယ်၊ ဇီဝိတဓတွေ့ပါတဲ့ တုတ်ဒဏ်ရာကြောင့် အထိခံရတဲ့ ဇီဝိဘက နောက်နောက်ရုပ်ဓတွေကို "တို့လိုဖြစ်ရစ်နော် တို့လိုဖြစ်ရစ်နော် တို့လိုဖြစ်ရစ်နော်" လို့ မပြောဓသလဲ ပြောသကဲ့သို့ ကျေးဇူးပြုကာကာသိပ်ပြီးတော့ ကြောကြောကြီး ဓကျေးဇူးမပြုနိုင်ဘူး။

တုတ်နဲ့ရိုက်ထော့ အတော်ကလေးကြာယင် သေတယ်၊ သေဘာ ဘာပြုလို့တုန်း၊ ဘာကြောင့်လဲ ဇီဝိတဖြတ်သွား၊ အဲဒါကြောင့် နောက်ဘာမှ ရုပ်ဓတွေ ဆက်မဖြစ်နိုင်ဘူး၊ နောက်သေတယ်။

တခါ ဓားနဲ့ခုတ်တာ တုတ်နဲ့ရိုက်ဘာထက် နာတယ်၊ ဇီဝိတရုပ်ဒုက္ခထိနာတယ်၊ ဇီဝိဘရုပ် အထိနာတော့ တုတ်နဲ့ရိုက်ဘုန်းက တဒိနစ်ဓလောက် ကြာဦးမယ်လို့ဆိုယင် ဓားနဲ့ခုတ်တော့ တမိနစ်ဓလောက်နဲ့ သေတာပဲ၊ ဇီဝိဘနာတော့ သိပ်အားဓသးသွားတယ်၊ သိပ်ဒုက္ခသေးသွားတော့ မြန်မြန်သေတယ်။

ဓသနတ်နဲ့ပစ်တယ်၊ ဓသနတ်နဲ့ပစ်ဓတော့ ဇီဝိတကို ထိလိုက်တာ တကဘည်းတော်တော်ကို နာသွားတယ်၊ ဓတော်တော်ကို ထိထိဓရောက်ဓရောက် ထိဘယ်၊ ထိလိုက်ထော့ ဓနာက်ရုပ်ဓတွေကို ဆက်ပြီးဓတော့ ဘို့လို ဖြစ်ရစ်လို့၊ သိပ်မလုပ်နိုင်ဘူး၊ သိပ်အားမဓပေးနိုင်ဓတာ့ဘူး၊ ဒီဓတော့ ဓသနတ်နဲ့ ပစ်ခံရယင် တစက္ကန့်လောက်နဲ့သေတယ်။

ဂုဏ်အရည်အချင်းအလိုက် ဖီ ပါဏာတိပါတ – သူ့အသက်သတ် သူ့အပြစ်ရကြ အသက် သတ်တယ်ဆိုတာ အကောင်လုံးကြီး သတ်နေတာ မဟုတ်ဘူး၊ အဲ ဇီဝိတ သတ်တာပဲ၊ အသက်ဆိုတဲ့ ဇီဝိတသတ်တော့ ဇီဝိတလဲသေရော ဇီဝိတကို ဒိပြင်ရုပ်တွေက တာမှ မတတ်နိုင်တော့ဘူး၊ ဇီဝိတက စောင့်ရှောက်လို့ ဖြစ်နေတာ၊ ကဲ ဘယ်လောက်များ ဘုန်းကြီးတို့ တရားတော်က သေချာနေတုန်း။

တခါ သူ့အသက်သတ်တဲ့နေရာမှာ ဇီဝိတက ဂုဏ်ရှိတဲ့သူရဲ့ အလက်ကျတော့ ဇီဝိဘကလဲ ဂုဏ်ရှိတယ်၊ အပြစ်ပိုကြီးတယ်၊ သာပြီးတော့ အပြစ်ကြီးတယ်၊ဇီဝိတက ဂုဏ်မရှိဘူးဆိုယင်အပြစ်နည်းနည်းသက်သာရှိတယ်၊ရဟန္တာများသတ်ဓတာ့ ရဟန္တာမှာ ကိလေသာ အာသဝေါ ကင်းရှင်းနေတာ ဖြစ်လို့မို့ ဇီဝိဘကလဲ သိပ် စင်ကြယ်သန့်ရှင်းဘာပဲ၊ အဲဒီ ရဟန္တာ သတ်လို့ရှိယင်တော့ အဘီစိကိုကျတာပဲ၊ ဒီအပြစ်ဟာ ဒါလောက်ကြီးသွားတာပဲ။

မိဘကို သတ်တဲ့အခါကျတော့ မိဘဂုဏ်ရှိရှိ, မရှိရှိ မိမိကို ကျေးဇူးပြုထားတဲ့သူကို သတ်တဲ့အတွက်ကြောင့် မိဘရဲ့ကျေးဇူးတွေက မိမိမှာ အကျိုးများနေတဲ့အတွက် များများကြီး သူ့မှာ အပြစ်ရှိတယ်၊ အဝီစိကိုကျတယ်။

တဖန် လိမ်ပြောတဲ့မုသားက ခုနက အသက်ရှိတဲ့ပုဂ္ဂိုလ်ကို လိမ်မိတော့၊ ပုဂ္ဂိုလ်က အဆင့်အတန်းမြင့်ဓလ၊ မုသားက အပြစ်ကြီးဓလလေ၊ ပုဂ္ဂိုလ်က အဆင့်အတန်းနိမ့်ကျနေယင် မုသားကနည်းနည်းလေးသက်သာတယ်၊ ဃက်သာတယ်၊ ဒါပေမယ့် ငရဲတော့ ချနိုင်တယ်၊ ငရဲဓတော့ ချနိုင်တယ်၊ ပုဂ္ဂိုလ်က အင်မတန်နိမ့်လို့မို့ သက်သာဘယ် ဆိုလို့များတော့ တောသားတွေကို လိမ်မယ်များ မကြံလိုက်ကြနဲ့၊ ငရဲချနိုင်တယ်၊ ဒါကြောင့် မုသားပဲဖြစ်ဖြစ် ပါဏာတိပါတပဲဖြစ်ဖြစ် ငရဲချနိုင်တယ်။

ကာမေသုမိစ္ဆာစာရ-ကာမဂုဏ်ကို အင်မတန် ကျူးလွန်တယ် ဆိုလို့ရှိယင် အကျူးလွန်ခံရတဲ့ယောကျ်ား သို့မဟုတ် မိန်းမ၊ အဲဒီမိန်းမက သီလရှိတဲ့သူဖြစ်လေ အပြစ်ကြီးလေပဲ၊ အကယ်၍များ ရဟန္တာဖြစ်ပြီးဆား ဘိက္ခုနီတို့ကို

စော်ကား ကျူးလွန်လို့ရှိယင် "နန္ဒ" ဆိုတဲ့ သတိုးသားဟာ "ဥပ္ပလဝဏ်" စော်ကားလို့ အဝီစိကိုကျတယ်၊ အဝီစိကို ချက်ချင်းကျတယ်၊ ဒါကြောင့် ဒီလူရဲ့ အတွင်းမှာရှိတဲ့ သိလသိက္ခာတွေကလေ လူကို အဆင့် အတန်း မြင့်အောင် ခဲ့ပြီးသား ဖြစ်နေတယ်။

ဒါကြောင့် ငါးပါးသိလ လွန်ကျူးတဲ့အခါမှာ လွန်ကျူးခံရတဲ့ ပုဂ္ဂိုလ်ရဲ့ ဂုဏ်အရည်အချင်းကိုလိုက်ပြီးတော့ ဒီ သိလပျက်ချင်းတူပေမယ့် အပြစ်အကြီးအငယ် ကွာသွားတယ်၊ ဒါကို နားလည်ထားပါ၊ ဒါလောက်ပြောလို့ရှိယင် ဘုန်းကြီးပြောပြီးသား နားလည်လောက်ပြီလို့ ထင်တယ် ယူဆတယ်။

"ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ" နှစ်ပါးက လောကကြီးမှာ အရေးကြီးလွန်းလို့၊ အစတုန်းက ယခုနပြီးခဲ့အာဇာဉ် ပြောမယ်လို့ စိတ်ကူးပါတယ်၊ ဖြေလို့မရပါဘူး၊ "ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ" မိန်းမ ယောကျ်ား၏ ဖြစ်ပုံခကွက်ကို ပြောဖို့ဆုက လိုပါတယ်၊ အင်မတန်လဲ သိဖို့ခကောင်းတယ်၊ အင်မတန်လဲ လောကကြီးမှာ အရေးကြီးပါတယ်၊ အဲဒါကြောင့်မို့လို့ ဒီကိစ္စကို နက်ဖြန်မှ ဆက်ပြီး ပြောကြတို့။

နာနာပွကာရဋ္ဌာနာနံ၊ ဗောဓိတာဒေတ္ထ မုနိနာ။
အနုန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အနန္တ ဂေါစရံ။

တော့၊ ဤအနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိဆိုတာ ဘုရားရှင်သည်။ နာနာပွကာရဋ္ဌာနာနိ။ ဟေတု, အာရမ္မဏစသည်မျိုးစုံ အကြောင်းအာဟာတို့ကို။ ဗောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျွန သိပြီးမှသျှင် မျိုးလှဝေနေ သိစေတော်မူခဲ့လေပြီ။ အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်ဆောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်ခဘာ်မူခသာ။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါယယ် နည်းစုံကြွယ်သားကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ဂျိုးကန်တော့ပါ၏ ဘုရား။

သာဓု.....သာဓု.....သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

ဒုဒသမနေ့

၁၃၃၅-ခု၊ တန်ခူးလဆုတ် ၃-ရက်။
၁၉၇၃-ခုနှစ်၊ ဧပြီလ၊ ၂၀-ရက်၊ (သောကြာနေ့)

အသက်ရှည်ဖို့အစကြောင်းများ။ ။မနေ့က သတင်းစာထဲမှာပါတဲ့အကြောင်း အရာကို ဖတ်ပြလို့ကနေ့ "ကွန်ဖြူးယပစ္စည်းနဲ့" ဆက်ပြီးတော့ ဒါလေးကို ပြန်ပြီး ပြောရဦးမယ်၊ ရှေ့ကို မတိုးနိုင်သေးဘူး၊ သတင်းစာထဲမှာ နိုင်ငံခြားလူအိုများရဲ့အသင်းဥက္ကဋ္ဌ ပညာရှိကြီးတယောက်က အသက်ရှည်ဖို့အကြောင်းများကို သူက ထည့်ဖြောထားတယ်။

"အသက်ကြီးသူများသည် မိမိဘဝနှင့်လိုက်လျောညီစွာ သတိနှင့် စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်း၊ ကိုယ်ကာယ အခြေအနေ အရ အလုပ်လုပ်ခြင်း၊ အားလပ်ချိန်ကို ကောင်းစွာ စီစဉ်ခြင်းနှင့် မိသားတစု သင့်မြတ်ခြင်းတို့ကို ပြုလုပ်ရမည်။

ဟု ပြောပါတယ်တဲ့။

သူ့နည်း သူ့ဟန်နဲ့ မှန်တယ်၊ ဘုန်းကြီးတို့က အဲဒီထက် သေချာတယ်၊ အဲ သူ့ခမျာမှာဇာတာ့ ပညာရှိပါပဲ သူတို့နိုင်ငံမှာ ထိပ်တန်းပဲ၊ ဒါကြောင့်လဲ ဥက္ကဋ္ဌကြီးဖြစ်နေပါတယ်၊ ဒါပေမယ့် သေသေချာချာ တိတိကျကျ ပြောနိုင် စွမ်းတဲ့ အဖြစ်မျိုးကတော့ ဘုန်းကြီးတို့တရားတော်ကလဲပြီးတော့ မရပါဘူး။

ဒါကြောင့် ဒီသတင်းစာဖတ်ပြပြီးယင်ပဲ ဘုန်းကြီးတို့တရားတော်က သိပ်ပြီးတော့ တိကျပြတ်သားပါတယ်၊ ဒီအသက်ရှည်ဖို့ ကိစ္စမှာ သိပ်ပြတ်သားပါတယ်လို့ ဘုန်းကြီးကပြောတယ်၊ ပြောပြီးတော့ကာ တရားတော်ပြတ်သားပုံကို ကနေ့တော့ ဟောမယ်။

ထပ်ပြီးတော့ ကံ, စိတ်, ဥတု, အာဟာရတွေကြောင့် ဒီဝဋ္ဋနာကိုယ်ကြီးဖြစ်နေပုံကို ထပ်ပြီးတော့ ဟောပါမယ်၊ တနေ့က ပြောခဲ့တယ်မဟုတ်လား၊ ကမ္မပစ္စည်းတုန်းက ကံရဲ့အစွမ်းသတ္တိဟာ အင်မတန် အစွမ်းထက်တဲ့အကြောင်း၊ ဟိုဘဝတခုမှာ ရုပ်ဆစ် နာမ်ဆစ် ခန္ဓာသစ်ကို ဖြစ်စေနိုင်လောက်အောင် သတ္တိရှိတဲ့အကြောင်းကို ပြောခဲ့တယ်နော်၊ အဲဒီ ပထမဆုံး လူကို ပြောကြစို့။

ကမ္မဇရုပ်အစဉ် ကြီးထွားလာ။ ။အမိဝမ်းထဲမှာ စိတ်ဝိညာဏ် ပဋိသန္ဓေဝိညာဏ် တည်သည်နှင့်တပြိုင်နက် စေတသိကဲတွေ ပါလာတယ်၊ အဲဒါကို ဘုန်းကြီးက ဟေတုပစ္စည်းတုန်းက စပြီး ပြောခဲ့တယ်၊ ပဋိသန္ဓေစိတ်ဝိညာဏ်မှာ တချို့ အမောဟဆိုတဲ့ ဉာဏ်ပါတယ်။ တချို့မှာ မပါဘူးလို့ ပြောခဲ့တယ်၊ ဟေတုတုန်းက၊ ပြီးတော့ ဒီနောက်လဲပဲ **ပဋ္ဌာန်းပစ္စည်းထဲမှာ "ပဋိသန္ဓေခဏ၌ နာမ်တရားနှင့် ရုပ်တရားတို့သည် အချင်းချင်း သဟဇာတ ဖြစ်တို့နဲ့လဲ ဓမ္မဖြစ်ပွါးတယ်၊ ဥပနိဿယ သတ္တိနဲ့လဲ ဓမ္မဖြစ်ပွါးတယ်၊ အညမညသတ္တိနဲ့လဲ ဓမ္မဖြစ်ပွါးတယ်" စသည်အားဖြင့် ပဋ္ဌာန်းပစ္စည်းမှာ ဓမ္မကုန်လုံး ပဋိသန္ဓေစိတ်အချိန်တုန်းက ပဋိသန္ဓေစိတ်နဲ့ တပြိုင်နက်ဖြစ်တဲ့ ကမ္မဇရုပ်တွေ ကျေးဇူးပြုပုံကို ပဋ္ဌာန်းထဲမှာ ပါပြီးတော့ လာခဲ့ပါတယ်၊ ပစ္စည်းအများထဲမှာ ပါပြီးတော့ လာခဲ့ပါတယ်။**

အဲဒီ ပဋိသန္ဓေစိတ်နဲ့ အဘူဖြစ်တဲ့ ရုပ်ကလာပ်(၃)ခု ပြောခဲ့တယ်နော်၊ ကလလရေကြည်ဆိုတဲ့အချိန်မှာ ရုပ်ကလာပ်(၃)ခု စ-တယ်လို့ တနေ့က ပြောခဲ့ပြီနော်၊ ဒါ ကံကြောင့်ဖြစ်တဲ့ ဝိပါက်၊ ဝိပါက်နှင့်တကွ ဖြစ်ရတဲ့ ရုပ်တရား၊ အဲဒီလို ဘုန်းကြီးတို့မှာတော့ အင်မတန် ဇသချေတယ်။

ကံကြောင့်ဖြစ်တဲ့ ရုပ်မှုးလဲပဲ **ပ**ဌမကလာပ်သုံးစည်းမှာ ခန္ဓာကိုယ်တည်ဖို့ **"ကာယဒသက"** ကလာပ်၊ ကလာပ်ဆိုတဲ့စကားကို ရုပ်ကလေးတွေပေါင်းထားတာကို **ကလာပ်**လို့ ခေါ်တယ်၊ **"ကလာပ"**လို့ ခေါ်တယ်။ အစိတ် အစိတ် ရုပ်ကလေးတွေ ပေါင်းထားတာ ရုပ်ဆယ်ခု ပေါင်းထားတယ်၊ **ကာယဒသက ကလာပ်**၊ ခန္ဓာကိုယ် စတည်လိုက်တာ၊ ပြီးတော့ စိတ်စေတသိက်တွေ မှီပို့ရန် **ဝတ္ထုဒသက ကလာပ်** စတည်လိုက်တာ၊ ပြီးတော့ မိန်းမ ယောကျ်ားဖြစ်ပို့ရန် **ဘာဝဒသက ကလာပ်**၊ အဲဒီလို စတည်ခဲ့တယ်။

စတည်စေတ့ကာ အဲဒီ ကံရုပ်အစဉ်ဟာလေ ခဏတိုင်း ခဏတိုင်း ခဏတိုင်း ဆိုတာ လက်ဖြောက် တချက်တီးလို့ရှိယင် စိတ္တက္ခဏပေါင်း ကုဋေတသိန်း ဖြစ်တယ်လို့ ဆိုတယ်၊ အဲဒီ ကုဋေတသိန်းလောက် ဖြစ်တိုင်း ဖြစ်တိုင်းမှာ ကံကြောင့်ဖြစ်တဲ့ ရုပ်စတွေက ထပ် ထပ် ထပ် ထပ် ဖြစ်နေတယ်၊ ဘုန်းကြီးတို့ ခန္ဓာကိုယ်လေးထဲမှာ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ထပ် ထပ် ထပ်ပြီးတော့ ဖြစ်နေလိုက်တာ၊ ခန္ဓာကိုယ်ထဲမှာ။

ဒီတော့ ခန္ဓာကိုယ်ထဲမှာ ရုပ်ခန္ဓာက ကံနဲ့ဆိုင်တာပဲ ကြီးလာမှာပေါ့၊ ကြီးလာတယ်၊ ဒီဇတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေကို ဘုန်းကြီးက ထပ် ထပ်ပြီးတော့ ကံအဘွက် သက်သက်ချည်း ရုပ်အစဉ်တခု ပြောမယ်နော်၊ ဒီ ရုပ်ခန္ဓာအစဉ်ဟာ အဖာဘင်းက (၁၇)ချက်လောက်၊ စိတ္တက္ခဏ ၁၇-ချက်လောက် ကြာယင်ချုပ်၊ အသစ် ထပ်ဖြစ်၊ အဟောင်းချုပ် အသစ်ဖြစ်၊ အဟောင်းချုပ် အသစ်ဖြစ်၊ ဒါဖြင့် ဟို ကံကြောင့်ဖြစ်တဲ့ရုပ်က ဘယ်ကြီးလာနိုင်ပါ့မတုန်းဆိုတော့မဟုတ်ဘူး၊ ရှေပိုင်းက အဖြစ် များများနေတယ်။

ဆိုးပါတော့လေ၊ အဟောင်းချုပ် အသစ်ဖြစ်၊ နောက်တခါ ဖြစ်ပြန်တော့ အဖြစ်က နှစ်မျိုး ဒီလိုလာပြန်ဘယ်၊ နောက်တခါ ဖြစ်ပြန်တော့ (၃)မျိုး (၄)မျိုး (၅)မျိုး၊ ဒါကြောင့် ကံကြောင့်ဖြစ်တဲ့ ရုပ်အစဉ် ကြီးထွားလာလို့၊ ကလေးလေးဟာ အမိဝမ်းထဲမှာပေါ့လေ၊ ဖြည်းဖြည်းကြီးပြီးတော့ လာခဲ့ရတယ်၊ လာခဲ့ရတယ်။

အဲဒီကံကြောင့်ဖြစ်တဲ့ ရုပ်အစဉ်ကို ဘုန်းကြီးတို့က ကမ္မဇရုပ် လို့ဆိုတယ်၊ ဒီလိုခေါ်မယ်နော်၊ အဲဒီ ကမ္မဇရုပ်အစဉ်ဟာ ရှေးကံ အစွမ်း ရှိသလောက် ကြီးနေတာပဲ၊ ယခု ဘုန်းကြီး ခန္ဓာကိုယ်ထဲမှာ အဲဒီ ကံကြောင့်ဖြစ်တဲ့ရုပ်တွေ အဆက်ဆက် ဖြစ်နေတယ်၊ မနေ့တုန်းက ပြောတဲ့ စက္ခုပသာဒဟာ ကံကြောင့် ဖြစ်တာ။

ဒါကြောင့် တချို့ စက္ခုပသာဒ ကောင်းတယ်၊ တချို့ မကောင်းဘူး၊ တချို့ကျတော့ ကံမကောင်းတော့လေ စက္ခုန္ဒြေကို မပါဘူး၊ ဓသာတိန္ဒြေကို မပါဘူး၊ ဃာနိန္ဒြေကို မပါလာဘူး၊ ဒါတွေကစတော့ အုပ်မတန် ကံဆိုးတဲ့လူ၊

လူအညံ့စားကလေးတွေမှာ ဒီလိုဖြစ်နေတယ်၊ တလောတုန်းက မျက်စိမမြင်တဲ့သူတွေကို မြင်စေအောင် မျက်စိမြင်အောင် လောကစာတ် ဆရာတွေက လုပ်ကြတယ်၊ လုပ်ဘော့ သိပ် အထမမြောက်ဘူးတဲ့၊ နာမကြားတဲ့သူတွေ နားကြားအောင်လုပ်တော့ တော်တော်ကလေး အထမြောက်တယ်တဲ့။

ဒါက ဒီလိုရှိတယ်၊ နဂိုတုန်းက စက္ခုဒွေဆိုတာ စက္ခုပသာဒလုံးလုံးမပါလာလို့ရှိယင် လုပ်လို့ကိုမဖြစ်ဘူး၊ တခု့ကြ ပါတော့ ပါတယ်၊ အင်မတန်ညံ့ပြီးတော့နေလို့၊ မထင်မရှား ဖြစ်နေတယ်၊ အဲဒါ လုပ်ယင် ဖြစ်တယ်၊ ဘေးက အကူအညီ ရုပ်တွေနဲ့ လုပ်လို့ရှိယင် မြင်နိုင်လောက်အောင် ရှိတယ်၊ သောတိဒွေလည်း ဒီလိုပဲ၊ နဂိုက ကံကြောင့် လုံးလုံးကို မပါလာဘူးဆိုယင် လုပ်လို့မဖြစ်ဘူး၊ နည်းနည်းပါးပါးတော့ပါတယ်ဆိုလို့ရှိယင် လုပ်လို့ဖြစ်တယ်၊ ဒါကြောင့် သူတို့ကတော့ မျက်စိမမြင်တဲ့သူတွေ မျက်စိမြင်အောင် လုပ်တာမှာ ထိပ်ဒွေထမမြောက်ဘူး၊ ဒါပဲပြောနိုင်တယ်။

ဘုန်းကြီးတို့က လုံးလုံး အထမမြောက်တာလဲ ရှိရမယ်၊ နည်းနည်းပါးပါး အထမြောက်တာလဲ ရှိရမယ်၊ ကံနဲ့ဆိုင်တဲ့ ရုပ်မို့လို့ နားကျတော့ အထမြောက်တာ တော်တော်များတယ်တဲ့၊ ဒါလဲ ကံနဲ့ဆိုင်တဲ့ စသာတပသာဒရုပ်မို့လို့ အဲဒီလိုနဲ့ ဒီကမ္ဘာရုပ် အစဉ်ဟာရှေးကံရှိသလောက်ပေါ့လ၊ ဒီခန္ဓာကိုယ်ထဲမှာ အချိန်ရှိသရွေ့ ဖြစ်နေတယ်၊ မွေးလာတော့လဲ ဖြစ်နေတာပဲ၊ ဒီကံကြောင့်ဖြစ်တဲ့ ရုပ်တွေက စက္ခုတို့ စသောတို့ ဃာနတို့ ဇိဝှာတို့ ဖြစ်တယ်၊ ကံမကြောင့် ဖြစ်နေတာပဲ၊ ကံကြောင့် ရုပ်တွေ ဖြစ်နေတာဟာ ဘယ်လောက်ထိအောင် ဖြစ်သတုံးဆိုယင် တဘဝ အဆုံးသတ်ခါနီး စိတ္တက္ခဏ (၁၇) ချက်ခန့်အထိ ကံကြောင့်ဖြစ်တဲ့ ရုပ်အစဉ်တွေ ဖြစ်နေတာ။

အသက်ရှည်ရှည် နေနိုင်ရေး။ ။ရုပ်အစဉ်ဆိုတာ နည်းနည်းမဟုတ်ဘူးနော်၊ ခန္ဓာကိုယ် တခုလုံးမှာ အများကြီးအများကြီး အပြည့်ဖြစ်နေတာ၊ ဒီစတာ့ကာ ဒီကမ္ဘာရုပ် အစဉ်ပြတ်ယင်သေတယ်၊ ဘယ်နည်းနဲ့မှဆက်လို့မရဘူး၊ ဒီတော့ သူတို့က အသက်ရှည်အောင်လို့ ဆိုပြီး

တော့ကာ ဒီကမ္မဇရုပ်ကို ဘယ်နည်းမှ မတတ်နိုင်ပါဘူး၊ နားမလည်ပါဘူး၊ ဘုန်းကြီးတို့က ကံ့ကြောင့်ဖြစ်တဲ့ ရုပ်ဟာ ကြာရှည်တည်ဖို့ရန် ကြိုးစားယင် ရကယ်။....

ကံ ၂-မျိုး။ ။လူတိုင်းတော့ ရချင်မှ ရမယ်၊ ကြိုးစားယင်ရတယ်၊ ဘာပြု လို့တုံး၊ ကံက နှစ်မျိုးရှိတယ်လေ၊ ပဋိသန္ဓေကို ဖြစ်စေနိုင်တဲ့ ကံက တမျိုး၊ ယခု ပဋိသန္ဓေကို နေပြီးတဲ့နောက်မှာ "ပဝတ္တိ"လို့ ခေါ်တယ်၊ "ပဝတ္တိ" ဓာတ်ကျိုးကိုပေးနိုင်တဲ့ ကံကတမျိုး၊ အဲဒီ ပဝတ္တိအကျိုးကို ပေးနိုင်တဲ့ကံကို ဒီက ထပ်ပြီးတော့ ကူလို့ ပြင်လို့ရတယ်၊ ထပ်ပြီးတော့ နောက်ထပ်ကံအသစ်တွေကို ပြုလို့ရှိယင် ရတယ်။

ဝဿဘမင်းထုံး နှလုံးမူ။ ။ရွှေတုန်းက "ဝဿဘ" မင်းလို့ သိဟိုဠ်ကျွန်းမှာ ရှိခဲ့တယ်၊ သူ့ကို ဗေဒင်ဆရာတွေက ဘယ့်နှယ်ဟောတုံး၊ နန်းစံ (၁၂) နှစ်သာ ရှိတယ်၊ ဟိုဘက် သေမယ်ပေါ့လေ၊ ဒါပေဒင်ဆရာတွေက ကံ့ရဲ့ အဓိဗ္ဗာနေကိုကြည့်ပြီးတော့ လက္ခဏာတို့ ဇာတာတို့ ဟောရတယ်၊ ကံ ဒီလောက်သာ ရှိတယ်ပေါ့၊ ဒီတော့ ရှင်ဘုရင်က ကောင်းပြီ နေပါစေ ဆိုပြီးတော့ ရဟန်းတော်များကို လျှောက်ပါတယ်၊ သိဟိုဠ်ကျွန်းက သာသနာထွန်းကားတုန်းကိုး၊ ရဟန်းတော်များ လျှောက်တော့ ရဟန်းတော်များက ဒီမှာဓာတ်ရှိဖို့မှန် ရည်ရွယ်ပြီးတော့ ဇရပ်ဟောင်းတွေပြင်၊ ကျောင်းဟောင်းအပျက်တွေကိုပြင်တဲ့ ကံတွေက ဒီမှာ အကျိုးရှိဖို့ရန် ရည်ရွယ်ပြီးတော့ ဇရပ်ဟောင်းများကိုပြင်၊ ပြင်တာပေါ့၊ ကျောင်းဒို့ ကျောင်းပျက်များကိုပြင်၊ ပြင်တာပေါ့—

ဘုရားအို ဘုရားပျက်များကိုပြင်၊ လူသွားဟဲ့လမ်းမှာ တံတားဟောင်းတွေပြင်၊ မရှိယင် ဓာတ်ဆောက်၊ အဲဒီလို စီမံတဲ့အတိုင်း လုပ်လိုက်တာ၊ နန်းစံ (၁၂)နှစ်လဲ မကဘူး၊ (၂၄) နှစ်လဲ မကဘူး၊(၃၆)နှစ်လဲ မကဘူး၊ ဓာတ်ရှည်သွားလိုက်တာ၊ အသက်ရှည်သွားလိုက်တာ။

ဒါ ဘယ်သူကိုပြင်တာလဲဆိုတော့ ကံ့ကိုပြင်တာ၊ ကံ့ကို ပြင်တာ၊ ကံ့ကို ထောက်ပေးနေတာ၊ ရှေးကံ့ကို ဓာတ်ဆေးနေတဲ့ကံ့ကို နောက်ကူသိုလ်တွေနဲ့

ထောက်ပေးနေတာ၊ မြန်မာ ဗေဒင်ဆရာများကလည်း ဟောကြတယ်၊ နဲနဲ ကံဇာတာလေး ညှိုနေတယ်၊ ညောင်လောက်ပါ၊ ဝံတားခင်းပါ၊ ပြောကြတယ်။

ဒါမှန်တယ်၊ သောက်ရေအိုးစင်တို့ ဘာတို့ တည်ပါ၊ ဒါမှန်တယ်၊ နောက်ကံနဲ့ ပြုပြင်ပေးနေတာ၊ ညောင်ထောက်ပံ့ယဆိုတာ ညောင်ပင်များက အမျှားအာဖြင့် အရိပ်ရအောင် နဂိုက စိုက်ကြတာ၊ အကိုင်း အောက် ညွတ်ပြီးနေတော့ အရိပ်က အပြန့်နဲသွားတယ်၊ ဒဲ့ဒီညောင်ပင်ကို ဖောက် ထောက်တိုင် မာမာနဲ့ ထောက်ပေးတော့ ညောင်ကိုင်းက အတက်တက်ဆွား တယ်၊ အရိပ်က တော်တော်ကလေး ပြန့်သွားတယ်။

ဒါကြောင့်—ညောင်ထောက်ပါ၊ တံတားခင်းပါ၊ အဲဒီလို ရွှေးလူကြီး တွေကလဲ လုပ်ပေးလေ့ရှိကြတယ်၊ မန်ကျည်းပင်ကြီးတွေ လမ်းသွားလမ်း လာ နေပူတဲ့နေရာ စိုက်ထားလိုက်ကြတာ၊ ကြည့်ညိုစရာ ကောင်းလိုက်တာ၊ ရွှေးလူကြီးတွေ ဒီ တောင်မြို့မှာပဲ မန်ကျည်းပင်ကြီးတွေ လမ်းဘေးမှာ စိုက် ထားလိုက်ကြတာ ရွှေးလူကြီးတွေက မန်ကျည်းပင်ကြီးတွေ စိုက်ထားလိုက် ကြတာ၊ နောက်လူတွေက ဒုတ် ခုတ် ခုတ် ခုတ် ပစ်လိုက်ကြတာ၊ ကောင်းရော ကောင်းရော။

အဲဒီလို ရွှေးကံတွေကို ပြုပြင်လို့ ရပါတယ်၊ ဒီလို နားလည်ကြပါနော်၊ ဒါပေမယ့်အတော်အဟန်သာ ရတယ်နော်၊ သိပ်ပြီးတော့ ရတယ်လို့ မဟုဆကြ နဲ့၊ အတော်အတန်တော့ ရတယ်။

အသက်ရှည်ဖို့ ဆုမတောင်း။ ။ဘုန်းကြီးကလည်း ဘုန်းကြီးကို ဘုန်းကြီး ငါ ရွှေးကံပါလာတယ်၊ ယခုဘဝ သာသနာ ရေးနဲ့စပ်ပြီးတော့ ငါကောင်းတဲ့ ကံတွေကို ငါ အမျှားကြီး ပြုနေတယ်၊ ဒါကြောင့်မို့လို့ ငါရဲ့အသက်ဟာ ရှည်သင့်သလောက်စတော့ ကောင်းကောင်း ရှည်မှာပဲလို့ ဒါကို ယုံကြည်ထားတယ်။ ဒါကြောင့် လုပ်နေတာပဲ၊ မပန်းဘူး လား၊ ပန်းတယ်၊ ပန်းယင် မနွမ်းဘူးလား၊ နွမ်းတယ်၊ လုပ်ပါ သူ့ကံ ထိုက်တန်သလောက်တော့ လိုက်နေမှာ။

ဒါပေမယ့် ဘုန်းကြီးရဲ့ ဝါဒတမျိုး ရှိတယ် "အလုပ်မလုပ်နိုင်ပဲနဲ့ သူများရဲ့ အပြုအစုစု၊ အိုပြီးတော့ သူများရဲ့ အဲပြုစုခံတဲ့ အသက်ရှည်ခြင်းမျိုးကို မလိုချင်ဘူး၊ အရှင်ဘုရား ဒီ တန္ခစ်လောက် ဟိုဘက်ကို အလုပ်လုပ်နိုင်တော့မယ် မဟုတ်တော့ဘူး၊ အသက်တော့ ရှည်အုံးမယ်ဆိုယင်တော့ မရှည်နဲ့မလိုချင်ဘူး၊ ဘာပြုလို့တုံး၊ အလုပ်မလုပ်ပဲနဲ့ ရှည်ဘဲ့အရှည်ဟာ အသေပဲ၊ ဘုန်းကြီးအတွက် အဖသပဲ" ဘာပြုလို့တုံး၊ ဒီလို စိတ်ဆန္ဒရှိတဲ့ပုဂ္ဂိုလ် ဒီလို အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ် ဒီမှာ ကံတွေက ဆက်ရက် လ နေဟာ။

စိတ်တွေက ဆက်ရက် ဆက်ရက် လာနေတာ၊ **ဓသသွားလို့** ဟိုဘက် ဘဝ ပဋိသန္ဓေနေလို့ရှိယင် အလုပ် လုပ်နိုင်တဲ့ဘဝကို ရောက်မှာ၊ အလုပ် လုပ်နိုင်တဲ့ ရုပ်ခန္ဓာကို ရမှာ၊ အလုပ် လုပ်နိုင်တဲ့ ဉာဏ်ပညာကို ရမှာ၊ ဒီတော့ ခုဘဝကြီး တောင့်တပြီးတော့ နေကြသလို ဘာလေး လုပ်ပေးပါအုံး၊ ဘာကလေး ရေးပေးပါအုံး၊ အသက်ရှည်ပါစေနဲ့၊ ဝိုင်းကြဆလိုပဲ၊ လာမယ့်ဘဝလဲ ဘုန်းကြီး အတွက်က ဒီလိုပဲ ဝိုင်းမှာပဲ၊ ဒီလိုပဲ အလုပ် လုပ်နိုင်မှာပဲ။

ဒီက ပျင်းစေနတဲ့ဘုန်းကြီး မဟုတ်ဘူး၊ အလုပ် လုပ်နေတဲ့ ဘုန်းကြီး၊ အဲဒီတော့ စိတ်ဓာတ်ဟာ မပြတ်ဘူး၊ ဟိုဘက်ဘဝလဲ ဒီအတိုင်းသွားမှာ၊ ဒီတော့ အလုပ် မလုပ်နိုင်ဘူးဆိုယင် ဒီ ခန္ဓာကိုယ်ကြီး ရှည်မနေပါနဲ့၊ ဒီလို အသက်ရှည်ဖို့ကို ဆုတောင်းတဲ့ဘုန်းကြီး မဟုတ်ပါဘူး၊ အလုပ် လုပ်ဖို့ကိုသာ ဆုတောင်းတဲ့ဘုန်းကြီး ဖြစ်ပါတယ်။

ဒါဖြင့် အမျိုးစုကတော့ မသမှသေရော၊ ဘခါထဲ အသက်ကိုရှည်ပြီးတော့ နေချင်ကြတယ်၊ တယ်လို့ ကွာသတုံးလို့ ဆိုတော့ အမျိုးစုက မျော်လင့်ချက် သိပ်မရှိကြဘူး၊ နောက်ဘဝအတွက် မျော်လင့်ချက် သိပ်မရှိကြဘူး၊ ဒီတော့ ဒီဘဝဒုက္ခလေးကို သိပ်ပြီးတော့ သူတို့ တွယ်တာနေတာပဲ၊ အိုးနေလဲ အိုအိုနဲ့ပဲ နေချင်ပါသေးတယ်၊ နာနေလဲ နာနာနဲ့ပဲ နေချင်ပါသေးတယ်၊ ဒီလူတွေက ဒီလူတွေက၊ ဘာပြုလို့တုံး သူများလိုလဲ လုပ်လဲလုပ်ကတ်ဘာမဟုတ်ပဲနဲ့၊ သူကိုယ်ရေးအတွက်က နောင်ရေးဘဝ အတွက်က စိတ်မချရဘူး၊ စိတ်မချရတော့ ဒီဘဝအတွက် သိပ်တွယ်တာနေတာပဲ။

ဒါကြောင့် သူတို့ အသက်ရှည်ဖို့ကို ကြိုးစားကြတယ်၊ အသက်ရှည်ဖို့ကို ကြံစည်ကြတယ်၊ ဘုန်းကြီးရဲ့ ဘုန်းကြီးတကိုယ်ရေ တကာယအတွက် ဝါဒကတော့၊ အသက်ရှည်ဖို့ မဟုတ်ဘူး၊ အလုပ် လုပ်နိုင်ဖို့ပဲ၊ ဒါကြောင့် ကံကို ပြုပြင်လို့ရတယ်လို့ ဆိုတာကို နားလည်ကြပါ၊ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေကို ရှည်အောင် ကြိုးစားလို့ရတယ်၊ ထောက်ခံလို့ရတယ်၊ ညောင်ပင်မျိုးကို ညောင်ထောက်ရမယ်၊ တံတားခင်းရမယ်၊ ဇရပ်အိုဇရပ်ပျက်တွေ ကျောင်းအိုတွေကို ပြင်ရမယ်၊ ဘုရားပျက် ကျောင်းပျက် စသည်တွေကို ပြင်ရမယ်၊ အဘိုးကြီး အဘွားကြီးတွေကို ထောက်ပံ့ပေးရမယ်၊ အဘိုးကြီး အဘွားကြီးတွေကို စားစရာ သောက်စရာ ကူညီရမယ်။

ဆိုပါတော့ပေါ့၊ ဘုန်းကြီး အိုကြီးတွေ သိပ်ကိုးကွယ်စရာမရှိတဲ့ ဘုန်းကြီးတွေ လွှဲရ တန်းရမယ်၊ ရှိပြီးသား လူပြီးသားတွေထက်တော့ တခုက နှစ်ခု သုံး ငါး ခု ထပ်နေတာ မကောင်းပါဘူး၊ အဲဒီလိုဟာတွေဟာ အသက်ရှည်ဖို့အကြောင်းတွေ ဖြစ်လာပါတယ်လို့၊ အဲဒီလို နားလည်ကြပါစေ။

ရုပ်စဉ်ဟေတုံးတုံးလာ။ ။တခါအမိဝမ်းထဲမှာ နေတုန်းကတည်းကိုက ပဋိသန္ဓေစိတ်ဖြစ်ပြီးတဲ့နောက် ဘုန်းကြီးတို့ တရားတော်က အင်မတန်သေချာတယ်၊ ဘဝင်ဆုံတဲ့စိတ်(၁၅)ချက် သို့မဟုတ် (၁၆) ချက်ဖြစ်တယ်-အဲဒီပထမဘဝင်၌ဖြစ်ကကည်းကိုက စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေဖြင့်လာတယ်၊ ခန္ဓာကိုယ်လေး မကြီးပဲနေပါ့မလား၊ကမ္မဇရုပ်တွေကလည်း ထူးထူးထွားထွားပြီးဟော့ မျှားလာတယ်၊ ခုတခါ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ကလဲ ပဋိသန္ဓေနောင်မှာ ပထမဘဝင်ကစပြီးတော့ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်က တိုးပြန်ပြီ၊ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ဖြစ်တိုင်း ဒီရုပ်တွေက တိုးလာတယ်၊ အဟောင်းချုပ် အသစ်ဖြစ်၊ ဒါပေမယ့်စိတ်ကြောင့် ကံကြောင့်ဖြစ်တဲ့ ရုပ်ထဲမှာ ဥတုပါလာပြန်ပါတယ်၊ အဲဒီ ဥတုကြောင့်လည်း ရုပ်တွေဖြစ်ပြန်ရော။

ကံကြောင့်ဖြစ်တဲ့ ရုပ်ထဲမှာပါတဲ့ ဥတုကြောင့် ရုပ်ဖြစ်တာ၊ ဒါကို ကမ္မပစ္စယဥတုဇရုပ်လို့ ခေါ်တယ်၊ စိတ်ကြောင့် ရုပ်ဖြစ်၊ စိတ်ကြောင့်ဖြစ်တဲ့

ရှပ်ထဲမှာလည်း ဥတုပါပြုန်ရော၊ ဥတုဆိုတာဟာ ဓာတ်ကြီးလေးပါထဲမှာ 'တေဇော'ဓာတ်၊ အဲဒီ "ဥတုတေဇော"ဓာတ်က ပါလာတော့ သူ့ကြောင့် တခါရှပ်ဖြစ်ပြန်ရော၊ ပြီးတော့ ကံကြောင့်ဖြစ်တဲ့ ရှပ်က တမျိုးထဲမကဘူး၊ ကံမကြောင့်ဖြစ်တဲ့ရှပ်၊ ကံအရင်းခံပြီးတော့ ဥတုကြောင့်ဖြစ်တဲ့ရှပ်၊ တစုံသွားပြန်ရော။

စိတ်ကြောင့်ဖြစ်တဲ့ ရှပ်ကလဲ ရှပ်တခုထဲ တမျိုးထဲ ပဟုတ်ဘူး၊ စိတ်ကြောင့်ဖြစ်တဲ့ရှပ်၊ စိတ်ကြောင့်ဖြစ်တဲ့ ရှပ်ထဲမှာပါတဲ့ ဥတုကြောင့်ဖြစ်ကဲ့ရှပ်၊ တစုံဖြစ်ပြန်ရော။

ဒီမှာ ကိုယ်ကလေးက မကြီးပဲ နေပါ့မလား၊ ကိုယ့်ကံလေးက ကြီးစရာရှပ်တွေ တိုး တိုး တိုး တိုးလာဘာပဲ၊စိတ်ကတော့ တစိတ်ထဲပဲ တန်းဖြစ်နေတာ၊ တစိတ်ထဲ တန်းဖြစ်နေတာ၊ မတိုးပါဘူး၊ အပြောင်းအလဲသာ ရှိတာ၊ မတိုးပါဘူး ရှပ်တွေကတော့ တိုး တိုး တိုး တိုး လာတာပဲ။

တခါတေဇောဆိုတဲ့ ဥတုသက်သက်ကြောင့်ရှပ်ဖြစ်သေးတယ်၊ "တေဇောကြောင့် အဲဒီဟာက၊ ဘယ်တုန်းက စဖြစ်တုံးဆိုတော့၊ ပဋိသန္ဓေစိတ် ဖြစ်ပြီးသည့်နောက် သူဖြစ်လာတာပဲ၊ ဥတုကလဲ၊ ဥတုကြောင့်ဖြစ်တဲ့ရှပ်က၊ ဥတုဆိုတာ တေဇောခေတ်ကို ခေါ်တယ်၊ ဓာတ်ကြီးလေးပါးထဲက ဘဲဒီတေဇောဓာတ်ကြောင့် ဖြစ်တဲ့ရှပ်က ပဋိသန္ဓေစိတ်ရဲ့ ဥပါဒ်ပြီးတဲ့နောက် ဖြစ်လာတာပဲ၊ အဲဒီ ဥတုကလဲ ပထမဥတုကြောင့်ဖြစ်တဲ့ရှပ် တိုးတာယ်၊ အဲဒီ ပထမဥဟုကြောင့် ဖြစ်တဲ့ ရှပ်ထဲမှာပါတဲ့ ဥတုကြောင့်ဖြစ်တဲ့ရှပ် တိုးပြန်ရော၊ ဥတုပဋ္ဌယဥတုဇ ရှပ်လို့" ခေါ်တယ်။

ဒီတော့ ဒီခန္ဓာကိုယ်ကလေးထဲမှာပေါ့လေ ပထမသတ္တာဟာမှာပဲ ကမ္မဇရှပ်အစဉ်တွေ ကြီးနေပြီ၊ ကံကြောင့်ဖြစ်တဲ့ ရှပ်ထဲမှာပါတဲ့ ဥတုဇရှပ်တွေ၊ စိတ်ကြောင့်ပြစ်တဲ့ စိတ္တဇရှပ်တွေ၊ အဲဒီထဲပါလာတဲ့ ဥတုဇရှပ်တွေ၊ ပထမဥတုကြောင့်ဖြစ်တဲ့ ဥတုဇရှပ်မတွေ၊ အဲဒီ ဥတုထဲပါလာတဲ့ "ဥတုပစ္စယဥတုဇ"

ရှပ်တွေ၊ ကမ္မဇ, ဥတုဇ, စိတ္တဇရှပ်တွေ ပထမသတ္တာဟမှာ နဲ့နဲ့ နဲ့နဲ့ တိုးပြီးတော့ ကြီးလာတယ်နော်၊ သေချာလွန်းလို့ပါ သေချာလွန်းလို့ပါ။

နိုင်ငံခြားပညာရှင်တွေ လက်လှမ်းမမီတဲ့ အချက်တွေမို့လို့ ဘုန်းကြီးက သေချာအောင် ပြောနေတာ၊ ပြီးတော့ ဘုန်းကြီးမှာ ဒါတွေ လေ့လာနေတာ ဖြစ်ဘော့ ဒီအတိုင်း ခန္ဓာကိုယ်ကို ထိန်းနေတယ်လေ၊ ထိန်းနေတယ်၊ ဒီလုပ်လုပ်နိုင်အောင်လို့ ဒီအတိုင်း ထိန်းနေရတယ်။

အာဟာရဇရှပ်အစဉ်း ။ပြီးတခါ နှစ်သတ္တာဟလောက် (၇) ရက်နှစ်ပတ် သုံးပတ်လောက်ကျတော့ ခန္ဓာကိုယ်ကလေးက နဲ့နဲ့ ကလေး ဟိုနေ့က ဓပြာခဲ့တယ် မဟုတ်လား၊ အသားတစ်ကလေး ဖြစ်လာတယ်၊ အဲဒီတော့ ဘေးက အမေစားတဲ့ အစာက ကလေးရဲ့ အသားတစ်မှာ ပြန့်ပြီးတော့ ထိလာပြီ၊ အဲဒီဒင်္ဂ အဲဒီ အာဟာရဇရှပ်ကလေးများ ဖြစ်ပြန်ပြီ၊ ဒါဓကြောင့် အမေ အစားကောင်းကောင်း စားတတ်ဖို့ လိုတယ်လို့၊ မြန်မာပြောသလို သိပ် အစားဆင်ခြင် ပြီးဓကာ့ အာဟာရမဖြစ်တာ စားနေလို့ မတော်ဘူး၊ နှစ်ယောက်စာ အမေ စားရတော့တယ်၊ ကိုယ်ဝန်ရှိကတဲ့ကိုက သုံးပတ်လောက်ရောက်ယင်ပဲ ကလေးကို အစာပေးနေရပြီ။

ဒါကြောင့် အမေက နှစ်ဓယောက်စာ စားရတယ်၊ နှစ်ယောက်စာ စားရတယ်၊ ဒါမှ ကလေးအားရှိတယ်၊ အမေအားရှိတယ်၊ သိပ်ခိုင်းခဲ့နေလို့ရှိယင် ကလေးလဲ အားနည်းမယ်၊ အမေလဲ အားနည်းမယ်၊ အဲဒီလို ဘုန်းကြီးတို့တထူးတော်က သိပ်သိတာပဲ၊ မတည့်ဘူးဆိုယင် မတည့်တာ မစားနဲ့ပေါ့၊ တည့်တာစားပေါ့၊ ယခုတော့ အားမရှိတဲ့အစာကလေးတွေ ငါးခြောက် အဆီသြဇာ ကုန်ခန်းနေတဲ့ ငါးခြောက်ကို စားရှာကြတယ်။

ဘာပြုလို့တုံး၊ ဒီပြင် စိုစိုဖပ်ဖပ်ဆိုတော့ ဘာထောဂါ ဖြစ်ပွားစုံးလို့ဆုံးပြီးဓတာ့ အဆီသြဇာ ညှဲပြီးတော့ အဆီသြဇာ ကုန်ခန်းနေတဲ့ ငါးပြောက်တို့ကို စားရှာကြတယ်၊ ဟင်းသီး ဟင်းရွက် လတ်လတ်ဆတ်ဆတ် ကြိုချက်စားသောက်တာဓတွေကတော့ ဓကောင်းပါတယ်။

စိတ္တဇရုပ် ကောင်းအောင် စိတ်ကို ပြုပြင်ပေးကြ

ဒီတော့ကား ကမ္မဇရုပ်အစဉ် စိတ္တဇရုပ်အစဉ် ဥတုဇရုပ်အစဉ် အာဟာရဇရုပ်အစဉ် စလေးမျိုးမှာ — တခါ စိတ္တဇရုပ်အစဉ်ကို ကောင်း မကောင်းလိုက်ရတယ်၊ ဓမ္မလာပြီး အကောင်း မဓကာင်း လိုက်ရတယ်၊ ဒီဓတော့ ဘုန်းကြီးတို့က ပိတ်ကို ပြုပြင်ဓပေးပါ၊ သားသည်အမေ ကိုယ်ဝန်နှင့် နေတုန်းကလဲ ချမ်းသာပါစေ၊ ဒါမှ အဓမ့စိတ္တဇရုပ် အမေ့စိတ္တဇရုပ်ကို မှီပြီးတော့ မကင်း နိုင်တဲ့ကဓလေးရဲ့ စိတ္တဇရုပ်၊ အဲဒါတွေဟာ ကျန်းမာတဲ့ရုပ် ဖြစ်နိုင်ပါတယ်။

အမေ စိတ်ချမ်းသာဖို့ဆိုတာ ကလေး ကိုယ်ဝန်ရှိကတည်းကိုက စိတ်ချမ်းသာရပါတယ်၊ စိတ်ချမ်းသာအောင် ပြုပြင်ရပါတယ်၊ စိတ်ချမ်းသာအောင် ကြိုးစားရပါတယ်၊ ဖွားမြင်လာပြီ၊ ဖွားမြင်လာကတည်းက ကြောက်ကြောက် လန့်လန့်မဖြစ်ပါဓစေနဲ့၊ ဓစာဓောကတည်းကိုက ကောင်းသော ဖွားမြင်သယ်နဲ့ ပူးပေါင်းပြီးဓကာ့ စိတ်ကြည်ကြည်လင်လင် ရှိနိုရှိန်လန်းလန်း နဂိုတုန်းကလဲ ကျန်းမာအောင် ကိုယ့်ကိုယ်ကို ထိန်းလို၊ ဖွားမြင်ပြီးတဲ့ နောက်လဲ စိတ်ကို ကြည်လို ဒီလိုဓနရပါတယ်။

ဒီမှာမှ အမေ့နို့ရည် စိတ္တဇရုပ်ကြောင့် ဖြစ်တဲ့ အဓမ့နို့ရည်က ကောင်းသော နို့ရည်ဖြစ်ပြီးတော့ ကလေးကို တိုက်ရတာ အင်မတန်မှ ကောင်းပါတယ်၊ ဓနောက် ကလေးစိတ်ချမ်းသာဖို့ရယ်၊ အမေစိတ်ချမ်းသာဖို့ရယ်၊ စိတ္တဇရုပ်မှီနေတာနော်၊ စိတ္ထဇရုပ် ပြင်ဓနတာ၊ အဲဒီလိုနဲ့ နောက် တဖြေးဖြေး ဘုန်းကြီးတို့ သိဘတ်တဲ့ အရှယ်ကဓလး ရောက်လာပြီးဆိုပါတော့။

စိတ်ချမ်းသာရတယ်၊ ကလေးလေး စိတ်ချမ်းသာ ဓေရတယ်၊ စားတဲ့ ဓသောက်တဲ့အဓါမှာလဲပဲ ဓနပါဓစေအုံး၊ ဒါတော့ တခြားထား၊ အာဟာရဇရုပ်က စိတ်ချမ်းသာဓနလို့ ကလေးလေး ပျော်ဓနတယ်ဆိုယင်ပဲ ကလေးရဲ့ မျက်နှာဟာ ကြည်လို့၊ အဲဒါ ရောဂါမဖြစ်ဓအောင် ကြိုးစားရပါတယ်၊ ရောဂါဖြစ်လို့ ကလေးစိတ်ဟာ ညှိုးနွမ်းနေမယ်ဆိုယင် ရုပ်ကဓလေးတွေဟာ ရုပ်မကောင်းတာ ဖြစ်လာပါတယ်၊ ရုပ်ဟာ အဖြစ်ကဓလး မရုပ်ဘူးနော်၊ မဓကာင်းရုပ် ကောင်းရုပ် ဖြစ်နေတာ။

ဒါ၀ကြောင့် မမာတဲ့ကလေးလေး တွေဟာ မမာတဲ့ရုပ်ကလေးတွေ ကြာကြာကြီးဖြစ်နေဘာ၊ အဲဒီတော့ ကလေးဇလေး စိတ်ချမ်းသာပြီဆိုယင် မာတဲ့ရုပ်ကလေးတွေဖြစ်နေတာ၊ အမေ စိတ်ချမ်းသာရမယ်၊ ကလေးစိတ်ချမ်းသာရမယ်၊ စိတ္တဇရုပ်ကို ဘုန်းကြီးက ပြင်နေဘာ၊ အသက်ရှည်ဖို့ရန် အကြောင်းတွေချည်းပဲ၊ အသက်ရှည်ဖို့ရန် အ၀ကြောင်း ကွေချည်းပဲ၊ ကောင်းလွန်းလို့ ကောင်းလွန်းလို့။

နောက် တော်ဇာတ်ကြီးတော့ စိတ်ချမ်းသာပါ၀စ စိတ်မဆင်းရဲပါ၀စေနဲ့၊ စီးပွါးကိုရှာပါ၊ မပျင်းပါနဲ့၊ ပျင်းလို့ စီးပွါးမရလို့ရှိလျှင် စိတ်ဆင်းရဲပါလိမ့်မယ်၊ ဘယ်သူတွေ့ စိတ်ဆင်းရဲမလဲ၊ တအိမ်လုံး စိတ်ဆင်းရဲပါလိမ့်မယ်၊ စိတ်ဆင်းရဲလို့ရှိလျှင် ရုပ်က မဖြစ်မနေဘူး၊ မကောင်းတဲ့ရုပ်တွေ ဖြစ်လိမ့်ယ်၊ စိတ်ချမ်းသာလို့ရှိလျှင် ကောင်းတဲ့ စိတ္တဇရုပ်တွေ ဖြစ်ပါတယ်၊ ဒါ၀ကြောင့် စီးပွါးဥစ္စာ ရှာရပါတယ်၊ မွန်မွန်ရှာရပါတယ်၊ လောဘ အငမ်မဘန် မကြိုးရပါဘူး။ ဓဒါသ မထွက်ရပါဘူး၊ ဓဒါသဖြစ်တယ် ဆိုလို့ရှိလျှင် ဓဒါသဖြစ်တဲ့ မျက်နှာကိုကြည့်ပါ၊ ရုပ်မကြည့်လင်ပါဘူး၊ စိတ္တဇရုပ်တွေ မကောင်းဓနတာ။

ဒါ၀ကြောင့်- လောတမကြီးပါနဲ့၊ သင့်ဘင့်ရုံကလေး ဇလောဘရှိပါစေ၊ စိတ်ကိုပြင်နေတာ၊ ဓဒါသမဖြစ်ပါစေနဲ့၊ မလဲသာဖြစ်လို့ရှိလျှင် မြန်မြန်ကြီးပျောက်ပါစေ။ ဒီဒေါသဟာ ဘာဖြစ်လို့တုံး၊ ဒီသူ့ကြောင့် ဖြစ်တဲ့ စိတ်တွေက ဖြစ်နေတာ၊ မကောင်းစိတ်ဇတွေ မကောင်းရုပ်ဇတွေ ဖြစ်နေမှာ၊ ဒါကြောင့်မို့လို့စိတ်ကိုပြုပြင်ပါ၊ ဘယ်လောက်ထိဓအောင်ပြုပြင်ရမတုံး၊ ခုအချိန်ထိလဲ ပြုပြင်ရမယ်၊ ဘုန်းကြီး ဒီလောက်လဲပဲ စိတ်ကို ပြုပြင်ဓနရပါဘာယ်။

စိတ် ဆင်းရဲဓဆောင်တော့ ဘာကိစ္စနဲ့မှ မပြစ်ဓဓရဘူး၊ ကျောင်း သံဃာတွေ့ စိတ်မဆင်းရဲရဓအောင်လို့ အကုန်လုံး ဓောဓောကြပ်ဓနတာ၊ ဘာပြုလို့တုံး၊ သူတို့မဓကောင်းလျှင် စိတ်ဆင်းရဲ နေရမယ်ဓလ၊ သူတို့ ကောင်းနေမှလို့ ဆိုပြီးတော့ ကျောင်းသံဃာတွေကို ဓဓာဓဓာကြပ်တယ်၊ ကိုယ့်ဒကာ ဒကာမတွေ ဘေးအန္တရာယ်မရှိအောင် သတိဓပးနေတယ်။

ဘာပြုလို့တုံး၊ သူတို့ဖြစ်လို့ရှိလျှင် ကိုယ်စိတ်ဟာ အရိယာစိတ် မဟုတ်ဖတဲ့ သူတို့ မချမ်းသာလို့ ရှိလျှင် ကိုယ့်စိတ်လဲ မချမ်းသာကဲ့စိတ် ဖြစ်မှာပဲ၊ ဒါကြောင့်မို့လို့ ဒဏာ ဒဏ္ဍာမတွေ့ လောဘမကြီးပါနဲ့၊ လောဘမကြီးပါနဲ့၊ လက်ရှိအခြေအနေ မလျော့လျှင် ပြီးရောပေါ့၊ သိပ်လောဘမကြီးနဲ့၊ မတော် တဆ ခြေချော် လက်ချော် ဆိုလို့ရှိလျှင် တအိမ်လုံးလဲ စိတ်ဆင်းရဲစေယ်၊ စိတ်ဆင်းရဲယင် မကောင်းတဲ့ စိတ္တဇရုပ်ဖတွေ ဖြစ်တယ်၊ မကောင်းတဲ့စိတ္တဇရုပ် ဖြစ်ရုံသာမကဘူး၊ ဓားပတ်ဝန်းကျင်ရဲ့ အထင်သေးမှု အပြောအဆိုတွေ ကြောင့်မို့လို့ မကောင်းတဲ့စိတ်ဖတွေ စိတ္တဇရုပ်တွေ ထပ်ပြီးတော့ ဖြစ်တယ်၊ အဲဒီအခါမှာ မခကောင်းတဲ့ရုပ်တွေဖြစ်တာ သိလွန်းလို့....

ဘုန်းကြီးတို့က လောဘမကြီးပါနဲ့၊ ပစ္စည်းတွေ သိပ်ပေါနေပြန်တော့လဲ စိတ်ချမ်းသာလှဘယ် မဟုတ်ပါဘူး၊ ဟိုသိမ်းရ ဒီသိမ်းရ၊ ဟိုကြေးတောင်းရ ဒီကြေးတောင်းရနဲ့၊ ဒီတော့ ဘုန်းကြီးက စိတ်ချမ်းသာအောင် ဆိုတာ မှန်မှန် ရှိဖို့ လိုပါတယ်၊ အင်း-အစား မခတောင့်တရဘူး၊ အနေ မတောင့်တရဘူး၊ အဝတ် မတောင့်တရဘူး၊ မှန်မှန်ရှိယင် ပြီးတာပဲ၊ ပေါများတာ ကတော့ ကောင်းတယ်လေ၊ ပေါများပြန်တော့လဲပဲ၊ စွန့်ကြဖို့ ပေးကမ်းဖို့ လှူဒါန်းဖို့ စိတ်ကို ဒီလို မြင့်မြတ်ခအောင် ထားပါ။

ဒသခါနီးထိ စိတ်ပြုပြင်ကြ။ ။ဒါ ဘုန်းကြီး စိတ်ပြုပြင် နေတာ၊ ဘယ် လောက်ထိခအောင် ပြုပြင်နေရမလဲ ဆိုတော့ ဘုန်းကြီးတို့ သေခါနီးအထိ၊ ဘုန်းကြီးက ငါ ဘာရောဂါနဲ့ သေမယ်ဆိုတာ မသိဘူး၊ ဘုန်းကြီးအတွက် စိတ်ကို သေခါနီးထိ တွေးထားတာ။

"သေခါနီးမှာ မျက်နှာငယ်ကလေးနဲ့ လာမမေးပါနဲ့၊ ကိုယ် ဘာထာ ကိုယ်ခံနေမှာ၊ ရောဂါဒဏ်ရှိယင် ကိုယ့်ဘာသာ ကိုယ်ခံနေ မှာ သူများက မျက်နှာငယ်ကလေးနဲ့ လာပြီးတော့၊ "အို ဖြစ်မှ ဖြစ်ရ ပလေ" ဘာညာနဲ့၊ လူတွေ နားလည်းမလည်ဘူး၊ စကားလဲ မပြော တတ်ဘူး၊ မလာကြနဲ့၊ ငါ့ရောဂါဒဏ်နဲ့ ငါ့ဘာသာငါ ငါ့စိတ်ကို ငါစည်းစားနေမယ်၊ ဗုဒ္ဓမြတ်စွာ ရင့်မားကြီးကောင်မှ ပရိနိဗ္ဗာန်စံတော် မူခါနီးကျစဘဲ့ ဝမ်းတော်လာပြီးတော့ ပရိနိဗ္ဗာန်စံတော်မူရတယ်။

အကယ်၍မျှား ဘုန်းကြီး ဒီဧရဝါမျိုးဖြစ်လျှင် ဘုရားကိုအာရုံပြုနေမှာ၊ ပါရမီရှင်ကြီး မြတ်စွာဘုရား, ပါရမီဖြည့်ပြီးသား မြတ်စွာဘုရားတောင် ဒီခန္ဓာကိုယ် ဒီရုပ်ခန္ဓာနဲ့ နေသမျှ ဝမ်းတော်လှေးရသေးတာ၊ ငါဘာမို့လို့တုန်း ဖြစ်ပေါ့ ဒီဧရဝါ။"

ဘုန်းကြီးက စိတ်ကို အဲဒီအထိ တွေးထားတာ။

အရှင်သာရိပုတ္တရာ သွေးတော် အန်ပြီးတော့ ပရိနိဗ္ဗာန် စံရတယ်၊ ဘုန်းကြီး ဒီဧရဝါ အလားတူ နီးနီးစပ်စပ်ဖြစ်ဖြစ် ဒီရုပ်နာမ်ခန္ဓာနဲ့ လာရှိနေထမျှ အရှင်သာရိပုတ္တရာမှာ ဒုက္ခမှ မလွတ်ပဲနဲ့ ငါကော ဘာမို့လို့တုန်း၊ ငါ့ပါရမီက ဘယ်လောက်ရင့်သေးလို့တုန်း၊ ဖြစ် ခံပေါ့၊ ဒီဧရဝါလဲ မြဲတာ မဟုတ်ဘူး၊ "အနိစ္စ"ပေါ့၊ ပြီးတော့ ဒီဧရဝါလဲပဲ သေသွားတော့ သူ့ဟာသူ ပြီးသွားတာပဲ၊ ဒါကြောင့် ဒီအနိစ္စဖြစ်တဲ့ ဧရဝါကို အကြောင်းပြုပြီး သူမျှားက လာပြီး မျက်နှာငယ်ကလေးနဲ့ လာမကြည့်လာနဲ့၊မလိုခွင့်ဘူး။

အကယ်၍သူတပါးရဲ့ ဇာတ်ရာဒဏ်ချက်ကြောင့် သေလုမျောပါးဖြစ်နေယင် တန်ခိုးအင်မတန်ကြီးတဲ့ အရှင်မဟာမောဂ္ဂလ္လာန် ပုဂ္ဂိုလ်ကြီးတောင်မှ ခိုးသား ငါးရာလက်ချက်ကြောင့် အရိုးကဓလေးတွေ ကြွေမွသွားအောင် အာဂျိုက်အနှက် ခံရသေးတာပဲ ငါ ဘာမို့လို့တုန်း၊ ဖြစ်ပါစေ ခံပေါ့။ ဟောဒါ ဘုန်းကြီးက သေခါနီးအထိ စိတ်ကိုတင်းပြီးဓာတ် ဒီစိတ် သက်သက်သာသာနဲ့ သေဖို့ရန် စောစောကတည်းကိုက စီစဉ်ထားတာပဲလေ၊ နေရာတိုင်းမှာ နေရာတိုင်းမှာ၊ စောနစောကတည်းကိုက စီစဉ်ထားတယ်၊ အားလုံးကို ဖြေလို့ရှိယင်လဲ သူတို့ သဘောမပေါက်ဘူး၊ လာပြီးတော့ မေးကြမှ ကြိုက်တယ်ကိုး၊ အို အလကားသူတို့ နားလည်တဲ့သူတွေလဲ မဟုတ်ဘူး၊ သူတို့အတွက်ကြောင့် အသေတောင် ဖြောင့်ချင်မှ ဖြောင့်မှာ မလားနဲ့၊ ဒါကြောင့် ဘုန်းကြီးက ဓသခါနီးအထိ စိတ်ကို ဘယ်လို ဓနရမယ်လို့ဆိုတာ ပြင်ပြီးသား။

ယခု သံဃာတွေ ဘယ်ဓလောက်မျှားနေလို့ စိတ်တော့ ဝမ်းသာတယ်ဆိုယင်လဲ သာမယ်ပေါ့၊ သိပ်မသာပါဘူး၊ ခု ဓကာဒကာမတွေ

ကြည်ညိုနေကြတယ်၊ ဝမ်းသာတယ်တော့ ဖြစ်ချင်ဖြစ်မယ်၊ သိပ် မသာဘူး၊ မရှိယင်လဲ ဘာမှ ဝမ်းမနည်းပါဘူး၊ ဒီ သံဃာတွေလဲ အကုန်လုံး ဘုန်းကြီးကို မဝကျနပ်လို့ သွားကြပြီ၊ ဒကာ ဒကာမတွေလဲ ဘုန်းကြီးကို မကြည်ညိုလို့ ရှောင်တိမ်းကြပြီ၊ ကိစ္စမရှိပါဘူး၊ ကိုယ့် ဘာသာကို နေတတ်ဓအာင်စဉ်းစားပြီးသား ဆင်ခြင်ရှိပြီးသား။

စိတ်ငယ်ပြီး ရွံ့ညံ့၍ ရောဂါဖြစ်။ ။အဲဒါ ဘာဖြစ်လို့ ဆိုတော့ စိတ်ကို ပြုပြင်တာပါ၊ ယခုလူတွေက စိတ်ကို မပြုပြင်တတ်လို့၊ စိတ်ငယ်တယ်၊ စိတ်သိပ်ငယ်တော့ ဘာဖြစ်လာသလဲ၊ ရွံ့ တွေက ညံ့လာတာယ်၊ စိတ္တဇရုပ်တွေက ညံ့လာတယ်၊ စိတ္တဇရုပ်တွေက ညံ့တော့ ဘာရောဂါဖြစ်တယ်၊ နှလုံးဘာဖြစ်တယ်၊ အသည်းဘာဖြစ်တယ်၊ အဆုတ် ဘာဖြစ်တယ်၊ ဝမ်းထဲလျှောက်ဓတော့ စိတ္တဇရုပ်တွေ မဟုတ်လား၊ ဝမ်းထဲ မှာလဲပဲ နှလုံးတို့ အသည်းတို့ နာမည်ဘပ်ထားပေမယ့် ကံဓကြောင့် ဖြစ်တဲ့ရုပ် ဓတွေ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်ဓတွေ၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဒီရုပ်တွေ ဓပါင်းဆားတာ၊ ဒီရုပ်တွေ ပေါင်းပြီးတော့ကို နှလုံးတို့ အဆုတ်တို့ ကျောက် ကပ်တို့ ဒီလိုခေါ်နေတာ၊ ဒီဘော့ ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် ပေါင်းထားတဲ့ ဒီ နှလုံး ဆသည်း ကျောက်ကပ်စသည်တွေဟာ စိတ်မဓကောင်း လို့ရှိယင် ရောဂါဖြစ်ဖို့ လွယ်ဘာပေါ့၊ အဲဒီရောဂါ ဖြစ်လာလို့ရှိယင် ကုဖို့ ခဲယဉ်းပြန်တာပေါ့။

ဒါကြောင့် - ဘုန်းကြီးက စိတ်ဓကောင်းကောင်းထား၊ ကံဓကောင်းဓအောင်လဲ မတော်မတထားတွေလဲ မလုပ်ပါနဲ့၊ ဓကောင်းတဲ့ကံနဲ့ ပြုပြင်စရာရှိတာဓတွေ့ ပြုပြင် လို့၊ လူသင့်တာလူလို့၊ စိတ်ကိုလဲ ကောင်းဓကောင်းထားပါ၊ စိတ်လဲမဓယ်ပါနဲ့၊ စိတ်အားမဓယ်ပါနဲ့၊ 'သေတာထက် ဟိုဘက် ဘာမှ မရှိဘူး'၊ အမျှားက ပြောကြဆယ်၊ ဆိုကြတယ်ဆိုတာဟာ အလကားတွေပါ၊ အလကားတွေပါ၊ ကိုယ့်ကိုယ်ကိုသာ ပခာနပါ၊ ကိုယ်နဲ့ရင်းနှီးတဲ့လူက ပဓာနပါ၊ ဂရုစိုက်စရာ မရှိပါဘူး၊ ကံကို ကောင်းအောင်သာ သတိထားနေပါ၊ စိတ်ကို အဲဒီနည်းနဲ့ ပြုပြင်ပါလို့ ဘုန်းကြီးက ပြောတယ်၊ ဘုန်းကြီးကလဲ ဒီနည်းနဲ့ လုပ်နေတာ။

ဥတုဇနှုပ်ကို ပြုပြင်ကြ။ ။တခါ စိတ်ဓာတ်ချပ်ပြီးတော့ ဥတုဇရုပ်၊ ဥတုဇရုပ်ကို လဲပဲ ပြုပြင်ရပါတယ်၊ မွေးခါစ ကလေးငယ်ကို အပူမမိအောင် တချို့ကအဝတ်တွေနဲ့ သိပ်ထုပ်ထားကြတယ်၊ ကလေးလေးကို လျှောင်ပြီးတော့နေတယ်၊ 'အေးတဲ့အခါရယ်'လို့ ဆိုပြီးတော့၊ ဂွမ်းစောင်တွေ ဘာဝတွေနဲ့ ကလေးလေးကို ထုတ်ပြီး ထားကြတယ်၊ ကလေးလေးဟာ အဲဒီ အငွေ့ကြောင့် တော်တော်ကြာ ဆရိုးမသန့်တဲ့ အပြစ်မျိုး ဖောက်သွားတတ်တယ်။

ဒါ နားလည်ဖို့က သိပ်အရေးကြီးတာ၊ ကလေးလေးဟာ အေးတဲ့ အရပ် ဆိုလို့ရှိယင် အဝအားသက်သာရုံ ကလေး၊ ပူတဲ့အရပ် ဆိုလို့ရှိယင်လဲပဲ အပူ သက်သာရုံကလေး၊ မီးနေခန်းတွေ ဘာတွေမှာ အပူတွေ သိပ်ပြီး မသုံးပါနဲ့၊ သက်သာရုံကလေး၊ အဲဒီဟာက ဥတုနဲ့ ဆိုင်တယ်နော်။

ယခုခေတ်မှာဝတော့ မြို့ကြီးပြကြီးမှာ အဝတ်သက်သာတဲ့နည်းတွေ ရှိနေပြီလို့ ထင်တယ်၊ ဒါဝတွေကို အသုံးချရတယ်၊ ဝစာဝစီးစီးက သတိထားရတယ်၊ ကိုယ်ခရီးကိုယ်တာအတွက် သတိထားရတယ်၊ ကိုယ်နဲ့ ဆိုင်တဲ့သူတွေ့ အတွက် သတိထားရတယ်၊ အဲဒီ ဥတုဟာ ကလေးမမွေးခင်ကလဲ အဝရေးကြီးတယ်၊ ဝမွေးပြီးတော့လဲ အဝရေးကြီးတယ်၊ ကလေးအတွက်ရော မိခင်အတွက်ပါ ရတို့ ဘာတို့ သန့်ရှင်းဖို့ကလဲ အရေးကြီးတယ်။

ဗုဒ္ဓမြတ်စွာအလောင်းတော် ဖွားမြင်တော်မူလာတဲ့အခါ ရေနှစ်မျိုး ဝပါလာတယ်၊ တမျိုးက ရေနွေး၊ ဇဆေးဖို့ ကြောဖို့၊ ဘုရားလောင်းမှာ လူးလဲပြီးတော့ ညစ်ပေနေတာဝတော့ မဟုတ်ပါဘူး၊ ဒါပေမယ့်လို့ သန့်ရှင်းဖို့ရန် ရေအေးလဲပါလာတယ်၊ ရှိလာတယ်၊ ရေနွေးလဲ ရှိလာတယ်၊ ဒီဘုရားလောင်း ဖွားတော်မူတဲ့အခါမှာ သန့်ရှင်းဖို့ရန်၊ သုတ်သင်ဖို့ရန်၊ သိပ် ညစ်ညစ် ပေဝပေ မယ်တော်မှာလဲ မဟုတ်ပါဘူး၊ ဘုရားလောင်းမှာလဲ မဟုတ်ဘူး၊ ဒါပေမယ့် သန့်ရှင်းဖို့ရေ ၂-မျိုး ပါလာတယ်။

ဒီတော့ ဘုန်းကြီးတို့က စဘကလ ဥတုပြောတယ်နော်၊ ဥတုနဲ့စပ်ပြီးတော့ နောက် တော်ဝတော်လေး ကြီးလာတော့၊ အမေက ရေချိုးပေးတတ်တယ်

ရေချိုးပေးတဲ့အခါမှာ အေးသလား မအေးဘူးလား၊ဒီအခါမှာ ကလေးလေး ဘယ်နှယ်နေတုန်း၊ ကလေးကလေး စမ်းရတယ်၊ "ခေတ် ဘယ်နှယ်နေတုန်း" ကလေးလေးကို မေးရတယ်၊ခေတ်သွားရဲ့လား၊ ဘယ်နှယ်နေတုန်း၊ ရေချိုးချင်သလား မချိုးချင်ဘူးလား၊ ဆောင်းအေးတယ် ဆိုလို့ရှိယင် ရေနွေးကလေး စပ်လို့၊ ရေချိုးပေးတယ် ဆိုတာကတော့ ချိုးသင့်တယ် ဆိုလို့ရှိယင် ရေချိုးပေးတာကတော့ အင်မတန်ကောင်းတယ်၊ဘာလို့တုန်းဆိုတော့ ဒီခန္ဓာကိုယ်မှာ ချေးတွေဘာတွေ ပိတ်နေတယ်၊ အဲဒီ ပိတ်နေတဲ့ ချေးတွေကြောင့် အထဲက အစွဲတွေ မထွက်ပါဘူး၊ ဒီတော့ ရေချိုးပေးရတယ်၊ နေမကောင်းလို့ရှိယင် အဝတ်တွေနဲ့ တိုက်ပြီးတော့ကို ဒီချေးတွေကို ထွက်အောင် သန့်ရှင်းပေးရတယ်။

ဘာလို့တုန်း၊ အခိုးအငွေ့အပြင်ဘက်ထွက်အောင်လို့ လုပ်ပေးရတယ်၊ဥတုတွေ ဥတုဇရုပ်တွေကို ပြုပြင်တဲ့အခါ နည်းဟာရှိပါတယ်၊ အင်မတန် ကောင်းပါတယ်၊ အဲဒါ လူလိမ္မာသလောက် အသိဉာဏ်ရှိသလောက် ဥတုကို ပြုပြင်ရပါဘယ်။

တချို့က အဝေးကြီးက လာတယ်၊ ရေချိုးတယ်၊ ရေချိုးမှားတယ်၊ ဖျားတယ်၊ ဒါ ဥတုဇရုပ် ပြောင်းသွားတာ၊ ဒီ ရေချိုးမှားတယ် ဆိုတဲ့ဟာ ရေချိုးစတော့ ဒီက အခိုးအငွေ့တွေက အတွင်းကို ပြန်ပြီးတော့ဝင်သွားတာယ်၊ အဲဒီအခါမှာ ဖျားတယ်လို့ ဆိုကြတယ်၊ ဖျားတာ၊ အဲဒါ ဘာဖြစ်တုန်း ဥတုဖောက်ပြန်သွားတာ။

တချို့က ခေါင်းကို လျှော်လိုက်သေးတယ်၊ မိန်းမသားတွေဟာ ခေါင်း လျှော်လိုက်ခသေးတယ်၊ ဒီဆံပင်ဟာ ရုတ်တရက်မခြောက်ဘူး၊ ပြီးတော့ ဥတုကလဲ မကောင်းတဲ့အခါနဲ့ကြုံ၊ အတော်ကြာတော့ အအေးမိပြီးတော့ ဖျားတယ်၊ လမ်းသွားတယ်၊အအေးခံသွားတယ်၊ ဖျားတယ်၊အဲဒါ ဥတုအပြောင်းအလဲ၊ ဥတုဇရုပ်တွေ ခန္ဓာကိုယ်မှာ ရှိနေတာ၊ အချိန်ရှိသရွေ့ရှိစေတယ်။

ဒါနဲ့ကြောင့် ဘုန်းကြီးက မပူလွန်းအောင်, မအေးလွန်းစအောင် နေတတ်ရတယ်၊ နေကိုနေတတ်မှ၊ ဒီဥတုဇရုပ် အဆက်ဆက်က မှန်မှန်ကလေးသွားနေ

ပါတယ်၊ အစနအထိုင် ချိုယွင်းလို့ရှိယင် ရေချိုး မိုးချိုး ချွတ်ယွင်းလို့ရှိယင်၊ အဖိုးကြီး အဖွားကြီးအထိ အမှားအယွင်း ရှိနိုင်ပါတယ်။

ဒါကြောင့် အသက်ရှည်အောင် ဆိုလို့ရှိယင် ဥတုကို ဒီနည်းနဲ့ပြုပြင်ကြရပါတယ်၊ အချိန်ရှိသစ္ဆ ပြုပြင်ကြရတယ်၊ ဓအားတဲ့အခါမှာ အနွေးထည်ကလေး ဓတ္ဝတ်လို့၊ ပူတဲ့ အိုက်တဲ့ အခါမှာ အပေါ်ယံမှာ ထူထူထဲထဲ အဝတ်တွေကို ဖယ်လို့၊ အဲဒီလိုနေပြီးတော့ ခန္ဓာကိုယ်ရဲ့ ဥတုဇရုပ်တွေကို ပြုပြင်ပေးရပါတယ်၊ အဲဒီလို ပြုပြင်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ အသက်ရှည်တာပဲ၊ အသက်ရှည်တာပဲ၊ မပြုပြင်နိုင်တဲ့ ပုဂ္ဂိုလ်တွေဟာ အသက်မရှည်တာပဲ။

အာဟာရဇရုပ်ကို ပြုပြင်ကြ။ ။ဒါဓကြောင့် စိတ်ချမ်းသာဖို့ အရေးကြီးတယ်လို့၊ စိတ္တဇရုပ်တွေ ပြုပြင်ဖို့ ပြောခဲ့ပြီ၊ ဥတု ကောင်းကောင်းနဲ့ နေတတ် ထိုင်တတ်ဖို့ရာ အရေးကြီးတယ်လို့ ပြောခဲ့ပြီ၊ ယခုဘုန်းကြီးက အာဟာရဇရုပ်ကို အရေးတကြီး ပြောရပါ့မယ်၊ခန္ဓာကိုယ်မှာ ဥတုဇရုပ်တွေက များတယ်နော်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်က ကမ္မဇရုပ်၊ အဲဒီရုပ်ထဲပါတဲ့ ဥတုတေဇောကြောင့် ရုပ်တခါ ဆက်ဖြစ်ပြန်တယ်၊ ကမ္မဇရုပ် အဆက်ဆက်ထဲမှာ ဥတုဇရုပ်တွေ၊စိတ္တဇရုပ် အဆက်ဆက်ထဲမှာ ဥတုဇရုပ်ဓတွေ၊ ဥတုဇရုပ် အဆက်ဆက်ထဲမှာ ဥတုဇရုပ်တွေဆိုတော့ ဒီခန္ဓာကိုယ်ကြီးထဲမှာ ဥတုဇရုပ်အလေးချိန် သိပ်များတာပဲ၊ အဓရအတွက် သိပ်များတာပဲ၊ ဓဂါကို နားလည်ပါဓနော်။

အာဟာရဇရုပ်၊ အာဟာရဟာ စိတ်မြန်ထလိုပဲ သူ့ရုပ်ဖြစ်တာလဲ သိပ်မြန်တာပဲ၊ ဘယ်လို သိသာတုန်းဆိုတော့ လူမမာဟာ မတည့်တဲ့ အစာကလေး စားမိတယ်ဆိုယင်ပဲ ရုပ်တွေ တခါထဲ ပြောင်းပြီးတော့ သေကို သေတယ်၊ ဒါ ဘာပြုလို့တုန်း အာဟာရဇရုပ် အင်မတန် မြန်ပါတယ်၊ ခုနက ဥတုကလဲ မြန်တာပဲ၊ အာဟာရရုပ်လောက် အပြောင်းအလဲသာ မမြန်တာ၊ အာဟာရဇရုပ်က သိပ်မြန်တာပဲ။

တခါ နေထိုင် မဓကောင်းဖြစ်ပြီးတော့နေတာ အင်မတန် ဓာတ်စာ အပေးဓကောင်းတဲ့ဆရာကြီးက ဘာကလေး စားလိုက်ပါလား၊ ဆိုလို့ စားလိုက်တာ

နေ့ထည်ကျတော့ ဓနကောင်းသွားတယ်၊ တချို့ ဓာတ်ဆရာတွေ့ ဆန်းလိုက်တာ လူက လူမမာ ပူလို့ ခြစ်လို့ တခါထဲ မခံနာရပ်နိုင်ဖြစ်နေတတ်၊ ထမင်းမစားရလို့ သူ့ခမျာလဲပဲ စားချင်တယ်၊ လူကလဲ ပူလောင်နေတယ်၊ ဓာတ်ဆရာကြီးက လာပြီးတော့ ဆေးခြောက်ဖုတ်နဲ့ ထမင်းမစားချင်ဘူးလား။

"ဟာ....စားချင်လိုက်တာ ဆရာရယ်" ကောင်းတယ် ကောင်းတယ်၊ ခြင်ထောင်ချ၊ ဟင်း....ဟင်း....မီးကျီးတွေနဲ့ ခြင်ထောင်ထဲ ဆေးခြောက် ဖုတ်လို့ ဘာဖြစ်လို့တုံး၊ အခိုးတွေ့ ဖွင့်နေတာ ဖွင့်နေတာ၊ ခြင်ထောင်ချ မီးကျီးတွေနဲ့ အမဲခြောက်တွေ့ဖုတ်၊ စားချင်လှပြီ သွားရည်တမြားမြားနဲ့၊ ကိုင်း....နှမ်းဆီလေး ဘာလေး ဆမ်းပြီးတော့ ထမင်း ပူပူနွေးနွေးလေးနဲ့ နဲနဲလေးစားနော်၊ နဲနဲလေးစားနော်၊ ပြီးရော အခိုးတွေ့ အငွေ့တွေ့လဲ ပွင့်လို့၊ အားကလေးတွေ့လဲ ရှိလို့၊ သိပ်ကောင်းတဲ့ ဓာတ်ဆရာကြီးပါလားလို့ နာမည် ကျော်သွားရော။

ဒါ အာဟာရင်ရှပ် ပြင်လိုက်တာ၊ အာဟာရင်ရှပ် ပြင်လိုက်တာ၊ ကျန်းမာရေးဟာ အစာအာဟာရကို နားလည်လို့ရှိယင် ကျန်းမာတယ်၊ ဆင်မတန် ဓနလို့ ကောင်းတယ်၊ နားမလည်လို့ရှိယင်လဲပဲ ကြောက်စရာ ဆင်မတန် ဓကောင်းတယ်၊ ဘာပြုလို့တုန်း၊ စားနေကြတာကို၊ မတည့်တာလဲ မသိဘူး၊ တည့်တာလဲ မသိဘူး။

ဓနအခါကြီးထဲမှာ ဖရဲသီး အအေးတွေ့စားကြတယ်၊ ဘုန်းကြီးက ဖရဲသီးတွေ့ကို ဒါဓလောက်ပူတဲ့ အခါကြီးထဲမှာ ကျောင်းထဲ မယူခဲ့ကြစေနဲ့၊ မယူခဲ့နဲ့၊ ဝမ်းထဲမှာ အအေးတွေ့ စားဓနတဲ့အတွက်ကြောင့် ဝမ်းမီးက နဂိုက ညှဲနေတဲ့အထဲမှာ ပိုညှဲသွားလိမ့်မယ်။ ရေခဲရေတွေ့ ရေခဲမုန့်တွေ့ မကျွေးရဘူး၊ ဒီဓကျောင်းထဲမှာ ဘာပြုလို့တုန်း၊ နဂိုကမှ ဝမ်းမီးဓတွေ့က ညှဲပြီးဓတော့ ဓနွေအခါမှာဖြစ်ဓနတဲ့အထဲမှာ ရေခဲမုန့်တွေ့ ဘာဓတွေ့စားလို့ရှိယင် ဝမ်းမီးပိုညှဲသွားမယ့် မဓကျွေးရဘူး။

ဒီဓကျောင်းမှာ တခွက်တလေ စားတာ ကိစ္စမရှိဘူး၊ တကျောင်းလုံးအတွက် ဘုန်းကြီးမှာ တာဝန်ရှိတယ်၊ ဖရဲသီးဓတွေ့ မယူခဲ့ပါနဲ့၊ ဘာဖြစ်လို့တုန်း၊ အခိုးအငွေ့ပွင့်နေမှ ဓကောင်းတယ်၊ ရေခဲပြီးလို့ရှိယင်လဲပဲ အခိုးအငွေ့တွေ့ ပွင့်နေမှ

ကောင်းတယ်၊ ဘာဖြစ်လို့,တုန်း၊ အာဟာရဇရုပ်ရော ဥတုဇရုပ်ရော ဘုန်းကြီးပြုပြင်**နေ**တယ်၊**အ**များအတွက်လဲ ဘုန်းကြီး ပြုပြင်နေတယ်၊ဘုန်းကြီး၊အတွက်လဲ ပြုပြင်**နေ**တယ်၊ **အစာ** အာဟာရက **တည်**တာလေးတွေကို စားပြီးတော့ **နေ**လို့ရှိယင် ရုပ်**ကောင်းက**လေးတွေမှန်လို့၊ **မ**တည်ထာ စားလိုက်လို့ရှိယင် ရုပ်**ခ**တွေပြောင်းလို့ မ**ကောင်း**တဲ့ရုပ်တွေဖြစ်လို့ အာဟာရဇရုပ်**ခ**တွေ ဒီခန္ဓာကိုယ်မှာ **အ**သက်ရှည်ချင်လို့ရှိယင်တော့ဖြင့် ကျန်းမာတဲ့**အ**စာကို စားပြီးတော့ **စ**နရပါတယ်။

စားချင်တဲ့**အ**စာကို စား**မ**နရပါဘူး၊ စားချင်တဲ့ **အ**စာကို **မ**စား**နဲ့**၊ **မ**စား**ချင်**ပေမယ်လို့လဲ တည်တဲ့**အ**စာကို စားပြီးတော့ **စ**နရပါတယ်၊ အဲဒီလို နေမှ **အာ**ဟာရဇရုပ်**တွေ** ကောင်းပြီးတော့ ခန္ဓာကိုယ်ပါ ကျန်းမာတဲ့ရုပ်မျိုးဖြစ်**နေ**ပါတယ်။

ဒါ**ကြောင့်** ဒီလူတွေဟာလေ နာ**း**မလည်လွန်း **အာ**းကြီးပြီးတော့ **စ**နတဲ့**အ**တွက်**ခ**ကြောင့် **ကဲ**ကိုလဲ သူတို့ မပြုပြင်တတဲ့ဘူး၊ စိတ်ချမ်း**သာ**တဲ့ သတ္တိကိုလဲ သူတို့ မသိဘူး၊ **အစာ အာ**ဟာရ တည်, မတည်ကိုလဲ **မ**သိဘူး၊ **စား**ချင်တာကိုပဲ သိတယ်၊ **စား**ချင်တာပဲ စား**ကြ**တယ်၊ ရေချို၊ မိုးချို၊ **အ**ချိန်လဲ **မ**သိဘူး၊ ချို**းချင်** ချို**းကြ**တာပဲ၊ အဲဒီလို ဖြစ်နေတာဖြစ်တော့ လူတွေတာလေ ကျန်းမာ**ရ**း သိပ်ညံ့ပြီး**ခ**တာ့ ဒီလို **ခ**နရပြန်ပါတယ်။

ပင်ပန်းယင် **စိ**တ်ညှိး **ရုပ်နှမ်း**ခြင်း။ ။ဒီ**ခ**တော့**ကာ** ဘုန်းကြီးတို့ **တ**ရားတော်ကစုံလွန်းလို့ စုံလွန်းလို့၊ ခုနကပညာရှိကြီး**က** မိမိတန်**ဆ**ေ**လာ**က်သာ **အ**လုပ်လုပ်ပါ၊ ဒါသူ့နည်းနဲ့သူ မှန်တာပေါ့၊ မှန်**စ**ပမယ်လို့ မတိကျလို့၊ဘုန်းကြီး**က**ဆပြစ်ပြောနေတာမဟုတ်ဘူး၊ ဘုန်းကြီးတို့ **တ**ရား**တော်က** တိကျလွန်းလို့ ပြောတာ၊ **အ**လုပ်ကို **တ**ပင်**တ**ပန်း**ကြီး**လုပ်လိုက်လို့ရှိယင် **စိ**တ်ညှိး**နှမ်း**သွား**တ**ယ်၊ ယခု လူတွေ **အ**လုပ် ဖိနေတယ်ဆိုတာ ဘုန်းကြီး**က** သိတယ်၊ **စိ**တ်ညှိး**တ**ယ်၊ **စိ**တ်ညှိး**တော့** **စိ**တ်**ကြောင့်** ဖြစ်တဲ့ **ရုပ်တွေ** ညှိး**တ**ယ်။

ဆိုပါစဘဉ့် တောရွာမှာ လူတွေ့ သိပ်ပင်ပန်းတယ်၊ လယ်ယာ ကိုင်းကျန်းတွေ့ လုံစ်ကြရတာ သိပ် ပင်ပန်းတယ်၊ ဒီတော့ ဘယ်နှယ်ပြောပြော သူ့ခမျာ များး စိတ်သ္ဂိုးန္ဒမ်းတယ်၊ ပင်ပန်းပြီးတော့ နေရတဲ့အတွက် စိတ်သ္ဂိုးပြီး နေရတဲ့ အပြင် ရုပ်တွေ့ကလဲ သ္ဂိုးန္ဒမ်းလို့၊ ဒါကြောင့် များးသောအားဖြင့် အလုပ် ပင်ပင်ပန်းပန်းလုပ်တဲ့ သူတွေ့ အသက်တိုကြပါတယ်။

တခါ အရိပ်ထဲမှာ နေပြီးတော့ကာ ဆရာဝန်တို့လို့, ဒီပြင် ရုံးအရာရှိတို့လို့, စာရေး စာချီတို့လို့ လုပ်နေပြန်တော့ သူ့ခမျာများလဲပဲ အလုပ်ချိန်ကို ထောက်ပြီးတော့ အားရှိသလောက်သာမက ပင်ပန်းကြတယ်၊ စိတ် သ္ဂိုးန္ဒမ်းကြတယ်၊ စိတ်သ္ဂိုးန္ဒမ်းလို့ရှိယင် ရုပ်ဟာ သ္ဂိုးန္ဒမ်းတဲ့ရုပ်တွေ့ ဖြစ်မယ်၊ သူ့ခမျာများ နောက်ထပ် ဘာမှ မလုပ်ချင်အောင် ပင်ပန်းသွားတဲ့ အချိန်မှာ ဘာမှ မပြော ချင်တော့ဘူး၊ ဒီတင် စိတ်ကလေး သက်သာ သက်သာပါစေတော့ ဆိုပြီးတော့ ဂေါက်သီးရိုက်တဲ့သူက ရိုက်ကြတယ်၊ အရက်သောက်တဲ့သူက သောက်ကြတယ်၊ ဂေါက်သီးရိုက်တဲ့သူက ဟော်ပါတယ်၊ အရက်သောက်တဲ့သူက သာပြီး ဆိုးသွားပြန်ရော၊ ဒါကြောင့် ခု လူတွေ့ဟာ ကျန်းမာရေး ချို့.ယွင်း နေဘာဟာ ချို့.ယွင်းလောက်တဲ့ အခြေအနေက ရှိနေလို့.မို့. ကျန်းမာရေး ချို့.ယွင်းရတယ်လို့. ဘုန်းကြီးတို့ ပြောနိုင်ပါတယ်၊ ပြောလို့.ဖြစ်ပါတယ်။

အသက်တိုခြင်း အကြောင်းများ။ ။ဘုန်းကြီးတို့ တရားတော်က

"ဥတု ဘောဇန ဝဓသန"

အဓေအား အပူ ဥတု အစာအာဟာရတို့နှင့် စပ်သဖြင့် "အာယု" အသက်သည် "ဟာယနတိပိ" ဆုတ်လည်း ဆုတ်နိုင်၏၊ "ဝဓုတိပိ" တိုးလည်း တိုးနိုင်၏၊ တရားတော်က ဟောတော်မူထားတယ်ဘု၊ အသက်ရှည်ဖို့, အသက်တိုဖို့မှာ ဥတု, အစာ ဒီနှစ်မျိုးဟာ သိပ်အရေးကြီးတာပဲ။

ဒီတော့ တခါလိုက်ပြန်တယ်၊ ဥတု အစာက ဘယ်လိုများ ဖြစ်လာတုန်းလို့. ဆိုဓတော့ ဒီလိုလေတဲ့၊ ကောက်ပဲသီးနှံ အသီး အရွက်တွေ့က အစာတွေ့ဓပါ၊ ခုဟာက ဘုန်းကြီး ကနေ့ခံစားရတဲ့ အပူဥတုဟာ ဘယ်နှယ်ပြောပြော ညှိုး

၁။ သုတ်မဟာဝါ အဋ္ဌကထာ နှာ-၇။

ရှာတာပဲ၊ ရုပ်တွေညှိုးရှာတာပဲ၊ ညှိုးနွမ်းပြီးတော့ နေတာပဲ၊ ဒီ ဥတုကြောင့် နည်းနည်းတော့ အာသက်ကပေါ့လေ အားနည်းနည်းလျော့သွားတာပဲ၊ ဆိုပါတော့ အသက်တိုဖို့ရန် အကြောင်းကလေး ဖြစ်လာတယ်၊ ဥတုနဲ့ အာဟာရကို ပြောလို့ရှိယင်။

သတ္တဝါတွေ စိတ်ဓာတ်ညံ့လာ။ ။ဒီတော့ တခါ နေပါဦး၊ ဒီဥတု, ဒီအာဟာရ, ဒီအစာတွေက ယခုလို အပြောင်းအလဲ ဖြစ်ရအောင် ဘာက တယ်လို အဓိပ္ပာယ်ပြန်တုံး ဆိုစော့၊ ကောင်းလိုက်တာ, ကောင်းလိုက်တာ, သတ္တဝါတွေရဲ့ စိတ်ဓာတ်ဟာ ညံ့လာတယ်တဲ့၊ ဘာညံ့လာတုံး၊ အကုသိုလ်များလာတယ်၊ ကာမဂုဏ်ခံစားချင်တဲ့ ရာဂစိတ် ကြီးလာတယ်၊ ဒီ ခု လက်တွေ့ လှမ်းပြီးတော့ ကိုယ့်နောက်ကို မှန်းကြည့်လိုက်စမ်း၊ ဒီတော့ တယောက် တယောက် လောဘ၊ သွေးချင်း သားချင်း မောင်နှမချင်းတောင် အမွေကိစ္စကြတော့ လောဘ သိပ်ကြီးလာတယ်၊ ဒီတော့ တယောက်က တယောက်ကို မနာလိုဝန်တိုတာ ဖြစ်လာတယ်၊ ထောင်းဘက် ဝယ်ဘက် တွေကြည့်၊ "ဣဿာ" သိပ်ပေါလာတယ်။

ဒါနဲ့စပ်ပြီးတော့ ရွှေတုန်းက ဒီမြို့မှာ ကြားလိုက်ဖူးတယ်၊ ဒီမြို့မှာ ဆိုတာ ဘုန်းကြီးတို့ငယ်ငယ်ကလေးနေမှာ၊ ညနေကျပြီဆိုယင် အလုပ်လုပ်ကြတဲ့သူခြင်း ယက္ကန်းပိုင်ရှင်ချင်း စကားစမည်ပြော "ကိုရင် အခု အဆင်ကလေးကို ကုန်သည်တွေ တော်တော် သဘောကျနေကြတယ် ကိုရင်၊ တင်ကြည့်စမ်း တင်ကြည့်စမ်း"၊ 'ဣဿာ'ဖြစ်တဲ့အပြင် သိပ်ချစ်စရာ ဘယ်လောက် ကောင်းထားတုံး၊ သူ့အဆင်ကလေးကို ကုန်သည်တွေက သဘောကျတယ်ဆိုလို့ သူ့မိတ်ဆွေကို တင်ကြည့်စမ်း ကိုရင်၊ အတော်သဘောကျ နေကြတယ်၊ ဣဿာ, မစ္ဆရိယ မဖြစ်တဲ့အပြင် မေတ္တာ ကရုဏာတွေ ပါလာတယ်။

ယခု ဒီလိုမဟုတ်ဘူး၊ အဆင်ကောင်းကောင်းကလေး နည်းနည်းသဘောကျပြီဆိုယင် ဝင်တာမကြိုက်ဘူး၊ ဒီအထဲ ယက္ကန်းရုံထဲ ဝင်တာမကြိုက်ဘူး၊ ပြောဖို့ထောင် ဝေးဝေးလံ၊ ပွဲရုံထဲဝင်လာတာမကြိုက်ဘူး၊ ကိုယ့်အဆင်ကလေး

သတော်ကျတာဆိုယင် သူ တက်သုတ်နှပ်ပြီးတော့ လုပ်တာပဲ၊ ဒါကို ဣဿာဘယ်လောက်များတုံး၊ မစ္ဆရိယ ဝန်တိုမှု ဘယ်လောက်များတုံး။

ဒီ လွန်ခဲ့တဲ့ အနှစ်လေးငါးဆယ်လောက်က "မေတ္တာ, ကရုဏာ" တွေနဲ့ ထက်ဆံကြပြီးတော့နေတယ် လူကြီးတွေဟာ၊ ယခု "မေတ္တာ, ကရုဏာ" နေထုမှာ "ဣဿာ မစ္ဆရိယ" တွေ ဘယ်လောက် ရောက်နေတုံး၊ ဒီထောင်မြို့ကို နှိမ်လို့ ဘုန်းကြီးပြောတာ၊ ဟိုမန္တလေး, ရန်ကုန် အကုန်လုံး ဒီလိုချည်းပါပဲ၊ "ဣဿာ, မစ္ဆရိယ" တွေ များလိုက်တာ၊ ဟိုကိစ္စ ဒီကိစ္စမှာ ကိုယ့်ထက်သာမနာလို၊ သူ ကြီးပွားမှာ စိုးတယ်၊ သူ ရလာမှာစိုးတယ်၊ "မစ္ဆရိယ-များလားပြီ၊ ထုဂ အားကြီးနေပြီ၊ လောဘ အားကြီးနေပြီ၊ အဲ....ဒေါသစိတ်ဓတ်လဲ အားကြီးနေပြီ၊ "ဣဿာ မစ္ဆရိယ" မတ္ထကလဲ "မေတ္တာ ကရုဏာ" နေထုမှာ သူတို့ နေထုယူကြပြီ၊ သတ္တဝါတယောက်တိုင်း, သတ္တဝါတယောက်တိုင်း ဒီလိုဖြစ်နေပြီ၊ ပြီးတော့ စိတ်တွေဟာ အအေးဓာတ်မယူတော်ဘူး၊ ဒီစိတ်ဓတ်က ဆပူဓာတ်တွေ၊ ရုပ်ကို ညှိုးနွမ်းစေတယ်။

ဒီစိတ်တွေက မသိမသာ ရုပ်ကို သူတို့ နှိပ်စက်ပေးနေတယ်၊ မသိမသာ ရုပ်ကို နှိပ်စက်ပေးရုံတင်မကဘူး၊ သူတို့ရဲ့ အပူရှိန်ကလေးတွေ, ပတ်ဝန်းကျင်မှာထွက်နေတယ်၊ အပူရှိန်တွေထွက်တော့ ဘာဖြစ်ကုန်သလဲဆိုတော့ သစ်ပင်တွေမှာလဲ ဒီအပူရှိန်ဓာတ်ကလေးတွေ ခံနေရတယ်။

အဆီသြဇာ ညံ့ကုန်ပြီ။ ။ပြီးတော့ ဥတုကလဲပဲ ဒီအပူရှိန်ဓာတ်နဲ့တွဲးပြီးတော့ နေတယ်၊ အဲဒီလို အပူရှိန်ဓာတ်နဲ့တွဲးပြီးတော့နေတဲ့ ဥတုရုပ်ညှိုးပြီးတော့ မိုးတွေ မမှန်တော့ဘူး၊ အဲ မိုးတွေက မမှန်ဆိုတာဟာ မရွာသင့်တဲ့အချိန်မှာ ရွာတယ်၊ ရွာသင့်တဲ့အချိန်မှာ မိုးတွေမရွာဘူး၊ အဲဒီတင် သစ်ပင်တွေ ညံ့ကုန်ပြီ၊ သစ်ပင်တွေ ပျက်စီးကုန်ပြီ၊ အဲဒီသစ်ပင်တွေက သီးတဲ့ အသီးတွေမှာ အဆီသြဇာ ညံ့ကုန်ပြီ၊ အဲဒီသစ်ရွက်တွေမှာ သစ်ရွက်ကိုစားရတဲ့ သစ်ပင်တွေမှာ အဆီသြဇာ ညံ့နေပြီ၊ အဲဒီ မမှန်တဲ့မိုးကို အကြောင်းပြုပြီးတော့ ပေါက်ရတဲ့ စပါးဆန်ရေတွေမှာ အဆီသြဇာ ညံ့နေပြီ၊ ရှေးတုန်းက အဆီသြဇာမျိုး မဟုတ်တော့ဘူး။

ဒီတော့ကာ ဥတုပျက်လို့ ဒီဏစား ဏဆောက်တဲ့မှာ အဆီသြဇာ ပျက်ရတယ်၊ ညှဉ့်ရတယ်၊ မိုးလေဝသမမှန်ပဲ ဖြစ်ရတယ်၊ ယခု မိုးလေဝသဟာ မမှန်ပြီးယင်း မမှန်ယင်း ဖြစ်နေပါပြီ၊ မမှန်ပြီးယင်း မမှန်ရုံနဲ့ ကိစ္စပြီးမှာ မဟုတ်ဘူး၊ ထစ်ပင် ဝါးပင်တွေမှာ အဆီသြဇာ ညှဉ့်နေပါပြီ၊ အသီးတွေမှာ ဏဆီသြဇာ ညှဉ့်နေပါပြီ၊ အသီးတွေမှာ အာဇ်သြဇာညှဉ့်တော့ အဲဒီညှဉ့်တဲ့ အာဇ်သြဇာကို စားဆောက်ပြီးတော့ ဝနရတဲ့လူတွေမှာ အဲဒါဟာရဇဂျပ်တွေ ညှဉ့်နေပါတယ်။

ဒါကြောင့်မို့လို့ ဏသက်တိုကို တိုမှာ၊ အမျှားစုက ဏသက် တိုကို တိုမှာ၊ ဏနည်းစုက ဒီလိုလေ အဆီသြဇာညှဉ့်တဲ့ ဏစာတွေ မျှားနေပေမယ့်လို့ သူက အဆီသြဇာ ပြည့်ပြည့်ပြီးတော့ ဆေးကောင်းဝါးကောင်းလေးမျှား မို့ရတယ်၊ ဆေးကောင်း ဝါးကောင်းလေး မို့ရလို့ သိပ်တော့ စိတ်မချနဲ့၊ ခု ဆရာဝန် ပါရဂူကြီးတွေ ကွယ်လွန်တယ်လေ၊ ကွယ်လွန်သွားတဲ့ဟာ တခု့ိုဏသက်တမ်း သိပ်မကြီးလှဆေးဘူး၊ ဒီတော့ သူတို့လဲ ဏစားကောင်း ဏဝသားက်ကောင်း ဆေးကောင်း ဝါးကောင်း စားနေတာပဲ၊ စားနေပေမယ့်လို့ ဏတွင်းက ထွေဂါက ဖြစ်လာပြီလေ၊ သူတို့ စိတ်ကို တယ်နှယ်မှ မတတ်နိုင်ပါဘူး၊ စိတ်ကို ချမ်းသာဏအောင် ပြင်ချင်မှ ပြင်နိုင်မယ်၊ ဏဲဒီတော့ စိတ္တဇရုပ်တွေ မကောင်းတော့ဘူး။

ဥတုတွေရဲ့ဒဏ်ကို ခံရတယ်၊ ဒီတော့ ဥတုရုပ်ဇတ္တ မကောင်းဘူး၊ ကံကလဲ ကောင်းချင်မှ ကောင်းမယ်၊ ကမ္မဇရုပ်တွေက မကောင်းဘူးထိုတော့ ပါမောက္ခတွေထွေ့, ပါရဂူတွေထွေ့, ဘာတွေထွေ့ ဏချိန်မရကြပဲနဲ့ သေကြရပါတယ်။

ဘုန်းကြီးတို့က သိလွန်းလို့ သီလွန်းလို့၊ ဒီတော့ ခုလူတွေဟာ ဏထက် တဖြေးဖြေး တိုတိုလာတယ်၊ ဏမျှားစုက ဒဏ်မတန် ဆေးကောင်း ဝါးကောင်းနဲ့ တဦးတလေ ချန်ပြီးတော့ တထုတယောက် ချန်ပြီးတော့၊ ဒဏမျှားစုက ဒဏစာဒဏဟာရထဲမှာ ဏဆီသြဇာနဲ့တဲ့ ဒဏစာဏဟာဟာရတွေကို စားနေရပါပြီ၊ စိတ်ဇတွေလဲပဲ ဇဒဏးဏးမြဲမြံ မရှိကြပါဘူး၊ ဥတုကလဲပဲ တမျိုးပြီး တမျိုး တမျိုးပြီးတမျိုး ဖျက်ပါတယ်၊ ဒါ အကုသိုလ်တွေ မျှားနေတာ။

ဒီတော့ သူတို့က ဏကုသိုလ်တွေ မျှားတော့ ရွေးကံကိုလဲပဲ ဩဝါဒပေးတတ်ကြပါဘူး၊ ဒဏမျှားစုက ဒဲဒါကြောင့်မို့လို့ ခုနောက်ပိုင်းမှာ ပိုပြီး

ရောဂါတွေ များပါတယ်၊ သိပ်များပါတယ်၊ အသေအပျောက် သိပ်များပါတယ်၊ အင်မတန် ကြိုးစားကြပါတယ်၊ ဆေးတွေလဲ ကောင်းလဲ ကောင်းပါတယ်၊ ဆရာဝန်တွေလဲ အင်မတန် စွမ်းပါတယ်၊ တော်လဲတော်ပါတယ်၊ အဲဒီလို ဆရာဝန်တွေ တော်တဲ့အထဲက ဝဆေးတွေ ကောင်းရက်ထဲက အစာအာဟာရတွေကို အဆီ ညှစ်ရှိတဲ့ အစာတွေကို စားတဲ့အထဲက ရောဂါတွေ များနေကြပါတယ်၊ သေနေကြပါတယ်။

အဲဒါကြောင့် မိမိတို့မှာ အင်မတန်သချင်းတဲ့ တရားတော် ရှိနေတာဖြစ်တော့ ဘုန်းကြီးအတွက်က ပြုပြင်မယ်လဲ ပြုပြင်မယ်၊ ပြုပြင်ပေမယ့်လို့ ကံမကောင်း အခကြောင်းမလှလို့ ပြုပြင်လို့ မရဘူးဆိုယင် မြန်မြန်သေပါ၊ အလုပ်မလုပ်ပဲနဲ့တော့ ခန္ဓာကိုယ်ကြီးကို သူများ အပြုအစု ခံပြီးတော့ အသက်ရှည် မခံနိုင်ပါဘူး၊ အလုပ် လုပ်ပြီးမှ အသက်ရှည်ချင်ပါတယ်။

ဒါနဲ့စပ်ပြီးတော့ သေတာကို ဘုန်းကြီး ပြောဦးမယ်၊ ဘုန်းကြီးတို့စာက အကုန်လုံးသေချာလို့ ဘုန်းကြီးက မေးပါလို့ ပြောနေတယ်၊ မေးပါ၊ ဘုန်းကြီးကိုမေးယင် ဘုန်းကြီးက ပြောစရာတွေ များလာပါ့မယ်၊ မှတ်မေးတော့ သတိရတာကို ပြောရပါတယ်လို့ ပြောနေတယ်။

ပါရာသိမင်း အယူ။ ။ဒီရွှေတုန်းက ရွှင်ဘုရင်တယောက် ဘုရင်ခံပေါ့လေ ဘိသိက်သွန်းခံရတဲ့ ဘုရင်တော့ မဟုတ်ဘူး၊ "ပါရာသိ" ဆိုတဲ့ ဘုရင်ခံက သူတို့အတွက်က တခမ်းတနား ဟောဖို့ရန် ရှိပါတယ်၊ ရှိပေမလို့ ဘုန်းကြီးက လိုရင်း ဖြတ်ဟောမယ်၊ "လူတွေဟာ အသက်ထွက်မသွားဘူး၊ နောက်ဘဝ အသက်မပြောင်းဘူး၊ ဒါကြောင့် နောက်ဘဝဆိုတာ မရှိဘူး၊ ဒီဘဝပြီး ပြီးတာပဲ၊" သူက ဒီလိုယူနေတယ်၊ သူ့ကတော့ သတ္တဝါတွေရဲ့ ခန္ဓာကိုယ်ထဲမှ အသက်ရှိတယ်လို့ ဒီလို မြင်နေတယ်၊ ဒီလိုမြင်နေတော့ကာ ဒီအသက်ဟာ ဘဝအတွက် ထွက်မသွားဘူး၊ ထွက်မသွားဆိုယင် နောက်ဘဝမရှိဘူး၊ ယူပြီးတော့ကို "အရှင်ကုမာရကဿပ"နဲ့ သွားတွေ့တဲ့အခါ "ဒကာတော်ကတော့ နောက်ဘဝမရှိဘူးလို့ ယူဆထားပါတယ်၊" ဘာပြုလို့တုံး၊ တနေ့တော့ကာ သတ်ခွင့် လတ်မိန့် ဓပးလောက်တဲ့ ခိုးသူတယောက် ဖမ်းလာတယ်၊ ဖမ်းလာတော့

"သူ့ကို ဒီအတိုင်း မသတ်ကြနဲ့ဟေ့၊" ဟိုအောက်က မိုးကောင်းကောင်းနဲ့ မိုးထိုးပြီးတော့ လူတကိုယ် ကောင်းကောင်းဆံ့တဲ့ အိုးကြီးထဲ ထည့်ပြီးတော့ အဲဒီမိုးအပေါ် အိုးတင်ပြီး သူ့ကို သတ်ရမယ်။[၁]

အပေါ်က အာဏာပိတ်ထား၊ အဝတ်တွေ အာဏာပိတ်ထား၊ သူအယက် ထွက်သွားတာကို ကြည့်ချင်လို့၊ ဒါနဲ့ သူ့ အမိန့်အတိုင်းပဲ ငိုမံတယ်၊ အာဏာဖေးပြီးတော့၊ ကဲ ဒီကောင် မင်းတို့ မျက်စိရှင်ရှင်နဲ့ ကြည့်ကြနော်၊ ကြည့်ကြနော်၊ အသက်ထွက်တာကို မင်းတို့တွေ့ရမယ်ကွ။

အသက်ထွက်ပြီးတော့ ဟိုဘဝမှာ သူက သူ့ခန္ဓာအိမ်အသစ်နဲ့ နေတာကို သူ့ကိုတွေ့ရမယ်၊ ကြည့်ကြပြီဆိုပြီးတော့ အသာကလေး ပထမဆုံး နည်းနည်း ကလေးလှုပ်လိုက်တယ်၊ ပိုင်းပြီးတော့ မျက်စိရှင်ရှင်နဲ့ကြည့်ကြတယ်၊ မြောက်လိုက်ဦး ထပ်လှုပ်လိုက်၊ မျက်စိရှင်ရှင်နဲ့ကြည့်၊ ထပ်လှုပ်လိုက် မျက်စိရှင်ရှင်နဲ့ ဝိုင်းကြည့်ကြ၊ အကုန်လုံးလှုပ်လိုက်၊ ဘယ်မလဲ အသက်မထွက်ဘူး၊ ဒီဇင်ပဲ ပျောက်တာ၊ အသက်မထွက်ဘူး၊ အသက်မထွက်လို့ရှိယင် နောက်တဝမရှိဘူး၊ သူက အဲဒီလိုနည်းနဲ့ချည်း သူစုံစမ်းလိုက်တာဇလ အသက်မထွက်ဘူး၊ နောက်ဘဝမရှိဘူး၊ နောက်တော့—

အို....နောက်တဝ မရှိဆိုပြီးတော့ မိစ္ဆာအယူ ယူတော့တာပဲ၊ ထည့်တော့ သင်က အသက်ရှာတာဟာ ဒီနည်းနဲ့ရှာတာကိုး၊ ဒီနည်းနဲ့ ရှာလို့တော့ ဘယ်မှာ ရမှာတုံး၊ အသက်ထွက်မှာလဲ အသက်ဆိုတဲ့ အကောင်ကိုက ရှိတာမဟုတ်ဘူး။

ဇီဝိတအုပ်စိုးလို့ အိုသာအို ရုပ်မပြောင်း။ ။ဘုန်းကြီးတို့တရားတော်က ကံရယ်, ကံကြောင့်ဖြစ်တဲ့ စိတ်ဝိညာဏ်ရယ်, ဥတုရယ်, အာဟာရရယ်၊ စိတ်နဲ့ ဒီပြင်အာရုံတွေနဲ့၊ ဒါတွေ တသက်လုံး လူ့ကိစ္စတွေ ဆောင်ရွက်နေတာ၊ ဒီတော့ သေခါနီးကျတော့ ဘာဖြစ်တုံး ဆိုတော့ မနေ့က ဘုန်းကြီးပြောခဲ့တယ်မဟုတ်လား၊ ဇီဝိတ၊ ဇီဝိတဆိုတဲ့ဟာ

၁။ သုတ်မဟာဝဂ်ပါဠိတော်၊ နာ-၂၆၅။ ၎င်းမြန်မာပြန်၊ နာ ၂၉၅-၆။

ယခု သူဖြစ်တဲ့အပြင်ကို နောက်လဲ ရုပ်ကလေးတွေ ငါနှင့် အလားတူဖြစ်ရစ်၊ ငါလိုဖြစ်ရစ်၊ ဒီလို မှာသလိုပဲ ဝကျွေးငူးပြုပြီး ချုပ်သွားတယ်၊ ဒါကြောင့် နောက်ဖလားတူ ရုပ်တွေ ဖြစ်နေတာ။

ရုပ်ကလေးတွေ တသက်လုံး မပြောင်းဘူး၊ အိုသာ အိုသွားတယ်၊ ရုပ် မပြောင်းဘူး၊ ဘာဖြစ်လို့တုံး၊ ဇီဝိတက အုပ်စိုးနေတာ၊ ငါ့လိုဖြစ်ရစ်, ငါ့လို ဖြစ်ရစ်,ငါ့လိုဖြစ်ရစ်၊ စိတ်က ဒီလို မရဘူး၊ စိတ်က အပြောင်းအလဲတွေ သိပ် များတယ်၊ ရုပ်က ဒီလို မဟုတ်ဘူး၊ ဇီဝိတရုပ်ဆိုတာက ငါလိုဖြစ်ရစ်, ငါလို ဖြစ်ရစ်, ငါလိုဖြစ်ရစ်လို့ မပြောပေမယ့် ဝပြောသလိုပဲ ကျွေးငူးပြုပြီးသွားတာ။

ဒါ့ကြောင့် ဒီတသက်လုံး ဇီရုပ်အတိုင်းပဲ၊ ဒီကံပေးထမျှ တသက်လုံး ဒီရုပ် အတိုင်းပဲ၊ များသောအားဖြင့်ပေါ့လေ၊ ဣတ္ထိဆော ပုဝမ္ဘော ပြောင်းတာရှိပါ သေးတယ်။

အသက်-ဇီဝိတရုပ်။ ။တခါ ဟိုဘက်ဘဝ ထောက်လာလို့ ပဋိသန္ဓေဝိညာဏ် စပြီးတဲ့နောက် ကမ္မဇရုပ်က ပါလာပြီ၊ ဇီဝိတရုပ် ပါလာပြီ၊ ဇီဝိတရုပ်က ဒီအထဲမှာ 'ငါ့လိုဖြစ်ရစ် ဒီလို တကတဲ့ အုပ်စိုးပြီး တော့ (သူက ဇီဝိတိန္ဒြေကိုး၊ ဣန္ဒြေကိုး) သူက ခန္ဓာတခုလုံး အုပ်စိုးပြီး ထော့ သွားလိုက်ဘာ၊ ငါလိုဖြစ် ငါလိုဖြစ်နဲ့ ဒီလိုပဲ ဖြစ်ရတာပဲ၊ သူ့ကို အဲဒီ ဇီဝိတရုပ်ကို အာယု-**အသက်**လို့ ခေါ်တယ်၊ ရုပ်ပါ၊ နာမ်ထဲမှာလဲပဲ ဇီဝိတနာမ်လို့ဆိုတယ်၊ **အာယု အသက်**လို့ဆိုတဲ့ယ်။

မနွေတုန်းက ဘုန်းကြီး ပါဏာတိပါတကံ ပြုတဲ့အခါမှာ ဇီဝိတရုပ်အစဉ် မဖြစ်ခတဲ့ဘူးဆိုတာ ပြောတယ် မဟုတ်လား၊ **အဲဒါ**ကြောင့် အသက်ပြတ် တယ်၊ သူ့**အသက်** သတ်တယ်, သူ့အသက် **သတ်**တယ်လို့. ပြောနေကြတာ **အာယု**ဆိုတာဟာ ဇီဝိတရုပ်, ဇီဝိတ**နာမ်**ပဲ။

ကိုယ်ငွေ့ ဥသွေ။ ။ပြီးတော့ ခန္ဓာကိုယ်ထဲမှာ ကံကြောင့်ဖြစ်တဲ့ ကိုယ်ငွေ့ ကလေးတွေရှိသေး၊ စတာ်စတာ်ဆန်းကြယ်တာ၊ ဒီကိုယ် ငွေ့ဟာ သေသေချာချာ စမ်းကြည့်လဲ ရတယ်၊ **ကိုယ်ငွေ့**ကလေးတွေဟာ ဒီပြင် အဝန်းကြောင်းကြောင့်ဖြစ်တဲ့ အငွေ့အပြင် ကံကြောင့်ဖြစ်တဲ့ ကိုယ်ငွေ့ရှိတယ်။

တချို့ ကိုယ်ငွေများ၊ ဒါကဓတ္ ဓမဆိုင်ဘူးလား ဓမဆိုနိုင်ဘူးပေါ့လ၊ ဒီစကြာဓမဝံးရဲ့ မိဖုရားရတနာ ကိုယ်ငွေဟာ ခုနက ကမ္ဘာကိုယ်ဓငွေပဲ၊ အေးတဲ့ အာခါကျလို့ရှိယင် ဒီကိုယ်ဓငွေက နွေးလို့၊ ခုလို နွေအခါမှာ ပူအိုက်တဲ့အခါကျလို့ရှိယင် ဓအေးလိုတဲ့၊ စကြာဓမဝံး မိဖုရားမှာ ကံကြောင့်ဖြစ်တဲ့ ကိုယ်ဓငွေ၊ ဘယ်ဓလောက် ကောင်းထားတုံး၊ တချို့ လူတွေလဲ ဒီအဓိပ္ပာယ် ရှိတယ်၊ ဒီအဓိပ္ပာယ်မျိုး ဓဆောင်ပါတယ်၊ ဓအေးတဲ့အခါမှာ သူကနွေးလို့၊ နွေးတဲ့အခါ သူက အေးလို့၊ ဒါကံကြောင့်ဖြစ်တဲ့ ကိုယ်ငွေ "ဥသ္မာ"လို့ ခေါ်တယ်။

ဝိညာဏ်။ ။ပြီးတော့ ပထမဆုံးဖြစ်တဲ့ ဝိညာဏ်၊ ပဋိသန္ဓေဝိညာဏ်ကတော့ ဒီပြင် စိတ်ဖြစ်ယင်ဖြစ်ရော မဖြစ်ယင် သူချည်းဖြစ်တယ်၊ အိပ်ဓပျော်နေတုန်းလဲပဲ ပဋိသန္ဓေစိတ်တုန်းက ဝိညာဏ်မျိုးပဲ ဖြစ်တယ်၊ ဓနောက် သေခါနီးကျတော့လဲပဲ ဒီဝိညာဏ်ဟာ နောက်ဆုံးချုပ်သွားတာပဲ။

ဓသယဓ်အသုံးမကျ။ ။ဒါကြောင့် သေဆိုတဲ့ဟာ-

အာယု ဥသ္မာ ဓ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။[၁]

အကြောင်းအခါမှာ အာယုဆိုတဲ့ နာမ်ဝိတိန္ဒြေ၊ ဥသ္မာဆိုတဲ့ ကိုယ်ငွေ၊ ပဋိသန္ဓေဝိညာဏ်တုန်းက ပါလာတဲ့ ဝိပါက် ဝိညာဏ်၊ အဲဒီ သုံးခုဟာ ဒီခန္ဓာကိုယ်မှာ နွန့်ပြီ၊ စွန့်ပြီဆိုတာ သူတို့ ချုပ်သွားပြီ။

ဓပဝိဒ္ဓါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရုံ။[၁]

အဲဒီအခါ လုံးလုံးစွန့်ပစ်အပ်တဲ့ အဖြစ်မျိုး ဓထုက်ပါပြီ၊ စွန့်ပစ်ရမယ်၊ ဘာပြုလို့တုံး၊ ဘာအသုံးမှ မကျတော့ဘူး၊ ဘယ်လောက် အသုံးမကျတုံး၊ ထင်းအနုတ်အဖဲ့များ အသုံးမကျသလိုပဲတဲ့၊ ထင်းဟာ မာမာတောက်တောက် ထစ်းဆိုယင် မီးဆိုက်ဖို့ အသုံးကျသေးတယ်၊ အနုတ်အဖဲ့ ဆွေးနေတဲ့ ထင်းပုပ် ထင်းဆွေးဟာ ဘာမှ အသုံးမကျဘူး။

ဒီခန္ဓာကိုယ်ကြီးလဲပဲ ရုပ်နာမ် ဇီဝိဘ အသက်ကလဲ မရှိတော့ဘူး၊ ချုပ်သွားပြီ၊ ဝိပါက် ဝိညာဏ်ကလဲ မရှိတော့ဘူး၊ ချုပ်သွားပြီ၊ "ဥသ္မာ"ဆိုတဲ့

သံ၊ ၂၊ နာ-၁၁၇။ ဋီကာကျော် -နာ ၂၁၄။

ကိုယ်ငွေလဲ မရှိတော့ဘူး၊ ချုပ်သွားပြီ၊ ဒါ့ကြောင့် အသေကောင်တွေ အေးနေတာသာ ကြည့်တော့၊ "ဥဿဝ"ဆိုတဲ့ ကိုယ်ငွေက မရှိတော့ သေတယ်ဆိုယင် အေးတာပဲ၊ အများအားဖြင့် အင်မတန် ရောဂါဒဏ်ပြင်းထန်လို ပူနေတယ်ဆိုယင် ဒီပြင်နည်းနဲ့သာ ပူနေတာ၊ အဲဒီလို ရုပ်နာမ်ဇီဝိတကလဲချုပ်၊ ကိုယ်ငွေကလဲချုပ်ရော၊ အသက်ဝိညာဏ်ကလဲ ချုပ်ရော၊ ဘယ်လောက်မှ ဒီဓနွာကိုယ်ကြီး အသုံးမကျတော့ဘူး၊ ထင်းပုပ်ထင်းဆွေးလောက်ပဲ ဖြစ်နေပါပြီလို့ အဲသလိုပြောကြတယ်။

ဒါဖြင့် ထင်းပုပ်ထင်းဆွေး ဖြစ်နေလို့ရှိယင် ဘုန်းကြီးက တနေ့တုန်းက ချက်ခြင်း စွန့်ပစ်လိုက်ပါစေတော့လို့ ပြောတော့ ဒကာတယောက်က "မိဘဆိုတော့ သူ့အမွေခံတွေ ယူထားပြီးတော့ ချက်ခြင်း စွန့်ပစ်လိုက်ယင် မတရားကျနေမလားဆိုလို့ ချက်ခြင်း မစွန့်နိုင်သေးပဲနဲ့ အိမ်ပေါ် ခဏတင်ထားတယ်၊" ဒါက မိဘမို့ ပြောကောင်းလို့ပြောတာ၊ မယား, ချက်ခြင်း မစွန့်နိုင်တာက ဘာပြုလို့လဲ၊ ဒါက မယားက ကြည့်လို့ရလို့ နည်းနည်း ကြည့်သာ ရှုသာရှိစေးတယ်၊ လင်ကလဲ ဒီလိုပဲ ကြည့်သာရှုသာရှိသေးတယ်၊ သေပမဲ့လဲ အခလောင်းက မပျက်သေးဘူး၊ ဒီအခါ သူအမွေယူထားလို့ မဟုတ်ဘူး၊ သူမွမပစ်ရက်ဘူး၊ မပစ်ရက်ဘူး၊ မပစ်ရက် နေပေါ့လေ။

ဘုန်းကြီးဒကာကြီး ဆုံးတုန်းက ဒီထက် မနက်စောစောလေး ထင်တယ်၊ ဘုန်းကြီးဆီ လိုက်လာရှာတယ်၊ ဘုန်းကြီးက ဘယ့်နှယ်လုပ် စီမံမှာတုံး၊ ညနေ ကိစ္စတုံးပေါ့၊ ဟာငိုတဲ့သူကငို၊ ဟာ....ဦးပဉ္ဇင်းကြောင့်တော့ 'ဦးဇဉ်း ခေါ်ပါသေးတယ်၊ ဦးပဉ္ဇင်းကြောင့်တော့ သူများဒုက္ခမဖြစ်ပါစေနဲ့၊ အလိုရှိသလိုသား, အလိုရှိသလိုထား, ထားကြရော၊ မသာကြီးချ ဆိုပြီးတော့ အဲ.... အခလောင်းမတွေနဲ့ ပြာသာဒ်တွေနဲ့ ဘာတွေနဲ့ ထားကြ၊ ဘုန်းကြီးကတော့ စဉ်းစားသမားကို၊ အခုမက ပထမတော့အိမ်ခပေါ်တက်ငုံတယ် ၇-ရက်လောက်၊ ကြာတော့ နံလာပြီ၊ အိမ်ခပေါ်မဘက်ဘူး၊ လူးကားကလှုပ်းကြည့်၊ ဒကာမကြီး အိမ်ခပေါ်တက်ပါဦးလားလို့ ကိုယ်ကပြောချင်လိုက်တာသိလား၊ မတက်ဘူး၊ ဘာပြုလို့ ၅-ရက်ထဲ ထားတုံး၊ ၁၀-ရက် ၁၅-ရက် ထားကြပါလား၊

ဘုန်းကြီးက နံကုန်ပြီလေ၊ သူတို့မထားချင်တော့ဘူး၊ ဒါကြောင့် မှတ်ဟလို့, မှတ်ဟလို့၊ ငါပြောတာမျှား သဘောမပေါက်ဘူး၊ မှတ်ကြ ဟလို့။

အားလုံးလဲပဲ ဒီလိုပဲ ဘုန်းကြီးက မှတ်ကြဟလို့ ထားချင်လို့ကြတာ၊ ဆရာတော် ပျံတော်မူတော့ ထားချင်ကြတယ်၊ ဘုန်းကြီး ပျံတော်မူတော့ ဘယ်နှယ်တဲ့၊ အဲ....မယားသေတော့ ဘယ်နှယ်၊ မယားသေ ဒီလောက်ချစ်လို့ ရှိယင် ဒီအလောင်း ဘယ်တော့မှ မပစ်နဲ့၊ ဘယ်တော့မှ မပစ်နဲ့၊ ဘယ်တော့မှ မနေဘူး မနေပါဘူး၊ ၇-ရက်လောက်ဆိုလို့ရှိယင်ဖြင့် မင်းတို့ သဘောပါကဲ့၊ ဒီလင် သေတော့လဲ မယားက မပစ်ဘူး၊ ခုကပါကဲ့ ဒါတွေ့ ဟုတ်တာ မဟုတ်ပါဘူး၊ပြီးယင်ပြီးကြတဲ့ဟာတွေ့၊ သူတို့က လူကြားကောင်းအောင်ရယ်, ဟန်လုပ်ကောင်းအောင်ရယ် လျှောက်လုပ်နေကြတာ၊ အလဲတွေ့ချည်းလုပ်နေကြတာ။

အဲဒါကြောင့် ခန္ဓာကိုယ် သေလို့ရှိယင် ဘာမှ ရစရာမရှိဘူးလို့၊ ဘုန်းကြီးတို့တရားတော်ကလေ သိပ်ပြီးတော့ သေချာတာပဲ၊ တကယ်သေချာတဲ့ တရားတော်တွေကို လူတွေက မလိုက်ချင်ကြလို့၊ အင်း သံဃာများက သိသလောက် သိပြီးတော့ မလိုက်ကြဘူး။

ဒါ့ကြောင့် ဘုန်းကြီးတို့ တရားတော်တွေ့ မြုပ်ပြီးတော့ ခုနက အမယ် ပညာရှိကြီးနဲ့ ဥက္ကဋ္ဌကြီးက ပြောတဲ့ မဓသမချ စကားကျတော့ အမယ် လေး သတင်းစာက အင်မဘန် ကော်လံကောင်းကောင်း အကွက်ပေးပြီးတော့ ရေးပေးလိုက်ကြတာလေ လုပ်ပါ၊ တို့တော့ ဒီထက် ကောချာတာတွေ့ ရှိပါရက်သားနဲ့ တို့နိုင်ငံကလေးကလဲ ပေါက်စလေး ဖြစ်နေပြန်၊ အဲဒီ ရှိတဲ့ ပညာရှိတွေ့ကလဲ သိပ်ပြီးတော့ မစွမ်းကြပြန်၊ ဒါ့ကြောင့် တို့အထင်သေးခံရပါတယ်၊ အမှန်ကဓတော့ တို့တရားတော်ကတော့ အပြည့်အစုံ ရှိပါတယ်လို့ ဘုန်းကြီးက ပြောလိုပါတယ်။

နာနာပဂၢာဂရဋ္ဌာနာနိ၊ ပေဘဒိတာနေတ္ထ မုနိနာ။
အာနန္ဒနယ ပဋ္ဌာန်၊ ဝန္ဒေ အာနန္ဒ ဂေါစရံ။

ထို့ကြောင့် ဤအာနန္ဒနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီးဌာန်။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနာပဂၢာဂရဋ္ဌာနာနိ။ ဟောတု, အာရမ္မဏ စသည်မျိုးစုံ အကြောင်းအရာတို့ကို။ ပေဘဒိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် မျိုးလှဝေနေ သိစေတော်မူခဲ့လေပြီ။ အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာဖြစ်တော်မူဧသာ။ တံ အာနန္ဒနယ ပဋ္ဌာန်၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းဟော်ကြီးကို။ ဝန္ဒေ၊ တသက်တာခါ ကိုးခဲ့ စွာဖြင့် ကြိုလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဝု ..... သာဝု ..... သာဝု။

အခြေပြု ပဋ္ဌာန်းတရားတော်

တော်ရသမင်နှင့်

၁၃၃၅-ခု၊ တန်ခူးလဆုတ် ၄-ရက်။
၁၉၇၃-ခုနှစ်၊ ဖြေလ ၂၁-ရက်၊ စနေနေ့။

ကုတ္ထိခြင်း, ပုရိသိခြင်း

ကုန်ဒြိယပစ္စည်းအကြောင်းကို ပြောခဲ့တုန်းက ကုတ္ထိခြင်း, ပုရိသိခြင်းတို့ကို မပြောခဲ့ရသေးဘူး၊ ခလာဏမှာလဲ ထင်ရှားရှိနေလို့ ချန်ထားခဲ့ရတယ်၊ ကဲနော့ အဲဒီ "ကုတ္ထိခြင်း ပုရိသိခြင်း" အကြောင်းကို ပြောပါ့မယ်။

ယောကျ်ား, မိန်းမ ပဋိသန္ဓေ တည်ကာစတုန်းက အမိဝမ်းထဲမှာ ဖြစ်ရခြင်း အကြောင်းများ ပဋိသန္ဓေ တည်ကာစတုန်းက ရုပ်ကလာပ် သုံးစည်းဖြစ်တယ်လို့ ပြောခဲ့ပြီနော်၊ အဲဒီ ရုပ်ကလာပ်သုံးစည်းထဲမှာ စ စခြင်း ရုပ်ကလာပ်သုံးစည်းထဲက ဘာဝရုပ်၊ ဘာဝရုပ်လို့ ပြောခဲ့တာ ယောကျ်ားဖြစ်မည့်သူ၌ "ပုရိသဘာဝ" ရုပ်ကလာပ်၊ "ပုရိသဘာဝ" ရုပ်ကလာပ်ပါတယ်၊ မိန်းမဖြစ်မည့်သူ၌ "ကုတ္ထိဘာဝ" ရုပ်ကလာပ်ပါတယ်၊ စ-စခြင်းနော်၊ အဲဒီ ရုပ်ဟာ ဘာကြောင့်ဖြစ်တုန်းဆိုလို့ရှိယင် ဒီကံကြောင့်ဖြစ်တာ၊ နည်းနည်းကလေး ဆန်းလွန်းလို့၊ ဆန်းလွန်းလို့၊ကံကြောင့်ဖြစ်တာ။

မိဘရဲ့ သွေးသားကြောင့် မဟုတ်သေးဘူး၊ တချို့က "အမိသွေးအားကောင်းလို့ရှိယင် မိန်းမ၊အဖသွေးအားကောင်းလို့ရှိယင် ယောကျ်ား" ဒီလိုပြောတယ်၊မဟုတ်ဘူး၊ရှေးကံကြောင့် မိန်းမဖြစ်ရမည့်သူဟာ "ကုတ္ထိဘာဝ" ရုပ်ကလာပ်စကာဉ်းကပါဘယ်၊ယောကျ်ားဖြစ်ရမည့်သူ "ပုရိသဘာဝ" ရုပ်စကတည်းက

ပါတယ်၊ ပုံပန်းကလေး ဘာမှ မပေါ်ဆေးဘူးနော်၊ နားလည်ကြပါ၊ ရုပ်ကလာပ် ရုပ်မှန့်ကလေးလို့ဆိုတာဟာ မှန်ပြောင်းနဲ့ ကြည့်လို့တောင် မမြင်နိုင်ဆေးဘူး။

ကာမတဏှာ အရင်းခံ။ ။အဲဒီ ကလာပ်သုံးစည်းအချိန်မှာ ကောင်းပြီဆိုတဲ့ မှန်ပြောင်းနဲ့ကြည့်လို့ မမြင်နိုင်သေးပါဘူး၊ အဲဒီ ဓလာက် သိမ်မွေ့ပါတယ်၊ အဲဒီ သိမ်ဖွဲ့နေတဲ့အထဲမှာ မိန်းမဖြစ်မည့်သူ ယောကျ်ားဖြစ်မည့်သူ ရနေပြီ၊ သေချာနေပြီ၊ ကံကြောင့် ကံကြောင့်၊ နေစမ်း ပါဦး၊ ဒီကံက ဘာဖြစ်လို့ ဒီလို အကျိုးပေးရတုန်းလို့ဆိုတော့ သေချာလွန်းလို့ သေချာလွန်းလို့၊ "ကာမတဏှာ" အရင်းခံတဲ့ ကံတဲ့၊ ကံက ကံက။

သိပ်ဆန်းမနေပါနဲ့၊ ဘုန်းကြီးတို့ "ကာယဝစရ" ဘုံမှာ အကျိုးပေးတဲ့ ကံမှန်သမျှ "ကာမတဏှာ" အရင်းခံတာချည်းပဲ၊ နားလည်ပါနော်၊ "ကာမာဝစရ" ဘုံမှာ လူ့ပြည် နတ်ပြည် ဖြစ်ဓလသမျှ "ကာမတဏှာ" အရင်းခံတာချည်းပဲ၊ ဒါထူးထူးဆန်းဆန်းကြီးလို့ ဒီလို မထင်နဲ့၊ ခုနက "ဣတ္ထိဘာဝ" ရဲ့ "ပုရိသဘာဝ" ရုပ်ဆိုတဲ့ ကမ္မဇရုပ်=ကံကြောင့်ဖြစ်တဲ့ ရုပ်ဟာ ဘာပြုလို့ ဖြစ်ရတာနဲ့ဘိုတော့ "ကာမတဏှာ" အရင်းခံလာဘယ်၊ ထပ်ပြီးတော့ ပြောမယ်။

ယခု မိန်းမများ ယောကျ်ားများ စိတ်ထားကို စဉ်းစားကြည့်နော်၊ စိတ်ဓာတ် စဉ်းစားကြည့်၊ မိန်းမများက အများစု ဆုခိုင်နှုန်း ကိုးဆယ်ကိုး လောက်က မိန်းမလိုပဲ ကြီးကြီးကျယ်ကျယ်၊ မိန်းမလိုပဲ ထင်ထင်ရှားရှား မိန်းမလိုပဲ လှလှပပ ဖြစ်ချင်ရုံတင်မကဘူး၊ အလှအပပြင်တဲ့ နေထုမှာရယ်၊ ခံစားတဲ့ နေရာရယ်၊ မိန်းမလိုပဲ ခံစားချင်တယ်၊ စိတ်ရှိတယ်၊ ဒါ "ကာမတဏှာ" မိန်းမအဘွဲ့က် "ကာမတဏှာ"။

ယောကျ်ားများကလဲ ဆုခိုင်နှုန်း ကိုးဆယ်ကိုးက ယောကျ်ားလိုပဲကြီးကြီးကျယ်ကျယ် ဖြစ်ချင်တယ်၊ ယောကျ်ားလိုပဲ အာရုံခံစားချင်တယ်၊ ယောကျ်ားလိုပဲ လှချင်တယ်၊ ယောကျ်ားလိုပဲ ဝတ်ချင်း စားချင်တယ်၊ ဒါတွေဟာ "ပုရိသ ကာမတဏှာ"။

ဒီတော့ အဲဒီစိတ်ဓာတ်က အရင်းခံပြီးတော့ ဘုန်းကြီးတို့ ‘ကာမဘဝစရကုသိုလ်ကံ’’တွေ ပြုကြရော၊ ဘုရားတည်တယ်၊ ကျောင်းဆောက်တယ်၊ အလှူဒါနပေးတယ်၊ ဥပုသ်သီတင်း ဆောက်တည်တယ်၊ ကာမဘဝစရက်တွေ ပြုကြတော့ ကာမတဏှာ အရင်းခံနေတာ ဖြစ်တော့ ဒီကံကဘယ်လို အကျိုးပေးရမလဲ၊ ယောကျ်ားဖြစ်မည့်သူကို ယောကျ်ားလို ပုရိသဘာဝရုပ်ကိုပဲ အကျိုးပေးရပါတယ်၊ မိန်းမဖြစ်မည့်သူကို ဣတ္ထိဘာဝရုပ်ကိုပဲ အကျိုးပေးပါတယ်။

ဒီတော့ကာ မိန်းမဟာ ဟာသံသထုလုံး မိန်းမ မိန်းမ မိန်းမ၊ ယောကျ်ားကလဲ တသံသထုလုံး ယောကျ်ား ယောကျ်ား ယောကျ်ား၊ အနှောင့်အယှက်မရှိယင် နားလည်ပါစေနော်၊ အနှောင့်အယှက် မရှိယင်လို့ ပြောတယ်နော်၊ ဒီဥပမာ ဗုဒ္ဓမြတ်စွာရဲ့အလောင်းအလျာ ပါရမီဖြည့်တော်မူတုန်းက ယောကျ်ားယောကျ်ားဘဝနဲ့ ပရိနိဗ္ဗာန်စံဖို့ရန် ပါရမီဖြည့်တော် မူလာခဲ့တယ်၊ ဒီတော့ ယောကျ်ား စိတ်ဓာတ်ချည်းပဲ ကြားထဲမှာ။

ဗုဒ္ဓမြတ်စွာ အလောင်းလျာ ဗျာဒိတ်ရပြီးတဲ့နောက် တခါမှာ မိန်းမ မဖြစ်ဘူး၊ ဘာပြုလို့တုန်း၊ ဒီစိတ်ဓာတ်ဒီဆန္ဒက ယောကျ်ားစိတ်ဓာတ် ယောကျ်ားဆန္ဒနဲ့ နေရုံတင်မကတူး၊ ‘‘ကာမေသု မိစ္ဆာစာရကံ’’ အကျူးအလွန်ကလဲ မရှိဘူး၊ နည်းနည်းပါးပါး ရှိကာကလဲ ကိစ္စမရှိဘူး၊ ဒီတော့ ဗုဒ္ဓမြတ်စွာရဲ့ အဓလောင်းအလျာဟာ တလမ်းလုံး တိရစ္ဆာန်ဖြစ်လဲ အကီး၊ လူဖြစ်လဲ ယောကျ်ား၊ နတ်ဖြစ်လဲ ယောကျ်း၊ ဗိလိုပဲ ဖြစ်လာခဲ့တယ်။

‘‘ယသော်ဓရာ’’ အလောင်းကိုကြည့်ပါ၊ သူနဲ့ကံကပညားက ဆုတောင်း ကတည်းက ဗုဒ္ဓမြတ်စွာ အလောင်းအလျာရဲ့အလုပ်အကျေးဖြစ်ဖို့ရန် သူ စိတ်ညှတ်လာခဲ့တယ်၊ စိတ်ညှတ်လာခဲ့တော့ တသံသရုလုံး သူမိန်းမစိတ်ပဲ၊ ယောကျ်းတခါမှ ဖြစ်ပုံမရပါဘူး၊ စာကတော့ ထူးထူးခြားခြား မဆိုပါဘူး၊ မဖြစ်ပါဘူး၊ မိန်းမဘဝနဲ့ပဲ နေခဲ့တယ်၊ မိန်းမလိုပဲ လှချင်တယ်၊ မိန်းမလိုပဲ ကြိုးကျယ်ခဲ့တယ်၊ မိန်းမလိုပဲ ပညာရှိလာခဲ့တယ်၊ မိန်းမလိုပဲ ဘုရားဖွားလောင်းကို ကူညီလာခဲ့တယ်၊ ဒါမိန်းမတို့ရဲ့ ကာမတဏှာက မိန်းမဘဝကို သာယာစနေတာဖြစ်ခဲ့တော့ မိန်းမဘဝက အပြောင်းအလဲမရှိဘူး။

မိန်းမများ ယောကျ်ားဖြစ်နိုင်တဲ့နည်း။ ။ကောင်းပြီ မိန်းမများဟာ တခါတလေမှ ယောကျ်ား မဖြစ်ဘူး လားဆိုတော့ သိပ်လွယ်တာ၊ ခုဘဝ မိန်းမဘဝ ဖြစ်ရတာဟာ သိပ်ပြီးတော့ အထင်သေးခံရတယ်ပေါ့လေ၊ မိန်းမဖြစ်ရတာဟာ ဒုက္ခတွေ့ သိပ်များတယ်ဖပါ့လေ၊ ဒီလိုတွေးပြီးတော့ မိန်းမဘဝမဖြစ်ချင်ဘူး၊ အကြောင်းအားလျော်စွာ အိမ်ထောင်နဲ့ နေရပေမယ်တို့၊ မိန်းမဝတ္တရားတွေ ပြုနေရပေမယ်လို့၊ မိန်းမဘဝကို သူက အမြဲစက်ဆုပ်တယ်၊ ဒီတော့ သူ့မှာ မိန်းမဘဝကို စက်ဆုပ်တဲ့အတွက်ကြောင့် ကာမတဏှာပေမယ်လို့ မိန်းမနဲ့ဆိုင်တဲ့ ကာမတဏှာမဖြစ်ဘူး၊ သူ့မှာ သိသိသာသာကြီး မဖြစ်ဘူး၊ အိမ်ထောင်သည်မို့လို့ မိန်းမဘဝန် ရှက်ဆောင်နေရပေမယ်လို့ စိတ်ကတော့ စက်ဆုပ်ရဲ့။

အဲဒီ မိန်းမမျိုးဟာလေ၊ သိလဲသာ မှန်မှန်ကလေး လုံလိုက်။

မိမိအိမ်ထောင်ရှင် ယောကျ်ားကိုလဲ သူ မိန်းမဘဝ ဖြစ်ချင်တဲ့ စိတ်မျိုးနဲ့ မဟုတ်ပဲ မိန်းမဘဝ စက်ဆုပ်တဲ့စိတ်နဲ့ ပြုစုနေတယ်။

နောက်ဘဝမှာ ယောကျ်ားကို ဖြစ်တာပဲ၊ "ကဲ ဘယ်လောက်လွယ်ထား တုန်း၊ မိန်းမများ ယောကျ်ားဖြစ်ချင်လို့ရှိယင် လွယ်တယ် သိပ်လွယ်တယ်၊" ဒါပေမယ့် အများစုက ဖြစ်ချင်စိတ်မရှိဘူး၊ မိန်းမလိုပဲ တင့်တင့်တယ်တယ်နေချင်တယ်၊ ဒါကြောင့် မစပြောင်းလဲကြဘူး။

ဆိုပါတော့ "ယဆော်ဓရ" မစပြောင်းလဲဘူး၊ "ခေမာဓရီ" အစလောင်း မစပြောင်းလဲခဲ့ဘူး၊ "ဥပ္ပလဝဏ်" အလောင်း ပြောင်းလဲတယ်လို့ မကြားခဲ့ဘူး၊ မသိခဲ့ဘူး၊ "ဓမ္မဒိန္နာ"တို့ ထိပ်တန်းတော့ မိန်းမဘဝက ပြောင်းလဲတယ်လို့ မသိခဲ့ဘူး၊ မကြားခဲ့ဘူး၊ မတွေ့ခဲ့ဘူး၊ "မိထွေးတော် ဂေါတမီ"တို့ ထိပ်တန်းတော့ မိန်းမဘဝက ပြောင်းလဲတယ်လို့ မတွေ့ခဲ့ဘူး၊ မကြားခဲ့ဘူး၊ မသိခဲ့ဘူး၊ ဒီဘဝ့်ကာ မိန်းမဘဝဟာ မိန်းမ ဖြစ်ဖို့ရန် "ဆန္ဒ"က အရင်းခံလာတာဖြစ်တော့ အကျိုးပေးတော့ မိန်းမဘဝပဲ အကျိုးပေးရတယ်။

ရှစ်အာနန္ဒာအလောင်း။ ။ဓကာင်းပြီ၊ ယောကျ်ားများကလော "ရှင် အာနန္ဒာ" အဓလောင်းလေ "ကာမေသု မိစ္ဆာစာရ" အမှုတွေနဲ့ ဘဘဝလုံးဆိုပါတော့၊ သိသိသာသာကြီး ပြုကျင့်လာခဲ့တာ၊ ပိန်းမ မဖြစ်ခင် ငရဲ ကျရတယ်၊ နောက်တခါ ငရဲ ကလွတ်လာတော့ ဆိတ်ဖြစ်တယ်၊ ဝှေးစေ့ကို အုထုတ်ခံရတယ်၊ နွားဖြစ်ဘယ်၊ သင်းကွပ်ခံရတယ်၊ ဓမျောက်ဖြစ်တယ်၊ ဝှေးစေ့ အထုတ်ခံရဘယ်၊ ဒါမိန်းမ မဟုတ်သေးဘူးနော်၊ သူ့မှာ ဒုက္ခဖြစ်နေတာ၊ နောက်တလှည့်ကျတော့ မိန်းမ မဟုတ် ယောကျ်ား မဟုတ်လာဖြစ်ပြီ၊ မိန်းမ မဟုတ် ယောကျ်ားမဟုတ် ဆိုတာ ခုနက ဘဝရုပ်ကိုက မပါလာဘူး။

ပဋိသန္ဓေနတုန်းက ရုပ်ကလာပ်သုံးစည်းလို့ ဆိုတဲ့အထဲမှာ ဘာဝရုပ် မပါဘူး၊ ရုပ်ကလာပ်နှစ်စီးနဲ့ပြီးနေတယ်၊ ဒါဓကြောင့် အဲဒီတဘဝလုံးဟာ မိန်းမလဲ မဟုတ်ဘူး၊ ယောကျ်ားလဲ မဟုတ်ဘူး၊ သူ့မှာ မိန်းမလိုလဲ အင်္ဂါဇာတ် ပီပီသသ မပါဘူး၊ ယောကျ်ားအင်္ဂါဇာတ်လဲ ပီပီသသ မပါဘူး၊ အလေးအဓပါ စွန့်ရုံလေးကိသာပါတယ်၊ ထုံးစံအတိုင်း မပါနိုင်တော့ဘူး၊ ဒါကို နပုံးမကျွက် လို့ ဆိုပါတယ်။

ဥဘဓတာဗျည်း။ ။တချို့ကလူတော့ကာ စိတ်က မသန့်ရှင်းခဲ့လို့ မိန်းမလိုလဲ ဖြစ်၊ ယောကျ်ားလိုလဲ ဖြစ်တယ်၊ တဘဝထဲမှာ မိန်းမလိုလဲဖြစ်။ ယောကျ်ားလိုလဲ ဖြစ်တော့ကာ ဟို ခုနက ဘဝရုပ်က နှစ်ခုစလုံး ပါသလား လို့ဆိုတော့ ဘဝရုပ် နှစ်ခု မပါဘူး၊ "မိန်းမပကွာ်က်" ဆို့လို့ရှိယင် မိန်းမဘဝရုပ်က ပါခဲ့ပြီ၊ နောက်တော့ သူ မိန်းမကလေးတွေလို့ မိန်းမဘဝနဲ့ နေယင်း နေယင်းက မိန်းမလို ခံစားယင်း ခံစားယင်းက သူက ယောကျ်ားလိုစိတ် ဖြစ်နေပြန်ရော၊ ယောကျ်ားလို့ ဖြစ်နေပြန်ရော၊ ခုနက ဘဝရုပ်က ပြောင်းသွားတယ်၊ ဓမ်းထဲမှာ ဘဝရုပ်က ပြောင်းသွားတယ်၊ ပုံပန်းက ယောကျ်ားလိုဖပါလာတယ်၊ ဒါ မိန်းမတွေနဲ့ဖောက်ပြန်လိုက်တယ်၊ အဲဒီလိုပုဂ္ဂိုလ်ကို "ဥဘတောဗျည်း" လို့ ဘုန်းကြီးတို့ စာက ဆိုတယ်။

"ဥဘဓတာ·ယောကျ်ားဖြစ်နိုင်တဲ့ကံ, မိန်းမဖြစ်နိုင်တဲ့ကံ နှစ်မျိုးဓကြောင့် ဗျဥ္ဇန-ဖြစ်တဲ့ အင်္ဂါဇာတ်ရှိတဲ့သူ" တပြိုင်နက် ရှိသလား ဆိုတော့ တပြိုင်နက်

မရှိဘူး၊ မထင်ရှားဘူးပေါ့လေ၊ မိန်းမစိတ်နဲ့ မိန်းမလို ခံစားတဲ့အခါမှာ ယောကျ်ားအင်္ဂါဇာတ် ခပ်ကွယ်ကွယ်ကလေး ပျောက်တော့ မသွားဘူး၊ ယောကျ်ားစိတ်ဖြစ်လို့ မိန်းမတွေနဲ့ ပေါင်းဖော်တဲ့အခါမှာ ယောကျ်းအင်္ဂါက ထင်ရှားပြီးတော့ မိန်းမအင်္ဂါက လျှို့ဝှက်သလို ဖြစ်သွားတယ်၊ စဉ်းစားနော်၊ စဉ်းစား။

အဲဒါကြောင့် "ဥာဏောဘျည်း" လို့ဆိုတဲ့ဟာလဲ အကုသိုလ်ကံ ပါလာလို့ ဖြစ်ရတာ၊ အဲဒါကို ဆရာဝန်တွေ ဘာတွေက ပြောင်းလဲလို့ ကုလို့ရပါတယ်လို့ ဆိုပြီးတော့ ဥာဏ်တောဘျည်းတခု့ကို ပြောင်းလဲနေတယ်လို့ ကြားရတယ်၊ ဒါ မရဘူးလဲ ဘုန်းကြီးက မငြင်းပါဘူး၊ သူ့ ဆိုင်ရာရှိတဲ့ ပစ္စည်းတွေကို ထုတ်ပစ်လိုက်လို့ရှိယင် ပြောင်းလို့ရနိုင်တယ်လို့ ယူဆပါတယ်။

ယောကျ်း, မိန်းမ ထားခဲ့၊ ကဲ ဘုန်းကြီးတို့ ဆက်ပြောရမှာက မိန်းမ ပီပီသသ ဖြစ်ရကြောင်း ပီပီ၊ ယောကျ်းပီပီ၊ ဒီလိုလာရမယ်နော်၊ ဒီတော့ မိန်းမပီပီ၊ ယောကျ်းပီပီ အမိဝမ်းထဲမှာ "ဣတ္ထိဘာဝ" ရုပ်နဲ့ "ပုရိသဘာဝ" ရုပ်နဲ့ ပီပီသသ ကိုယ့်လမ်းနဲ့ကိုယ်နဲ့ ခွဲလာခွဲကြပြီ၊ ခွဲလာခွဲကြမှတော့ ဒီဘာဝရုပ်က "ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ" လို့ "ဣန္ဒြိယ" နာမည်တပ်ပြတယ်၊ ဣန္ဒြိယဆိုတာ ကိုယ့်နယ်ကို အစိုးရတယ်၊ ဣန္ဒြိယဟာ အစိုးရတယ်လို့ ဆိုတယ်။

အဲဒီ "ဣတ္ထိဘာဝ" ရုပ်ကလဲ သူက မိန်းမနဲ့ ဆိုင်တာကို အစိုးရတယ်၊ ဘယ်လိုအစိုးရတုန်း၊ ငါ့ရှိတဲ့ ရုပ်အဆင်းမှာ စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့် အမိဝမ်းထဲမှာ ကြီးနေပေးစေ၊ ရုပ်တွေ တိုးပွားပေစေ၊ ကိုးပွားလေသမျှ ပုံသဏ္ဌာန် ပေါ်လာလို့ရှိယင် သားတစ်ကလေးက ဖြစ်ပြီးတဲ့နောက်၊ "ပသာဒ" ခက်မတွေ၊ ခေါင်းနေရာတွေ၊ လက်နေရာတွေ၊ ခြေနေရာတွေ ပေါ်လာတယ်၊ အဲဒီလိုပေါ်လာလို့ရှိယင်ပဲ "ဣတ္ထိဘာဝ" ရုပ်က အမိန့်ပေးသလိုပါပဲ၊ တကယ်ပေးတာမဟုတ်ဘူး၊ သူတို့မှာ သတ္တိရှိတယ်၊ အင်းငါဖြစ်တဲ့ခန္ဓာမှာ မိန်းမပုံသဏ္ဌာန်ဖြစ်ရမယ်နော်၊ လက်တွေ ခြေတွေ မိန်းမပုံသဏ္ဌာန် ဖြစ်ရမယ်။

ခြေဆံ လက်ဆံတွေ အမိဝမ်းထဲမှာ ကြီးနေပေစေ၊ မိန်းမပုံသဏ္ဌာန်ပဲ ဖြစ်ရတယ်၊ ဒါက ခုနက ဘာဝရုပ်က အမိန့်ပေးနေသလိုပဲ၊ သူက အစိုးရ နဲ့လို၊ အဲ ပြောရစေတော့ပေါ့လေ၊ မိန်းမအင်္ဂါလဲပဲ အမိဝမ်းထဲမှာ တုန်းကတည်းက မိန်းမအင်္ဂါ သိသိသာသာပေါ်ရတယ်။

ယောကျ်ားဖြစ်မယ့်သူကျတော့လဲ ဘဲ့ဘာဝရုပ်က ပုရိသဘာဝရုပ်က ငါရှိတဲ့ ခန္ဓာအစဉ်မှာ ရုပ်အစဉ်မှာ လက်ခြေ ယောကျ်ား ပုံသဏ္ဌာန် ပေါ်ရမယ်၊ မျက်နှာအနအထား ယောကျ်ားပုံသဏ္ဌာန် ပေါ်ရမယ်၊ အမိန့်ပေးသလို ဖြစ်နေတယ်၊ သူတို့က "ဂျွန်ဒိုယ" အစိုးရတယ်လေ၊ အဲ နောက်ဆုံး ယောကျ်ား အင်္ဂါလဲ ပီပီသသကဲလေး ပေါ်ရမယ်၊ သူ့အချိန် သူ့ဇာချိန် ရုပ်တွေ သူ့အချိန် တိုးနေတဲ့ဇာခါမှာ ယောကျ်ားအင်္ဂါ ပီပီသသ ပေါ်နေရမယ်၊ ပေါ်နေရပါမယ်။

ဒါကြောင့် ဆယ်လလောက်ကြာလို့ ဖုံးမြင်လာပြီ ဆိုတော့ ယောကျ်ားကလေးဖုံးတယ်၊ မိန်းကလေးဖုံးတယ်၊ ပီပီသသ သူတို့ သိကြရပြီ၊ အဲဒါ ဘယ်သူ့ သတ္တိကြောင့် ဒီလိုရုပ်တွေ ပီပီသသ ဖြစ်ရတာ တုန်းဆိုတော့ ဘာဝရုပ်အတွက်ကြောင့် ပီပီသသ ဖြစ်ရတယ်၊ ဒီဘာဝ ရုပ်က ဘယ်က လာခဲ့တာတုံး၊ "တဏှာ" အရင်းခံတဲ့ ကံကြောင့် ဖြစ်ရတဲ့ဘာဝရုပ်၊ ဒီဘာဝရုပ်ရဲ့ တန်ခိုးအရှိန်ကြောင့် မိန်းမပုံသဏ္ဌာန် အကုန်လုံး ပေါ်လာတယ်၊ အဲဒီ ဘာဝရုပ်ရဲ့ တန်ခိုးအရှိန်ကြောင့် ယောကျ်ား ပုံသဏ္ဌာန် အကုန်လုံး ပေါ်လာရပါတယ်၊ ဓါ နှားဂည် ကြနော်။

ဒီလို ပုံသဏ္ဌာန် ပေါ်ပြီးတော့ မွေးဖွားပြီးတော့ လာတဲ့အခါမှာ ယောကျ်ားလေးကလဲ တဖြည်းဖြည်းကြည့်တတ် မြင်တတ်၊ အဲဒီ အချိန်ကျလို့ ရှိယင် ဒီပြင် ယောကျ်ားကလေးတွေရဲ့ သွားပုံ လာပုံ နေပုံ ထိုင်ပုံ မသိမသာ ကလေး အတုယူတယ်၊ နောက်ဆုံး အဖေရဲ့ အနေအထားကို မသိမသာ ကလေး အတုယူတယ်။

မိန်းကလေးကလဲပဲ ဒီပြင်ကစားဖော် ကစားဘက် မိန်းကလေးတွေရဲ့သွားပုံ လာပုံ ပြောပုံ ဆိုပုံ နေပုံ ထိုင်ပုံ အဆူးအားဖြင့် မိမိအမေရဲ့ အချိုးအစားတွေ အကုန်လုံး သူ့မှာ အတတ်တွေ သင်လို့နေတာပါ၊ ရနေတာပါ။

ဒဲခဲခြောင့်မို့လို့ မိန်းမကလဲလေ မိန်းမလိုပဲ ပြောတယ်၊ မိန်းမလိုပဲ ပုံသဏ္ဌာန်ပေါ်ရုံတင်မကဘူး မိန်းမလိုပဲပြောတယ်၊ မိန်းမလိုပဲနေတယ်၊ မိန်းမအမူအရာတွေ သူ့မှာ အကုန်လုံး ဖြစ်လာတယ်။

ယောကျ်ားကလဲပဲ ယောကျ်ားလိုပဲ ပြောတယ်၊ ယောကျ်ားလိုပဲနေတယ်၊ ယောကျ်ားလိုပဲ အကုန်လုံး ပုံသဏ္ဌာန်အပြုအမူတွေ အကုန်လုံးဖြစ်လာပါတယ်။

တခါ ဒီထဲ စဉ်းစားရမယ်၊ အမေနဲ့လဲ တချို့တူ၊ အဖေနဲ့လဲ တချို့တူး မိန်းကလေး ဖြစ်ခဲပမယ့် အဖေဘူတာရှိသေး၊ ယောကျ်ားကလေး ဖြစ်ပေမဲ့ အမေတူတာ ရှိသေး၊ ဒါတွေ ဘယ်လိုအဓိပ္ပာယ်တုံး၊ ဘုန်းကြီးတို့တရားတော်က သိပ်ကောင်းတယ်၊ အမိဝမ်းထဲမှာ ရုပ်တွေဖြစ်တုန်းက ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့် ရုပ်တွေဖြစ်တုန်းက အမေ အဖရဲ့ သွေးသားကို အခြေတည် မူတည်ပြီးတော့ သားအိမ်ထဲမှာ ဖြစ်ရတာ၊ ဒါလွယ်သွယ်ကလေး၊ သားအိမ်ထဲမှာ အဖေ အမေရဲ့ သွေးသား အခြေတည်ပြီးတော့ ဖြစ်ရတာဖြစ်တော့ အမေရဲ့ သွေးသားထဲမှာ အမေ့ရုပ် အစိပ်အပိုင်းကလေးတွေ ပါတယ်၊ အဖေရဲ့ သွေးဘားထဲမှာ အဖေရဲ့ရုပ်အစိပ်အပိုင်းကလေးတွေ ပါတယ်။

အဲဒီ သွေးသားနဲ့ထိတွေ့ပြီးတော့ ခုနကသူငယ်ကလေးတွေက ရုပ်အစဉ်တွေ ဖြစ်နေရတာဖြစ်တော့ အမေ ဘဖရဲ့ သွေးသားထဲမှာပါတဲ့ ဥတုက ကလေးရဲ့ ရုပ်အစဉ်ထဲမှာ ရုပ်ကိုဖြစ်စေပြီး၊ ကံကြောင့် စိတ်ကြောင့် ဥတုကြောင့် အာဟာရကြောင့် ဖြစ်တဲ့အထဲမှာ ဒီအဖေရဲ့သွေးသား ဥတုက ကူးစက်ပြီးတော့ ကလေးဝလေးမှာ ရုပ်တွေ ရလာတယ်။

ဒါကြောင့်မို့လို့ဟာ၍ခြို့အစိတ်အပိုင်းက အမေတူတယ်၊တခြို့အစိတ်အပိုင်းက အဖေတူဘယ်၊ "သမီး-အမေနှင့် မျှားမျှားတူတယ်၊" "သားက အဖေနှင့်

များများတူတယ်၊'' ရုပ်ဒုကူးဒုဆက်ရှိတယ်၊ ဆမိဝမ်းထဲမှာ ရုပ်ဒုကူး ဒုဆက်ရှိတယ်၊ အမိဝမ်းထဲမှာ ရုပ်ဆကူးဆဆက်ရှိတယ်။

အဲဒါကြောင့် မိဘနှစ်ဦးကအသားဖြူယင် ကလေးကလေးအသားဖြူတယ်၊ မိဘနှစ်ဦးက အသားဝါယင် ကလေးလေး အသားဝါတယ်၊ မိဘနှစ်ဦးက အသားမည်းယင် ကလေးလေး အသားမည်းတယ်၊ဒါကြောင့် စောစောစီးစီး ကတည်းကိုက လက်ထပ်မင်္ဂလာဆောင်ခါနီးထဲကိုက ရွေးနိုင်ယင်လေ သိပ်ရွေးဖို့ကောင်းတာပဲ။

ဘာပြုလို့တုံး၊ နောင် ဒီသွေး ဒီသားဟာက နောင် သားသမီးတွေပေါ်လာမယ်၊ သားသမီးတွေ့ရဲ့ ကံရှိရှုံတင်မကဘူး၊ ဒီပုံ ဒီပန်းကလေးတွေဆိုပါတော့၊ အဖေ အမေချောယင် သားသမီးကလေးတွေ ချောစရာ တော်တော်များတယ်၊ အဖေ အမေ အရုပ်ဆိုးလို့ရှိယင် သားသမီးလေးတွေ ရုပ်ဆိုးဖို့ရန် အစတ်များတယ်၊ အတော်များတယ်ဆိုတာ ဒုတိအကျမဟုတ်လို့ပြောတာ၊ ဟိုက ကံက ပါလာခဲ့တယ်၊ ကံကြောင့်ဖြစ်တဲ့ ရုပ်တွေက အဖေအမေရဲ့ မဆိုင်ပါဘူး၊ ဒီ ခုနက ဥတုကြောင့်ဖြစ်တဲ့ရုပ်ကသာ အမေ အဖေနဲ့ဆိုင်ပါတယ်။

ပြီးတော့ အဝမေ အဖေ သွေးသားထဲမှာ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေလဲပါတယ်၊ သွေးသားထဲမှာ အမေ အဖေက အမှတ်တမဲ့ ကာမဂုဏ် ခံစားတယ်လို့ ဆိုပြီးတော့ သားအိမ်ထဲမှာ သွေးသားတွေ ရောက်နေပေမယ့်လို့ စိတ်က ပါနေတယ်၊ စိတ်ဓကြောင့်ဖြစ်တဲ့ ရုပ်တွေက ပါလာတော့ကာ မသိမသာကလေး သားသမီးများမှာ အဲဒီ စိတ္တဇရုပ်က ဆက်နေတယ်၊ ကူးဆက်နေတယ်၊ ကူးဆက်နေတော့ ကလေးတွေမှာ မိဘများရဲ့ ဉာဏ်ရည် ဉာဏ်သွား ခပ်တူတူကလေး၊ စိတ်နေ စိတ်ထား ခပ်တူတူကလေး ဖြစ်လာတယ်၊ ဒါ ဆမြဲတူရမယ်လို့ မဆိုနိုင်တာက မသေချာလို့ များသောအားဖြင့် ဖြစ်တယ်။

ဘုန်းကြီးက လောကကြီးတခုလုံးကို ပြောရတာ၊ နားလည် ရေရတာ၊ ဇသချာလွန်းလို့၊ ဘုန်းကြီးတို့တရားတော်က ဆေချာလွန်းလို့၊ စာက ဥပမာများ ပြလိုက်သေးတယ်၊ ဖုတ်ဟာ ဝမြဝါတွင်းထဲမှာ ဇအောင်းလို့ရှိယင် ဖုတ်ဝါဖြစ်တယ်တဲ့၊ အင်း-ဖုတ်ရဲ့အသွေးအရောဟာဝါတယ်တဲ့၊ မြေနီတွင်းထဲမှာ

ဓအောင်းတဲ့ဖုတ်ဟာ ဖုတ်နီဖြစ်တယ်၊ မြေနက်တွင်းထဲမှာ အောင်းတဲ့ ဖုတ်ဟာ ဖုတ်နက်ဖြစ်တယ်၊ ဒါ အမိ အဖတွေ သွေးဆောင်းလောက်တောင် မဆက်ဘူး၊ မြေနဲ့ ဖုတ်ခဏာင်နဲ့ ဆက်စပ်နေတာတောင်မှ အသွေးအရောင် ပြောင်းကယ်လို့ စာက ဆိုတယ်။

ရွေးကြပါ။ ။ဒီဓတဲ့ ဘုန်းကြီးတို့က အင်မတန်သေချာတယ်၊ အင်မတန် သေချာတဲ့ ဘယ်လိုတုံးဆိုတဲ့ သိပ်ရွေးရတာပဲလေ၊ လက်ထပ်မင်္ဂလာ အခမ်းအနားတုန်းက လက်မဆက်ခင် စိတ်နေစိတ်ထားက ဘယ်လိုရှိတုံး၊ အင်း-ဉာဏ်ရည် ဉာဏ်သွေးက ဘယ်လိုရှိတုံး၊ ရုပ်အဆင်းက ဘယ်လိုရှိတုံး၊ အမျိုးက ဘယ်လိုရှိတုန်း၊ အမျိုးအလိုက်လဲ စိတ်တွေကဖြစ်ခန တယ်ကိုး၊ အကုန်လုံးရွေးရမှာပဲ။

အဲဒီဓတဲ့ အကုန်လုံးရွေးနိုင်ယင် ကောင်းတယ်၊ ဘုန်းကြီးတို့ ရွေးတုန်းက အထူးအာ၊ဖြင့် ဘုန်းကြီးတို့ အမျိုးမတော့ ဒါတွေကို အကုန်လုံးလဲ မလိုက် နိုင်ဘူး၊ မောင်နှမခွင်း လက်ထပ်ပေးလိုက်တာပဲ၊ ပြီးရော၊ အမျိုးလဲ ဒီအမျိုးပဲ၊ ပထမဆုံးရွေးယင် မောင်နှမဝမ်းကွဲခွင်း ရွေးတယ်၊ ဘယ်နှယ် ပြောပြောပဲ၊ တဝမ်းကွဲခွင်းရွေးတာပဲ၊ တဝမ်းကွဲခွင်း မရတော့မှ နှစ်ဝမ်း ကွဲကို ရွေးတယ်၊ နှစ်ဝမ်းကွဲခွင်း မရတော့မှ သုံးဝမ်းကွဲ ရွေးတယ်၊ အဲဒီက ဟိုဘက်တော့ ဒီလောက် မဆက်တော့ဘူး။

ဘာပြုလို့တုံး၊ သူတို့စုံဆောင်းထားတဲ့ ပစ္စည်းတွေကို တခြားသူတွေ သုံးတာ မခံနိုင်ဘူး၊ အမွေသဘောပေးရလို့ရှိယင် ကိုယ့်တူကိုယ့်သားကိုယ့်တူမ ဒါပဲ ခံစားစေချင်တယ်၊ ပြီးတော့ အမျိုးအာ၊ဖြင့်တော့ ကိုယ့်အမျိုးဟာ အင်မတန်ကောင်းတယ်လို့ သူတို့က ယူဆထားတယ်၊ ယူဆထားတော့ အမျိုး မြေစရာမရှိဘူး၊ ပစ္စည်းမပြောစရာမရှိဘူး၊ ရုပ်အဆင်းကတော့ မြင်တဲ့ အတိုင်းပဲ။

ဒါဓကြောင့် - ဒီလို ရွေးကြရတယ်၊ ထုံးစံအတိုင်းရွေးမှပဲ နောက် အရှည် ကောင်းပါတယ်၊ သားသမီးတွေရဲ့အရည်အချင်း ကောင်းပါတယ်၊သားသမီး တွေရဲ့ ရုပ်အဆင်း ကောင်းပါတယ်၊ အဲဒီလို အဲဒီလို ဖြစ်လာကြတယ်၊

တယောက်နဲ့တယောက် အတော်ကဲပြီးတော့ ကလေးတွေ ကြီးရင့်ပြီးတော့ လာကြတော့ အရွယ်တော်တော် ရောက်တယ်ရှိယင်ပဲ အင်း-စာကဖြာတာကတော့ သူတို့မှာဆိုပါတော့ လူလားမြောက်တယ်ဆိုယင် ကာမစိတ်ကလေးတွေ ဝင်နေပြီ၊ဟို လောကီဆရာတွေက ဘယ်ခေတ်ဟာ ဘယ်ရုပ်ဟာ ထင်ရှားလာပြီလို ဖြောကြတယ်၊ သူ့နည်းနဲ့သူ ယူတာပဲ။

ပြီးတော့ အဲဒီအခါမှာ ဘုန်းကြီးတို့က နားလည်တဲ့ မိဘများက ပေါက်လွတ် မထားနိုင်ဘူး၊ ကိုယ့်သမီးလေး စိတ်ဘယ်လိုဖြစ်နေပြီ၊သားကလေးစိတ် ဘယ်လိုဖြစ်နေပြီ၊ အဲဒီအခါမှာ အသွားအလာ အပေါင်းအသင်းတို့ ဘာတို့ သိပ်ပြီးတော့ ကြောင့်ကြဖို့လိုတယ်၊ ဘာပြုလို့တုံး၊ မှားကုန်မှာ စိုးလို့လေ၊ မှားလဲမှားမယ်၊ မှားကုန်မှာစိုးသည့်အတိုင်း၊ မှားလဲမှားတတ်တယ်၊ မှားတတ်ရုံဘင်မကဘူး၊ အဲဒီအခါမှာ ဖြစ်တဲ့စိတ်ဟာ တော်တော် ဆန်းသွားတယ်၊ ဘုန်းကြီးက အထူးမပြောဘူး၊ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို ဘုန်းကြီး ဟောပေးမယ်။

ဆွဲဆောင်နိုင်ဆုံး အရာဝတ္ထု ၅-ပါး

နာဟံ ဘိက္ခဝေ အညံ ကေရူပမ္ပိ သမနုပဿာမိ၊ ယံ ဧဝံ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ၊ ယထယိဒံ ဘိက္ခဝေ ဣတ္ထိရူပံ[1]။

ဘိက္ခဝေ၊ ဘိက္ခုတို့။ ဣတ္ထိရူပံ၊မိန်းမ၏အဆင်းသည်။ပုရိသဿ၊ယောကျ်း၏။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ အကုန်သိမ်းကျုံးနိုင်၍၊ တိဋ္ဌတိ ယထာ၊ တည်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ယံ၊ အကြင် အဆင်းရူပါပို့သည်။ ပုရိသဿ၊ ယောကျ်း၏။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ အကုန်သိမ်းကျုံး၍။ တိဋ္ဌတိ၊ တည်နိုင်၏။ အညံ၊ မိန်းမ၏အဆင်းမှဘပါးသော။ တံ ဧကရူပမ္ပိ၊ တခုသော အဆင်းကိုလည်း။ အဟံ၊ ငါဘုရားသည်။ နာ သမနုပဿာမိ၊ မြင်တော်မမူ။ အဆင်းရူပါရုံ။ ။အရွယ်ရောက်လာတော့ ယောကျ်းရဲ့စိတ်ကို အဆွဲဆောင်နိုင်ဆုံး အဲဆင်းထဲမှာ ဘယ် အဆင်းတုံးဟုတော့ မိန်းမအဆင်းပဲ၊ မိန်းမအဆင်းလောက်ယောကျ်းစိတ်ကို ဆွဲဆောင်နိုင်တဲ့ အဆင်း

၁။ အင်္ဂုတ္တိရ၊ ပ-တွဲ၊ နှာ-၁။

ဟာ ကမ္ဘာလောကကြီးထဲမှာ တခုမှမရှိဘူးတဲ့၊ ပြောလေ၊ အဝတ်အစားတွေ လှတယ်၊ သဘောကျတယ်၊ နှစ်သက်တယ်၊ မရမက လိုချင်တယ်၊ ငိုတယ်၊ ဒါပေမယ့် မိန်းမအဆင်းလောက် စိတ်ကို မဆွဲဆောင်နိုင်ဘူး၊ အဲ–ဟိုပစ္စည်း ဒီပစ္စည်းတွေ အင်မတန်လှတယ်၊ လိုချင်တယ်၊ ငိုတယ်၊ မရမက ရှာတယ်၊ ခိုးတယ် တိုက်တယ်၊ ဝှက်တယ်၊ ဒါပေမယ့်မိန်းမအဆင်းလောက် စိတ်ကို မဆွဲဆောင်နိုင်ပါဘူး။

တခါ-ဘိက္ခဝေ၊ဘိက္ခုတို့။ယဒိဒံ-ယံ-ဣဒံ ပုရိသရူပံ၊ အကြင် ယောကျ်း၏ အဆင်းသည်။ အတ္ထိ၊ ရှိ၏။ ယံ၊ အကြင် အဆင်းသည်။ ဣတ္ထိယာ၊ မိန်းမ၏။ စိတ္တံ၊ စိတ်ကို။ ပရိယာဒါယ၊ အကုန်လုံးသိမ်းကျုံး၍။ တိဋ္ဌတိ၊ တည်နိုင်၏။ အည်း၊ ယောကျ်းအဆင်းမှ တပါးသော။ တံ ဧကရူပမ်ပိ၊ တခုသော အဆင်းကိုလည်း။ အဟံ၊ ငါဘုရားသည်။ န သမနုဿာမိ၊ မြင်ဝံတာ်မမူ။

မိန်းမရဲ့စိတ်ကို ဆွဲဆောင်နိုင်တဲ့ အဆင်းဟာ ဘယ်အဆင်းတုံးဟု ဆိုလျှင် ယောကျ်းအဆင်းပဲ၊ ဒီပစ္စည်းဝတ္ထုကို လိုချင်တယ်၊ သိပ်လိုချင်တယ်၊ အဝတ် တွေ အစားတွေ၊ အဝတ်ကောင်း ကြိုက်တယ်၊ အစားကောင်း ကြိုက်တယ်၊ ဆိုပေမယ့်လို့စိတ်ထဲမှာ ယောကျ်းရူပါရုံ အဆင်းလောက် စိတ်မထိခိုက်ပါဘူး၊ ဓယောကျ်းအဆင်း ယောကျ်းရူပါရုံကို မြင်ရလို့ရှိယင် မိန်းမမျှားရဲ့စိတ်ဟာ အင်မတန် ထိခိုက်ပါတယ်၊ တရားတော်က အပြန်အလှန်ပါပဲနော်။

အသံ သဒ္ဒါရုံ။ ။တခါ–သဒ္ဒါရုံ ယောကျ်းတွေ ဘယ်လောက်ပဲ စကား ပြောခကောင်းကောင်း ယောကျ်း အချင်းချင်း သိပ်ပြီး မဆွဲဆောင်ဘူး၊ မိန်းမကျတော့ ယောကျ်း သီချင်းဆိုလိုက်တယ်ဆိုယင်ပဲ စိတ်ကို ထိခိုက်လို့။

တခါ-မိန်းမမျှားရဲ့ အသံကိုလဲပဲ ယောကျ်းတွေက အသံကြားယင်ပဲ၊ တခြို့ အသံကောင်းတာတော့ မဟုတ်လှပါဘူး၊ မကောင်းပေမယ်လို့ မိမိ ချစ်တဲ့သူရဲ့ အသံကြားယင်ပဲ စိတ်ဟာ ရင်ထဲမှာဖားပြီးတော့ နေသလိုလို၊ အဲဒီလို အသံက စိတ်ကို သိပ်ဆွဲတာပဲတဲ့၊ အတူတူပဲ။

ယထယိဒံ ဘိက္ခဝေ ဣတ္ထိဂန္ဓော။
ယထယိဒံ ဘိက္ခဝေပုရိသဂန္ဓော။[၁]

အနံ့ဂန္ဓဝရုံ။ ။ယောကျ်ားရဲ့ ပင်ကို ကိုယ်အနံ့က မိန်းမစိတ်ကို ဆဲဆောင်နိုင်ဆုံးပဲတဲ့၊ ဒီဇာတဲမှာ ပြုပြင်ထားပြီးတော့ ထူးမွန်းအကြိုင်တွေနဲ့ပါလာလို့ရှိယင် သူက အမှုမ်းတင်တာပဲ၊ နဂို ကိုယ်အနံ့နဲ့ပဲ ဆွဲဆောင်တယ်၊ မိန်းမရဲ့ ကိုယ်အနံ့ အဲဒီအနံ့ကပေါ့လေ၊ မဆိုးဝါးယင် မဆိုးရွားယင် တချို့တော့ ကိုယ်အနံ့တွေက ဆိုးရွားပါတယ်၊ အနံ့က မဆိုးရွားလို့ရှိယင် မိန်းမရဲ့ ကိုယ်အနံ့ဟာ ယောကျ်ားရဲ့စိတ်တွေကို အဆွဲဆောင်နိုင်ဆုံးပါပဲဗျ့။

ယထယိဒံ ဘိက္ခဝေ ဣတ္ထိရသော။
ယထယိဒံ ဘိက္ခဝေ ပုရိသရသော။[၂]

အရသာ ရသာရုံ။ ။ဒီမိန်းမရဲ့အရသာ၊ ယောကျ်ားရဲ့ အရသာ၊ ဆိုတော့ကာ ဒီလို မိန်းမ ချက်ပြုတ်ပြီးတော့ကျွေး၊ မိန်းမက ပြုပြင်ပြီးတော့ကျွေး၊ ဒီ အရသာကလေးဟာ ရိုးရိုး ဟော်တယ်တို့ ဘာတို့ သွားစားလို့ ကောင်းတာက တမျိုးကောင်းတာပဲ၊ ဓါပေမယ်လို့ ကိုယ့်ဇနီး ကိုယ့်ချစ်သူက ပြုပြင်ပြီး ကျွေးဝနတဲ့အရသာက တယ်မြိန်တယ်ကိုး။

ဒီယောကျ်ားများကလဲ ဒီလိုပဲ၊ အဲ... အဲ ဒီ မိမိဇနီးကို ဆိုပါတော့ နေထိုင်မကောင်းလို့၊ ဒီဟာဝလေး စားလိုက်ပါနော်၊ စားလိုက်စမ်းပါ၊ အဲဒီဆေးလေး စားလိုက်စမ်းပါ၊ မစားချင်ဘူး ဆိုပေမယ်လို့၊ ယောကျ်ားက သဘသာယာယာ ကရုဏာကြီးစွာနဲ့ ပြောလို့ရှိယင် သူစားဖြစ်တယ်၊ စားနိုင်တယ်၊ စားရက်တယ်၊ အဲဒီအရသာ ယောကျ်ားက ပြုပြင်ပေးလို့ရှိယင် အင်မတန် ဝမ်းသာတယ်။

ဒါကြောင့် ဒါကြောင့်- ဘုန်းကြီးတို့စာက သိလွန်လွန်းလို့၊ လူတွေက အလွန်းလို့၊ မပြုပြင်တတ်ကြဘူး၊ မပြုပြင်တတ်ကြဘူး၊ အဲ ကိုပဲဇနီး ချစ်သာ ချစ်ကြတယ်၊ မချစ်တတ်ကြဘူး၊ အဲဒီစာက အဲဒီလောက် သေချာနေတယ်၊ ဆရသာဆိုတဲ့ဟာ ပြုပြင်ပြီးတော့ ကျွေးတဲ့အရဆာပဲ။

၁။ အင်္ဂုတ္တိရ်၊ ပ-တွဲ၊ နှာ-၁။ ၂။ အင်္ဂုတ္တိရ်၊ ပ-တွဲ၊ နှာ-၂။

ဒါကြောင့်တချို့ ဟိုဆေးရုံတို့ ဘာတို့မှာ ဆရာမလေးတွေ ဘာလေးတွေ အပြောအဆို ပြုပြင်ရတယ် သင်ရတယ်ဆိုတာ ဒီအဓိပ္ပာယ်ရှိတယ်၊ ဒါကြောင့် သူတို့ဆရာမလေးတွေသန့်သန့်ရှင်းရှင်းနေရတယ်၊ စကားပြောတဲ့အခါ ချိုချို သာသာ လူမမာတွေကို သက်သာအောင် ပြောရတယ်၊ လူမမာတွေကိုစားချင် အောင် ဆေးတို့ဘာတို့ကို ပြောပြီးတော့ ကျေးရတယ်၊ ဒါက လူမမာတွေ မျှားလွန်းလို့ မဘတ်နိုင်လို့သာကိုး၊ တကယ် ပြုပြင်နိုင်လို့ရှိယင် အင်မတန် ကောင်းတာပဲ၊ အင်မတန် လမ်းမှန်တာပဲ။

သူများမင်ပြောနဲ့ တခါတုန်းက ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်း "မဟော သဓကို" ကို "သိန်း ဒဝိန်း ကာမိန်း" တို့က ကုန်းတိုက်လို့၊ အဲ 'အရှင်မင်း မြတ်ကို ကြံပါလိမ့်မယ်" လို့ ကုန်းတိုက်လို့ ထွက်ကို ပြေးရတာပဲ၊ ထွက်ပြေး တော့ နန်းတော်မှာရှိတဲ့ နတ်သမီးက မဟောသဓရဲ့ ပြဿနာအဖြေလေးတွေ ကိုကြားရဟာ သူ့စိတ်ထဲ တယ်သဘောကျ၊ မဟောသဓ ပြောတဲ့စကားတွေ သူ သဘောကျတယ်၊ အဲဒါတွေ့ မကြားရတာကြာတော့ သူက နည်းနည်းစိတ် ပေါက်တယ်၊ ဒါနဲ့ သူပြဿနာမေးတယ်၊ ဒီပြဿနာ ဘယ်ရက်အတွင်း ဖြေနိုင် ဖြေရဲ့၊ မဖြေနိုင်လို့ရှိယင် ဘယ့်နှယ်လုပ်မယ်ကိုး၊ ရှင်ဘုရင်ကြီး ကြောက်ပြီး သူကလဲ အပြစ်ရှာဆားတာဖြစ်တော့ ပြန်ဓခါပါလို့ မပြောနိုင်၊ အမတ်ကြီး တွေကို အဓဖြခိုင်းတယ်၊ ဒီပြဿနာ ဖြေဘတ်သူရှာလို့ကိုမတွေ့ဘူး၊ ကဲ-မဟော သဓပြန်ခေါမှုပဲလို့၊ မဟောသဓကလဲထွက်ပြေးတုန်းကိုက အဆင်မလဲအောင် လို့မို့ ဟို နိဂုံးမှာရှိတဲ့ အိမ်ကအိမ်မှာ အခစား သဘောနဲ့ ဝင်လုပ်တယ်၊ နို့မို့လို့ရှိယင်....

စဏ်သည် စုခဆောင်းတယ် ဘာတယ်နဲ့ ရှုပ်နေမှာစိုးလို့ အခစားကို ဝင်လုပ် နေထာပဲ၊ အခစားဆို ထမင်းစား၊ ရေသောက်ပေါ့လေ၊ ဝင်လုပ်နေတာပဲ၊ နောက်ဘော့ အခုပ်လေးမျက်နှာလိုက်ပြီး ရှာတဲ့အထဲမှာ မြို့တောင်ဘက်ရှာတဲ့ အမတ်က မြင်းနဲ့စီးပြီးတော့ လိုက်ရှာတဲ့နေရာမှာ မဟောသဓက မြင်ရော၊ အဲဒီအမတ်လဲ မြင်ရော မဟောသဓက သူစားမလို့ပြင်ထားတဲ့ထမင်းခပ် ကြမ်းကြမ်း၊ အင်း-ဆိုပါတော့ ဆန်ကြမ်းထမင်းတွေ၊ အဲဒီအမတ်လဲမြင်ရော "ဟာ....ကနေ့တော့ အမရာ ပြင်ကျေးတဲ့ထမင်း စားရတော့မှာပဲ" လို့ ဆိုပြီး တော့ အဲဒီ ဆန်ကြမ်းထမင်းကို မစားတော့ဘူး။

ဘုန်းကြီးက သနားလာတယ်၊ သနားတယ်၊ အမရာ ပြင်ကျွေးတဲ့ ထမင်း စားရတော့ ဟို....အလောင်းတော်ကြီး ဘယ်လောက် သူ သဘာဝကျနေလဲ လို့ ဟိုမှာ ခပ်ကြမ်းကြမ်းလဲ ဖြစ်တယ်၊ အင်း....သူ့ဘာသာသူ ဖြစ်သလို စားရတဲ့ ထမင်းကို ကနေ့ အဲမရာက မေတ္တာ အပြည့်အစုံနဲ့ ပြင်ပြီးတော့ ကျွေးတဲ့ထမင်းကို သူစားရတော့မှာ၊ အဲဒါကြောင့် ဒီထမင်း မစားပဲနဲ့ နေလို့ကတယ်၊

ဒါ လူတွေ နားမလည်ဘူး၊ နားမလည်ကြလို့- မနေ့တုန်းက အသက်ရှည်ရေးထဲမှာပဲ အိမ်တွင်း ချမ်းသာရေး ပါလာတယ် မဟုတ်လား၊ အိမ်တွင်း နားမလည်လို့ ဒီလိုဖြစ်နေကြတာ၊အင်မတန် တယောက်တယောက် မြက်မြတ်နုံးနုံးနဲ့ လက်ထပ်ပြီးတဲ့ အခါကစပြီး ဒီ ချမ်းသာရေးကို အမျိုးမျိုး ပြုစုရပါတယ်၊ အမျိုးမျိုး ထိန်းသိမ်းရပါတယ်၊ အပြန်အလှန် ထိန်းသိမ်းရပါတယ်။

အဓွေ့ ဖောင်္ဂုဗွာရုံ။ ။ပြီးတခါ "ဣတ္ထိဖောင်္ဂုဗွာရုံ" ဆိုတာကတော့ ကာမဂုဏ် ဓမထုန်အတွေ့ပဲ၊ ဒီ ကာမဂုဏ် မေထုန်အတွေ့ ဟာ လူတွေကစတော့ အမှတ်တမဲ့နဲ့ ကာမဂုဏ် မေထုန်အတွေ့ကို ပြီးတယ်ပဲ သိတယ်၊ ဟုတ်တယ်၊ ဒါဖြစ်တယ်၊ ဒါပေမယ်လို့-

ဟို ပဋိသန္ဓေတည်ဖို့ဆို အမျိုးသား အမျိုးသမီး အလောင်းကလေးတွေက ဒီအချိန်ကို သူတို့ စောင့်မျှော်နေတယ်၊ တချို့မှာ အိမ်အနီးအပါးမှာ ဆိုပါတော့ တနစ္ဆပဲဖြစ်နေနေ, နတ်ပဲဖြစ်နေနေ မိဘနှစ်ပါး ပေါင်းသင်တဲ့အချိန်ကို သူတို့ စောင့်မျှော်တယ်၊ အဓိရဲ့ သားအိမ်ထဲမှာ သွေးသားနှစ်ခု ရှိနေတဲ့ အချိန် သူတို့ သန္ဓေတည်ဖို့ အဆင်ဆာပြေဆုံးပဲ၊ အဲဒါကို ကြည့်နေတယ်။

ဒါကြောင့် ဘုန်းကြီးက သန့်သန့်ရှင်းရှင်းနဲ့ နေကြ အိပ်ကြပါ၊ သန့်သန့်ရှင်းရှင်းနဲ့ ရှင်ရှင်စင်ပျပျနေကြပါ၊ ဘာပြုလို့တုံး၊ သန္ဓေသူကလေးသန္ဓေသားကလေး မျှော်နေတယ်၊ ထောက်လာတတ်တယ်၊ ရှိလာတတ်တယ်။

ဒီအခါမှာ ဘုရားအလောင်းများကျတော့ မယ်တော်ကြီးက အဲဒီအချိန်မှာ ဥပုသ်စောင့်ပြီးတော့ ဥပုသ်နေ့မှာ ဥပုသ်စောင့်ပြီးတော့နေတဲ့ အချိန်မှာ သန္ဓေတည်ပါတယ်၊ ဘယ်နှယ် မိဘနှစ်ပါးလဲ အတူမစပ်ယှက်ပါပဲလား၊ ဘယ်နှယ်ကြောင့် သန္ဓေတည်နိုင်လဲဆိုတော့၊ ဒီလိုလေ မိဘနှစ်ပါး အတူစပ်ယှဉ်

တာက တကြိမ်လောက်ဆိုယင် ၃-ရက်လောက် သန္ဓေတည်ဖို့ရန် အခွင့်ရှိတယ်၊ တချို့များ ၁၅-ရက်လောက် သန္ဓေတည်ဖို့ရာ အခွင့်ရှိတယ်လို့ ပြောပါတယ်၊

ဒါကြောင့်မို့လို့ ဒီမိဘနှစ်ပါးဟာ ပေါ့ပေါ့ ဆဆ ကလေး ဒီလိုမဟုတ် ရဘူး၊ သန္ဓေတည်မည့် ကလေးကလေးရဲ့ လာမည့်အစီအစဉ်ကို ကြည့်ပြီးတော့ မိမိတို့စိတ်ချမ်းချမ်းသာသာကလေး ဓပျာပျာရှင်ရှင်ကလေးသန့်သန့်ရှင်းရှင်း ကလေး ဒီလို ပျော်ပျော်ပါးပါး နေရပါတယ်။

လောကီကျမ်းအလို။ ။ဘုန်းကြီးတို့ ဒီကျမ်းစာ ပိဋကတ်က မဟုတ်ဘူး၊ လောကီကျမ်းစာကဖြင့် ဘယ်လောက်များ ပြော သတုံးလို့ဆိုတော့—

အာဂ်မဂ်ါ သမ္ဘဝတိ၊ ဟဒယမပိ ဇာယတိ။

အာဂ်မဂ်ါ၊ အဂ်ါကြီးငယ် အဂ်ါကြီးငယ်တိုင်းမှာ။ သမ္ဘဝတိ၊ ဖြစ်၏။ ဟဒယမပိ၊ စိတ်နှလုံးမှာလည်း။ သမ္ဘဝတိ၊ ဖြစ်၏။

အတ္တာ ဓဝ ပုတ္တော နာမာတိ။

ပုတ္တော နာမ။ သားဆိုတဲ့ အရာဝတ္ထုဟာ။ အတ္တာ၊ ငါ့ကိုယ်ပါပဲ။ဒီသားဟာ ဘယ်က ဖြစ်လာသလဲဆိုယင် သူတို့က ပဋိသန္ဓေကမှဇရုပ်တွေ ဘာတွေဆိုတာ မသိဘူးလေ၊ "ဒီအတ္တ" သားဆိုတဲ့ အရာဝတ္ထုဟာ ဒီ မိဘနှစ်ပါး အတူအိပ်ဧက်တုန်းက စိတ်လဲပါတယ်၊ ရုပ်လဲပါတယ်၊ ငါ့နှလုံးသားတွေလဲ ပါတယ်၊ ဒီသွေးသားထဲမှာ။

အဲဒါကြောင့် နှလုံးသားတွေက ဖြစ်လာတဲ့ ဒီသားကလေးဟာ ငါပဲ သူများမဟုတ်ဘူး၊ ငါ့နှလုံးသားက ဖြစ်လာတဲ့ သားမို့လို့ သူများမဟုတ်၊ ဘူး၊ ဒီသားဟာ ငါပဲ၊ သိပ်ချစ်တာ၊ သားကို သိပ်ချစ်သလိုပဲ၊ သမီးကိုလဲ သိပ်ချစ်တယ်၊ သူများမဟုတ်ဘူး ငါပဲ။

အတ္တာ ဓဝ ပုတ္တော နာမာဟိ၊
သ ဇီဝ သရဒေါ သတံ။

သ သော၊ ထို ငါဆိုတဲ့ သားကလေးသည်။ သရဒေါ သတံ၊ အနှစ်တရာ ကာလပတ်လုံး၊ ဇီဝ၊ အသက်ရှည်စေသတည်း။

အင်မတန် မေတ္တာပို့နေတာပဲ၊ အင်မတန် မေတ္တာစူးနေတာပဲ၊ သားပေါ်မှာ သမီးပေါ်မှာ၊ ဒါက လောကီဆရာတွေက ဆိုတာနော်၊ နည်းနည်းတော့ လွန်တယ်လို့ ထင်တယ်၊ နည်းနည်းတော့ လွန်တယ်လို့ ထင်ပေမယ့်လို့ ဒါ ကောင်းပါတယ်လေ၊ ဒီလိုပဲ မှတ်လိုက်တာပဲ၊ သားဆိုတာ သူမျှားမဟုတ်ဘူး၊ ငါပဲ၊ သားဆိုတာ ငါပဲ။

တခါတလေ သားက မိုက်လို့ အဖေကို သူကမျှား ဆဲလို့ရှိယင် အဖေက ပြုံးပြီးတော့ "အင်း....ငါ့ကလေးရယ်" အဖေက စိတ်မဆိုးရက်ဘူး သိလား၊ သူဆဲခပမယ်လို့ သူမလိမ္မာလို့ဆဲတာ၊ "ငါ့ကလေးပဲ" ဒီလောကီက လောကီက ဒီလိုကိုး၊ ဘုန်းကြီးမှာတော့ကာ လောကီစာရယ်, တရားတော်ရဲ့စာရယ်, အဲသလို စုံပြီးတော့ပေါ့လေ၊ စဉ်းစားရပါတယ် စဉ်းစားရပါတယ်။

ဒါကြောင့်မို့လို့ ဘုန်းကြီးကလေ ပစ်ပစ်ခါခါကြီးမဟုတ်ဘူး၊ ကျောင်းသံဃာတွေ၊ ဒကာ ဒကာမတွေ ရှေးအဆက်တွေရှိတယ်၊ ရှေးအဆက်တွေရှိတယ်၊ ရှေးအဆက်တွေက လာခဲ့တာဖြစ်လို့မို့ ကျောင်းသံဃာတွေ, ဒကာ ဒကာမတွေ, သူတို့ လိမ္မာယင် ကောင်းတယ်၊ မလိမ္မာလို့ရှိယင် နောက် တသက် ပြန်တွေ့ရမှာ ခက်စာယ်၊ ဘုန်းကြီးမှာတော့ ကိစ္စတွေ ပိုမျှားပြီး ဘော့နေတယ်။

ဒီဟာနဲ့ ဗုဒ္ဓမြတ်စွာက ယောကျ်ားရဲ့ "ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ" ဆိုတွေတွေဟာ မိန်းမရဲ့ စိတ်ကို အဆွဲဆောင်နိုင်ဆုံး၊ မိန်းမရဲ့ "ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ" တွေဟာ ယောကျ်ားရဲ့ စိတ်ကို အဆောင်နိုင်ဆုံး အဆွဲနိုင်ဆုံး၊ ဒီလောက်ဆွဲဆောင်နိုင်ဆုံးဟာ တခြားဘာတခုကမှ မရှိပါဘူးလို့ ဗုဒ္ဓမြတ်စွာက အမိန့်လဲ ရှိတော်မူတယ်၊ လက်တွေ့ကလဲ ဒီအတိုင်း ဖြစ်နေကြတယ်။

ဒါပေမယ့် တခါတော့ အားအားရှိလို့ ရှင်ဘုရင်တွေ စကားစမြည် ပြောကြတယ်၊ တချို့ ရှင်ဘုရင်က အာရုံထဲမှာတော့ "ရူပါရုံ" အကောင်းဆုံးပါပဲ၊ တချို့ ရှင်ဘုရင်က မဟုတ်ပါဘူး "သဒ္ဒါရုံ" အကောင်းဆုံးပါပဲ၊ တချို့ ရှင်ဘုရင်က မဟုတ်ဘူး၊ "ဂန္ဓာရုံ" ကို ကျုပ်တော့ သဓာဘာအကျဆုံးပဲ၊ တချို့ ရှင်ဘုရင်က "ရသာရုံ" အစားအသောက် ကောင်းကောင်း စားနေရယင်

ပြီးတာပဲ၊ တချို့ရှင်ဘုရင်က မဟုတ်ဘူး၊ တယောက်နဲ့တယောက် ''တွေ့ထိပြီး'' နေရတာ အကောင်းဆုံးပဲ၊ သူတို့ရှင်ဘုရင်ချင်းဆိုတော့ ဘယ်သူ့ဘယ်သူမှ စကားနာမထောင်တူး၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုး။

ဟာ ဗုဒ္ဓမြတ်စွာတော့ အကုန်လုံးသိတော်မူတာပဲ၊ ဗုဒ္ဓမြတ်စွာ သွားစလျှောက်ခဲ့ရအောင် မရှက်ပါဘူး၊ ရှင်ဘုရင်တွေက သိလား၊ ဗုဒ္ဓမြတ်စွာဆိ သွားကြရော။

ဟင်း....သွားပြီးတော့ သူတို့ငြင်းတဲ့အကြောင်းတွေကို လျှောက်၊ လျှောက်ပြီးဘာ့မှ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ အကောင်းဆုံးလို့ ယူဆထားတဲ့ဟာ ဘယ်လိုပါတုံး မြတ်စွာဘုရားလို့ လျှောက်တော့ ဗုဒ္ဓမြတ်စွာက ကြိုက်ရာပါပဲတဲ့၊ ကိုယ်ကြိုက်ရာ ကြိုက်ရာပဲ၊ ကောင်းလိုက်တာ ဘုန်းကြီးတို့ဘုရားက၊ ဘယ်ဟာ အရေးကြီးဆုံး ဘယ်ဟာအရေးကြီးဆုံး မလာဘူး၊ ကိုယ်ကြိုက်ရာ ကြိုက်ရာပဲတဲ့။

''ရူပါရုံ''ကို အားစိုက်တဲ့သူ, သဓာကျတဲ့ သူကလဲ ''ရူပါရုံ'' အကောင်းဆုံးပေါ့လေ၊ ဒီလိုပဲ ''သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ'' တွေလဲပဲ ကိုယ်ကြိုက်ရာ ကိုယ်ကြိုက်ရာပဲ၊ ရှင်ဘုရင်တွေ့ သဘောကျလို့ အငြင်းမရှိတော့ဘူး၊ ဟုတ်တယ်၊ ကိုယ်ကြိုက်ရာ အကောင်းဆုံးပါပဲ၊ (ကောသလသံယုတ်၊ ပဋ္ဌာန်းသုတ်။)

ဒီတော့ကို ဒီအာရုံတွေက အဲသလောက် စိတ်ကို ဆွဲဆောင်နိုင်တော့ အပြစ်ပေါ်လာတယ်၊ ဘယ်လိုအပြစ် ပေါ်လဲတုံး၊ အာရုံခံစားဖို့ရာ ဟို နောက်ထပ် အသစ်တွေ၊ ဟိုက အသစ်တွေ၊ ဒီက အသစ်တွေ၊ ဒီစိတ်ကလဲ မထိန်းဘူး။

စိတ်ထိန်းပါ။ ။အမှန်ကတော့ စိတ်ကို ထိန်းထားရမှာ၊ စိတ်ကိုထိန်းထားတဲ့နည်းလဲ ဓနဉ်ာလာမယ်လေ၊ စိတ်ကိုထိန်းထားရမယ်၊ စိတ်ကိုမထိန်းဘူး၊ စိတ်ကိုပေါက်လွှတ်ပေးလိုက်တယ် ဆိုတော့၊ အိမ်ထောင်ကျပြီးလဲ စိတ်ကလွှတ်ရက်ပဲ၊ စိတ်ဟာ ဒီပြင် ဘယ်သူ့တွေ့ပြန်လဲ၊ သူက စိတ်တမျိုးပြောင်းနေပြန်၊ အိမ်ကဟာလဲ မဟန်သလို ထင်နေပြန်၊ ဒါစိတ်တွေ

ရှုပ်ခနတာပါ၊ စိတ်ဇတ္တရှုပ်နေတာက သိပ်ထူးတာတော့ မဟုတ်ဘူး သိလား၊ နို့ပေမယ်လို့ စိတ်က သိပ်ဆိုးတော့ နေဦး၊ ဒါနဲ့စပ်ပြီးတော့ သတိရတုန်း ပြောရဦးမယ်။

ခွက်သာလွဲတာ အရသာဘာမျှမထူး။ ။ရွေးတုန်းကရွေးတုန်းက ပုရောဟိတ် ပုဏ္ဏားကြီး မိဖုရားကို စွဲနေတယ်၊ ခက်ကို ခက်တာ၊ ခက်တာက ပုရောဟိတ် ပုဏ္ဏားက ရှင်ဘုရင်ရဲ့ မိဖုရားကို စွဲနေတယ်၊ ရှင်ဘုရင်မိဖုရားကို စွဲနေတာလဲ မိဖုရားကသိတယ်၊ အခြေအနေ အကဲခတ်လို့ရှိယင် သိတယ်၊ ဘာပြုလို့တုံးဆိုတော့ တချိန်မှာ မိဖုရားအိပ်နေတဲ့လမ်းနဲ့ ခပ်နီးနီးမှာ ပုဏ္ဏားဖြတ်သွားတယ်၊ မိဖုရား အိပ်နေပုံကလဲ နည်းနည်း မရှင်းမလင်းနဲ့တူရဲ့၊ ဒါနဲ့ ပုဏ္ဏားစွဲနေတယ်။

ပုဏ္ဏားစွဲနေတာက မစားနိုင် မသောက်နိုင် ဖြစ်နေတယ်၊ ပြောလဲမပြောဝံ့၊ ဒါနဲ့ ရှင်ဘုရင်မှာလဲပဲ အင်မတန် အကျိုးများတယ်၊ တိုင်းပြည်မှာလဲပဲ အင်မတန် အကျိုးများတယ်၊ ဒါနဲ့ မိဖုရားကလဲ ပညာရှိ၊ "ပုဏ္ဏား မစားနိုင် မသောက်နိုင်ဖြစ်တာ ဘယ်နှစ်ရက်ရှိပြီကုံး"၊ နည်းနည်း သူ့ဟာသူ ပြန်တွေးတယ်၊ ဒီပုဏ္ဏားဟာ ငါ့ကိုမျှား စွဲနေတာ ဖြစ်နေမလား၊ ဒါနဲ့"အင်း.... ပုရောဟိတ်ကြီးတော့ ဆေးတိုက်ရဦးမယ်၊ ပုရောဟိတ်ကြီး မစားနိုင် မသောက်နိုင်ဖြစ်နေတာ ဆေးတိုက်ရဦးမယ်"၊ တိုက်ပါတိုက်ပါကိုး "တိုက်ပါ တိုက်ပါ"၊ ဒီ "မြေခွက်ရယ်၊ ငွေခွက်ရယ်, ရွှေခွက်ရယ်" ခွက် ၃-ခွက်ထဲမှာ ပုန်းရည်ကလေးတွေ ထည့်ပြီးတော့ တင်ဇန်းစာစီပေါ့လေး။

"အင်း_လာ....လာ..လာ ပုရောဟိတ်ကြီးတော့ ဆေးတိုက်ရဦးမယ်"၊ မြေခွက်နဲ့ ထည့်ထားတဲ့ ပုန်းရည်ကို တိုက်တော့ ဒီဆေး "ဘယ်နှယ်လဲ၊" "ဖန်တန်တန်ပါဘုရာ့"၊ ဒုတိယ ငွေခွက်နဲ့ ဆေးတိုက်ပြန်တယ်၊ ငွေခွက်ကလေးကလဲ လှုက လှုနဲ့၊ "ဘယ်နှယ်လဲ" ဖန်တန်တန်ပါဘုရား"၊ နောက်တခါ ရွှေခွက် ကောင်းကောင်းနဲ့

တိုက်ပြန်တယ်၊ ခုနက ပုန်းရည်ပါပဲ၊ "ဘယ့်နှယ်လဲ"၊ ဖန်စာန် တန်ပါဘုရဲ့၊ အေး ခွက်သာလွဲတာ အရသာ တာမှမထူးဘူး၊ ဒါနဲ့ ပုဏ္ဏား သဘောပေါက်ပြီးတော့ သူ့ပုဏ္ဏားမနဲ့ ဖန်တန်တန်နဲ့ ပြီးကြရော။

စိတ်မထိန်းလို့ မှားယွင်းကြ။ ။ဒီတော့ကာအင်မတန် စိတ်တွေကဆန်းကြယ် လှန်းလို့၊ ဒီအာရုံတွေက ဒီလောကကြီးမှာ ဆန်းကြယ်လှန်းလို့၊ ရှုပ်ထွေးပြီးတော့နေတာ၊ ဘယ်လောက်များ ဆိုးတယ်လို့ ထင်သလဲ၊ ရှင်ဘုရင်တွေ အမှားမှားအယွင်းယွင်းနဲ့၊ ဒီကိစ္စကြောင့် အမှားမှား အယွင်းယွင်း ဖြစ်ရတယ်။

အင်းဝမှာတုန်းက ဘုန်းကြီးက ဆုဇဝင် ကောင်းကောင်း မမှတ်မိလို့၊ ဟို တောင်ငူရှင်ဘုရင်နဲ့ အင်းဝ ရှင်ဘုရင်တို့ သူတို့ အဆက်အသွယ် ရှိဘယ် ထင်တယ်၊ တောင်ငူရှင်ဘုရင်ရဲ့နှမတော်နဲ့ အင်းဝရှင်ဘုရင်နဲ့ လက်ဆက်တယ် ထင်တယ်၊ သူတို့ရဲ့ မွေးဖွားလာတဲ့ သားနဲ့သမီးကို လက်ဆက်တယ်လို့ ထင် တယ်၊ နောက်တော့ သားနဲ့သမီးက မတည့်ကြဘူး၊ မတည့်ကြတော့ သားက သမီးကို တွန်းလိုက်တာ ခုဘင်ပေါမှာ ခုတင်စွန်းနဲ့ ခိုက်မိလို့ သွေးထွက် တယ်၊ အဲဒီတင် မိဖုရားက ဝမ်းနည်းသွားတယ်၊ သမီး အနှိပ်စက်ခံရလို့။

ဝမ်းနည်းတော့ မိဖုရားက ဘာပြောတုံးဆိုတော့ "မောင်ကောင်းနှမ တော့ဖြစ်ပါရဲ့၊ လင်ကောင်းမယား မဖြစ်ရလို့ သမီးအနှိပ်စက်ခံရတယ်"၊လင် ကောင်းမယားဆိုတာ လင်သတ္တိနည်းလို့ပေါ့၊ အဲဒီစကားအရ ရှင်ဘုရင်က မခံနိုင်ဘူး ထတိုက်တာပဲ၊ စစ်ကိုတိုက်ဘာ၊ စစ်တိုက်တော့လဲ ရှုံးတယ်။

ဒါကြောင့် ဒီအာရုံအတွေ့ဟာပေါ့လေ၊ မယားနဲ့ ရန်ဖြစ်ယင် ယောကျ်ား တွေပါတာ ဘာမှမဆန်းဘူး၊ ဘုန်းကြီးက ဘာမှမဆန်းဘူး၊ ယောကျ်း တွေက ထိန်းနိုင်ဖို့သာ အရေးကြီးတယ်၊ အဲ....ယောကျ်းတွေ ရန်ဖြစ်တော့ မိန်းမတွေက ပါတယ်၊ ဒါ ဘာမှ မဆန်းဘူး၊ ထိန်းနိုင်ဖို့သာ လိုတယ်၊ ဒီအာရုံတွေဟာဓနဝါက်ကနေပြီးတော့ တကောက်ကောက် အကုသိုလ်ဖြစ်စရာ, အမှားအယွင်းဖြစ်စရာ အဲဒါများကြီး အများကြီး။

တခါတုန်းက ပြောဦးမယ်၊ ဒီမိန်းမတွေ အပြစ်ပြောယင် ယောကျ်ားတွေ အပြစ်လဲ ပြောပါ့မယ်နော်၊ အဲဒီတော့ မိန်းမတွေ နှာခေါင်းမရှုံ့နဲ့၊ မျှားမျှား မပြောဘူး၊ ၂·ခုထဲ ပြောမယ်၊ ယောကျ်ားတွေအတွက်လဲ ၂·ခုထဲ ပြောမယ်၊ မျှားမျှား မပြောဘူး။

မရိုးနှင့်မတ် လင်ကိုသတ်။ ။တခါတုန်းက မတ်ကလေးနဲ့ အကို့မိန်းမနဲ့ ဖောက်ပြန်တယ်၊ ဖောက်ပြန်တော့ မိန်းမက "ဒါမင်းအကိုသိလို့ရှိယင် ဒီအမှုတွေ တနေ့နေ့ပေါ်ယင် ကျော်မကောင်းကြားမကောင်းဖြစ်မယ်၊ မင်းအကိုကို သုတ်သင်လိုက်ပါ"၊ 'မတော်တာပဲ မမရာ"၊ ဒီလိုနဲ့နေပြန်၊ နောက်တခါပြောပြန်၊ ဆတ်ချင်လာပြီ၊ သူတို့ဖောက်ပြန်မှုကလဲ မလျှော့ဘူး၊ နောက်တခါ ပြောပြန်တော့ "ဘယ့်နယ်လုပ်သုတ်သင်မတုံး"၊ "ငါကြံမယ်လို့ ဆိုပြီး" မယားက ယောကျ်ားကို "အမလေး....လာပါဦး၊ ခေါင်းတွေ ဘာတွေ သန်းတွေ ဘာတွေ ရှာရအောင်လို့"၊ ခေါင်းသန်းရှာ၊ "ခေါင်းတွေကလဲ ပေလို့၊ ခေါင်းတွေ ဘာတွေ လျှော်ပါဦး ဘဉီးနဲ့" မိန်းမက အင်မတန် ယုယလိုက်တာတဲ့၊ ဓယောကျ်ားကလဲ သိပ်ချစ်တာပဲ သူ့မိန်းမကို၊ "ဘယ်သွားပြီးတော့ ခေါင်းလျှော်ရမလဲ"၊ "ဟို ရေကန်နားကမ်းနားစပ်လေ" ဘယ်နားဆီမှာ အဲဒီနား သွားလျှော်ပါ၊ ခုနက မတ်ကလေးကိုဓတော့ အဲဒီနား မင်း ဓားကိုင်ပြီးဓတော့ အရိုးရှည်ရှည်နဲ့ ဓားကိုင်၊ ဖာခွင့်သာလို့ရှိယင် အဲဒီနား မင်းသတ်ခဲ့ ပြောပြီးသား၊ ဓယောကျ်ားကလဲ မိန်းမခိုင်းတဲ့အတိုင်း သွားရှာတယ်လေ၊ ဟိုမှာ ဓရထဲက ဓခေါင်းလျှော်ယင်း ရေလဲ ငုပ်ရော ဟိုက အရိုးရှည်ရှည်ဓားနဲ့ လှမ်ပြီးတော့ ခုတ်လိုက်တာ ဓလေရော လက်စ လက်နမပေါ်ဘူး၊ ပြီးကြရော။

မြွေအဝ။ ။အဲဒါ ယောကျ်ားက မိန်းမကိုစဲပြီး ဓသသွားတယ်၊ ဓသသွားတော့ ဒီအိမ်ပေါ်မှာ လာပြီးတော့ "မြွေ"ဖြစ်ပါတယ်၊ လင်းမြွေလိုလို, ခုနက မြွေစိမ်းလိုလိုပေါ့ဓလေ၊ အဲဒီလို မြွေကိုလာဖြစ်တာပဲ၊ မြွေမျိုးလာဖြစ်တော့ သူ့မိန်းမကို မြွေဘဝကဓနပြီး ချစ်ရှာဟာ၊ တကြည့်ကြည့်နဲ့၊ ဒါနဲ့ တချိန်တော့ ခုနက သူ့မတ်နဲ့ပေါ့လေ၊ ဒီမရိုးနဲ့ ပျော်ပါးနေတုန်း သူ အိမ်ပေါ်ကဓန ဟိုလျှောက် ဒီဓလျှောက် လျှောက်ရာက သူလဲပဲ စိတ်မထိန်း

နိုင်လှိုလားမသိဘူး လွန်ပြီးကျသွားရော၊ ဟာ....ဒီဓမ္မြ ဘယ်နယ်ဆိုပြီးတော့ သတ်ကြပြန်ရော။

ဓဒ္ဓးဘဝံ။ ။"နှစ်ဘဝ"ရှိပြီ သတ်တာ၊ နောက်တော့ သူ ဒီမိန်းမကို စဲ့လမ်းတယ်၊ ဒုတိယ ဓဒ္ဓးကလေး လာဖြစ်တယ်၊ဓဒ္ဓးကလေးလာဖြစ်လို့ သူနည်းနည်း သွားနိုင် လာနိုင်တယ် ဆိုလို့ရှိယင်ပဲ မိန်းမနောက် တကောက်ကောက်လိုက်နေတာပဲ၊ ဒီတော့ ပတ်ဝန်းကျင် အိမ်တွေက သူ့ကို ကဲ့ရဲ့ကြတယ်၊ လှောင်ကြတယ်၊ "ဟဲ့ ဓဒ္ဓးမုဆိုးကြီး ဘယ်သွားမလို့တုန်း, ဘာတုန်းနဲ့ လှောင်ကြတော့ မိန်းမကလဲ့ရွက်ပြီး၊ရွက်ဓတော့ "အင်း....ဒီဓဒ္ဓးတော့ သတ်မှပဲဆိုပြီးတော့ မိန်းမက သူ့နည်းသူ့ဟန်နဲ့ ဒီဓဒ္ဓးကလေးကို ဆတ်ပါရော၊ "သုံးဘဝ"ရှိပြီ။

နွားဘဝံ။ ။နောက်တခါ ဖီအိမ်မှာပဲ နွားကလေး လာဖြစ်ပြန်တယ်၊ နွားကလေး လာဖြစ်ပြန်တော့လဲ နွားကလေး အရွယ်ကလေး နည်းနည်း သွားတတ်တယ် ဆိုလို့ရှိယင် မိန်းမနောက် လိုက်နေတာပဲ၊ဆနွားစဆုကလေး၊ သိပ်သနားစရာ ကောင်းတာပဲ၊ အဲဒါနဲ့ သူ့ကို လှောင်ကြပြောင်ကြတော့ သူတခါ ဒီနွားကလေးကို သတ်ပြန်ရော၊ "လေးဘဝ" ရှိပြီ၊ ဒါကြောင့် မရိုးနှင့်မတ် လင်ကိုသတ် လေးဇာတ်တိုင်အောင်ပင်–လို့ ဒီလို အတူးကလည့် မှတ်ထားကြတယ်။

ရဟန္တာဖြစ်။ ။ပြီးတော့နောက်တခါန်ကျတော့ ဒီကလေးက ဒီမိန်းမဝမ်းထဲ ဝင်စားပြီးတော့ သားကလေးလာဖြစ်ပြန်တယ်၊ဒီ ဒီကလေးမွေးကတည်းကသူက "ဇာတိဿရဉာဏ်"ရတယ်"၊ ရလို့ ရွေးဖြစ်ဟောင်းတွေကို အောက်မေ့တော့ "ငါ့အမေ တယ်ဆိုးပါလား"လို့ အထိကို မခံဘူး။ ငိုတာပဲ၊ အမေ့တို့ ဘာတို့ နို့တိုက်ဖို့ဆိုတာမပြောနဲ့ အထိကိုမခံဘူးအထိကိုမခံဘူးငိုတာပဲ၊ ဒါနဲ့အဖွားက မွေးရတယ်၊ နို့ဘူးနဲ့ဆိုပါတော့လေ၊ အဲဒီနောက်တော့ နည်းနည်းကလေး နွားလည်းတော့ အဲဒီအချိန်လဲ အမေ အထိမခံဘူး၊ နွားလည်လို့ မေးလို့ မြန်းလို့ ရလောက်တဲ့ အချိန်ထောက်တော့ "ငါ့မြေး ဘာဖြစ်လို့တုန်း၊ အမေကို ဒီလောက် ကြောက်ရအောင် ဘာဖြစ်လို့တုန်း" "အမလေး အမေမဟုတ်ဘူး" ဒီ ရွေးဖြစ်ဟောင်းတွေ, လေးဘဝသတ်တဲ့

အကြောင်းတွေ ပြောတယ်ကိုး၊ "ဟယ်....ဒီလိုဆိုယင် တို့မြေးအဖွား မနေကြစို့နဲ့"ဆိုပြီးတော့ ထွက်သွားတာ၊ ထွက်သွားပြီးတော့ ကျောင်းတကျောင်းမှာ ဒီယောကျ်ားကလေးကလဲ သင်္ဘန်းဝတ်၊ အဖွားက ဘိက္ခုနီ ကျောင်းမှာ သင်္ဘန်းဝတ်၊ "သံဝေဂ"ရလို့, လောကကြီးအငြစ်ကိုငြင်လို့, တရားနဲ့နေလိုက်တာ၊ နှစ်ယောက်လုံး "ရဟန္တာ" ဖြစ်သွားတယ်။

ဒီလို မိန်းမတွေ အမျှားကြီးကို မပြောလိုဘူး၊ အဲဒီ မိန်းမကတော့ သိပ်ဆိုးတာပဲ၊ သိပ်ဆိုးတာပဲ၊ သိပ်ဆိုးပေမယ့် သူ့ကြောင့် ရဟန္တာဖြစ်ကြတာ။[၁]

သူခိုး ဓားရိုးကမ်း။ ။မိန်းမ တယောက်က တက္ကသိုလ် ဆရာကြီးရဲ့ သမီး၊ တက္ကသိုလ် ပညာရှိ၊ စိတ်ချရလို့မို့ ပေးစားလိုက်တာ၊ သွားရော၊ မြားအတတ်တွေ ဘာတွေ အကုန်လုံး တတ်တယ်၊ သိပ်တော်တဲ့ ယောကျ်ား၊ အဲဒါနဲ့ လမ်းမှာ ဒမြတွေနဲ့ တောပုန်းတွေနဲ့ တွေ့တော့ တောပုန်းတွေက ဝိုင်းတော့ ဒီကမြားနဲ့ပစ်တာပဲ၊ အင်း မြားနဲ့ပစ်တော့ တောပုန်းတွေ အကုန်လုံး အတုံးအရုံး သေတာပဲ၊ နောက်တော့ မြားကုန်ရော၊ ဒီတင် တောပုန်းဒမြကြီးနဲ့ လုံးကြထွေးကြတာပဲ၊ သတ္တိ၊ လုံးနိုင်ပါတယ်၊ အဲဒီအချိန်မှာ ဓားက မိန်းမလက်ထဲမှာ ဓားကပါတော့ "မိန်းမ ဓားပေး ဓားပေးဟ" ဆိုတော့ မိန်းမက ဒီတောပုန်းဒမြကြီးကို ကြိုက်နေတာမို့လို့ ဓားကို တောပုန်းဒမြဘက် အရိုးလှည့်ပြီး အရိုးပါတဲ့ဘက် လှည့်ပြီးပေးလိုက်တယ်။

ဒါပေါ့"သူခိုးဓားရိုးကမ်း" ဆိုတာ ဒါပဲ၊ တောပုန်းဒမြကြီးက ဓားရိုးဘက်ကနေပြီး ဓားလုပြီးတော့ ခုတ်လိုက်တာ ယောကျ်ားကြီး သေပါရော၂၊ ဒီတော့ ဒီမိန်းမရော မဆိုးဘူးလား၊ နောက် ပြောစရာတွေ အမျှားကြီးရှိသေးတယ်၊ နှစ်ဝတ္ထုလောက်ဆိုတော်ပြီ၊ အမျှားကြီး၊ ဘုန်းကြီးက အမျှားကြီး သိထားလို့လဲပဲ၊ ဒီလောကကြီးတော့ ဘယ်လိုပဲဆိုတာ စဉ်းစားလို့ ရနေတယ်လေ။

၁။ အင်္ဂုတ္တိရ် အဋ္ဌကထာ၊ ဒု-တွဲ၊ နှာ-၁၀၉-၁၉၀။

၂။ ဓမ္မပဒ အဋ္ဌကထာ၊ ဒု-တွဲ၊ နှာ-၃၄၆။

ဇာတ်အဋ္ဌကထာ၊ တ-တွဲ၊ နှာ-၂၀၅-၂၁၀။

ယုတ်မာတဲ့ ယောကျ်ား။ ။တခါ မိန်းမတွေသာလား ဆိုတော့ ယောကျ်ား တွေကလဲ ယုတ်မာ လိုက်တာ မပြော နဲ့တော့၊ ယောကျ်ားတယောက် သူခိုးကြီး၊ ဘုရင်က သတ်ဖို့ထုအမိန့်ပေးတယ်၊ သတ်ဖို့ထုတ်သွားပြီး၊ သင်္ချေးသမီးက တိုက်ပေါ်ကနေပြီးတော့ကြည့်တော့ ဒီသူခိုးကြီးကို ကြိုက်နေတယ်၊ သူခိုးကြီးဆိုပေမဲ့ အရှယ်ကောင်း နေမှာပေါ့၊ ကြိုက်လို့ သူ့အဖေကို ပြောဘယ်၊ ဒီသူခိုး ရယင်ရရော မရယင်ငတော့ သူသေမှာပဲ၊ ကြိုက်တယ်ဆိုတာကို သူကိုယ်တိုင်က မသိဒတော့ ဘယ်လိုကြိုက်မှန်းလဲ သိမှ မသိပဲကို၊ သူက မရယင် သေတော့မှာပဲတဲ့, သူက မရယင် သေတော့မှာပဲ၊ ဒါနဲ့ အဖေက ငွေတထောင် ပိုက်ပြီးတော့ သူသတ်တွေကို လက်ဆောင်ထိုးပြီးမှ ဒီသူခိုးကြီး ရွေးထုတ်ယူလာခဲ့တယ်၊ သမီးနဲ့ ပေးစားတယ်။

ရဲက် ဘယ်လောက် ကြာသလဲ၊ လ ဘယ်လောက် ကြာသလဲ ဆိုတာ မသိဘူး၊ တခါန်ကျတော့ သူခိုးကြီးက သူ့မိန်းမ သင်္ချေးသမီးကို ပြောတယ်။ "ငါ့ကို သတ်မယ်လို့ လုပ်တုန်းက ငါက ကောင်စောင့်နတ်ကြီးကို တိုင်တည်တယ်၊ သူ့ကို မသတ်အောင် စောင့်ရှောက်ခဲ့ပေးပါ၊ အရှင်နတ်မင်းကြီးကို ပူဇော်ပသပါမယ်လို့ တိုင်တည်ခဲ့တယ်၊ ဒါကြောင့်မို့လို့ အဲဒီနတ်မင်းကြီးဆီသွားပြီးတော့ ပူဇော်ရအောင် မင်းလိုက်ခဲ့ပါ၊ မင်း လက်ဝတ်လက်စားတွေ အကုန်လုံးယူခဲ့နော်၊ နတ်မင်းကြီး ပူဇော်ရအောင် " သူကလဲ ယုံကြည်ပြီးတော့ လက်ဝတ်လက်စားတွေ အခြွေအရံတွေနဲ့ပါပါတယ်၊ တောင်ခြေရောက်ထော့ အခြွေအရံတွေ ထားခဲ့ပြီးတော့ သူတို့နှစ်ယောက် တက်သွားတယ်၊ တောင်ထိပ်ရောက် တောင်စောင်းနားကျတော့....

"နတ်ပူဇော်ဖို့ မဟုတ်ဘူး၊ ငါက မင်းကို သတ်ပြီးတော့ မင်း လက်ဝတ် လက်စားတွေ ယူဖို့လို့ ခေါ်လာဘာ"၊ "အို.... ဘယ်နှယ်ပြောတာလဲ၊ ကျုပ် တကိုယ်လုံး ပိုင်နေတဲ့ဟာ လက်ဝတ်လက်စားလဲ ပိုင်တာပေါ့"၊ "ဒီလို မလို ချင်ဘူး၊ ငါ လက်ဝတ်လက်စားပဲ လိုချင်ဘယ်၊ မင်းကိုသတ်ရမှာပဲ၊" ဒီတင် "ဒီလိုဆိုယင် ကျုပ် အင်မတန်ချစ်လို့ယူထားတဲ့ မောင့်ကို ကန်တော့ပါရစေ" ဘောင်စောင်းမှာနော် ဘောင်စောင်းမှာ၊ လှည့်ပြီးတော့ ကန်တော့ တော့

၁။ ဓမ္မပဒ၊ ဌ၊ ပ-တွဲ၊ နှာ-၄၁၃-၄၁၅။ ထေရီ၊ ဌ၊ နှာ၊ ၁၀၂-၁၀၄။

စတာင်စောင်းထဲ တဖက်စ်းနေတဲ့အခါ တွန်းချလိုက်ကာ သေရော၊ ကန်တော့ဟန် ဆောင်ပြီးတော့ တွန်းချလိုက်တာ သူခို့ကြီး ထေရော။

ဒါတော့ ဘုန်းကြီးက သဘောကျတယ်၊ သူခိုးကြီးကလဲ မတရားလိုက်တာမှ၊ ကြည့်စမ်းပါအုံး သူ့ကို ရှေးနှုတ်ပြီးတော့ယူထားတဲ့ ဇးမျိုးသမီးကို သူက သတ်ပြီးတော့ လက်ငတ်လက်စားကို ယူမလို့တဲ့၊ ဘယ်လောက်များ၊ မတရားတဲ့ ယောကျ်ားလဲလို့၊ အားလုံး ယောကျ်ားတွေ-လို့တော့ မဆိုနဲ့၊ ဒီယောကျ်ားကတော့ မကောင်းတာအမှန်ပဲ၊ မကောင်းတာပဲ။

တခါလဲ သဋ္ဌေးသားတွေ ပြည့်တန်ဆာမကို တေးထဲ ခေါ်ပြီးတော့ ပြည့်တန်ဆာမနဲ့ ပျော်ပါး၊ ပြည့်တန်ဆာမကလဲ သဋ္ဌေးသားတွေနဲ့ ဆိုတော့ လက်ဝတ်လက်စားတွေဝတ်ပြီး အကျလိုက်လာတယ်၊ ဖျော်ပါးပြီးတော့သူ့ကို ပေးဖို့ နေနေသာသာ အဲဒ်ပြည့်တန်ဆာမကို သတ်ပြီးတော့ လက်ငတ် လက်စားတွေ ယူသွားကြတယ်၊ ဘယ်လောက်များ ဆိုးသလဲ၊ သူခိုးကြီးထက် ဆိုးမလားမသိတူး၊ ဒီလို ယောကျ်ားတွေလဲ မနဲပဲ[၁]။

ဒါကြောင့် "မဃဒေဝလက်ံာ ဆရာတော်ကြီး" က ဒီ မိန်းမ ယောကျ်ား လို ခွဲမနေပါနဲ့တဲ့၊ ခေတ်ဆဘောပါ၊ ဒီလိုခုည်းပါပဲ၊ အသိအလိမ္မာ ဉာဏ်ပညာ ဗဟုသုတမရှိလို့ရှိယင် ယောကျ်ားလဲမကောင်း၊ မိန်းမလဲ မကောင်းပါဘူးတဲ့၊ လက်ဝါးနဲ့ လက်ခုံပါပဲတဲ့၊ ဘာမှ မထူးပါဘူး။

ဘုန်းကြီးက ဒီလိုဆိုလို့ရှိယင် မိန်းမတွေအပြစ်ကို စာက ဘာကြောင့် ပြောရလဲဆိုလို့ရှိယင် မိန်းမတွေ အပြစ်ဟာတဲ့ အချိန်တုန်းက ရဟန်းတော်တွေ မိန်းမကို အကြောင်းပြုပြီးတော့ မပျော်တဲ့အချိန်၊ အဲ မပျော်တဲ့ အချိန်မှာ ဗုဒ္ဓ မြတ်စွာက မိန်းမတွေရဲ့ အပြစ်ကို များများ ဟောတော်မူပါတယ်၊ သူ့ အကြောင်းနဲ့သူနဲ့ ဟောတာပါ။ မိန်းမတွေက ထူးပြီးဆိုးလို့ မဟုတ်ပါဘူး။ ဆဲဆောင်အား။ ။ဒါကြောင့် မိန်းများက အသိဉာဏ်ပညာ ဗဟုသုတရှိဖို့ သိပ်လိုပါတယ်၊ ယောကျ်ားရဲ့ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတွေ အားလုံးကို သိပ် ဆဲဆောင်နိုင်ဘူးယ်၊ သိပ် ဆဲဆောင်နိုင်ဘူးယ်၊

၁။ ဇာတ်အဋ္ဌကထာ၊ တ-တွဲ၊ နှာ-၅၄-၅၈။

ယောကျ်ားတွေကလဲ မိန်းမတွေရဲ့ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌပ္ပ တွေဟာ ယောကျ်ားတွေရဲ့စိတ်ကို ဆွဲဆောင်နိုင်တယ်ဆိုတာကို အားလုံး နားလည်ပြီးတော့ သတိနဲ့ နေကြရပါမယ်၊ မိန်းမတွေ ဒီလောက်ဆိုးပေမယ့်လို့ ဘုန်းကြီးတို့ ဘုရားအလောင်း ဘဝတုန်းက အဖြစ်အပျက်ကို "ဘုထူးဖြစ်တဲ့အခါ မိန်းမတွေရဲ့အပြစ်ကို ဖော်ပြီး ဟောရတာက သာကီဝင်မင်းသား ရဟန်းတော် ငါးထူ၊ သူတို့ရဲ့ ဇနီး မိန်းမတွေရဲ့ အာကြောင်းတွေကို ပြောပြောပြီးတော့ လူထွက်ဖို့ချန် ပြောကြလွန်းလို့ ဟောရဘာပါ"၊ သဘာဝအားဖြင့် မိန်းမတွေရဲ့ အပြစ် ကြီးလွန်းလို့ ဟောရစာ မဟုတ်ပါဘူး။

မဟာဟံသဇာတ်။ ။ဘာဖြစ်လို့တုံးဆိုတော့ "မဟာဟံသ" ဇာတ်တော်မှာ ပြောတဲ့ စကားက ဘုန်းကြီးလေ မပြောဘူး၊ မပြောဘူး၊ ဒီပြင်နေရာမှာ မပြောဘူး၊ ဘာပြုလို့ မပြောတုံးဆိုတော့ မိန်းမတွေ မြောက်တယ်လို့ ထင်ကြမှာစိုးလို့ မပြောတာ။

မုဆိုးဖမ်းမိ။ ။မဟာဟံသ ဇာတ်တော်မှာ ဘုရားအလောင်း ရှေဟသ်ာ ကဟသ်ာကိုးသောင်းရဲ့မင်း၊ အရှင်အာနန္ဒာအလောင်းက သုမုခစစ်သူကြီးဖြစ်တယ်၊ နောက်ဆုံးတော့ တိုတို ဒီဇာတ်ရဲ့အလိုက "ခေမာ"ဘေးမဲ့ရောကန်ကြီးကို ဖန်ဆင်းပြီးတော့ ရှေဟသ်ာမင်းကို ဖမ်းချင်လို့ စီမံတဲ့အခါမှာ ဘုန်းကြီးတို့ ဘုရားအလောင်း ရှေဟသ်ာက ရှေ့ဆောင် တောက်ခေနတယ်၊ "သုမုခ" စစ်သူကြီးကလဲ ရှေ့ဆောင်ခံတောက်နေတယ်။

အဲဒီရှေဟသ်ာနှစ်စီးကို ဆန္ဒအမတ်က ပုဆိုးအဖြစ်နဲ့ ဖမ်းရပါဆော၊ရပါဆော ဆိုပါမတော့၊ မိတာက ရှေဟသ်ာမင်းကို မိတယ်၊ ဘုရားအလောင်း ရှေဟသ်ာမင်းကို မိပေမယ့်လို့ အရှင်အာနန္ဒာအလောင်း သုမုခ စစ်သူကြီးက အနားကမခွာဘူး။

သုမုခပြောပုံ။ ။အဲဒီတစ်ပုဆိုးက ပြေးလာတဲ့အခါမှာ သုမုခ စစ်သူကြီးက ရှေ့ကနေ ဝဲပြီးတော့ "ဘာပြုလို့ဖမ်းတာတုံး"၊ အသားကို စားဖို့ဆိုယင် သူနဲ့ ခုမိတဲ့ ရှေဟသ်ာမင်းနဲ့ အတူတူပါပဲ၊ သူ့ဆတ်ပါ၊ ကျုပ်

၁။ ဇာတ်အဋ္ဌကထာ၊ ပဋ္ဌမတွဲ၊ နှာ-၃၇၇-၄၀၇။

အသားစားပါ၊ အလှူအပ ကပြ ပြီးတော့ ငှေတွေ ရအောင်လှိုဆိုယင် ကျုပ် ကတတ်ပါတယ်၊ ကျုပ်ဖမ်းသွားပါ၊ ဒီဟာသ်ကိုတော့ လွှတ်ပါ၊ ခုပိုနေတဲ့ ဟုသ်ကတော့ ဟသ်ကိုးသောင်းရဲ့မင်းပါ၊ ဒီဟသ်ကိုတော့လွှတ်ပါ၊ သူက မေတ္တာရပ်ခံတယ်၊

နဂိုကလဲ အဆက်ပါတယ်မဟုတ်လား၊ "ဆန္ဒ" အမတ်လောင်းကိုး၊ ဒါနဲ့ ဒီဘုထူးအလောင်း ရှေဟသ်ဘမင်းဆီ သွားပြီးတော့ ကျော့ကွင်းကို အသာ ကလေးဖြုတ်တယ်၊ ဒီကျော့ကွင်း မိတုန်းကလဲ ဘုထူးအလောင်း ရှေဟသ်ဘ ရုန်းပါတယ်၊ ရုန်းတော့ အရေပါးတွေ ပြတ်တယ်၊ အရေထူတွေ ပြတ်တယ်၊ အသားတွေပြတ်တယ်၊ နောက်ထပ် ရုန်းလို့ရှိယင် အရိုး ပြတ်ကောင်းမှာမို့လို့၊ ဟာ....ရှင်ဘုရင်ဆိုတာ သေတာပဲ ကောင်းတယ်၊ ဇာရိုးကျိုးနေတဲ့ ထောင်းထောင်း ရှင်ဘုရင်တော့ မကောင်းပါဘူးဆိုပြီးတော့ ဒီလို ရပ်နေတာ၊ နို့မို့ကျိုးမှာ။

အဲဒါ အသာကလေးဖြုတ်ပြီးတော့ ကမ်းစပ်မှာ မြက်ခင်းပေါ်မှာ အသာ ကလေးချ၊ ရေကလေးတွေ ယူပြီးတော့ သုတ်ပြီး မေတ္တာနဲ့ မေတ္တာနဲ့ မေတ္တာ အပြည့်ဆုပ်၊ အဲ ဆုပ်ပြီးတော့ အသာလှတ်လိုက်တယ်ဆိုယင်ပဲ ဘုရားအလောင်း ထောက်နိုင်လာပြီ၊ ဝမ်းသာလိုက်တာ သုမုခစစ်သူကြီးကလည်း ဝမ်းသာလိုက်တာ၊ မုဆိုးကလည်း ဝမ်းသာလိုက်တာ။

ရှင်ဘုရင်ဆီက ဆုတော် လာဘ်တော် ရမှန်း သိရက်သားနဲ့ မုဆိုး ဘယ်လောက် သတ္တိရှိသလဲဆိုယင်၊ ဒင်း ဘာဖြစ်လို့ ဖမ်းတာတုန်း၊ ရှင်ဘုရင်ရဲ့ မိဖုရားက တရားနာချင်လို့၊ ရှင်ဘုရင်က အဖမ်းခိုင်းလို့ ဖမ်းရပါတယ်၊ ခုတော့ အရှင်နှစ်ပါးစလုံး ပြန်ကြပါတော့၊ ကြည့်စမ်း သူဘေးသင့်ချင် သင့်ပါစေ၊ ပြန်လွှတ်တာပဲ၊ ဘုန်းကြီးက ပါရမီဖြည့်ဖက်တွေ့လေ သဘောကျလွန်းလို့၊ ပြန်လွှတ်တော့ "သုမုခ"စစ်သူကြီးက နဲနဲ လျှောရှည်ကယ်၊ ရှင်ဘုရင်က အဖမ်း ခိုင်းလို့ရှိယင် ပြန်လွှတ်လို့ သင့်မှာ ဘေးရန် သင့်လိမ့်မယ်၊ မလွတ်နှင့်ဦး၊ တို့ကို ရှင်ဘုရင်ဆီပို့ပါ။

ဘုထူးအလောင်းက ဒါကို တယ်ပြီး သဘောမကျဘူး၊ သဘောမကျပေမယ့် မပြောဘူး၊ သုမုခကြောင့်လဲ လွှတ်နေပြီ၊ ဟာ မဟုတ်ဘူး၊ ရှင်ဘုရင်ဆိုတာ

စိတ်မချရဘူး၊ တော်တော်ကြာ ညဉ့်နေ စားဖိုဆောင်က တို့ ဟင်းသား ချက်လိုက်ဟော့ဆို မခက်လား၊ ရှင်ဘုရင်ဆီ မလိုက်ချင်ပါနဲ့၊ အို အသင့်ကို တောင်မှ တို့ ပြောလို့ရသေးတာပဲ၊ ဉာဏ်ရှိတဲ့ ရှင်ဘုရင် တို့ ပြောလို့ရမှာပေါ့၊ တို့ကို ပိုသာ ပိုလို့ဆိုဘော့ ဆန္ဒအာမတ် မုဆိုးကဆိုင်းတွေ ဘာဖေတွေပြင်ပြီးတော့ ဓားက ပန်းတွေ ဘာဓတွေ ကြာပန်းတွေ ဘာတွေ ရံပြီးတော့ ဆိုင်းနှစ်ဘက် တင်ပြီးတော့ ထမ်းပြီး နန်းတော် ယူရတယ်ကို့။

ဟင်္သာမင်း စိုးရိမ်။ ။အဲဒီတင် ဘုန်းကြီးတို့ ဘုရားအောလောင်း ဟင်္သာမင်းက

အင်း-ဟင်္သာလို ဘာသာနဲ့ ပြောတယ်ကို့၊ "ငါ့ရဲ့ ဟင်္သာဒဝီမကလေးကတော့ တို့ ပြန်မလာလို့ရှိယင် သေပြီလို့ ယူဆပြီးတော့ သူ့ကိုယ်သူ သတ်ခဿမှာ ငါစိုးလို့ကဘာဓနာ်" အဲသလို ဟင်္သာလိုပြောလို့ကဘော့ "သုဇာ" အာနန္ဒာအောလောင်းက ဟင်္သာမင်းက ဒီလောက်ကြီးကျယ်တဲ့ ဟင်္သာကိုးသောင်းရဲ့ အုပ်ချုပ်တဲ့ ရှင်ဘုရင်လုပ်နေတဲ့ သူက မိန်းမကလေး တယောက်အတွက် စိတ်အားငယ်နေရသလား၊ လို့ကြိမ်းပါရောလား၊ ဟုတ်တော့ ဟုတ်ဘယ်၊ ဘုရားအောလောင်းက သူ အခု မတော်တဆမျှား သေသွားလို့ ရှိယင် သူ့ဟင်္သာဓဒဝီကလေးဟာ ဟင်္သာဒဝီကလေး ချောကြောင်းလဲ သူ ထည့်ပြောတယ်၊ တို့ မရောက်ခင် ဟင်္သာဒဝီကလေး စိတ်အားငယ်ပြီး သူ့ကိုယ်သူ သတ်သေလိုက်ယင် ဒုက္ခပဲ၊ အဲဒါပြောလို့။

ဧဝံ မဟန္တော လောကဿ၊ အပ္ပမယ္ယော မဟာဂဏီ။
ဓကီဘ္ဆိ' မနုသောစေယ္ယ၊ နယိဒံ ပညာဝတာ မိဝ။

သုမုခပြောပုံ၊ ။ဒီလောက်ကြီးကျယ်တဲ့ လောကကြီးရဲ့ အားကိုးထုဖြစ်တဲ့ ပုဂ္ဂိုလ်ဘဉီးဖြစ်တဲ့ ရှင်ဘုရင်တဉီးက မိန်းမကလေးအတွက် စိုးရိမ်ဝမ်းနည်းနေဘယ် ဆိုတာဟာ လူကြီး လူဓကောင်း မပီသပါဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ပေါ့လေ၊ ကြီးကျယ်တဲ့ပုဂ္ဂိုလ် မပီသပါဘူးလို့ ပြောတော့ ပြောရုံ တင်မကဘူး မိန်းမတွေ အပြစ်တွေ သိပ်ပြောတာပဲ။

မာယာ ဓစတာ မရိစီ စ၊ သောကာ ဆောဂါ စုပဒ္ဒဝါ။
ခဏ စ ဗန္ဓနာ ဓစတာ၊ မစ္စုပ္ပါသာ ဂုဟာသယာ။[1]

၁။ ဇာတကပါဠိတော်၊ ဒု-တွဲ၊ နှာ-၉၂-၉၃။ (မဟာဟံသဇာတ်။)

မိန်းမစတွေဆိုတာဟာ ငှက်သော ဘာစသော ဟသ်ာသော မထူးဘူးဒီဓားတ်သဘောဟာ ဒီလိုချည်းပဲ၊ ငှက်သော ဘာသော မထူးဘူး၊ ပရိယာယ်မာယာ အင်မတန် များတာပဲ၊ ပရိယာယ်မာယာ အင်မတန်များတာပဲ၊ ဟိုရေ "တံလျှပ်"ဆိုတာဟာ အဆောင်က ရေရောင်ပေါက်နေလို့မို့ မနက်စောစော ဆိုယင် ရေပြင်ကြီးလို့ ထင်ရတယ်၊ တကယ်ရေပြင်မဟုတ်ပါဘူးရေအရောင်ပေါက်နေတဲ့ "တံလျှပ်"ပါ၊ မိန်းမတွေက ဒီလိုပဲ၊ အထင်တမျိုးပဲတဲ့။

တကယ် အတွင်းကတမျိုးတဲ့၊ "တံလျှပ်"နဲ့ တူပါတယ်၊ ပရိယာယ်မာယာလဲ အလွန်များတယ်၊ ဒီ သူတို့အကြောင်းပြုပြီးတော့ ဝမ်းနည်းရောတွေ့လဲ အင်မတန်ပြည့်နေတာပဲ၊ ဒီသူတို့အကြောင်းပြုပြီးတော့ ရောဂါဘယ ဖြစ်ဖို့ရန် အင်မတန် များတာပဲတဲ့၊ ဒါကြောင့် မိန်းမတွေကို ဒီလောက်ဥစ္စာပေးပြီးတော့ လွှမ်းဆွတ်မနေရပါဘူးလို့ အပြစ်တွေပြောပြီးတော့ ကြိမ်းတာလို့။ ဟသ်ာမင်း အပြော။ ။ဒီလိုကြိမ်းတော့ ဘုရားအလောင်းက ငယ်နိုင်မဟုတ်လား၊ တကယ်လဲ သူလှမ်းနေရှာတာ၊ ငယ်နိုင်ဖြစ်စတော့ အသင်ကဟော့ ခု သေပန်းပွင့်နေလို့၊ ရှင်ဘုရင်ဆီရောက်လို့ နှိုယင်သေမှန်းမသိဘူး၊ ဟိုက ဒီမှုဆိုးက ပြန်ပါတော့လို့ ပြောတာတောင် သူကလျှာရှည်ပြီးတော့ မပြန်နဲ့ ရှင်ဘုရင်ဆီ ပို့လေး ဘာလေးနဲ့ ရှင်ဘုရင်ဆီရောက်ယင် ချက်ခိုင်းလိုက်ယင် ဘယ်နှယ်လုပ်မတုံး၊ ခု သူက သေပန်းပွင့်နေတာ၊ သေခါနီးမို့လို့ တရားတွေနဲ့ ဘာတွေနဲ့။

တချိန်တုန်းက သုမုခ ဘယ်သွားတုန်းဆိုတော့ သူ့ဟသ်ာမလေးနဲ့ပျော်နေတယ်လို့ ငါ့ကို ပြောကြတယ်၊ ဆင်က ခုမှသေခါနီးမို့လို့ သေပန်းပွင့်နေတယ်၊ မင်းက သေခါနီးမှာ တရားတွေ ရနေတယ်။

ယံ ဝုဒ္ဓေဟိ ဥပညာတံ၊ ကော တံ နိန္ဒိတု မရဟတိ။
မဟာဘူတိ'တ္ထိယော နာမ၊ လောကမှိ ဥဒပဇ္ဇိသုံ။[၁]

ဝုဒ္ဓေဟိ၊ လူကြီး လူကောင်းတို့က။ ဥပညာတံ၊ အသိအမှတ်ပြုအပ်တဲ့မာတုဂါမ မိန်းမဟူသော ဝတ္ထုကို။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ကဲ့ရဲ့ခြင်းငှာ။ အရဟတိ၊ ထိုက်ပါအံ့နည်း။

၁။ ဇာတကပါဠိ၊ ၃-တွဲ၊ နှာ-၉၃။ (မဟာဟံသဇာတ်)

လူကြီး လူကောင်းတွေက အသိအမှတ်ပြုထားတဲ့ ဒီမိန်းမသားဆိုတဲ့ဟာ အားလုံးကတော မဟုတ်ပါဘူး၊ လူကြီး လူကောင်းတွေ အင်မတန် မြတ်မြတ် နိုးနိုး ဆက်ဆံနေကြတာပါတဲ့၊ ဒါကို ဘယ်သူ ကဲ့ရဲ့ထိုက်မတုံး။

မဟာဘူတိတ္ထိယော နာမ၊ လောကမှိ ဥဒပဇ္ဇိသုံ။

မဟာဘုတ်တွေ အကြောင်းပြုပြီးတော့ မိန်းမလို့ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေဟာ ကမ္ဘာတည်စတုန်းက သူတို့က အရင်စပြီးတော့ ဖြစ်ကြတယ်တဲ့၊ ဒါက ဘုရားအလောင်းအယူအဆနော်။ ဒီအပြင် ကျမ်းတကျမ်းကတော့ ယောကျ်ားတွေက အရင်စဖြစ်တယ်လို့ ပြောပါတယ်၊ ထားပါတော့လေ။

ခိဠာ ပဏိဟိတာ တျာသု၊ ရတိ တျာသု ပတိဋ္ဌိတာ [၁]။

ခိဠာ၊ ကိုယ်နဲ့နှာတ်နဲ့ မြူးတူးပျော်ပါးခြင်းတို့သည်။ တျာသု၊ သူတို့ မိန်းမ လား၊ တို့အပေါ်၌။ ပဏိဟိတာ၊ တည်ကြလေကုန်၏။

မိန်းမတွေရှိလို့ လောကကြီးစိုပြေ။ ။မိန်းမတွေမရှိပဲနဲ့ ယောကျ်ားတွေချည်း နေကြည့်စမ်း၊ ကမ္ဘာလောကကြီးထဲမှာ ယောကျ်ားဆိုတဲ့ သတ္တဝါတွေချည်း နေကြည့်စမ်း၊ မိန်းမတွေမရှိပါဘူး ဆိုပါတော့၊ ဒီလိုဆိုယင် ခန္ဓာကိုယ်နဲ့စိတ် ခန္ဓာကိုယ်နဲ့စိတ် ရှင်ရှင်ပျပျ နေစရာကို မရှိဘူး၊ ယောကျ်ားတွေချည်း နေကြည့်စမ်း၊ နှုတ်နဲ့လဲပဲ ရယ်လား မောလားနဲ့ ချစ်ချစ်ခင်ခင် ပြောစရာကို မရှိဘူးတဲ့၊ လောကကြီး သိပ်ခြောက်ခသွဲ့နေမှာ။

မိန်းမတွေရှိလို့ စိုစိုပြေပြေရှိတာတဲ့၊ မိန်းမတွေမရှိလို့ရှိယင် လောကကြီး မှာလေ ခြောက်သွဲ့ပြီးတော့ အသက်မရှိသလိုကို၊ ယောကျ်ားတွေ မနက် အိပ်ထကထ, ဘာလုပ်ကြမတုံး၊ ဘာမှ လုပ်စရာ မရှိပါဘူး၊ ထမင်းစားဖို့ ဘာဖို့ ခက်တာမှ မဟုတ်ပဲနဲ့၊ တက်တက်ကြွကြွနဲ့ နေတယ်ဆိုတာ မိန်းမတွေ ရှိလို့။

မိန်းမတွေကြောင့်မို့လို့, သူတို့စိတ်ချမ်းသာပါစေတော့လို့, စားဖို့သောက်ဖို့ ရှိပါစေတော့လို့, သူတို့ ဖွားမြင်တဲ့ သားစတွ သမီးစတွ စားကြ သောက်ကြ

၁။ ဇာတကပါဠိတော်၊ ဒု-တွဲ၊ နှာ-၉၃။ (မဟာဟံသဇာတ်)

ပါစေတော့လို့ ယောကျ်ားတွေ တက်တက်ကြွကြွနေတာပါတဲ့၊ မိန်းမတွေဆာ မရှိလို့ရှိယင် အိမ်တွေယာတွေ မရှိပါဘူး၊ အလကားခြောက်ခြောက်သွေ့သွေ့ တောကြီးပါတဲ့၊ ဒီမိန်းမတွေကြောင့် လောကကြီးဟာ စိုစိုပြေပြေ ရှိတာ၊ ကိုယ်အားဖြင့် ပျော်ပျော်ပါးပါး နေနိုင်တာ မိန်းမတွေကြောင့်၊ နှုတ်အားဖြင့် ပျော်ပျော်ပါးပါး ရယ်လားမောလားနေတာ မိန်းမတွေကြောင့်၊ ကိုယ် နှုတ်နှစ်ပါး ပျော်ပျော်ပါးပါး ရွှင်ရွှင်ပျပျ နေနိုင်တာ မိန်းမတွေကြောင့်၊ မိန်းမတွေရှိလို့ လောကကြီးမှာ နေနိုင်တာပါ။

ဒီတော့ စိတ်နဲ့ ပျော်ပျော်ပါးပါး မွေ့.မွေ့.လျော်လျော် နေနိုင်တာဟာ-

ရတီ၊ ကာမဂုဏ်အားဖြင့် ပျော်မြူးခြင်းသည်။ တျာသု၊ ထိုမိန်းမတို့ အပေါ်၌။ ပတိဝိတာ၊ တည်လေ၏။

မိန်းမတွေရှိလို့ စိတ်အားဖြင့် ပျော်ပျော်ပါးပါး နေနိုင်တာ၊

ဗီဇာနိ တျာသု ရဟန္တိ၊ ယဒိဒံ သတ္တာ ဇာယရေ။[၁]

ယဒိဒံ သတ္တာ၊ သံသရာမှ မှန်စွာလွတ်ကြောင်း၊ လမ်းကောင်းကိုပြ ဗုဒ္ဓ မြတ်စွာ လောင်းလျာညွှန်ဖူး အကြင်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့သည်။ ဇာယ-ရေ၊ အခွင့်လျော်စွာ ပွင့်ပေါ်လာကြလေကုန်၏။ တေသံ၊ ထိုဗုဒ္ဓမြတ်စွာ လောင်းလျာညွှန်ဖူး ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏၊ ဗီဇာနိ၊ အကြောင်းရင်းမှန် ပဋိသန္ဓေ တည်နေခိုအောင်း မျိုးစေ့ အပေါင်းတို့သည်။ တျာသု၊ မိန်းမတို့ အပေါ်၌။ ဇာယရေ၊ သိကြားဗြဟ္မာ မင်းမဟာတို့ ဆင်းကာကူညီ ပေါက်ထောက် ဖြစ်ပေါ်ရလေကုန်သတည်း။

သာဓု.....သာဓု.....သာဓု။

၁။ ဇာတကပါဠိတော်၊ ဒု-တွဲ၊ နှာ-၉၃ (မဟာဟံသဇာတ်)
ပဋ္ဌာန်း-၂၅

မိန်းမဟာ သံသရာက လွတ်ကြောင်း။ ။လောကကြီးထဲမှာ မိန်းမတွေသာ မရှိလို့ရှိယင် ဘုရားမဖြစ်ပါဘူးတဲ့၊ ဘုရားဖြစ်လို့မို့ တရားထူး တရားမှန်တွေကို သိကြရတာပဲ၊ အဲဒီ တရားစစ် တရားမှန်တွေကို ဟောနိုင်တဲ့ ဘုရားအလောင်းတွေဟာ ဘယ်မှာဖြစ်ကြတုံး ဆိုလို့ရှိယင် မိန်းမတွေရဲ့ ဝမ်းဗိုက်ထဲမှာဖြစ်ကြရပါတယ်၊ မိန်းမတွေသာမရှိလို့ ရှိယင်တော့ လောကကြီး ပျောက်စရာ မရှိတဲ့အပြင် သံသရာက လွတ်ကြောင်းလဲ မရှိနိုင်တော့ပါဘူးလို့ ပြောချလိုက်တော့ သုမုခစစ်သူကြီး မှန်လဲမှန်တာဖြစ်လို့ မလှုပ်တော့ဘူး။

ပါရမီ ဖြည့်ဖက်တွေ။ ။ဗုဒ္ဓမြတ်စွာကလေ မိန်းမသားတွေ အကြောင်းကို အကောင်းဆုံး ဟောတဲ့ တရားဟာ ဒီနေ့ဆိုမှာ ရှိတာပဲ၊ ဗုဒ္ဓမြတ်စွာကလေ မိန်းမတွေ အထင်မသေးပါဘူး၊ အထင်မသေး ရုံတင်မကဘူး၊ ပါရမီဖြည့်ဖက် သဘောမျိုးနဲ့ အမရာဒေဝီတို့ ကူညီလို့၊ ဒီမဟောသဓာ ကိုယ်တိုင် ထုတ်ပြီးတော့ ရှာတာပဲ၊ အမရာဒေဝီ နဲ့လမ်းတွေ့တဲ့ အခါမှာ အဲ....ရုပ်အဆင်းကိုလဲ မင်တယ်၊ သူ့ရဲ့ ပုံပန်းသဏ္ဌာန်ကိုလဲ သဘောကျတယ်၊ အမရာဒေဝီကို သူပဲ ရအောင် စီမံခဲ့တယ်၊ ဒီ အမရာဒေဝီရဲ့ အကူအညီကြောင့်ပဲ၊ မဟောသခါ ထုတ်ပြေးတော့လေ သိန်း, ဒေဝိန်း, ကာမိန်း, ပဂုတ်တို့ကလဲ "ကဲ....မဟောသဓာတော့ ထုတ်ပြေးပြီ၊ အမရာဒေဝီတော့ ငါတော့ ရအောင်ယူမှပဲ" ဆိုပြီးတော့ သေနက အမတ်ကြီးကလဲ အမရာဒေဝီထံ လူပျိုလာလှည့်တယ်၊ သူက လူပျို မဟုတ်ပါဘူး၊ လူအို လှည့်တာ၊လူအို လှည့်တော့ အမရာဒေဝီက အဲ....ည ဘယ်အချိန်လာပါကိုး၊ နောက် ဇေဝိန္ဒ, ကာမိန္ဒတို့ ပဂုတ်တို့ အသီးသီးလာကြတယ်၊ လာပြီး ၁-နာရီစီလောက်ခွာပြီးတော့ သူချိန်းလိုက်ဘယ်၊ ၄-ယောက်စလုံး ချိန်းပြီးတော့ယင် နဂိုက သူတို့ အိမ်မှာ ရေတွင်းရှိဟန်တူတယ်၊ အဲဒီတွင်းထဲ မစင်တွေထည့်၊ အဲဒီအပေါ်က ပျဉ်ပြားတွေ ဖုံးအုပ်ထားတယ်၊ ရေချိုးခိုင်းမယ် ရေများချိုးလို့ရှိယင် ပျဉ်ပြားတွေ ဆွဲဖွင့်လိုက်မယ်၊ ပျဉ်ပြားတွေလဲပဲ ဘေးကဆွဲလိုက်ယင် လွယ်လွယ်ကလေး ရအောင်လုပ်ပြီး ပျဉ်ပြားတွေပိတ်ထားတယ်။

လာပြီ၊ ညဘက် လေနဟမတ်က အဲ–သူတော့ မဟောသဓ မရှိတုန်း အခြောင်ပဲဟလို့ လာလိုက်တာ၊ နေဦးလေ စကားစမြည် ပြောတာပေါ့၊ သွားပါဦး၊ ရေချိုးပါဦး၊ ရေမိုးချိုးပြီးနောက် ပျော်ပျော်ပါးပါးနေရတာ ကောင်းပါတယ်။

အဲ .. ဟုတ်သားပဲ ဆိုပြီးတော့ ခုနက ပျဉ်တွေဖုံးထားတဲ့ ရေတွင်းပေါ် ရေသွားချိုးတုန်း ပျဉ်ပြားကြီး ဆွဲချလိုက်တယ်ဆို တခါထဲ အောက်ကျသွား တာပဲ၊ ဘယ့်နှယ်မှ သူမစင်တွင်းမှ မတက်နိုင်တော့ဘူး၊ အော်လဲ မအော်ဝံ့ တော့ဘူး၊ ဘယ့်နှယ်မှ မတွေ့နိုင်တော့ဘူး၊ ဒေဝိန်းတို့လာ ဒီအတိုင်းချ၊ ဟင် ... အမတို့ကြီး ရောက်နေသကိုး၊ အင်း ... အင်း၊ နောက် ကားမိန်း ပဂုတ် တို့လာ၊ ၄-ယောက်စလုံး ဒီတွင်းထဲ တွေ့နေကြပြီ။

မဟောသဓ ပြေးရတာလဲ သူတို့ ကုန်းတိုက်လို့ ပြေးရတာ၊ အရှင်မင်းမြတ် ကြည့်စမ်း၊ 'ယခု အရှင်မင်းမြတ် သန်လျက်လဲမရှိဘူး၊ ပေါင်းတော်လဲမရှိဘူး၊ မဟောသဓ ခိုးထားတာ၊ မဟောသဓကာ ရှင်ဘုရင်ပြစ်ဖို့ ကြံစည်နေတာ' လို့ သူတို့ပဲ ပြောတာ၊ သူတို့ပဲ ပြောပြီးတော့ ဒီပစ္စည်းတွေကို မဟောသဓ အိမ် ရောက်အောင် သူတို့အိမ်က ကျွန်မတွေကို စေးရောင်းသလို အရောင်းခိုင်း ပြီးတော့ ....

ဒီအမရာကလဲ အကြောင်းတော့ရှိတယ်ဆိုပြီး စာနဲ့ရေးပြီးတော့ 'ဘယ်နေ့ ဘယ်ရက်က ဘယ်သူ့အိမ်က လာရောင်းတယ်" ဆိုတာ စာနဲ့ရေးမှတ်ထားတာ၊ အဲဒီလို အကုန်လုံး ရေးမှတ်ထားတာ။

မနက်ကျတော့ အမတ်ကြီး ၄-ယောက်ကို ရေတွင်းထဲကဆယ်၊ သူ့မှာလဲ သူ့ပရိသတ် အခြေအရံနဲ့ ဘာကြောက်စရာရှိတုံး၊ ခေါင်းတုံးရိတ်ရေချိုးခိုင်း၊ ရေချိုးခိုင်းပြီး ဖျာလိပ်နဲ့လိပ်ပြီးတော့ယူ၊ ယူပြီးတော့ သူတို့ လာပို့ထားတဲ့ သန်လျက်တို့ ဘာတို့ ယူလာပြီးတော့ ရှင်ဘုရင်ဆီ သွားတာပါပဲ၊ ဘယ်လောက် သတ္တိကောင်းထားတုံး။

ရှင်ဘုရင်ဆီကို ဖျာလိပ်ကြီး လေးလိပ်နဲ့ သွားတာပဲ၊ အရှင်မင်းမြတ် မျောက်ကြီး ၄-ကောင် ဆက်ချင်လို့ပါ အရှင်ဘုရား၊ အရှင်မင်းမြတ်က ကျွန်မရဲ့ ယောကျ်ားကို ပုန်ကန်လိမ့်မယ်လို့ ဆိုတယ်၊ ဟောဒီ သန့်လျက်ဟာ ဘယ်သူ့အိမ်ကပါ၊ ဘယ်နေ့ဘယ်ရက်က လာရောင်းတာပါ၊ တယ်သူ့အိမ်က ပါ၊ ဘယ်နေ့ ဘယ်ရက်က လာရောင်းတာပါ၊ လက်မှတ်တွေနဲ့အကုန် လက်မှတ်ထိုးခိုင်းလိုက်တယ်၊ အကုန်လုံးထိုးပြီးတော့ ရှင်ဘုရင်ကိုပြ၊ မျောက်ကြီး ၄-ကောင်ဆိုတာလဲ ဖျာလိပ်ကြီးဖင့်ပြီးပြ၊ ရှင်ဘုရင်ကြီးလဲ ဘယ့်နှယ်မှမတတ်နိုင်ဘူး၊ အဲ....အင်မတန် မြတ်မြတ်နိုးနိုးထားတဲ့ သုခမိန် အမတ်ကြီးတွေကိုး၊ အမထုလဲ အပြစ်မတင်နိုင်ဘူး၊ သူ့အမတ်ကြီးတွေကိုလဲ ဘာမှမပြောနိုင်ဘူး၊ သည်ဟာက နောက်ခတော့ မဟောသဓာ ပြန်ရောက်လာတာပါပဲ။

ကြည့်စမ်း အမထဒေဝီလဲ ဘယ်လောက် ပါရမီ ဖြည့်ဖက် ဖြစ်သလဲ၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာကတော့ အထင်မသေးဘူး၊ ဗုဒ္ဓမြတ်စွာ အလောင်း တော်ဘဝတုန်းကလဲ အထင်မသေးဘူး၊ အမထု ကိန္နရီ မဒ္ဒီမိဖုရားတို့ ပါရမီ ဖြည့်ဖက် လိုက်လာပုံတွေ တောထဲလိုက်လာပုံတွေ တလောက ပြောခဲ့ပြီလေ၊ အဲဒီလိုပဲ မိန်းမမြတ်ဇတ္တ "သမ္ဘာလဒေဝီ"၊ "ယသော်ဓရာ" မဟုတ်ဘူး၊ "မလ္လိကာ" မိဖုရားအလောင်း၊ အဲဒီလို မိန်းမတွေကလဲ ယောကျ်ားကို ကယ်ပြီးတော့ လာခဲ့တယ်။

ဒါ့ကြောင့်မို့လို ဘုန်းကြီးတို့ဗုဒ္ဓမြတ်စွာက ဘုရားဖြစ်တဲ့ဘဝမှာ မိန်းမတွေ အပြစ် ဟောဘာကတော့ ရဟန်းတွေပျင်းပြီးတော့နေတဲ့အချိန်မှာ ဟောတာပါ၊ အမှန်မှာ မိန်းမတွေအပြစ်ရယ်လို့ သီးခြား ဟောတော်မမူပါဘူး၊ ကိုယ်တော်တိုင် ပါရမီဖြည့်တဲ့အခါတုန်းက ပါရမီဖြည့်ဖက်အနေနဲ့ ချီးမြှောက်ပြီးတော့ လာခဲ့ပါတယ်။

ဒါ့ကြောင့်မို့လို မိန်းမတွေဟာ ကိုယ့်ကိုယ်ကို သတ္တိရှိရှိနဲ့ သူတော်ကောင်းဖြစ်အောင် စောင့်ရှောက်ကြ၊ ထိန်းသိမ်းကြ၊ ဗဟုသုတ ဉာဏ်ပညာရှိအောင် ကြိုးစားကြ၊ "တို့လဲ တရားရနိုင်တာပဲ၊ တို့လဲ ကျတ်တန်းဝင်နိုင်တာပဲ" လို့ အဲဒီလို သဘောထားပြီးတော့ ကိုယ့်ကိုယ်ကို စိတ်ထက်ထက်သန်သန်နဲ့ အဲဒီလို ထိန်းနေကြပါ။

ကာမဂုဏ်အပြစ်များ[1]။ ။ဒီတော့ မိန်းမသား အတွက်ကြောင့် စီးပွားရှာရတယ်၊ ဒုက္ခများတယ်၊ အင်း....ဖောက်ဖောက်ပြန်ပြန်တဲ့ များတယ်၊ ယခုလောကမလဲ တွေ့နေရတယ်၊ ဘုန်းကြီးတို့ကလေ မိန်းမတွေကို နှစ်သက်သင့်သလောက် ဆရေးစိုက်သင့်သလောက် စိုက်ပေမယ်လို့၊ ကာမဂုဏ်ရဲ့အပြစ်ကိုတော့ အပြစ်လိုမြင်ပြီးနေကြပါ၊ ဒါက မိန်းမတွေရဲ့အပြစ်မဟုတ်ဘူး၊ မိမိတို့ရဲ့ ကိလေသာ ကာမဂုဏ်တွေရဲ့ အပြစ်ဖြစ်တယ်၊ အပြစ်ကိုတော့ အပြစ်လိုမြင်အောင် တထူးဆေးကို နဲနဲကလေး တထူးဆေး စားရအောင်လေ။ အရိုးစုပ်မာပုံ ကာမဂုဏ်။ ။ကာမာ၊ လောကီအာရုံ ကာမဂုဏ်တို့သည်။ အဋ္ဌိကင်္ကလူပမာ၊ အသားမကပ် အညှိဟပ်သဖြင့် ခွေးငတ်မလွတ်နိုင်သည့်အရိုးနှင့် တူလေကုန်၏၊ ဗဟုဒုက္ခာ၊ များသော ဒုက္ခရှိကုန်၏။ ဗဟုပါယာသာ၊ များသော ပင်ပန်းကြောင်း ရှိကြကုန်၏။ ကာမာ၊ လောကီအာရုံ ကာမဂုဏ်တို့သည်။ အပ္ပဿာဒါ၊ အနည်းငယ် သာယာဖွယ် ရှိကြလေကုန်၏။ ဗဟုဒုက္ခာ၊ များသောဒုက္ခ ရှိလေကုန်၏။

ကာမဂုဏ်တွေ မသာယာဘူးလို့ မဆိုလိုပါဘူး၊ သာယာတာက နဲနဲလေးရယ်၊ ဒုက္ခတွေက အများကြီးပါပဲ၊ တအိမ်လုံး တအိမ်လုံး၊ ယခုဆိုရင် နှစ်ယောက်လုံး အလုပ် လုပ်ရတာဟာ ဘာအတွက်တုံး၊ ကာမဂုဏ်အတွက်ကြောင့် အလုပ်တွေ လုပ်နေရတာ၊ သာယာဖွယ်မရှိ မဟုတ်ပါဘူး၊ နဲနဲကလေးရှိပါတယ်၊ ဒုက္ခတွေကဒတော့ အင်မတန်များတာပဲ၊ ပင်ပန်းလိုက်တာ။

ယခု အဖမ်းအဆီးတွေ ခံနေရတယ်ဆိုတာဟာ ကာမဂုဏ်အတွက်ကြောင့် မျက်ခြေပြတ်လို့ မဖြစ်ဘူး၊ အော်....ကာမဂုဏ်တွေဟာ ဒီလောက် ဒုက္ခပေးတယ်၊ သာယာစရာကတော့ နဲနဲလေးရယ်၊ ဒုက္ခတွေ အများကြီးပါလား၊ ဘာနဲ့တူသတုံးဟု ဆိုတော့—

အဋ္ဌိကင်္ကလူပမာ၊ ဆအသားမကပ် အညှိဟပ်သဖြင့် ခွေးငတ် မလွတ်နိုင်သည့် အရိုးနှင့် တူကုန်၏။ ဗဟုကိစ္စာ၊ များသောကိစ္စ ရှိကုန်၏။ ဗဟုပါယာသာ၊ များစသော ပင်ပန်းကြောင်း ရှိလေကုန်၏။

၁။ မဇ္ဈိမပဏ္ဏာသဟိဋ္ဌိဘေဒ်၊ နှာ-၂၇-၃၁။ မဟာနိဒ္ဒသ ပါဠိတော်၊ နှာ-၅ ဇာတက အဋ္ဌကထာ၊ ပဌမတွဲ၊ နှာ-၂၂၀။

ဟိုနွားသတ်တဲ့နေရာက အသားတွေကို အကုန်လုံးခွဲပြီးတော့ အရိုးကိုပစ်လိုက်တော့ အဲဒီအရိုးကို ခွေးငတ်ကလေးက ရ၊ ခွေးငတ်ကလေးက ဝမ်းသာလိုက်ဘာ၊ အဲဒီအရိုးကို သူ့သွားနဲ့ ကြိတ်ကြိတ်ပြီးတော့ သူစားနေလိုက်တာ၊ အရိုးချည်းပဲ၊ နင်သွားသာ ကျိုးသွားလိမ့်မယ်၊ အရိုးချည်းပဲဆိုပြီးတော့ ယူတော့လဲ မရဘူး၊ သူ ဟိန်းသာနေတာပဲ၊ ကာမဂုဏ်တွေဟာ ဒီလိုပါပဲ၊ ခွေးငတ်မလွတ်နိုင်တဲ့ အရိုးစုလိုပါပဲ၊ ခွေးငတ်ဟာ ခုနက အရိုးစုကို ခဲပြီးတော့ နေတဲ့ဟာ သာယာစရာကတော့နည်းနည်းကလေးရယ်၊ အဲဒီ ကာမဂုဏ် အာရုံတွေလဲပဲ သူ့ကိုကြည့်နေတယ်၊ ကိုယ့်ကိုကြည့်နေတယ်၊ ဒါ ခဏလေး သာယာရတာ၊ ဟို လုပ်ရကိုင်ရတဲ့ အလုပ်ထွေကမျှားလိုက်တာ၊ ဒုက္ခတွေမျှားလိုက်တာ၊ ဒုက္ခတွေနဲ့ သာယာတာတွေနဲ့ မကာမိပါဘူး၊ အရိုးကို ခွေးကလေး ကိုက်နေရတဲ့ ဒုက္ခနဲ့ သာယာတဲ့အရသာနဲ့ဟာ မကာမိပါဘူး၊ ခွေးကလေး အင်မတန် ပင်ပန်းသလိုပါပဲ၊ ခု ပြောသလိုပါပဲ။

သားဘစ်ပမာပုံ ကာမဂုဏ်။ ။ကာမာ၊ လောကီအာရုံ ကာမဂုဏ်တို့သည်၊ မံသပေသူပမာ၊ကျီးမျှားဘောင်တွင် တကောင် ရလစ် ဝိုင်းအော်ဟစ်သည့် အသားတစ်နှင့် ဥပမာတူလှလေကုန်၏၊ ဗဟုဒုက္ခာ၊ မျှားသောဒုက္ခရှိကုန်၏၊ အပ္ပသာဒါ၊ အနည်းငယ်သာ သာယာဖွယ်ရှိကုန်၏။

ဒီ အသားတစ်ကလေး အသားတစ်ကလေး၊ အသားတစ်ကလေးရတော့ ကျီးတကောင်က ထိုးသုတ်သွားတယ်၊ နောက်တော့ ကျီးတွေက လိုက်ဓာပဲ၊ ဒီ အသားတစ်မစွန့်သမျှ ဒီကျီးကို ဟိုကလိုက် ဒီကလိုက်၊ ဟိုကထိုး ဒီကထိုး၊ အသားတစ်လဲ စွန့်လိုက်ရော ဒီကျီးလဲလွတ်ရော၊ အဲဒီလိုပါပဲ၊ ကာမဂုဏ်တွေဆိုတဲ့ဟာ ယောကျ်ား မိန်းမ အာရုံတွင်မကဘူး၊ စီးပွားဥစ္စာတွေ ဘာတွေပါပါဘာပဲ၊ ပစ္စည်း ဥစ္စာတွေ မျှားလေလေ ကာမဂုဏ်တွေမျှားလေလေ၊ဘေးကနေပြီးတော့ ကျီးတွေ ဝိုင်းထိုးနေသလို ဝိုင်းထိုးနေကြတာပဲ၊ ထိုးလထိုးလေ ဟိုက လိုချင် ဒီကလိုချင်၊ ပစ္စည်းက မျှားလာတော့ အဲဒီလို ကာမဂုဏ်ဟာ အသားတစ်နဲ့ တူတယ်။

ဆရာတော်ကြီးတပါးက အဲ....ဆရာတော်လေးတွေ တပါးနဲ့တပါး မတည့်ကြဘူး၊ တပါးနဲ့တပါး မတည့်တော့ ဘယ်လို ဥပမာပေးသလဲဆိုယင် ခွေးအာဝတ်စုတ်ကလေးရတော့ ဟိုက ပြေးလု ဒီက ပြေးလု၊ ဟိုက ပြေးလု ဒီက

ပြေးလု၊ သူတို့ မကိုက်ပါဘူး၊အဝတ်စုတ် ရတုန်းကတော့ သူတို့လုကစားနေကြတယ်၊ ရန်မဖြစ်ပါဘူး၊ လုကစားနေတာ၊နောက်တော့ အသားတစ်ကင်လေးရတော့ ခွေးတွေဟိန်းပြီ ဟိန်းပြီ၊ ခုလဲ ဘုန်းကြီးတွေက မပြောပလောက်တဲ့ ပစ္စည်းတွေကျတော့ တပါးတပါး ပြုံးပြုံးရွှင်ရွှင် ချစ်ချစ်ခင်ခင်နဲ့၊ ခု ဒကာဒကာမတွေ၊ ကျောင်းဒကာ ကျောင်းအမတွေနဲ့၊ ကျောင်းနဲ့ ကန်နဲ့ ဆိုတော့ ရလာဓတော့ ရန်ဖြစ်ကုန်ကြပြီ၊ ဘုန်းကြီးတွေ ရန်ဖြစ်ကုန်ကြပြီ။

ဘုန်းကြီးတောင်မှ ဒီဥပမာတွေ ပြောသေးတာပဲ၊ လူဆိုတော့ ဘာပြောကောင်းမတုံး ဆွေတွေ မျိုးတွေ စောင်စောက ချစ်ချစ်ခင်ခင်၊ အမွေခွဲတော့ ရန်ဖြစ်ကုန်ကြပြီ၊ ဒါကြောင့်....

ကာမာ၊ လောကီအာရုံကာမဂုဏ်တို့သည်။ မံသပေသူပမာ၊ကျီးမျှားဘာင်တွင် တကောင်ရလစ် ဝိုင်းအော်ဟစ်သည့် အသားတစ်နှင့်ဥပမာတူလှလေကုန်၏။

မြက်မီးရှူးပမာပုံ ကာမဂုဏ်။ ။ကာမာ၊ လောကီအာရုံ ကာမဂုဏ်တို့သည်။ တိဏုက္ကူပမာ၊ လေတွင် လှည့်ဆောင် လက်ထိလောဝ်သည့် တန်ဆောင်မြက်ရှူးနှင့် တူလှချေကုန်၏။

ဟို လေတင်ထဲမှာ မြက်မီးရှူး ကိုင်ပြီး သွားတာ မီးက တောက်လျက်၊ နောက်တော့ မြက်မီးရှူး ကိုင်ပြီးတော့ သွားတဲ့ဟာ ဟိုက လေတင်ကဖြစ်တော့ မီမိကို ပြန်ပြန်ပြီ၊ လောင်တာပဲ၊ အဲဒီကာမဂုဏ်တွေဟာ ဒီလိုပါပဲ၊ စီးပွားဥစ္စာတွေရော ဘာတွေရော ကိုယ့်ကိုပြန်ပြန်ပြီးတော့ တယ်လောင်တယ်။

အိပ်မက်ပမာပုံ ကာမဂုဏ်။ ။ကာမာ၊ လောကီအာရုံ ကာမဂုဏ်တို့သည်။ သုပိနကူပမာ၊ စားရ ယောင်ယောင် ဝတ်ရ ယောင်ယောင် နတ်လှည့်ဆောင်သည့် သန်းခေါင် အိပ်မက်နှင့် တူလှချေကုန်၏။

ကာမဂုဏ်တွေဆိုတဲ့ဟာ စားရတော့လဲ ခဏလေး၊ သာယာသလိုလို၊ ပြီးဘော့လဲ ပြီးတာပဲ၊ ပြီးတော့လဲ အိပ်မက်လျှိုပါပဲ၊ နှစ်ယောက်အတူတူ ခံစားကြရတယ်၊ သာယာတာပါပဲ၊ ပြီးတော့လဲ ပြီးတာပဲ၊ အိပ်မက် မက်သလိုလို ရှိပါတယ်။

ကာမာ၊ ကာမဂုဏ်တို့သည်။ ယာစိတကူပမာ၊ ငှားရမ်းယူငင် ပဲ့သဘင်၌ ခဏဝတ်ဆင် ယူငင် သုံးစွဲရသော ဝတ်စားတန်ဆာနှင့် တူလှ့လေကုန်၏။

ဟို ပဲ့ထိုင်အခမ်းအနား သွားစရာရှိလို့ သူမျှားဆီက ငှားဝတ်၊ သူ့ဟာသူ စတာ်တော်သာယာသွားတယ်၊ ငါဒီလောက်လှတယ်၊ မော်တော်ကားကြီး ငှါးစီး၊ ဘယ်လောက်ကောင်း၊ ဘယ်လောက်ကြီးကျယ်သလဲ၊ ပဲ့လမ်းသဘင် အသွား ငှားဝတ်ရတဲ့ ပစ္စည်းမျှားလိုပါပဲ၊ လောကီအာရုံ ကာမဂုဏ်တွေဟာ ခဏလေးပါ ခဏလေးပါ၊ ပြီးတော့လဲ ပြီးတာပဲ၊ ဘာမှ မဟုတ်ဘူး။

ခုနက ငှားဝတ်တဲ့ ပစ္စည်းတွေ ပြန်ပေးလိုက်ရတော့ ကိုယ့်မှာ ဟာတာတာကြီး၊ လောကီအာရုံ ကာမဂုဏ်တွေဟာလဲ အဲဒီ အငှားဆင်ရတဲ့ ပစ္စည်းအဝတ်အစားတွေနဲ့ တူပါတယ်၊ ပြီးတော့လဲပဲ ဘာမှ မဟုတ်ပါဘူး၊ အဲဒီလို ဗုဒ္ဓမြတ်စွာက ဒီ ကာမဂုဏ်တွေရဲ့ အပြစ်ကို ဆစအဆုံး မြင်အောင် ဟောတော်မူပါတယ်။

ဒါကြောင့် အဲဒီ အသိဉာဏ်တွေနဲ့ ရှာပေမယ်လို့ သိပ်ထူးတာ မဟုတ်ပါဘူး၊ ဝတ်စား ဆင်ခြင်နယင်လဲ သိပ်ထူးတာမဟုတ်ပါဘူး၊ တို့ဟာ ခုကတဲ့ကိုက သူတော်ကောင်းအဖြစ်နဲ့ တရားရနေမှ တန်ဖိုးရှိမယ်လို့ဆိုတာ သဘောပေါက် ပြီးတော့ ဗုဒ္ဓမြတ်စွာ ပဋ္ဌာန်တော်မူလာလို့ ဗုဒ္ဓတည်းဟူသော ပုဂ္ဂိုလ်က ပကတ်ပြုနိဿယသတ္တိနဲ့ ကျေးဇူးပြုလို့၊ တရားတော်တွေဟောလို့၊ အဲဒီ တရားတော်တွေကို မိမိတို့သိလို့၊ မိမိတို့ ရနေတဲ့ဟာ....

ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်ကလည်း။ ဥပနိဿယပစ္စယေန၊ ဥပနိဿယ-ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ လို့ အဲဒီလိုဗုဒ္ဓမြတ်စွာက ပဋ္ဌာန်းပစ္စည်းနဲ့ ဟောတော်မူပါတယ်၊ ပဋ္ဌာန်းတရားနာယင်း၊ အသေးစိတ်သိပြီးတော့ ပဋ္ဌာန်းတရားနဲ့ လျော်ညီအောင် မိမိစိတ်ကို မိမိပြုပြင်နိုင်ကြလို့ရှိယင် အဖိုးတန်တဲ့ဘဝကြီးကို မိမိတို့ရနေပြီလို့ ဝမ်းသာစရာ ဖြစ်ပါလိမ့်မယ်။

နာနာပွကာရဋ္ဌာနာနိ၊ ပေဝဓိတာနေတ္ထ မုနိနာ။
အနန္တနယ ပဋ္ဌာနံ၊ ဝန္ဒေ အန္တိ ဂဂါစရံ။

ဤတွေ့၊ ဤ အနန္တနယ သမန္တပဋ္ဌာန်း ကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိ ထုတ်တင် ဘုရားရှင်သည်။ နာနာပွကာရဋ္ဌာနာနိ။ ဟေတု, အာရုံမဂ္ဂစသည် မျိုးစုံ အကြောင်းအရာတို့ကို။ ပေဝဓိတာနိ။ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် မျိုးလှဝေနေ သိစေတော်မူခဲ့လေပြီ။ အနန္တဂေါ-စရံ၊ အဆုံးမရှိကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူသော။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကြုံခဲ စွာဖြင့် ကြုံလာသည့်ခိုတ် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု.....သာဓု.....သာဓု။

အင်ခြုပြု ပဋ္ဌာန်းတရားတော်

စုဒ္ဒသမနေ့

၁၃၃၅-ခု၊ တန်ခူးလဆုတ် (၅) ရက်။

၁၉၇၃-ခု၊ ဧပြီလ (၂၂) ရက်၊ တနင်္ဂနွေနေ့။

ဘာဝရုပ် ကုန်ဒြိယပစ္စည်း မထိုက်။ ။ကုတ္တိဘာဝရုပ်, ပုမ္ဘာဝရုပ်ကိုအကြောင်းပြုပြီး တဲ့ တလောကလုံးဖြစ်ပျက်နေပုံ၊ ဒီ ဘာဝရုပ်ကြောင့် လူလောက နတ်လောက တိရစ္ဆာန်လောက ဒီအတိုင်းဖြစ်ပျက်နေကြတယ်၊ ဒီလောက်သတ္တိကောင်းတဲ့ ဘာဝရုပ်ကို "ကုန်ဒြိယ" ပစ္စည်းလို့ ဘုရားဟောတော်မမူပါဘူး၊ ကုန်ဒြလို့သာ ဘုရားဟောတာ၊ ကုန်ဒြိယပစ္စည်းထဲမှာဘော့ ဒီဘာဝရုပ်နှစ်ပါး မပါဘူး၊ ဘာပြုလို့တုံးဆိုတော့ သူ့ကြောင့်ဖြစ်တဲ့ တိုက်ရိုက်အကျိုးက ယောကျ်ားပုံသဏ္ဌာန် မိန်းမပုံသဏ္ဌာန်၊ အဲ.... ဓယောကျ်ား ဟန်အမူအရာ မိန်းမ ဟန်အမူအရာ၊ ဒါတွေ သူက တိုက်ရိုက်အကျိုးပေးတယ်။

အဲဒီအကျိုးပေးကမမှန်ချင်ဘူး၊ ယောကျ်ားဖြစ်ပေမယ့် တခါတခါမိန်းမလို မိန်းမရဲ့ အမူအရာတွေက ရှိနေပြန်ရော၊ မိန်းမ ဖြစ်ပေမယ်လို့ ကြမ်းကြမ်းတမ်းတမ်း ယောကျ်ားရဲ့အမူအရာ အပြောအဆို အနေအထိုင် ဖြစ်နေပြန်ရော၊ အဲဒီလို သူက မသေချာလို့ ကုန်ဒြိယပစ္စည်းထဲမှာတော့ သူတို့နှစ်ပါးမပါဘူး။

ဒီတော့-ဇုန္ဒမြက်စွာ ဟောတော်မူတဲ့ ပစ္စည်းဆိုတဲ့ တရားတွေမှာ မသေချာလို့ရှိယင် ပစ္စည်းထဲမှာ မပါဘူး၊ လောကကြီးမှာ အင်မတန် ထင်ရှားတဲ့ ဘာဝရုပ်နှစ်ခုဟာ ကုန်ဒြိယပစ္စည်းထဲ မပါတာသာ သတိထားတော့၊ ဗုဒ္ဓတရားဟာ အင်မတန် သေချာတယ်၊ ပဋ္ဌာန်းပစ္စည်းဟာ ပိုကိုသေချာတယ်၊ ပြောနေတဲ့ အကြောင်းအရာတွေဟာ ဘုန်းကြီးရဲ့ လက်တန်းတွေ့ မဟုတ်ဘူး၊ အမှန်ကိုရှိနေတဲ့ အကြောင်းဆရာကို ဘုန်းကြီး တရားတော်အရ ပြောနေတာဖြစ်တယ်။

ဒီတော့ မနေ့တုန်းက ဒီ ဘာဝရပ်နှစ်ခုကြောင့် ဒီဘုရားအလောင်းတော် ရင့်မာကြီးတောင်မှ လောကအလိုက်ပေါ့လေ၊ စွဲလမ်းရလေးတယ်၊ ဒီပြင် ယောကျ်ားမိန်းမ၊ ပါရမီရှင်ဖြစ်တဲ့ အမျိုးသမီးတွေ "ယသော်ရော" တို့ အလောင်းတွေ ဘဝပေါင်းများစွာက ဘုရားအလောင်းအပေါ်မှာ စွဲလမ်း လာပါတယ်။

ဒီတော့-စွဲလမ်းမှုကတော့ တဖယောက်တယောက်ကို အရေးပါမှုကတော့ ဒါ ထုံးစံဖြစ်ခနလို့ ထားပါတော့၊အဲဒီ အရေးပါလွန်းလို့မို့ ဓသခါနိုးစွဲလမ်း မှာ ကြောက်ရဘယ်၊ သေခါနိုး စွဲလမ်းလိုက်တော့ ဘာဖြစ်သွားတုံး၊ ငရဲ ကျသူ ကျတယ်၊ တိရစ္ဆာန်ဖြစ်သူ ဖြစ်တယ်၊ ပြိတ္တာဖြစ်သူဖြစ်တယ်၊ အဲဒါက သိပ်ကြောက်ရတယ်။

ဒီတော့-ဒီလိုမကြောက်ရအောင်ဟာ သူတော်ကောင်းဖြစ်ကြပါစေ၊ သူ တော်ကောင်း ဖြစ်အောင် ကြိုးစားကြပါ၊ တို့တနေ့နေ့မှာ ခွဲကြရမယ်၊ခွဲကြတဲ့ အခါ ကိုယ့်ကံနဲ့ကိုယ် သွားကြရမယ်၊ ဒါဟာ အင်မတန်ကို နှစ်နှစ်ကာကာ စောစောက ပြင်ဆင်ထားရပါတယ်၊ သိလတွေကို တို့စောင့်ရပါ့မယ်၊"အနိစ္စ" မမြဲတဲ့ အဓိပ္ပာယ်ကို တို့စဉ်းစားထားရပါ့မယ်၊ဘယ်ဘဝမှာမှမမြဲဘူး၊ တမျိုးပြီး တမျိုး ပြောင်းနေတယ်ဆိုတာကို စဉ်းစားထားရမယ်။

ဒါကြောင့်-စွဲလမ်းတဲ့ အစဉ်အတန်း,စွဲလမ်းတဲ့အပိုင်းကို မစွဲလမ်းနဲ့ဆိုလို့က မဖြစ်ဘူး၊ အဲဒီအစွဲအလမ်းလျော့သွားအောင် သေခါနိုးအထိ စွဲလမ်းမနေ အောင်"စောစောက ခပ်ခွာခွာကလေး"ဒီလိုနေပြီးတော့ တရားကနောက်က လိုက်နေရပါတယ်၊ ဒီတရားမှာလဲ"ဒါန" မစွမ်းဘူး၊ "သီလ" စွမ်းတယ်၊ " " ဘာဝနာ စွမ်းတယ်။

ဒါကြောင့်ဘုန်းကြီးက ပဋ္ဌာန်းပစ္စည်းဟောထုက လောကအကြောင်း စုံစုံလင်လင် ဟောပြီးတဲ့အချိန်မှာ ဘာဝနာကို ဟော်ပါ့မယ်၊ ဒီဘာဝနာ မပါလို့ မပြီးဘူး၊ ဘုန်းကြီးက ဘာဝနာကိုလဲ ဆက်ပြီးတော့ ဆက်သွယ်ပြီး ဓတော့ ဟောရပါ့မယ်။

၁၇။ ဈာနပစ္စယော(ဈာနပစ္စည်း)

ဈာနသဟဇာတိ။ ။ယခု ဈာနပစ္စည်းကို ဘုန်းကြီးနည်းနည်းပြောပေးမယ်၊ ဈာန ပစ္စည်းကို ဗုဒ္ဓမြတ်စွာက–

ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါ ငါးပါးတို့သည်။ ဈာနသမ္မယုတ္တကာနံ၊ ဈာန်နှင့် သမ္ပယုတ်ဖြစ်ကုန်သော။ ဓမ္မာနံ စ၊ တရားတို့အားလည်း ကောင်း။ တံ သမုဋ္ဌာနာနံ၊ ထိုဈာန ဈာနသမ္ပယုတ်တို့ကြောင့် ဖြစ် ကုန်သော။ ရူပါနံ စ၊ စိတ္တဇရုပ်တရားတို့အားလည်းကောင်း။ဈာန-ပစ္စယေန၊ဈာနပစ္စယသတ္တိဖြင့်။ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဒါက-ဗုဒ္ဓမြတ်စွာက ပစ္စယနိဒ္ဒေသမှာ ဟောတော်မူထားပါတယ်၊ ဒီဟာကို ရှေးဆရာတော်များက ဘုန်းကြီးတို့ရဲ့ ရှေးဆရာတော်များက အင်မတန် အဋ္ဌ-ကထာဆရာကြီးတွေက စပြီးတော့ ရှေးဆရာတော်များက အင်မတန် ကြည်ညို စရာ ကောင်းတယ်။

"ဈာန"ဆိုတဲ့စကားဟာ "စူးစူးစိုက်စိုက်" ရှုနေတယ်၊ သာမန်မြင်ရုံ လောက်မဟုတ်ဘူး၊ မြင်ပြီးယင် စူးစူးစိုက်စိုက်ရှုတယ်၊ သာမန် ကြားရုံလောက် မဟုတ်ဘူး၊ ကြားပြီးယင် စူးစူးစိုက်စိုက် ရှုတယ်၊ သာမန်တွေ့ရုံလောက်မဟုတ် ဘူး၊ တွေ့ပြီးလို့ရှိယင် စူးစူးစိုက်စိုက် ရှုတယ်၊ စိုက်ပြီးတော့ ကြည့်နေတယ်။

သစ်ပင်တက်သူဥပမာ။ ။ဒီတော့ "ဈာန" ပစ္စည်းရဲ့သတ္တိက မြင်ရုံ ကြားရုံ တွေ့ရုံတင်မကဘူး၊ စူးစူးစိုက်စိုက်ကြီးကို ရှုတတ်တဲ့ သတ္တိရှိတယ်၊ ဒါကို ဥပမာ ဘယ်လိုပြကြတုံးဆိုတော့ ...သစ်ပင်ပေါ်မှာ တက် သွားတဲ့လူက သူက မြင်တယ်ကိုး၊ ဘယ်လိုဟေ့၊ ဘယ်နေရာ ဘယ်လိုဟေ့ အင်း သူခအာက်ကလူတွေကို ဒီလိုက ဒီလိုဖြစ်နေတယ်ဟေ့၊ ဘယ်လိုကဘယ် လို၊ အောက်ကလူတွေကို ပြောတယ်။

တောင်ပေါ် တက်သွားတဲ့သူက ဓတောင်ပေါ် ရောက်လေ အမြင်က ကျယ်လေ၊ တောင်ပေါ် ရောက်လေ၊ အမြင်က ကြီးကျယ် သွားလေပဲ၊

အောက်ကလူတွေကိုပြောတယ်၊ ဟေ့ရေတွေဘယ်လိုစီးနေတယ်၊သစ်ပင်တွေက ဘယ်လို ကြည့်ကောင်း နေဘယ်၊ အဲဒီလို အောက်လူတွေကို သူမြင်သလို မြင်အောင် ပြောတယ်၊သူရှုသလို ရှုအောင်ပြောတယ်၊ အဲဒီ ဗျာနသတ္တိကလဲပဲ အဲဒီ ဗျာန-က ဝိတက် ဝိစာရ ပီတိ သုခ ကေဂ္ဂတာလို့ ငါးပါးရှိတယ်၊ ဗျာန်အင်္ဂါငါးပါး ရှိတယ်၊ ကုသိုလ်ဘက်မှာလဲ ရှိတယ်၊ အကုသိုလ်ဘက်မှာလဲ ရှိတယ်၊ ဘုရားရဟန္တာ ဖြစ်ဟဲ့အခါမှာ အဗျာကတမှာလဲ ဖြစ်ရပြန်ရှိတယ်၊ ဟို နဒ္ဒမာန်ကိုမျှား ရှုလို့၊ ဘုရားရဟန္တာတို့ဟာ သိပ်ပြီး စူးစိုက်တာပဲ။

ဒါကြောင့် သစ်ပင်တောင်ကုမှာ တက်တဲ့လူက အောက်လူတွေကို ဘယ်က ဘယ်လိုဟေ့လို့ ပြောသလို ဒီဝိတက် စိစာရစတဲ့ဗျာန်အင်္ဂါငါးပါးက သူနဲ့ယှဉ် ဘက်ဖြစ်တဲ့ သမ္မယုတ်ဘရားတွေကို ရှုရှုရှုမှု၊ ဒီလို သူ စူးစိုက်သလိုပဲ။

တခါသူ့ကြောင့်ဖြစ်တဲ့စိတ္တဇရုပ်ကို တို့စူးစိုက်တဲ့နေရာမှာ သင်တို့က ပါဝင် ပါစေ ပါဝင်ပါစေ၊ တို့ရှုသလို သင်တို့က မရှုတတ်ပေမယ့် တို့နေတဲ့နေရာ၊ တို့ရှုတဲ့အာရုံမှာ တို့ရှုတဲ့အာရုံမှာ သင်တို့လဲ စိုက်နေပါစေလို့ မပြောသလဲ ပြောသကဲ့သို့ သမ္မယုတ်တရားတွေကို ရှုစေတတ်တဲ့သတ္တိ၊ ပိဓိဟိုလဲရှိတယ်၊ သမ္မယုတ်တရားတွေကိုလဲ ရှုစေတတ်တဲ့သတ္တိကို ဗျာနပစ္စည်းလို့ ခေါ်တယ်လို့ ရှေးဆရာတော်များက—

ဗျာနပစ္စယော၊ သစ်ပင်ထောင့်မှ တက်သည့်သူသည် အောက်လူတို့အား ပြောသည်လားသို့ နှစ်ပါးရပ်နာဂ် သဘော်ဘာ၊ စေးစေခြင်းဟူသော သတ္တိထူးဖြင့် ကျေးဇူးပြုတတ်သော ဗျာန်အင်္ဂါငါးပါး ဗစ္စည်းတရားသည်။ အဘို့၊ ဟုဂ်ိုလ်သတ္တဝါသူငါမဟုတရားသဘော သာ ထင်ရှားရှိပါပေသည်တကား။ ဤတို့၊ သို့။ ကောင်းသပ္ပည်တာ ဉာဏ်စတော်သာဖြင့် ဦးစွာကျန် သိပြီးမှလျှင် များလုပ်ဝန်း သိစေ တော်မူတတ်စသော မြတ်စွာဘုရားကို၊ ဝန္ဒာမိ၊ ဘုရား။

သာဓု ..... သာဓု ..... သာဓု။

စူးစိုက်ရှုတာစျာန်။ ။အို အများသိနေတာက စျာန်ဆိုလို့ရှိယင် ဈာင်မတန် အထက်တန်းကျတဲ့ အဲ ရူပါဝစရစျာန်စိတ်တွေ, အရူပါဝစရစျာန်စိတ်တွေ, လောကုတ္တရာစျာန်စိတ်တွေ အဲဒီလောက်ပဲ နားလည်ကြတယ်၊ မှတ်မိကြတယ်၊ ယခုစျာနပစ္စည်းက ဒါလောက်သာ မဟုတ်ဘူး၊ အကုသိုလ်စိတ်ထဲမှာလဲပဲ ဝိဘက်, ဝိစာရတွေက ပါနေတာဖြစ်တော့ အကုသိုလ်မှာလဲ စူးစူးစိုက်စိုက်ရှုတယ်၊ ဈာင်မတန် စဲ့စဲ့လမ်းလမ်းရှုတယ်၊ ဒီရှုဆိုတာဟာ အဆန်းမဟုတ်ဘူး။

ဝိတက်က ဒီအာရုံကို ကြုံပြီးတော့ ဖန်တယ်၊ ဝိစာရက ဒီအာရုံကို ထပ်ပြီးတော့ အာရုံပြုတယ်၊ ပီတိက အဲဒီ အာရုံကို ဈာင်မတန် နှစ်သက်ပြီးတော့ နေတယ်၊ သုခက အဲဒီအာရုံရဲ့အရသာကို ခံစားပြီးဘော့ ချမ်းသာကို ခံစားပြီးတော့နေတယ်၊ ဧကဂ္ဂတာဆိုတဲ့သမာဓိက အဲဒီအာရုံပေါ်မှာ စိုက်ပြီးနေတယ်၊ တည်ကြည်နေတယ်၊ ဒါကို ရှုတယ် လို့ခေါ်တယ်။

ဒါကြောင့် လယ်ဟိယရာတော် ဘုရားကြီးက-

"စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ စျာန်ဟု ခေါ်သတတ်။"

တယ်မှန်းတယ်၊ စိုက်ပြီးတော့ ရှုတယ်ဆိုတာ သူပျား မဟုတ်ဘူးနော်၊ ဒီ ဝိတက်တို့ ဝိစာရတို့ပဲ၊ ဘုန်းကြီးတို့ကတော့ မှန်းပါတယ်။

အကုသိုလ်စျာန်။ ။အကုသိုလ်မှာပြောမယ်လေ၊ အကုသိုလ်မှာ မနေ့တုန်းက အဆက်ပဲ၊ တယောက်နဲ့ တယောက်ကို အချင်းချင်း တွယ်တာပြီးတော့ နှေပြီဆိုတော့ မျက်စိနဲ့မြင်နေတော့လဲ သူ့ပဲကြည့်၊ စိုက်စိုက်စူးစူးကြည့်၊ ဒီ-သမန်ကာ လျှံကာလေး ပြီးပြီးပျောက်ပျောက် အကြည့်မဟုတ်ဘူး၊ စိုက်စိုက်စူးစူးကြည့်၊ ဝိတက်နဲ့သူ့ကို ကြုံစည်ပြီးတော့ကြည့်၊ သူတခြားသွားလို့ရှိယင် ဝိဘက်နဲ့ကြုံပြီ၊ တော့နေတယ်၊ ဒီအာရုံပဲကြုံနေကယ်၊ စိုက်စိုက်စူးစူးကြုံနေတယ်၊ အဲဒီဝိတက်နောက်မှာ ဝိစာရလိုက်ပြီးတော့ ထပ်ထပ်ခါခါ ဒီအာရုံကို မပျောက်အောင် အာရုံပြုနေတယ်၊ ဘုန်းကြီးတို့မှာတော့ သိပ်ကို ရှင်းတာပဲ၊ အကုသိုလ်နယ်မှာ အဲ အိမ်သူအိမ်သားချင်းဟာ ဒီသဘောရှိနေတာပဲ။

ဘုန်းကြီးကတော့ ရှိပါစေပဲ၊ ပြီးတော့မှ တရားနဲ့လိုက်မယ်၊ ထင်းဟင်း ကောင်းစားတဲ့ဟာ စားပါစေ၊ ပြီးတော့မှ အစာကြွေဆေးကလေးနဲ့ ဖြေပါ။ မစားနဲ့လို့ မပြောလိုက်ပါနဲ့၊ သူစားချင်တာ စားပါစေ၊ ပြီးတော့ အစာကြွေ ဆေးကလေးနဲ့ ဖြေပေးပါ၊ ဒီသဘောမျိုးပဲ၊ လူတွေက လောကကြီးထဲမယ် သမီးခင်ပွန်းလွန်ဖြစ်နေယင် စိုက်စိုက်ဂူးစူးရှာပြီးတော့ နေသလိုပဲ၊ တယောက် တယောက် အငဲမတန်ကြောင်နာမှ သဘောကျတယ်၊ လောကကြီး ဒါမှ စိတ် ချမ်းသာတယ်၊ အဲဒီဟာမှ အိမ်မှာချမ်းသာတယ်။

ဒါကြောင့် စိုက်စိုက်စူးစူးရှတယ်ဆိုတာဟာ အဆန်းမဟုတ်ပါဘူး၊ ရှုပါရုံ၊ အိမ်သူအိမ်သား၊ ရှုပါရုံ အချင်းချင်းကြည့်လို့ စိတ်ချမ်းသာဘယ်ကိုး၊ ရှုလို့, ပီတိဖြစ်လို့, နှစ်သက်လို့, အဲဒီမှာ စိတ်ချမ်းသာမှု ခံစားတဲ့သုခဖြစ်လို့, အကယ်၍ မျက်နှာလွဲသွားလို့ရှိယင် သူ့အကြောင်းကို ကြံစည်လို့၊ စာကသိပ်ပြောတာပဲ ဒီအကြောင်းတွေကို၊ "ဝိပ္ပယောဂသိဂ်ါရ ရသ" ဆိုတာ ကဲ့ကွာတဲ့အခါ သူ့ အကြောင်းကိုတတွတ်တွတ်ပြောနေတာ၊ ဒီစျာနသတ္တိတင်ဘုန်းကြီးတို့ကသိတာ မဟုတ်ဘူး၊ ဟိုအလင်္ကာကျမ်းက ချစ်သူနဲ့ကဲ့ကွာတဲ့အခါမှာ သိဂ်ါရ ရသဟာ ဘယ်လိုဖြစ်နေတယ်ဆိုဘာ "အဘိလာပေါ တတ္ထ စိတ္တံ" သူ့အကြောင်း ပြောနေတာပဲ၊ မဆိမဆိုင်ပဲ သူ့အကြောင်းလာပြောနေတာပဲ၊ အင်း အငမ အဖေက ငေါက်ချင်ငေါက်တယ်၊ ပြောပေးစမ်းပါ ဒီဟာလေးကို၊ ပြောမနေ စမ်းပါနဲ့၊ ဒါတွေကို အမေအဖေ နားမလည်ပဲနဲ့၊ ဒီ သူ့အကြောင်းလာပြော နေတယ်၊ မပြောရလို့ရှိယင် သူ့အကြောင်ကြံပြီးတော့ စူးစိုက်လို့ အာရုံယူနေ တယ်၊ အဲဒါကိုက အရသာတခုပါတဲ့။

ဒါကြောင့် အကုသိုလ်မှာ ဒီစျာန်နဲ့ရှုနေတယ်ဆိုပါတော့၊ စျာန်ဝင်စား နေတဲ့နည်း ရှိတယ်ဆိုတာကို နားလည်ကြပါတော့နော် အကုန်လုံး။ တခါ တလေ ပဲ့ကြည့်ယင် စူးစိုက်ပြီးတော့ ရှုနေတယ်၊ အဲ... ပဲ့ကြည့်ယင် အသံကို စူးစိုက်ပြီးတော့ နားထောင်နေတယ်၊ အဲဒီလို အာရုံယူပုံ တွေဟာ ဒီလို စူးစိုက်တဲ့ သဘောချည်းပဲ၊ ဒီတော့ကို အကုသိုလ်နေရာမှာ ဒီလိုသတ္တိရှိတယ် ဆိုတာ သိယင်ထော်ပါပြီ။

ကုသိုလ်စံ့ဘန်။ ။ကုသိုလ်ဘက်လိုက်ကြစို့၊ ကုသိုလ်ဖရာကျတော့ ဘုရားဂုဏ်တော်ကိုအာရုံပြုပြီးတော့ နေလိုက်စမ်းပါ၊ ဘုရားဂုဏ်တော်ကို ခုနက ကိုယ်ချစ်တဲ့ အာရုံကို စိုက်သလောက်မျှား စိုက်သလားလို့၊ ဘုန်းကြီးတို့က ဘုရားအာရုံကို အာရုံစိုက်ပြီးနေတယ်လို့ ထင်တယ်၊ ဘုရားဂုဏ်တော်ကို အာရုံပြုနေတဲ့အချိန်မှာ ဝိတက်ကလဲ ဘုရားဂုဏ်တော်ကို ကြုံစည်လို့၊ ဝိစာရကလဲ ဘုရားဂုဏ်တော်ကို ထပ်ထပ်ပြီး အာရုံပြုလို့ ပီတိကလဲ နှစ်သက်လို့၊ ဘုရားဂုဏ်ဒတော်ကိုအာရုံပြုယင်း ပီတိဒတ္ထဖြစ်လို့၊ တကယ့်ကို ပီတိဖြစ်နေတာ၊ နှစ်သက်နေတာ၊ ခုနက အကုသိုလ်နယ်မှာ စိုက်သလိုပဲ၊ ဘုရားဂုဏ်တော် အာရုံယူပြီး စိုက်လိုက်တာ ပီတိဖြစ်လို့,နှစ်သက်လို့၊ အဲဒီလို ပီတိဖြစ်တဲ့အချိန်မှာ အင်မတန် သုခရှိတယ်ကိုး၊ သုခရှိဘယ်၊ အဲဒီလို သုခရှိဒတော့ ဒီအာရုံက မခွဒဘူး၊ ကေဂ္ဂတာကျပြီးတော့ ဃမာဓ်ရလို့၊ ဘုရားအာရုံ အာရုံပြုပုံတွေလေ။

ဘာသာခြားမျှားလဲစူးစိုက်။ ။ပြီးဓတော့ ဘုန်းကြီးတို့ ဓကာဓကာမတွေက ဒီဘာသာခြားပုဂ္ဂိုလ်တွေ သူတို့ ဘုရားဏာရုံပြုပုံ တွေ့မိကြမှာပေါ့၊ ဘယ်လောက်စိုက်တုံး၊ တခါတလေမျှား သွားယင်း လာယင်းတောင်မှ သူတို့လေ မတ်တတ်ရပ်ပြီးတော့ သူတို့ဘုရားကို အာရုံပြုပြီးဓတော့ စိုက်ဓနလိုက်တာ၊ အဲဒါဟာစျာန်ပဲ၊ စျာန်တရားတွေဖြစ်နေတာပဲ၊ အဲ....ပြီးတော့ ဝတ်ဓကျောင်းထဲမှာ သူတို့ငြိမ်ပြီးတော့ စိုက်နေလိုက်ကြတာ။

အာရုံမှန်မှ ကုသိုလ်ရ။ ။ကုသိုလ်မရဘူး ရတယ် ဆိုတာတော့ အာရုံမှန်မှ ရပါတယ်၊ စိုက်တာကတော့ စိုက်နေတာပဲ၊ အာရုံယူပုံက အင်မတန် အားရစရာကောင်းတယ်၊ စိုက်နေတာပဲ။

ပြီးတော့ ဘုန်းကြီးတို့က ဘုန်းကြီးတို့တရားနဲ့ သူတို့ကို ကြည့်လိုက်တော့ ဟယ်....သဘာဝ သိပ်ကျတာပဲ၊ ကုသိုလ်ရတာ မရတာ ဘုန်းကြီးပြောတာ မဟုတ်ဘူးနော်၊ ဒီအာရုံက မှန်မှ ကုသိုလ်ရတယ်၊ ဟို....ခုနက စောစောက ပြောတယ်မဟုတ်လား၊ အကုသိုလ်နယ်မှာလဲ စူးစူးစိုက်စိုက်ရှုပါတယ်။

ဒါ့ကြောင့်မို့လို့ စိုက်လို့၊ သူတော် စတ်ကျောင်း ထဲမှာ ပရိသတ်တွေစုလို့ စိုက်ပြီး အာရုံယူနေလိုက်ကြတာ ဘယ်လောက်ကောင်းတုံး၊ ဘယ်လောက်ကောင်းတုံး၊ ဒီအသံးနဲ့ အင်မတန်တူတယ်။

ဘုရားအာရုံပြုနည်း။ ။ဒီတော့ကာ လောကကြီးထဲမှာသဘာဝနော်၊သူများလုထာကို မြင်ရလို့ရှိယင် ကိုယ့်အိမ်ကမလှတာမြင်ရလို့ ရှိယင် နည်းနည်းလေး မကျေနပ်ချင်ဘူး၊ ဒါ ထုံးစံ၊ သူများလှနေယင်ကိုယ့် အိမ်ကလဲ လှနေမှ အင်မဟန်ကောင်းတယ်။

ဘုန်းကြီးတို့ ဗမာမျိုးက ဘုရားဆိုယင် အဲ....ရွှေတိဂုံဘုရားလူကြီးက မိမိတို့ ရွှေဘိုဂုံကို လှမ်းပြီးဘော့ မျှော်ကြည့်၊ မဟာမြတ်မုနိ ဘုရားလူကြီးက မိမိတို့ မဟာမြတ်မုနိကို လှမ်းပြီးဘော့ မျှော်ကြည့်၊ ဘုရားရှိခိုးလာတဲ့ သူတွေဟာ စိုက်ပြီးတော့ အာရုံယူတာ ဘယ်နှစ်ခဏလောက်မျှ ဓတ္တသပဲုး၊ တွေ့ဖူးကြတုံး၊ ပတ်ဝန်းကျင်ကတော့ ဆူဆူညံညံနဲ့၊ တခါတရံ ဘုရားပဲ့ဆိုယင် ဗြုန်းဒိုင်း ဗြုန်းဒိုင်းနဲ့၊အင်း....ဘုရားရှိခိုးရတဲ့သူကလဲ သူ့အသံကို အသံကုန်ဟစ်ပြီးတော့ ကြွားတာပဲ၊ ဒီနားမှာ ဘေးက ခပ်တိုးတိုးလေး ဘုရားရှိခိုးမရလို့ တိုးတိုးလေး ခိုးနေတယ်၊ ဘုရားရှိခိုးရတဲ့ သူကလဲ အသံကောင်းတဲ့ သူက သူ့အသံကို သူဟစ်တာပဲ၊ ဘယ်မလဲ စူးစိုက်တာ၊ ''ဗုဒ္ဓါနုဿတိ'' အာရုံ ဘယ်မလဲ စူးစိုက်တာ၊ ဘုန်းကြီးက ဒီအသံကျယ်ကျယ်နဲ့ မရှိခိုးရဘူးလို့ မဆိုလိုပါဘူး။

တခါတခါ အသံထုတ်ပြီးတော့ ဘုရားအာရုံ ယူနေတာဟာ အင်မတန် အရသာ ရှိပါတယ်၊ အဲဒီလို ထဟွက်ကတော့ အသံလဲထုတ်ယင်း စိတ်ကလဲ စူးစိုက်ယင်းဆိုတာ အင်မဟန် အရသာရှိပါတယ်၊ စိတ်ကိုကြည့်လို့ ပိတိကို ဖြစ်လို့၊ အသံကျယ်ကျယ်နဲ့ ဘုရားဂုဏ်ဘော် ရွက်ပြီး နေကြတဲ့အခါ တိတ် ဆိတ်တဲ့ ကိုယ့်အိမ်မျိုးမှာ၊ တိတ်ဆိတ်တဲ့ ဘုရားရွှေကော်မှာ ဒီအရသာပေါ်တယ်၊ စျာန်အရသာခေါ်တယ်၊ ပိတိဖြစ်တယ်၊ အဲဒီအခါကျတော့ အဲဒီလို ပုဂ္ဂိုလ်အတွက်ကတော့ ဘုန်းကြီးဘယ်လောက်မှ အပြစ်ပြောနေစရာမလိုဘူး၊ အင်မတန်ကောင်းတယ်။

အသံကံလဲ ဂူဏ်တော်ကို ထုတ်ပြီးတော့ ရွတ်နေတယ်၊ အသံအလိုက်လဲ စိတ်က ဂုဏ်တော်ထဲမှာ စိုက်ပြီးတော့နေတယ်၊ ရွတ်ယင်းရွတ်ယင်းကို ပီတိတွေ ဖြစ်ပြီးတော့ လာတယ်၊ စိတ်တွေ ဘယ်ကိုမှ မထောက်ဘူး၊ ဒီဂုဏ်တော် အစရဲ့ မှာ၀ါ ရွတ်ယင်းရွတ်ယင်း စိတ်လည်နေတယ် ဆိုယင် ဒါစျာန်ဖြစ်နေတာပဲ၊ အဲဒီလိုပုဂ္ဂိုလ် အတွက်ကတော့ ဘုန်းကြီး ဘာမှ ဝေဖန်စရာ မလိုဘူး၊ အင်မတန်ကောင်းတယ်။

ယခုဘာ့ကာ ဘုရားပွဲတွေနဲ့ ပြုန်းဒိုင်းပြုန်းဒိုင်း အသံတွေကကျယ်လောင်ကျယ်လောင်၊ ဟိုက စကားတွေက အမျိုးမျိုးပြော၊ ဒီမှာ ဟစ်ကြအော်ကြ၊ ဘုရားဂုဏ်တော် ရွတ်ကြဖတ်ကြတယ်၊ ဒီစျာနပစ္စည်းနဲ့၊ ဒီတော့ကာ နိုင်ငံခြားလူမျိုးနဲ့ စူးစိုက်ပုံနှင့် ဘယ်လောက် ကွာတုံး၊ ဘယ်လောက် ရွက်စရာကောင်းတုံး။

ပြီးတခါ ကိုယ့်အိမ်မှာလဲ ဒီလိုပဲ၊ ဘုရားရှိခိုးနေလိုက်တာ၊ စိတ်က တခြားမှာ အသံကတော့ ရွတ်နေတာပဲ၊ "လွတိပိ သော ဘဂဝါ"တို့ ဘာတို့ ရွတ်နေတာပဲ၊ ရွတ်သာရွတ်နေတယ် စိတ်က တခြားမှာ၊ ပါးစပ်က ရလို့ ရွတ်နေတယ်၊ စိတ်ကတော့ တခြားမှာ၊ ဒါ စျာန်ရတာ မဟုတ်ဘူး၊ ဒါ စျာန်စူးစိုက်မှု မပါ ပါဘူး။

အဲ ဒါကြောင့် ဘုန်းကြီးတို့ ဗုဒ္ဓဘာသာတွေဟာ အဆင့်အတန်းမြင့်မြင့်နဲ့ ဖြစ်စေချင်လွန်းလို့၊ အသံတိုးတိုး ဘုရားရှိခိုး၊ စိုက်ပြီး ဘုရားအာရုံပြုနေလို့၊ စိုက်ပြီး ဘုရားအာရုံပြုနေလို့ ပြောနေရတယ်၊ ရှိခိုးလို့ ရှိယင် အသံကောင်းတဲ့သူက တိုးတိုးရွတ်ပါ၊ အသံခကောင်းတဲ့သူ ဘေးကကြားလို့ ရှိယင် သာယာနာပျော်ဖွယ် ဖြစ်အောင် တိုးတိုးကလေး ရွတ်စမ်း၊ အဲဒါက ကောင်းတယ်။

ဒီလို ဆူဆူညံညံ ဘုရားရှိခိုးနည်းတို့ကတော့ သဘာ၀ သိပ်မကျပါဘူး၊ နည်းနည်းပါးပါး အကျိုးရှိတာကတော့ ထားပါတော့၊ လုံးလုံးတော့ မဆုတ်ယုတ်ပါဘူး၊ ဒီလို စျာနပစ္စည်းဖြစ်တဲ့ အနေရှိအောင်ကတော့ အတော်ကြိုးကို ကြိုးစားရဦးမယ်။

မေတ္တာဗျာန်။ ။တခါ ဘုန်းကြီးတို့ "ဗုဒ္ဓဘာသာ" က ဘုရားအာဂုံပြုတဲ့ နေရာမှာသာ အစူးအစိုက်နဲ့တာ မဟုတ်သေးဘူး၊ မေတ္တာပို့ကြပြီ၊ ပါးစပ်က "အဝေထုဟောန္တု၊ အဗျာပဇ္ဇာဟောန္တု" စိတ်ကတခြား ထွက်နေတာ၊ ပါးစပ်က "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေလို့" ပါး စပ်ကဆိုနေပေမယ့်လို့ စိတ်က တခြားထွေက်နေတာ မစူးစိုက်ဘူး၊ အများနဲ့ ထုပြီးတော့ ဒီမှာ သံပြိုင်မေတ္တာပို့နေကြတာတော့ ထားပါတော့၊ တယောက်ထဲ သံဃာတော်တပါးထဲ မေတ္တာပို့လို့ ရှယ်ဒ် ဒိန္နတ်ကလေး လှူင်တယ်ရှိရုံလေး လှူပ်၊ ဒါမှမဟုတ် မလှူပ်ပဲနေ၊ "အရှေအရုပ်၌ နေကြတဲ့သတ္တဝါတွေ" စိတ်က အာဂုံပြုပြီးကော့ "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ" စိတ်ကအာဂုံပြုပြီးတော့ ရွတ်ပြန်တော့လဲ တိုးတိုးကလေး ရွတ်ပြီးတော့ စိတ်က စူးစိုက်လို့၊ ဒါမှ "မေတ္တာဗျာန်" ဖြစ်တယ်။

မေတ္တာ ကာမာဝစရကုသိုလ်ဗျာန်နော်၊ ဒီ "ရူပ အရူပဗျာန်" မျိုး မဟုတ်သေးဘူး၊ မေတ္တာ ကာမဝစရဗျာန်ဖြစ်တယ်၊ ဒီလိုပဲ တောင်ဘက်ကို ဆာဂုံပြုတယ်ဆိုလို့ရှိယင် တောင်ဘက်ကို စိတ်က စိုက်လို့၊ တောင်ဘက်အရပ်၌ ရှိကြတဲ့သတ္တဝါတွေ "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ" ဒဲ့ဒီလိုပေါ့၊ အရပ်ဆယ်မျက်နှာစူးစိုက်ပြီးတော့ အာဂုံပြုရပါတယ်။

ဒီ "အဝေထု ဟောန္တု" စသည်ဖြင့် အကျယ်ကြီးရွတ်ပြီးကော့ စိတ်မပါတပါနဲ့ မေတ္တာပို့တာကတော့ မေတ္တာကို မဟုတ်ပါဘူး၊ မေတ္တာကို မဖြစ်ဘူး၊ ဖြစ်ယင် သာမန်ကလေး ဖြစ်မယ်၊ နဲနဲကလေး ဖြစ်မယ်၊ စူးစိုက်တာ မဟုတ်လို့မို့ လေးလေး ပင်ပင် မေတ္တာမျိုး မဟုတ်ပါဘူး၊ ဒါလေးကို နားလည်စေချင်တယ်။

ဖုဿဒေဝထေရ်ပမာ စူးစိုက်ပါ။ ။တခါတုန်းက မထေရ်တပါး (ဖုဿဒေဝ မထေရ်)၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးပြီနော်၊ ခုအချိန်မျိုးလိုပဲ စေတီတော်ကို တံမြက်စည်းလှည်းလို့ စေတီရင်ပြင်တော် ပတ်ဝန်းကျင်မှာ သဲတွေ ခင်းပြီးထားတော့ တံမြက်စည်း လှည်းပြီး ကြွည့်လိုက်ယင် သဲတွေက ဖွေးဖွေးဖြူဖြူနဲ့ဆိုတော့ စိတ်ကြည်နူးတာပေါ့-

အဲဒီတင် သူ ဘုထူးအာရုံပြုပြီးတော့ "သက်တော် ထင်ရှား ဘုထူး"ကို အာရုံပြုပြီး၊ စေတီတော်မှာရှိတဲ့ "ဓာထိုတော်"ကို အခြေခံပြီး သက်တော် ထင်ရှား ဘုရားကို အာရုံပြုနေတယ်။

အလုပ်လုပ်တာက ဓစေတီတော်ရှေ့မှာ စေတီတော်ကို ပူဇော်နေတာနော်၊ စိတ်က ဘယ်ရောက်နေသလဲ၊ သက်တော်ထင်ရှား မြတ်ဘုရားကို ရောက်နေပြီ၊ သိပ်ပြီးတော့ သမာဓိကြီးနဲ့ ဈာဂတာကျကျနဲ့ ဈာန်ဝင်စားသလိုစူးစိုက်ပြီးတော့ နေတုန်းမှာ မာရ်နတ် က တရားထူး ရသွားမှာစိုးလို့၊ တခါတည်း မျောက်ညိုကြီး ယောင်ဆောင်ပြီးတော့ လာတယ်ကိုး၊ ဒီတင် အာရုံပြောင်းသွားပြီ၊ မျောက်ညိုကြီး ကြည့်လိုက်တာနဲ့ အာရုံပြောင်းသွားပြီ၊ ကနေ့တော့ ဘာမှ ရှေတိုးလို့ မရတော့ဘူး။

နက်ဖန် တခါလာပြန်ရော၊ ဒီလိုပဲဓာရုံပြုပြီး စူးစိုက်နေကျ စူးစိုက်ကို နေတာ၊ သက်တော်ထင်ရှား ဘုရားကို အာရုံပြုလို့၊ အာရုံပြုလို့၊တော်တော်ကြာတော့ မာရ်နတ်က လာပြန်ပြီ၊ နွားအိုကြီး ယောင်ဆောင်ပြီးတော့ စေတီတော်ထဲ လျှောက်သွားတယ်၊ ကနေ့ သမာဓိပျက်ပြန်ပြီ၊ကြည့်စမ်း၊ဒီလောက်ကလေးနဲ့ သမာဓိပျက်ကယ်နော်၊ ဘုရားလူကြီးတွေရဲ့ ပြုန်းဒိုင်း ပြုန်းဒိုင်းကတော့ ပပြောနဲ့တော့ အဲဒီဓလောက်ကလေးနဲ့ သဟဓိပျက်လွယ်မို့ ဓရှေတိုးလို့ မရပါဘူး။

နောက်တခါ တတိယနေ့ကျတော့ ခမြေထောက်ခွင်ခွင်နဲ့လူကြီးအရွယ်ဆိုးဆိုး လူ့ယောက်ကျ ဒီအထဲ လျှောက်လာပြန်ရော၊ သမာဓိပျက်အောင် လုပ်နေတာ၊ "ဒီနယ်မှာ ဒီလောက် အရွယ်ဆိုးတဲ့သူ မရှိပါဘူး၊ ငါ့ မာရ်နတ်မျှားနှောင့်ယှက်တာလား"လို့ မထေရ်မြတ်က စဉ်းစားတော့မှ "ဟုတ်ပြီ မာရ်နတ် နှောင့်ယှက်ဟန် တူတယ်၊ အသင် မာရ်နတ်မဟုတ်လား"လို့ ဆိုတော့ မလိမ်၊ ပါဘူး၊ မုသား မပြောပါဘူး၊ "ဟုတ်တယ်"တဲ့၊ ဟာ...သူ စိတ်မဆိုးဘူး "အသင်မာရ်နတ်က သိပ်တန်ခိုးကြီးတယ်၊ ဟို ငါ့ကိုလေ ဗုဒ္ဓမြတ်စွာရဲ့ပုံတော် ဖန်ဆင်းပြစမ်းပါ"၊ "ဟာ....တူအောင်တော့ အကုန်လုံး မဖန်ဆင်းနိုင်ဘူး၊ အတော်တော့ တူပါတယ်"၊ ဒါဖြင့်ယင် အတော်တူတူ ဖန်ဆင်းပြစမ်းပါလို့ ဆိုတော့ မာရ်နတ်က ဟန်နဲ့ ပန်နဲ့ ဘုထူးပုံတော် ဖန်ဆင်းပြီးတော့ ပြပါရောကို။

အဲ....မာန်နှတ်ကြည့်ပြီးတော့ ကြည်ညိုပြီးတော့ ကြည့်ပြီး "ရုဂ ဒေါသ မောဟ" မကင်းတဲ့ မာရ်နတ်ပြတဲ့ပုံဟာ ဒီလောက် သပ္ပာယ်သေးတယ် "ရုဂ ဒေါသ မောဟ" ကင်းပြီးတော့ "မေတ္တာ ကရုဏာ သဗ္ဗညုတညာဏ်တော်ဂုဏ်" တို့ဖြင့် ထုံမွှမ်းထားတဲ့ မြတ်စွာဘုရား ဘယ်လောက်များ သပ္ပာယ်မလဲလို့ တွေးပြီးဖဟာ့ စိုက်ပြီးဖတာ့ ပီတိဖြစ်၊ သုခဖြစ်၊ ကေဂုတာဆိုတဲ့သမာဓိကျပြီး တော့နေရာက ဖြစ်လာတဲ့ပီတိကို "အာနိစ္စ, ဒုက္ခ, အနတ္တ" လို့ ရှုလိုက်တာ တခါထဲ တရားတွေ့တက်ပြီးတော့ "ရဟန္တာ" ဖြစ်သွားတယ်[၁]။

ကြည့်စမ်း....ဘုရားရှိခိုးတာ၊ ဘုရားပူဇော်တာ၊တိတ်တိတ်ဆိတ်ဆိတ် ဆိုလို့ ရှိယင် ယခုလဲ တရားရနိုင်တယ်၊ ဒါကြောင့်-ဘုန်းကြီးက ဘုရားရှေတော်မှာ သန့်ရှင်းကြပါ၊ တိတ်ဆိတ်ကြပါ၊ မိမိတို့အိမ်မှာ ဘုရားပူဇော်လို့ရှိယင် ရှုပ်ရှုပ် ပေပွေနဲ့ မပူဇော်ပဲနဲ့ သန့်သန့်ရှင်းရှင်းနဲ့ သက်ဘော်ထင်ရှား ဘုရားရှေမှာ မိမိ ရောက်နေသလိုအထိ ပူဇော်လိုက်ကြစမ်းပါ၊ အင်မတန် ကောင်းပါတယ်လို့။

ဓမ္မာဿောကမင်းပမာ စူးစိုက်ပါ။ ။တခါတုန်းကလဲ "ဓမ္မာသောက" မင်းကြီး ဗုဒ္ဓဘာသာဖြစ်ပြီးတော့ ဒီဘုရားကြည့်ညိုတဲ့နည်းတွေ အမျိုးမျိုးဓလာ နည်းတွေနဲ့ ကြည်ညိုတာ၊ ကြည့်ရှုင်လိုက်တာ သက်တော်ထင်ရှား ဘုရားကို ကြည့်ချင်လိုက်တာ၊ သူတို့က ဓနာက်မှကြည်ညိုရတာ ဖြစ်ဓတော့ ဘုရားအစစ်ကို မတွေ့လို့ကျလို့ စိတ်ထဲမှာ မခံချို မခံသာ ဖြစ်ဓနတယ်၊ ဒါနဲ့ "ဓမ္မာဓသောက" မင်းဟာ အထက်ဘယူဇနာ-အောက်တယူဇနာ နိုင်တာဖြစ်လို့မို့ ဓောက်တယူဇနာ အတွင်းမှာနေတဲ့ "ကာလ နဂါး မင်း ဓခေါ်ပါဓော၊ လာပါတယ်။

ကာလနဂါးမင်းက တကမ္ဘာလုံးအသက်ရှည်တာပါ၊ 'ကျုပ်တို့ ဗုဒ္ဓမြတ်စွာရဲ့ ရုပ်ပုံတော်ကို ဖန်ဆင်းပြစမ်းပါ" လို့ ဆိုတော့ "ရာဇပလ္လင်" ပေါ်မှာဝင်းဖြူအောက်မှာ ကာလနဂါးမင်းကို တင်ပြီးတော့ ပူဇော်ဓတာ့၊ ဗုဒ္ဓမြတ်စွာရဲ့ ရုပ်ပုံတော် ဖန်ဆင်းပါလို့ ဓတောင်းပန်တော့မှ ကာလနဂါးမင်းက ဖန်ဆင်းပြ

၁။ ဝိ၊ ဋ္ဌ၊ ၄၅၁-၁၇၄။ (ပရိဝါအဋ္ဌကထာ) ဝိသုဒ္ဓိ၊ ၂၊ ပ-တွဲ၊ ၃၁-၂၂၁။

လိုက်တာ သိပ်ဆပွာယ်တာပဲတဲ့၊ အဲဒီမှာတင် ရှင်ဘုရင်ကြီးက ဝမ်းမြောက်ဝမ်းသာ ပီတိတွေဖြစ်လို့ ပူဇော်ရပါတယ်၊ စာအဆိုကတော့ ၇-ရက်လုံးလုံးမျက်လုံးနဲ့ ကြည့်နေတာပဲလို့ ပြောတယ်၊ ဒီတော့ ဘုန်းကြီးတို့ ရှေးက သူတော်ကောင်းတွေ ဗုဒ္ဓပူဇော်နည်းဟာ ဇာင်မတန်တိကျပါတယ်၊ အင်မတန်မှ စူးစိုက်ပါတယ်[1]။

အသန္ဓိမိတ္တာဟမာ စူးစိုက်ပါ။ ။တခါ ဓမ္မာသောကမင်းရဲ့ မိဖုရား "အသန္ဓိမိတ္တာ"ဒီ ခုလိုလိမ္မာတဲ့သူတွေဟာ ဘဝသံသရာကလဲ လိမ္မာလာအယ်၊ အကျိုးပေးတော့လဲ လိမ္မာတယ်၊ "အသန္ဓိမိတ္တာ" ဆိုတဲ့ မိဖုရားဟာ ဒီ ဘုရားအသံတော် ကြားချင်လိုက်တာ မကြားရတော့၊ အင်း.... ရဟန်းတော်များကို လျှောက်တယ်၊ ကောင်းတဲ့အသံများ ဘယ်မှာရှိတုံးလို့ လျှောက်ဘယ်၊ ဘုရားအသံတော် ကောင်းတာတော့ "ကရဝိက်" ငှက်မင်းများနဲ့ အသံကတော့ ဘုရားအသံတော်နဲ့ မှန်းလို့ မျော်လို့ ရလောက်အောင် ကောင်းပါတယ် ပြောတော့ ဓမ္မာသောက မင်းကြီးကိုပဲ ပူဆာပါတယ်၊ "ကရဝိက် ငှက်မင်းရဲ့အသံကို နားထောင်ချင်ပါတယ်"လို့ ဆိုတော့ လောကကြီးဟာ ပေါ့လေ ဘုန်းကြီးတို့က အရောင်းဘက်မှာလဲ အရေးပေးတာ အလေးပေးတာ တွေ့ဘယ်၊ မိဖုရားတယောက်က ဒီလောက် အာသာပြင်းထန်နေလို့ ရှိယင် မရရအောင် ကြိုးစားရမယ်၊ ကြိုးစားထော့ ဆိုပါတော့ ကရဝိက်ငှက်ကိုရပြီ၊ ရတော့ ကရဝိက်ငှက်က ဒီ နန်းတော်ထဲ ရောက်လာတော့ အသံမမြည် မတွန်ဘူး၊ တကောင်ထဲ ခြောက်ကပ်ကပ် ဖြစ်နေတာကိုး။

ဒါကြောင့်မို့လို့ ပတ်ဝန်းကျင်ကမှန်တွေကိုအကာခိုင်းတယ်၊ မှန်တွေအကာခိုင်းထတော့ တခါတည်း ကရဝိက်ငှက်ကဝမ်းသာပြီးတော့ မြူးပြီးတော့တွန်လိုက်တာ အို ...မိဖုရားနားထဲမှာ ကြည်နူးသွားတာပဲ၊ ဒီ လောဘ ဒေါသ မောဟ မကင်းတဲ့ ကရဝိက်ငှက်ရဲ့ အသံတောင်မှ ဒီလောက် သာယာသေးတယ်၊ "မေဘ္ဘာ ကရဏာ"အဟုန်တွေ့ ထုံပြီးတော့ "တဏှာ ရာဂ လောဘ ဒေါသ မောဟ"တွေ့ ကင်းနေတဲ့ ဗုဒ္ဓမြတ်စွာရဲ့ အသံတော်ဟာ ဘယ်လောက်မျှား သာယာမလဲလို့ တွေးပြီးတော့ပိတိတွေဖြစ်ပြီးစူးစိုက်ပြီးတော့ စျာန်ဖြစ်နေတာ၊

၁။ မဟာဝံသ၊ ၅၊ ၎၁-၈၉-၉၄။

အဲဒါ ကာမဘဝစရစျာန်ဖြစ်နေတာ၊တခါဘည်းအဲဒီစျာန်ဒာစွမ်းကြောင့် ရွှေကို တိုးပြီး တရားအာဃာထုတ်လိုက်ဘာ "သောဘာပန်" ဖြစ်သွားတယ်၊ သူတင် ဖြစ်တာမဟုတ်ဘူး၊ မောင်းမမိသံတွေပါ သောတာပန်ဖြစ်သွားတယ်[၁]။

ဒီတော့ ဘုန်းကြီးတို့က မစူးစိုက်တဲ့အတွက်ကြောင့် အကျိုးနဲပုံတော့စူးစိုက် တဲ့အတွက်ကြောင့် အကျိုးများရပုံတွေ သိနေပြီမဟုတ်လား၊ အဲဒီလိုသိပနဲတော ဖြစ်တော့ စူးစူးစိုက်စိုက်ရှုတာကိုပဲ ဘုန်းကြီးက ဇိုက်တွန်းပါတယ်၊ ကျောင်း သုံးဆောင်တွေရော ဘုန်းကြီးတို့ ဒကာ ဒကာမတွေရော ဘုရားအာရုံကို ယူပြီး ဇောတ့် ရတာကလေး ရွတ်တဲ့အပြင် ရွတ်ချင်ရွတ်ဦးတော့ စိတ်နဲ့စိုက်ပြီးတော့ ရွှန်းကို ကြိုးစားကြပါ။

မေတ္တာပိုပုံ ပိုနည်း။ ။က "ပုဒ္ဓမြတ်စွာ "ပုဒ္ဓာနုဿတိ" အာရုံတွင် မဟုတ် သေးဘူး၊ မေတ္တာပို့တော့လဲ စူးစိုက်ပြီးတော့ ပို့ရပါ တယ်၊ တခါတုန်းက ပုဒ္ဓမြတ်စွာကြွလာလို့ရှိယင် ဒေါသလုံး မူးကြီးမတ်ကြီးဖြတ် ကြိုရမယ်လို့ "ဝဆောလီ"ပြည်မှာ ထင်တယ်၊မကြိုလို့ရှိယင်(၅၀)ဒဏ်ခတ်မယ် ဆိုဓတော့ အာသလုံးမူးကြီးမတ်ကြီးတွေ ကြိုရတယ်၊ အဲဒီအထဲမှာ လူတုန်းက အရှင်အာနန္ဒာရဲ့ သူငယ်ချင်းဖြစ်တဲ့ နာမည် ဘုန်းကြီး သတိမရဘူး၊ "ဒေသင် တို့လို လူကြီးလူကောင်းတွေ ဘုရားကြည်ညိုတယ်ဆိုတော့ ကောင်းတာပေါ့" လို့ အရှင်အာနန္ဒာက ပြောတော့ "ကိုယ်တော် ကြည်ညိုလို့ မဟုတ်ဘူး၊ ကိုယ်တော်မကြိုလို့ရှိယင် ဒဏ်(၅၀) ခတ်မှာဆိုလို့ လိုက်လာတာ"၊အဲဒီတော့ အရှင်အာနန္ဒာ စိတ်မချမ်းမသာ ဖြစ်သွားတယ်၊ နောက် မြတ်စွာဘုရား လျှောက်တယ်။

"မြတ်စွာဘုရား ဒီလို လူကြီးလူကောင်းတွေက သာသနာကြည်ညိုကယ် ဆိုယင် သူတို့မှာလဲ အကျိုးမယုတ်ပါဘူး၊ သာသနာတော်မှာ အကျိုးများ ပါတယ်ဘုရား၊ ကြည်ညိုမှုးကြည်ညိုယင် သိပ်ကောင်းမှာပဲလို့" ရှင်အာနန္ဒာ က လျှောက်တော့ မြတ်စွာဘုရားက "မခက်ပါဘူးအာနန္ဒာ"လို့ ဆိုပြီးတော့ စိုက်ပြီးတော့ မေတ္တာပို့တော်မူလိုက်တာ နောက် ခုနက ဒီဓာတ်ဟာ ဘယ်လို

၁။ သုတ်မဟာဝါ အဋ္ဌကထာ၊ နှာ-၄၄-၄၅၊မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ၊ နှာ-၂၆၃။

ရောက်သွားတယ်လို့ ဘုန်းကြီးမပြောတတ်ဘူးဟေ့။ ခုနက အမတ် တခါထဲ "ဘုရားဘယ်မှာတုံး၊ ဘုရားဘယ်မှာတုံးလို့ နွားကလေး အမေပျောက်လို့ လိုက်ရှာသလိုပဲ" ဗုဒ္ဓဘယ်မှာတုံး ဗုဒ္ဓဘယ်မှာတုံး လိုက်ရှာတာပဲ၊ အဲဒီလောက် ကြည့်ညို့တာ၊ စူးစိုက်ပြီးတော့ ပို့တဲ့မေတ္တာ၊ တရားသဖြစ်နော်၊ တရားသဖြင့်နော်၊ တော်တော်ကြာ ဒီလိုစူးစိုက်ပြီးတော့ ပို့တဲ့မေတ္တာ မဟုတ်ပဲနဲ့ တစုံတခုလိုချင်လို့ ပို့တဲ့မေတ္တာကတော့ ဟန်ကိုမဟန်ဘူး။

ဘုန်းကြီး ပခုက္ကူမှာနေတုန်းက ညကျမေတ္တာပို့၊ အဲဆွမ်းခံသွားတဲ့လမ်းကို မေတ္တာပို့၊ ဆွမ်းခံသွားတဲ့လမ်း မေတ္တာပို့တော့ နက်ဖြန်ခါကျတော့ မေတ္တာပို့တဲ့လမ်းက ဟင်းကလေး ဘာလေးရတော့ ဟင်းကလေး ဘာလေးလောင်းလိုက်လို့ရှိယင် ငါ့မေတ္တာ စူးသားပဲလို့ နည်းနည်းသဘောကျတယ်၊ နက်ဖြန်ခါညလဲ မေတ္တာပို့တယ်၊ အဲဒီ မနေ့က ဟင်းလောင်းတဲ့အိမ်က "ကန်တော့ဆွမ်းပါ"လို့ ဆိုတော့ အင်း ငါ့မေတ္တာကိုက ရိုးတာမဟုတ်ဘူး၊ ဟင်းလိုချင်လို့ပို့တဲ့ ငါ့မေတ္တာ ဘယ်ရိုးလိမ့်မတုံး၊ ဘုန်းကြီးမှာ ဖြစ်ခဲ့ရဖူးတယ်။

တစုံတခုလိုချင်လို့တော့ မပို့ပါနဲ့၊ တကယ်ချမ်းသာစေချင်လို့ ပို့တဲ့မေတ္တာကတော့ ခုနကလို ဗုဒ္ဓမြတ်စွာဘုရားကတော့ ဒီ"နာဠာဂိရိ"ဆင်ကြီး၊ "ဓနပါလ"ဆင်ကြီး၊ အဲဒီ ဆင်ကြီးကို အရက်တိုက်ပြီးတော့လွှတ်တဲ့အခါတုန်းက ဒေဝဒတ်ရဲ့ကောင်း နှားထောင်တဲ့ ဆင်ထိန်းတွေက အရက် တိုက်ပြီးတော့ လွှတ်ဘဲ့ အခါတုန်းက ဆင်ကြီးကတကတည်း တရှူးတိုးကို ဓပြုးလာတယ်။

ရှင်အာနန္ဒာက "မြတ်စွာဘုရား ဆင်ကြီးလာနေပါတယ်"နဲ့ အင်မတန်ကြောက်၊ တိမ်းဖိုးရှောင်ဖို့၊ အဲ မြတ်စွာဘုရားက မတိမ်းတော့ရှင်အာနန္ဒာကရှေက ကာဆီး ကာဆီးလုပ်တော့ မြတ်စွာဘုရားက "အာနန္ဒာ အာနန္ဒာ နေပါဒစ နေပါစေ"ဟု ဗုဒ္ဓမြတ်စွာက စိုက်ပြီးတော့ ဒီဆင်ကြီးကို မေတ္တာပို့တယ်၊ တခါဘည်း ဗုဒ္ဓမြတ်စွာရဲ့ အနားလဲရောက်ရော၊ တခါတည်းဒူးတုပ်ပြီးနေတယ်[၁]။

၁။ ဓဇ္ဈဝါပါဠိဘော်၊ နှာ-၃၅၆-၇။ ဇာ၊ ဋ္ဌ၊ ၅၊ နှာ-၃၁၅-ဂ။

ဒါ့ကြောင့် မေတ္တာ မေတ္တာ သိပ်ကောင်းတာပဲ၊ မေတ္တာသိပ်ကောင်းတာပဲလို့ ဘုန်းကြီးကလေ ကျောင်းကို မေတ္တာပို့ကြပါ၊ အရပ် ဆယ်မျက်နှာကို မေတ္တာပို့ကြပါ၊ ဆွမ်းဒကာ ဆွမ်းအမကို မေတ္တာပို့ကြပါ၊ ကိုယ်ကလိုချင်လို့ မဟုတ်ဘူး၊ သူတို့လောင်းလှူနေပြီလေ၊ ကျောင်းဒကာ ကျောင်းဒကာမများကို မေတ္တာပို့ကြပါ၊ ကိုယ်က လိုချင်လို့ မဟုတ်ဘူး၊ သူတို့က ပို့စု နေကြပြီလေ၊ "ကျန်းမာကြပါစေ ခွန်းသာကြပါစေ" လို့မေတ္တာပို့ရပါတယ်၊ ပို့ကို ပို့ခိုင်းပါတယ်ဘုန်းကြီးက၊ ဒီတော့မေတ္တာဟာစူးစူးစိုက်စိုက်ပို့လို့ရှိယင် ဈာန်မတန်မှ ကောင်းတယ်၊ ဈာန်မတန်မှ ကောင်းတယ်။

တခါတုန်းက ဗုဒ္ဓမြတ်စွာက ကောသမ္ဗီပြည် ကြွလာတယ်၊ အဲဒီအခါမှာ ဗုဒ္ဓမြတ်စွာကို ရန်ဘက်လုပ်နေတဲ့ မိဖုရား မာဂဏ္ဍိဆိုတာက ရှိတယ်၊ မာဂဏ္ဍိလက်ထပ်ဖို့ရန် လျှောက်ဒေတာ့ ဗုဒ္ဓမြတ်စွာကလေ မလိုချင်ရုံတင် မကဘူး၊ အသုဘတရားတွေ ဟောလှတ်လိုက်လို့၊ မလိုချင် မလိုချင်ဘူးပေါ့၊ ဘာပြုလို့ ဘယ့်နှယ် ညာ့နှယ်နှင့် အသုဘတွေ ဟောရမလား၊ ဆိုပြီးတော့ ဒီကထဲက သူ ရန်မူလာတာ။

ငါရှိပ်နဲ့တော့ အထက်တန်းရောက်မှာ၊ မိဖုရားဖြစ်လို့ရှိယင်တော့ လက်စားချေမယ်လို့ သူတွေးထားတယ်၊ အဲဒါနဲ့ သူကလဲ မိဖုရားဖြစ်နေပြီ၊ ဗုဒ္ဓမြတ်စွာကလဲ ကြွလာပြီ၊ ကြွလာတော့ နံဂိုကမှ ဗုဒ္ဓဘာသာမဟုတ်တဲ့ သူတွေက ဘုရားကို မကြည်ညိုနေတာ၊ ပစ္စည်းမရှိတဲ့သူတွေကို ပိုက်ဆံပေးပြီးတော့ဆဲကြဟေ့ ဂေါတမလာလို့ရှိယင် မင်းတို့ဆဲယင် ပိုက်ဆံဘယ်လောက်ပေးမယ်၊ နှစ်နှစ်ကာကာကြီး ဆဲနိုင်ယင် ပိုက်ဆံပေးမယ်၊ မိဖုရားခိုင်းထားတော့ နံဂိုကမှ ဆဲချင်ချင်၊ တိတ္ထိတွေကလေ တခါတည်း အဆဲမျိုးစုံနဲ့ ဆဲဖို့ရန် ပြင်ထားကြတာပဲ။

ဗုဒ္ဓမြတ်စွာက မနက်ဖြန် ဆွမ်းခံဝင်တယ်၊ ဆဲကြမယ်ဆိုတာလဲ ရှင်အာနန္ဒာက သတင်းကြားပြီး အားလုံး ဗုဒ္ဓဘာသာတွေကလဲ လျှောက်ထားကြပါလိမ့်မယ်၊ ဒါနဲ့ ရှင်အာနန္ဒာက မြို့ပေါက်ရောက်တော့ မြင်စွာဘုရား "ဒီလမ်းတော့ ဆွမ်းခံမဝင်ပါနဲ့ဘုရား"၊ ဘာပြုလို့တုံး၊ ဒီလမ်းက ဆဲဖို့ရန် လူစုထားပါတယ်ဘုရား၊ ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာက အင်မတန် တယ်ကြည်ညိုစရာကောင်း၊ ခပ်ရှင်ရှင်ပဲ၊ နို့ ဒီလမ်းဆွမ်းခံမဝင်လို့ ဘယ်လမ်းက ဆွမ်းခံဝင်မလဲ၊ ဟိုတက်

လမ်းက လှည့်ဝင်ပါဘုရား၊ အဲဒီလမ်းလိုက်ဆဲတော့ ဘယ့်နယ် လုပ်မလဲ၊ ဟိုဘက်တလမ်း ပြောင်းသေးတာပေါ့ဘုရား....၊

အဲဒီတလမ်း လိုက်ဆဲတော့ကော အာနန္ဒာ ဘယ့်နယ်လုပ်မလဲ၊ ဟိုမြို့ပြောင်းတာပေါ့ဘုရား၊ အဲဒီမြို့လိုက်ဆဲတော့ကော အာနန္ဒာ ဘယ့်နယ်လုပ်မတုံး၊ ဘုန်းကြီးတို့ဘုရားကလေ.... ဘုန်းကြီးတို့ဘုရားက အင်မတန်လဲ ရှင်ပါတယ်လေ၊ ဒီတော့ "အာနန္ဒာ အမှုတခုဖြစ်လို့ရှိယင် အဲဒီအမှုကို အဲဒီနေရာမှာပဲ ပြီးအောင်လုပ်ရမယ်၊ ပြောင်းသွားနေလို့ရှိယင်ဖြင့် ဒီအမှုနောက်က တဖောက်ကောက်နဲ့ ပါလာလိမ့်မယ်။

အဟံ နာဂေါ စ သင်္ဂါမေ၊ စာပဖော ပတိတံ သရဲ့"။

စစ်မြေပြင်ဝင်တဲ့ ယဉ်ကျေးပြီးသား ဆင်ပြောင်ကြီးဟာ ပတ်ဝန်းကျင်က ကျလာတဲ့ မြားတွေကို ခါထုတ်ပြီးတော့ ရွှေတက်သလိုပေါ့၊ ငါ ဘုရားလဲပဲ ဘေးက မကြားကောင်း မနာသာ ပြောတဲ့ စကားတွေကို အကုန်လုံး ခါထုတ်ပြီးတော့ ရွှေတက်တော်မူမယ်၊ မဟာကရုဏာ ရွှေထားပြီးတော့ ဆွမ်းခံကြွတော်မူတာပဲ၊ ဆဲရင်ဘာပြစ်တုန်း၊ ဆဲသူကဆဲရင်၊ ဆွမ်းလောင်းသူက လောင်း၊ သာပြီးတော့တောင်မှိုင်သွားသေးတယ်၊ ဆဲဘာကွေကတာချို့၊ဆွမ်းလောင်းသူတွေက တာချို့၊ ချီးမွမ်း သာဓုသံက တာချို့၊ ဆဲသံက တာချို့၊ သာတောင် မှိုင်သွားသေးတယ်၊ အဲဒါကြောင့် ဗုဒ္ဓမြတ်စွာက မဟာကရုဏာတော်ကို အမြဲသုံးတော်မူပါတယ်။

ဒါကြောင့် မေတ္တာပို့တဲ့အခါ တယောက်ထဲ အကျယ်ကြီး ဟစ်ပြီးတော့ ပို့ပနေစမ်းပါနဲ့၊ စူးစူးစိုက်စိုက်ရှုပြီးတော့ ဒီကစျာန်ဖြစ်အောင် စူးစူးစိုက်စိုက် ရှုလိုက်ကြစမ်းပါ၊ အဲဒီ ဗုဒ္ဓဘာသာမဟုတ်တဲ့ လူတွေက တို့ဗုဒ္ဓဘာသာထက် ငြိမ်ပြီးတော့ မေတ္တာပို့နေလိုက်ကြတာ။

တခါတုန်းကများ လေးရာလောက် စည်းဝေးနေလိုက်ကြတာ တုတ်တုတ်မှ မလှုပ်ဘူးတဲ့၊ ငြိမ်လို့ သူတို့အာရုံနဲ့ သူတို့ ယူနေကြတာ၊ မေတ္တာပို့ကြဆိုယင်

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ပတ္တဝဂ္ဂ၊ နာ-၁၃၅–၆။ ဌာန ဋ္ဌ၊ ဒု-တ္တိ၊ နာ-၃၀၈-၉။

ဓမတ္တာပို့ပြီးတော့ ငြိမ်နေကြတယ်၊ ဒီက ဘုရားဒကာကြီးတွေ့ရဲ့ဘုရားလူကြီးတွေ့ရဲ့ ဝိုင်းထဲမှာတော့ ဝုန်းဒိုင်းဝုန်းဒိုင်းကြားက မေတ္တာပို့တဲ့သူက မေတ္တာပို့ကြ၊ ရွတ်တဲ့သူက ရွတ်ကြ၊ ဆွမ်းလောင်းတဲ့သူတွေကလဲ ဆွမ်းလောင်းကြ၊ ဆွမ်းတော်တင်တဲ့သူတွေကလဲ ဆွမ်းတော်တင်ကြနဲ့ ရှုပ်နေလို့။

ဒီတော့ ဘုန်းကြီးတို့ရဲ့ အကောင်းတွေကို ဘယ်သူတွေက ယူနေကြတုန်းဆိုတော့ ဘုန်းကြီးတို့ ဘာသာဝင်မဟုတ်တဲ့ သူတွေက ယူပြီးတော့ အာသုံးရှုနေကြတယ်၊ ဘုန်းကြီးတို့ ဘာသာဝင်တွေကတော့ မိမိတို့ဟာ မိမိတို့ ဟုတ်လှပြီလို့ ထင်နေကြပြီးတော့ ဘယ်နှယ်ကြောင့် ကြမ်းကြမ်းတမ်းတမ်း အာသံတွေနဲ့ ဒီဘာသာရေးကိစ္စကို အသုံးချနေကြသလဲ၊ သိပ်စဉ်းစားစရာကောင်းပါတယ်။

အသုဘ ရှုပုံ ရှုနည်း။ ။တခါမေတ္တာပို့တာသာ မဟုတ်ဘူး၊ ဘုန်းကြီးတို့ ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ ဘာဝနာ၊ အသုဘ ဘာဝနာလဲ စူးစိုက်ပြီးတော့ ရှုနေယင်လေ တကယ်ကို တရားပေါက်တယ်။

တခါတုန်းက ရဟန်းတော်လေးတပါးနှင့် ကိုရင်လေးတပါးက တံပူခုတ်တောထဲသွားကြတယ်လေ၊ တံပူခုတ် တောထဲသွားကြတော့ ကိုရင်လေးက လမ်းက ဖယ်ပြီးတော့ တန်းနရာကိုသွားလိုက်ထော့ အသုဘ အလောင်းကောင်တွေ့ထားလို့ ရှုလို့၊ နဂိုကလဲ တရားနဲ့ နေတဲ့ ကိုရင်ကို၊ သူ ဒီအသုဘ ရှုယင်း ဝသာတာပန် ဖြစ်သွားတယ်၊ အဲ....အသုဘချည်း ကတော့ သောတာပန်, သကဒါဂါမ် မဖြစ်ဘူး၊ အသုဘရှုယင်း သမာဓိရပြီးတော့ "အနိစ္စ, ဒုက္ခ, အနတ္တ" ရှုလိုက်ပါဝသေးတယ်၊ အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တ ရှုလိုက်တော့ "ဝသာတာပန်" ဖြစ်၊ ထပ်ရှု သကဒါဂါမ်ဖြစ်၊ ထပ်ရှု အနာဂါမ်ဖြစ်၊ နောက်တော့ ဦးပဉ္စင်းက "ကိုရင် ကိုရင်" လို့ ခေါ်လိုက်တော့မှ နောက်မှ ရှေ့ဆက်မယ်လေ ဆိုပြီးတော့ ဦးပဉ္စင်းဆိုသူး၊ "အရှင်ဘုရား ဟောဒီလမ်းကြပြီးတော့ ဟိုနား ကြည့်စမ်းပါဘုရား" လို့ ပြောတော့ ဦးပဉ္စင်းကလဲ သွားကြည့်တော့ အသုဘတွေ့၊ သူတို့က တရားနဲ့နေကြတာလေ၊ ခုနကလို့ပဲ ရှုလို့၊ အသုဘရှုဆိုတာဟာဒီ စျာပနပစ္စည်းနဲ့ ဆက်သွယ်ပြီးတော့သုံးသပ်ဟန်တူတယ်။

ရှေးတုန်းက ဘုန်းတော်ကြီးများ အသုဘရှုကြတော်မူပါ၊ အသုဘရှုလိုက်ကြတာ၊ အဲဒီလို တရားတော်နဲ့ ပင့်ခေါ်တာပါ၊ ခုနက ကိုယ်တော်ကလဲရှုပြီးတော့ နေလိုက်တာ၊ သူလဲ သောတာပန်, သကဒါဂါမ် အနာဂါမ် ဖြစ်သွားတယ်၊ အသုဘအလောင်းကောင်တမျိုးထဲနဲ့ ရဟန်းတော်နဲ့ ကိုရင်တပါး ချက်ချင်း တရားထူးရသွားတယ်။

ဒါကြောင့် အသုဘပို့တဲ့နေရာမှာလဲ ဘုန်းကြီးတို့ ဗမာတွေ, ဘုန်းကြီးတွေရော, လူတွေရော, ဟိုးဖိတ်တော့ အသုဘရှုရန်၊ အင်း... အသုဘပို့ရန် ဖိတ်တော့ ဖိတ်ပါရဲ့ ဒီက အထိုက်အလျောက် ပြင်လိုဆင်လို ဟို-ပဲထိုင်လောက်သာ မကြီးကျယ်တာ၊ အထိုက်အလျောက် ပြင်လိုဆင်လို၊ မော်တော်ကားကြီးတွေနဲ့ ခမ်းခမ်းနားနားနဲ့၊ စကားစမြည် ပြောလို၊ ထွေးမှုဝယ်မှုတွေ ပြောလို၊ အင်း... ဟိုကိစ္စ ဒီကိစ္စ ပြောလို၊ အသုဘမပါပါဘူး၊ မလိုက်ယင်မကောင်းလို့ လိုက်ကြတာ။

ဘုန်းကြီးတို့ ဘုန်းတော်ကြီးတွေကလဲ ဘယ်လိုဆိုတာ သုဘာန် သွားပြီးတော့ ကြည့်ပေါ့၊ ဘုန်းကြီးက ပြောနေဖို့ မလိုပါဘူး၊ ခုတော့ ဘုန်းကြီးတို့ရဲ့ အသုဘရှုတာကလဲ အသုဘ ဘာဝနာက တကယ်တမ်းရှယင် တကယ့်ကို တရားရလောက်တယ်၊ တကယ်မရှုပဲနဲ့ ဝတ်ကျေ တန်းကျေ ရှုနေတဲ့အတွက် ဘာမှ အကျိုးမရတဲ့အပြင် အချိန်ကုန်တာသာ အဖတ်တင်တယ်၊ နိုင်ငံခြားက ဘာသာခြားကလူတွေလဲပြီး အသုဘလာပို့တော့ ငြိမ်လို့, တိတ်လို့, ဆိတ်လို့၊ အဝတ်များတော့ဘင်မှ အသုဘအဝတ်ကို တမျိုးဝတ်လို့၊ တကယ်ကြည်နူးစရာကောင်းတယ်၊ အသု ဘရှုပြီးတွေးလို့၊ ငါတို့လဲ ဒီလို သေရဦးမယ်ဆိုတဲ့ အတွေးမျိုး တွေးကောင်း တွေးနေလိမ့်မယ်။

ဗုဒ္ဓဘာသာဝင်ဆိုတဲ့ လူတွေက ဘုရား တရားက ညွှန်ပြထားပေမယ့် ဘယ်လောက်များ ဇတ္တွေးလိုက်ကြတုံး၊ ဘယ်လောက်များ တရားရလိုက်ကြတုံး၊ ရယ်တဲ့သူကရယ်, ငိုတဲ့သူကငို၊ တချို့ အော်ဟစ်ပြီး ငိုသူကငို၊ ဘေးက လူတွေက နှိုးစပ်ထူလူတွေက နည်းနည်းပါးပါး ချော့တန်တဲ့ သူက ချော့ ဘေးက ခပ်ဝေးဝေးက လူတွေက အမှတ်တမဲ့ပေါ့၊ ပြီးတော့ ဘုန်းကြီးတို့နဲ့ ဘာသာရေးကိုလဲ သူများက အထင်သေးတာပဲ၊ ဘာသာက လဲလို့ ညံ့လို့

မဟုတ်ပါဘူး၊ ဒီဘာသာကို လက်ကိုင်လုပ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ ညံ့မှုကြောင့် ဒီဘာသာကြီးပါ အထင်သေး ခံနေရပါတယ်။

မရဏာနုဿတိ။ ။ဒီ အာသုဘအပြင် "မရဏာနုဿတိ" အာသုဘနဲ့ ဆက်ပြီး၊ အသုဘသွားပို့တယ် ဆိုပါင်—

ဇာတိ ဓမ္မော, ဇရာ ဓမ္မော၊ ဗျာဓိ ဓမ္မော, အဟံ သဒါ။

ငါလဲ သူ့လိုပဲ သေရဦးမယ်၊ ငါလဲ သူတို့လို အိုရဦးမယ်၊ နာရဦးမယ်၊ သူတို့ရဲ့ အဖြစ်အပျက်တွေကို ကိုယ့်ခန္ဓာကိုယ်ပေါ် ဇောက်အောင် ပေးယူရပါတယ်။

တွေးယူလိုက်တော့ ဘာတုံးဆိုယင် ဟိုတုန်းက ပြောခဲ့တဲ့ ခင်ဗင်မူဘားကာတွေဟာ လျော့လျော့ လျော့လျော့သွားပြီးတော့ ဒုဿခိန်းခဲ့ခဲ့ရတဲ့အခါကျ သိပ်လွယ်တယ်၊ သိပ်လွယ်တယ်၊ လွယ်လွယ်ကူကူ ခဲ့နိုင်ပါတယ်၊ ဒါကြောင့် "မရဏသတိ" သောမူကိုလဲ ဒုဿခိန်းမရပါတယ်၊ သေတာတွေကို ကြည့်ပြီး—

"ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ၊ များလှပြီ"

တချို့တော်အတိုင်း၊ တရားတော်အတိုင်း၊ မဟာဂန္ဓာရုံ ဆရာတော်တို့ လက်ထက်ကစပြီးတော့ သုံးစွဲလာကြတယ်။

"ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ"၊ ငါနှင့်ရွယ်တူတွေလဲ သေကြပြီ၊ မရဏဆိုင်ရာကျလို့မှ်ားင် တွေးရတယ်၊ အဲ...ယခု ဘသရုပ်သူက ငါထက် ဘယ်လောက် ကြီးတယ်၊ ယခု သေတဲ့သူက ငါ့အောက် ငယ်တယ်"။

ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ၊ များလှပြီ။
ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲ သေဘက် နီးခဲ့ပြီ။

လို့ တွေးလို့၊ စိုက်ပြီးတော့ တွေးလာတယ်၊ ကြီးလာတယ်၊ ခုဒုဿတဲ့သူက ငါနဲ့ ဘယ်လောက်သာ ကွာတယ်၊ ငါလဲ မသိနိုင်ဘူး၊ ခု အသက်ရှင်ခန့ပေမယ်လို့ နောက် မပြောနိုင်ဘူး၊ သေစရာတွေက များလိုက်တာ။

အင်္ဂေဝ ကိစ္စ မဟုတ်ပဲ၊ ကောင်ညာ မရဏံ သုဝေါ်။
ယခုနေ့ သေမယ်၊ နက်ဖြန်သေမယ်လို့ ဘယ်သူသိနိုင်မလဲ....
နာ ဟိ နော သင်္ကံ တေန၊ မဟာသေနေန မစ္စုနာ၁။

သေမင်းနဲ့ တိုက်ခိုက်ယူလို့လဲ သေမင်းကို မနိုင်ဘူး၊ လက်ဆောင်တစ်စိုး ထိုးလို့လဲ သေမင်းက ရမှာမဟုတ်ဘူး၊ ချော့ပြီးတော့လုယက်လို့လဲမရဘူး။

ဒီတော့ကာ သေမင်းကို ဘယ့်နှယ်မှ မကတ်နိုင်တော့ စောစောစီးစီးက သေမင်းမလာခင်၊ သေမင်းက လက်မဦးခင် မိမိက ကြိုတင်ပြီးတော့ ပြင်ဆင် ထားရမယ်။

"ငါ့နှင့် ရှယ်တူ အောက်ကလူ ကြီးသူသေကြ မျှားလှပြီ"နဲ့ တွေးလို့၊ အသုဘပို့ရတယ် ဆိုလို့ရှိယင်လဲ ဒါတွေးလို့ငြိမ်လို့ဖြစ်နိုင်လို့ရှိယင် ခြေလျင်လိုက်ပြီးတော့ပေါ့လေ၊ တချို့က ရထားနဲ့ ကားနဲ့၊ တချို့က ခြေလျင်၊ ဒီလို တော့ မကောင်းဘူး၊သိပ်မဝေးလို့ရှိယင် ဘယ်ကဘယ်ထိတော့ ရထားနဲ့ပေါ့၊ ဘယ်ကျတော့ ခြေလျင်လိုက်ပြီးတော့ဒါတွေးလို့၊ငြိမ်လို့ပေါ့၊သွားတာကိုက ညီညီကလေးသွားလို့၊ အင်း... နှစ်ယောက်တဲ့ ဖြစ်ဖြစ်၊ သုံးယောက်တဲ့ ဖြစ်ဖြစ် ညီညီသွားလို့ 'သေရဦးမယ်၊ သေခြင်းကို ဘယ်သူမှ မလွှန်ဆန်နိုင်ဘူး'လို့ တွေးပြီးတော့"မရဏာနုဿတိ"အာရုံကိုယူပြီးတော့ နေလို့ရှိယင် တရားပေါက်နိုင်ကာပေါ့၊ အဲ...သောတာပန် သကဒါဂါမ် ဖြစ်နိုင်တာပဲ၊ ဒီနောက်ထပ်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ ရှုပေးလိုက်ယင်ပဲ သောတာပန် သကဒါဂါမ် ဖြစ်နိုင်တာပဲ။

ကမ္မဋ္ဌာန်းတွေ ပေါများ။ ။ဒါကြောင့် ကမ္မဋ္ဌာန်းတွေ ပေါလွန်းလို့၊ခုနက "ဗုဒ္ဓါနုဿတိ"နဲ့လဲ တရားတွေ ရသွားပြီနော်၊ အင်း....မေတ္တာနဲ့လဲ တရားတွေရကြပြီနော်၊ အင်း....အသုဘနဲ့လဲ တရားတွေ ရကြပြီနော်၊ "မရဏာနုဿတိ"နဲ့လဲ တရားတွေ ရကြပြီနော်။

၁။ ဥပရိပဏ္ဏာသပါဠိတော်၊ နာ-၂၂၆-၁၄၃။

အရှင်အာနန္ဒာနဲ့ ကောဋ္ဌာသ ဘာဝနာ အင်မတန် ထင်ရှားတဲ့ "အရှင်အာနန္ဒာ" ဟာ "ခြေသည်း လက်သည်း သွား" ဆိုတဲ့ "တစပဉ္စက" ဘာဝနာနဲ့ပဲ တရားရသွားတယ်၊ တရားရပဲ့ အချိန်မှာလဲ ကောဋ္ဌာသ ဘာဝနာနဲ့ပဲ တရားရဖို့ရန် ပြင်ဘက် စကြံ့ လျှောက်လို့၊ ဆင်း "ဆံပင် မွေးညင်း ခြေသည်း လက်သည်း သွား" ဒီဟာပဲ ဒါကို နှလုံးသွင်းပြီး နေရာက လုံ့လဝီရိယလွန်နေလို့ တရားမရတာ ဆိုပြီးဘဲ အတွင်းဝင်ပြီး ညောင်စောင်းလေးပေါ်မှာ အိပ်လိုက်တယ်ဆိုယင်ပဲ တခါထဲ ရဟန္တာဖြစ်သွားတယ်[၁]။

မဟာတိဿထေရ်နှင့် အရိုးစု ကမ္မဋ္ဌာန်း ဒီတော့—ဟရားတွေက ခက်တာမဟုဖြင့်ပါဘူး၊ စာလုံးရဖို့ ကရားကွေ့ ပြည့်လို့၊ ဘုရား လက်ထက်ဟော်မှာလေ၊ ရဟန်းတော်ကပါးဟာ အရိုးကို ရှုလေ့ရှိကယ်၊ "အဋ္ဌိက" ကမ္မဋ္ဌာန်းဆိုတာ အရိုးစုကို ပြောတာ၊ "ထရိုးစု အရိုးစု" လို့ နှလုံးသွင်းနေရာက တရေ့တရာ ဆွမ်းခံကြွလာတယ်၊ ဆွမ်းခံကြွလာတော့ ပိန်းမတယောက် သူ့ယောကျ်ားနဲ့စိတ်ဆိုးလို့ မိဘအိမ်ပြန်မယ်လို့ သူကလာတုန်းမှာ ကိုယ်ခေါင်းလား မြင်ကာနဲ့ ရယ်လိုက်တယ်။

အသံထုတ် ရယ်လိုက်တော့ ကိုယ်တော်လေးက ကြည့်လိုက်ယင်ပဲ သွားတွေ မြင်လာတယ်၊ အထက်သွားက အထက်ပိုင်း၊ အောက်သွားက အောက်ပိုင်း တကိုယ်လုံးကို နှဂိုကမ္ဘ အဋ္ဌိက ကမ္မဋ္ဌာန်း ရှုနေတာဖြစ်တော့ ဟာကိုယ်လုံး အရိုးစုပဲ မြင်တယ်၊ ယောကျ်ား မိန်းမ မကဲ့လိုက်ဘူး၊ ဟိုနား ဖယ်ပြီးတော့ တရားနှလုံးသွင်းလိုက်တာ၊ ရဟန္တာဖြစ်သွားတယ်။

နောက်က ယောကျ်ား လိုက်လာတယ်၊ "အရှင်ဘုရား ဒီနားမှာ မိန်းမတယောက် မမြင်လိုက်မိဘူးလား၊ ဆိုတော့ မိန်းမလား ယောကျ်ားလား မသိဘူး ဒကာရဲ့၊ ဒီနား အရိုးစုကြီးတော့ သွားလေရဲ့၊အဲဒီလို အမိန့်ရှိတယ်။[၂]

ဒီ အရိုးစု အဋ္ဌိက ကမ္မဋ္ဌာန်းနဲ့လဲ တရား ပေါက်တယ်၊ ခု ဗမာမျှားက တရားရှာနေလိုက်ကြတာ လွန်လွန်းတယ်၊ ဒီ တရား ရှာပေမယ်လို့လဲပဲ သူတို့

၁။ ဝိ၊ ဋ္ဌ၊ ၁၊ နှ၁-၉-၁၀။

၂။ သံ၊ ဋ္ဌ၊ ၃။ နှ၁-၂၁၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ-တွဲ၊ နှ၁-၂၀•၁-၁၀၇။

တရားတွေ့ချင်မှလဲတွေ့မယ်၊ တရားတွေ့က လွယ်လိုက်တာ၊ ရှင်အာနန္ဒာတို့လို ပုဂ္ဂိုလ်မြတ်ကြီးတွေ့က "ဒသုဘ ဘဝနဲ့ ကာယဂတာသတိဘာဝနာ"နဲ့ "ဆံပင် မွေးညင်း" ဘာဝနာနဲ့ပဲ တရားထူး ရပါတယ်။

ဒေမာမိဖုရားနဲ့ ဒီ**အရိုးစုကမ္မဋ္ဌာန်း**နဲ့ပဲ တရားထူးရပါတယ်၊ထင်ရှားတဲ့ **အသုဘကမ္မဋ္ဌာန်း** ဒေမာမိဖုရားဟာ အသုဘကမ္မဋ္ဌာန်းဟောမှာ ကြောက်ရက်သားနဲ့ ဘုရားက အသုဘကမ္မဋ္ဌာန်း ဟောတာပါ၊

အာတုရံ အာသုစိ ပူတိ၊ ပဿ ဒေဓမေ သမုဿယံ။

ဥဿရန်တံ ပဿရန်တံ၊ ဗာလာနံ အဘိပတ္ထိတံ[1]။

လို့ လူ့ဗာလတွေ့ မက်မောနေကြတာ။

"အာဘုရံ၊ ဒုက္ခမျိုးစုံအဖုံဖုံတို့ဖြင့် မပြတ်နှိပ်စက်အပ်ပေသော။ အသုစိ၊ မနံမမ်ကြွယ် စက်ဆုပ်ရွံရှာဖွယ်ဖြစ်ထပေသော။ ပူတိ၊ ပုပ်နံညှီလောင်းမကောင်း ဘေဘအနံ့ရှိထသော။ ဥဿရန်တံ၊ မျက်စိ နား နှာ ကင်္ကါရှိတိုင်း အထက်ပိုင်းဂယ် ရှံဖွယ်သိုးပုပ် အနှံထုတ်၍နေထသော။ပဿရန်တံ၊ကျင်ကြီးကျယ်ငယ်အသွယ်သွယ် ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာနေ့ည ယိုချ၍နေထသော။ ဗာလာနံ၊ဘဝါဘဝ သံသရာက ထုဂစရိုက်ပွား ငမိုက်သားတို့သည်၊ အဘိပတ္ထိတံ၊ ရှိုယင်းပြောင်းပြန် မမှန်ကန်အောင် ကြံဖန်နှစ်သက် စဲမက်အပ်ထသော။ သမုဿယံ၊ သိုးဆယ်နှစ်ဝ ကောင်္ဘသတို့ လုံးဝခိုမှီး ဤကိုယ်ကြီးကို။ ပဿ၊ ဉာဏ်ရောင်လင်းသလောက် အတွင်းရောက်အောင် ထွင်းဖောက်စဉ်း ကြည့်ရှုစမ်းပါလော့"။

ဗုဒ္ဓမြတ်စွာက ဟောလိုက်တာ အသုဘကမ္မဋ္ဌာန်းကို ခန္ဓာကိုယ်မှာ စိုက်ပြီးတော့ ရှုလိုက်ဟာ တရားရသွားဟယ်၊ ဒီ ဒေဓမာမိဖုရား သောတာပန်ဖြစ်သွားဟယ်။

ဂ္ဂန္ဒြိယသံဓရသီလ ဒီတော့ တရားတွေက ခက်တာမဟုတ်ဘူး၊ မိမိတို့စိတ်က လုံမအောင်ထိန်း တရားအားထုတ်ပါလို့ ဆိုတော့ သီလ စင်ကြယ် ကြယ်လုပ်ဖို့ ဆိုတော့ တော်တော်ကဲသွားပြီ၊ သီလ စင်ကြယ်တော့မှ ဧရှ.ကို သမာဓိ ရနိုင်ပါတယ်၊ သီလ စင်ကြယ်တော့

၁။ အပါဒါန်ပါဠိတော်၊ဒု-တွဲ၊နှာ-၂၂၆။ဓမ္မပဒအဋ္ဌကထာ၊ဒု-တွဲ၊နှာ-၃၄၀။

ရွှေကို သမာဓိမရနိုင်ပါဘူး၊ သီလစင်ကြယ်တာက ဘယ်လောက်စင်ကြယ်ရမတုံးလို့ဆိုတော့ ဥပုသ်သီလတင် မကဘူး၊ "ကုန်ဒြိယသံဝရသီလ" ကုန်ဒြေကို ထိန်းပြီးတော့ မျက်စိနဲ့ မြင်လဲပဲ လောဘမဖြစ် ဒေါသမဖြစ်၊ တယ်လောက် လှဘာပဲဖြစ်ဖြစ် မျက်စိနဲ့ မြင်လဲပဲ လောဘမဖြစ် ဒေါသမဖြစ်၊ ဒါက အလွဲအထလုပ်ထားရတယ်၊ ဘယ်လောက်ဈာရုပ်ဆိုးတဲ့ အာရုံကြီးဖြစ်ဖြစ် လောဘမဖြစ် ဒေါသမဖြစ်၊ နားနဲ့ ကြားရလဲ လောဘမဖြစ် ဒေါသမဖြစ်၊ ဒါက ဆလွဲအထ လုပ်ကိုလုပ်ပြီး နေရပါတယ်။

ဘုန်းကြီးက အရှင်ဘုရား တထားဘယ်နှစ်ရက်လောက်နဲ့မျှးပေါက်အောင် မေးနိုင်သတုံး ဆိုစတော့၊ ဟာ ... ဘယ်နှစ်ရက်လောက်နဲ့မှ ပေါက်အောင် မပေးနိုင်ဘူး၊ ကုန်ဒြိယသံဝရသီလက နှစ်ပေါင်းအကြာကြီး ကြိုးစားရမှာ၊ ကုန်ဒြိယသံဝရသီလလုံတော့ ကမ္မဋ္ဌာန်းမက်ပါဘူး၊ ကမ္မဋ္ဌာန်းက လွယ်လွယ်ကလေးရယ်၊ ကုန်ဒြိယသံဝရသီလခက်နေတာ။

သူတို့က ကောင်းကောင်းလေး စာပြီးတော့ ကမ္မဋ္ဌာန်း အားထုတ်ချင်တယ်၊ ကောင်းကောင်းလေး စားထဲကိုကလောဘပါနေပြီ၊ သူတို့ကကောင်းကောင်းလေး ဝတ်ကတည်းကိုကလောဘပါနေပြီ၊ မကောင်းဟုမျှး တွေ့လိုက်ရင် ဒေါသဖြစ်နေပြီ၊ အဲဒီကတည်းကိုက ကုန်ဒြေပျက်နေပြီ၊ စက္ခုန်ဒြေသောတိန်ဒြေ တခုခုပျက်လို့မို့ ကုန်ဒြိယသံဝရသီလ ပျက်သွားပြီ၊ ကမ္မဋ္ဌာန်းအားထုတ်ဂယ်၊ သူတို့က နည်းနည်းလေးတော့ ဖီးလိမ်းလိုက်ရဦးမှ၊ လိမ်းလို့ စားလို့၊ "ဆနိစ္စ ဒုက္ခ အနတ္တ" ဘယ်နှယ်မှ ကမ္မဋ္ဌာန်းမပေါက်နိုင်တူး။

အရှင်ဘုရား ဝိသာခါတို့တောင် ငယ်ငယ်ကလေးနဲ့ ကမ္မဋ္ဌာန်းပေါက်သွားတာ၊ ဝိသာခါက ပါရမီကမ္ဘာတသိန်းပြည့်ပြီးသား ဖြစ်တယ်၊ ဝိသာခါနဲ့ဆုံတဲ့ အချိန်မှာ ဘုရားရှင်က သက်တော်ထင်ရှား ရှိတယ်၊ ဒဲ့ဒီဟာကတော့ လူဘယောက် အမွေရသလိုပေါ့၊ သဋ္ဌေးသားတယောက် သဋ္ဌေးအမွေရဖို့က ဘာခက်တုံး၊ သူက သဋ္ဌေးသားကိုး။

သဋ္ဌေးသား၊ သဋ္ဌေးအမွေရတာပဲ၊ ဒီသဋ္ဌေးသား သဋ္ဌေးဖြစ်သလို ဖြစ်ချင်ကြယင်တော့ တကျပ် နှစ်ကျပ် မူးက စပြီးတော့ စုရပါလိမ့်မယ်၊ အဲဒီလိုဆို

အကြောကြီးကြာပါလိမ့်မယ်၊ ဝိသာခါတို့ တရားရတာတွေ ဘယ့်နှယ် လုပ်မှာ တုံး၊ အဲဒီ ဝိဆာခါ သောတာပန်ဖြစ်ရဲသားနဲ့ သားသမီးတွေ မွေးလိုက်တာ '၂၀'တဲ့၊ သူတို့က အဲဒီဟာတွေ အားကျပြီးတော့ ဓမ္မမယ် ကြံနေကြတယ်၊ ဝိသာခါက ဝိသာခါလမ်းအတိုင်းသွားတာ၊ မိမိတို့က မူးစု ပဲစုက စပြီး စုရမယ့် အစားတွေ၊ ဂူဒြိယသံဝရသိလ မလုံပဲနဲ့တော့ ဘုန်းကြီးက တရားရလိမ့်မယ်လို့ တော့ ဝန်မခံပါဘူး။

ဟိုဘက်တော့ အထုံပါရုံတော့ ဖြစ်ပါလိမ့်မယ်၊ ကဲ ကဲ ဗုဒ္ဓမြတ်စွာရဲ့ စျာနပစ္စည်းကို ဟောရာက တရားတွေ အမျိုးမျိုးပေါပါတယ်လို့ ဘုန်းကြီး ဓမ္မာပါတယ်နော်၊ တရားတွေပေါရဲ့သားနဲ့ လူတွေ တရားမရကြတာကတော့ ဂူဒြိယသံဝရသီလကို မထိန်းနိုင်ကြလို့ဖြစ်တယ်၊ ဗုဒ္ဓမြတ်စွာရဲ့ သာဝကပိဋိ ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ကြီး ဂုဏ်ရှိစေလို့ ယင်ဇတော့၊ ဂုဏ်ရှိစေလို့တဲ့ ဆန္ဒရှိယင်ဇတော့ ဘယ်တရားမဆို ငြိမ်ငြိမ်သက်သက် စူးစူးစိုက်စိုက်ရှုကြပါ၊ ငြိမ်ငြိမ်သက်သက် စူးစူးစိုက်စိုက် ရှုပြီးတော့ ဂူဒြိယသံဝရသီလ လုံလို့ရှိယင်တော့ ယခုလဲ တရားရနိုင်ပါတယ်။

တရားနဲ့နေယင် ကျောင်းတိုက်အတွင်းမှာလဲ ဆောက်ကျယ်
ဘုရားကိုပူဇော်ရာရောက်ခြင်း အော်ကျယ်နဲ့စာမေးပွဲဝင်ဖို့ရန် မကြိုးစား
ပါနဲ့၊ ငြိမ်ငြိမ်သက်သက်နဲ့ တရားနဲ့နေပြီးတော့ သူတော်ကောင်းစင်စစ် ဖြစ်အောင် ကြိုးစားကြပါ၊ အဲဒီလိုဆိုလို့ရှိယင် ဗုဒ္ဓဆာသနာကို အားပေးရာလဲရောက်တယ်၊ ဗုဒ္ဓမြတ်စွာကို ပူဇော်ရာလဲ ရောက်ပါတယ်။

ဒီလိုမဟုတ်လို့ရှိယင် မိမိတို့က ဗုဒ္ဓသာသနာထဲမှာနေပေမယ်လို့ဗုဒ္ဓသာသနာ ထဲမှာ လူဒါန်း နေပေမယ်လို့ အတွင်းက ဇနပြီးတော့ ဗုဒ္ဓသာသနာကို ဖျက်ရာ ရောက်ပါဘယ်၊ ဖျက်ရာမရောက်ဖို့ရန် စျာနပစ္စည်း အကြောင်းပြုပြီးတော့ ကုသိုလ်စျာန်တွေလဲ ရှိတယ်၊ အကုသိုလ်စျာန်တွေလဲရှိတယ်၊ ရဟန္တာများ နှလုံးသွင်းရတဲ့ အဗျာကတစျာန်တွေလဲ ရှိတယ်ဆိုတာကို သိပြီးတော့ ဗုဒ္ဓမြတ်စွာကို နှစ်နှစ်ကာကာကြီး ယုံကြည်ပြီးတော့ ကြိုးစားပြီးတော့ ကိုးကွယ်ပြီးတော့ ဘုရားစကားကို ဘုရားကို အာရုံပြုသည်က စပြီးခတော့ နားဇထာင်လိုက်ကြပါ။

"နာနာပကာရဋ္ဌာနာနီ" "ပဋ္ဌာန"ဆိုတဲ့စကားမှာ၊ "ပ"က အမျိုးမျိုး အပြားပြား၊ "ဋ္ဌာန"က အကြောင်းပစ္စည်း၊ ဒါကြောင့် "ပ" ဇာမျိုးမျိုး အစားစားမျှားသော၊ "ဋ္ဌာန"အကြောင်း ပစ္စည်းတွေကို ဟောရှုဖြစ်တဲ့ ကျိုကျမ်းကို ပဋ္ဌာန်းကျမ်းလို့ခေါ်တယ်၊ နည်းတွေကလဲ ဇာများကြီးရှိလို့၊ "ဆန္ဒနယပဋ္ဌာန်း" ကျမ်းလို့ခေါ်တယ်၊ ဒီပဋ္ဌာန်းကျမ်းကို ဒီပြင်ရဟန္တာ အရှင်မြတ်များ မူကျက်စားနိုင်ပါဘူး၊ ဗုဒ္ဓမြတ်စွာက ဧပြီးတော့ အနုဇ္ဇာဉာဏ် တော်နဲ့ ကျက်စားလို့ရတဲ့ တထုံးတော်ဖြစ်တယ်လို့ ဒီဂါထာကို ဘုန်းကြီးက ရေးထားပါတယ်။

နာနာပကာရဋ္ဌာနာနီ၊ ဗောဓိတာဒေတ္ထ မုနိနာ။
ဘနန္ဆနယ ပဋ္ဌာနံ၊ ဝဇ္ဇ အနန္တ ဂေါစရံ။

ဗတ္ထု၊ ကျိုဘန္ဆနယ သမန္တ ပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိဝူတ်တာင် ဘုရားရှင်သည်။ နာနာပကာရဋ္ဌာနာနီ။ ဟောတို့, အာရမ္မဏ စသည်များစွာ အကြောင်းအရာတို့ကို။ ဗောဓိတာနဲ့၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကမ္ဘုန သိပြီးမှလျှင် များလှစဝဝန သိစေတော်မူခဲ့လေပြီ။ ဇာနန္တ ဂေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကူးကိစ္စာ ဖြစ်တော်မူသော။ တံ ဘနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယပ် နည်းငုံကြွယ်သားကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ပန္နေ၊ ကာယက်ကာခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု.....သာဓု.....သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

ပန္နရသမနေ့

၁၃၃၅-ခု၊ တန်ခူးလဆုတ် (၆) ရက်။

၁၉၇၃-ခု၊ ဖြေလ (၂၃) ရက် တနင်းလာနေ့။

၁၈။ မဂ္ဂပစ္စယော (မဂ္ဂပစ္စည်း)

မဂ္ဂပစ္စယောတိ၊ မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ခမ္မာနံ တံသမုဋ္ဌာနာ-နဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော၁.

ပဂ္ဂင်္ဂါနိ၊ မဂ္ဂင်တရား ကဆယ်နှစ်ပါးတို့သည်။ **မဂ္ဂသမ္ပယုတ္တကာနံ၊** မင်္ဂုဇ် ယှဉ်ဘက်ဖြစ်ကုန်သော။ ခမ္မာနံစ၊ စိတ်ဧစတသိက် **တရားတို့အား၊လည်း၊** ကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ္ဂသမ္ပယုတ္တကြောင့်ဖြစ်ကုန်သော။ ရူပါနံ စ၊ စိတ္တဇရုပ်တို့အား၊လည်း၊ကောင်း။ မဂ္ဂပစ္စယေန၊ **မဂ္ဂပစ္စယသတ္တိဖြင့်။ ပစ္စယော၁** ကျေးဇူးပြုသည်။ **ဟေတုတိ၊** ဖြစ်၏။

မဂ္ဂ=လမ်း ၂-မျိုး။ ။ဘုရား၌ရှင်က ဟောတော်မူထား၊တယ်၊ ဒါကို ရှေး ဆရာတော်များက မဂ္ဂဆိုတာ လမ်းပဲတဲ့၊ **လမ်း** ဆိုတော့ကာ ရိုးရိုးသားတဲ့လမ်းဟာ ဆိုင်ရာဓနရာကို ရောက်အောင်ပို့တယ်၊ ဒီလိုပဲ မဂ္ဂမည်တဲ့တရားများကလဲပဲ သူနှင့်အကုယှဉ်ဘက်တရားများကို ဆိုင်ရာ ရောက်ဓအာင် ဆိုင်ရာအာရုံဓရောက်ဓအောင်ပို့ဆောင်တာပဲ၊ လမ်းဟာမကောင်း လမ်း, ကောင်းလမ်းနှစ်မျိုးရှိတယ်၊ တချို့လမ်းတွေက မျက်စိလည်လမ်းမှား ပြီးတော့ တောပုန်းဒမြစ်ရှိတဲ့နေရာလဲ ပို့တာပဲ၊ တချို့လမ်းတွေကလဲ လိုရာ မြို့ရွာရောက်ဓအောင် ပို့တာပဲ။

ဒီတော့လမ်းဟာ နှစ်မျိုးရှိသလိုပဲ၊ မဂ္ဂအမည်ရတဲ့ တရားကလဲ ကောင်းတဲ့တရား, မကောင်းတဲ့တရား နှစ်မျိုး ရှိပါတယ်၊ မကောင်းတဲ့ တရားကလဲ စကြာက်စရာ ကောင်းလိုက်တာ၊ "မိစ္ဆာဒိဋ္ဌိမဂ္ဂ"။ ကောင်းတဲ့တရားကလဲ ကျေနပ်စရာ ကောင်းလိုက်တာ၊ "သမ္မာဒိဋ္ဌိမဂ္ဂ"။ ဒါတွေ့ အားလုံးကို "မဂ္ဂ"လို့ ခေါ်တယ်၊ အဲဒီမဂ္ဂဟာ တဆယ့်နှစ်ပါး ရှိပါတယ်။

ဒါကြောင့်မဂ္ဂပစ္စည်းကို လမ်းနဲ့ဥပမာပြုပြီးတော့ လမ်းဟာ မိမိအပေါ် သွားတဲ့သူတွေ့ကို ဆိုင်ရာရောက်အောင်ပို့တယ်၊ ကောင်းလမ်းက ကောင်းရာရောက်အောင်၊ မကောင်းလမ်းက မကောင်းရာရောက်အောင်ပို့ဆောင်တယ်။

အဲဒီလိုပဲ မိမိနှင့်အတူဖြစ်ဘက်တရားတို့ကိုပို့ဆောင်တင်လို့မို့ "မဂ္ဂ"ပစ္စည်း ခေါ်တယ်လို့၊ ရှေးဆရာတော်များကလေ ...

မဂ္ဂပစ္စယော၊ ပကတိလမ်း လိုရာမြန်းဖို့ ဆောင်စုံမ်းသည့်နှယ် သတ္တိကြွယ်သို့ (ရိုးရိုးလမ်းက လိုရာရောက်အောင် သတ္တိကြွယ်သလိုပဲ) သွယ်သွယ်တကွ ဖြစ်သမျှကို ကိစ္စအာရုံ လိုရာကြုံအောင်ပို့ဆောင်နိုင်သော သတ္တိထူးဖြင့် ကျေးဇူးပြုတတ်သော မဂ္ဂင်တဆယ့်နှစ်ပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ .သူငါမနှော တရားသဘောသာ ထင်ရှား ရှိပါပေသည်တကား။ ဣတိ၊ ဤသို့။ ဗောဓခန္ဓံ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီး မှလျှင် များလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော် ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာရိကျိုးလက်စုံမိုး၍ ရှိခိုး ကန်ဓတ့ပါ၏ဘုရား။

သာဓု.....သာဓု.... သာဓု။

မဂ္ဂင် ဂ-ပါး။ ။ဒီလိုဟောနိုင်ဖို့ဆိုတာ မလွယ်ဘူးနော်၊ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့မှ ဟောနိုင်တာ၊ ဒီတော့ မဂ္ဂပစ္စည်းဆိုတာဟာ "ဆမ္မာဒိဋ္ဌိ" ကောင်းတဲ့အမြင်၊ ကောင်းတဲ့ဇာယူ၊ ကောင်းတဲ့ အသိဉာဏ်၊ "သမ္မာသင်္ကပ္ပ" ကောင်းတဲ့အကြံ၊ "သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ" ကောင်းတဲ့စကားကိုပြောတယ်၊ ကောင်းတဲ့အလုပ်ကို လုပ်တယ်၊ အပြစ်မရှိတဲ့

အသက်မွေးဝမ်းကျောင်းကို မွေးတယ်၊ "သမ္မာဝါဃာမ"လုံ့လ ဝီရိယကလဲ ကောင်းတာကိုပဲ အားထုတ်ဘာပဲ၊ "သမ္မာသတိ" "သမ္မာသမာဓိ" သတိကလဲ ကောင်းတာပဲ၊ သမ္မာသမာဓိကလဲ သိပ်ပြီးတော့ တည်ကြည်တာပဲ၊ ကောင်းတဲ့လမ်းကလဲ ဒီလို မဂ္ဂင်တွေရှိတယ်၊ မဂ္ဂင်ရှစ်ပါးဆိုတာ ကြားဖူးကြမှာပေါ့။

မိစ္ဆာမဂ္ဂင် ၄-ပါး။ ။မကောင်းတဲ့ လမ်းကလဲ ဒီလိုပါပဲတဲ့၊ "မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဝါယာမ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာသမာဓိ"နဲ့၊ သူကလဲ ရှိတာပဲ၊ မဟကောင်းဟဲ့ဟာ။

သမ္မာဒိဋ္ဌိနှင့်မိစ္ဆာဒိဋ္ဌိ။ ။ဒီထဲ ဘုန်းကြီး ဦးတည်ပြီးပြောဖို့က "သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိ" နှစ်ပါးကို ဦးတည်ပြီးတော့ ပြောပယ်၊ ဒါ လောကမှာ အရေးကြီးဆုံး ဖြစ်နေတယ်၊ သမ္မာဒိဋ္ဌိက "မိစ္ဆာဒိဋ္ဌိ"ကို ပယ်လိုက်လို့ရှိယင် သမ္မာဒိဋ္ဌိ ဖြစ်တာပဲ၊ မိစ္ဆာဒိဋ္ဌိက ဘယ်လောက်များကြီးကျယ်နေသလဲဆိုတော့ ဒီ (ဗြဟ္မာ)ပရမ အတ္တာအင်မတန် တန်ခိုးကြီးတဲ့အတ္တာရှိတယ်၊ မိစ္ဆာဒိဋ္ဌိကလဲ ဒီလိုပဲ ယူနေကြတယ်၊ သမ္မာဒိဋ္ဌိကလဲ အဲဒီအတ္တာ မရှိဘူးတဲ့၊ ပရမအတ္တာ အင်မတန်တန်ခိုးကြီးတဲ့ အတ္တာဆိုတာမရှိဘူးတဲ့....၊

မိစ္ဆာဒိဋ္ဌိက ခန္ဓာကိုယ်တခုလုံးမှာ စိုးအုပ်ပြီးတော့ ကိုင်းရှိုင်းနေတဲ့ ဇီဝအသက်ဇောင်လို့ဆိုတဲ့, ဝိညာဉ်ကောင်လို့ဆိုတဲ့ အတ္တာရှိတယ်၊ (သမ္မာဒိဋ္ဌိက ခန္ဓာကိုယ်တိုင်းမှာ အဲဒီ အတ္တာမရှိဘူး၊ တရားသဘောတွေသာ ရှိတယ်၊)အပြန်အလှန်ငြင်းနေကြတာ၊ တရားချင်း ငြင်းနေကြတာ၊ နားလည်ပါစေနော်။

မိစ္ဆာဒိဋ္ဌိက ပရမ အတ္တာ ဆိုတာ အင်မဟာန် တန်ခိုးကြီးတယ်၊ (ပရမ)က အလွန်အမင်းပါပဲ၊ အစွမ်းကုန်ပါပဲ၊ (အတ္တာ)က သူ့ အလိုကို လိုက်စေနိုင်တယ်၊ ဒါပေါ်လာလိမ့်မယ်၊ သမ္မာဒိဋ္ဌိကလဲ အဲဒီ အတ္တာမရှိပါဘူး၊ သူ့ဘာသာ သူ့သဘာဝ ဖြစ်စေနုကြတာ၊ အတ္တာမရှိပါဘူးတဲ့၊ ဒီလိုကိုး။

ဒီခါဇီဝ အတ္တာက ခန္ဓာကိုယ်ဘကိုယ်ဘာကိုယ်ထဲမှာ အသက်ကောင်ဝိညာဉ်ကောင်(ဗမာက လိပ်ပြာမကောင်)၊ အဲဒီလို ပြောနေကြတဲ့အတ္တာကို ဇီဝအတ္တာလို့ခေါ်ဆိုတယ်၊ အဲဒီဇီဝအတ္တာကို သမ္မာဒိဋ္ဌိက မရှိပါဘူးတဲ့၊ရုပ်နာမ် သူ့သဘာဝအတိုင်းသာရှိဘာ၊ ဇီဝ အတ္တာဆိုတာ မရှိပါဘူး၊ တယ်ကောင်း တယ်ကောင်း

တယ်၊ သိဖို့ တယ်ကောင်းတယ်ပေါ့လေ၊ ဘုန်းကြီးက ပရမအလွန်ဆင်းရဲသူလိမ်းဟာ သာမန်ကဓလေးစွဲလမ်းတာမဟုတ်ဘူး၊ သူတို့ပညာရှိကြီးတွေ့ စွဲလမ်းတာ၊ ပညာရှိကြီးတွေ့ စွဲလမ်းတာကို ဘုန်းကြီးက အဲဒဟုသုတပေါ့လေ၊ အကြောင်းအမြင်မျှားဖောင် အစက စပြီး ပြောပေးပါမယ်။

ကမ္ဘာကြီးပျက်ပုံ။ ။ပထမဆုံးထကမ္ဘာ တကမ္ဘာဟာ ပျက်ရပါတယ်၊ အချို့ကျလို့ရှိယင် ပျက်ရပါတယ်၊ အင်မတန်ကြာသွားလို့ရှိယင် ယခု ဒီကမ္ဘာကြီးဟာ ဘုန်းကြီးတို့နေတဲ့ မြေကြီးနှင့်တကွ အရာဝတ္ထုတွေဟာ ပျက်ရပါတယ်။

ဆုတ်ကပ်။ ။ဒီတော့ ပျက်တဲ့အခါမှာ ဘယ်လိုပျက်ကြသလဲ၊ သိဖို့ကောင်းတယ်၊ ဘုန်းကြီးတို့ တရားတော်ကလဲ စုံစုံလင်လင် ပါတယ်၊

ဒီကမ္ဘာပျက်မယ်လို့ဆိုတော့ကာ တကမ္ဘာထဲတင်ပျက်တာ မဟုတ်ဘူး၊ အိမ်တအိမ် မီးလောင်လို့ရှိယင် နီးစပ်ရာအိမ်ပေါင်းတွေ အကုန်လုံးမီးလောင်ကုန်လိုက်သလို၊ ကမ္ဘာမီးလောင်တဲ့အခါမှာ ဒီတကမ္ဘာထဲတင် မီးလောင်တာ မဟုတ်ပါဘူး၊ ကမ္ဘာပေါင်း ကုဋေထောင်သိန်းလောက် မီးလောင်တာ၊ အဲဒီ မီးမလောင်ခင် ဘာဖြစ်နေတုံးလို့ဆိုတော့ ကမ္ဘာကြီးထဲမှာ မိုးကြီးတွေ ရွာလာတယ်၊ မိုးတွေရွာ၊ မိုးအင်မတန်ကောင်းတဲ့ လက္ခဏာရှိတဲ့မိုးပါ။

မိုးကြီးရွာတော့ ဝမ်းမြောက်ဝမ်းသာနဲ့ စိုက်ကြပျိုးကြတယ်၊ မျိုးစေ့တွေ အကုန်လုံးထုတ်စိုက်ကြ၊ စိုက်လိုက်တော့ကာ ဒီတဖြည်းဖြည်းအပင်ကလေးတွေ ပေါက်လို့၊ နွားတွေ စားလောက်ပြီဆိုတဲ့ အချိန်ရောက်တဲ့ သစ်ပင်ကလေးတွေ စပါးပင်ကလေးတွေ ဆိုကြပါစို့၊ ကောက်ပဲသီးနှံပင်ကလေးတွေ အဲဒီလောက်ရောက်တဲ့အခါ တပေါက်မှ မိုးမကျဘူး၊ သတ္တဝါတွေရဲ့ကံက ကောင်းကလို့ ဆိုးလာပြီဆိုလို့ရှိယင် ကမ္ဘာပျက်ခေးရတယ်၊ ပျက်ကိုပေးရတာ သတ္တဝါတွေရဲ့ကံဆိုးလို့ ပျက်တာနော်၊ အလကားပျက်တာ မဟုတ်ဘူး၊ သတ္တဝါတွေက ယုတ်မာလွန်းလို့ စိတ်နေ စိတ်ထားတွေက ညံ့ဖျင်းကြလွန်းလို့ ကမ္ဘာပျက်တာ။

နေဦး အဲဒီလို မပျက်ခင် ကြာကမ္ဘာပျက်ကလေးတွေ ရှိသေးတယ်၊ ဒါက ဟုသုတ၊ နားလည်မှကောင်းတယ်၊ ကြားကမ္ဘာပျက်တာကတော့ ကမ္ဘာကြီး

တခုလုံး အပျက်မျိုးမဟုတ်သေးဘူး၊ အင်မတန်တိုးလာပြီဆိုလို့ရှိယင် လက်နက်ဘေ့ အင်မ ဘာန်ကြီးကျယ်အင်မတန်ကောင်းတယ်၊ တဖြည်းဖြည်းဆုတ်လာလိုက်တာ၊ အကုသိုလ်များသဒေလာက် အဆုတ်မြန်တယ်၊ အကုသိုလ်များသလောက် မကောက်ပဲသီးနှံဘေ့က အဆီသြဇာ ညံ့ဘယ်၊ အဲဒီဟာ စားရသလောက်အသက်တမ်းကဆုတ်သွားတယ်၊ နားလည်ပါစေနော်၊ အကြောင်းမဲ့ဆုတ်တာ မဟုတ်ဘူး၊ အကုသိုလ်များသလောက်, သတ္တဝါတွေရဲ့ စိတ်နေစိတ်ထား ယုတ်မာသလောက်, ဒီဓန္ဓာကိုယ်ထဲက အင်္ဂေတွေက မကောင်းသလောက်, မိုးလေဝသ မကောင်းကြဘူး၊ အဲဒီမိုးဟေ့ ဘာတွေထဲမှာ စိုက်ပျိုးကြတဲ့ ကောက်ပဲသီးနှံတွေ အဆီသြဇာ ညံ့ပြီးယင်းညံ့ယင်း၊ အဲဒီ အဆီသြဇာညံ့နေတဲ့အစာအာဟာရဘေ့ကို စားရတဲ့ သတ္တဝါတွေမှာ အသက်တမ်းတွေ ဆုတ်ပြီးသွားတာ၊ အကြောင်းမဲ့ ရမ်းဆုတ်တာ မဟုတ်ဘူး။

ယခု လက်တွေ့က သတ္တဝါတွေ ကံညံ့နေတယ်၊ ဘုန်းကြီးက သွားမယ်၊ တယောက်ဘည်းညံ့တာ ကိစ္စမရှိဘူး၊ အများစုညံ့လာယင်သွားမယ်၊ အများစုလဲ ခုညံ့တာပဲ၊ ဆုတ်လာတာယ်၊ ဆုတ်လာတာက ရမ်းဆုတ်တာမဟုတ်ဘူး၊ ကောက်ပဲသီးနှံတွေကစပြီးဆုတ်တာ၊ အဲဒါနဲ့ တဖြည်းဖြည်း ဆုတ်လိုက်တာ၊ (၂၅)နှစ်တမ်းမှ (၃၀)တမ်း၊ (၆၀-၅၀-၄၀) တမ်းပေါ့လေ၊ တယောက် တယောက် ထူးထူးခြားခြားရှည်တာတော့ ရှိပါတယ်။

အများစုက ဒီလိုပဲ လျော့လျော့သွားတယ်၊ နောက်ဖေ့ ဆယ်နှစ်တမ်းလောက် ရောက်သွားတယ်၊ အသက်အရှည်ဆုံးက ဆယ်နှစ်တမ်းပါ။ အဲဒီ ဆယ်နှစ်ဘမ်းလောက် ရောက်တော့ ငါးနှစ်သမီးဆိုယင် အိမ်ထောင်ပြုရပြီ၊ ဖြစ်ပုံက ဖြစ်ပုံက၊ အဲဒီလို အနေမျိုးနဲ့ ဆယ်နှစ်တမ်းလောက် ရောက်လာဖေ့ လူတွေက ပိုပြီးတော့ ယုတ်မာကြပါတယ်။

ယုတ်မာကြတော့ကာ တခါတခါ လက်နက်တွေက အင်မတန် ကောင်းပြီးဘာ့ကာ သတ္တဋ္ဌန်ရကပ် ဆိုက်တာပါပဲ၊ တခါတခါ ရောဂါတွေ အကြီးအကျယ် ဖြစ်ပြီးတော့ ရောဂဋ္ဌန်ရကပ် ဆိုက်တာပါပဲ၊ တခါတခါ စားစရာကျပ်ပြီးဘော့ ဒုဗ္ဘိက္ခဋ္ဌန်ရကပ် ဆိုက်ပါတယ်၊ သုံးကပ်စလုံးလဲ ဆက်သွယ်ဟန်တူတယ် အဲဒီအခါမှာ လူတွေဘယလိုက်ကြတာ မစပြောနဲ့တော့။

တက်ကပ်။ ။အဲဒီ သေတော့ကာ တချို့ကြောက်လန့်ပြီးတော့ တောထဲ ဘာထဲ ပြေးပုန်းနေကြ၊ နှစ်ပေါင်း အကော်ကြာတော့မှ ပြန်လာတော့ "တို့ဆွေမျိုးတွေ မရှိဘူး၊ တို့အမျိုးတွေ သေကုန်ကြပြီ" ကျန်တဲ့လူတွေက ဟိုးကလဲ ဆွေမျိုးမတော်၊ ဒီကလဲ ဆွေမျိုးမတော်၊ တယောက် တယောက် သိပ်ပြီးတော့ မေတ္တာရှိသွားကြပြန်ရော၊ ကိုယ့်ရှိတာလဲ သူစား၊ သူ့ရှိတာလဲ ကိုယ်စား၊ သိပ်ပြီးတော့ မေတ္တာကြီးကျယ် သွားပြန်တယ်၊ ဘာဖြစ်လို့တုန်း၊ ဆွေမျိုးတွေ ဒီသကုန်ကြပြီလေ၊ သေကုန်ကြပြီလေ၊ ကျန်တဲ့လူတွေက ဆွေမျိုးလို၊ တခါထဲ သူ့ပစ္စည်း, ကိုယ့်ပစ္စည်း, မင်္ဂခြားဘူး၊ မေတ္တာများလို့ကြတာ။

အဲဒီတင် ပြန်တက်လာပြန်ပြီ၊ ဆယ်နှစ်တန်းကနေ အဘက်နှစ်ဆယ်တမ်း, လေးဆယ်တမ်း, ငါးဆယ်တမ်း, တရာတမ်း, တရာကျော်တမ်း, ရှည်သွားလို့ကြတာ၊ အသက်တွေ ရှည်လားလို့ကတာ၊ စိတ်တွေ ကောင်းလားလို့ကြတာကို၊ အဲဒီနည်းအားပြင့် တက်သွားလို့ကတာ၊ ဘယ်လောက် တက်သွားတုံးဆိုတော့ အသခြောတမ်းထိအောင် သွားတယ်၊ အဲဒီအခါ နတ်ထက်ကို အသက်ရှည်တယ်၊ လူတွေက နတ်များထက်ကို အလက်ရှည်တယ်၊ ဒီလိုနည်းနဲ့ တဖြည်းဖြည်း တရားလျော့လာပြန်, ကျသွားပြန်၊ အဲဒီလို ဆုတ်ယုတ် တက်ကပ် အစုံကို အန္တရကပ် တကပ်လို့ ခေါ်ပါတယ်။

မိုးခေါင်ခြင်း။ ။ကြားကပ် ကမ္ဘာကြီးမပျက်ခင် ကြားပျက်တဲ့ကပ်၊ အဲဒီလို ကပ်မျိုး ဘယ်လောက် များသလဲဆိုတော့ (၉၄) ကပ်၊ ဒါလောက်ကြာတဲ့အခါ ကမ္ဘာကြီးပျက်ဖို့ရန် အခွင့်ကြုံလာတယ်၊ ဘယ်လောက်ကြာသလဲဆိုတာတော့ မပြောနဲ့တော့၊ အင်မတန် ကြာပါတယ်၊ အဲဒီလို ကမ္ဘာပျက်တဲ့အခါကျတော့ ယခုတင်က မိုးကြိုးတွေရွာလား၊ စိုက်ကြပျိုးကြ၊ နွားစားလောက်တဲ့ အချိန်ရောက်တော့ တပေါက်မှ မိုးမကျဘူး၊ လူတွေကလဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ အကုန်လုံး မျိုးရော, စားဖို့ချန်ထားတာတွေရော, အကုန်လုံးထုတ်ပြီး စိုက်လိုက်ကြတာဟာ တပေါက်မှ မိုးမရွာတော့ဘူး၊ အဲဒီလို မိုးမရွာတဲ့ အချိန်လောက်ရောက်တော့ လူတွေက ငတ်ကြတော့မယ်မဟုတ်လား၊ ငတ်ကြတော့မယ်။

နတ်မျှားကြေးကြော်။ ။ဒါပေမယ့်-ဒီကမ္ဘာကြီး ပျက်တော့မယ် ဆိုတော့ ဟို- နှစ်ပေါင်း တသိန်းလောက်က နေပြီးတော့ နတ်တွေ့, ဒီကာမဘဝစရ နတ်တွေက ကြေးကြော်ကြတယ်။

"အသင်တို့ နှစ်ပေါင်း တသိန်းလောက်ကြာလို့ရှိယင် ဒီကမ္ဘာကြီး ပျက်လိမ့်မယ်၊ နှစ်ပေါင်း တသိန်းလောက်ကြာယင် ကမ္ဘာကြီးပျက် လိမ့်မယ်၊ မေတ္တာပွားကြ၊ ဒီလိုမနေကြနဲ့၊ ပျက်လိမ့်မယ်၊ မိဘများကို ပြုစုလုပ်ကျွေးကြ၊ လူကြီးသူမတွေကို လေးစားကြ" နဲ့။

ဖြဟ္မဒုပြည် ရောက်ကြခြင်း။ ။ကြွေးကြော်ထားတာ ဖြစ်တော့ ကမ္ဘာပျက်မတဲ့လို့ ဆိုကထဲကိုက လူတွေလဲ အကောင်တရား ရကုန်ပြီ၊ ဟာ ...ပျက်တော့မှာပါပဲလား၊ အဲဒီလို တယူးရလာတော့ မေတ္တာတွေ တော်တော်ပွားကြလို့, တရားတွေ ဘာတွေ အားထုတ်ကြလို့. အများစုက စျာန်ရကြတယ်၊ စျာန်ရပြီးတော့ ကချို့လဲ စျာန်မရလို့ နတ်ပြည်ရောက်မှ ထပ်ပွားလို့ ကရားရကြတယ်။

အဲဒီလိုနဲ့ ကမ္ဘာမပျက်ခင်ကလေး ကပ်ပြီးတော့ အများစု လူတွေဟာ ဖြဟ္မာပြည်ရောက်ကြတယ်၊ တိရစ္ဆာန်တွေကလဲ တဖြည်းဖြည်း လူဘဝရောက်၊ လူဘဝကနေ ကုသိုလ်တွေပြု၊ နတ်ပြည်ရောက်၊ တချို့လဲပဲ နတ်ဘဝက စျာန်ဒတွရနဲ့၊ တိရစ္ဆာန်တွေရော ဘာတွေရော အကုန်းလုံးဟာ ဖြဟ္မာပြည်ရောက်ကြတယ်။

အကုသိုလ်တွေအင်မတန်ကြီးတဲ့သူမျှားကျတော့ မပျက်တဲ့ကမ္ဘာမှာရှေ့ပြီးတော့ ဒီအကုသိုလ်ကျိုးကိုငရဲခရှေ့ ခံရပါသေးတယ်၊ အင်မတန်ရှင်းတယ်နော်၊ ဒဲဒီလိုအနေအားဖြင့် ပျက်တော့မယ်လို့ဖြစ်လာလို့ သတ္တဝါတွေလဲ စျာန်တွေ ဘာတွေရကြ၊ နဲနဲပါးပါးလောက် သတ္တဝါတွေဟာ လူ့လောကကြီးထဲရှိတော့တယ်။

နေ ၇ ဝင်းထွက်လာ။ ။အဲဒီအခါမှာ နှစ်ခုမြောက်နေပေါ်တယ်၊ ပထမနေတစင်းက ထုံးစံအတိုင်းထွက်၊ ညနေကျတော့ဒုတိယနေတစင်းပေါ်လာတယ်၊ ညမရှိဘူး၊ ပူလိုက်တာ မပြောနဲ့တော့ မပြောနဲ့တော့ ညကို မရှိဖတဲ့ဘူး။ အကုန်လုံး ဒုနေချည်းဆက်ထွက်နေတယ်၊ နှစ်စင်းမြောက်။

ကာလကြာ၍၊ ဒုတိယနေ့၊ ပေါလာခေမသင်၊ မြင်ယဲ့ရောခြားက်၊ ညဉ့်လည်းပျောက်၏။

မြစ်မှာရှိတဲ့ရေတွေ ခြောက်ကုန်ပြီ၊ နေက ဆက်ထွက်နေဟာကိုး၊ ဘယ်ရေရှိတော့မလဲ။

သုံးမြောက်လေးစင်း၊ ငါးစင်း ဆင်ခြ၊ သတ္တမနေ့၊ ပေါထွက်ချေသင်။

နောက် သုံးခုမြောက် နေတခု ထွက်လာတယ်၊ မြစ်ယိုဖင်မကဘူး၊ မြစ်ကြီးတွေ ခြောက်ပြီ၊ ကျောဝတီမြစ်တို့လိုဟာ ခြောက်ပြီး ဂင်္ဂါမြစ်ဝှမ်းတို့လို ရေတွေခြောက်ပြီးနောက် အိုင်ကြီးတွေဆိုတာဟာ မြစ်ထက်တောင် သာသေးတယ်။

ဟို ဟိမဝန္တာတောင်မှာရှိတဲ့ အိုင်ကြီးတွေ တတိယနေ့ စတုတ္ထနေ့ ပေါလာတော့ သူတို့ခြောက်ပြီ၊ နောက်တော့ ပဉ္စမနေ့တို့ ဆဋ္ဌနေ့တို့ ပေါလာတော့ စကြဝဠာတောင်ကြီးတွေ ဘာကြီးတွေ အခိုးထကုန်ပြီ၊ ပူလွန်းလို့ အခိုးထကုန်ပြီ၊ နောက်တော့ သတ္တမနေ့ ပေါလာတော့ မီးလျှံတွေ ထပြီးတော့ အာကုန်လုံး မီးလောင်တာပဲ၊ တောင်ကြီးတွေပါ မီးလောင်တယ်၊ တောင်ကြီးတွေ မီးလောင်တော့ ကျောက်တောင်ကြီးတွေက ကျောက်ခဲတွေက မီးစာ ဖြစ်ကုန်ရော၊ မွှမ်ကြပြီးတော့ ပြာလုံးဖြစ်ပြီး အဲဒါပြာကောင်မှ မီးလောင်လို့မို့ အာကုန်လုံး ကုန်ပါတယ်။

ဒီကမ္ဘာကြီးပျက်သွားတာပဲ၊ ဘုန်းကြီးတို့ ခုနကစာက ပရမဒာတွေရှိ, ရှိကို ဒီလိုလာရမယ်လေ၊ ကမ္ဘာကြီးပျက်ရော၊ ပျက်နေတာ ဘယ်လောက်ကြာတုံး ဆိုတော့ စကားပြောထာ လွယ်တယ်၊ ပျက်နေတာက လူတွေမနေတဲ့ အချိန်လောက်ကို ကြာတယ်၊ ဆိုပါတော့ တနာရီဆိုပါတော့ပေါ့၊ ကနေရိဟာ လူတွေနေတာက တဆယ့်ငါးမိနစ်၊ လူတွေနေတာက တဆယ့်ငါ မိနစ်ဆိုယင် ပျက်နေတာလဲ တဆယ်ငါးမိနစ်ကြာတယ်၊ နောက် ပျက်ပြီးတဲ့နောက် ပျက်တဲ့ ဒုတိုင်းတည်နေတာက တဆယ့်ငါးမိနစ် ကြာတယ်။

နောက်ဘခါ ပျက်တဲ့အတိုင်း တည်ပြီးတဲ့နောက်ကို ကမ္ဘာပြုမိုးရွာပြီးတော့ ကို ကမ္ဘာကြီးပြုနေတာက တဆယ့်ငါးမိနစ်ကြာဘယ်၊ တနာရီလေးပုံ ပုံတာပေါ့၊ ပျက်တဲ့အချိန်ဟာ တနာရီလေးပုံ, ပုံယင် တပုံလောက် ကြာတယ်၊ အကြာကြီးပျက်တာပါ၊ ပျက်ပြီးလို့ ပျက်ပြီးတဲ့အတိုင်းကို တဆယ့်ငါးမိနစ် ကြာတယ်၊ ကမ္ဘာရဲ့လေးပုံ တပုံလောက် ကြာတယ်။

အဲဒီလိုပျက်ပြီးတော့ ပျက်တဲ့အဟိုင်း ဘာမှ မလုပ်သေးပဲနဲ့၊ ဆိုပါတော့ အိမ်ကြီးတာဆောင် မီးလောင်နေတာ မီးလောင်ပြီး နောက်ထပ် အိမ်သစ် မဆောက်ပဲနဲ့ ဒီဓနထုမှာ ဟာလာဟင်းလင်းကြီးနေတာလိုပဲ၊ ကမ္ဘာကြီးလဲ ပျက်ပြီးတော့ ဟာလာကြီးနေတာပါ၊ ကမ္ဘာရဲ့ လေးပုံတပုံ ကြာတယ်။

ကမ္ဘာပြုမိုးရွာ။ ။နောက်တော့ ကမ္ဘာပြုမိုးရွာလာပါရော။

ထို့နောက် ကမ္ဘာ၊ ပြုမိုးရွာသော်၊ လောင်ထုတလျောက်၊ လေခံထောက်ထား။

မီးလောင်တဲ့ နေရာတလျောက်လုံးမှာ လေတွေ ဖြစ်နေပြီ။

ခန်းခြောက်စဉ်သင့်၊ ရွှေတိုင်း ဖြစ်လျှင်၊ တည်လင့် ထက်ဘုံ၊ မြေရောက်တုံသော်။

ကမ္ဘာပြုမိုးရွာရော၊ ကမ္ဘာပြုမိုးရွာတော့ ဒဿစတုန်းက နဲနဲလေး၊ နောက်တော့ မိုးပေါက်ကြီးတွေကြီးလိုက်တာ၊ အိမ်လုံးလောက် တောင်လုံးလောက် မိုးပေါက်ကြီးတွေ ရွာချလိုက်တာ၊ ဒီ လောင်တဲ့နေရာ တနေရာလုံးဟာ ရေပြင်ကြီးကို ဖြစ်သွားတာပဲ၊ ရေပြင်ကြီးပြည့်သွားတော့ အောက်က လေက ခံထားပြီ၊ ဒီရေပြင်ကြီးဟာ အောက်မကျတော့၊ လေခံထားလို့၊ နောက်တော့ ခဏလေးနော် ပြောတာက ခဏလေးနော်၊ ဟိုမှာက အကြာကြီး အကြာကြီး၊ ကမ္ဘာရဲ့ လေးပုံတပုံ ကြာအောင်ပြုနေမှာ။

နောက်တော့ ရေတွေက တဖြည်းဖြည်း ခန်း, ခန်းလဲ့တယ်ကို၊ ကြာတော့ ရေတွေ ခန်းလာတဲ့အခါမှာ ကမ္ဘာပျက်တုန်းက မီးကြောင့်ပျက်ယင် ဗြဟ္မာကြီးရဲ့ ပထမစျာန်, နတ်ပြည်ခြောက်ထပ် ပါသွားတယ်၊ ဗြဟ္မာပထမစျာန် သုံးဘုံပါသွားတယ်၊ ကမ္ဘာပြုတဲ့အခါကျတော့ အဲဒီ ပထမစျာန် သုံးဘုံက

အောက်လျှောက်ပြီးတော့ ရေပြင်ကြီး ဖြစ်လာတယ်၊ အဲဒီအခါမှာ ရေက တဖြည်းဖြည်း ခန်းလာတော့ ပထမစျာန်ဘုံ တည်လောက်တဲ့ နေရာကျတော့ ပထမစျာန်ဘုံတည်တာပဲ၊ ဘုံနေရာတွေ့ တည်တာပဲ။

ဓနာက် နတ်ပြည်ခြောက်ထပ် တည်ရမယ့် နေရာကျတော့လဲ နတ်ပြည် ခြောက်ထပ်နေရာတွေ့ ရှိတာပဲ၊ ဘုံကတော့ သူ့ကံနဲ့သူနဲ့မှ ပေါက်မှာဖြစ်၊ လူ့ပြည်ရောက်တော့လဲ လူ့ပြည်နေရာမှာ အောက်က လေကခံထားတာ ဖြစ်တော့ တဖြည်းဖြည်း ရေတွေခန်း, ခန်းပြီးတော့ လူ့ပြည်နေရာမှာလဲပဲ နဲနဲမို့မို့ မောက်မောက် နေရာလေးတွေ့ ချိုင့်ဝှမ်းတဲ့ နေရာကလေးတွေ့၊ ဒဲဒီနေရာ ကလေးတွေ့ ဓနရောကလေးတွေ့နဲ့၊ လူ့ပြည်နေရာလဲ ပေါ်လာတာပဲ။

ဝါယုံဆို့နေ၊ ရေစစ်ရေသို့၊ တည်နေမယို၊ ခန်းတိုင်းမိုလျက်၊ ဇရာ့ အထက်၊ မြေချိုတက်လား။

ဒီလူ့ပြည်ရောက်ဓတော့ ရေတွေခန်းခန်းသွားလို့လူ့ပြည်ရောက်တော့ ရောက ရေကောင်းတွေပါ၊ ကမ္ဘာပြိုမိုးရေဆိုတာ ရေငန်ကြီးတွေ့မဟုတ်ဘူး၊ ကမ္ဘာ ပျက်တုန်းကတော့ဘားငန်ရေကြီးတွေ့၊ ယခုတော့ရေကောင်းတွေ့၊အဲဒီရေပေါ် မှာ မြေချိုကလေးတွေ့တက်လာ၊ မြေကလေးတွေ့ရှိနေပြီ၊ မြေချိုကလေးတွေ့၊ အင်မတန်ကောင်းတယ်၊ ပုံပန်းလဲလှတယ်၊ အရသာလဲကောင်းတယ်၊ သတ္တဝါ တော့ မရှိသေးဘူး။

ကမ္ဘာကြီးပြဟ္မာဖန်ဆင်းဇာမဟုတ်။ ။ရေချိ ဇာထက်၊ မြေချိတက်သား၊ ထို့ထက်ပြဟ္မာ၊ စုတေလား၍။

လူဓတ္ထက ကမ္ဘာကြီးကို ပြဟ္မာကြီးလေးယောက် ဖန်ဆင်းတယ်လို့ဆိုဇာယ်၊ မဟုတ်ဘူးနော်၊ အဲဒီမဟုက်တာကိုလဲ မဟုတ်မှန်း သိပါ၊ အင်မတန် ပညာရှိ တွေ့က ကြားဘူးနားဝ တစ္ဆန်းတစနဲ့၊ စကားပြောဆိုပြီး ဗမာကတော့ ပြဟ္မာကြီးလေးယောက်က ဆင်းပြီးတော့ ဖန်ဆင်းတယ်တဲ့၊ မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ပြဟ္မာကြီးတွေ့က ဖန်ဆင်းတာမဟုတ်ဘူး၊ သူ့သဘာဝအတိုင်း ဖြစ်လာတဲ့အချိန်မှာ ဟိုအထက်က ပြဟ္မာတွေ့က မီးမလောင်ပဲနဲ့ အထက်မှာ တည်ရှိနေတဲ့ ပြဟ္မာဘုံက ပြဟ္မာတွေ့က အချိန်စေ့လို့ ကံကုန်လို့ သေလာတာ၊ သေလာဓတော့ ထုံးစံအတိုင်းပေါ့၊ နတ်ဖြစ်တဲ့သူက ဖြစ်မယ်၊ လူဖြစ်ဘဲ့သူက

ဖြစ်မယ်၊ တိရစ္ဆာန်မဖြစ်သေးဘူး၊ မဖြစ်နိုင်ဘူး၊ သူတို့ကံတွေက ဆောင်မတန် ကောင်းလို့မို့ အညံ့ဆုံး လူပဲဖြစ်နိုင်တယ်၊ အဲဒါကြောင့် ဘယ်သူကမှ လာပြီး ဖန်ဆင်းတာ မဟုတ်ဘူး။

သူ့သဘာဝအတိုင်း မိုးကြီးရွာပြီးတဲ့နောက် မြေကလေတွေ၊ မြေ၌ ကလေးတွေ ပေါ်ပေါက်တဲ့အချိန်မှာ ဟိုက ကံကုန်လို့ စုတေပြီးတော့ နတ်လဲ ဖြစ်တယ်၊ လူလဲဖြစ်ဘယ်၊ အဲဒီမှာ လူဖြစ်တာလေးတွေ ရှိတော့၊ လူဆိုတဲ့ သတ္တဝါရယ်လို့ ပေါ်လာရတယ်၊ နားလည်ပါနော်။

ကမ္ဘာကြီး ဘယ်သူဖန်ဆင်းတယ် ဘာတယ် မရှိပါဘူး၊ ဘယ်သူမှ ဖန်ဆင်းတာ မဟုတ်ဘူး၊ သူ့အကြောင်းနဲ့ သူဖြစ်လာတာပါ၊ ကံတော့ မကင်းကြဘူးပေါ့၊ မိုးရွာသွားတိုက ဖြစ်မဲ့သတ္တဝါတွေရဲ့ကံ မကင်းပါဘူး၊ ဆိုပါတော့၊ အဲ အိမ်မှာ ကံကောင်းတဲ့ ကလေး သားသမီး ဖြစ်ထွန်းလိမ့်မယ်ဆိုတော့၊ သူကတော့ ကိုယ်ဝန်တောင်မရှိသေးဘူး၊ ဒါပေမယ့် မိဘမျှားက တိုက်တို့ဘာတို့၊ ကောင်းကောင်းဆောက်ထားတယ်၊ ငါ့သား ငါ့သမီးမျှားနေဖို့၊ သားသမီးက ကိုယ်ဝန်တောင် မရှိသေးဘူး၊ အဝမြော်အမြင်ကြီးတဲ့မိဘမျှားက တိုက်တို့ ဘာတို့ ထည့်ထား၊ သားသမီးက မပေါ်လာသေးဘူး၊ နောက်တော့ သားသမီးတွေပေါ်လာရော၊ ဒီတိုက် အဆင်သင့်နေရရော။ အဲဒီ တိုက်ဟာ ဒီသားသမီးတွေရဲ့ ရှေးကံက ပကတ္တုပနိဿယသဘွဲ့နဲ့ ကျေးဇူးပြုလို့မို့ တိုက် တည်ပြီးသားကို ဖြစ်နေကယ်။

အဲဒါလိုပဲ၊ လက်တွေ့လူတွေမှာ ကြည့်ပါလား၊ ကံကောင်းတဲ့ သားသမီးတွေလက်ထက်မှာ မိဘဒုတ္ထ ပစ္စည်းပေါ်လာတာပဲ၊ ကံညံ့တဲ့သားသမီးဖြစ်ထွန်းလာတဲ့အခါ မိဘတွေလဲ ပစ္စည်းညံ့သွားတာပဲ၊ အဲဒါဖြစ်မဲ့ သတ္တဝါ သားသမီးတွေရဲ့ ကံနဲ့မကင်းပါဘူး။

လူသတ္တဝါ စပုံ

တဏှာဒလာင် ကိုယ်ခရာင်ပျောက်။ ။ဒီတော့ကာ-ခုနက ငြဟ်မာကြီးတွေက သေတာနော်၊ သေပြီးတော့လူနတ်ဖြစ် လူဖြစ် ဖြစ်တဲ့အထဲမှာ လူလာပြီးတာ့ ဖြစ်တဲ့အတွက် လူသတ္တဝါတွေ စပုံကို ပြောရမယ်၊ လူဖြစ်ပါ့ဘုရား။

ထိုထက်ဗြဟ္မာ၊ စုတေလာ၍၊ ရသာပထဝီ၊ မြေအဆီကို၊ လုပ်ချီသုံးဆောင်၊ တဏှာလေးငါးလျက်၊ ကိုယ်ရောင်ကွယ်ပျောက်။

ဗြဟ္မာပြည်က စုတေလာတုန်းက လူတွေဟာ ကိုယ်ရောင်ကိုယ်ဝါနဲ့နေကြတာ၊ ဘယ်နေမှ ဘယ်လမှ မရှိဘူး၊ ကိုယ်ရောင်ကိုယ်ဝါကိုက သွားလို လာလို့ဖြစ်တယ်၊ နောက်တော့ ခုနှက မြေကိုကြည့်တော့ အဆင်းကလေးက လှတယ်ကို၊ အရသာ ဘယ်နှယ်နေပါလိမ့်မလဲလို့ လျာကလေးနဲ့ လျက်ကြည့်တယ်၊ တယ်ကောင်းပါလား၊ ဖောစောက မစားတတ်ဝသးပါဘူး၊ ဗြဟ္မာပြည်က စုဓတလာပြီးတဲ့နောက် သူတို့ မစားစတ်လေးပါဘူး။

နောက်တယောက်က တဏှာလောဘကလေးနဲ့ တို့ကြည့်လိုက်တော့ "ဟာ တယ်ကောင်းပါလား" "ဟေ့ သတ္တ မင်းဘာလုပ်တုံး" "ငါဒီဟာလေး လျက်ဘာ ကောင်းတယ်" "ဟုတ်ရဲ့လား" "ဟုတ်တယ် ကောင်းတယ်"နဲ့ သူလဲလျက် ငါလဲလျက် မြေချိုတွေလျက်ကြတာနဲ့ ကိုယ်ရောင်ပျောက်သွားတယ်၊ လောဘဖြစ်လေ၊ ဒီက ကိုယ်ရောင်ကိုယ်ဝါတွေ လျော့သွားလေပဲ။

နေ, ဆ ပေါ်လာ။ ။တဏှာလောဘဖြစ်လေ ဒီက လျော့သွားလေပဲ၊ အကျိုးတရား လျော့လေပဲ၊ ကိုယ်ရောင် ပျောက်သွားပြီ၊ ကြောက်လာပြီ၊ ဒီတော့ သူတို့ ဗြဟ္မာပြည်က စုတေလာတဲ့ သူကောဘာမို့တုံး၊ ကြောက်လာပြီ၊ ဒီတော့ ရှေးကံက ပါကြတယ်လေ၊ ဓရှေးကံက ပါတော့ သူတို့ မကြောက်ရအောင် ရဲရဲဝံ့ဝံ့ နေနိုင်အောင်လို့ 'နေ' ပေါ်လာတယ်။

ကဲ သူတို့ဆန္ဒအတိုင်း အဆောင်ရယင် ဓကောင်းမှာပဲ၊ ကိုယ်ရောင်တွေ မှောင်နေပြီ၊ ကြောက်နေပြီ၊ အဲဒီမှာ သူတို့ရဲ့ အလိုဆန္ဒအတိုင်း လ·ပေါ်လာလို့ ဆန္ဒ ဆန္ဒ၊ အဲဒီနောက်မှာ စန္ဒ စန္ဒ လို့ ဖြစ်တယ်၊ နောက်တော့ နေ ပေါ်လာတယ်၊ "သူရိယ သူရိယ" ရဲတယ် ရဲတယ်၊ ဓနောက်တော့ "စန္ဒ စန္ဒ" လ·ဒေါ်လာတယ်၊ ဓနဲ့ လ·ပေါ်လာတယ်း ပထမဆုံး ဓရုပေါ်တယ်၊ ရဲတယ်၊ နေပျောက်သွားတဲ့အခါကျတော့ နေက သူ့ဟာနဲ့သူ သွားလို၊ ဟို ဓဆောင် ကွယ်တဲ့အခါကျတော့ ကြောက်ကြပြန်ရော၊ "စန္ဒ စန္ဒ" ဆိုတဲ့ လ-

ပေါ်လာတယ်၊ ဓနနဲ့လ ညနဲ့နေ အဲဒီလိုကဲ့ပြီး၊ ဓနာက်အတော်လေးကြာဓတဲ့ နက္ခတ်တွေပါ ပေါ်လာလို့မို့၊ နက္ခတ်တွေက လှည့်ပတ်ပြီး ကမ္ဘာကြီး သွားနေလို့ "တပေါင်းလ" လို့သတ်မှတ်တဲ့ နေထုဟာ အဲဒီအခါနက္ခတ်ကို အဲဒီပစ္စည်းတွေ အထက်က စုံလာကြတာပါ။

မြေနွယ်ချို ပေါ်လာ။ ။အဲဒီလို "လ" တွေ "နေ"တွေ ထစုံ အလင်နဲ့ ပေါ်ပြီးတဲ့နောက်ကျတော့ ခုနက မြေက တဖြည်းဖြည်း ဒီက ဓလာဘကြီးလေ ဒီမြေချိုကဓလေးတွေက ပြောက်ကျား ပြောက်ကျားဖြစ်ပြီးတော့ မြေနွယ်ကလေးတွေ ဖြစ်သွားတယ်၊ မြေမချိုတော့ဘူး။

အချို မြေပြင် မဟုတ်တော့ဘူး၊ ဒီက "လောဘ" ရှိတယ်လေ၊ လောဘရှိဓတဲ့ ဘာဖြစ်သွားတုံးဆိုတော့ နွယ်ချိုလေးတွေ ပေါ်လာတယ်၊ အဲဒီနွယ်ချိုလေးဓတွေကျပြန်တော့လဲ စားကြပြန်ထော၊ နွယ်ချိုလေးတွေစားကြပြန်၊ တဏှာက ဖြစ်ရက်၊ တဏှာက ဖြစ်ရက်၊ အဲဒီအချိန်မှာ မြေဆီတို့၊ ဓမြေလွှာတို့၊ နွယ်ချိုတို့ဆိုတဲ့ဟာက ဒီဝမ်းထဲမှာ ကျင်ကြီး ကျင်ငယ် မဖြစ်ဘူး၊ ကျင်ကြီး ကျင်ငယ် မဖြစ်ပဲ ဒီလိုနဲ့ အကြာကြီးနေတာ၊ ပါးစပ်က ပြောတာကသာ မြန်တာနော်၊ ဟိုမှာတော့ သတ္တဝါတွေ အကြာကြီး အကြာကြီး၊ နှစ်ပေါင်း အတော်ကြာမှ မသိမသာကလေး ပြောင်းသွားတော့ ချက်ချင်း ပြောင်းတာ မဟုတ်ဘူး ဓဏကလေး မဟုတ်ဘူး၊ နှစ်ပေါင်းအတော်ကြာမှ ပြောင်းတာ။

ဘာဝရှိ ပေါ်လာ။ ။အဲသလိုနဲ့ နောက်ဆော့ လောဘဓတွေ တိုးတိုးလာ၊ တိုးတိုးလာတော့ မြေဆီ မြေလွှာ မြေသြဇာတွေ ကွယ်ပြီးတော့လာ သလေးဆန်အပင်ဓတွေ ပေါက်ပြီးတော့ သလေးဆန်သီးတွေ သီးလာတယ်၊ အခွံမရှိပါဘူး၊ အခွံမရှိပါဘူး၊ အဲဒီ သလေးဆန်တွေကို ဟိုကျောက်ပေါ်တင်ပြီးဓတော့ အိုးနဲ့တယ်လိုက်လို့ရှိယင် ထမင်းဖြစ်ကျက်တယ်၊ ဟင်းမလိုဘူး၊ ဟင်းမလိုဘူး၊ အဲဒီအဖတ်တွေ စားပြီနော်၊ အဖတ်တွေစားတော့ ဝမ်းထဲမှာ ကျင်ကြီးကျင်ငယ် အရေဖြစ်လာပြီ၊ အဲဒီ ကျင်ကြီးကျင်ငယ် အရေတွေ ဖြစ်လာတော့ ကျင်ကြီးကျင်ငယ် အရေထွက်ဖို့ရာ လမ်းဖြစ်ရမယ် မဟုတ်

လား၊ လမ်းပြစ်ရမယ်ဆိုတော့ ဘာဝရပ်ကလဲ အဲဒီမယ် ပေါ်လာလို့လေ၊ မိန်းမဖြစ်တဲ့သူက "ဣတ္ထိဘာဝ" ရပ်ပေါ်လာလို့ မိန်းမအင်္ဂါနဲ့ မိန်းမလမ်း ပေါ်လာရော၊ ယောကျ်ားဖြစ်ခဲ့တဲ့ သူကလဲ ကျင်ကြီးကျင်ငယ်တွေ စွန့်ပို့ရန် ယောကျ်ားဖြစ်ခဲ့တဲ့အတိုင်း ယောကျ်ားအင်္ဂါတွေ ပေါ်လာရော။

အိမ်ထောင်ပြုကြ။ ။အဲ စာဆိုအတိုင်းက ဗီချိန်ဏထိ အဝတ်အစားတွေ သိပ်ရှိပုံမရဘူး၊ ရှိယင်လဲ သူတို့ တော်ရုံကလေးရှိမှာပဲ၊ အဲသလို နေရာက တယောက်နဲ့တယောက် ပုံပန်းချင်းက မတူဘူး၊ ကြည့်ရဏာက ဘယ့်နှယ်လိုလို၊ အဲဒါနဲ့ သူတို့ရှေးဘဝမှာ ကုသိုလ် အကုသိုလ် ပြုတုန်းက ကာမာဝစရတဏှာက ရှိနေတာဖြစ်တော့ တယောက်နဲ့တယောက် ပုံပန်းချင်း မတူတာနဲ့မို့လို့ စမ်းသပ်ကြည့်ရာက မေထုန်မှိုဝဲကြွေပါရော၊ ဒါဒီဝင် ကျင်ကြီး ကျင်ငယ်တွေဖြစ်၊ မေထုန်မှိုဝဲကြွေတော့ 'ဟဲ့ကောင် ဟဲ့ကောင်' နဲ့ တယောက် တယောက် တာလုပ်တုံး ဆိုပြီးတော့ ခဲနဲ့ပေါက်, တုတ်နဲ့ပစ်ပြေးကြ၊ နောက်ခတော့ ခဲနဲ့ပေါက် တုတ်နဲ့ပစ်တဲ့သူတွေကလဲ ဒီအလုပ် လုပ်ကြပြန်တော့ သူတို့ကိုလဲ ခဲနဲ့ပေါက်, တုတ်နဲ့ပစ်၊ ဒီမင်္ဂလာဒဆောင် ခဲပေါက်တာ၊ ဟိုကမ္ဘာဦးက စလာတာ၊ ခဲနဲ့ပေါက် ခဲနဲ့ပေါက်။

အဲဒီလိုနဲ့ နောက်တော့ မဖြစ်ဘူး၊ ဒါလဲ ဘယ်သူမှ မစွန့်နိုင်ဘူး၊ ကိုင်း၊ ကွယ်ကာဖို့ရန် အိမ်ကလေး ဆောက်ကြစို့ရဲ့၊ ဒီတော့ အိမ်ဆောက်ကြ၊ (သူ့တအိမ်ထောင် ငါ့ဘအိမ်ထောင်၊ သူ့တအိမ်ခထောင် ငါတအိမ်ထောင်) ဟိုမှာ၊ ပြောတာသာ မြန်တယ်နော်၊ ဟိုမှာ ဖြစ်တာက အင်မတန်ကြာမှ တခါဖြစ်တာ၊ ပြောတာ မြန်သလောက် ဟိုမှာ မမြန်ပါဘူး။

အဒိန္နာဒါန စ ဖြစ်။ ။အဲသလို ဖြစ်ရာက နောက်တော့ အဲ စပါးတွေ ဘာတွေက အခွံတွေ ပါလာပြီ၊ အဲ နောက်ကို သူတို့အိမ်နဲ့ ငါ့အိမ်နဲ့ဆိုတော့ မင်းတို့ တကွက်၊ အဲ ငါတို့တကွက်၊ အရင်တုန်းကဘော့ သွားယူ၊ ညနေကျ ပြန်ပေါက်၊ အဲဒီလိုနဲ့နေလာတာ နောက်တော့ မပေါက်ဘူး၊ လောဘတွေ ကြီးလာတယ်၊ ဘုန်းကြီးကလေ ခုလူတွေ လောဘကြီးလွန်းလို့ တဖြည်းဖြည်း ပျောက်ကွန်မယ်ဆိုတာသိတယ်၊ လောဘကြီးလာတော့ ပြန်မပေါက်တော့ဘူး၊ မပေါက်တော့ ဒီလိုဆိုယင် မဖြစ်ဘူး၊ ကဲ မင်းတို့ရဲ့လယ်

ကွက်ပေါ်လေ၊မယ်တို့ရဲလယ်ကွက် ခဲ့ကြစို့ကိုး၊ နောက်တော့ လယ်ကွက်ခဲ့ရာက ဒီလိုဆိုယင် တို့လယ်ကွက် နေ့တိုင်း စား၊နေယင်တော့ ကုန်မှာပဲဆိုပြီးတော့ သူ့လယ်ကွက်ထဲက နဲနဲခိုးယူတယ်၊ အခိုးစတာ၊ ပထမဆုံး စတာက အခိုးစတာပဲ၊ "အဒိန္နာဒါန" ပထမဆုံး အကုသိုလ် စဖြစ်ခဲ့ကြတယ်။

မဟာသမ္မတ ခတ္တိယမျိုးပေါ်လာ။ ။ခုတော့ တို့လယ်ကွက်က နဲနဲ အကုန်မျှားတယ်၊ နောက်ကျတော့ ဘယ်သူခိုးဘယ်၊ ဟဲ့ကောင် ငါ့ဟာ ခိုးတယ်ကွာ၊ အဲဒီတင် တုတ်ဓားတွေ ဘာကွေနဲ့ ဖြစ်ကုန်ကြရက်ကာ၊ နောက်တော့ မဖြစ်ဘူး၊ တို့ကိုစောင့်ရှောက်မယ့်လူကြီးတယောက်တော့ လမုတ်မှပဲ ဆိုပြီးတော့ အဲဒီတင် ခင်ဗျားကဗျာ မတော်တဲ့ လူတွေကို တားဖြစ်ဖို့၊ အဲ ခင်ဗျားအားလုံးအုပ်ချုပ်တဲ့ "မဟာသမ္မတ" လို့သူ့ကို 'ရာဇာ' လို့ သမုတ်လိုက်ကြရော၊ အဲ သူ့ကို အခွန်ဆက်၊ ခိုးမှုတွေမလုပ်ရဘူးလို့ သူကတား၊ အဲဒီတင် "မဟာသမ္မတ" ဆိုတဲ့ "ခတ္တိယ" အမျိုးပေါ်လာတယ်၊ သူ့သားစဉ်မြေးဆက်က "ခတ္တိယ" မျိုးဖြစ်သွားရော။

ဗြာဟ္မဏလူမျိုးပေါ်လာ။ ။ဒီပြင်သူတွေကလဲပဲ တို့တော့ တရားကျင့်မှပဲ၊ လူဇာတ် မဇကောင်းဘူး၊ မတရားဘူးဆိုပြီး တောထွက်ပြီးဟော့ တရားကျင့်၊ တရားကျင့်တော့ မဇကောင်းမှုတွေ သူက မျောပစ်၊ သူတို့ သူတော်ကောင်းကြီးဇာတ်၊ အဲဒီထဲက အချို့ သူတော်ကောင်းကြီးတွေက ဇနီးကိစ္စတော့ တရားမကျင့်နိုင်ဘော့ "ဝဒ" ကျမ်းတွေကို သူတို့ကစီမံကြရော၊ စီမံပြီးတော့ ကျမ်းစာဓတ္ထ သူတို့က ရွတ်ဖတ်၊ သူတို့ကလဲ စောစောစီးစီးက စျာန်တွေ ဘာတွေ ရထားတာဖြစ်တော့ ဘယ်ကံပြုလို့ရှိယင် ဘာဖြစ်တယ်၊ ဘယ်ကံပြုလို့ရှိယင် ဘာဖြစ်တယ်၊ သူတို့ကျမ်းတွေ စီမံကြတယ်၊ အဲဒီတင် "ဗြာဟ္မဏ" ဆိုတဲ့ လူမျိုးက ပေါ်လာပြန်ရော။

ဝေဿနှင့် သုဒ္ဒမျိုး ပေါ်လာ။ ။အဲဒီ ခတ္တိယနဲ့ ဗြာဟ္မဏ နောက်တော့ ဒီသီးခြား အလုပ်လုပ်တဲ့ ခုနက လူတန်းစား အမျိုးတွေက "ဝေဿ"မျိုးပေါ်လာပြန်ရော၊ အဲဒီနောက် အလုပ်ကြမ်းတွေလုပ်တဲ့သူ "သုဒ္ဒ"မျိုးလို့ ပေါ်လာပြန်ရော။

အမျိုးလေးပါး ကမ္ဘာဦးထဲက ပေါ်လာတယ်၊ ပေါ်လာတော့ ငြာဟ္မဏ အမျိုးအစားတွေက တောထဲမှာထွက်ပြီးတော့ တရားကျင့်ရာက ဈာန်တွေ ရတယ်ကိုး၊ ဈာန်တွေရတော့ အဘိညာဉ်တွေရတော့ သူတို့ ဘာမြင်လာလဲ၊ သူတို့ ငြဟ္မဉ်ပြည်က လာခဲ့ကြတာ မြင်တယ်၊ အမယ် ငါတို့ ဒီ လူ့ပြည် မထွောက်ခင် ဟို အထက် ငြဟ္မဉ်ပြည်က လာခဲ့တာပါလား။ (ငါတို့ လူညံ့တွေ မဟုတ်ဘူး၊ ငါတို့ လူညံ့တွေ မဟုတ်ဘူး။)

ဖန်ဆင်းသူ မရှိ။ ။ကမ္ဘာပျက်တုန်းက၊ ကမ္ဘာပျက်တုန်းက အထက်ငြဟ္မာပြည်တွေမှာ ရောက်ပြီးတော့၊ နောက် ကမ္ဘာတည်တဲ့ အခါကျတော့၊ စုတေတဲ့အခါကျတော့ တချို့က ငြဟ္မာပြည်မှာပဲ ထပ်ပြီးတော့ ဖြစ်တယ်၊ အောက်ငြဟ္မာပြည်မှာ ထပ်ပြီးတော့ ဖြစ်တယ်၊ နောက်တခါ အဲဒီသူ ငေးယင် ဒီလူ့ပြည် ရောက်လာတယ်၊ နတ်ပြည်ရောက်၊ လူ့ပြည်ရောက်၊ အဲဒီသူက ပြန်ကြည့်လိုက်တော့၊ ဘယ် ငြဟ္မာပြည်က စုတေလာတာ၊ ဒီစုတေတဲ့ ငြဟ္မာပြည်မှာ ငြဟ္မာတွေ နုထက်ထိ ရှိနေတယ်၊ ဟို တို့မဖြစ်ခင်တုန်းက ဟိုအထက်ဘုံမှာ ရှိနေတုန်းက အဲဒီ ငြဟ္မာကြီးက သူတို့ထက် သုံးပုံ နှစ်ပုံလောက် သို့မဟုတ် တပုံ အသက်ရှည်တယ်။

ဒီတော့ ကမ္ဘာ့ရဲ့ သုံးပုံ နှစ်ပုံ တပုံ အသက်ရှည်တယ်၊ ရှည်တယ်ဆိုတော့ အကြာကြီးပေါ့၊ ဘယ်သေနိုင်လိမ့်မတုံး၊ အဲဒီ ငြဟ္မာကြီးကို သူတို့က လှမ်းမြင်တယ်၊ တို့တတွေ ဒီငြဟ္မာကြီးက ဖန်ဆင်းတာပဲလို့ ထင်နေတယ်၊ တို့တတွေ ဟိုငြဟ္မာပြည်မှာ အထက်ဘုံက စုဝေးတုန်းကလဲ သူ့လောက်ကြာတော့ခံ မဟုတ်လား၊ ဟိုက ငြဟ္မာမင်းကိုး။

ယခု တို့ လူ့ပြည် ရောက်လာပြန်တော့လဲ သူက ဟိုမှာ ရှိနေတယ်၊ ငြဟ္မာမင်းကြီးက ဟာ....ဒီလူတွေ ဒီငြဟ္မာမင်းကြီးက ဖန်ဆင်းတာပဲ၊ ဖန်ဆင်းတဲ့ ပုဂ္ဂိုလ် ရှိဘယ်လို့ ကမ္ဘာဦးကတည်းက ငြဟ္မာပြည်က စုတေလာတဲ့ ဈာန်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေကိုက စပြီးတော့ ယူဆလာတာ၊ ခုနောက်မှ ခရစ်သက္ကရာဇ်တွေ ဘယ်နှလောက်မှတွေ့ ဘာတွေ့ တခုမှမဟုတ်ဘူး၊ အဲဒါ နောက်မှ အဆက်ဆက်က ဖြစ်တာ၊ ပထမဆုံးကို ဖန်ဆင်းတဲ့သူ ရှိကယ်လို့ ဆိုတဲ့ဟာ ဟို ငြဟ္မာပြည် ကမ္ဘာဦးက စကတည်းကိုက ငြဟ္မာတွေက စလာတာ၊ ငြဟ္မာတွေက ငြဟ္မာပြည်က ဆင်းလာတဲ့လူတွေက စလာတာ၊ အဲဒီလူတွေဟာ

သာမန်လူတွေ မဟုတ်ဘူး၊ ဈာန်တွေ အဘိညာဉ်တွေရပြီးတော့ ရှေးဟောင်း နှောင်းဖြစ်ကို ဓကာင်းကောင်းမြင်တဲ့သူတွေ၊ အဲဒီလူတွေက စပြီးတော့ လာတာ။

ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ ပဋ္ဌာန်တော်မူလာတော့ သူတို့က အတိအကျ ဟောနေပြီ၊ 'ဒီလူတွေ သတ္တဝါတွေကို ဗြဟ္မာမင်းကြီး ဖန်ဆင်းတာ'လို့ အတိအကျ ဟောနေပြီ၊ သူတို့ဝါဒတွေက အင်မတန်ပြန့်နေပြီ၊ ဗုဒ္ဓမြတ်စွာ ပဋ္ဌာန်တော်မူလာတော့ အဲဒီအခါမှာ ဗုဒ္ဓမြတ်စွာက ဖန်ဆင်းတဲ့ပုဂ္ဂိုလ် မရှိဘူး၊ ထိုဗြဟ္မာမင်းဆိုတဲ့ ဗြဟ္မာမင်းကိုက အာသင်္ခည်တာသာ ရှိတယ်၊ ဘယ်သူကိုမှ မဖန်ဆင်းနိုင်ဘူး၊ ဒီလိုကိုး၊ ပြီးတော့ ထပ်ပြောမယ်။

ဒီ ဓအောက်က လူတွေ ရသေ့တွေကသာ ဟို ဗြဟ္မာမင်းကြီး ဖန်ဆင်း တယ်လို့ ထင်တာ မဟုတ်ဘူး၊ သူတို့ ဗြဟ္မာပြည်နေတုန်းကလဲ ဒီ ဗြဟ္မာ မင်းကြီးက အရှင်ဆုံး ရောက်နှင့်တာ၊ အရှင်ဆုံး ရောက်နှင့်တာဖြစ်တော့ ကိုယ်ရောင် ကိုယ်ဝါအားဖြင့် သာတယ်၊ တန်ခိုးအားဖြင့်လဲ သာတယ်၊ အရှိန်အဝါအားဖြင့်လဲသာတယ်၊ ဗြဟ္မာပြည်တုန်းကတဲ့ကိုက ဒီ ဗြဟ္မာမင်းကြီး တို့ကို ဖန်ဆင်းတာပဲလို့ ဗြဟ္မာ ဗြဟ္မာချင်းကို အောက်မေ့လာခဲ့တာ၊ အဲဒီ ဗြဟ္မာမင်းကြီးကလဲ အများက အဆင်ကြီးနေတာ ဖြစ်တော့ သူ့ကိုယ်သူ ငါဟာ ဖန်ဆင်းရှင် ဖြစ်တယ်လို့ ထင်လာတာ၊ ဒီ ဒီသတ္တဝါတွေ ငါ ဖန်ဆင်းတာ၊ သူ့ကိုယ်သူလဲ ဖန်ဆင်းရှင်လို့ ထင်လာခဲ့တယ်။

ဓဝတ်ကြီးလေးပါး ချုပ်ရာ ရှာဖွေဓသာရဟန်း

အဲဒါနဲ့စပ်ပြီးတော့ တခုပြောဦးမယ်၊ နည်းနည်းလေး အချိန်ကြာမလား မသိဘူး၊ ဘုန်းကြီးတို့ ဘုရားလက်ထက် ရဟန်းတော်တပါးက ပထဝီ, အာဇေါ, ဓာတေဇော, ဝါယော ဓာတ်တွေဟာ ဘယ်မှာချုပ်သလဲ၊ သူ့စိတ်ကူးနဲ့ စဉ်းစားနေတယ်၊ အဲ....သာမန် မဟုတ်ဘူးနော်၊ ဈာန်အဘိညာဉ်တွေ ရတဲ့ ရဟန်း၊ ဘုရားက ဒီမှာ သီတင်းသုံးနေတာ၊ သူက ဒီစိတ်ကူးနေတဲ့ယ်၊ ဒီ ပထဝီ, အာဇေါ, ဇတေဇော, ဝါယော ဓာတ်တွေ ဘယ်မှာချုပ်သလဲ၊ နဝတ်တွေတော့ သိမှာပဲ ဆိုပြီးတော့ နတ်ပြည်တက်။

"အဲဒီ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်ကြီးတွေ ဘယ်မှာ ချုပ်လဲ၊ ပြောစမ်းပါ"

"မသိဘူး ကိုယ်ခတော်"။

"ဘယ်သူသိတုံး"

"တာဝတိံသာနတ်တွေ တန်ခိုးကြီးတယ်၊ ကျုပ်တို့ထက် သာတယ်၊"

"ပြောစမ်း"။

သူက ဒီ ဓာတ်ကြီးလေးပါး ဘယ်မှာချုပ်တယ်ဆိုတာ ဇာပြီးသတ်သိချင်နေတာ၊ သိချင်နေတာ။

"မသိဘူးကိုယ်တော်။"

"ဘယ်သူသိတုံး၊"

"သိကြားသိတယ်၊ သိကြားသိလိမ့်မယ်၊ သိကြား သိပ်ဉာဏ်ကြီးတာပဲ၊"

သိကြားဆိုသွား၊ သူက သတ္တိက ခပ်ကောင်းကောင်း၊ ဗျာန်အာဘိညာဉ်က ရပြီးသား ကိုး။

"သိကြားမင်း၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်ကြီးလေးပါးတွေ ဘယ်ချုပ်တုံး။"

သိကြားမင်းက တယ်ခက်တဲ့ကိုယ်တော်ပဲ၊ ဘုရားမေးရမည်ဟာ ငါလာမေးနေတယ်၊ ဘုရားဆီ ငါပို့လိုက်မှ ထင်ပါရဲ့၊ ဟာ ဒီကိုယ်တော် ဒုက္ခဖြစ်ပစေဦး၊ သွားပစေဦး။

"ဟာ....ဟင် ကိုယ်တော် ကျုပ်မသိဘူး။"

"တယ်သူသိတုံး"

"ဟို....ယာမာနတ်တွေ သိလိမ့်မယ်၊"

အထက်နတ်ညွှန်တာပဲ၊ ယာမာနတ်တွေကလဲ "ယာမာနတ်မင်း သိလိမ့်မယ်၊ တုသိတာနတ်တွေ သိလိမ့်မယ်၊ နိမ္မာနရတိနတ်တွေ သိလိမ့်မယ်၊ နိမ္မာနရတိ နတ်မင်း သိလိမ့်မယ်၊ ပရိနိမ္မိတနတ်တွေ သိလိမ့်မယ်၊ ပရနိမ္မိတနတ်မင်း သိလိမ့်မယ်နဲ့ တဆင့်တဆင့် ညွှန်တာပဲ၊ ရဟန်းကလဲ သွားနေတာပဲ၊ "ငါပြောကြစမ်းပါ" ဟာ....ကိုယ်တော်ဗြဟ္မာတွေ သိလိမ့်မယ်၊ ဟင် နတ်တွေကလဲ တယ်သိလိမ့်မတုံး၊ ပထဝီ, အာပေါ, တေဇော, ဝါယော ဓာတ်ကြီးလေးပါး

အပြီးသတ်ချုပ်တာကို နိဗ္ဗာန်လို့ ပြောနေတာ၊ နိဗ္ဗာန်ရှာနေတာ၊ ဗြဟ္မာတွေ သိလိမ့်မယ်၊ ဗြဟ္မာပြည်တက်တာပဲ၊ "အသင် ဗြဟ္မာတို့ ဒီ မာတ်ကြီး လေးပါး အပြီးသတ် ဘယ်မှာချုပ်တုံး။"

ဖြစ်ပျက်ချုပ်ဟော့သူနှံးလည်တယ်၊ ဇ အပြီးသတ်ချုပ်တာ သူပြောနေတာ။

"ကိုယ်တော် ကျုပ်တို့ မသိဘူး။"

"ဘယ်သူ သိတုံး"

"ကျုပ်တို့ကို အုပ်စိုးတဲ့ ဗြဟ္မာမင်းကြီး ရှိတယ်၊"

"ဘယ်မလဲ ဗြဟ္မာမင်းကြီး၊"

"အဲဒါ ဘယ်နေမှန်းလဲ မသိဘူး"

ကြည့်စမ်း တဘုံဘည်း တပြင်တည်း နေတာနော်၊ ဟပြင်တည်း နေတာ၊ မင်းဆိုတဲ့သူကို လက်ဓအောက်ခံတွေက မမြင်ရဘူး။ ဒီက တဓစ္ဆမမြင်ရတဲ့သူတွေ အဆန်းလုပ်လို့၊ ဗြဟ္မာ ဗြဟ္မာချင်းတောင် မမြင်ရဘူး။

"ဘယ်နေလို့တုံး၊"

"ဘယ်နေမှန်းတောင် မသိဘူး၊ ဟာ ...လာတော့မယ်ကိုယ်တော်၊အထောင်ကလေး မြင်လာပြီ။"

အဲဒီ ဗြဟ္မာကြီး လာမယ်ဆိုယင် ရွှေက အထောင်ကလေး ပေါ်ထွက်လာတယ်။

"လာခတော့မယ် ကိုယ်တော်၊ စောင့်ပါ ..စောင့်ပါ" ပြောပြော ဆိုဆို ဗြဟ္မာမင်းကြီး ရောက်လာတော့။

ဗြဟ္မာမင်းကြီး ရောက်လာတော့ ရဟန်းက သတ္တိရှိရှိနဲ့ "ဗြဟ္မာမင်းကြီး ဓာတ်ကြီးလေးပါး အပြီးသတ် ဘယ်ချုပ်သလဲ" ဗြဟ္မာမင်းကြီးလဲ မသိပါဘူး၊ မသိတော့ မသိပဲ မနေဘူး။

"ကိုယ်တော် ကျုပ်က ဗြဟ္မာ၊ ဗြဟ္မာမှ မဟာဗြဟ္မာ ကိုယ်တော်၊ အကုန်လုံးကို ကျုပ်ဖန်ဆင်းတာ၊ (သူကလဲ ဒီလိုထင်နေတာ) အကုန်လုံး ကျုပ် လက်ဓအောက်ခံတွေ ကိုယ်တော်။"

ရဟန်းက-- "သင့်ကို မေးနေတာ ဗြဟ္မာ ဟုတ်သလား။ မဟုတ်ဘူးလား မေးနေတာ မဟုတ်ဘူး၊ သင်ဖန်ဆင်းသလား၊မဖန်ဆင်းဘူးလား မေးနေတာ မဟုတ်ဘူး၊ ဓာတ်ကြီးဓလေးပါး ဘယ်ချုပ်သလဲလို့ မေးနေတာ ဒါပြောပါ။

"ကိုယ်တော် ကျုပ်က ငြဟ္မာမင်း၊ ကျုပ်မသိတာ ဘာမှမရှိဘူး၊ ငြဟ္မာကြီးက အကုန်လုံး ကျုပ်ဖန်ဆင်းထားတာ။"

"ဒါ မေးတာ မဟုတ်ဘူး၊ မာတ်ကြီးလေးပါး အပြီးသတ် ချုပ်တာ ဓမေးနေတာ။"

"လာခဲ့...လာခဲ့၊"

ကိုယ်တော်ကို အလာကလေး လက်ဆဲ့ပြီးတော့ ဟို ငြဟ္မာဒေတွ မကြားအောင် သူ ကွယ်ပြီးဓတော့ -

"ကိုယ်တော်က မဟုဇ်မဟတ်တွေ့ ကျုပ် လာမေးနေဝယ်၊ ကျုပ်လဲ မသိဘူး ကိုယ်တော်၊ အားလုံးက ကျုပ်ကို တန်ခိုးကြီးတယ်လို့ထင်နေကြတာ၊ အရှင်ဘုရားလာပြီး အရှက်ခဲ့တာလား၊ကိုယ်တော့်ကိုက မှားတာ၊ ဘယ့်နယ် ဒီပြဿနာကို ငြဟ္မာလာဓမေးလို့ သိပါ့မလား၊ ကိုယ်တော် ဘုရားသွားဓမေးမှ ပေါ့၊ ဗုဒ္ဓမြတ်စွာမှ သိတာပေါ့"လို့ ဆိုတော့-

"ဟင်....ဟုတ်သားပဲ"ဆိုပြီး လက်ဓလျှော့ပြီးတော့ သူ ဘုရားဆီ လာမေးရတယ်ဒေါ့။

ဒီတော့ ငြဟ္မာဆိုတဲ့ ငြဟ္မာဟာ သူ့ကိုယ်သူ အထင်ကြီးနေတာ၊အထင်ကြီးနေတာ၊ အဓမ္မချောင်အထင်ကြီးနေတာ၊ သူ မဘတ်မှန်းလဲ သိသားပဲ၊ မဖန်ဆင်းနိုင်မှန်းလဲ သိသားပဲ၊ သူများက ဖန်ဆင်းတယ်လို့ ပြောတာနဲ့ သူ့ကိုယ်သူ ဖန်ဆင်းတယ်လို့ သူ့ဟာသူကြွားနေတာ၊ ခုတခါဘုန်းကြီးတွေကို လူတွေက အထင်ကြီးတယ်၊ အထင်ကြီးတဲ့အတိုင်းလဲ တတ်တယ်လို့ ဟန်ဆောင်ပေါ့၊ သိပ်လဲ မတတ်ဘူး။

ကြည့်စမ်း၊ ငြဟ္မာကြီးကိုယ်တိုင် ဟန်ဆောင်နေတာသာ ကြည့်ဦးတော့၊ အဲဒီ ငြဟ္မာကြီးကို ဖန်ဆင်းတဲ့သူလို့ လူ့လောကမှာ လှမ်းကျော်ပြီးဓလဲ့ မှန်းမျှော်ပြီးတော့ ထာဝရ ဘယ်ဟော့မှမသေဘူး၊မပျက်ဘူး၊ ဒီငြဟ္မာမင်းကြီးက အားလုံးသတ္တဝါတွေ့ သူ ဖန်ဆင်းတာပဲ၊ အဲဒီလို အယူအဆဟာ ကမ္ဘာအစသဲက ကမ္ဘာဦးအစ ဓရှေ့ပိုင်းထဲက လက်ဆင့်ကမ်းပြီးဓတော့ ပြောလာကြတာ၊ ပြောလာကြဟာ၊ ခုမှ ဖန်ဆင်းတဲ့သူ ရှိတယ်လို့ မဟုတ်ဘူး၊ လက်ဆင့်ကမ်းပြီးဓတော့ အဆင့်ဆင့် လာခဲ့ကြတာပါ။

၁။ သီလက္ခန်ပါဠိတော်၊ နာ-၂၀၈-၂၁၂။

ရုပ်နာမ်သာရှိ။ ။ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာတဲ့အခါကျတော့—
နှ ဟတ္ထ ဒေဝါ ပြဟ္မာဝါ၊ သံသာရဿတ္ထိ ကာရကော။
သုဒ္ဓမမ္မာ ပဝတ္တန္တိ၊ ဟေတု သမ္ဘာရ ပစ္စယာ[၁]။
တယ် ကြည့်လိုက်ရာ ကောင်းတယ်ကိုး။

တော်ထား၊ ဤရုပ်နာမ်အပေါင်း အကြောင်းသင့်စွာ ဖြစ်ပျက်၍နေထုဆဲ။ သံသာရဿ၊ အဆက်ပြတ် ဖက်စပ်တုံ့ပြန် ရုပ်နာမ်ခန္ဓာ သံသရာကြီးကို။ ကာရကော၊ မဖြစ် ဖြစ်ခအောင် တည်ထောင်ဖန်ဆင်းနိုင်သော။ ပြဟ္မာဝါ၊ ကမ္ဘာကို စနိုင်သည့် ထာဝရသခင် အရှင်ပြဟ္မာမင်းကြီးဆည်လည်းကောင်း။ ဒေဝါဝါ၊ ကျေးငှက်ကိုဘင် ဂုဏ်အင်ကိုမှ ပျုပ်ဝပ်ရှိခိုး ဗိဿနိုး နတ်မင်းကြီးသည် လည်းကောင်း၊ နှ အတ္ထိ၊ ကြောင်းကျိုးစပ်က စနစ်ကောန် ဏမှန်ပင်မရှိပေတည်း။ သုဒ္ဓမမ္မာ၊ အနှစ်သာရ အတ္တမဖက် သက်သက် ရုပ်နာမ် တရားတို့သည်သာ။ ဟေတု-သမ္ဘာရပစ္စယာ၊ အကြောင်း ဆဆောက်အအုံ လောက်လုံသိုက်မြိုက် တိုက်ဆိုင် ခြင်းဟူယော အကြောင်းကြောင့်သာလျှင်။ ပဝတ္တန္တိ၊ စင်စစ်မသွေ အမှန်ပင် ဖြစ်ပေါ်၍ နေကြပေသတည်း။

သာဓု.....သာဓု.....သာဓု။

ဒီမှာ ပရမအတ္တ ဖန်ဆင်းတဲ့သူ အစဲအလမ်းဟာ ယခု လူတွေက နောက်ပိုင်းကျမှ ဖြစ်နေတယ်လို့ ထင်တာ၊ ဘယ်ဟုတ်မလဲ၊ ကမ္ဘာဦးကတည်းက ဖြစ်နေတာပါး။

အဲဒီ အထင်ကြီးခံရတဲ့ ပြဟ္မာမင်းကလဲပဲ တကယ် ဖန်ဆင်း နိုင်တယ်လို့ကို ယူဆနေတာ၊ ဒီတော့ အမှားမှားအယွင်းယွင်း မိစ္ဆာဒိဋ္ဌိကြောပါပြီ၊ ကြောပါပြီ၊ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူတဲ့အခါကျတော့ မရှိပါဘူး၊ အကြောင်းနဲ့အကျိုးနဲ့ အကြောင်းနဲ့အကျိုးနဲ့၊ ကမ္ဘာပျက်တဲ့အခါကျတော့ သတ္တဝါတွေ ပြဟ္မာပြည် အဆောက်များ၊ ကမ္ဘာကြီး ပြန်ပြီးတော့ ပြုပြင်ပြီးတော့ ကမ္ဘာဖြစ်တဲ့အခါကျတော့ သတ္တဝါတွေ ကံကုန်လို့သေကြ၊ ကံကုန်လို့သေကြ၊ ကံအားလျော်စွာ ပြဟ္မာပြည်ဓရောက်၊ နတ်ပြည်ရောက်၊ လူ့ပြည်ရောက်၊ အဲဒီလို သတ္တဝါတွေ ပြန်ပြီးတော့ ဒီလိုလာခဲ့ဘာဝပါ။

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒု-တွဲ၊ နှာ-၂၃၀။

လူ.ပြည်ရောက်တဲ့အခါကျတော့လဲ ခတ္တိယ အမျိုးဇာစားတွေ၊ ဗြာဟ္မဏအမျိုးအစားတွေ၊ ဝေဿ ဆိုတဲ့ လယ်လုပ်ကုန်သည်အမျိုးအစားတွေ၊ သုဒ္ဒ ဆိုတဲ့ အလုပ်ကြမ်းသမားတွေ၊ အဲဒီလိုပေါ်ပြီးတော့ လာတာပါ။

မိစ္ဆာဒိဋ္ဌိ။ ။တခါအဲဒီမိစ္ဆာဒိဋ္ဌိအယူက ဇီဝ အတ္တဖာသက်ကောင်၊ဘုန်းကြီးတို့ ခန္ဓာကိုယ်ထဲ ဇောက်လာပြီလို့ဆိုတယ်၊ အသက်ကောင် ရှိတယ်၊ အသက်ထွက်သွားပြီ၊ ကွယ်လွန်တဲ့ အဖေရဲ့ဝိညာဉ်နဲ့ ဒီကသား၊ သို့မဟုတ် သမီးရဲ့ဝိညာဉ်နဲ့ ဝိညာဉ်ချင်း ဆက်ပြီးတော့ နေလို့မို့ သမီးကလေး သေမှာ စိုးရတယ်၊ သားကလေး သေမှာစိုးရတယ်၊ သားကလေး, သမီးကလေးရဲ့ လိပ်ပြာနဲ့ အဖေရဲ့ လိပ်ပြာနဲ့ မကွဲပဲဖြစ်နေလို့ အဲဒီလိပ်ပြာချင်း ဆက်နေလို့မို့ ဟိုမှာပါသွားမှာ စိုးရတယ်။

ဒါကြောင့် လိပ်ပြာခဲ့ လိပ်ပြာခဲ့၊ ဇီဝ၊ အတ္တ ဖာသက်ကောင် လိပ်ပြာကောင် ပြောနေတာ၊ ဇီဝအတ္တ ပြောနေတာ၊ သေပြီဆိုလို့ရှိယင် အသက်ထွက်သွားတာပဲ၊ တနေ့ကပြောခဲ့တဲ့ ပါယာသိမင်းဟာ ဒီ အသက်ကြီး သူ ရှာတာပဲ၊ အသက် ရှာမရတာ။၊ ဒီလို အသက်ကောင်လို့လဲ ခေါ်တယ်၊ ဝမ်းထဲမှာ လိပ်ပြာကောင်လို့လဲ ခေါ်တယ်၊ ဝိညာဉ်ကောင်လို့လဲ ခေါ်ဝဲ့ယ်။ အဲဒါ မရှိပါဘူး။

ဇီဝ, အတ္တ၊ "ဇီဝ" က အသက်၊ "အတ္တ" က အတ္တ၊ အဋ္ဌကထာယ်တော့မှ မပျက်ဘူး၊ အနှစ်ဖာမာခံ၊ ဘယ်တော့မှ အတ္တမပျက်ဘူး၊ ဒါကြောင့် ဟရုတ် ထေလို့ရှိယင် လိပ်ပြာအိမ်ဆိုပြီးတော့ အကြီးအကျယ်လုပ်တာ၊ ဧအတ္တကလေး ပဲ၊ လိပ်ပြာဆိုတာ အတ္တပဲ၊ မပျောက်ဘူး၊ သူက ရှိတယ်၊ ဒီခန္ဓာကိုယ်ကြီး ဘယ်လောက်ပဲ မြေမြှုပ်ခဲ့ရခဲ့ရ လိပ်ပြာက မသေဘူး၊ အဲဖီ လိပ်ပြာနေပို့ရာ အိမ်ကလေး, တချို့တတ်နိုင်တော့ အိမ်ကြီးလုပ်ကြထယ်၊ လိပ်ပြာအိမ် လုပ်ကြတယ်၊ လိပ်ပြာလို့ စုံတာ၊ ဆယက်လို့ စုံတာ၊ ဝိညာဉ်ကောင်လို့ စုံတာ၊ ခန္ဓာကိုယ်မှာ အတ္တရှိတယ်လို့ စုံတဲ့ဟာ မိစ္ဆာအယူချည်းပဲ၊ တခုမှ မဟုတ်ဘူး၊ ဖာကြောင်းနဲ့ အကျိုးနဲ့ ဖြစ်နေထာချည်းပဲ။

ခန္ဓာငါးပါးသာရှိ။ ။မပျက်စီးနိုင်ပဲနဲ့ မြဲတယ်ဆိုတဲ့ အတ္တကို ဇီဝ ဇာတ္တလို့ သူတို့ကခေါ်တယ်၊အဲဒီ ဇီဝ ဇာတ္တ မရှိပါဘူး၊အသက် ကောင် မရှိပါဘူး၊ စိညာဉ်ကောင်မရှိပါဘူး၊ သေယင်အသက်မထွက်ပါဘူး။

တနေ့တုန်းကပြောတဲ့အတိုင်း ကံ တခုနဲ့တခု ဆက်ပြီးတော့ ပဋိသန္ဓေ နေရတာပါ၊ ဒါလေး နားလည် ပါစေနော်၊ လူတွေမှားကြလွန်းလို့၊ ဒါဖြင့် ဘာသာရှိတုံး၊ ခန္ဓာငါးပါးသာ ရှိတယ်၊ ရုပ်ခန္ဓာကြီးရှိတယ်၊ ဒီ ရုပ်ခန္ဓာကြီးဆိုတာဟာအတုံးအခဲနဲ့တခါတည်း စုပုံထားတာ မဟုတ်ဘူး၊မျက်စိနဲ့ဆိုင်ရာ ကလာပ်တခုမှာ ရုပ်ကလေးဆယ်ခု စုပြီးတော့ နေတယ်၊ သောတနဲ့ဆိုင်ရာကလဲ ရုပ်ကလာပ်တွေစုပြီးတော့ ဆယ်ခု၊ ရုပ်ဆယ်ခုကို ကလာပ်တစည်း၊ ကလာပ် တစည်းနဲ့ အဲဒါလို စုနေတာ၊ ခန္ဓာကိုယ်မှာ ရုပ်မှုန်ကလေးတွေ။

ဥပမာ မုန့်ညက်ကလေးကို ဇရုန့်ဘာနဲ့ ဆွတ်ပြီးတော့ အရုပ်လုပ်ဟတ်တဲ့ လူက အရုပ်လုပ်သလိုမျိုယင် မုန့်ညက်ရုပ်ကလေးဖြစ်ရော၊ အဲဒီမုန့်ညက်ရုပ်ကလေး ဟာ သည်တခုဘည်းလားဆိုတော့ ဘယ်ဟုတ်မလဲ၊ မုန့်မှုန့်ကလေးတွေ၊ အဲဒါလို ပေါ့၊ ရုပ်မှုန့်ကလေးတွေကို ကံက ပြုစီမံပြီးတော့ ပေးတာမို့လို့ တနေ့တုန်းက ပထမဆုံး ကလလရေကြည်ဆိုတဲ့ ဇရေကြည်က တဖြည်းဖြည်း ကြီးပြီးတော့ လူကောင် ပေါ်လာတယ်၊ ဘယ်သူမှ ဖန်ဆင်းတာမဟုတ်ဘူး၊ ကိုယ့်ကံကိုယ့်ကံက ဖန်ဆင်းတာ၊ လူဖေးဖေးလဲ ကိုယ့်ကံ၊ အရုပ်ဆိုးအောင်လဲ ကိုယ့်ကံက ဖန်ဆင်းတာပဲ၊ ကိုယ့်ကံက ဖန်ဆင်းတာပဲ။

ခုနက ဇီဝ ဆိုတဲ့ အသက်ကောင်, ဝိညာဏ်ဆိုတဲ့အကောင်,လိပ်ပြာဆိုတဲ့အကောင်၊အတ္တဆိုတဲ့ အထုဝတ္ထုဆိုတာ မရှိပါဘူး၊ ခုနက ရုပ်ခန္ဓာသာ ရှိတယ်၊ စိတ်ဆိုတဲ့ဝိညာဏ် ဝိညာဏက္ခန္ဓာသာ ရှိတယ်၊ ပြီးတော့ လောကကြီးထဲမှာ ခံစားမှုဆိုတာဟာ ဒုင်မတန် အရေးကြီးတယ်၊ ဒုင်မတန် အရေးကြီးတော့ သူ့ကိုလဲ ဗုဒ္ဓမြတ်စွာက ဝေဒနာဇေတသိက် တခုတည်းကို ခန္ဓာလို့ဟောထားတာ၊ ခံစားမှုခန္ဓာ၊ ရူပက္ခန္ဓာ၊ စိတ်ဝိညာဏ်က ဝိညာဏက္ခန္ဓာ၊ အားလုံးသတ္တဝါတွေတာ ခံစားချင်နေတာ ဖြစ်ဟော့ ခံစားမှုဟာလဲ နောက်ကို နှစ်နှစ်ကာကာ အနိစ္စ ဒုက္ခ အနတ္တ ရှုရမှာဖြစ်လို့မို့ ခံစားမှုဆိုတဲ့ ဝေဒနာကိုလဲ ခန္ဓာအဖြစ်နဲ့ ဟောထားတော်မူတယ်။

တရားကတခုတည်းပဲ၊ စေတသိက်က တခုတည်းပေမယ့် သူလဲပဲ တခုတည်း တခန္ဓာပဲ၊ ခံစားတာကို သညာက ဟမှတ်လုံးနေလို့ ခံစားချင်တာ၊ အမှတ်က လှတယ်လို့ထင်တော့ ဝေဒနာက သဘောတယ်၊ ဟမှတ်က အရုပ်ဆိုတယ်လို့ ထင်မှတ်တော့ ဒုက္ခဝေဒနာက လားကားပဲ၊ မကောင်းလဲ ဒီဝေဒနာလားတာပဲ၊ မကောင်းမှတ်လိုက်လဲ ဒီဝေဒနာလာတာပဲ၊ ဒီဝေဒနာလာတာပဲ၊ ကောင်းမှတ်လိုက်လဲ ဒီဝေဒနာလာတာပဲ၊ ဓကောင်းမကောင်းကြားထဲလဲ ဥပေက္ခာဝေဒနာလာတာပဲ၊ အဲဒီတော့ အမှတ်နဲ့ခံစားမှုနဲ့ဟာ လေးကြိုးမှာ အင်ပတန်အရေးကြိုးတယ်လို့ ဆိုပြီးတော့ သညာဆိုတာ ယညာကွန္ဓာ၊ ဝေဒနာ ခံစားမှု ဝေဒနာကွန္ဓာ။ စိတ်သိမှု ဝိညာဏကွန္ဓာ၊ ရုပ်အားလုံး အစုတွေကို ရူပကွန္ဓာ၊ အဲဒီလေးပါးမှ လွတ်တဲ့ စေတသိက်ဟူသမျှ ၅၀-ကို သင်္ခါရကွန္ဓာ-လို့ ဒုဒ္ဓမြတ်စွာက နာမည်တပ်တော်မူတယ်၊ ဘာပြုလို့ သင်္ခါရကွန္ဓာလို့ နာမည်တပ်ထားရသလဲဆိုတော့ စေတနာဆိုတဲ့ လုံ့ဓဆော်နေဟဲ့ စေတနာက ပါနေတယ်ကိုး၊ စေတနာဆိုတဲ့ လုံ့ဓဆော်တဲ့ တရားက ပြုပြင်စီမံတတ်တာ့ ပါဠိလို "သင်္ခါရ"၊ အဲဒါကြောင့်စေတနာကို နာမည်တပ်ပြီးတော့ ကျန်တဲ့စေတသိက် ၅၀-က သင်္ခါရကွန္ဓာလို့ မြတ်စွာဘုရားက ခန္ဓာငါးပါးသင်္ဂြိုဟ်ထားပါတယ်။

ခန္ဓာငါးပါးက အလုပ်လုပ်နေတာ၊ ခန္ဓာငါးပါး ပေါင်းဝိုက်လို့ရှိယင် ပုဂ္ဂိုလ်နာမည် ပေါ်လာတာပဲ၊ နာမည်ပညတ်ပါ၊ ပုဂ္ဂိုလ်ရယ်လို့ မရှိပါဘူး၊ သတ္တဝါလို့ နာမည်သာ ပေါ်လာတာ၊ သတ္တဝါလို့မရှိပါဘူး။ ဘယ် သူလို့သာ ပြောတာ၊ သူမရှိပါဘူး၊ ဒီခန္ဓာငါးပါးပဲရှိတယ်၊ ငါလို့ သားဖြားတာ၊ ငါဆိုတဲ့ အကောင်အထည်မရှိပါဘူး။

ဒုထားပမာသတ္တဝါ

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ။

အင်္ဂသမ္ဘာရာ၊ ဝင်ရိုး စက်ဘီး အသိုးသိုးတို့ ပဲ့စည်းပေါင်းဆုံ အဆောက် အအုံကြောင့်။ ရထော ဣတိ သဒ္ဒေါ၊ လူသူအများ စီးနင်းသွားဖို့ရထား

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ နာ-၁၃၇။ ဝိသုဒ္ဓိ၊ ဋ္ဌ-တွဲ၊ နာ-၂၂၈။

ခေါ်အပ် နာမည်ပညတ်သည်။ ဟောတိ ယထာ၊ ဖြစ်ပေါ်လာသကဲ့သို့။ ဧဝံ ဤအတူ။ ခန္ဓေသု၊ ရုပ်နာမ်နှစ်ပြုံ ခန္ဓာငါးပါးတို့သည်။ သန္တေသု၊ ထင်ရှား ပေါင်းဆုံ ရှိကြကုန်သော်။ လတ္တောတိ၊ ထမျှတို့၊ သတ္တဝါဟု ခေါ်ဝေါ် ပြုဖို့ သမျှတို့မှာ် နာမပညတ်သည်။ ဟောတိ၊ ရုပ်နာမ်နှစ်ပါး မကဲ့ပြားက ထင်ပှားဖွယ်ရာ ဖြစ်ပေါ်၍ လာပေသည်ကာဟု။

သာဓု.....ဟာဓု..... သာဓု။

ရုပ်ခန္ဓာနဲ့ "ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်" ဆိုတဲ့ နာမ်ခန္ဓာ ၄- ပါး ဒါပဲရှိသည်၊ သူတို့ အလုပ်လုပ်ခန်တာ၊ သူတို့ ပေါင်းမိပြီဆိုလို့ရှိယင် သတ္တဝါ၊ လို့ နာမည်ခေါ်ထားတာ၊ သတ္တဝါလို့ ထိုက်ရိုက်ပရှိဘူး၊ ပုဂ္ဂိုလ်လို့ တိုက်ရိုက် မရှိဘူး။

ဥပမာ လှည်းလို့ဆိုတာ လာပါလှည်း၊ ဟိုမှာ လှည်းကြီးလာပါ၊ မင်း ဘယ်သူ့ ပြောတာတုံး၊ လှည်းဝင်ရိုး ပြောတာ၊ အဲဒါ ဘာတုံး၊ ဒါ လှည်းဝင်ရိုး၊ လှည်းလား မဟုတ်ဘူး၊ ဒါက ဘာတုံး၊ ဒါက လှည်းဘီးပဲ၊ လှည်းလား မဟုတ်ဘူး၊ ဒါက ဘာတုံး၊ ဒါ လှည်းအိမ်ပဲ၊ ဒါ လှည်းလား မဟုတ်ဘူး၊ နို့မင်းလှည်း ဘယ်မတုံး၊ အားလုံးပေါင်းတဲ့အခါ လှည်းဖြစ်တာပဲ၊ လှည်းခွယ်သို့တော့ သီးခြားမရှိဘူး၊ အားလုံးပေါင်းတဲ့အခါ လှည်းလို့ ပေါ်လာတာ၊ လှည်းနာမည် တပ်ရတာပဲ၊ လှည်းဘယ်ရှိမလဲ၊ ဝင်ရိုးရယ်, လှည်းဘီးရယ်, လှည်းအိမ်ရယ်, သူ့လှည်း အဆောက်အဦတွေ ရှိတယ်၊ အဲဒီ အဆောက်အဦပဲ ရှိတယ်၊ အရာဝတ္ထု သီးခြားမရှိဘူး။

အဲဒါလိုပဲ ခန္ဓာကိုယ် လက်ညှိုးထိုးပြီးတော့ ဒါဘာတုံး၊ အဲဒါ ရုပ်တွေလေ၊ အသင် ခုန ဒေါသဖြစ်တာ ဘာတုံး၊ အဲဒါ နာမ်လေ၊ နာမ်တရားထဲက သင်္ခါရကွန္ဓာလေ၊ အသင် ခု မှတ်နေတယ်၊ ဒါ ဘာတုံး၊ သညာကွန္ဓာလေ၊ သင် စံစားနတယ်။ ဒါ ဘာတုံး၊ ဝေဒနာကွန္ဓာလေ၊ ဒါပဲရှိတယ်၊ နာမ် ခန္ဓာသာရှိတယ်၊ သင်လို့ခေါ်ရတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ သင်လို့ခေါ်ရတဲ့ သတ္တဝါ၊ မရှိဘူး၊ အကောင်အထည် မရှိပါဘူး။

အိမ်ဓကျောင်း ပမာ ကိုယ်ခန္ဓာ

ယထာ ပဋိစ္စ ကဋ္ဌာဒိ၊ အဂါရန္တိ ပဝုစ္စတိ။
ဧဝံ ပဋိစ္စ အဋ္ဌိာဒိ၊ သရီရန္တိ ပဝုစ္စတိ"။

ကဋ္ဌာဒိ၊ တုံးတိုင်သစ်ဝါး ကြိမ်နွယ်အားဖြင့် များပြားစုပုံ အဆောက် အအုံကို။ ပဋိစ္စ၊ စုပေါင်းစဲမှီ တဲ့ကာချည်သဖြင့်။ အဂါရန္တိ၊ အိမ်ကျောင်း မတ္တာပ် ဇရပ်တိုက်တာ နေထူဌာန အာဝါသဟူ၍၊ ပဝုစ္စတိယထာ၊ ခေါ်ဝေါ် ပညတ် သမုတ်ဇာပ်သက်သို့။ ပေါ်ကျိအတူ။ အဋ္ဌိာဒိ၊ အရိုးအဆက် အကြော ယှက်၍ ဖွဲ့ကြိုက်အသား ဖုံးအပ်သော အရေများကို။ ပဋိစ္စ၊ စုပေါင်းစဲမှီ တဲ့ကာ တည်သဖြင့်။ သရီရန္တိ၊ သူ့ကိုယ် ငါ့ကိုယ် ခန္ဓာကိုယ်ဟူ၍။ပဝုစ္စတိ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်ပေသည်တကား။

ခန္ဓာကိုယ်လဲ တိုက်ရိုက်မရှိဘူး၊ အိမ်ဆိုတဲ့ အဆောက်အဦကိုကြည့်စမ်း၊ ဒါက တိုင်ပဲ၊ ဒါက အုတ်တွေပဲ၊ ဘယ်မလဲ အိမ်၊ ဒါက ထုပ် လျှောက်ပဲ၊ ဘယ်မလဲ အိမ်၊ ဟာ....အိမ်ရယ်လို့ကော့ သီးခြားမရှိပါဘူး၊ ဒါတွေ ပေါင်းလိုက်တော့ အိမ်လို့ သမုတ်ကြကာပဲ၊ အဲသလိုပါပဲ၊ ခေါ်ရတာပါပဲ၊ ဒါက ဘာတုံး၊ ဒါ ရုပ်ခန္ဓာလေ၊ ယခု အသံထွက်နေတာ ဘာတုံး၊ ဒါက ဝေဒနာ၊ ရုပ်ထဲကပဲ၊ ရုပ်ခန္ဓာအစိတ်အပိုင်းပဲ၊အဲဒီ အသံထွက်ဖို့ရာ ဘယ်သူလာလှုံ့ဆော် ပေးနေတုံး၊ စိတ်က လှုံ့ဆော်ပေးနေတယ်လေ၊ စိတ်ချည်းလား ဆိုတော့ ဘယ်ဟုတ်မလဲ၊ စေတသိက်တွေကလဲ လှုံ့ဆော်ပေးနေတယ်လေ၊ ဟာ.... လိုက်စစ်တော့ အကုန်လုံး တခုစီ တခုစီ ပေါင်းလိုက်တော့မှ အိမ်လို့နာမည် ပေါ်လာတယ်၊ တကယ်တော့ အိမ်မရှိပါဘူး။

အဲသလိုပါပဲ၊ အရိုးတွေ အသားတွေ အကြောတွေ အရေတွေ အဲဒါတွေ စုပေါင်းလိုက်တော့မှ ကိုယ်လို့ပေါ်လာတာ၊ အရိုးတွေ အသားတွေ ဒါတွေ ကလဲစုပေါင်းနေတာ၊ ရုပ်ရဲ့အစိတ်အပိုင်းကလေးတွေ စုပေါင်းနေတာ၊ဘယ်မှာလဲ ကိုယ်လို့တိုက်ရိုက် ဘယ်ရှိတုံး၊ သေသေချာချာ ပြစရာကို ဘယ်ရှိတုံး၊

၁။ မူလပဏ္ဏာသပါဠိတော်၊နှာ-၂၄၈-လာ စုဏ္ဏိယကိုမှီ၍ စိတ်းသောပရမတ္ထ သရူပဘေဒနီ၊ ဒု-တွဲ၊ နှာ-၅၀၆-လာ ဂါထာဖြစ်သည်။

ဘာမှ မရှိဘူး၊ ဒီခန္ဓာငါးပါးပဲ ရှိတယ်၊ ရုပ်ခန္ဓာကြီးထဲက အသားတွေ အရိုးတွေ အရေတွေ ပေါင်းလိုက်တဲ့အခါမှာ ကိုယ်လို့ ပြောနေတယ်၊ ဘယ်မှာလဲ ခန္ဓာကိုယ် တိုက်ရိုက်မှီလို့တုံး၊ မရှိပါဘူး၊ သိပ်ကောင်းတာ၊ သိပ်ကောင်းတာ။

သစ်သားရုပ်အလား ရုပ်နာမ် ၂-ပါး

ရဇူယောဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမည သမာယုတံ ။

ရဇူယောဂါ၊ အရုပ်ကြိုးနှင့် အသင့်တွဲကပ် ပေါင်းစပ်မိခြင်းမကြာင့်။ ဒါရုယန္တံ၊ သစ်သားကိုလုပ် မင်းသမီး မင်းသားရုပ်သည်၊ သဗျာပါရံ၊ သွား, ရပ်, က, ခုန်, ဗျာပါရရှိပုံကဲ့သို့။ ခါယတိ။ ရှသူစိတ်တွင် မှတ်ထင်ရလေ၏။ ဧဝံ၊ ဤအား။ သုညံ၊ အနှစ်သာရ အတ္တမဖက် အသက်ကင်းဆိတ်ဖယား။ နာမရူပံ၊ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာသည်။ အညမည သမာယုတံ၊ အချင်းချင်းကပ် ပေါင်းစပ်မိသည်ဖြစ်၍။ သဗျာပါရံဝ၊ သွား, ရပ်, ထိုင် လျောင်းလိုဆုပြောင်းလျက် အကြောင်းအားလျော်စွာ ဗျာပါရရှိနေသကဲ့သို့။ ခါယတိ၊ ရုပ်နာမ်နှစ်ပါး မကဲပြားက အများစိတ်တွင် ထင်မြင်စွဲလမ်း ရသည်တကား။

လူဆိုတာ အသိဉာဏ်နည်းယင် နည်းသလို အရုပ်တွေကို ကြိုးနဲ့ဆွဲပြီးတော့ ကခုန် နိုပ်စက်သူက နိုပ်စက်၊ မင်းသမီးလုပ်တဲ့သူကငို၊ ကလေးတွေကစိတ်မရှည်ဘူးလေ၊ တခါထဲ အောက်ကခုန်ပြီးတော့ တုတ်နဲ့ ခဲနဲ့ ချတာပဲ၊ ဘယ်ဟုတ်မတုံး၊ သူ့အထင်ကလေ အရုပ်ကို အရုပ်လို့မထင်ဘူး၊ တကယ် အသက်ရှိတယ်လို့ ထင်သွားပြီ။

ရဇူယောဂါ၊ ကြောင့်။ပ။ သဗျာပါရံဝ၊ ကဲ့သို့။အဲဒါလိုပါပဲ၊ ရုပ်တရား နာမ်တရားတွေဟာ သူတို့နှစ်ခု ပေါင်းလိုက်တော့ သွား, ရပ်,လှုပ်ရှားပြီးလို့ နေတော့ ဒီရုပ်နာမ်တွေက ဗျာပါရရှိသကဲ့သို့ ထင်ရတာ၊ မဟုတ်ဘူး ကိုယ့်အကြောင်းနဲ့ ကိုယ်နဲ့လုပ်ဘာ။

၁။ ဝိသုဒ္ဓိမဂ္ဂ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ- ၂၃၀- လာ စုဏ္ဏိယကိုမှီ၍ စီထားသော ပရမတ္ထသရုပဘေဒနီ၊ ဒု တွဲ။ နှာ- ၅၀၆- လာ ဂါထာဖြစ်သည်။

ဆိုပါတော့ပေါ့၊ ဘုန်းကြီး ခုလုပ်နေတဲ့ အသံတွေဟာလေသဒ္ဒရုပ်တရားပဲ၊ ဝမ်းထဲလို့ ပြောပါတော့ပေါ့လေ၊ စိတ်တွေက သီစေချင်ဟဲ့ တဖုံးကိုဟာ မနတော့ စိတ်အစဉ်မ်းကြောင့် အသံတွေထွက်နေတာ၊ စိတ္တဇသဒ္ဒရုပ်လို့ ခေါ်တယ်၊ အဲဒီစိတ်ကြောင့် အသံထွက်နေတာပဲ၊ ဒီအထဲ ဘုန်းကြီးဟို့ ပြောစရာ တိုက်ရိုက်မရှိဘူး၊ ငါလို့ ပြောစရာ တိုက်ရိုက်မရှိဘူး၊ စိတ္တဇသဒ္ဒရုပ် ဒါပဲ ရှိတယ်။

စောင်းသံပမာ ရုပ်နာမ်ဖြစ်ပျက်။ ။အဲဒီတော့ ရုပ်နာမ်နှစ်ပါးကို နားမလည်တဲ့ သူတွေက ဒီအထဲဝင်ပြီးတော့ ပုဂ္ဂိုလ် သတ္တဝါ သူ ငါနဲ့ ဒီလို လုပ်နေ ကြတာ၊ အဲဒီလို လုပ်ရာက ကြာယောက် တယောက်စဲ့လမ်းပြီးတော့ လောကီနေးရာတွေများပြီးတော့ အပါယ်လေးပါး သွားကုန်ကြတာ၊ အမှန်ကတော့ ခုနက ကြိုးဆွဲတတ်တဲ့သူက ကြိုးဆွဲလိုက်တော့ သစ်သားရုပ်ကလေးလှုပ်နေသလိုပဲ၊ ရုပ်နာမ်ခန္ဓာကလဲ ဒီခန္ဓာကိုယ်ကြီးမှာ အတွင်းက စိတ်ဓာတ်ကြောင့် အသံတွေ ထွက်ပြီးတော့ လှုပ်ရှားနေတယ်လို့ ထင်ရတာကောင်းပြီ၊ အဲဒီစိတ်ဓာတ်က ခန္ဓာကိုယ်ထဲ ဘယ်နားမှာ နေထဲလဲ ဆိုတော့ အဲဒါသိဖို့ သိပ်ကောင်းတယ်။

အနုပုန္နာ ဝုပုဇ္ဈန္တိ၊ ဥပုန္နာပိ နိရုဇ္ဈရေ။
နိစ္စံ နဝါဝ သခ်ါရာ၊ ဝိ ကာသဒ္ဒသမုပမာ ။

သခ်ါရာ၊ ရုပ်နာမ်နှစ်ပါး သခ်ါရတရားတို့သည်။ အနုပုန္နာဝ၊ စုဆောင်းသိမ်းဆည်း ဖြစ်ပြီး မဟုတ်ကုန်ပဲဘာလျှင်။ ဥပုဇ္ဈန္တိ၊ အကြောင်းကိုစဲ့၍ ရုတ်ခနဲ ဖြစ်ပေါ်လာကြကုန်၏။ ဥပုန္နာပိ၊ အကြောင်းအားလျော်စွာ ပေါ်လာကုန်ပြီး၍လည်း။ နိရုဇ္ဈရေ၊ ချက်တဖြုတ် ရုတ်တရက် ချုပ်ပျက်ကြလေကုန်၏။ နိစ္စံနဝါဝ၊ ခဏမစဲ အမြဲဖြစ်လျက် အသစ်စက်စက် တို့သာလျှင်တည်း။ ဝိကာသဒ္ဒသမုပမာ၊ စောင်းကြိုးစောင်းခွက် တီးမှုတ်ချက်ကြောင့် ပေါ်ထွက်ပျောက်ဟန် စောင်းသံနှင့် တူလေကုန်စွတကား။

သာဓု ... ... သာဓု ... ... သာဓု။

၁။ ဝိသုဒ္ဓိမဂ်၊ ဥ၊ ဒု-တွဲ၊ နှာ-၂ ၆၅-၂ ၆၉-လာ စုဏ္ဏိယကိုမှီ၍စီထားသော သင်္ဂြိဟ်ဘာသာဋီကာ။ နှာ—၆၉၃—လာ ဂါထာဖြစ်သည်။

ထခံါရဆိုတဲ့ စိတ်တို့ အသံတို့ဟာ ဝမ်းထဲဘယ်နေရာမှ စုထားတာ မရှိပါဘူး၊ ရွတ်ချင် ပြောချင်တဲ့စိတ် ဖြစ်ပေါ်လာတယ်၊ ပေါ်လာတော့ သူ့ကြောင့် ရုပ်တရားလေးတွေ လှုပ်ရှားပြီးတော့ တခုနဲ့တခု ထိခိုက်ပြီး ပထဝီဓာတ်ချင်းပါပဲ၊ ပထဝီဓာတ်ချင်း ထိခိုက်ပြီးတော့ အသံထွက်တယ်၊ အသံထွက်လာဆော့လဲ တွေ့ရတာအသံတွေ မထွက်ပဲနဲ့ စိတ်အလိုအတိုင်း ဝိညတ်ရုပ်ဆိုတာပါပဲ၊ ဝိညတ်ရုပ်က ပဲ့ကိုင်းပေးတော့ အသံပေါ်ပြီးတော့လာတာ၊ ဘုန်းကြီးတို့တရားက ရှင်းလွန်းလို့. ရှင်းလွန်းလို့. ရှင်းလွန်းလို့၊ ဘယ်သူကမှ လုပ်ခဲပေးတာ မဟုတ်ဘူး၊ ဘယ်သောဝရဘုရားကမှ ဖန်ဆင်းပေးတာမဟုတ်ဘူး၊ ပြုပြင်ပေးတာ မဟုတ်ဘူး၊ ကိုယ့်စိတ်နဲ့ကိုယ်နဲ့ကို ဖြစ်ခဲနေတာ။

ဝိညတ် ပဲ့ကိုင်ပေးခြင်း။ ။ဒါကြောင့် ပင်ကိုယ်က စုဆောင်းပြီး ဘာမှမရှိပါဘူး၊ ပြောချင် ပြောလိုတဲ့ ဆန္ဒဖြစ်ပေါ်လာတဲ့အခါမှာ ဒီလိုပြောလိုတဲ့စိတ်၊ အဲဒီ ပြောလိုက်တဲ့စိတ်ကြောင့် ရုပ်ဇတ္တဖြစ်၊ အဲဒီမှာနဂိုက လည်ချောင်း အာခေါင်မှာ ကုံကြောင့်ဖြစ်တဲ့ ရုပ်ဇတ္တရှိတယ်၊ ရှေးက ကံကြောင့်ဖြစ်တဲ့ ပထဝီဓာတ်နဲ့ နောက်က စိတ်ဇကြောင့် ဖြစ်တဲ့ ပထဝီဓာတ်နဲ့ ပွတ်လိုက်ဘာ အသံထွက်လာတာပါ၊ ဒီ့အပြင်တွေ့ရတာအသံတွေထွက်လာပါလား ဆိုတော့ ဝိညတ်က ပဲ့ကိုင်ပေးလို့လေ၊ ပြောချင်တဲ့အသံလေးတွေ စီကာပတ်ကုံး ထွက်လာတာပါး ဘယ်သူမှ မရှိဘူး၊ ဘယ်သူမှ ဖန်ဆင်းတဲ့သူ မရှိဘူး၊ စိတ်နဲ့ စိတ္တဇသဒ္ဒရုပ် ဒါပဲရှိတယ်၊ ခန္ဓာကိုယ်ထဲမှာလဲ စုပြီးသားဆောင်းပြီးသား ဘာမှမရှိဘူး၊ သိပ်ကောင်းတာ၊ သိပ်ကောင်းတာ။

ဓနရောင်နှင့်ကျောက် စက္ခုပသာဒနဲ့ ရူပါဂုံ တိုက်ခိုက်တဲ့အခါမှာ စက္ခု
မီးထတောက် ဝိညာဏ်စိတ် ဖြစ်လာတယ်၊ အဲဒီ စက္ခု ဝိညာဏ်စိတ် ဖြစ်လာအောင် ဘယ်သူမှ မဖန်ဆင်းရဘူး၊ ဥပမာ ဘာနဲ့တူတုံးဆိုတော့ စာကတော့ ကြီးကြီးကျယ်ကျယ်မို့လို့ "သူရိယကန္တ ကျောက်"နဲ့ နေဆောင် တွေ့တဲ့အခါ မီးထတောက်တာပဲ၊ ဒါက လူတွေက မကြိုးဖူးဘူး၊ ကျောက်နဲ့ဓနုနဲ့ တွေ့တဲ့အခါမှာ ကျောက်ထဲမှာ မီးပါသလား မပါဘူး၊ နေထဲမှာမီးပါသလား မပါဘူး၊ လဆောင်နဲ့ "ဇန္ဒြကန္တ"

ကျောက်နဲ့ တွေ့တဲ့အခါမှာ ရေထွက်လာတယ်၊ ရေကုန်သွားတာမရှိဘူး၊ အဲဒီရောက လထဲမှာ ပါသလား မပါဘူး၊ ကျောက်ထဲမှာ ပါသလား မပါဘူး၊ စုဆောင်းထားတာ မရှိဘူး၊ အကြောင်းဆုံလာမှ ရုတ်တရက် ဖြစ်လာတာ။

မဏိန္ဒနာ တပေ အဂ္ဂိ၊ အသန္တောပိ သမာဂဓေ။
ယထာ ဟေတိ တထာ စိတ္တံ၊ ဝတ္ထာလမ္ဗာဒိသင်္ဂမေ။

အဲဒီလို ဘုန်းကြီးတို့ တရားတော်က ကောင်းနေလို့ လူတွေကိုလေ သနားသလိုလို ဆာလိုလို ဖြစ်ရပါတယ်၊ ဘာမှမသိရှာကြဘူး၊ ဘုန်းကြီးတို့သိလိုက်ရတဲ့ တရားတွေကလဲ အလွန်ကောင်းတာပဲ။

သီလစင်ကြယ်ဖို့လို။ ။ဒီတော့ကာ ဘုန်းကြီးတို့ မနေ့က ပြောတဲ့ သီလစင်ကြယ်ဖို့ သိပ်လိုတာပဲ၊ သီလစင်ကြယ်တော့ တရားထိုင်လို့ သိပ်ကောင်းတာပဲ၊ သီလကလဲ မျက်စိနဲ့ စပ်လို့ရှိယင် လောဘမဖြစ်, ဒေါသမဖြစ်၊ နားနဲ့ကြားလို့ရှိယင်လဲ လောဘမဖြစ် ဒေါသမဖြစ်၊ နှာခေါင်းနဲ့ မွှေးလို့ရှိယင်လဲ လောဘမဖြစ်, ဒေါသမဖြစ်၊ စားလို့ရှိယင်လဲ လောဘမဖြစ်, ဒေါသမဖြစ်၊ ဘာသိဘာသာစိတ်တွေ ဖြစ်နေလို့ရှိယင်လဲ လောဘမဖြစ်, ဒေါသမဖြစ်။

အဲဒီလို ကျွန်ုပ်ယသံဝရ သီလတိုင်အောင်လေ လပေါင်းများစွာ အဲဒီလိုစကြံလျောက်လို့ "ငါ့သီလ စင်ကြယ်တယ်"၊ သီလစင်ကြယ်ယင်လေ ဘုရားအာရုံဖြစ်ဖြစ် ဒီပြင် အင်္ဂီက ကမ္မဋ္ဌာန်းဖြစ်ဖြစ် နှလုံးသွင်းထားရတယ်၊ အသံတွေကြားပါစေ၊ ဘာကြားကြား ကမ္မဋ္ဌာန်းနဲ့နေလိုက်၊ အဲဒီလိုနဲ့ တရားအမျိုးမျိုးကို နှလုံးသွင်းပြီးတော့ နေရတယ်။

ကမ္မဋ္ဌာန်းကျောင်းလေးမှာ တရားနှလုံးသွင်းလို့ လောဘမဖြစ် ဒေါသမဖြစ်၊ လောဘ, ဒေါသ ထိန်းပြီးကော့ ကထားမျိုးနဲ့ နေရမယ်၊ အနိစ္စ ဒုက္ခ မရှုသေးပဲနဲ့ ဒီကိုယ့်စိတ်ကို ဘယ်လောက် ထိန်းထားရမယ်ဆိုတာ သိရမယ်၊ ဒီတရားတွေကိုလဲ နာထားလို့ သိရမယ်၊ အဲဒီလို ဘရားနှလုံးသွင်းလို့ သီလတွေ စင်ကြယ်ပြီးပြီဆိုယင် ရွှေမခက်ပါဘူး။

၁။ သစ္စသံယုတ်အဋ္ဌကထာ ဂါထာ-၃၁၁။

စူဠဒသာတာပန်။ ။ဒါမှမဟုတ် ပါရမီဖြည့်တဲ့ ပုဂ္ဂိုလ်ကလဲ ပါရမီဖြည့်ပေါ့ တရားနှလုံးသွင်းယင် ဒီလိုတရားနှလုံးသွင်းလို့ ပါရမီဖြည့်လို့ပဲဖြစ်ဖြစ်၊ တရားပေါက်အောင် အားထုတ်လို့ပဲဖြစ်ဖြစ်၊ သီလ စင်ကြယ်ပြီးတော့ ပုဂ္ဂိုလ် သတ္တဝါမရှိဘူး၊ ရုပ်နာမ်တွေသာ ရှိတယ်လို့ နှလုံးသွင်းရမယ်။

အကြောင်းအာရုံလျော်စွာ ဆက်ဖြိုးတွေသာ ဖြစ်နေတာပဲလို့ နားလည်လို့ ရှိယင် ကြိုးကြိုးကျယ်ကျယ်တော့ မဖြစ်ဘူး "စူဠသောတာပန်" ဖြစ်တယ်၊ သေယင်တော့ အပါယ်မကျတော့ဘူး၊ မဟာသောတာပန်ကြီးလိုတော့ ဆက်ပြီးတော့ အပါယ်မလွတ်ဘူးပေါ့၊ ဗီဘဝက သေလို့ရှိယင်တော့ အပါယ်မကျတော့ဘူး၊ ဘာပြုလို့တုံးဆိုတော့ "စူဠသောတာပန်" ဖြစ်နေတာကိုး၊ ပြီးတော့ ရုပ်တွေနာမ်တွေသာရှိတာ၊ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မရှိဘူးလို့ သိနေတာကိုး။

အဲဒီတော့ အင်မတန်ကောင်းတဲ့ဘဝကြီးက ဘာပြုလို့ ယိုးတိုးယားတား အချိန်ဖြုန်းချင်တာလဲ၊ အင်မတန် ကောင်းပါလား....။

ဝိသုဒ္ဓသီလစိတ္တေဟိ၊ ကခ်ါဝိတရဏညာဏံကော။
စူဠဲသောတာပန္နော နာမ၊ တဒတ္ထံ ဝါယမေ တတော[1]။

ကခ်ါဝိတရဏ ဉာဏ်ဆိုတာဟာ ယုံမှားသံသယ မရှိတော့ဘူး၊ ဘုရားကိုလဲ ဘုရားအတိုင်း သိတယ်၊ ရုပ်နာမ်ကိုလဲ ရုပ်နာမ်အတိုင်း သိတယ်၊ အတ္တအသက်ကောင် ဝိညာဉ်ကောင် မရှိဘူး၊ ဇီဝ မရှိဘူးဆိုတာလဲ ဒီအတိုင်း သိနေတယ်၊ ဖန်ဆင်းတဲ့သူ မရှိဘူးဆိုတာလဲ ဒီအတိုင်းသိနေတယ်၊ အကုန်လုံး ယုံမှားသံသယ မရှိဘူး၊ ဒါကို "ကခ်ါဝိတရဏဝိသုဒ္ဓိ" လို့ ခေါ်ပါတယ်။

သီလသာ စင်ကြယ်ပါစေ၊ ဒီ ကခ်ါဝိတရဏဝိသုဒ္ဓိကို ဘုန်းကြီး ပြောပေးတာနဲ့ နားလည်ပါတယ်၊ သီလ စင်ကြယ်ဖို့သာ လိုတယ်၊ အဲဒီလိုဆိုယင် စူဠသောတာပန် ဖြစ်ပြီ၊ သေတယ်၊ နဲနဲမှ အပါယ်မကျပါဘူး။

"ဝိသုဒ္ဓ သီလစိတ္တေဟိ၊ ညစ်ကြေးမတင် လွန်သန့်စင်သည့် လေးအင်သီလ သမထကြောင့် တောက်ပလှုံဖိတ် စင်ကြယ်သော စိတ်တို့နှင့်တကွ။" သီလ

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု-တွဲ၊ နှာ-၂၄၀-လာ စုဏ္ဏိယကိုမှီ၍ စိထားသော သဂြိဟ် ဘာသာဋီကာ နှာ-၆၉၁-လာ ဂါထာဖြစ်သည်။

လေးပါးဆိုတာ ဘုန်းကြီးအတွက် လေးပါးပြောတာ၊ လူတွေလဲ ပါတာပဲ၊ ခုနက ဂျန္ဒြိယ၊ စက္ခုန္ဒြေစသည်ကို စောင့်စည်းတဲ့ သီလဟာ အလွန် အရေ ကြီးတာပဲ. **သမထဆိုတာ** ဘုရားအာရုံပြုနေ၊ **သမထ**ဖြစ်တာပါပဲ၊ အရိုးစုအရိုးစုလို့ စိတ်စိုက်လိုက်၊ **သမထ** ဖြစ်တာပဲ။

ဝိသုဒ္ဓိသီလစိတ္တေဟိ၊ ကခ်ံဂါဝိတရဏညာဏိကော။

ဒီဌိနဲ့ ဝိစိကိစ္ဆာ ပယ်ခွာနိုင်ပြီ၊ အယူမှား မရှိတော့ဘူးလေ၊ ခုနက ပြော လိုက်ပြီ မဟုတ်လား၊ အယူမှားတွေ မရှိတော့ဘူး၊ ယုံမှားသံသယ မရှိတော့ ဘူး၊ သေသေချာချာ ဆုံးဖြတ်နိုင်ပြီ၊ "**ကခ်ံဂါဝိတရဏ** ညာဏိကော၊ ဒိဋ္ဌိ' ဝိစိကိစ္ဆာ ပယ်ခွာနိုင်ဘိ ဝိသုဒ္ဓိဉာဏ် အမြင်သန့်သော ယောဂီသည်။ စုဋ္ဌ-ဧသောတာပန္နောနာမ၊ သောတာပန်ဖြစ် ပုဂ္ဂိုလ်စစ်နှင့် စနစ်တူဟန် စုဋ္ဌမှန်သည့် သောတာပန် မည်နိုင်ပေပြီ။"

ဟို မဟာသောဘာပန် **အစစ်ကတော့** အပယ်ကို တခါထဲမကျတော့ဘူး၊ စုဋ္ဌသောတာပန်လဲ **အပါယ်** မကျတော့တူး၊ **မဟာသောတာပန်က** ဒိဋ္ဌိ မရှိ တော့ဘူး၊ ယုံမှားသံသယ မိစ္ဆာအယူမရှိတော့ဘူး၊ ဝိစိကိစ္ဆာ မရှိတော့ဘူး၊ ဒီစုဋ္ဌသောတာပန်ကလဲ ခဏတဖြုတ် ဆရာသမားတွေ ဟောထားလို့ မိစ္ဆာအယူ မရှိတော့ဘူး၊ ယုံမှားသံသယ မရှိတော့ဘူး၊ ဝိစိကိစ္ဆာ မရှိတော့ဘူး။

စုဋ္ဌသောတာပန်ဆိုတာ မဟာ သောတာပန်နဲ့တူလို့ စုဋ္ဌသောတာပန္နော နာမ၊ သောတာပန်ဖြစ် ပုဂ္ဂိုလ်စစ်နှင့် စနစ်တူဟန် စုဋ္ဌမှန်သည့် သောတာပန် မည်နိုင်ပေပြီ။ တတော၊ ထို့ကြောင့်။ **ဇာဒတ္ထံ**၊ ထိုစုဋ္ဌသောတာ ဖြင့်စိမ့်ဌာဖြင့် ကခ်ံဂါလွန်မြောက် ဝိသုဒ္ဓိဇောက်ဖို့ အကျိုးငှာ။ ဝါယမေ၊ အချိန်ကောင်းဆဲ အားကုန်လဲ၍ တပဲ့တလမ်း လွန်ကြိုးပမ်းလျက် စမ်းသပ်အားထုတ် သင့်ပေ ရတော့သတည်း။

ကောင်းလိုက်တဲ့ အချိန်က ဒီဘုရား ပွင့်တော်မူလာတဲ့အချိန်၊ ဘုန်းကြီး သီတာကိုက **ဘုရား**ပွင့်တော်မူလို့ သိတယ်လေ၊ ဘုန်းကြီးသိပြီးတော့ ဘုန်းကြီး က ပိုင်ပိုင်နိုင်နိုင် ဇဟာတဲ့အချိန်၊ "ဝါယမေ၊ အချိန်ကောင်းဆဲ အားကုန်လဲ၍ တပဲ့ဘလမ်း လွန်ကြိုးပမ်းလျက် စမ်းသပ် **အား**ထုတ်သင့်ပေရတော့သတည်း" ။

သာဓု.....သာဓု . ....ထာဓု။

ဒီ မဂ္ဂပစ္စည်းမှာ မဂ္ဂင်၅စ်ပါးထဲ၊ ၄စ်ပါးအတွက် ဘယ်လောက် ကောင်းထားသလဲ၊ မဂ္ဂပစ္စည်းဟာ တဘက်က မိစ္ဆာဒိဋ္ဌိ အမှားစတဲ့ အမှားတွေ၊ တဘက်က သမ္မာဒိဋ္ဌိ အယူမှန်တွေ၊ ကောင်းလိုက်တာ ကောင်းလိုက်တာ၊ အဲဒီ ဘုရားကို ဖောတော်မူလိုက်တာ၊ ဗုဒ္ဓမြတ်စွာရဲ့ ဒီ ပဋ္ဌာန်းတရားကြီး ပေါ့နော်၊ သိပ်ပြီးတော့ အားရစရာ ကောင်းတာပဲလို့....။

နာနုပဂကာရဋ္ဌာနာနိ၊ ပေါဓိတာဓနတ္ထ မုနိနာ။
အနန္တနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။

တော့၊ ဤအနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီး၌။ မုနိနာ၊ မုနိထွတ်တင် ဘုရားရှင်သည်။ နာနုပဂကာရဋ္ဌာနာနိ၊ ဟေတု, အာရမ္မဏ စသည်မျှားစွာ အကြောင်းအရာတို့ကို။ ပေါဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျွန သိပြီးမှလျှင် မျှားလှဝေနေ သိစေဖော်မူခဲ့လေပြီ။အနန္တဂေါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော်မူသော။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သား ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ချိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု ..... သာဓု..... .....သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

သောဠသမနေ့

၁၃၃၅-ခု၊ တန်ခူးလဆုတ် (၇) ရက်။

၁၉၇၃-ခု၊ ဧပြေလ (၂၄) ရက်၊ တနင်္ဂနွေနေ့။

ပရမအတ္ထ။ ။မနေ့တုန်းကပြောခဲ့တဲ့ ပရမအတ္ထ၊ အဲဒီပရမအတ္ထဆိုတာ ဏင် မတန်မြတ်တယ်၊ မွန်မြတ်တယ်လို့ ဇယ္ဈမှားနေတဲ့သူတွေ့ ယူဆထားတဲ့ အတ္ထ၊ အဲဒီ အတ္ထဟာ ဘယ်လိုလဲလို့ပြောခဲ့ယင် ထာဝရဘုရားလို့ဇယ္ဈမှားနေတဲ့ မဟာဗြဟ္မဏကြီးပဲ၊ သူ့ကို ပရမဏတ္ထ၊ ဒီလိုဥလမ်းထားကြတယ်၊ သူဖန်ဆင်းတယ်လို့ ဆိုတာဟာ ခုလူတွေ့အမြင်နဲ့နည်းနည်းလေးရှိဇယ်၊ ဗြဟ္မာမင်းကြီးကိုယ်တိုင်က ဒီသတ္တဝါဇာတ်ကို သူဖန်ဆင်းတယ်လို့ ယူဆထားတာ၊ အဲဒါတခါ ဗြဟ္မာမင်းရဲ့ လက်အောက်ခံ ဗြဟ္မာငယ်များကလဲ တို့ကို ဒီဗြဟ္မာမင်းဖန်ဆင်းတယ်လို့ ယူဆထားထယ်၊ တခါ အဲဒီ ဗြဟ္မာတွေ့က လူ့ပြည်ကို ပဋိသန္ဓေနေလာတော့ ဟိုက ဗြဟ္မာမင်းကြီးက မသေဘေးဘူး။

လူ့ပြည် ပဋိသန္ဓေနေပြီး တချိုက ကောထုက်ပြီးတော့ တားကျင်တော့ ဈာန်အဘိညာဉ်တွေ့ရ၊ သူတို့က လုပ်ကြည့်ပြန်တော့ ဗြဟ္မာမင်းကြီးကဲ့ လုပ်မြင်နေပြန်၊ တို့ကို အဲဒီ ဗြဟ္မာမင်းကြီး ဖန်ဆင်းလိုက်တာပဲလို့ ဖန်ဆင်းတဲ့ဝါဒဟာ ကမ္ဘာဦးကတည်းက ပေါ်လာတာ၊ ဗုဒ္ဓမြတ်စွာ ပွင့်ဂေါ်မူတော့ပဲ ဒီ ဗြဟ္မာမင်းကြီးဟာ ဖန်ဆင်း, မဖန်ဆင်း မပြောနဲ့တော့၊ ဘုန်းကြီးတို့ စာကတော့ ဗြဟ္မာမင်း ညာဘာ တွေ့နေရပြီ၊ ဘာမှ အစွမ်းသတ္တိ ကြီးကြီး ကျယ်ကျယ် မရှိပါဘူး၊ ဒါပေမယ့် ဘေးက အထင်ကြီးနေကြတယ်။

အင်း....ဒါနဲ့စပ်ပြီးတော့ တခါ ဗြဟ္မာကို ဗြဟ္မာက အထင်ကြီး၊ ဘုန်းကြီးက ဒီလောကကြီးထဲကို တချို့ခါင်းဆောင်တွေ့ ဘေးက အထင်ကြီးလိုက်ကြ၊ မစွမ်းဘူး မစွမ်းဘူး၊ အထင်ကြီးလို့ ဟိုကလဲ အထင်ကြီးခံနေတာ။

တခါ တချို့ဘုန်းကြီးတွေ ဘေးက အထင်ကြီးလိုက်ကြတာ၊ မစ္ဆမ်းဘူး မစ္ဆမ်းဘူး၊ ဘေးကသာ အထင်ကြီးနေတာ၊ ဟိုက အထင်ကြီးခံရတဲ့ သူကလဲ ယခုခေတ်မှာ သိပ်စွမ်းတာမဟုတ်ဘူး၊ ဒါပေမယ့် လောကကြီးဟာ လက်အောက်ခံတွေက မျှားလာပြီဆိုလို့ ရှိယင် သူ့ကိုယ်သူ အထင်ကြီးချင်ကြတယ်၊ ဒါကြောင့် အင်မတန် သတိထားဖို့ ကောင်းတယ်။

ဇီဝအတ္တ။ ။ပရမအတ္တဆိုတဲ့ ဗြဟ္မာကြီး အကြောင်းကို ပြောပြီးပြီ၊ ဒီနေ့ ပြောရမှာကတော့ ဇီဝအတ္တ၊ သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိက ပြောင်းပြန်ပဲ၊ မရှိတာကို မိစ္ဆာဒိဋ္ဌိက အရှိလို့ ယူထားတယ်၊ မဟုတ်တာကို မိစ္ဆာဒိဋ္ဌိက အဟုတ်လို့ ယူထားတယ်၊ သမ္မာဒိဋ္ဌိက မရှိတာကို မရှိအတိုင်း မြင်တယ်၊ သိပ်မကောင်းတာပဲ၊ မဟုတ်ဝါကို မဟုတ်အတိုင်း မြင်တယ်၊ ဒီ သမ္မာဒိဋ္ဌိက ဘယ်လောက်မျှား တက်သွားတုံးလို့ ဆိုတော့၊ ပထမဆုံးတော့ ကံနဲ့ ကံရဲ့ အကျိုးကိုမြင်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဒါကို ပိုင်အောင် လုပ်ရပါတယ်၊ မပိုင်ဘူးနော် မပိုင်ဘူးနော်။

တခါ ဒီက တဆင့်တက်ပြန်တော့ ကြားထဲ စျာန်တို့ ဘာတို့ ထားလိုက်ပါ ဇောတ့်၊ ဝိပဿနာဿမ္မာဒိဋ္ဌိ အနိစ္စ ဒုက္ခ အနတ္တလို့ ဝိပဿနာကို ပိုင်အောင်ရှုရပါတယ်၊ အဲဒီက တက်တော့ ဝိပဿနာရဲ့အကျိုး မဂ်ဖိုလ်၊ ဒါတွေကတော့ အကျိုးရတော့ပါ၊ ဝိပဿနာကို သိပ်ပိုင်ဘို့ဟာ ယခုလူတွေက သိပ်ပိုင်တဲ့ လက္ခဏာမရှိဘူး၊ သူစို့ကို ပိုင်တာ မပိုင်တာကတော့ ဘုန်းကြီး မသိဘူးပေါ့လေ။

ပိုင်ပုံ မရဘူး၊ ဘာပြုလို့တုံး၊ ဝိပဿနာပိုင်ယင် ဒီ ဇာဝတ်အစား ဒီ အနေအသွားမျိုး ဘယ်နည်းမှ မနေရဘူး၊ ဘုရားလက်ထက်က ဝိသာခါတို့ သောတာပန်ဘောင် ဆင်သေးတယ်၊ ဘယ်နှယ် သူတို့က ပေါ့တဲ့ဖက်ကို အားကျနေတာကို၊ အကယ်လေးနက်တဲ့ဖက်မှာ ဒီလိုတထားရသွားလို့မို့ ဟောထွက်ပြီးတော့ ရဟန်းပြုကြ၊ ဘိက္ခုနီပြုကြ၊ အဲဒါတော့ မြင်ဘူး၊ ဝိသာခါ တယ်ပြင်တယ်၊ သားသမီးတွေ ဇမ္ဗုတယ်၊ သောတာပန်ဖြစ်ပြီးပြီ၊ ဒါကို သူတို့က သွားပြီး အစားထိုးကြတယ်။

ဝိသာခါက တနေ့က ဘုန်းကြီးပြောခဲ့တဲ့ အမွေရတဲ့ သဒ္ဒေးသား သဒ္ဒေသမီးလိုပါပဲ၊ ကမ္မဿကသိန်း ပါရမီဖြည့်လာတဲ့ အမျိုးသမီးမို့လို့ လွယ်လွယ်

ကလေးနဲ့ ဘုရားဆီက တရားအမွေရတာပါ၊ အဲဒီလို ပုဂ္ဂိုလ်မျိုးကတော့ ဖြစ်နိုင်ပါတယ်၊ သူတို့နည်း သူတို့ဟာန်နဲ့ သောတာပန် ဖြစ်နိုင်ပါတယ်၊ ကာမဂုဏ်အာရုံလဲ ခံစားနိုင်ပါတယ်၊ ဘုရားလက်ထက်ကလဲ တရားတွေရတော့ တခါထဲတောထွက် တောထွက် တောထွက် လာကြတာ၊ တော မထွက်တောင်မှလဲ သိက္ခာရှိရှိနဲ့နေလို့ ဒီလိုလာကြတာ။

ဒါကြောင့် ဘုန်းကြီးက ဒီလူတွေကို ပိုင်ပုံမရဘူး၊ မပိုင်လို့မို့ ဒီအခြေအနေမျိုး နေကြတာပါ၊ ဒီဘုန်းကြီးတွေကလဲ ပိုင်ပုံမရပါဘူး၊ မပိုင်လို့မို့ ဒီအစားမျိုး စားပြီးတော့ ဒီအဝတ် ဒီအနေမျိုး နေကြတာပါ၊ ပိုင်လို့ရှိယင် ဒီအဝတ်မျိုး မဝတ်ထိုက်ဘူး၊ ဒီအစားမျိုးကို မစားထိုက်ဘူး၊ ဒီလို ပရမ်းပတာ မနေထိုက်ဘူး၊ အာပတ်သင့်အောင် ရပ်ထဲ ရွာထဲမှာ မနေထိုက်ဘူး၊ ယခု အာပတ်အသင့်လဲ ခံကြတယ်။

ဒါပေမယ့် ပတ်ဝန်းကျင်က အထင်ကြီးနေတော့ သူ့ကိုယ်သူလဲ အထင်ကြီးနေဟန်တူတယ်၊ ဒီတော့ကာ ဒီလောကကြီးထဲမှာ အနိစ္စ, ဒုက္ခ, အနတ္တ မပိုင်ကြပါဘူး၊ သူတို့ရဲ့ အခြေအနေတွေ ကြည့်တော့ ဒီလိုပဲ ဘုန်းကြီး တွေ့ရတယ်။

အတ္တအခြောင်း ဒီနေ့ အတ္တကိုသိမှ အနတ္တကို သိပါတယ်၊ အတ္တက ဘယ်လိုတုံးဆိုတော့--

ကာရကော ဝေဒကော သာမိ၊ နိဝါသီ သော သယံဝသီ။

ထော၊ ထို အတ္တ ဆိုတဲ့ အရာဝတ္ထုသည်။ (အရာဝတ္ထု ဆိုတာ မရှိလို့ ဘုန်းကြီးက အရာဝတ္ထုလို့ ပြောနေတာ)၊ ကာရကော၊ ပြုရေး ပြုကာ ပေါ်ပေါက်လာလျှင် လျော်စွာတခုခုဖြင့် ပြုစုလည်း ပြုစုတတ်လေ၏။ ဝေဒကော၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးကို အကျိုးလျော်ကန် ပေါ်လာပြန်လျှင် ခံစံလည်း ခံစံတတ်လေ၏။ သာမိ၊ ခန္ဓာအိမ်ဆိုင်သမျှ၌ ပိုင်သအုပ်စီး အရှင်သခင်ပေတည်း။ နိဝါသီ၊ ဟောင်းခန္ဓာအိမ် ပျက်သည့်အချိန်ဝယ် ခန္ဓာအိမ်အသစ်လဲ၍ တကတဲမှီ အမြဲတည်သော အရာဝတ္ထုပေတည်း။ သယံဝသီ၊ ခန္ဓာအိမ်မှ အစုစု၌ မိမိအလိုသို့ လိုက်ပါဝစနိုင်သော အရာဝတ္ထုဝပတည်း။

ခန္ဓာကိုယ်ထဲမှာ အတ္တ ဆိုတဲ့ အကောင်ကလေးက ရှိကိုရှိတယ်၊ မနေ့က နည်းနည်းပြောခဲ့ပြီနော်၊ အတ္တဆိုတဲ့အကောင်လေးဟာ ဘာသာခြား လူမျိုးများက တကယ့်ကို အဓကောင်ကလေးမျိုလို့မို့ သေသွားလို့ရှိယင် အဲဒီ အကောင်ကလေးနေဖို့ရန် အိမ်များတောင်မှ ဆောက်ပေးကြတယ်၊ အကောင်ကလေးရှိကိုရှိနေတယ်လို့ယူဆတာနော်—၊ အဲဒီ အတ္တအကောင်လေးဟာ ဘယ်လောက်များ သတ္တိရှိသလဲဆိုသူတို့က သတ္တိတောင်မှ ကြံဖန်ထားကြတယ်၊ ဒါ သာမန်မဟုတ်ပါဘူး။

ရှေးပညာရှိတွေက ရှေးပညာရှိတွေက သာသနာပမှာ ဖြစ်နေတဲ့ ရှေးပညာရှိတွေက ဒီ အတ္တကို အင်မတန် အမှမ်းတင်နေကြတယ်၊ မရှိတဲ့ အတ္တကို အင်မတန် အမှမ်းတင်ထားကြတယ်၊ "ကာရဏောဝါ ပြုရေး။ပ။လေ၏" အတ္တ ဘယ်နေတုံးသို့ထိုင်တော့ ကြံကြဖန်ကြတာဖြစ်တော့ တယောက်နဲ့ တယောက် မတူကြပါဘူး၊ ဟဒယနှလုံးမှာ အာတ္တနေတယ်၊ ဟို စိတ်ဝိညာဉ်နဲ့ နည်းနည်းဆင်ဆင်ကလေး ဖြစ်သွားတယ်၊ တချို့က အတ္တဆိုတာက တကိုယ်လုံး ပျံ့နှံ့နေတာ၊ ခန္ဓာကိုယ်ကြီးသလောက် အတ္တကြီးဖယ်၊ ခန္ဓာကိုယ်သေးသလောက် အတ္တသေးတယ်၊ တချို့ကလဲ ဝမ်းထဲမှာ အဓကြောကြီး သုံးခုရှိတယ်၊ အဲဒီ အဓကြောကြီးများရဲ့ အလယ်မှာ အဆောင်အလင်းနဲ့ တောက်ပြီးတော့ ဒီအတ္တနေတယ်၊ ခန္ဓာကိုယ်ထဲမှာ အတ္တကို အမျိုးမျိုးကြံကြတယ်နော်။

ကာရက။ ။အတ္တဆိုတာ အကောင်ပဲ၊ အသက်ရှိတဲ့ အဓကောင်ပဲ၊ အသက်ကောင်ပဲ၊ ဝိညာဏ်ကောင်လို့လဲပြောချင်ပြော၊ ဗမာက လိပ်ပြာဓကောင်တဲ့၊ ဒီအတ္တကို ကြံဖန်ထားကြတာ၊ ဒီအတ္တဟာ ဘယ်လိုသဘောတုံးလို့ဆိုတော့ ဟုတ်တော့ မဟုတ်ဘူးနော်၊ ပြောနေကြတာက "ကာရဏောဝါ ပြုရေး။ပ။လေ၏။"

ခု ဘုန်းကြီး အသံထွက်ပြီးတော့ တရားဟောတာ တရားဟောဖို့ ဝစီကံ နှုတ်အမှုတခု ပြုစရာ ပေါ်လာတယ်၊ အဲဒီ နှုတ်မှုတခု ပြုစရာ ပေါ်လာတော့ အတ္တက ဒီလို ပြောချင်လို့၊ ဒီလို ဟောချင်လို့၊ ဒီလို အသံထွက်လာရတာ၊ ဒီတော့ ပါးစပ်၊ ဒါက အတ္တမဟုတ်ဘူး အသံ၊ ဒါက အတ္တ မဟုတ်ဘူး

အသံထွက်လာအောင် နှုတ်က အသံထွက်လာအောင် လုပ်တာကတော့ အတွင်-အကောင်က လုပ်တာ။

ဟောဒီမှာ အတွင်ငင်လာပြီ၊ ဘုန်းကြီးတို့ ဇဋ္ဌမြတ်စွာက အတွင်က လုပ်တာ မဟုတ်၊ စိတ်က လုပ်လို့ စိတ်ကြောင့် စိတ္တဇရုပ်တွေ ဖြစ်တယ်၊ အဲဒီ စိတ္တဇရုပ်တွေ ဖြစ်တဲ့နေရာမှာ "က" လို့ အသံတခုဖြစ်ဖို့ရန် စိတ်တွေ အများကြီးဖြစ်၊ ဘာပြုလို့တုံး လက်ဖျစ်တတွက်တီးမှာ စိတ်က ကုဋေတသိန်းလောက် ဖြစ်တယ်၊ မဟုတ်လား၊ ဒီတော့ "က" ဆိုတဲ့ အသံကလဲ တသံလောက်ပဲ ထွက်တယ်၊ "က" သံ ဖြစ်ဖို့ရန် စိတ်တွေအများကြီး၊ စိတ်ခတ္တက ဘယ်လိုဖြစ်သလဲဆိုတော့ စိတ်ကြောင့်ဖြစ်တဲ့ရုပ်တွေ အမြဲပါတယ် ပဋ္ဌာန်းမှာ၊ နှားမလည်လိုက်ကြလို့။

"တံသမုဋ္ဌာနာနံ၊ ထိုစိတ်ခြောက်ပါးကြောင့် ဖြစ်ကုန်သော။ တံသမုဋ္ဌာနာနံ၊ ထိုမနွေက ၊ မဂ္ဂင်ကြောင့် ဖြစ်ကုန်သော။ ရူပါနံ စ၊ ရုပ်တို့အားလည်းဓာဝင်း။" စိတ် ဖြစ်တိုင်းဖြစ်တိုင်း အဲဒီရုပ်တွေက ပါလာတာ၊ ပဋ္ဌာန်းမှာ စိတ္တဇရုပ်ဆိုတာတွေ ပါနေတာ၊ ခုနက ဘုန်းကြီးရဲ့ အသံဖြစ်ဖို့ရန် စိတ် ဖြစ်ရော၊ စိတ်ဖြစ်တဲ့ ဇာထဲမှာ ရုပ်တွေကလဲ စိတ်တခါဖြစ်တိုင်း ရုပ်ဝခု၊ စိတ်တခါဖြစ်တိုင်းရုပ်တခု၊ လက်ဖျစ်တတွက်မှာ ကုဋေတသိန်းလောက် ရုပ်ဟာ ဖြစ်နေတော့ကာ စိတ်တွေကလည်း ဖြစ်နေတော့ကာ ရုပ်တွေကလဲ ကုဋေတသိန်းလောက်ဆိုပါတော့၊ အဲဒီတော့ ဝမ်းထဲ အာခေါင်ထဲမှာ ဆိုပါတော့၊ ဒီဓာတ်တွေ ရှိတယ်၊ ကံ, စိတ်, ဥတု, အာဟာရကြောင့် ဒီဓာတ်တွေ ရှိတယ်၊ ယခု စိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ထဲမှာ ပါတဲ့ ပထဝီဓာတ်နဲ့ နဂို ခန္ဓာကိုယ်ထဲမှာ အမြဲ ဖြစ်ပျက်နေတဲ့ ရုပ်ပထဝီဓာတ်တွေနဲ့ ပွတ်တိုက်ကြတော့ အသံထွက်လာထော့။

အသံထွက်လာတဲ့ အခါမှာ တွေ့ကထာအသံမျိုးတွေ မထွက်ပဲနဲ့၊ စိတ်အလို ဘုန်းကြီးတို့ ဝိညတ်ရုပ်ဆိုတာ ရှိတယ်၊ ဝိညတ်ရုပ်က ပဲ့ကိုင်ပြီးပေးတော့ "က က က" အသံဖြစ်ဖို့ရန် အသံကလေးတွေ စီကာပတ်ကုန်း ဖြစ်လာတယ်၊ ဘယ် အတွက်မှ လုပ်လို့ဖြစ်တာမဟုတ်ပါဘူး၊ စိတ်ကပြုလို့၊ စိတ္တဇရုပ်ကြောင့် ဒီအသံထွက်ရ တာပါလို့ ဆိုတော့ ပြီးသွားထော့၊ အတွေ့ မလိုတော့ဘူး။

ရှေး ဇဋ္ဌမြတ်စွာ ပဋ္ဌာန်တော်မမူခင်တုန်းကတော့ အတွေ့က ဒီအသံဖြစ်အောင် လုပ်လို့မို့ ဒီအသံဖြစ်တယ်၊ ဒီလိုလာတယ်ကိုး၊ "ကာရကော၊ ပြုရော၊ ပြုရာ

ပေါ်ပေါက်လာလျှင် လျော်စွာတခုခုဖြင့် ပြုလည်း ပြုတတ်ပေ၏၊" မှားတာကိုပဲ အင်မတန် အမှတ်းတင်ထားကြတယ်။

ဝေဒက။ ။"ဝေဒကော၊ ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးကို အကျိုးလျော်ကန်ပေါ်လာပြန်လျှင်ခံစံလည်းခံစားတတ်ပေ၏၊" ကောင်းတာဖြစ်ဖြစ်,မကောင်းတာဖြစ်ဖြစ် အတွက ခံစားတာပါ၊ ဘာပြုလို့တုံး ဝမ်းထဲမှာ အတွကောင်ကလေးက ရှိတယ်ကိုး၊ ဆိုပါတော့ပေါ့၊ စားယင်း သောက်ယင်း တစုံတခု ကျောက်ခဲ ကိုက်လိုက်မိတယ်၊စားနေတာက အစ္စာအလို အတိုင်း အဏက်သွားနဲ့အောက်သွားနဲ့ လက်နဲ့ အတွကလိုအတိုင်း ထမင်းလုတ်ကို ယူပြီးတာ့ အတွကအလိုအတိုင်း သွင်းတာ၊ ဒါက အတွကပြုနေတာတဲ့။

ဒီနေ့တော့ ထမင်းစားလို့ ကောင်းလိုက်ဟာလို့ ခံစားတာဟာ အတွက ခံစားတာတဲ့၊ အတွက အကောင်းလဲခံစားတာ၊ အဲဒီ စားယင်း ကျောက်ခဲတို့ ဘာတို့ ကိုက်မိတယ်ဆိုယင် သွားတွေဘာတွေ ဒုက်မတန် နာသွားတယ်၊ အဲဒီ သွားနာဖြစ်တဲ့ ဒုက္ခဝေဒနာဖြစ်တာဟာ အတွကခံစားတာ အတွေပဲ၊ခံစားစရာရှိယင် အတွေပဲ၊ လူတယောက်ရှုပါရုံတွေဘာတွေမြင်လို့၊ ဟယ်....တယ်ကောင်းပါလား၊ တယ်လှပါလား၊ ဒါ အတွကက သာယာတာ၊ အရုပ်ဆိုးဆိုးကြီးမြင်လိုက်လို့ ဟာ ...မလှလိုက်တာလို့ အရုပ်ဆိုးလိုက်တာဘယ်နှယ်ညှဉ်နှယ် အားဖြင့် စိတ်ပျက်လို့၊ အဲဒါ အတွက စိတ်ပျက်တာ၊ အတွက မကျေနပ်တာ၊ အတွကက မကြိုက်တာ၊ ဝေဒကော၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးကို အကျိုးလျော်ကန် ပေါ်လာပြန်လျှင် ခံစားလည်း ခံစားတတ်လေ၏။

ဘုန်းကြီးတို့ တရားတော်ကတော့ အတွက ခံစားတာ မဟုတ်ပါဘူး ဝေဒနာက ခံစားတာ၊ စိတ်စေတသိက်ထဲမှာ ဝေဒနာဆိုတဲ့ စေတသိက် ရှိတယ်၊ ဓကောင်းတာလဲ သုခဝေဒနာဆိုတဲ့ နာမည်နဲ့ခံစားလိုက်တာ၊မကောင်းတာလဲ ဒုက္ခဝေဒနာဆိုတဲ့ နာမည်နဲ့ခံစားလိုက်တာ၊ အကောင်း မကောင်း မထင်ရှားတဲ့ အာရုံကျတော့ ဥပေက္ခာဝေဒနာနဲ့ ခံစားလိုက်တယ်။

ဘုရားပွင့်လာလို့ပါ၊ ဘုရားမပွင့်ခင်ကကော့ အင်မတန် ပညာရှိတွေက ဒီဝေဒနာ မရှိပါဘူး၊ အတွက ခံစားနေရတယ်။

သဒ်မိ။ ။ကာရကော, ဝေဒကော, သဒ်မိ။ သဒ်မိ၊ နွေဘိမ် ဆိုင်သမျှ၌ ပိုင်သအုပ်စိုး အရှင်သခင်ကြီးပေတည်း၊ ခန္ဓာအိမ်နဲ့ ဆိုင်တာက တော့ သူပဲ၊ ဒီးတွက်သူပဲ၊ အတွက အုပ်စိုးနေတာ၊ ဒီခန္ဓာတခုလုံးကို အတွက အုပ်စိုးနေတာ၊ ဘုန်းကြီးတို့ တရားတော်က ဧတ္တာမရှိဘူးဆိုတော့ မအုပ်စိုးနိုင်ဘူး၊ ဒီခန္ဓာကိုယ်ကြီးဖြစ်မယ်၊ အိုမယ်၊ နာမယ်၊ အုပ်စိုးနိုင်တဲ့ ဧတ္တာမရှိဘူး၊ အကယ်၍ အတွက်သာ ခန္ဓာကိုယ်ကို အုပ်စိုးနိုင်မယ်ဆိုယင် ဗုဒ္ဓမြတ်စွာ ပွင့်တော်မူတဲ့အခါမှာ—"ရူပံ ဘိက္ခဝေ အနတ္တာ၊ ဝေဒနာ၊ သညာ ဘိက္ခဝေ အနတ္တာ"နဲ့ အကုန်လုံး အတ္တာမဟုတ်ဘူးဖျည်း ဟောတော်မူတာပဲ။

"ရူပဉ္စ ဟိဒံ ဘိက္ခဝေ ဧတ္တာ အဘဝိဿ" ရုပ်ဟာ ဧတ္တာဆိုလို့ ရှိယင်—

"နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊"=ဒီရုပ်ကြီးမကျန်းမမာတယ်လို့ ဘယ်ဖြစ်နိုင်မလဲတဲ့၊ သူပိုင်တယ် မဟုတ်လားလေတဲ့၊ သူပိုင်လို့ ရှိယင် သူက မကျန်းမမာချင်တာမှ မဟုတ်ပဲနဲ့၊ ဒီရုပ်ကြီးဟာ သူ့ အလိုအတိုင်းမကျန်းမမာ မြစ်ဘူးတဲ့၊ ကျန်းကျန်းမာမာ ဝဝဖိုးဖိုး ဒီလိုနေမှာပေါ့၊ အတ္တာမရှိလို့ မို့ မကျန်းမာလဲဖြစ်ရတယ်၊ ပြီးတော့ ပိန်ခြောက်ခြောက်လဲ ဖြစ်ရတယ်၊ သူ့ အလိုအတိုင်း ဘာမှ မဖြစ်နိုင်ဘူး၊ ကိုယ့်အလိုအပ်ပဲလဲ ဘာမှမဖြစ်နိုင်ဘူး၊ (ထဘာဝအတိုင်းသာ)ဖြစ်ရတာပါ၊ ဘယ်လောက်မှ မပိုင်လို့ အိုနေပြီလေ၊ ပိုင်တယ်လို့ ဆိုသေး၊ ဘယ့်နယ်ကြောင့် အအိုခံရတုံး၊ ပိုင်တယ်လို့ဆိုသေး၊ ဘယ့်နယ်ကြောင့် အနာခံရတုံး၊ ဘယ့်နယ်ကြောင့် အနာရောဂါတွေ ဒုက္ခတွေ အဖြစ်ခံရတုံး၊ အတ္တာ မဟုတ်လို့ပေါ့၊ ဧတ္တာ မရှိလို့ဝပေါ့။

နိဝါသိ။ ။"နိဝါသိ၊ ဟောင်းခန္ဓာအိမ် ပျက်သည့်ချိန်ယ် ခန္ဓာအိမ်သစ် ပြောင်းကာဖြစ်၍ စနစ်မကဲ့ အငေးစ်လဲလှယ် တကဲတဲမို့ ဒီမြဲတည်သော သဘောပေတည်း၊" အဟောင်းခန္ဓာအိမ်က ခန္ဓာအိမ်ပဲ၊ အိမ်ရှင်က အတ္တာ၊ ခန္ဓာဟောင်းကြီးအိုတော့ သူ့ဟာသူ မအိုစေအောင်တော့ သူမပြောဘူး၊ ခန္ဓာအိမ်ဟောင်းကြီး အိုလို့ပျက်တော့ ခန္ဓာအိမ်ဖာသစ် ပြောင်းတယ်၊ ဒဲ့ဒါကံကြောင့် ပြောင်းတာ၊ အတ္တာက ပြုပဲ့ကံကြောင့် ခန္ဓာအိမ် အကောင်းဖူးဆိုးရတယ်၊ အတ္တာကစျာန်များတောင် ရလို့ရှိယင် ခန္ဓာက ဗြဟ္မာ့ပြည်ကို ရတယ်၊ အတ္တာက ကုသိုလ်ကောင်းမှုတွေ များများကြီး ပြုလို့ရှိယင် အတ္တာက လှလှပပ

နတ်ခန္ဓားတို့ လူ့ခန္ဓာတို့ ရတယ်၊ အတ္တက အကုသိုလ်တွေ့ မျှားနေလို့ရှိယင် ငရဲခန္ဓာအိမ်, တိရစ္ဆာန်ခန္ဓာအိမ်, ပြိတ္တာခန္ဓာအိမ် ဒီလိုရတယ်၊ အတ္တက ပြုတဲ့ကံအတိုင်းပဲ ခန္ဓာအိမ်တော့ရတယ်၊ ခန္ဓာအိမ် အဟောင်း ပျက်ချိန်ကြလို့ ရှိယင် ခန္ဓာအိမ်အသစ် ပြောင်းပြီးတော့ အတ္တက တည်နေတယ်တဲ့။ မပျက်ဘူးတဲ့။

သူတို့ဟာနဲ့သူတို့တော့ ရှင်းလိုက်တာ သေတော့ ဘယ့်နှယ်လုပ်ဆက်တုံးလို့ ဆိုတော့ အတ္တက ဆက်သွားတာတဲ့၊ အတ္တက ပြုတဲ့ကံကြောင့် ခန္ဓာအိမ် အသောင်း အဆိုး ရတယ်၊ ကိုယ့်ခန္ဓာအိမ် ဆက်တာတော့ အတ္တက ဆက်သွားဟာရှင်းလို့၊ရှင်းအောင်လဲ ရှေးပညာရှိတွေ့ လုပ်သွားကြတယ်၊ တော်ပါပေတယ်၊ တော်ပါပေတယ်။

နောက်ဘဝ ဘယ်လိုပြောင်းတုံး

ဘုန်းကြီးတို့ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူတဲ့ အခါကျခတော့ အတ္တမရှိဘူး၊ ဒါဖြင့် ခန္ဓာတခု ဘယ်လိုလုပ် ရတုံး၊ ဒါ ကံကြောင့် ရတယ်လေ၊ ဘယ်လိုလုပ် ပြောင်းကုံး၊ ရုပ်နာမ်တွေက ဖြစ်ပျက်ဖြစ်ပျက်နေတာပဲ၊ ဒီဘဝကသေတော့ ဟိုဘဝကို ဘယ့်နှယ်လုပ်ပြီးတော့ပြောင်းတုံး ဒီပြဿနာ သိပ်ရှုပ်သွားတယ်။ ဘုန်းကြီးတို့ သာသနာတော်မှာရော တော်တော်နဲ့ မရှင်းဘူး၊ ပြောခဲ့ပြီး မဟုတ်လား၊ ခန္ဓာရဲ့ ရုပ်နာမ်အစဉ်မှာ ကံရဲ့သတ္တိတွေ့ ပါနေတယ်၊ သေခါနီးကျတော့ ကံအာရုံဖြစ်ဖြစ်, ကံပြုတုံးက တွေ့ခဲ့ရတဲ့ အာရုံတွေ့ဖြင်ဖြစ်, နောက်ဆုံးကံမဲ့ဘဝက အာရုံတွေ့ဖြစ်ဖြစ် ထင်လာပါတယ်။

အဲဒီ ထင်လာတဲ့အာရုံကို စွဲပြီးတော့ ခုဘဝမှာ ပြုတဲ့ကံကဖြစ်စေ, ရှေးတုန်းက ပြုတဲ့ကံကဖြစ်စေ အကျိုးဓပေးလို့မို့ ရုပ်နာမ်သစ်, ဘဝသစ်မှာ ရုပါတယ်၊ အဲဒီနည်းနဲ့ ကံကြောင့်ပဲ ပြောင်းရုပါတယ်လို့ ပြောတယ်၊ ဒါဖြင့် ဟို ဆိုးဝါးတဲ့ဘဝကြီး ဘာကြောင့် ပြောင်းနိုင်တုံး ဆိုတော့ အဝိဇ္ဇာက ဖုံးထားတယ်၊ တကယ်ကလေ အဟောင်းခန္ဓာ အကုန်လုံး စွန့်ရတော့မယ်ဆိုယင် ညှတ်နေဘာပဲ၊ ဒီတော့ကာ မကောင်းအာရုံကြီး ထင်လာပေမယ်လို့ ဆွဲစရာ ဖမ်းစရာ မရှိဘော့ ရေနစ်နေရာက ဓပါလာတော့ မိုးမျှောင်းကြီး ပေမယ့် ဆွဲသလိုပဲ၊ ဆွဲစရာအာရုံ တခုခု ရလို့ဋ္ဌယင် ဆွဲတာပဲ၊ ငရဲအာရုံ ပေါ်လာလဲ ဆွဲတာပဲ၊ ငရဲကို ရောက်သွားတာပဲ။

ဒါကြောင့် ဒီဘဝက သေလို့ ဟိုဘဝကို အတွင်ပြောင်းတာ မဟုတ်ဘူး၊ ကံကြောင့် ကံရဲ့အကျိုးပေးဖြစ်တဲ့ ရုပ်သစ်နာမ်သစ်ရတာပဲလို့ ဘုန်းကြီးတို့က ရှင်းလိုက်ပြန်ရော။

သယံဝသီ။ ။"သယံဝသီ၊ ခန္ဓာအိမ်ဟာ အစုစုဌ် တခုမကျန် စီမံခဲ့ဝေ၊ မိမိနှစ်ခြိုက် စနစ်ကိုက်အောင် လိုက်ပါစေနိုင်တဲ့ သဘော ပေတည်း"။

ခန္ဓာအိမ်မှာ သူ့အလိုလိုက်ရတယ်၊ ဒီအိမ်ကို ပိုင်တယ်ဆိုယင် ဒီလူ့ အလို အတိုင်း ဒီအိမ်ဟာ လိုက်ရတယ်၊ ဖြစ်ချင်တာဖြစ်ရမယ်၊ သူပြုပြင်ချင် ပြုပြင်မယ်၊ သူဖျက်ချင်ဖျက်မယ်၊ ဒီအိမ်ကိုရောင်းချင်ရောင်းမယ်၊ အဲဒီလိုပဲ၊ ဒီခန္ဓာအိမ်ကို အတွင်က ပိုင်နေတာ ဖြစ်တော့ဘယ်၊ ဒ်လို ခန္ဓာအိမ်ကို အကုန်လုံး ဘယ်သွားလိုက်၊ အတွင်ကခိုင်းတာ။

ဟို....စေ့း သွားစရာရှိတယ်၊ အတွင်က စေ့းသွားစရာရှိဘယ်လို့ ပြောတာ၊ အဲ .. သွားလိုက် သွားလိုက်၊ ဒီရုပ်ခန္ဓာကြီးက စေ့းကို ဆောင်သွားတယ်၊ အတွင်အလိုအတိုင်း ထမင်းဆာတယ်၊ ဘယ်သူ ဆာလဲ၊ အတွင် ဆာတယ်၊ ထမင်းစား ထမင်းစား၊ ပြီးဘော့ ကျွန်လက်တွေ့ အကုန်လုံး လှုပ်ရှားပြီးတော့ ပါးစပ်တွေ့, သွားတွေ့ကြိတ်ခဲပြီးတော့နေရတာ၊ အတွင်အလိုအတိုင်း၊ တယောက် တယောက် မြင်လို့ချစ်ကြတယ်၊ အတွင်က ခွစ်တာ၊ ကြိုက်ကြတယ်၊ အတွင်က ကြိုက်တာ၊ ခံစားကြတယ်၊ အတွင်က ခံစားတာ၊ သူတို့က ဒ်လိုအယူရှိတယ်။

မြတ်ဗုဒ္ဓဝါဒက ဒီလိုမဟုတ်ဘူး၊ ရုပ်နာမ်, ရုပ်နာမ်, ရုပ်နာမ်၊ စိဝ်ခကြောင့် ဖြစ်တဲ့စိတ်ဇရုပ်တွေဖြစ်လို့မို့ မြင်ဘူးလား၊ ဟောတုပစ္စည်းတုန်းကလဲပဲ ဒီလောဘ ဟိတ်နဲ့အာရုံ တခုခုစိုက်နေလို့ရှိယင် အာရုံတခုခုကိုချစ်ကြည်နှဲ့ ကြည်နေလို့ ရှိယင် စိတ်ဇရုပ်တွေကလဲပဲ ဒီအဟိုင်းလိုက်ပြီးတော့ ဒီအာရုံမှာ ရောက်နေပါတယ်၊ ဒီအာရုံနဲ့ဆိုင်နေပါတယ်၊ မုန်းလို့ရှိယင်လဲပဲ ဒေါသကြောင့် မုန်းလို့ ရှိယင်လဲပဲ ယှဉ်ဘော်ယှဉ်ဘက် စိတ်တွေကလဲ ဒီအာရုံမှာ ရောက်နေပါတယ်။

စိတ်ဇရုပ်က ကြည်နှဲတဲ့အနေမျိုး ရောက်တော့လဲပဲ မုန်းကြည့်ကြည့်တာပဲ၊ ဘုန်းကြီးတို့က အတွင်မဟုတ်ဘူး၊ ရှေစိတ်, နောက်စိတ်, ရုပ်တရားတွေချည်းပဲ

နားလည်လောက်ပြီနော်၊ အတ္တကိုဇီဝအတ္တလို့ခေါ်တယ်၊ အသက်ကိုဇီဝလို့ခေါ်တယ်၊ တချို့က လိပ်ပြာလို့ ခေါ်တယ်၊ ဝိညာဉ်ကောင်လို့ခေါ်တယ်၊ အဲဒီ အတ္တမရှိဘူးလို့ ပဒ္ဓမြတ်စွာက အကုန်လုံး ရှင်းပြီးတော့ ဟောတော်မူပါတယ်၊ အတ္တဝါဒ သမားတွေကတော့-

"သဗ္ဗေ၊ အလုံးစုံသော ဆတ္တဝါသည်။ ယဿ၊ အကြင်သတ္တဝါဆိုတဲ့ အကောင်အထည်၏။ ဝသေနေဝ၊ အစ္စမ်းသတ္တိကြောင့်သာလျှင်။ ဟေဒံတိ၊ ထို့ကြောင့်မှ ကိုယ်စီပြု၍ ယခုအနေ ဖြစ်၍နေ၏။ ဣတိ ပရိကပ္ပေကော၊ ဤကဲ့သို့ပင်ပုထုဇဉ်တို့ကို အစဉ်မပြားအထင်မှားကြံဆအပ်သော။ သော အတ္တာ၊ အသက်ကောင် လိပ်ပြာကောင်ဟု ဆိုရတဲ့ထို အတ္တာသည်။ ကာရကော၊ ပြုရေးပြုရာ ပေါ်ပေါက်လာလျှင် လျော်စွာတခုခုဖြင့် ပြုလည်းပြုတတ်ပေ၏။ ဒေဝကော၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးကို အကျိုးလျော်ကန် ပေါ်လာပြန်လျှင် ခံစံလည်း ခံစံတတ်ပေ၏။ သာမိ၊ ခန္ဓာအိမ်ဆိုင်သမျှ၌ ပိုင်သအုပ်စီး အရှင်သခင်ကြီးပေတည်း။ နိဝါသိ၊ ဟောင်းခန္ဓာအိမ် ပျက်သည့် ချိန်ဝယ် ခန္ဓာအိမ်အသစ်လဲ၍ ဆင်းမြဲ တည်နေနိုင်ပေ၏။ သယံဝသီ၊ ခန္ဓာအိမ်မှ အစုစု၌ တခုမကျန် စိမ်ခဲ့ဝေ မိမိအလိုသို့ လိုက်ပါစေနိုင်တဲ့ သဘောပေတည်း"

လို့ ပြောသားကြတယ်၊ အဲဒီ ပုဂ္ဂိုလ်ကြီးဟာ သာမန်ပုဂ္ဂိုလ်တွေ မဟုတ်ဖူးနော်၊ ဘုန်းကြီးတို့ကျမ်းစာကလဲ ရှိတယ်၊ တကယ့်ကို ပညာရှိရုံတင် မကဘူး၊ တချို့ကစျာန်အဘိညာဉ်များတောင်ရကယ်၊ ဒီ စျာန်အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေက လက်ကမ်းပြီးလာလို့ အတ္တရှိတယ်, အတ္တရှိတယ်၊ လက်ကမ်းပြီးလာခဲ့လို့ ထာဝရဘုရားရှိတယ်၊ ဖန်ဆင်းတဲ့သူရှိတယ်၊ အဲဒီလိုဖြစ်လာခဲ့တာ၊ အင်မတန်မှ ဘုရားကို ကျေးဇူးတင်စရာ ကောင်းတယ်၊ ဘုရားပဲ့ဝ်လာတော့မှ မရှိတာကို မရှိလို့ သိကြတယ်၊ ရှိတာကို ရှိလို့ သိကြတယ်။

သိလို့မို့ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်အဆက်ဆက်နဲ့ ရဟန်းတော်တွေ ဘုရားလက်ထက်က ဘိက္ခုတွေကလဲ ဘိက္ခုတွေကိုဟောလို့ အင်မတန်အမြင်ကျယ်တဲ့ ဘိက္ခုတွေကလဲ ဘိက္ခုနီတွေကို ဟောလို့၊ ဘိက္ခုနီတွေကလဲ ဘိက္ခုနီတွေ ဟောလို့။

တရားလိုချင်ယင် ပြုပြင်ပါ။ ။ဒီတော့ကို အဲဒီ ဘိက္ခုနဲ့ ဘိက္ခုနီတို့မှာတော့ အနိစ္စ, ဒုက္ခ, အနတ္တသိပ်ရှင်းကြတယ်၊ သိပ်ကြိုးစားတဲ့အခါကျတော့ တရားတွေပေါက်လို့ မဂ်ဆောက်ဖိုလ်ဆောက် ဆောက်ကြတယ်၊သူတို့မတော့ကဗျား သီလအခြေခံက ဆင်မတန်ကောင်းတယ်၊ ဘုန်းကြီးတို့လူစု ဘုန်းကြီးတို့ရဟန်းသံဃာတော်မျှားမှာတော့ သူတို့လောက် သီလအခြေခံမကောင်းပါဘူး၊ ဘာဖြစ်လို့တုံး၊ ဒီလူတွေက ငါးပါးသီလတောင် ပေါ့ပေါ့ကလေး၊ တရားတော်က အဲဒီလောက်တင် ဘယ်ကမလဲ၊ ငါးပါးသီလအပြင် ဣန္ဒြေကိုလဲ စောင့်စည်းပါတဲ့။

မျက်စိနဲ့မြင်လို့ရှိယင် ဧလောဘမဖြစ်အောင် ဒေါသမဖြစ်အောင် စောင့်စည်းပါ၊ သောတ, ဃာန, ဇိဝှာ, ကာယနဲ့ ဆိုင်ရာ အာရုံတွေနဲ့ ငတ္ထကြလို့ ဆိုယင်လဲ ဧလောဘ ဒေါသမဖြစ်အောင် စောင့်စည်းပါ၊ လောဘ ဒေါသ မတိုးပွားအောင် ထိန်းပါ၊ အဓိဋ္ဌာန်ပြုပါ၊ ဒီလိုလုပ်ရပါတယ်။

ဒါကြောင့် ဘုန်းကြီးက သာယာအောင် မလုပ်ကြပါနဲ့၊ ဘာဖြစ်တုံး၊ လောဘဖြစ်နေပြီ၊ လောဘ ဖြစ်နေလို့ရှိယင် တရားနဲ့ အင်မတန်မှအလှမ်းဝေးနေပါပြီ။

ဒါကြောင့်မို့လို့ ကျွန်းမာရေးလောက်နဲ့ သန့်ရှင်းရုံကလေးလောက်သာ စားကြ သောက်ကြ ဝတ်ကြစမ်းပါ၊ အဲ....အင်မတန်ကြီး အာမ္ဘမ်းတင်ပြီးတော့ မပြင်လိုက်ကြပါနဲ့၊ တရားလိုချင်ယင်ပေါ့လေ၊ သူတော်ကောင်း ဖြစ်ချင်ယင် ပေါ့ခလ၊ အဲဒီလို ဘုန်းကြီးကပြောနေတာ၊ ဘုန်းကြီးက စိတ်ကူးနဲ့ ပြောနေတာ မဟုတ်ဘူး၊ တရားက ပီသလွန်းလို့ ပြောနေတာ။

ဟိုတုန်းက ဘိက္ခုတွေ ဘိက္ခုနီတွေ သီလသိပ်လုံတာ၊ သူတော်ကောင်းဆိုလို့ရှိယင် သီလသိပ်လုံတာ၊ ခု သူတော်ကောင်းလို့ အခေါ်ခံတယ်၊အာပတ်အသင့်ခံတယ်၊ အဲဒီ အာပတ်အသင့်ခံတဲ့ ပုဂ္ဂိုလ်တွေကိုပင် အမျှားစုလူတွေက ဘယ်လို ထင်ထားကြတုံး၊ ရဟန္တာလို့ ထင်ထားကြတယ်၊ ဝေးပါတယ် ဝေးပါတယ်၊ အဝေးကြီး၊ အဓဝေးကြီး၊ အဝေးကြီး၊ ကြည့်သိုကြတာကို။

ဒီတော့ဟာ ဘုန်းကြီးတို့က ခုလူတွေ ဒကာဒကာမတွေ ငါးပါးသီလလုံကြစမ်းပါ၊ အသက်မွေးဝမ်းကျောင်းနဲ့ စပ်တဲ့ သီလကိုစင်ကြယ်အောင် ဆောင်းကြ ဝယ်ကြစမ်းပါ၊ ပြောနေတယ်၊ ဘာပြုလို့တုံး၊ အထက်ဘက်ဖိုက

သူမပါယင်မပြီးလို့ပါ၊ အခက်ဆုံးပါ အဲခက်ဆုံးပါ အခက်ဆုံးပါ၊ ဣန္ဒြိယသံဝရသီလကျကော့ စိတ်ပါ ထိန်းရပါတယ်၊ အဲ....သိပ်ခက်ပါတယ်၊သိပ်ခက်လို့ စိတ်ပါ မထိန်းနိုင်လို့ရှိယင် တရားမရပါဘူး။

ဒါကြောင့်မို့လို့ မနေ့တုန်းကလေ ဣန္ဒြိယသံဝရသီလကိုထိန်းလို့၊သီလတွေလဲ စင်ကြယ်လို့၊ဒီရုပ်နာမ်ပဲလို့၊ ခဲလိုက်ယင်ပဲ စူဠဇောတာပန်ဖြစ်ပြီးလို့ မနေ့က ပြောခဲ့ပြီ မဟုတ်လား၊ ဟော သီလစင်ကြယ်နေယင် ဘယ်မှာအပါယ်ကျပါ့မလဲ၊ ယုံမှားသံသယမရှိဘူး၊ ရုပ်ပဲ နာမ်ပဲရှိတယ်၊ အနိစ္စ, ဒုက္ခ,အနတ္တ ချည်းပဲ၊ အတ္တမရှိပါဘူး၊ အဲဒီတော့ စူဠဇောတာပန်ဖြစ်တာပေါ့၊ အပါယ် ဘယ်ကျတော့မလဲ။

ယခု လူတွေရော, ဘုန်းကြီးတွေရော ခက်နေတာက ဣန္ဒြိယသံဝရသီလပဲ၊ ခက်တယ်၊ ဒီ ဂိုးရိုးသီလလဲ ဘုန်းကြီးတွေမှာ ခက်တာပဲ၊ အဲဒါကြောင့် ဒီတရားတွေသိရက်နဲ့ တရားမပေါက်ပဲနဲ့ သူ့မဟုတ် စိတ်မရှင်းပဲနဲ့ ဒီလိုသေသွားကြရတယ် နားလည်စေချင်တယ်ဓနာ်။

ရှေးက ဘုရားလက်သက်က ဘိက္ခုနီတွေဟာ တရားရကြတယ်ဆိုတာဟာ ဘုရားလက်ထက် တရားဟောတဲ့ ပုဂ္ဂိုလ်တွေက အင်မတန်သေချာတယ်၊လက်နဲ့ကိုင်ယူပြသလိုသေချာတယ်၊အနိစ္စ ဒုက္ခ အနတ္တတွေပီပီသသကိုပြောလို့ရတယ်၊ အနတ္တကောင် အတ္တမဟုတ်ဘူးလို့ ပြောရယင် ဒီပြင်ဟာတွေဆိုယင်မပြောနဲ့တော့ သိပ်ရှင်းတာပဲ၊ အဲဒီအခါမှာ သူတို့က သီလစင်စင်ကြယ်ကြယ်နဲ့တကယ်လဲ မဂ်ဖိုလ်ကိုလိုချင်ဘယ်ဆိုလို့ရှိယင် ရကိုရပါဘယ်၊ဟောပြီးယင်ကိုရပါတယ်၊ ဒါနဲ့စပ်ပြီးတော့ ဘုန်းကြီး ''နန္ဒကောဝါဒသုတ်''ကို ဘုန်းကြီးနည်းနည်းပြောမယ်လေ။

နန္ဒကောဝါဒသုတ်တော်[၁]

ဒီသုတ်က ကြည်ညိုစရာလဲ ကောင်းတယ်၊ စဉ်းစားစရာလဲ ကောင်းတယ်၊ တခါတုန်းက မဟာဗုဇ္ဈပတိဂေါတမီ ဆိုတဲ့ မိထွေးတော်ဂေါတမီက သူတို့

၁။ ဥပရိပဏ္ဏာသပါဠိတော်၊ နှာ-၃၁၄-၃၂၄။

သာကီဝင်မင်းသမီးငါးရာ ဘိက္ခုနီလုပ်လာတော့ ဒီသာကီဝင်မင်းသမီးငါးရာကခေနုပြီး ဘိက္ခုနီလုပ်လာတဲ့အခါမှာ တရားဟောဖို့ လိုနေပြီ၊ မြတ်စွာဘုရားထရားဟောတော်မူပါလို့ လျှောက်တယ်၊ မြတ်စွာဘုရားကကောင်းပြီ ဘိက္ခုနီမများကို တလွည့်စီ သြဝါဒပေးရမယ်လို့၊ သြဝါဒ ပေးဖို့မှန်တဲ့ပညာကလဲရှိ၊ အဿက်ကလဲ (၄၀)ကျော်၊ ကာမဂုဏ်တွေ ဘာတွေ ထိန်းနိုင် သိမ်းနိုင်၊ တချို့ပုဂ္ဂိုလ်တွေ ရဟန္တာတွေ၊အဲဒီလိုပုဂ္ဂိုလ်တွေကို ဘိက္ခုနီ သြဝါဒ ပေးရမယ်လို့ အမိန့်တော်ရှိတယ်။

ဗုဒ္ဓမြတ်စွာက အရှည်ကြီး မြင်တော်မူလိုက်တာ မပြောနဲ့တော့၊ ဇာမိန့်ဘော်ရှိတော့ ရဟန်းတော်တွေ အစဉ်အတိုင်း ဟိုတပါးအလှည့် ဟိုနေ့၊ဒီတပါးအလှည့်ဒီနေ့၊ ဒီလိုပဲ သြဝါဒပေးကြရတယ်၊ ဒီဘိက္ခုနီငါးရာကို "ရှင်နန္ဒက" က သူ့ အလှည့် ရောက်ပြီဆိုယင် တပည့်တော် ကိစ္စလေ ရှိလို့၊ ကိစ္စဆိုတာ သူ့ကိစ္စဆိုတာ ကိုယ့်ဟာကို လုပ်လဲပဲ ဖြစ်တာပဲ၊ ဘယ်ကိစ္စလေးရှိနေလို့၊ ဒီရှင်ဘုရား တပည့်တော်ကိုယ်စား သွားပေးလိုက်စမ်းပါဘုရား။

သွားကြွရော၊ ဒီလိုနဲ့ပဲ နည်းနည်းကလေး နှောင်းလာခဲ့တယ်၊ ဗိဇေတာ့ဗုဒ္ဓမြတ်စွာက ဇရှင်အာနန္ဒာကို "အာနန္ဒာ ဘိက္ခုနီများကို သြဝါဒပေးကြတယ်မဟုတ်လား၊ ဒီနေ့ ဘယ်သူ့ အလှည့်တုံး"၊ ဗုဒ္ဓမြတ်စွာ သိတော်မူလဲပဲ စကားလက်စရဒအောင် မေးတော်မူရပါတယ်လေ၊ "ဒီကနေ့ ရှင်နန္ဒက ရဲ့ အလှည့်ပါဘုရား၊ ရှင်နန္ဒက က သူ့ အလှည့်ကျယင် သူက မပေးဘူး၊သူများ ချည်းကိုယ်စားလွှတ်ပြီးတော့ ပေးခိုင်းပါတယ်ဘုရား"။

မြတ်စွာဘုရားက မြင်ဓာတ်မူတယ်ကို၊ ဒီရှင်နန္ဒက မပေးတာကလဲ ဘိက္ခုနီငါးရာက အလွန်မ်ကြာသေးတဲ့ ရှေးဘဝအခါတုန်းက သူ ရှင်ဘုရင်ဖြစ်တဲ့ဘဝမှာ သူ့ရဲ့ မောင်းမမိသိုးဖြစ်ခဲ့ဖူးတယ်၊ ဒီဖြစ်ပုံက ရှင်နန္ဒက—ကလဲရဟန္တာဖြစ်ပြီးသား၊ ရဟန္တာဖြစ်ပြီး သူကလဲ စျာန်အဘိညာဉ်တွေ ဘာတွေရ၊ ရှေးဟောင်းနှောင်းဖြစ်တွေသိ၊ သူက ဘိက္ခုနီမတွေနဲ့ရင်းရင်းနှီးနှီးတရားစကားပြောပြီး၊ သြဝါဒပေးနေလို့ရှိယင် သူလိုအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်ကတော့က လှမ်းကြည့်ပြီးတော့ "ဦးနန္ဒကကြီး သူ့ညစ်ဘွားတွေနဲ့ ကနေစတောင် ထောထောနှောနှောနေတုန်းပဲ"လို့ ငါ့အပေါ်ကို ပြောစရာကြီးဖြစ်နေလိမ့်မယ်။

ဟိုတုန်းက သူ့ မောင်းမမိသံ ခြင်္ဂရုံတွေ၊ ခုလဲ သူ ထောထောနှောနှောနဲ့ နေပြီး သြဝါဒ ပေးနေတာယ်လို့ ငါ့ကို ပြောစရာ ဖြစ်နေလိမ့်မယ်၊ ဒါပေမယ့် ရှက်တာတော့ မဟုတ်ဘူး၊ ရှောင်တာနော်၊ ရှက်ဘယ်လို့တော့ မဟုတ်ဘူး ထင်တယ်၊ ဘာဖြစ်လို့တုံး၊ ရဟန္တာမပြောနဲ့၊ ဘုန်းကြီးတောင် မရှက်တတ်တာ ခဏ်မနတယ်၊ ခဏ်နေတာယ်၊ အဲဒီတော့ ဒီရဟန္တာ ရှက်မှာ မဟုတ်ဘူး၊ ရှက်ဆိုတာလေ၊ ဟို "ဟီရိ" တို့ "သြတ္တပ္ပ" တို့ ဆိုတာက ဇာကုသိုလ်မှာ ရှက်ရတာ၊ အကုသိုလ်ဖြစ်မဲ့နေရာသာ ရှက်ရတာ၊ ဗမာလူမျိုးက အကုသိုလ် မဟုတ်တဲ့နေရာမှာ ရှက်နေတာ အလဲ့ ရှက်နေတာ၊ ဘုန်းကြီးက အကုသိုလ် မဟုတ်တဲ့နေရာမှာ မရှက်ပေါင်၊ အကုသိုလ် နဲနဲပါးပါး ဖြစ်တာတောင် အို....ဒီ အကုသိုလ်မျိုး လူတိုင်းဖြစ်နေတာ့။

အဲဒါကြောင့် ဘုန်းကြီးနဲ့ လူဘွေနဲ့ဆော၊ ဘုန်းကြီးတွေနဲ့ရော တခါ တခါ ကလန်ကြီးကိုဖြစ်လို့၊ မရှက်ပေါင်၊ ဘုန်းကြီးက လောကကြီး ဘယ်လိုဆိုတာ သိသားပဲ၊ အဲဒီတော့ ရှင်နန္ဒက-က မရှက်ဇပါင်၊ ဒါ အကုသိုလ်မှမဟုတ်ပဲနဲ့၊ သူက ဗီဘိက္ခုနီမတွေကို သာယာတာမှ မဟုတ်ပဲနဲ့၊ သူက ရဟန္တာ ဖြစ်ပြီးပြီး၊ မရှက်ပေါင်၊ ဒါပေမယ့်ပြောစရာဖြစ်နေမယ်၊ အဲသူ....သူ့ မောင်းမတွေနဲ့ ခုထိ ဇတာင် မခွဲဇသေးဘူးလို့ ပြောစရာ ဖြစ်ဇနေမယ်။

ဒါကြောင့် မရှက်ဇပေမဲ့ မသွားဘူး ရှင်နန္ဒက-က၊ ဒါနဲ့ ဗုဒ္ဓမြတ်စွာက ဘိက္ခုနီမများ သြဝါဒပေးတဲ့ ရဟန်းတွေဟာ ကိုယ်စား မထည့်ရဘူး ကိုယ်တိုင် သွားရမယ်လို့ ဗုဒ္ဓမြတ်စွာက ပညတ်တော်မူပါဇော၊ အခက်တော့ ကြုံသွားပြီ၊ ဒါနဲ့ ရှင်နန္ဒက အလှည့်ကျဇတော့ ကြွရဇော၊ ဘိက္ခုနီမတွေကလေ ရှင်နန္ဒက ကြွလာတယ်ဆို ရှင်လို့... ရှင်လို့၊ ဓာတ်က ဓာတ်က ဓာတ်က၊ ဒီပြင် ဘုန်းကြီးတွေ လာတုန်းက သိပ်အရေးမကြီးပါဘူး၊ သူတို့ ဝတ္တရားအတိုင်း လာပြီးတော့ ဝတ္တရားအတိုင်း တရားနာ ပြီးကြတာပဲ။

ရှင်နန္ဒက ကြွလာတယ်ဆိုတော့၊ ရှင်လို့၊ တကတဲ့ ခြေဆေးဖို့ရော ရေခပ်တဲ့ သူက ခပ်လို့၊ အဲ....ခြေဆေးဖို့နေရာ ထလုပ်တဲ့သူက လုပ်လို့၊ ရှင်လို့၊ ပျော်လို့၊ ဘိက္ခုနီမတွေ၊ ဒါ ဓာတ်တွေ ဓာတ်ဇတွေ သိလွန်းလို့၊ ဒါကြောင့် ဘုန်းကြီးက မရှက်တာ၊ ဓာတ်တွေဟာ တော်တော်ဆန်းတယ်။

ဖောတ်ဆန်းကြယ်ပုံး ။နေအုံး ဓာတ်ဆန်းတာကို ပြောအုံးမယ်။ ထနေထ တုန်းကလေ၊ ရှင်မေဃိယဆိုတာ ဗုဒ္ဓမြတ်စွာရဲ့ သပိတ် များယူပြီး ဗုဒ္ဓမြတ်စွာရဲ့ နောက်က လိုက်လာတာ၊ ခရီးသွားယစ် နောက်က လိုက်လာတော့ တနေထဆောက်တော့ ဥယျာဉ်ကြီး ကောင်းလိုက်တာ၊ သူက ကြည့်ပြီးတော့ "ဟာ— မြတ်စွာဘုရား တပည့်တော် ဒီမှာ တရားအားထုတ် နေခဲ့ပရစေဘုရား မြတ်စွာဘုရား သပိတ်တော် မြတ်စွာဘုရား ယူတော်မူပါ ဘုရား" ခက်တာက ဘုရားကိုတောင်မှ သိလား၊ မေဃိယ ငါက တပါးထဲ၊ ငါတပါးထဲရယ်။

"အာ....မြတ်စွာဘုရားက တရားပေါက်ပြီးသားပါဘုရား၊ တပည့်တော်က တရားမပေါက်သေးဘူး၊ အားထုတ်ပါရစေ၊" ငါတပါးရယ်ဆိုတာလဲ မလျော့ ဘူး၊ သိလား၊ "ကဲ....ယူခဲ့... ယူခဲ့ ဆိုပြီးတော့ မြတ်စွာဘုရား သပိတ်တော် ယူပြီးတော့ ကြွသွားတယ်၊ မေဃိယ ဦးမေဃိယ အဲဒီထဲဝင်ပြီးတော့၊ သူက တရားအားထုတ်မယ်လို့၊ ထိုင်လိုက်တာ၊ ထိုင်လိုက်တော့ တရားထင်မလာဘူး၊ ရှင်ဘုရင်စိတ် ပေါက်လာတယ်၊ ထိုင်တာတော့ တကယ် တရားထိုင်တာပါ၊ တကယ် လိုလိုချင်ချင် တရားထိုင်တာ။

ရှင်ဘုရင်စိတ်ပေါက်ပြီးတော့ မောင်းမမိသံဓတ္တနဲ့၊ အာခြွေအရုံတွေနဲ့၊သူက စည်းစိမ်နဲ့ခံစားမယ်ဆိုတဲ့စိတ်တွေ ထွက်ထွက်လာတယ်၊ ဘာလဲ ငါဘာဖြစ် တာလဲ၊ ခုဟာ ငါ တရားထိုင်တာ၊ ထပ်ထိုင်တယ်၊ မရဘူး။

သူက ရှင်ဘုရင်ပဲ ဖြစ်နေတယ်၊ ဓာတ် - ဓာတ်၊ မဖြစ်ဘူး၊ ငါဖြစ်နေထ နေလို့တော့မဖြစ်ဘူး၊ အကုသိုလ်ဓာတ်ဖြစ်ဖော့မှာပဲ၊ ရှင်ဘုရင်ဖြစ်ပြီး သာယာ နေထာကိုး၊ ဓမောင်းမမိသံ အခြွေအရုံတွေနဲ့ စည်းစိမ်နဲ့ နေတာကို၊ ဒါနဲ့ မဖြစ် ချေဘူး၊ မဖြစ်ချေဘူးဆိုပြီးတော့ တရားထိုင်ထက ထပြီး ဘုရားဆီလိုက်သွား ထယ်၊ မြတ်စွာဘုရားက ဒီလိုဖြစ်လိမ့်မယ်ဆိုတာ သိတယ်၊ ဒီလိုဖြစ်ယင်ငါဘုရား တံပါးထဲရယ်လို့ ငဲ့ပြီးတော့ သူပြန်လာလိမ့်မယ်၊ နို့မို့လို့ရှိယင် သူရှက်ကိုး ရှက်ကမ်း ဖြစ်ပြီးတော့ ငါဘုရားနောက် လိုက်လာမှာ မဟုတ်ဘူး၊ အဲဒီလို မြင်တော်မူလို့ "ငါဘုရားတပါးထဲရယ်" လို့ မြတ်စွာဘုရားက သနားစဖွယ် အမိန့်တော်ရှိခဲ့တယ်။

လိုက်သွားတော့ "အဆင် ဘာလို လိုက်လာတာလဲ" လို့ဘုရားကမေးတော့၊ "တပည့်တော် တရားထိုင်တာ တရားမရဘူး၊ ရှင်ဘုရင်ချည်းဖြစ်နေတယ်၊ ဟိုတောထဲမှာ"၊ အင်း....မြတ်စွာဘုရားက သိတယ်၊ ဒီနေရာမှာ သူ ထိုးနှန်းစုံဖူးတယ်၊ ခေတ်က ဓာတ်က၊ ဘယ်လောက်ကြာနေမှန်း မသိဘူး၊ အဲဒီဓာတ်သူ့မှာ ရှင်ဘုရင်စိတ်ပေါက်လာတယ်၁၊ ဒါကြောင့် လောကကြီးမှာ ဓာတ်တွေ သိပ်ပြီးဆန်းကြယ်တာပဲ။

ဒါကြောင့် ဘုန်းကြီးက သံဃာတော်တွေ မခေါ်နဲ့၊ သူတို့ နေချင်မှ၊ ကောင်းကောင်းနေချင်မှလာ၊ ဓာတ်ကို ဘုန်းကြီးကသိတယ်လေ၊ အင်မတန် နေချင်တဲ့ ခေတ်ရှိလာလို့ရှိယင် ဒီသံဃာတော်တွေ လာလိမ့်မယ်၊ ကောင်းကောင်းနေ၊ ပြောမယ် ဆုံးမမယ်၊ ဒီလိုခေတ်ခံမရှိတဲ့သူတွေ့ မလာနဲ့ မလာနဲ့ အတူတူပါပဲ၊ ဒကာ ဒကာမတွေကလဲဗီလိုပဲ၊ အင်မတန်ရင်းရင်းနှီးနှီးကြည်ညိုတဲ့၊ သူတော့လဲရှိ၊ ဓာတ်ခံနဲ့လာတယ်လာ ဆုံးမမယ်၊ ဘုန်းကြီးတို့ကတော့ သိတာက အဲဒီလို သိနေတာကိုး။

ဒါနဲ့ ခုနက ရှင်နန္ဒက-က ထောက်လာတော့ ဘိက္ခုနီမတွေ့ ရှင်နေတာက ရှေးတုန်းကတည်းက ပျော်ပျော်ပါးပါးနဲ့နေပြီးတော့ မောင်းမမိဿံ အခြေအရံအဖြစ်နဲ့ခနလာတာဖြစ်တော့ အဲဒီဓာတ်ပါလာတယ်၊ ဒီဘဝမဟုတ်ပါဘူး၊ ဒီဘဝမှာ သူတို့ယောကျ်ားတွေနဲ့ သူတို့နဲ့၊ သူတို့ယောကျ်ားတွေက ရဟန်းပြုတော့ သူတို့လဲ ဘိက္ခုနီလုပ်ကြတာပါ၊ ဒီ ရှင်နန္ဒကနဲ့ မဆိုင်ပါဘူး။

ရှင်နန္ဒက ကြွလာတယ်ဆိုယင် ရှေးဓာတ်အားလျော့စွာ ပျော်ကြရှင်ကြအားလုံး အားလုံး၊ ရှင်နန္ဒက ကလဲ တရားဟောကောင်းလိုက်တာ၊ မပြောနဲ့တော့၊ ရှင်နန္ဒက တရားနာရတော့မယ် ဆိုယင်ပဲ ဝမ်းသာလို့၊ ကြွလာပြီးတော့ အားလုံး ခြေဆေးပြီးထိုင်ကြ၊ ကန်တော့ပြီးတော့ ရှင်နန္ဒက မိန့်တော်မူတဲ့ စကားဟာ ကောင်းလိုက်တာ။

"ကနေ့ တရားတော်မှာကလေ ပြန်ပြန်ပြီးတော့ မေးတဲ့နည်းနဲ့ ဟောမယ် နော်၊ မေးမယ်၊ မေးတဲ့အခါမှာ မသိယင် မသိဘူးလို့ ရှင်းရှင်းလျှောက်ရမယ်၊

၁။ အုံ၊ ဥ၊ နှာ၊ ၁၆၆-၁၆၉၊ ဥဒါန်၊ နှာ၊၁၁၆-၁၂၁။(မေဿိယသုတ်)

နားမလည်ဘူး၊ သံသယဖြစ်နေတယ်ဆိုယင်လဲ သံသယဖြစ်နေတာကို ထပ်မေး ရမယ်နော်၊ (စကတည်းက မကောင်းဘူးလား။ သူမျှားလို့ တောက်လျှောက် ဟောသွားတာမဟုတ်ဘူး၊)မေးမယ်၊ အဲဒီမေးတဲ့ဇာခါမှာ မသိယင် မသိဘူးလို့ လျှောက်ပါ၊ သိယင် သိဘယ်လို့ သိတဲ့အတိုင်းဖြေပါ၊ ယုံမှားသံသယဖြစ်လို့ ရှိယင် ထပ်မေးပါ''။

တွေ့ကေနပိ မယံ ဘန္တေ အယျဿနုန္ဒကဿ အတ္တမနာ အဘိရဒ္ဓါ၊ ယံ နော အယျော နန္ဒကော ပဝါရေတိ။

အရှင်ဘုရားက တပည့်တော်တို့ကို ဒီလို မိန့်တာနဲ့ပဲကို တပည့်တော်တို့ ဝမ်းသာလိုက်တာဘုရားတဲ့၊ ဝမ်းသာလိုက်တာ အင်မတန်မှ ဝမ်းမြောက်ပါ တယ်၊ ကဲ–ဟောင်းပြီး။

ဇာတ် ၁၈-ပါး တရားတော်

စက္ခုပသာဒ မပြဘဲ။ ။ရှေးတုန်းက ဘိက္ခုနီတွေကို ဘိက္ခုမျှားက ''နှမ'' လို့ ခေါ်တယ်၊ ထုံးစံ။

''ဘဂိနိယော၊ နှမတို့။ စက္ခု၊ စက္ခုပသာဒသည်။ နိစ္စံဝါ၊ နိစ္စဟု ထင်ကြသလော။ အနိစ္စံဝါ၊ အနိစ္စဟု ထင်ကြသလော''။

မျက်စိထဲမှာလေ သူငယ်အိမ်အရိပ်ထင်တဲ့နေရာမှာ အလယ်ခေါင်'ပသာဒ' ဆိုတဲ့ အကြည်ဓာတ်ရှိတယ်၊ ဒါတော့ ဒီမို့လို့ ပြောနေတာ၊ သူတို့ နားလည် ပြီးသားလေ၊ အဲဒီ 'ပသာဒ' ဆိုတဲ့ အကြည်ဓာတ်ဟာ ဘုန်းကြီးတို့ဦးစား ကြည့်လိုက်စမ်း။

• လက်ဖြောက်ဘချက်တီးမှ စိတ်ပေါင်း ကုဋေတသိန်း ဖြစ်သလိုပဲ၊ ဒီရုပ် တွေကလဲပဲ ကုဋေသိန်းပေါင်းများစွာ ဖြစ်နေတာ၊ အဟောင်းဖြစ်ပြီးပျက်၊ အသစ်ဖြစ်ပြီး တည်နေ၊ ဒီနားက ရုပ်က ဖြစ်ပျက်၊ ဟိုနားက ရုပ်ကတော့ ဖြစ်ပြီးတည်နေ၊ ဟိုနားက ရုပ်ကတော့ ဖြစ်ပြီးတော့ တည်နေတာက ရှေးနား ဓတ်ဝတဲ့ထောက်၊ ဟိုနားက ရုပ်က ဖြစ်ပြီးတည်းနေတာက ချုပ်ခါနီး။

အဲဒီလိုပဲ မျက်စိထဲမှာ စက္ခုပသာဒတွေ့ အများကြီး၊ တချို့က ဖြစ်စေ တချို့က ဖြစ်ပြီးနည်းနည်းကြာ၊ တချို့က ဖြစ်ပြီး တော်တော်ကြာ၊ တချို့က သိပ်ကြာ၊ တချို့က ဖြစ်ပြီး ချုပ်ခါနီး၊ တချို့က ဖြစ်ပြီး ချုပ်နေ၊ စက္ခုပသာဒတွေ့ မျက်စိထဲမှာ အများကြီးရှိတယ်။

အဲဒါလို နှောက်တော့ သောတပသာဒလဲ နားထဲမှာ အများကြီးရှိတယ်၊ သိပါတယ်ဗုန်၊ ဖြစ်ခါစ၊ ဖြစ်ပြီးခါစ၊ ဖြစ်ပြီးအတော်ကြာ၊ ဖြစ်ပြီးချုပ်ခါနီးနေ၊ ဖြစ်ပြီးချုပ်နေ၊ အများကြီးရှိဘယ် ဆိုတဲ့ဟာကိုမှတ်ထားပါနော်။

စက္ခုပသာဒရုပ်ကလာပ်တွေ့, သောတပသာဒရုပ်ကလာပ်တွေ့ မှတ်ထား ပါနော်၊ သူတို့က ဒါကို သိပြီးသား၊ ဒီတထူးကောင်းတဲ့ လက္ခဏာက ခန္ဓာဝါးပါးထဲ ကျဉ်းကျဉ်းကလေးဟောတာမဟုတ်ဘူး၊ အာယတန(၁၂)ပါးထဲ ဆလယ်အလတ်ဟောတာ မဟုတ်ဘူး၊ ဓာတ်(၁၈)ပါးလုံး အကျယ်ကြီးကို ဟောတာ၊ အဲဒါကြောင့် တထူးကိုရကြတာပဲ၊ သိပ်ကောင်းသွားတာပဲ။

"နှမတို့ စက္ခုပသာဒဟာ မြဲသလား မမြဲဘူးလား" ရှင်းလို ရှင်းလို။

"အနိစ္စံ ဘန္တေ၊ မမြဲပါဘုရား"

ခုပရိသတ်မေးလဲ ရတာပဲ၊ ဒီလို မြောပြီးလို့ရှိယင် ခု ပရိသတ်မေးလဲ ရတာပဲ၊ ကောင်းပြီ။

ယံ၊ အကြင်စက္ခုပသာဒသည်။ အနိစ္စံ၊ မမြဲ ဖြစ်ပြီးပျက်။ တံ၊ ထိုမမြဲသော အနိစ္စဖြစ်သော စက္ခုပသာဒသည်။ ဒုက္ခံဝါ၊ မကောင်းသော ဒုက္ခလော။ သုခံဝါ၊ ကောင်းသော သုခလော။

နာတဲ့ ကျင်တဲ့ဒုက္ခမဟုတ်ဘူးနော်၊ "သင်္ခါရဒုက္ခ" ထိုတာ ကောင်းတဲ့ဒုက္ခ် မကောင်းတဲ့ ဒုက္ခ၊ ဒီအဖြစ်အပျက်ဒဏ်ကို ခံနေရလို့ရှိယင် မနာပေမယ့် ဒုက္ခ ဖြစ်တယ်၊ လူတွေက ဒုက္ခဆိုယင်နာမှ ဒုက္ခထင်တယ်၊ မဟုတ်ဘူး၊ မကောင်းတာ မှန်သမျှ ဒုက္ခချည်းပဲ၊ အဲဒီ စက္ခုပသာဒဟာ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်။

ဒီစက္ခုပသာဒကို နှမတို့က သုခ ထင်သလား၊ ဒုက္ခလို့ ထင်သလားလို့ ဆိုတော့ "ဒုက္ခံ ဘန္တေ၊ ဒုက္ခပါဘုရား" ရှင်းလို့၊ ရှင်းလိုက်တာမှ ရှင်းလိုက်တာမှ အားလုံး ငါးထုစလုံး ရှင်းတယ်၊ ငါးထုစလုံး နားလည်တယ်။

ယံ၊ အကြောင် စကွေ့ပသာဒသည်။ ဒုက္ခံ၊ဒုက္ခတည်း။ ယံ အကြောင် စကွေ့ပသာဒသည်။ အနိစ္စံ၊ မြဲလဲမမြဲ။ ဒုက္ခံ၊ မကောင်း၊ဒုက္ခလဲဖြစ်၏။ ဝိပရိဏာမဓမ္မံ၊ ပေ့ာက်ပြန်ခြင်း၊သဘော၊ရှိ၏။ တံ၊ ထိုစကွေ့ပသာဒကို။ တေံ၊ ဤစကွေ့ပသာဒသည်။ မမံ၊ ငါ့ဥစ္စာတည်း။ ဧသော၊ ဤစကွေ့ပသာဒသည်၊ အဟံ အသို့၊ ငါဖြစ်၏။ ဧသေ၊ ဤစကွေ့ပသာဒသည်း မေ၊ ငါ၏။ အတ္တာ၊ အတ္တာတည်း။ ဣတိ၊ ဤသို့။ သမနုပဿိတုံ၊ ဖေ့ဖန်ဖန်ရှုခြင်း၌။ ကလ္လံနု၊သင့်လျော်ပါဦး၊မည်လော။

မမြဲဘူး၊လေ၊ ပြီး၊တာ့ ဒုက္ခလေ၊ ပေ့ာက်ပြန်တယ်လေ၊ ပျက်တယ်လေ၊ အဲဒီ အနိစ္စ ဒုက္ခ ဖြစ်နေတဲ့ စကွေ့ပသာဒကို ငါလို့ ငါ့ဥစ္စာလို့ ငါ့ရဲ့ အတ္တလို့ အဲဒီလိုများ ရှုလို့ သင့်ပါဦးမလား၊တဲ့၊ ပျက်နေတာပဲတဲ့၊ အတ္တဘယ်ဟုတ်တော့မလဲ၊ ပျက်နေတာပဲတဲ့၊ ငါ့ဥစ္စာဆိုလို့ရှိယင် မပျက်အောင် ငါက ထိန်း၊ထား၊ နိုင်မှာပေါ့တဲ့၊ ငါမပိုင်လို့ ပျက်တာပေါ့၊ ဘယ်ငါ့ဥစ္စာ ဟုတ်တော့မတုံး၊ ဘယ်မှာ အတ္တဟုတ်တော့မတုံး၊ ဘယ်မှာ ဒီစကွေ့ပသာဒ ငါဟုတ်ပါတော့မတုံး၊ သူတို့မှာ ရှင်း၊လို့။

အဲဒီလိုမမြဲပြီး အဖြစ်အပျက်ဒဏ် ခံရပြီး၊တော့ ဒုက္ခဖြစ်ဒနတဲ့ စကွေ့ပသာဒဟာ "ငါ့ဥစ္စာလို့ ရှုသင့်ရဲ့လား၊" မသင့်ပါဘုရား၊ "ငါပဲလို့ ဒီစကွေ့ပသာဒကို ရှုသင့်ရဲ့လား၊" မသင့်ပါဘုရား၊ ငါရဲ့အတ္တပဲလို့ ပျက်ဒနတဲ့ ဒီစကွေ့ပသာဒကို ရှုဖို့သင့်ရဲ့လား၊"၊ မသင့်ပါဘုရား။

"ဘန္တေ၊ အရှင်ဘုရား။ တေံ၊ ဤမမြဲဆင်း၊ရဲတဲ့ စကွေ့ပသာဒကို ဝါ, ငါ့ဥစ္စာ, ငါရဲ့အတ္တဟု ရှုခြင်း၌။ ဒုက္ခ ဟိ၊ မသင့်တော့ပါဘုရား။"

စကွေ့ပသာဒ ရှင်း၊သွား၊ပြီ၊ ရှင်း၊သွား၊ပြီ၊ တကိုယ်လုံး၊ထဲက စကွေ့ပသာဒ ရှင်း၊သွား၊ပြီ၊ အနိစ္စ ဒုက္ခ အနတ္တ။

ဧသေတပသာဒ မမြဲ။ ။ဒီလိုပဲ၊ နား၊ထဲမှာ နား၊ကလောင်ထဲမှာ အကြည် ရှိတယ်၊ ဧသေတပသာဒလို့ ခေါ်တယ်၊ကံကြောင့် ဖြစ်တာ၊ စကွေ့ပသာဒလဲ့ ကံကြောင့်ဖြစ်တာ၊ ဧသေတပသာဒလဲ့ ကံကြောင့်

ဖြစ်တာ၊ အဲဒီ သောတပသာဒ နားကလောင်ထဲမှာနော်၊ အကြည်ဓာတ်၊ သူ့ကြောင့် ကြားရတာ၊ အဲဒီ အကြည်ဓာတ်ဖြစ်တဲ့ သောတပသာဒကိုလဲ ဒီလိုပဲ မေးတာပဲ၊ "နိစ္စလား၊ အနိစ္စလား၊ အနိစ္စပါဘုရား၊ "ကောင်းပြီ၊ အနိစ္စဖြစ်တဲ့ သောတပသာဒကို သုခ ဆင်းရဲလို့ ဆိုမလား၊ ဒုက္ခ-မကောင်းလို့ ဆိုမလား" ဒုက္ခပါဘုရား၊ ဖောက်ပြန် ပျက်စီးတတ်တဲ့ အဲဒီ သောတပသာဒကို ငါ, ငါ့စွာဟု ရှုသင့်ပါတော့မလားဟု ဆိုတော့ မရှုသင့်ပါဘုရား၊ သောတပသာဒဟာ အနိစ္စ, ဒုက္ခ, အနတ္တ ရှင်းသွားရော။

ဃာနပသာဒ မမြဲ။ ။ဃာနပသာဒ၊ နှာခေါင်းထဲမှာ ဟို နှာခေါင်း အတွင်းက ခတ်ရောက်ထောက်မှာ အနံ့ရတဲ့ အခါမှာ သိတဲ့ ဃာနဝိညာဏ်ဖြစ်ဖို့ရန် ဃာန ပသာဒဆိုတာ ရှိတယ်။ ကံကြောင့် ဖြစ်ဘဲ့ ရုပ်ပဲ၊ အဲဒီ ဃာနပသာဒကို ခုနကလိုပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တလို့ ဆုံးဖြတ်ကြရော။

သူတို့ ဘယ်တုန်းက ဆုံးဖြတ်ထားတုံး၊ စောစောစီးစီးကလဲ သူတို့တရားကို လေ့လာ ထားကြတာ ဖြစ်တော့၊ ဒါတွေကို သူတို့ ဆုံးဖြတ်လို့ ရတယ်လေ သူတို့ လျှောက်ပုံဟာ၊ စက္ခု သောတ ဃာန အားလုံး၊ ဃာနပသာဒကို ခုနကလိုပဲ လျှောက်တယ်။ အနိစ္စ ဒုက္ခ အနတ္တပါဘုရား။

ဇိဝှါပသာဒ မမြဲ။ ။"ဇိဝှါ" လျှာမှာလေ၊ လျှာအဖျားရဲ့ အရင်းနှားမှာ၊ သြဇာကိုယူတဲ့ ပသာဒရှိတယ်၊ အရသာကိုယူတဲ့ ဇိဝှါ ပသာဒရှိတယ်၊ ကံကြောင့် ဖြစ်တာ၊ ကံကြောင့် ဖြစ်တာ၊ အဲဒီဇိဝှါပသာဒ ကိုလဲ "နိစ္စလား အနိစ္စလား"၊ "သုခလား ဒုက္ခလား"၊ "အတ္တလား အနတ္တလား" အဲဒီလို မေးတဲ့အခါမှာ အနိစ္စ, ဒုက္ခ, အနတ္တလို့ သူတို့၊ လျှောက်လဲ လျှောက်နိုင်တယ်၊ သိလဲ သိထားတယ်။

ကာယပသာဒ မမြဲ။ ။ကာယ· ဒီ ခန္ဓာကိုယ် တကိုယ်လုံးမှာ နာတယ် ကျင်တယ်ဆိုတဲ့ အသိဓာတ်ဖြစ်တဲ့ နေရာတိုင်းမှာ ကာယပသာဒရှိတယ်၊ တကိုယ်လုံးရှိတယ်၊ တကိုယ်လုံးရှိတယ်၊ ဒီလက်ဖျားခြေဖျားခြေသည်း လက်သည်းများ, ဆံပင်အဖျား, အသားမာ၊ အဲဒီလိုဓနုထူကလဲ့လို့ ရှိယင် ကာယပသာဒ တကိုယ်လုံး ရှိတယ်၊ တကိုယ်လုံး ရှိတယ်၊ အဲဒီ

တကိုယ်လုံးမှာရှိတဲ့ 'ကာယပသာဒလဲ ကံကြောင့်ဖြစ်တယ်၊ အဲဒီ ကံကြောင့်ဖြစ်တဲ့ ကာယပသာဒကိုလဲပဲ နှစ်လား အနှစ်လား၊ သုခလား ဒုက္ခလား၊ အတ္တလား အနတ္တလားလို့ မေးတော့၊ အားလုံး အနိစ္စ, ဒုက္ခ, အနတ္တပါ ဘုရားလို့ ဒီလို သူတို့ လျှောက်နိုင်ကြတယ်၊ လျှောက်လဲ လျှောက်နိုင်ကြတယ်၊ အဲ တကယ်လဲ သိကြတယ်။

မနောဒွါရ-ဘဝင်စိတ် မမြဲ။ ။တခါ- မနောဒွါရဆိုတဲ့ ဘဝင်စိတ်တခု ရှိတယ်၊ ဒါက လူတွေ နားမလည်ကြဘူး၊ အဲဒီ ဘဝင်စိတ်ကိုလဲ နှစ်လား အနှစ်လားဆိုတော့၊ စိတ်ဒုနှစ်ခုက အင်မတန် ရှင်းတာပဲ၊ စိတ်တွေကတော့ ဟစိတ်ပြီးတစိတ်၊ ဝစိတ်ပြီးဝစိတ် ဖြစ်လို့၊ သူက အင်မတန် ရှင်းတာပဲ၊ မနောဒွါရလို့ဆိုတဲ့စိတ်လဲပဲ အနိစ္စ ဒုက္ခ အနတ္တပါ ဘုရားလို့ ဒွါရခြောက်ပါး ကုန်သွားတော့၊ ဒါကို "အဋ္ဌတ္ထိက" ခန္ဓာကိုယ် တွင်းမှာဖြစ်တဲ့ ခြောက်ပါး၊ ဒါကို သူတို့ နားလည်တယ်၊ ရှင်နန္ဒက-ကလဲ တခုခု့ပြောမေးတယ်။

"ဗုဒ္ဓိပိ၊ ဤသို့လျှင်။ ဆ၊ ခြောက်ပါးကုန်သော။ ဤမေ အဋ္ဌတ္ထိကာယတနာ၊ ဤခန္ဓာကိုယ်အတွင်းမှာ ဖြစ်တဲ့ အာယတန (ဒွါရ) တို့သည်။ အနိစ္စာ၊ မမြဲကုန်။" ဆာသင်တို့ ဘယ့်နှယ်ကြောင့် အနိစ္စ ဒုက္ခ အနတ္တလို့ ပြောနိုင်ကြသတုံး"ဆိုတော့-

"ဘန္တေ၊ ဆရှင်ဘုရား၊ ပုဗ္ဗဝ၊ ဆရှင်ဘုရားမမေးမီ ရှေးအဖို့ကပင်။ နော၊ တပည့်တော်တို့သည်။ ဧတံ၊ ဤ အဋ္ဌတ္ထိကာယတန ဆိုတဲ့ အာယတနခြောက်ပါး၏ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ကို။ ဃမပ္ပညာယ၊ မဖေါက်မပြန် မှန်ကန်သော ဝိပဿနာပညာဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သုဒိဋ္ဌံ၊ ကောင်းစွာမြင်အပ်ပါပြီ ဘုရား။

အာရုံ ၆-ပါး မမြဲ။ ။စောစောကတည်းက ကမ္မဋ္ဌာန်းနဲ့နေကြတာ၊ မြင်နေပြီ၊ ဒါ မမြဲဘူး၊ အနိစ္စ ဖြစ်တယ်လို့ တပည့်တော်တို့ မြင်နေကြပါပြီ၊ စောစောကတည်းက တပည့်တော်တို့ ဝိပဿနာပညာနဲ့ မြင်နေပြီးပါပြီ၊ ကောင်းပြီ၊ အပြင်ဘက်က ရှုပါရုံတွေ၊ အဆင်းတွေ၊ နိစ္စလား၊

အနိစ္စလား၊ ရှင်းတာပဲ၊ ရူပါရုံ အဓိပ္ပာယ်အလဲခတ်ကာ မြင်ကြသားပဲ၊ ခုပဲ ဒီရူပါရုံတွေဟာ နည်းနည်းကြည့်ကောင်းတယ်ဆို၊ နေ့လယ်ကျတော့ ညှိုးလို့ နည်းနည်း ကြည့်မကောင်းဘူး၊ ညနေကျတော့ တကတည်း ဒီသူပဲ၊ ပီးညကျတော့ သူတို့အဆင်းကလေးတွေက တမျိုးကြီး ဖြစ်လို့၊ မပြုမပြင် မဖိုးမလိမ်းလို့ ရှိယင် ကြည့်လို့ကို မကောင်းဘူး၊ ဒါက အဲဒီလောက် မမြဲတာတွေ့ မကဘူး၊ လက်ဖြောက်တချက်တီး အတွင်းမှာပဲ ဖြစ်ပျက်ကြတဲ့ရူပါရုံတွေ ရှိနေတယ်။

ဒါကြောင့် အပြင်ဘက်က ရူပါရုံတွေ၊ နိစ္စလား အနိစ္စလားမေးတော့၊ အနိစ္စပါ ဘုရား။

အပြင်ဘက်က သဒ္ဒါရုံ အသံတွေ၊နိစ္စလား အနိစ္စလားမေးတော့၊ အနိစ္စပါ ဘုရား။

အပြင်ဘက်က ဂန္ဓာရုံ အနံ့တွေ မွှေးတာကြိုင်တာတွေ နံတာစော်တာတွေ့ နိစ္စလား အနိစ္စလားလို့ မေးတော့ အနိစ္စပါဘုရား။

ယခုစားမနဲ့တဲ့ ရသာရုံတွေ၊ အစာတွေထဲမှာပါတဲ့ "ချို, ချဉ်, စပ်, ဖန်, အငန်, အခါး" ဆိုတဲ့ အရသာတွေ၊ နိစ္စလား အနိစ္စလားဆိုတော့ အနိစ္စပါ ဘုရား။

ဒီ အတွေ့ အထိ ဖြစ်တဲ့ ဖောဋ္ဌဗ္ဗာရုံတွေ့ တုတ်နဲ့ရိုက်လို့နာတော့လဲ ဒါ ဖောဋ္ဌဗ္ဗာရုံပဲ၊ လက်နဲ့လေးနဲ့ကိုင်လို့ ဒုက္ခရသာရှိတော့လဲ ဖောဋ္ဌဗ္ဗာရုံပဲ၊ အဲဒီ ဖောဋ္ဌဗ္ဗာရုံတွေဟာ နိစ္စလား အနိစ္စလားဆိုတော့၊ အနိစ္စပါဘုရား၊ အားလုံး သိတယ်။

အပြင်ဘက်က အမျိုးမျိုးပေါ့လေ၊ဒီကျောင်းကြီးဟာ လှလိုက်တာဆိုယင် ဒါ ဓမ္မာရုံ၊ ဟာ ဒီကျောင်းကြီးဟာ မကောင်းပါဘူးဆိုယင်လဲ ဒါ ဓမ္မာရုံ၊ အပြင်ဘက်က "ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ"မှတပါး ကျန်အာရုံတွေကို ဓမ္မာရုံလို့ ခေါ်တယ်။

အဲဒီ ဓမ္မာရုံတွေ နိစ္စလား အနိစ္စလားဆိုတော့၊ အနိစ္စပါဘုရား၊ အဲဒီလို ဖြေကြတယ်၊ ဘာကြောင့် ဒီလို ဖြေနိုင်တုံးဆိုတော့ တပည့်တော်တို့ ရှေးတုန်း

ကတည်းကိုက ဝိပဿနာပညာနဲ့ "ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဆိုတဲ့ အပြင်က အာရုံတွေဟာ အနိစ္စ ဒုက္ခ အနတ္တဖြစ်ကြောင်းကို အစကတည်းက သိပြီးသား ဖြစ်ကြပါတယ် ဘုရားလို့....

"ဧဝံ ဟေတံ ဘဂိနိယော ဟောတိ အရိယာသာဝကဿပိ ယထာဘူတံ သမ္မပ္ပညာယ ပဿတော" အရိယာဖြစ်တဲ့ မြတ်စွာဘုရားရဲ့ တပည့်မများက မှန်မှန်ကန်ကန် သိပြီဆိုယင် ဒီအတိုင်းပဲ ဒီအမြင်ပဲ မြင်နေတယ်၊ အနိစ္စ ဒုက္ခ အနတ္တလို့ မြင်နေတယ်၊ အဲဒီလို စမ်းမြောက်ဝမ်းသာဖြစ်နေကြတယ်၊ ဘုရားလဲ ကျေကျေနပ်နပ် ခွင့်ပြုလို့ဝပါ့။

ဝိညာဏ် ၆-ပါး မှမြဲ။ ။နောက်ထခါ၊ ဆားလုံး(၁၂)ပါး ပြီးသွားပြီနော်၊ အတွင်းက အဇ္ဈတ္တိကဆိုတဲ့ အာယတနခြောက်ပါး၊ စက္ခုသောတစသည်၊ အပြင်ဘက်က အာရုံခြောက်ပါး၊ (၁၂)ပါး ပြီးသွား ပြီနော်၊ အဲဒါနောက် ယခုလာမယ်နော်....

"ဘဂိနိယော၊ နှမတို့။စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်သည်။ နိစ္စံဝါ၊ နိစ္စဟု မှတ်ထင်ကြသလော။ အနိစ္စံ ဝါ၊ အနိစ္စဟု မှတ်ထင်ကြသလော။ "ဘန္တေ၊ ဆရှင်ဘုရား။ အနိစ္စံ၊ အနိစ္စပါတည်း။

"ယံ၊ အကြင် စက္ခုဝိညာဏ်သည်။ အနိစ္စံ၊ မမြဲ။ တံ၊ ထိုမမြဲတဲ့ စက္ခုဝိညာဏ်သည်။ ဒုက္ခံ ဝါ၊ ဒုက္ခဟူ၍ မှတ်ထင်ကြသလော။ သုခံ ဝါ၊ သုခဟူ၍ မှတ်ထင်ကြသလော။ "ဘန္တေ၊ ဘုရား။ ဒုက္ခံ၊ ဒုက္ခပါတည်း။

ယံ၊ အကြင် စက္ခုဝိညာဏ်သည်။ အနိစ္စံ၊ မမြဲ။ ဒုက္ခံ၊ဒုက္ခတည်း။ ဝိပရိဏာမမဓ္မံ၊ ပြောင်းပြန်ခြင်းသဘောဓဋ္ဌိ၏။ တံ၊ ထိုစက္ခုဝိညာဏ်ကို။ တေံ၊ ဤစက္ခုဝိညာဏ်သည်။ မမ၊ ငါ့ဥစ္စာတည်း။ ဧသော၊ ဤစက္ခုဝိညာဏ်သည်။ ဧသော အသ္မိ၊ ငါဖြစ်၏။ ဧသော၊ ဤစက္ခုဝိညာဏ်သည်။ မေ အတ္တာ၊ ငါ၏ကိုယ်တည်း။ လွတိ၊ ကျိသို့။ သမနုပဿတို့၊ မိစ္ဆာဒိဋ္ဌိဖြင့် အဖန်ဖန်ရှုခြင်းငှါ။ ကလ္လံနု၊ သင့်လျော်ပါအံ့လော။ "ဘန္တေ၊ အရှင်ဘုရား။ နော ကလ္လံ၊ မသင့်လျော်ပါဘုရား"။

တကတည်း စက္ခုဝိညာဏ်ကို မေးတယ်၊ စက္ခုဝိညာဏ်ဆိုတာ ရူပါရုံကိုသိတဲ့အသိ၊ ဘယ်မြဲမလဲ ရူပါရုံကို သိတဲ့အသိ ဘယ်မြဲမလဲ၊ စက္ခုဝိညာဏ်ဟာ တော်ကြာတော့ ပျောက်သွား၊ ဒီပြင်အာရုံတခု ရောက်လာ ဘယ်မြဲမလဲ၊ အတူတူပေါ့။

ချုံးပစ်လိုက်ကြစို့၊ သောတဝိညာဏ်၊ နားထဲ ကြားနေတဲ့ သောတပသာဒကို မှီပြီးတော့ဖြစ်တဲ့ သောတဝိညာဏ်၊ အဲဒီ သောတ ဝိညာဏ်က အသံကို ကြားတယ်၊ သောတပတ်ဒကြားတာ မဟုတ်ဘူး၊ သောတပသာဒက ခဏ်ခွက်သေးတာမျိုး၊ ကြားတာက လူကကြားသလိုပဲ၊ ပသာဒက ခဏ်ခွက်၊ သောတဝိညာဏ်က ကြားတာ။

ဃာနပသာဒ၊ နှာခေါင်းထဲမှာရှိတဲ့ ပသာဒခဏ်ခွက်၊ ဒီ ဂန္ဓာရုံကိုလေးပြီး ထိတော့ကာ ခဏ်ခွက်ထိတော့ကာ၊ ဃာနဝိညာဏ်က သိတာ၊ ဧ်က ပါးစပ်ထဲမှာ အစာတွေ၊ အစာစားနေကြတယ် ဆိုပမယ့် ဇိဝှာပသာဒနဲ့ ခုနက ရသာရုံနဲ့ ထိခိုက်ကြတာ၊ ထိခိုက်တော့ကို ဇိဝှာဝိညာဏ်က သိတာ၊ ကောင်းတယ်, ဆိုးတယ်, ဇိဝှာဝိညာဏ်က သိတာ၊ ခန္ဓာကိုယ်မှာ ကောင်းကောင်းဆိုးဆိုး ထိကြပြီဆိုလျှင် အဲဒီထိတာက ကာယပသာဒကို ဖောင်ပတ္တာရုံက လာပြီးခဏ်ခိုက်တာ၊ အဲဒီ ခဏ်ခိုက်တဲ့အခါမှာ ကောင်းတယ် ဆိုးတယ် ဆိုတာ သိတာ။

ဒီ စက္ခု သောတ ဃာန ဇိဝှာ ကာယဝိညာဏ်ဖြစ်ပြီးတဲ့နောက် မနောဝိညာဏ်ဆိုတာက လိုက်လာတယ်၊ မနက်ဖြန်ခါကျယင် ဘုန်းကြီးဆက်ပြီးတော့ စပြာမယ်၊ ဒီ မနောဝိညာဏ်ကို၊ မနောဝိညာဏ်လိုက်လာတော့ မနောဝိညာဏ်ကလဲ သိတာပဲ၊ ဆက်ပြီးတော့ အဲဒီ သိတဲ့ အသိတွေဟာ နိစ္စလား၊ အနိစ္စလားလို့ မေးတော်မူတဲ့ အခါကျတော့ သူတို့ကလဲ ဏမူဋ္ဌာန်းဖားထုတ်ထားဟာဖြစ်တော့ တကယ်သိတာ တကယ်သိတာ၊ နှုတ်နဲ့ရွတ်တဲ့ အသိမျိုး မဟုတ်ဘူးနော်၊ တကယ့်ကို မမြဲတဲ့ အနိစ္စ ပါလားလို့ သိတယ်၊ မမြဲလို့ရှိယင် အဖြစ်အပျက်ဒဏ်ကို ခံနေရတာပဲပေါ့၊ ခံနေရတာယ်လေ။

ဒါဖြင့် သုခလား—ဒုက္ခလား၊ နာကျင်တာမဟုတ်ဘူး၊ ကောင်းသလား၊ မကောင်းဘူးလား ဆိုတော့ မကောင်းဘူးပေါ့၊ အနှစ်သာရ အတ္တဖကောင်

ကလေးဆိုတာ ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ အနှစ်သာရ, အတ္တ, အကောင် ကလေးဆိုယင် ဒီလိုမမြဲပဲနေပါ့မလား၊ ယခုတော့ အနှစ်သာရ အတ္တအကောင် ကလေး မဟုတ်တော့ အနတ္တတွေ့ပေါ့လို့၊ တကယ် စက္ခုပသာဒစတဲ့ အဝှင်း အာယတန ၆-ပါးကိုလဲ အနိစ္စ ဒုက္ခ အနတ္တလို့ သူတို့က မြင်ပြီ၊ နဂိုကလဲ ဝိပဿနာ အားထုတ်လာလို့ သိတယ်၊ ခုလဲ ထပ်ပြီးမေးတော့ ရှင်းတယ်။

တခါ အပြင်ဘက်က အာရုံတွေလဲ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုလို့ သင်ပြီ၊ မြင်ပြီ၊ နဂိုကလဲ ဝိပဿနာအားထုတ်ထားတာ သိတယ်၊ ယခု ထပ်မေးတော့လဲ ရှင်းတယ်၊ ခုနက စက္ခုဝိညာဏ်က ဖြစ်လိုက် ပျက်လိုက်နဲ့ ဆိုတဲ့ဟာ ခုန အပေါင်းစုကာ အပြောင်းအလဲဖြစ်တဲ့ စိတ်တွေလဲပဲ အနိစ္စ ဒုက္ခ အနတ္တလို့ သိပြီ၊ ဒီအာယတန ၁၂-ပါးလုံး ဆိုဓတာ့ ခန္ဓာကိုယ်ထဲ ဘယ်အပိုင်း ကျန် သေသတုံး။

ဆိုပါတော့ ဓခါင်းမှာဆိုလို့ရှိယင် ဓခါင်းမှာ ကာယပသာဒ ရှိတယ်၊ ဒီဓခါင်းကို ထိလိုက်တဲ့အခါမှာ ကာယပသာဒနဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ ထိတယ်၊ ထိတဲ့အခါမှာ ကာယဝိညာဏ်ဖြစ်တယ်၊ ကာယပသာဒလဲ အနိစ္စ၊ ဖောဋ္ဌဗ္ဗာရုံလဲ အနိစ္စ၊ ကာယဝိညာဏ်လဲ အနိစ္စ၊ ဒီနောက်ဖြစ်တဲ့ မနောဝိညာဏ်လဲ အနိစ္စ၊ ဘယ်မှာ ကျန်သေးသလဲလို့ ဘုန်းကြီးက ပြောချင်တယ်၊ ဘယ်မှာ ကျန်သေးသလဲ၊ ခြေဖဝါးမှာဖြစ်တဲ့ ရုပ်တွေ၊ အဲဒီရုပ်တွေကို ဆိုပါတော့၊ ခလုတ်တိုက်လို့ရှိယင် တိုက်တဲ့ခလုတ်က ခလုတ်ရဲ့အထိအတွေ့က ဖောဋ္ဌဗ္ဗာရုံ၊ သွားတုံးက ခုန ကာယပသာဒတွေ၊ အဲဒီ ဖောဋ္ဌဗ္ဗာရုံနဲ့ အထိအတွေ့ ခံရတယ်၊ အဲဒီမှာ ကာယဝိညာဏ် ဖြစ်ဘယ်၊ ကာယပသာဒလဲ အနိစ္စ၊ ဖောဋ္ဌဗ္ဗာရုံလဲ အနိစ္စ၊ ကာယဝိညာဏ်လဲ အနိစ္စ၊ ခြေဆုံးဓခါင်းဆုံး တကိုယ်လုံးဟာ အနိစ္စ၊ ရုပ်လဲ အနိစ္စ၊ နာမ်လဲ အနိစ္စ၊ အထိအခိုက်ခဝဲတွေလဲ အနိစ္စပါလားလို့ အကုန်လုံး မြင်နေပြီလေ။

ဆီမီးတောက်ဥပမာ။ ။အကုန်လုံး မြင်နေတော့ ရှင်နန္ဒက ကတညုးဟော ကောင်းတာဖြစ်တော့ ဥပမာပြောရဦးမယ်တဲ့။

"ဘဂိနီယော၊ နှမတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ စျာယဇတာ၊ တောက်ပသော။ တေလပ္ပဒီပဿ၊ ဆီမီး၏။ တေလမို့၊ ဆီသည်လည်း။ အနိစ္စံ၊

မမြဲ။ ဝိပရိဏာမမဖြစ်၊ ဖောက်ပြန်သော သဘောရှိ၏။ ဝဋ္ဌိပိ၊ မီးစာသည်လည်း။ အနိစ္စာ၊ မမြဲ။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်သော သဘော၏။ အစ္စိပိ၊ မီးထောက်မီးလျှံသည်လည်း။ အနိစ္စာ၊ မမြဲ။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်သော သဘောရှိ၏။ အာဘာပိ၊ အဆောင်အလင်းသည်လည်း။ အနိစ္စာ၊ မမြဲ။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်သောသဘောရှိ၏။"

ဒီ မီးဟောက်နေတဲ့ ဓနဆုကိုကြည့်စမ်း၊ ဆီ ဆီကလဲ မီးတောက်တိုင်း ဟောက်တိုင်း ဒီ ဆီကုန်သွားတယ်၊ မီးစာ မီးစာကလေးလဲပဲ မီးခွက်တိုင်း လောင်တိုင်း မီးစာကလေး ကုန်သွားတယ်၊ အားလုံးအနိစ္စတွေ။

နောက်ကို တခါ ဒီဆီနဲ့ မီးစာကြောင့်တောက်တဲ့ မီး၊ ဆီနဲ့မီးစာကမှ အနိစ္စဆိုလို့ရှိယင် တောက်တဲ့မီးက ဘာမို့တုံး၊ သူက သာပြီးမမြဲသေး အနိစ္စ၊ သူတို့က အနိစ္စဖြစ်လို့ရှိယင် သူတို့ကြောင့်ဖြစ်တဲ့ အဓောင်အလင်းလဲအနိစ္စပေါ့၊ အဲ ...အဲဒီလိုပါပဲတဲ့၊ စက္ခုပသာဒဆိုတာလဲ အနိစ္စ၊ ရူပါရုံဆိုဘာလဲ အနိစ္စ၊ စက္ခုဝိညာဉ်ဆိုတာလဲ အနိစ္စ၊ အားလုံး အတွင်းမှာပဲ ကြည့်ကြည့်၊ အပြင်မှာပဲ ကြည့်ကြည့်၊ အားလုံး အနိစ္စတွေကြီးပါပဲတဲ့။

သစ်ပင်ဥပမာ။ ဥပမာတမျိုးပြောဦးမယ်—

"ဘဂိနိယော၊ နှမတို့။ မဟာတော၊ ကြီးကျယ်သော။ တိဋ္ဌတော၊ တည်ရှိနေသော။ သာဇဝတော၊ အနှစ်သာရ ရှိဓသော။ ရုက္ခဿ၊ သစ်ပင်၏။ မူလမို့၊ အမြစ်သည်လည်း။ အနိစ္စံ၊ မမြဲ။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ခြင်း သဘောရှိ၏။ ခန္ဓောပိ၊ ပင်စည် သည်လည်း။ အနိစ္စော၊ မမြဲ။ ဝိပရိဏာမဓမ္မော၊ ဖောက်ပြန်ခြင်းသဘောရှိ၏။ သာခါပလာသမို့၊ သစ်ခက်သစ်ရွက်သည်လည်း။ အနိစ္စံ၊ မမြဲ။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်ခြင်း သဘောရှိ၏။ ဆာယာပိ၊ အရိပ်သည်လည်း။ အနိစ္စာ၊ မမြဲ။ ဝိပရိဏာဓမ္မာ၊ ဖောက်ပြန်ခြင်းသဘောရှိ၏။"

ကြည့်စမ်း သစ်ပင်တပင်လုံး ရှာပြီးတော့ ကြည့်စမ်း၊ နိစ္စရှာလို့မရဘူး၊ အနိစ္စ ဖောက်ပြန်တဲ့သဘောချည်းပဲ၊ သူ့အရိပ် ဘယ့်နှယ်နေလဲ၊ ဟာသူလဲ အနိစ္စပေါ့။

"ဆာယာပိ၊ အရိပ်သည်လည်း။ အနိစ္စာ၊ မမြဲ။ ဝိပရိဏာမမှာ၊ ပေါက်ပြန်ခြင်းသဘောရှိ၏။

ဘဂိနီဓယာ၊ နှမတို့။ ဓယာ၊ အကြင်သူသည်။ ဧဝံ၊ ဤသို့ ဝဒေယျ၊ ပြောရာ၏။ ကိံ၊ အဘယ်သို့ ဓပြောရာသနည်း။ တဿ-မဟာတော ရုက္ခဿ၊ ထိုသစ်ပင်ကြီး၏။ မူလမိပိ၊ အမြစ်သည်လည်း။ အနိစ္စံ၊ မမြဲတာအမှန်။ ဝိပရိဏာမဓမ္မံ၊ ပေါက်ပြန်တတ်သဘောအမှန်။ သာခါပလာသမိပိ၊ သစ်ရွက် သစ်ခက်တို့သည်လည်း။ အနိစ္စံ၊ မမြဲကာအမှန်။ ဝိပရိဏာမဓမ္မံ၊ ပေါက်ပြန်တတ်သဘောအမှန်။

ဧဿ၊ ထိုသစ်ပင်ကြီး၏။ ယာ ဆာယာ၊ အကြင်အရိပ်သည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုအရိပ်သည်။ နိစ္စာ၊ မြဲ၏။

ဒီလိုဆိုယင် မှန်သလား၊တဲ့၊ အခြေခံတွေ အကုန်လုံး မမြဲပဲနဲ့ အရိပ်ကျမှ မြဲတယ်ပြောယင် မှန်သလား၊တဲ့၊ အဲဒါကြောင့် ဒီဓနွာနဲ့ဆိုင်ရာကွေဟာ အကုန်လုံး အနိစ္စ ဒုက္ခ အနတ္တချည်းပါပဲလို့ အမိန့်ရှိပြီး၊တော့။

နွားသတ်သမား၊ဥပမာ။ ။အရှင်နန္ဒက-က တခါ ဥပမာပြုပြန်တယ်။

ဘဂိနီယောဓာ၊ နှမတို့။ ဆေယျထာပိ၊ ဥပမာမည်သည်ကား၊- (ဒီဟာတော့ ရှည်လို့ အနက်မပေး၊တော့ဘူး ဘုန်းကြီးက) နွားကိုသတ်တတ်တဲ့၊ အင်မတန် နာ၊လည်တဲ့၊ ဖြတ်တတ် ခွဲတတ်တဲ့ နွားသတ်သမား၊က နွား၊တစ်ကောင်လို့ သတ်တယ်၊ သတ်ပြီး၊တော့ အပေါ်အရေကို ဘာမှမပျက်စေဘူး၊ အသား၊တွေကို ဘာမှ မပျက်စေဘူး၊ အရိုး၊တွေကို ဘာမှ မပျက်စေဘူး၊ ကြား၊ထဲမှာ အဖြာကာလေး၊ထွေ သူလျှောက်ဖြတ်၊ အမြှေးကလေး၊တွေ လျှောက်ပြီး၊တော့ ဖြတ်တာပဲ။

ပြီး၊တော့ သူ့အတိုင်း၊ထား၊တယ်၊ သူ့အတိုင်း၊ထား၊ပြီး၊တော့ အရေနဲ့ပြန်ပြီး၊တော့ ဖုံး၊ထား၊လိုက်တယ်၊ နဂိုအတိုင်း၊ဟုတ်၊သလား၊၊ နွားသတ်သမား ကျမ်းကျမ်းကျင်ကျင်နဲ့သတ်ကဘည်း၊ကအကြောကလေး၊တွေအကြီးအငယ်တွေ့, အားမြွေး၊ခတွေ့, အသား၊နဲ့အရေနဲ့ ကပ်နေတဲ့နေရာက အမြွေး၊တွေ အကုန်လုံး၊သူခွါပစ်လိုက်ပြီ။

အဲဒီလို အဲဒီလိုပဲတဲ့၊ အနိစ္စ ဒုက္ခ အနတ္တ ထင်နေတဲ့ ခန္ဓာကိုယ်ကြီးထဲမှာ တွယ်ဘာတဲ့ တဏှာဆုဂကို အာကုန်လုံး ခွါပစ်လိုက်ပြီ၊ အနိစ္စဖြစ်တဲ့ စက္ခု ပသာဒကို ဘယ်နှယ်လုပ်ပြီးတော့ တွယ်တာမလဲ၊ ငါလို့မှ မဆိုင်ပဲနဲ့ ဘယ်နှယ် လုပ်ပြီးထာ့ တဏှာနဲ့ တွယ်တာထိုက်တော့မလဲ၊ ရှုပါရုံအနိစ္စတွေကို ဘယ်နှယ် လုပ်ပြီးတာ့ တဏှာနဲ့ တွယ်တာထိုက်တော့မလဲ၊ ကိုယ်က တွယ်တာနေတယ်၊ ကိုယ်က သာယာနေတယ်၊ သူက ဖြစ်ပျက်နေတယ်၊ ကိုယ်က ဒီအာရုံကို အာယာဒနတယ်၊ သူက ဖြစ်ပျက်ဒုနတယ်၊ ကိုက်က သာယာနေတာ မှားနေ တာဖေါ့၊ ကိုယ်က သာယာနေတယ်လို့ ဆိုတုန်းမှာ သူက ဖြစ်ပျက်နေပြီ။

ခုနက နွားဟာ အားလုံး အခြေအနေတွေ မပျက်ပဲနဲ့ကို အမြေးတွေ အခြောက်ကြီး အခြောက်သေးတွေကို ဖြတ်တောက်လိုက်သလိုပါပဲတဲ့ တဏှာ ရာဂဆိုတဲ့ အဆက်အသွယ်တွေကို အားလုံးကို ဖြတ်တောက်လိုက်လို့ရှိယင် ဒီ နွားကြီးမှာလဲပဲ ဘာမှရစရာ၊ ဘာမှနှစ်သက်စရာ မရှိတော့ပါဘူးလို့၊ အဲဒီလို ဟောတော့ အားလုံး သဒ္ဓာကျလိုက်ကြတာလေ။

ဒီ ရုပ်နာမ် ခန္ဓာကြီးကို တဏှာရာဂတွေက တွယ်တာနေလို့၊ ဒီလို ခန္ဓာကိုယ်ကြီး ဖြစ်နေရတာ အဲဒီ ခန္ဓာကိုယ်ကြီး မတွယ်တာလို့ရှိယင် ဒီလို မဖြစ်တော့ဘူးလို့ အဲဒီလို အမိန့်တော်ရှိပြီးလို့၊ "ကိုင်း ကိုင်း ပြန်ကြထော့နော်၊ ပြန်ကြတော့" အချိန်တော်ပြီကို၊ တခါ ဘိက္ခုနီမတွေ မြတ်စွာဘုရားဆီ သွားပြီးတာ့ ဝပ်ချကြ၊ ဝပ်ချပြီးတာ့ မြတ်စွာဘုရားက ဘာမှ အမိန့် မရှိဘူး၊ "ကဲ-ကဲ မိုးချုပ်ပြီ ပြန်ကြတော့၊ ပြန်ကြတော့" နောက်တော့ ရဟန်းတော်တွေကို အမိန့်ရှိတယ်။

"ဘိက္ခုတို့၊ ကနေ့ နန္ဒကရဲ့ သြဝါဒနဲ့ ဘိက္ခုနီမများရဲ့စိတ်ထဲမှာ ဘယ်လို ဖြစ်ကြတုံးဆိုတော့ (၁၄) ရက်နေ့ညမှာ လထွက်တော့ "လ" ဟာ ပြည့် သလား မပြည့်ဘူးလားဆိုတော့ နဲနဲရော့နေတယ်၊ အဲဒီ (၁၄) ရက်နေ့ည ထွက်ဘဲ့ 'လ' လိုပဲ သူတို့စိတ်သဘောအတိုင်း နဲနဲမပြည့်တတ်တာ ရှိတယ်၊ နန္ဒက နက်ဖြန် ထပ်ပြီးတော့ တရားဟောပါ့။"

အဲဒီလို မြတ်စွာဘုရားက ထပ်ပြီးတော့ အမိန့်ရှိတာ ဖြစ်တော့ ရှောင်လို့ တိမ်းလို့ မရတော့ဘူး၊ ဒီတော့-နက်ဖြန်ခါ ဟောပြန်ရော၊ အဲဒီတော့

ဖီထက်ရှင်းပြီးတော့ ဒီထက် တဏှာထူဂတွေ ကျပြီးတော့ သောတာပန်တချို့၊ သကဒါဂါမ်တချို့၊ အနာဂါမ်တချို့၊ ရဟန္တာတချို့ ဖြစ်ကြလို့ အင်မတန် စိတ်ထဲမှာ ပြည့်ပြီးတော့ သွားကြတယ်၊ နောက် မြတ်စွာဘုရားဆီ ဘိက္ခုနီတွေ ဆောက်လာ၊ ပြန်လွှတ်၊ လွှတ်ပြီးတော့ ရဟန်းများကို အမိန့်တော် ရှိတယ်။

"ဘိက္ခုတို့ ကနေ့တော့ (၁၅)ရက်နေ့ထွက်တဲ့လကြီး ပြည့်နေသလိုပါပဲ၊ သောတာပန်ဖြစ်ချင်တဲ့ ဘိက္ခုနီတွေ သောတာပန် ဖြစ်ကြပြီ၊ သကဒါဂါမ် ဖြစ်ချင်တဲ့ ဘိက္ခုနီတွေ သကဒါဂါမ်ဖြစ်ကြပြီ၊ အနာဂါမ်ဖြစ်ချင်တဲ့ ဘိက္ခုနီတွေ အနာဂါမ်ဖြစ်ကြပြီ၊ ရဟန္တာဖြစ်ချင်တဲ့ ဘိက္ခုနီတွေ ရဟန္တာဖြစ်ကြပြီ၊ (၁၅)ရက်နေ့ 'လ'ကြီးပြည့်သလို အားလုံးအလိုပြည့်ကြပြီလို့" ဗုဒ္ဓမြတ်စွာက မိန့်တော်မူပါတယ်။

သမ္မာဒိဋ္ဌိဖြစ်ဖို့အောင်ယုပ်။ ။ဒါကြောင့်မို့လို့ မိမိတို့ရဲ့ လေးလေးစားစား ပုဂ္ဂိုလ်ရဲ့စကားကို ပြောတာ နားထောင်ပါ၊ ဒီလို သမ္မာဒိဋ္ဌိနဲ့ မိစ္ဆာဒိဋ္ဌိနှစ်ပါးမှာ သမ္မာဒိဋ္ဌိဖြင့်ယင်ပဲ ရှေ့ကို ဝင်လှမ်းရှိလို့ **နေပါတယ်။**

"ဘိက္ခဝေ၊ ဘိက္ခုတို့။ ဤ ခေါ်၊ ဤနည်းအားဖြင့်။ ဘိက္ခု၊ ရဟန်းသည်။ **အရိယံ၊** မြတ်သော။ အင်္ဂဝိကံ၊ အင်္ဂါနှစ်ပါးရှိသော မဂ်ကို။ ဘာဝေတွေ့၊ မိမိသန္တာန်၌ ဖြစ်စေလတ်သော်။ ပဟုလီကရောတွေ့၊ ကြိမ်ဖန်များစွာ အလေ့အလာပြုလတ်သော်။ နိဗ္ဗာန်နိန္နေ၊ နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိသော ဖနတော့သည်။ နိဗ္ဗာန်ပေါ်ကောင်၊

နိဗ္ဗာန်၌ ရှိုင်းချသာ နေတော့သည်။ နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ ညွှတ်ကိုင်းရှိုင်းချ နေတော့သည်။ ဟောတိ၊ ဖြစ်၏။

ဒီ သမ္မာဒိဋ္ဌိ၊ အယူမှန်ကိုပဲ မိမိသန္တာန်မှာ ထပ်ခါ ထပ်ခါ ဖြစ်ပါစေ၊ ဘယ်လိုဖြစ်ကြမှာတုံး၊ မိမိသန္တာန်မှာ လောဘတွေ နဲနဲသွားပြီးတော့ ကုန်စေရမယ်၊ ငါ့သန္တာန်မှာ တပ်မက်တဲ့ရာဂကို နဲနဲသွားပြီးတော့ ကုန်စေရမယ်၊ ငါ့သန္တာန်မှာ ဒေါသတွေ နဲနဲသွားပြီးတော့ ကုန်စေရမယ်၊ ဒိဋ္ဌိ,ဒိနာမ်ကို အကြောင်းပြုပြီးဟော့ ဖြစ်တဲ့ဒေါသတွေ ကုန်စေရမယ်၊ ငါ့သန္တာန်မှာ မောဟတွေ နဲနဲသွားပြီးတော့ ကုန်စေရမယ်၊ ငါ့မှာရှိတဲ့ လောဘတဏှာရာဂတွေ, ဒေါသတွေ, မောဟတွေ မဇကောင်းဘူးလို့၊ ဒီလိုသိပြီးတော့ သမ္မာဒိဋ္ဌိ အယူမှန်နဲ့ အနိစ္စ အနိစ္စ, ဒုက္ခ ဒုက္ခ, အတ္တမရှိဘူး၊ အနတ္တ၊ ဒိဋ္ဌိ ဒိနာမ်သာ ရှိဘယ်၊ ဟဲဒီရုပ်, အဲဒီနာမ်ကလဲ ဖြစ်ပျက် ဖြစ်ပျက်နေတယ်။

ဒီရုပ် ဒိနာမ်တွေကို သာယာပြီးတော့နေတဲ့ တဏှာ လောဘကြောင့် ငရဲကျရတယ်၊ အဲဒီ ရုပ်နာမ်းတွေကို သာယာပြီးနေတဲ့ တဏှာလောဘကြောင့် ပြိတ္တာတွေ ဖြစ်ရတယ်၊ တိရစ္ဆာန်တွေဖြစ်ရတယ်၊ လူနဲ့ လူမဲ့ လူဆင်းရဲတွေ ဖြစ်ရတယ်၊ ဒီရုပ်နာမ်လဲ မကောင်းဘူး၊ ဒီရုပ်နာမ်ကိုစွဲပြီး ရုဂဒေါသတွေလဲ မကောင်းဘူး၊ ဒီ ရုဂ ဒေါသ မောဟတွေကို ပြုတ်အောင် ငါဖြုတ်မယ်လို့ အဲဒီလိုသာ ပွားများလို့ ရှိယင် ရုဂကုန်ပါတယ်၊ဒေါသကုန်ပါတယ်၊မောဟကုန်ပါတယ်၊ အဲဒီ ရုဂကုန်အောင် ဒေါသ ကုန်အောင် ဒီပဋ္ဌာန်းပစ္စည်းနဲ့ စဉ်းစားပြီးတော့ သမ္မာဒိဋ္ဌိ ဖြစ်စေရမယ်။

သမ္မာသင်္ကပ္ပ-ကောင်းတဲ့အကြံပဲ ကြံတော့မယ်လေ၊ ရုဂဖြစ်တဲ့အကြံကို မကြံဘူး၊ ရုဂမဖြစ်တဲ့ အကြံကို ကြံမယ်၊ ဒေါသဖြစ်တဲ့ အကြံကို မကြံဘူး၊ ဒေါသမဖြစ်တဲ့ အကြံကို ကြံမယ်။

သမ္မာသင်္ကပ္ပ ပြီးတော့၊ သမ္မာဝါစာ-ကောင်းတဲ့ စကားကို ပြောမယ်၊ ပုစ္ဆရိုက်ပါတဲ့စကား၊မုသားပါတဲ့စကား—စသည့်စကားတွေကို ငါမပြောဘူး။

၂။ အင်္ဂုတ္တိုရ်၊ တ-တွဲ၊ နှာ-၃၃-၃၄။

သမ္မာကမ္မန္တ-ကောင်းတဲ့အလုပ်ကို ငါလုပ်မယ်၊ ပါဏာတိပါတာ, အဒိန္နာ-ဒါန, အပြာဟ္မစရိယနဲ့ ဆိုင်တဲ့အလုပ်ကို ငါမလုပ်ဘူး၊ ကောင်းတဲ့အလုပ်ကို ငါလုပ်မယ်။

သမ္မာအာဇီဝ- ကောင်းတဲ့ ဆသက်မွေးမှုနဲ့ ဆသက်မွေးပြီးတော့ အခု စွန့်စဆုရှိယင် စွန့်မယ်၊ ပေးစဆုရှိတာ ပေးမယ်၊ လှူစဆုရှိယင် လှူမယ်၊ စားစဆုရှိယင် ခွေခွေတာတာ စားမယ်၊ အဲဒီလိုသာ သွားလိုက်လို့ ရှိယင် ဘယ်မှာ အပါယ်လေးပါး ကျူနိုင်တော့မလဲ၊ ဘယ်မှာ စူဠသောတာပန် ကတော့မလဲ၊ စူဠသောတာပန် အထက်တက်ပြီးတော့၊ မဟာသောတာပန်နား ကပ်ပြီးတော့ အပါယ်လေးပါးက တခါတည်းလွတ်ကဲ့ ပုဂ္ဂိုလ်ဖြစ်နိုင်ပါတယ်။

ဒါကြောင့်မို့လို့ ပေါ့ပေါ့ဆဆ တရားနာရုံတင်မဟုတ်ပဲနဲ့ ဒီဇရားကို တို့လိုက်နာစရာ တရားပါလားလို့ သဘောထားပြီးတော့ ကိုယ်တိုင်ကိုယ်ကျ ပေါ့လေ၊ ဒီ မဂ္ဂင်တရား မဂ္ဂပစ္ဆာညီးကို အကြောင်းပြုပြီးသကာလ ငါတို့ဟာ ဒီ မဂ္ဂင်တရားကို အကြောင်းပြုပြီးတော့ နိဗ္ဗာန်အထိ သွားမယ်လို့ အဲဒီလို နှလုံးသွင်းကြပါ။

နာနာပဟာရဒ္ဒနာနာနိ၊ ဗောဓိတာနေတ္ထ မုနိနာ။
ဇာနန္တိနယပဒ္ဒာနံ၊ ဝန္ဒေ အနန္တဇဂါစရံ။

တွေ့၊ ဤအနန္တနယ သမန္တပဋ္ဌာန်းကျမ်းတော်ကြီးဟု။ မုနိနာ၊ မုနိထုတ်တင် ဘုရားရှင်သည်။ နာနာပဟာရဒ္ဒနာနာနိ၊ ဟောတို့, အာရမ္မဏာစသည်မျာ၊ စွာ အကြောင်းအရာတို့ကို။ ဗောဓိတာနိ၊ သဗ္ဗညုတာ ဉာဏ်ဟော်သာဖြင့် ဉီးစွာကျွန် သိပြီးမှလျှင် များလှဝေနေ သိစေတော်မူခဲ့လေပြီ။ အနန္တဇဂါစရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်တော်၏သာ ကျက်စားရာ ဖြစ်တော် မူသော။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ် နည်းစုံကြွယ်သော၊ ကြီးကျယ်မြင့်မော် ထိုပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါ ကြုံခဲစွာဖြင့် ကြုံလာသည့်ခိုက် ဉီးမြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု.....သာဓု..... သာဓု။

အခြေပြု ပဋ္ဌာန်းတရားတော်

သတ္တရသမန္နေ

၁၃၃၅-ခု၊ တန်ခူးလဆုတ် (၈) ရက်။
၁၉၇၃-ခု၊ ဧပြီလ (၂၅) ရက်၊ ဗုဒ္ဓဟူးနေ့။

သံ ဃ ဂ စတ္ထု ဂ-ပါး

အမိဝမ်းခေါင်း၊ ဆယ်လည်ပင်းမျှ၊ အောင်းခဲ့ရချေ၊ တည်သန္ဓေ
နှင့်၊ လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အို့နာ့သေရေး၊ ဒုက္ခဘေး
ကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ထိုင်ထိုင်ဒုက္ခ၊ ခံပြီးမှလည်း၊
မျှားလှ ပါယ်ရွာ၊ ရောက်ကြရာ၏၊ အတိတရှေး၊ ဤဝဋ်ဘေးကြောင့်၊
နောင်ရေး နာဂတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊
အစာရှာရ၊ ထိုဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူငါငါ၊
မသက်သာသည်၊ ရှစ်ဖြာသံဃ ရကြောင်းတည်း[1]။

သာဓု..... သာဓု..... သာဓု။

ခြေတလှမ်းဌဲ့ ခြောက်ခြမ်းခဲ့ရှု

အို-အို-လူမျှား၊ သတိထားလော့၊ သွားဆဲကာလ၊ ခါသမယတွင်
ပထမခြေလှမ်း၊ ရုပ်နာမ်တမ်းတို့၊ လှမ်းဒုတိယ၊ မရောက်ကြုတ်၊ ဒုတိယ
လှမ်း၊ ရုပ်နာမ်တမ်းလည်း၊ လှမ်းတတိယ၊ မရောက်ကြခင်၊ တလှမ်း
တွင်လည်း၊ မြော်က်စဉ်တမျှိုး၊ ရှေ့တိုးတဖုံ၊ ရှောင်တုံတဝ၊ အောက်ချ
တခင်း၊ ထိခြင်းတလော၊ ဖိနင်းစေ့အောင်၊ တရွေ့ရွေ့မြန်း၊ အခန်းခန်းဌဲ့၊
ခြေလှမ်းပိုင်းခြား၊ စိတ်ခြောက်ပါးဝယ်၊ သွယ်သွယ်နာမ်တမ်း၊ ရုပ်နာမ်

၁။ သံ၊ဌ၊ခ၊နှာ-၂၀၀။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ-တွဲ၊ နှာ–၁၃၁။

တမ်းတို၊ နှမ်းအိုးကင်းထက်၊ နှမ်းတွေကျက်သို၊ ဖြစ်ပျက်နေရ၊ အနိစ္စသည်၊ ဒုက္ခ၊ အနတ္တချည်းတည်း[1]။

သာဓု..... သာဓု .....သာဓု။

သန်ါရဒ္ဒ် လက္ခဏာရေးတင်ချ်ရ

ရွပ်နာမ်နှစ်ဝ၊ သန်ါရဟု၊ ကိုယ်အစု၏၊ ခုဖြစ် ခုပျက်၊ မမြဲခွက်ကို၊ ကွက်ကွက်ကွင်းကွင်း၊ ညာဏ်ရောင်လင်းက၊ ယင်းသည့် ကားယ၊ ဟူသမျှ၌၊ အနိစ္စချည်းသာ၊ ငြီးငွေ့လာ၊ မှန်စွာ စင်ကြယ်ကြောင်း။

ရွပ်နာမ်နှစ်ဝ၊ သန်ါရဟု၊ ကိုယ်အစု၏၊ ခုဖြစ် ခုပျက်၊ ဆင်းရဲချက်ကို၊ ကွက်ကွက်ကွင်းကွင်း၊ ညာဏ်ရောင်လင်းက၊ ယင်းသည့်ကာယ၊ ဟူသမျှ၌၊ ဒုက္ခချည်းသာ၊ ငြီးငွေ့လာ၊ မှန်စွာ စင်ကြယ်ကြောင်း။

ရွပ်နာမ်နှစ်ဝ၊ သန်ါရဟု၊ ကိုယ်အစု၏၊ ခုဖြစ် ခုပျက်၊ သက်မဲ့ချက်ကို၊ ကွက်ကွက်ကွင်းကွင်း၊ ညာဏ်ရောင်လင်းက၊ အနတ္တချည်းသာ၊ ငြီးငွေ့လာ၊ မှန်စွာစင်ကြယ်ကြောင်း။

အသံဒ္ဒ် လက္ခဏာရေးတင်ချ်ရ

'က'သံတခု၊ ဖြစ်ပေါ်မှုဒ္ဒ်၊ စိတ်တု စေ်စေ်၊ ရွပ်တုဖြစ်ဖို၊ သစ်သစ်ပေါ်စေအောင်၊ အတော်ဆောင်သည်၊ ဆောင်သည့် ရွပ်ဓာတ်၊ ထိုကလာပ်တွင်၊ စိတ်ဓာတ်၊ ပထဝီ၊ ကမ်ပထဝီတို၊ အလီလီ ဖြစ်ပေါ်ပုတ်တိုက်ခါမှ၊ 'က'သံပီပီ၊ နှုတ်ဒ္ဒ်မည်သည်၊ ထိုကျ ဖြစ်နိစ္စ၊ မှတ်ကုန်ကြ· ထိုကျ ဒုက္ခ၊ မှတ်ကုန်ကြ၊ ထိုကျ အနတ္တ မှတ်ကုန်ကြ။

သာဓု.....သာဓု..... သာဓု။

ရှင်းတော့လဲ ဆင်မတန်ကောင်းတဲ့ တရားအရသာတွေ ရှိနေတယ်၊ မကုန်နိုင်ဖောင်ပေါ့လေ၊ ဒီတော့ မကုန်နိုဝ်သလောက် ခဲ့ပြီးတော့ ဟောနေပြန်လို

၁။ ဒီဃဘာနဏ-၁၇၂-၃။ မဇ္ဈိမဘာနဏ-၂၆၅။ သံယုတ္တဘာနဏ-၂၂၄-၅ အဘိဓမ္မဘာနဏ-၃၃၉။

ရှိယင် မပြီးနိုင်တော့ဘူး၊ ဒါကြောင့် ပဋ္ဌာန်းနဲ့ ဆိုင်ရာကိုတော့ကနေတခန်း ရပ်ကြည့်စို့ရဲလို့ အဲဒီလို ပြောထားတယ်၊ ပဋ္ဌာန်းပစ္စည်းက ခုမှ (၁၈)ပစ္စည်း ကုန်ပါသေးတယ်၊ (၆) ပစ္စည်းလောက် ကျန်နေပေမယ်လို့ သဘောပြော တော့ သင့်ရုံကလေးပြောယင် ဖြစ်နိုင်တယ်လို့ ယူဆပြီးတော့ ဒီနေ့ပြီးအောင် ပြောရပါ့မယ်။

၁၉။ သမ္မယုတ္တပစ္စယော (သမ္မယုတ္တပစ္စည်း)

သမ္မယုတ္တပစ္စယော၊ စတုမဓူ ဆောစပ်မှုနှင့် နည်းတူလှစ္စာ ယှဉ်ကြွထုဝယ် မကွာသဘော လိုက်လျောနိုင်သော သမ္မယုတ္တ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး ပစ္စည်းတရားသည်းဖြစ်၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမဟုတ်သော တရားသဘောသာ ထင်ရှားရှိပါပေသည်ဘုရား။ (မနေ့တုန်းက ပုဂ္ဂိုလ်သတ္တဝါ သူငါမရှိ၊ အတ္တမရှိလို့ မဓနုကမှ ပြောခဲ့ရတယ်၊ပဋ္ဌာန်းပစ္စည်း တိုင်းက ဒီအဓိပ္ပာယ်ကို ပြနေပါတယ်။)

အတ္ထိ၊ပုဂ္ဂိုလ်သတ္တဝါသူ ငါ မနော်ဘယ်ပုဂ္ဂိုလ်ရယ်လို့ ရှိလိမ့်မတုံး၊ဒီတရား သဘောဟော်သာ ရှိတယ်၊ သတ္တဝါလို့ ထင်စရာပေမယ်လို့ ဘယ်မှာသတ္တဝါ ရှိလိမ့်မတုံး၊ ဒီတရားသဘောတွေသာရှိတယ်၊ ငါလို့ အကောင် အထည်လို့ အသက်ကောင် လိပ်ပြာကောင်လို့ တလောကလုံးက ယူဆနေပေမယ်လို့ ပုဒ္ဓ မြတ်စွာက မရှိဘူး၊ အတ္တမရှိဘူး၊ အတ္တကို ထာမျိုးမျိုး နာမည်ဘပ်ပြီးတော့ နေကြပေမယ်လို့ အတ္တမရှိဘူး။

ဒီရပ်ဘဆုး ဥာဏ်ဘရားတွေသာ ဆိုင်ရာကိစ္စကို စဆောင်ရွက်နေကြတယ်၊ "အတ္ထိ၊ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မနော် တရားသဘော ထင်ရှားရှိပါ ပေသည်ဘုရား"လို့ ဒါလောက် သိသွားတော့ ဒါလောက် မြင်သွားတော့ လောကမှာ ဖြစ်ပျက်နေကြတဲ့ လောကမှာ အရေားတကြီး ကြိုးစားနေကြတဲ့ ကိစ္စတွေ ရေဖြစ်ကုန်တာပဲ ရေဖြစ်ကုန်တာပဲ၊ အင်မတန် ပိုတဲ့ကိစ္စတွေပဲ။

သမ္မယုတ္တသဘော။ ဒီ သမ္မယုတ္တပစ္စည်းကို ပုဒ္ဓမြတ်စွာ ဟောစတော်မူတာ ကလဲ "သံ"က သမပြိုးတော့ နေအောင်၊ "ပ"က ဇောပါဒ-အာဟုဖြစ်ဘာသ်၊ ဇောနိဇောခ-အတူချုပ်တယ်၊ ကောလမ္ဘက-အာရုံ

တခုခုကို အာဘူတူဝိုင်းပြီးတော့ ယူကြတယ်၊ ကဝဝတ္ထုကာ အာရုံစာခုနှုကို ဝိုင်းပြီးတော့ မှီကြတယ်။

ဥပမာ– စိတ်ရယ် စေတသိက် (၃၃) လောက်ရယ် အတူဝူဖြစ်ကြပြီ၊ အတူတူဖြစ်ကြပြီ ဆိုလို့ရှိယင် သမသွားတာပဲ၊ ဒီတရုးက ဒီသဘောက စိတ်ရဲ့သဘော၊ ဒီသဘောက ဖဿရဲ့သဘော၊ ဒီသဘောက ဝေဒနာ၊ သညာရဲ့သဘောလို့ ခွဲမရဘူး၊ သမသွားတယ်၊ အဲဒီ အတူဖြစ် အတူချုပ်၊ အဲဒီအာရုံတခုကို အတူယူ၊ မှီရုဖြစ်တဲ့ဝတ္ထုရုပ်ကို အတူမှီ၊ ဒီလို အပြားပြားဖြင့် ယှဉ်နေတဲ့ နေရာမှာ သမဓနအောင် ခွဲလို့မရအောင် ယှဉ်ကြတယ်။

စတုမဓူဥပမာ။ ။ဥပမာ - ဘာနဲ့တူတုံးလို့ဆိုတော့ စတုမဓူချက်တဲ့နေရာမှာ ပျားရည်, ထောပတ်, သကာ, ဆီ၊ အမွှေကောင်းကောင်း နဲ့ မွှေလိုက်တာ သမသွားတယ်၊သမသွားပြီးလို့ မြိုးကြည့်တော့ ဒီအရသာက ပျားရည်ရဲ့အရသာပဲ၊ ဒီအရသာက သကာရဲ့ အရသာ၊ ထောပတ်ရဲ့ အရသာ၊ ဆီရဲ့အရသာ ခွဲလို့မရတော့ဘူး၊ ဖောကုန်လုံး သမသွားပြီးတော့ ဖအရသာတမျိုးတည်း စုနေကြတယ်။

အဲဒါလိုပဲ၊ စိတ်ရယ် ဖဿ ဝေဒနာ သညာ စတဲ့ စေတသိက်တွေရယ် အာရုံတခုခုယူပြီးတော့ တပြိုင်နက်ဖြစ်ကြပြီဆိုယင် သမသွားတာပဲ၊ ဒီသဘောက စိတ်ရဲ့သဘောလို့ ခွဲပြီးတော့ မသိနိုင်ဘူး၊ ဒီသဘောက ဖဿရဲ့သဘော၊ ဝေဒနာရဲ့ သဘော၊သညာရဲ့သဘောလို့ ခွဲပြီးတော့ မသိနိုင်ဘူး၊အဲဒါ၊ လောက် ယှဉ်ပြီး လုပ်နေတဲ့ တရားတော်ဝေးကို ပုဒ္ဓမြတ်စွာကတော့သိတော်မူတယ်ကို၊ အကယ်၍မျာ၊ ဗုဒ္ဓမြတ်စွာပဉ့်တော်မူလို့ရှိယင် ဘုန်းကြီးတို့က အဲဒီဇ ချိန်မှာ ဇာတ်လို့ စိတ်နဲ့ စေတသိက်ကို အတ်လို့စဲမှာ၊ စဲကို စဲခဲ့ကြပြီ။

ဗုဒ္ဓမြတ်စွာက မဟုတ်ဘူး၊ ဒီအာရုံကို သိတဲ့အချိန်မှာ ဖဿလဲပါဘယ်၊ ဝေဒနာ သညာလဲ ပါတယ်၊ သညာက အာရုံကို မှတ်သားတယ်၊စိတ်ကအာရုံကို ရအောင်ယူထယ်၊ ကုသိုလ်ဖြစ်တယ်ဆိုလို့ရှိယင် သဒ္ဓါက ယုံကြည်တယ်၊ ဆတိက အာရုံကို အမှတ်ရနေတယ်၊ အဲဒီလိုပေါ့လေ။

ပုဒ္ဓမြတ်စွာက ခွဲဟောတော်မူလိုက်တာ၊ ပုဒ္ဓမြတ်စွာက ဆမပြီးတော့နေတဲ့ တရားတွေကို တမျိုးစီ တမျိုးစီ ခွဲတော်မူလိုက်တာ၊ ဘယ်လောက်များ ဉာဏ်တော်ကြီး အံ့သြစရာကောင်းတုံး၊ အဲဒီလို မခွဲနိုင်ကြလို့ ပုဒ္ဓမြတ်စွာ မပွင့်တဲ့ အချိန်ကျတော့ကော ဟို _ အာရုံကလေး မြင်တယ်ဆိုယင် အတွက မြင်တာ၊ ဟို ...အသံကြားတယ်ဆိုယင် အတွက ကြားတာ၊ ဟို အရသာကို ထင်ယောတယ် ဆိုယင် အတွက သာယာတာ၊ဟို ကမ္ဘာကြီးရွေးကတည်းကိုက ပညာရှိဖြစ်ခေါ် ခံတဲ့ ပုဂ္ဂိုလ်တွေက အတွက်ဆိုတဲ့ အဆုဝတ္ထုကလေးတမျိုး သွင်းထားလိုက်ကြ တယ်၊ ဒါ တရားသဘောမသိယင် သွင်းရမှာပဲ။

ဘုရားရှင် ပွင့်လို့သာ။ ။ဒါကြောင့်ဘုန်းကြီးတို့မှာတော့လေ၊ ဒီတရားတွေနဲ့ ပုဒ္ဓမြတ်စွာရဲ့ အာရုံကို ယူပြီးတာ့ အမျှားစုပေါ့ လေ၊ ရဟန်းရှင်လူ ခပ်သိမ်းသူတွေ့ လုပ်ကိုင်နေကြတဲ့ အလုပ်တွေဟာ သင့်ရုံ တော်ရုံမကဘူး၊ မှားကုန်ကြပြီ၊ မှားကုန်ကြလို့ လောဘတွေ့ ကြီးကုန်ကြပြီ၊ ဒေါသတွေ့ ကြီးကုန်ကြပြီ၊ လောဘ ဒေါသတွေ့ ကြီးကုန်ကြလို့မို့ ဒီတင် ဒုစရိုက်တွေ့ ပြုလို့၊ အပါယ်ကို ကျရပြီ၊ ကျခဲ့လုပြီ၊ ကျကြဦးမှာပဲနဲ့ ဒီလိုမြင် နေတာ့ ပုဒ္ဓမြတ်စွာကို ကျေးဇူးတင်လိုက်တာလေ။

အင်း—ပုဒ္ဓမြတ်စွာတည်းဟူသော "ဓနမင်း"သာ ပေါ်ထွန်းမလာယင် တော့ ပုဒ္ဓမြတ်စွာတည်းဟူသော "လမင်း"သာ ပေါ်ထွန်း မလာယင် လောကကြီး ဟားမှောင်ကြီးဖြစ်နေခဲ့ဘယ်ဆိုတာ ဟုတ်တယ်၊ ဘာမှမသိကြဘူး၊ အမှောင်ကြီး ဖြစ်မယ်ဆိုတာ မှန်တယ်၊ ဘာမှ မသိခဲ့ကြဘူး၊ ယခု လေး အသစ်ချိန်နဲ့ ကမ္ဘာဘသိန်း ပါရမီဓာတ်တွေ့ အနည်းဆုံး ဖြည့်ခဲ့ပြီးတော့ ကြီးကျယ်တဲ့ ဉာဏ်ဓာတ်ရှင်အဖြစ်နဲ့ ပုဒ္ဓမြတ်စွာတည်းဟူသော "နေမင်း"ကြီး ထွက်လာလို့ သိရတယ်ကိုး၊ တဆင့်သိရတယ်ကိုး၊ ဘယ်လောက် ကောင်းသလဲ၊ တဆင့်သိရတဲ့ အသိကိုပဲ အမျှားလိုက်လို့ မမီဘူး။

ဆိုပါတော့ပေါ့၊ ကမ္ဘာသူကမ္ဘာသား အမျှားလိုက်လို့ မမီဘူး၊ တဆင့် သိရတာ၊ တဆင့်သိရတာ၊ အသိကလေးလဲ မကြီးကျယ်သေးဘူး၊ အဲဒါ ကောင် လိုက်လို့မမီသေးဘူး၊ ဘုန်းကြီးတို့က ဒီအခြေအနေ ကြည့်ပြီးတော့ အင်မတန် ဝမ်းမြောက်နေပါတယ်။

သမ္မယုတ္တာပစ္စယော၊ စတုမဟာရောစပ်မှုနှင့် နည်းတူလှစ္စာ ယှဉ်ကြရာ၀ယ် မက္ခာသဘော လိုက်လျောနိုင်သော သမ္မယုတ္တာသတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော နာမ်ခန္ဓာလေးပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တ၀ါ သူငါမနှော တရားသဘောသာ ထင်ရှား၊ ရှိပါပေသည်တကား။ ဤတိ၊ ဤသို့။ ပေါဓေန်တံ၊ သမ္ပယုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှ၀ေနေ သိစေတော်မူသော မြတ်စွာဘုရားအား။ ၀န္ဒာမိ၊ ဂုဏ်တော် ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာဒရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု.....သာဓု.....သာဓု။

၂၀။ စိပ္ပယုတ္တာပစ္စယော (စိပ္ပယုတ္တာပစ္စည်း)

ပစ္စည်းနှစ်မျိုးကလေ၊ နောက်ပစ္စည်းက စိပ္ပယုတ္တာပစ္စည်း-တဲ့။

သမ္မယုတ္တာပစ္စည်းက ခဲမရအောင် ယှဉ်တယ်၊ စိပ္ပယုတ္တာပစ္စည်းက ယှဉ်ကို မယှဉ်ဘူး၊ ယှဉ်ပြီးထော့ မကျေးဇူးပြုတာက မဆန်းဘူး၊ အတူတူ ယှဉ်ပြီးတော့ ခရီးအတူတူ သွားပြီးတော့ တယောက်တယောက် ကျေးဇူးပြုတာ မဆန်းဘူး၊ ယခုတော့ မယှဉ်ဘူးတဲ့၊ မယှဉ်ပေမဲ့ ကျေးဇူးပြုတယ်တဲ့၊ ဉာဏ်တော်ထမျိုး လာပြန်တယ်။

စိပ္ပယုတ္တာပစ္စယော၊ ရသာခြောက်ပါး ပေါင်း၍ထားသို့ နှစ်ပါးရုပ်နာမ် ပစ္စယုပ္ပန်ပစ္စည်း တချိန်တည်း၀ယ် သီးသီးတွဲကြွေ ဆုံမိကြွေလည်း ဆန့်ကျင် သဓာဘော မလိုက်ဏုပဲ ကျေးဇူးပြုနိုင်သော စိပ္ပယုတ္တာသတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော သဟဇာတစိပ္ပယုတ်, ပုရေဇာတစိပ္ပယုတ်, ပစ္ဆာဇာတ စိပ္ပယုတ် တရားသုံးပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တ၀ါ သူငါမနှော တရားသဘောသာ ထင်ရှား၊ ရှိပါပေသည်တကား။ ဤတိ၊ ဤသို့။ ပေါဓေန်တံ၊ သမ္ပယုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှ၀ေနေ သိစေတော်မူသော မြတ်စွာဘုရားအား။ ၀န္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာဒရိုကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

သုတ္တန်နည်းပါမှ နာလည်ကြ။ ။ပြောင်းပြန် ပြောင်းပြန်၊ သမ္မယုတ္တပစ္စည်း ကယ့်ဉီပြီးတော့မှ အချင်းချင်း ကျေးဇူးပြုတယ်၊ ဝိပ္ပယုတ္တပစ္စည်းက မယ့်ဉီပါဘူးတဲ့၊ မယ့်ဉီပေမဲ့လို့ ကျေးဇူးပြုနေပြန်ရော၊ ဒါက အင်မတန်သိဖို့ပေါ့ ကောင်းတာပေါ့လေ၊ ဒါပေမယ့် လူမျာ်းက နည်းလည်ဖို့ မလွယ်ပါဘူး၊ နားလည်ဖို့ မလွယ်ပဲနဲ့ ဆရာဘုရားက ဘယ့်နယ်ကြောင့် ဟောပြီးတော့ သုတ္တန်နည်းတွေ ထည့်သွင်း ဟောနေရသတုံးလို့ ဆိုတော့-

ဗုဒ္ဓမြတ်စွာ တာဇတိသာနဇာတ်ပြည်မှာ အဘိဓမ္မာတရား ဟောတော်မူတော့ နာလို့လဲကောင်းတယ်၊ နတ်တွေဉာဏ်ကြီးတော့ တော်တော်လဲ နားလည်ကြတယ်၊ ဒါပေမယ့်တရားမရကြဘူး၊ တရားရဖို့ရန် ကြားထဲမှာ သုတ္တန်သွင်းသွင်းပြီးတော့ ဟောတော်မူရပါတယ်၊ အဲဒီ သုတ္တန်တရား ဟောတော်မူလိုက်မှ နတ်တွေ သဘောပေါက်ပြီးတော့လေ တရားရကြတယ်။

ဘုန်းကြီးက အဲဒီနည်းကို မှီပြီးတော့၊ အဘိဓမ္မာသက်သက် ဟောလို့ရှိယင် ဒီပရိသတ် စိတ်ပင်စားဖို့ မသွယ်ဘူး၊ ဒါကြောင့် သုတ္တန်ကိုများများသွင်းပြီး ဟောပေးမှ ဒီပရိသတ် စိတ်ဝင်စားမယ်ဆိုတာကို၊ ဇာတုယူပြီးတော့ သုတ္တန်ကို များများသွင်းပြီးတော့ ဟောပေးနေတာ။

ဝိပ္ပယုတ္တပစ္စည်း ကျေးဇူးပြုပုံ။ ။ဝိပ္ပယုတ္တ ပစ္စည်းဆိုတာ ဟို ဟောတုပစ္စည်း ကတည်းကိုက စိတ်ဖြစ်ယင်စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ ဖြစ်တယ်၊ စိတ္တဇရုပ်ဖြစ်ဘာမှ အတူဘူဖြစ်တာ၊ အတူတူ ဖြစ်ပေမယ့် ယ့ဉီကြသလားဆိုတော့ မယ့်ဉီပါဘူး၊ သမနေအောင် ညီမျသလား၊ မညီမျပါဘူး၊ မညီမျယင် ကျေးဇူးမပြုဘူးလားဆိုတော့ ကျေးဇူးပြုပါတယ်။

ဘယ်လိုနည်းနဲ့ ကျေးဇူးပြုတုံး၊ မယ့်ဉီပေမယ်လို့ ဝိပ္ပယုတ္တသတ္တိနဲ့ အချင်းချင်း ကျေးဇူးပြုနေကြတယ်၊ တယ်ကောင်းတယ်၊ တယ်ကောင်းတယ်၊ အဲဒီ ဟောတုပစ္စည်းနဲ့ ဆိုင်ရာကလဲ ပဋိသန္ဓေအချိန်မှာ ပဋိသန္ဓေစိတ်ဖြစ်တယ်၊ကမ္မဇရုပ်ဖြစ်တယ်၊ ကလာပ်သုံးစည်းဆိုတဲ့ ရုပ်ကလေးတွေဖြစ်တယ်၊ အဲဒီကလာပ်သုံးစည်းဆိုတဲ့ ရုပ်နဲ့ စိတ်နဲ့ မယ့်ဉီပါဘူး၊ သမ ဘယ်တော့မှ သမ ဖြစ်အောင် မရပါဘူး၊ သဖြစ်ခအောင် မယ့်ဉီပေမဲ့ ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော်နဲ့ ကြည့်လိုက်တော့ အချင်းချင်း ကျေးဇူးပြုနေကြတယ်၊ လူ့ဘုံမှာဆိုလို့ရှိယင် အဲဒီ

ရုပ်သုံးခု မပါလို့ရှိယင် စိတ်ကိုမဖြစ်နိုင်ဘူး၊ စိတ် စေတသိက်ကို မဖြစ်နိုင်ဘူး၊ စိတ် စေတသိက် မဖြစ်နိုင်လို့ရှိယင် ရုပ်သုံးပါးလဲ မဖြစ်နိုင်ဘူး။

တခါ စိတ် စေတသိက် မပါယင်လဲ ခုနက ကလာပ်သုံးစည်း ရုပ်သုံးခု မဖြစ်နိုင်ပါဘူး၊ အဲဒါ ကျေးဇူးပြုနေကြတာပါပဲ၊ ဒုခုင်းခုင်း ကျေးဇူးပြုနေကြတာ၊ သတ္တိကဘာဝ ပဋ္ဌာန်းပစ္စည်းလဲမှာ ဟေတုသတ္တိနဲ့လဲ ကျေးဇူးပြုတယ်၊ သဟဇာတသတ္တိနဲ့လဲ ကျေးဇူးပြုတယ်၊ ဥပနိဿယသတ္တိနဲ့လဲ ကျေးဇူးပြုထယ်၊ ဒါတွေ သိပ်ပြီးတော့ သိနေဖို့ ပြောနေဖို့တော့ စောင်းဟာပေါ့၊ ဉာဏ်ကြီးဖို့တော့ ကောင်းတာပေါ့၊ တရားရပို့တော့ မဟုတ်ပါဘူး၊ ဉာဏ်ကြီးတော့ ကြီးပါတယ်။

ဒီစီပွယုတ္တပစ္စည်းကို ဆရာတော်၊ ရှေးဆရာတော်များက အရသာခြောက်ပါး ဆောထားတယ်လေ၊ "ချို, ချဉ်, စပ်, ဖန်, ငန်, ခါး" အရသာခြောက်ပါး ဆောထားတဲ့ ပစ္စည်းတခုကို၊ ဆိုပါတော့ပေါ့၊ စားစရာတခု၊ အရသာ ခြောက်ပါး ဆောထားတော့ အဲဒီ စားရသာခြောက်ပါ၊ဟာ သမုဒ္ဒပြီးတော့ တထပ်ထဲ သွားသလား၊ မသွားဘူး၊ အရသာခြောက်ပါး ကဲ့နေတာပဲ၊ အရသာခြောက်ပါး ကဲ့နေတာ သိသာပါရဲ့။

အရသာခြောက်ပါး ကဲ့နေလို့များ အချင်းချင်းတော့လဲ ကျေးဇူးမပြုဘူးလို့ မထင်လိုက်နဲ့၊ ဟင်းချက်တာပဲပေါ့လေ၊ စပ်တဲ့အရသာပါမှ၊ အံမယ်၊ နဲနဲကလေး အချဉ်ကလေးများ ထည့်လိုက်ယင် ကောင်း၊ အံမယ် ဟယ် ဟယ်နော်၊ အံမယ် အချဉ်ကလဲ ပါမှ၊ ဟာချိုနဲနဲပေါ့သလားလို့ အချို ကလေးလဲပါမှ၊ အငန်က မပါပဲကိုး၊ အငန်ကလေးလဲပါမှ အရသာကလေး၊ ဒီဟင်းတခုဟာ ကျေးဇူးပြုနိုင်တာ၊ ကောင်းတဲ့ ဟင်းကိုလို့ ချီးမွမ်းလေးဖောင်လို့ ကျေးဇူး ပြုနိုင်တဲ့ ဥစ္စာဟာ အရသာခြောက်ပါး ဆောထား ဓာတ်မယ်လို့ ဟင်းချင်း သမသွေးဒပမယ် ပို့ ဒအချင်းချင်း ကျေးဇူးပြုတယ်၊ ဟင်းတခွက် ဟင်းတမျိုး ကျေးဇူးပြုနေပုံသာ ကြည့်တော့။

ဒါကြောင့် စီပွယုတ္တပစ္စယော- ရသာခြောက်ပါး ဟောင်းခြင်းထား သို့ နှစ်ပါး ရုပ်နာမ် ပစ္စယုပ္ပန်ပစ္စည်း တခြိန်တည်းဝယ် ကျေးဇူးပြုကြ ထုံစံကြလည်း သမသဘော မလိုက်လျောသော စီပွယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော သဟဇာတစီပွယုတ်—တဲ့။

ဒါက သဟဇာတပစ္စည်းတုန်းက ကျေးဇူးပြုပုံကို ဘုန်းကြီးပြောခဲ့ပြီနော်၊ အတူတကွဖြစ် အတူတူဖြစ်၊ အတူတကွ ဆုံမိကြတယ်၊ ရုပ်နဲ့နာမ်နဲ့၊ နာမ်ဆိုတာ စိတ် စေတသိက်ပါ၊ ရုပ်နဲ့နာမ်နဲ့ ဆုံမိတော့ ရောလား မရောဘူးလား၊ ကျေးဇူး မပြုဘူးလား၊ ပြုတယ်၊ ဒါ သဟဇာတဝိပ္ပယုတ်။

ပုရေဇာတဝိပ္ပယုတ်-ရှေးကနေပြီးတော့ ရှုပါရုံက အာရုံဖြစ်၊ ဆိုပါတော့ ပေါ့လေ၊ စက္ခုဝတ္ထုက အာရုံဖြစ်၊ စက္ခုပသာဒက အာရုံဖြစ်၊ နောက်က စက္ခုဝိညာဏ်ဖြစ်၊ ရှေ့နဲ့ နောက်နဲ့တော့ နဲနဲလေးကွာတယ်၊ ကွာပေမယ့်လို့ ကျေးဇူးမပြုဘူးလား သိပ်ပြုတာပဲ၊ သိပ်ပြုတာပဲ၊ ဒါ ပုရေဇာတဝိပ္ပယုတ်။

ပစ္ဆာဇာတဝိပ္ပယုတ်-အရင် ရုပ်ခန္ဓာကြီး ဖြစ်ပြီးတဲ့နောက် စိတ်စေတသိက်တွေ နောက်က ဖြစ်လိုက်လာတာ ရှိတယ်၊ နောက်က ဖြစ်လိုက်လာတဲ့ စိတ် စေတသိက်တွေကလဲ ရှေးက ဖြစ်ပြီးသား ဖြစ်တဲ့ ရုပ်ခန္ဓာကြီးကို ကျေးဇူး ပြုနေတာ၊ စိတ်ထက်သန်သို့ ရှိယင် ရုပ်တွေ လန်းလာတာသာ ကြည့်တော့၊ စိတ်က လျော့ညံ့သွားလို့ ရှိယင် ရုပ်က ညှိုးသွားတာသာ ကြည့်တော့၊ ဒီတော့ ပစ္ဆာဇာတဝိပ္ပယုတ်က နောက်က နေပြီးတော့ ကျေးဇူး ပြုနေပါတယ်၊ ပစ္ဆာဇာတဝိပ္ပယုတ်က သူမျှားနဲ့ မထောဘူး၊ ကျေးဇူးမပြုဘူးလား၊ သိပ်ပြုတာပဲ။

ဝိပ္ပယုတ္တပစ္စယော၊ ရသာခြောက်ပါး ပေါင်းရှိထားသို့ နှစ်ပါးရုပ်နာမ် ပစ္စယုပ္ပန်ဖစ္စည်း တချိန်တည်းဝယ် ကျေးဇူးပြုကြ ဆုံမိကြလည်း သမဆဇောမလိုက်လျောသော ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော သဟဇာတဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်, ပစ္ဆာဇာတဝိပ္ပယုတ် တရားသုံးပါး ပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမဒန္နာ တရားသဘောသာ ထင်ရှားရှိပါပေသည်ဘကား။ ဣတိ၊ ဤသို့။ ဗေဒဂူဋ္ဌံ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျွန် သိပြီးမှလျှင် မျှားလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာပဏာမရိကျိုး လက်စုံမိုးချီ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု.....သာဓု.....သာဓု။

၂၁။ အတ္ထိပစ္စယော (အတ္ထိပစ္စည်း)

အတ္ထိပစ္စည်းတဲ့၊ ဇအတ္ထိပစ္စည်းက ရှိတယ်၊ ရှိပြီးတော့ ကျေးဇူးပြုတယ်၊ ဒါက ဘုန်းကြီးတို့ ရှေးတုန်းက ပြောခဲ့ပြီးတွေ့၊ သဟဇာတပစ္စည်းတုန်းက သဟဇာတပစ္စည်းဟာ ပစ္စည်းကော အကျိုးပြုခံရတဲ့ ပစ္စယုပ္ပန်ကော ဂို့ကိုရှိတယ်၊ မရှိပဲနဲ့ ကျေးဇူးမပြုပါဘူး။

ပုရေဇာတပစ္စည်းဆိုတာလဲ ရှိကိုရှိတယ်၊ ပစ္စည်းကလဲ ရှိရဲ့တယ်၊ ပစ္စယုပ္ပန်ကလဲ ရှိရတယ်၊ အဲဒီလိုဆိုနေတဲ့ဥစ္စာကို အတ္ထိ ဒီလို ခေါ်ပါတယ်၊ ခုနက ပစ္ဆာဇာတပစ္စည်း ဆိုတာလဲ ရှိကို ရှိရတယ်၊ ဒါကို ပစ္ဆာဇာတတို့၊ အစာ အာဟာရစတွေက ခန္ဓာကိုယ်ကို ကျေးဇူးပြုနေရတယ် ဆိုတာ ရှိကို ရှိနေရတယ်၊ အဲဒီရှိတုန်းမှာ ကျေးဇူးပြုလို့မို့ အာဟာရတို့၊ ဣန္ဒြိယတို့ ဆိုတာ ရုပ်ဇီဝိတိန္ဒြေက ဟိုတနေ့တုန်းက ပြောခဲ့တဲ့ ဇီဝိတက ခန္ဓာကိုယ်ကို ကျေးဇူးပြုနေတယ်လို့ ပြောခဲ့တယ်မဟုတ်လား၊ ပစ္စည်းတရားကလဲ ရှိရတယ်၊ ကျေးဇူးပြုခံနေရတဲ့ ပစ္စယုပ္ပန်တရားကလဲ ရှိနေရတယ်၊ အဲဒီလို ရှိနေတုန်းမှာ ကျေးဇူးပြုနိုင်တယ်လို့၊ အဲဒီလို ဟောတော်မူတဲ့ ပစ္စည်းက "အတ္ထိ" လို့ ခေါ်ပါတယ်။

"အတ္ထိပစ္စယော၊ မြေကြီးမိုရ်သည် ကိုထိုဒိမ်းရှင် မြက် သစ်ပင်အားထောက်ပံ့လားသို့ ထင်ရှားရှိပြိုင် ထောက်ပံ့နိုင်သောသတ္တိထူးပြင့်။" ဟိုမြကြီးက သစ်ပင်တွေကို စိမ်းရှင်နေအောင် ထောက်ပံ့တယ်၊ မြင်းမိုရ်တောင်ကလဲ သစ်ပင်တွေကို စိမ်းရှင်နေအောင် ထောက်ပံ့တယ်၊ ထောက်ပံ့တယ်ဆိုတာ မြကြီးက ရှိနေရဲ့ဆယ်၊ သစ်ပင်ကလဲ ရှိရတယ်၊ မြင်းမိုရ်တောင်ကလဲရှိနေရတယ်၊ သစ်ပင်တွေ ရှိနေရတယ်၊ အဲဒီလိုနဲ့ပါလေ၊ အကြောင်းနဲ့အကျိုးဟာ ရှိဝနမှ ကျေးဇူးပြုတာကို၊ "အတ္ထိ" ပစ္စည်း ခေါ်ကယ်လို့ သိရဒအောင်လို့။

ဟော ...မြကြီးနဲ့သစ်ပင်တွေ ရှိကြကုန်၊ ကျေးဇူးပြုသလို၊ မြင်းမိုရ်တောင်ကြီးက သစ်ပင်တွေကို ရှိတုန်း စိမ်းရှင်နေအောင် ကျေးဇူးပြုသလို၊ မရှိလို့ရှိပါင် သူမရှိယင် ကျေးဇူးမပြုနိုင်ဘူး၊ သစ်ပင်မရှိလဲ ကျေးဇူးမပြုနိုင်ဘူး၊ အပြန်အလှန် ရှိရတယ်လို့၊ အဲဒီလိုပစ္စည်းကို "အတ္ထိ" ပစ္စည်းလို့ ခေါ်တယ်၊

အတ္ထိပစ္စည်းက "သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ" တဲ့ ခုနက ပြောခဲ့တဲ့ ဝိပွယုတ်သုံးပါးလဲ ပါတယ်၊ "အာဟာရတ္ထိ" တဲ့ ကဗဠီအာဟာရ ဆိုတာလဲ ပါတာယ်၊ အဲ ...တနေ့ကုန်းက၊ "ရုပ်ဇီဝိတိန္ဒြေ" ဆိုတဲ့ "ဣန္ဒြိယတ္ထိ" တဲ့ အဲဒီတရားထွေလဲ ပါတယ်၊ အတ္ထိပစ္စည်း ငါးမျိုးတောင် ရှိတယ်လို့ သဗ္ဗညုတ ဉာဏ်တော်ကြီးနဲ့ ဟောတော်မူပါတယ်နော်။

အတ္ထိပစ္စယော၊ မြေမြင်းမိုရ်သည် ထိုထိုစိမ်းရွှင် မြက်သင်ပင်အားထောက်ပံ့လျှင်သို့ တင်ရှားရှိပြို့င် ထောက်ပံ့နိုင်သော သတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ, ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ရူပဇီဝိတိန္ဒြိ-ယတ္ထိငါးပါး ပစ္စည်းတရားသည်။ အဘို့၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမနှောတရား သကောသော ထင်ရှား ရှိပါပေသည် တကား။ ဤတိ၊ ဤသို့။ ဗောဓေန်၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် များလှဝေနေ သိစေတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွှမ်းကောမနာ ပဏာရိကျို့ လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

သာဓု .....သာဓု.....သာဓု။

၂၂။ နတ္ထိပစ္စယော (နတ္ထိပစ္စည်း)

အတ္ထိပစ္စည်းနဲ့တွဲပြီးတော့ "နတ္ထိပစ္စည်း" တဲ့၊ မရှိမှ ကျေးဇူးပြုသတဲ့၊ အင်မတန် ဉာဏ်တော်ကြီးပါတယ်၊ အင်မတန် ဉာဏ်တော်ကြီးပါတာယ်၊ ရှိတုန်း ကျေးဇူးပြုတဲ့ တရားကလဲ တမျိုးရှိပါတာယ်၊ မရှိကိုမရှိမှ ကျေးဇူးပြုတာကလဲ ရှိပါတယ်၊ ဥပမာ- ဘာနဲ့ပြတုံးဆိုတော့ ဆီမီးငြိမ်းသွားလို့ရှိယင် အမှောင်ရဖို့ တမင်လုပ်ရဒသးလား၊ မလုပ်ရပါဘူး၊ မီးသာငြိမ်းလိုက် မှောင်သွားတာပဲ၊ အဲဒါ မီးရဲ့ငြိမ်းခြင်းသည် အမှောင်အားကျေးဇူးပြုသလိုပဲ၊ ရှေးရှေးစိတ် ရှေးရှေးစိတ်ရဲ့ ချုပ်ငြိမ်းခြင်းသည် နောက်နောက်စိတ်ဖြစ်ဖို့ရန် ကျေးဇူးပြုလိုက်တာပဲ။

အာနန္တရနှင့်နတ္ထိအာဏူး။ ။ရွေးတုန်းက အာနန္တရ သမနန္တရပစ္စည်းနဲ့ သဘောတူတယ်၊ အခြားမဲ့ စိတ် စေတသိက်တွေဖြစ်အောင် ကျေးဇူးပြုတယ်ဆိုတာလိုပဲ၊ ဒီနတ္ထိပစ္စည်းကလဲ တို့ မရှိဘူး၊ တို့မရှိယင် အသင်ဖြစ်ရစ်လို့ မပြောဆော်လဲ ပြောသလိုပဲ ကျေးဇူးပြုတာပဲ၊ အဲဒဲ့ နတ္ထိပစ္စည်းမျိုးကလဲ အင်မတန် ဆန်းတယ်၊ အာနန္တရ သမနန္တရနဲ့ အကုန်လုံး တူတယ်၊ တရားသဘော အကုန်လုံးတူတယ်၊ ကျေးဇူးပြုပုံသတ်မှတ်ချင်းက မတူဘူး၊ ဟိုက အာနန္တရက မိမိအခြားမရှိအောင်ဖြစ်ယင် နောက်က ထပ်ဖြစ်ဲ့စိတ်က ကြားထဲလပ်မနေရအောင် ဆက်ဖြစ်၊ အဲဒီ ဆက်ဖြစ်နေအောင် ကျေးဇူးပြုတာကိုတော့ အာနန္တရသတ်မှတ်လို့ ခေါ်တယ်။

အဲဒီတထူးတော့ပဲ မရှိမှ ကျေးဇူးပြုတာနော်၊ "ဥပါဒ် ဌိ ဘင်" အဲဒီသုံးချက်စလုံး မရှိမှ ကျေးဇူးပြုတာနော်၊ အဲဒီ မရှိမှ ကျေးဇူးပြုတာကို နတ္ထိပစ္စည်းခေါ်တယ်၊ သတ်မှတ်ချင်းကဲ့လို့ ထပ်ပြီးတော့ ဟောတော်မူတာပါ၊ သက်သက် အပိုဟောတာမဟုတ်ဘူး၊ သတ်မှတ်က မရှိကိုမရှိမှ ကျေးဇူးပြုနိုင်တာမို့လို့ "နတ္ထိ" ပစ္စည်းလို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူပါတယ်။

၂၃။ ဝိဂတပစ္စယော (ဝိဂတပစ္စည်း)

နတ္ထိပစ္စည်းနဲ့သဘောတူ ဝိဂတပစ္စည်းတဲ့။

ဝိဂတပစ္စယော၊ နေဆောင်ကွယ်ပျောက် လဆောင်ဆောက်သို့ ကိုယ့်နောက်စိတ်စေ ဖြစ်ခွင့်ပေးလျက် ရှေးရှေးစိတ်၏ ကင်းပျောက်ခြင်းဟူသော သတ်မှတ်ထူးဖြင့် ကျေးဇူးပြုနိုင်သော ဝိဂတပစ္စည်းကဆိုသည်။

နေဆောင်ကွယ်ပျောက်တော့ လထွက်တဲ့ အချိန်ပေါ့နော်၊ နေဆောင်ရှိတုန်း လမထွက်နိုင်ဘူး၊ ဓနဆောင်ကင်းမှ လဆောင်လင်းနိုင်တယ်။

အဲဒီလိုပါပဲ၊ ရှေးရှေးစိတ် စေတသိက်တွေ ကင်းသွားမှ နောက် စိတ် စေတသိက်တွေ ဖြစ်စေနိုင်တယ်၊ မကင်းလို့ရှိယင် မဖြစ်စေနိုင်ဘူး။

နတ္ထိနှင့် ဝိဂတ အာထူး။ ။"နတ္ထိ" မရှိတာနဲ့ "ဝိဂတ" ကင်းသွားတာနဲ့ ဘာထူးခြားသလဲတုန်းလို့ ဆိုတော့ ဟို ဘုန်းကြီးတို့ရဲ့ ရှေးရှေး ဆရာတော်ကြီးတွေကလေ၊ ချုပ်ပြီးတဲ့နောက် ဘာမှ မရှိတော့ခြင်းသည် မရှိလို့ ခေါ်တာ၊ ချုပ်ပြီး ဘာမှ မရှိတော့ဘူး။

တချို့က ချုပ်ပြီးတဲ့နောက် နည်းနည်းပါးပါးကလေး ကျန်သေးတယ်လို့၊ ချုပ်ပြီးပြီ၊ ဘာမှမရှိတော့ဘူး၊ ဘာမှမရှိမှ ကျေးဇူးပြုနိုင်တဲ့သတ္တိကို "နတ္ထိ" သတ္တိလို့ ခေါ်ပါတယ်၊ ဘာမှ မရှိတဲ့ သတ္တိမျိုး မဟုတ်သေးဘူး၊ ကင်းသွားပြီ "ဥပါဒ် ဌိတ" ကင်းသွားပြီ၊ ကင်းမှ ကျေးဇူးပြုနိုင်တဲ့သတ္တိကို "ဝိဂတသတ္တိ" လို့ ခေါ်ပါတယ်၊ နားလည်ပါစေနော်၊ "ဝိဂတ" ပစ္စည်းက ကင်းသွားပြီ၊ "နတ္ထိ" က မရှိတော့ဘူး။

အဲဒါကြောင့်မို့လို့ ပစ္စည်းနှစ်မျိုး ပုဒ္ဓမြတ်စွာက ခွဲပြီးတော့ ဟောပါတယ်၊ ဥပမာနဲ့ ရှေးဆရာတော်တွေက ပြလို့ ကျေးဇူးပြုပုံကို သိရပါတယ်။

ဝိဂတပစ္စယော၊ နေရောင်ကွယ်ပျောက် လရောင်ဖြာက်သို့ ကိုယ့်နောက် စိတ်စေ ဖြစ်ခွင့်ပေးလျက် ရှေးရှေးစိတ်၏ ကင်းပျောက်ခြင်း၊ ဟူသော သတ္တိ ထူးဖြင့် ကျေးဇူးပြုနိုင်သော ဝိဂတပစ္စည်းတရားသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ သူငါမနှာ တရားသဘောသာ ထင်ရှားရှိပါပေသည်တကား။ ဣတိ၊ ဤသို့။ ဗောဓေန္တံ၊ သဗ္ဗညုတာ ဉာဏ်တော်သာဖြင့် ဦးစွာကျန သိပြီးမှလျှင် မျှားလှဝေနေ သိစေးတော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွမ်းထောမနာ ပဏာရိကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရာ'။

သာဓု.....လာဓု.....သာဓု။

၂၄။ အဝိဂတပစ္စယော (အဝိဂတပစ္စည်း)

ဒီ ဝိဂတနဲ့ အဝိဂတ အပြန်အလှန် လာပြန်ရော၊ ခုနက 'အတ္ထိ, နတ္ထိ၊ ယခု ဝိဂတ, အဝိဂတ၊ ဒီအဝိဂတပစ္စည်းက ကင်းပျောက်မသွားမှ ကင်းပျောက်သွားယင် ကျေးဇူးကို မပြုနိုင်ဘူး၊ အဲဒီသတ္တိကို "အဝိဂတ ပစ္စည်း" လို့ ခေါ်ပါတယ်၊ ဒါကို ဘာနဲ့ တူတုံးလို့ ဆိုစေတော့—

ဟို သမုဒ္ဒရာရေထဲမှာ ငါးတွေ လိပ်တွေနေကြတော့ သမုဒ္ဒရာရေက ငါးလိပ်တွေရှိတုန်း ကျေးဇူးပြုတာ၊ ငါးလိပ်တွေ တစုံတယောက် ဖမ်းသွားလို့ကုန်းပေါ် ရောက်သွားယင် သမုဒ္ဒရာရေက ကျေးဇူးမပြုဘူး၊ သမုဒ္ဒရာရေက ငါးလိပ်တွေကိုမကင်းမကွာပဲနဲ့အတူတက္ခ မကင်းကွာတုန်း ကျေးဇူးပြုတာမျိုးကို "အဝိဂတ" ပစ္စည်းလို့ခေါ်တယ်၊ အဲဒီလိုတရားတွေ အပြန်အလှန် မကင်းမကွာဘူး ရှိနေကြတယ်၊ အဲဒီမကင်းမကွာတဲ့အတိုင်း ကျေးဇူးပြုနိုင်တဲ့ သတ္တိကို **အဝိဂတ** သတ်တိလို့ ခေါ်ပါတယ်၊ အတ္ထိပစ္စည်းနဲ့အကုန်လုံးတူတယ်။

အတ္ထိနဲ့ အဝိဂတအထူး။ ။ဒါဖြင့် အတ္ထိပစ္စည်းနဲ့ အဝိဂတပစ္စည်း ဘယ်လိုထူးတုံးလို့ဆိုတော့ အတ္ထိပစ္စည်းက "ဥပါဒ် ဌိ ဘင်" ရှိ 'ဥပါဒ်'တုန်းလဲ ကျေးဇူးပြုတယ်၊ 'ဌိ'တုန်းလဲ ကျေးဇူးပြုတယ်၊ 'ဘင်'တုန်းလဲ ကျေးဇူးပြုတယ်၊ သူက သတ်တိတမျိုး။

အဝိဂတပစ္စည်းက မကင်း မချုပ်ခင် ကျေးဇူးပြုတယ်၊ ဥပါဒ်,ဌိ,ဘင်တုန်းက ကျေးဇူးပြုပေမယ့် သူက ချုပ်ခါနီး ကျေးဇူးပြုတာက သတ်တိရှိတယ်။

ချုပ်ခါနီး မချုပ်သေးဘူး ငါမချုပ်သေးဘူး၊မင်းတို့မဖြစ်သေးနဲ့၊ (အဲယ်ဒီလိုကိုး၊) "နောက် စိတ်မဖြစ်သေးနဲ့၊ ငါ မချုပ်သေးဘူး"၊ ဒီလိုပေါ့လေ၊ လူကြီးတွေက "ငါမသေသေးဘူး၊ ငါ့သား မင်းတို့မနှိပ်စက်ပါနဲ့၊ ငါမသေသေးဘူး၊ ငါ့သမီး မင်းတို့မနှိပ်စက်, မစော်ကားပါနဲ့"၊ အဲဒါမျိုးလို့ပဲ၊ သူမကင်းမကွာခင် ကျေးဇူးပြုနိုင်တဲ့ သတ်တိကို အဝိဂတ ပစ္စယသတ်တိလို့ ခေါ်ပါတယ်၊ သမုဒ္ဒရာထဲက ငါးလိပ်တွေကို သူ မကင်းမကွာခင် ကျေးဇူးပြုဝဲ့အနေမျိုးကို ကျေးဇူးပြုကြပါတယ်လို့ ဥပမာပြကြပါတယ်။

အဝိဂတပစ္စယော၊ သမုဒ်ဒ်နက်ရေ ငါးလိပ်တွေကို မကင်းလေပဲ ထောက်ပံ့နဲ့သို့ ပစ္စုပ္ပန် အခိုက်၌ ထောက်ပံ့တတ်သော အဝိဂတ သတ္တိထူးဖြင့် ကျေးဇူးပြုနိုင်သော ဇာတ်ဦးဝတ္ထုသည်။ အတိုးပုဂ္ဂိုလ်သတ္တဝါသူငါမနှော တရားသဘောသားထင်ရှားရှိပါပေသည်ဆကား။ ဤတိုက္ခိသို့။ ဗေဒခေန္တံ၊ သမ္ပဇညတာဉာဏ်တော် သာဖြင့် ဦးစွာကျန် သိပြီးမှလျှင် မျှားကွဝေနေ သိုရစေတင်ပူသော

မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ဂုဏ်တော်ထုံမွှမ်း ပုံတော်မှန်းလျက် ချီးမွှမ်း ထောမနာ ပဏာရိုကျိုး လက်စုံမိုးချွ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု....သာဓု.....သာဓု။

သွားဆဲကာလဖြစ်ပျက်ရှု။ ။ကောင်းလိုက်တာနော်၊ ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော် ကြီးလေ၊ အာရုံပြုလို၊ ချီးကျူးလှိုအား မရနိုင်လောက်အောင် ကောင်းတယ်နော်၊ အဲဒီ ဗုဒ္ဓမြတ်စွာရဲ့ ဉာဏ်တော်ကြီးနဲ့ ဟောထားတော်မူတဲ့အတွက်ကြောင့်မို့လို၊ ဘုန်းကြီးတို့ နုနဂကိုယ်တော်များ ရွတ်သွားတဲ့ ဗုဒ္ဓမြတ်စွာက အားလုံး အနိစ္စတွေ၊ "အို-အို-လူများသတဲ့ ထားလော့၊ အားလုံးသတိထားလိုက်စမ်းတဲ့"။

"သွားဆဲကာလ၊ ခါသမယတွင်၊ ပထမခြေလှမ်း၊ ရုပ်နာမ်တမ်းလည်း၊ လှမ်း ဒုတိယ၊ မရောက်ကြဘူး"။

အနိစ္စ ဒုက္ခတွေ ပထမခြေလှမ်း၊လှမ်းချင်တဲ့စိတ်က ဖြစ်တယ်လေ၊လှမ်းချင်တဲ့စိတ်ကဖြစ်တော့၊ ပထမခြေလှမ်း လှမ်းလိုက်တယ်၊ ဟာ စိတ်စေတသိက်နာမ်တရားတွေ ဖြစ်တယ်၊ အဲဒီနာမ်တရားတွေကြောင့် စိတ္တဇဆိုတဲ့ ရုပ်တရားတွေ ဖြစ်တယ်။

ပထမခြေလှမ်းမှာဖြစ်တဲ့ ရုပ်နာမ် စိတ် စေတသိက် ရုပ်တရားတွေဟာ ဒုတိယခြေလှမ်းမရောက်ဘူး၊ ဒီမှာပျက်ခဲ့တာပဲ။

"ဒုတိယလှမ်း၊ရုပ်နာမ်တမ်းလည်း၊ လှမ်းတတိယ၊ မရောက်ကြဘူး။"

ဒုတိယခြေလှမ်းမှာ ဖြစ်ပျက်နေတဲ့ရုပ်နာမ်တရားတွေဟာ တတိယခြေလှမ်း မရောက်ပါဘူး၊ကောင်းပြီလေတဲ့၊ ဒီလို တလှမ်းချင်းသာ မရောက်တာ မဟုတ်ဘူးတဲ့။

"တလှမ်းတွင်လည်း၊ မြောက်စဉ်တမျှိုးတဲ့"။

ဒီ ခြေထောက်ကို မြောက်ဖို့ရန် စိတ်ဖြစ်မှ ခြေထောက်ကြီး မြောက်သွားတာ၊ မြောက်တဲ့စိတ်ဖြစ်မှ ခြေထောက်ကြီး မြောက်သွားတာ၊ ဘယ်နည်းနဲ့ မြောက်တုံးဆိုတော့ ဘုန်းကြီးတို့က သိပ်ရှင်းတာ။

ဒီ စိတ်ကြောင့် ဖြစ်တဲ့ရုပ်တွေက တကိုယ်လုံး ဖြစ်တာ၊ စိတ်ဖြစ်ပြီ ဆိုလို ရှိယင် ဒီစိတ်ဖြစ်သည်နှင့် တပြိုင်နက် ရုပ်တွေက တကိုယ်လုံးဖြစ်တာ၊ တကိုယ်လုံးဖြစ်တော့ စိတ်က ခြေထောက်ကြီးကို မြောက်ပြီးတော့၊ ကြွပြီးတော့ ရွှေ့တိုးချင်တော့ကာ အဲဒီ စိတ္တဇရုပ်ထဲမှာပါတဲ့ ဝါယောဓာတ်က၊ လေဓာတ်က (ထို ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ ဓာတ်ကြီး လေးပါးထဲက လေဓာတ်က) သတ္တိကောင်းလာတယ်၊ လေဓာတ်က သတ္တိကောင်းလာတော့ ခြေထောက်ကြီးဟာလေ ပထဝီဖြစ်တော့လဲ "ဝါယော" ဓာတ်ကြောင့် မသိမသာလေးမြောက်၊ ဒုတိယဖြစ်တော့လဲ စိတ်စေတသိက်တွေ ဖြစ်တဲ့နေရာမှာ ရုပ်ဓာတ်က ဝါယောဓာတ်ကြောင့် မသိမသာလေးမြောက်၊ တတိယဖြစ်ပြန်တော့လဲ မသိမသာလေးမြောက်။

လက်ပြောက်တချက်တီးအချိန်မှာ ကုဋေတသိန်းမက ဖြစ်တယ်မဟုတ်လား၊ အဲဒီတော့ မသိမသာမြောက် မြောက် မြောက် မြောက်လာရာက လက်ဖြောက်တချက်တီး အချိန်မှာ ခြေထောက်ကြီး မြောက်ပြီးသား ဖြစ်သွားတယ်၊ ဒီ ဝါယောဓာတ်ကြောင့်၊ ဝါယောဓာတ်ကြောင့်။

"တလှမ်းတင်လည်း၊ မြောက်စဉ်တမျှိုး၊ ရွှေ့တိုးတဖုံ။"

ခြေထောက်ကြီး မြောက်ပြီးတော့ ရွှေ့တိုးရတယ်၊ ခုနကလိုပဲ စိတ်ကြောင့် ဖြစ်တဲ့ရုပ်တွေ ဆက်ဆက် ဆက်ဆက် ဖြစ်တဲ့နေရာမှာ ဝါယောဓာတ်ရဲ့ သတ္တိကြောင့် ခြေထောက်ကြီးဟာ ရွှေ့တိုးသလို မြင်နေကြတာ၊ အမှန်ကတော့ ခြေထောက်ကြီး ရွှေ့တိုးတာ မဟုတ်ဘူး၊ ဝါယောဓာတ်တွေက ရွှေနား တိုး တိုး တိုးပြီးတော့ ရုပ်တွေဖြစ်အောင် ကျေးဇူးပြုနေတာ ရုပ်တွေက ရွှေ့တိုး တိုး တိုးပြီးတော့ ဖြစ်နေတယ်၊ စိတ်တွေကလဲ ရွှေ့တိုး တိုး တိုး တိုးပြီးတော့ ဖြစ်စေလိုတဲ့စိတ်က ဖြစ်နေတယ်၊ အဲဒီစိတ်ကြောင့် ရုပ်ကြောင့် ခြေထောက်ကြီး ရွှေ့တိုးသွားတယ်။

"တလှမ်းတင်လည်း၊ မြောက်စဉ်တမျှိုး၊ ရွှေ့တိုးတဖုံ၊ ရှောင်ဟုံတဝ" တဲ့။

နောက်ခြေက ရွှေကိုတိုးတော့ ရှေ့ခြေကို လွှန်ရသေးတယ်၊ ရှောင်ရသေးတယ်၊ ရွှေ့ခြေကို ရှောင်တဲ့အခါဖြစ်တဲ့ စိတ်တွေရပ်တွေက ရွှေ့ခြေကိုရှောင်တဲ့ အနေမျိုးနဲ့ချည်း ခဏကလေး ခဏကလေး လက်ဖြောက် တချက်တီးထဲမှာ စိတ် စေတသိက်တွေ အများကြီးဖြစ်ပြီးတော့ အများကြီး ပျက်နေတာ။

"ရွှေတိုးတဖုံ၊ ရှောင်တုံတာဝ၊ အောက်ချတခင်း" တဲ့။

အောက်ချပြီ၊ ဝါယောဓာတ် သိပ်မစ္ဆမ်းဘူးနော်၊ ပထဝီဓာတ်စ္ဆမ်းလာပြီ၊ စိတ်က အောက်ချချင်လာပြီလေ၊ အောက်ချချင်တော့ ပထဝီဆိုတဲ့ ဓာတ်က စ္ဆမ်းလာပြီ၊ ခြေထောက်ကြီး အောက်ကိုကျလို့။

အောက်ကျတော့ နင်းတဲ့နေရာ ထိပြီ၊ အောက်ကျတုန်းမှာ ဖြစ်တဲ့ရုပ်တွေ နာမ်တွေ ထိတဲ့ နေရာ မရောက်ပါဘူး။

တခါထိတော့ကာ ဖိပြီးတော့ နင်းလိုက်၊ ဒီအားလုံး အစိတ်ခြောက်ပါး ရှိတယ်နော်၊ ထိပြီးတော့၊ ထိပြီးတဲ့နောက် ဖိနင်းတယ်၊ ပထဝီဓာတ်လွှန်ကဲနေတယ်၊ အဲဒီ အချိန်မှာဖြစ်တဲ့ ရုပ်တွေဟာ အဲဒီ အစိတ် ခြောက်ပါးမှာ တစိတ်တစိတ်ဖြစ်တဲ့ ရုပ်တွေ နာမ်တွေဟာ နောက်စိတ် ဒုတိယစိတ် မရောက်ဘူး၊ မရောက်ပဲနဲ့ သူ့ဖြစ်ရာ ဖြစ်ရာ အစိတ်မှာပဲ တကတည်းချုပ် ချုပ်သွားလိုက်ကြတာ။

ဥပမာ ဘယ်လိုတုံးဆိုတော့ နှမ်းအိုးကင်းထဲမှာ နှမ်းတွေ ထည့်ပြီးတော့ ဓလော်လိုက်တဲ့အခါမှာ နှမ်းတွေ ဖျစ် ဖျစ် ဖျစ် မြည်ပြီးတော့ ကျက်ကုန်ကြသလိုပဲ၊ ရုပ်နာမ်တွေလဲ ဒီလိုပဲ၊ သူ့အပိုင်းနဲ့ သူ့အပိုင်းနဲ့ ဖြစ်ချုပ်ဖြစ်ချုပ် သွားလိုက်ကြဘာ၊ အားလုံးအနိစ္စချည်းပါပဲ၊ မမြဲလို့ရှိယင်တော့ အဖြစ်အပျက် ဒဏ်ခံနရလို့ ဒုက္ခချည်းပါပဲ၊ အဲဒီ အဖြစ်အပျက်ဒဏ် ခံနေရလောက်အောင် မမြဲလို့ရှိယင် အတွင်းခိုင်မာတဲ့ အနှစ်သာရ ဘယ်မှာရှိမှာလဲ၊ အားလုံး အနတ္တချည်းပါပဲလို့၊ တထုးတော်က သိပ်ပြီးတော့ အနိစ္စ ဒုက္ခ အနတ္တကို ရှင်းထားတယ်။

"အို ...အိုလူများ၊သတိထားလော့၊ သွားဆဲကာလ၊ခါသမယတွင်၊ ပထမခြေလှမ်း၊ ရုပ်နာမ်တမ်းသည်၊ လှမ်းဒုတိယ၊ မရောက်ကြဘူး၊

ဒုတိယလှမ်း၊ ရုပ်နာမ်တမ်းလည်း၊ လှမ်းတတိယ၊ မရောက်ကြေင်၊ တလှမ်းတွင်လည်း၊ မြောက်စဉ်တမျိုး၊ ရှေတိုးတဖုံ၊ ဇရာင်တုံတဝ၊ အောက်ချတခင်း၊ ထိခြင်း တလေ့၊ ဖိနင်းစေ့အောင်၊ တဒဂ္ဂဒဂ္ဂမြန်း၊ ခြေလှမ်းပိုင်းခြား၊ စိတ်ခြောက်ပါးဝယ်၊ သွယ်သွယ်နာမ်တမ်း၊ ရုပ်နာမ်တမ်းတို့၊ နှမ်းအိုးကင်းထက်၊နှမ်းတွေကျက်သို့၊ ဖြစ်ပျက်နေရ၊ အနိစ္စသည်၊ ဒုက္ခ အနတ္တချည်းပါတကား”။

သာဓု.....သာဓု.... ...သာဓု

ခုနက အတိုင်းပေါ့လေ၊ တဖြည်းဖြည်းလေး အံကုန်လုံး ပြန်ပြီးတော့ စဉ်းစားကြ၊ အနိစ္စ ဒုက္ခ အနတ္တချည်းပဲ၊ ခန္ဓာကိုယ်ထဲ သူငါ မရှိဘူး၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ အတ္တ အကောင်အထည် မရှိဘူး၊ အဲဒီ အကြောင်းအရာတွေကို ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်သိလို့၊ သတ္တဝါတွေသိအောင် ဟောတော်မူလိုက်တာ၊ ကိုယ်တော်တိုင် သိတော်မူတာကလဲ တအုံတသြ၊ အဲဒီ သိတော်မူပြီးတော့ ဟောတော်မူလိုက်တာကလဲ တအုံတသြကြီး။

ဒီတအုံတသြကြီးကို လိုက်ပြီးတော့ သူတော်ကောင်းတွေ သိလိုက်ကြတာလဲ မရေတွက်နိုင်အောင် အသချေမက သတ္တဝါတွေလဲသိလိုက်ကြတာ၊ ဝမ်းမြောက်စရာ ကောင်းလိုက်တာလို့၊ ဘုန်းကြီးတို့ကလေ အဲဒီ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေကို ကြည့်ပြီးတော့ စိတ်ကြီးငယ်ဆိုကြပါစို့။

အို... အို တို့ဘုရား၊ ကိုယ်တော်တိုင် သိတော်မူတာမှ သေထေချာချာသိ၊ အဲဒီ တရားတွေ ကို ပဋ္ဌာန်းပစ္စည်းနဲ့ သတ္တိတွေခဲ့ပြီးတော့ သိဟော်မူလိုက်တာကလဲ သေစသချာချာသိ။

လတ္တိတွေ ခဲ့ရုံကင်မကဘူး၊အနန္တရပစ္စည်းများနဲ့ဆိုတော့ ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်၊ ဘယ်စိတ်ပြီးတော့ ဘယ်စိတ်ဖြစ်။

ဥပမာ-ဒီမျက်စိနဲ့ ရှုပါရုံကို မြင်တယ်လို့ အားလုံးက သိနေကြတယ်နော်၊ ဘုန်းကြီးတို့က ဒါကို အားသစိတ် ပြီးတော့ သတိထားလိုက်လို့ ရှိယင်—

ရှေ့ပံ ပထမစိတ္တေန၊ တိတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ[1]။

ရူပါရုံတခုကို မြင်ကယ်ဆိုယင်ပဲ စိတ်လေးမျိုး ကဲ့လာပြီ၊ ပထမဆုံး မြင်တဲ့ ပိတ်၊ မြင်စာပဲရှိတယ်၊ ဘာမှ မသိဘူး၊ အဖြူမှန်း အမဲမှန်း ဘာမှကို မသိလိုက်ဘူး၊ မြင်ရက်သားနဲ့ မသိဘူး။

အယ် ...ဟို မိမိတို့အမှတ်တမဲ့ မြင်တာတွေ အများကြီးပေါ့၊ သိလိုက်ကဲ့လား မသိလိုက်ဘူး၊ အဲဒီလိုပေါ့၊ မြင်တော့မြင်တယ် မသိလိုက်ဘူး၊ "ရှေ့ပံ ပထမစိတ္တေန" အဲဒီ မြင်တယ်ဆိုတုန်းကထဲက စိတ်တွေ ဘက်လေးက် ရှိသတုံးလို့ ဆိုတော့ 'စက္ခုဝိညာဏ်' မြင်တာသိ၊ မြင်တာသိလို့ စကားပြောတော့ မြင်တာပါပဲ၊ မသိပါဘူး၊ မြင်တဲ့ဟာကို အသိလို့ ခေါ်လိုက်တာ၊ သိတော့ သိတယ်၊ ဒီလိုမထင်ပဲ မြင်တဲ့အသိ၊ ဒါပဲ ပြောတယ်၊ ဘာမှမသိဘူး။

စက္ခုဝိညာဏ်နောက်ကို၊ အဲဒီ အာရုံကို လက်ခံတဲ့ 'ဥပဓိစ္ဆိုင်း' စိတ်၊ လက်ခံပြီးတော့ကို ဒီစိတ်ကို စုံစမ်းတဲ့ 'သန္ဋီရဏ' စိတ်၊ အာရုံကို စုံစမ်းတဲ့ သန္ဋီရဏစိတ် ဆက်ဖြစ်တယ်။

ဒီတော့ ဒါပါပဲလို့ "ဣဋ္ဌ" ပဲ "အနိဋ္ဌ" ပဲလို့ ဆုံးဖြတ်နိုင်လောက်တဲ့ အခြေအနေရှိတဲ့ "ဝုဋ္ဌော" စိတ် ဖြစ်တယ်၊ ဣဋ္ဌ အနိဋ္ဌတောင် မဆုံးဖြတ်နိုင်သေးပါဘူးလေ၊ ဒီဟာ ဘာဘဲ ဆုံးဖြတ်နိုင်တဲ့ ဝုဋ္ဌောစိတ် ဖြစ်တယ်၊ ပြီးတော့မှ 'ဇော' (၇) ကြိမ် စောတယ်၊ 'စက္ခုဝိညာဏ်, ဥပဓိစ္ဆိုင်း, သန္ဋီရဏ, ဝုဋ္ဌော ဇော (၇) ကြိမ်၊ ပြီးတော့မှ 'တဒါရုံ' စိတ် နှစ်ကြိမ် ဖြစ်တယ်။

အဲဒီဟာတွေ ဘုန်းကြီးတို့ ဘယ်နှယ်လုပ် သိမတုံး၊ ဗုဒ္ဓမြတ်စွာ ဟောတော်မူလို့၊ ဘုန်းကြီးတို့မှာ ရှင်းလို့၊ အဲဒီလိုစိတ် ဆိုပါတော့ပေါ့၊ အားလုံးတော့ (၁၇) ချက်လောက် ရှိပါတယ်၊ အဲဒီ (၁၇) ချက်လောက်ဖြစ်တဲ့ အချိန်မှာ ရူပါရုံကို သိပြီလား ဆိုတော့ မသိသေးပါဘူး၊ မြင်တာပဲ ရှိတယ်၊ မသိဘူး၊ ဒါကြောင့်-သွားယင်း လာယင်း ဖြစ်နေတဲ့ စိတ်တွေဟာ နောက်စိတ်တွေ မဖြစ်လို့မို့ သူတို့ မသိဘူး။

၁။ မဏိသာရမဉ္ဇူသာဋီကာ၊ ဒု-တွဲ၊ နှာ-၄၇၂။

"ရှေ့ ပထမ စိဒ္ဓတ္တာန" ပထမစိတ်ဆိုတာ တစိတ်ထဲမဟုတ်ဘူးနော် (၁၇) ချက် အတွင်းပါတဲ့ စိတ်တွေ၊ တိတံ ဒုတိယစေတသာ" ခုနက ရှုပါရုံကိုပဲ အာရုံပြုပြီးတော့ အတိတ်ရှုပါရုံ အာရုံပြုပြီးတော့ "မနောဒ္ဓါဆုဝဋ္ဋနိ်း, ဇော (၇) ကြိမ်" ဖြစ်ပါရော၊ တစိတ်ပြီးတစိတ် တစိတ်ပြီးတစိတ်၊ အနန္တရသတ္တိနဲ့ ကျေးဇူးပြုနေကြတာ။

"နာမံ တတိယ စိတ္တောန" နာမည်ကလေးတော့ ပေါ်လာပြီ၊ ဟိုက ဘာရှုပါရုံပဲ၊ ဆိုပါဒတော့၊ လူရဲ့အဆင်းပဲ၊ နာမည် ဒီလောက် ပေါ်သေးတယ်၊ အဲ မနောဒ္ဓါဆုဝဋ္ဋနိ်း ဇော, ဇော, ဇော, ဇော, သွားပြန်ရော။"

ပြီးတော့မှ အော် ဘာရှုပါရုံပဲ ဖြူတဲ့ရှုပါရုံပဲ၊ 'မောင်ဘယ်သူ' 'မိဘယ်သူ' 'မိဘယ်ဝါ'နဲ့၊ ရှုပါရုံကိုပဲ အဲဒီလို သိရသေးတယ်၊ အဲ... သူ ဒီရှုပါရုံကို နက်နက်နဲနဲ မသိနိုင်သေးဘူး၊ ဘယ်လောက်ကြာမှသိတုံးလို့ဆိုတော့ ဒီစိတ် လေးမျိုး လေးမျိုး ဓလေးစု ဖြစ်ပြီးတဲ့နောက်–

"မနောဒ္ဓါရ" သက်သက်နဲ့ ဒီအာရုံကို ကြည့်ပြန်ရော၊ ဟာ ဒါဘယ်သူ့ရဲ့ ရှုပါရုံပဲ၊ ဒါလဲ မနောဒ္ဓါဆုဝဋ္ဋနိ်း၊ ဇော, ဇော, ဇော, ဇော, ဇော, ဇော, ဇော ဖြစ်ပြန်ရော၊ ဟင်... မလုပါပဲလား၊ မနောဒ္ဓါဆုဝဋ္ဋနိ်း၊ ဇော, ဇော, ဇော, ဇော, ဇော, ဇော, ဇော, ဇော ဖြစ်ပြန်ရော၊ အံမယ်... လှတယ်နော်၊ မနောဒ္ဓါဆုဝဋ္ဋနိ်း၊ ဇော, ဇော, ဇော, ဇော, ဇော, ဇော, ဇော ဖြစ်ပြန်ရော။

ဝိထိတွေ အများကြီး ကျွတော့မှ ဘယ်သူ့ရှုပါရုံ၊ ဘယ်သူ့ အဆင်း၊ လှတယ်၊ မလှဘူး၊ ဒီလိုဆုံးဖြတ်ဘတ်တဲ့ စိတ်တွေ ပြစ်တယ်၊ စိတ်ပေါင်း ကိုးလေ၊ ဒီကြားထဲဖြစ်တဲ့ ဘဝင်ကို မေ့ပြာနဲ့၊ တကယ့်ကို အရာဝင်တဲ့ စိတ်ဝီထိတွေကို အများကြီးဖြစ်တော့မှ ဘာရှုပါရုံလို့ သိရပါတယ်၊ အမယ်... ကြာလှပါလားဗျာ၊ သိတော့ သိပ်မြန်ဘာပဲ၊ အို လက်ပြောက်တချက်တီး မှာ ကုဋေတသိန်းမက စိတ်တွေဖြစ်နေတဲ့ဟာ ဘာကြာလိမ့်မတုန်း အကုန်လုံး ဒီစိတ်တွေ ဖြစ်ဘာပေါ့လို့။

"ရှေ့ပံ ပထမ စိတ္တေန၊ တိတံ ဒုတိယစေတသာ" အဲဒီလို ဘုန်းကြီးတို့ မတော့လေ၊ ဝိထိတွေချပြီး ဗုဒ္ဓမြတ်စွာရဲ့ နောက်ကလိုက်ပြီး ရဟန်း သံဃာတော်ကြီးတွေကစပြီး ပြထားလို့၊ ဘုန်းကြီးတို့ကျတော့လေ၊ အို....စိတ်ကြီးဝင်မယ်ဆို ဝင်စရာကြီး၊ လူတွေ့ လုံးလုံးမသိနိုင်တဲ့ အသိတွေကို အမျှားကြီး သိထားတော့ ဘာဖြစ်သွားတုံး ဆိုတော့ ငြိမ်သက်တဲ့နေရာမှာ ဒီတရားတွေ စဉ်းစားလို့ ရေးလို့၊ ဒီတရားတွေ ပြောလို့၊ ဒီတရားတွေ အာရုံယူပြီးတော့ အနိစ္စတွေ့ အနိစ္စမတွေ့၊ ဖြစ်ပျက် ဖြစ်ပျက်၊ အဲဒီလိုတွေးနေရတော့ သြော်....ဗုဒ္ဓမြတ်စွာရဲ့ သာဝကာ၊ ဗုဒ္ဓမြတ်စွာရဲ့ တပည့်ဖြစ်ရတာဟာ အင်မတန် ကောင်းပါလား။

ဘယ်နလောက်ကောင်းတုံး၊ ကမ္ဘာကမ္ဘာလွန်သော်လဲ ဒီဘုရားမတွေ့ရဘူး၊ ဒီကမ္ဘာကမ္ဘာလွန်သော်လဲ မတွေ့ရတဲ့ ဗုဒ္ဓမြတ်စွာရဲ့ သာဝကတပည့်၊ ဆိုပါတော့ ဒကာ ဒကာမ၊ အဲဒီလိုဖြစ်ရတာဟာ သိပ်ကောင်းပါလားလို့ ဝမ်းသာလိုက်တာ၊ ပီတိဖြစ်လိုက်တာ၊ ဒီဘုရားရဲ့ တပည့်သား သာဝက၊ ဒီဘုရားသာသနာကိုပြုနေတဲ့ ဆရာသမား၊ ဒီဘုရားရဲ့သာသနာကို ပြုနေတဲ့ ဒကာ ဒကာမ၊ အမယ်လေး အဲဒီ ကမ္ဘာများစွာ လွန်ပေမယ့်မဖြစ်ဖူးဘူး၊ ယခု ဖြစ်ရတာဟာ သိပ်ကောင်းပါလားလို့ ပီတိတွေဖြစ်ပြီးတော့ စိတ်ကြီးဝင်တယ်၊ စိတ်ကြီးဝင်တယ်။

ဘုန်းကြီးတို့က ဒီတရားတွေ့ကို စဉ်းစားပြီးတော့ ဆိတ်ဆိတ်ငြိမ်ငြိမ်နေရာများမှာလေ၊ စဉ်းစားပြီးတော့ နေလိုက်မှဖြင့် အနိစ္စ, ဒုက္ခ, အနတ္တတွေ့ ကွက်ကွက်ကွင်းကွင်းထင်လာလို့ ဝမ်းသာလိုက်တာ၊ ဒီဗုဒ္ဓမြတ်စွာနဲ့ တွေ့ပြီးဘော့ ဒီတရားတော့ သိရတာဟာ ကြံစည်နေရတဲ့အကြံအစည်ဟာ ဘာဖကြံအစည်နဲ့မှ မတူအောင် သိပ်ပြီးတော့ ကောင်းပါလားလို့ အင်မတန် ဝမ်းမြောက်သွားတယ်နော်။

ဘုရားသားတော်ဖြစ်ရ၍ အားရဝမ်းမြောက်

"သယံ ဗုဒ္ဓေါ သမ္မာဓေသိ၊ မွေပိ ဓမ္မသတ္တိယော။
အဟော နော တာဿ သုတတ္တံ၊ အဟော နော ဓမ္မစိန္တနံ။"

ယော ဇိနော၊ မဂ်ဖိုင်ခရောင်လျှံ ဦးသျောင်ပျံဝယ် အောင်လံစွင့်စွင့် လွှင့်

တလူလူ အကြောင် အောင်တော်မူ မြတ်စွာဘုရားသည်။ ဓမ္မပိ၊ ရွှေနှောက်စဉ်လျက် ဖြစ်တိုင်းပျက်၍ ဆက်ဆက်မနှောတရားသဘောတို့ကိုလည်းကောင်း။

ဝိထိသဘောနဲ့လေ ဘာဖြစ်ပြီးတော့ ဘာဖြစ်၊ ဘာဖြစ်ပြီးတော့ ဘာဖြစ်၊ ရွှေနောက်စဉ်ပြီးတော့ ဖြစ်နေတဲ့ဟာကိုလဲ ဗုဒ္ဓမြတ်စွာက ပေးဘတော်မူတယ်၊ ဖြစ်ပြီးယင်လဲပဲ ဖြစ်ပြီးပျက် ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်၊ တခုနဲ့တခု ဆက်မသွားဘူးနော်၊ ဖြစ်ဖြစ်ပြီးထော့ ပျက်ပျက်သွားတယ်၊အဲဒီလို တရားသဘောတွေကို ဗုဒ္ဓမြတ်စွာက ဟောတော်မူတယ်။

"ဓမ္မပိ၊ ရွှေနောက်စဉ်လျက် ဖြစ်တိုင်းပျက်၍ ဆက်ဆက်မနှော တရားသဘောတို့ကိုလည်းကောင်း။ ဓမ္မသတ္တိယော၊ တရားတိုင်း၏ ဓာတ်ခံပြည့်လျက် သတ္တိအင်အား စွမ်းပကားတို့ကိုလည်းကောင်း။"

စိတ် ဝိညာဏ်၊ ဝိညာဏ်က ဘယ်တရား၊ ဘယ်တရားတွေကို ကျေးဇူးပြုနေတယ်။ ဒီလိုလဲပဲဓလ ဗုဒ္ဓမြတ်စွာက ဟောတော်မူလိုက်တာ၊ အဲဒီ စိတ်နောက်ကပါတဲ့ "ဖဿ" တို့၊အို.... "ဖဿာဟာရ"နဲ့ကျေးဇူးပြုတယ်၊ ဝေဒနာကျတော့ကော "ဝေဒနာဟာရ"နဲ့ ကျေးဇူးပြုနေတယ်၊ အဲ ဆညာကျတော့လဲ သညာအတိုင်း ကျေးဇူးပြုတယ်၊ စေတနာကျတော့လဲ "စေတနာဟာရ"နဲ့ ကျေးဇူးပြုတယ်၊ တရားတပုဒ်တပုဒ် တရားတပါးတပါးမှာ ခု ပဋ္ဌာန်းပစ္စည်းနဲ့ ယှဉ်ပြီးတော့ ဟောတော်မူလိုက်တာ။

ရုပ်တွေမလဲပဲ ဓာတ်ကြီး ၄-ပါး အချင်းချင်း ကျေးဇူးပြုတယ်၊ အဲဒီ ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာပေါဓာတ်၊ ဓာတ်ကြီးလေးပါးက အတူတူ နောက်ဖြစ်တဲ့ ဥပါဒါရုပ်တွေကို ကျေးဇူးပြုတယ်၊ သိတော်မူလိုက်တာ၊ ဟောတော်မူလိုက်တာ။

"သယံ ဗုဒ္ဓါ သမ္မောဓေသိ၊ ဓမ္မပိ ဓမ္မသတ္တိယော။ သယံ ဗုဒ္ဓါ ပေါဓိမက္ခိုင် ဝန်းဝါမြို့ငယ် ကိုယ်တိုင်တင် သိမြင်စတော်မူပြီးသည်ဖြစ်၍။"

ဟို.. အမှတ်တမဲ့ကလေးနော်၊ ဒီအသိ ဒီဉာဏ် ရတော်မူအောင် ဒီဉာဏ်တော်ကြီး ရမတော်မူအောင် ဆသက် စည်းစိမ်ပေါင်း များစွာ စွန့်ပြီးတော့ ဒါနပြုခဲ့ရ ပါတယ်နော်၊ ဂုဏ်ပကာသန ဒါနတခုမှ မပါဘူး၊ ဒါနစစ်စစ်၊

ကြီးကို "လေးသခေါ်နှင့်ကမ္ဘာတသိန်း" ပြုခဲ့ရပါတယ်နော်၊ သီလတွေ ငါးပါး သီလကနေ စပြီးတော့ ဆောက်တည်ခဲ့ရပါတယ်၊ ဖြည့်ခဲ့ရပါတယ်နော်၊ ဒီသိတဲ့အခါနှိုက်လေးကသာ ဗောဓိမဏ္ဍိုင်မှာ သမ္ဗညုတဉာဏ်တော်ကြီးရတယ်၊ ဒီရုပါမယ့်အကြောင်း ရှေးက အထောက်အပံ့တွေ အသက်ကိုတောင် စွန့်ခဲ့ရပါတယ်နော်။

"သယံ ဗုဒ္ဓေါ၊ ဗောဓိမဏ္ဍိုင် ခန်းဝါမြို့ဝယ် ကိုယ်တိုင်စတင် သိမြင်တော်မူပြီးသည် ဖြစ်၍။ သမ္မောဓမသိ၊ သိတန်သမျှ ဝေနေယျကို မြွက်ဟလှစ်ဖော် သိစေတော်မူခဲ့လေပြီ။"

သိတန်သမျှ ခု ဘုန်းကြီးသိတာ သိတန်သမျှလေးပါ၊ ဗုဒ္ဓမြတ်စွာသိသလို အဝေးကြီး အဝေးကြီး၊ ဘုန်းကြီး မပြောနဲ့၊ ကန်တော့ပါရဲ့၊ ယေဉ်သာဖောင် ပညာကြီးတဲ့ အရှင်သာရိပုတ္တရာ ကိုယ်တော်တိုင် ဗောဓိမဏ္ဍိုင်မှာ ဗုဒ္ဓမြတ်စွာ သိတော်မူတဲ့ အသိမျိုးကို မသိပါဘူး၊ အဲဒီလောက်ကြီးကျယ်တဲ့ ဉာဏ်တော်ကြီးနဲ့ အဲဒီလောက် ကြီးကျယ်တဲ့ ဟရုးတော်တွေကို ဟောတော်မူခဲ့ပါတယ်။

"တဿ ဇိနဿ၊ အောင်ဓမြနက်ဝန် ဗောဓိမဏ်ဝယ် ဓအောင်လံစွင့်စွင့် လွှင့်တလူလူ ထိုအောင်တော်မူ မြတ်ဘုရား၏။ သုဘတ္တံ၊ တရားဓမ္မ သြဝါဒကို ကြားရရှင်ပျော် သားတော် သမီးတော် ဖြစ်ရခြင်းသည်။ အဟော နော၊ ကိုယ်တွက်ကိုယ်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ်မှာခုနှယ် သြော် ဝမ်းမြောက်ဖွယ်ကြီးပါတကား။။

ဒီဗုဒ္ဓမြတ်စွာရဲ့သြဝါဒတွေကို ကြားနာပြီးတော့နေရတာ၊ ငါဗုဒ္ဓမြတ်စွာရဲ့ သားဖော်၊ ငါ ဗုဒ္ဓမြတ်စွာရဲ့သမီးဖော်၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို ချီးမြှောက်နေတဲ့သမီးတော်၊ အဲဒီလိုဖြစ်ရမယ်ဟာ မဖြစ်ခဲ့ပါဘူး၊ မဖြစ်ခဲ့ပါဘူး၊ ကမ္ဘာပေါင်းများစွာ လွန်ပေမယ့် မဖြစ်ခဲ့ပါဘူး။

"အဟော နော၊ ကိုယ်တွက်ကိုယ်တာ ကိုယ်ကျိုးပါသဖြင့် ကိုယ်မှာခုနှယ် သြော်....ဝမ်းမြောက်ဖွယ်ကြီးပါတကား။ ဓမ္မစိန္တနံ၊ ဓမ္မသက်သက် ရှေးနောက် ဆက်၍ ဖြစ်ပျက်နေဟန် ကြောင်းကျိုးမှန်ကို ဖန်ဖန်ခဲ့ဓဝ ကြံစည်၍နေရခြင်းသည်။"

တိတ်ဆိတ်တဲ့နေရာမှာ တရားတွေတွေးပြီးတော့ ကြံနေရတာတွေ၊ သိပ်ကောင်းတာပဲ၊ သိပ်ကောင်းတာပဲ၊ တရားတွေ့ချည်းပဲ၊ ပုဂ္ဂိုလ်, သတ္တဝါ, သူ ငါ မရှိ၊ ဒီတရားသဘောတွေသာ ရှိနေတယ်၊ တရားသဘောတွေကလဲ ရှေ့နောက် ဆက်ပြီးတော့ ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဒီလိုနေကယ်လို့ ဒါတွေတွေးပြီးတော့ နေရတဲ့ဟာ သိပ်ကောင်းပါလားလို့—

ဓမ္မစိန္တိနံ၊ ဓမ္မသက်သက် ရှေ့နောက်ဆက်၍ ဖြစ်ပျက်နေဟန် ကြောင်းကျိုး မှန်ကို ဖန်ဖန်ခဲ့ဝေ ကြံစည်၍နေရခြင်းသည်။ အဟော နော၊ ကိုယ့်သန္တာန်တွင်း ဉာဏ်ထွင်လင်း၍ ရှင်းကာရှင်းကာ သြော် အားရဖွယ်ကြီးပါတကား။

သာဓု..... သာဓု..... သာဓု။

နိဗ္ဗာန်ထိ သီအောင်လုပ်။ ။ဘုန်းကြီးတို့က ဒီနည်းနဲ့ သာသနာကောင်ကြီးကို ချီးမြှောက်နေတာ၊ ဒီနည်းနဲ့ ဒီသာသနာဝန်ကြီးကို ထမ်းနေတာ၊ ဘုန်းကြီးတို့ရဲ့ ဒကာ ဒကာမတွေကို ဒီနည်းသိပါစေတော့လို့၊ ဘုန်းကြီးတို့ရဲ့ ရဟန်းတော်တွေ သာမဏေများ ဒီနည်းအတိုင်း လိုက်နိုင်ပါစေတော့လို့၊ ဒီ သြဝါဒတွေ ရှောင်လွဲလို့မရဘူး၊ ဘုန်းကြီးတို့က ဒီနည်းအတိုင်း ဓနထောက ရှေ့တိုးဖို့သာရှိတယ်၊ ဘုန်းကြီးတို့ရဲ့ ဒကာ ဒကာမတွေ ဒီအတိုင်း သီလထောက ရှေ့တိုးဖို့သာရှိတယ်၊ နောက်ပြန်ဆုတ်ပြီးတော့ အပေါစားနေလို့ မဖြစ်ဘူး၊ ဘုန်းကြီးတို့ကျောင်းက သံဃာတော်တွေ့ ဒီအကိုင်း နေရာက ဓရှေ့တိုးဖို့သာ ရှိတယ်၊ ပြန်ပြီးတော့ လျှော့ပေးလိုက်ဖို့ ဘုန်းကြီးမှာ မရှိဘူး။

သူတို့က ဘုန်းကြီးကို ဆန့်ကျင်ဘက်လုပ်ပြီးတော့ကို အရှင်ဘုရားညှဉ်းတဲ့လမ်းဟုတိုင်း တပည့်တော်တို့ မလိုက်နိုင်ပါဘူးဆိုယင် ဘုန်းကြီးက ဲရပါမယ်၊ ဒီပရိသတ်တွေအတွက် ဘုန်းကြီးက လျှော့မပေးနိုင်ပါဘူး၊ မှန်တာနဲ့လို့ မှန်လွန်းလို့၊ ယခု ပဋ္ဌာန်းကဓိပ္ပာယ်တွေ, ပဋ္ဌာန်းနဲ့ဆိုင်တဲ့ သုတ္တန်အဓိပ္ပာယ်တွေ ပြောယစ်ပြောယင်းက တခါတလေ ငါ့တပေါက်တဲ့ နေ့မထင်ပါရဲ့၊ ဖြစ်မှာ မဟုတ်ပါဘူး ထင်ပါရဲ့၊ တချိန်တုန်းကမျှား ဖီစိတ်ကို အမြဲဖြစ်သွားတယ်။

ဒါကြောင့် လျှော့ပေးလိမ့်မယ်လို့ မထင်လိုက်ပါနဲ့၊ တို့ ဘယ်လိုလိုက်နိုင်မယ် ဆိုတာကိုသာ ကြိုးစားပါ၊ လိုက်နိုင်သရွေ့ မင်္ဂလာနိဗ္ဗာန်နဲ့ နီးလွန်းလို့၊ နီးလွန်းလို့၊ ကောင်းပြီ၊ ဒီလို သိရတော့ သိရုံနဲ့ပဲ ကျေးဇူးမျှားဆလား ဆိုတော့ သိတာကတော့ ကောင်းပါတယ်၊ ဒါပေမယ့်လို့ သိသည့်အတိုင်း တွေးပြီးတော့ "ရုပ်နာမ်သားရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါ သူ ငါ မရှိ၊ ရုပ်သာ ရှိဘယ်၊ နာမ်သာ ရှိတယ်၊ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မရှိ" အဲဒီထိအောင် လိုက်ရပါတယ်။

အမယ် သိရုံနဲ့တောင်မှ မပြီးသေးဘူးတဲ့လား၊ မပြီးသေးပါဘူး၊ ရုပ်နာမ်သာ ရှိထယ်၊ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မရှိ၊ အဲဒီ ထိအောင်ကို လိုက်ကို လိုက်ရမှာပါ၊ ပုဂ္ဂိုလ် သတ္တဝါ သူ ငါ မရှိလို့ သိရုံနဲ့တာဝန်ကျေပြီလားလို့ ဆိုတော့ ဘယ်ဟုတ်မလဲ၊ အားလုံး ရုပ်နာမ်တွေဟာ ဖြစ်ပျက် အနိစ္စ ဒုက္ခ အနတ္တာ၊ ဒီလိုသွားရပါမယ်၊ တဆင့်ဝင်ရပါမယ်၊ အားလုံးရုပ်နာမ်တွေဟာ ဖြစ်ပျက်၊ အနိစ္စ ဒုက္ခ အနတ္တာ၊ အနိစ္စ ဒုက္ခ အနတ္တာ၊ ဒီမှာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်ပြီးတော့ ရွေတက်သွားပြီး အထပ်ထပ်အခါခါ ရှုလို့ရှိယင်တော့ဖြင့် အဝိဇ္ဇာ ကင်းပြီးတော့ တဏှာလောဘတွေ လျော့သွားမယ်၊ သိပ်ကျေးဇူးမျှားလှပြီ၊ ဒါကြောင့် သိရုံနဲ့လဲ မပြီးသေးပါဘူး။

အနိစ္စ ဒုက္ခ အနတ္တလို့ ရှုရပါမယ်၊ အနိစ္စ ဒုက္ခ အနတ္တလို့လဲ ရှုရုံနဲ့ မပြီးသေးပါဘူး၊ ခန္ဓာကိုယ်တွင်းမှာရှိတဲ့ အဝိဇ္ဇာ မောဟ မှောင်ကြီး ကင်းပြီးတာမှ တဏှာလောဘတွေ လျော့သွား၊ လျော့သွားရာက ကုန်သွား၊ ကုန်သွားတယ်ဆိုတော့ အရိယာ ဒေသာက်တန်းဖြစ်၊ သိပ် လျော့သွားတယ် ဆိုဓတော့ အရိယာအလယ်တန်းဖြစ်၊ သိပ် ကုန်ခန်း သွားတယ်ဆိုတော့ အရိယာ ရဟန္တာကြီးဖြစ်လို့၊ အဲဒီကျမှ အို, နာ, ဓသ, ရေး ဒုက္ခဘေးက လွတ်ပြီးတော့ အသင်္ခတ နိဗ္ဗာနဓာတ် အဖြစ်နဲ့ မိမိတို့ ကျန်ရစ်မှာပါ။

အဲဒီထိအောင် သိနိုင်မှ ဘုန်းကြီးတို့အသိဟာ ကျေးဇူး မျှားတယ်လို့ နားလည်စမ်းပါနော်၊ ဒီလို နားလည်စမ်းပါ၊ ဒီတော့ ဘုန်းကြီးက ကောင်းတော့ဖြင့် သိပ်ကောင်းပြီ။

မဂ္ဂင်ရထား စီးရှိသည်း

သမ္မတ်စိတ် ၄-ပါး။ ။တရားကလဲ သိပ်ခက်ခဲပြီ၊ တရားကို အဆင့်ဆင့် သိဖို့ လမ်းညွှန်တာကလဲ သိပ်ကောင်းနေပြီ၊ နောက် ဆုံး အဝိဇ္ဇာကုန်ခန်းလို့ ရဟန္တာဖြစ်တဲ့အထိ လမ်းက ညွှန်နေပြီ၊ အာသဝေါ ကုန်ခန်း တဏှာကုန်ခန်းလို့ ရဟန္တာဖြစ်တဲ့အထိ လမ်းက ညွှန်နေပြီ၊ သိပ် ကောင်းပြီ၊ သိပ်ကောင်းပြီ၊ ဒုက္ခခပ်သိမ်း အေးငြိမ်းသွားပြီကိုတော့ ဘုန်းကြီး တို့က ပြန်ပြီးတော့ တို့ရွေးကံ အင်မတန်ကောင်းတယ်၊ ပုဒ္ဓစ ကတပုညတာ တို့ ရွေးကံကို ကောင်းကောင်း ပြုခဲ့ပြီ၊ သိပ်ကောင်းတာပဲ၊ ဘယ်သူဘယ်ဝါနဲ့ ပြုခဲ့တယ်တော့ မသိဘူး။

ရွေးက ဆွမျိုးမိဘ ဆရာသမားတွေက ရွေးရွေးဘဝက ဆွမျိုးမိဘ ဆရာသမားတွေက သိပ်ကောင်းခဲ့လို့ တို့ ရွေးကောတော့ ကံကောင်း ပြုခဲ့ပြီ၊ ကံကောင်းပြုခဲ့လို့ ဒီဘဝမှာ ပဋိသန္ဓေနေတယ်ဆိုယင်ပဲ ပဋိရူပ ဒေသ သင့်တင့် လျောက်ပတ်တဲ့ ဒေသမှာ တို့ ပဋိသန္ဓေနေရတယ်၊ ရွေးကံ ကောင်းလေစ့၊ ရွေးက ဘယ်မိ ဘယ်ဘ ဘယ်ဆွေ ဘယ်မျိုး ဘယ်ဆရာသမားတွေနဲ့ ပြုခဲ့ တယ်တော့ မသိဘူး၊ ရွေးကံ တို့ ကောင်းလေစ့၊ ရွေးကံက ကောင်းလို့မို့၊ တို့ ဖြစ်နေရတဲ့ ဒေသဟာ "ပဋိရူပ ဒေသ" သင့်တင့်လျောက်ပတ်ကောင်း မြတ်တဲ့ ဒေသပဲ။

ဒီမှာ ပြောစရာ ရှိတယ်၊ "အရှင်ဘုရား စားရေးသောက်ရေးကလဲ သိပ် မကောင်းလှဘူး၊ ဟို နိုင်ငံခြားတွေမှာတော့ သိပ်ပြီးတော့ အထက်တန်းကျ တာပဲ၊ သူတို့က သာပြီးတော့ "ပဋိရူပ ဒေသ"မဖြစ်ပါပေဘူးလား၊ တပည့် တော်တို့ ရောင်းရေး ဝယ်ရေးတွေမှာ အင်မတန် ဆင်းတောင့် ဆင်းရဲ ဖြစ်ပါ တယ်၊ သူတို့မှာဆိုတော့ တကတည်း တနေ့မှာ သန်းပေါင်းများစွာငင်တဲ့သဌေး ကြီးတွေတောင် ရှိပါတယ်၊ တပည့်တော်တို့ဆီမှာ မရှိပါဘူး၊ သူတို့ဆီက သာပြီးတော့ "ပဋိရူပဒေသမဖြစ်ပါပေဘူးလား" လို့ ဆိုတော့–

ဘုန်းကြီးက အဲဒီထက်, သူတို့ထက် နတ်ပြည်က သာပြီးတော့ ဒီလိုသာ တွေးကြစမ်း ဆိုလို့ရှိယင် နတ်ပြည်က သာပြီးတော့ 'ပဋိရူပဒေသ'ဖြစ်မှာ ပေါ့၊ ဒီလိုတွေးတမ်းဆိုလို့ရှိယင် ဘုန်းကြီးက ပြောနေတဲ့ "ပဋိရူပဒေသ"က

ရှေ့ကို အဆက်ကောင်းတာ မကောင်းတာ ပြောနေတာပါနော်၊ ရုတ်တရက်ကလေး ခံစားဖို့ရန်အရေးကို တွေးပြီးတော့ ပြောနေတာ မဟုတ်ပါဘူး၊ ရုတ်တရက် ခံစားဖို့အရေးကို ကြည့်ပြီးကော့ ပြောနေလို့ရှိယင် နိုင်ငံခြားမှာ တနေ့တည်းနဲ့ သိန်းပေါင်းများစွာဝင်နေတဲ့ သင်္ဘေးကြီးတွေထက်သာတဲ့ နတ်ပြည်ရှိပါတယ်။

ရှိတဲ့နတ်ပြည်က ဘာသာတာတုံး၊ သင်္ဘေးကြီးက ဘယ်လောက်ပေါပြီးတော့ ဘယ်လောက် အစာစားတယ် ဆိုပေမယ့်လို့၊ သူတို့စားတဲ့အစာတွေက အဖတ်အကာကြီးပဲ၊ ဟိုက နတ်သမီး နတ်သားတွေ စားတဲ့ အစာတွေက အဖတ်အကာ ဘာမှ မရှိဘူး၊ ဘာပြုလို့ အဖတ်အကာမပါမှန်းသိလဲ၊ သူတို့အစာက ကျင်ကြီးကျင်ငယ်မဖြစ်ဘူး၊ ဒီသင်္ဘေးကြီးတွေ ကျင်ကြီးကျင်ငယ်နဲ့၊ ကျင်ကြီး ကျင်ငယ် သွားတဲ့ လမ်းကလေးကို အင်မတန်ကောင်းအောင် လုပ်ပြီးတော့ အိမ်သာတွေ လုပ်ထားရတယ်။

ဟိုက မရှိဘူး၊ အိမ်သာတွေ့ မရှိဘူး၊ ဥတုက ဒီမှာ နေ့အာဂ်မှာနေရတော့ နေရဲ့ အလှည့်အတိုင်းပူလိုက်တာက တမျိုး၊ အေးလိုက်တာကတမျိုး၊ ဟို တာဝတိံသာ နတ်ပြည်ဆိုတာက နေအထက် အဝေးကြီး၊ အဝေးကြီး၊ အပူအအေးမျှလို့၊ ဥတုမျှလို့၊ နတ်သမီး နတ်သားတွေ ယပ်တခပ်ခပ်နဲ့မနေပါဘူး၊ အင်မတန် သာယာတယ်၊ အင်မတန် သာယာတယ်၊ အစာရှာရတဲ့ဒုက္ခ နတ်ပြည်မှာ မရှိဘူး၊ ဘာမှ မရှာရဘူး၊ ကံအလိုက်ပဲ၊ လွယ်လွယ်ကလေး၊ စားစရာတွေက အဆင်သင့်၊ နေစရာတွေက အဆင်သင့်၊ စိတ်ကလဲအင်မတန် ချမ်းသာတာယ်။

အဲ ကံကလဲ အင်မတန် ကြီးကျယ်တယ်၊ စိတ်ကလဲ အင်မတန် ချမ်းသာတယ် ဆိုတော့ ဖြစ်တဲ့ ရုပ်ကလေးတွေကလဲ ကြည့်လို့၊ ဥတုကလဲ အင်မတန်ကောင်းတယ် ဆိုတော့ ဥတုကြောင့်ဖြစ်တဲ့ ရုပ်ကလေးတွေလဲ အင်မတန်ကောင်းလို့။

အာဟာရကလဲ အင်မတန် ကောင်းတယ်ဆိုတော့ ဒီနတ်သား နတ်သမီးတွေ့ နတ်သုဒ္ဓါလေးတွေ့ စားနေကြတာဖြစ်ခဲတော့ အာဟာရကြောင့် ဖြစ်တဲ့ ရုပ်ကလဲ ဘေးကင်း ရန်ကင်း၊ အင်မတန်ကောင်းလို့၊ ဒီတော့ လောကီစည်းစိမ်

ချမ်းသာတဲ့ဓနဥစ္စာကို 'ပဋိဂ္ဂပဒေသ' လို့ပြောကြစတမ်း ဆိုယင်တော့ နတ်ပြည်က သိပ်ချမ်းသာတာပဲ၊ သူတို့ နိုင်ငံခြားထက် သာပါတယ်။

ဒါဖြင့် **အရှင်ဘုရား၊ နတ်ပြည်မသွားချင်ဘူးလား၊** ပြော ယုံမှာမဟုတ်ဘူး၊ **မသွားကို မသွားချင်ဘူး၊ ဒီတရား** သိနေတာနဲ့ကို မသွားချင်တာ၊ ဘာပြုလို့တုံး၊ ချမ်းသာတော့ ပျော်ကြတော့ မေ့နေကြတယ်၊ အဲဒီဟာ ကြောက်လို့ **မသွားချင်တာ၊ တရားရှုနေမယ်ဆိုလို့ရှိယင်တော့** နတ်ပြည်တက်ပြီးတော့ တပည့်တပန်းတွေ စာဝါးပြောလို့၊ စာတွေ့ရေးလို့၊ ဒကာ ဒကာမတွေကို တရားဟောလို့ နေရမယ် ဆိုလို့ရှိယင်တော့ နတ်ပြည်နေချင်တာ အမှန်ပဲ၊ ခုတော့ နတ်ပြည်ကျတော့ ဒီ ဒကာ ဒကာမတွေကို တရားဟောလို့မရ၊ ဒ်် တပည့်တပန်းတွေကလဲ တရားကျင့်မှာ မဟုတ်ဘူး၊ ဒီတော့ ဒီနတ်ပြည်ကို အဟုတ် မသွားချင်တာ၊ ချမ်းသာမှန်း ဆသိသားပဲ၊ ဒါကြောင့် ဘုန်းကြီးက ဒီတရားရှိတဲ့ နိုင်ငံကို ပဋိဂ္ဂပဒေသလို့ ဆုံးဖြတ်ပါတယ်။

ရွေးကံက ဘယ်လောက်ကောင်းသလဲဆိုယင်၊ တရားနှီတဲ့ ဒီနိုင်ငံကို ပို့လိုက်တာကိုလဲ ရွေးကံကို ကျေးဇူးတင်တယ်။

ရွေးကံက ပဋိဂ္ဂပဒေသ ပို့လိုက်လို့မို့၊ ဘုန်းကြီးတို့ ဒီတရားတွေနဲ့ ဝေ့ရတယ် မဟုတ်လား၊ ဘာပြုလို့တုံး၊ ငယ်ငယ်တုန်းက ဘိုးတော် ဘွားမတို့က တခွါမိဘတွေက ဆိုလို့ရှိယင် ငါ့မြေးဆို "ဗုဒ္ဓံ ပူဇေမိ" ကြိုက်လိုက်တာ၊ သဘောကျလိုက်တာ၊ "ဓမ္မံ ပူဇေမိ၊ သံဃံ ပူဇေမိ" ဆုမ်းလောင်းစမ်း ဆုမ်းလောင်းစမ်း၊ ငါ့မြေး ဟော ဆုမ်းလောင်းလိုက်၊ ဆုမ်းလောင်းလိုက်၊ သိပ်သဘောကျလို့၊ သိပ်သဘောကျလို့၊ ဒါ ပဋိဂ္ဂပဒေသ ရောက်တော့ "သပ္ပုရိသ" သူတော်ကောင်းတွေ့ ဘိုးဘွားမိဘတွေကစပြီးတော့တွေ့ခဲ့ရတယ် မဟုတ်လား။

နတ်ပြည်မှာ နတ်သမီး နတ်သားတွေ့ ဆုမ်းလောင်းစရာ မရှိဘူး၊ ဒါနပြုစရာမရှိဘူး၊ အင်မတန်တကတည်းသတိထားတဲ့ သိကြားတို့ဟာဒါနပြုခွင့်ယင်လူယောင်ဆောင်ပြီးတော့ လူ့ပြည်လာပြုရတယ်၊ ဟိုမှာ ဒါနပြုစရာ မရှိဘူး၊ ကောင်းပြီ ဒါနပြုစရာမရှိတော့ သီလဆောက်တည်စရာ ရှိသလား၊ ပြောတယ်၊ ဥပုသ်ကျိုးတယ်လို့ဆိုတယ်၊ နတ်သမီးတွေက အနာ ပွတ်သီးပွတ်သပ်နဲ့ နေတော့ နတ်သားတွေ့ ဥပုသ်ကျိုးတယ်တဲ့။

ဒီတော့ နတ်ပြည်ကို ဘုန်းကြီး ဘယ်နှယ်လုပ်ပြီး သွားဝံ့မှာတုံး၊ မသွားဝံ့ဘူး၊ ဒါဖြင့် နတ်ပြည် ဥပုသ်ကျွေးတယ် ဆိုလို့ရှိယင် ဒီကနေ့ သန်းပေါင်းများစွာ ဝင်ငွေတွေရှိနေတဲ့ သဌေးကြီးတွေ၊ သဌေးကတော်တွေ ဥပုသ်စောင့်ကြမတဲ့လား၊ စောင့်ရမှန်းကော သိမတဲ့လား၊ စောင့်ယင်ကော သင်းတို့ ဥပုသ် မကျွေးပေဘူးလား။

ဒီတော့ ဘုန်းကြီးက မလိုချင်ဘူး၊ နတ်ပြည်မှ မလိုချင်ပဲနဲ့ အဲဒီ နှိုင်ငံတွေလဲ မလိုချင်ဘူး၊ ပဋိရူပဒေသလို့ ဘုန်းကြီးမဆိုနိုင်ပါဘူး၊ ဘာပြုလို့တုံး၊ သူတော်ကောင်းတွေနဲ့ ပေါင်းသင်းဆက်ဆံဖို့ရန် အင်မတန်မှ ခဲယဉ်းသွားပြီ၊ ဒါကြောင့် ဘုန်းကြီးတို့ဆီမတော့ ရှေးက ကုသိုလ်ကံတွေ ပြုခဲ့လို့နဲ့တူရဲ့၊ ဒဲ့ နောက်ထပ် ဆက်ပြီးတော့ ကံတွေ ကောင်းဖို့ရန်ဟာ ဒီလိုဘဝမျိုးကို ရှေးကံက ညွှန်ပြလိုက်တာ၊ အကျွေးပေးလိုက်တာ၊ ပဋိရူပဒေသ ဒီလို ဘဝမျိုးကို ရောက်လာရတယ်။

ပဋိရူပဒေသ ရောက်လာတော့ ဘိုးဘွားကစပြီးတော့ ကောင်းတဲ့လမ်းကို ညွှန်ပြကြတယ်၊ တကတည်း ကောင်းတဲ့ အဆုံးအမ သုဝါဒ သဒ္ဓမ္မသဝန ကို ကြားနာရတယ်၊ "သဒ္ဓမ္မသဝန" ကို ကြားနာရတော့ ဘုန်းကြီးတို့ စိတ်ကလေးတွေ ကောင်းကောင်း ထားတတ်တယ်၊ အတ္တာသမ္မာပဏိဓိ စက်လေးပါး ဘုန်းကြီးတို့မှာ ပြည့်စုံနေတယ်။

စက်လေးပါး ပြည့်စုံနေတော့ အတ္တာသမ္မာပဏိဓိစက် စိတ်ကောင်းထားဖို့ သိပ်လိုအပ်ပဲ၊ မိဘတွေ ကောင်းကြပြီနော်၊ ဘိုးဘွားတွေ ကောင်းကြပြီနော်။

နေထူဋ္ဌာနက အမျှားစု မကောင်းကြပေမယ်လို့ ဒီတရားနဲ့နေတဲ့ ပုဂ္ဂိုလ်တွေ အတွက် ကောင်းကြပြီနော်၊ ပုဗ္ဗေ စ ကတပုညတာ သမ္ပတ္တိစက်၊ သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့ ပဋိရူပဒေသ သမ္ပတ္တိစက် မိကောင်းဖကောင်း ဘိုးကောင်း ဘွားကောင်းတွေနဲ့ တွေ့ရတဲ့ သပ္ပုရိသူပနိဿယ သမ္ပတ္တိစက် အဲဒီလို စက်ခတွေနဲ့ ပြည့်စုံပြီးနေလို့မို့ ဘုန်းကြီးတို့ ကထုံးကောင်းတွေ နာရတယ်။

ငယ်ငယ်ကစပြီ အဆုံးအမကောင်း တွေ့ခဲ့ရတယ်၊ ဘုန်းကြီးတို့ဘယ်သူ့ကို အားကျရမှာတုံး၊ ဘယ်နိုင်ငံကို အားကျရမှာတုံး၊ ဒီလို 'သပ္ပုရိသူပနိဿယ'နဲ့

သူတို့ တွေ့ကြရဲ့လား၊ ဒီလို သူတော်ကောင်း တရားကို သူတို့ နာရရဲ့လား၊ ဒီလိုဆိုယင် မိမိစိတ်ကို မိမိ တယ့်နှယ်လုပ်ပြီးတော့ ကောင်းအောင် သူတို့ ထားတတ်ကြမလဲ၊ ဘုန်းကြီးတို့က စိတ်ကောင်းကောင်း ထားတတ်ပြီ၊ သူတော်ကောင်း ခေတ်ခံသာရှိ၊ လောဘမကြီးနဲ့၊ လောဘမကြီးနဲ့၊ ဖြစ်ချင် ဖြစ်ဦးတော့ လောဘမကြီးနဲ့၊ ကုသိုလ်ထရားတွေ့ ဒါနပြုတဲ့အခါ သန့်သန့် ရှင်းရှင်း ပြုစမ်းပါ။

ကုဏ်ပကာသန ဒါနပါလာယင် လောဘပါလားပြီ၊ ပိုက်ဆံလဲကုန်တယ်၊ လောဘလဲပါဘယ်၊ တွက်ပုံ ရှုံးလွန်းလို့၊ အဂက်ဂက်က တွက်ပုံ ရှုံးလွန်းလို့၊ သာသနာပြု ဒါနပြုပါ၊ မရှိဆင်းရဲတဲ့သူတွေကို ပေးကမ်းစွန့်ကြပါ၊ ဒါနပြုပါ၊ ကုဏ်ပကာသနဒါနကို လုံးလုံးမပါစေနဲ့၊ တွက်ပုံရှုံးလွန်းလို့၊ ဝွက်ပုံရှုံးရုံတင် မကဘူး၊ နောက် လူပြိန်းတွေ့ လိုက်လွန်းလို့၊ အဟုယ္ဟလွန်းလို့၊ ဇရုးကြီးစွဉ်း ရှိတဲ့သူ နည်းနည်းကုဏ်ရှိတဲ့သူ၊ ဒီလိုကုဏ်ပကာသန ဒါနပြုလိုက်ရော၊ ဒီနောက်တော့ မရှိဆင်းရဲတဲ့သူတွေက ဒီလိုပဲပြုရကောင်းဆိုပြီး လိုက်ကြရော၊ ဟာလောကလုံး အမှားလမ်းကို ပြေးနေတာပါ၊ ကုဏ်ပကာသန ဒါနကို မပြုကြပါနဲ့။

ဥပုသ်သီတင်း စောင့်တဲ့အခါလဲ အပျော်အပါးဥပုသ်ကို မစောင့်ကြပါနဲ့၊ ပီပီသသ ဥပုသ်သီတင်း စောင့်ကြပါ၊ ဝိပဿနာဘာဝနာ ပွားများကဲ့အခါလဲ ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ တကယ့်ကို တရားရအောင် ပွားများကြပါ၊ ဇာတကဲသူများ ဇာထင်ကြီးရုံလေး မပွားများကြပါနဲ့၊ ဘုန်းကြီးတို့ကလဲ အကုန်လုံးလမ်းမှန်ကို ပြောနိုင်တယ်နော်။

ဒါကြောင့် အားလုံးသော ဒီဒကာ ဒကာမတွေ့ ကိုယ့်ကိုယ်ကို သမ္မတ္တိစက်လေးပါးနဲ့ တိုက်ဆိုင်တဲ့အချိန်မှာ ကြိုးကြိုးစားစားနဲ့ အလုပ် လုပ်ကြစမ်းပါ၊ ဘုန်းကြီးကဖော့လေ နတ်ပြည်လဲ အားမကျဘူး၊ ခုနက ယင်ဌေးတွေ့ကိုလဲ အားမကျဘူး၊ ကိုယ့်ဟာကိုယ် ကောင်းစအောင်ပြင်ဖို့ပဲ နှလုံးထားပြီးတော့-

စတုစက္ကံ ဝတ္တိယာနှ၊ ယာနံ ဗလပရိဂ္ဂဟံ။
ယာနဘယ အမတံ ပါရုံ၊ ကဿံ ပုရိသကာရိယံ။

စတုစက္ကံ၊ သမ္မတ္တိစက် လေးချက်စုပေါင်း၊ စက်စခါင်း လေးခုလည်း၊ တပ်

ထသော။ ဗလပရိဂ္ဂဟံ၊ ရန်ပေါင်းခွင်းဖြို့ ငါးဦးဗိုလ်သို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ်ထသော။

ဗိုလ် ၅-ပါး။ ။ဗိုလ်ငါးပါးဆိုတာ သဒ္ဓါဗိုလ် လေ၊ သဒ္ဓါတရား က ယုံလိုက်တာ "ဗလ" ဘာနဲ့တွေ့တွေ့ မတုန်မလှုပ်ပဲ သဒ္ဓါတရားက ယုံတာ၊ ဝီရိယဗိုလ် ကြိုးစားနေတယ်လေ၊ ကျန်းမာရေးကိုသာ ကြည့်ပြီး တော့ ကြိုးစားနေတယ်၊ ဝီရိယဗိုလ်က ဘယ်လောက်ကောင်းတုံး၊ သတိဗိုလ် ဒါပဲတွေးလို့၊ သာသနာကြီး ဘယ်လိုကောင်းအောင် ပြုကြရမလဲ၊ စာတွေ့ ဘယ်လို လွယ်အောင်ရေးရမလဲ၊ စာတွေ့ ဘယ်လိုနားလည်အောင် ချရမလဲ၊ ဒါတွေ့ သတိရလို့။

သဒ္ဓါဗိုလ်ကလဲ ကောင်းလိုက်တာ ယုံလိုက်ဟာမှ၊ ဝီရိယဗိုလ်ကလဲ ကောင်း လိုက်က၊ ကျန်းမာရေးက ညီညွတ်လာလို့ရှိယင် လုံ့လဝီရိယ နောက်မဆုတ်ဘူး၊ သတိဗိုလ်ကလဲ ဒီဘက်မှာပဲ၊ အမျှားကောင်းစားအောင်, နှိုင်ငံကောင်းစား အောင်, သာသနာ့ခကောင်းစားအောင်, ကျမ်းစာတွေ့ကို နားလည်လွယ်အောင် ဒီလိုပဲ သတိက ရှိနေတယ်၊ သမာဓိဗိုလ်ဆိုတဲ့ ဧကဂ္ဂတာကလဲ ဒီလိုနေထုမှာပဲ စိုက်လို့နေတယ်၊ ပညာဗိုလ် အမျှားကောင်းစားအောင်, နှိုင်ငံကောင်းစား အောင်, သာသနာ့ခကောင်းစားအောင်, ကျမ်းစာတွေ့ နားလည်လွယ်အောင် ဘယ်လိုလုပ်မယ်ဆိုတဲ့ အသိဉာဏ်ကလဲ ရှိနေတယ်၊ ဘုန်းကြီးတို့ရဲ့ ဗိုလ်ငါးဦး ကလဲ သိပ်ခကောင်းဘာပဲ၊ "သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ" ဗိုလ် ငါးဦးကလဲ အင်မတန်ကောင်းတယ်။

"စတုစက္ကံ ဝတ္တိယာန၊ ယာနံ ဗလပရိဂ္ဂဟံ"

စတုစက္ကံ၊ သမ္မတ္တိစက် လေးချက်စုပေါင်း စက်ခေါင်းလေးခု ရှိထသော။ ဗလပရိဂ္ဂဟံ၊ ရန်ပေါင်းခွင်းဖြို့ ငါးဦးဗိုလ်တို့ ကိုယ်စီစောင့်ကြပ် အုပ်ချုပ်အပ် ထခဲသော။ အားလုံးလဲ ဒီအတိုင်းရှိတယ်နော်၊ ကြိုးစားပြီးတော့ တိုးတက် အောင်သာ လုပ်ပါ၊ အားလုံး ဒီအတိုင်းရှိတယ်နော်။

ယာနံ၊ အသွားလျင်လျင် အမျှားတင်သည့် အားအင်ခိုင်ဖြိုး မဂ္ဂင်တည်း ဟူသော ယာဉ်ပျံတော်ကြီးကို။" နိဗ္ဗာန်ထိအောင် ပျံရမှာလေ၊ အားအင်

ကောင်းတဲ့ ယာဉ်ပျံကြီးဖြစ်ရမယ်၊ ဘာယာဉ်ပျံတုံး၊ ခုနက သဒ္ဒါ စတဲ့ ဗိုလ်တော့ အုပ်ချုပ်နေတာ ယာဉ်ပျံပေါ့၊ ဒီသမ္မတ်ကိုက်လေးခွက် တင်ထားတဲ့ ယာဉ်ပျံခေါ့၊ ဒီမဂ္ဂင်ရှစ်ပါးတည်းဟူသော ယာဉ်ပျံပေါ့၊ သမ္မတ်စက်လေးခု တပ်ထားတဲ့ မဂ္ဂင်တည်းဟူသော ယာဉ်ပျံကြီး၊ ဗိုလ်ငါးဦးအုပ်ချုပ်ပြီးတော့ စက်တွေမပျက်အောင် ကြိုးစားအုပ်ချုပ်ထားတဲ့ မဂ္ဂင်ယာဉ်ပျံကြီး။

စတုစက္ကံ ဝတ္တိယာန၊ ယာနံ ဗလပရိဂ္ဂဟံ။
ယာနာယ အဓတံ ပါရံ၊ ဂစ္ဆဲ ပုရိသကာရိယံ။

"စတုစက္ကံ၊ သမ္မတ်ကိုက် ငလေးချက်စုပေါင်း စက်ခေါင်း လေးခုလည်း တပ်ထသော။ ဗလပရိဂ္ဂဟံ၊ ရန်းပါင်းခွင်းဖြို့ ငါးဦးဗိုလ်သို့ကိုယ်စီစားငှဲ့ကြပ် အုပ်ချုပ်အပ်ထသော။ ယာနံ၊ အသွားလျင်လွင် အမှုဘဝင်လည်း ဟောဖွင့် ခိုင်ဖြိုးမဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို။" ဆိုပြန်းဖားမကြိုက်ဘူး၊ မြန်ရမယ်၊ အားလဲရှိရမယ်၊ လိုက်ခဲ့ အားလုံးလိုက်ခဲ့၊ ဒီ ယာဉ်ပျံကြီးအဘင်နိုင်ရမယ်။

"ယာနံ၊ အသွားလျင်လျင် အမျှားတင်လည်း အားဒဉ်ခိုင်ဖြိုး မဂ္ဂင်တည်းဟူသော ယာဉ်ပျံတော်ကြီးကို။ ဝတ္တိယာန၊ ဇော်မ်းမစောင်း လည်စေကြောင်းဖြင့် ကောင်းစွာအစဉ် မောင်းကာနှင်၍။ အမတံ ပါရံ၊ ဤဘက်မှာနေ အားလုံးသေ၍ ဟိုပြေရောက်မှ ဘေးကင်းရမည့် အမတ္တဓေါ နေပြည်တော်သို့။ ယာနာယ၊ ကိလေသာဟူ ရန်သူးစစ်ပေးက် ပုံးအမြောက်တို့ မကြောက်မနားအထောက်သွားခြင်းငှာ။ ပုရိသကာရိယံ၊ ယောကျားမှန်က ပြုရဲရမည့် ကိစ္စာ လက်ရိုး လုံ့လမျိုးကို။ ကဿံ၊ ငါးဦးပိုလ်ချုပ် အဖော်လုပ်၍ မဆုတ်ရဲစေ ပြုလုပ်ပေအံ့သတည်း။"

သာဓု.....သာဓု.....သာဓု။

တိုက်တွန်းချက်။ ။ဒါလောက် ကောင်းတဲ့ အသိတွေကို၊ ဒါလောက် ကောင်းတဲ့လမ်းစဉ်ကို ဘုန်းကြီးပြောပေးနိုင်တာ သံဃာတော်များကို နေ့တိုင်းဆွမ်းဘဲနဲ့ ပြောပေးနိုင်တာ၊ ဘုန်းကြီးရဲ့ဒကာဒကာမ

များကို တွေ့ထူကြုံရာမှာ ပြောပေးနိုင်တာဟာ ဒီတရားတော်ကြီးကြောင့်ပါပဲ၊ ဘယ်နည်းနဲ့မှ မလဲနိုင်တဲ့ ဒီပဋ္ဌာန်းတရားတော်ကြီးဟာ "ဟောဒီ အကြောင်း ကြောင့် ဒီအကျိုးဖြစ်သည်" လို့ သွန်သင်တော်မူထားတဲ့တရားတော်ကြီးပါပဲ။

ဒါကြောင့် ပဋ္ဌာန်းတရားတော်ကြီးကိုလေ ဘုန်းကြီးတို့ အမြဲသတိထားပြီးတော့ ရက်ပေါင်းများစွာ ကြားနာခဲ့ရတဲ့ ပဋ္ဌာန်းတရားတော်ကြီးကို မိမိတို့ အိမ်မှာ ဖွင့်ပြီးတော့ နာတဲ့အခါမှာ တရားတော်ကို မြင့်မြင့်ခုံပေါ်မှာ ရှိပါစေနော်၊ မိမိတို့က ကုလားထိုင်ပေါ်မှာ ချမ်းချမ်းသာသာကလေးနဲ့၊ မစဉ်းမစား နားထောင်ပြီးတော့ မနေနိုက်ကြပါနဲ့နော်။

မိမိတို့က ဘုရားရှေတော်မှာ ဖြစ်ဖြစ် တရားတော်ကြီးဖွင့်ပြီးတော့ ဒူးကလေးတုပ်လို့၊ ဂိုရိုသေသေ လက်အုပ်ချီလို့၊ စိတ်ဝင်စားစွာ ဒီလို နာကြပါနော်၊ ဘုန်းကြီးလေ အင်မတန်ဂစ္ဆာနာကြီးနဲ့ သိအောင် ဟောနေတာ၊ သိစေချင်တဲ့ တရားတွေ မကုန်ပေမယ့်လို့ အင်မတန် ကြာနေပြီမို့လို့ ရပ်ဆိုင်းလိုက်ရပါတယ်နော်။

အဲဒါကြောင့်- အိမ်မှာ ဖွင့်ပြီးတော့ နာတဲ့အခါမှာ လေးလေးစားစားနဲ့ ဘုရားဓမ္မမှာ လက်အုပ်ချီပြီးတော့ နှစ်နှစ်ကာကာ စဉ်းစားပြီးတော့ (၁၅) မိနစ်,မိနစ် (၂၀)လောက် ရပ်နားပြီး အဲဒီလိုနာကြပါနော်၊ ပျင်းနေအောင် ဒီရက်ပေါင်းများစွာအတွက် ဟောထားတဲ့ တရားတော်တွေကို ပျင်းနေအောင် တစဉ်တဘန်းကြီး မဖွင့်ကြပါနဲ့၊ ဝရက်စာ တရက်စာလောက်ကို ဖွင့်ပြီးတော့ ဖြည်းဖြည်းသက်သာ နာကြပါနော်။

အင်မတန်ဇကောင်းတဲ့ တရားတော်ကြီးကို အကြောင်းပြုပြီးသကာလ မိမိတို့ အတွက် မင်္ဂိုလ် နိဗ္ဗာန်ထိ အကျိုးရလိမ့်မယ်လို့၊ နားယင်း နာယင်း အနိစ္စဒုက္ခ အနတ္တ ရှုပြီးတော့ ရုပ်နာမ်တွေသာ ရှိဘယ်၊ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ တရုတ်တိုင်း ကရုတ်တိုင်းမှာ ပါနေတာဖြစ်တော့ အဲဒီတရားတွေ နှလုံးသွင်းပြီး သကာလ ပဋ္ဌာန်းတရားတော်ကြီးကို မြတ်မြတ်နိုးနိုးနဲ့ ရှိခိုးပြီးတော့ နာကြပါနော်။

နာနာပွကာရ ဥဿာနာနိ၊ ပေဝမိတာနေတ္ထ မုနိနာ။
အနန္တနယပဋ္ဌာနံ၊ ဝန္ဒေ အနန္တဂေါစရံ။

ထွေ၊ ဤဗာနန္တနယ သမန္တပဋ္ဌာန်း ကျမ်းမြတ်ဒေသနာတော်ကြီး၌ မုနိနာ၊ မုနိထုတ်ဘင်ဘုရားရှင်သည်။ နာနာပွကာရဋ္ဌာနာနိ၊ ဟေတု အာဒရမူကာ စသည် များပြား အကြောင်းကရုဏာတို့ကို။ ပေဝမိတာနိ၊ သမ္ဗညုတာ ဉာဏ်တော်သာ ဖြင့် ဦးစွာကျွန သိပြီးမှလျှင် များလှစေနှင့်သိစေတော်မူခဲ့လေပြီ၊ အနန္တဂေါ-စရံ၊ အဆုံးမရှိ ကုန်အောင်သိသည့် ဉာဏ်အတော်ဆင်သာ ကျက်စားရာဖြစ်တော် မူသော။ တံ အနန္တနယ ပဋ္ဌာနံ၊ မြားမြောင်ပေါ်ယယ်နည်းစုံကြွယ်သား ကြီး ကျယ် မြင့်မော် ထို ပဋ္ဌာန်းကျမ်းတော်ကြီးကို။ ဝန္ဒေ၊ တသက်တခါကြုံခဲစွာမို့ ကြုံလာသည့်ခိုက် ဦးဖြင့်တိုက်၍ နှစ်ခြိုက်လှစွာ ရှိခိုးကန်တော့ပါ၏ဘုရား။

သာဓု .....သာဓု.....သာဓု။

သံဃာတော်ပျားဖေတ္တာပို့

၁။ အရှေ့အရပ်၌ နေကြကုန်သော ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါအပျား တို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၂။ အရှေ့ဘောင်အရပ်၌ နေကြကုန်သော ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၃။ တောင်အရပ်၌ နေကြကုန်သော ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၄။ အနောက်တောင်အရပ်၌ နေကြကုန်သော ကမ္ဘာသူ - ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၅။ အနောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၆။ အနောက်မြောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ- ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၇။ မြောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ- ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၈။ အရှေ့မြောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၉။ အထက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ-ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၁၀။ အောက်အရပ်၌ နေကြကုန်သော ကမ္ဘာသူ- ကမ္ဘာသား သတ္တဝါ အပျားတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

သံဃာတော်များ

သဗ္ဗညုဓာတ်တော်စွမ်းအား "ပုဇော်"

၁။ သိရန်မှန်က၊ မကျန်မှအောင်၊ လုံးဝစုံလင်၊
အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၂။ သိသည်တရား၊ မျာ အပြားဌ်၊ ဟောထား
စဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြုံလွှယ်စုံလင်၊
အကုန်မြင်၊ သဗ္ဗညုဉာဏ်ဟော် အစွမ်းတည်း။

၃။ ကျတ်ထိုက်ကြပေ၊ များဝေနှုတ်၊ ကွေန္ဒြစရိုက်၊
သူ့အကြိုက်ကို၊ နှိုက်ခွတ်စုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၄။ သဗ္ဗညုဉာဏ်အား၊ စွမ်းသုံးပါးကြောင့်၊ အများ
ဝေစုန်၊ ကျတ်လွတ်ဇစဖို့၊ မနှေမနှား၊ သက်
တော်အားဖြင့်၊ ကြီးမားလေဘိ၊ ရှစ်ဆယ်ရှိ၍၊
ပရိနိဗ္ဗာန်၊ စံသည်တိုင်ခဏာင်၊ ဘယ်ယူဆောင်၊
ဘုန်းခေါင် ငါတို့ဘုရားကည်း။

ဤကုသိုလ်အဖို့ကို မိဘ၊ ဆရာ၊ သံဃာတော်အာဒါပါင်း၊ ဒါယကာ-ဒါယိကာမအပေါင်း နတ်အပေါင်းနှင့်တကွ သတ္တဝါကုသမျှတို့အား အမျှပေးဝေပါ၏၊ အမျှရကြပါစေသတည်း။

သာဓု ..... သာဓု ..... သာဓု

ဆာသံသင်း ပဋ္ဌာန်းတရားတော် ပြီးပြီ။

ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး၏

ပဋ္ဌာန်းပစ္စည်း အနက် အဓိပ္ပာယ်

သဒါ ပါလေတု မံ ဇိနော။

ဇိဓနာ၊ ငါးမာရ်ဏောင်္ဂိုမ် မာရဇိန်ရှင် ဘုရားသခင်သည်။ မံ၊ စတုဝိသ ပစ္စယ၏ မှီဆာအတ္ထ နိဿယကို ဖရုးသားပြုပြင် စီရင်သော အကျွန်ုပ်ကို။ သဒါ၊ အခါခပ်သိမ်း။ ပါလေတု၊ ကျမ်းပြီးခြင်း၏ အကြောင်း အပေါင်း အန္တရာယ် ငြိတွယ်မှုနှောင့် စောင့်ရှောက်တော် မူပါစေသတည်း။

၁။ ဟေတုပစ္စယော၊ ပညောင်ပင် အစရှိသည်တို့၏ အမြစ်သည် ထိုသစ်ပင်တို့အား စည်းပြန့်ပွားခြင်း၏ အကြောင်းဖြစ်၍ ကျေးဇူးပြုသကဲ့သို့၊ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ အားဖြင့် ခြောက်ပါးသော ဟိတ်တရားတို့၏ သဟဇာတ် သမ္ပယုတ်ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့အား စည်ပင်ပြန့်ပွားခြင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟေတုပစ္စည်းလည်းကောင်း။

၂။ အာရမ္မဏပစ္စယော၊ ကြိုးလွန်, ဝေဘင်စဝှး အစရှိသည်သည် မစ္ဆမ်းနိုင်သူ လူအပေါင်းအား ဆွဲရာ, ထောက်ဆုအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ ရှုပါရုံအစရှိသော အာရုံခြောက်ပါး ပစ္စည်းတရားတို့၏ လေးပါးသော နာမကွန္ဓာတို့အား ဆွဲဆု, ထောက်ခံ, အာရုံပြုရာအဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာရမ္မဏပစ္စည်းလည်းကောင်း။

၃။ အဓိပတိပစ္စယော၊ လေးကျန်းသနင်း စကြဝဠာသည် စက်တွင်းအာဏာ ပိုင်ထိုက်ဆုဟူ ခပ်သိမ်းလူကို ပြိုင်သူဝေးကွာ အာဏာလွှမ်းမိုးအစိုးရခြင်း ဖြစ်သကဲ့သို့၊ အလေးအမြတ် ပြုစုအပ်သည် ခြောက်ရပ်အာရုံလေးစုံသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့၏ မိမိဆိုင်ရာ နာမ်ခန္ဓာနှင့် သဟ

ဇာတ်မှန် ရုပ်နာမ်များစွာ ငါးခန္ဓာကို အာဏာလွှမ်းမိုး ထူစိုးခြင်းဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဓိပတိပစ္စည်းလည်းကောင်း။

၄။ အနန္တရပစ္စယော၊ စတုဒိပ ဓက္ခိန္ဒသည် သားလုသည်းချာ ဩရသာကို နန်းလျာထီးဖြူ ဆောင်နှင်းမူလျက် နတ်ရွာတက်၏သို့၊ ပဋိသန္ဓေ အစရှိသော ရွှေးရှေ့သော နာမက္ခန္ဓာတို့၏ ထင်ရှားမရှိ ချုပ်လေခြင်းဖြင့် ပထမဘဝင် အစရှိသော နောက်နောက်သော နာမက္ခန္ဓာတို့အား မိမိ၏အခြားမဲ့၌ ဖြစ်ခွင့်ပေး၍ ကျေးဇူးပြုခြင်းလက္ခဏာရှိသော အနန္တရပစ္စည်းလည်းကောင်း။

၅။ သမနန္တရပစ္စယော၊ လေးကျွန်းရောင်ရှိန် ကောက်လောင်ထိန်သည် ဘူမိန္ဒရာဇ် စောသနစ်၏ သားချစ် ဩရသာ ဥပရာဇ်ကို နန်းလျာဆောင်နှင်း အာလှည့်သွင်းလျက် တောထွက်ခြင်း အမှုသည် တိုသားကြီးရတနာအား မင်းအဖြစ်ကို ရစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ဓနာဂ်နောက်သော နာမက္ခန္ဓာတို့အား ဖြစ်ခွင့်ပေး၍ ရှေးရှေးသော နာမက္ခန္ဓာတို့၏ ချုပ်ပျောက်ခြင်းဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သမနန္တရပစ္စည်းလည်းကောင်း။

၆။ သဟဇာတပစ္စယော၊ ဆိမိးတောက်သည် မိမိတောက်ထွန်းသည်နှင့် တပြိုင်နက် အလင်းကို ဖြစ်စေတိသကဲ့သို့၊ ဓဝဒနာက္ခန္ဓာ အားရှိသည်တို့၏ သဟဇာတ် ရုပ်နာမ်တရားတို့အားလည်းကောင်း၊ ပထဝီအစရှိသော မဟာဘုတ်တို့၏ ကြွင်းသော ဖယောဘုတ် ဥပါဒါရုပ် တို့အားလည်းကောင်း၊ မိမိနှင့် မခွဲမခြားဘဲ တပေါင်းတည်း ဖြစ်စေခြင်းဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတပစ္စည်းလည်းကောင်း။

၇။ အညမညပစ္စယော၊ အခြေလေးခု အခြေနှစ်ခုရှိသော သတ္တဝါတို့၌ ထိုအခြေလေးခု, အခြေနှစ်ခုတို့သည် အချင်းချင်း တချောင်းသည် တချောင်းအား အပြန်အလှန် အကောက်အပုံဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နာမက္ခန္ဓာလေးပါးတို့၏လည်းကောင်း၊ မဟာဘုတ် လေးပါးတို့၏လည်းကောင်း၊ ပဋိဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့၏လည်းကောင်း၊ အချင်းချင်း တပါးသည် တပါးအား အပြန်အလှန် အထောက်အပုံဖြစ်၍ ကျေးဇူးပြုခြင်း လက္ခဏာရှိသော အညမညပစ္စည်းလည်းကောင်း။

၈။ နိဿယပစ္စယော၊ မြေကြီးအရှိသည်သည် သစ်ပင်နွယ်, သတ္တဝါတို့၏ မှီရာဖြစ်သကဲ့သို့ စက္ခုအစရှိသော ခြောက်ပါးသော ဝတ္ထုရုပ်တို့၏ စက္ခု ဝိညာဏ်အစရှိသော ခုနှစ်ပါးသော ဝိညာဏ်တို့အား ရှေးဦးမှီရာဖြစ်၍ ကျေးဇူးပြုခြင်း၊ ပုဆိုးအရှိသည်သည် ပန်းချီ ဆေးဒဿစရှိသည်တို့၏ တက္ကမှီရာဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နာမက္ခန္ဓာလေးပါး, မဟာဘုတ် လေးပါးတို့၏ မိမိမှ ကြွင်းသော နာမက္ခန္ဓာ, မဟာဘုတ်, စိတ္တဇရုပ်, ဥပါဒါရုပ်တို့အား တက္ကမှီရာဖြစ်၍ ကျေးဇူးပြုခြင်း လက္ခဏာရှိသော နိဿယပစ္စည်းလည်းကောင်း။

၉။ ဥပနိဿယပစ္စယော၊ မိုးတွင်းလေးလပတ်လုံး ရွာသော မိုးကြီးသည် မိုးကိုမှီကုန်သော မြက်သစ်ငုတ်တို့အား တန်ခိုးတခြား တိုးပွားစည်ငင်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးဌီဖြစ်သော ကုသိုလ်, အကုသိုလ်တို့၏ နောက် နောက်ဌီဖြစ်သော ကုသိုလ်, အကုသိုလ်တို့အား တရှေ့ရှေ့ တိုးပွားအားရှိ စေသောအားဖြင့် အားကြီးသော မှီရာဖြစ်၍ ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဥပနိဿယ ပစ္စည်းလည်းကောင်း။

၁၀။ ပုရေဇာတပစ္စယော၊ ကမ္ဘာဦးက ကွန်မြူးရောင်ရှန်း နေလဝန်း တို့သည် အလင်းကိုမှီကုန်သော သတ္တဝါတို့အား ရှေးဌီဖြစ်၍ ထိုထိုအလိုရှိအပ် သော အမှုကြီးငယ်တို့ကို ပြီးစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေးဌီဖြစ်သော ဝတ္ထု ခြောက်ပါးတို့သည် နောက်ဌီဖြစ်သော နာမက္ခန္ဓာတို့အား ဆဲမှီရာပြုလျက် ရှေ့ဦးတည်၍ ကျေးဇူးပြုခြင်းလက္ခဏာရှိသော ပုရေဇာတပစ္စည်းလည်းကောင်း။

၁၁။ ပစ္ဆာဇာတပစ္စယော၊ အစာမစား ဖွဲ့စနှုန်းယ် လင်းတငယ်တို့၏ စနှောင့်ဝယ် စားရလတ္တံ့ဟု ချင့်ခြင်းစေတနာသည် ထိုလင်းတငယ်တို့အား ခန္ဓာမကြေ မပြယ်မပျောက် မွေးထောင်ပေါက်၍ အလျောက်ဘာသာ ကြီးမြင့် လာအောင် ကောင်းစွာ ကျေးဇူးပြုသကဲ့သို့ နောက်ဌီဖြစ်သော ပဋိသန္ဓေခဏရှိ နာမက္ခန္ဓာတို့၏ ရှေးဦးဖြစ်သော ရူပက္ခန္ဓာတို့အား မချုပ်မပျောက် ဇာဆယ် ခုနှစ်ချက်ဝိတ္တာက္ခဏတိုင်ရောက်အောင် အသက်ရှည်စေခြင်းဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပစ္ဆာဇာတပစ္စည်းလည်းကောင်း။

၁၂။ အာဇဿဝန ပစ္စယော၊ ရှေးရှေးလိမ်းကျံအပ် ထုံအပ်သော အရက်နံ့သာ အစရှိသည်တို့၏ အနံ့သည် နောက်နောက်ထုံအပ်သော အရက်နံ့သာ

အစရှိသည်တို့အား ဤတိုင်းထက်ဤလွန် အခိုးအနုံထွက်ပေါ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ရှေးရှေးဖြစ်သော ပထမဇော အာရုံရှိသည်ဟူ၏ နောက်နောက်သော ဒုတိယဇော အစရှိသည်တို့အား အဆင့်ဆင့်ပါးပါး အာ.ရှိစေသဖြင့် အဖန်တလဲလဲ မှီဝဲထုံတတ်သော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာသေဝန ပစ္စည်းလည်းကောင်း။

၁၃။ ကမ္မပစ္စယော၊ သရုက်, မာလကာ, တမာ, ခွေးတောက်ငှက် အစရှိသည်တို့၏ မျိုးစေ့သည် ထိုထိုသရုက်, မာလကာ, တမာ, ခွေးတောက်ပင် အစရှိသည်၏ ပေါက်ဆောက်ကြောင်း ဖြစ်သကဲ့သို့၊ ကုသိုလ်, အကုသိုလ် အစရှိသော စေတနာတို့၏ ယခုဘဝ သဟဇာတဖြစ်သော ရုပ်နာမ်ဝဏ္ဏတို့အား လည်းကောင်း၊ နောက်နောက်သောခဏ နောက်နောက်သောဘဝတို့၌ ရလတ္တံ့သော ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့အားလည်းကောင်း ဖြစ်ကြောင်းဖြစ်၍ ဝါ၊ ဖြစ်စေခြင်းငှာ ပြုပြင်တတ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း လက္ခဏာရှိသော ကမ္မပစ္စည်းလည်းကောင်း။

၁၄။ ဝိပါကပစ္စယော၊ ချမ်းအေးခြင်း ဆဿကို ဖြစ်စေတတ်သကဲ့သို့ ထာယာပြည့်ညှင်း သိမ်မွေ့ခြင်း လက္ခဏာရှိသော အကျိုးဝိပါက်နာမက္ခန္ဓာတို့၏ သာယာပြည့်ညှင်း သိမ်မွေ့ခြင်း သဘောရှိသော သဟဇာတဝိပါက်ရုပ်နာမ် တရားတို့အား၊ သိမ်မွေ့စွာ ဖြစ်စေခြင်း လက္ခဏာရှိသော ဝိပါက ပစ္စည်းလည်းကောင်း။

၁၅။ အာဟာရပစ္စယော၊ သည်တိုင်အစရှိတည်သည် ထုပ်လျောက်ခြင်းခံနံရံအမိုး အရှိသည်တို့အား၊ ထက်ပံ့ တည်တံ့စေသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ ဟဿ, စေတနာ, ဝိညာဏ်, ဂဗဋ္ဌိကာရုပ် အာဟာရဟူဆိုဖွယ်သော အာဟာရတရား လေးပါးတို့၏ ယဟဇဝတ် ရုပ်နာမ်တရား တို့အား ထောက်ပံ့ ဓာတ်ရက်သောဒုံးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အာဟာရပစ္စည်းလည်းကောင်း။

၁၆။ ဣန္ဒြိယပစ္စယော၊ မြို့ပြရွာကျေး သီးသန့်ပေး၍ မှူးကျွန်ထား မှူးမတ်မျှားတို့သည် အချင်းချင်း အစိုးရခြင်းသတ်ကို ပြုစုမူ၍ မိမိ၌ရာ

ဆားဏာဖတ္ဒင်း လူခပင်းကို နှိမ်နင်းလွှမ်းမိုး အဲစိုးရခြင်းဖြင့် ကိုးစားအားပြုရာ ဖြစ်၍ ကျေးဇူးပြုသကဲ့သို့၊ နာမကွန္ဒာလေးပါးတို့၏ သဟဇာတ်ဖြစ်သော ရုပ်နာမ်တရားတို့သဘော တကွဖြစ်၍ အစိုးရခြင်း၊ စက္ခုအစရှိသော ဝတ္ထု ခြောက်ပါးတို့၏ စက္ခုဝိညာဏ်ဒေစရှိသော သတ္တဝိညာဏခေတ်တို့အား ထိုက်သည်အားလျော်စွာ ရှေ့ဦးတည်၍ အစိုးရခြင်း၊ ရုပ်ဇဝိတိန္ဒြေ၏ ကလာပ်တို့ ကမ္မဇရုပ်တို့အား ဟကွဖြစ်၍ အစဉ်စောင့်ရှောက်သောအားဖြင့် အစိုးရခြင်း၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော အစိုးရခြင်းဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဣန္ဒြိယပစ္စည်းလည်းကောင်း။

၁၇။ စျာနပစ္စယော၊ ကြီးလှခွန်အား စွမ်းပကားနှင့် တောင်ဖျားတောင် ပေါ် တက်မျှော်နိုင်သောသူသည် အားပါးန္ဒဲလျှ မစွမ်းကြ၍ အောက်ကနေသူ လူအပေါင်းတို့အား အဝေးအာနိ အကြီးအငယ်မဆို ထိုထိုအရပ်၌တည်သော အလိုရှိအပ်သော ဝတ္ထုတို့ကို ထင်ရှားရှုစေ, သိစေခြင်းငှာ ပြောကြားသော အားဖြင့် ကျေးဇူးပြုသကဲ့သို့၊ ဝိတက်, ဝိစာရ အစရှိသော စျာနင်တရား ၅-ပါးတို့၏ သဟဇာတ် ရုပ်နာမ်တရားတို့အား ထိုထိုသော အာရုံ, ဝတ္ထု, အမှုကြီးငယ်တို့၌ ပျော်ပိုက်ကျက်စားနိုင်စေခြင်းငှာ ကျေးဇူးပြုခြင်းဟုဆိုအပ်သော စျာနပစ္စည်းလည်းကောင်း။

၁၈။ ပဂ္ဂပစ္စယော၊ သားရဲရှိရာ ဤမှာဘက်မှ သားရဲကင်းရာ ဟိုမှာဘက်သို့ ပို့ဆောင်းသော ကုတ္တိသူကြီး ပညာရှိသည် ကုတ္တိစီးသူ လူအပေါင်းတို့အား သားရဲဘေးဒဏ် ဒုန်မကင်းရာ ထိုမှာဘက်သို့ ရောက်စေကြောင်း ဖြစ်သကဲ့သို့၊ ကုသိုလ်, ဝိပါက်, ကိရိယာ မဂ္ဂင်တရားရှစ်ပါးတို့၏ သဟဇာတ် ရုပ်နာမ်တရားတို့အား မည်းညစ်သော သာဝဇ္ဇအကုသိုလ်အဖို့မှ ဖြူစင်သော အနာဝဇ္ဇအဖို့သို့ ရောက်ခြင်း အားဖြင့် ကျေးဇူးပြုခြင်း၊ သားရဲကင်းရာ ထိုမှာဘက်မှ သားရဲရှိရာ ဤမှာဘက်သို့ ပို့ဆောင်သော ကုတ္တိသူကြီး သူစည်းလဲသည် ကုတ္တိစီးသူ လူအပေါင်းတို့အား သားရဲရှိရာ ဤမှာဘက်သို့ ရောက်မှား ဒစေကြောင်း ဖြစ်သကဲ့သို့၊ မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသတိ အစရှိသော အကုသိုလ်မဂ္ဂင်တရား လေးပါးတို့၏ သဟဇာတ် ရုပ်နာမ်တရားအား ဖြူစင်သော အနာဝဇ္ဇမွေမှ မည်းညစ်သော သာဝဇ္ဇ အကုသိုလ်ဓမ္မသို့ရောက်စေကြောင်း အားဖြင့် ကျေးဇူးပြုခြင်းဟု ဆိုအပ်သော မဂ္ဂင်ပစ္စည်းလည်းကောင်း။

၁၉။ သမ္မယုတ္တပစ္စယော၊ နို့ရည်, ဓဏာပတ်, ပျား, သကာ ဟူသော စတုမဓူ အရသာသည် အချင်းချင်း နှီးနှောသင့်လျော် အစပ်ဓာတ်သကဲ့သို့၊ ဝေဒနာစသော နာမက္ခန္ဓာတို့၏ သမ္မယုတ်ဖြစ်သော နာမက္ခန္ဓာ တို့အား ကုပ္ပါဒ ကေနဓူဇ စသော လက္ခဏာ, အာဝဇ္ဇဉ်တ်ခြင်း နာမနသင်္ဘော နှီးနှောပေါင်းယှဉ်သောအားဖြင့် ကျေးဇူးပြုခြင်းဟု ဆိုအပ်သော သမ္မယုတ္တပစ္စည်းလည်းကောင်း။

၂၀။ ဝိပ္ပယုတ္တပစ္စယော၊ အားပ်, အဖန်, အငန်, အခါး စသည်ပြားသော အရသာသည် အချင်းမျင်း ရောနှောပေါင်းထား ဖြစ်လေငြား သော်လည်း တပါးသည် တပါးနှင့် နှီးနှောသင့်လျော် စပ်မတော်သကဲ့သို့၊ ရူပက္ခန္ဓာ, နာမက္ခန္ဓာတရားတို့၏ အဝုတ္ထာက္ခ အဂြောင်းအကျိုး ဖြစ်သော်လည်းကောင်း၊ ရွှေနှောက်မဂဝေး အကြောင်းအကျိုး ဖြစ်ကြသော် လည်းကောင်း၊ ရှင်၏ သဘော နာမ်၏သဘော မနှောမယှက် သက်သက်သော အကြောင်းအကျိုး ဖြစ်၍ ကျေးဇူးပြုခြင်းဟု ဆိုအပ်သော ဝိပ္ပယုတ္တပစ္စည်းလည်းကောင်း။

၂၁။ အတ္ထိပစ္စယော၊ မြေကြီး, မြင်းမိုရ် အစရှိသည့် ပေါ်သိမ်း စိမ်းရှင် မြက်သစ်ပင်အပေါင်းတို့အား မိမိထင်ရှားရှိသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ ဆိုအပ်ခဲ့ပြီးသော နာမက္ခန္ဓာလေးပါး, မဟာဘုတ်လေးပါး, အာရုံခြောက်ပါး ရုပ်ဝတ္ထုခြောက်ပါး, ပဋိသေါကာရနာမက္ခန္ဓာ၊ ဗဿ, စေတနာ, ဇီဝိတာ, လက္ခဏာ, ကဗဠီကာရအာဟာရ၊ ရုပ်ဇီဝိတိန္ဒြေ အစရှိသော စေစည်းဇာတ်တို့၏ မိမိနှင့် ထိုင်ရာ ပစ္စယုပ္ပန်တရားတို့အား တကွနက်ဖြစ်၍ ထင်ရှားရှိခြင်း၊ ရှေ့၌တည်၍ ထင်ရှားရှိခြင်း၊ နောက်၌တည်၍ ထင်ရှားရှိခြင်း၊ ထောက်ပံ့နှိုင်စေသောအား ဖြင့် တကွထင်ရှားရှိခြင်း၊ အစိုးရသောအားဖြင့် ကကွထင်ရှားရှိခြင်း သတ်ဖြင့် ကျေးဇူးပြုခြင်းဟု ဆိုအပ်သော အတ္ထိပစ္စည်းလည်းကောင်း။

၂၂။ နတ္ထိပစ္စယော၊ နေထွင်၏ ဝင်ပျောက်ခြင်းသည် လထွင် ထွန်း ဝေါက်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ရှေးရှေးဒသာစိတ်တို့၏ မိမိတို့ထင်ရှားမရှိ ချုပ်ပျောက်ခြင်းဖြင့် နောက်နောက်ဒသာစိတ်တို့ဓား ဖြစ်ခွင့်ပေး၍ ကျေးဇူး ပြုခြင်းဟု ဆိုအပ်သော နတ္ထိပစ္စည်းလည်းကောင်း၊

၂၃။ ဗိဂတပစ္စဓယာ၊ ညှဉ်၏ကင်းကုန်ခြင်းသည် နေ့အရုဏ်တက်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ရှေးရှေးသော စိတ်တို့၏ မိမိတို့ ချုပ်ဓပျောက်ကင်းကုန်ခြင်းဖြင့် နောက်နောက်သော စိတ်တို့အား ဖြစ်ခွင့်ဓပေးခြင်းဟူဆိုအပ်သော ဗိဂတပစ္စည်းလည်းကောင်း။

၂၄။ အဝိဂတပစ္စယော၊ မဟာသမုဒ္ဒရာသည် တိမိရ, တိပိင်္ဂလ, မဟာတိမိရ စသော ငါးကြီးတို့အား မိမိနှင့် မကင်းစားကောင်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့၊ ဆိုအပ်ခဲ့ပြီးသော နာမက္ခန္ဓာဓစရှိသည်တို့၏ မိမိတို့ထိုင်ရာ ပစ္စယုပ္ပန်တရားတို့အား ထင်ရှားတည်ခြင်း၊ မကင်းခြင်းဖြင့် ကျေးဇူးပြုခြင်းဟူဆိုအပ်သော အဝိဂတပစ္စည်းလည်းကောင်း။

ကုဘိ၊ ဤသို့။ စတုဝိသတိပစ္စယာ၊ နှစ်ဆယ့်လေးပစ္စည်းတို့သည်။ မဟာပဏာရဿ၊ အနန္တနယဖြစ်သော သမန္တ ပဋ္ဌာန်းကျမ်းကြီး၌။ ဌိတာ၊ တည်ကုန်၏။

ဤတွင် နှစ်ဆယ့်လေးပစ္စည်း အနက် ပြီး၏။

ဆုတောင်းဂါထာ

ကုမိနာ နန္တဌာနမ်ဟိ၊ ဓဆဓကာ ဘဓဝမိ သဗ္ဗဒိ။
သိတ္ထာ နာဝဂါဂ နိဗ္ဗာနံ၊ လောဓက ကုဟိဠ္ဠိ နာလယံ။

အဟံ၊ ဂါသည်။ ကုမိနာ ပုညကမ္မေန၊ ဤပစ္စယုဒ္ဒိသ နိဆယကို ရရှိနှုတ်တာဘ် ဆောင်ရွက်ကျက်မှတ် ရွက်ဖတ်ဖွဓနည်း ကြံစည်မြဲမြံ ကုသိုလ်ကံဓကြောင့်။ သဗ္ဗဒိဘဓဝ၊ ဘဝတိုင်း၌။ သဗ္ဗဒိ အာနန္တရာနမ်ဟိ၊ ကြွင်းမဲ့ကုန်စင်မထင်ဆုံးကမ်း ပဋ္ဌာန်းကျမ်း၌။ ဆေကော၊ တက်ပွန်သိမြင် ကျမ်းကျင်လိမ္မာသည်။ ဓမိ၊ ဖြစ်ရပါလို၏။ သိတ္ထာ၊ လေးသည့်ရေဝန် ပက်သွန်ပြီးသော။ နာဝဂါ၊ လှေသည်။ ကိတ္တံ၊ လိုရာဆိပ်ကမ်းသို့။ ဓတိုဏ၊ မတွယ်မဘာ လျင်စွာထုတ်ခေျာက် ရောက်သကဲ့သို့။ ကုဟိဠ္ဠိ လောကေ၊ ရူပ-သဒ္ဒ စသည့်အာရုံတစုံတခုသော လောကဠ်၌။ ဆနာလယံ၊ မတွယ်မဘာ ဆိတ်စာမထောင့်သည်ဖြစ်၍။ နိဗ္ဗာနံ၊ အမတာမှန် ငြိမ်းရာမှန်ဆည် နိဗ္ဗာန်ပြည်နန်းသို့။ ဓမိ၊ လျင်စွာတုတ်ဓချောက် ရောက်ရပါလို၏။

[ဝိသုဒ္ဓါရုံ ဆရာတော်၏ ပရမတ္ထသရူပဘေဒနိမ့ ဆုတောင်းဂါထာ]

၂၄-ပစ္စည်း အဓိပ္ပာယ်

ယခုအခါနေတို့ဟာရနည်းကို မှီ၍ အဓိပ္ပာယ် အရေးကောက်ကို အမြွက်မျှ ဆိုပေအံ့။

ဟေတုပစ္စည်းစသည်ဟောရကြောင်း

အဆိပ်ပင်၌ အဆိပ်မြစ် မဇ္ဈမပြတ်နိုင်သောကြောင့် အဆိပ်ငေးဆိပ်ခက် အစရှိသည် ပြန့်ပွားလေသကဲ့သို့၊ ဇလာဘ, ဒေါသ အရှိန်သော အမြစ်မူလ ဟိတ်တရားကို မဟယ်နိုင်ကြ၍ ခန္ဓာ ငါးပါးဘည်းဟူသော သံသရာအဆိပ်ပင် ကြီး သီးပွင့်စည်ပင်၍ နေလေသည်၊ ခန္ဓာ ငါးပါးတည်းဟူသော သံသရာဝန်ကို ကြောက်သော အမျိုးသားတို့သည် လောဘ အရှိန်သော ဟိတ်တရားတို့ကို ပယ်ရှားရမည် စသည်ဖြင့် အာဏာတို့ကို ပြတော်မူလို၍ ဟေတုပစ္စည်းကို ဟောတော်မူသည်။

အာရမ္မဏပစ္စည်း

ကာမဂုဏ်ငါးပါး, အာရုံခြောက်ပါး၌ တွယ်တာမက်မောခြင်း မကင်းနိုင်ကြသောကြောင့် သံသရာဒုက္ခကို ဖြစ်စေဆဲ ဖြစ်ခဲလေတတ်သော စိတ်, စေတသိက် အစဉ်မပြတ်ဖြစ်၍ သံသရာစက်ရဟတ် မပြတ်နိုင်သည်။ သံသရာစက်ရဟတ် ပြတ်လိုသော အမျိုးကောင်းသားသည် လောကီကာမဂုဏ်, အာရုံခြောက်ပါးကို မြင်၍ လောကုတ္တရာ နိဗ္ဗာန်အာရုံကို အလွန်ဖုံမက်စေတာင့်တ ဆပ်သည်ဟု ပြတော်မူလို၍ အာရမ္မဏပစ္စည်းကို ဟောတော်မူသည်။

အဓိပတိပစ္စည်း

နိလမကို့ကဟု ဆိုအပ်သော ပျင်သိုတို့သည် စကုမဓိဏရဘာကို ပယ်ရှား၍ စက္ကုနိကရသ ဟု ဆိုအပ်သော တစိုးပွက်၊ တစိုးတွင်း၌သာလျှင် အလွန်ဒေါလေး

အမြတ် ဖပျော်ပိုက်နှစ်သက်သကဲ့သို့ လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ဆည် ကာမဂုဏ်ငါးပါး, အာရုံခြောက်ပါး၌သာလျှင် အလေးအမြတ်ပြုတတ်သည်၊ ယင်းလောဘကို နာနာဘတ်မှ အပါယဒုက္ခ စသည် ပြတ်နိုင်သည်။ ကာမာဝစရ ကုသိုလ်သည်လည်း အဆိပ်နှင့်ရောသော ဘောဇဉ်ကို စုံမက်စားမှားသော ပုဂိုလ်သဖွယ်လကဲ့သို့၊ ဇာတိဒုက္ခ စသောဘေးကို ဖြစ်စေတတ်သော လောကီကုသိုလ်ကို အလေးအမြတ် ပြုတတ်သည်။ ယင်းကုသိုလ်ဟု ဆိုအပ်သော အဘိသင်္ခါရမာရ်ကိုလည်း အလျင်ဖြတ်မှ ခန္ဓာဝန်ဒုက္ခ ပြတ်နိုင်မည်၊ စလောကုတ္တရာ ဇာရုံးသည်းဘား နိဗ္ဗာန်ကိုသာ အလေးအမြတ် ပြုဘတ်သည်၊ ဘေးကင်းရာ နိဗ္ဗာန်ကို အလိုရှိသော အမျိုးသားတို့သည် လောကုတ္တရာမဂ်ဖိုလ်ကိုသာ လွန်စွာရခဲအောင် ဘားထုတ်ရမည်ဟု ပြောဘော်မူလို၍ အာရုံမှကားစိပတိဟစ္စည်း ကို ဟောတော်မူသည်။

ထုဂန္ဓင် ခပ်သောအမှု, ဝတ္ထု, အာရုံ၌ အလွန်အလိုရှိတတ်သော ဆန္ဒ၊ ထိုအာရုံ၌ အားကြိုးစွာ ညှစ်ခြင်းတည်းဟူသော စိတ္တ၊ ထိုအာရုံ၌ လွန်စွာအားထုတ်ခြင်းတည်းဟူသော ဝီရိယတို့သည် ကြိုးကဲလှမ်းမိုး အစိုးရခြင်းဖြင့် တိုက်တွန်းနှိုးဆော်သောကြောင့် လောဘ, ဒေါသ, အကုသိုလ်ကိလေသာတို့ နှိပ်စက်၍ ဒုစရိုက်ကို ပြုမှားသဖြင့် အပါယ်ဘီး ဝဋ်ဒုက္ခ၌ နစ်မွန်း၍ သံသရာ ခါးပန်း မသတ်နိုင်ကြသည်။ တိုယုတ်မာစေသော အာရုံ၌ စုံမက်တတ်သော ဆန္ဒ အစရှိသည်ကို အသုဘသညာ မရဏာသတိ ကမ္မဋ္ဌာန်း စသည်ဖြင့် နှိပ်ကွပ်ဆုံးမ၍ ကာယဒုစရိုက် အစရှိသည်မှ ကြဉ်ရှောင်သဖြင့် ကောင်းမြတ်သော အကျင့်မြတ် ပဋိပတ်အာရုံ၌ လွန်စွာအလိုရှိခြင်းတည်းဟူသော ဆန္ဒ၊ လွန်စွာညှစ်ခြင်း, ကိုင်းရှိုင်းခြင်းတည်းဟူသော စိတ္တ၊ အားထုတ်ခြင်းတည်းဟူသောဝီရိယ၊ ပညာဖြင့် အသင့်ဆင်ခြင်ခြင်းတည်းဟူလော ဝီမံသတရားတို့ကို လွန်စွာအားကြိုးအောင်ပြု၍ ကာယသုစရိုက် အစရှိသော ကုသိုလ်ကမ္မပထတရားကို အားထုတ်ကျင့်ဆောင်မှသာလျှင် အပါယ်ဘေး ကင်းနိုင်ရာသည်ဟု ပြတော်မူလို၍ ဆဟာဇာတာဓိပတိပစ္စည်း ကို ဟောတော်မူသည်။ (ဗျက်ဖွဲ့-အာမိပ္ပါယ်ကိုမှတ်)။

အနန္တရပစ္စည်း

အရဟာတ္တမဂ်ဖြင့် အာသဝေါတရား တို့ကို ဖြတ်ပြီးမဲ့ မပယ်မဖြတ်ခြင်း ကြောင့် စုတိ၏အခြားမဲ့. ဤဘဝဆစ်၌ ပဋိသန္ဓေနေရပြန်သည်။ ဘဝဆစ်၌ အရဟာတ္တမဂ်ဖြင့် ကိလေသာကို ဖြတ်ပြီးမဲ့ မပယ်မဖြတ် အပုံတဲမဲ့ ပေါ်ပျက်၍ နေပြန်ခြင်းကြောင့် စုတိသည်မှ အခြားမဲ့၌ အသူတရာ နုက်လုစ္စာသော နုရက်ခဏာက်သို့ ကျရာသည်နှင့်တူသော ပဋိသန္ဓေသစ် တဖန်နေရပြန်သဖြင့် ပထမဘဝင် အစဂ္ဂိုဆော နာဇကန္ဓာ အစည်မဟုတ်ဖြစ်၍ ငြိုးစုတ်ပြုံလုက် သေစ-မဆုံး၊ ပဋိသန္ဓေနေခြင်းအစရှိသော ဝဋ်ဆင်းရဲကင်းလိုသော ဒုမျိုး ကောင်းသားတို့သည် အရဟတ္တမဂ်ဖြင့် ဆာသဝေါတရားပဋိကို အကြွင်းမဲ့ ပယ်ဖြတ်၍ ပစ္စိမစုတိစိတ်ဖြင့် ဘဝဆုံးသတ် နိဗ္ဗာန်စံတဲသို့ ရောက်အောင် ကြံဆောင် အားထုတ်ကြကုန်လော့ဟု ဝံကံတွန်းခြင်း အားဟူကိုပြတော်မူလို၍ အနန္တရပစ္စည်းကို ဟောတော်မူသည်။

သမနန္တရပစ္စည်း

သမနန္တရပစ္စည်းမှာ အနန္တရ ပစ္စည်းနှင့် အနက်သဘော အထူးမရှိ၊ ဝေနေယျဇ္ဈာသယဖြင့်သာ သဒ္ဒါပြား၍ ပရိယာယ်တပါးဖြင့် ဟောတော်မူသည်။

သဟဇာတပစ္စည်း

ကာမဂုဏ် ၄ါးပါး, အာရုံခြောက်ပါး တရားတို့၌ ပျော်ပါးစံစားခြင်း ဝေဒနာကွန္ဓာ ဖြစ်သောကြောင့်သာလျှင် ဆည်းကပ်ခန္ဓာအစဉ်ဆက်သော ခန္ဓာငါး ပါး ရုပ်နာမ်တရား ဖြစ်ပွားလေသည်။ နိဿတ္တ, နိဇ္ဇီဝ, နိဗျာပါရမျှသာ ဖြစ်သော ဆန်စို့, ဒုက္ခ, အနတ္တဟုစုမျှသာဖြစ်သော ခန္ဓာငါးပါးအာရုံခြောက်ပါး၌ မုဆိုတ, ဂမိတ, အဇ္ဈောပန္နဖြစ်၍ တွေဝေမိန်းမောသဖြင့် သတ္တသညာ, ဇီဝသညာ စသော သညာဝိပလ္လာသတရား ဖြစ်ပွားကြကုန်၍ ဝေဒနာကွန္ဓာ, သင်္ခါရကွန္ဓာ အစရှိသော ခန္ဓာ, အာယတန, ဓာတ် အစဉ်မပြတ်ဖြစ်သဖြင့် သံသရာရဟတ် မပြတ်နိုင်ကြလေသည်။

ကာမဂုဏ်ငါးပါး, အာရုံခြောက်ပါး၌ ခံစားခြင်း ဝေဒနာကွန္ဓာပြတ်မှ သညာကွန္ဓာစသည် ပြတ်နိုင်မည်၊ သတ္တသညာ, ဇီဝသညာစသော သညာ

ဝိပလ္လာသပြုတ်မှ သခ်ၤါရကွန္ဓာစသော ခန္ဓာ ၄-ပါး ရုပ်နာမ်တရား ပြုတ်နိုင်မည်။ ခန္ဓာဝန်ကို လွှန်နိုင်မှသာလျှင် သံသရာဝဋ် ကင်းငြိမ်းမည်ဟု ပြတော်မူလို၍ သဟဇာတပစ္စည်းကို ဟောတော်မူသည်။

အညမညပစ္စည်း

ဂန္ဓာရုံ,ဏနိဋ္ဌာရုံကို ခံစားတတ်သော သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာဖြစ်၍ ထိုအာရုံ၌ အမှတ်ပြု၍သိတတ်သော သညာကွန္ဓာဖြစ်သည်၊ ထိုအာရုံ၌ အမှတ်ပြု၍ သိတတ်သောသညာကွန္ဓာ အစရှိသည် ဖြစ်၍ ထိုအာရုံ၌ ခံစားခြင်း ဝေဒနာကွန္ဓာစသည် ဖြစ်သည်။ ထိုနာမကွန္ဓာလေးပါးတို့သည် ခိုးသားလေးယောက်တို့ကဲ့သို့ ဇာပါးသည် တပါးအား မှီရာပစ္စည်းပြု၍ သတ္တဝါတို့အား ဇာတိ, ဇရာစသော ဒုက္ခကို ဖြစ်စေလျက်ညှဉ်းဆဲ နှိပ်စက်တတ်သည်၊ထို့ခန္ဓာလေးပါးကို အကြွင်းမဲ့ ပယ်ဖြတ်မှ ဇာတိ, ဇရာစသော ဒေးဒုက္ခပြတ်နိုင်မည်။ မဟာဘုတ်လေးပါးသည်လည်း ဘိလူးမလေးယောက်ကဲ့သို့ မိန်းမ, ယောကျ်ား ငါ, သူဘပါးထင်ရှားမရှိပဲလျက်ထင်ရှားရှိသကဲ့သို့ လှည့်စားသဖြင့်တပါးသည် တပါးအား မှီရာပြု၍ သတ္တဝါတို့ကို ဖျက်ဆီးတတ်သည်၊ ထို မဟာဘုတ်ရုပကွန္ဓာ၌ တပါခြင်းကင်းမှ သံသရာဒေး ကင်းနိုင်ရာသည်၊ ကင်းအောင်ပြုကြလော့ဟု တိုက်တွန်းနှိုးဆော်ခြင်း အာဇာတို့ကိုပြတော်မူလို၍အညမညပစ္စည်းကို ဟောတော်မူသည်။

နိဿယပစ္စည်း

အာရုံခြောက်ပါး ဝတ္ထုရုပ်ခြောက်ပါးတို့သည် အဆိပ်ပင်တို့၏ တည်ရာဥယျာဉ်မြေနှင့် တူကုန်သည်၊ ပဋိသန္ဓေအစရှိသော အဗျာကတ တရားတို့သည် အမြင်ဆိုးရွား ခါးစပ်သော အရသာရှိသော ယစ်မူးစေတတ်သော သစ်ပင်နှင့် တူကုန်သည်။ လောဘမူ, ဒေါသမူ အစရှိသော အကုသိုလ်ဇော နာမကွန္ဓာတို့သည် စားဆဲ, စားပြီးသည်မှ အခြားမဲ့၌ ဒုက္ခကိုဖြစ်စေတတ်သော စပ်ခါးသော အဆိပ်ပင်နှင့် တူကုန်သည်။ မဟာကုသိုလ်ဇောစသော လောကီကုသိုလ်ဇော နာမကွန္ဓာတို့သည် စားဆဲ၌ ချိုမြိန်သောအရသာကို ဖြစ်စေလျက် စားပြီးသည်မှ အခြားမဲ့၌ လတ်တလောသေစေတတ်သော အဆိပ်ပင်နှင့် တူကုန်သည်၊

အကြင်မျှလောက်သော ကာလပတ်လုံး ဥယျာဉ်စောင့်ဝေသာ ပုဂိုလ်သည် အဆိပ်ပင်တို့၏ရောက်ရာ အဆိုင်ခင်းမြေ၌ မိုးရေသွန်းခြင်း, နွားချေးလောင်းခြင်း, ပေါင်းသင်ခြင်းအစရှိသည်ဖြင့် ပြုပြင်၏၊ အကြင်မျှလောက်သော ကာလပတ်လုံး အဆိပ်ပင်တို့သည် ပဉ္စများကုန်၏၊ ထိုမျှလောက်သောကာလ ပတ်လုံး အဆိပ်သီးကို စားမှားသဖြင့် ပျက်စီးသူတို့ အပိုင်းအခြား မရှိကုန်။

ဤနည်းအတူ အဆိပ်ပင်တို့ရောက်ရာ ဥယျာဉ်မြေနှင့်တူသော ခန္ဓာငါးပါး စွဲလမ်းရာ မှီရာအာရုံခြောက်ပါး, ဝတ္ထုရုပ်ခြောက်ပါးတို့၌ စွဲလမ်းခြင်း, မိန်းမောခြင်း မကင်းသရွေကာလပတ်လုံး ခန္ဓာငါးပါး ရုပ်နာမ်တရားပြစ်ပဉ္စာ၌ ဝဋ်ဆင်းရဲမှ မထမြောက်နိုင်ကုန်၊ ဝဋ်ဆင်းရဲမှ ထမြောက်လိုသော အမျိုးသားတို့သည် လောကီအာရုံ ၆-ပါး, ဝတ္ထုရုပ် ၆-ပါး စသည်တို့၌ စွဲလမ်းခြင်းစသည်ကို မပြုကျင့်အပ်ကုန်၊ လောကမှ လွတ်မြောက်ရာ လောကုတ္တရာတရားမြတ်ကိုသာလျှင် ကောင်းစွာကြပ်ကြပ် အားကိုးအပ် မှီဝဲအပ်သည်ဟု ပြတော်မူလို၍ နိဿယပစ္စည်းကို ဟောတော်မူသည်။

ဥပနိဿယပစ္စည်း

အကုသိုလ်မြူမျှသော မီးပဉ်းသည်တရွေ့ရွေ့ကြီးပွားသဖြင့် မြို့ရွာ နိုင်ငံ တောင်ကြီးတောကြီးတို့ကို လောင်စာ၏အဖြစ်သို့ ရောက်စေနိုင်သကဲ့သို့ ဗာဂုံးယဉ်သော ကာမဂုဏ်မီးသည် တဒင်္ဂရွေ့ကြီးပွားသဖြင့်အဆုံးရှိမဟာအင်စိန်ရုယောဘးကို ဖြစ်စေတတ်သည်။ ထိုကြောင့် အနည်းငယ်သော နှုနာကို လွန်စွာ ကြောက်အပ်သကဲ့သို့ အနည်းငယ်သော ကာမဂုဏ် စသည်ကိုသော်လည်း လွန်စွာကြောက်အပ်သည်ဟူ၍လည်းကောင်း။

အနည်းငယ်သော မိုးရေမိုးပေါက်သည် တရွေ့ရွေ့ ကျဖန်များသဖြင့် ထုံး, အိုင်, ကန်, ချောင်း, မြစ်, သမုဒ္ဒရာတို့ကို ဖြည့်စွမ်းစေနိုင်သကဲ့သို့ အနည်းငယ်သော ဒါနစသော ကုသိုလ်တရားသည်လည်း အဆင့်ဆင့်ပွားသဖြင့် နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာကို ဖြည့်စွမ်းနိုင်စေသည်။ ထိုကြောင့် အနည်းငယ်သော ဒါန စသော ကုသိုလ်ကံသော်လည်း လွန်စွာနှစ်သက် ပွားများအားထုတ်အပ်သည်ဟူ၍လည်းကောင်း။

ယင်းသို့ အာဒီနဝပဋိသင်္ခါဉာဏ်သော ဒါနသီလ အစရှိသည်ကို အာရုံပြု၍လည်း ငါကား အလှူကြီးရှင်တည်း။ ငါကား သီလရှိသောသူတည်း စသည်ဖြင့် မာန တက်ပုဒ်းတတ်သည်။ မာနတက်ပုဒ်းက ကောဓ, ဥပနာဟ, မက္ခ, ပဠာသ, ထမ္ဘ, သာရမ္ဘ, ဣဿာ, မစ္ဆရိယ အစရှိသော ယုတ်မာဇော အကုသိုလ်တရား ဖြစ်ပုဒ်း၍ အပါယ်လားတတ်သည်။ အပါယ်လားမည်မှာ ကြောက်၍ပြုအပ် သော ဒါန, သီလ စသည်ကို အမှီပြု၍ အပါယ်လားကြောင်း မကောင်းမှုကို မဖြစ်စေရာ ဟူ၍လည်းကောင်း။

သဒ္ဓါတရားရှိမှ သီလကိုဖြည့်စွမ်းနိုင်မည်၊ သီလဖြူစင်မှ နှလုံးရွှင်လန်းခြင်း ဖြစ်သည်။ နှလုံးရွှင်လန်းမှ ဝမ်းမြောက်ခြင်းပါဓမာဇ္ဇဖြစ်သည်၊ ပါမောဇ္ဇဖြစ်မှ နှစ်သက်ခြင်းပီတိဖြစ်သည်။ ပီတိဖြစ်မှ ကိုယ်စိတ် ငြိမ်းခြင်း ပဿဒ္ဓိဖြစ်သည်၊ ပဿဒ္ဓိဖြစ်မှ သုခဖြစ်သည်၊ သုခဖြစ်မှ သမာဓိကို ရရာသည်၊ သမာဓိကိုရမှ ယထာ ဘူတဉာဏ်ဖြစ်နိုင်သည်၊ ယထာဘူတဉာဏ်ဖြစ်မှ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်ဖြစ်နိုင် သည်၊ နိဗ္ဗိဒါဉာဏ်ဖြစ်မှ သမ္မသနဉာဏ် ဖြစ်နိုင်သည်၊ သမ္မသနဉာဏ်ဖြစ်မှ ဝိပဿနာဉာဏ်ဖြစ်နိုင်သည်၊ ဝိပဿနာဉာဏ်ဖြစ်မှ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်။ ထို့ကြောင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကိုအလိုရှိသောအမျိုးသား သည် သဒ္ဓါဘာရားကို ပွားများအပ်၏၊ သဒ္ဓါတရား ပွားများခြင်း အကြောင်း သုဉ္ဉတ်ခမ္မာကို လေ့လာဆောင်ရွက်အပ်၏။ သဒ္ဓါဘာရားကိုဖြစ်ပွား စေတတ်သော သပ္ပါရိသူပနိဿယ, ကလျာဏမိတ္တာမုဂ္ဂုလ်တို့ထံ မှီဝဲဆည်းကပ် အပ်၏၊ စသည်ဖြင့်လည်းကောင်း ပြတော်မူလို၍ ဥပနိဿယပစ္စည်းကိုဟောတော် မူသည်။

ပုရေဇာတပစ္စည်း

လောကီကာမဂုဏ် အာရုံ ၆-ပါး၊ ဝတ္ထုရုပ် ၆-ပါးတို့၌ မက်မောခြင်း အာသာဒ ကင်းစေရမည်၊ လောကုတ္တရာ နိဗ္ဗာန်အာရုံကိုသာ စုံမက်မြတ်နိုး ဆည်းကပ်သည်ဟု ပြတော်မူလို၍ အာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတပစ္စည်းကို ဟောတော်မူသည်။

ပစ္ဆာဇာတပစ္စည်း

နောက်နောက်သော နာမက္ခန္ဓာလေးပါးတို့မှ အထောက်အပံ့ ရသော ကြောင့် ရှေးရှေးသော ရူပက္ခန္ဓာဖြစ်ရသည်၊ နာမက္ခန္ဓာ၌ တပ်မက်ခြင်း၊

ဖြစ်ပွားခြင်း စသည်ကင်းမှ ရှုပက္ခန္ဓာဖြစ်စေ ပြတ်နိုင်မည်၊ ဤမှာဘက်ကမ်းကို စွန့်မှ ဟိမှာဘက်ကမ်းသို့ ရောက်မည်ဟူသကဲ့သို့၊ ခန္ဓာဝန်ကိုလွှန်မှ နိဗ္ဗာန်သို့ ရောက်ချိမ့်မည်၊ ခန္ဓာဝန်ကိုလွှန်အောင် ပြုကြလော့ဟု ဥပေက္ခာဇဉ်ကို ပြတော်မူလို၍ ပစ္ဆာဇာတပစ္စည်းကို ဟောတော်မူသည်။

အာသေဝနပစ္စည်း

ရှေးရှေးသော အကုသိုလ်ဇောတို့ကြောင့် နောက်နောက်သော အကုသိုလ်ဇောအားကြီးသည်၊ ထို့ကြောင့် ဒုတိယဘဝစသည်၌ အပါယဒုက္ခကို ဖြစ်စေနိုင်သည်၊ ရှေးရှေးသော အကုသိုလ်ဇော၏အစွမ်းကြောင့်နောက်နောက်သော အကုသိုလ်ဇောတို့သည် အားကြီးသဖြင့် ဒုတိယဘဝ၌ရှိသည်၌ လူ့ဘုံနတ်ရပ် သုဂတိသို့ကပ်၍ မရဏမင်းနိုင်ငံသို့ လိုက်ကြရ လေသည်၊ ရှေးရှေးသော ဝိပဿနာဇောကြောင့် နောက်နောက်သော ဝိပဿနာဇော အားကြီး၍ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရလေသည်၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရခြင်းဖြစ်စေသော ဝိပဿနာကိုသာ လွန်စွာပွားအပ် ထုံမွမ်းအပ်သည်ဟု ပြတော်မူလို၍ အာသေဝနပစ္စည်းကို ဟောတော်မူသည်။

ကမ္မပစ္စည်း

အကုသိုလ်ကံသည် လတ်တလော ဆေးစေတက်သော ပြင်းထန်လှသော အဆိပ်ကဲ့သို့ လတ်တလော အပါယ်ဘေးကို ဖြစ်စေတတ်သည်၊ လောကီကုသိုလ်ကံသည် ဘဝရှိရှိ ကမ္ဘာ့ကမ္ဘာ၌ မျှဉ်းပေး၍ လေးစေတတ်သော အဆိပ်ကဲ့သို့ သုဂတိဘုံသို့ သွေးဆောင် ပြုးယောင်းလျက် တရွေ့ရွေ့ အပါယ်ဒုက္ခကို ဖြစ်စေတတ်သည်၊ လောကုတ္တရာ မဂ်ကုသိုလ်သာလျှင် လောကမှ ထွက်မြောက်ရာ ဖလသမာပတ်ကို ဖြစ်စေလျက် နိဗ္ဗာန်သောင်ကမ်း ခပ်လိုသော အမျိုးကောင်းသားတို့သည် သောဘာပတ္တိမဂ် အစရှိသော လေးပါးသော မဂ်ဉာဏ်၏အကြောင်း ပဋိပတ္တိတရားကို မပြတ်မလပ် အားထုတ်အပ်သည်ဟု ပြတော်မူလို၍ ကမ္မပစ္စည်းကို ဟောတော်မူသည်။

ဝိပါကပစ္စည်း

လောကီဝိပါက် နှာမကွန္ဓာတို့တွင် အကုသလဝိပါက်နာမကွန္ဓာကို ရခြင်းသည် ဆားကန်တွင်းဌ် နစ်မျှ် သေရသောသူနှင့် တူ၏၊ ကာမာဝစရကုဿလ ဝိပါက်နာမကွန္ဓာကို ရခြင်းသည် ချမ်းအေးချိုမြိန်သော ရေရှိသော ဧရာဝတီ မြစ်ဌ် နစ်၍ သေရသောသူနှင့် တူ၏၊ ရူပဝိပါက်, အရူပဝိပါက် နာမကွန္ဓာကို ရခြင်းသည် စာတုမဟာဒွက်ဌ် နစ်၍ သေရသော ပျားပိတုန်းနှင့် တူလေသည်၊ လောကုတ္တရာဝိပါက်ဟု ဆိုအပ်သော ဖလသမာပတ်ကို ငင်ခြင်းသည် ချိုမြိန်သော စာတုမဟာရေကို ခသောက်၍ ကမ်းတဘက်သို့ ရောက်ရသောသူနှင့် တူလေသည်၊ ထို့ကြောင့် လောကီဝိပါက် နာမကွန္ဓာဌ် တွေဒေမိန်းမော စဲလမ်းထပ်မက်ခြင်းကို ကင်းစေ၍ လောကုတ္တရာဖလသမာပတ်ဖြင့် နိဗ္ဗာန်သောင်ကမ်း ခပ်အောင် အားထုတ်အပ်သည်၊ အားထုတ်ကြကုန်ဟု အာဇာတိကို ပြတော်မူလို၍ ဝိပါကပစ္စည်း ကို ဟောတော်မူသည်။

အာဟာရပစ္စည်း

ကိလေသာ၏ ဝတ္ထုကာမဂုဏ် အာရုံခြောက်ပါးဌ် တွေ့ခြင်းသဘောရှိသော ဖဿာဟာရ စသည်လည်း အဓရတူ အဓရပါးကို လှစ်ခွာ၍ ထားအပ်သော နှားတို့ဌ် မည်သည့်အရပ် အလပ်မရှိ ယင်ငယ်တကောင်မျှ အနှားမခံနိုင်အောင် နာကျင်ခြင်းဒုက္ခကို ခံရသကဲ့သို့၊ မည်သည့်အာရုံမဆို ထိုထိုအာရုံဟူသမျှဌ်ပင် ထိခိုက်၍ ရာဂ, ဒေါသ အစရှိသော အကုသိုလ် ကိလေသာ ခန္ဓာငါးပါး ရုပ်နာမ်ဘရားဖြစ်ပွားရ၍ အဆုံးမရှိ ကြီးမားစွာသော သံသရာဝဋ်ဒုက္ခမှ မထွက်မြောက် နိုင်ကြကုန်သည်၊ သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်လိုသော အမျိုးကောင်းသားတို့သည် ကာမဂုဏ်ငါးပါး အာရုံခြောက်ပါး ဟူသမျှဌ် တွေ့ခြင်းသဘော လက္ခဏာရှိသော ဖဿာဟာရ အစရှိသည်ဌ် ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်ကိုဖြစ်စေ၍ သမ္မသနဉာဏ်, ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်တိုင်အောင် လွန်စွာအားထုတ် အပ်၏ဟု ပြတော်မူလို၍ **အာဟာရပစ္စည်း**ကို ဟောတော်မူသည်။

ဂူဇ္ဇိုယ ပစ္စည်း

စက္ခုစသော ဂူဇ္ဇိခြောက်ပါးကို မြို့တံခါး ခြောက်ပေါက် ကဲ့သို့ မှတ်အပ်၏၊ ကိုယ်ဘွင်းသန္တာန်၌ရှိသော သဒ္ဒါ,သိလဏစရှိသော သူတော်ကောင်းတရားကို မြို့တွင်းရှိ ဥစ္စာဘဏ္ဍာတို့ကဲ့သို့ မှတ်အပ်၏၊ လောဘ, ဒေါသ, မောဟ အစရှိသော အကုသိုလ်ကိလေသာဆယ်ပါးတို့ကို ခိုးသားကြီးတို့ကဲ့သို့ မှတ်အပ်၏၊ မြို့တံခါးခြောက်ပေါက်ကို လုံခြုံစွာ စောင့်ရှောက်မှု ခိုးသားကြီးဆယ်ယောက်တို့ နှောင့်ယှက်ခြင်း၊ ခွင့်မရသည်ဖြစ်၍ မြို့တွင်းရှိ ဥစ္စာဘဏ္ဍာတို့သည် အမြဲတည်သကဲ့သို့၊ စက္ခုစသော ခြောက်ပါးသော ဂူဇ္ဇိတို့ကို ထိန်းသိမ်းစောင့်ရှောက်မှု ဆဒ္ဒါ, သိလ အစရှိသော သူတော်ကောင်းဥစ္စာတို့သည် ကိုယ်တွင်းသန္တာန်၌ အမြဲအရှည်တည်နိုင်ထာသည်၊ အလုံးစုံ ကောင်းမကောင်းဟူသမျှသည် ထိုခြောက်ပါးသော ဂူဇ္ဇိတို့ကို မှီ၍ ဖြစ်လေသည်၊ ထို့ကြောင့် အကုသိုလ်မကောင်းမှုကို ပယ်ရှားး၍ ကုသိုလ်တရားကို အားထုတ်ဖြည့်စွမ်းလိုသော ပဂ္ဂိုလ်သည် ထိုစက္ခုစသော ခြောက်ပါးသော ဂူဇ္ဇိတို့ကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်အပ်၏၊ စောင့်ရှောက်ကြလေ၊ ဤသို့ဆစရှိသဖြင့် တိုက်တွန်းခြင်း အာဏာတို့ကို ပြုတော်မူလို၍ ဂူဇ္ဇိယပစ္စည်းကို ဟောတော်မူသည်။

စျာနပစ္စည်း

လောဘ, ဒေါသ အစရှိသည်တို့၏ အစွမ်းအားဖြင့် ကိလေသာ၏အာရုံ ကာမဂုဏ်ဒုစရိုက်တရားတို့ကို ပြုမှား၍ အပါယ်လားကုန်သော သူတို့၏အရင်းမူလတရားကား ထိုမကောင်းသောဒုစရိုက်အာရုံ၌ အဖန်တလဲလဲ ကာမဝိတက်, ပျာပါဒဝိတက်, ဝိဟိံသာဝိတက်ကို ကြံခြင်း၊ ထိုမကောင်းမှု ဒုစရိုက်အာရုံ၌ အဖန်တလဲလဲ ဝိစာရအစွမ်းဖြင့် သုံးသပ်ခြင်း၊ အဆိပ်ရောက်လောဟဟူသော ကာမကို စားမှားဝသသူကဲ့သို့ အထင်အမှတ် မှားသဖြင့် မကောင်းသောအာရုံ၌ ပီတိအစွမ်းအားဖြင့် နှစ်သက်ခြင်း၊ ချမ်းသာတခုကို အာရုံပြု၍ ရှုခြင်း၊ ကေဂ္ဂတာ၏ အစွမ်းအားဖြင့် ထိုအာရုံ၌ မတုန်မလှုပ် သက်ဝင်တည်ကြည်ခြင်းဟု ဆိုအပ်သော အကုသိုလ်စျာနင် ငါးပါးတို့သည် ရှေ့ဆောင်အပ်ကုန်ထည်ဖြစ်၍ တိမိရ, တိပိဂံလ အစရှိသော ငါးကြိုးထိုသည် မဟာဃမုဒ္ဒရာ၌

ကျက်စားမြူးထူးခွင့်ကို ရသကဲ့သို့ လောဘ, ဒေါသ အစရှိသော အကုသိုလ် ကိစ္စလေးသောတို့ ကျက်စားမြူးထူးခွင့်ကိုရ၍ အရပ်လေးမျက်နှာမှ တခဲနက်လိမ့်၍ လာသော ကျောက်ခဲတောင်ကြီးသည် ဆယ်တာဝါဟူသမျှကို မှုန့်မှုန့်ညက်ညက် ပျက်စီးစေနိုင်သကဲ့သို့ အဆုံးမရှိကြီးမားလှစွာသော အပါယ်ဂဟေသံသာရဒုက္ခကို ဖြစ်စေနိုင်သည် ဖြစ်ရကား ထိုကာမဝိတက်, ဝိဟိံသာ ဝိတက် အစရှိသော မိစ္ဆာစျာနင်တရားငါးပါးတို့ကို ပယ်ရှားလျှင် လောကီ,လောကုတ္တရာသမာဓိကို ဖြစ်စေတတ်သော ကသိုဏ်းအစရှိသည်လျှင် အာရုံရှိသော အပွနာစျာန်အင်္ဂါငါးပါး တရားကိုသာလျှင် ဓကာင်းစွာအားထုတ်အပ်သည်ဟု ပြတော်မူလို၍ စျာနပမ္ဗည်းကို ဟောတော်မူသည်။

မဂ္ဂပစ္စည်း

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသတိအစရှိသော အကုသိုလ်မဂ္ဂင်ဟူရာ်းလေးပါးသည် ယူဆောင်ဆွဲငင်အပ်သည့်၏ အဖြစ်ကြောင့် အကုသိုလ်တရားဖြစ်ပွားး၍ သံသရာဉ်မှာဘက်မှ မဟမြောက်ကြသည်၊ ဃမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော ကုသိုလ်မဂ္ဂင်တရားရှစ်ပါးသည် ယူဆောင်ခေါ်ဆောင်အပ်သည်၏ အဖြစ်ကြောင့် ကုသိုလ်ဘာရာဖြစ်ပွားး၍ သံသရာထိုမှာဘက်ကမ်းသို့ လှမ်းရောက်နိုင်ကြသည်၊ သံသရာထိုမှာဘက်ကမ်းသို့ လှမ်းရောက်လိုသော အမျိုးကောင်းသားတို့သည် အကုသိုလ်မဂ္ဂင်တရားကိုပယ်ရှားး၍ ကုသိုလ်မဂ္ဂင်တရားကို ပွားများ အားထုတ်အပ်ကာည်၊ အားထုတ်ကြလော့၊ ဤသို့အစရှိသည်ဖြင့် တိုက်တွန်းခြင်း အာဏာတို့ကို ပြတော်မူလို၍ မဂ္ဂပစ္စည်းကို ဟောတော်မူသည်။

သမ္မယုတ္တပစ္စည်း

လောကီနာမက္ခန္ဓာဘရားလေးပါးတို့သည် သဘောတူ တိုင်ပင်ပေါင်းဖက်၍ မြို့ရွာကိုဖျက်ဆီးတတ်သောသူခိုးလေးယောက်ကဲ့သို့ ဒုခွင်းခွင်းသဘောတူ ပေါင်းယှဉ်၍ သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ, ဒုက္ခဒုက္ခဟု ဆိုအပ်သောတေဘူမက ဝဋ်ဒုက္ခကိုပွားစေတတ်သည်ဖြစ်ရကား ထိုကုသိုလ်, အကုသိုလ်, ဝိပါက်, ကိရိယာ လောကီ နာမက္ခန္ဓာ ဟူသမျှကို အနိစ္စ, ဒုက္ခ, အနတ္တ သဘာသာတည်းဟု

ဝိပဿနာဉာဏ်ဖြင့် အဖန်ဖန်ဆင်ခြင်၍ လောကုတ္တရာ နာမကွန်းဟု ဆိုအပ်သော မဂ်ဖိုလ်ဘုရားကိုသော် လွန်စွာ အားထုတ်အပ်သည်ဟု ပြတော်မူလို၍ သမ္မယုတ္တပဒုံးကို ဟောတော်မူသည်။

ဝိပ္ပယုတ္တပစ္စည်း

အဆိပ်ပင်၌ အဆိုင်မြစ်သည် အဆိပ်သီး၏အကြောင်းဖြစ်ခြင်းလော်လည်း မူလဖယအားဖြင့် အကြောင်းအကျိုးကဲ့ပြားသကဲ့သို့ ပဋိဝေါကာရ နာမကွန်းသည် မိမိမူကား နာမ်ဘုရားဖြစ်လျက် တဆယ့်တပါးသောမိုးတို့၏ လောင်စာရုပကွန်းကို ပွားစေတတ်သည်ဖြစ်ရကား တဆယ့်တပါးသော မိုးတို့၏ လောင်စာ ရုပကွန်းမှ လွတ်လိုသော သံသာရဘီရုကပုဂ္ဂိုလ်သည် ကာမချမ်းသာ, လူချမ်းသာ, နတ်ချမ်းသာဟူ၍ သမုတ်အပ်သော ပဋိဝေါကာရ နာမကွန်းကို လွန်စွာ ကြဲ ကဲအပ်သည်၊ လည်ရေးသုံးဆင့်ရှိသော အဆိပ်ထန်သောမြွေကို ကိုင်မိသော ယောကျ်ားကဲ့သို့ လျင်စွာလွတ်အပ်သည်ဟု ပြတော်မူလို၍ ဝိပ္ပယုတ္တပစ္စည်းကို ဟောတော်မူသည်။

အတ္ထိပစ္စည်း

ခြင်္သေ့, သစ်ကျား, သားရဲ,ဘီလူးတို့သည် ထူထဲလှသော တော,တောင် ချောက်ကမ်းပါးကိုမှီလျက် သတ္တဝါတို့ကို နှိပ်စက်ဖျက်ဆီးသကဲ့သို့ အလုံးစုံသော အကုသိုလ်ကိလေသာတို့သည် ဝတ္ထုအားဖုံအာရုံရှိသော စွဲလမ်းရာ မိမိတို့ အဝကြောင်းဟူး ထင်ရှားရှိ၍သာလျှင် သတ္တဝါတို့ကို ဖျက်ဆီးနိုင်ထည်၊ အကုသိုလ်ကိလေသာတို့ နှိပ်စက်ခြင်းမှ ကင်းလိုသော အမျိုးကောင်းသားတို့သည် လောကီကာမဂုဏ်, အာရုံခြောက်ပါး ဝတ္ထုခြောက်ပါး, ခန္ဓာငါးပါး, ရုပ်နာမ်တရားတို့၌ တွယ်တာမက်မောခြင်းကို မဖြစ်စေရာ၊ မြင်းမိုရ်တောင်မင်းကိုအမှီရသော မြက်ခြောက်စပင်တို့သည် ယားခုတ် တောထွင် အစရှိသော ဖျက်ဆီးသူဆေးရန်ကင်းသကဲ့သို့ လောကုတ္တရာနာမကွန်းအမှီထင်ရှားရှိသောသူသားလျှင် အလုံးစုံသောတေးဒုက္ခမှ ကင်းနိုင်ထသည်ဟု ပြတော်မူလို၍ အတ္ထိပစ္စည်းကို ဟောတော်မူသည်။

နတ္ထိ-ဝိဂတ-အဝိဂတပစ္စည်း

နတ္ထိ, ဝိဂတ မှာ အနုန္တရပစ္စည်းနှင့် သဘောမထူးပြီ၊ အဝိဂတပစ္စည်းမှာလည်း အတ္ထိပစ္စည်းနှင့်အထူးအခြားမရှိပြီ၊ ဝေနေယျဇ္ဈာသယအားဖြင့် သဒ္ဒါပြား၍ ဟောတော်မူသည်၊ နေတ္ထိဟာဒုနည်းကို အမှီပြုသဖြင့် အမြဲက်မျှပြဆိုအပ်သော အဓိပ္ပာယ်, အရုကောက်နှင့်ငး၍ နှစ်ဆယ့်လေးစည်း၏ မှီရာအတ္ထနိဿယသည် ဤတွင် အပြီးသတ်လတ်ပြီ။

ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသား ပြုပြင် စီရင်အပ်သော ဤ ၂၄-ပစ္စည်းအနှက်သည် ကျမ်းကြီး၊ ကျမ်းမ မသင်ကြားနိုင်သော အမျိုးသားတို့အား လွန်စွာအထူး အကျိုးများလတ္တံ့။ ။

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းပစ္စည်းအနက်နှင့်

အဓိပ္ပာယ်အရုကောက် ပြီး၏။

ပဋ္ဌာန်းတရားတော် နာယူပြီးသူများ သမ္မာဒိဋ္ဌိဉာဏ်ဖြင့်
နိဗ္ဗာန်ကို ကြည်ညို နိုင်စေရန်
မဟာဂန္ဓာရုံဆရာတော်
အရှင် ဇနကာဘိဝံသ၏
ဩဝါဒမှ ကောက်နုတ်ချက် အချို့.

သောတာပန်ဖြစ်ဖို့ ခက်သလား

ပါဠိတော်။ ။တသ္မာတိဟာနန္ဒ ဓမ္မာဒါသံ နာမ ဓမ္မပရိယာယံ ဒေသေဿာမိ၊ "ယေန သမန္နာဂတော အရိယာသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယ္ယ၊ ခီဏနိရယောမှိ ခီဏ-တိရစ္ဆာနယောနိ ခီဏပေတ္တိသယော ခီဏာပါယဒုဂ္ဂတိ ဝိနိ-ပါတော၊ သောတာပန္နောဟသ္မိ အဝိနိပါတဓမ္မော နိယတော သမ္မောဓိပရာယဏော တိ"၊

မြန်မာပြန်။ ။နောက်၌ ဘုရားဂုဏ်တော် ၉-ပါး၊ တရားဂုဏ်တော် ၆-ပါး၊ သံဃာဂုဏ်တော် ၉-ပါး၊ ဂျိုဂုဏ်တော်များ၌ အဝေစ္စပသာဒ (ကြောက်ပြင့် သက်ဝင်ယုံကြည်ခြင်း) ၃-မျိုး၊ ငါးပါးသီလနှင့် ပြည့်စုံခြင်း၊ ဂျိုဂုဏ်အင်္ဂါ ၄-ပါးနှင့်ပြည့်စုံသူသည် မိုးကိုယ်ကို သောတာပန် ဖြစ်ပြီဟု ဆို၊ ဖြတ်နိုင်သည်။

သောတာပန်ဖြစ်ဖို့ မခဲယဉ်း။ ။ဤ တရားမှန်ကြီးကို ကြည့်ရှုသော အခါ သော တာ ပန် ဖြစ်ဖို့ အ ကြောင်း မှာ ရတနာ ၃-ပါး၏ ဂုဏ်တော်ကို လေးလေးနက်နက် ကြည်ညိုခြင်းနှင့် လူတော် ကြောင်များ၌ ငါးပါးသီလစောင့်ကြယ်ဖို့သာဖြစ်၏၊ ထို့ကြောင့်လည်း ဝိသာခါ

၁။ မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ နှာ-၃၁၁။

ကျောင်းအမသည် ဒုဒ္ဓမြတ်စွာကိုပဌမဖူးရစဉ် ၇-နှစ်အရွယ်ကလေးသောတာ၇ေန် တည်ခဲ့၏၊ ဓမ္မာသောကမင်း၏ အဋ္ဌနွိမိတ္တာဒေဝီသည် ဘုရားရှင်၏ အသံတော် နှင့် အထိုက်အလျောက်တူသော ကရဝိက်ငှက်၏ အသံကိုကြားရ၍ ဘုရားကို မဖူးလိုက်ရပဲကြည်ညိုသောအဝေစ္စပသာဒ(သဒ္ဓါ)ကြောင့်မောင်းမ ၇၀၀-နှင့် အကူ သောကာပန်ဖြစ်ကြ၏၊ ပင်ကိုယ်ကငါးပါးသီလစောင့်ကြယ်သူများအတွက် ယခုလို သာသနာတွင်း၌ သောတာပန်ဖြစ်ဖို့မခဲယဉ်းဟု မှတ်သင့်ပါသည်။

ဆောင်။ ။ထောက်မှန်ပေါ်ဝှင်၊ ကိုယ့်အသွင်ကို၊ ဆင်ခြင်လိုဘိ၊ နေ့စဉ်ကြည့်သို့၊ မိမိသိလ၊ ဆိုင်ဆမျှကို၊ နေ့ညခင်း၊ လွန်သန့်ရှင်း၍၊ ပို့သင်းမွှေးမှု၊ အလေးပြုလျက်၊ သုံးလူ့ထွတ်ထား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ အရိယာ၏၊ ဆိုင်ရာဂုဏ်တော်၊ ဉာဏ်၌ပေါ်အောင်၊ ရှင်ပျော်ရွှစား၊ သဒ္ဓါပွားမှု၊ မလားအပယ်၊ တရားကယ်မည် ...ရှုဖွယ်ထောက်မှန် အစစ်တည်း။

ကမ္မဋ္ဌာန်းမှန်သမျှ အဝိဇ္ဇာနှင့် တကွာကြောင့် သံသရာဝယ် ဒုက္ခအဝိဇ္ဇာနှင့်တကွာ ကုန်ဖို့သော အမျိုးမျိုးဖြင့် ကျင်လည်နေရပုံကို သိစေသော အခါ ထိုဇဝိဇ္ဇာနှင့်တကွာကုန်အောင် ကြိုးစား နေရသောနည်းကို ရှာကြရ၏၊ ထိုနည်းကို ဘုရားတဆူပွင့်တော်မူမှသာ ဘုရားဓမ္မာဓတော်မူ၍ သိကြရ၏၊ သမ္ဗုဒ္ဓရသို့ဝင်ဖို့ရန် ဆိပ်ကမ်းများစွာ ရှိသကဲ့သို့၊ သံသရာ၏ တဘက်ကမ်းဖြစ်သော နိဗ္ဗာန်သို့ဝင်ဖို့ရန်လည်း ကမ္မဋ္ဌာန်းတည်းဟူသော ဆိပ်ကမ်းဘွဲ့ အမျာ အပြားပင် ရှိ၏၊ တိုကမ္မဋ္ဌာန်းကို အားထုတ်ယင်းပင် အဝိဇ္ဇာတကွာတို့နည်း၍ နည်း၍ လာမှသာ ထိုကမ္မဋ္ဌာန်းလမ်းစဉ်သည် မှန်သောလမ်းစဉ်ဖြစ်၏၊ ကမ္မဋ္ဌာန်း အားထုတ်သော်လည်း အဝိဇ္ဇာနှင့်တကွာ မနည်းလျှင် ကမ္မဋ္ဌာန်းသော်လည်း မှားနေလိမ့်မည်၊ သို့မဟုတ် မိမိကသော်လည်း အဝိဇ္ဇာနှင့်တကွာ နည်းလိုသော ဆန္ဒမရှိသောကြောင့် ဖြစ်လိမ့်မည်၊ ကမ္မဋ္ဌာန်းနည်းမှန်၍ မိမိဆန္ဒက အဝိဇ္ဇာနှင့် တကွာ ကုန်စေလိုလျှင်ကား ကမ္မဋ္ဌာန်းဟူသမျှသည် အဝိဇ္ဇာတကွာနည်းပါးရုံမှ ဝ.စတာစကုန်ဖို့သာ ဖြစ်သည်၊ ထို့ကြောင့် ဤအချက်လည်း ကမ္မဋ္ဌာန်း အားထုတ်ယင်း တကွာနည်း-မနည်းကို ကြည့်ရှုရန် တရားကြေးမုံထောက်မှန်ကြီးဖြစ်သည်ဟုမှတ်ပါ။

နိဗ္ဗာန်-ပရိနိဗ္ဗာန်

ပရိနိဗ္ဗာန် ၃-မျိုး။ ။နိဗ္ဗာန်နှင့် ပရိနိဗ္ဗာန်သည် သဘောတူ၏။ ထိုပရိနိဗ္ဗာန်သည် ကိလေသာတို့၏ငြိမ်းအေးခြင်းဟူသော ကိလေသပရိနိဗ္ဗာန်၊ ရုပ်ခန္ဓာတော်၏ ငြိမ်းအေးခြင်းဟူသော ခန္ဓပရိနိဗ္ဗာန်၊ ဓာတ်တော်တို့၏ ငြိမ်းအေးခြင်းဟူသော ဓာတုပရိနိဗ္ဗာန် အားဖြင့် ၃-ပါး အပြားရှိ၏။

ကိလေသပရိနိဗ္ဗာန်။ ။သဘ္ဘဝါတိုင်းဌ်ရှိသော လောဘ, ဒေါသ, မောဟစသော ကိလေသာတို့သည် စိတ်ကို ပူလောင်စေကြကုန်၏၊ တကျာ ထုဂ လောဘမီး၏ ပူလောင်မှုကြောင့် ဆရာမိဘ စသူတို့၏ စကားကိုမျှ နားမထောင်နိုင်ပဲ လုပ်ချင်ရာ လုပ်ကြသူတွေ့၊ အလုံမကျသော ဒေါသမီးကြောင့် ကိုယ့်ကိုယ်ကိုယ်ပင် သေကြောင်းကြံကြသူတွေကို ကြည့်လျှင် လောဘ, ဒေါသမီးတို့ ပူလောင်ပုံမှာ အလွန်ထင်ရှား၏၊ ထိုသို့ လောဘမီး, ဒေါသမီး အလောင်ခံရခြင်းမှာလည်း မောဟမီးက အကြောင်းအကျိုး မသိမမြင်နိုင်အောင် ဖုံးကွယ်ထားသောကြောင့် ဖြစ်၏၊ ဥပမာ-ကလေးငယ်သည် ပူမှန်းမသိသောကြောင့် မီးကိုကိုင်ချင်သကဲ့သို့ (တခါမှာကိုင်မိသကဲ့သို့) တည်း၊ ဗုဒ္ဓမြတ်စွာသည် အရဟတ္တဖိုလ်ကို ရသောအခါ ထို ကိလေသာ ဇာပူမီးတို့ အလုံးစုံကုန်၍ ငြိမ်းအေးကြလေတော့၏၊ ထို့ကြောင့် "ကိလေသပရိနိဗ္ဗာန်၊ ဗုဒ္ဓမြတ်စွာ၏ ကိလေသ ပရိနိဗ္ဗာန်သည်။ ဗောဓိပလ္လင်၌ အဟောသိ၊ ဘုရားဖြစ်ရာ မဟာဗောဓိပလ္လင်၌ ဖြစ်ခဲ့ပြီ" ဟု ဉာဏဝိဘင်္ဂအဋ္ဌကထာ (၃၁-၄၁၃-၌) မိန့်သည်။

ခန္ဓပရိနိဗ္ဗာန်။ ။ရုပ်နာမ် ၂-ပုဒ်ပေါင်းစပ်၍ တည်နေသော ကျိခန္ဓာကိုယ်သည် အေးချမ်း ငြိမ်းသက်ခြင်းမရှိသော အပူကုံးသာဖြစ်၏။ ဇာတိမီး, ဇရာမီး, မရဏမီးစသော (မရှုးခဲ့ပြအပ်ခဲ့သော)မီးတဆယ့်တပါးသည် ကျိခန္ဓာကိုယ်၌ တမျိုးပြီးတမျိုး လောင်လျက် ရှိ၏၊ ခပ်စကြာ

ပါဠိဓမ္မတာဒ်၌ လာသော ချစ်သူနှင့်ကွဲရခြင်း, မုန်းသူနှင့်တွဲရခြင်း, ဇာလိုရှိတာမရခြင်းကြောင့် ဖြစ်ရသော ဒုက္ခမျှားလည်း အပူမျှားပင် ဖြစ်၏၊ ထိုကြောင့် သတ္တဝါတိုင်း၏ ခန္ဓာကိုယ်သည် ဒုက္ခအပူ မီးအပူတို့ဖြင့် အမြဲပူလျှံနေ၏။

အခြားသူ၏ ခန္ဓာကိုယ်ကို မဆိုထားဘိ၊ ဗုဒ္ဓမြတ်စွာ၏ ခန္ဓာကိုယ်တော်သော်မှလည်း ဝမ်းတော်လားခြိန်မှစ၍ အာဒိတ္တပရိယာယသုတ်ပါးရကား ၃၀ဝတ် ခရီး၌ မကြာမကြာ နားနေတော်မူရခြင်း, ရေသောက်တော်မူလိုသောကြောင့် ရေခပ်စေတော်မူရခြင်းအားဖြင့် ခန္ဓာကိုယ်၏ အပူဒဏ်ကို ပင်ပန်းကြီးစွာ ခံတော်မူရပါသေးသည်။ ထို့ကြောင့် ညောင်စောင်းကလေး အပေါ်မှာပင် စျာန်ပေါင်းများစွာ အကြိမ်ကြိမ်အခါခါ ဝင်စားတော်မူပြီး၍ စတုတ္ထစျာန်မှ ထတော်မူသောအခါ ပဋိသန္ဓေနေ့တော်မူတုန်းကဖြစ်သော မဟာဝိပါက်ပထမစိတ်နှင့်တူသော ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူခြင်းသည် ရုပ်နာမ်ခန္ဓာဟူသော အပူတုံးကြီး၏ ငြိမ်းအေးခြင်းဟူသော ခန္ဓပရိနိဗ္ဗာန်ပင် ဖြစ်ပါသည်။ ထို့ကြောင့်- "ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ၊ ခန္ဓပရိနိဗ္ဗာန်သည် ကုသိနာရုံမြို့၌ ဖြစ်ခဲ့ပြီ" ဟု ဉာဏဝိဘင်္ဂအဋ္ဌကထာ (နှာ·၄၁၃-၌) မိန့်သည်။

မီးငြိမ်းခြင်း ဥပမာ။ ။ဤခန္ဓပရိနိဗ္ဗာန် ဖြစ်တော်မူပုံကိုပင် ရည်ရွယ်တော်မူ၍ နိဗ္ဗန္တိ ဓီရာ ယထယံ ပဒီပေါ-ဘုရား ပရစ္ဆေဒဉာဏ်ဟူသော ရဟန္တာဖြစ်သော ပညာရှိတို့သည် နောက်ဆုံးဝိညာဉ်ဖြစ်သောစုတိစိတ်တော်၏ ချုပ်ခြင်းအားဖြင့် ငြိမ်းအေးတော်မူကြပြီ၊ ဥပမာ - တောက်နေသော ဆီမီးသည် ဆီကုန်သောအခါ ငြိမ်းသက်သို့ဖြစ်သည်" ဟု ရတနသုတ်၌ ဗုဒ္ဓမြတ်စွာမိန့်တော်မူ၏၊ ဤ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော် (နှာ·၁၂၉) ၌လည်း "ပဇ္ဇောတသော နိဗ္ဗာနံ ဝိမောက္ခော စေတသော အဟု - ပရိနိဗ္ဗာန်စုတိစိတ်တော်၏ လွတ်မြောက်တော်မူခြင်းသည် မီးငြိမ်းပုံနှင့်တူသည်" ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူသည်။

ဓာတု ပရိနိဗ္ဗာန်။ ။ဗုဒ္ဓမြတ်စွာ၏ ဓာတ်တော်အားလုံး စုဝေပါင်း၍ ဓာတ်ပေါင်း ကိုယ်တော်ကို ဓာတ်မီးလောင်ပြီးမှငြိမ်းခြင်းကို "ဓာတု ပရိနိဗ္ဗာန်" ဟု ခေါ်၏၊ ခဲ့ပါဦးမည်၊ သာသနာတော် ကိုးကွယ်မည့်

လူဘယောက်တလေမျှ မရှိလောက်အောင် သာသနာ ဆုတ်ယုတ်သောအခါ နေရာဌာနအသီးသီး၌ တည်တော်မူခဲ့သော ဓာတ်တော်များသည် ဘုရားဖြစ်ရာ ဗေဒါဓိပင်၌ စုခဲပါင်းကာ ရွှေတုံးကြီးကဲ့သို့ဖြစ်၍ ရောင်ခြည်တော် လွှတ်လိမ့်မည်။

ထိုရောင်ခြည်တော်ကို ဖူးမြင်ရသောအခါ နတ်ပြဟ္မာတို့သည် ကပျာကယာ လာကြပြီးလျှင် အရိုးတော် ရွှေကုံးကြီး၌ ဘေဇ္ဇာဓာတ် ငါးပါးနေသည်ကို မြင်ရသောအခါ "ယခုမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူတာပဲ၊ ယခုမှ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူဘာပဲ" ဟု ပြောကာပြောကာ အလွန်ဝမ်းနည်းစွာ ငိုကြွေးကြလေ၏၊ ဇနာဂဂါမ်,ရဟန္တာ, နတ် ပြဟ္မာတို့အား "ဖြစ်လေသမျှ ပျက်ရသည်သာ" ဟု တရားသဘောကို ကွေးကာ သံဝေဂဉာဏ်ဖြင့် သည်းခံနိုင်ကြပေသည်။

လက်ဝဲ။ ။ဓာတ်တော်မွေတော်၊ ကြွင်းပါဒသင်္ဂလည်း၊ ချုပ်ချောသာသနာ၊ နောင်ဓသာခါဝယ်၊ ရှိန်ဝါပျောက်ကြေ၊ ကွယ်ပျောသော်၊ ထွေထွေရပ်နယ်၊ ဓာတ်သွယ်သွယ်လည်း၊ ကိုးကွယ်ကြမည့်၊ လူမရှိ၍၊ ဗေဒါဓိပင်မှာ၊ စုပေါင်းကာဖြင့်၊ ရောင်ဝါလွှတ်ပြီး၊ ရွှေတုံးကြီးသို့၊ ဓာတ်မီးလောင်တောက်၊ ကုန်ဆုံးပျောက်က၊ လာရောက်ကြရှာ၊ နတ်ပြဟ္မာတို့၊ သာသနာဗုဒ္ဓ၊ ယခုမှပင်၊ မုချအာတည်၊ ကွယ်ရပြီဟုံ၊ ငိုမြည်တမ်းတ၊ သံဝေဂဖြင့်၊ မရယူကျုံး၊ ကိုယ်စိတ်ချုံးသည်၊ နောက်ဆုံးသာသနာ့ပွဲတော်ဘုရား။

နိဗ္ဗာန် ၂-မျိုးမှ တမျိုး နိဗ္ဗာန်

ရဟန္တာအားလုံး၌ ရနိုင်သော ကိလေသပရိနိဗ္ဗာန်၊ ခန္ဓပရိနိဗ္ဗာန် ၂-မျိုးသည် "သီဝံ ပတ္ထေထ ဘိက္ခဝေ၊ သိဝံ ပတ္ထေတ္ထာ ဒါနံ ဒါတဗ္ဗံ-ဘိက္ခုတို့ ဘေးခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်ကို တောင့်တကြလော၊ နိဗ္ဗာန်ကို တောင့်တ၍ ဒါနကိုပြုကြလော၊ သီလကိုဆောက်တည်ကြလော၊ ဘာဝနာကို ပွားစေကြလော" ဤသို့ ဗုဒ္ဓမြတ်စွာ တိုက်တွန်းတော်မူအပ်သော နိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် "ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်သော အာသခ််တဓာတ် နိဗ္ဗာန်တရားတေ်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလို၏" ဟု လူအများ တောင့်တအပ် ဆုတောင်းအပ်သော အာသခ််တဓာတ် နိဗ္ဗာန်တရားမြတ် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် "ငါဘုရားသည် ..ယနေ့ည၌ ဓနာက်ဆုံးအခါ၌ ရှေးရှေးဘုရားရှင်တို့ ဝင်အပ်သော အမြိုက်နိဗ္ဗာန်သို့ ဝင်ရတော့မည်" ဟု ဆင်ခြင်တော်မူသောအခါ "စိတ်တော်သည်အလွန်ကြည်၏" ဟု မိန့်တော်မူအပ်သော နိဗ္ဗာန်မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် "အနေဇော သန္တိမာရဟ္တ၊ ယံ ကာလ-မကာခီ မုနိ- ငါးဖြာအာရုံ ကာမဂုဏ်၌ တုန်လှုပ်တတ်စွာ တဏှာကင်းပြီးသော အကြင် မုနိထွတ်တင် ဘုရားရှင်သည် ဒုက္ခခပ်သိမ်း၊ အေးငြိမ်းရာ နိဗ္ဗာန်ကို ရည်ရွယ်ခေါ်မူ၍ ကွယ်လွန်ချိန်ကို ပြုတော်မူပြီ" ဟု အရှင်အနုရုဒ္ဓါ မိန့်တော်မူအပ်သော စကားတော်အရ ဘုရားရှင် ရည်ရွယ်ခတော်မူအပ်သော သန္တိသုခ အမတ မဟာနိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် "နိဗ္ဗာန် ပန လောကုတ္တရသခ််ါတဲ့ စတုမဂ္ဂညာဏေန သစ္ဆိကာ ဘဗ္ဗံ မဂ္ဂဖလာနမာရမ္မဏဘူတံ ဝါနသခ််ါတာ ယတဏှာယ နိက္ခန္တိတ္တာ နိဗ္ဗာနန္တိ ပဂုစ္စတိ" ဟု အဘိဓမ္မတ္ထသင်္ဂဟ ကျမ်း၌ "မင်္ဂိုလ်တို့၏အာရုံဖြစ်သောနိဗ္ဗာန်" ဟုလည်းကောင်း၊ "နိဗ္ဗာန်- ပရမံ သုခံ" ဟု ဓမ္မပဒအဋ္ဌကထာ သုခဝဂ် ကေဠိသုတ်ဝတ္ထု၌ "နိဗ္ဗာန်သည် အမြတ်ဆုံး သုခ" ဟုလည်းကောင်း၊ "အသခ််ာ စ ဓာတု" ဟု ဓမ္မသင်္ဂဏီ ရူပကဏ္ဍ ဥဒ္ဒေသ၌ "အသခ််ဓာတ်" ဟု လည်းကောင်း ဟောတော်မူအပ်သော နိဗ္ဗာန် မဟုတ်သေးပါ။

ပြအပ်ခဲ့သော နိဗ္ဗာန် ၂-မျိုးသည် သစ္စာ ၄-ပါးတွင် နိရောဓသစ္စာ အဖြစ်ဖြင့် ပါဝင်သော, သောတာပတ္တိမဂ်ကိုရလျှင်ပင် ဝိသဓခါကဲ့သို့ ၇-နှစ် သမီးအရွယ် သူငယ်မတို့ ထိုက်ဘန်သမျှ မြင်အပ်သော, တခါမြင်ပြီးလျှင် ဒိဋ္ဌဝိစိကိစ္ဆာတို့ ကင်းကွာရကြောင်းဖြစ်သော, ဇခါမြင်ဖို့ရန်လည်း ငါးပါး သီလ လုံခြုံမှုအဓခြခံရသော နိဗ္ဗာန်မဟုတ်သေးပါ။

ထို့ကြောင့် ယခုအခါ၌ အစကြောင်းတရားတို့ ပြုအပ်သော ကြောင့် "အသန်တစ္ဆာတ်" ဟု အမည်တွင်ရသော, ဘုရားရှင်သာမက ရဟန္တာဟူသမျှတို့သည် ပရိနိဗ္ဗာန် မင်စံခင်ကာလ၌ မကြာမကြာ အာရုံပြုရှိနေအပ်သော, ပရိနိဗ္ဗာန်စံတော်မူပြီးနောက်လည်း မပျောက် မပျက် ဆက်လက်ဘည်ရှိရစ်သော, လူအများတို့ ဆုတောင်းအပ်သော, ဘုရားရှင်လည်း ဆုတောင်းဖို့ရန် တိုက်တွန်းတော်မူအပ်သော နိဗ္ဗာန် တရားတော်မြတ်ကို ရိုသေလေးမြတ်စွာ ရေးသား ပူဇော်ပါမည်။

လူအများတို့ဆုတောင်းနေသော
နိဗ္ဗာန်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်

ရှေးပညာရှိများ ပုဉ္ဇပြုပုံ။ ။စိတ်, စေတသိက်, ရုပ် နိဗ္ဗာန်ဟူသော ပရမတ္ထတရားတို့သည် ရှုပါဒုံမှတပါး များကိုဖြင့် မြင်ကောင်းသော တရားများ မဟုတ်ကြပါ၊ ထိုသို့ မမြင်ကောင်း သော်လည်း ရှေးပညာရှိ အဋ္ဌကထာဆရာတို့သည် များစွာသော နည်းကိုဖြင့် မြင်ရသကဲ့သို့ ညွှန်ထဲ၌ ထင်မြင်လာအောင် လက္ခဏာအားဖြင့်လည်းကောင်း၊ ကိစ္စရသ, သမ္ပတ္တိဆရာ, တမျိုးမျိုးအားဖြင့်လည်းကောင်း၊ ဥာဏ်ဖြင့် ရှုစားသော ယောဂီပုဂ္ဂိုလ်, ပညာရှိပုဂ္ဂိုလ်တို့၏ ဉာဏ်အားထင်လာသော ဒေသနာအားဖြင့် လည်းကောင်း၊ အနီးဆုံးအကြောင်းဟူသော ပဒဋ္ဌာန်အားဖြင့် လည်းကောင်း ဖွင့်ပြကြပါသည်၊ နိဗ္ဗာန်ကိုလည်း ဉာဏ်၌ ထင်လာမြင်လာအောင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်အားဖြင့် ဖွင့်ပြရမည်ဖြစ်၍ ထိုသို့မဖွင့်ပြမီ သဘဝလက္ခဏာရှိသော နိဗ္ဗာန်နှင့် ဇာဖက်တလမ်း (ဟိုဘက်ကမ်း ကျိုဘက်ကမ်းကဲ့သို့) ကွာလှမ်းသော ရုပ်နာမ်၏ မကိုမ်မသက် ဖြစ်ပျက်ပုံကို ရှေးဦးစွာ ပြပါမည်။

သန်တစ္ဆာတ်။ ။ရုပ်နာမ်တို့ကို ရှေ့နောက်ဆုံးဆယ်လ မြတ် ဗုဒ္ဓ၌ ပြုံပြီး၊ ရုပ်နာမ်တို့သည် အဝိဇ္ဇာ, တဏှာ, ကံ စသော အကြောင်းတို့က ပြုအပ်သော အသန်တစ္ဆာတ် (ပြုပြင်အပ်သောတေ) ဖြစ်၏၊ ပြု၍ဖြစ်သောအခါ ချက်ချင်းပျက်၏၊ ပျက်ပြီးလျှင်လည်း ထင်၍ဖြစ်၏၊ ဖြစ်လျှင်လည်း ပျက်ပြန်၏၊ ဤသို့ ဖြစ်ပျက် ဖြစ်ပျက် ဆက်၍နေသော အကျင့်သည် လက်ဖြောက်တချက်ပမာခန့် ကာလ၌ ကုဋေသိန်းပေါင်း များစွာ ငင်တည်း။

(စိတ်စေတသိက်တို့ တဆယ့်ခုနစ်ကြိမ်ပျက်ပြီးမှ ရုပ်က တကြိမ်သာပျက်၏) ဤအခါန်ကလေးဌ ဤမျှခလောက်များအောင် ဖြစ်ပျက်နေရသော ရုပ်နာမ်သည် အဘယ်မှာ ငြိမ်သက်အေးမြဲ သုခဖြစ်နိုင်တော့အံ့နည်း၊ အဖြစ်အပျက်ဒဏ်ကို အမြဲခံနေရသောကြောင့် အမြဲပင် ဒုက္ခဖြစ်၏၊ "ဥဒယဗ္ဗယ ပဋိပီဠနဋ္ဌေန ဒုက္ခာ၊ အဖြစ်အပျက်ဒဏ်ကို အမြဲခံနေရသောကြောင့် ရုပ်နာမ်ဟူသမျှ ဒုက္ခ ချည်းသာ"။

သန္တီလက္ခဏာ။ ။"လက္ခဏာ" ဟူသည် မှတ်သားကြောင်း အမှတ်အသား၊ မှတ်သား အပ်သော သဘောတည်း၊ လူတယောက်၌ အများနှင့်မတူသော ထူးခြားသော အမှတ်အသားရှိသကဲ့သို့၊ ပရမတ္ထတရား ၄-ပါး၌လည်း တပါးနှင့်တပါး မတူအောင် ထူးခြားသော အမှတ်အသား ထူးခြားစသော သဘောရှိ၏၊ နိဗ္ဗာန်အတွက် ထူးခြားသောလက္ခဏာ (အမှတ်အသား) ကား သန္တီလက္ခဏာတည်း။

သန္တိဖြစ်ပုံ။ ။ရုပ်, စိတ် စေတသိက် နာမ်တို့သည် ပြအပ်ခဲ့သည့် အတိုင်း အမြဲဖြစ်ပျက်၊ ဖြစ်ပျက်နေရကား ငြိမ်ငြိမ်သက်သက် မရှိကြ၊ အမြဲပူလောင်နေသကဲ့သို့ ငြိမ်.ငြိမ်းအေးလည်း မရှိကြ၊ အသံတခုတ် နိဗ္ဗာန်တရာ မြတ်ကား အဖြစ်မရှိသောကြောင့် အပျက်လည်းမရှိ၊ အဖြစ်အပျက် လှုပ်လှုပ်ရွရွ မရှိသောကြောင့် အလွန်ငြိမ်သက်၏။ အဖြစ်အပျက်အပူအလောင် မရှိသောကြောင့် အလွန်အေးငြိမ်း၏၊ ထိုငြိမ်သက်အေးငြိမ်းခြင်းသည် နိဗ္ဗာန်၏ "သန္တိ" ဟု ခေါ်ရသော ထူးခြားသော လက္ခဏာဖြစ်သည်။

အစ္ဆရိယတ္တ။ ။ရုပ်နာမ်ခန္ဓာတို့သည် ရွေးဦးစွာဖြစ်ရ၏၊ ဖြစ်ပြီးသောအခါ ပျက်ရခြင်း အားဖြင့် ပင်ကိုသတောမှ ရွေ့လျောရ၏၊ နိဗ္ဗာန်၏ သန္တိသဘောကား ဘယ်အခါမှ မပျောက် မပျက် သောကြောင့် ပင်ကိုသဘောမှ မရွေ့လျောခြင်းဟူသော ထူးသောအရသာရှိ၏။

အနိမိတ္တပစ္စုပဋ္ဌာန်။ ။ကမ္မဋ္ဌာန်း အားထုတ်သော ယောဂိပုဂ္ဂိုလ်ဖြစ်စေ, တရားသဘောကို စဉ်းစားသော ပညာရှင် ဖြစ်စေ ဉာဏ်ဖြင့်ရှုမြင်သောအခါ အမှန်အတိုင်း ထင်လာ၏၊ ထိုသို့ထင်လာသည်ကို "ပစ္စုပဋ္ဌာန်" ဟု ခေါ်၏၊ နိဗ္ဗာန်၏သဘောကို ဉာဏ်ဖြင့်ရှုသောအခါ (စိတ်

စေတသိက် ရုပ်တို့မှာ သဘောအထည်ကိုယ် ရှိသကဲ့သို့) "အထည်ကိုယ် မရှိသော တရား" ဟု ဉာဏ်အားဖြင့် ထင်လာသည်၊ နိမိတ္တဓမ္မာ သခံါရာ၊ တေဟိ ဆန်မိတ္တာ သဝိဂ္ဂဟာ ဝိယ ဥပဋ္ဌဟန္တိ၊ အဋ္ဌသာလိနီ လောကုတ္တရာကုသိုလ်အဖွင့်၊ အနုဋ္ဌီကာ။ (နှာ-၁၂၁)

ပဒဋ္ဌာန်း ။နိုးကပ်သော အကြောင်းကို ပဒဋ္ဌာန (ပဒဋ္ဌာန်)ဟု ခေါ်၏၊ (စိတ်သည် ယုဉ်ဘက်စေတသိက်,မှီရာရုပ်ဟူသော နိုးကပ်သော အကြောင်း ရှိသကဲ့သို့) နိုဗ္ဗာန်မှာ နိုးကပ်သောအကြောင်းမရှိ၊ အရိယာတို့ သန္တာန်၌ နိုဗ္ဗာန်တရားပေါ်လာဖို့ရန် ဒါန, သီလ, ဘာဝနာ စသော ကောင်းသောအကြောင်းကား များစွာရှိရပါသည်။

သန္တိလက္ခဏံ အစ္စုတ-ရသံ နိုဗ္ဗာနအမတံ။
ဆန်မိတ္တာ ဥပဋ္ဌာန်၊ ပဒဋ္ဌာနံ န လဗ္ဘတိ ။

နိုဗ္ဗာနတရားတံ၊ အမြဲက်နိုဗ္ဗာန်သည်။ သန္တိလက္ခဏံ၊ ငြိမ်လက်ဟောငြိမ်းခြင်း လက္ခဏာရှိ၏။ အစ္စုတရသံ၊ ပင်ကိုသဘောမှ မရွေ့လျောခြင်း သမ္ပတ္တိရသ ရှိ၏။ အနိမိတ္တာ ဥပဋ္ဌာန်၊ အထည်ကိုယ်ဟန် ပုံသဏ္ဌာန်မရှိသော တရားဟု ဉာဏ်ထား ထင်လာ၏။ ပဒဋ္ဌာန်၊ နီးစပ်သော ကောင်းကြောင်းကို။ န လဗ္ဘတိ၊ မရအပ်။

နိုဗ္ဗာန်၏ ဂုဏ်တော်စာချို.

ခယဂုဏ်တော်။ ။ထိုနိုဗ္ဗာန်နဂါတ် တရားမြတ်ကို ဝသာတာပတ္တိမဂ်ဖြင့်မြင် လိုက်သည်နှင့် တပြိုင်နက် ထုဂစသော ကိလေသာ ဖာချို သည်လည်းကောင်း၊ ထိုကိလေသာရှိသူတိုင်း (၇-ဘဝ နောက်ရရှိမည့်)ရုပ် နာမ်တို့သည်လည်းကောင်း ကုန်ခန်းကြရတော့၏၊ အထက်မဂ်များကိုရသော အခါလည်း ကျန်ည်းအတိုင်း ကိလေသာအပူတွေ့ ကုန်ရပေသည်။ထို့ကြောင့် သန္တိဖြစ်သော ထိုနိုဗ္ဗာန်သည် ကိလေသာတို့၏ လည်းကောင်း၊ ရုပ်နာမ်တို့၏ လည်းကောင်း ကုန်ခန်းကြောင်း ခယဂုဏ်နှင့် ပြည့်ပါသည်။

၁။ ဝိသုဒ္ဓိ၊ ၌၊ ၃-တွဲ၊ နှာ-၁၂၆။ အဘ၊ ၌၊ ၂။ ၇၉။

ဝိရာဂဂုဏ်တော်။ ။တပ်မက်ခြင်း သဘောကို ပါဠိလို "ရာဂ"ဟု ခေါ်၏၊ ထိုရာဂသည် ရုပ်နာမ်ခန္ဓာ အပေါ်၌ လည်းကောင်း၊ ခန္ဓာနှင့်စပ်သော ပညာ်အပေါ်၌လည်းကောင်း ဖြစ်ရသော တရားတည်း၊ ရုပ်နာမ်တို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်သည် ထိုရာဂနှင့် လုံးလုံးမစပ် တော့ရကား "ဝီရာဂ–ရာဂမရှိ" ဟူသော ဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

အမတဂုဏ်တော်။ ။"သေခြင်း"ဆိုသည်မှာ တဘဝအတွက် နောက်ဆုံး ပျက်ခြင်းတည်း၊ တိုအပျက်ဟူသည်လည်း အဖြစ်ရှိပြီးမှ ပေါ်လာ၏၊ ပျက်ဖို့ရှိးရှိနေသော (ပျက်ဖို့ပြင်နေသော) သဘောကို "အိုခြင်း, ဆွေးမြေ့ခြင်း"ဟု ခေါ်၏၊ ပါဠိလို ဇာတိ, ဇရာ, မရဏ၊ မြန်မာလို "ဖြစ်ခြင်း, ရင့်ခြင်း (အိုခြင်း) သေခြင်း (ပျက်ခြင်း)"ဟူသော သဘော သည် ရုပ်တရား နာမ်တရားတို့၏ သဘောဖြစ်၏၊ ရုပ်နာမ်အားလုံး ကုန်ဆုံးပြီးသော ထိုနိဗ္ဗာန်သည် သေခြင်း "မတ"မရှိရကား အမတ ဂုဏ်နှင့်လည်း ပြည့်စုံသည်။

ပဏီတဂုဏ်တော်။ ။နိဗ္ဗာနဓာတ် တရားမြတ်သည် ရဟန္တာ ပုဂ္ဂိုလ်များအတွက် (စား၍မဝနိုင်အောင် အရသာရှိသောအစာကဲ့သို့) မကြာမကြာအာရုံပြု၍ နေချင်စရာ ကောင်းလောက်အောင် အရသာရှိသော တရားတော်ဖြစ်၏၊ ပုဒ္ဓဗြတ်စ္စာသည်(ဖလသမာပတ်ကို ဝင်စားကာ) ထိုနိဗ္ဗာန်ကိုအာရုံပြု၍ မကြာမကြိုသာ သီတင်းသုံးတော်မူလေ့ရှိ၏၊ တရားဟောတော်မူတုန်းမှာပင် ပရိသတ်က သဒ္ဓေ သာဓုခေါ်ပြီးမှ တရားကို ဆက်၍ ဟောတော်မူ၏၊ နိဗ္ဗာန် တရားတော်သည် ရဟန္တာဖြစ်ပြီး ပုဂ္ဂိုလ် အတွက် ဤမျှလောက် အရသာရှိသော တရားထူးတရားမွန်ဖြစ်သောကြောင့် ပဏီတဂုဏ်နှင့်လည်း ပြည့်စုံပါသည်။

ယဒဗ္ဘဂါ (ယံ+အဗ္ဘဂါ)။ ။ထိုနိဗ္ဗာန်တရားတော်ကို ဤ သာသနာတော်၌ ပုဒ္ဓဗြတ်စ္စာသည် အစဆုံး သိတော်မူ, တွေ့မြင်တော်မူရ၏၊ တွေ့မြင်ရာဌာနနှင့် ကာလကား ဘုရားဖြစ်ရာ ပေဓာဓိရိပ်သာ၌ ကဆုန်လပြည့်ညဉ့် အရုဏ်တက်တော့မည့်ဆဲဆဲ အချိန်အခါတည်း။

နိဗ္ဗာဝသစ္စာ။ ။ထိုအခါချိန်ဝယ် ဗုဒ္ဓမြတ်စွာသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော သစ္စာ ၄-ပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၏၊ ထိုသို့ သိမြင်တော်မူရာဝယ် "နိရောဓသစ္စာ" ဟူသည် ဤနိဗ္ဗာန်ဓာတ် တရားမြတ်ပင် ဖြစ်၏၊ ထိုအချိန်၌ မျက်စိအောက်သို့ ရောက်နေဝသာ အရာဝတ္ထုကို မြင်ရသကဲ့သို့ ဗုဒ္ဓမြတ်စွာသည် မင်္ဂလာဖြင့် ခယ, ဝိရာဂ, အမတာဂုဏ်အပေါင်းနှင့် ပြည့်စုံသော နိဗ္ဗာန်ဟူသော နိရောဓသစ္စာကို ထင်ထင်ရှားရှား မြင်တော်မူပါသည်။

ဥပမာဓဆောင် ထင်ရှားအောင်ပြပေအုံ-

အကျုပ္ပုဓာတ်၏ စွမ်းအားကို ရှာဖွေကြသော လောကီ ပညာချွန်တို့သည် အလွန်ကြိုးစားသောအခါ ထိုအကျုပ္ပုအားကို တွေ့မြင်ကြရ၏၊ ထိုတွေ့မြင်အပ်သော ထိုဓာတ်အားသည် သူတို့ကျွမ်း ဖြစ်သည်မဟုတ်၊ နဂိုသဘာဝအတိုင်း ရှိနေသော အားဖြစ်သကဲ့သို့လည်းကောင်း၊ လေးနက်ဓသာ ကျမ်းစာ၏ အဓိပ္ပာယ်ကို အမှန်သိခဆောင် စဉ်းစားကြသော စာပေပညာချွန်တို့သည် ရက်ပေါင်းများစွာ အတော်ကြိုးစားသောအခါ ထိုအဓိပ္ပာယ်ကို သိရ၏၊ ထိုသိအပ်သော အကြောင်းအရာ အဓိပ္ပာယ်စာသည် ဦးထိုအချိန်မှ ဖြစ်ရသည် မဟုတ်ပဲ နဂိုသဘာဝအတိုင်းပင် ရှိနေသကဲ့သို့လည်းကောင်း၊ တရားထူး ရအောင် အားထုတ်သော ယောဂီသူမြတ်နှိုးသည်လည်း နိဗ္ဗာန်နှင့်တကွ သစ္စာ ၄-ပါးကို သိရအောင် တရားအားထုတ်သောအခါ အလုံးအလုံးကြိုးစားမှ ထိုတရားကိုသိရ၏၊ ထိုသိဖွယ်သော နိဗ္ဗာန်တရားသည် ထိုအချိန်မှ ဖြစ်ပေါ်လာဓသာ တရား မဟုတ်၊ သဘာဝအတိုင်း ရှိနေဓသာ သန္တိသုခတရားသာ ဖြစ်ပါသည်။

သမံ နဇ္ဈိ၊ ။ဓမ္မကွန်ရောင်၊ ရှစ်သောင်း လေးထောင် ဟူသော ပရိယတ်တရား၊ ကိလေသာတို့ကို သူ့နည်း သူ့ဟန်ဖြင့် ပယ်နိုင်သော စျာန်တရား၊ မြေလျှိုးမိုးပျံ ပုံသဏ္ဌာန်အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း စသော တန်ခိုးရှိသော အဘိညာဉ်တရား၊ ဆိုင်ရာကိလေသာကို အကြွင်းအကျန် မရှိအောင်ပယ်နိုင်သော မဂ်တရားဖိုလ်တရားတို့သည် ဆိုင်ရာအကျိုး အမျိုးမျိုးကို ဓပေးနိုင်ကြသော်လည်း နိဗ္ဗာန်နှင့်တန်းတူဓော့ တရားတပါးမျှ မရှိပါချေ။

ဒိဋ္ဌဓမ္မိက နိဗ္ဗာန်။ ။ပရိနိဗ္ဗာန်စံတော်မမူမီ ဖလသမာပတ်ဝင်စားသောအခါ ဗုဒ္ဓမြတ်စွာ၏စိတ်တော်၌ မကြာမကြာ ထင်ပေါ်နေသော နိဗ္ဗာန်ကို မျက်မှောက်ဘဝ၌ အာရုံပြုရသောကြောင့် "ဒိဋ္ဌဓမ္မိက နိဗ္ဗာန်" ဟု ခေါ်၏။ ဝိပါက်စိတ်မျှားနှင့် ကမ္မဇရုပ်မျှားကို "ဥပါဒိ" ဟု ခေါ်၏။ ထိုဥပါဒိရှိစဉ်အခါ၌ အာရုံပြုရသောကြောင့် "သဥပါဒိသေသနိဗ္ဗာန်" ဟုလည်း ခေါ်သည်။

သမ္ပရာယိက နိဗ္ဗာန်။ ။ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံခဲ့တော်မူပြီးသောအခါ တည်ရှိရစ်သော ထိုနိဗ္ဗာန်ကိုပင် "သမ္ပရာယိက နိဗ္ဗာန်" ဟု ခေါ်၏။ ဝိပါက်နာမက္ခန္ဓာနှင့် ကဋတ္တာရုပ်ဟူသော ကမ္မဇရုပ် အကြင်းအကျန် မရှိသောကြောင့် "အနုပါဒိသေသနိဗ္ဗာန်" ဟုလည်းခေါ်သည်၊ ထို့ကြောင့် "ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးသော်လည်း ဗုဒ္ဓမြတ်စွာ သိတော်မူအပ်ပြီးသော အာယတနိဗ္ဗာနဓာတ်သည်ကား ယခုတိုင်အောင် တည်ရှိနေသည်" ဟု မှတ်ပါ။ (ဣတိဝုတ္တကဋ္ဌကထာ ဒုက၊ ဒုဝဂ်၊ နိဗ္ဗာနဓာတုသုတ်အဖွင့်)

သုခ ၂-မျိုး။ ။သုခသည် ဝေဒယိတသုခ, သန္တိသုခဟု ၂-မျိုးရှိ၏၊ ယခုခေတ်လူအများတို့ မြင်ရ, ကြားရ, နမ်းရ, စားသောက်ရ, တွေ့ထိရသောအခါ ဖြစ်ပေါ်လာသော ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းကို "ဝေဒယိကသုခ" ဟု ခေါ်သည်။ ထိုသို့ခံစားမှုမရှိပဲ ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်းသဘာကို "သန္တိသုခ" ဟု ခေါ်သည်။

ဝေဒယိတသုခ။ ။ခံစားမှုဟူသော ဝေဒယိတသုခသည် ခံစားခံစား၍ကုန်ကုန် သွားသည့်အတွက် အသစ် အသစ် ရအောင် ပစ္စည်းဥစ္စာရှာရခြင်းစသော ဒုက္ခဖြင့် ထူးထောင်ရ၏၊ ထိုအသစ်အသစ်ရအောင် ထူထောင်ရသောဒုက္ခကားခံစားရသော သုခနှင့် အဆမတန်ဈေး၊ ထိုသို့ ဒုက္ခဖြင့် ထူထောင်ပြီးနောက် ပေါ်ပေါက်ရရှိသော သုခကလေ ဖြင့် တင်းမတိမ်နိုင်ကြသောကြောင့် အပိုအမိုအကြွေးယူကာ မတရားခံစားမှုအတွက် အပါယ်သွား၍ သုခကြွေးတွေကို အဘိုးနှင့်တကွ ဒုက္ခဖြင့် ဆပ်ကြရလေသည်။

သန္တိသုခ။ ။ထိုကဲ့သို့ ခံစားမှုနှင့်မထော်သော သန္တိသုခသဘောကား ဂူမ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းသဖြင့် အော်မြငြိမ်းချမ်းခြင်း သဘောတည်း၊ ထင်ရှားစေအံ့ ဓလောကီအာရုံကာမဂုဏ်တွေ့ ပြည့်စုံလှသော သဒ္ဓေတရယောက် သည် နှစ်ခြိုက်စွာ အိပ်ဒပျော်နေစဉ် ခံစားဖို့ အာရုံများကို ပြင်ဆင်၍ အစေခံတို့က နှိုးလာသောအခါ "အအိပ်ဖျက်ရမည်လား" ဟု ကြိမ်းဝါး မောင်းမဲမည်သာ၊ ထိုသူ၏ အိပ်နေစဉ်အခါ၌ခံစားမှု အထင်အရှားမရှိ၊ သို့ပါလျက် နှစ်ခြိုက်စွာ အိပ်ရမှုကိုပင် ခံစားမှုသုခထက် နှစ်ထက်၍ "အိပ်ရ ကောင်းလိုက်တာ" ဟု အမှတ်တင်ကြသေး၏၊ ရုပ်နာမ်အာရုံလုံးကင်း၍ ငြိမ်းချမ်းခြင်း သန္တိသုခကား "မည်မျှလောက် ကောင်းလိမ့်မည်" ဟု မှန်းဆသင့်တော့သတည်း။

နိဗ္ဗာနသမာပတ်ကို ဝင်စားခြင်း။ ။စိတ်စေတသိက်နှင့် စိတ်ကြောင့်ဖြစ်သော ရုပ်များ၏ အသစ် မဖြစ်ပဲ ချုပ်ငြိမ်းနေအောင်ပြုနိုင်ခသော သမာပတ်ကို "နိဗ္ဗာနသမာပတ်" ဟု ခေါ်၏၊ ဆနာဂါမ်ရဟန္တာဖြစ်ပြီး စျာန်ဆကုန်ရပြီး ပုဂ္ဂိုလ်သာ ထိုသမာပတ်ကို ဝင်စားနိုင်၏၊ ဆနာဂါမ်, ရဟန္တာအရှင်မြတ်တို့သည် ရုပ်နာမ်ခန္ဓာကြီးကို လေးလံလှစွာသော စန်ထုပ်ကြီးကဲ့သို့ မှတ်ထင်ဘော်မူကြကုန်၏၊ ထို့ကြောင့် ရုပ်နာမ်ခန္ဓာမှကင်းနိုင်သမျှ ကင်းဖို့ဆို နိဗ္ဗာနသမာပတ်ကို ဝင်စားတော်မူကြ၏၊ ထို သမာပတ် အတွင်း၌ ခံစားမှုလုံးဝမရှိ၊ နာမ်ဘာဝနှင့် အချို့ရုပ်များ အသစ်မဖြစ်ပဲရပ်စဲနေခြင်းသာတည်း၊ ထိုရပ်စဲခြင်းသည်ငင် ချမ်းသာသေးလျှင် ရုပ်နာမ်အာရုံလုံး ချုပ်ငြိမ်းနေသော နိဗ္ဗာန်ဆည် ဘာဝယ်မှာ မချမ်းသာပဲ ရှိအံ့နည်း။

ထင်ရှားရှိသောနိဗ္ဗာန်။ ။ထိုသန္တိသုခ နိဗ္ဗာနဓာတ် တရားမြတ်သည် ဘာမျှ မရှိသော (အဘာဝ) ပညတ်မဟုတ်ပါ၊ အများထိုင်ဘုံဝစ္စည်းကဲ့သို့ တပါးတည်းလည်းမဟုတ်ပါ၊ ကိုယ့်နိဗ္ဗာန်နှင့်ကိုယ် အသီးသီးရှိကြပါသည်၊ ထို့ကြောင့်ပင် ရဟန္တာဆရှင်တို့သည် ခန္ဓာကိုယ် ထင်ရှားရှိစဉ် မိမိသီအပ်သောနိဗ္ဗာန်ကို အာရုံပြုလျက် ဖလသမာပတ်ဝင်စား၍ နေလေ့ရှိကြပါသည်၊ ထိုသမာပတ် ဝင်စားခိုက်၌ နိဗ္ဗာန်ကိုအာရုံပြု၍ နေရသည်မှာ အလွန်သုခ ရှိပါသည်တဲ့၊ ထို့ကြောင့်ပင် ထေရာထေရီ အလိုလိုတို့ ရွှေပြည်နိဗ္ဗာန်ဝင်စံခါနီးဝယ် ဥဒါန်းကျူးကာ ရုပ်နာမ်ခန္ဓာဝန်ကြီးကို အပြီးသတ်ပစ်ချတော်မူကြပါသည်။

ရတနသုတ် ပါဠိတော်

ခယံ ဝီရှာဂံ အမတံ ပဏီတံ၊
ယဒဋ္ဌဂါ သက္ကမုနီ သမာဟိတော။
နှ တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ်ပိ ဓမ္မေ ရတနံ ပဏီတံ။
တေန သစ္စေန သုဝတ္ထိ ဟောတု ။

သန္တံ၊ ဖြစ်ပျက်မစပ် အငြိမ်းခံတ်ဖြင့် မပြတ်ပုံသ အားမြဲပေထသော။ ခယံ၊ ရုပ်နာမ်ဆူဆူ အပူခပ်သိမ်း ကုန်ငြိမ်းကြောင်းလည်း ဖြစ်ပေထသော။ ဝိရှာဂံ၊ ရုပ်နာမ်အဆက် အကုန်ပျက်သဖြင့် မတပ်မက်ကြောင်းလည်း ဖြစ်ပေထသော။ အမတံ၊ ဇရာမရဏ ရှာမရအောင် ကာလပုံသေ အမြဲတေလည်း ဖြစ်ပေထသော။ ပဏီတံ၊ အရသာရှိ စားဖွယ်၏သို့ သိ၍မဝ မွှန်မြတ်ပေထသော။ ယံ ဓမ္မံ၊ အသင်္ခတ နိဗ္ဗာနဓာတ် အကြင်တရားတော်မြတ်ကို။ သမာဟိတော၊ ဘာဝနာကမ္မဋ္ဌာန်း လွန်ကြိုးပမ်းသဖြင့် စိတ်စွမ်းတည်ဘိ သမာဓိ ရှိတော်မူသော။ သက္ကမုနိ၊ သာကီနွယ်ဖွား ငါတို့ဘုရားသည်။ အဋ္ဌဂါ၊ ပေါဓိဓအောင်မြေ ပလ္လင်ပေါ်၌ လေးထွေသစ္စာ သိသောအခါဝယ် ကောင်းစွာ လှလှ ရတော်မူခဲ့လေပြီ။

ဓတန ဓမ္မေန၊ အသင်္ခတ နိဗ္ဗာနဓာတ် ထိုတရားတော်မြတ်နှင့်။ သမံ၊ တန်းတူထား၍ ရှုစားလောက်သော။ ကိဉ္စိ၊ တမျိုးတခြား တရားဆိုင်ရာ တစုံဘခုသော ရတနာသည်း နှ အတ္ထိ၊ လူ့ဘုံနတ်ရောက် အကုန်ပေါက်အောင် မွှေနှောက်ရှာဖွေ မရှိပါချေ။ ဓမ္မေ၊ အသင်္ခတ နိဗ္ဗာနဓာတ် တရားမြတ်၌။ ပဏီတံ၊ တရားများစွာ ရတနာထက် ကဲသာမြတ်မွန် တုဘက်လွန်ဓသာ။ ဣဒမ်ပိ ရတနံ၊ရတနာဖြစ်ကြောင်း ဓကာင်းထက်ဓကာင်းသည့် ဂုဏ်ပေါင်းကုံခြုံ ကျိ ခယဝိရာဂစသော ဂုဏ်ခတော်သည့်။ အတ္ထိ၊ စင်စစ်ကေန် အမှန်မသွေ ရှိပါပေ၏။ ဧတေန သစ္စေန၊ မှန်ကန်လှစွာ ကျိ ဝစီ သစ္စာကြောင့်။ ပါဏီနံ၊ ဘေးရန်ခပ်သိမ်း အားငြိမ်းကြလို များလူဗိုလ်တို့အား။ သုဝတ္ထိ၊ တင့်တယ် ဖိုရန် အဖန်ဖန်ဖြင့် ဘေးရန်ခပ်သိမ်း အားငြိမ်းခြင်းသည်။ ဟောတု၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

[အကျယ်ကို နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓတွင်ရှုပါ။]

၁။ ခုဒ္ဒကပါဋိတော်၊ နှာ-၅။

အာမရပူရ

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏

သံဝေဂလက်ာ

၁။ ငါတို့နေရာ, ဤကမ္ဘာ, တဏှာအုပ်စိုးသည်။
၂။ တဏှာစေရာ, မနေသာ, ဖွဲ့ရှာ ဆင်းရဲသည်။
၃။ ရဆည်ညစ်စာ, ချစ်သူပါ, စွန့်ခွာသွားရမည်။
၄။ တကဲ့အရေး, တကဲ့ဘေး, ဘယ်သွေးဘယ်သား မကယ်ပြီ။
၅။ ငါနှင့်ရှယ်တူ, ငါ့အောက်လူ, ကြီးသူသေကြ, မျှားလှပြီ။
၆။ ခဏမစဲ, အိုစမြဲ, ကိုယ်လဲသေဘက် နီးခဲ့ပြီ။
၇။ ဇရာမီးတောင်,ကိုယ်ထည်းလောင်, ဆေးအောင်မြိုက်တော့သည်။
၈။ မသေရခင်, သွားလမ်းစဉ်, ကြိုတင်ပြင်သင့်ပြီ။
၉။ ဒါနသီလာ, ဘာဝနာ, လမ်းသာ ထွင်လိမ့်မည်။
၁၀။ မဂ္ဂင်ယာဉ်ကြီး, အမြန်စီး, ခရီးထွက်တော့မည်။
ဆရာတော် ပျံလွန်တော်မူခါနီး ရေးသွားသည်ဟု ထင်ရပါသည်။

အာသီသ

စိရဋ္ဌိတတ္ထံ ဓမ္မဿ၊ ကရောန္တေန မယာ ဣမံ။
သဒ္ဓမ္မပဟုမောနေန၊ ယဉ္စ ပုညံ သမာစိတံ။
သဗ္ဗဿ အာနုဘာဝေန၊ တဿ သဗ္ဗေပိ ပါဏိနော။
သဒ္ဓမ္မရဿသေဝိနော၊ ဘဝန္တု ဓမ္မဏ္ဍဿ။

ဓမ္မဿ၊ ဘုရားဟောဖော် တရားတော်၏။ စိရဋ္ဌိတတ္ထံ၊ ကြာမြင့်စွာတည်ခြင်းအကျိုးငှာ။ ဣမံ၊ ဤဓမ္မဒါနကောင်းမှုကို။ (ဤ အနန္တသဗ္ဗညုတဉာဏ်တော်ကြီးနှင့် အတုမဲ့ချမ်းသာမြတ် နိဗ္ဗာနဓာတ် တရားတော်မြတ်ကို ဉာဏ်မှီသမျှ အာရုံရပါစေခြင်း အကျိုးပြု စီမံအားထုတ်ရသော ကုသိုလ်ကို)။

ကရောန္တေန၊ ပြုသော။ မယောဂါသည်။ သဒ္ဓမ္မပဟ္ဘုမာနေန၊ သူတော်ကောင်း တရား၌ မျှားစွာမြတ်နိုးခြင်းရှိသည်။ (ဟုတ္တာ၊ ဖြစ်၍။) ယဉ္စ ပုညံ၊ အကြင် ပရဟိတဇကျိုး သည်ပိုးဆောင်ရွက်ကြောင်း ကောင်းမှု ကုသိုလ်ကိုလည်း။ သမာစိတံ၊ ကောင်းစွာ ဆည်းပူးအပ်ပေပြီ။ သဗ္ဗဿ၊ အလုံးစုံသော။ တဿ (ပုညဿ)၊ ထိုကောင်းမှုကုသိုလ်၏။ အာနုဘာဝေန၊ တန်ခိုးရှိန်စေ၍ ဇာနုဘော်ခကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပါဏိနော၊ လူနတ် ဗြဟ္မာ သတ္တဝါတို့သည်။ ဓမ္မဇာဿ၊ တရားမင်းဘုရား၏။ သဒ္ဓမ္မရသသေဝိနော၊ သူတော်ကောင်းတရား၏ အရသာ သုံးဖြာသော ပေဝိညာဏ်တွင် ထိုက်တန်သော ပေဝိညာဏ်ကို မှီဝဲနိုင်ကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ကာလေ ဝဿံ စိရံ ပဇံ။
တပ္ပေတု ဒေဝေါ ဓမ္မေန၊ ဇာဇာ ရက္ခတု မေဒိနိံ။

သဒ္ဓမ္မော၊ ရှင်ဘော်ဘုရား ဟောဖော်ထုံးသည့် တရားတော်မြတ်ပိဋကတ်သည်။ စိရံ၊ ကျင့်သူရှိဝသော် ထောင်သောင်းကျော်အောင်။ တိဋ္ဌတု၊ ပါဋိအနက် မပျက်စုံညီ လင်္ကာပုဂ္ဂိုလ်တို့ သန္တာန်၌ တည်ပါစေသတည်း။ ဒေဝေါ၊ မိုးဆည်။ ကာလေ၊ သင့်လျော်လျောက်တ် ကောင်းမြတ်သော အခါ၌။ ဝဿံ၊ ရွာဖြိုးလျက်။ စိရံ၊ ကြာမြင့်စွာ။ ပဇံ၊ သတ္တဝါအပေါင်းကို။ တပ္ပေတု၊ ဝမ်းသာရွှင်ပျို နှစ်မြို့ပါစေသတည်း။ ဇာဇာ၊ တိုင်းပြည်စောင့်ကြပ်မင်းဟု သမုတ်အပ်ကုန်သော အုပ်ချုပ်သူအပေါင်းသည်။ မေဒိနိံ၊ တမြေပြင်လုံးကို (ဝါ) မြေပြင်ထက်နေ လူဗိုလ်ခြေကို။ ရက္ခတု၊ အမြဲချီးမြှောက်စောင့်ရှောက်နိုင်ပါစေသတည်း။

ဤအကုသိုလ်အဖို့ကို သိသင့်သိထိုက်၍ ရသင့်ရထိုက်သော ပုဂ္ဂိုလ်သတ္တဝါ မှန်သမျှတို့သည် ထပ်တူ အမျှရကြ၍ ချမ်းသာကြပါစေသတည်း။

ဗုဒ္ဓမြတ်စွာ၏ အဆုံးအမသာသနာတော်မြတ်ကြီးကို အမှီပြုလျက် သူတော်ကောင်းတရား တည်မြဲပျံနှံ့၍ သတ္တဝါအပေါင်း ချမ်းသာစေကြောင်း ကြိုးစား အားထုတ်လျက်ရှိကြသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် မိမိထို ကြိုးစားသလောက် ပြီးမြောက်အောင်မြင်ကြပါစေသတည်း။

ဘမရပ္ဂရ

မဟာဂန္ဓာရုံ-ဆရာတော်

အရှင်ဇနကာဘိဝံသ၏

သာသနာတော် အရှည်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက်

ရေးသား ပြုစုပြီးဖြစ်သည့် ကျမ်းစာများ

ပိဋကတ်တော်များကို အခက်အခဲမရှိ အခြေခံမှုရ၍ အထက်ပါဦးတော်၊ အဋ္ဌကထာ၊ ဋီကာမျာ**း**အထိ အဆင့်ဆင့် လွယ်ကူစွာ ပေါက်မြောက်အောင် ထင်ယူနိုင်ရန် စီစဉ်ရေးသားတော်မူခဲ့ပါသည်။

(က) သဒ္ဒါကျမ်းမျာ**း**

၁။ အစခြေပြုနာမ်ဂိုဏ်း

၂။ မူလတန်း ပါဠိသိက္ခာနှင့် သဒ္ဒါကျင်း

၃။ အခြေပြုသဒ္ဒါ

၄။ ကစ္စည်းဘာသာဋီကာ (ပ) (ဒု)

၅။ ရူပသိဒ္ဓိ ဘာသာဋီကာ (ပ) (ဒု)

၆။ သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ

၇။ ကစ္စာယနသာရ ဘာသာဋီကာ

၈။ ဆာလက်ာ ဘာသာဋီကာ

၉။ ကထာဆလ္လာပသိက္ခာ

(ခ) ဝိနည်းဆိုင်ရာကျမ်းမျှား

၁၀။ ရုပ်ပုံရှင်ကျင့်ဝတ်

၁၁။ ဘုရားဥပဒေတော်ကြီး

၁၂။ ပါတိမောက် ဘာသာဋီကာ

၁၃။ ခုဒ္ဒသိက္ခာ ဆာသာဋီကာ

၁၄။ ကခ်ံါဘာသာဋီကာ (ပ) (ဒု)

၁၅။ ပါရာဇိကဏ်ဘာသာဋီကာ ပါဠိနိဿယ (ပ) (ဒု) (တ) (စ)

၁၆။ ပါစိတ် ဘာသာဋီကာ

၁၇။ မဟာဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ (ပ) (ဒု)

၁၈။ စူဠဝါဘာသာဋီကာနှင့် ပါဠိတော်နိဿယ

၁၉။ ပရိဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ

(ဂ) အဘိဝံမာဆိုင်ရာကျမ်းမျှား

၂၀။ သင်္ဂြိဟ်ပါဠို (ဂန္ဓာရုံမူ)

၂၁။ အခြေခြုံသင်္ဂြိဟ်

၂၂။ သင်္ဂြိဟ် ဘာသာဋီကာ

၂၃။ ဝိထိနှင့် သုံးချက်စု ဘာသာဋီကာ

၂၄။ ဋီကာကျော်နိဿယ

၂၅။ အဋ္ဌသာလိနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ (ပ) (ဒု) (တ) (စ)

၂၆။ သမ္မောဟဝိနောဒနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ (ပ) (ဒု) (တ)

၂၇။ ပဋ္ဌပကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ-ကထာဝတ္ထုတို့၌ မြန်မာမြန် နမူနာပါသည်။
(ပ) (ဒု) (တ) (စ) (ပဋ္ဌ)

(ဃ) သုတ္တန်ဆိုင်ရာကျမ်းမျှား

၂၀။ သီလက္ခန် ဘာသာဋီကာနှင့်ပါဠိတော်နိဿယ (ပ)(ဒု)(တ)(စ)
၂၉။ သုတ်မဟာဝဂါ ဘာသာဋီကာနှင့်ပါဠိတော်နိဿယ (ပ)(ဒု)(တ)
၃၀။ အဋ္ဌကထာအခြေပြု
၃၁။ ဗြဟ္မဇာလသုတ် မြန်မာပြန်
၃၂။ သာမညဖလသုတ် မြန်မာပြန်

(င) ပကိဏ္ဏကကျမ်းမျှား

၃၃။ ရတနာဝဂုဏ်ရည် (လက္ခဏာတော်ကြီး ဘုရားရှိခိုး ဝိစိတြဝဋ္ဋနာ သရဏဂုံစိစစ်ချက် တွဲရိုက်ထားသည့်)
၃၄။ ကိုယ်ကျင့်အဘိဓမ္မာ
၃၅။ အနာဂတ်သာသနာ (က) သာသနာရေး လျှောက်ထားချက် (ခ) မှော်ဘီ သံဃာ့ အစည်းအဝေး မိန့်ခွန်း၊ (ဂ) ၎ထမပြန်စာမေးပွဲ ပြုပြင်ရေး အစီရင်ခံစာပါ တွဲရိုက်ထားသည်။
၃၆။ ဘာသာသွေး
၃၇။ ဘာသာရေး ပြဿနာမျှားနှင့် စစ်တပ်တရားတော်
၃၈။ ဗုဒ္ဓါနုဿတိဘာဝနာ(ဗြဟ္မဇာလသုတ်နှင့် သာမညဖလသုတ် တွဲထားသည်)
၃၉။ အခြေပြု မဂ်လသုတ်
၄၀။ ဗုဒ္ဓဘာသာလက်စွဲ ၆-အုပ်၊ မူလတန်း(အစို ရရိုက်)
၄၁။ ဗုဒ္ဓဘာသာသင်ခန်းစာ (မူလတန်းမှ အလတ္တမတန်းအထိ) အကျယ်
၄၂။ ဗုဒ္ဓဝင်အစမးထဆေြ
၄၃။ ရွပ်စုံဗုဒ္ဓသာသနာဝင်
၄၄။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

၄၅။ တဘဝသံသရာ(ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ)

၄၆။ ဆရြပြု ပဉ္စာန်းတရားတော်

၄၇။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏသုတ်တရားတော်

၄၈။ လူ့ချမ်းသာ

၄၉။ ဒုလ္လဘကထာ

၅၀။ သူတော်ကောင်းလက္ခဏာ ဩဝါဒတရားတော်

၅၁။ တရား ၃-ဖြာ ဆုံးမစာ၊ ဩဝါဒဝတ္ထု ၃-ပုဒ်

၅၂။ ဝိုင်-အာမ်-ဘီ-ဒေး အနာဂတ်သာသနာရေးဩဝါဒတရားတော်

၅၃။ သီပေါမအမြင့်နှင့် ဗုဒ္ဓအာဘိဓမ္မာ အဖြေများ (ဒေါက်တာ) နေဝင်းနှင့် ဂါဒီယံ ဦးစိန်ဝင်းတို့ လျှောက်ထားချက်

၅၄။ မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ်

၅၅။ သာသနာ့ရေး ဩဝါဒတရားတော်များ

၅၆။ တဘာသာသနာ



ကျပ်းစာများ

ဈေးမှန်ဖြင့် ရနိုင်သောဌာနများ

၁။ ရန်ကုန်မြို့၊သာသနာရေးဦးစီးဌာနစာအုပ်အထောင်းဌာန ကမ္ဘာအေး။

၂။ ဦးထိန်ဝင်း ၁၀၇, စိန်လျှန်းလမ်း၊ ရန်ကုန်။

၃။ " ၁၃၈, အဓနဝက်ဘက်တန်း၊ပိုလ်ချုပ်စျေး၊ရန်ကုန်မြို့။

0-0-0-ω 96-f5-5d 6000

